သံဂါယနာ ခြောက်ကြိမ်တင် အပဒါန် ပါဠိတော်မှ
ရဟန္တာထေရီ အရှင်မတို့သည် မိမိတို့ ပါရမီ ဖြည့်ပုံ ကျင့်ပုံ
ဘုရားတို့ကို ဟောကြားတော် မူခဲ့ကြသော အပဒါန် တရားတော်
တို့ကို မကွေးမြို့ ရေအောက်တိုက်နယ် မြို့မကျောင်းတိုက်၌
ကိန်းအောင်း စံပျော်လျက် ရှိတော်မူသော
ဦးဇေယျသေန
အရှင်သူမြတ်သည် ပါရမီအလို့ငှါ ထေရီအပဒါန် ပါဠိတော်
ထေရီဂါထာပါဠိတော် ရင်းအဋ္ဌကထာတို့မှ ထုတ်နုတ်၍
မြန်မာဘာသာ စကားတို့ဖြင့် သိလွယ်စေခြင်းငှါ
ဝတ္ထုသွား ပြန်ဆို၍ ရေးသား စီရင်အပ်သော

ထေရီ
အပဒါန်ဝတ္ထုတော်ကြီး

ဦးထွန်းသိန်း, ဦးစိန်အုပ်, ဦးထွန်းဆွေ, ဦးဝင်းဖေတို့
ကြပ်မကြည့်ရှု ပြင်ဆင်သည်

ဒုတိယ နှိပ်ခြင်း

မူပိုင်တံဆိပ်၊
ဦးတင်-ဒေါ်နုရင်
သိရိရတနာပိဋကတ်စာအုပ်ဆိုင်
အမှတ် ၂၅-၂၆၊ ရွှေတိဂုံဘုရားဈေး ရန်ကုန်မြို့။

၆၉၆၄

ဝ၆၂၊ကုန်.၉၉

၂/၉၉

ဆရာတော် ဦးဇေယျသေန

နိဒါန်း

မိန်းမများ သင်္ကန်း ဝတ်ထိုက်ကြောင်း

မြန်မာပြည်၌ ယောကျ်ားများသည် သင်္ကန်းဝတ်၍ ရဟန်းပြုပြီးလျှင် မြတ်စွာဘုရား သာသနာတော်ကို ရွက်ဆောင်ကြသကဲ့သို့ မိန်းမများသည်လည်း သင်္ကန်းဝတ်၍ ရဟန်းမိန်းမ ဘိက္ခုနီပြုလုပ်ပြီးလျှင် မြတ်စွာဘုရား သာသနာတော်ကို ဆောင်ရွက်သူ တစုံတယောက်မျှ မပေါ်ပေါက်ကြကုန်။ အကြောင်းကို စုံစမ်းရှာဖွေသည်ရှိသော် ထေရ အပဒါန်ပါဠိတော်ကြီး ထေရီဂါထာ ပါဠိတော်ကြီးတို့ တိမ်မြုပ်၍ နေသောကြောင့် မိန်းမများသည် သင်္ကန်းကိုမဝတ်ထိုက်။ သင်္ကန်းနှင့် မိန်းမ အပ်စပ်ခြင်းမရှိ၊ သင်္ကန်းကို မိန်းမများ မဝတ်ကောင်း မကိုင်ကောင်း သိမ်ထည်းကိုလည်း မဝင်ကောင်းဟူ၍ မှတ်ထင်ကြသော မိန်းမတွေသာ ရှိကုန်၏။ မိန်းမများသင်္ကန်းဝတ်၍ ယောကျ်ားများကဲ့သို့ ရဟန်းပြုထိုက်ကြောင်းကို သိသောသူပင် မရှိကြကုန်။ မိန်းမများ သင်္ကန်းဝတ်၍ ဘိက္ခုနီ ပြုလုပ်ပြီးလျှင် တရားကို အားထုတ်၍ ဈာန် အဘိညာဏ်နှင့်တကွ မြေသျှိုးမိုးပျံ ရဟန္တာ ဖြစ်ကြ ကုန်သော ထေရီအရှင်မတို့၏ အကြောင်းကို သိကြပါမူကား အားကျသောစိတ် ဖြစ်ပေါ်ကြသော ပါရမီရှိသူ မိန်းမတို့သည် ဘိက္ခုနီ ရဟန်းမိန်းမ ပြုလုပ်၍ သင်္ကန်းဝတ်ပြီးလျှင် မြတ်စွာဘုရား ဟောကြားတော်မူသော ဘိက္ခုနီ သာသနာတော်ကို မကွယ်မပျောက်အောင် ဆောင်ရွက်ကြ ပေလိမ့်မည်။

ပါရမီဆုတောင်း မပြည့်ရုံ၍ ရဟန်းမိန်းမ ဘိက္ခုနီ မလုပ်နိုင်သော မိန်းမတို့သည်လည်း ထေရီအရှင်မတို့၏ ပါရမီဖြည့်ပုံ ဆုတောင်းပုံ နည်းတို့ကို မှတ်သားလိုက်နာ၍ ပါရမီကို ဖြည့်ကြပေလိမ့်မည်။ ပါရမီ ဖြည့်မှ မဂ်ဖိုလ်နိဗ္ဗာန်ကို ရနိုင်သည်။ ပါရမီမဖြည့်ဘဲမဂ်ဖိုလ် နိဗ္ဗာန်ကို မရနိုင်။

ထိုကြောင့် မဂ်ဖိုလ်နိဗ္ဗာန်ကိုရ၍ အိုခြင်းသေခြင်း ဆင်းရဲခြင်းတို့မှ လွတ်ကင်းလိုသော မိန်းမတို့သည် **ထေရီ အပဒါန် ဝတ္ထုတော်ကြီး**၌ ပါရှိသော နှစ်သိန်းသုံးသောင်းနှစ်ထောင်ကျော်သော ရဟန္တာ မိန်းမ

ဇုဋ္ဌာသယ ၁၅၇–က

တို့၏ ပါရမီဖြည့်ပုံတို့ကို ကြည့်ရှုမှတ်သားၿ၍ တတ်အားသမျှ ပါရမီကို ဖြည့်ကြကုန်ရာ၏။ ရှေးသံသရာ ဘဝတို့က ငါ၏အမိ နှစ်မစသည် ဖြစ်ဘူးကြသော မိန်းမတို့ကို ငါက တိုက်တွန်းနှိုးဆော်လိုက်ပေအံ့။

ရှေးရှေးသော မြတ်စွာဘုရားတို့၏ အထံတော်တို့၌ ဆုတောင်း ပတ္ထနာပြု၍ ကုသိုလ်ပါရမီ အဓိကာရကို ဖြည့်ကျင့်ဘူးကုန်သော မိန်းမကောင်း မိန်းမမြတ်တို့သည် ရှေးဘဝတို့က အထုံဝါသနာလိုက်၍ လာသဖြင့် ပါရမီရှိသော ထေရီအရှင်မတို့ကဲ့သို့ ထေရီ အပဒါန်ပဏ္ဏာ တော်ကြီးကို ကြည့်ရှုလေ့လာ ပါရမီရင့်နိုင်ရန် ဖြည့်ကျင့်ကြလေကုန်။ နံ့သာလိမ်းခြင်း ပန်းပန်ခြင်း လက်ကောက် ဆွဲကြိုး စိန်နားကပ်တို့ကို ဝတ်ဆင်လျက် မိမိတို့မျက်နှာကို မှန်မှာကြည့်ရှုသကဲ့သို့ မကြာမကြာ ခဏခဏ ကြည့်ရှုကြလေကုန်။ ဘီးမှန်တို့ကို မိမိတို့ အနားၝ ဖြီးလိမ်း ကြည့်ရှုရန် အသင့်ထားသကဲ့သို့ ကောင်းစွာထား၍ ကြည့်ရှုကြလေ ကုန်။ ဓမ္မစေတီတော် ဖြစ်သော ထေရီ အပဒါန် ပဏ္ဏာတော်ကြီးကို မိမိတို့အိပ်ရာအနီး မှန်ဘီဒို စားပွဲခုံတို့၌ ရိုသေစွာ ထား၍ ကိုးကွယ်ကြ လေကုန်။ ပန်းနံ့သာတို့ဖြင့် ပူဇော်ကြလေကုန်။ ရှိခိုးကြလေကုန်။ အလေး အမြတ်ပြုကြလေကုန်။ ထေရီအရှင်မတို့ကဲ့သို့ မြေလျှိုးမိုးပျံ ဈာန်အဘိညာဏ်နှင့်တကွ နိဗ္ဗာန်ကိုရ၍ ရဟန္တာမဖြစ်ရပါစေသောဟု ဆုတောင်းပတ္တနာ ပြုကြလေကုန်။

ဤကဲ့သို့ လေးမြတ်ရိုသေစွာ မကြာမကြာ ကြည့်ရှု လေ့လာသော မိန်းမတို့သည် ပါရမီဂုဏ်း၍ ရင့်လာသဖြင့် ကိုယ်အမူ နှုတ်အမူ စိတ်နေ စိတ်ထား နူးညံ့စွာဖြစ်၍ အထူးသဖြင့် ကြည်ညိုဘွယ် သူတပါးတို့ မြတ်နိုးချစ်ခင်ဘွယ်ဖြစ်၍ လာလိမ့်မည်။ဤကဲ့သို့ ဂုဏ်ထူး ဝိသေသကို မိန်းမတိုင်းရသည်မဟုတ်။ပါရမီဆုတောင်းပြည့်စုံသော မိန်းမကောင်း မိန်းမမြတ်တို့သာလျှင် ရနိုင်ကြကုန်၏။ ပါရမီမရှိသော မိန်းမယုတ် တို့သည် ထေရီ အပဒါန်လာ ကျင့်နည်းတို့ကို ကျင့်နိုင်မည်ကား ဝေးလေစွ။ ၎င်းထေရီအပဒါန်လာ မိန်းမမြတ်တို့၏ အကြောင်း ပဏ္ဏာ ကိုပင် ကြည့်ရှုခြင်းငှါ အလိုမရှိကြကုန်။

သို့သော်လည်း သံသရာ၌ ကျင်လည်၍ နေကြရသော သတ္တဝါ ဟူသမျှတို့သည် တခါတည်း ပါရမီရင့်၍ လာသည်မဟုတ်၊ တစတစ တဘဝထက် တဘဝ တကမ္ဘာထက် တကမ္ဘာ ဖြည့်ကျင့်ဘန်များမှ

သာလျှင် ပါရမီရင့်မြဲ ဖြစ်သည်။ တစတစ တလထက်တလ တနှစ်ထက် တနှစ် တိုး၍ ရင့်နိုင်ရန် ဖြည့်ကျင့်ကြလေကုန်။

ပါရမီဆုတောင်းရှိဘူးသော မိန်းမတို့သည်ပါရမီအထုံရ၍စိတ်နူးညံ့ခြင်းဖြစ်သည်ရှိသော်နက်နဲသောတရားတို့ကိုသိလိုသောစိတ်တိုးတက်၍ ဖြစ်လာတတ်၏။ နှလုံးအသဲစိတ်ကြည်ကွဲ၍ ဝမ်းနဲ့ကြည်နူးခြင်း မျက်ရည်ကျခြင်းလည်းဖြစ်တတ်၏။ အချို့ယောကျ်ားတို့သည်လည်း မျက်ရည်ကျခြင်းဖြစ်ကြကုန်၏။ ဪ–မိဿထွေးတော်ဂေါတမီ၊ ယသော်ဓရာ၊ ခေမာ ထေရီ၊ ဥပ္ပလဝဏ္ဏာ၊ ဇနပဒကလျာဏီ၊ ဓမ္မဒိန္နာအစရှိကုန်သောရဟန္တာ မိန်းမတို့သည် သူတို့ပါရမီ ဆုတောင်း ပြည့်စုံကြ၍ မြတ်စွာဘုရား ဟောတော်မူသော တရားတော်ကို ကြားနာနိုင်ရန် မြတ်စွာဘုရားနှင့် မကွေမကွာ တပေါင်းတလုံးတည်း တွေ့ဆုံကြ၍ ရဟန်းမိန်းမ ပြုလုပ်ကြပြီးလျှင် မိန်းမပင် ဖြစ်ရသော်လည်း နက်နဲသောတရားတို့ကို သိကြသဖြင့် သူတပါးတို့ကိုလည်း ဟောပြောနိုင်ကြပါတကား၊ ငါတို့သည် လူဖြစ်နောက်ကျလေစွတကား၊ ဤသို့ စိတ်နှလုံးကြည်ကွဲ၍ လွမ်းဆွတ်လှိုက်လှဲဝမ်းနည်းခြင်းလည်း ဖြစ်တတ်၏။ ပါရမီကိုတိုး၍ ဖြည့်လိုသော စိတ်လည်း ဖြစ်တတ်၏။ နက်နဲသော တရားတို့ကို သိလိုသော စိတ်၊ ကြားနာမှတ်သားလိုသော စိတ်လည်း ဖြစ်တတ်၏။ ဤကဲ့သို့ စိတ်ဖြစ်၍ မူလပရိယာယသုတ် ဒေသနာတော်ကို ကြည့်ရှုရာ နက်နဲသောတရားတို့ကို မသိနိုင်သဖြင့် အဋ္ဌကထာနှင့် တိုက်ဆိုင်ကြည့်ရှုပြီးလျှင် နက်နဲသော တရားတို့ကို သိလိုသူတို့အကျိုးငှါ ကိုယ်နှင့်ထပ်တူမှု၍ မြန်မာဘာသာစကားတို့ဖြင့် ဝတ္ထုသွား ပြန်ဆို၍ ရေးထား၏။ နက်နဲသော တရားတို့ကိုသိလိုသော မိန်းမကောင်းမိန်းမမြတ်တို့သည် မူလပဏ္ဏာသ ဝတ္ထုတော်ကြီးကို ကြည့်ရှုကြလေကုန်၊ မိန်းမများလည်း သိနိုင်ကြရန် မြန်မာစကားဖြင့် ရေးထားလေသည်။

မိန်းမတွေသင်္ကန်းဝတ်၍ရဟန်းပြုခြင်းကြောင့်
သာသနာတော် ထွန်းလင်းကြောင်း
နိဒါန်းလင်္ကာ

သုံးလူ့မြတ်စွာ စေသဋ္ဌာ၏ မာယာမယ်တော် နတ်ရွာပျော်လျှင် ဘုန်းမော်ဘုရား လောင်းမြတ်ဖွားကို သနားချစ်ကြင် မေတ္တာသျှည်၍ ရင်ခွင်ပွေ့ပိုက် နို့ချိုတိုက်လျက် သိုက်မြိုက်ယုယ မွေးမြူရ၍ ဗုဒ္ဓမာတာ ဘွဲ့တော်သာသည့် ပဇာပတိ သာကီနွှင်းဆိ ဂေါတမိခေါ် မိထွေးတော်မြတ် မယ်တော်နတ်သည့် ပဒ္မဖိတ ဉပသမ္ပဒါ သင်္ကန်း ဝါနှင့် သာသနာထမ်း ရဟန်းမိန်းမ ပြုလုပ်ရအောင် ဦးချဘန်ဘန် ခွင့်တောင်းပန်သော် ဂရုဓံဘုရား ဤရှစ်ပါးကို မမှားမတိမ်း မယိမ်း မယိုင် သက်ဆုံးတိုင်အောင် ကျင့်နိုင်ပါမှ ကြည်ဖြူမနှေး ခွင့်တော်ပေး၍ မြတ်လေးကြည်လင် ဦးထိပ်ပြင်ဝယ် ပန်ဆင်ယူသုံး ပန်းကုံးရတနာ ခိုင်မာလာသို့ ရှစ်ဖြာကျင့်ရန် ဂရုဓံကို ဝန်ခံပြီးခါ သင်္ကန်း ဝါနှင့် မဟာဂေါတမိ ဘိက္ခုနီတွင် ထေရီမြတ်လျှ သူအစတည့် နောက်မှငါးရာ သူနှင့်ပါသည့် သာကီနွယ်ဘွား မိန်းမများကို ဘုရားမြတ်စွာ မိန့်အာဏာဖြင့် ကမ္မဝါစာ ဘတ်ခါရွတ်ကြား ရဟန်းများက ပဉ္စက်ဖြင့် ဉပသမ္ပဒါ အင်္ဂါငါးဘန် ပဉ္စင်းခံ၍ ဘုန်းလျှံမြတ်စွာ သာသနာဝယ် ဖန်ဝါသင်္ကန်း ဝတ်ဆင်မြန်းလျက် ရဟန်းမိန်းမ ပြုကြပြီးခါ ထိုငါးရာမှ ဆက်ခါနွယ်လား များစွာထောင်သောင်း မိန်းမပေါင်းတို့ ဦးခေါင်းရိတ်ခါ သင်္ကန်းဝါနှင့် သာသနာထမ်း ရဟန်းမိန်းမ ပြုကြသူတွေ ပေါ်များလေ၍ ဘုန်းဝေမြတ်ဖွား ဟောကြားညွှန်ပြ သြဝါဒဖြင့် မိန်းမသာသနာ ထွန်းလင်းဖြာသည်...**ရောင်ဝါနေသို့ လင်း၏တည်း။**

မာတိကာ

ဦးရေ	အကြောင်းအရာ	မျက်နှာနံပါတ်
၁	ပဏာမဂါထာကိုပြခြင်း	၁
၂	၁၆-နှစ်အရွယ်မျှရှိသော သုမေဓာအမည်ရှိသော မင်းသမီးဟောတော်မူသော အပဒါန်တရားတော်	၃
၃	မေခလာဒါယိကာ ဘိက္ခုနီမ ဟောတော်မူသော အပဒါန်တရားတော်	၂၄
၄	ထမင်းချက်ရင်း ဝိပဿနာရှု၍ အနာဂါမိတည်သောထေရီကာ၏ အပဒါန်ဝတ္ထုကို ပြခြင်း	၂၅
၅	ထေရိကာ ဘိက္ခုနီမ ဟောတော် မူသောအပဒါန်တရားတော်	၂၈
၆	ကိုယ်ကိုတံတားခင်း၍လှူသော အဍ္ဍသက်မနထေရီ ဘိက္ခုနီမဟောတော်မူသောအပဒါန်ဝတ္ထုကိုပြခြင်း	၂၉
၇	ပစ္စေကဗုဒ္ဓါအား ကျူပန်းလှူသော နဠမာလိကာ အပဒါန်ဝတ္ထုကိုပြခြင်း	၃၁
၈	နဠမာလိကာထေရီ ဘိက္ခုနီမ ဟောသောအပဒါန် တရားတော်	၃၂
၉	ဆွမ်းတကြိမ်မျှလှူဘူးသောကြောင့် နတ်မိဖုယား စကြာမင်း မိဖုယားစည်းစိမ်ကို စံစားရကြောင်း ဧကပိဏ္ဍပါတိကထေရီ၏ဝတ္ထုကိုပြခြင်း	၃၄
၁၀	အဘယမင်း မာတာပဒုမဝတီခေါ် ကရန္တုဘိက္ခာ ထေရီ၏ အပဒါန်ဝတ္ထုကိုပြခြင်း	၃၇
၁၁	ဘိဿ မြတ်စွာဘုရား ဟောတော်မူသော ဆွမ်း အနုမောဒနာဂါထာများကို ပြခြင်း	၄၀
၁၂	သတ္တုပ္ပလမာလိကာ ဘိက္ခုနီမ၏ အပဒါန်ဝတ္ထု ကိုပြခြင်း	၄၁

ဦးရေ	အကြောင်းအရာ	မျက်နှာနံပါတ်
၁၃	ပဥ္စဒိပိကာထေရီ၏ကုသိုလ်ပါရမီဖြည့်ပုံအကြောင်း အပဒါန်ဝတ္ထုကို ပြခြင်း	၄၅
၁၄	ပဥ္စဒိပိကာအမည်ရှိသောဘိက္ခုနီမဟောတော်မူသော အပဒါန်တရားတော်	၄၈
၁၅	ဥဒကဒါယိကာမည်သော ဘိက္ခုနီမဟောသော အပဒါန်ဝတ္ထု	၅၂
၁၆	ခုနစ်နှစ်သမီးရဟန္တာမဖြစ်သော ဧကူပေါသထ ထေရီ၏အပဒါန်ဝတ္ထု	၅၄
၁၇	ခုနစ်နှစ်အရွယ်ဧကူပေါသထ ဘိက္ခုနီမဟောတော် မူသော အပဒါန် တရားတော်	၅၇
၁၈	ပန်းလှူဘူးသောသဠလပုပ္ဖိယထေရီ၏ အပဒါန်ကိုပြခြင်း	၆၁
၁၉	မုံ့သုံးရက်လှူဘူးသော မောဒကဒါယိကာ ဘိက္ခုနီမ အပဒါန်ဝတ္ထုကို ပြခြင်း	၆၅
၂၀	ဥဗ္ဗိရီသည်သမီးသေဆုံးသဖြင့်ငိုရှိုက်ပူဆွေးနေခြင်း	၆၇
၂၁	ဥဗ္ဗိရီဘိက္ခုနီမအပဒါန်အကြောင်း	၇၀
၂၂	မိထွေးတော်ဂေါတမီ၏ အပဒါန်ဝတ္ထုကိုပြခြင်း	၇၄
၂၃	မိထွေးတော်ဂေါတမီနှင့်တကွ သာကီဝင်မင်းသမီး ငါးရာတို့ အရှင်နန္ဒကထေရ်၏ အလုပ်အကျွေးမိန်းမ ဖြစ်ဘူးကြောင်း	၇၅
၂၄	ရဟန်းမိန်းမငါးရာတို့သည် နန္ဒကထေရ်ကိုမြင်လျှင် စိတ်တည်တန့်စွာ ဖြစ်ကြပုံအကြောင်း	၇၉
၂၅	အရှင်နန္ဒကထေရ်သည် ဖြစ်ပျက်တရားကိုဟောတော် မူခြင်း	၈၂
၂၆	မိထွေးတော်ဂေါတမီဥဒါန်းကျူးသော ဂါထာများ	၈၇
၂၇	မိထွေးတော်ဂေါတမီပရိနိဗ္ဗာန်ပြုရန် ကြံစည်ခြင်း အကြောင်း	၈၈
၂၈	မိထွေးတော်ဂေါတမီဟောသော အပဒါန်တရားတော်	၁၀၄

ဦးရေ	အကြောင်းအရာ	မျက်နှာနံပါတ်
၂၉	ရာဂမကင်းသော နတ်တို့ ငိုကြွေးသော ဂါထာကိုပြခြင်း	၁၁၃
၃၀	ခေမာထေရီ ဟောတော်မူသော အပဒါန်တရားတော်ဗျာဒိတ်ခံထား	၁၂၀
၃၁	ဝေဠုဝန်ကျောင်းတော်ဘွဲ့သီချင်းဂါထာကိုပြခြင်း	၁၂၆
၃၂	မာရ်နတ်သည် ခေမာထေရီကို ဖျက်ဆီးလို၍ ကာမဂုဏ်ဖြင့် ဖြားယောင်းခြင်းအကြောင်း	၁၃၇
၃၃	လက်ဝဲတော်ရံဥပ္ပလဝဏ္ဏာထေရီ အပဒါန်ဝတ္ထုကို ပြခြင်း	၁၃၉
၃၄	သားတော် ငါးရာ အမိဖြစ်သောပဒုမဝတီဝတ္ထုကိုပြခြင်း	၁၄၉
၃၅	ပဒုမဝတီ၏သား ပစ္စေကဗုဒ္ဓါငါးရာတို့၏ဗျာကရဏဂါထာ	၁၅၉
၃၆	မွေးပြီးအခါကွဲ၍သွားသောသားသမီးခင်ဦးသုံးယောက်တို့သည် အချင်းချင်း မသိကြဘဲပေါင်းဆုံမိကြခြင်း	၁၇၀
၃၇	ပဋာစာရီထေရီအပဒါန်ဝတ္ထုဗျာဒိတ်ခံထား	၁၇၇
၃၈	ပဋာစာရီထေရီ ဘိက္ခုနီမ ဟောတော်မူသော အပဒါန်တရားတော်အကြောင်း	၁၈၆
၃၉	ဘဒ္ဒါကုဏ္ဍလကေသာထေရီ ဗျာဒိတ်ခံထား	၁၉၀
၄၀	ဘဒ္ဒါကုဏ္ဍလကေသာ ဘိက္ခုနီမ ဟောတော်မူသောအပဒါန်တရားတော်အကြောင်း	၁၉၇
၄၁	ကိသာဂေါတမီအပဒါန်ဝတ္ထုဗျာဒိတ်ခံထား	၂၀၃
၄၂	ကိသာဂေါတမီထေရီဟောတော်မူသောအပဒါန်တရားတော်	၂၁၁
၄၃	ဓမ္မဒိန္နာထေရီအပဒါန်ဝတ္ထုဗျာဒိတ်ခံထား	၂၁၆
၄၄	ဝိသာခသူကြွယ်အနာဂါမ်ဖြစ်ခြင်းအကြောင်း	၂၁၇
၄၅	ဓမ္မဒိန္နာထေရီဟောတော်မူသောအပဒါန်တရားတော်	၂၂၉

ဦးရေ	အကြောင်းအရာ	မျက်နှာနံပါတ်
၄၆	သကုသာဘိက္ခုနီဟောတော်မူသောတရားတော် ဗျာဒိတ်ခံခြင်း	၂၃၂
၄၇	ဇနပဒကလျာဏီ နန္ဒာဘိက္ခုနီ၏ အပဒါန်ဝတ္ထု ဗျာဒိတ်ခံခြင်း	၂၃၅
၄၈	သောဏာဘိက္ခုနီ၏အပဒါန်ဝတ္ထုဗျာဒိတ်ခံခြင်း	၂၄၃
၄၉	ယသော်ဓရာထေရီအပဒါန်ဝတ္ထု ဗျာဒိတ်ခံခြင်း	၂၄၆
၅၀	ဒီပင်္ကရာ မြတ်စွာဘုရားက ယသော်ဓရာထေရီ အလောင်းဖြစ်သော သုမိတ္တာမိန်းမပျိုကို ဗျာဒိတ် ပေးသောဂါထာ လေးပုဒ်ကိုပြခြင်း	၂၅၂
၅၁	ယသော်ဓရာ အစုပ်ချုပ်သော နာနာကုလအမျိုး သမီးတသောင်းသော ဘိက္ခုနီ ရဟန်း မိန်းမတို့ လျှောက်ကြားသော အပဒါန်တရားတော်	၂၅၇
၅၂	ယသော်ဓရာ အစုပ်ချုပ်သော သကျကုလသာကီ ဝင်မင်းသမီး မိဖုယား တသောင်းရှစ်ထောင်သော ရဟန်းမိန်းမ ဘိက္ခုနီတို့လျှောက်ကြားအပ်သော အပဒါန်တရားတော်	၂၅၉
၅၃	စဏ္ဍပဇ္ဇောတ မင်း၏ မိဖုယား ယသဝတီ၏ အပဒါန်ဝတ္ထု ဗျာဒိတ်ခံခြင်း	၂၆၆
၅၄	ယသဝတီမိဖုယားအစုပ်ချုပ်သောခတ္တိယ ကုလ မင်းမျိုးတို့၏ မိဖုယား တသောင်း ရှစ်ထောင် သောဘိက္ခုနီမတို့ လျှောက်ကြားသောအပဒါန် တရားတော်	၂၆၈
၅၅	ပုဏ္ဏားမျိုး ဖြစ်သော ရှစ်သောင်း လေးထောင် သော ဘိက္ခုနီ ရဟန်းမိန်းမတို့ လျှောက်ကြား သောအပဒါန်တရားတော်	၂၇၀
၅၆	ရှစ်သောင်းလေးထောင်သော ဗြာဟ္မဏကညာ တို့သည် ယသော်ဓရာကဲ့သို့ မြတ်စွာဘုရား နှင့်	

ဒိုးရေ	အကြောင်းအရာ	မျက်နှာနံပါတ်
	အတူတကွ နေထိုင်ရန် ဆုတောင်းခဲ့ဘူးသော အကြောင်း	၂၇၅
၅၇	မိဖုယားငယ်တထောင်ကို အုပ်ချုပ်သော သာကီဝင်မင်းသို့ ဥပ္ပလဒါယိကာမိဖုယားဘိက္ခုနီမ၏ အပဒါန်ဝတ္ထု	၂၈၄
၅၈	ဥပ္ပလဒါယိကာ ဘိက္ခုနီမ ဟောတော်မူသော အပဒါန်တရားတော်	၂၈၆
၅၉	သွမ်းအကျိုးပြဂါထာများကိုပြခြင်း	၂၉၀
၆၀	သိင်္ဂါလသူဌေးသား၏မယ်တော်သိင်္ဂါလမာတာ ထေရီအပဒါန်ဝတ္ထု	၂၉၂
၆၁	သုက္ကာထေရီ၏အပဒါန်ဝတ္ထုကိုပြခြင်း	၂၉၉
၆၂	သိကြားမင်းသိသိုသော သိချင်းမဂဓကများကိုပြခြင်း	၃၀၁
၆၃	အဘိရူပနန္ဒာထေရီ၏ အပဒါန်ဝတ္ထုကို ပြခြင်း	၃၀၃
၆၄	အဘိရူပနန္ဒာထေရီ ဟောတော်မူသော အပဒါန်တရားတော်	၃၀၇
၆၅	အဍ္ဎကာသိဘိက္ခုနီမ၏အပဒါန်ဝတ္ထုကို ပြခြင်း	၃၁၀
၆၆	ရဟန်းပဉ္စင်းအဖြစ် ၄စ်မျိုးအကြောင်းကို ပြခြင်း	၃၁၂
၆၇	အဍ္ဎကာသိထေရီရဟန္တာမ ဟောတော်မူသော အပဒါန်တရားတော်	၃၁၅
၆၈	ပုဏ္ဏိကာထေရီအပဒါန်ဝတ္ထုကိုပြခြင်း	၃၁၉
၆၉	ပုဏ္ဏိကာထေရီ ဘိက္ခုနီ ဟောတော်မူသော အပဒါန်တရားတော်	၃၂၇
၇၀	အမ္ဗပါလီထေရီ၏အပဒါန်ဝတ္ထုကိုပြခြင်း	၃၂၉
၇၁	အမ္ဗပါလီထေရီ ဟောတော်မူသော အပဒါန်တရားတော်	၃၃၇
၇၂	ပေသလာထေရီ၏ အပဒါန်ဝတ္ထု ပဋိသန္ဓေမှုပွဲကိုဆောင်ခြင်းအကျိုး	၃၄၀

ဦးရေ	အကြောင်းအရာ	မျက်နှာနံပါတ်
၇၃	နှုတ်ရအာဂုံဆောင်ရန် ပဋိစ္စသမုပ္ပါဒ်ပါဠိတော်ကိုပြခြင်း	၃၄၁
၇၄	အနုလုံဆင်ခြင်ပုံကိုပြခြင်း	၃၄၁
၇၅	ပဋိလုံဆင်ခြင်ပုံကိုပြခြင်း	၃၄၂
၇၆	သုမုတ္တာထေရီ၏အပဒါန်ဝတ္ထုကိုပြခြင်း	၃၄၇
၇၇	သုမနမင်းသမီးအို၏အပဒါန်ဝတ္ထုကိုပြခြင်း	၃၅၀
၇၈	ဓမ္မာမည်သောထေရီအိုကြီး၏ အပဒါန် ဝတ္ထုကိုပြခြင်း	၃၅၁
၇၉	သုမင်္ဂလထေရ်၏မယ်တော် ဘိက္ခုနီမ၏အပဒါန် ဝတ္ထုကို ပြခြင်း	၃၅၂
၈၀	စိတ္တာထေရီ၏ အပဒါန်ဝတ္ထုကိုပြခြင်း	၃၅၃
၈၁	ဒန္တိကာထေရီ၏အပဒါန်ဝတ္ထုကိုပြခြင်း	၃၅၄
၈၂	သောမာထေရီ၏အပဒါန်ဝတ္ထုကိုပြခြင်း	၃၅၆
၈၃	မဟာပဇာပတိဂေါတမီဘိက္ခုနီမ၏ဝတ္ထုကိုပြခြင်း	၃၅၉
၈၄	ပြည့်တန်ဆာမဖြစ်ဘူးသော ဝိမလာထေရီသည် အရှင်မောဂ္ဂလာန်ကိုဖြားယောင်းဘူးကြောင်း	၃၆၀
၈၅	ကာမဂုဏ်စိတ် ပူလှ၍ ကြိုးဆွဲချ သေတော့မည် အပြုတွင် ရဟန္တာမ ဖြစ်သော သီဟာထေရီ၏ဝတ္ထုကိုပြခြင်း	၃၆၅
၈၆	နန္ဒုတ္တရာထေရီအပဒါန်ဝတ္ထုကိုပြခြင်း	၃၆၈
၈၇	မိတ္တာကာဠီထေရီအပဒါန်ဝတ္ထုကိုပြခြင်း	၃၆၉
၈၈	ပဋာစာရီထေရီ၏ တပည့်မ ငါးရာတို့ရဟန္တာ ဖြစ်ကြောင်း	၃၇၁
၈၉	စန္ဒာထေရီ၏အပဒါန်ဝတ္ထုကိုပြခြင်း	၃၇၂
၉၀	ပါရမီ ဖြည့်ဘက် ငါးရာသော ထေရီမတို့၏ အပဒါန်ဝတ္ထုကို ပြခြင်း	၃၇၄
၉၁	ဝါသိဋ္ဌီထေရီ၏အပဒါန်ဝတ္ထုကိုပြခြင်း	၃၇၄

ဦးရေ	အကြောင်းအရာ	မျက်နှာနံပါတ်
၉၂	အဝတ်တန်းဆာ နှံ့သာလိမ်းကျံပြုပြင် တန်းဆာဆင်လျက်ရဟန္တာဖြစ်သော သုဇာတာ သူဌေးသွီးအကြောင်း	၃၇၅
၉၃	ရတနာကိုယ်လေး ၅စ်ဆပေး၍ သူဌေးသားမင်းအများတို့လက်ဆောင်တင်ကာ တောင်းလာသူများသောသူဌေးသွီး အနောပမာအကြောင်း	၃၇၇
၉၄	ဂုတ္တာထေရီ၏အပဒါန်ဝတ္ထုကိုပြခြင်း	၃၈၀
၉၅	ဝိဇယာထေရီ၏အပဒါန်ဝတ္ထုကိုပြခြင်း	၃၈၁
၉၆	ဥတ္တရာထေရီ၏အပဒါန်ဝတ္ထုကိုပြခြင်း	၃၈၃
၉၇	အရှင်သာရိပုတ္တရာ၏နှစ်မတော်စာလာဥပစာလာသိသုပစာလာထေရီညီမသုံးယောက်တို့အကြောင်း	၃၁၅
၉၈	ဝဍ္ဍမာတာထေရီ၏အပဒါန်ဝတ္ထုကိုပြခြင်း	၃၈၈
၉၉	ရောဟနီထေရီ၏အပဒါန်ဝတ္ထုကိုပြခြင်း	၃၉၂
၁၀၀	ရောဟနီထေရီဟောသောအပဒါန်တရားတော်	၃၉၈
၁၀၁	ဥပကနှင့်ဆာဝါတို့၏အပဒါန်ဝတ္ထုကိုပြခြင်း	၄၀၀
၁၀၂	မယ်ဆာဝါသားချော့သီချင်း(ဖိနတ္ထ)နံပါတ် ၆၀-၌လာသည်ကိုပြခြင်း	၄၀၅
၁၀၃	ဗာရာဏသီပြည်သူ သုန္ဒရီထေရီအပဒါန်ဗျာဒိတ်ခံကာ	၄၁၇
၁၀၄	သုန္ဒရီအရှင်မဟောတော်မူသောအပဒါန်တရားတော်	၄၂၄
၁၀၅	ရွှေပန်းထိမ်သည်သွီး သုဘာထေရီအပဒါန်ဝတ္ထုကိုပြခြင်း	၄၂၆
၁၀၆	ဇိဝက၏သရက်ဥယျာဉ် အမ္ဗာရာမကျောင်းတိုက်၌ သီတင်းသုံးနေသော ရာဇဂြိုဟ်ပြည် ဗြာဟ္မဏမဟာသာလပုဏ္ဏားသွီး သုဘာထေရီ၏အပဒါန်ဝတ္ထု	၄၃၄
၁၀၇	ဣသိဒါသီထေရီ၏အပဒါန်ဝတ္ထုကိုပြခြင်း	၄၄၆
၁၀၈	အဋ္ဌသာဝကနှင့် အဋ္ဌုပဇ္ဈာကတို့ အကြောင်း	၄၅၄
၁၀၉	အဋ္ဌုပဇ္ဈာက ဥပါသိကာဝေဠုကဏ္ဍကီ နန္ဒမာတာဝတ္ထုကိုပြခြင်း	၄၅၆
၁၁၀	ဥတ္တရာနှင့်နန္ဒလုလင်၏ဝတ္ထုကိုပြခြင်း	၄၅၈

ဦးရေ	အကြောင်းအရာ	မျက်နှာနံပါတ်
၁၁၁	ပုဏ္ဏသူဌေး၏ သမီးဥတ္တရာသည် သုမနသူဌေး၏ သား နန္ဒလုလင်၏မယားဖြစ်ကြောင်း	၄၆၁
၁၁၂	ပုဏ္ဏသူဌေးသမီးဥတ္တရာသည် သိရိမာကိုကိုယ်စားထားပြီး ရှစ်ပါးသီလကို တလလျှင် ရှစ်သီတင်းဆောက်တည်ခြင်း	၄၆၂
၁၁၃	ဥတ္တရာသည် နန္ဒမာတာဟူသော အမည်ကို ရသော အကြောင်း	၄၆၈
၁၁၄	ဝေဠုကဏ္ဍကီနန္ဒမာတာနှင့်ဥတ္တရာနန္ဒမာတာနှစ်ယောက် တို့ ခြားနားပုံကို ပြခြင်းအကြောင်း	၄၆၉
၁၁၅	ဘုရားလောင်း၏မိဖုယားဖြစ်၍ နိဗ္ဗာန်ကိုဆုတောင်း ကြသော မိန်းမများအကြောင်း	၄၇၀
၁၁၆	သက်နိုးဝတ်၍ ရဟန်းပြုသောမိန်းမတို့တွင် မိထွေးတော် ဂေါတမီအစဆုံးဖြစ်ကြောင်း	၄၇၈
၁၁၇	မိန်းမများသည်သင်္ကန်းဝတ်၍ရဟန်းပြုလျက်ဘသက်လုံး ကျင့်သုံးရသော ဂရုဓံတရားရှစ်ပါးကိုဟောတော်မူခြင်း	၄၈၀
၁၁၈	သာသနာတော်၌သင်္ကန်းဝတ်၍ဘိက္ခုနီလုပ်ကြသော မိန်းမတွေပေါ်များ၍ သင်္ကန်းရောင်တို့ဖြင့် ပြောင်ပြောင် တောက်နေကြပုံကိုပြဆိုခြင်း	၄၈၃
၁၁၉	ကျမ်းပြီးနိဂုံးဂါထာကိုပြခြင်း	၄၈၇
၁၂၀	သာသနာတော်သက္ကရာဇ်ဂါထာကိုပြခြင်း	၄၈၇
၁၂၁	ကျမ်းရေးပုဂ္ဂိုလ်၏ဇာတိဘူမိဂါထာကိုပြခြင်း	၄၈၈

မာတိကာစဉ်ပြီး၏

ထေရီ

အပဒါန်ဝတ္ထုတော်ကြီး

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ

ပဏာမ ဂါထာ

မာတုဍ္ဍာ အာဒိ ဏ္ဏည္ဆိန့်၊ ပဗ္ဗဇ္ဇ ဒေတိ ယော မုနိ။
တဿ ဓမ္မဥ္စ သံဃဉ္စ၊ ဝန္ဒာမိ ဟံ ပုနပ္ပုနံ။

ယောမုနိ၊ မုနိထွဋ်တင်အကြင်မြတ်ဗျား စောဘုရားသည်။ မာတုဍ္ဍာ အာဒိဏ္ဏည္ဆိန့်၊ မိထွေးဂေါ်တမီ အစရှိသော မိန်းမတို့အား။ ပဗ္ဗဇ္ဇ၊ သာသနာတော်ထမ်း သင်္ကန်းဝတ်ခါ သာမဏေရီ ဘိက္ခုနီစင် ရဟန်းမိန်းမ အဖြစ်ကို။ ဒေတိ၊ သနားကရုဏာ မေတ္တာရှေးရှု ပေးတော်မူ၏။ တဿ၊ ထိုမြတ်စွာဘုရားအားရင်း။ တဿ၊ ထိုမြတ်စွာဘုရား၏။ ဓမ္မဥ္စ၊ မဂ်ဖိုလ်လေးတန်နိဗ္ဗာန်ပရိယတ်တရားတော်မြတ်ကိုရင်း။ သံဃဉ္စ၊ သံဃာတော်မြတ်ကိုရင်း။ အဟံ။ အကျွန်ုပ်သည်။ ပုနပ္ပုနံ၊ အဖန်ဖန် အကြိမ်ကြိမ်။ ဝန္ဒာမိ၊ လက်ဆယ်ဖြာကိုထိပ်မှာဘင်မိုး ဦးနှိမ်ကျိုး၍ ရှိခိုးပါ၏။

ဇွန်ဿာသယ ၁၅၇–၁

ဤပဏာမဂါထာကို မိန်းမများတို့သည် အာဂုံနှုတ်တက် ရအောင် ကျက်၍ နံနက်နှင့်ည နိစ္စမပြတ် ရှိခိုးအပ်၏၊ ရှိခိုးရမည်၊ ရှိခိုးကြလေကုန်။

မိန်းမများကို သက်နံးဝတ်စေ၍ ရဟန်းမိန်းမပြုလုပ်ရန် ခွင့်ပေးတော် မူသော မြတ်စွာဘုရားအား ရှိခိုးသောဂါထာ။

ပဏိသမ္ဗုဒ္ဓ ပစ္စာပတိ၊ သုမေဓာအာဒိထေရိပတိ။
သုဘာသိတံ အပဒါနံ၊ ဂါထာဗန္ဓေဟိ သံဂိတံ။

တတော အတ္ထံ ဂဟေတွာန၊ မြမ္မဘာသာယ ဝတ္ထုကံ။
အဠကထဥ္စ ပဿိတွာ၊ လိခိဿာမိ ဇာဒါနိ ဟံ။

ထေရိပဒါန သင်္ခါတံ၊ ဝတ္ထုံ ပဿိယ ဇုတ္တိယော။
ထေရိနံ နယမာဒါယ၊ ပရိပူရေန္တု ပါရမိံ။

ပဏိသမ္ဗုဒ္ဓပစ္စာပတိ၊ ပဏိသမ္ဗုဒ္ဓါဉာဏ်သို့ ရောက်တော် မူကြကုန်သော။ သုမေဓာအာဒိထေရိပတိ၊ သုမေဓာဟိက္ခုနီအစရှိကုန်သောထေရီမြတ်လှ အရှင်မတို့သည်။ သုဘာသိတံ၊ ကောင်းစွာဟောကြားအပ်သော။ အပဒါနံ၊ အပဒါန်တရားတော်မြတ်ကို။ ဂါထာဗန္ဓေဟိ၊ ဂါထာဗန္ဓတို့ဖြင့်။ သံဂိတံ၊ အရှင်မဟာကဿပ အစရှိသော မထေရ်မြတ်တို့ သင်္ဂါယနာ တင်ထားအပ်၏။ တတော၊ ထိုထေရီအပဒါန် ပါဠိတော် ဂါထာဗန္ဓ တို့မှ။ အတ္ထံ၊ အနက်အဓိပ္ပါယ်ကို။ ဂဟေတွာန၊ ထုတ်ယူ၍။ အဠကထဥ္စ၊ အဠကထာကိုလည်း။ ပဿိတွာ၊ ကြည့်ရှုပြီး၍။ မြမ္မဘာသာယ၊ မြန်မာ ဘာသာအားဖြင့်။ ဝတ္ထုကံ၊ ထေရီမြတ်လှ အရှင်မတို့ ပါရမီဖြည့်ခဏ်း ဝတ္ထုလမ်းကို။ ဇာဒါနိ၊ ယခုအခါ၌။ အဟံ၊ ငါသည်။ လိခိဿာမိ၊ ရေးသားပေအံ့။ ထေရိပဒါနသင်္ခါတံ၊ ထေရီအပဒါန်ဟု ဆိုအပ်သော။ ဝတ္ထုံ၊ ဝတ္ထုကျမ်းကြီးကို။ ဝါ၊ ထေရီအပဒါန် ဝတ္ထုတော်ကြီးကို။ ပဿိယ၊ကြိုးစားလို့လ ကြည့်ရှုကြ၍။ ဇုတ္တိယော၊ မိန်းမအပေါင်း တို့သည်။ ထေရိနံ၊ ဥပ္ပလဝဏ္ဏာ မယ်ခေမာနှင့် သုမေဓာမည် အစ ရှိသော ထေရီမြတ်လှ အရှင်မတို့၏။ နယံ၊ ပါရမီဖြည့်နည်း ကျင့်ပုံ နည်းကို။ အာဒါယ၊ အားကျပါးကျ စိတ်ကြည်ဖြူ မှတ်သားယူ၍။

ပါရမီ၊ နိဗ္ဗာန်ရောက်ကြောင်း ဆုတောင်းစုံညီ ပါရမီကို။ ပူရေန္တု၊ ဖြည့်ကျင့်ကြ စေကုန်သတည်း။ (အာသီသတ္ထ)၊ ပူရေန္တု၊ ဖြည့်ကျင့်ကြလေ ကုန်လော့။ [အာဏာတျတ္ထ]။

မိန်းမများ နည်းယူ၍ ပါရမီဖြည့်ကြစေရန် ထေရီအပဒါန် ဝတ္ထုကို ငါရေးသားသည်၊ ဤဝတ္ထုကိုကြည့်ရှု၍ပါရမီဖြည့်ကြကုန်။

ဤကား ပဏာမနှင့်တကွ အာသီသ-အာဏတ္တိတို့ကို ပြခြင်းတည်း။

၁၆-နှစ်အရွယ်မျှရှိသော သုမေဓာအမည်ရှိသော မင်းသမီး ဟောတော်မူသော အပဒါန်တရားအကြောင်း

သုမေဓာထေရီ အစရှိကုန်သော ရဟန္တာမိန်းမ တို့သည် မိမိတို့ ဖြည့်ကျင့် ဆည်းပူးခဲ့ကြသော ပါရမီတို့ကို ကိုယ်စီ ကိုယ်စီ အသီးအသီး ထုတ်ဘော်၍ ဟောကြားတော်မူကြကုန်သောအပဒါန်တရားတော်တို့ကို ထေရီအပဒါန် ပါဠိတော် အဋ္ဌကထာတို့မှ ထုတ်နုတ်၍ သီလရှင်များနှင့် ဥပါသိကာ သိတင်းသည် မိန်းမများ ကြည့်ရှု ကျက်မှတ်၍ ပါရမီ မျိုးစေ့ စိုက်ပျိုးကြစေရန် စီရင်ရေးသား အပ်သော ထေရီအပဒါန် တရားတော်များ ဖြစ်သတည်း။

ထေရီ အပဒါန် တရားတော်ကို နားစိုက်၍ နာကြစေရန် အရှင် အာနန္ဒာသည် တိုက်တွန်း နှိုးဆော်တော်မူသောစကားဖြင့် တိုက်တွန်း နှိုးဆော်ပေအံ့သတည်း။

အထ ထေရိကာပဒါနာနိ သုဏာထ၊

အထ၊ ထိုမင်္ဂလာရှိသော လူ့၏ဘဝကို ရသောအခါ၌။ ထေရိကာ ပဒါနာနိ၊ ဘိက္ခုနီ ရဟန်းမိန်းမတို့၏ ပါရမီဖြည့်ပုံ တရားတော်တို့ကို။ သုဏာထ၊ နားစိုက်၍ထောင်ကြကုန်လော့။ မနသိကရောထ၊ နှလုံးသွင်း လိုက်ကြ ကုန်လော့။ အဟံ၊ ငါသည်။ ဘာသိဿာမိ၊ ဟောပေအံ့။

အိုအရှင်မတို့- မယ်သုမေဓာ သညာဘွဲ့ရှိ ထေရီရဟန္တာ မိန်းမဖြစ် သော ငါသည် ကောဏာဂုံ မြတ်စွာဘုရား၏ ရွှေလက်ထက်တော်၌ အဆွေ ခင်ပွန်း မိန်းမ သုံးယောက်တို့နှင့် အဟူတကွ ပေါင်းစပ်၍

ကောဿာဂုံ မြတ်စွာဘုရား၏ ကျောင်းတိုက်တော် အာရာမ်အတွင်း၌ သံဃာတော်များ သီတင်းသုံး၍နေတော်မူရန်ကျောင်းကိုဆောက်လုပ်၍ လှူခဲ့ဘူး၏။ ထိုကျောင်းဆောက်လုပ်၍ လှူသော ကုသိုလ်ကံဖြင့် ထိုဘဝမှ စုတေသည်ရှိသော် နတ်ပြည်၌ဖြစ်၍ ဆယ်ကြိမ်၎င်း အကြိမ်တရာ၎င်း အကြိမ်တထောင်၎င်း အကြိမ်တသောင်း၎င်း နတ်မင်း၏ မိဖုယားအဖြစ်ဖြင့် ဖြစ်၍ နတ်၏ စည်းစိမ်ကို ခံစားရ၏။ လူ၏ဘဝ၌ လူမင်း၏မိဖုယားကြီးဖြစ်၍ လူ၏စည်းစိမ်ကို ခံစားရသောဘဝ အကြိမ်ပေါင်းသည်ကား အဘယ်ဆိုဘွယ်ရာရှိအံ့နည်း။ မရေမတွက်နိုင်အောင် ခံစားရ၏။

[နတ်သွီးဆယ်ဘဝ ဖြစ်ပြီး၍ လူဖြစ်ပြန်၏။ လူ့ပြည်မှ စုတေပြန်၍ နတ်သွီး အကြိမ်တရာ ဖြစ်ပြန်၏။ နတ်ပြည်မှ စုတေပြန်၍ လူဖြစ်ပြန်၏။ လူ့ပြည်မှ စုတေပြန်၍ နတ်သွီးအကြိမ်တထောင် ဖြစ်ပြန်၏။နတ်ပြည်မှ စုတေပြန်၍ လူဖြစ်ပြန်၏။ လူ့ပြည်မှ စုတေပြန်၍ နတ်သွီး အကြိမ် တသောင်း ဖြစ်၏ ဟူလို]။

ဒေဝေ မပတိဋ္ဌိကာ အဟုမှ၊ မာနုသကမှိ ကောဝိဒေါ။
သတ္တရတနမဟေသိ၊ ဣတ္ထိရတနံ အဟံ ဘဝိံ။

ဒေဝေ၊ နတ်ပြည်၌။ မပတိဋ္ဌိကာ၊ တန်ခိုးကြီးသော နတ်မိဖုယားကြီးသည်။ အဟုမှ၊ ဖြစ်ကြကုန်၏။ မာနုသကမှိ၊ လူ့ပြည်၌။ ကောဝိဒေါ၊ အဘယ်ဆိုဘွယ်ရာ ရှိတော့အံ့နည်း။ သတ္တရတနမဟေသိ၊ ရတနာခုနစ်ပါးနှင့် ပြည့်စုံသော စကြာမင်း၏မိဖုယားကြီးဖြစ်၍။အဟံ၊ငါသုမေဓာထေရီသည်။ ဣတ္ထိရတနံ၊ မိန်းမရတနာသည်။ အဘဝိံ၊ ဖြစ်ခဲ့ဘူးလေပြီ။

ဣဓ သဉ္စိတကုသလံ၊ သုသမိဒ္ဓ ကုလပ္ပဇာ။
ဓနဉ္ဇာနီစ ခေမာစ၊ အဟံ ပိစ တယော ဇနာ။

အယျာယော၊ အရှင်မတို့။ ဓနဉ္ဇာနီစ၊ ဓနဉ္ဇာနီ အမည်ရှိသော ပုဏ္ဏားမသည်၎င်း။ ခေမာစ၊ ခေမာမိဖုယားသည်၎င်း။ ဝါ၊ လက်ျာတော်ရံ ရဟန္တာ မိန်းမ ခေမာထေရီသည်၎င်း။ အဟံ၊ ငါသုမေဓာထေရီသည်၎င်း။ တယောဇနာ၊ သုံးယောက်သောမိန်းမတို့သည်။ ဣဓ၊ ဤယခုဘဝ၌။သဉ္စိတကုသလံ၊ရှေးက ပြုခဲ့ဘူးသော ကုသိုလ် ရှိသည်

ဖြစ်၍။ သုသမိဒ္ဓ ကုလပုတ္တာ၊ ကောင်းစွာ လုံလောက် ပြည့်စုံကြွယ်ဝ ဖြေချမ်းသာသော အမျိုး၌ ဖြစ်ရကုန်၏။

နန္ဒုတ္တရာနီပုဏ္ဏားမ၊ ခေမာထေရီ၊ သုမေဓာထေရီ၊ ဤသုံးယောက်သော မိန်းမတို့တွင် နန္ဒုတ္တရာနီပုဏ္ဏားမသည် ကောသလတိုင်း သာဝတ္ထိပြည် ပသေနဒီကောသလ မင်းကြီး၏ တိုင်းပြည် အတွင်း စဍ္ဍလိကပ္ပမြို့၌ ပုဏ္ဏား သူဌေးသမီး ဖြစ်၏။ ဘဒ္ဒါကာပိလာနီနှင့် ခေမာထေရီသည် သာဂလပြည်၌ မွေးသည်။ အရွယ်ရောက်ကြသောအခါ ဘဒ္ဒါကာပိလာနီသည် ရာဇဂြိုဟ်ပြည်၌ မဟာတိတ္ထရွာ ကောသိဂေါတ္တ သူဌေး၏သား အရှင်မဟာကဿပနှင့် လက်ထပ်သည်။ ခေမာထေရီသည် မဒ္ဒတိုင်း သာဂလပြည်၌ မဒ္ဒရာဇ် မင်းကြီး၏ သမီးတော် ဖြစ်၍ အရွယ်ရောက်သောအခါ ရာဇဂြိုဟ်ပြည် ဗိမ္ဗိသာရမင်း၏ မိဖုယားကြီးဖြစ်၏။ သုမေဓာထေရီသည် မန္တာဝတီပြည် ကောဉ္စမင်းကြီး၏သမီးတော်ဖြစ်၏။ အရွယ်ရောက်သောအခါ ဝါရဏဝတီပြည် အနိကရတ္တ မင်းအား ပေး၏။ မိဘတို့က ယောကျာ်းပေးစားသော် ရဟန်းမိန်းမပြုလုပ်ရန်ကို အလိုရှိ၍ ပယ်ရှား၏။ ထိုသုမေဓာမင်းသမီးသည် ဘုရားသာသနာတော်ကို အလွန် ကြည်ညို မြတ်နိုးလေ့ ရှိ၏။ သီလနှင့်လည်း ပြည့်စုံ၏။ တရား စကားကိုလည်း ဟောတတ်၏။ ပိဋကတ် တရားတော်၌ မှတ်သား နာကြားခြင်း အလွန်များ၏။ မိမိကိုယ်နှုတ်စိတ်ကို ဆုံးမသိမ်းဆည်း စောင့်စည်းလေ့ ရှိ၏။ ထိုသုမေဓာမင်းသမီးသည် ခမည်းတော် မယ်တော်တို့ အထံသို့ ရိုသေစွာကပ်၍ ဤသို့ ပြောကြား၏။ ။ခမည်းတော် မယ်တော်နှစ်ပါးတို့ ကျွန်တော်မ ပြောသောစကားကို မှတ်သားကြပါ။ ကျွန်တော်မသည် နိဗ္ဗာန်ကို အလိုရှိပါ၏။ နိဗ္ဗာန်၌ မွေ့လျော်သော စိတ်ရှိပါ၏။ နတ်ပြည်၌ဖြစ်သော နတ်သား-နတ်သမီးတို့ ကာမဂုဏ် တရားသည်လည်း မြဲခြင်းသဘောမရှိ။ လူပြည်၌ ဖြစ်သော လူ၏ ကာမဂုဏ် တရား၌ အဘယ်ဆိုဘွယ်ရာ ရှိတော့အံ့နည်း။ ကာမဂုဏ် တရားတို့သည် အချည်းနှီး ဖြစ်ကုန်၏။ ကာမဂုဏ်၏ အရသာသည် အနည်းငယ်မျှသာရှိ၏။ တခဏမျှသာရှိ၏။ ပင်ပန်းဆင်းရဲခြင်းတို့ကား အလွန် များကုန်၏။ ကာမဂုဏ်ကြောင့် ဆင်းရဲခြင်းသည် အလွန် ကြီးမား၏။ မျက်မှောက်ဗိ၌ နာကျင်စပ်ခါး ခံစားရ၏။ မြွေဆိပ်နှင့် အလားတူကုန်၏။ အကြင် သူတို့သည် ကာမဂုဏ်ကို မိုက်မှောင်

ကျအောင် ရစ်မူးအောင် လွန်ကျူး ခံစားကြကုန်၏။ ထိုသူတို့သည် ရှည်မြင့်စွာသော နေ့ရက်ကာလပတ်လုံး ငရဲ၌ ကျက်ကုန်သည် ဖြစ်၍ ဆင်းရဲပင်ပန်းစွာ ညှဉ်းဆဲ နှိပ်စက်ခြင်းကို ခံရကုန်၏။ မကောင်းကံ အားကြီးကုန်သော သူတို့သည် မကောင်းသော အသိဉာဏ် ရှိကုန်၍ လိမ်ဉာဏ် ကောက်ဉာဏ် စဉ်းလဲဉာဏ် ရှိကုန်၍ အခါခပ်သိမ်း ကိုယ်ဖြင့်ရင်း နှုတ်ဖြင့်ရင်း စိတ်ဖြင့်ရင်း ကာမဂုဏ်တရားကိုသာလျှင် ပြုကျင့်ပြောဆို ကြံစည် အားထုတ်ကြကုန်၏။ စောင့်စည်းခြင်း မရှိဘဲ မိုက်မဲလွန်ကျူး ကြကုန်၏။ထိုသူတို့သည် မိုက်မဲကုန်၏။ပညာမရှိကုန်။ စေတနာ သဒ္ဓါတရား မရှိကုန်။ ဖြစ်ချင် ဖြစ်။ မဖြစ်ချင် မဖြစ်ဟူ၍ ဟောတော်မူအပ်သော ဒုက္ခသစ္စာ၊ သမုဒယ သစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာတို့ကို ဟောကြားသော်လည်း မြတ်သော အရိယာသစ္စာတရား တို့ကို မသိကြကုန်။

ခမည်းတော် မယ်တော်တို့ ထိုသစ္စာ တရားတို့ကို မသိကုန်သော ကြောင့်သာလျှင် များစွာသော သတ္တဝါအပေါင်းတို့သည် ဘုံဘဝ၌ ဖြစ်သော ကာမဂုဏ်ကို စုံမက် နှစ်သက် ကြကုန်၏။ နတ်ပြည်၌ ဖြစ်ခြင်းကို နှစ်သက်ကြကုန်၏။ နတ်စည်းစိမ်ကို မြတ်နိုး စုံမက်၍ ဆုတောင်းကြကုန်၏။ နတ်ပြည်၌ ဖြစ်သော်လည်း မြဲခြင်းသဘောမရှိ။ အနိစ္စတရားတို့သာဖြစ်ကုန်၏။ငြိမ်းခြင်းသဘောမရှိကုန်။အကြိမ်ကြိမ် အဖန်ဖန် ဖြစ်တတ် ပျက်တတ်သော သဘောရှိကုန်၏။ ခမည်းတော် မယ်တော်တို့ မြတ်သော ရဟန်း၏ အဖြစ်သည် ငရဲဘုံတို့၌ ဖရိုဖရဲ ကျခြင်း သဘောမရှိ။လေးပါးကုန်သော ဝိနိပါတ ဘေးတို့သည်လည်း ကောင်း ငရဲ တိရစ္ဆာန် နှစ်တန်သော ဂတိတို့သည်လည်းကောင်း အဘယ်မှာ ရောက်ခြင်း ကျခြင်း ရှိတော့အံ့နည်း။ [မြတ်သောရဟန်း၏ အဖြစ်၌ ငရဲ တိရစ္ဆာန် ဘဝသို့ ကျရောက်ခြင်းမရှိ ဟူလို]။

မယ်တော် ခမည်းတော်တို့ ကျွန်တော်မကို မြတ်စွာဘုရား သာသနာ တော်၌ ရဟန်းပြုခြင်းငှါ ခွင့်ပြုကြပါကုန်လော့။မယ်တော် ခမည်းတော် တို့သည် ရဟန်းပြုခြင်းငှါ ခွင့်ပြုကြကုန်အံ့ ကျွန်တော်မသည် ပဋိသန္ဓေ နေရခြင်း အိုရခြင်း သေရခြင်းတို့မှ လွတ်ကင်းအောင် ကြောင့်ကြ ကင်းစွာနေ၍ တရားကို အားထုတ်ပါအံ့။လူ့ဘဝ၌ဖြစ်သော ကာမဂုဏ် တရားဖြင့် အဘယ် အကျိုး ရှိအံ့နည်း။ ကိုယ်ပင်ပန်း၍ အနှစ်သာရ

ရှိသော တရားမျိုးမဟုတ်။ လူ့နတ်ဘဝ၌ စုံမက်ခင်မင်တတ်သော တဏှာ လောဘကို ပယ်ဖြတ်ခြင်းငှါ တရားတော်ကို အားထုတ်၍ ကျင့်ပါအံ့။မယ်တော် ခမည်းတော်တို့ ခွင့်ပြုကြပါကုန်လော့။ကျွန်တော်မသည် ရဟန်းပြုပါအံ့။ ဒုတိယအကြိမ် တောင်းပန်သော်လည်း ခွင့်မပြုကြကုန်။ ဘုရားပွင့်သောအခါကာလကို ကင်း၍ မဂ်ဖိုလ်ရခြင်း မရှိနိုင်။ ဘုရားမပွင့်သော ကာလကို အခဏ ဟူ၍ ဆိုအပ်၏။ မဂ်ဖိုလ်ရသော ခဏမဟုတ်။ ကာလမဟုတ်ဟူ၍ ဆိုအပ်၏။ ဘုရားပွင့်သောအခါနှင့် ကြုံတွေ့မှ မဂ်ဖိုလ်ကိုရသော ကာလဖြစ်၏။ယခုအခါ၌ ဘုရားပွင့်သော ခဏ ဘုရားပွင့်သောကာလနှင့် ကြုံတွေ့ရ၏။ မြတ်စွာဘုရား သာသနာတော်၌ အကျင့်ကို တသက်ပတ်လုံး မပျက်စီးရအောင် ကျင့်ပါအံ့။ တတိယအကြိမ်လည်း ခွင့်မပြုကြကုန်။ ကျွန်တော်မသည် လူဝတ်ကို ဝတ်သော လူ၏အဖြစ်၌ မနေလိုပါ။ ရဟန်းမိန်းမ ဘိက္ခုနီအဖြစ်၌ နေလိုပါသည်။ လူဝတ်နှင့် နေသမျှ ကာလပတ်လုံး ထမင်းအစာ အာဟာရကို မစားဘဲ နေတော့အံ့ သေမင်းနိုင်ငံသို့ ရောက်၍ သွားပေစေတော့ဟုဆို၏။ ဤသို့ ဆို၍ သုမေဓာမင်းသမီးသည် နန်းတော်ရင်ပြင် အခင်းမရှိသော သမံတလင်း၌ လှဲ၍ နေလေ၏။

သုမေဓာမင်းသမီးက ဤသို့ပြောဆိုသောအခါ မယ်တော်ခမည်းတော်တို့သည် ငိုကြွေးကြကုန်၏။ နန်းတော်ပြာသာဒ်ရင်ပြင် အခင်းမရှိသော မြေ၌ လှဲ၍နေသော သမီးတော်သုမေဓာကို တသက်ပတ်လုံး လူဝတ်နှင့် နေ၍ ကာမဂုဏ်ချမ်းသာကို ပျော်ပါးစွာ ခံစား စံစား၍ နေအောင် မယ်တော် ခမည်းတော်တို့သည် ဤသို့ပြောဆိုကြကုန်၏။ထပါ ချစ်သမီး။ ချစ်သမီးကို အနိကရတ္တ မင်းသားအား ငါတို့က ပေးပြီးဖြစ်၏။ ဝါရဏဝတီမြို့ကို အစိုးရသော အနိကရတ္တမင်းသည် အလွန် အဆင်းလှ၏။ ထိုပြည့်ရှင်မင်းအား ချစ်သမီးကိုပေး၏။ ချစ်သမီးသည် အဂ္ဂမဟေသီ မိဖုယားကြီးဖြစ်လတ္တံ့။ချစ်သမီးထ,ပါ။အခင်းမရှိသော မြေပေါ်၌လှဲ၍ မနေပါလင့်။သာသနာတော်၌ မြတ်သော သီလ အကျင့်ကို ကျင့်ရသော ရဟန်းမိန်းမအဖြစ်သည် အလွန်ဆင်းရဲလှ၏။ချစ်သမီးသုမေဓာ တိုင်းပြည်ကိုအုပ်စိုးသော မင်း၏မိဖုယားကြီး အဖြစ်၌ စည်းစိမ်ဥစ္စာ အာဏာ လွှမ်းမိုးအစိုးရခြင်း စည်းစိမ် ချမ်းသာသည်ကား အလွန်ကောင်းမွန်၏။ ချစ်သမီးသည်လည်း အလွန်နုနယ် ငယ်လှပါသေး၏။ ကာမဂုဏ်တို့ကို

ခံစားစံစား၍ နေပါဦးလော့။ ရဟန်းအဖြစ်ကို ငါတို့ခွင့်မပြုနိုင်၊ ချစ်သ္မီးကို တားမြစ်အံ့။ ရဟန်းပြုခြင်းကို ချစ်သ္မီးအလိုမရှိပါနှင့်၊ ငယ်လှပါသေးသည်ဟူ၍ ပြောဆိုကြကုန်၏။ မယ်တော် ခမည်းတော် တို့က အဂ္ဂမဟေသီ မိဖုယားကြီး အဖြစ်၌နေ၍ ကာမဂုဏ် ချမ်းသာကို ခံစားစံစားရန် ပြောသောအခါ သုမေဓာမင်းသ္မီးသည် မယ်တော်ခမည်းတော်တို့ လူ၏ဘဝ၌ ဖြစ်သော အနှစ်သာရမရှိသော ဤကဲ့သို့သော ကာမဂုဏ် စည်းစိမ်ကို မပြောဆိုကြပါကုန်လင့်။ ကျွန်တော်မသည် ရဟန်းအဖြစ်ကိုသာ ပြုတော့အံ့၊ ရဟန်းမပြုရလျှင် သေပေ စေတော့။ အခင်းမရှိသော မြေအပြင်မှ မထတော့ပါ။ မယ်တော် ခမည်းတော်တို့ ဤကိုယ်ကာယ အကောင်ပုပ်ကြီးသည် စက်ဆုပ်ရွံရှာဘွယ်ရှိ၏။မစင်ပုပ်ထဲ၌ ပိုးလောက်တို့ဖြင့် ပြည့်၍ နေသကဲ့သို့ရင်း ခွေးကောင်ပုပ် မြွေကောင်ပုပ် ကြွက်သေကောင်ပုပ်တို့ကိုထည့်၍ ထားသော သားရေဣတ်ကဲ့သို့ရင်း အရည်တစိုစို ကိုယ်မှ ယိုစီးသော မစင်ကြယ်သော အကောင်ပုပ်ရည်တို့ဖြင့်မကောင်းအနံ့ရှိ၏။ ကြောက်မက်ဘွယ် ကောင်းလှ၏။ အသားအသွေးတို့ဖြင့် လိမ်းကျံ၍နေ၏၊ ပိုးမျိုးရှစ်ဆယ်တို့၏ တည်ရာဖြစ်၏။ကျီးစာ ငှက်စာ လင်းတစာဖြစ်သော ခွေးသေကောင်ပုပ်နှင့် တူသောဤကိုယ်ကောင်ပုပ်ကို အဘယ်သူအား ပေးပါသနည်း။

ဤကိုယ်ကောင်ပုပ်ကြီးသည် စိတ်ဝိညာဏ် ကင်းသည် ရှိသော် မကြာမြင့်မီပင် သုသာန် သင်းချိုင်းသို့ စွန့်ပစ်ရလတ္တံ့။ဆွေမျိုးအပေါင်းတို့သည် စက်ဆုပ်ရွံရှာကြကုန်၍ အမှိုက်ထင်းတုံးကဲ့သို့ စွန့်ပစ်ကြကုန်လတ္တံ့။ သုသာန်သင်းချိုင်း၌ ပိုးလောက်တို့၏ အစာဖြစ်၍ မိခင် ဘခင်တို့သော်လည်း စက်ဆုပ်ရွံရှာကြကုန်၍ မကိုင်လို မထိလိုကြကုန်ဘဲ စွန့်ပစ်ကြကုန်လတ္တံ့၊အကယ်၍ ကိုင်မိငြားအံ့ လက်ကို သုတ်သင်၍ ပစ်ကြကုန်လတ္တံ့။ အမိ-အဘမှတပါးသော လူအပေါင်းတို့သည် ဝိညာဏ်ကင်းပြီးသော အသေကောင်ကြီးကို အဘယ်မှာ ဆက်ဆံစပ်ယှက်လိုတော့အံ့နည်း။အိုမယ်တော် ခမည်းတော်တို့ ကျွန်တော်မ ပြောသော စကားတို့ကိုစဉ်းစား၍ မှတ်သားကြပါ၊ဆင်ခြင်ကြည့်ရှုကြပါ၊အကြောတို့ဖြင့် ဖွဲ့ဆက်၍ နေသော အရိုးစုဖြစ်သော အနှစ်သာရ ဘာတခုမျှ မရှိသော ဤကိုယ်၏အတွင်း၌ ချွဲ သလိပ် တံထွေး နှပ် အစေး ကျင်ကြီး ကျင်ငယ် ရွံရှာဘွယ်တို့ဖြင့် ပြည့်၍နေ၏။ အကြင် သူသည် ဤကိုယ်

အတွင်းသားကို လှန်လှော၍ အရေ အသား တို့ကိုခွါ၍ ကြည့်ရှု ငြားအံ့ မိမိ၏ အမိသည်ပင်လျှင် သည်းမခံနိုင်အောင် စက်ဆုပ် ရွံရှာခြင်း အန်ခြင်း အော့ခြင်း ဖြစ်လတ္တံ့။ ဒိုမယ်တော် ခမည်းတော်တို့ ခန္ဓာငါးပါး ဖြစ်ပျက်ဆင်းရဲ အာယတန တဆဲ့နှစ်ပါး ဖြစ်ပျက် ဆင်းရဲ ဓာတ်ဘဆဲ့ရှစ်ပါး ဖြစ်ပျက်ဆင်းရဲ အဝိဇ္ဇာ သင်္ခါရ တဏှာ ဥပါဒါန်ကံတည်း ဟူသော ရှေးဘဝ အကြောင်းတရားတို့ကြောင့် ဖြစ်သော ဆင်းရဲပဋိသန္ဓေနေရခြင်းကြောင့်ဆင်းရဲ အလိုမရှိသော ဆင်းရဲတွေကို ဟုတ်မှန် သင့်လျော်သော အကြောင်းအားဖြင့် ပြောဆိုကုန်ငြားအံ့ ဤဆင်းရဲတွေကို အဘယ်သူ အလိုရှိမည်နည်း။ အကယ်၍ ဤဆင်းရဲတွေသည် တနေ့လျှင် လှံအချက်ပေါင်း သုံးရာသော်၎င်း ကိုးရာသော်၎င်း၊ အနှစ်တရာ ပတ်လုံးသော်၎င်း ကိုယ်ပေါ်သို့ကျ၍ ကုန်ခန်းငြိမ်းပျောက်ငြားအံ့ အလွန်မြတ်သေး၏။ ကိုယ်ကို လှံချက်ပေါင်း သုံးရာသော်၎င်း ကိုးရာသော်၎င်း အနှစ်တရာ ပတ်လုံးသော်၎င်း အထိုးအဆွကို ခံ၍ ပဋိသန္ဓေ နေခြင်းဆင်းရဲ ကုန်ခန်းငြိမ်းပျောက် ငြားအံ့ အလွန် ကောင်းမြတ်သေး၏။ အနှစ်တရာမျှသာ ဆင်းရဲသည် ဖြစ်၍ သံသရာဘဝ၌ ရှည်ကြာလှစွာ မရေ မတွက်နိုင်အောင် ပဋိသန္ဓေနေရခြင်း ဆင်းရဲ ကုန်ခန်း၍ သွားသောကြောင့် အလွန် ကောင်းမြတ်၏။ ဒိုမယ်တော် ခမည်းတော်တို့ လှံချက်သုံးရာသော်၎င်း ကိုးရာသော်၎င်း အထိုးအဆွခံရသော ဆင်းရဲကို ယခုပင် ခံလိုပါ၏။အနမတဂ္ဂသံသရာ၌ မရေတွက်နိုင်အောင် ခံရသော ပဋိသန္ဓေနေရခြင်းဆင်းရဲကိုကျွန်တော်မသည် အလွန်ကြောက်လှပါ၏။

ဒီဃော ဝေါ သံသာရော ပုနပ္ပုနံ ဟညမာနာနံ။

ပုနပ္ပုနံ၊အကြိမ်ကြိမ်အခါခါဘဝပေါင်း များစွာ။ ဟညမာနာနံ၊ ပဋိသန္ဓေနေရခြင်းသေရခြင်းဆင်းရဲတွေကို ခံကြရကုန်သော။ ဝေါတုမှာကံ၊ သင် ချစ်သား ချစ်သမီးတို့၏။ သံသာရော၊ ကျင်လည်ဖြစ်ပျက်၍ နေရသော ဘဝသံသရာသည်။ ဒီဃော၊ ရှည်ကြာလှပြီ။

ဒို-မယ်တော် ခမည်းတော်တို့ ဤသို့ ဟောတော်မူသော မြတ်စွာဘုရား၏ စကားတော်ကို ပညာရှိသော အကြင်သူသည် ဟုတ်တိုင်းမှန်ရာ အဓိပ္ပါယ်ကို သိငြားအံ့ ထိုပညာရှိသောသူသည် ရှည်ကြာသ

စွာသော သံသရာဆင်းရဲ ပျောက်ကင်းပါလျှင် ထုံချက်ပေါင်း သုံးရာ သော်၎င်း ကိုးရာသော်၎င်း အထိုးအဆွခံရသော ဆင်းရဲကို ပမာဏ မပြုဘဲ ယခုပင် ခံဝံ့ရာ၏။ အို-မယ်တော် ခမည်းတော်တို့ နတ်ပြည် ဗြဟ္မာပြည်တို့၌၎င်း လူ့ပြည်တို့၌၎င်း တိရစ္ဆာန်ဘဝ၌၎င်း အသူရကာယ် ပြိတ္တာတို့၏ဘဝ၌၎င်း ငရဲကြီး ငရဲငယ်တို့၌၎င်း မရေတွက်နိုင်အောင် ဆင်းရဲကို ခံခဲ့ရဘူးလှပြီ။ ဤကာမဂုဏ်ဟူသော အကြောင်းကြောင့် ငရဲကြီး ငရဲငယ်တို့၌ ဖရိုဖရဲ အပိုင်းပိုင်း အပြတ်ပြတ် ကျ၍ ဆင်းရဲညှိုးနွမ်း ပင်ပန်း ရှိရှားသော ဆင်းရဲဒုက္ခကို နတ်ပြည်တို့၌လည်း ပုန်း၍မလွတ်နိုင်။ ကိုယ်ကို ဆင်းရဲလွတ်အောင် မစောင့်ရှောက်နိုင်။ နိဗ္ဗာန် ချမ်းသာထက် လွန်သော ချမ်းသာမရှိ။ အကြွင်သူတို့သည် ပဋိသန္ဓေနေခြင်း သေခြင်း ဆင်းရဲကို ပယ်ရှားနိုင်ခြင်းငှါ လွတ်ကင်းစေခြင်းငှါ မြတ်စွာဘုရား၏ သာသနာတော်၌ သက်ဝင်၍ အားထုတ်ကြကုန်၏။ ထိုအားထုတ်သော သူတို့သည် နိဗ္ဗာန်ချမ်းသာကို ရကြကုန်၏။ အို-မယ်တော် ခမည်းတော်တို့ကျွန်တော်မသည် ယနေ့ပင်လျှင် ဤကာမဂုဏ်ဘေးမှ ထွက်ပါတော့အံ့။ ဤနန်းတော်၌ မပျော်မွေ့နိုင်ပါ၊ အနှစ်သာရမရှိသော ကာမဂုဏ်စည်းစိမ်တို့ဖြင့် အဘယ် အကျိုး ရှိအံ့နည်း။ ကျွန်တော်မသည် ကာမဂုဏ်တို့ကို ငြီးငွေ့ကြောက်ရွံ့ စက်ဆုပ်လှ၏။ ထန်းပင်ငုတ်ကဲ့သို့ နောင်တဖန် ပြန်၍မဖြစ်ပေါ်အောင် စွန့်ပစ်ပါအံ့။

ထိုသုမေဓာ မင်းသမီးသည် ဤသို့ ခမည်းတော်ကိုပြော၏။ ခမည်းတော်ကလည်း အနိကရတ္တမင်းအား သမီးတော်ကို ပေးပြီးဖြစ်၏။ အနိကရတ္တမင်းနှင့် သုမေဓာမင်းသမီး နှစ်ဦးလုံးတို့သည်လည်း နုပျိုငယ်ရွယ်သော အသက်ရှိကြကုန်၏။ သုမေဓာမင်းသမီးသည် နန်းတော်မှ ထွက်သွားခါနီး၌ အနိကရတ္တမင်းသည် တားမြစ်ရာ၏ ဟူ၍ ပြောကြားကြကုန်၏။ ထိုအခါ၌ သုမေဓာ မင်းသမီးသည် နူးညံ့ပြေပြစ်လှစွာသော ဆံပင်တို့ကို သံလျက်ဖြင့် ဖြတ်လှီး၍ မိမိဆံပင်ကို မိမိ သံလျက်ဖြင့် ရိပ်ဖြတ်ပြီး ပြာသာဒ်တံခါးကို ပိတ်၍ ပထမဈာန်ကို စီးဖြန်းခါ ဝင်စားလျက်နေ၏။ ထိုအခါတွင် အနိကရတ္တမင်းသည် သုမေဓာမင်းသမီးကို ဆောင်ယူရန် ရောက်လာ၏။ သုမေဓာမင်းသမီးသည် ပထမဈာန်ကိုဝင်စားရာမှ အနိစ္စသညာကို နှလုံးသွင်း၍နေ၏။အနိကရတ္တမင်းသည် စိန် ရွှေ မြသား ပတ္တမြား ပုလဲတို့ဖြင့် တန်းဆာဆင်သော ကိုယ်ရှိလျက် လျင်မြန်စွာ

နန်းတော်ပြာသာဒ်ထက်သို့ တက်လာ၏။ နန်းတော်ပေါ် သို့ရောက်သော အခါ အနိကရတ္တမင်းသည် လက်အုပ်ချီလျက် ငြိမ်သက် တည်ကြည် ဈာန်ဝင်စားကာ အနိစ္စသညာကိုပွါးများနှလုံးသွင်း၍ နေသောသုမေဓာ မင်းသမီးကို ဤသို့ ပြောဆို၍ တောင်းပန်ရှာ၏။ စည်းစိမ်ချမ်းသာကြီးလှစွာသော အရှင်မ တိုင်းပြည်၌ စည်းစိမ်ဉစ္စာ အာဏာလွှမ်းမိုး အစိုးရခြင်း စည်းစိမ်သည် အလွန် ချမ်းသာ၏။ အရှင်မသည် ပျိုမြစ်နုနယ် အလွန်ငယ်လှပါ၏။ ကာမဂုဏ် စည်းစိမ်တို့ကို ခံစား ပါဦးလော့။ လောက၌ ကာမဂုဏ် ချမ်းသာကို အလွန်ရခဲလှပါ၏။ ကျွန်ုပ်၏ တိုင်းပြည်ကို အရှင်မအား အပ်နှင်းပါ၏။ ထိုတိုင်းပြည်၌ များစွာသော ရွှေငွေရတနာတို့ဖြင့် အလိုရှိတိုင်းကာမဂုဏ်ကိုလည်း ခံစားပါလော့။ အလှူကိုလည်း ပေးပါလော့။ နှလုံးမသာ မမွေ့လျော်မပျော်မ ရွှင် မရှိပါလင့်။ အရှင်မ၏ မယ်တော် ခမည်းတော်တို့သည် အရှင်မ နန်းတော်၌ မပျော်မွေ့သည့် အတွက်ကြောင့် စိတ်ဆင်းရဲ ကြပါကုန်၏။ အရှင်မသည် နန်းတော်ပေါ် ၌ကာမဂုဏ်စည်းစိမ်ကိုအလိုရှိတိုင်းခံစား၍နေပါလော့။ ဤသို့ လက်အုပ်ချီလျက် တောင်းပန်သော အနိကရတ္တမင်းကို သုမေဓာ မင်းသမီးသည် ဤသို့ တရားစကားဖြင့် ပြောဟောလေသည်။ ကျွန်တော်မသည် ကာမဂုဏ်၌ ကင်းသော မောဟရှိ၏။ ကာမဂုဏ်ချမ်းသာကို ကျွန်တော်မအလိုမရှိပါ။ ကာမဂုဏ်တို့ကို မနှစ်သက်ပါလင့်။ကာမဂုဏ်တို့၌ အပြစ်ကို ကြည့်ရှုပါလော့၊လေးကျွန်းလုံးကို အစိုးရသော မန္ဓာတ် စကြာမင်းကြီးသည် ကာမဂုဏ်ကို ခံစားသူ လူအပေါင်း တို့ထက် အကြီးဆုံး အကဲလွန်ဆုံးဖြစ်၏။ ရောင့်ရဲတင်းတိမ်ခြင်း မရှိဘဲ ခံစား၍ အားမရဘဲ သေခြင်းသို့ရောက်၏။ ထိုမန္ဓာတ်စကြာမင်းကြီးသည် အလိုပြည့်စုံသည်ဟူ၍မရှိ၊ရတနာခုနစ်ပါးနှင့် ပြည့်စုံသော မိဿီးတို့ကိုရွာစေနိုင်၏၊ အရပ်ဆယ်မျက်နှာ ထက်ဝန်းကျင်မှ ရတနာမိဿီးတို့ကို ရွာစေနိုင်သော်လည်း ကာမဂုဏ်တို့၌ တင်းတိမ်အားရခြင်းမရှိ၊ လူအပေါင်းတို့သည် ကာမဂုဏ်ကို ခံစား၍ တင်းတိမ်အားရခြင်းမရှိဘဲ သေကြရကုန်၏။ ကာမဂုဏ်တို့သည် သံလျက်သွားနှင့် အလားတူကုန်၏။ မြွေ၏ ဦးခေါင်းနှင့်လည်း တူကုန်၏။ မြက်မှိုက်မီး ကောက်ရိုး မီးနှင့်လည်း တူကုန်၏။ ခွေးငတ်သည် မိမိခံတွင်းမှ ထွက်သော သွားရည်စက်ဖြင့် အလျက်ထဲ လျက်၍ နေသော်လည်း မဝနိုင် အားမရနိုင်၊ အသား

မကပ်သော အရိုးဆက်နှင့်လည်း တူကုန်၏။ ကာမဂုဏ်ချမ်းသာသည် တခဏမျှသာရှိ၏၊အတည်အမြဲမရှိ။ဆင်းရဲခြင်းကား အလွန်များလှ၏။ များစွာ ပင်ပန်းခြင်း ရှိကုန်၏။ မီးဖြင့် ဖုတ်၍ထားသော သံတွေခဲကဲ့သို့ ပျက်စီး ပူလောင်ခြင်း၏ အကြောင်း ဖြစ်၏။ ဒုက္ခ အကျိုးကိုသာ ပေးတတ်၏။

ရုက္ခဖလူပမာ ကာမာ၊ သစ်သီးနှင့်တူကုန်၏။
မံသပေသူပမာ ကာမာ၊ အမဲသားတစ်နှင့်တူကုန်၏။
သုပိနကူပမာ ကာမာ၊ အိပ်မက်နှင့် တူကုန်၏။
ယာစိတကူပမာကာမာ၊ ငှါးရမ်း၍ သုံးရသော ခဏဘန်း ဥစ္စာနှင့်တူကုန်၏။

ဤကဲ့သို့ ဘုရားဟောတော်မူ၏။ အနိကရတ္တမင်း သွားပါလော့။ ကျွန်တော်မကို ကာမဂုဏ်ခံစားဘို့ အကြောင်းကို မပြောပါလင့်။ ကျွန်တော်မသည် လူဘဝ-နတ်ဘဝ ဖြစ်သော ကာမဂုဏ်၌ အလိုမရှိပါ။ ကာမဂုဏ်၌ အကျွမ်းဝင်ခြင်း သဘောသည် အရှင်းပင်မရှိပါ။ မိမိ၏ ဦးခေါင်းပေါ်၌ မီးလောင်၍ နေသည်ရှိသော် သူတပါးသည် အဘယ်သို့ မီးငြိမ်းအောင် ပြုလုပ်နိုင်မည်နည်း။ အိုခြင်းသဘောတရား သေခြင်း သဘောတရား ကိုယ်နှင့်မကွာ အစဉ်ပါ၍ နေသည်ကို ထို အိုခြင်း သေခြင်းမှ လွတ်ကင်းအောင်သာလျှင် အားထုတ်သင့်၏။ ဤသို့သော စကားဖြင့် ပြောပြ၍ အနိကရတ္တမင်းအား သုမေဓာမင်းသမီးက ဆုံးမဩဝါဒပေး၍ လွှတ်လိုက်၏။ ။အနိကရတ္တမင်းသည် ပြာသာဒ်ပေါ်မှ ဆင်းသွားပြီးလျှင် သုမေဓာမင်းသမီး၏ မယ်တော်-ခမည်းတော်တို့ထံသို့ သွား၍ တောင်းပန်၍ မရကြောင်းကို ပြော၏။ မယ်တော်-ခမည်းတော်တို့သည်၎င်း အနိကရတ္တ မင်းသည်၎င်း နန်းရင်ပြင် မြေအပြင်၌ ထိုင်နေကြကုန်လျက် သုမေဓာမင်းသမီးကိုရဟန်းမပြုစေရန် တောင်းပန်၍ မရသောကြောင့် ငိုကြွေးကြကုန်၏။ ။ထိုအကြောင်းကို ထင်စွာ ပြလို၍ ဤဂါထာကို ဟောတော်မူ၏။

ဒွါရံ အပါပုရိတွာန ဟံ၊ မာတာပိတရော အနိကရတ္တဥ။
ဒိသွာန ဆမံ နိသိန္နေ၊ ရောဒန္တိ ဣဒ မဝေါစ။

အယျာယော၊ ဒိုအရှင်မတို့။ အယျာယော၊ တရေးနာ လာကြကုန်သော ဘိက္ခုနီလောင်း အရှင်မကောင်းတို့။ အယျာယော၊ တရားတော်နာ လာကြကုန်သော ရဟန္တာလောင်း အရှင်မကောင်းတို့။ အဟံ၊ မယ်သုမေဓာ၊ သညာဘွဲ့ရှိ ထေရီရဟန္တာ မိန်းမငါသည်။ ဒွါရံ၊ ရွှေနန်းတော် ပြာသာဒ်တံခါးကို။ အပါပုရိတွာန၊ ဖွင့်ပြီး၍။ မာတာပိတရောစ၊ မယ်တော် ခမည်းတော်တို့ကိုရင်း။ အနီကရဋ္ဌဥ္စ၊ ငါ၏လင်လောင်းဖြစ်သော အနိကရဋ္ဌမင်းကိုင်ရင်း။(ဝါ)အနိကရဋ္ဌဥ္စ၊ ငါ့ကို အဂ္ဂမဟေသီမိဖုယားကြီး ပြုလုပ်လိုသော အနိကရဋ္ဌမင်းကိုရင်း။ ဆမံ၊ နန်းတော်ရင်ပြင် မြေအပြင် သမံတလင်း၌။ နိသိန္နေ၊ ထိုင်နေကြကုန်လျက်။ ဒရာေန္တိ၊ ငိုကြွေးကြကုန်သည်တို့ကို။ ဒိသွာန၊ မြင်၍။ ဣဒံ၊ ဤသို့သော တရားစကားကို။ အဝေါစ၊ဟောပြ၏။

၁။ အို-မယ်တော် ခမည်းတော်တို့ အကြိမ်ကြိမ် အခါခါ ငိုကြွေးကြကုန်၍ ဖြစ်ခြင်း ပျက်ခြင်းကို မသိမြင်ကြကုန်သော ပုထုဇဉ်တို့အား ဖြစ်ပျက်ပြောင်းလဲ ဖေါက်လွှဲဖေါက်ပြန် အဖန်ဖန် အခါခါ သံသရာ၌ ကျင်လည် ဖြစ်ပျက် ရခြင်းသည် အလွန် ရှည်ကြာလှပြီ။ အစမထင်သော သံသရာ၌ အဘ သေ၍ ငိုရသော မျက်ရည်၊ မောင်သေ၍ ငိုရသော မျက်ရည်၊ အမိသေ၍ ငိုရသောမျက်ရည်၊ သားသေ၍ ငိုရသော မျက်ရည်၊ သမီးသေ၍ ငိုရသောမျက်ရည်၊ မဟာသမုဒ္ဒရာ လေးစင်းမျှ မကအောင် များကြောင်းကို ဟောတော်မူသော အနမတဂ္ဂသုတ် တရားတော်ကို သင်တို့သည် အောက်မေ့ကြပါကုန်လော့။

၂။ ပဋိသန္ဓေနေ၍ မွေးလာဘိုင်း စို့ရသော အမိ နို့ရည်သည် သံသရာရှည်ကြာစွာ ဘဝပေါင်းများစွာရှိ၍ လေးစင်းသော သမုဒ္ဒရာ ရေထက် များကြောင်းကို အောက်မေ့ကြပါကုန်လော့။

၃။ တခုသော ကမ္ဘာ၏အတွင်း၌ ဝေပုလ္လတောင်လောက် အရိုးစုများအောင် သေရခြင်းကိုလည်း အောက်မေ့ကြပါကုန်လော့။

၄။ အို-မယ်တော် ခမည်းတော်တို့... ဤဇမ္ဗူဒိပါ ကျွန်း ပထဝီမြေကြီးကို အလုံးစုံ ရွှံ့ဖြစ်အောင် ရေဖြင့်နယ်၍ ဆီးစေ့လောက် အလုံးကလေးတွေကို လုံး၍ ထားပြီးလျှင် ရှေးရှေးဘာ သံသရာက အမိ ဖြစ်ဘူးသောသူ ဟူသရွေ့ကို တလုံးစီပေးလျှင် ဆီးစေ့လောက် လုံးသော ဇမ္ဗူဒိပါကျွန်း၏ မြေကြီးသည် ကုန်၍ သွားရာ၏။ အမိဖြစ်ဘူးသော

သူတို့ မကုန်နိုင်ရာ။ ။ဤသူသည် ဈေးဘဝ၌ အမိဖြစ်ဘူးသည် တလုံး ယူ၍ပေး။ ဤသူသည်လည်း အမိဖြစ်ဘူးသည်ဟူ၍ တလုံးယူ၍ပေး။ဤသို့ စသည်ဖြင့် ဈေးဘဝသံသရာ အဆက်ဆက်က အမိဖြစ်ဘူးသူတို့ကို စေ့အောင် တလုံးစီပေးလျှင် ပထဝီမြေကြီးကုန်၍ သွားရာ၏။ အမိဖြစ် ဘူးသောသူတို့ သတ္တဝါအနန္တ ဖြစ်၍ မကုန်နိုင်ရာ။ ဈေးဈေးဘဝ သံသရာက အမိမဖြစ်ဘူးသောသူကို ရှာ၍ရခဲကြောင်း မရနိုင်ကြောင်း ကို မြတ်စွာဘုရား ဟောတော်မူ၏။ ထိုတရားကို အောက်မေ့ကြပါ ကုန်လော့။

၅။ ဇမ္ဗူဒိပ်ါ တကျွန်းလုံး၌ ရှိသော မြက် နွယ် သစ်ပင်ငယ် သစ်ပင်ကြီး ဟူသမျှတို့ကို အကုန်လုံးခုတ်ဖြတ်၍ လေးသစ်ခန့်သော အတို အစ အပိုင်းကလေးတွေ ပြုလုပ်၍ထားပြီးလျှင် ဈေးဈေး ဘဝသံသရာက အဘဖြစ်ဘူးသူ ဟူသမျှကို တခုစီပေးလျှင် လက်လေးသစ်မျှ ဖြတ်၍ ထားသော သစ်ပင်တို့သည် ကုန်၍ သွားရာ၏၊ အဘဖြစ်ဘူးသော သူသည် မကုန်နိုင်ရာ။ ဈေးဈေးဘဝ သံသရာက အဘ မဖြစ်ဘူးသော သူလည်း မရှိနိုင်။ ဤသို့ ဘုရားဟောတော်မူသည်ကို အောက်မေ့ကြ ပါကုန်လော့။

၆။ အို......မယ်တော် ခမည်းတော်တို့ မြတ်စွာဘုရား ဟောတော်မူသော လိပ်ကန်းကြီး ဥပမာကိုလည်း အောက်မေ့ကြ ပါကုန်လော့။ မဟာသမုဒ္ဒရာ၏ အရှေ့ကမ်း အရပ်မှ လိပ်ကန်းကြီး တကောင်ကို လွှတ်၍ထား။မဟာသမုဒ္ဒရာ အနောက်ကမ်းအရပ်မှ လည်ပင်းတပ်စရာ အပေါက် တပေါက်သာရှိသော ထမ်းပိုးကို ချ၍ထား။ အနှစ်တရာရှိမှ တခါတခါ ရေပေါ်သို့ ပေါ်၍လာသော လိပ်ကန်းကြီး၏ လည်ပင်း၌ ထမ်းပိုးပေါက်အစုံသည် စွပ်မိလေရာ၏။ လူ၏အဖြစ် လူ၏ဘဝကို အလွန်ရခဲ၏။ လူ၏ဘဝ၌ တရားကို အားထုတ်မှ အိုခြင်း, သေခြင်း လွတ်ရာ နိဗ္ဗာန် တရားကို ရနိုင်သည်။ တိရစ္ဆာန်ဘဝ၌ တရားကို အားထုတ်၍ နိဗ္ဗာန်ကို မရနိုင်။

၇။ ရေမြှုပ် ခိုင် ရေမြှုပ်လုံးနှင့် တူသော ရုပ်တရား ကိုလည်း အောက်မေ့ကြ ပါကုန်လော့။ ဤကိုယ်သည် အနှစ်သာရ ဘာမျှမရှိ။ ရေမြှုပ်ခဲ–ရေမြှုပ်လုံးကြီး၌ ခိုင်မာသော အနှစ်သာရကို ရှာ၍ မရနိုင် သကဲ့သို့ ဤကိုယ်၌ ခိုင်မာ၍ အမြဲတည်သော ရုပ်တရားကို ရှာ၍

မရနိုင်။ ဖြစ်မမြဲ ပျက်မမြဲ ပြောင်းလဲ ဖြစ်ပျက်သော ခန္ဓာငါးပါး အနိစ္စတရားကို အောက်မေ့ကြပါကုန်လော့။

၈။ အနမတဂ္ဂ သံသရာ၌ ဆင်းရဲစွာ ငရဲခံရခြင်း တို့ကိုလည်း အောက်မေ့ကြ ပါကုန်လော့။

၉။ သံသရာကာလ ထိုထိုဘဝ၌ အခါခါသေ၍ သင်းချိုင်းမြေ တိုးပွါးများပြားခြင်းသည်ကိုလည်း အောက်မေ့ကြပါကုန်လော့။

သရ ကုဏ္ဍိလဘယာနိစ၊ သရာဟိ စတ္တာရိ သစ္စာနိ။
ထေရီဂါထာ၊ ၂၁၆။

သုမေဓာ မင်းသမီးသည် မယ်တော် ခမည်းတော် တို့အား မြတ်စွာ ဘုရားဟောတော်မူသော အနမတဂ္ဂသုတ် တရားတော်ကို အကျဉ်းချုံး၍ ဟောပြ၏။

[ထိုအနမတဂ္ဂသုတ်သည် နိဒါနဝဂ္ဂ သံယုတ် ပါဠိတော် - ၁၂၈ မျက်နှာနံပါတ်၌ ရှိ၏]။

သုမေဓာ မင်းသမီးသည် မယ်တော် ခမည်းတော်တို့အား အနမတဂ္ဂ သုတ် ဒေသနာတော်နည်းကိုအကျဉ်းချုံးကာ ဟောပြပြီး၍ တိုင်းပြည်ကို အလုံးစုံအပ်နှင်း၍ မိဖုယားကြီးအရာ၌ထား၍ ကာမဂုဏ် စည်းစိမ်ကို ပေးအပ်သော မိမိ၏ လင်လောင်းဖြစ်သော အနိကရတ္တမင်းကို ဤသို့ ဟောပြောပြန်၏။

၁။ အနိကရတ္တ အမည်ရသော ပြည့်ရှင်မင်းမြတ်- သင်မင်းမြတ်က ပေးအပ်သော ကာမဂုဏ် စည်းစိမ်သည် ပဉ္စကန္ဒုက-ခါးစပ် ပူလောင် ခြင်းရှိသော အပူအစပ် ငါးပါးတို့ထက် အဆအရာမက သာအောင် ခါးစပ်ပူလောင်သော ဆင်းရဲဒုက္ခတွေ ဖြစ်ကုန်၏။ ။မြတ်စွာဘုရား သာသနာတော်၌ ခါးစပ် ပူလောင်ခြင်း မရှိ။ အလွန် မြေချမ်းသာ၍ အဘယ်အခါမှ မသေနိုင်သော နိဗ္ဗာန်တရားတော်ကြီး ရှိပါလျက်နှင့် သင်မင်းမြတ် ပေးအပ်သော မိဖုယားကြီး၏ အဖြစ် ကာမဂုဏ်သည် အဘယ်အကျိုး ရှိအံ့နည်း။

၂။ အနိကရတ္တ အမည်ရသော ပြည့်ရှင်မင်းမြတ်....သင်မင်းမြတ် ပေးအပ်သော တိုင်းပြည် မိဖုယားကြီးအဖြစ် ကာမဂုဏ်သည် ရေ ,မီး, မင်း, ခိုးသူ မုန်းထားဖြစ်မြင် မချစ်ကြင်သော ရန်သူမျိုး ငါးပါးတို့နှင့်

စပ်ယှက်ဆက်ဆံ၏။ ရန်သူမျိုးငါးပါးကို အခါခပ်သိမ်း ကြောက်ရွံ့ ပိုးရိမ်၍ တထိတ်ထိတ် တလန့်လန့် နေရ၏။ ရန်သူမျိုး ငါးပါး တို့သည် မနှိပ်စက် မဖျက်ဆီး နိုင်သော နိဗ္ဗာန်တရားတော်သည် သာသနာတော်၌ ထင်ထင်ရှားရှား ရှိပါလျက်နှင့် သင်မင်းမြတ်ပေးအပ် သော မိဖုယားကြီး၏အဖြစ် ကာမဂုဏ်ကိုဘယ်အကျိုးငှါ အလိုရှိဘော့ အံ့နည်း။

၃။ သင်မင်းမြတ် ပေးအပ်သော ကာမဂုဏ် တရား တို့သည် ပြောင်ပြောင်တောက်သော မီးကဲ့သို့ ကျိုက်ကျိုက်ဆူအောင် ပူလောင် ခြင်းရှိကုန်၏။ အလွန်မြေသော နိဗ္ဗာန်တရားတော် ရှိပါသားနှင့် သင် မင်းမြတ် ပေးအပ်သော မိဖုယားကြီးဖြစ်၍ စံစားရသော ကာမဂုဏ် အပူတုံးကြီးကို အဘယ်ပြု၍ စုံမက်ခင်မင်တော့အံ့နည်း။

၄။ အနိကရုဏ္ဍအမည်ရသောမင်းမြတ်-ကာမဂုဏ်ကိုစုံမက်ခင်မင် သောကြောင့် သတ်ခြင်း ဖြတ်ခြင်း ညှဉ်းဆဲနှိပ်စက်ခြင်းဆင်းရဲခြင်းဒုက္ခ တို့ကို ခံစားကြရကုန်၏။ သတ်ဖြတ်ညှဉ်းဆဲ ဆင်းရဲမရှိသော နိဗ္ဗာန် တရားတော်သည် မြတ်စွာဘုရား၏ သာသနာတော်၌ ထင်ထင်ရှားရှား ရှိပါသားနှင့် သင်မင်းမြတ်ပေးအပ်သော မိဖုယားကြီးဖြစ်၍ ခံစားရ သော ကာမဂုဏ်ကို အဘယ်ပြု၍ စုံမက်တော့အံ့နည်း။

၅။ မြက်ဆုပ် မြက်မှိုက်ကို စုစီး၍ မီးရှို့ပြီးလျှင် ထိုမြက်မှိုက် မီး စီးကို လက်မလွှတ်ဘဲ ကိုင်၍နေသောသူကို မြက်မှိုက်မီးစီးသည် အစဉ် ရှောက်၍ လောင်သကဲ့သို့ ကာမဂုဏ်ကို စံစားသောသူကို ကာမဂုဏ် ကြောင့် ဖြစ်သော ပူလောင်ဆင်းရဲခြင်း ဒုက္ခဟူသမျှတို့သည် အစဉ် ရှောက်၍ လောင်ကုန်၏။ ကာမဂုဏ် တရားတို့သည် မြက်မှိုက်မီးနှင့် တူကုန်၏။မစွန့်လွှတ်သောသူကို ပူလောင်ဆင်းရဲစေတတ်ကုန်၏။

၆။ အနိကရုဏ္ဍမင်းမြတ်-အနည်းငယ်မျှ မျက်စိဘမှိတ် လျှပ်စစ်တ ပြက် တခဏမျှ ချမ်းသာသည် ကောင်းသည် မွန်မြတ်သည် ဟူ၍ထင်ရ သော ကာမဂုဏ်ချမ်းသာဖြင့် ကြီးကျယ် မြင့်မြတ်လှစွာသော နိဗ္ဗာန် ချမ်းသာကို လက်လွှတ်၍ မသွားပါစေလင့်။ ငါးမျှားချိတ်၌ အနည်းငယ် ရှိသော အရသာ အစာကလေးကို စုံမက်၍ မျိုမိသော ငါးမိုက်သည် ကြီးလှစွာသော ဆင်းရဲခြင်းသို့ ရောက်သကဲ့သို့ မဖြစ်စေသင့်၊ မဖြစ်ပါ စေနှင့်။

၇။ ကာမဂုဏ်ကို ခံစားသောသူသည် မရေတွက် နိုင်အောင် ကိုယ်၏ ဆင်းရဲခြင်း များစွာသော စိတ်၏ ဆင်းရဲခြင်းတို့ကို ခံစားရကုန်၏။ တခဏမျှ ချမ်းသာသော ကာမဂုဏ်ကို စွန့်လွှတ်သင့်၏။ စွန့်လွှတ်ပါလော့။

၈။ အနိကရတ္တမင်းမြတ် ကာမဂုဏ် ခံစားကုန်သော သူတို့သည် ပဋိသန္ဓေနေခြင်းဆင်းရဲ,အိုခြင်းဆင်းရဲ, နာခြင်းဆင်းရဲ,သေခြင်းဆင်းရဲတို့သည် ဖြစ်ကုန်၏။ သင် မင်းမြတ် ပေးအပ်သော မိဖုယားကြီး၏ ကာမဂုဏ်ကို အဘယ်ပြု၍ ခင်မင်နိုင်တော့မည်နည်း။

၉။ အနိကရတ္တမင်းမြတ်–ကျွန်တော်မသည် ယခုရ၍နေသော ပဌမဈာန်ချမ်းသာသည်ရင်း နိဗ္ဗာန်ချမ်းသာ သည်ရင်း ပဋိသန္ဓေ နေခြင်း ဆင်းရဲမရှိ။ အိုခြင်း, နာခြင်း,သေခြင်း ဆင်းရဲမရှိ။ ထိုကဲ့သို့ ဆင်းရဲအပေါင်းတို့ လွတ်ကင်းသော နိဗ္ဗာန်တရားတော်မြတ်ကို ကျွန်တော်မသည် ယခုပင်ရအောင် အားထုတ်၍ ဝိပဿနာကိုရှုအံ့။ အကြင်သူသည် အသင့်အားဖြင့် ပညာဖြင့် ဆင်ခြင်ခြင်းရှိသည်ဖြစ်၍ အားထုတ်၏။ထိုသို့ အားထုတ်သောသူသည် နိဗ္ဗာန် ချမ်းသာကို ရ၏။ အားမထုတ်ဘဲနှင့် နိဗ္ဗာန်ချမ်းသာကို ရခြင်းငှါ မတတ်နိုင်ဟူ၍ တရားလမ်းကို ဟောပြော၍ ပြ၏။ ။သုမေဓာမင်းသမီးသည် မိမိလင်လောင်း ဖြစ်သော အနိကရတ္တမင်းကို ဤကဲ့သို့ ကာမဂုဏ်၏ဘေးအပြစ်တွေကို ပြောဆို ပြသဆုံးမ၏။ မိမိ၏ဆံပင်ကိုလည်း မြေသို့ပစ်၍ချ၏။

ထိုအခါ၌ အနိကရတ္တ မင်းသားသည် ထိုင်၍နေရာမှ ထပြီးလျှင် လက်အုပ်ချီလျက် သုမေဓာမင်းသမီး၏ ခမည်းတော်ကို ဤသို့တောင်းပန်လေ၏။ ။ဘုန်းတော်အလွန်ကြီးလှသော ခမည်းတော်အရှင်မင်းမြတ် ဘုရား-သမီးတော်ကို ရဟန်းပြုခြင်းငှါ ခွင့်ပြုတော်မူကြ ပါကုန်လော့။ ခမည်းတော်မင်းမြတ်၏ သမီးတော်သည် နိဗ္ဗာန်တည်းဟူသော နိရောဓသစ္စာ တရားတော်ကို သိမြင်ပါစေလော့ ဟူ၍ ဆို၏။ ။မယ်တော်- ခမည်းတော်တို့သည် သမက်လောင်းဖြစ်သော အနိကရတ္တမင်းသားက ကူညီ၍ ခွင့်တောင်းသောအခါ သမီးတော်ဖြစ်သော သုမေဓာမင်းသမီးကို ရဟန်းပြုခြင်းငှါ ခွင့်ပြုကြကုန်၏။မယ်တော် ခမည်းတော်တို့ခွင့်ပြုသော အခါ သမီးတော်သည် မယ်တော် ခမည်းတော်တို့ကို ရိုသေစွာရှိခိုးဦးချ ကန်တော့ပြီး၍ ပဋိသန္ဓေနေခြင်း အိုခြင်း နာခြင်း သေခြင်း ဘေး

သောကပရိဒေဝဘေးတို့ကို ကြောက်ခြင်းရှိသော သုမေဓာမင်းသမီးသည် ခြောက်ပါးသော အဘိညာဏ်တို့ကို မျက်မှောက်ပြုလျက် ရှင်ပြုလေ၏၊ ရှင်ပြုပြီး၍ သိက္ခမာန်ဖြစ်သော မင်းသမီးအားအနမတဂ္ဂသံသရာကတကြိမ် တခါမျှ မဖြစ်သော အံ့ဩဘွယ်ကောင်းသော နိဗ္ဗာန်တရားတော်သည် ဖြစ်ပေါ်လာ၍ ရဟန္တာမိန်းမ အဖြစ်သို့ ရောက်တော်မူလေ၏။ နောက်အခါ ပရိနိဗ္ဗာန် စံခါနီး၌ ပုဗ္ဗေနိဝါသ အဘိညာဏ်ဖြင့် ရှေးရှေးသော ဘဝတို့က ပါရမီဖြည့်ခဲ့ဘူးသော အပဒါန် ပါရမီ တရားတော်တို့ကို ဟောကြားတော်မူ၏။

ဘဂဝတိ ကောဏာဂမနေ၊ သံဃာရာမမှိ နဝနိဝေသမှိ။
သခိယော တိဏ္ဏိ ဇနိယော၊ ဝိဟာရဒါနံ အဒါသိမှာ။

ထေရီဂါထာ ၂၁၇။

အယျာယော၊ တရားတော်နာ လာကြကုန်သော ရဟန္တာမလောင်း အရှင်မ ကောင်းတို့။ ဘဂဝတိ၊ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော။ ကောဏာဂမနေ၊ ယခုကမ္ဘာအတွင်း၌ ဒုတိယပွင့်တော်မူသော ကောဏာဂုံ မြတ်စွာဘုရား၏ လက်ထက်တော်၌။ နဝနိဝေသမှိ၊ နေရာအသစ်ဖြစ်သော။ သံဃာရာမမှိ၊ သံဃာတော်များ သီတင်းသုံးတော်မူရာ ကျောင်းတိုက်ကြီး အတွင်း၌။ သခိယော၊ မိတ်ဆွေခင်ပွန်း ဖြစ်ကြကုန်သော။ တိဏ္ဏိဇနိယော၊ သုံးဦးသော မိန်းမ တို့သည်။ ဝိဟာရဒါနံ၊ ကျောင်းအလှူကို။ အဒါသိမှာ၊ လှူဘူးခဲ့ကြကုန်ပြီ။

သော ဟေတု သော ပဘဝေါ၊ တံ မူလံ သာဝ သာသနေ ခန္တိ
တံ ပဌမသမောဓာနံ၊ တံ ဓမ္မရတာယ နိဗ္ဗာနံ။

အယျာယော၊ နိဗ္ဗာန်ကို အလို ရှိကြကုန်သော အရှင်မတို့။ မမ၊ ဆဲ့ခြောက်နှစ်ရွယ် မယ်သုမေဓာ သည်ာဘွဲ့ရှိ ထေရ်ရီအလှ တပည့်တော်မ၏။ သော၊ ထိုကောဏာဂုံ မြတ်စွာဘုရား လက်ထက်တော်က ကျောင်းဆောက်၍ လှူခဲ့ဘူးသော ကုသိုလ်သည်။ ဟေတု၊ နိဗ္ဗာန်ရောက်ခြင်း၏အကြောင်းပါတည်း။ သော၊ ထိုကျောင်းဆောက်၍လှူခဲ့သော ဒါနပါရမီသည်။ ပဘဝေါ၊ နိဗ္ဗာန်ရွှေမြို့ ရောက်စေတို့သာ လမ်းကြောင်းပါတည်း။ တံ၊ ထိုဒါနပါရမီသည်။ မူလံ၊ အကြောင်းရင်း ပေတည်း။

သာ၀၊ ထိုဒါနပါရမီသည် သာလျှင်။ သာသနေ၊ မြတ်စွာဘုရား သာသနာတော်၌။ ခန္တိ၊ ယုံကြည်နှစ်သက် နိုင်သော စိတ်ကောင်း စိတ်မြတ် ဖြစ်ပေါ်လာကြောင်းပေတည်း။ တံ၊ ထိုဒါနပါရမီသည်။ ပထမ သမောဓာန်၊ရတနာသုံးပါးနှင့် ရှေးဦးစွာ ပေါင်းဆုံမိခြင်းပေတည်း။တံ၊ ထိုဒါန ပါရမီသည်။ ဓမ္မရတာယ၊ တရားတော်၌ ပျော်မွေ့သောတပည့် တော်မ၏။နိဗ္ဗာနံ၊ နိဗ္ဗာန်ရောက်ကြောင်းပါတည်း။

တရားတော်နာ လာကြကုန်သော အရှင်မတို့-တပည့်တော်မသည် ကောဏာဂုံ မြတ်စွာဘုရား လက်ထက်တော်၌ကျောင်းဆောက်၍ လှူခဲ့ ဘူးသော ပါရမီကုသိုလ်ကံကြောင့် ကဿပ မြတ်စွာဘုရား မပွင့်မီ ဘုရားနှစ်ဆူ၏ အကြား၌ ဘဝပေါင်း တသိန်းမျှ နတ်ပြည်၌ဖြစ်၍ နတ် မင်းကြီးတို့၏ မိဖုယားကြီးဖြစ်၍ ကာမဂုဏ် စည်းစိမ်ကို ခံစားရပါ၏။ လူ၏ ဘဝ၌ဖြစ်စဉ် လူမင်း၏ မိဖုယားကြီးဖြစ်၍ ကာမဂုဏ် စည်းစိမ် ခံစားရသော ဘဝပေါင်းမှာ အဘယ်ဆိုဘွယ်ရာ ရှိတော့မည်နည်း၊ အလွန်များလှပါ၏။

ထိုနောက် ဤကမ္ဘာအတွင်း၌ ပင်လျှင် ကဿပ မြတ်စွာဘုရား ပွင့်တော်မူပြန်၏။ ထိုအခါ၌ ဗာရာဏသီပြည်တွင် ကဿပ မြတ်စွာ ဘုရား၏ အလုပ်အကျွေး ပစ္စည်းလေးပါး ဒါယကာဖြစ်သော ကိကီ မင်းကြီး၌ သမီးတော် ခုနစ်ယောက်ရှိကုန်၏။ (၁)သမဏီ မည်သော သမီးတော်တယောက်,(၂) သမဏဂုတ္တမည်သော သမီးတော်တယောက်, (၃)ဘိက္ခုနီ မည်သော သမီးတော်တယောက်, (၄)ဘိက္ခုဒါယိကာ မည်သောသမီးတော်တယောက်,(၅)ဓမ္မာမည်သောသမီးတော်တယောက်, (၆) သုဓမ္မာမည်သော သမီးတော်တယောက်, (၇)သံဃ ဒါယိကာ မည်သော သမီးတော်တယောက်, ဤခုနစ်ယောက်သော သမီးတော် တို့တွင် ၁-သမဏီမည်သော သမီးတော်သည် ခေမာထေရီဖြစ်လာ၏။ ၂-သမဏဂုတ္တာမည်သောသမီးတော်သည်ဥပ္ပလဝဏ္ဏာထေရီဖြစ်လာ၏။ ၃-ဘိက္ခုနီမည်သော သမီးတော်သည် ပဋာစာရီဖြစ်လာ၏။ ၄-ဘိက္ခု ဒါယိကာမည်သောသမီးတော်သည် ကုဏ္ဍလကေသီ ဖြစ်လာ၏။ ၅-ဓမ္မာ မည်သော သမီးတော်သည် ကိသာဂေါတမီ ဖြစ်လာ၏။ ၆-သုမေဓာ မည်သော သမီးတော်သည် ဓမ္မဒိန္နာထေရီဖြစ်လာ၏။ ၇-သံဃဒါယိကာ မည်သော သမီးတော်သည် ဝိသာခါ ကျောင်းအမကြီး ဖြစ်လာ၏။

ကိကီမင်းကြီး၏ သမီးတော် ခုနစ်ယောက်တို့သည် ကဿပ မြတ်စွာဘုရား သာသနာတော်၌ ရဟန်းပြုခြင်းငှါ ခမည်းတော်ကိကီမင်းကြီးက ခွင့်မပြုသောကြောင့် ရဟန်းမပြုရဘဲ ကုမာရီ ဗြဟ္မစရိယ အကျင့်ကို ကျင့်သုံး၍ ကဿပ မြတ်စွာဘုရားကို သံဃာတော် အပေါင်းနှင့်တကွ လုပ်ကျွေးလှူဒါန်း၍ နေကြကုန်၏။ ကျွန်ုပ်သုမေဓာ မင်းသမီးသည်လည်း ကိကီမင်းကြီး၏ သမီးတော် ခုနစ်ယောက်တို့နှင့်တကွ နေထိုင်သော အဘော်ဖြစ်၍ ကိကီမင်းကြီး၏ နန်းတော်၌ အပျိုတော် လုပ်၍ သံဃာတော်နှင့်တကွ ကဿပ မြတ်စွာဘုရားအား လုပ်ကျွေးလျက် ကုမာရီ ဗြဟ္မစရိယ အကျင့်ကို ကျင့်သုံးလျက်နေ၏။

(ကုမာရီ ဗြဟ္မစရိယ ဆိုသည်ကား ယခုကာလ သီလရှင်များ ကဲ့သို့ရှင်း, အချိုလူ့ ဝတ်ကြောင်နှင့် သစ် ခေါက်ဆိုး ပိတ်ဖြူတို့ကိုဝတ်၍ ငယ်စဉ်ကစ၍ ယောကျ်ားမယူဘဲ အပျိုစင်နေ၍ ငါးပါးသီလ ရှစ်ပါးသီလ ဆယ်ပါးသီလတို့ကိုဆောက်တည်နိုင်သလောက် ဆောက်တည်၍ တသက်ပတ်လုံး ကျင့်သုံးခြင်းကို ကုမာရီဗြဟ္မစာရီ ဟူ၍ ဆိုသည်။ သို့သော်လည်း သီလဆောက်တည်က ကုမာရီ ဗြဟ္မစာရီပင် မည်၏။ ဤနေရာ၌ အဝတ်သည် လိုရင်း မဟုတ်၊ ငါးပါးတတ်နိုင်လျှင် ငါးပါး, ရှစ်ပါးတတ်နိုင်လျှင် ရှစ်ပါး,ဆယ်ပါးတတ်နိုင်လျှင် ဆယ်ပါး, ဤသီလ သုံးမျိုးတွင် တတ်နိုင်ရာကို ကျင့်သုံးဆောက်တည်၍ နေသော မိန်းမ မြတ်သည် ကုမာရီဗြဟ္မစာရီမည်၏ ဟူလိုသည်။ (၁)သမဏီ, (၂)သမဏဂုတ္တာ, (၃)ဘိက္ခုနီ, (၄) ဘိက္ခုဒါယိကာ, (၅) ဓမ္မာ,(၆)သုဓမ္မာ, (၇)သံဃဒါယိကာ,ကိကီမင်းကြီး၏သမီးတော်ခုနစ်ယောက်။(၁)ခေမာ, (၂) ဥပ္ပလဝဏ္ဏာ, (၃) ပဋာစာရီ, (၄) ဘဒ္ဒါကုဏ္ဍလကေသီ, (၅)ကိသာဂေါတမီ, (၆)ဓမ္မဒိန္နာ,(၇)ဝိသာခါ, နောက်ဆုံးဘဝအမည်တည်း။ဤမိန်းမမြတ် ခုနစ်ယောက်တို့၏အကြောင်းကိုပြောဟောရလျှင် အလွန်များ၏။ မကုန်နိုင်ရာ။ ဝတ္ထုကျမ်း ကျယ်မည် စိုးသောကြောင့် မရေးပြီ)။

ဘိက္ခုနီလောင်း သူတော်ကောင်းဖြစ်ကြကုန်သော အရှင်မတို့.... သုမေဓာ မင်းသမီးသည် ကဿပ မြတ်စွာဘုရား လက်ထက်တော်၌ ကုမာရီ ဗြဟ္မစာရီ အပျိုစင် မိန်းမမြတ်တို့ ကျင့်သုံးသော ငါးပါးသီလ, ရှစ်ပါးသီလ, ဆယ်ပါးသီလ တို့ကို တတ်နိုင်သမျှ ကျင့်သုံး၍

စုတေသောအခါ တာဝတိံသာ နတ်ပြည်၌ ဖြစ်ရ၏။ တာဝတိံသာ နတ်ပြည်မှ စုတေပြန်တော် ယာမာနတ်ပြည်၌ဖြစ်ရ၏။ ယာမာနတ်ပြည်မှ စုတေပြန်သော် တုသိတာ နတ်ပြည်၌ဖြစ်ရ၏။ တုသိတာ နတ်ပြည်မှ စုတေပြန်သော် နိမ္မာနရတိ နတ်ပြည်၌ ဖြစ်ရ၏။ နိမ္မာနရတိ နတ်ပြည်မှ စုတေပြန်သော် ဝသဝတ္တိ နတ်ပြည်၌ ဖြစ်ရ၏။ ထို နတ်ပြည်တို့၌ ဖြစ်သောအခါနတ်မင်းကြီးတို့၏အဂ္ဂမဟေသီ နတ်မိဖုယားကြီးဖြစ်ရ၏။ နတ်ပြည်မှ စုတေ၍တဖန် လူ့ပြည်၌ ဖြစ်ပြန်၏။ လူ့ပြည်၌ဖြစ်သောအခါ စကြာမင်းကြီး၏ အဂ္ဂမဟေသီ မိဖုယားကြီး ဖြစ်ရ၏။ တကျွန်းလုံးကို အစိုးရသော ဧကရာဇ်မင်းကြီး၏ အဂ္ဂမဟေသီ မိဖုယားကြီး ဖြစ်ရ၏။

ထို အကြောင်းကို ထုတ်ဘော်၍ သုမေဓာထေရီ အရှင်မသည် ဤ ဂါထာတို့ကို ဟောတော်မူပြန်၏။

> ယဏ္ဍယဏ္ဍု ပပန္နာမိ၊ ပုညကမ္မ သမောဟိတာ။
> တဏ္ဍတဏ္ဍေ ရာဇူနံ၊ မဟေသိတ္တ မကာရယိံ။
> တတော စုတာ မနုဿတ္တေ၊ ရာဇူနံ စက္ကဝတ္တိနံ။
> မဏ္ဍလိနဥ္စ ရာဇူနံ၊ မဟေသိတ္တ မကာရယိံ။
> သမ္ပတ္တိံ အနုဘောတွာန၊ ဒေဝေသု မာနုသေသု စ။
> သဗ္ဗတ္ထ သုခိတာ ဟုတွာ၊ နေကဇာတိသု သံသရိံ။

အသျှာယော၊ ဘိက္ခုနီလောင်း ဖြစ်၍ တဆင့်ကက်ခါ သာသနာဝယ် ရဟန္တာမိန်းမ ဖြစ်ကြကုန်၍ ကာမချမ်းသာ ဘေးများစွာကို ရှောင်ခွါ မြတ်လှ အရှင်မတို့။ ပုညကမ္မသမောဟိတာ၊ ကုသိုလ်ကံနှင့် ပြည့်စုံသော တပည့်တော်မသည်။ ယဏ္ဍယဏ္ဍု၊ အကြင် အကြင် နတ်ပြည်၌။ ဥပပန္နာမိ၊ ဖြစ်၏။ တဏ္ဍတဏ္ဍု၊ ထိုထိုဖြစ်ရာ နတ်ပြည်၌။ ရာဇူနံ၊ နတ်မင်းကြီးတို့၏။ မဟေသိတ္တံ၊ နတ်မိဖုယားကြီး၏ အဖြစ်ကို။ အကာရယိံ၊ပြုအူးခဲ့သြပြီ။တဘော၊ထိုနတ်ပြည်မှ။ စုတာ၊ဖြစ်ကပျက်စေ မမြဲလေ၍ စုတေသေလွန်ခဲ့သည် ရှိသော်။ မနုဿတ္တေ၊ လူ၏ အဖြစ်၌။ စက္ကဝတ္တိနံ၊ စကြာရတနာကို ကောင်းစွာ လည်စေနိုင်သော။ ရာဇူနံ၊ စကြာမင်းကြီးတို့၏ရင်း။ မဏ္ဍလိနံ၊ ဇမ္ဗူပတ်ကုန်း တကျွန်းလုံးကို ဘုန်းကံကြီးလှ အစိုးရကုန်သော။ ရာဇူနံစ၊ ဧကရာဇ် မင်းတို့၏ ရင်း။ မဟေသိတ္တံ၊ အဂ္ဂမဟေသီ မိဖုယားကြီး၏ အဖြစ်ကို။ အကာရယိံ၊

ပြုဘူးလှလေပြီ။ ။ဒေဝေသုစ၊ နတ်ပြည်တို့၌ရှင်း။မာနုသေသုစ၊လူ့ပြည်တို့၌ရှင်း။ သမ္ပတ္တိံ၊ နတ်စည်းစိမ် လူ့စည်းစိမ်ကို။ အနုဘောတွာန၊ ခံစားပြီး၍။ သဗ္ဗတ္ထ၊ အလုံးစုံသော ဘဝ၌။ သုခိတာ၊ ချမ်းသာသည်။ ဟုတွာ၊ ဖြစ်၍။ အနေကဇာတိသု၊ကုဋေမက များလှစွာသော ဘဝတို့၌။ သံသရိံ၊ ဖြစ်ပျက်ပြောင်းလဲ အမြဲမတည် ကျင်လည်ဘူးလှလေပြီ။

တရားနာ လာရောက်ကြကုန်သော အရှင်မတို့....ဆဲ့ခြောက်နှစ်ရွယ် နုငယ်လှစွာ သုမေဓာဟု သညာဘွဲ့ရှိ ထေရီမြတ်လှ တပည့်တော်မသည် မယ်တော် ခမည်းတော်တို့က လက်ထပ်ပေးစား ဆောင်နှင်း၍ အနိကရတ္တမင်းမြတ်က တိုင်းပြည်ပါ အပ်နှင်း၍ အဂ္ဂမဟေသီ မိဖုယားကြီး၏ အဖြစ်၌နေ၍ အလိုရှိတိုင်း ကာမဂုဏ်ကို ခံစား၍ နေပါဟု တောင်းပန်လာသော်လည်း တပည့်တော်မ လက်မခံ၊ ပယ်လှန်စွန့်၍ လင်လောင်းဖြစ်သော အနိကရတ္တမင်းနှင့်တကွ မယ်တော် ခမည်းတော်တို့အား တရားဟောပြီး၍ ရဟန်းပြုရန်ခွင့်တောင်းလျက် မြတ်စွာဘုရား အထံတော်သို့သွား၍ ရှေးဦးစွာ ရှင်သာမဏေရီ ပြုပြီးလျှင် ထိုနောက် ရဟန်းမိန်းမ ဘိက္ခုနီပြုလုပ်ရန် သိက္ခမာန်မ အဖြစ်ကို နှစ်နှစ်ပတ်လုံး ပါဏာတိပါတအစ ဝိကာလဘောဇနာအဆုံးရှိသော ခြောက်ပါးသော သိက္ခာပုဒ်တို့ကို မကျိုး မပေါက်ရအောင် ကျင့်သုံးခါနေ၍ ကမ္မဋ္ဌာန်း တရားကို အားထုတ်၍ ရဟန်းမိန်းမ ဘိက္ခုနီ မဖြစ်မီ သိက္ခာမန် အဖြစ်၌ ပင်လျှင် အရဟတ္တဖိုလ်ကိုရ၍ ရဟန္တာမိန်းမ အဖြစ်သို့ ရောက်ပါ၏။ ရဟန္တာမ အဖြစ်သို့ ရောက်ပြီးမှ အသက်စေ့၍ ဘိက္ခုနီမ ပြုလုပ်ပါသည်ဟူ၍ ဟောတော်မူ၏။

ကိလေသာ ဈာပိတာ မယှံ၊ ဘဝါ သဗ္ဗေ သမူဟတာ။
နာဂေါဝ ဗန္ဓနံ ဆေတွာ၊ ဝိဟာရာမိ အနာသဝါ။

အယျာယော၊အိုအရှင်မတို့။မယှံ၊သုမေဓာမည် ထေရီမြတ်လှတပည့်တော်မသည်။ ကိလေသာ၊တထောင့်ငါးရာ ကိလေသာတို့ကို။ဈာပိတာ၊ ဝိပဿနာ ဘာဝနာမီးတိုက် ရှို့မြှိုက်လောင်ကျွမ်း ကုန်ခန်းစေအပ်ကုန်ပြီ။ ဘဝါသဗ္ဗေ၊ ဖြစ်ချည်ပျက်ချည် အတည်မမြဲ ဆင်းရဲစွာလှ ဘဝဥဿုံ အလုံးစုံတို့ကို။ သမူဟတာ၊ ဖြစ်ပျက်ခါခါ မပေါ်လာအောင် တခါတည်း ပယ်ဖြတ်အပ် လေကုန်ပြီ။ ဗန္ဓနံ၊ ဖွဲ့ချည်၍ ထားသော

ကြီးလွန်ကို။ ဆေတွာ၊ ရုံးဖြတ်၍။ သုခိတာ၊ ချမ်းချမ်းသာသာ နေရသော။ နာဂီဝ၊ ဆင်မကဲ့သို့။ အနာသဝါ၊ အာသဝေါတရား ကင်းသည်ဖြစ်၍။ သုခိတာ၊ ချမ်းချမ်းသာသာ။ ဝိဟာရာမိ၊ နေရ၏။

(သုမေဓာထေရီ၏ရဟန္တာမ အဖြစ်သို့ ရောက်၍ ဝမ်းမြောက်လှသောကြောင့် ဥဒါန်းကျူးသော ဂါထာများ။

ဤနေရာ၌ ဥဒါန်းကျူးသည်ဟု ဆိုသည်ကား မိမိရသောချမ်းသာကို ဝမ်းမြောက်သော စိတ် အခါခါ ဖြစ်လှ၍ စိတ်ထဲတွင် အောင်း၍ မရနိုင်သောကြောင့် နှုတ်ကမြွက်ဆို၍ မိမိဘာသာ ရွတ်ခါဆိုခါ ဝမ်းမြောက်ဝမ်းသာ ရွှင်လန်းစွာနှင့် ဘာသာရွတ်ဆိုသည်ကို ဥဒါန်းကျူးသည်ဟူ၍ ဆိုသည်။)

သွာဂတံ ဝတ မေ အာသိ၊ မမ ဗုဒ္ဓဿ သန္တိကေ။
တိဿော ဝိဇ္ဇာ အနုပ္ပတ္တာ၊ ကတံ ဗုဒ္ဓဿ သာသနံ။
ပဋိသမ္ဘိဒါ စတဿော၊ ဝိမောက္ခာပိစ အဋ္ဌိမေ။
ဆဠာဘိညာ သစ္ဆိကတာ၊ ကတံ ဗုဒ္ဓဿ သာသနံ။

မေ၊ ငါ့အား။ သွာဂတံ၊ ကောင်းသောလာခြင်းသည်။ အာသိဝတ၊ ဖြစ်လေစွတကား။ ဗုဒ္ဓဿ၊ မြတ်စွာဘုရား၏။ သန္တိကေ၊ အထံတော်၌။ မမ၊ ငါအား။ တိဿောဝိဇ္ဇာ၊ ပု, ဒိ, အာ-ဟူသော ဝိဇ္ဇာသုံးပါးသို့။ အနုပ္ပတ္တာ၊ ရောက်ရပေပြီ။ ဗုဒ္ဓဿ၊ မြတ်စွာဘုရား၏။ သာသနံ၊ သာသနာတော်ကို။ ဝါ၊ ဆုံးမ ဟောကြားတော်မူသော တရားကို။ ကတံ၊ ပြုကျင့်၍ ပြီးဆုံးပေပြီ။ ။စတဿော၊လေးပါးကုန်သော။ ပဋိသမ္ဘိဒါစ၊ ပဋိသမ္ဘိဒါတို့ကို၎င်း။ အဋ္ဌ၊ ရှစ်ပါးကုန်သော။ ဣမေဝိမောက္ခာစ၊ ဤဝိမောက္ခတို့ကို၎င်း။ ဆ၊ ခြောက်ပါးကုန်သော။ အဘိညာစ၊ အဘိညာဉ်တို့ကို၎င်း။ သစ္ဆိကတာ၊ မျက်မှောက်ပြုရပေကုန်ပြီ။ ဗုဒ္ဓဿ၊ မြတ်စွာဘုရား၏။ သာသနံ၊ ဆုံးမတော်မူသော တရားကို။ ကတံ ပြုကျင့်၍ ပြီးဆုံးပေပြီ။

ဣတ္ထံ သုဒံ သုမေဓာ ဘိက္ခုနီ ဣမာ ဂါထာယော အဘာသိတ္ထ။

ဣတ္ထံ ဣမိနာ ပကာရေန၊ ဤသို့ ဆိုခဲ့ပြီးသော အပြားအားဖြင့်။ သုမေဓာဘိက္ခုနီ၊ သုမေဓာ အမည်ရှိသော ရဟန်းမိန်းမသည်။ ဣမာ ဂါထာယော၊ ဤဂါထာတို့ကို။ အဘာသိတ္ထ၊ တရားနာ လာကြကုန်သော

ရဟာန်းမိန်းမ, သာမဏေရီမ, သိက္ခမာန်မတို့ အလယ်၌ တင့်တယ်စွာ နေထိုင်လျက် ဟောကြားတော်မူ၏။ [ဥပါသိကာမိန်းမတို့ကိုလည်းယူ။]

သုမေဓာထေရိယာ အပဒါနံ သမတ္တံ။

သုမေဓာထေရိယာ၊ သုမေဓာထေရီ၏။ အပဒါနံ၊ ပါရမီဖြည့်ပုံ အကြောင်းကို ဟောတော်မူသော အပဒါန် တရားတော်သည်။ သမတ္တံ၊ ပြီးပြီ။

သုမေဓာထေရီဝတ္ထု ပြီး၏။

မေခလာဒါယိကာဘိက္ခုနီမ ဟောတော်မူသော အပဒါန် တရားအကြောင်း

ဒို–အရှင်မတို့....မေခလာ အမည် ရှိသော တပည့်တော်မသည် ဤကမ္ဘာမှ ပြန်၍ ရေသည်ရှိသော် ကိုးဆဲ့လေး ကမ္ဘာထက်၌ ပွင့်တော်မူသော သိဒ္ဓတ္ထ အမည်ရှိသော မြတ်စွာဘုရား ပရိနိဗ္ဗာန် စံလွန်တော်မူသောအခါ၌ ဓာတ်တော်တို့ကို စေတီတည်ကြကုန်၏။ ထိုစေတီတည်ဆဲသော အခါ၌ အမှုကိစ္စ ဆောင်ရွက် လုပ်ကိုင်ရန် အလို့ငှါ တပည့်တော်မ၏ ခါးပန်းကြိုး တန်းဆာကိုရောင်းချ၍လှူ၏။စေတီတော် တည်၍ ပြီးစီးသောအခါ၌ ခါးပန်းကြိုးတန်းဆာတခုကို ထပ်၍လှူပြန်၏။ ကိုးဆဲ့လေးကမ္ဘာထက်၌ ခါးပန်းကြိုးတန်းဆာကို လှူသော ကုသိုလ် စေတနာကြောင့် တကြိမ်တခါမျှ အပါယ်ဘုံသို့ မကျ မရောက်ဘူးပါ။ ဤကား စေတီတော်ကို ခါးပန်းကြိုးတန်းဆာ လှူဒါန်းခြင်း၏ အကျိုး ပေတည်း။

ယခုအဆုံးဘဝ၌ မေခလာဒါယိကာ အမည်ရှိသော ကျွန်တော်မသည် ခါးပန်းကြိုး တန်းဆာ လှူဘူးသော ကုသိုလ် ပါရမီကို အကြောင်းရင်းပြု၍ ကိလေသာအာသဝေါတရားတို့မှ လွတ်ကင်းသော ရဟန္တာမိန်းမအဖြစ်သို့ ရောက်ပါ၏။ နောက်ဘဝ၌ ပဋိသန္ဓေနေခြင်း အိုခြင်း သေခြင်း ဆင်းရဲအပေါင်းတို့မှ ကင်းလွတ်ရပါပြီ။ ကြပ်တည်း လှစွာ ဖွဲ့ချည်၍ထားသောကြိုးလွန်ကို ရုံးဖြတ်၍ လွတ်ကင်းချမ်းသာစွာ နေရသော ဆင်မကဲ့သို့ ကျွန်တော်မသည်လည်း ကိလေသာ တဏှာ

ရာဂ တည်းဟူသော ကြိုးလွန်ကို ဝိပဿနာ တည်းဟူသော ပညာ သန်လျက် ထားလက်နက်ဖြင့် ဖြတ်တောက်၍ နိဗ္ဗာန် တည်းဟူသော ချမ်းသာရာအရပ်၌ ဖြေချမ်းသာစွာ နေရပါ၏။

[ခါးပန်းကြိုးတန်းဆာ ဆိုသည်ကား မိန်းမတို့၏ခါး၌ ဆင်မြန်းရန် အမြွတ်အဆာ ဖွါးရယားကျစေလျက် ယဉ်ကျေး လှပအောင် ပဘွား အမိတ်စ တချဖြစ်စေ,၃-ချ, ၄-ချ, ၅-ချ, ၁၀-ချ,၁၂-ချ, ၂၅-ချဖြစ်စေ ရွှေတန်းဆာ ငွေတန်းဆာတို့ကို တပ်ချည်ဆွဲကာ ခါးပန်း၍ ထားသော တန်းဆာအထူးကို ဆိုသည်။ မြန်မာလူမျိုးတို့ကား ပြုလုပ်လေ့မရှိကုန်]။

ကိလေသာ ဈာပိတာ မယှံ၊ ဘဝါ သဗ္ဗေ သမူဟတာ။
နာဂေါ ဗန္ဓနံ ဆေတွာ၊ ဝိဟာရာမိ အနာသဝါ။
သွာဂတံ ဝတ မေ အာသိ၊ မမ ဗုဒ္ဓဿ သန္တိကေ။
တိဿော ဝိဇ္ဇာ အနုပ္ပတ္တာ၊ ကတံ ဗုဒ္ဓဿ သာသနံ။
ပဋိသမ္ဘိဒါ စတဿော၊ ဝိမောက္ခာပိ စ အဋ္ဌိမေ။
ဆဠဘိညာ သစ္ဆိကတာ၊ ကတံ ဗုဒ္ဓဿ သာသနံ။

ဤဥဒါန်းကျူးသော ဂါထာတို့ကို ရဟန္တာမ အဖြစ်သို့ ရောက်ကုန်သော တန်းခိုးကြီးသော ရဟန်းမိန်းမ တို့သည်၎င်း ရဟန္တာ သာမဏေရီ သိက္ခမာန် မိန်းမတို့သည်၎င်း ဥဒါန်းကျူးကြမြဲ ဖြစ်ကုန်၏။ ။ [အနက်ပေးပြီး ပြန်ကြည့်]။

ဤမေခလာ ဒါယိကာသည် ထေရီဂါထာ ဒုက၌ မေတ္တိကာ အမည် ရှိ၏။ ရာဇဂြိုဟ်ပြည်သူတည်း။ ဂိဇ္ဈကုဋ်တောင် ပဋိဘာဏကျူရှ တောင်ထွဋ်နေရာသို့ တက်၍ ရဟန္တာမဖြစ်သည်။

မေခလာ ဒါယိကာထေရီအပဒါန် တရားတော်ပြီး၏။ [ဒုတိယ]။

ထမင်းချက်ရင်း ဝိပဿနာရှု၍ အနာဂါမိတည်သော ထေရီကာ၏ အပဒါန်ဝတ္ထု

ထေရိကာ အမည်ရှိသောရဟန္တာမိန်းမသည် ရှေးရှေးသောမြတ်စွာဘုရားတို့၏ အထံတော်၌ ပြုဘူးသော ကုသိုလ် ပါရမီ သမ္ဘာရ အဓိကာရ ပဏ္ဏနာ ဆုတောင်းရှိသည်ဖြစ်၍ ဤကမ္ဘာအတွင်း၌ ကောဏာဂုံ

မြတ်စွာဘုရား ပွင့်တော်မူသော အခါ သူကြွယ်သမီးဖြစ်၍ သာသနာတော်ကို ကြည်ညိုသော စိတ်ဖြင့် သစ်ခက် တို့ဖြင့် မိုးကာသော မဏ္ဍပ်ကို ဆောက်ပြီးလျှင် သဲဖြူတို့ကို မဏ္ဍပ်အမိုးအောက် မြေအပြင်၌ ကြဲဖြန့်ခင်း၍ အထက်မှာလည်း အဝတ်,ပိတ်,ဖျင်တို့ကို ဗိတာန်မျက်နှာကြက်မိုး၍ ပန်းဆိုင်းတို့ဖြင့်ကောင်းစွာဆင်လျက် မြတ်စွာ ဘုရားအား ပင့်ပြီးလျှင် ဆွမ်းခဲဖွယ်ဘောဇဉ်တို့ဖြင့် လုပ်ကျွေးပူဇော်၍ ဆွမ်းဘုဉ်းပေးပြီးသောအခါ တိစီဝရိက်သင်္ကန်းကို လှူ၏။ ကောဏာဂုံ မြတ်စွာဘုရားသည် တရားအနုမောဒနာပြုပြီး၍ ကြွသွားတော်မူ၏။ ထိုမဏ္ဍပ်လှူ၍ ဆွမ်းကျွေးလျက် တိစီဝရိက် သင်္ကန်း လှူသော ဒါယိကာမသည်လည်း အသက်တမ်း ရှည်သမျှ ဒါနစသော ကုသိုလ်ကိုပြု၍ စုတေသောအခါ နတ်ပြည်၌ဖြစ်၏။ ထိုနောက် ကဿပမြတ်စွာဘုရား ပွင့်တော် မူသော အခါ နတ်ပြည်မှ စုတေ၊ လူ့ပြည်၌ ဖြစ်ပြန်၍ ကဿပမြတ်စွာဘုရား၏ သာသနာတော်ဝယ် ရဟန်းမိန်းမ ပြုလုပ်၍ အနှစ် နှစ်သောင်းပတ်လုံးရဟန်းတရားကို အားထုတ်၍ စုတေပြန်သော် နတ်ပြည်၌ပင် ဖြစ်ပြန်၍ ကဿပ မြတ်စွာဘုရားနှင့် ဂေါတမ မြတ်စွာဘုရားနှစ်ဆူ တို့၏အကြား၌ နတ်စည်းစိမ်ကိုစံစား၍ဂေါတမမြတ်စွာဘုရား ပွင့်တော်မူသောအခါ ဝေသာလီပြည် ခတ္တိယမင်းမျိုး၌ မင်းသမီးဖြစ်၍ ထေရိကာဟု အမည် ရှိ၏။ အရွယ်ရောက်လျှင် အမျိုး တူသော မင်းသားနှင့် ထိမ်းမြားလက်ထပ်၍ လင့်ဝတ္တရားနှင့် ပြည့်စုံသော မိန်းမဖြစ်၏။ မြတ်စွာဘုရားသည် ဝေသာလီပြည်သို့ ကြွတော်မူသော အခါ တရားနာရ၍ ရဟန်းမိန်းမပြုလိုသောကြောင့် လင်ယောကျ်ားကို ခွင့်တောင်း သော်လည်း လင်ယောကျ်ားက အခွင့်မပေး၍ အိမ်၌ နေလျက်ပင်ရုပ်နာမ်တို့ကို သိမ်းဆည်း၍ဝိပဿနာရှုလျက်နေလေ့ရှိ၏။ တနေ့သောအခါ ထမင်းချက်သော မီးဖို၌ ဟင်းရွက်တို့ကို ချက်ကြော်ရာတွင် မီးပူလောင်သော ထင်းမီးဖြင့် ဟင်းရွက်တို့ ညှိုးနွမ်း ကြေကျက်၍ သွားသည်ကိုမြင်လျှင် ဖြစ်ခြင်း ပျက်ခြင်း သဘော ထင်မြင်၍ သောတာပတ္တိဖိုလ် သကဒါဂါမိဖိုလ်တို့ကို တဈာမခြားဘဲ ပစ္စဝေက္ခဏာမျှခြားလျက် မဂ်သုံးပါးကိုတဆက်တည်းရလေသတည်း။ အနာဂါမ် တည်ပြီးသော မင်းသမီးသည် ကာမရာဂ ဗျာပါဒ တို့ကို အကြွင်းမဲ့ ပယ်စွန့်ခြင်းရှိရကား မိမိကိုယ်၌ အဝတ်တန်းဆာဆင်ခြင်း

နံ့သာလိမ်းခြင်း ပန်းပန်ခြင်းတို့ကို အလျှင်းမပြုလိုဘဲ ပယ်ရှား၍နေ၏။ ထိုအခါ၌ ခင်ပွန်း လင်ယောကျ်ား ဖြစ်သော မင်းသားက အဘယ်ကြောင့် အဝတ်တန်းဆာ နံ့သာပန်းမာလ်မလိမ်းကျံဘဲ နေရသနည်းဟု မေးသောအခါ အနာဂါမိဖိုလ်၌ တည်သောအနာဂါမ် အရိယာတို့မည်သည် လူတို့ အသုံးအဆောင်ဖြစ်သော ကာမဂုဏ်ဖြင့် ပျော်မွေ့ခြင်းငှါ မဖြစ်နိုင်ကြောင်းကို ပြောကြားသောအခါ ဝိသာခ သူကြွယ်သည် ဓမ္မဒိန္နာကို ရွှေထမ်းစင်ဖြင့် တင်၍ ပို့သကဲ့သို့ ထိုထေရိကာ မင်းသွီးကိုလည်း လင်ယောကျ်ားဖြစ်သော မင်းသားသည် ရွှေထမ်းစင်ဖြင့် တင်၍ မိထွေးတော် ဂေါတမီ ဘိက္ခုနီ အရှင်မကြီးထံသို့ ပို့၍ အနာဂါမ် တည်ပြီးဖြစ်ရကား သိက္ခမာန်အကျင့်ကို မကျင့်စေဘဲ ရဟန်းအဖြစ်ကို ပြုစေ၍ မြတ်စွာဘုရားအထံသို့ ထိုထေရိကာမည်သော ဘိက္ခုနီမကို ပို့ဆောင်၍ တင့်အပ်သောနေရာ၌ နေသောအခါ မြတ်စွာဘုရားသည် ဤဂါထာကို ဟောတော်မူ၏။

သုခံ သုပါဟိ ထေရိကေ၊ ကတ္ဂွာ စောဠေန ပါရုတာ။
ဥပသန္တော ဟိ တေ ရာဂေါ၊ သုက္ခဍာကံ ဝ ကုမ္ဘိယံ။

ထေရိကေ၊ ထေရိကာမည်သော ချစ်သွီး။ စောဠေန၊ အဝတ်သင်္ကန်းဖြင့်။ ပါရုတာ၊ ခေါင်းမြီးခြုံခြင်းကို။ ကတွာ၊ ပြု၍။ ဝါ၊ စိတ်ဧကိုယ်ဧ ခြုံထွေးခြင်းကိုပြု၍။ သုခံ၊ ချမ်းချမ်းသာသာ။ သုပါဟိ၊ အိပ်၍သာ နေလေလော့။ တေ၊ သင်ချစ်သွီးအား။ ရာဂေါ၊ ကာမလောင်ညီး ရာဂ မီးသည်။ ကုမ္ဘိယံ၊ ဟင်းအိုး၌။ သုက္ခဍာကံဝ၊ ချက်ကြော်၍ ခြောက်သော ဟင်းရွက် ကဲ့သို့။ ဥပသန္တော ဟိ - ဥပသန္တော ဧဝ၊ ငြိမ်းပြီးသည် သာတည်း။

ချစ်သွီးထေရိကာ–အနာဂါမ်တည်ပြီး ချစ်သွီးအား ညီးညီးထိန်ထိန် အရှိန်ပြင်းစွာ မီးတကာတွင် သာလွန်၍ အပူဆုံး ဖြစ်သော လင်မီး သားမီး ရာဂမီးသည် ငြိမ်းပြေ ဖြစ်လေသောကြောင့် စိတ်ချ လက်ချ ဖြေဖြေ အိပ်၍သာ နေပေတော့။ ချစ်သွီးမှာ လင်ကိစ္စ သားကိစ္စ ကြောင့်ကြပူဆာ ဗျာပါသောက ငြိမ်းလှ၍ ဘာတခုမျှ ပူစရာမရှိ တော့ပြီ။ ချမ်းချမ်းသာသာ အိပ်၍သာလျှင် နေပေတော့ဟူ၍ မြတ်စွာ ဘုရား မိန့်တော်မူသော စကားတော်အဆုံး၌ ပဋိသမ္ဘိဒါလေးပါး

အဘိညာဉ်ခြောက်ပါးနှင့် ပြည့်စုံသော ရဟန္တာမ အဖြစ်သို့ ရောက်လေ၏။ ရဟန္တာ မိန်းမအဖြစ်သို့ ရောက်ပြီးသော ထေရီကာ အရှင်မသည် ရှေးဘဝက မဏ္ဍပ်ဆောက်လုပ်၍ လှူခဲ့ဘူးသော ကုသိုလ်ပါရမီကံကို ဆည်းပူးခဲ့သောကြောင့် မဏ္ဍပဒါယိကာဟူသော အမည်ဖြင့် ထင်ရှား ကျော်စော ပြန့်သတည်း။ [ထေရီကာ– ဟူသော အမည်ကား မင်းသို့းဖြစ်စဉ် အခါက အမိ အဘ ဆွေမျိုးအပေါင်းတို့က ခေါ်၍ ဖြစ်သော ငယ်နာမည်တည်း။ မဏ္ဍပဒါယိကာ ဟူသော အမည်သည်ကား ရဟန်းမိန်းမပြု၍ ရဟန္တာမဖြစ်ပြီးမှ ရှေးဘဝက ပြုဘူးသော ကုသိုလ်ကို အကြောင်းပြု၍ ကုသိုလ်ပါရမီ ဂုဏ်အားဖြင့် ရဟန္တာ မိန်းမ အပေါင်းတို့က နာမည်ကိုခေါ်၍ ကြီးမှဖြစ်သော နာမည်တည်း]။

ထိုမဏ္ဍပဒါယိကာ ရဟန်းမိန်းမမြတ်သည် ရှေးရှေးဘဝတို့ကို ပုဗ္ဗေနိဝါသ အဘိညာဉ်ဖြင့် ကြည့်ရှု၍ မိမိပြုလုပ်ခဲ့ဘူးသော ကုသိုလ်ပြုပုံ,ပါရမီ ဖြည့်ပုံ တို့ကို နောင်လာသူ အမျိုးသမီးတို့ နည်းယူ တုပ၍ သန္တာရပါရမီ ကုသိုလ်မျိုးကို ရိုက်ပျိုးကြစေခြင်း အကျိုးငှါ–

ကောဏာဂမနဿ ဗုဒ္ဓဿ၊ မဏ္ဍပေါ ကာရိတော မယာ။
ဓုဝံ တိစီဝရံ ဒါသိံ၊ ဗုဒ္ဓဿ လောကဗန္ဓုနော။

ဤသို့အစရှိသော အပဒါန်ဂါထာတို့ကိုဟောကြားတော်မူသတည်း။ [ဤကား အဋ္ဌကထာ စကားတည်း။]

လောကဗန္ဓုနော၊ လူတို့၏အဆွေ ဖြစ်တော်မူသော။ ဗုဒ္ဓဿ၊ သစ္စာလေးပါးကို သိတော်မူသော။ ကောဏာဂမနဿ ဗုဒ္ဓဿ၊ ကောဏာဂုံ မြတ်စွာဘုရားအား။ မဏ္ဍပေါ၊မဏ္ဍပ်ကို။ မယာ၊ငါသည်။ ကာရိတော၊ ဆောက်လုပ်ဘူးပြီ။ဓုဝံ၊အမြဲ၊ တိစီဝရံ၊တိစီဝရိက်ကို။ ဒါသိံ၊လှူဘူးပြီ။

ထေရီကာဝင်ကမ္ဗုနိမ ဟောတော်မူသော အပဒါန်တရားအကြောင်း

အို–အရှင်မတို့ တပည့်တော်မသည် ယခုကမ္ဘာ၏အတွင်း၌ ဒုတိယပွင့်တော်မူသော ကောဏာဂုံ မြတ်စွာဘုရားအား မဏ္ဍပ် ဆောက်လုပ်လှူခဲ့ဘူး၏။ တိစီဝရိက် သင်္ကန်းကိုလည်း အမြဲလှူခဲ့ဘူး၏။ ထိုကုသိုလ်

ကကြောင့် ထိုထို မြို့ရွာ ဇနပုဒ်တို့သို့ လှည့်ပတ် သွားလာသောအခါ ရောက်လေရာရာ အရပ်မြို့ရွာ ဇနပုဒ်တို့၌ မျက်နှာပွင့်လန်း၍ လှူဒါန်း ချီးမြှောက် ထောက်ပံ့ပူဇော်ခြင်းတို့ကိုရ၏။ ဤသို့ သွားလေရာ နေလေ ရာ ရောက်လေရာ အရပ်၌ မျက်နှာပွင့်လန်း၍ လှူဒါန်း ချီးမြှောက် ထောက်ပံ့ပေးကမ်း လှူဒါန်း ပူဇော်ခြင်းကို ခံရခြင်းသည် မဏ္ဍပ် ဆောက်လုပ်၍ လှူခြင်း, တိစီဝရိက် သင်္ကန်းကို လှူခြင်း၏ ကုသိုလ် အကျိုးပါတည်း။ ထိုကုသိုလ်ကို အရင်းအခြေခံထား၍ ယခုနောက်ဆုံး ဖြစ်သော ဘဝ၌ ကိလေသာ အာသဝေါ တရားတို့မှ လွတ်ကင်း၍ မဏ္ဍပဒါယိကာ အမည်ရှိသော ရဟန္တာမိန်းမအဖြစ်သို့ ရောက်ရပါ၏။ ထေရီကာခေါ်-မဏ္ဍပဒါယိကာ ထေရီဝတ္ထု ပြီး၏။ ။[တတိယ]။

ကိုယ်ကိုတံတားခင်း၍လှူသော အင်္ဂုတ္တိုရ်မနသ ထေရီ ဘိက္ခုနီမ ဟောတော်မူသော အပဒါန်ဝတ္ထု

ဒိ—အရှင်မတို့.... တပည့်တော်မသည် ကိုးဆဲ့ တကမ္ဘာထက်၌ ပွင့်တော်မူသော ဝိပဿီမြတ်စွာ ဘုရားသည် ဆွမ်းခံကြွလာတော်မူရာ ရှေ့တော်မှ ကိုယ်ကို အလျားမှောက်၍ တံတားခင်း၍ လှူဘူး၏။ ထိုအခါ တပည့်တော်မကို သနားခြင်း ကရုဏာရှိတော်မူသော ဝိပဿီ မြတ်စွာ ဘုရားသည် တပည့်တော်မ၏ ဦးခေါင်းအနီးသို့ ခြေတော်ဖြင့်နင်း၍ ကြွတော်မူ၏။ထိုသို့ ဝိပဿီမြတ်စွာဘုရားသည် ဦးခေါင်းအနီးသို့ နင်း၍ ကြွတော်မူသောအခါ တပည့်တော်မ၏ စိတ်သည် အလွန် နှစ်သက် ကြည်ညိုခြင်း ဖြစ်ပါ၏။ ကြည်ညိုသော စိတ် စေတနာ သဒ္ဓါတရား သည် အလွန် တိုးပွါးပါ၏။ ထိုတိုးပွါးသော ကုသိုလ်ကံ စေတနာတို့ ကြောင့် သေသည်မှ နောက်ဘဝ၌ တုသိတာနတ်ပြည်ဝယ် နတ်သမီး ဖြစ်ရ၏။ ထိုသို့ကိုယ်ကို တံတားခင်း၍ လှူရသော ကုသိုလ်ကံ ပါရမီ တို့ကို အရင်းမူလပြု၍ ယခုနောက်ဆုံး ဖြစ်သော ဘဝ၌ ကိလေသာ အာသဝေါ ကင်းလွတ်၍ အင်္ဂုတ္တိုရ်မနသထေရီ အမည်ရှိသော ရဟန္တာ မိန်းမ အဖြစ်သို့ရောက်၍ ပဋိသန္ဓေ နေခြင်းဆင်းရဲ, အိုခြင်းဆင်းရဲ, နာခြင်းဆင်းရဲ, သေခြင်းဆင်းရဲတို့မှ ကင်းလွတ်ချမ်းသာစွာ နေထိုင် ရပါ၏။

ဤ အပဒါန် တရားတို့ကို ဟောကြားတော်မူလျက် ရှေးဘဝက ပြုခဲ့ ဘူးသော ကုသိုလ်ကို အကြောင်းပြု၍ အတ္တုသက်မနဲ ဒါယိကာ ထေရီ ဟူ၍ ကျော်စော ထင်ရှားတော်မူသော ရဟန္တာ အရှင်မသည် ရှေးရှေး သော မြတ်စွာဘုရားတို့၏ အထံ၌ ဒါနသီလစသော ပါရမီ ကုသိုလ်ကို ပြု၍ ပဋ္ဌနာဆုတောင်းခြင်းရှိသည်အားလျော်စွာ ဝိပဿီ မြတ်စွာဘုရား လက်ထက်၌ အမျိုးကောင်းသမီးဖြစ်၍ တနေ့သ၌ ဝိပဿီမြတ်စွာဘုရား ကြွလာတော်မူသည်ကို မြင်လျှင် ကြည်ညိုသောစိတ် အလွန်ထက်သန် လှ၍ ကိုယ်ကို အလျားမှောက်လျက် တပည့်တော်မ၏ ကိုယ်ပေါ်သို့ နင်းလျှောက်တော်မူ၍ ချီးမြှောက်သနားသော အားဖြင့် ကြွသွားတော် မူပါမည့် အကြောင်းနှင့် လျှောက်ကြား၍ မိမိကိုယ်ကို တံတားခင်း၍ လှူ၏။ ထိုကုသိုလ်ဖြင့် စုတေသော် နတ်ပြည်၌ဖြစ်၍ နတ်စည်းစိမ်ကို ခံစားလျက် ဂေါတမဘုရား လက်ထက်တွင် သာဝတ္ထိပြည်၌ ဗြာဟ္မဏ မဟာသာလ ပုဏ္ဏားသမီး ဖြစ်၍ မုတ္တာဟု မှည့်ခေါ်ကြ၏။ အသက် နှစ်ဆယ်ရွယ် ရှိလတ်သော် မိထွေးတော် ဂေါတမီ ဘိက္ခုနီအရှင်မကြီး အထံ၌ ရဟန်းမိန်းမ ပြုရန် တောင်းပန် လျှောက်ကြားသော အခါ ရှေးဦးစွာ သိက္ခမာန် ကျင့်ဝတ်ကို ဆောက်တည် ကျင့်သုံး၍ နေဆဲ အခါတွင် ဆိတ်ငြိမ်သောနေရာ၌ ကမ္မဋ္ဌာန်းကို နှလုံးသွင်း၍ နေသည်ကို မြတ်စွာဘုရား မြင်တော်မူ၍ ဤဂါထာကို ဟောတော်မူ၏။

မုတ္တေ မုစ္စဿု ယောဂေဟိ၊ စန္ဒော ရာဟုဂ္ဂဟာ ဣဝ။
ဝိမုတ္တေနစ စိတ္တေန၊ အဏဏာ ဘုဉ္ဇ ပိဏ္ဍကံ။

မုတ္တေ၊ လွတ်ကြောင်းကိုရှာ မုတ္တာမည်ရ သမီးလှ။ စန္ဒော၊ လသည်။ ရာဟုဂ္ဂဟာ၊ ရာဟုဖမ်းရာမှ။ ဣဝ၊ လွတ်သကဲ့သို့။ ယောဂေဟိ၊ နှောင်ဖွဲ့ချည်ရာ ကိလေသာ တို့မှ။ မုစ္စဿု၊ ယခု လွတ်စေလော့။ ဝိမုတ္တေနစ စိတ္တေန၊ ဖွဲ့နှောင်မြဲစွာ ကြိုးချည်ရာမှ ကောင်းစွာ လွတ်သော စိတ်ဖြင့်လည်း။ ပိဏ္ဍကံ၊ တိုင်းပြည်သူတို့ကြည်ဖြူ ရွှင်လန်း လှူဒါန်းသော ဆွမ်းကို။ အဏဏာ၊ ကြွေးမတင်စေမူ၍။ ဘုဉ္ဇ၊ စားသုံးလေလော့။

ဤဂါထာကို ဟောတော်မူသည်၏ အဆုံး၌ ရဟန္တာမ အဖြစ်သို့ ရောက်၍ ဤထေရီဂါထာကို ရွတ်ဆိုကာ မကြာမကြာ များစွာသော ပရိသတ်၌ ဟောလေ့ရှိ၏။ ။ယင်းနာမည် အားဖြင့် မုတ္တာ, ပါရမီ

ဂုဏ်အားဖြင့် အတ္တသက်မန ဒါယိကာ နာမည်ဘွဲ့တော် နှစ်မည်ကျော် လျက် ပုဗ္ဗေနိဝါသ အဘိညာဏ်ဖြင့် ရှုမျှော်၍ ဤအပဒါန် ဂါထာဝတ္ထုကို ဟောကြားတော်မူ၏။

ဃရတော နိက္ခမိတွာန၊ အဝကုဇ္ဇ နိပဇ္ဇ ဟံ။
အနုကမ္ပကော လောကဇေဋ္ဌော၊ သီသန္တေ အက္ကမိ တဒါ။
အက္ကမိတွာန သမ္ဗုဒ္ဓေါ၊ အဂမာ လောကနာယကော။
တေန စိတ္တပသာဒေန၊ တုသိတံ အဂမာသ ဟံ။

အယျာယော၊ တရားတော်ကို နာကြကုန်သော ဘိက္ခုနီအရှင်မတို့။ အဟံ၊တပည့်တော်မသည်။ဃရတော၊ ဇိမ်မှ။ နိက္ခမိတွာန၊ထွက်လာ၍။ အဝကုဇ္ဇ၊ မှောက်ခုံ။ နိပဇ္ဇ၊ ဇိမ်၍တံတားခင်း၏။ တဒါ၊ ထို ဇိမ်၍ ကိုယ်ကို တံတားခင်းသောအခါ၌။ အနုကမ္ပကော၊သနားတော် မူတတ်သော။ လောကဇေဋ္ဌော၊ လူတို့ထက် မြတ်တော် မူသော ဝိပဿီ မြတ်စွာဘုရားသည်။ သီသန္တေ၊ ဦးခေါင်းအနီး၌။ အက္ကမိ၊ နင်းတော် မူ၏။ အက္ကမိတွာ၊ နင်းတော်မူပြီး၍။ လောကနာယကော၊ လူတို့ရှေ့ ဆောင် ဖြစ်တော်မူသော။ သမ္ဗုဒ္ဓေါ၊ မြတ်စွာ ဘုရားသည်။ အဂမာ၊ ကြွသွားတော်မူ၏။ တေနစိတ္တပသာဒေန၊ ထိုစိတ်၏ ကြည်ညိုခြင်းဖြင့်။ အဟံ၊တပည့်တော်မသည်။ တုသိတံ၊ ထုသိတာနတ်ပြည်သို့။ အဂမာ၊ ရောက်ရဘူးလေပြီ။

အတ္တသက်မန ထေရီ ဝတ္ထုပြီး၏။ ။[၈၀၃၀]။

ပဉ္စကေဗုဒ္ဓါအား ကျူပန်းလှူသော
နန္ဒမာလိကာထေရီအပဒါန်ဝတ္ထု၊

ပုဏ္ဏားအမည်ရှိသောရဟန္တာအရှင်မသည် ကိုးဆဲ့လေးကမ္ဘာထက်၌ စန္ဒဘာဂါမြစ်နား၌ ကိန္နရီမဖြစ်၍ ပစ္စေကဗုဒ္ဓါ အရှင်မြတ်အား နန္ဒမာလ ကျူပန်းဖြင့် ပူဇော်၏။ ထိုကုသိုလ်ကြောင့် နတ်မိဖုယားသုံးဆဲ့ခြောက် ကြိမ်, စကြာမင်း မိဖုယား ဆယ်ကြိမ်ဖြစ်၍ ငါတို့ မြတ်စွာဘုရား လက်ထက် သာဝတ္ထိပြည်တွင် သူကြွယ်သမီး ဖြစ်၍ ပုဏ္ဏားဟု အမည် တွင်လျက် အသက်နှစ်ဆယ်ရှိ ရှိသောအခါ မိထွေးတော် ဂေါတမီ

ဘိက္ခုနီ အရှင်မကြီးအထံ၌ ရဟန်းမိန်းမ ပြုလုပ်ရန် သိက္ခမာန်ကျင့်၍ နေစဉ် ဝိပဿနာရှုလျက် နေသည်ကို မြတ်စွာဘုရား မြင်တော်မူ၍-

ပုဏ္ဏေ ပုရဿု ဓမ္မေဟိ၊စန္ဒော ပန္နရသော ရိဝ။
ပရိပုဏ္ဏာယ ပညာယ၊ တမောခန္ဓံ ပဒါလယ။

ပုဏ္ဏေ၊ ချစ်သွီးပုဏ္ဏာ။ ပန္နရသော၊ တဆဲ့ငါးရက်မြောက်ဖြစ်သော။ စန္ဒော၊လသည်။ ပုဏ္ဏောဣဝ၊ ပြည့်သကဲ့သို့။ ဓမ္မေဟိ၊ တရားတို့ဖြင့်။ ပုရဿု၊ ပြည့်စေလော့။ ပရိပုဏ္ဏာယ၊ ပြည့်စုံသော။ ပညာယ၊ ပညာဖြင့်။ တမောခန္ဓံ၊ အဝိဇ္ဇာတုံး မှောင် အလုံးကို။ ပဒါလယ၊ ဘောက်ခွဲလေလော့။

ဤဂါထာဖြင့်ဟောဘော်ပြသော် ရဟန္တာမအဖြစ်သို့ ရောက်၏။

နန္ဒုမာလိကာ ထေရီ ဘိက္ခုနီမ ဟောတော်မူသော အပဒါန် တရားတော် အကြောင်း

ဒိုတရားနာလာကြကုန်သော အရှင်မတို့ ဤကမ္ဘာ၌ဖြစ်၍ ရှေသော် ကိုးဆဲ့လေးကမ္ဘာထက်၌ တပည့်တော်မသည် စန္ဒဘာဂါ မြစ်နား၌ ကိန္နရီမဖြစ်၍နေရ၏။ တနေ့သ၌ ပစ္စေကဗုဒ္ဓါ ကြွလာတော်မူသည်ကို တပည့်တော် ကိန္နရီမ မြင်ရသည်နှင့် တပြိုင်နက် အလွန် ကြည်ညိုသော စိတ်ရှိသည်ဖြစ်၍ အရေးတကြီး သျှင်မြန်စွာ ကျူပန်းကိုခူး၍ လက်အုပ်ချီလျက် ရှိခိုးပူဇော်၏။ ထိုသို့ကောင်းစွာ ပူဇော်လိုက်ရသော ကုသိုလ်ကံ စေတနာကြောင့် တာဝတိံသာ နတ်ပြည်သို့ ရောက်ရ၏။ ထိုတာဝတိံသာ နတ်ပြည်သို့ ရောက်၍ သိကြားမင်းကြီး၏ မိဖုယားကြီး သုံးဆဲ့ခြောက်ကြိမ်, စကြာမင်း၏ မိဖုယားကြီး ဆယ်ကြိမ် ဖြစ်ရ၏။ ထိုကုသိုလ်ကံ ပါရမီကို အခြေခံပြု၍ ယခုနောက်ဆုံး ဘဝ၌ သံသရာ ဘဝကိုကြောက်သောစိတ် ထိတ်လန့်ခြင်းသံဝေဂဖြစ်၍ ဘိက္ခုနီရဟန်း မိန်းမ ပြုလုပ်၍ ကိလေသာ အာသဝေါ တရားတို့မှ ကင်းလွတ်သော ရဟန္တာမ အဖြစ်သို့ ရောက်၍ ပဋိသန္ဓေနေခြင်း အိုခြင်း နာခြင်း သေခြင်း ဆင်းရဲ အပေါင်းတို့မှ လွတ်ကင်း ချမ်းသာစွာ နေရပေ၏။ ထိုအကြောင်းကို ပြ၍ နန္ဒုမာလိကာ ဘိက္ခုနီမသည် ဤအပဒါန် ဂါထာတို့ကို ဟောတော် မူပြန်၏။

စန္ဒဘာဂါနဒီတီရေ၊ အဟောသိံ ကိန္နရီ တဒါ။
အဒ္ဒသံ ဝိရဇံ ဗုဒ္ဓံ၊ သယမ္ဘုံ အပရာဇိတံ။
ပသန္နစိတ္တာ သုမနာ၊ ဝေဒဇာတာ ကတဉ္ဇလီ။
နဠမာလံ ဂဟေတွာန၊ သယမ္ဘုံ အဘိပူဇယိံ။
တေန ကမ္မေန သုကတေန၊ အဂစ္ဆိံ တိဒသံ ဂတိံ။
ဆတ္တိံသ ဒေဝရာဇူနံ။ မဟေသိတ္တံ အကာရယိံ။
ဒသန္နံ စက္ကဝတ္တီနံ၊ မဟေသိတ္တ မကာရယိံ။
သံဝေဇေတွာန မေ စိတ္တံ၊ ပဗ္ဗဇိံ အနဂါရိယံ။
ကိလေသာ ဈာပိတာ မယှံ၊ ဘဝါ သံဃာဋိတာ မမ။
သဗ္ဗာသဝ ပရိက္ခီဏာ၊ နတ္ထိ ဒါနိ ပုနဗ္ဘဝေါ။
စတုန္နဝုတိတော ကပ္ပေ၊ ယံ ပုပ္ဖ မဘိပူဇယိံ။
ဒုဂ္ဂတိံ နာဘိဇာနာမိ၊ ဗုဒ္ဓပူဇာယိဒံ ဖလံ။

ထေရီ အပဒါန် ပါဠိတော်-၃၄၉ နံပါတ်။

အယျာယော၊ အိုတရားတော်နာလာကြကုန်သော အရှင်မတို့။အဟံ၊ နဠမာလိကာ အမည်ရှိသော တပည့်တော်မသည်။ စတုန္နဝုတိကပ္ပေ၊ ကိုးဆဲ့လေးကမ္ဘာထက်၌။ စန္ဒဘာဂါနဒီ တီရေ၊ စန္ဒဘာဂါမြစ်နား၌။ ကိန္နရီ၊ လူ၏သဏ္ဌာန်ပုံဟန်တူညီ ကိန္နရီမသည်။ အဟောသိံ၊ ဖြစ်ဘူးပြီ။ တဒါ၊ ထိုကိန္နရီမဖြစ်သောအခါ၌။ ဝိရဇံ၊ ကိလေသာမြူ ကင်းတော်မူထသော။ သယမ္ဘုံ၊ ဆရာမရှိ ကိုယ်တော်တိုင်သိ၍ ဘုရားဖြစ်တော်မူထသော။ အပရာဇိတံ၊ သူတပါးတို့သည် မအောင်အပ်ထသော။ ဗုဒ္ဓံ၊ ပစ္စေကဗုဒ္ဓါ အရှင်ဘုရားကို။ အဒ္ဒသံ၊ ဖူးမြင်ရ၏။ ပသန္နစိတ္တာ၊ ကြည်ညိုသော စိတ်ရှိသော။ သုမနာ၊ ကောင်းသော စိတ်ရှိသော။ ဝေဒဇာတာ၊ နှစ်သက် ရွှင်လန်း ဝမ်းမြောက်သော စိတ်ရှိသော ကိန္နရီမသည်။ ကတဉ္ဇလီ၊ လက်အုပ်ချီလျက်။ နဠမာလံ၊ ကျူပန်းကို။ ဂဟေတွာန၊ ကိုင်ယူ၍၊ သယမ္ဘုံ၊ ပစ္စေကဗုဒ္ဓါ မြတ်စွာဘုရားကို။ အဘိပူဇယိံ၊ ရိုသေစွာ ပူဇော်ဘူးပြီ။

သုကတေန၊ ကောင်းစွာ ပြုအပ်သော။ တေနကမ္မေန၊ ထိုကုသိုလ် ကံကြောင့်။ တိဒသံဂတိံ၊ တာဝတိံသာ နတ်ပြည်သို့။ အဂစ္ဆိံ၊ ရောက်ဘူးပြီ။ ဒေဝရာဇူနံ၊ နတ်မင်းကြီးတို့၏။ မဟေသိတ္တံ၊ မိဖုယား

ကြီး၏ အဖြစ်ကို။ ဆတ္တိံသ၊ သုံးဆဲ့ခြောက်ကြိမ်။ အကာရယိံ၊ပြုဘူးပြီ။ ဒသန္နံ၊ ဆယ်ဦးကုန်သော။ စက္ကဝတ္တိနံ၊ စကြာမင်းကြီးတို့၏။ မဟေသိတ္တံ၊ မိဖုယားကြီးတို့၏ အဖြစ်ကို။ အကာရယိံ၊ ပြုဘူးပြီ။ ပန္တိမဘဝေ၊ ယခုနောက်ဆုံးဖြစ်သော ဘဝ၌။ မေ၊ နန္ဒမာလိကာ မည်သော တပည့်တော်မ၏။ စိတ္တံ၊ စိတ်သည်။ သံဝေဇေတွာ၊ သံဝေဂရ၍။ အနဂါရိယံ၊ အိမ်ထောင် မပြုသော သာသနာတော်၌။ ပဗ္ဗဇ္ဇိံ၊ ရဟန်း အဖြစ်ကို ပြုရ၏။

မယှံ၊ တပည့်တော်မအား။ ကိလေသာ၊တထောင့်ငါးရာ ကိလေသာကို။ ဈာပိတာ၊မီးမြှိက်လောင်ကျွမ်း ကုန်ခန်းစေအပ်ကုန်ပြီ။မမ၊ တပည့်တော်မ၏။ ဘဝါ၊ ပဋိသန္ဓေ တည်နေသော ဘဝကို။ သံဃာဋိတာ၊ ပယ်ဖြတ်အပ်လေပြီ။ သဗ္ဗာသဝပရိက္ခီဏာ၊ အလုံးစုံသော အာသဝေါ တရားတို့သည် ကုန်ခန်းလေပြီ။ ဒါနိ၊ယခု။ ပုနဗ္ဘဝေါ၊ နောက်ဘဝ၌ ဖြစ်ခြင်းသည်။ နတ္ထိ၊ မရှိတော့ပြီ။

ဣတော၊ ဤကမ္ဘာမှ။ စတုနဝုတိကပ္ပေ၊ ကိုးဆဲ့လေးကမ္ဘာထက်၌။ ယံပုပ္ဖံ၊ အကြင် ကျူပန်းပွင့်ကို။အပူဇယိံ၊ ရှိသေစွာ ပူဇော်ဘူးပြီ။ ဒုဂ္ဂတိံ၊ အပါယ် လေးဘုံသို့။ နာဘိဇာနာမိ၊ ရောက်ဘူးသည် ဟူ၍ မသိရ။ ဣဒံ၊ ဤသည်ကား။ ဗုဒ္ဓပူဇာယ၊ ဘုရားကို ပန်းပူဇော်ရခြင်း၏။ ဖလံ၊ အကျိုးပါတည်း။

ဣတ္ထံ သုဒံ နန္ဒမာလိကာ ထေရီ ဣမာ ဂါထာယော အဘာသိတ္ထ။

ဣတ္ထံ ဣမိနာအာကာရေန၊ဤသို့ ဆိုအပ်ခဲ့ပြီးသော အခြင်းအရာဖြင့်။ နန္ဒမာလိကာထေရီ၊ ကျူပန်းလှူသော နန္ဒမာလိကာ ထေရီ ရဟန္တာ မိန်းမဖြတ်သည်။ ဣမာဂါထာယော၊ ဤဂါထာ တရားတော်တို့ကို။ အဘာသိတ္ထ၊ ဘိက္ခုနီ, သာမဏေရီ, သိက္ခမာန်တို့၏ အလယ်၌ ဟောတော်မူ၏။

နန္ဒမာလိကာ ထေရီဝတ္ထု ပြီး၏။ ။[ပဥ္စမ]။

ဆွမ်းတကြိမ်လှူ၍ နတ်မိဖုယား စကြာမင်းမိဖုယား စည်းစိမ်ကို စံစားရကြောင်း

ဒို-တရားတော်နာ လာကြကုန်သော အရှင်မတို့ ဧကပိဏ္ဍပါတ ဒါယိကာ အမည်ရှိသော တပည့်တော်မသည် ကိုးဆဲ့တကမ္ဘာထက်၌

ဗန္ဓုမတီ ပြည်ကြီးဝယ် ဗန္ဓုမာ အမည်ရှိသော ပြည့်ရှင် မင်းကြီး၏ မိဖုယားဖြစ်၏။ ထိုအခါ၌ ဆိတ်ငြိမ်ရာ၌နေ၍ ဤသို့ကြံ၏။ ငါသည် နောက်ဘဝသို့ယူ၍ သွားရန် တစုံတခု ပြုလုပ်သော ကုသိုလ် မရှိသေးချေ။ ကုသိုလ်မရှိဘဲ သေ၍သွားသည်ရှိသော် အလွန်ပူပြင်း ခါးစပ်ခြင်း ရှိသည်ဖြစ်၍ ကြောက်မက်ဘွယ် ကြမ်းထမ်းလှစွာသော ငရဲပြည်သို့ ရောက်၍ သွားလိမ့်မည် ဖြစ်ပါတကားဟု ကြံ၏။ ဤသို့ကြံပြီး၍ ဗန္ဓုမာ မင်းမြတ်အထံသို့သွား၍ ဤသို့ လျှောက်တောင်းပန်လေ၏။

အရှင်မင်းမြတ်ဘုရား.... ကျွန်တော်မအား ရဟန်းတပါးကို ပင့်၍ ပေးပါလော့။ ကျွန်တော်မသည် ဆွမ်းလှူလိုပါသည် ဟူ၍ လျှောက် တောင်းပန်၏။ ဤသို့ လျှောက်တောင်းပန်သောအခါ ဗန္ဓုမာမင်းကြီး သည် ရဟန်းတပါးကို ပင့်၍ပေး၏။ ထိုရဟန်း၏ သပိတ်ကို ယူ၍ ဆွမ်းကိုလောင်းထည့်၍ နံ့သာတို့ဖြင့် သပိတ်ကိုလိမ်း၍ ဇာအထည်ဖြင့် ဖုံး၍ တဖန် သင်္ကန်းလျာ အဝတ်ပုဆိုး အထည်အစုံကိုလည်း သပိတ်ကို ဖုံး၍ လှူလိုက်၏။ ။ဒို-တရားတော်နာ လာကြကုန်သော အရှင်မတို့-တပည့်တော်မသည် ဤသို့တကြိမ်မျှ ဆွမ်းတသပိတ်လှူသော ကုသိုလ် ကံကို တသက်လုံး အောက်မေ့လျက်နေ၏။ ထို ဆွမ်းကို အလှူခံသော ရဟန်း ကိုရင်း ဆွမ်း တသပိတ် လှူရသော ကုသိုလ်ကံကို ရင်း အောက်မေ့ ကြည်ညိုသော စိတ်ဖြင့် စုတေသော် တာဝတိံသာ နတ်ပြည်သို့ ရောက်ရ၍ သုံးကျိပ် ကုန်သော နတ်မင်းကြီး တို့၏ မိဖုယားကြီး အကြိမ်သုံးဆယ်စီဖြစ်ဘူး၏။ တပည့်တော်မ တောင့်တ လိုချင်သောကာမဂုဏ်တို့ကိုအလိုရှိတိုင်းခံစားရ၏။ နှစ်ဆယ်ကုန်သော စကြာမင်းကြီးတို့၏ မိဖုယားကြီး အကြိမ်နှစ်ဆယ် ဖြစ်ဘူး၏။

ဧကနဝုတိတော ကပ္ပေ၊ ယံ ဒါန မဒဒိံ တဒါ။
ဒုဂ္ဂတိံ နာဘိဇာနာမိ၊ ပိဏ္ဍပါတဿိဒံ ဖလံ။

အယျာယော၊ တရားနာလာကြကုန်သော ဒိုအရှင်မတို့။ ဣတော၊ ဤကမ္ဘာမှ။ ဧကနဝုတိကပ္ပေ၊ ကိုးဆဲ့တကမ္ဘာထက်၌။ ယံဒါနံ၊ အကြင် တကြိမ် တခါမျှသော ဆွမ်းတသပိတ်ကို။ တဒါ၊ ထိုအခါ၌။ အဒဒိံ၊ လှူဘူးပြီ။ ဒုဂ္ဂတိံ၊ အပါယ်လေးဘုံသို့။ နာဘိဇာနာမိ၊ ရောက်ဘူးသည်ဟူ၍ မသိရ။ ဣဒံ၊ ဤသည်ကား။ ပိဏ္ဍပါတဿ၊ ဆွမ်းတကြိမ်လှူခြင်း၏။ ဖလံ၊

အကျိုးပေတည်း။ ကေဝိဋ္ဌုပါတဒါယိကာ ရဟန္တာမသည် ဤအပဒါန် တရားတော်ကို ဘိက္ခုနီ သာမဏေရီ သိက္ခမာန်တို့၏ အလယ်၌ တင့်တယ်စွာထိုင်နေလျက် ဟောတော်မူ၏။ [ဗုဒ္ဓမာမင်းကြီးသည် ဝိပဿီ မြတ်စွာဘုရား၏ ခမည်းတော်တည်း]။

ဤ ကေဝိဋ္ဌုပါတိက ဒါယိကာ အရှင်မသည်လည်း ကပိလဝတ် ပြည်၌ မြတ်စွာဘုရား၏ ဆွေတော် မျိုးတော်ဖြစ်သော သာကီဝင် မင်း သမီး မိတ္တာ ဖြစ်တော်မူ၏။ မြတ်စွာဘုရားသည် ကပိလဝတ်ပြည်တော် သို့ ရှေးဦးစွာ ရောက်တော်မူစ အခါကပင်လျှင် တရားတော်ကို နာ၍ လပြည့် လကွယ် ၈စ်ရက် ဥပုသ်နေ့တို့၌ နတ်ပြည်ကို အလို ရှိလျက် ဥပုသ်သီလကို ကျင့်သုံး ဆောက်တည်လျက် နေရာမှ မိထွေးတော် ဂေါတမီ ရဟန်းမိန်းမ ပြုလုပ်သောအခါ သာသနာတော်၌ ရဟန်း မိန်းမပြုလုပ်၍ ဝိပဿနာရှုလျက် ရဟန္တာမ အဖြစ်သို့ ရောက်တော်မူ၍ ထေရီဂါထာ ပါဠိတော် ဒုကနိပါတ်လာ ဤဂါထာတို့ကို ဥဒါန်းကျူး လေ့ရှိ၏။

စာတုဒ္ဒသိံ ပဉ္စဒသိံ၊ ယာစ ပက္ခဿ အဋ္ဌမီ။
ပါရိဟာရိယ ပက္ခဉ္စ၊ အဋ္ဌင်္ဂ သုသမာဂတံ။
ဥပေါသထံ ဥပဂစ္ဆိံ၊ ဒေဝကာယာ ဘိနန္ဒိနီ။
သာဇ္ဇ ဧကေန ဘတ္တေန၊ မုဏ္ဍာ သံဃာဋိပါရုတာ။
ဒေဝကာယံ န ပတ္ထေ ဟံ၊ ဝိနေယျ ဟဒယေ ဒရံ။

စာတုဒ္ဒသိံ၊ တဆဲ့လေးရက်နေ့၌ရင်း။ ပဉ္စဒသိံ၊ တဆဲ့ငါးရက်နေ့၌ ရင်း။ ပက္ခဿ၊ လဆန်း လဆုတ်ပက္ခ၏။ ယာစအဋ္ဌမီ၊ အကြင်ရှစ်ရက် နေ့၌ရင်း။ ပါရိဟာရိယပက္ခဉ္စ၊ အဘိတ်နေ့ အထွက်နေ့၌ရင်း။ အဋ္ဌင်္ဂ သုသမာဂတံ၊ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော။ ဥပေါသထံ၊ ဥပုသ်ကို။ ဒေဝကာယာဘိနန္ဒိနီ၊ နတ်ပြည်ကို အလိုရှိလျက်။ ဥပဂစ္ဆိံ၊ ဥပုသ် စောင့်ဘူးပြီ။ သာ-အဟံ၊ ထိုငါသည်။ အဇ္ဇ၊ ယခုမှာမူကား။ ဧကေန ဘတ္တေန၊ တထပ်ဆွမ်းဖြင့်။ မုဏ္ဍာ၊ ဦးခေါင်းပြောင်စွာ ရိပ်ပြီးခါလျှင်။ သံဃာဋိပါရုတာ၊ ဒုကုဋ်သင်္ကန်း ရုံဆင်မြန်းလျက်။ ဟဒယေ၊ နှလုံးထဲ၌။ ဒရံ၊ ကိလေသာ ပူပန်ခြင်းကို။ ဝိနေယျ၊ ပယ်ဖျောက်နိုင်၍။ ဒေဝကာယံ၊

နတ်ပြည်ကို။ နပဋ္ဌေ၊ မတောင့်တ,တော့ပြီ။ ဝါ၊ နတ်ပြည်သို့ရောက် ခြင်းငှါ အလိုမရှိတော့ပြီ။

ထေရီအပဒါန်ပါဠိတော်-၃၄၉။ ထေရီဂါထာပါဠိတော်-၁၉၀။

[အဘိတ်နေ့ကိုအကြို,ဥပုသ်အထွက်နေ့ကိုအဒို,ပါရိဟာရိယပက္ခခေါ်၏]

ကေဝိဍ္ဍုပါဝိကာထေရီဝတ္ထု ပြီး၏။ ။[ဆဋ္ဌ]။

အဘယမင်းမာတာ ပဒုမဝတီခေါ်-ကဍ္ဍု ထေရီ၏ အပဒါန်ဝတ္ထု

အဘယမာတာ ဘိက္ခုနီ အရှင်မသည် ကိုးဆဲ့နှစ်ကမ္ဘာထက်၌ အမျိုးကောင်းသမီးဖြစ်၍ တိဿ မြတ်စွာဘုရားအား ဆွမ်းခံကြွတော်မူရာတွင် ဆွမ်းတဇွန်းလောင်းဘူးသော ကုသိုလ်ဖြင့် တာဝတိံသာ နတ်ပြည်၌ သုံးဆဲ့ခြောက်ကြိမ် သိကြားမင်း မိဖုယားဖြစ်၏။ ထိုမှ တပါး လူ့ပြည်၌ စကြာမင်းမိဖုယားကြီးအကြိမ်ငါးဆယ်ဖြစ်၏။ ငါတို့ မြတ်စွာဘုရား လက်ထက်၌ ဥဇ္ဇေနီ ပြည်တွင် ပဒုမဝတီဟူသောအမည် ဖြင့် ပြည့်တန်းဆာသဘင်သည်မိန်းမ ဖြစ်လာ၏။ ထိုပဒုမဝတီ သဘင် သည်မိန်းမ ချော,လှ,ကြောင်းကို ဗိမ္ဗိသာရမင်းကြီး ကြားသိလျှင် မြင်ဘော်မူလိုသောစိတ်ဖြစ်၍ ပုရောဟိတ် ပုဏ္ဏားအား ပြောကြား၏။ အဘယ်သို့ ပြောကြား သနည်း ဟူမူကား— အဆွေပုဏ္ဏား ဥဇ္ဇေနီ ပြည်၌ ပဒုမဝတီအမည်ရှိသော သဘင်သည် မိန်းမသည် အလွန်ချော လှသည်ဟူ၍ ငါကြားရ၏။ ထိုမိန်းမကို ငါကြည့်ရှုလို၏ဟု ပြော၏။ ပုရောဟိတ်ပုဏ္ဏားသည် အရှင်မင်းမြတ် အကျွန်ုပ်မြင်ရအောင် ဆောင် ရွက်ပါအံ့ဟု ဝန်ခံ၍ မိမိ၏အစွမ်းဖြင့် ကုမ္ဘီရမည်သော နတ်ဘီလူးကို ခေါ်၍ ထိုနတ်ဘီလူး၏ဒေဝိဒ္ဓိတန်ခိုးဖြင့် ခဏခြင်း ဗိမ္ဗိသာရမင်းကြီးကို ဥဇ္ဇေနီပြည်သို့ဆောင်ယူ၍ ပဒုမဝတီနှင့်အဘူတကွ တညဉ့်မျှအိပ်စေ၏။ ပဒုမဝတီသည် ဗိမ္ဗိသာရမင်းကြီးနှင့် တညဉ့် စံပျော်ရုံမျှဖြင့် သန္ဓေရ သည်ကိုသိ၍ အရှင်မင်းမြတ်-ကျွန်တော်မ၌ သားရပြီဟု ပြော၏။ ဗိမ္ဗိ သာရမင်းကြီးက အကယ်၍ သားယောကျ်ား ဖွားမြင်ငြားအံ့၊ ငါ၏ အထံသို့ ပို့ရမည်။ သမီးမိန်းမ ဖွားမြင်ငြားအံ့၊ ဤလက်စွပ်ဖြင့် အသက် မွေးလေတော့ဟုဆို၍ အဘိုးထိုက်သော လက်စွပ်ကိုပေးခဲ့၏။ ထိုပဒုမ

ဝတီသည် ဆယ်လစေ့လျှင် သားကိုဖွားမြင်၍ အဘယမင်းသားဟု အမည်မှည့်၏။ ထိုအဘယမင်းသား ခုနစ်နှစ်အရွယ်သို့ ရောက်သော အခါ မယ်တော်ပဒုမဝတီက ချစ်သား- မောင်၏အဘကား ဗိမ္ဗိသာရ မင်းကြီးတည်း။ ဤလက်စွပ်ကိုယူ၍မောင့်ခမည်းတော်ဗိမ္ဗိသာရမင်းကြီး ထံသို့ သွားလေတော့ဟု စေခိုင်း၍ မင်းကြီးထံသို့ရောက်လျှင် ဗိမ္ဗိသာရ မင်းကြီးသည် မင်းသားတို့၏ အဆောင် အရွက်ဖြင့် ချီးမြှောက်၍ ကောင်းစွာထားတော်မူ၏။ ထိုအဘယ မင်းသားသည် နိဂဏ္ဌနာဋ်ပုတ္တ ဆရာကြီးကို ဆည်းကပ်ကိုးကွယ်၍ နေရာတွင် တနေ့သ၌ နိဂဏ္ဌ နာဋ်ပုတ္တ ဆရာကြီးက အမေးပုစ္ဆာစီရင်ပြီးလျှင် မြတ်စွာဘုရား အထံသို့သွား၍ မေးလော့ဟု စေခိုင်း၍ မြတ်စွာဘုရားကို မိမိအိမ်သို့ ဆွမ်းစားပင့်၍ ပုစ္ဆာမေးလျှောက်သည်ကိုမြတ်စွာဘုရားဖြေတော်မူလျှင် ကြည်ညိုသော စိတ်ဖြစ်၍ ရဟန်းပြုပြီးလျှင် ရဟန္တာအဖြစ်သို့ရောက်၍အဘယထေရ်ဟု ထင်ရှားစွာဖြစ်၏။

အပဒါန် ပါဠိတော်-၃၄၁။ မဇ္ဈိမပဏ္ဏာသပါဠိတော်-၅၃။

ထိုအဘယထေရ်မြတ်သည်မယ်တော်ပဒုမဝတီကိုတရားဟောသဖြင့် သာသနာတော်၌ကြည်ညိုခြင်းရှိသောအဘယမယ်တော်ပဒုမဝတီသည် ဘိက္ခုနီမတို့၏ အထံသို့သွား၍ရဟန်းမိန်းမ ဘိက္ခုနီပြု၍မကြာမြင့်မီ ပဋိသမ္ဘိဒါလေးပါးနှင့်တကွ ရဟန္တာမဖြစ်၍ သားတော် အဘယထေရ် ဟောသော ဂါထာတို့ကို မကြာမကြာ ဥဒါန်းကျူးကာ ရွတ်ဆိုပြော ဟောလေ့ရှိ၏။

ဥဒ္ဓံ ပါဒတလာ အမ္မ၊ အဓော စ ကေသမတ္ထကာ။
ပစ္စဝေက္ခဿု မံ ကာယံ၊ အသုစိံ ပူတိဂန္ဓိကံ။
ဧဝံ ဝိဟာရမာနာယ၊ သဗ္ဗော ရာဂေါ သမူဟတော။
ပရိဠာဟော သမုစ္ဆိန္နော၊ သီတိဘူတမှိ နိဗ္ဗုတာ။

အမ္မ၊ နှမ်းချိုတိုက်ကျွေး ပြုစုမွေးသည့် ကျေးဇူးကြီးရှင် မွေးမိခင်။ ပါဒတလာ၊ ခြေဘဝါးအပြင်မှ။ ဥဒ္ဓံ၊ အထက်ဆံဖြား တိုင်အောင်။ ကေသမတ္ထကာစ၊ အထက်ဆံဖျားမှလည်း။ အဓော၊ အောက်ခြေဘဝါး တိုင်အောင်။ အသုစိံ၊ မစင်ကြွယ်သော။ ပူတိဂန္ဓိကံ၊ ပုပ်နံ့လှိုင်၍ နေသော။ ဣမံကာယံ၊ ဤကိုယ်ကို။ ပစ္စဝေက္ခဿု၊ ဆင်ခြင် ကြည့်ရှု

လေလော့။ ဇဝံ၊ ဤသို့သားတော်မြတ်အဘယထေရ် ဟောသည်အတိုင်း။ ဝိဟာရမာနာယ၊ ကောင်းစွာ ဆင်ခြင်ကြည့်ရှု၍ နေသည်ရှိသော်။ ဝါ၊ ကြည့်ရှု ဆင်ခြင်၍ နေသော ငါမယ်တော်အား။ သဗ္ဗောရာဂေါ၊ အလုံးစုံသော ရာဂကို။ သမူဟတော၊ ပယ်ဖြတ်အပ်ပြီ။ ပရိဠာဟော၊ ရာဂပူလောင်ခြင်းကို။ သမုစ္ဆိန္နော၊ ကောင်းစွာ ဖြတ်အပ်လေပြီ၊ သီတိဘူတာ၊ မြေစွာဖြစ်သည်။ နိဗ္ဗုတာ၊ ငြိမ်းချမ်းသည်။ အမှိ၊ ဖြစ်ရပေ၏။

ဤဂါထာတို့ကို ဥဒါန်း ကျူးလျက် ရဟန္တာ မိန်းမ အဖြစ်သို့ ရောက်တော်မူသော အဘယမာတာ ဘိက္ခုနီအရှင်မသည်။ ပုဗ္ဗေနိဝါသ အဘိညာဏ်ဖြင့် ရှေးရှေး ဘဝတို့ကို ကြည့်ရှု ဆင်ခြင်သည်ရှိသော်ကိုးဆဲ့နှစ်ကမ္ဘာထက်၌တိဿမြတ်စွာ ဘုရားအားဆွမ်းတဇွန်းမျှ လောင်းလှူဘူးသော ကုသိုလ်ဖြင့် ကင်္ခါရေဝတဒါယိကာ ဟူသော အမည်ဖြစ်၍ ယခုဘဝ၌ ရဟန္တာ မိန်းမ ဖြစ်ရသော အကြောင်းတို့ကို နောင်လာသူ အပေါင်းတို့ ကောင်းစွာ မှတ်သား၍ နည်းယူကြကာ စေတနာနှင့် သဒ္ဓါတရား ကောင်းစွာထားလျက် ဘုရားအစ ရှိသော ရတနာသုံးပါး ထင်ရှား ရှိတော်မူ၍ သာသနာတော် အတွင်း၌ လူ၏ဘဝသို့ ရောက်ကြသော အခါတွင် သန္တာရပါရမီမျိုးကို စိုက်ပျိုးကြစေရန် ရည်သန်ဘော်မူ၍–

> ပိဏ္ဍာစာရံ စရန္တဿ၊ တိဿနာမဿ သတ္ထုနော။
> ကင်္ခါရေဝတံ ပဂ္ဂယှ၊ ဗုဒ္ဓသေဋ္ဌဿ ဒါသဟံ။

တိဿနာမဿ၊ တိဿအမည်တော်ရှိသော။ သတ္ထုနော၊ မြတ်စွာဘုရားသည်။ ပိဏ္ဍာစာရံ၊ ဆွမ်းအလို့ငှါ လှည့်လည်ရန်။ စရန္တဿ၊ ကြွတော်မူစဉ်။ ကင်္ခါရေဝတံ၊ တဇွန်းမျှသောဆွမ်းကို။ ပဂ္ဂယှ၊ ယူ၍။ ဗုဒ္ဓသေဋ္ဌဿ၊ မြတ်စွာဘုရားအား။ အဟံ၊ ငါသည်။ အဒါသိံ၊ လှူဘူးလေပြီ။

ဤသို့ အစ ရှိသော အပဒါန် ဂါထာ တို့ကို ဟောကြားတော်မူသတည်း။ ဤကား အဘယမာတာ စကားတည်း။

ဆွမ်းတဇွန်းလောင်းခြင်းအကျိုး နတ်မင်းကြီး၏မိဖုယားကြီး သုံးဆဲ့ခြောက်ကြိမ်,စကြာမင်းကြီး၏ မိဖုယားအကြိမ်ငါးဆယ်ဖြစ်၍နိဗ္ဗာန်ကို မျက်မှောက်ပြုရသော ရဟန္တာမဖြစ်ကြောင်းကို ပြန်၍ ဟောပြသည်မှာ–

ဒိုတရားတော်နာ လာကြကုန်သော အရှင်မတို့-ကဋစ္ဆုဘိက္ခဒါယိကာ အမည်ရှိသော တပည့်တော်မသည် ဤကမ္ဘာမှ ပြန်၍ ရေသော် ကိုးဆဲ့နှစ်ကမ္ဘာထက်၌ ပွင့်တော်မူသော တိဿမြတ်စွာဘုရားသည် ဆွမ်းခံကြွလာတော်မူရာတွင် တဇွန်းမျှသော ဆွမ်းကို လောင်းလှူ လိုက်၏။ တပည့်တော်မ လောင်းလှူ လိုက်သော ဆွမ်းတဇွန်းကို တိဿမြတ်စွာဘုရားသည် ခံတော်မူ၍ ဆွမ်းခံလမ်း၌ ရပ်တော်မူလျက် တပည့်တော်မအား ဆွမ်းအနုမောဒနာ တရားကို ဤသို့ ဟောတော်မူ၏။

တိဿမြတ်စွာဘုရား ဟောတော် မူသော ဆွမ်းအနုမောဒနာ ဂါထာများ

ကဋစ္ဆုဘိက္ခံ ဒတွာန၊ တာဝတိံသံ ဂမိဿသိ။
ဆတ္တိံသ ဒေဝရာဇူနံ၊ မဟေသိတ္တံ ကရိဿသိ။

ပညာသံ စက္ကဝတ္တီနံ၊ မဟေသိတ္တံ ကရိဿသိ။
မနသာ ပတ္ထိတံ သဗ္ဗံ၊ ပဋိလစ္ဆသိ သဗ္ဗဒါ။

သမ္ပတ္တိံ အနုဘောတွာန၊ ပဗ္ဗဇိဿသိ ကိဉ္စနာ။
သဗ္ဗာသဝေ ပရိညာယ၊ နိဗ္ဗာယိဿတိ နာသဝါ။

ကဋစ္ဆုဘိက္ခံ၊ တဇွန်းသောဆွမ်းကို။ ဒတွာန၊ လောင်းလှူသောကြောင့်။ တွံ၊ သင်ချစ်သမီးသည်။တာဝတိံသံ၊ တာဝတိံသာနတ်ဘုံသို့။ ဂမိဿသိ၊ရောက်လတ္တံ့။ ဒေဝရာဇူနံ၊ နတ်မင်းကြီးတို့၏။ မဟေသိတ္တံ၊ မိဖုယားကြီး၏အဖြစ်ကို။ ဆတ္တိံသ၊သုံးဆယ့်ခြောက်ကြိမ်။ ကရိဿသိ၊ ပြုရလတ္တံ့။ ။ပညာသံ၊ငါးကျိပ်ကုန်သော။စက္ကဝတ္တီနံ၊စကြာမင်းတို့၏။ မဟေသိတ္တံ၊ မိဖုယားကြီးအဖြစ်ကို။ ကရိဿသိ၊ ဘဝပေါင်းငါးဆယ် ပြုရလတ္တံ့။မနသာ၊စိတ်ဖြင့်၊ ဝါ၊စိတ်ထဲက။ ပတ္ထိတံ၊အလိုရှိတိုင်းသော။ သဗ္ဗံ၊အလုံးစုံသော ကာမဂုဏ်ကို။သဗ္ဗဒါ၊ အခါခပ်သိမ်း။ပဋိလစ္ဆသိ၊ လိုတိုင်းရလတ္တံ့။ ။သမ္ပတ္တိံ၊စည်းစိမ်ကို။ အနုဘောတွာန၊ ခံစားပြီး၍။ ပစ္ဆိမေ၊ နောက်ဆုံးဘဝ၌။ အကိဉ္စနာ၊ ကြောင့်ကြမရှိဘဲ။ ပဗ္ဗဇိဿသိ၊ ရဟန်းပြုရလတ္တံ့၊ သဗ္ဗာသဝေ၊ အလုံးစုံသော အာသဝေါတရားတို့ကို။ ပရိညာယ၊ပယ်ရှား၍။အနာသဝါ၊အာသဝေါကင်းလျက်။နိဗ္ဗာယိဿသိ၊ ငြိမ်းစွာနေရလတ္တံ့။ ။ဒို အရှင်မတို့- တိဿ မြတ်စွာဘုရားသည်

ဤသို့ဂါထာတို့ကို ဟောတော်မူပြီး၍ ဟံသာမင်းကဲ့သို့ ကောင်းကင်သို့ ပျံတက်၍ ကြွတော်မူ၏။

သုဒိန္နံ မေ ဒါနံ ဝရံ၊ သုယိဋ္ဌာ ယာဂသမ္ပဒါ။
ကင္ခုတ္တရာဘိက္ခံ ဒတွာန၊ ပတ္တာဟံ အစလံ ပဒံ။

အယျာယော၊ အိုအရှင်မတို့။ မေ၊ တပည့်တော်မသည်။ ဒါနဝရံ၊ အလှူမြတ်ကို။ သုဒိန္နံ၊ ကောင်းစွာလှူဘူးပြီ။ ယာဂသမ္ပဒါ၊ ပြည့်စုံသော ပူဇော်ခြင်းကို၊ သုယိဋ္ဌာ၊ ကောင်းစွာ ပူဇော်အပ်ပြီ။ ကင္ခုတ္တရာဘိက္ခံ၊ တဏှာ တယောက်မသော ဆွမ်းကို။ ဒတွာန၊ လှူသောကြောင့်။ အဟံ၊ တပည့်တော်မသည်။ အစလံ၊ ဖြစ်ပျက်တုန်လှုပ်ခြင်း မရှိသော။ ပဒံ၊ နိဗ္ဗာန်သို့။ ပတ္တာ၊ ရောက်ပြီ။

ဤအပဒါန်တရားတော်ကို ကင္ခုတ္တရာဘိက္ခုဒါယိကာ ထေရီမသည် ရဟန်းမိန်းမ,သာမဏေရီ, သိက္ခမာန်မိန်းမတို့၏ အလယ်၌ တင့်တယ်စွာ ထိုင်နေလျက် ဟောတော်မူ၏။

ပဒုမဝတီခေါ်-ကင္ခုတ္တရာဘိက္ခာထေရီဝတ္ထု ပြီး၏။ ။[သတ္တမ]။

သဗ္ဗုပ္ပလမာလိကာ ဘိက္ခုနီမ၏ အပဒါန် ဝတ္ထု

ဤသဗ္ဗုပ္ပလမာလိကာမည်သော ဘိက္ခုနီရဟန်းမိန်းမမြတ်သည်လည်း သုံးဆဲ့တကမ္ဘာတွင်း၌ ပွင့်တော်မူသော သိခီ မြတ်စွာဘုရား၏ ခမည်းတော် အရုဏမင်းကြီး၏မိဖုယားငယ်ဖြစ်၍ ကြာညိုပန်း ခုနစ်ပွင့် ပူဇော်သော ကုသိုလ်ဖြင့် လူမင်း နတ်မင်း စကြာမင်းတို့၏ မိဖုယား ဖြစ်၍ များစွာသော စည်းစိမ်ကို ခံစားပြီးမှ ဂေါတမ မြတ်စွာဘုရား လက်ထက် ဥဇ္ဇေနီပြည်၌ သူကြွယ်သမီးဖြစ်၍ အဘယ မင်းသား၏ မယ်တော် ပဒုမဝတီ သာသင်သည် မိန်းမနှင့် အလွန်ချစ်ကျွမ်းဝင်သော အဆွေခင်ပွန်း သူငယ်ချင်း ဖြစ်၍ ပဒုမဝတီ ရဟန်းပြုသောအခါ အတူတကွ ရဟန်းပြု၍ ရဇဂြိုဟ်ပြည် သီတဝန ယင်းတိုက်တော၌ နေလျက် ကမ္မဋ္ဌာန်း စီးဖြန်းသည်ကို မြတ်စွာဘုရား မြင်တော်မူ၍ အသုဘအာရုံကို ရှေ့၌ထင်ရှားစွာ ဘန်ဆင်း၍ပြတော်မူလျက် ဂန္ဓကုဋိမှ နေတော်မူလျက်ပင်-

အဘာယေ ဘိရုဒေါ် ကာယော၊ ယတ္ထ သတ္တာ ပုထုဇ္ဇနာ။
နိက္ခိပိဿာသိ မံ ဒေဟံ၊ သမ္ပဇာနာ သတိမတာ။
ဤဂါထာကို ဟောတော်မူ၏။

ထေရီဂါထာပါဠိတော်-၁၉၀။

အဘာယေ၊ အဘာယမည်သော ချစ်သမီး-။ ကာယော၊ ကိုယ်သည်။ ဘိရုဒေါ်၊ ပျက်စီးတတ်သော သဘောရှိ၏။ ယတ္ထ၊ အကြင်ကိုယ်၌။ ပုထုဇ္ဇနာ၊ များစွာသော လူတို့သည်။ သတ္တာ၊ ငြိကပ်တွယ်တာကြကုန်၏။ ဣမံဒေဟံ၊ ဤကိုယ်ကို။ သမ္ပဇာနာ၊ ပညာဖြင့် ဆင်ခြင်လျက်။ သတိမတာ၊ သတိရှိစေလျက်။ နိက္ခိပိဿာသိ၊ စွန့်ပစ်ရလတ္တံ့။

ဤဂါထာအဆုံး၌ ရဟန္တာ မိန်းမဖြစ်၍ ရှေးဘဝတို့ကို ကြည့်ရှုဆင်ခြင်ကာ အပဒါန်တရားတော်ကို ဟောတော်မူ၏။

ကြာညိုပန်းခုနစ်ပွင့်လှူ၍ စကြာမင်းမိဖုယားကြီးခြောက်ဆဲ့သုံးကြိမ်ဖြစ်ဘူးကြောင်း ဟောတော်မူသည်မှာ ဒို့တရားတော်နာ လာကြကုန်သောအရှင်မတို့- ဤကမ္ဘာမှပြန်၍ရေသော် သုံးဆဲ့တကမ္ဘာထက်၌ အဘာယအမည်ရှိသော တပည့်ကော်မသည် အရုဏဝတီ ပြည်ဝယ် အရုဏ အမည်ရှိသော မင်းကြီး၏ မိဘုရားငယ်ဖြစ်၍ ရွှေနန်းတော်ပြာသာဒ်အထက်၌ နေလျက် ခုနစ်ပွင့်သော ကြာညိုပန်းတို့ကို နတ်ပန်းအနံ့ကဲ့သို့ မွှေးကြိုင်လှသဖြင့် ပန်ဆင်ရန်လက်ဖြင့် ကိုင်ပြီးလျှင် ဤသို့အကြံဖြစ်၏။ နတ်ပန်းအနံ့ကဲ့သို့ မွှေးကြိုင်လှသော ဤကြာညိုပန်းခုနစ်ပွင့်ကို ငါ၏ ဦးခေါင်းမှာတင်၍ ဘယ်အကျိုးရှိအံ့နည်း။ မြတ်စွာဘုရား၏ ဉာဏ်တော်၌ တင်လှူပူဇော်ခြင်းသည် မြတ်သောအကျိုးရှိ၏။

မြတ်စွာဘုရား ကြွလာတော်မူသောအခါ ပူဇော်အံ့ဟူ၍ မြတ်စွာဘုရား ကြွလာတော်မူအံ့သည်ကို စောင့်ဆိုင်း မျှော်လင့်လျက် တံခါးပေါက်အနီး၌ ထိုင်နေ၏။ ။ထိုသို့ ထိုင်နေသောအခါ၌ သိခီ မြတ်စွာဘုရားသည် သံဃာတော် အခြွေအရံနှင့် တကွ မြို့တွင်းလမ်းခရီးသို့ ကြွလာတော်မူ၏။ ပကတိ ရောင်ခြည်တော် တို့သည် သုံးဆဲ့ခြောက်ယူဇနာတိုင်တိုင် အပြထွန်းလင်း၍ နေသောကြောင့် ထိုရောင်ခြည်တော်တို့သည် နန်းတော် ပြာသာဒ် အတွင်းသို့ ထွန်းလင်း၍ လာသည်ကို မြင်လျှင် ရွှင်လန်း ဝမ်းမြောက်သော စိတ်ရှိသည်ဖြစ်၍ ပြူတင်းပေါက် တံခါးကိုဖွင့်၍ မြတ်စွာဘုရားအား တင်လှူပူဇော်၏။ ကြာညိုပန်း ခုနစ်

ပွင့်တို့သည် ကောင်းကင်ထက်သို့ ပျံ၍ မြတ်စွာဘုရား၏ အထက်၌ ဆောင်းမိုး၍ တည်နေကုန်၏။ ပြူတင်းပေါက်မှနေ၍ မြတ်စွာဘုရား ဆီသို့ မြောက်ပစ်ပူဇော်သော ပန်းခုနစ်ပွင့်သည် တန်းခိုးတော်အားဖြင့် အောက်မြေပေါ်သို့ မကျဘဲ မြတ်စွာဘုရား၏ အထက် ကောင်းကင်၌ ထီးကဲ့သို့မိုး၍ တည်နေ၏။ ထိုသို့ ကြာညိုပန်း ခုနစ်ပွင့်တို့သည် ထီး ကဲ့သို့ အထက် ကောင်းကင်၌ တည်နေသည်ကို အလွန် ရွှင်လန်း ဝမ်းမြောက်သော စိတ်ဖြင့် လက်အုပ်ချီလျက် ရွှေနန်းတော် လေသာ ပြူတင်းပေါက်မှ ဖူးမျှော်၍ နေ၏။ တပည့်တော်မသည် ဤကုသိုလ် စေတနာကြောင့် တာဝတိံသာ နတ်ပြည်၌ ဖြစ်၍၊ တပည့်တော်မ၏ ဦးခေါင်းပေါ်၌ ကြာညိုပန်းတို့သည် နတ်ပန်းယန်းကဲ့သို့ ကြိုင်၍နေ၏။ တရံတခါ တပည့်တော်မသည် နတ်သမီးအခြွေအရံတို့နှင့် အတူတကွ လှည့်လည် သွားလာ၏၊ ထိုအခါ၌ တပည့်တော်မနှင့် အတူတကွ ပါလာကြကုန်သော ပရိသတ်တို့၏အထက်၌ များစွာသော ကြာညိုပန်း တို့သည် ဆောင်း၍ တည်နေကုန်၏။

သတ္တတိ ဒေဝရာဇူနံ၊ မဟေသိတ္တ မကာရယိံ။
သဗ္ဗတ္ထ ဣဿရာ ဟုတွာ၊ သံသရာမိ ဘဝါဘဝေ။
တေသဋ္ဌိ စက္ကဝတ္တီနံ၊ မဟေသိတ္တ မကာရယိံ။
သဗ္ဗေ မမာ နုဝတ္တန္တိ၊ အာဒေယျ ဝစနာ အဟုံ။
ဥပ္ပလဿေဝ မေဝဏ္ဏော၊ ဂန္ဓောစေဝ ပဝါယတိ။
ဒုဗ္ဗဏ္ဏိယံ နဇာနာမိ၊ ဗုဒ္ဓပူဇာ ယိဒံ ဖလံ။

အယျာယော၊ အိုအရှင်မတို့။ အဟံ၊ သတ္တုပ္ပလ နာမည့်ချီ ထေရီ ဖြစ်လှ တပည့်တော်မသည်။ ဒေဝရာဇူနံ၊ နတ်မင်းကြီးတို့၏။ မဟေ သိတ္တံ၊ အဂ္ဂမဟေသီ မိဖုယားအဖြစ်ကို။ သတ္တတိ၊ ဘဝပေါင်း ခုနစ် ဆယ်။ အကာရယိံ၊ ပြုလုပ်ဘူးပြီ။ သဗ္ဗတ္ထ၊ အလုံးစုံ၌။ ဣဿရာ၊ အစိုးရသည်။ ဟုတွာ၊ ဖြစ်၍။ ဘဝါဘဝေ၊ ဘဝကြီးငယ်၌။ သံသရာမိ၊ ကျင်လည်ရ၏။ ။စက္ကဝတ္တီနံ၊ စကြာမင်းကြီးတို့၏။ မဟေသိတ္တံ၊ အဂ္ဂ မဟေသီ မိဖုယားကြီး၏ အဖြစ်ကို။ တေသဋ္ဌိ၊ ခြောက်ဆဲ့သုံးကြိမ်။ အကာရယိံ၊ ပြုလုပ်ဘူးပြီ။ သဗ္ဗေ၊ အလုံးစုံသော မိဖုယားငယ်တို့သည်။ မမ၊ ငါ၏ အလိုသို့။ အနုဝတ္တန္တိ၊ လိုက်ကြကုန်၏။ အာဒေယျဝစနာ၊

ငါ၏စကားကို နားထောင် နာယူကြကုန်သည်။ အဟံ၊ ဖြစ်ရကုန်၏။ မေ၊ ငါ၏။ ဝဏ္ဏော၊ အဆင်းသည်။ ဥပ္ပလဿေဝ၊ ကြာညိုပန်းအဆင်းကဲ့သို့။ ဂန္ဓောစေဝ၊ ကိုယ်၏အနံ့သည်လည်း။ ဥပ္ပလဿေဝ၊ ကြာညိုပန်းအနံ့ကဲ့သို့။ ပဝါယတိ၊ မွှေးကြိုင်လှိုင်ပျံ့၏။ ဒုဗ္ဗဏ္ဏိယံ၊ အဆင်းမလှသောဘဝကို။ နဇာနာမိ၊ မသိရ။ ဣဒံ၊ ဤသည်ကား။ ဗုဒ္ဓပူဇာယ၊ ဘုရားကိုပူဇော်ခြင်း၏။ ဖလံ၊ အကျိုးတည်း။

ဣဒ္ဓိပါဒေသု ကုသလာ၊ ဗောဇ္ဈင်္ဂ ဘာဝနာ ရတာ။
အဘိညာပါရမိ ပတ္တာ၊ ဗုဒ္ဓပူဇာ ယိဒံ ဖလံ။

ဣဒ္ဓိပါဒေသု၊ ဣဒ္ဓိပါဒ်လေးပါးတို့၌။ ကုသလာ၊ လိမ္မာ၏။ ဗောဇ္ဈင်္ဂဘာဝနာရတာ၊ ဗောဇ္ဈင်ခုနစ်ပါးတို့ကို ပွါးခြင်း၌ မွေ့လျော်ပျော်ပါးနိုင်၏။ အဘိညာပါရမိပတ္တာ၊ အဘိညာဏ် ခြောက်ပါး၌ အထွဋ်အထိပ်သို့ရောက်၏။ ဣဒံ၊ ဤသည်ကား။ ဗုဒ္ဓပူဇာယ၊ ဘုရားကို ပူဇော်ခြင်း၏။ ဖလံ၊ အကျိုးပေတည်း။

သတိပဋ္ဌာန ကုသလာ၊ သမာဓိဈာန ဂေါစရာ။
သမ္မပ္ပဓာန မနုယုတ္တာ၊ ဗုဒ္ဓပူဇာ ယိဒံ ဖလံ။
ဝီရိယံ မေ ဓုရ ဓောရယှံ၊ ယောဂက္ခေမာ ဓိဝါဟနံ။
သဗ္ဗာသဝ ပရိက္ခီဏာ၊ နတ္ထိ ဒါနိ ပုနဗ္ဘဝေါ။
ဧကတိံသေ ဣတော ကပ္ပေ၊ ယံ ပုပ္ဖ မဘိပူဇယိံ။
ဒုဂ္ဂတိံ နာဘိဇာနာမိ၊ ဗုဒ္ဓပူဇာ ယိဒံ ဖလံ။

အယျာယော၊ အရှင်မတို့။ အဟံ၊ သတ္တုပ္ပလ နာမဘွဲ့ရှိ ထေရီမြတ်လှ တပည့်တော်မသည်။ သတိပဋ္ဌာန ကုသလာ၊ သတိပဋ္ဌာန်တရားတော်၌ကျွမ်းကျင်လိမ္မာ၏။ သမာဓိဈာနဂေါစရာ၊ သမာဓိဈာန်ကိုအာရုံပြု၍ နေနိုင်၏။ သမ္မပ္ပဓာနံ၊ သမ္မပ္ပဓာန်လေးပါး မြတ်တရားကို။ အနုယုတ္တာ၊ မပြတ်အစဉ် အမြဲယှဉ်၍ နေနိုင်၏။ ဣဒံ၊ ဤသို့ ပတိပဋ္ဌာန်လေးပါး သမ္မပ္ပဓာန်လေးပါး သမာဓိဈာန်တရားတို့ကို ရခြင်းသည်။ ဗုဒ္ဓပူဇာယ၊ ဘုရားကို ပူဇော်ခြင်း၏။ ဖလံ၊ အကျိုးတည်း။ မေ၊ ငါ၏။ ဝီရိယံ၊ ဝီရိယသည်။ ဓုရဓောရယှံ၊ အကျင့်တရားကို ဆောင်နိုင်၏။ ယောဂက္ခေမံ၊ ယောဂကုန်ရာ နိဗ္ဗာန်ကို။ အဓိဝါဟနံ၊ ရွက်ဆောင်နိုင်၏။ ဝါ၊ နိဗ္ဗာန်ကိုအာရုံပြုနိုင်၏။ သဗ္ဗာသဝပရိက္ခီဏာ၊ အလုံးစုံသော အာ

သဝေါ ကုန်ခန်းသည် ဖြစ်၍။ ဒါနိ၊ ယခုအခါ၌။ ပုနဗ္ဘဝေါ၊ နောက်ဘဝ တဖန် ဖြစ်ပြန်ခြင်းသည်။ နတ္ထိ၊ မရှိတော့ပြီ။ ။(ဖြစ်ခြင်း မရှိလျှင် ပျက်ခြင်းလည်းမရှိ။) ဣတော၊ ဤကမ္ဘာမှ။ ဧကတိံသေကပ္ပေ၊ သုံးဆဲ့တကမ္ဘာထက်၌။ ယံ ပုပ္ဖံ၊ အကြင်ကြာညိုပန်း ခုနစ်ပွင့်ကို။ အဘိပူဇယိံ၊ ရှိသေစွာပူဇော်ခဲ့ပြီ။ ဒုဂ္ဂတိံ၊ ဒုဂ္ဂတိဘဝကို။ နာဘိဇာနာမိ၊ မသိရ။ ဣဒံ၊ ဤဒုဂ္ဂတိဘဝကို မသိရခြင်းသည်။ ဝါ၊ အပါယ်လေးဘုံသို့ မကျ မရောက်ရခြင်းသည်။ ဗုဒ္ဓပူဇာယ၊ ဘုရားကို ပူဇော်ခြင်း၏။ ဖလံ၊ အကျိုးတည်း။

ဣတ္ထံ သုဒံ သတ္တုပ္ပလမာလိကာ ဘိက္ခုနီ ဣမာ ဂါထာယော
အဘာသိတ္ထ။

ဣတ္ထံ–ဣမိနာပကာရေန၊ ဤဆိုအပ်ခဲ့ပြီးသော အပြားအားဖြင့်။ သတ္တုပ္ပလမာလိကာ၊ သတ္တုပ္ပလမာလိကာ အမည်ရှိသော။ ဘိက္ခုနီ၊ ရဟန်းမိန်းမသည်။ ဣမာဂါထာယော၊ ဤဂါထာတို့ကို။ အဘာသိတ္ထ၊ ဟောတော်မူ၏။

သတ္တုပ္ပလမာလိကာ ထေရီဝတ္ထု ပြီး၏။ ။[အဋ္ဌမ]။

ပဉ္စဒီပိကာ ထေရီ၏ ကုသိုလ်ပါရမီဖြည့်ပုံ အကြောင်း အပဒါန်ဝတ္ထု

ပဉ္စဒီပိကာ ဟူ၍ ထင်ရှား ကျော်စောသော သောလာထေရီသည် မြတ်စွာဘုရား၏ ဒါယကာ အလုပ်အကျွေး အဂ္ဂုပဋ္ဌာက ဥပါသကာ ဟတ္ထာဠဝက မင်းသား၏ နှစ်မတော် ဖြစ်သော ထိုသောလာထေရီ ဘိက္ခုနီ ရဟန္တာမိန်းမသည် ရှေးရှေးသော မြတ်စွာဘုရားတို့၏ အထံတော်၌ ပဏ္ဍာနာ ဆုတောင်းခြင်း ရှိသည်ဖြစ်၍ ကမ္ဘာ တသိန်းထက်၌ ဟံသာဝတီပြည်ကြီးဝယ် သူကြွယ်သမီးဖြစ်၍ အရွယ်ရောက်သောအခါ အမျိုးအနွယ်တူသော သူကြွယ်သားနှင့် ထိမ်းမြား လက်ထပ်၍ နှစ်လ ကြာရှည်လတ်သော် ခင်ပွန်းယောကျ်ား ဆုံးပါးပြီးနောက် တယောက်ထည်းသာ နေလျက် ပျက်စီးတတ်သော သဘောကို ဆင်ခြင်ကာ သံဝေဂတရားဖြစ်၍ ရဟန်းသံဃာတော်များ သီတင်းသုံးတော်မူသော ကျောင်းတိုက်တို့ကို လှည့်လည်ကာ ရဟန်း သံဃာတော်တို့အား ရှိခိုးခြင်း တရားနာခြင်းတို့ဖြင့် ကုသိုလ်ပါရမီကို ရှာဖွေဆည်းပူးလျက်

ထိုဘဝမှ စုတေသော် တာဝတိံသာ နတ်ပြည်၌ဖြစ်၍ အမြင့်ယူဇနာ ခြောက်ဆယ် အကျယ်ယူဇနာ သုံးဆယ်ရှိသော ဗိမာန်၌ နတ်သမီး ဖြစ်လေ၏။ ထိုနတ်ပြည်၌ အကြိမ်ပေါင်းရှစ်ဆယ် သိကြားမင်းကြီး၏ မိဖုယားကြီးဖြစ်ရ၏။ သိကြားမင်း မိဖုယားဖြစ်ရသော ဘဝပေါင်း ရှစ်ဆယ်ရှိသော် နတ်ပြည်မှ စုတေပြန်၍ လူ့ပြည်၌ စကြာမင်း၏ မိဖုယားကြီးဖြစ်သော ဘဝပေါင်းကား တရာဖြစ်ရ၏။ ဤသို့လျှင် ကမ္ဘာ တသိန်းပတ်လုံး အပါယ် မလားဘဲ နတ်ပြည် လူ့ပြည်တို့၌ သာလျှင် ကျင်လည်၍ ငါတို့မြတ်စွာဘုရား လက်ထက်တော်၌ အာဠဝီ ပြည်ဝယ် အာဠဝီမင်းမြတ်၏ သမီးတော်ဖြစ်လာ၍ သေလာ မင်းသမီးဟု အမည်ခေါ်ကြကုန်၏။ ထိုနောက် မွေးဘွားသော အာဠဝက မင်းသား ကလေးကို အာဠဝကဘီလူးအား အစာဖြစ်ဖို့သောငှါ ပို့ဆက်ရသော အခါတွင် မြတ်စွာဘုရား ကြွတော်မူ၍ ဆုံးမသဖြင့် အာဠဝက ဘီလူး သည် မြတ်စွာဘုရားအား ထိုမင်းသားကလေးကိုလှူ၏။ မြတ်စွာဘုရား သည် ထိုအာဠဝက ဘီလူးကို သပိတ်ထမ်းခေါ်၍ အာဠဝီပြည်သို့ ဝင်တော်မူသောအခါ အာဠဝီပြည့်ရှင်မင်းသည် မြတ်စွာဘုရားအား ဆည်းကပ်လာသော အခါ သမီးတော် သေလာ မင်းသမီးသည်လည်း ခမည်းတော်နှင့်အတူပါ၍ တရားတော်ကို နာပြီးလျှင် ပျိုဖြစ်နုငယ်သော အသက်ရှိလျက် သီလကို ဆောက်တည်၍နေ၏။ ထိုနောက် ရဟန်း မိန်းမတို့ အထံသို့သွား၍ ရဟန်းမိန်းမပြုလုပ်ပြီးလျှင် ရဟန္တာမအဖြစ်သို့ ရောက်တော်မူ၍ အာဠဝိကာ ဘိက္ခုနီဟု အမည်ကို ခေါ်ကြကုန်၏။ ထိုအာဠဝိကာ ဘိက္ခုနီ အရှင်မသည် သာဝတ္ထိပြည် သူကန်းတို့ နေဘူးသော အန္ဓဝန-သူကန်းတော၌ ဆိတ်ငြိမ်ခြင်းကို အလိုရှိသည် ဖြစ်၍ နေတော်မူ၏။ ထိုအခါ မာရ်နတ်သည် အာဠဝိကာ ဘိက္ခုနီ အရှင်မကို ကြောက်လန့်စေခြင်းငှါ ဤဂါထာဖြင့် လာ၍ဆို၏။

နတ္ထိ နိဿရဏံ လောကေ၊ ကိံ ဝိဝေကေန ကာဟသိ။
ဘုဉ္ဇဿု ကာမရတိယော၊ မာဟု ပစ္ဆာ နုတာပိနီ။

တရုဏာဝတိ၊ နုနုနယ်နယ် အသက်ငယ်၍ ပျိုရွယ်လှသော နှစ်မ။ လောကေ၊ လူတို့ပြည်၌။ နိဿရဏံ၊ သံသရာမှထွက်မြောက်သော နိဗ္ဗာန် သည်။ နတ္ထိ၊ မရှိ။ ဝိဝေကေန၊ ဆိတ်ငြိမ်စွာနေသဖြင့်။ ကိံ ကာဟသိ၊ အဘာ

ပြုမည်နည်း။ ကာမရတိယော၊ ကာမ အရသာ ပျော်မွေ့ရာ တို့ကို။ ဘုဉ္ဇသ္သု၊ ခံစားပါလော့။ ပစ္ဆာ၊ နောက်အခါမှ။ အနုတာပိနီ၊ နောင်တ တဘန်ပူပန်ခြင်း ရှိသည်။ မာအဟု၊ မဖြစ်စေလင့်။

ဤသို့ မာရ်နတ်ဆိုသောအခါ ဤဂါထာဖြင့် ပြန်၍ဆိုလိုက်၏။

အတ္ထိ နိဿရဏံ လောကေ၊ ပညာယ မေ သုဖဿိတံ။
ပမတ္တဗန္ဓု ပါပိမ၊ န တွံ ဇာနာသိ တံပဒံ။
သတ္တိသူလူပမာ ကာမာ၊ ခန္ဓာနံ အဓိကုဋ္ဋနာ။
ယံ တွံ ကာမရတိံ ဗြူသိ၊ အရတိ ဒါနိ သာ မမ။

ဤနှစ်ဂါထာကား- သဂါထာဂဂ်သံယုတ္တပါဠိတော် ၉၀-နံပါတ်၌ ရှိ၏။

ထေရီဂါထာ ပါဠိတော်၌ကား—

သဗ္ဗတ္ထ ဝိဟတာ နန္ဒီ၊ တမော ခန္ဓော ပဒါလိတော။
ဧဝံ ဇာနာဟိ ပါပိမ၊ နိဟတော တွ မသိ အန္တက။

ဤဂါထာပို ရှိ၏။ ၁၉၂-ထေရီဂါထာပါဠိတော်၊ သေလာထေရီ။

ပါပိမ၊ အယုတ်တမာ ဆိုးလှစွာသည့် ရှဉ္စာကြီးလတ် ဟယ် မာရ်နတ်။ လောကေ၊ လူတို့ပြည်၌။ နိဿရဏံ၊ ထွက်မြောက်ရာဖြစ်သော နိဗ္ဗာန်သည်။ အတ္ထိ၊ ရှိ၏။ မေ၊ ငါ၏။ ပညာယ၊ ပညာဖြင့်။ သုဖဿိတံ၊ ကောင်းစွာတွေ့ရ၏။ ပမတ္တဗန္ဓု၊ ဟယ်မာရ်နတ်။ တွံ၊သင် မာရ်နတ်သည်။ တံပဒံ၊ ထို နိဗ္ဗာန်ကို။ နဇာနာသိ၊ မသိရှာလေ။ ။ ကာမာ၊ ကာမဂုဏ်တို့သည်။ သတ္တိသူလူပမာ၊ ရူးရှတတ်သော လှံသွား သစ်ချွန် ပြောင့်တံကျင်နှင့် တူကုန်၏။ ခန္ဓာနံ၊ ခန္ဓာတို့ကို။ အဓိကုဋ္ဋနာ၊ အမဲသား စင်းခုတ်သော စဉ်းနီတုံးနှင့် တူကုန်၏။ တွံ၊ သင်မာရ်နတ် သည်။ ယံကာမရတိံ၊ အကြင်ကာမဂုဏ်၌ ပျော်မွေ့ခြင်းကို။ ဗြူသိ၊ ပြောဆိုလာ၏။ သာ၊ ထိုကာမဂုဏ်၌ မွေ့လျော်ခြင်းသည်။ ဒါနိ၊ ယခု။ မမ၊ ငါ့အား။ အရတိ၊ မပျော်မွေ့လိုတော့ပြီ။ ။သဗ္ဗတ္ထ၊အလုံးစုံသော ဖြစ်,ပျက်တရား၌။ နန္ဒီ၊ နှစ်သက်ခြင်းကို။ ဝိဟတာ၊ ပယ်ဖျောက်နိုင်ပြီ။ တမောခန္ဓော၊ အဝိဇ္ဇာတုံး မှောင်အလုံးကို။ ပဒါလိတော၊ ပယ်ဖျောက် နိုင်ပြီ။ပါပိမ၊ မာရ်နတ်ယုတ်။ ဧဝံ၊ ဤသို့။ ဇာနာဟိ၊ သိလေလော့။ အန္တက၊ မာရ်နတ်ယုတ်။ တွံ၊သင်သည်။နိဟတော၊ နှိပ်စက်အပ်သည်။ အသိ၊ဖြစ်၏။

၅၅အရာဝယ် သဂါထာဝဂ္ဂ သံယုတ် ပါဠိတော်၌ အာဠဝိကာ ဘိက္ခုနီ ဟူသောအမည်ဖြင့် ဟောတော်မူ၏။ ထေရီဂါထာ ပါဠိတော်၌ သေလာထေရီ ဟူသော အမည်ဖြင့် ဟောတော်မူ၏။ ဤ အပဒါန် ပါဠိတော်၌ ပဥ္စဒိပိကာ ဘိက္ခုနီ ဟူသောအမည်ဖြင့် ဟောတော် မူ၏]။

အာဠဝိကာ ဘိက္ခုနီ ဟူ၍ရင်း, သေလာထေရီ ဟူ၍ရင်း,ပဥ္စဒိပိကာ ဘိက္ခုနီဟူ၍ရင်း သုံးမျိုးသော အမည်ဘွဲ့တော်ဖြင့် ကျော်စောထင်ရှား တော်မူသော ရဟန္တာအရှင်မသည် ဟတ္ထာဠဝက မင်းသား၏ နှမ တော် ဖြစ်ရကား ကြီးမြတ်သော ဂုဏ်ထူးရှိသော ထို အရှင်မသည် ရှေးဘဝက ပြုခဲ့ဘူးသော ပါရမီကုသိုလ်ပြုပုံကို ပုဗ္ဗေနိဝါသ အဘိ ညာဏ်ဖြင့် ဆင်ခြင်တော်မူ၍—

နဂရေ ဟံသာဝတိယာ၊ စာရိကီ အာသဟံ တဒါ။
အစရှိသော အပဒါန်တရားတို့ကို ဟောကြားတော်မူ၏။

[ဤကား အဋ္ဌကထာစကားတည်း]။

ပဥ္စဒိပိကာ အမည်ရှိသော ဘိက္ခုနီမ ဟောတော်မူသော အပဒါန်တရားတော် အကြောင်း

[ဆီမီး ဖယောင်းတိုင် ငါးတိုင် လှူခြင်းကြောင့် နတ်မိဖုယားကြီး အကြိမ်ရှစ်ဆယ်၊ စကြာမင်းမိဖုယားကြီး အကြိမ်တရာဖြစ်ကြောင်း]။

တရားတော်နာ လာကြကုန်သော အရှင်မတို့.... ပဥ္စဒိပိကာ သညာ ဘွဲ့ရှိထေရီအလှ တပည့်တော်မသည် ဤကမ္ဘာမှပြန်၍ ရေသည့်ရှိသော် ကမ္ဘာတသိန်းထက်၌ ဟံသာဝတီပြည်ကြီးဝယ် အမျိုးကောင်းသမီးဖြစ်၍ ကုသိုလ်ကို အလိုရှိသော စိတ်ကောင်း စိတ်မြတ်ဖြင့် ရဟန်းသံဃာ တော်များ သီတင်းသုံးနေတော်မူရာ ကျောင်းတိုက်သို့ မကြာ မကြာ အခါခါသွားလာလှည့်ပတ်၍ ရဟန်း သံဃာတော်တို့ကို ဖူးမျှော်ပူဇော် ကန်တော့လေ့ရှိသောကြောင့် စာရိကီ ဟူသော အမည်ကိုရ၏။ ဤကဲ့သို့ သံဃာတော်များကို ဖူးမျှော်ရန် လှည့်လည်ရာတွင် တခုသော လဆုတ် ပက္ခ၌ ပဒုမုတ္တရ မြတ်စွာဘုရား ပွင့်တော်မူရာဖြစ်သော ဗောဓိပင်ကို ဖူးမြင်ရ၏။ ထိုဗောဓိပင်၌ စိတ်ကို ကြည်ညိုစေ၍ တပည့်တော်မသည် ဗောဓိပင်ရင်း၌ ထိုင်၍နေ၏။ ထိုအခါ တပည့်တော်မသည် ရှိသေ

လေးမြတ်သောစိတ်ကို ဖြစ်စေ၍ ဦးခေါင်းထိပ်တွင် နဖူးပြင်၌ လက်အုပ်ကို ချီတင်၍ ရွှင်လန်း ဝမ်းမြောက်သော စိတ်ဖြင့် ဤကဲ့သို့ ဆင်ခြင်၍ မိဗ္ဗာန်၏၊ အကယ်၍ မြတ်စွာဘုရားသည် မနှိုင်းယှဉ်အပ်သော ဂုဏ်ရှိသော အတုမရှိသော ပုဂ္ဂိုလ်မြတ် ဖြစ်ငြားအံ့ ဤဗောဓိပင်သည် တန်းခိုးပြ၍ အရောင်လွှတ်ပါစေသတည်းဟု။ ဤကဲ့သို့ ငါသည် ဆင်ခြင်မိဗ္ဗာန်သောခဏ၌ ဗောဓိပင်မှ ပြောင်ပြောင်ပဝင်း ထွန်းလင်းတောက်ပတော်မူလျက် အရောင်တော်လွှတ်၏။ အလုံးစုံသော ဗောဓိပင်သည် ရွှေအဆင်းကဲ့သို့ရှိ၏။ အရပ်မျက်နှာ အလုံးစုံတို့သည် ထွန်းလင်းတောက်ပ၍နေ၏။ တပည့်တော်မသည်လည်း ထိုဗောဓိပင် ရင်း၌ ခုနစ်ရက် ပတ်လုံး ရှိသေစွာနေ၍ ဖူးမျှော်ကန်တော့၏။ ခုနစ်ရက်မြောက်သောနေ့၌ ဆီမီးဖယောင်းတိုင် ငါးဘိုင်တို့ကို ဗောဓိပင်ရင်း ရွှေပလ္လင်ကို ဝန်းရံ၍ တညလုံးညှိထွန်းပူဇော်၏။ ထိုသို့ဗောဓိပင်ကို ဆီမီးဖယောင်းတိုင်ငါးခုတို့ဖြင့် တညလုံးပူဇော်သော ကုသိုလ်ကြောင့် တာဝတိံသာ နတ်ပြည်၌ ဖြစ်ရ၏။ ထိုတာဝတိံသာ နတ်ပြည်၌ ငါ၏ ဘုံဗိမာန်ကို ပဥ္စဒီပဗိမာန်ဟူ၍ ခေါ်၏။ ယူဇနာ ခြောက်ဆယ် မြင့်၏။ ယူဇနာ သုံးဆယ် ကျယ်ဝန်း၏။ ငါ၏ ဘုံဗိမာန် ထက်ဝန်းကျင် ပတ်လည်မှ မရေမတွက်နိုင်သော ဆီမီးတိုင် တို့သည် ထွန်းလင်း တောက်ပ၍ နေကုန်၏။ ပဥ္စဒီပနတ်သမီး၏ ဗိမာန်အမြင့် ယူဇနာခြောက်ဆယ် အကျယ် အဝန်း ယူဇနာသုံးဆယ်၏ အတွင်း၌ ဆီမီးရောင်ဖြင့် ထွန်းလင်း၍ နေ၏။ မျက်ကွယ်ထိုင်နေရာမှ မြင်လိုငြားအံ့၊ အထက်ကိုရင်း အောက်ကိုရင်း ဘေးကိုရင်း မော်၍ ငုံ့၍ ဦးခေါင်းကို လှည့်လည်၍ မကြည့်ရှုဘဲ မြင်နိုင်၏။ (နောက်ကို မြင်နိုင်ကြောင်းကို မဆို)။ ကောင်းသူ-မကောင်းသူတို့ကို ကြည့်ရှု လိုငြားအံ့၊ သစ်ပင် မြေတောင်တို့သည် ကွယ်ခြား ပိတ်ပင်ခြင်းမရှိမူ၍ မြင်နိုင်၏။ ဆီမီးငါးတိုင် ပူဇော်သော ကုသိုလ်ကြောင့် စကြာမင်းကြီး၏ အဂ္ဂမဟေသီ မိဖုယားကြီး အကြိမ်ကရာ ဖြစ်ရ၏။ နတ်ပြည်၌ နတ်မင်းကြီးတို့၏ အဂ္ဂမဟေသီ နတ်မိဖုယားကြီး အကြိမ်ရှစ်ဆယ်ဖြစ်ရ၏။ လူ့ပြည် နတ်ပြည် ဖြစ်လေရာ ဘဝ၌ ဆီမီးတိုင်ပေါင်း တသောင်းဝန်းရံ၍ ထွန်းလင်း၏။ နတ်ပြည်မှ စုတေ၍ လူ့ပြည်၌ ပဋိသန္ဓေနေသောအခါ အမိဝမ်းတွင်း၌ ငါ၏ မျက်စိသည် မှိတ်ခြင်းမရှိ။ တသောင်းသော ဆီမီးတိုင် တို့သည် ကုသိုလ်ကံနှင့်

ပြည့်စုံသည်ဖြစ်၍ ငါ့ကိုဖွားမြင်ရာ တိုက်ခန်း၌ ထွန်းလင်း တောက်ပ၍ နေကုန်၏။ ယခုနောက်ဆုံး ဖြစ်သောဘဝ၌အိုခြင်း သေခြင်း မရှိသော နိဗ္ဗာန်ကိုမြင်ရ၏။ ငါသည် ခုနစ်နှစ်သို့အရွယ်က ရဟန္တာ မိန်းမဖြစ်၍ အရဟတ္တဖိုလ်ကို ရ၏။ မြတ်စွာဘုရားသည် ငါ၏ဂုဏ်ကို သိတော်မူ၍ အသက်နှစ်ဆယ်မပြည့်ခင် ခုနစ်နှစ်သို့အရွယ်၌ ပဥ္စင်းအဖြစ်ကိုပေး တော်မူ၍ ဥပသမ္ပဒါ ပဥ္စင်းမဖြစ်၍ဘိက္ခုနီ ရဟန်းမိန်းမအဖြစ်၌နေရ၏။

[ဝတ္ထု,ဥ,တ္တိ,အနုသာဝန, သိမ, ပရိသ, ဤအင်္ဂါ ငါးပါးနှင့် ပြည့်စုံ သောကြောင့် ပဥ္စင်,ဦးပဥ္စင်,ဦးပဥ္စင်း ဟူ၍ ရဟန်း ယောကျ်ားများကို ခေါ်၏။ ရဟန်းမိန်းမများကို မယ်ပဥ္စင်းဟူ၍ ခေါ်ရ၏။ ယခုအခါ မယ် ပဥ္စင်းလုပ်သောသူ တဦးတယောက်မျှ မပေါ်ထွက်ကြကုန် မယ်သီလ လုပ်သောသူတွေကား ရှိကြသေး၏ဟူလို]။

ဇာတိယာ သတ္တဝဿာဟံ၊ အရဟတ္တ မပါပုဏိ။
ဥပသမ္ပာဒယိ ဗုဒ္ဓေါ၊ ဂုဏာမညာယ ဂေါတမော။
မဏ္ဍပေ ရုက္ခမူလေဝါ၊ ပါသာဒေသု ဂုဟာသုဝါ။
သုညာဂါရေစ ဈာယန္တာ၊ ပဥ္စဒီပါ ဇလန္တိ မေ။
ဒိဗ္ဗစက္ခု ဝိသုဒ္ဓံ မေ၊ သမာဓိကုသလာ အဟံ။
အဘိညာ ပါရမိပတ္တာ၊ ပဥ္စဒီပါနိဒံ ဖလံ။

အယျာယော၊ အရှင်မတို့။ အဟံ၊ ပဥ္စဒီပ၊ အမည်ရသော တပည့် တော်မသည်။ ဇာတိယာ၊ မွေးဖွားသည်မှ။ သတ္တဝဿာ၊ ခုနစ်နှစ်သို့ အရွယ်က။အရဟတ္တံ၊ အရဟတ္တဖိုလ်ကို ရသော ရဟန္တာမ အဖြစ်သို့။ အပါပုဏိံ၊ ရောက်ပြီ။ ဂေါတမော၊ ဂေါတမ အမည်တော်ရှိသော။ ဗုဒ္ဓေါ၊ မြတ်စွာဘုရားသည်။ ဂုဏံ၊ ရဟန္တာဖြစ်သောဂုဏ်ကို။အညာယ၊ သိတော်မူ၍။ ဥပသမ္ပာဒယိ၊ ပဥ္စင်းအဖြစ်ကို ပေးတော်မူ၏။ မဏ္ဍပေဝါ၊ မဏ္ဍပ်တွင်း၌၎င်း။ ရုက္ခမူလေဝါ၊ သစ်ပင်ရင်း၌၎င်း။ ပါသာဒေသုဝါ၊ ပြာသာဒ်တွင်း တို့၌၎င်း။ ဂုဟာသုဝါ၊ ဂူတွင်း လိုဏ်တွင်းတို့၌၎င်း။ သုညာဂါရေစ၊ ဆိတ်ငြိမ်သော နေရာ၌၎င်း။ ဈာယန္တာ၊ ဈာန်ဝင် စားလျက်၊ မေ၊ ခုနစ်နှစ်ရွယ် နုငယ်စွာလှ တပည့်တော်မ၏။ သန္တိကေ၊ အထံ၌။ပဥ္စဒီပါ၊ဆီမီးငါးတိုင်တို့သည်။ ဇလန္တိ၊ ထွန်းလင်း၍နေကုန်၏။ မေ၊တပည့်တော်မအား။ ဒိဗ္ဗစက္ခု၊ နတ်၏မျက်စိနှင့်တူသော ဒိဗ္ဗစက္ခု

အဘိညာဏ်သည်။ ဝိသုဒ္ဓိ၊ စင်ကြယ် သန့်ရှင်း၏။ အဟံ၊ တပည့်တော်မသည်။ သမာဓိကုသလာ၊ ခုနစ်နှစ်ရွယ်မျှရှိသော်လည်း သမာဓိတရား၌ လိမ္မာကျွမ်းကျင်ပါ၏။ အဘိညာ၊ ခြောက်ပါးသောအဘိညာဏ်သည်။ ပါရမီ၊ အထွဋ်အဖျားသို့။ ပတ္တာ၊ ရောက်ပါ၏။ ဣဒံ၊ ဤခုနစ်နှစ်သမီးအရွယ်က ရဟန္တာမဖြစ်၍ သမာဓိဈာန်အဘိညာဏ်တို့ကို ရခြင်းသည်။ ပဉ္စဒီပါနံ၊ ဆီမီးငါးတိုင်တို့၏။ ဖလံ၊ အကျိုးတည်း။

ခုနစ်နှစ်သမီးအရွယ် ဘိက္ခုနီမသည် မြတ်စွာဘုရား အထံတော်သို့ သွား၍ ရိုသေစွာ ရှိခိုးဦးချလျက် လျှောက်ကြားသော ဂါထာကို ဤသို့ ရွတ်ဆို၏။

သဗ္ဗဝေါသိတဝေါသာနာ၊ ကတကိစ္စာ အနာသဝါ။
ပဉ္စဒီပါ မဟာဝီရ၊ ပါဒေ ဝန္ဒတိ စက္ခုမ။
သတသဟဿိတော ကပ္ပေ၊ ယံဒီပ မဒဒိံ တဒါ။
ဒုဂ္ဂတိံ နာဘိဇာနာမိ၊ ပဉ္စဒီပါနိဒံ ဖလံ။

မဟာဝီရ၊ ကြီးသော လုံ့လရှိတော်မူသော မြတ်စွာဘုရား။ စက္ခုမ၊ စက္ခုငါးပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။ သဗ္ဗ ဝေါသိတ ဝေါသာနာ၊ အလုံးစုံဒုက္ခ ပြီးဆုံးခြင်းဖြင့် ပြီးဆုံးပြီးသော။ ကတကိစ္စာ၊ ပြုပြီးသော မဂ်ကိစ္စရှိသော။ အနာသဝါ၊ ကင်းပြီးသော အာသဝေါ ရှိသော။ ပဉ္စဒီပါ၊ ပဉ္စဒီပ အမည်ရှိသော ဘိက္ခုနီမသည်။ တဝ၊ အရှင်ဘုရား၏။ ပါဒေ၊ ခြေတော်အစုံကြာပဒုံတို့ကို။ ဝန္ဒတိ၊ ရှိခိုးပါ၏။ ။ ဣတော၊ ဤ ကမ္ဘာမှ။ သတသဟဿကပ္ပေ၊ ကမ္ဘာတသိန်းထက်၌။ ယံဒီပံ၊ အကြင်ဆီမီး ငါးတိုင်ကို။ တဒါ၊ ထိုကျောင်းစဉ် လှည့်ပတ် ဆည်းပူးသောအခါ၌။ အဒဒိံ၊ လှူခဲ့ဘူးပြီ။ ဒုဂ္ဂတိံ၊ ဒုဂ္ဂတိ အပါယ်ဘုံသို့။ နာဘိဇာနာမိ၊ ရောက်ဘူးသည်ဟူ၍ မသိရပါ။ ဣဒံ၊ ဤသည်ကား။ ပဉ္စဒီပါနံ၊ ဆီမီးငါးတိုင်တို့၏။ ဖလံ၊ အကျိုးပေတည်း။

ခုနစ်နှစ်သမီး အရွယ် ပဉ္စဒီပိကာမည်သော ဘိက္ခုနီမသည် ဘိက္ခုနီ ရဟန်းမိန်းမ သာမဏေရီမ သိက္ခမာန်မတို့၏ အလယ်၌ တင့်တယ်စွာ ထိုင်နေလျက် ဤဂါထာပါဌ်တို့ကို ဟောတော်မူ၏။

ပဉ္စဒီပိကာထေရီဝတ္ထု ပြီး၏။ ။ [နဝမ]။

ဥဒကဒါယိကာ မည်သော ဘိက္ခုနီမ ဟောတော်မူသော အပဒါန်ဝတ္ထု

「ချိုးရေ သုံးရေ သောက်ရေ လှူခြင်းကြောင့် နတ်မင်းမိဖုယားကြီး အကြိမ်ငါးဆယ် စကြာမင်း၏ မိဖုယားကြီး အကြိမ် နှစ်ဆယ် ဖြစ်ကြောင်း」။

နဂရေ ဗန္ဓုမတိယာ၊ အဟောသိံ ဥဒဟာရိကာ။
ဥဒဟာရေန ဇီဝါမိ၊ တေန ပေါသေမိ ဒါရကေ။

အယျာယော၊ တရားတော်နာ လာကြကုန်သော အိုး-အရှင်မတို့။ ဣတော၊ ဤကမ္ဘာမှ။ ကေနဝုတိကပ္ပေ၊ကိုးဆဲ့တကမ္ဘာထက်၌။ဗန္ဓုမတိယာ၊ ဗန္ဓုမတီ အမည်ရှိသော။ နဂရေ၊ဝိပဿီမြတ်စွာဘုရား စံနေတော်မူရာ မြို့တော်ကြီး၌။ အဟံ၊ တပည့်တော်မသည်။ ဥဒဟာရိကာ၊ ရေသည်မသည်။ အဟောသိံ၊ ဖြစ်ဘူးပြီ။ ဥဒဟာရေန၊ ရေကိုခပ်၍ ရောင်းသဖြင့်။ ဇီဝါမိ၊ အသက်မွေးရ၏။တေန၊ ထိုရေကိုခပ် ရောင်း၍ ရသော ဥစ္စာဖြင့်။ ဒါရကေ၊ သားသမီးငယ်တို့ကို။ ပေါသေမိ၊ ကျွေးမွေးရ၏။ ဒေယျဓမ္မောစ၊ လှူစရာဝတ္ထုသည်လည်း။ မေ၊ တပည့်တော်မအား။ နတ္ထိ၊ မရှိပါ။

တရားတော်နာ လာကြကုန်သော အိုး-အရှင်မတို့ တပည့်တော်မသည် ကိုးဆဲ့တကမ္ဘာထက်၌ ရေကိုခပ်၍ အသက်မွေးရသော ရေသည်မ ဖြစ်ဘူးပါ၏။ ရေကို ခပ်ရောင်း၍ သားသမီးတို့ကို ကျွေးမွေးရပါ၏။ လှူစရာဝတ္ထုလည်း မရှိပါ။ လှူချင်သောစိတ် အလွန်ရှိလှသောကြောင့် ရဟန်းသံဃာတော်များ ရေချိုးသော ရေအိုး၌ ရေကိုခပ်၍ ထည့်ထား၏။ ထိုချိုးရေလှူသော ကုသိုလ်ကံကြောင့် တာဝတိံသာ နတ်ပြည်သို့ရောက်၏။ ရေလှူသော ကုသိုလ်ကံသည် ဖန်ဆင်းအပ်သော နတ်ဗိမာန်ကြီး၌ နတ်သမီးတထောင်ခြံရံလျက် နေရ၏။ ခြံရံ၍နေကြကုန်သော နတ်သမီး တထောင်တို့ထက် ဆယ်ပါးသော အရာဌာနတို့ဖြင့် သာလွန်၏။ ။「ရုပ-သဒ္ဒ-ဂန္ဓ-ရသ-ဖုသန-အာယု-ဝဏ္ဏ-သုခ-ယသ-အဓိပတေယျ,၁၀-ပါး ဟူလို」။

ပဉ္စာသံ ဒေဝရာဇူနံ၊ မဟေသိတ္တံ မကာရယိံ။
ဝီသတိ စက္ကဝတ္တီနံ၊ မဟေသိတ္တံ မကာရယိံ။

ဒုဝေ ဘဝေ ပဇာနာမိ၊ ဒေဝတ္တေ အထ မာနုသေ။
ဒုဂ္ဂတိံ နာဘိဇာနာမိ၊ ဒကဒါနဿိဒံ ဖလံ။

အယျာယော တရားတော်နာ လာကြကုန်သော အို–အရှင်မတို့....။ ပညာသံ၊ဘဝပေါင်း အကြိမ်ငါးဆယ်။ဒေဝရဇ္ဇုနံ၊ နတ်မင်းကြီးတို့၏။ မဟေသိတ္တံ၊အဂ္ဂမဟေသီမိဖုယားကြီး၏အဖြစ်ကို။အကာရယိံ၊ပြုဘူးပြီ။ ဝီသတိ၊ဘဝပေါင်း အကြိမ်နှစ်ဆယ်။ စက္ကဝတ္တိနံ၊ စကြာမင်းကြီးတို့၏။ မဟေသိတ္တံ၊ အဂ္ဂမဟေသီ မိဖုရားကြီး၏ အဖြစ်ကို။ အာကာရယိံ၊ ပြုရဘူးပြီ။ ဒေဝတ္တေ၊ နတ်သို့ အဖြစ်၌ရင်း။ မာနုသေ၊ လူ၏ အဖြစ်၌ရင်း။ ဒုဝေ နှစ်မျိုးကုန်သော။ ဘဝေ၊ဘဝတို့ကို။ ပဇာနာမိ၊သိရ၏။ ဒုဂ္ဂတိံ၊ ဒုဂ္ဂတိအပါယ်ဘုံသို့။ နာဘိဇာနာမိ၊ မသိရပါ။ ဣဒံ၊ ဤသည်ကား။ ဒကဒါနဿ၊ ရေလှူခြင်း၏။ ဖလံ၊အကျိုးပေတည်း။

တရားတော်နာ လာကြ ကုန်သော အို အရှင်မတို့.....ရေလှူသော ကုသိုလ်ကြောင့် တပည့်တော်မသည် တောင်ထိပ်၌ နေသော်ရင်း သစ်ပင်ဖျား၌နေသော်ရင်း ကောင်းကင်၌နေသော်ရင်း မြေ၌နေသော်ရင်း အလိုရှိလျှင် အလိုရှိသမျှရေကို ရနိုင်၏။ အလွန်ပူလောင် ခြောက်သွေ့သော နေရာ၌ နေသော်လည်း အလိုရှိလျှင် တပည့်တော်မ၏ အလိုဆန္ဒကိုသိ၍ ကြီးစွာသော မိုဃ်းကိုရွာစေရ၏။တရံဘခါ၌ ဆွေမျိုးဉာတိပရိသတ် အပေါင်းတို့နှင့် အရပ်တပါးသို့ ဒေသစာရီ လှည့်လည်သွားလာ၏။ ထိုသို့ ခရီးသွားရာ၌ နေပူ ရေငတ်၍ ပင်ပန်းကြသည်ရှိသော် တပည့်တော်မသည် မိုဃ်းရွာခြင်းကို တောင့်တသောအခါ၌ ကြီးစွာသော မိုဃ်းသည် ရွာသွန်းလာ၏။တပည့်တော်မ၏ကိုယ်၌ နွေလအခါပင် ဖြစ်သော်လည်း ပူခြင်း, အိုက်ခြင်း ဘယ်အခါမှမရှိ။ တပည့်တော်မ၏ ကိုယ်၌ မြူဖုံ အညစ်အကြေး ချေးညှော်တို့သည် မကပ်ငြိနိုင်။ သန့်ရှင်း စင်ကြယ်၏။ ။ယခုအခါ၌ ကိလေသာ တည်းဟူသော မြူဖုံတို့မှကင်းသော စိတ်ရှိသည်ဖြစ်၍ အာသဝေါကင်းသော ရဟန္တာမအဖြစ်သို့ရောက်၍ နောက်ဘဝ၌ တဖန် ပဋိသန္ဓေနေခြင်း မရှိတော့ပြီ။ ပဋိသန္ဓေနေခြင်း မရှိသောကြောင့် အိုခြင်း, နာခြင်း, သေခြင်း တို့သည်လည်း မရှိတော့ပြီ။

များစွာ အဘိုးထိုက်တန်ခြင်း မရှိ။ ကိုယ်စွမ်းအားဖြင့် ခပ်ယူတိုင်းရနိုင်သော ရေကို စေတနာကောင်းစွာ ထား၍လှူသောကြောင့် မဂ်ဖိုလ်

နိဗ္ဗာန်ကို ရနိုင်ပါ၏။နိဗ္ဗာန်ကိုရမှသာလျှင် ပဋိသန္ဓေနေခြင်း ကင်းလွတ်ပါသည်။ ပဋိသန္ဓေနေခြင်း ကင်းလွတ်မှ သာလျှင် အိုခြင်း, သေခြင်း ကင်းလွတ်ပါသည်။ အိုခြင်း, သေခြင်း ကင်းလွတ်လိုကြပါလျှင် အလွန်ဆင်းရဲလှစွာသော ရေသည်မကဲ့သို့ တတ်နိုင်သလောက် ပါရမီကို ဖြည့်ကြပါကုန်လော့ဟူ၍ ဟောတော်မူ၏။

ဤ ဥဒကဒါယိကာ ဘိက္ခုနီမသည် ဒေဝဒဟပြည်၌ ဖြစ်သော သာကီဝင် မင်းသို့းတည်း။ မိထွေးတော် ဂေါတမီနှင့် အတူလိုက်၍ ရဟန်းမိန်းမ ပြုလုပ်သည်။ [ဤသုမေဓာဝဂ်၌ ရဟန္တာထေရီ ဘိက္ခုနီ အရှင်မပေါင်း တကျိပ်ရှိသည်]။

ဥဒကဒါယိကာ ဘိက္ခုနီမ ဝတ္ထုပြီး၏။ ။[ဒသမ]။

ခုနစ်နှစ်သမီး ရဟန္တာမဖြစ်သော ကေူပေါ်သာထေရီ၏ အပဒါန်ဝတ္ထု

ပဥ္စာစာရီ ထေရီ၏ တပည့်မ ဖြစ်သော ဥတ္တမာ ထေရီသည် ကိုးဆဲ့တကမ္ဘာထက် ဝိပဿီမြတ်စွာဘုရား ပွင့်တော်မူသောအခါ၌ ဗန္ဓုမတီပြည်ဝယ် သူဌေးသူကြွယ်တို့အိမ်၌အိုးခွက်တို့ကို ဆေးကြောထိန်းသိမ်းရသော ကုမ္ဘဒါသီ အိုးဆေးကျွန်မဖြစ်၍ ဝိပဿီ မြတ်စွာ ဘုရား၏ ခမည်းတော် ဗန္ဓုမမင်းကြီး ဥပုသ်ဆောက်တည်သည်ကိုမြင်၍ ငါသည်လည်း ဥပုသ် ဆောက်တည်၍ စောင့်ထိန်းအံ့ဟု ကြံ၍ အိုးခွက်ဆေးကြော ထိန်းသိမ်းခြင်း ရေခပ်ရခြင်း အစရှိသော အိမ်ရှင်သူဌေးတို့၏ ကိစ္စကို ဆောင်ရွက် လုပ်ကိုင်လျက်ပင်လျှင် ဥပုသ် သီလကို စောင့်ထိန်းသော ကုသိုလ်ကြောင့် တာဝတိံသာနတ်ပြည်၌ အခြွေအရံ နတ်သမီး တသိန်း တို့နှင့် တယူဇနာမြင့်သော နတ်ဗိမာန်ဝယ် နတ်သမီး ဖြစ်လေ၏။ထိုနတ်သမီး၏လှပသောအဆင်းရုပ်ရေကို မြင်၍ သိကြားမင်းသည် မိဖုယားကြီးအရာ၌ ထား၍ နတ်စည်းစိမ်ကို ခံစားရ၏။ ဤကဲ့သို့ နတ်ပြည်၌ နတ်မင်းကြီးတို့၏ မိဖုယားဖြစ်ရသောဘဝပေါင်း ခြောက်ဆဲ့လေးဘဝဖြစ်ပြီးမှ လူ့ပြည်၌ဖြစ်လာပြန်၍ စကြာမင်းကြီးတို့၏ မိဖုယားကြီးဘဝပေါင်း ခြောက်ဆဲ့သုံးကြိမ်ဖြစ်ရ၏။ ဤသို့လျှင် အပရာပရိယကုသိုလ် အဆက်ဆက် အကျိုးပေးသဖြင့် ကိုးဆဲ့ တကမ္ဘာပတ်လုံး

အပါယ်လေးပါးသို့ မလားမကျ မရောက်ရဘဲ ငါတို့ မြတ်စွာဘုရား ပွင့်တော်မူသောအခါ၌ သာဝတ္ထိပြည်ဝယ်သူဋ္ဌေးသမီးဖြစ်လာ၍ ဥတ္တမာ ဟူသော အမည်ကိုခေါ်ကြကုန်၏။ ထိုသူဋ္ဌေးသမီး ဥတ္တမာသည်အသက် ခုနစ်နှစ် အရွယ်ရှိလျှင် ပဋာစာရီ ရဟန္တာအရှင်မထံ၌ သာမဏေရီ ပြုလုပ်၍ တဆဲ့ငါးရက်မျှရှိလျှင် ရဟန္တာမ အဖြစ်သို့ ရောက်လေ၏။

အဘယ်သို့ တရားကို အားထုတ်၍ ရဟန္တာမဖြစ်သနည်း ဟူမူကား ထိုဥတ္တမာသည် ဆရာဥပဇ္ဈာယ်ဖြစ်သော ပဋာစာရီ၏ ဆုံးမဩဝါဒ တရားစကားကို မှတ်သားနာယူ၍ ဝိပဿနာကို အားထုတ် ရာတွင် ဖြစ်ခြင်း,ပျက်ခြင်း သဘော၌ ဉာဏ်မသက်ဝင်နိုင်သဖြင့် လေးကြိမ် ငါးကြိမ် ကျောင်းအခန်းမှ ထွက်၍ ငါ၏ ဥပဇ္ဈာယ်ဆရာ ပဋာစာရီ အရှင်မထံသို့သွား၍ မေးလျှောက်ဦးအံ့ဟု ကြံ၍ သုံးကြိမ် လေးကြိမ် မေးလျှောက်ပြီးနောက် ငါးကြိမ်မြောက် မေးလျှောက်သော အခါတွင် ပဋာစာရီ ထေရီရဟန္တာအရှင်မသည် စေတောပရိယ အဘိညာဏ်ဖြင့် ဥတ္တမာ၏စိတ်ကို ကြည့်ရှုတော်မူ၍ သင့်လျော်သော ကမ္မဋ္ဌာန်းကိုပြ လျက် ခန္ဓာ အာယတန ဓာတ်တို့ကို ဟောတော်မူ၏။ ထိုဥတ္တမာသည် ပဋာစာရီ ထေရီအရှင်မ၏ ကမ္မဋ္ဌာန်းနည်းကို ယူ၍ ခုနစ်ရက် ပတ်လုံး အစာပလ္လက် မိန်းမတို့ ထိုင်သင့်သော ထက်ဝက်ပလ္လင်ဖြင့် ကြို့ကြို့ ထိုင်နေလျက် ဖြစ်ပျက် ကမ္မဋ္ဌာန်းကို ဆင်ခြင်သည်ရှိသော် ရှစ်ရက် မြောက်၌ ရဟန္တာ အဖြစ်သို့ ရောက်၏။ ဥတ္တမာထေရီသည် ထို အကြောင်းကို ပြလိုသည်ဖြစ်၍ ဤဂါထာတို့ကို ဟောတော်မူ၏။

စတုက္ခတ္တုံ ပဉ္စက္ခတ္တုံ၊ ဝိဟာရာ ဥပနိက္ခမိံ။
အလဒ္ဓါ စေတသော သန္တိံ၊ စိတ္တေ အဝသဝတ္တိနီ။

သာ ဘိက္ခုနိံ ဥပဂစ္ဆိံ၊ ယာ မေ သဒ္ဓါယိကာ အဟု။
သာ မေ ဓမ္မံ အဒေသေသိ၊ ခန္ဓာယတန ဓာတုယော။

တဿာ ဓမ္မံ သုဏိတွာန၊ ယထာ မံ အနုသာသိ သာ။
သတ္တာဟံ ဧကပလ္လင်္ကေန၊ နိသီဒိံ ပီတိသုခသမပ္ပိတာ၊

အဋ္ဌမိယာ ပါဒေ ပသာရေသိံ။
တမောခန္ဓံ ပဒါလိယ။

အဋ္ဌကထာ၌ တွေ့သောပါဠိ။

သဗ္ဗာဟံ ဧကပလ္လင်္ကေန၊ နိသိဒိံ ပီတိသုခသမပ္ပိတာ။
အဋ္ဌမိယာ ပါဒေ ပသာရေသိံ၊ တမောခန္ဓံ ပဒါလိယ။

ထေရီဂါထာပါဠိတော် ဋီကာနိပါတ်-၁၉၁။

(ဋီကာဆိုသော်လည်း သုံးဂါထာခွဲရှိ၏ စတုက္ကမပြည့်လျှင် ဋီကာဆိုရ၏)

စေတသော၊ စိတ်၏။ သန္တိံ၊ ငြိမ်သက်ခြင်းကို။ အလဒ္ဓါ၊ မရသော ကြောင့်။ စိတ္တေ၊ စိတ်၌။ အဝသဝတ္တိနိ၊ မိမိအလိုသို့ ပါအောင် မကျင့် နိုင်သည်ဖြစ်၍။ စတုက္ခတ္တုံ၊ လေးကြိမ်။ ပဉ္စက္ခတ္တုံ၊ငါးကြိမ်။ ဝိဟာရာ၊ ကျောင်းနေရာမှ။ ဥပနိက္ခမိံ၊ ထွက်ရ၏။ မေ၊ ခုနစ်နှစ်ရွယ် အသက် ငယ်စွာ ဥတ္တမာမည် ငါထေရီသည်။ ယာ၊ အကြင်ပဋာစာရီ၊ ထေရီ မြတ်လျှ အရှင်မကို။ သဒ္ဓါယိကာ၊ အားထားကပ်မှီ လွန်ယုံကြည်သည်။ အဟု၊ ဖြစ်ပေ၏။ သာဘိက္ခုနိ၊ ထိုဘိက္ခုနီ အရှင်မအထံသို့။ ဥပဂန္တွာ၊ မှီခိုဆည်းကပ် ခစားအပ်ပြီ။ သာ၊ ထိုပဋာစာရီ ထေရီမြတ်လျှ အရှင် မသည်။ မေ၊ ဥတ္တမာမည် ငါထေရီအား။ ခန္ဓာယတနဓာတုယော၊ ခန္ဓာငါးပါး အာယတနတဆဲ့နှစ်ပါး ဓာတ်တဆဲ့ရှစ်ပါးတို့ကို ခွဲခြမ်း စိတ်ဖြာ၍။ ဓမ္မံ၊ တရားကို။ အဒေသေသိ၊ ဟောပြတော်မူ၏။ တဿာ၊ ထိုပဋာစာရီ ထေရီမြတ်လျှ အရှင်မ၏။ဓမ္မံ၊တရားစကားကို။သုတွာန၊ နာပြီး၍။ သာ၊ထိုပဋာစာရီ ထေရီမြတ်လျှ အရှင်မသည်။ မံ၊ ဥတ္တမာမည် ငါထေရီကို။ ယထာ၊ အကြင်သို့သော အခြင်းအရာဖြင့်။ အနုသာသိ၊ ဆုံးမ သင်ပြတော်မူ၏။

တထာ၊ ထိုသို့သော အခြင်းအရာဖြင့် ဆုံးမ သင်ပြတိုင်းသာလျှင်။ သတ္တာဟံ၊ ခုနစ်ရက်ပတ်လုံး။ ဧကပလ္လင်္ကေန၊ တထိုင်တည်းဖြင့်။ ပီတိ သုခသမပ္ပိတာ၊ နှစ်သက်ချမ်းသာခြင်းသို့ သက်ဝင်သော စိတ်ဖြစ်လျက်။ နိသိဒိံ၊ ဖြစ်ပျက်ရှုကာ ထိုင်နေပါ၏။ အဋ္ဌမိယာ၊ ရှစ်ရက်မြောက်သော နေ့၌။ တမောခန္ဓံ၊ ဖြစ်ပျက်ပိတ်ဖုံး မှောင်အလုံးကို။ ဝါ၊ ဖြစ်ပျက်ကိုပင် မမြင်နိုင်အောင် မှေးမှောင်ပိတ်ကာ အဝိဇ္ဇာတုံး မှောင်အလုံးကို၊ ပဒါလိယ၊ မွမွကြေအောင် ဘောက်ခွဲပြီး၍။ ပါဒေ၊ ကြို့ကြို့ထိုင်နေ ပလ္လင် ခွေသော ခြေတို့ကို။ ပသာရေသိံ၊ အညောင်းဖြေကာ ဆန့်တန်းပါ၏။

ထိုဥတ္တမာ ထေရီသည် ကိုးဆဲ့တကမ္ဘာထက်က ဟကြိမ်မျှ ဥပုသ် သီလ စောင့်ဘူးသော ကုသိုလ်ကြောင့် ခုနစ်နှစ်သွီး အရွယ်က ရဟန္တာမဖြစ်၍ ဧကူပေါ်သထ ထေရီဟု ထင်ရှားသတည်း။ ထိုဥတ္တမာ

ထေရိ ကေ့ပေါသထ အရှင်မသည် အပဒါန်တရားတို့ကို ဟောကြား တော်မူ၏။

ခုနှစ်နှစ်အရွယ် ကေ့ပေါသထ ဘိက္ခုနီမ ဟောတော်မူသော အပဒါန် တရားအကြောင်း

[တကြိမ်တခါမျှ ဥပုသ်စောင့်ခြင်းကြောင့် နတ်မင်း၏မိဖုယားကြီး ခြောက်ဆဲ့လေးကြိမ် စကြာမင်း၏ မိဖုယား ခြောက်ဆဲ့ သုံးကြိမ် ဖြစ်ကြောင်း။]

တရားတော်နာ လာကြကုန်သော အရှင်မတို့....ကေ့ပေါသထ အမည်ရသော တပည့်တော်မသည် ကိုးဆဲ့ တကမ္ဘာထက်၌ ဗန္ဓုမတီ ပြည်ကြီးဝယ် ဝိပဿိ မြတ်စွာ ဘုရား၏ ခမည်းတော် ဖြစ်သော ဗန္ဓုမာမင်းကြီးသည် လပြည့်နေ့၌ ရှစ်ပါးသီလ ဥပုသ်ကို စောင့်သုံး တော်မူ၏။ ထိုအခါ၌ တပည့်တော်မသည် ဗန္ဓုမာ ပြည်ကြီးဝယ် သူဌေးသူကြွယ်တို့၏ အိမ်၌ ထမင်းအိုး ဟင်းအိုးတို့ကို ဆေးကြော၍ သိမ်းဆည်းရသော ကုမ္ဘဒါသိ အိုးထိန်း အိုးဆေး ကျွန်မ ဖြစ်ရဘူး၏။ ထိုအခါ ဗန္ဓုမာ မင်းကြီးသည် စစ်သည်ဗိုလ်ထုဖြင့် ခြံရံလျက် လပြည့်နေ့၌ ဥပုသ်စောင့်သည်ကို မြင်၍ ဤသို့ အကြံဖြစ်၏။ ပြည့်ရှင် မင်းကြီးသည် မင်း၏စည်းစိမ် စံစားခြင်းကို စွန့်ပယ်၍ ကာမဂုဏ် ခံစားခြင်း မရှိဘဲ ဥပုသ်စောင့်သေး၏။ ပြည့်ရှင်မင်းကြီးသည် အကျိုး မရှိဘဲ ကာမဂုဏ်စည်းစိမ်ကို ပယ်၍ ဥပုသ်မစောင့်တန်ရာ၊ အလွန် ပြည့်စုံစွာ ရရှိသော ပြည့်ရှင်မင်း၏ ကာမဂုဏ်ကြီးကိုပင် စွန့်ပယ်၍ ဥပုသ်စောင့်ခြင်းသည် ထိုကာမဂုဏ်စည်းစိမ်ထက် သာလွန် ကောင်း မြတ်သော အကျိုးရှိသောကြောင့်သာလျှင် ဥပုသ် စောင့်ပေလိမ့်မည်။ ကာမဂုဏ်စည်းစိမ်ထက် သာလွန်သောအကျိုးကိုမမြင်ဘဲနှင့် အဘယ် သူသည် ဥပုသ်စောင့်မည်နည်း။ ငါသည်ယခုဘဝ၌ အလွန်ဆင်းရဲလှ၏။ ကာမဂုဏ်ကိုလည်း ခံစားဘွယ်ရာမရှိ။ ဆင်းရဲလှစွာသော ဤဘဝမှ သေ၍ အပါယ်ဒုဂ္ဂတိ ဆင်းရဲသို့ ကျရောက်လျှင် ပိုလွန်၍ ဆင်းရဲတော့ မည်။ ဤဆင်းရဲမှလွတ်ကင်းအောင်ဥပုသ်စောင့်ခြင်းကို ငါပြုတော့အံ့။ ဤ ကဲ့သို့ အကြံဖြစ်၍ ယောနိသော မနသိကာရ သင့်မြတ်သော စိတ်ထား ဖြင့် စိတ်သဘောကိုကောင်းစွာထားလျက် တကြိမ်တခါမျှ ဥပုသ်စောင့်

ခြင်းကို ငါပြုဘူး၏။ ထိုကုသိုလ်ကံကြောင့် တာဝတိံသာ နတ်ပြည်သို့ ရောက်ရပေ၏။

အဋ္ဌရ သတသဟဿာ၊ ဥပတိဋ္ဌန္တိ မံ သဒါ။
အညေ ဒေဝေ အတိက္ကမ္မ၊ အတိရောစာမိ သဗ္ဗဒါ။
စတုသဋ္ဌိ ဒေဝရာဇူနံ၊ မဟေသိတ္တ မကာရယိံ။
တေသဋ္ဌိ စက္ကဝတ္တီနံ။ မဟေသိတ္တ မကာရယိံ။
သုဝဏ္ဏဝဏ္ဏာ ဟုတွာန၊ ဘဝေသု သံသရေ မ ဟံ။
သဗ္ဗတ္ထ ပဝရာ ဟောမိ၊ ဥပေါသထ ဿိဒံ ဖလံ။
ဟတ္ထိယာနံ အဿယာနံ၊ ရထယာနဉ္စ သိဝိကံ။
လဘာမိ သဗ္ဗမေတမ္ပိ၊ ဥပေါသထဿိဒံ ဖလံ။
သောဝဏ္ဏမယံ ရူပိမယံ၊ အထောပိ ဖလိကာမယံ။
လောဟိတင်္ဂမယဉ္စေဝ၊ သဗ္ဗံ ပဋိလဘာ မ ဟံ။
ကောသေယျကမ္ဗလိကာနိ၊ ခေါမကပ္ပါသိကာနိစ။
မဟဂ္ဃာနိစ ဝတ္ထာနိ၊ သဗ္ဗံ ပဋိလဘာ မ ဟံ။
အန္နံပါနံ ခါဒနီယံ၊ ဝတ္ထသေနာသနာနိစ။
သဗ္ဗမေတံ ပဋိလဘေ၊ ဥပေါသထဿိဒံ ဖလံ။
ဝရဂန္ဓဉ္စ မာလဉ္စ၊ စုဏ္ဏကဉ္စ ဝိလေပနံ။
သဗ္ဗမေတံ ပဋိလဘေ၊ ဥပေါသထဿိဒံ ဖလံ။
ကုဋ္ဋာဂါရဉ္စ ပါသာဒံ၊ မဏ္ဍပံ ဟမ္မိယံ ဂုဟံ။
သဗ္ဗမေတံ ပဋိလဘေ၊ ဥပေါသထဿိဒံ ဖလံ။

ဤတရားတော်နာလာကြကုန်သော ရဟန်းမိန်းမအပေါင်းတို့ ဥပုသ်စောင့်သော ကုသိုလ်ကံ စေတနာကြောင့် တာဝတိံသာ နတ်ပြည်၌ နတ်သမီးတသိန်းတို့သည် တပည့်တော်မကို ခြံရံ၍ နေကြကုန်၏။ အတူ တကွ ခြံရံလျက် နေကုန်သော နတ်သမီးတသိန်းတို့ထက် တပည့်တော်မသည် သာလွန်၍ အလှဆုံး အတင့်တယ်ဆုံး ဖြစ်ရပါ၏။ နတ်မင်းကြီးတို့၏ မိဖုယားကြီး ခြောက်ဆဲ့လေးကြိမ် စကြာ မင်းကြီး တို့၏ မိဖုယားကြီး ခြောက်ဆဲ့သုံးကြိမ် ဖြစ်ရ၏။ သံသရာ၌ ကျင်လည်သော ဘဝကြီးငယ် အလုံးစုံတို့၌ ရွှေအဆင်းကဲ့သို့ ကောင်းမြတ် လှပသော

အဆင်းနှင့် ပြည့်စုံ၏။ ဆင်ယာဉ်, မြင်းယာဉ်, ရထားယာဉ်,ရွှေထမ်းစဉ် တို့ကိုရင်း အလိုရှိတိုင်း ရ၏။ ရွှေ, ငွေ, ဖလ်, ပတ္တမြားနီ တို့ဖြင့် ပြီးကုန်သော ဝတ္ထုပစ္စည်းတို့ကိုရင်း ပိုးချည်, ဝါချည်, သက္ကလပ်ချည်, ခေါမချည်တို့ဖြင့် ယက်အပ်သော အဝတ် အထည်တို့ကိုရင်း ထမင်း အဖျော် ခဲဘွယ် ဘောဇဉ် အိပ်ရာ နေရာ တို့ကိုရင်း ပန်းနံ့သာ အမွှေး အထုံ တို့ကိုရင်း အလိုရှိတိုင်း ရပါ၏။ပြာသာဒ်ရှည် ပြာသာဒ်တို မဏ္ဍပ်ဂူလိုဏ် တို့ကိုရင်း အလိုရှိတိုင်း ရပါ၏။ ဤသို့ အလိုရှိတိုင်း သုံးဆောင်ဘွယ်တို့ကို ရခြင်းသည် တကြိမ်တခါမျှ ဥပုသ်စောင့်သုံး ခြင်း၏ အကျိုးတည်း။အကြိမ်များစွာ စောင့်သုံး၍ နေနိုင်သောသူတို့မှာ ကား အဘယ်ဆိုဘွယ်ရာရှိတော့အံ့နည်း။ တကြိမ်တခါမျှ ဥပုသ်စောင့် သုံးဘူးသော ကုသိုလ်ပါရမီကို အရင်းမူလ ပဓာနပြု၍ ခုနစ်နှစ်သွီး အရွယ် နုနယ်လှစွာ ဥတ္တမာမည်သော တပည့်တော်မသည် ကေ့ပေါ သထ ထေရိဟူသော အမည်ဖြင့် ထင်ရှားဖြစ်ရပြီ။သာမဏောရီဘိက္ခုနီ လောင်း သူတော်ကောင်း ဖြစ်ကြကုန်သော အရှင်မ တို့သည်လည်း ခုနစ်နှစ်သွီးအရွယ် နုငယ်စွာသော တပည့်တော် ဥတ္တမာ ထေရိကဲ့သို့ တရားကို အားထုတ်ကြပါကုန်လော့ဟူ၍ ဟောပြော၏။

အယျာယော၊တရားတော်နာရောက်လာကြကုန်သောအရှင်မတို့။ မံ၊ တကြိမ်တခါမျှ ဥပုသ်စောင့်သုံးခြင်းကိုပြု၍ တာဝတိံသာနတ်ပြည်သို့ ရောက်သောငါနတ်သွီးကို။အစ္ဆရာသတသဟဿာ၊တသိန်းသော နတ် သွီးကညာတို့သည်။ သဒါ၊ အခါခပ်သိမ်း။ ဥပတိဋ္ဌန္တိ၊ခစားဆည်းကပ် တည်ရပ်လာကြကုန်၏။အညေဒေဝေ၊တပါးသောနတ်တို့ကို။ အတိက္ကမ္မ၊ လွန်၍။ သဗ္ဗဒါ၊အခါခပ်သိမ်း။ အတိရေစာမိ၊ အလွန် တင့်တယ်၏။ ဒေဝရာဇုနံ၊နတ်မင်းကြီးတို့၏။ မဟေသိတ္တံ၊ မဟေသိ နတ်မိဖုယားကြီး အဖြစ်ကို။စတုသဋ္ဌိ၊ခြောက်ဆဲ့လေးဘဝ။အကာရယိံ၊ပြုလုပ်ရ၏။ စက္က ဝတ္တီနံ၊ စကြာမင်းတို့၏။ မဟေသိတ္တံ၊မိဖုယားကြီး အဖြစ်ကို။တေသဋ္ဌိ၊ ခြောက်ဆဲ့ သုံးကြိမ်။အကာရယိံ၊ပြုလုပ်ရဘူးပြီ။

ဘဝေ၊ သံသရာဘဝ၌။ အဟံ၊ ဥတ္တမာငယ်မည် ငါထေရိသည်။ သုဝဏ္ဏဝဏ္ဏာ၊ ရွှေအဆင်းကဲ့သို့ ဝင်းဝင်း ဝါဝါ ချောလှ စွာသော အဆင်းရှိလျက်။ သံသရာမိ၊ ကျင်လည်ရ၏။ သဗ္ဗတ္ထ၊ အလုံးစုံဘဝ ဖြစ်သမျှ၌။ ပဝရာ၊ အမျိုးမြတ်သည်။ ဟောမိ၊ ဖြစ်ရ၏။ ဣဒံ၊ ဤသည်

ကား။ ဥပေါသထဿ၊ တကြိမ်တခါမျှ ဥပုသ်စောင့်သုံးခြင်း၏။ ဖလံ၊ အကျိုးတည်း။ ဟတ္ထိယာနံ၊ ဆင်ယာဉ်ရင်း။ အဿယာနံ၊ မြင်းယာဉ်ရင်း။ ရထယာနဉ္စ၊ ရထားယာဉ်ရင်း။ သိဝိကံစ၊ ရွှေထမ်းစင် ငွေထမ်းစဉ်ကိုရင်း။ သဗ္ဗံ၊ အလုံးစုံသော။ ဧတမ္ပိ၊ ထိုယာဉ် အမျိုးမျိုးကိုလည်း။ လဘာမိ၊ ငါရပါ၏။ ဣဒံ၊ ဤသည်ကား။ ဥပေါသထဿ၊ ဥပုသ်စောင့်သုံးခြင်း၏။ ဖလံ၊ အကျိုးပေတည်း။

သောဝဏ္ဏမယံ၊ ရွှေဖြင့်ပြီးသော။ ပါ၊ ရွှေချ၍ထားသော ခုတင်ညောင်စောင်း စသည်ကိုရင်း။ ရူပိမယံ၊ ငွေညောင်စောင်း စသည်ကိုရင်း။ အထေဝ၊ ထိုပြင်လည်း။ ဖလိကာမယံ၊ ဖလ်ညောင်စောင်းစသည်ကိုရင်း။ လောဟိတင်္ဂမယမ္ပေဝ၊ ပတ္တမြားနီဖြင့် စီခြယ်သော ခုတင်ညောင်စောင်းစသည်ကိုရင်း။ သဗ္ဗံ၊ အလုံးစုံကို။ အဟံ၊ ဥတ္တမာငယ်မည်ငါထေရီသည်။ ပဋိလဘာမိ၊ ရပါ၏။ ကောသေယျကမ္ဗလိကာနိစ၊ ပိုးချည်သက္ကလပ်ချည်တို့ဖြင့် ယက်ကုန်သော အဝတ်ထဘီ အင်္ကျီပုဝါစသည်တို့ကိုရင်း။ ခေါမကပ္ပါသိကာနိစ၊ ခေါမချည် ဝါချည် တို့ဖြင့် ယက်ကုန်သော အဝတ်တို့ကိုရင်း။ မဟဂ္ဃာနိ၊ အဖိုးများစွာ ထိုက်ကုန်သော။ ဝတ္ထာနိစ၊ အဝတ်အထည် ထဘီပုဝါတို့ကိုရင်း။ သဗ္ဗံ၊ အလုံးစုံကို။ အဟံ၊ ငါသည်။ ပဋိလဘာမိ၊ ရပါ၏။

အန္နံ၊ ထမင်းကိုရင်း။ ပါနံ၊ အဖျော်ကိုရင်း။ ခါဒနီယံ၊ ခဲဘွယ်ကိုရင်း။ ဝတ္ထသေနာသနာနိစ၊ အဝတ်,သင်္ကန်း,ကျောင်း,အိပ်ရာနေရာတို့ကိုရင်း။ ဧတံသဗ္ဗံ၊ ထိုအလုံးစုံကို။ အဟံ၊ ဥတ္တမာငယ်မည် ငါထေရီသည်။ ပဋိလဘေ၊ ရလွယ်ပါ၏။ ဣဒံ၊ ဤသည်ကား။ ဥပေါသထဿ၊ ဥပုသ်စောင့်သုံးခြင်း၏။ ဖလံ၊ အကျိုးပေတည်း။ ဝရဂန္ဓဉ္စ၊ မွှေးကြိုင်လှစွာသော နံ့သာမြတ်ကိုရင်း။ မာလဉ္စ၊ မွှေးကြိုင်လှပစွာသော ပန်းကိုရင်း။ စုဏ္ဏကဉ္စ၊ မွှေးကြိုင်လှစွာသော မျက်နှာချေမှုန့်ကိုရင်း။ ဝိလေပနဉ္စ၊ လိမ်းကျံစရာနံ့သာရည်ကိုရင်း။ ဧတံသဗ္ဗံ၊ ထိုအလုံးစုံသော သုံးဆောင်ဘွယ်ရာလိုရာရာကို။ ပဋိလဘေ၊ အလိုရှိက ချက်ခြင်း ရ၏။ ဣဒံ၊ အလိုရှိရာ မကြာခဏ ချက်ခြင်း ရခြင်းသည်။ ဥပေါသထဿ၊ တကြိမ်တခါမျှ ဥပုသ်စောင့်သုံးခြင်း၏။ ဖလံ၊ အကျိုး ပေတည်း။ ။ကူဋာဂါရဉ္စ၊ အထွဋ်အချွန် ကောင်းမွန် တင့်တယ် ရှုဘွယ်ဘနန်း တူးဆန်းလှစွာ နေရာတိုက်ခန်း ဘုံဆောင်နန်းကိုရင်း။ ပါသာဒဉ္စ၊ ဘုံခုနစ်ဆင့် ကိုးဆင့်

ဆယ်ဆင့် ကြီးမြင့်တက်ခေါင် ပြာသာဒ် ဆောင်ကိုရှင်း။ မဏ္ဍပဥ္စ၊ တင့် တယ်စွာဆောက်လုပ်အပ်သော မဏ္ဍပ်ကိုရှင်း။ဟမ္မိယံစ၊ထီးချက်မဆင့် ဆောင်ပုံတင့်သော ပြာသာဒ်ကြဌနှိုး ဘုံဆောင်းနန်းကိုရှင်း၊ ဝေါ်သဗ္ဗံ၊ ထိုအလုံးစုံကို။ ပဋိလဘေ၊ အလိုရှိက မြန်စွာရ၏။ ဣဒံ၊ ဤသည်ကား။ ဥပေါသထဿ၊ ဥပုသ် စောင့်သုံးခြင်း၏၊ ဖလံ၊ အကျိုးပေတည်း။

တရားတော်နာ ရောက်လာကြကုန်သော ဘိက္ခုနီလောင်း သူတော် ကောင်းတို့...တပည့်တော်မသည် တပါးသူတို့၏ အိမ်၌ ကျွန်ဖြစ်၍ နေသော ကာလ တကြိမ်တခါမျှ ဆောက်တည်ကျင့်သုံးရသော ဥပုသ် သိလ၏ အကျိုးအားဖြင့် ယခုနောက်ဆုံးဖြစ်သော ဘဝ၌ ခုနစ်နှစ်သွီး အရွယ်က ရဟန္တာမ အဖြစ်သို့ ရောက်ရပါ၏။

ဇာတိယာ သတ္တဝဿာ ဟံ၊ ပဗ္ဗဇိံ အနဂါရိယံ။
အဇ္ဈမာသေ အသမ္ပတ္တော၊ အရဟတ္တံ မပါပုဏိံ။

အယျာယော၊ အရှင်မတို့။အဟံ၊ဥတ္တမာငယ်မည် ငါထေရီသည်။ ဇာတိယာ၊ မွေးဖွားသည်မှ။ သတ္တဝဿာ၊ ခုနစ်နှစ်သွီးအရွယ် ရောက် လတ်သော်။ အနဂါရိယံ၊ရဟန်းမိန်းမတို့အထံ၌။ ပဗ္ဗဇိံ၊ ရှင်သာမဏေရီ ပြု၏။ အဇ္ဈမာသေ၊ လခွဲ တဆဲ့ငါးရက်သည်။ အသမ္ပတ္တော၊ မရောက်မီ။ အရဟတ္တံ၊ ရဟန္တာမအဖြစ်သို့။ အပါပုဏိံ၊ရောက်ရပါ၏။

ဤအပဒါန် တရားတော်ကို ဟောကြားပေါသထ တကြိမ်မျှ ဥပုသ်စောင့် သုံး၍ ရဟန္တာဖြစ်သော ဥတ္တမာထေရီ ခုနစ်နှစ်ရွယ်ရဟန္တာမကလေး သည် ရဟန်းမိန်းတို့၏ အလယ်၌ ဟောတော်မူ၏။

ဥတ္တမာခေါ် ကြေးပေါသထ ဘိက္ခုနီမဝတ္ထု ပြီး၏။ ။[ကောဒသမ။]

ပန်းလှူဘူးသော သဥ္ဇလပုပ္ဖိယ ထေရီ၏အပဒါန်ဝတ္ထု

ဥတေနမင်း၏ မိဖုယား သာမာဝတီ၏ မိတ်ဆွေ သူငယ်ချင်းမ ဖြစ်သော သာမာထေရီ ဘိက္ခုနီ အရှင်မသည် ကိုးဆဲ့တကမ္ဘာထက်၌ ဟိမဝန္တာတောင် စန္ဒဘာဂါမြစ်နားတွင် ကိန္နရီမဖြစ်၍ မိမိချစ်လင် ယောကျ်ားဖြစ်သော ကိန္နရာဖိုနှင့် ထိုသိုဂနိုင် တောမြိုင်စခန်း ဟောဝန် လမ်းဝယ် ပျံသန်းကျူးကျော် မြူးပျော်ရွှင်ကာ ကိန္နရာတို့ဘာသာဘာဝ နေကြသောအခါ ဝိပဿီ မြတ်စွာဘုရားသည် ဈေးပါရမီ ဘာဂီဝါသနာ

အထုံပါလျှင် သဒ္ဓါတိုးပွါး ကုသိုလ်များ၍ ရှည်လျားလှစွာသံသရာတွင် ချမ်းသာခြင်းအကြောင်း ကောင်းမှုဖြစ်စေခြင်းငှါ ကိန္နရီမ ရှိရာ စန္ဒဘာဂါမြစ်နားသို့ ကြွလာတော်မူ၍ စင်္ကြံကြွလျက် နေတော်မူသည်ကို ကိန္နရီမမြင်လျှင် ကြည်လင်သဒ္ဓါ ရွှင်လန်းစွာဖြင့် ဝမ်းသာ အားရ ကြည်ညိုလှ၍ သဒ္ဒုလပုပ္ဖ အမည်ရသော ငါသည် မွှေးလှစွာသော သမင်စာပန်း ထင်းရှူးပန်းကို လက်လှမ်းဆွတ်ခါ ခူးယူလာ၍ မြတ်စွာဘုရားအား ရှိခိုးလျက် ပူဇော်သော ထိုကုသိုလ်ဖြင့် ကိုးဆဲ့တကမ္ဘာ အပါယ်မလားဘဲ ငါတို့ မြတ်စွာဘုရား ပွင့်တော်မူသောအခါ ကောသမ္ဗီပြည်တွင် အမျိုးကောင်းသမီးဖြစ်၍ ရွှေအဆင်းကဲ့သို့ လှပသော အဆင်းရှိရကား သာမာဟူသော အမည်ဖြင့် လူအများတို့ သိကြကုန်လျက် ဥတေနမင်း၏ မိဖုယား သာမာဝတီနှင့် ချစ်ကျွမ်း ဝင်သော မိတ်ဆွေ သူငယ်ချင်းဖြစ်၏။ တနေ့သ၌ မာဂဏ္ဍီ မိဖုယားသည် အကောက်ကြံ၍ သာမာဝတီ မိဖုယား၏ နန်းတော်ပြာသာဒ်တဆောင်လုံးကို မီးရှို့၍ မိဖုယား မောင်းမငါးရာတို့ တပြိုင်နက် ပျက်စီးသေဆုံးသည်ကို အကြောင်းပြု၍ ထိတ်လန့်ခြင်း သံဝေဂဖြစ်လျက် ရဟန်းမိန်းမတို့ အထံသို့သွား၍ ရဟန်းပြု၍ နေသော်လည်း နှစ်ဆဲ့ငါးဝါ ရသည်တိုင်အောင် စိတ်ကြည်လင်ခြင်း သမာဓိကိုမရ၊ သမထဝိပဿနာ အာရုံသို့ စိတ်မသွားဘဲ နေသည်ကို မြတ်စွာဘုရား မြင်တော်မူ၍ ဆုံးမ ဩဝါဒပေးသောအခါ အိုမင်းစွာသော ကာလသို့ရောက်မှ တရားကို အားထုတ်၍ ရဟန္တာမိန်းမအဖြစ်သို့ ရောက်တော်မူ၏။ ထိုအကြောင်းကို ထင်စွာပြလျက် ဤသို့ ဥဒါန်းကျူးကာ ဟောတော်မူ၏။

ပဉ္စဝီသတိ ဝဿာနိ၊ ယတော ပဗ္ဗဇိတာယ မေ။
နာဘိဇာနာမိ စိတ္တဿ၊ သမံ လဒ္ဓံ ကုဒါစနံ။
အလဒ္ဓါ စေတသော သန္တိံ၊ စိတ္တေ အဝသဝတ္တိနီ၊
တတော သံဝေဂ မာပါဒိံ၊ သရိတွာ ဇိနသာသနံ။
ဗဟူဟိ ဒုက္ခဓမ္မေဟိ၊ အပ္ပမာဒ ရတာယ မေ။
တဏှက္ခယော အနုပ္ပတ္တော၊ ကတံ ဗုဒ္ဓဿ သာသနံ။
အဇ္ဇ မေ သတ္တမီ ရတ္တိ၊ ယတော တဏှာ ဝိသောသိတာ။

ထေရီဂါထာပါဠိတော်-၁၉၁။

ယတော၊ အကြင်နေ့မှ။ ပဗ္ဗဇိတာယ၊ ရဟန်းမိန်းမ ပြုလုပ်သော။ မေ၊ ငါ့အား။ ပဉ္စဝီသတိဝဿာနိ၊ နှစ်ဆဲ့ငါးနှစ်ပတ်လုံး။ စိတ္တဿ၊ စိတ်၏။ သမံ၊ ငြိမ်သက်ခြင်း သမာဓိကို။ ကုဒါစနံ၊ တရံတခါမျှ။ လဒ္ဓံ၊ ရဘူးသည်ကို။ နာဘိဇာနာမိ၊မသိရဘူးပေ။စိတ္တေ၊စိတ်၌။အဝသဝတ္တိနိ၊ မိမိအလိုသို့ မလိုက်စေနိုင်သော ငါသည်။ စေတသော၊စိတ်၏။ သန္တိံ၊ ငြိမ်သက်ခြင်းကို။ အလဒ္ဓါ၊ မရသောကြောင့်။ တတော၊ ထိုနောက်မှ။ ဇိနသာသနံ၊ မြတ်စွာဘုရား သာသနာတော်နှင့် ကြုံရခဲသည်ကို။ သရိတွာ၊ အောက်မေ့မိ၍။ သံဝေဂံ၊ သံသရာဘဝ နောက်ကာလ၌ ဒုက္ခဖြစ်မည် ကြံစည်လန့်ထိတ် ကြောက်သော စိတ်သို့။ အာပါဒိံ၊ရောက်၏။

ဗဟူဟိ၊ များစွာကုန်သော။ ဒုက္ခဓမ္မေဟိ၊ညှဉ်းဆဲနှိပ်စက် ဖြစ်ပျက်မမြဲ ဆင်းရဲခြင်း သဘောတရားတို့ဖြင့်။ အပ္ပမာဒရတာယ၊ ရှုမြင်မပြတ်မရပ်မနားစဉ်းစားဆင်ခြင်၍နေခြင်း အပ္ပမာဒတရား၌ မွေ့လျော်သော။ မေ၊ ငါ့အား။ တဏှက္ခယော၊ တဏှာကုန်ခန်းခြင်းသို့။ အနုပ္ပတ္တော၊ ရောက်လေ၏။ ဗုဒ္ဓဿ၊ မြတ်စွာဘုရား၏။ သာသနံ၊သာသနာတော်ကို။ ကတံ၊ ပြုကျင့်ရပေပြီ။ ယတော၊ အကြင်နေ့မှ။ တဏှာ၊ တပ်ခြင်းသဘောသည်။ ဝိသောသိတာ၊ ခန်းခြောက်ပျောက်ငြိမ်း၏။ အဇ္ဇ၊ယခု။ မေ၊ ငါ့အား။ ရတ္တိ၊ ညဉ့်သည်။ သတ္တမီ၊ ခုနစ်ညဉ့် မြောက်သော နေ့တည်း။

[ဤထေရီဂါထာကို ရဟန္တာမဖြစ်၍ ခုနစ်ရက်ရှိလျှင် ဟောတော်မူသည်]။

ရဟန်းမိန်းမပြုလုပ်၍ နှစ်ပေါင်း နှစ်ဆဲ့ငါးနှစ် ပတ်လုံး စိတ်နှလုံး ပေါက်ပြန်လျက် နေပြီးမှ တရားကိုအားထုတ်၍ ရဟန္တာမ ဖြစ်တော်မူသော သာမာထေရီ အရှင်မသည် ကိုးဆဲ့တကမ္ဘာထက်၌ ကိန္နရီမ ဖြစ်စဉ်အခါက လှူခဲ့ဘူးသော သဠ္ဌလပုပ္ဖ–သမင်စာပန်း,ထင်းရှူးပန်း ကုသိုလ်ကို အကြောင်းပြု၍ သဠ္ဌလပုပ္ဖိကာ ဘိက္ခုနီဟူ၍ ကျော်စော ထင်ရှား၏။ထိုသဠ္ဌလပုပ္ဖိကာဟုထင်ရှားကျော်စောတော်မူသောသာမာ ထေရီ ရဟန္တာ အရှင်မသည် ပုဗ္ဗေနိဝါသ အဘိညာဏ်ဖြင့် ရှေးဘဝ တို့ကိုကြည့်ရှု၍ ဤအပဒါန်တရားတော်ကိုဟောကြားတော်မူ၏။

စန္ဒာဘာဂါ နဒီတီရေ၊ အဟောသိ ကိန္နရီ တဒါ။
အဒ္ဒသာဟံ ဒေဝဒေဝံ၊ စင်္ကမန္တံ နရာသဘံ။
ဩစိနိတွာန သလ္လံ၊ ဗုဒ္ဓသေဋ္ဌဿ ဒါသဟံ။
ဥပသိင်္ဃိ မဟာဝီရော၊ သလ္လံ ဒေဝဂန္ဓိကံ။

အယျာယော၊တရားတော်နာ လာကြကုန်သော ဘိက္ခုနီအရှင်မတို့။ အဟံ၊ သာမာငယ်မည် ငါထေရီသည်။ စန္ဒာဘာဂါနဒီတီရေ၊ စန္ဒာဘာဂါ မြစ်ကမ်း၌။ တဒါ၊ ကိုးဆဲ့တကမ္ဘာ ထိုအခါ၌။ ကိန္နရီ၊ လူ၏အသွင် ပုံပြင်တူညီ ကိန္နရီမသည်။ အဟောသိ၊ဖြစ်ခဲ့ဘူးပြီ။ တဒါ၊ ထိုကိန္နရီမ ဖြစ်သောအခါ၌။ ဒေဝဒေဝံ၊ နတ်ဗြဟ္မာတို့ထက် နတ်မြတ် ဖြစ်တော်မူသော။ နရာသဘံ၊ လူတို့ထက် မြတ်တော်မူသော မြတ်စွာဘုရားကို။ အဟံ၊ကိန္နရီမဖြစ်သော ငါသည်။ အဒ္ဒသံ၊ ဖူးမြင်ရ၏။ သလ္လံ၊ သမင်စာ ပန်း, ထင်းရှူးပန်းကို။ ဩစိနိတွာန၊ ဆွတ်ခူး၍။ ဗုဒ္ဓသေဋ္ဌဿ၊ မြတ်စွာ ဘုရားအား။ အဟံ၊ ကိန္နရီမဖြစ်သော ငါသည်။ အဒါသိ၊ လှူ၏။ မဟာ ဝီရော၊ ကြီးသောလုံ့လ ရှိတော်မူသော ဝိပဿီမြတ်စွာ ဘုရားသည်။ ဒေဝဂန္ဓိကံ၊ နတ်ပန်းကဲ့သို့ ရနံ့မွှေးကြိုင်စွာသော။သလ္လံ၊သမင်စာပန်း, ထင်းရှူပန်းကို။ ဥပသိင်္ဃိ၊ နမ်းရှုတော်မူ၏။

တရားတော်နာ စည်းဝေး ရောက်လာကြ ကုန်သော ဘိက္ခုနီ အရှင်မတို့.... ကိုးဆဲ့တကမ္ဘာထက်၌ ကိန္နရီမ ဖြစ်ရသော ငါသည် သမင်စာပန်း,ထင်းရှူးပန်းကို လှူသောအခါ ဝိပဿီ မြတ်စွာဘုရားသည် ငါကြည့်ရှု၍နေစဉ် နတ်ပန်းရနံ့ကဲ့သို့ မွှေးကြိုင်လှစွာသော ပန်းကို နမ်းရှုတော်မူ၏။ ကိန္နရီမဖြစ်သော တပည့်တော်မသည် ကြည်ညိုလှ သော စိတ်ဖြင့်လက်အုပ်ချီကာ ရှိခိုးပြီးမှ ဟိမဝန္တာတောင်သို့ ပျံသွား၏ ဟူ၍ ဤဂါထာဖြင့် ဟောပြတော် မူအပ်သတည်း။

အဉ္ဇလိံ ပဂ္ဂဟေတွာန၊ ဝန္ဒိတွာ ဒွိပဒုတ္တမံ။
သကံ စိတ္တံ ပသာဒေတွာ၊ တတော ပဗ္ဗတ မာရုဟိံ။

အယျာယော၊ တရားတော်နာ ရောက်လာ ကုန်သော ဘိက္ခုနီ အရှင်မတို့—။အဉ္ဇလိံ၊လက်အုပ်ကို။ ပဂ္ဂဟေတွာန၊ ချီတင်၍။ ဒွိပဒုတ္တမံ၊ ဒွိပဒါနံ ဥတ္တမံ၊ အခြေနှစ်ချောင်းရှိသူ နတ်လူဗြဟ္မာ သတ္တဝါတို့ထက် မြတ်တော်မူသော ဝိပဿီ မြတ်စွာဘုရားကို။ ဝန္ဒိတွာ၊ရှိခိုးပြီး၍။ သကံ-

စိတ္တံ၊ မိမိစိတ်ကို။ ပသာဒေတွာ၊ ကြည်ညိုစေ၍။ တကော၊ ထိုနောက်။ ပဗ္ဗတံ၊ ဟိမဝန္တာတောင်သို့။ အာရုယှ၊ ပျံတက်၍ နေခဲ့ဘူးပြီ။

ဇာနုဂတီတော ကပေ့၊ ယံ ပုပ္ဖံ အဒဒိံ တဒါ။
ဒုဂ္ဂတိံ နာဘိဇာနာမိ၊ ဗုဒ္ဓပူဇာယိဒံ ဖလံ။

ဣတော၊ ဤကမ္ဘာမှ။ ဇာနုဂတီတောကပေ့၊ ကိုးဆဲ့ တကမ္ဘာ ထက်၌။ ယံ ပုပ္ဖံ၊ အကြွင်သမင်စာပန်း, ထင်းရှူးပန်းကို။ တဒါ၊ ကိန္နရီမ ဖြစ်သော ထိုအခါ၌။ အဒဒိံ၊ လှူဘူးပြီ။ တေန၊ ထိုပန်းလှူသောကုသိုလ်ဖြင့်။ ဒုဂ္ဂတိံ၊ ဆင်းရဲတွေ့ကြုံ အပါယ်ဘုံကို။ နာဘိဇာနာမိ၊ ငါမသိရပေ။ ဣဒံ၊ ဤသည်ကား။ ဗုဒ္ဓပူဇာယ၊ ဘုရားကို ပန်းလှူခြင်း၏။ ဖလံ၊ အကျိုး ပေတည်း။

သဥ္စလပုပ္ဖိကာမည်သော သာမာထေရီ ဘိက္ခုနီ အရှင်မသည် ပုဗ္ဗေနိဝါသ အဘိညာဏ်ဖြင့် ဆင်ခြင်ကြည့်ရှု၍ ကိုးဆဲ့ တကမ္ဘာထက်၌ ဟိမဝန္တာတောင် စန္ဒဘာဂါ မြစ်ကမ်းနားဝယ် လူ၏ပမာ အင်္ဂါစုံညီ ကိန္နရီမ ဖြစ်၍ ဝိပဿီ မြတ်စွာဘုရားအား ပန်းပွင့်လှူသော ကုသိုလ် ကြောင့် ကိုးဆဲ့တကမ္ဘာ ပတ်လုံး အပါယ်ဘုံသို့ မကျ မရောက်မူ၍ ယခု အဆုံးဖြစ်သောဘဝ၌ ရဟန္တာမ အဖြစ်သို့ ရောက်ရပေ၏ ဟူ၍ ဟောတော်မူ၏။

သာမာခေါ်-သဥ္စလပုပ္ဖိကာဘိက္ခုနီမဝတ္ထုပြီး၏။ ။[ဒွါဒသမ]။

မုံ့သုံးယှက်ကို လှူဘူးသော မောဒကဒါယိကာဘိက္ခုနီမ အပဒါန် ဝတ္ထု

မောဒက ဒါယိကာ အမည်ရှိသော ရဟန္တာမိန်းမသည် ကိုးဆဲ့ တကမ္ဘာထက်၌ ဝိပဿီမြတ်စွာဘုရားပွင့်တော်မူသောအခါ၌ဗန္ဓုမတီ ပြည်ဝယ် သူဌေး-သူကြွယ် တို့၏ အိမ်၌ ထမင်းအိုး ဟင်းအိုး တို့ကို ဆေးကြော၍ သိမ်းဆည်းရသော ကုမ္ဘဒါသီ အိုးထိန်းကျွန်မ ဖြစ်ရ၏။ တနေ့သ၌ တပည့်တော်မသည် မိမိစားရန် ဝေစုဖြစ်သော မုံ့ခဲဘွယ် သုံးယှက်ကို ယူ၍ ရေဆိပ်သို့ ရေခပ်သွား၏။ ရေခပ်သော လမ်း၌ တည်ကြည်ငြိမ်သက်သော စိတ်ရှိတော်မူသော ရဟန်းတပါးကို မြင်၍ ကြည်ညိုသော စိတ်ရှိသဖြင့် ဝမ်းမြောက် ဝမ်းသာ မုံ့ခဲဘွယ်သုံးယှက်

ကို တပည့်တော်မသည် မိမိမစားဘဲ လှူလိုက်၏။ ထို မုံ့သုံးယှက်ကို လှူဘူးသော ကုသိုလ်ကံကြောင့်၎င်း ဆုတောင်းခြင်းကို ပြုသောကြောင့် ၎င်း ကိုးဆဲ့ တကမ္ဘာပတ်လုံး အပါယ်ဒုဂ္ဂတိသို့ မကျ မရောက်မူ၍ လူ့ပြည်နတ်ပြည်တို့၌ လူနတ်တို့၏ စည်းစိမ်တို့ကို ခံစား၍ ယခု အဆုံး ဘဝ၌ ဘိက္ခုနီ ရဟန္တာမ အဖြစ်သို့ ရောက်၍ မောဒက ဒါယိကာ ဟူသော အမည်ကိုရပါ၏။

[ဤမောဒက ဒါယိကာသည် ကောသလတိုင်း ပုဏ္ဏားသမီး ဒုတိယ ဥတ္တမာဖြစ်၏]။

သမ္ဗုတ္တိကံ ကရိတွာန၊ သဗ္ဗံ အနုဘဝိံ အဟံ။
မောဒကေ တိဏိ ဒတွာန၊ ပတ္တာဟံ အစလံ ပဒံ။

ထေရီဂါထာပါဠိတော်-၁၉၁။

အယျာယော၊ အိုအရှင်မတို့။ အဟံ၊ မောဒကဒါယိကာ အမည်ဖြင့် ကျော်စောသော တပည့်တော်မသည်။ တိဏိ၊ သုံးယှက်ကုန်သော။ မောဒကေ၊ မုံ့ယှက်တို့ကို။ ကရိတွာန၊ လှူသည်ကိုပြု၍။ သဗ္ဗံ၊ အလုံးစုံသော။ သမ္ဗုတ္တိကံ၊ လူနတ်တို့၏ စည်းစိမ်ကို။ အနုဘဝိံ၊ ခံစားဘူးပြီ။ တိဏိမောဒကေ၊ မုံ့သုံးယှက်တို့ကို။ ဒတွာန၊ လှူခြင်းကြောင့်။ အဟံ၊ တပည့်တော်မသည်။ အစလံ၊ တုန်လှုပ်ခြင်း မရှိသော။ ပဒံ၊ နိဗ္ဗာန်သို့။ ပတ္တာ၊ ရောက်ပြီ။

ဤအပဒါန်တရားတော်ကို မောဒကဒါယိကာ အမည်ရှိသော ဒုတိယ ဥတ္တမာထေရီသည် ရဟန်းမိန်းမ အပေါင်းတို့၏အလယ်၌ တင့်တယ်စွာ နေ၍ ဟောတော်မူ၏။

ဤ မောဒက ဒါယိကာ ဥတ္တမာထေရီသည် မူလဗျာဒိတ်ကို ရရန် ဆုပန်၍ မုံ့သုံးယှက် လှူသောဘဝ၌ သူတပါးတို့အိမ်၌ အစေခံ ကျွန်မ ဖြစ်လျက် ပါရမီမျိုးစေ့ကို စိုက်ပျိုး၍ အဆုံးဘဝ၌ကား ကောသလ တိုင်း တခုသော ပုဏ္ဏားသူဌေး၏ သမီးဖြစ်၍ ချမ်းသာသဖြင့် နေရာမှ မြတ်စွာဘုရား ဒေသစာရီ လှည့်လည် ကြွလာတော်မူသည်ကို ကြုံတွေ့ ရသဖြင့် တရားတော်ကိုနာ၍ ရှေးက ဆုတောင်းပါရမီ ရင့်သည်ဖြစ်၍ ပျိုရွယ်နုနယ် ငယ်စဉ်ကပင်လျှင် ရဟန်းမိန်းမပြုလုပ်၍ ဝိပဿနာကို

ရှု၍ မကြာမြင့်မီ ရဟန္တာမ အဖြစ်သို့ ရောက်၍ ပဋိသမ္ဘိဒါ လေးပါး အဘိညာဉ် ခြောက်ပါးနှင့် ပြည့်စုံစွာ နိဗ္ဗာန်ကို ရသည်။

ဗောဇ္ဈင်ခုနစ်ပါး မဂ္ဂင်ရှစ်ပါးတို့၌ ကောင်းစွာ ပွါးပြီး၍—

သုညတဿာ နိမိတ္တဿ၊ လာဘိနီဟံ ယဒိစ္ဆကံ။
ဩရသာ ဓိတာ ဗုဒ္ဓဿ၊ နိဗ္ဗာနာ ဘိရတာ သဒါ။

ထေရီဂါထာ ပါဠိတော် တိကနိပါတ်၌ သုံးဂါထာဖြင့် ဥဒါန်းကျူး သည်။

အဟံ၊ မောဒကဒါယိကာ ဥတ္တမာငယ်မည် ငါထေရီသည်။ သုညတဿ၊ ဖြစ်ပျက်တရား အလကားဟု ပိုင်းခြားရှုကြည့် သုညတသမာဓိကိုရင်း။ အနိမိတ္တဿ၊ ဖြစ်ပျက်ပြောင်းလဲ တည်မမြဲဟု စိတ်စွဲရှုကြည့် အနိမိတ္တသမာဓိကိုရင်း။ ဝါ၊ အနတ္တနှင့် အနိစ္စကို သိမြင်သောသမာဓိကို။ ယဒိစ္ဆကံ၊ အလိုရှိတိုင်း။ ဝါ၊ လွယ်လွယ်ကူကူ။ လာဘိနီ၊ ရသည် ဖြစ်၍ နေ၏။ ဗုဒ္ဓဿ၊ မြတ်စွာဘုရား၏။ ဩရသာ၊ ရင်၌ဖြစ်သော။ ဓိတာ၊ သမီးတော်အစစ် ငါဖြစ်ရ၏။ သဒါ၊ အခါခပ်သိမ်း။ နိဗ္ဗာနာဘိရတာ၊ နိဗ္ဗာန်၌သာလျှင် ပျော်မွေ့၍နေ၏။

ဥတ္တမာခေါ် မောဒကဒါယိကာထေရီဝတ္ထု ပြီး၏။ ။[တေရသမ]။

ဥဗ္ဗိရီ၏ သမီးသေဆုံးသဖြင့် စိုးရိမ်ပူဆွေးနေခြင်း အကြောင်း အပဒါန် ဝတ္ထု

ငါတို့မြတ်စွာဘုရား လက်ထက်တော် အခါ သာဝတ္ထိပြည်တွင် သူကြွယ်သမီး ဥဗ္ဗိရီသည် အဆင်းရုပ်ဝါ လွန်စွာ ချောလှသည် ဖြစ်၍ ကောသလမင်းကြီးသည် ချစ်ခင်စုံမက်ခြင်း ရှိရကား မိမိနန်းတော်သို့ ယူဆောင်၍ မိဖုယားငယ် အဖြစ်၌ထား၏။ တနှစ်လည်သောအခါ ထို ဥဗ္ဗိရီမိဖုယား၌ သမီးတယောက် ဖွားမြင်လေသည်။ ထိုသမီးကို ဇီဝန္တီ ဟူ၍ အမည်မှည့်၏။ ကောသလမင်းကြီးသည် သမီးတော် ဇီဝန္တီကို မြင်လျှင် အလွန်ချစ်မြတ်နိုးလှ၍ အမိဥဗ္ဗိရီ မိဖုယားငယ်ကို အဘိသိက် သွန်း၍ အဂ္ဂမဟေသီ မိဖုယားကြီးအရာ၌ထားလေ၏။ ထိုဥဗ္ဗိရီမိဖုယား သည် မိမိ၏သမီး ဇီဝန္တီကို အလွန်ချစ်မြတ်နိုး၏။ ရင်ခွင်၌ သာလျှင် ထား၍နေ၏။ ထိုသမီး ဇီဝန္တီသည် အသက် လေးနှစ် ငါးနှစ်အရွယ် ရှိလျှင် တစုံတခုသော အနာဖြင့် သေဆုံးလေ၏။ အမိဖြစ်သော ဥဗ္ဗိရီ

မိဖုယားသည် သောကပူဆွေး ငိုကြွေးမြည်တမ်းလျက် နေ့တိုင်းပင်လျှင် သင်္ချိုင်းသို့သွား၍ ချစ်သမီးဇီဝန္တီဟု ခေါ်၍ငို၏။ တနေ့သ၌ ဥဗ္ဗိရီမိဖုယားသည် မြတ်စွာဘုရား အထံတော်သို့လာ၍ ရှိခိုးပြီးလျှင် ခဏမျှထိုင်နေ၍ ထသွားပြန်၏။ မြတ်စွာဘုရားသည်သည်း အလွန်ပူပြင်းစွာ လောင်ဆဲဖြစ်သောမီးကို ရေဖြင့် လောင်းသော်လည်း အားကြီးသော မီးရှိန်ကို ဖြေခြင်းငှါ မတတ်နိုင်သကဲ့သို့ အလွန်ပူပြင်း၍ သောကမီးကို တရားတည်းဟူသော ရေဖြင့် လောင်းခြင်းငှါ မရနိုင်သေး။ အားရအောင် ငိုကြွေးမြည်တမ်း၍ အတန်ငယ်ငြိမ်းမှ တရားရေဖြင့် သွန်းလောင်းတော်မူ၍ ငါယူမည်ဟူသော အကြံတော်ဖြင့် အသံတော်ကို မမြွက်ဆိုဘဲ ဆိတ်ဆိတ်သာနေတော်မူ၏။ ဥဗ္ဗိရီမိဖုယားသည် မြတ်စွာဘုရား၏ အပါးတော်မှ ဦးချကာ ထသွား၍ အစိရဝတီမြစ်ကမ်းနားတွင် ရပ်လျက် ငိုကြွေးခါနေ၏။ ထိုအခါ မြတ်စွာဘုရားသည် ဂန္ဓကုဋိတိုက်တော်တွင်းမှ နေဘော်မူလျက်ပင် အနီး၌ ကြွလာသကဲ့သို့ ထင်အောင် ဝိဋ္ဌာန်တော်မူ၍ ချစ်သမီး ဥဗ္ဗိရီ သင်ချစ်သမီး အဘယ်ကြောင့် ငို၍နေသနည်းဟု မေးတော်မူ၏။ အရှင်ဘုရား၊ တပည့်တော်မ၏ သမီးဇီဝန္တီ သေဆုံး၍ ငိုပါသည် မြတ်စွာဘုရားဟု လျှောက်ကြား၏။ ချစ်သမီးဥဗ္ဗိရီ သင်၏သမီး ဇီဝန္တီဟူသော အမည်ဖြင့် ဤ သင်္ချိုင်းနေရာ၌ မီးရှို့ သဂြိုဟ်ရသည်ကား ရှစ်သောင်း လေးထောင်ရှိပြီ။ ထိုသမီးရှစ်သောင်းလေးထောင်တို့တွင် အဘယ် သမီးကို လွမ်း၍ ငိုသနည်းဟု မေးတော်မူပြီးလျှင် ဤဂါထာကို ဟောတော်မူ၏။

အမ္မဇီဝါတိ ဝနမှိ ကန္ဒတိ၊ အတ္တာနံ အဓိဂစ္ဆ ဥဗ္ဗိရိ။
စုလ္လာသီတိ သဟဿာနိ၊ သဗ္ဗာ ဇီဝသနာမိကာ။
ဧကေ မာဠဟနေ ဒဍ္ဍာ၊ တာသံ ကံ အနုသောစသိ။

ဥဗ္ဗိရိ၊ ချစ်သမီးဥဗ္ဗိရီ။ အမ္မဇီဝါတိ၊ ချစ်သမီးဇီဝဟု ခေါ်ဆိုလျက်။ ဝနမှိ၊ တောထည်း၌။ ကန္ဒတိ၊ ငိုကြွေးမြည်တမ်း၏။ အတ္တာနံ၊ မိမိကိုယ်ကို။ အဓိဂစ္ဆ၊ စဉ်းစား၍ ကြည့်ရှု ပါဦးလော့။ စုလ္လာသီတိ သဟဿာနိ၊ ရှစ်သောင်း လေးထောင်ရှိကုန်သော။ ဇီဝသနာမိကာ၊ ဇီဝန္တီ ဟူသော အမည် တူကြကုန်လျက်။ သဗ္ဗာ၊ အလုံးစုံသော သမီးတို့ကို။ ဧကမှိ၊ တခုတည်း တနေရာတည်းဖြစ်သော။ အာဠဟနေ၊ သုသာန်သင်္ချိုင်း၌။

ဒဖုံ၁၊မီးရှို့သဂြိုဟ်ဘူးကုန်ပြီ။ တာသံ၊ ထိုရှစ်သောင်းလေးထောင်သော သမီးတို့တွင်။ ကာံ၊ အဘယ်သမီးကို။ အနုသောစသိ။ သောက ပူဆွေး ငိုကြွေးသနည်း။

ဤသို့ မြတ်စွာဘုရား ဟောတော်မူသောအခါ ဧရးကမ္မာက ပြုကျင့် ဆည်းပူးခဲ့သောပါရမီဉာဏ် ရင့်ပြီး ဖြစ်ရကား မိမိကိုယ်၌ ဖြစ်ပျက်၍ နေသော ရုပ်နာမ် သဘောကို ထင်မြင်လာ၍ ရဟန္တာ ဖြစ်လေ၏။ ရုပ် နာမ်၏ ဖြစ်ပုံပျက်ပုံကို ဉာဏ်၌ ထင်မြင်သော သူသည် သောကပူဆွေး စရာ အကြောင်း မရှိဘဲ ငြိမ်းဧလေတော့၏။ သောက ပူဆွေး ငြိမ်း၍ ရဟန္တာမ ဖြစ်ပြီးသော ဥဗ္ဗိရိသည် ဤသို့ ဥဒါန်း ကျူးလေသတည်း။

အဗ္ဗုဠှံ ဝတ မေ သလ္လံ၊ ဒုဒ္ဒသံ ဟဒယဿိတံ။
ယံ မေ သောကပရေတာယ၊ ဓိတုသောကံ ဗျပါနုဒိ။

သဇ္ဇ အဗ္ဗုဠှသလ္လာဟံ၊ နိစ္ဆာတာ ပရိနိဗ္ဗုတာ။
ဗုဒ္ဓံ ဓမ္မဉ္စ သံဃဉ္စ၊ ဥပေမိ သရဏံ မုနိံ။

မေ၊ငါသည်။ ဟဒယဿိတံ၊ နှလုံး၌စူးဝင်၍ နေသော။ ဒုဒ္ဒသံ၊ မြင် နိုင်ခဲသော။ သလ္လံ၊ မြားငြောင့်ကို။ အဗ္ဗုဠှံဝတ၊ နုတ်ပစ်နိုင်စွတကား။ သောကပရေတာယ၊ စိုးရိမ်ပူဆွေးငိုကြွေး၍ နေရသော။ မေ၊ငါအား။ ယံဓိတုသောကံ၊ အကြင် ရှစ်သောင်းလေးထောင် မြားမြောင်ဘိစီး သောကမီးကို။ ဗျပါနုဒိ၊ ပယ်ဖျောက် နုတ်ပစ်နိုင်ပေပြီ။ အဇ္ဇ၊ ယခု။ သာအဟံ၊ထိုငါသည်။ အဗ္ဗုဠှသလ္လာ၊ ပယ်နုတ်ပြီးသော မြားငြောင့် ရှိသည်။ ဝါ၊နှလုံးတွင်း၌ စူးဝင်၍ နေသော မြားငြောင့်ကို နုတ်ပယ် နိုင်သည်ဖြစ်၍။ နိစ္ဆာတာ၊ ပူဆာသောကမရှိရဘဲ။ ပရိနိဗ္ဗုတာ၊ ငြိမ်းဌေ ပေပြီ။ မုနိံ၊မောနဂုဏ်ရှိ မုနိထိပ်တင် ဖြစ်တော်မူသော။ ဗုဒ္ဓဉ္စ၊မြတ်စွာ ဘုရားကိုလည်း။ ဓမ္မဉ္စ၊တရားတော်ကိုလည်း။ သံဃဉ္စ၊သံဃာတော်ကိုလည်း။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဥပေမိ၊ ကိုးကွယ်ဆည်းကပ် နေတော့အံ့။

ဤဂါထာတို့ဖြင့် ဥဒါန်းကျူးကာ ချမ်းသာစွာနေရသော ဥဗ္ဗိရိထေရီ ရဟန္တာ အရှင်မသည် ပုဗ္ဗေနိဝါသ အဘိညာဏ်ဖြင့် ရှေးဘဝတို့ကို ဆင်ခြင်ရှုကြည့်သည်ရှိသော် ကမ္ဘာတသိန်းထက်၌ သူငယ်မ ဖြစ်၍ အမိအဘတို့ အလုပ်အကိုင် တစုံတရာကိစ္စဖြင့် အိမ်မှ ထွက်သွားသော အခါတွင် အိမ်စောင့်၍ နေရာမှ နေပူ လှသော အခါတွင် ကြွလာတော်

မှုသော ရဟန်းတပါးကို တကြိမ်တခါမျှ နေရာထိုင်ရာခင်း၍ ပေးလှူခဲ့ဘူးသော ကုသိုလ်ကိုမြင်၍ထိုကုသိုလ်အားဖြင့်ယခုဘဝနောက်ဆုံးသော ကာလ ရဟန္တာမထေရီဘိက္ခုနီဖြစ်သော အခါဝယ် ဝေကာသနဒါယိကာ ဟူသော ဘွဲ့အမည်ဖြင့် ထင်ရှားပြန့်သော ဥဗ္ဗရီထေရီ ရဟန္တာ အရှင်မသည် မိမိပြုကျင့် ဆည်းပူးခဲ့သော ပါရမီကုသိုလ် ပြုလုပ်ပုံတို့ကို နောင်လာ နောက်သား အမျိုးသားတို့ တရားကျင့်မှု အတုယူ၍ ပါရမီကို ဖြည့်ကြစေခြင်း အကျိုးငှါ-

နဂရေ ဟံသာဝတိယာ၊ အဟောသိံ ဗာလိကာ တဒါ။

အစရှိသော အပဒါန်လာ ဂါထာတရားတို့ကို ဟောကြားတော်မူအပ်သတည်း။

ဥဗ္ဗရီဘိက္ခုနီမ၏ အပဒါန်တရားအကြောင်း

ရဟန်းတပါးကို နေရာခင်း၍ တကြိမ်မျှ ပေးဘူးသောကြောင့် နတ်မင်းကြီးတို့၏ မိဖုယားကြီး အကြိမ် ၅၈ဆယ် စကြာ မင်းကြီးတို့ မိဖုယားကြီး အကြိမ်ခုနစ်ဆယ် ဖြစ်ကြောင်းကို ဝေကာသနဒါယိကာ အမည်ရှိသော ဥဗ္ဗရီထေရီ ဝါဘိက္ခုနီမသည် တမ္ဘာတသိန်းထက်၌ ပဒုမုတ္တရမြတ်စွာဘုရား ပွင့်တော်မူသောအခါ၌ ဟံသာဝတီ ပြည်ဝယ် ဗာလိကာမည်သော သူငယ်မဖြစ်၍ အမိအဘတို့သည် အလုပ်အကိုင် ထွက်သွားကြကုန်သော် အိမ်၌နေရစ်ရ၏။ တနေ့သောအခါ နေမွန်းတည့်လုကာနီး၌ရဟန်းတပါးကြွလာသည်ကိုမြင်၍အိမ်ပေါ်၌နေရာကို ကောင်းစွာခင်း၍ထားပြီးလျှင် ဤသို့လျှောက်ကြား၏။အရှင်မြတ်ဘုရား၊ မွန်းတည့်လုခါနီး၌ နေသည် အလွန်ပူပြင်းပါသည်အရှင်ဘုရား။ဆွမ်းလေကလည်း မလာသည့် အခါဖြစ်ပါသည် အရှင်ဘုရား။နေထိုင်တော်မူရန် နေရာခင်း၍ ထားပါသည်အရှင်ဘုရား။ တပည့်တော်မကို သနားသောအားဖြင့် ထိုင်တော်မူပါ အရှင်ဘုရားဟု လျှောက်၏။ ထိုအခါ၌ ရဟန်းတော်အရှင် မြတ်သည် ထိုင်တော်မူ၏။ တပည့်တော်မသည် ထိုရဟန်းတော် အရှင်မြတ်နေရာ၌ ထိုင်တော်မူသောအခါ သပိတ်ကို ယူ၍ အိမ်၌ ချက်ထားသော ဆွမ်းဟင်းနှင့်တကွ ဆွမ်းလောင်းပြီး၍ သပိတ်ကို ကပ်၏။ ရဟန်းတော် အရှင် မြတ်သည် ဘုဉ်းပေး

သုံးဆောင် တော်မူပြီး၍ နေသော အခါမှ ကြွတော်မူ၏။ တပည့်တော်မသည် ထိုနေရာခင်းသော ကုသိုလ်ကံကြောင့်ရင်း အလိုရှိရာ လောကီစည်းစိမ်နှင့်တကွ နိဗ္ဗာန်ချမ်းသာကို ရပါလို၏ ဟူသော ဆုတောင်း ပဏ္ဏနာအားဖြင့်ရင်း တာဝတိံသာ နတ်ပြည်၌ဖြစ်၍ အမြင့်အားဖြင့် ယူဇနာခြောက်ဆယ် အကျယ် အနံ အလျားအားဖြင့် ယူဇနာသုံးဆယ် ရှိသော ရတနာပြာသာဒ် နတ်ဗိမာန်၌နေ၍ နတ်၏ စည်းစိမ်ကို ခံစားရ၏။ရဟန်းတပါးကို နေရာခင်း၍ တကြိမ်တခါ ထိုင်စေသော ကုသိုလ်ကံသည် အကြိမ်များစွာ ရတနာပလ္လင်တို့ကို တပည့်တော်မသည် အလိုရှိတိုင်း ရပါ၏။ ရွှေပလ္လင်,မြပလ္လင်,ဖလ်စီသောပလ္လင်, ပတ္တမြားနီတို့ဖြင့် စီသောပလ္လင်,လဲမွေ့ရာ,ကမ္ဗလာ,ကော်ဇော,မွန်မြတ်သောအခင်းတို့ကိုလည်း အလိုရှိတိုင်း ရပါ၏။ တပည့်တော်မသည် အခြွေအရံ နတ်သမီးတို့နှင့် အပျော်အပါး ကစားမြူးတူးလို၍ သွားသောအခါ ကုသိုလ်ကံ စီမံဖန်ဆင်းသော ပလ္လင်တို့သည် သွားရာအရပ်လိုက်၍ ပါလာ၏။

အသီတိ ဒေဝရာဇူနံ၊ မဟေသိတ္တ မကာရယိံ။
သတ္တတိ စက္ကဝတ္တီနံ၊ မဟေသိတ္တ မကာရယိံ။
ဘဝါဘဝေ သံသရန္တီ၊ မဟာဘောဂံ လဘာမဟံ။
ဘောဂေ မေ ဦနတာ နတ္ထိ၊ ဩကာသနဖလံ ဣဒံ။

အယျာယော၊ ဘိက္ခုနီမ ဖြစ်တော်မူကြကုန်သော အရှင်မတို့။အဟံ၊ တပည့်တော်မသည်။ ဒေဝရာဇူနံ၊ နတ်မင်းကြီးတို့၏။ မဟေသိတ္တံ၊အဂ္ဂမဟေသီ မိဖုယားကြီး၏ အဖြစ်ကို။ အသီတိ၊ အကြိမ်ရှစ်ဆယ်။ အကာရယိံ၊ ပြုရဘူးပြီ။ စက္ကဝတ္တီနံ၊ စကြာမင်းကြီးတို့၏။ မဟေသိတ္တံ၊ အဂ္ဂမဟေသီ မိဖုယားကြီးအဖြစ်ကို။ သတ္တတိ၊အကြိမ်ခုနစ်ဆယ်။ အကာရယိံ၊ပြုဘူးပြီ။ဘဝါဘဝေ၊ဘဝကြီးငယ်၌။သံသရန္တီ၊ကျင်လည်သော။ အဟံ၊ တပည့်တော်မသည်။ မဟာဘောဂံ၊ ကြီးစွာသော စည်းစိမ်ကို။ လဘာမိ၊ရပါ၏။ မေ၊တပည့်တော်မအား။ ဘောဂေ၊စည်းစိမ်တို့သည်။ ဦနတာ၊ယုတ်လျော့သည်၏အဖြစ်သည်။ နတ္ထိ၊မရှိပါ။ဣဒံ၊ဤသည်ကား။ ဩကာသနဖလံ၊တကြိမ်တခါ နေရာခင်း၍ လှူဘူးသော ကုသိုလ်အကျိုးပါတည်း။

ဘကြိမ်တခါ တပါးသော ရဟန်းကို နေရာခင်း၍ လှူဘူးသော ကုသိုလ်ကံကြောင့် လူ့ဘဝ နတ်ဘဝ ၌နှစ်ဘဝ၌သာ ဖြစ်ရပါ၏။ တပါးသော ဒုဂ္ဂတိဘဝ၌ မဖြစ်ရပါ။လူ့ဘဝ၌ ဖြစ်သော အခါလည်း မင်းမျိုး, ပုဏ္ဏားမျိုး ၌နှစ်မျိုး တို့၌သာ ဖြစ်ရပါ၏။ အခါခပ်သိမ်း မြင့်မြတ်သော အမျိုး၌သာ ဖြစ်ရပါ၏။ နှလုံးမသာယာခြင်း, စိတ်ပူပန်ခြင်း, အဆင်း မလှခြင်းတို့သည်လည်း တပည့်တော်မအား ဘယ်အခါမှ မဖြစ်ရပါ။

မဏ္ဍပေ ရုက္ခမူလေဝါ၊ သုညာဂါရေ ဝသန္တိယာ။
မမ သင်္ကပ္ပ မညာယ၊ ပလ္လင်္ကော ဥပတိဋ္ဌတိ။

အယျာယော၊ တရားတော်နာ လာကြကုန်သော ဘိက္ခုနီအရှင်မတို့။ မဏ္ဍပေဝါ၊ မဏ္ဍပ်၌ရှင်း။ ရုက္ခမူလေဝါ၊ သစ်ပင်ရင်း၌ရှင်း။ သုညာဂါရေဝါ၊ ဆိတ်ငြိမ်ရာ အရပ်၌ရှင်း။ ဝသန္တိယာ၊ နေသော။ မမ၊ တပည့်တော်မ၏။ သင်္ကပ္ပံ၊ အကြံကို။ အညာယ၊ သိ၍။ ပလ္လင်္ကော၊ ပလ္လင်သည်။ ဥပတိဋ္ဌတိ၊ အနီး၌တည်လာ၏။

အယံ ပစ္ဆိမကော မယှံ၊ စရိမော ဝတ္တတေ ဘဝေါ။
အဇ္ဇာပရေန္တ် ဆမ္မေတွာ၊ ပဗ္ဗဇ္ဇိံ အနဂါရိယံ။

အယျာယော၊ဘိက္ခုနီအရှင်မတို့။ အယံ၊၌ဘဝသည်။ ပစ္ဆိမကော၊ နောက်ဆုံးဘဝပါတည်း။ မယှံ၊ တပည့်တော်မအား။ စရိမော၊ အဆုံးဖြစ်သော။ ဘဝေါ၊ ဘဝသည်။ ဝတ္တတေ၊ ဖြစ်ပါ၏။ အဇ္ဇာပရေန္တ်၊ယနေ့ အဘို့ နက်ဖန်အဘို့ဟူ၍ စည်းစိမ်ခံစားဘို့ ကာမဂုဏ်ကို။ ဆမ္မေတွာ၊ စွန့်ပစ်၍။ အနဂါရိယံ၊ အိမ်ရာမထောင်သော သာသနာတော်ထမ်း ရဟန်းမိန်းမတို့ အထံ၌။ ပဗ္ဗဇ္ဇိံ၊ ရှင်ရဟန်းပြု၍ နေပါပြီ။

ကိလေသာ ဈာပိတာ မယှံ၊ ဘဝါ သဗ္ဗေ သမူဟတာ။
နာဂီဝ ဗန္ဓနံ ဆေတွာ၊ ဝိဟရာမိ အနာသဝါ။
သွာဂတံ ဝတ မေ အာသိ၊ မမ ဗုဒ္ဓဿ သန္တိကေ။
တိဿော ဝိဇ္ဇာ အနုပ္ပတ္တာ၊ ကတံ ဗုဒ္ဓဿ သာသနံ။
ပဋိသမ္ဘိဒါ စတဿော၊ ဝိမောက္ခာပိစ အဋ္ဌိမေ။
ဆဠဘိညာ သစ္ဆိကတာ၊ ကတံ ဗုဒ္ဓဿ သာသနံ။

[ဂုဏ်းဂါထာရသည် နောက်က အနက်ပေးခဲ့ပြီ]။

ဤအပဒါန် တရားတော်တို့ကို ဧကောသနဒါယိကာမ အမည်ရှိသော ဥဗ္ဗရီထေရီ ဘိက္ခုနီ ရဟန်းမိန်းမသည် ရဟန်းမိန်းမ, သာမဏေရီ မိန်းမ, သိက္ခမာန် မိန်းမတို့ အလယ်၌ တင့်တယ်စွာ ထိုင်နေလျက် ဟောတော်မူ၏။

ဧကောသနဒါယိကာခေါ် ဥဗ္ဗရီထေရီဝတ္ထု ပြီး၏။ [စုဒ္ဒသမ]။

[မှတ်ချက်။ အပဒါန် ပါဠိတော် နံပါတ်-၃၅၅-၌ နဂရေ ဟံသာဝတိယာ။ စာရိကီ အာသဟံ တဒါ စသည်ဖြင့် ဟောအပ်သော ပဥ္စဒီပိကာနှင့် ၃၅၀-နံပါတ်၌ ဟောအပ်သော ပဥ္စဒီပိကာတို့သည် အလုံးစုံ တူကြကုန်၏။ ထိုပြင် ၃၅၆-နံပါတ်၌စန္ဒဘာဂါ နဒီတီရေ၊ အဟောသိံ ကိန္နရီ တဒါ စသည်ဖြင့် ဟောအပ်သော နဠမာလိကာ ဘိက္ခုနီသည်လည်း ၃၄၈-နံပါတ်၌ ဟောအပ်သော ကိန္နရီ နဠမာလိကာ ထေရီနှင့်ဝတ္ထုဖြစ်ပုံ တူကြကုန်၏။ ဝတ္ထုဖြစ်ပုံ လှူဒါန်းပူဇော်ပုံ အကျိုးပေးပုံ တူကြကုန်သော်လည်း ပုဂ္ဂိုလ်တဦးစီ ဖြစ်ကြကုန်၏။ ထို့ကြောင့် အသီးအခြား တဝတ္ထုစီ သံဂါယနာ ထင်ထားတော်မူကုန်၏။ ဤလေးဝတ္ထုတို့ လှူဒါန်းပူဇော်ပုံတူ၍ အကျိုးပေးပုံ တူသည်ကို ထောက်သော် အပဒါန် ပါဠိတော်၏ လိုရင်းအဓိပ္ပါယ်မှာ ဘုရား,ပစ္စေကဗုဒ္ဓါ,ရဟန္တာ, ရတနာသုံးပါးတို့နှင့် စပ်၍ စေတီ ကျောင်း တံဆောင်း ဗောဓိပင် သက်နိုး သပိတ် စသည်တို့ကို မြင်၍ ယုံကြည် မြတ်နိုး ရှိခိုးခြင်း ပူဇော်ခြင်း စသည်ကို တကြိမ် တခါမျှ ပြုလုပ် ဘူးသော်လည်း ထိုကုသိုလ်သည်နိဗ္ဗာန်ကို စိတ်ညွတ်ခြင်းရှိသောသူမှာ အဓိကာရပါရမီ မျိုးစေ့ ဖြစ်၍ မုချ နိဗ္ဗာန်ကို ရလတ္တံ့သော ပုဂ္ဂိုလ်ဟု ဆိုလိုသည်။ နိဗ္ဗာန်ကို မရမီ ကမ္ဘာပေါင်း မရေတွက်နိုင်အောင် ကြာသော်လည်း နိဗ္ဗာန်ကို မရလတ္တံ့ဖြစ်သော အနတိသမေတာဝီ ပုဂ္ဂိုလ်မျိုး မဟုတ်ကြောင်းကို ပြဆိုလိုသည်။ နိဗ္ဗာန်ကို မရမီ သံသရာ၌ အကျိုးပေးပုံမှာကား စေတနာကို လိုက်၍ ဖြစ်သည်။ စေတနာထက်သန်လျှင် အကျိုးပေးလည်း ထက်သန်၍ စေတနာလျော့လျှင် အကျိုးပေးလည်း ယုတ်လျော့သည်။ အရှင်းသတ်သတ် လွတ်အောင်အကျိုးမပေးဘဲ အဟောသိကံဟူ၍ ဆိုရအောင် နိဗ္ဗာန်ကို ဆုတောင်း၍ ပြုသော ကုသိုလ် စေတနာ၌ တစုံတခုမရှိချေ။ ဥပနိဿယ သတ္တိဖြင့် အကျိုးပေးသည်သာ

ဟူ၍ ဆိုထိုက်မည်။ ကံဟူသမျှဇနကသတ္တိဖြင့် အကျိုးပေးသည်မဟုတ်။ ဥပထမ္ဘက, ဥပနိဿယ သတ္တိ တို့ဖြင့် အကျိုး ပေးသည် ဟူ၍ ဆိုထိုက်သည်]။

မိထွေးတော် ဂေါတမီ၏ အပဒါန် ဝတ္ထု

မြတ်စွာဘုရားကို နို့ချိုတိုက်ကျွေးလျက် မွေးမြူပေသောမိထွေးတော် ဂေါတမီသည် ရှေးရှေးသော မြတ်စွာဘုရား တို့၏ အထံတော်၌ ကုသိုလ်ပါရမီမျိုးတို့ကို စိုက်ပျိုးကြဲမြှပ်၍ ပဉ္စနာ ဆုတောင်းခြင်းကို ပြုလျက် ဗျာဒိတ်ရလောက်သော ပါရမီသမ္ဘာရ အဓိကာရရှိလျက် ကမ္ဘာတသိန်းထက်၌ ပဒုမုတ္တရ မြတ်စွာဘုရား ပွင့်တော်မူသော အခါ ဟံသာဝတီပြည်ဝယ် အမတ်ကြီး၏ သမီးဖြစ်၍ ဘခင်နှင့် အတူတကွ မြတ်စွာဘုရား ကျောင်းတော်သို့ လိုက်၍ တရားနာသောအခါတွင် ပဒုမုတ္တရ မြတ်စွာဘုရားသည် မိထွေးတော် ဖြစ်သော ရဟန်းမိန်းမအား ရတ္တညူဧတဒဂ် ထားတော် မူသည်ကို ကြားသိ ရသဖြင့် ကြည်ညို လေးမြတ်ခြင်းရှိရကား ပဒုမုတ္တရ မြတ်စွာဘုရား၏ မိထွေးတော် ကဲ့သို့ ဖြစ်လိုသော စိတ်ရှိလျက် ဘုရားအမှူးရှိသော သံဃာတော် ဘို့အား ခုနစ်ရက်ပတ်လုံး ပင့်ဘိတ်၍ ဆွမ်းကျွေးပွဲ အလှူကြီးကို ပေးလှူ၍ ခုနစ်ရက်မြောက်သောနေ့၌ ပဒုမုတ္တရမြတ်စွာဘုရား၏ ခြေတော်ရင်း၌ ဝပ်စင်းကာဈေ္ဍာက်တင်၍ ကြည်လင်သော စိတ်ထားဖြင့် အဘိနီဟာရ ဆုတောင်းခြင်းကို ပြုလေ၏။ ထိုအခါ၌ ပဒုမုတ္တရ မြတ်စွာဘုရားသည် ဗျာဒိတ်စကား မိန့်ကြားတော်မူ၏။ ထိုအမတ်ကြီး၏ သမီးသည် မြတ်စွာဘုရား မိန့်ကြားတော်မူသော ဗျာဒိတ်စကားတော်ကို ဦးထိပ်ထက်ဆင်ရွက်ပြီးလျှင် အသက်ထက်ဆုံး ကုသိုလ် ကောင်းမှုတို့ကို ပြုလုပ်၍ စုတေသောအခါ တာဝတိံသာနတ်ပြည်၌ဖြစ်လေ၏။ ဤသို့လျှင်လူ့ပြည် နတ်ပြည်ကျင်လည်များစွာ သံသရာ၌ ကမ္ဘာတသိန်းကို လွန်စေ၍ ဤဘဒ္ဒကမ္ဘာထက်၌ ကကုသန်, ကောဏာဂုံ, ကဿပ, ဟူ၍ ဘုရား သုံးဆူပွင့်တော်မူပြီးနောက် ငါတို့ မြတ်စွာဘုရား ပွင့်တော်မမူမီ ရှေး အဘို့၌ ဗာရာဏသီပြည်ကြီး အနီး ဒါသဂါမက-ကျွန်ရွာ၌ ငါးရာ ကုန်သောကျွန်တို့၏ဥက္ကဋ္ဌ-ကျွန်သူကြီး၏ မယားဖြစ်၍ ငါးရာကုန်သော

ကျွန်မတို့နှင့် အတူတကွ တိုင်ပင်ညီညွတ်စွာ အသင်းဘွဲ့၍မိုးတွင်းလေး လပတ်လုံး ပဝါရဏာပြု၍ ငါးရာတို့ကို နေရာကျောင်း အာရာမ်တို့ဖြင့် ကောင်းစွာ လုပ်ကျွေးပူဇော်၍ ဝါကျွတ်သောအခါ တိစီဝရိက် သင်္ကန်း တို့ကိုလှူ၏။ ထိုဘဝမှစုတေလျှင် အလုံးစုံသော ကျွန်မငါးရာနှင့်တကွ လင်ယောကျ်ား ငါးရာတို့ပါ တာဝတိံသာ နတ်ပြည်၌ ဖြစ်ကြကုန်၏။ ဤကား အပဒါန်ပါဠိတော် ရှိတိုင်း ပြဆိုသော မိထွေးတော်ဂေါတမီ၏ ဝတ္ထုတည်း။

[ထိုကျွန်မငါးရာတို့သည်နတ်ပြည်၌ဖြစ်ပြီးလျှင်မိထွေးတော်ဂေါတမီ အလောင်း နတ်သွီးသည်ကား နတ်ပြည်မှ မကြာခင် စုတေပြန်၍ ဗာရာ ဏသီပြည်၏အနီး ယက်ကန်းသည်ရွာ၌ ယက်ကန်းသည်မကြီး၏ သွီး ဖြစ်ပြန်၍ ပဒုမဝတီ၏ သားငါးရာ ပစ္စေကဗုဒ္ဓါတို့ကို ဆွမ်းလှူကြောင်း အဋ္ဌကထာ ပြဆိုသေး၏]။

မိထွေးတော် ဂေါတမီနှင့်တကွ သာကီဝင် မင်းသွီးငါးရာတို့ အရှင်နန္ဒကထေရ်၏ အလုပ်အကျွေး ဖြစ်ဘူးကြောင်း

ထိုဒါသဂါမ ကျွန်ရွာ၌ ကျွန်ယောကျ်ားငါးရာ, ကျွန်မိန်းမငါးရာတို့ တစုတဝေး တပေါင်းတည်းနေကြရာတွင် ကျွန်ရွာသူကြီးသည် အရှင် နန္ဒကထေရ်ဖြစ်၏။ သူကြီးကတော်သည် မိထွေးတော် ဂေါတမီဖြစ်၏။

နန္ဒကထေရော တသ္မိံ ကာလေ ဇေဋ္ဌကဒါသော ဟောတိ၊ဂေါတမီ ဇေဋ္ဌကဒါသိ၊ သာ ဇေဋ္ဌက ဒါသဿ ပါဒ ပရိစာရိကာ အဟောသိ ပဏ္ဍိတာ ဗျတ္တာ။

ဥပရိပဏ္ဏာသအဋ္ဌကထာ-၂၀၀။

နန္ဒကထေရော၊ဘိက္ခုနောဝါဒက ဇာတဒဂ်ရသော အရှင်နန္ဒကထေရ် သည်။ တသ္မိံ ကာလေ၊ ထိုအခါ၌။ ဇေဋ္ဌကဒါသော၊ ကျွန်ရွာသူကြီး သည်။ ဟောတိ၊ ဖြစ်၏။ ဂေါတမီ၊ မိထွေးတော် ဂေါတမီသည်။ ဇေဋ္ဌ ကဒါသိ၊ သူကြီးအလုပ်အကျွေးတည်း။ သာ၊ ထိုအကြီးဆုံး ဖြစ်သော ကျွန်မသည်။ ဇေဋ္ဌကဒါသဿ၊ ကျွန်ရွာသူကြီး၏။ ပါဒပရိစာရိကာ၊ ခြေရင်းနီးပါး လုပ်ကျွေးပြုးလျက် သက်ထားကြင်ဘော် သူကြီး ကတော်သည်။ အဟောသိ၊ ဖြစ်၏။ ပဏ္ဍိတာ၊ ပညာရှိ၏။ ဗျတ္တာ၊ အိမ်ထောင်ပရိဘောဂ ကိစ္စကြီးငယ် ပြုဘွယ်ရေးရာ တတ်လိမ္မာ၏။

ကျွန် ယောကျ်ား ငါးရာ, ကျွန်မိန်းငါးရာ ခြေသလုံး အားထား လုပ်စား ကိုင်စား သွားလာရွက်ဆောင် ကျွန်တယောင်တို့သည် အတူ တကွ ကုသိုလ်ပြုဘက် ဖြစ်ကုန်ကြ၏။ ထိုအခါ ဝါဝင်ခါနီးကာလ အချိန်ကျသော် ဂန္ဓမာဒန မွှေးပျံ့လှသည့် တောင်များဦးခိုင် လိုဏ်နန္ဒမူ ချောင်ရွှေဂူမှ ငါးဆူသော ပစ္စေကဗုဒ္ဓါ အရှင်တို့သည် ကောင်းကင်ခရီး ဈာန်ယာဉ်စီးလျက် ဣသိပတန ရသေ့ကျတော မြိုင်သာမောဝယ် သက်လျှောဆင်းကြွ နေထိုင်ကြ၍ ဂေါစရဂါမ သင့်လျော်လှသော ဒါသဂါမ ကျွန်ရွာသို့ဝင်တော်မူကြပြီးလျှင် နေရာကျောင်း ကုဋီအလို့ငှါ သက်နိုးရုံလျက် သူဌေးကြီးတဦးအိမ်သို့ သွား၍ အိမ်တံခါးဝ၌ ရပ်ကြ ကုန်၏။ထိုအခါတွင် ဇေဋ္ဌကဒါသီ ကျွန်သူကြီးကတော်သည် ရေအိုးကို ယူ၍ ရေဆိပ်သို့သွားစဉ် အရှင်ပစ္စေကဗုဒ္ဓါတို့ကို မြင်လိုက်၏။ သူဌေး ကြီး သည်လည်း ရပ်တော်မူ လာသော ပစ္စေကဗုဒ္ဓါတို့ကို မြင်၍ အကြောင်းကိုလျှောက်ထား မေးမြန်းလျက် တပည့်တော်အားကိစ္စများ၍ အားလပ်ခွင့် မရပါသောကြောင့် ကြွပါဦးတော့ အရှင်ဘုရားတို့ ဟူ၍ ကန့်တော့လိုက်သော အခါ ပစ္စေကဗုဒ္ဓါ ငါးပါး တို့သည် ပြန်လည် ထွက်လာကြကုန်၏။ ထိုအခါ ရေခပ်ရာမှ ပြန်လာသော ဇေဋ္ဌကဒါသီ ကျွန်သူကြီးကတော်သည် ရေအိုးကိုချကာ လက်အုပ်ချီ ရှိခိုးလျက် အရှင်ဘုရားတို့သည် မြို့တွင်းသို့ ဝင်ကာမျှဖြင့် ခဏမကြာ ထွက်လာကြ ကုန်၏။ အဘယ်အကြောင်း ကိစ္စပါနည်း အရှင် ဘုရားတို့ ဟူ၍ မေးလျှောက်၏။ ဝါဆိုကျောင်းအလို့ငှါ ငါတို့ရပ်လာ ကြကုန်၏ ဟု မိန့်တော်မူလျှင် ရပါပြီလောအရှင်ဘုရားတို့ဟု မေးလျှောက်၍ မရသေး ကြောင်း မိန့်တော်မူသောအခါ အရှင်ဘုရားတို့—ဝါဆိုကျောင်း ကုဋီကို သူဌေး, သူကြွယ် ဥစ္စာရှင်တို့ပြုလုပ်မှ နေအပ်ပါသလော သူဆင်းရဲတို့ ပြုလုပ်သော ဝါဆိုကျောင်း၌ မနေအပ်ပါသလော အရှင်ဘုရားတို့ ဟု မေးလျှောက်လျှင်ဥပါသိကာမ သူဆင်းရဲတို့သည်လည်း ဝါဆိုကျောင်း ကို ပြုလုပ်ကောင်းပါ၏ဟု အမိန့်တော်ရှိကြကုန်၏။ကောင်းပါပြီ အရှင် ဘုရားတို့......တပည့်တော်မတို့ကပင် ဝါဆိုကျောင်းကို ပြုလုပ်ပါကုန်အံ့။ နက်ဖြန်နံနက်ဆွမ်းကို တပည့်တော်မအား သနားသဖြင့် အလှူခံတော် မူပါ အရှင်ဘုရားတို့ဟု ပင့်ဘိတ်လိုက်၍ ရေဆိပ်သို့ ရေခပ်သွားရာ လမ်းမှဆိုင်းငံ့လျက် နောက်မှ ရေခပ်လာကြကုန်သော ကျွန်မငါးရာ

တို့ကို ဤသို့ ပြောဆိုလေ၏။ အို အမိတို့— သူတပါး၏ ကျွန်အလုပ်ကို အမြဲပင်လုပ်ကိုင်၍ နေလိုကြပါသလော၊သို့တည်းမဟုတ် ကျွန်အလုပ်မှ လွတ်ခြင်းကို အလိုရှိကြပါကုန်သလောဟု မေးသောအခါ အရှင်မ-ယနေ့ပင်လျှင် လွတ်ခြင်းကိုအလိုရှိပါကုန်၏ဟု ဆိုကြကုန်၏။အိုအမိတို့—ယင်းသို့ဖြစ်သော် ငါသည် ပစ္စေကဗုဒ္ဓါ ငါးပါးတို့အား နက်ဖြန်ဆွမ်းအလို့ငှါ ပင့်ဘိတ်၍ နေတော်မူပါရန်ဝါဆိုကျောင်း ကိုလည်း ငါတို့ကပင် ဆောက်လုပ်၍ လှူပါမည်ဟု ဝန်ခံလိုက်၏။ ရှင်မတို့၏ လင်ယောကျ်ားတို့နှင့် အတူတကွ တနေ့တာမျှ လုပ်ပေးကြပါကုန်လော့ဟု ဆိုသောအခါ ကျွန်မငါးရာတို့က ကောင်းပါပြီ အရှင်မဟု ဝန်ခံကုန်လျက် ညနေချမ်းအခါ တောမှ အလုပ်လုပ်၍ ပြန်လာကြ ကုန်သော လင်ယောကျ်ားတို့ကို ပြောကြားကြကုန်၏။ ထိုကျွန်ယောကျ်ား ကူလီငါးရာတို့သည် ကောင်းပါပြီဟု ဝန်ခံကြလျက် ဒါသဇေဋ္ဌက ကျွန်ရွာသူကြီး၏ အိမ်တံခါးဝ၌ စည်းဝေးရောက်လာကြ ကုန်၏။ ထိုအခါ၌ ဇေဋ္ဌကဒါသီ သူကြီးကတော်ကြီးသည် နက်ဖြန်တနေ့တာမျှ လုပ်ပေးကြကုန်လော့ဟု ဝါဆိုကျောင်း ဆောက်လုပ် လှူဒါန်းရသောကုသိုလ် အကျိုးအာနိသံသတို့ကိုပြောဟောလျက် မလုပ်လိုသော သူတို့ကိုလည်း အတင်းအကြပ် ဆုံးမပြောဟော ခြိမ်းချောက်၍ ဝန်ခံစေ၏။

တေ ဂါဠှေန ဩဝါဒေန တဇ္ဇေတွာ ပဋိစ္ဆာပေသိ။

တေ၊ ထိုကူလီ ငါးရာတို့ကို။ ဂါ၊ မလုပ်လိုသော ကူလီတို့ကို။ ဂါဠှေန၊အတင်းအကြပ်။ ဩဝါဒေန၊ဆုံးမပြောဟောသဖြင့်။တဇ္ဇေတွာ၊ ခြိမ်းချောက်၍။ ပဋိစ္ဆာပေသိ၊ဝန်ခံစေ၏။

ထိုဇေဋ္ဌကဒါသီသည် နက်ဖြန်နံနက် ကြွလာကြကုန်သော ပစ္စေကဗုဒ္ဓါတို့ကို ဆွမ်းကျွေးပြီး၍ ကျွန်ယောကျ်ား ကူလီ ငါးရာတို့အား ပြောကြားစေခိုင်းလျှင် ထိုကူလီယောကျ်ား ငါးရာတို့သည် တောသို့ဝင်၍ သစ်သား အဆောက်အဦတို့ကို စုရုံးကာ ဆောင်ယူ လာကြကုန်လျက် တရာစီ တရာစီ ကုဋီစကြံတို့ကိုရင်း ညောင်စောင်းအင်းပျဉ်တို့ကိုရင်း ရေအိုးစင် နေရာ ထိုင်ခုံ အခင်းအနှီးတို့ကိုရင်း ပြီးစီးအောင် လုပ်ကိုင်ကြ၍ ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့ကို ဝါတွင်း သုံးလပတ်လုံး သီတင်းသုံးတော်မူကြရန် ဝန်ခံစေ၍ အလှည့်ကျဖြစ်သောဆွမ်းဝတ်ကို

တည်၍ လှူဒါန်းပူဇော်ကြကုန်၏။ အကြင် သူသည် မိမိအလှည့် ကျသောနေ့၌ မတတ်နိုင်လျှင် ဓေဠကဒါသီ သူကြီးကတော်က မိမိ အိမ်မှ ဆွမ်းကို ဆောင်ယူ၍ ပေး၏။ ဤသို့ ဝါတွင်း သုံးလပတ်လုံး လုပ်ကျွေးပြုစု၍ ဝါကျွတ်သောအခါ သူကြီးကတော်သည် တထည် ကျစီသော သက်န်းလျာ အဝတ်ပုဆိုးတို့ကို စီရင်ပြုလုပ်စေ၏။ ကျွန်မ ငါးရာတို့ တထည်စီပြုလုပ်၍ အဝတ်အထည် သက်န်းလျာ ပုဆိုးငါးရာ ဖြစ်ကုန်၏။ ထိုသက်န်းငါးရာ ပုဆိုးအထည်တို့ကို ပစ္စေကဗုဒ္ဓါ ငါးရာ တို့အား လှူကုန်၏။ ပစ္စေကဗုဒ္ဓါတို့သည်လည်း သင်္ကန်းတို့ကို အလှူခံ ပြီးလျှင် အလိုရှိရာ ကြွသွားတော်မူကြကုန်၏။

[အဋ္ဌကထာ၌ ပစ္စေကဗုဒ္ဓါ ငါးပါးဟူ၍ ဆိုသော်လည်း ပါဠိတော်၌ ကား သယမ္ဘူ နာေ ပဥ္စသတာ-ပစ္စေကဗုဒ္ဓါ ငါးရာ ရှိကြောင်းကို ဟောတော်မူရကား ဝါဆိုကျောင်း အလှူခံ လာသော ပစ္စေကဗုဒ္ဓါ ငါးပါးကိုသာ အဋ္ဌကထာပြသည်ဟု ယူရမည်]။

ထိုကျွန်ယောကျ်ားငါးရာ ကျွန်မိန်းမ ငါးရာအားဖြင့် ခြေသလုံးအား ထား လုပ်စားကိုင်စား သွားလာရွက်ဆောင် ကျွန်တထောင်တို့သည် တပေါင်းတည်း ကုသိုလ်ပြုကြ၍ တပေါင်းတည်း နတ်ပြည်၌ ဖြစ်ကြ ကုန်၏။ ထိုမိန်းမငါးရာတို့သည် ထိုယောကျ်ားငါးရာတို့၏ မယားဖြစ်၍ အတူဘက္ကွ နေကြကုန်၏။ ထိုမောင်နှံစုံ ယောကျ်ားမိန်းမ ဘဆောင် တို့သည် ဓေဠကဒါသီ ရွာသူကြီးကတော် အိမ်၌သာ အခါခပ်သိမ်း နေကြကုန်၏။ ထိုတထောင်သော ကျွန်ယောကျ်ား ကျွန်မိန်းမ တို့သည် နတ်ပြည်သို့ ရောက်ပြီးမှ ထိုတထောင်တို့တွင် အကြီးဥက္ကဋ္ဌ ဖြစ်သော အရှင်နန္ဒက ထေရ်၏ အလောင်း ဓေဠကဒါသ နတ်သားသည် စုတေ၍ မင်းမျိုး၌ မင်းဖြစ်၏။ ထိုငါးရာကုန်သော ဒါသီနတ်သမီးတို့သည်လည်း နတ်ပြည်မှ စုတေ၍ ဥစ္စာများသော အမျိုးတို့၌ ဖြစ်ကြကုန်၍ အရှင် နန္ဒကထေရ်အလောင်း မင်းကြီး၏ နန်းတော်သို့ ရောက်ကုန်၍ မိဖုယား ငါးရာ ဖြစ်ကြကုန်၏။ မိထွေးတော် ဂေါတမီအလောင်း ဓေဠကဒါသီ နတ်သမီးသည်ကား နတ်ပြည်မှစုတေ၍ အရှင် နန္ဒကထေရ် အလောင်း ပြည့်ရှင်မင်း၏ အဂ္ဂမဟေသီ မိဖုယားအကြီးဆုံး ဖြစ်၏။ ဤသို့သော အစဉ်ဖြင့် ကျင်လည်ကာ သံသရာ၌ ဖြစ်ကြ၍ ငါတို့မြတ်စွာဘုရား လက်ထက်အခါဝယ် ဒါသီငါးရာမှ စုတေ၍ နတ်သမီးငါးရာ ဖြစ်ပြီးမှ

တဘာန် မိဖုယားငါးရာ ဖြစ်ကြကုန်သော မိထွေးတော်ဂေါတမီနှင့်တကွ သာကီဝင် မင်းသမီးငါးရာတို့သည် ဒေဝဒဟပြည်၌ ဖြစ်ကြကုန်၏။ ဓမ္မ ကဒါသ အရှင်နန္ဒကထေရ်သည်လည်း သာဝတ္ထိပြည်၌ သူဌေးသား ဖြစ်၏။ ထိုသာကီဝင်မင်းသမီး ငါးရာတို့တွင် မိထွေးတော် ဂေါတမီသည် ရှေးဦးစွာ ရဟန်းမိန်းမဖြစ်၏။ နောက်မှ သာကီဝင် မင်းသမီးငါးရာတို့ ရဟန်းမိန်းမ ·ဖြစ်ကြကုန်၏။ အရှင်နန္ဒကလည်းမြတ်စွာဘုရား အထံ၌ ရဟန်းပြု၍ရဟန္တာဖြစ်၏။

[ထိုမိထွေးတော် ဂေါတမီနှင့်တကွ သာကီဝင်မင်းသမီးရဟန်းမိန်းမ ငါးရာတို့သည် အရှင် နန္ဒကထေရ်၏ မိဖုယားငါးရာ ဖြစ်ဘူးသော အကြောင်း အရာသည် ဥပရိပဏ္ဏာသ နန္ဒကောဝါဒသုတ် အဋ္ဌကထာ ၂၀၇–၌ ပြဆိုသော စကားတည်း]။

ရဟန်းမိန်းမငါးရာတို့သည် နန္ဒကထေရ်ကိုမြင်လျှင် စိတ်တည်တန့်စွာ ဖြစ်ကြပုံအကြောင်း

မိထွေးတော် ဂေါတမီနှင့် အတူတကွ ဝေသာလီ ပြည်သို့ သွားကြ၍ မြတ်စွာဘုရား အထံတော်၌ ရဟန်းမိန်းမ ပြုလုပ်ရန် တောင်းပန် လျှောက်ကြား၍ ဂရုဓံ ရှစ်ပါးဖြင့် မိထွေးတော် ဂေါတမီ ရဟန်း ပြုပြီးနောက် ကြွင်းသောသာကီဝင် မင်းသမီးငါးရာတို့ကို အရှင်အာနန္ဒာ ကမ္မဝါ တင်၍ ဧကတော ဥပသမ္ပန္န ရဟန်းယောကျ်ား တို့ဖြင့် ရဟန်း ဖြစ်ကြကုန်သည်ရှိသော် မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်သို့ ကြွသွားနေတော်မူ၏။ ထိုအခါ မဟာ ပဇာပတိ ဂေါတမီ ဘိက္ခုနီမသည် ထိုသာကီဝင်မင်းသမီး ရဟန်းမိန်းမ ငါးရာတို့နှင့် အတူတကွ မြတ်စွာဘုရားရှိတော်မူရာ သာဝတ္ထိ ပြည်သို့ လာ၍ ပသေနဒီကောသလမင်း ဆောက်လုပ်လှူဒါန်းသော ရာဇကာရုံ ဘိက္ခုနီကျောင်းတိုက်၌ သီတင်းသုံးနေကြကုန်၏။ တနေ့သ၌ မိထွေး တော်ဂေါတမီသည် ရဟန်းမိန်းမ သာကီဝင်မင်းသမီးငါးရာတို့နှင့်တကွ မြတ်စွာဘုရား အထံသို့ ကပ်၍ ရိုသေစွာ ရှိခိုးပြီးလျှင် သင့်တင့်သော နေရာ၌ ရပ်နေလျက် ဤသို့ လျှောက်ကြားလေ၏။ သားတော်မြတ်စွာ ဘုရား ဤရဟန်းမိန်းမတို့အား တရားပြ၍ ဆုံးမတော်မူပါဟု လျှောက် ကြားသောအခါ မြတ်စွာဘုရားသည်မထေရ်ဖြစ်ကုန်သောရဟန္တာကြီး

တို့ကို အလှည့်ကျ ရဟန်းမိန်းမတို့အား တရားဓမ္မ ဟောပြ ဆုံးမစေရန် ရဟန်းတို့ကို စည်းဝေးစေ၍ ပညတ်တော်မူ၏။ အရှင်နန္ဒကထေရ်သည်ကား မိမိအလှည့်ကျသော အခါ ဝေးသော ဆွမ်းခံရွာသို့ သွား၍သော်၎င်း သက်န်းချုပ်ခြင်းစသော ကိစ္စကိုသော်၎င်း ပြုလုပ်၍ နေ၏။ ထိုအခါ၌ မြတ်စွာဘုရားသည် အာနန္ဒာ ယနေ့အဘယ်ပုဂ္ဂိုလ်၏ အလှည့်ကျသနည်းဟု မေးတော်မူလျှင် အလုံးစုံသော မထေရ်ကြီးတို့သည် ရဟန်းမိန်းမတို့အား အလှည့်ကျ ဆုံးမ ပြောဟောကြပါကုန်၏ မြတ်စွာဘုရား။ အရှင်နန္ဒကထေရ်ကား ဘိက္ခုနီမတို့အား အလှည့်ကျပါလျက် တရား မဟောပါကြောင်းဖြင့် လျှောက်ကြားလျှင် မြတ်စွာဘုရားသည် အရှင်နန္ဒကထေရ်ကိုခေါ်တော်မူ၍ ချစ်သားနန္ဒက ရဟန်းမိန်းမတို့အား တရားဟောလော့၊ ဩဝါဒပေးလော့၊ ဆုံးမလော့ဟု တိုက်တွန်းတော်မူ၏။

အဘယ့်ကြောင့် တိုက်တွန်းတော်မူသနည်း ဟူမူကား ဤငါးရာကုန်သော သာကီဝင်မင်းသမီး ရဟန်းမိန်းမတို့သည် ရှေးဘဝ၌ မိဖုယားငါးရာဖြစ်၍ ချစ်ခင်မြတ်နိုးစွာနေဘူးသောကြောင့် အရှင်နန္ဒကထေရ်ကို မြင်လျှင် စိတ်ကြည်လင်ကြကုန်၏။ တရားတော်ကို နာလိုကြကုန်၏။ အဘယ်အခါမှ အရှင်နန္ဒကထေရ်၏ တရားကို နာရ ပါမည်နည်းဟု အခါခပ်သိမ်း တောင့်တလိုလား၍ နေကြကုန်၏။ ထိုအကြောင်းကို သိတော်မူ၍ ရဟန်း မိန်းမတို့အား ဆုံးမတော်မူပါဟု မိထွေးတော်ဂေါတမီ တောင်းပန် လာသော်လည်း အရှင်နန္ဒကထေရ် အလှည့်ကျသောအခါ ဆုံးမလတ္တံ့ဟု မြင်တော်မူသော မြတ်စွာဘုရားသည် အလှည့်ကျဆုံးမရန် ပညတ်တော်မူသတည်း။

အရှင်နန္ဒက ထေရ်သည်မူကား မိမိအလှည့်ကျပါလျက် ဤဘိက္ခုနီ သာကီဝင်မင်းသမီး ငါးရာတို့ကို ဆုံးမဟောပြခြင်း၌ အဘယ်ကြောင့် အလိုမရှိသနည်းဟူမူကား ထိုသာကီဝင် မင်းသမီး ဘိက္ခုနီတို့သည် ရှေးဘဝက မိဖုယားတွေဖြစ်၍ အတူနေဘူးသော အကြောင်းကို ပုဗ္ဗေနိဝါသဉာဏ်ဖြင့်မြင်၍ ဤသို့ကြံ၏။ ငါကဲ့သို့ပုဗ္ဗေနိဝါသအဘိညာဏ်ကို ရကြကုန်သော ရဟန်းတို့သည် ထိုမိဖုယားဖြစ်ဘူးသောအကြောင်းကို တွေးမြင်၍ အရှင်နန္ဒကထေရ်သည် ယခုထက်တိုင် မိဖုယားတွေ ဝန်းရံ၍ တင့်တယ်စွာ နေသေး၏တကား။ အရှင်နန္ဒကသည် သူ၏

ကြွင်ဘက်တွေကို ယခုထက်တိုင် မဍ္ဂါမစွန့်နိုင် သေးပါတကားဟု မှတ်ထင် အောက်မေ့ကြကုန်လတ္တံ့။ ထိုအကြောင်းကို မြင်သော အရှင်နန္ဒကထေရ်သည် မိမိအလှည့်ကျသော်လည်း ထိုသာကီဝင် မင်းသမီး နုနုနယ်နယ် တင့်တယ်လှပသော ဘိက္ခုနီငါးရာတို့အား တရားမဟော လိုဘဲ ရှောင်လွှဲထွက်သွားလျက် ဝေးရာက နေလေသတည်း။ ထိုသို့ ရှောင်လွှဲကာ နေသော်လည်း ဤသာကီဝင် မင်းသမီးဘိက္ခုနီ ငါးရာတို့ သည် အရှင်နန္ဒကထေရ် ဟောသောတရားဖြင့်သာလျှင် သင့်လျော်ခြင်း ဖြစ်လတ္တံ့ဟု သိတော်မူသော မြတ်စွာဘုရားသည် အရှင်နန္ဒကထေရ် ကိုသာ တိုက်တွန်းတော် မူလေသတည်း။

ဥပရိပဏ္ဏာသအဋ္ဌကထာ-၂၀၀။

အရှင်နန္ဒက ထေရ်သည်လည်း မြတ်စွာဘုရား တိုက်တွန်းတော် မူသော မိန့်တော်သံကိုပန်ဆင်ညွှတ်တွားဦးထိပ်ထား၍ နံနက်စောစော အခါ သင်းပိုင်တော်ကို ပြင်ကာသပ္ပါယ် သင်္ကန်းလွှမ်းကာ ဘာဝတ္တိ ပြည်သို့ ဆွမ်းခံဝင်တော်မူပြီးမှ ပစ္ဆာဘတ္တ ဆွမ်းကိစ္စ ပြီးသောအခါ မိမိ၏တပည့်ရဟန်း အဘော်ရှိလျက် ရာဇကာရာမ ဘိက္ခုနီကျောင်း တိုက်သို့ ကြွတော်မူလာသည်။ သာကီဝင် မင်းသမီး ဘိက္ခုနီငါးရာတို့ အဝေးကပင် ကောင်းစွာမြင်သော် ကြည်ရွှင်ဝမ်းသာ နေရာခင်းခြင်း ခြေဆေးရေ တည်ခြင်း စသော ဝတ်ကြီးဝတ်ငယ်တို့ကို ရိုသေ လေး မြတ်စွာ ပြုလုပ်ကြ၍ ခင်းထားသောနေရာ၌ အရှင်နန္ဒကထေရ် ထိုင် လေလျှင် ရိုသေလေးမြတ် တင့်အပ်သော နေရာတို့၌ ဝိုင်းဝန်းနေထိုင် လျက် ရှိခိုးဦးချ နေကြကုန်သော သာကီဝင်မင်းသမီး နုနုနယ်နယ် တင့် တယ်လှပသော ဘိက္ခုနီ ငါးရာတို့အား အရှင်နန္ဒကထေရ်သည် ဤသို့ မိန့်တော်မူ၏။ ဘဂိနိယော၊ နှမတို့။ ပဋိပုစ္ဆာကထာ၊ မေးမြန်းသော တရားစကားသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ တတ္ထ၊ ထိုငါ မေးမြန်းသော တရားစကား၌ သိလျှင်သိပါ၏ဘုရားဟု လျှောက်ကြားရမည်။ မသိလျှင် မသိပါဟု လျှောက်ကြားရမည်။ ငါဟောသောတရား၌ ယုံမှားမကင်း ညက်မလင်းခဲ့သည် ရှိသော် ဤစကား၏ အဓိပ္ပါယ်ကား ဘယ်လို ပါနည်း အရှင်ဘုရား။ ဤတရားကား အဘယ်အကြောင်းပါနည်း အရှင် ဘုရားဟု ငါ့ကိုသာလျှင် ထပ်မံ၍ မေးလျှောက်ကြကုန်၍ ဤသို့ မိန့်တော်

မူ၏။ အရှင်နန္ဒကထေရ်သည် တပည့်တော်မတို့အား ဤ မျှလောက် စကားဖြင့် ချောက်ကြားမေးမြန်းရန် ခွင့်ပြုသည်ကို အလွန်ဝမ်းသာလှပါသည် အရှင်ဘုရား။ တပည့်တော်မတို့သည် အရှင်ဘုရားကို ကြည်ညိုလှသဖြင့် တောင့်တလျက် နေရပါသည်အရှင်ဘုရား။အရှင်နန္ဒကထေရ် ဟောသော တရားစကားကို ဘယ်အခါမှ နာရပါမည်နည်းဟု တမျှော်တည်း မျှော်၍ နေရပါသည် အရှင်ဘုရား။အရှင်ဘုရား....အရှင်ဘုရား အထံ၌ မသိသော တရားစကားကို ချောက်ကြား မေးမြန်းလျက် ဝမ်းမြောက်ဝမ်းသာ ဘယ်အခါမှ နေရပါမည်နည်းဟု အခါ ခပ်သိမ်း အောက်မေ့ တောင့်တလျက် နေရပါသည် အရှင်ဘုရား။ ယခုအခါ၌ အရှင်နန္ဒကသည် တပည့်တော်မတို့ အလိုဆန္ဒကို တလုံး တဝတည်း ပြည့်စုံအောင် ဆုံးမဟောပြောလိမ့်မည်ဟု ယုံကြည်စိတ်ချ ဝမ်းသာလှပါသည် အရှင်ဘုရားဟူ၍ ထိုသာကီဝင်မင်းသွီး နူနူနယ်နယ်တင့်တယ် တောက်ပ ရူစဖွယ် လှပသော ရဟန်းမိန်းမငါးရာတို့က ချောက်ကြား ကြ လေကုန်သတည်း။

[လောက၌ ပုဂ္ဂိုလ်မင်လျှင် တရားကို ခင်သည်ဟု ဆိုရိုး ရှိပေ၏]။

အရှင်နန္ဒကထေရ်သည် ဖြစ်ပျက်တရားကို ဟောတော်မူခြင်း

ဘဂိနိယော၊ နှမတို့ သင်တို့ငါတို့ ကိုယ်၌ရှိသော မျက်စိသည် မြဲသလော မမြဲသလော။ မမြဲပါ အရှင်ဘုရား။ မမြဲသော မျက်စိသည် ဆင်းရဲလော-ချမ်းသာလော။ ဆင်းရဲပါ အရှင်ဘုရား။ ဘောက်ပြန် ပြောင်းလဲ တည်မမြဲ၍ ဆင်းရဲသက်သက် ဖြစ်ပျက်ဖြစ်ပျက်နေသော ဤသဘောသည် ရှိ၏၊ ဘောက်ပြန် ပြောင်းလဲ တည်မမြဲ၍ ဆင်းရဲ သက်သက် ဖြစ်ပျက်ဖြစ်ပျက် နေသော ထိုသဘောကို ဤဟာ ငါ၏ မျက်စိ ဤမျက်စိသည် ငါဖြစ်၏။ဤမျက်စိသည် ငါ၏ကိုယ်တည်း။ ဤသို့ မှတ်ထင် ရှုမြင်ခြင်းငှါ သင့်ပါမည်လော။ မသင့်ပါ အရှင်ဘုရား။

[အဓိပ္ပါယ်ကား မျက်စိသည် ဖြစ်ပျက် ဖြစ်ပျက် အစဉ်ဆက်၍ ဖြစ်ပျက်ပြောင်းလဲ တည်မမြဲ၍ ဆင်းရဲသက်သက် ဖြစ်ပျက်သဘောသာ ဖြစ်၏။ ထိုဖြစ်ပျက်သဘောကို ငါဟူ၍၄င်း ငါ၏ဥစ္စာ ဟူ၍၄င်း ငါ၏ ကိုယ်ဟူ၍၄င်း မှတ်ထင်ဘွယ်မရှိဆိုလိုသည်။အဘယ်သို့မှတ်ရမည်နည်း ဖြစ်ပျက်သဘောကို ဖြစ်ပျက် ဖြစ်ပျက်နေသည်ဟူ၍ မှတ်ရမည်]။

ဘဂိနီယော၊ နှမတို့ သင်တို့ငါတို့ကိုယ်၌ရှိသော နားသည် မြဲသလော မမြဲသလော။ မမြဲပါ အရှင်ဘုရား။ ဖြစ်ပျက်ပြောင်းလဲ မမြဲနိုင်သော နားသည် ဆင်းရဲလော ချမ်းသာလော။ဆင်းရဲပါ အရှင်ဘုရား။ဖြစ်ပျက် ပြောင်းလဲတည်မမြဲ၍ ဆင်းရဲသက်သက် ဖြစ်ပျက် ဖြစ်ပျက်နေသော ဤသဘောကိုငါ၏ နားဟူ၍၎င်း ဤနားသည်ငါတည်းဟူ၍၎င်း ငါ၏ ကိုယ်ဟူ၍၎င်း ဤသို့ မှတ်ထင် ရှုမြင်ခြင်းငှါ သင့်ပါမည်လော။မသင့်ပါ အရှင်ဘုရား။

ဘဂိနီယော၊ နှစ်မတို့–သင်တို့ငါတို့ကိုယ်၌ရှိသော နှာခေါင်းသည်၎င်း, လျှာသည်၎င်း,တကိုယ်လုံးသည်၎င်း, စိတ်သည်၎င်း, မြဲသလော မမြဲသလော။ မမြဲပါ အရှင်ဘုရား။ ဖြစ်ပျက် ပြောင်းလဲ မမြဲနိုင်သော မျက်စိ,နား,နှာ, လျှာ,ကိုယ်,စိတ်သဘောသည် ဆင်းရဲလော ချမ်းသာလော။ဆင်းရဲပါ အရှင်ဘုရား။ ဘောက်ပြန် ပြောင်းလဲ တည်မမြဲ၍ ဆင်းရဲသက်သက် ဖြစ်ပျက်,ဖြစ်ပျက် နေသော မျက်စိ,နား,နှာ, လျှာ, ကိုယ်,စိတ်တို့၏ ဖြစ်ခြင်း ပျက်ခြင်း သဘောကို ငါ့ဟာဟူ၍၎င်း ငါဟူ၍၎င်း ဤသို့မှတ်ထင် ရှုမြင်ခြင်းငှါ သင့်ပါမည်လော။ မသင့်ပါအရှင်ဘုရား။ အဘယ့်ကြောင့် မသင့်ပါသနည်း။ တပည့်တော်မတို့သည် ရှေးဦးစွာကပင်လျှင်ကိုယ်တွင်း၌ ရှိသော စိတ်၏တည်ရာ ခြောက်ပါးတို့သည် ဖြစ်ပျက်ဖြစ်ပျက်နေသော သဘောတည်း ဟူ၍ ဟုတ်တိုင်းမှန်စွာ ဉာဏ်ပညာဖြင့် ကောင်းစွာမြင်ပြီး ဖြစ်ပါသည် အရှင်ဘုရား။ သာရ-သာရ ဖြစ်ပျက်ကို မြင်သော အရိယာတပည့် မြတ်သည် ဤသို့ ဟုတ်တိုင်းမှန်ရာ ဉာဏ်ပညာဖြင့် ကောင်းစွာထင်ထင် ဖြစ်ပျက်ကို မြင်ရာ၏။ဖြစ်ပျက် ဖြစ်ပျက်နေသည့်ကို ကောင်းစွာထင်ထင် ဉာဏ်ဖြင့် မြင်သော အရိယာတပည့်မြတ်သည် ငါဟူ၍လည်း မထင်။ ငါ့ဟာ ဟူ၍လည်း မထင်။ [ငါ့ကိုယ်ဟူ၍လည်း မထင်တော့ပြီဟူလို]။

ဘဂိနီယော၊ နှစ်မတို့ သင်တို့ငါတို့ ကိုယ်၌ရှိသော အဆင်းသည် မြဲသလော မမြဲသလော။ မမြဲပါ အရှင်ဘုရား။ အသံသည် မြဲသလော မမြဲသလော။ မမြဲပါ အရှင်ဘုရား။အနံ့သည် မြဲသလော မမြဲသလော။ မမြဲပါအရှင်ဘုရား။ အရသာသည် မြဲသလော မမြဲသလော။ မမြဲပါ အရှင်ဘုရား။ အထိအတွေ့သည် မြဲသလော မမြဲသလော။ မမြဲပါအရှင် ဘုရား။အဆင်း,အသံ,အနံ့,အရသာ,အထိအတွေ့မှတပါးသော သဘော

တရားတို့သည် မြဲသလော မမြဲသလော။ မမြဲပါအရှင်ဘုရား။ မမြဲသောဖြစ်ပျက်သဘောသည် ဆင်းရဲလော ချမ်းသာ လော။ဆင်းရဲပါ အရှင်ဘုရား။ ဘောက်ပြန် ပြောင်းလဲ တည်မမြဲ၍ ဆင်းရဲသက်သက် ဖြစ်ပျက်သဘောကို ငါဟု ဆိုမည်လော ငါ့ဟာဟု ဆိုမည်လော ငါ့ကိုယ်ဟု ဆိုမည်လော။ ဖြစ်ပျက်သဘောကို ငါဟူ၍လည်း မဆိုနိုင်ပါ ငါ့ဟာဟူ၍လည်း မဆိုနိုင်ပါဘုရား ငါ့ကိုယ်ဟူ၍လည်း မဆိုနိုင်ပါ အရှင်ဘုရား။ အဘယ့်ကြောင့် မဆိုနိုင်ပါသနည်း။ တပည့်တော်မတို့သည် ရှေးဦးစွာကပင်လျှင် အပြင်အပ ဖြစ်သော စိတ်၏ တည်ရာ အာရုံခြောက်ပါးတို့သည် ဖြစ်ပျက် နေသော သဘောတည်း ဟူ၍ ဟုတ်တိုင်းမှန်ရာ ဉာဏ်ပညာဖြင့် ကောင်းစွာမြင်ပြီး ဖြစ်ပါသည် အရှင်ဘုရား။ သာဓု သာဓု ဤသို့ပင်လျှင် အရိယာတပည့်မြတ်သည် ဖြစ်ပျက်သဘောကို ဟုတ်တိုင်းမှန်ရာ ဉာဏ်ပညာဖြင့် ကောင်းစွာ သိမြင်ရာ၏။

ဘဂိနီယော၊နှစ်မတို့ သင်တို့ ငါတို့ ကိုယ်၌ ရှိသော မျက်စိဖြင့် အဆင်းကိုမြင်ခြင်း နားဖြင့် အသံကို ကြားခြင်း နှာခေါင်းဖြင့် အနံ့ကို နမ်းခြင်း လျှာဖြင့် အရသာကို လျက်ခြင်း ကိုယ်ဖြင့် အထိ အတွေ့ကို ထိတွေ့ခြင်း စိတ်ဖြင့် သဘောတရားကို သိခြင်းဟူ၍ဝိညာဏ်ခြောက်ပါး ရှိကုန်၏။ မြင်ခြင်း ကြားခြင်း နံ့ခြင်း လျက်ခြင်း ထိခြင်း သိခြင်း ဤဝိညာဏ် ခြောက်ပါးသည် မြဲသလော မမြဲသလော။ မမြဲပါအရှင်ဘုရား။ မမြဲသော ဝိညာဏ်ခြောက်ပါးသည် ဆင်းရဲလော ချမ်းသာလော။ ဆင်းရဲပါ အရှင်ဘုရား။ ဘောက်ပြန် ပြောင်းလဲ မတည်မြဲ၍ ဆင်းရဲသက်သက် ဖြစ်ပျက် ဖြစ်ပျက်နေသော ဝိညာဏ် ခြောက်ပါးကို ငါဟု ဆိုမည်လော ငါ့ဟာဟု ဆိုမည်လော ငါ့ကိုယ်ဟုဆိုမည်လော။ ဖြစ်ပျက်ဖြစ်ပျက်နေသော ဝိညာဏ်ခြောက်ပါးကို ငါဟူ၍လည်း မဆိုနိုင်ပါ။ ဖြစ်ပျက် ဝိညာဏ်ဟူ၍သာ ဆိုနိုင်ပါသည်ဘုရား။ ငါ့ဟာဟူ၍လည်း မဆိုနိုင်ပါဘုရား။ ငါ့ကိုယ် ဟူ၍လည်း မဆိုနိုင်ပါအရှင်ဘုရား။ ဝိညာဏ်ဖြစ်ပျက် ဟူ၍သာ ဆိုနိုင်ပါသည် အရှင်ဘုရား။အဘယ့်ကြောင့်နည်း။ တပည့်တော်မတို့သည် ဝိညာဏ် ခြောက်ပါး ဖြစ်ပျက်ဖြစ်ပျက်နေသည်ကို ရှေးဦးစွာကပင် မြင်ပြီးဖြစ်ပါသည် အရှင်ဘုရား။

ဘဂိနီယော၊ နှစ်မတို့ ဥပမာဆိုသော် ညှိထွန်း၍ထားသော ဆီမီးခွက်၌ဆီသည်လည်းအမြဲမဟုတ် ဆီမီးစာလည်းအမြဲမဟုတ် မီးတောက်

သည့်လည်း အမြဲမဟုတ်။ ဆိ မီးစာ မီးတောက်ကို အမှီပြု၍ ဖြစ်သော မီးရောင်သည်ကား မြဲ၏ဟူ၍ ဆိုနိုင်မည်လော။မဆိုနိုင်ပါ အရှင်ဘုရား။ အဘဲ့ကြောင့် မဆိုနိုင်သနည်း။ ဆိ မီးစာ မီးတောက်တို့မှ မမြဲပါဘဲနှင့် ဆိ မီးစာ မီးတောက် တို့ရှိမှ ဖြစ်သော မီးရောင်သည် အဘယ်မှာ မြဲနိုင်တော့မည်နည်း။ မမြဲနိုင်ပါ အရှင်ဘုရား။

ဘဂိနီယော၊ နှစ်မတို့ ဥပမာဆိုသော် မြေပေါ်မှာ ပေါက်၍ နေသော သစ်ပင်ကြီး၌ အမြစ်သည့်လည်း အမြဲမဟုတ် ပင်လုံးသည့်လည်း အမြဲ မဟုတ် အကိုင်းအခက်သည့်လည်း အမြဲမဟုတ်။ထိုသစ်ပင်ကြီးကို အမှီ ပြု၍ဖြစ်သော အရိပ်သည်ကား မြဲ၏ဟူ၍ဆိုနိုင်မည်လော။ မဆိုနိုင်ပါ အရှင်ဘုရား။ အဘဲ့ကြောင့် မဆိုနိုင်သနည်း။ ထိုသစ်ပင်ကြီး၏ အမြစ် ပင်လုံး အကိုင်းအခက်တို့မှ မမြဲပါဘဲနှင့် အကိုင်းအခက်တို့ကို မှီ၍ ဖြစ်သော အရိပ်သည် အဘယ်မှာ မြဲနိုင်တော့မည်နည်း မမြဲနိုင်ပါ အရှင်ဘုရား။

ဘဂိနီယော၊ နှစ်မတို့ ထိုအတူပင်လျှင် အဆင်း အသံ အနံ့ အရသာ အထိ ထိမှတပါးသော သဘောတရား ဤအာရုံ ခြောက်ပါး ဖြစ်ပျက် တရားတို့ကိုဝင်း မျက်စိ နား နှာ လျှာ ကိုယ် စိတ်ဤကိုယ်တွင်းရှိတည်ရာ ခြောက်ပါးဖြစ်ပျက်တရားတို့ကိုဝင်း ဤသို့အားဖြင့် အပြင်အပ တည်ရာ အာရုံခြောက်ပါး ဖြစ်ပျက်တရား ကိုယ်တွင်းရှိ တည်ရာ ခြောက်ပါး ဖြစ်ပျက်တရား ဤတည်ရာ တဆဲ့နှစ်ပါး ဖြစ်ပျက်တရားတို့ကို အမှီ ပြု၍ ဖြစ်သော မြင်ခြင်း ကြားခြင်း နံ့ခြင်း လျက်ခြင်း ထိခြင်း သိခြင်း ဤဝိညာဏ်ခြောက်ပါး ဖြစ်ပျက်တရားတို့သည်ကား မြဲ၏ဟူ၍ ဆိုနိုင် မည်လော။ မဆိုနိုင်ပါ အရှင်ဘုရား။ အဘဲ့ကြောင့်နည်း။ ကောင်းဆိုး နှစ်ပါး ဖြစ်ပျက်တရားတို့သည် အကြောင်း ဖြစ်လျှင်ဖြစ် အကြောင်း ပျက်လျှင်ပျက် ဖြစ်ပျက်ဖြစ်ပျက်နေသောကြောင့် မြဲ၏ဟူ၍ မဆိုနိုင်ပါ ဘုရား။ သာရ သာရဤသို့ပင်လျှင် အရိယာတပည့်မြတ်သည် ဖြစ်ပျက် သဘောကိုဟုတ်တိုင်း မှန်ရာ ဉာဏ်ပညာဖြင့် ကောင်းစွာ သိမြင်ရာ၏။ ဤ ဘည်ရာတဆဲ့နှစ်ပါးဖြစ်ပျက်တရားကို ဗောဇ္ဈင်ခုနစ်ပါးဖြင့်နိဂုံးချုပ်၍ အရှင်နန္ဒကထေရ် ဟောကြားတော်မူ၏။

မြတ်စွာဘုရားသခင်သည် နောက်တနေ့ဆက်၍ ဤတရားကိုပင်လျှင် ထပ်၍ ဟောရမည်ဟု အမိန့်တော်ရှိသောကြောင့် နောက်တနေ့၌လည်း

အရှင်နန္ဒကထေရ်၏ ဤတရားကိုပင် ဟောရပြန်၏။ ထိုအခါ၌ မြတ်စွာဘုရားသည် ဤသို့ မိန့်တော်မူ၏၊ ချစ်သား ရဟန်းတို့ - ဥပမာဆိုသည် ရှိသော် လဆန်း တဆဲ့ ငါးရက် နေ့၌ ယုန်စန္ဒာ ရွှေလမင်းသည် ပြည့်လေသလော မပြည့်လောဟု တွေးတောမရှိ ကောင်းစွာပြည့်သကဲ့သို့ သာကီဝင် မင်းသွီး ဘိက္ခုနီ ငါးရာ တို့သည် ငါ၏ချစ်သား နန္ဒက၏ တရားကိုနာရသဖြင့် ဝမ်းမြောက်ရွှင်ပြအလိုပြည့်ကြကုန်၏။ချစ်သားရဟန်းတို့ ထိုသာကီဝင်မင်းသွီး ဘိက္ခုနီငါးရာတို့တွင် နောက်ဆုံးကျသော ဘိက္ခုနီမသည် သောတာပန် တည်သည်ဖြစ်၍ အပါယ်သို့ ကျရောက်ခြင်းမရှိ။ သမ္ဗောဓိပရာယန ရဟန္တာဖြစ်လတ္တံ့ဟူ၍ မိန့်တော်မူသတည်း။

ကဒါ နုခေါ အဟံ အယျာသ နန္ဒကဿ ဓမ္မဒေသနံ။သောတာပတ္တိဖလံ သစ္ဆိကရေယျန္တိ၊ အဉ္ဇာသယာသယ ပါရိပူရိယာ။

ဥပရိပဏ္ဏာသ အဋ္ဌကထာ-၂၁၀။

ကဒါ၊ အဘယ်အခါမှ။ အဟံ၊ ငါသည်။ အယျာသနန္ဒကဿ၊ အရှင်နန္ဒက၏။ ဓမ္မဒေသနံ၊ တရားဟောသည်ကို။ သုဏေယျံနုခေါ၊ နာရပါမည်နည်း။ သောတာပတ္တိဖလံ၊ သောတာပတ္တိဖိုလ်ကို။ သစ္ဆိကရေယျံနုခေါ၊ မျက်မှောက်ပြုရပါအံ့နည်း။ ဣတိ၊ ဤသို့။ အဉ္ဇာသယာသယ၊ တောင့်တောင့်တတ နာခြင်လှသော စိတ်အလို ဆန္ဒသည်။ ပါရိပူရိယာ၊ တလုံးတဝတည်း ပြည့်ကြ လေသောကြောင့်တည်း။

အရှင်နန္ဒကထေရ် ပြည့်ရှင်မင်း ဖြစ်စဉ်အခါက မိဘုရားဖြစ်ကြကုန်သောမိထွေးတော် ဂေါတမီနှင့်တကွ နုနုနယ်နယ် ရှုချင်ဘွယ်ရှိလှသော သာကီဝင်မင်းသွီး ဘိက္ခုနီမငါးရာတို့သည် အရှင် နန္ဒကထေရ်၏ တရားကို နာရသဖြင့် ပုဗ္ဗေဝသန္နိဝါသကြောင့် တောင့်တောင့် တတနေသော အလိုဆန္ဒသည် တလုံးတဝတည်း ပြည့်ကြလေကုန်၏။ ။ ထိုရဟန်းမိန်းမ ငါးရာတို့တွင် မိထွေးတော် မဟာပဇာပတိ ဂေါတမီသည် အလုံးစုံသော ရဟန်းမိန်းမ အပေါင်းတို့၏ ရှေးဦးစွာ ရဟန်းဖြစ်လေသောကြောင့် သိက္ခာတော် ဝါတော် အကြီးဆုံးဖြစ်၍ ရတ္တညူဧတဒဂ်အရာ၌ တင်ထားတော်မူသတည်း။ [သက်နုံးဝတ် မိန်းမတို့တွင် မိထွေးတော် ဂေါတမီ အစဆုံး- အကြီးဆုံး ဟူလို]။

မိထွေးတော် ဂေါတမီ ဥဒါန်းကျူးသော ဂါထာများ

မိထွေးတော် ဂေါတမီသည် မယ်တော်မာယာ၏ ဂုဏ်ကျေးဇူးကို ရွတ်ဆိုလျက် ဤသို့သော ဥဒါန်းဂါထာကို ကျူးရင့်တော်မူသတည်း။

ဗဟူနံ ဝတ အတ္ထာယ၊ မာယာ ဇနယိ ဂေါတမံ။
ဗျာဓိမရဏတုန္နာနံ၊ ဒုက္ခက္ခန္ဓံ ဗျပါနုဒိ။

ဗဟူနံ၊ များစွာသော နတ်လူအပေါင်းတို့၏။ အတ္ထာယ၊ အကျိုးငှါ။ မာယာ၊ မာယာမည်သော် အစ်မတော်သည်။ ဂေါတမံ၊ ဂေါတမတွင်သော် မြတ်သားတော်ကို။ ဇနယိဝတ၊ မွေးဘွားတော် မူပေ၏ တကား။ ဂေါတမံ၊ ဂေါတမမည်မှတ် သားတော်မြတ်ကို။ ဇနယိဝတ၊ မွေးဘွားတော် မူခဲ့ပေ၏တကား။ သော၊ ထိုဂေါတမဟု နာမသော်တွင် သုံးလူရှင်သည်။ ဗျာဓိမရဏတုန္နာနံ၊ ဗျာဓိမရဏ နှိပ်စက်လှ၍ နာကြွေသေကြွေ လောကဘုံသား လူအများတို့၏။ ဒုက္ခက္ခန္ဓံ၊ ဆင်းရဲတုံးကြီးကို။ ဗျာပါနုဒိ၊ မွှမွှထုချေ ပယ်ဖျောက်တော်မူနိုင်ပေ၏။

မာတာ ပုတ္တော ပိတာ ဘာတာ၊ အယျိကာ စ ပုရေ အဟု။
ယထာဘုစ္စံ အဇာနန္တီ၊ သံသရိံ ဟံ အနိဗ္ဗိသံ။

ပုရေ၊ ရှေးရှေးကာလ ဘဝများစွာ သံသရာ၌။ ယထာဘုစ္စံ၊ ဖြစ်ပျက် ဘောက်ပြန် တရားမှန်ကို။ အဇာနန္တီ၊ မသိမမြင်သည်ဖြစ်၍။ မာတာစ၊ အမိသည်လည်း။ အဟု၊ ဖြစ်ဘူးလှလေပြီ။ ပုတ္တောစ၊ သားသည်လည်း။ အဟု၊ ဖြစ်ဘူးလှလေပြီ။ ပိတာစ၊ အဘသည်လည်း။ အဟု၊ ဖြစ်ဘူးလှလေပြီ။ ဘာတာစ၊ မောင်သည်လည်း။ အဟု၊ ဖြစ်ဘူးလှလေပြီ။ အယျိကာစ၊ အဘွားသည်လည်း။ အဟု၊ ဖြစ်ဘူးလှလေပြီ။ အဟံ၊ ယခုဘဝ။ ဗုဒ္ဓမာတာ၊ သညာဘွဲ့ချီ ဂေါတမီခေါ် ငါမယ်တော်သည်။ အနိဗ္ဗိသံ၊ ဖြစ်ပျက်အစဉ် မသိမြင်ဘဲ။ သံသရိံ၊ ကျင်လည်ဘူးလှလေပြီ။

ဒိဋ္ဌော ဟိ မေ သော ဘဂဝါ၊ အန္တိမော ယံ သမုဿယော။
ဝိက္ခီဏော ဇာတိသံသာရော၊ နတ္ထိ ဒါနိ ပုနဗ္ဘဝေါ။

သောဘဂဝါ၊ ထိုမြတ်စွာဘုရားကို။ မေမယာ၊ ငါဂေါတမီသည်။ ဒိဋ္ဌောဟိ-ဒိဋ္ဌောဧဝ၊ မြင်အပ်ပြီးသည်သာတည်း။ အယံသမုဿယော၊ ဤခန္ဓာကိုယ်ကြီးသည်။ အန္တိမော၊ အဆုံးဘဝဖြစ်၏။ ဇာတိသံသာရော၊

ဖြစ်ပျက်အစဉ် အမျှင်ဆက်ခါ သံသရာသည်။ ၀ိက္ခီဏော၊ ကုန်ဆုံးလေပြီ။ ဒါနိ၊ ယခု။ ပုနဗ္ဘဝေါ၊ နောင်ထပ်ဖန်ဖြစ်ခြင်းသည်။ နတ္ထိ၊ မရှိတော့ပြီ။

ထေရီဂါထာပါဠိတော်-၁၉၇။

မိထွေးတော် ဂေါတမီ ပရိနိဗ္ဗာန်ပြုရန် ကြံစည်ခြင်း အကြောင်း

တရံသောအခါ လောကတန်ဆောင် ငါးမာန်အောင်မြင် ဘုရားရှင်သည် ဝေသာလီပြည် မဟာဝုန်တော ကူဋာဂါရ ကျောင်းတိုက်တော်၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ မြတ်စွာဘုရား၏ မိထွေးတော် မဟာပဇာပတိ ဂေါတမီသည် ထိုဝေသာလီပြည်ဝယ် ကောင်းစွာ ဆောက်လုပ်၍ ထားအပ်သော ဘိက္ခုနီကျောင်းတိုက်၌ ရဟန်းမိန်းမ ဘိက္ခုနီ ငါးရာတို့နှင့် အတူတကွ သီတင်းသုံးနေတော်မူ၏။ ထိုသို့ သီတင်းသုံးနေတော်မူသောအခါတွင် ဆိတ်ငြိမ်ရာ၌ တကိုယ်တည်းကိန်းအောင်းလျက် ဤသို့ စိတ်ကြံဖြစ်တော်မူ၏။ ငါသည် အသက် တရာ့နှစ်ဆယ်ရှိပြီ။ ရင့်ရော်ယိုယွင်း အိုမင်းခြင်းသို့ ရောက်ပြီ။ မကြာမီ ပရိနိဗ္ဗာန်ပြုရတော့မည်။ ငါသည် အသက်အရွယ်ကြီးရင့်အိုမင်းပြီဖြစ်၍ ရှေးဦးစွာပရိနိဗ္ဗာန်ပြုရတော့မည်။ မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူသည်ကိုရင်း အရှင်သာရိပုတ္တရာ အရှင်မောဂ္ဂလာန် အဂ္ဂသာဝကကြီး နှစ်ပါး ပရိနိဗ္ဗာန် စံတော် မူကြသည်ကိုရင်း ငါ၏ သားတော်ရင်း အရှင် နန္ဒထေရ် မြေးတော်ရာဟုလာထေရ် တူတော် အရှင်အာနန္ဒာထေရ်တို့ ပရိနိဗ္ဗာန် စံတော်မူကြသည်ကိုရင်း ငါမမြင်ရတော့ပြီ။ ငါသည် ယခု ပရိနိဗ္ဗာန် ပြုအံ့သော အကြောင်းကို မြတ်စွာဘုရားအားရင်း အဂ္ဂသာဝကကြီး နှစ်ပါးတို့အားရင်း အရှင်မဟာကဿပ အရှင် ကောဏ္ဍည အရှင် မဟာကစ္စည်း အရှင်အနုရုဒ္ဓါတို့အားရင်း အရှင်နန္ဒ အရှင်အာနန္ဒာ အရှင် ရာဟုလာ တို့အားရင်း ပန်ကြားပြီးမှ အာယုသင်္ခါရလွှတ်၍ မြတ်စွာဘုရား အထံတော်၌ အခွင့်တောင်းပြီးလျှင် အမတမည်ခေါ် ပြည်တော်အောင်ခန်း နိဗ္ဗာန်နန်းသို့ စံမြန်းဝိုင်တော့အံ့။ ဤသို့ စိတ်အကြံတော်ဖြစ်၏။ ထိုအတူ မိထွေးတော် ဂေါတမီနှင့် အတူနေသော ငါးရာသော ရဟန္တာ ဘိက္ခုနီမတို့သည်လည်း အကြံ ဖြစ်ကြကုန်၏။

ခေမာထေရီ အစရှိကုန်သော ဘိက္ခုနီမိန်းမတို့သည်လည်း အကြံဖြစ်ကြကုန်၏။ ထိုခဏ၌ ပထဝီမြေကြီးသည် ဟိန်းဟိန်းမြည်လျက် တုန်လှုပ်လေ၏။ မိုးခြိမ်းခြင်း နတ်စည်ရွှမ်းခြင်း ပွဲတင်တီးခြင်း တော်လည်းခြင်းတို့သည် တပြိုင်နက် အုံးအုံးကြွက်ကြွက် မြည်ဟိန်း၍ သွားလေ၏။ ဘိက္ခုနီကျောင်းတိုက်၌ အမြဲစောင့်ရှောက်၍ နေကြကုန်သော နတ်သမီးတို့သည်လည်း မိထွေးတော် ဂေါတမီနှင့်တကွ ရဟန္တာမိန်းမ ငါးရာတို့၏ စိတ်အကြံကို သိကြ၍ သောကပူဆွေး ငိုကြွေးမြည်တမ်းကြကုန်၏။ ထိုနတ်သမီးတို့၏ ငိုကြွေးမြည်တမ်းကြသောအသံ မိုးခြိမ်းသံ နတ်စည်ရွှမ်းသံ ပွဲတင်သံ တော်လည်းသံတို့ကို ကြားကြကုန်၍ အတူနေအပေါင်း ဖြစ်ကုန်သော ဘိက္ခုနီမ မိတ်အပေါင်းတို့သည်လည်း မိထွေးတော်ဂေါတမီ၏ ခြေတော်ရင်းသို့ ကပ်ကြကုန်လျက် ရှိခိုးဦးချ၍ မေးလျှောက်ကြကုန်၏။ မဟာပဇာပတိ မိထွေးတော်ဂေါတမီ အရှင်မကြီးဘုရား–ဤဘိက္ခုနီ ကျောင်းတိုက်အတွင်း၌ ဆိတ်ငြိမ်စွာ နေကြသော တပည့်တော်မတို့သည် မြေကြီး တုန်လှုပ်သည်ကိုလည်း နတ်စည်ရွှမ်းသံ မိုးခြိမ်းသံ ပွဲတင်တီး၍ တော်လည်းသံဘို့ကိုလည်း ကြားရပါ၏။ အဘယ်အကြောင်း ပါနည်းဘုရား။ ဤသို့ မေးလျှောက်ကြကုန်သော အခါ၌ မိထွေးတော် မဟာပဇာပတိ ဂေါတမီသည် ထိုဘိက္ခုနီမတို့အား ဤသို့ မိန့်တော်မူ၏။ အရှင်မတို့–ငါသည် အိုမင်းကြီးရင့်သော အရွယ်သို့ရောက်၍ ပရိနိဗ္ဗာန်ပြုရအံ့သော အခါတိုင်ရောက်ပြီ။ အရှင်မတို့သည် ပရိနိဗ္ဗာန် ပြုခြင်းကို အကယ်၍ အလိုရှိသည်ဖြစ်အံ့၊ မြတ်စွာဘုရား အထံတော်၌ အခွင့်ပန်၍ ပရိနိဗ္ဗာန်ပြုကြကုန်အံ့။ ဤသို့ မိထွေးတော် ဂေါတမီ အမိန့်ရှိသောအခါ၌ ငါးရာကုန်သော ရဟန္တာ မိန်းမတို့သည် ဤသို့ လျှောက်ထားကြကုန်၏။ မိထွေးတော် ဂေါတမီ အရှင်မကြီးဘုရား–တပည့်တော်မတို့သည် နန်းတော်မှ ထွက်လာစဉ်အခါကလည်း မိထွေးတော်ဂေါတမီနှင့် အတူတကွ ထွက်လာကြပါကုန်၏။ ကိလေသာ အာသဝေါ ကင်းပ ဘုံဘဝမှလည်း အတူ တကွပင် လွတ်ကင်းထွက်မြောက်ကြပါကုန်၏။ ထိုကြောင့် အမတမည်မှန် နိဗ္ဗာန်သို့လည်း အတူတကွပင် သွားကြပါကုန်အံ့။ ဤသို့ ဘိက္ခုနီရဟန္တာမိန်းမငါးရာတို့က လျှောက်ကြားသောအခါ၌ အို–တပည့်မ အပေါင်းတို့–နိဗ္ဗာန်သို့ သွားကြကုန်အံ့ ဟူသော တပည့်မတို့၏ စကားကို

အဘယ်သို့ ငါ့ဆိုဘွယ်ရှိတော့မည်နည်း။ ယခုပင် မြတ်စွာဘုရား အထံတော်သို့ သွားကြကုန်အံ့ဟုဆို၍ မိထွေးတော် ဂေါတမီသည် ငါးရာသော ရဟန္တာမိန်းမ ခြံရံလျက် ဘိက္ခုနီ ကျောင်းတိုက်မှ ထွက်သွားတော်မူ၏။ ဘိက္ခုနီကျောင်းတိုက်၌ အမြဲစောင့်ရှောက်၍ နေကြကုန်သော နတ်သမီးတို့ကိုလည်း မိထွေးတော်ဂေါတမီသည် ဤသို့ ပန်ကြားတော်မူ၏။ အို-နတ်သမီးအပေါင်းတို့–သင်တို့သည် ငါ့အား သည်းခံခွင့်ပြုကြပါကုန်လော့။ ဤယခု မြင်ရခြင်းသည်ကား သင်နတ်သမီးတို့ကို နောက်ဆုံးမြင်ရခြင်းပင် ဖြစ်၏ဟု ဆို၍ ဤဂါထာကိုဆို၏။

နှ ဇရာ မစ္စုဝါ ယတ္ထ၊ အပ္ပိယေဟိ သမာဂမော။
ပိယေဟိ နဝိယောဂေါ တတ္ထိ၊ တံ ဝဇိဿံ အသင်္ခတံ။

ဒေဝတာယော၊အို-နတ်မင်းသမီးအပေါင်းတို့။ ယတ္ထ၊အကြင်နိဗ္ဗာန်၌။ ဇရာ၊အိုခြင်းတရားသည်။နတ္ထိ၊မရှိ။မစ္စုဝါ၊သေခြင်းတရားသည်လည်း။ နတ္ထိ၊မရှိ။ အပ္ပိယေဟိ၊အကျိုးမလို ရန်ပိုသဘော မုန်းသော သူတို့နှင့်။ သမာဂမောဝါ။ ပေါင်းမိခြင်းသည်ငှင်း။ ပိယေဟိ၊ ချစ်သောသူတို့နှင့်။ ပိယောဂေါဝါ၊ကွဲကွာခြင်းသည်ငှင်း။နအတ္ထိ၊မရှိ။အသင်္ခတံ၊အကြောင်းရှိလတ် ဖြစ်ပျက်တတ်၍ အမှတ်မရ သင်္ခတမှ အလွတ်ဖြစ်သော။ တံ၊ ထိုနိဗ္ဗာန်သို့။ ဝဇိဿံ၊ ယခုသွားတော့အံ့။

ဤသို့ မိထွေးတော် ဂေါတမီ ပြောဆိုပန်ကြားသော စကားကို ကြားကြကုန်သော လူအပေါင်းတို့တွင် ရာဂမကင်းသေးသော ပုထုဇန်သောတာပန်, သကဒါဂါမ်တို့သည် စိတ်ကို မထိန်းနိုင်ဘဲ တပြိုင်နက် ငိုကြွေးကြကုန်၏။အဘယ်သို့ မြည်တမ်းပြောဆို ငိုကြွေးကြကုန်သနည်းဟူမူကား တပည့်တော်မတို့ ဘုန်းကံနည်းလေစွ တကား ရဟန္တာအရှင်မ ငါးရာနှင့်တကွ မိထွေးတော်ဂေါတမီ အရှင်မကြီးသည် ပရိနိဗ္ဗာန် ပြုသွားတော် မူသည်ရှိသော် ဤဘိက္ခုနီကျောင်းတိုက်ကြီးသည် တိတ်ဆိတ်၍သွားတော့မည်ပါတကား နံနက်လင်း၍ နေမင်း ထွက်ပေါ်လာသောအခါ၌နက္ခတ်တာရာကြယ်အပေါင်းတို့ကိုမမြင်ရကုန်သကဲ့သို့ မြတ်စွာဘုရား၏ သမီးတော်ဖြစ်ကုန်သော ဤရဟန္တာမိန်းမ ငါးရာတို့ကို မမြင်ရတော့ပါပြီတကား ဤသို့မြည်တမ်းပြောဆို ငိုကြွေးကြကုန်၏။

မိထွေးတော် ဂေါတမီသည် ရဟန္တာမိန်းမ ငါးရာ ခြံရံလျက် ကျောင်းတိုက်မှ ထွက်၍ သွားစဉ် ဥပါသိကာ မိန်းမတို့သည် မြင်ကြသဖြင့် ပြေးလာကြကုန်၍ မိထွေးတော် ဂေါတမီ၏ ခြေတော်ရင်း၌ ဝပ်စင်းဦးတိုက် ငိုကြွေးကြကုန်၏။ နေထွက်၍လာလျှင် ကြယ်တာရာနက္ခတ်တို့ကို မမြင်ရသကဲ့သို့ မိထွေးတော်ဂေါတမီ အရှင်မကြီးသည် ရဟန္တာမိန်းမငါးရာတို့နှင့်တကွ အလုံးစုံနိဗ္ဗာန်သို့ စံဝင်တော်မူကြလျှင် ဤနေ့မှနောက်ကို တပည့်တော်မတို့ မြင်ရတော့မည် မဟုတ်ပါ.တကား မြစ်ကြီးငါးစင်း မြစ်ငယ်ငါးရာ ရေတို့သည် မဟာသမုဒ္ဒရာသို့ ဝင်၍ သွားကုန်သကဲ့သို့ ရဟန္တာ မိန်းမငါးရာနှင့် မိထွေးတော် အရှင်မကြီးသည် မဟာနိဗ္ဗာန်ပြည်ကြီးသို့ ဝင်ရောက်၍ သွားသောအခါ တပည့်တော်မတို့ မြင်ရတော့မည် မဟုတ်ပါတကား ဤကဲ့သို့ အကြိမ်ကြိမ် ပြောဆို ငိုကြွေးမြည်တမ်း ကြကုန်လျက် ဘိက္ခုနီမတို့သည်ရင်း သိက္ခမာန်မ တို့သည်ရင်း သာမဏေရီမတို့ရင်း မိထွေးတော်ဂေါတမီကိုရှိခိုး ဦးတိုက်ခါ ငိုကြွေးလျက် မျက်ရည်စက်နှင့် သနားဘွယ်ရာ ရှိခိုးခြံရံ၍ လိုက်ကြကုန်၏။ ။ဥပါသိကာ ဒါယကာမ ကြီးငယ်အပေါင်းတို့သည် လည်း မျက်ရည်စက်နှင့် လက်အုပ်ချီကာ ငိုကြွေးလျက် ခြံရံ၍လိုက်ကြကုန်၏။ မြတ်စွာဘုရားမယ်တော် အရှင်မကြီးဘုရား....ပရိနိဗ္ဗာန် ပြုဘို့ မတော်သေးပါ အရှင်မကြီးဘုရား၊ တပည့်တော်မ တို့၏ ကိုးကွယ်ရာ ပူဇော်ရာဖြစ်၍ နေတော်မူပါအုံးဘုရားဟု အကြိမ်ကြိမ် တောင်းပန်ကြကုန်၏။

ပသိဒသု မဟာဘောဂေ၊ အနာထာယော ဝိဟာယ နော။
တယာ နယုတ္တာ နိဗ္ဗာတုံ၊ ဣတ္ထိယော ဝိလပိံသု တာ။

မဟာဘောဂေ၊ စည်းစိမ်ချမ်းသာ၊ ကြီးမား စွာသည့်၊ မြတ်စွာဘုန်းမော်၊ မယ်တော်မြတ်ဖွား၊အရှင်မကြီးဘုရား။ ပသိဒသု၊ ကြည်ညိုကိုးကွယ်ရာဖြစ်၍ နေတော်မူပါလော့။ အနာထာယော၊ ကိုးကွယ်ရာမဲ့ဖြစ်ကြကုန်သော၊ နော၊ တပည့်တော်မတို့ကို၊ ဝိဟာယ၊ စွန့်ထားခဲ့၍။ တယာ၊ မိထွေးတော်အရှင်မကြီးသည်။ နိဗ္ဗာတုံ၊ နိဗ္ဗာန်သို့သွားတော်မူခြင်းငှါ။ နယုတ္တာ၊ မသင့်မလျော် မတော်လှသေးပါ။ဣတိ၊ဤသို့။ အဋ္ဌာ၊ သောကဖြင့် နှိပ်စက်ကြကုန်သော၊ တာ၊ ထိုဥပါသိကာမိန်းမ အပေါင်းတို့သည်။ ဝိလပိံသု၊ ငိုကြွေးမြည်တမ်းကြကုန်၏။

ဤသို့ မြည်တမ်းပြောဆို၍ သနားဘွယ်ရာ သာမဏောမိန်းမတွေနှင့် တကွ ရဟန်းမိန်းမတွေ သိက္ခမာန်မိန်းမတွေ ဥပါသိကာ ဒါယိကာမကြီးငယ်အပေါင်းတို့ ငိုကြွေးမြည်တမ်းကြကုန်၏။ ထိုသို့ ငိုကြွေးကြကုန်သော ဘိက္ခုနီမတို့ကိုရင်း သိက္ခမာန် သာမဏေရီ ဥပါသိကာ မိန်းမတို့ကိုရင်း မိထွေးတော် ဂေါတမီသည် သောကပူဆွေး ငိုကြွေးခြင်းမှ သက်သာရာရစေခြင်းငှါ ချိုသာသော အသံတော်ဖြင့် တရားဓမ္မ ဟောပြတော်မူ၏။

တာသံ သောကပဟာနတ္ထံ၊ အဝေါစ မဓုရံ ဂိရံ။
ရုဒိတေန အလံ ပုတ္တာ၊ ဟာသကာလော ယမဇ္ဇ ဝေါ။

တာသံ၊ ထို ငိုကြွေးကြကုန်သော တပည့်မ အပေါင်း တို့အား။ သောကပဟာနတ္ထံ၊ စိုးရိမ်ပူဆွေး ငိုကြွေးခြင်းမှ ပပျောက်ကင်းကွာ သက်သာရာရစေခြင်းငှါ။ မဓုရံ၊ ချိုသာလှစွာသော။ ဂိရံ၊ အသံတော်ဖြင့်။ အဝေါစ၊ တရားဓမ္မ ဟောပြတော်မူ၏။ ပုတ္တာ၊ ချစ်သမီးတို့—။ ရုဒိ-တေန၊ ငိုကြွေးမြည်တမ်းခြင်းဖြင့်။ အလံ၊အခွင့်မတော် မသင့်မလျော်။ ဝေါ၊ ချစ်သမီးတို့အား။ အဇ္ဇ၊ယခုအခါ၌။ အယံ၊ ဤကဲ့သို့ ငြေ ချမ်းသာသော နိဗ္ဗာန်သို့သွားသောအခါသည်ကား။ ဟာသကာလော၊ ဝမ်းသာရမည့်အခါပေတည်း။

အဲ့ ချစ်သမီး အပေါင်းတို့—ချစ်သမီးတို့သည် သောကပူဆွေး ငိုကြွေးခြင်းငှါ မသင့်လျော်၊ ငိုကြွေးခြင်းကို မပြုမလုပ်ကြကုန်လင့်၊ ယခုအခါ ချစ်သမီးတို့အား ဝမ်းသာရမည့်အခါဖြစ်၏။ ချစ်သမီးအပေါင်းတို့.... ငါသည် ဒုက္ခဖြစ်ကြောင်းတို့ကိုလည်း အကုန်အစင် ပယ်စွန့် သွား၏။ နိဗ္ဗာန်ကို မျက်မှောက်ပြု၍ သွား၏။ လေးလှစွာသော ခန္ဓာဝန်ကြီးကို ရွက်ဆောင်၍ နေရာမှ ဆင်းရဲစွာသော ခန္ဓာဝန်ကြီးကို ပယ်ချစွန့်ခွါ ချမ်းသာရာသို့ ငါသွား၏။ထိုကြောင့် ချစ်သမီးတို့သည် ဝမ်းသာရမည့် အခါဖြစ်၏။ စိုးရိမ်ရမည့်အခါ မဟုတ်။ ချစ်သမီးတို့…….မြတ်စွာဘုရားသည်လည်း ထင်ရှားစွာ တည်ရှိတော်မူ၏။မြတ်စွာ ဘုရား ဟောတော်မူသော တရားတို့သည်လည်းထင်ရှားစွာ တည်ရှိတော်မူ၏။ထိုသို့မြတ်စွာဘုရား ရှိဆဲအခါ၌ ငါသည် ပရိနိဗ္ဗာန် ပြုရအံ့သောအခါဖြစ်၏။ချစ်သမီးတို့သည်စိုးရိမ်ပူဆွေး ငိုကြွေးခြင်းကိုမပြုကြကုန်လင့်။အရှင်ကောဏ္ဍည

ထေရီ အရှင်နန္ဒ အရှင်ရာဟုလာ တို့သည်လည်း ရှိကြကုန်သေး၏။ ရဟန်း သံဃာတော် အပေါင်းသည်လည်း ချမ်းသာစွာ ရှိကြ၏။ ဩဗ္ဗာက မင်းမျိုးမင်းနွယ် ဖြစ်တော်မူသော မြတ်စွာဘုရားသည်လည်း ချစ်သွီးတို့၏ မျက်မြင်ဒိဋ္ဌ ထင်ထင်ရှားရှားရှိပါသေး၏။ မြတ်စွာဘုရားရှိတော်မူဆဲအခါ၌ ပရိနိဗ္ဗာန် စံဝင်ရသော အခါဖြစ်၏။ ချစ်သွီးတို့....ငါသည် ကဿပတသိန်းကာလကြာအောင် တောင့်တ လိုလား၍ ပါရမီတို့ကို ဖြည့်ရ၏။ ထိုသို့ တောင့်တလိုလား ဆုတောင်း၍ ပါရမီကို ဖြည့်ရသော အကျိုးသည် ယနေ့၌ပင် ပြည့်စုံတော့အံ့။ [ကဿပတသိန်း ထက်က နိဗ္ဗာန်ကို ရပါလို၏ဟူ၍ ဆုတောင်းကာ ပါရမီကိုဖြည့်၍ ထို တောင်းသော ဆုသည် ယခုနေ့မှ ပြည့်စုံသည်ဟူလို]။

ချစ်သွီးတို့....ယခုအခါ၌ ငါသည် အလုံးစုံ ချမ်းသာသော နိဗ္ဗာန် အကျိုးသည် ပြီးစီးအံ့သော အခါဖြစ်၍ ချစ်သွီးတို့သည် နှစ်သက် ဝမ်းသာရမည့် အခါဖြစ်၏။ ချစ်သွီးတို့...မျက်ရည်ယိုကျ ငိုရမည့်အခါ မဟုတ်။ ချစ်သွီးတို့....သောကပူဆွေး ငိုကြွေး မြည်တမ်းခြင်းသည် အကျိုးမရှိ။ အဘယ့်ကြောင့် ချစ်သွီးတို့သည် မျက်ရည်ယို၍ ငိုယိုကြ ဘိသနည်း။ အဘယ့်ကြောင့် ချစ်သွီးတို့သည် မျက်ရည်စို့ရွဲ ငိုပွဲပြုလုပ်ကြသနည်း။ ရွှင်လန်းဝမ်းသာ နှစ်သက်စွာ နေရမည့်အခါပါတကား။ ချစ်သွီးတို့....အကယ်၍ ချစ်သွီးတို့သည် ငါ့ကို ချစ်ခင်ပါလျှင် ငါ၏ ကျေးဇူးကိုသိကြပါလျှင် ချစ်သွီးတို့သည် တရားကိုသာလျှင် အားထုတ်ကြကုန်လော့။ချစ်သွီးတို့-မိန်းမများ ရဟန်းအဖြစ်ကို ရအောင် ငါသည် မြတ်စွာဘုရားကို ဘောင်းပန်ရ၏။ ငါတောင်းပန်သောကြောင့်သာလျှင် မြတ်စွာဘုရားသည် မိန်းမများအား ရဟန်းအဖြစ်ကို ခွင့်ပေးတော်မူ၏။ ထိုကြောင့် ငါသည် ရဟန်းအဖြစ်ကို နှစ်သက်သကဲ့သို့ ချစ်သွီးတို့ သည်လည်း ရဟန်းအဖြစ် နှစ်သက်စွာ နေကြကုန်လော့။

သစေ မယိ ဒယာ အတ္ထိ၊ ယဒိ စတ္ထိ ကတညုတာ။
သဒ္ဓမ္မဋ္ဌိတိယာ သဗ္ဗာ၊ ကရောထ ဝီရိယံ ဒဠှံ။
ထိနံ အဒါသိ ပဗ္ဗဇ္ဇံ၊ သမ္ဗုဒ္ဓေါ ယာစိတော မယာ။
တသ္မာ ယထာဟံ နန္ဒိသံ၊ တထာတံ အနုတိဋ္ဌထ။

ပုတ္တိကာ၊ချစ်သွီးတို့။ မယိ၊ငါ၌။ ဒယာ၊ချစ်ခြင်းသည်။ သစေအတ္ထိ၊ အကယ်၍ရှိငြားအံ့။ မယိ၊ ငါဂေါတမီ၌။ ကတညုနာ၊ ကျေးဇူးသိခြင်းသည်။ ယဒိစ-အတ္ထိ၊ အကယ်၍ မူလည်း ရှိပါငြားအံ့။ သဗ္ဗာ၊ အလုံးစုံသော ချစ်သွီးတို့သည်။သဒ္ဓမ္မဋ္ဌိတိယာ၊သူတော်ကောင်းတရား တည်စေခြင်းငှါ။ ဒဠှံ၊ မြဲစွာသော။ ဝီရိယံ၊ ကမ္မဋ္ဌာန်း၌ အားထုတ်ခြင်းကို။ ကရောထ၊ ပြုကြကုန်လော့။

မယာ၊ ငါဂေါတမီသည်။ ထိနံ၊ မိန်းမတို့၏။ ပဗ္ဗဇ္ဇံ၊ ရဟန်း၏ အဖြစ်ကို။ သမ္ဗုဒ္ဓေါ၊ မြတ်စွာဘုရားကို။ ယာစိတော၊ တောင်းပန်ရ၏။ တသ္မာ၊ ထိုကြောင့်။ အဟံ၊ ငါဂေါတမီသည်။ ယထာ၊ အကြင်သို့သော တောင်းပန်ခြင်းဖြင့်။ ယံ၊ အကြင်မိန်းမတို့၏ ရဟန်းအဖြစ်ကို။ နန္ဒိသံ၊ နှစ်သက်၏။ တထာ၊ထိုသို့ ငါတောင်းပန်သော အခြင်းအရာဖြင့်။တုမှေ၊ သင်ချစ်သွီးတို့သည်။ တံ၊ ထိုရဟန်းမိန်းမအဖြစ်၌။ အနုတိဋ္ဌထ၊ အစဉ်အမြဲ တည်ရစ်ကြကုန်လော့။

မိထွေးတော်ဂေါတမီသည် ရဟန်းမိန်းမတို့ကိုရင်း သိက္ခမာန်မိန်းမတို့ကိုရင်း သာမဏေရီ မိန်းမတို့ကိုရင်း ဆုံးမသြဝါဒပေးပြီး၍ ငါးရာသော ရဟန်းမိန်းမအပေါင်းခြံရံလျက် မြတ်စွာဘုရား၏ အထံတော်သို့ ရှိသေစွာ ဆည်းကပ်၍ ဤသို့ လျှောက်ကြား၏။

ကောင်းသော စကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရား— တပည့်တော်မ ဂေါတမီသည် အရှင်ဘုရား၏ လောကီ အမိ ဖြစ်ပါ၏။ ကြီးသောလုံ့လရှိတော်မူသော မြတ်စွာဘုရား– အရှင်မြတ်ဘုရားသည် တပည့်တော်မ ဂေါတမီ၏လောကုတ္တရာ အဘဖြစ်ပါ၏။တပည့်တော်မ ဂေါတမီသည် အရှင်ဘုရား၏ လောကုတ္တရာ သမီးတော်ကြီးဖြစ်ပါ၏။ ကောင်းသော စကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရား- အရှင်ဘုရား၏ ရူပကာယကို တပည့်တော်မ ဂေါတမီသည် ကြီးပွါးအောင် မွေးမြူပါ၏၊တပည့်တော်မ ဂေါတမီ၏ ဓမ္မကာယကို အရှင်ဘုရားသည် ကြီးပွါးအောင် မွေးမြူတော်မူပေ၏။ အရှင်ဘုရားကို တပည့်တော်မ ဂေါတမီသည် အာဟာရအစာ နို့ချိုရေကို တိုက်ကျွေးရပါ၏။ တပည့်တော်မဂေါတမီကိုအရှင်ဘုရားသည်မြဲစွာသော တရားတော်နို့ချိုရေကို တိုက်ကျွေးတော်မူပေ၏။ သားဆုတောင်းကြကုန်သော မိန်းမတို့သည် စကြာမင်းလောင်း သားကောင်းရတနာကို ရကြပါကုန်၏။ မန္ဓာတု

စကြာမင်းကြီး၏ မယ်တော်ပင်ဖြစ်သော်လည်း ဘဝသံသရာ သမုဒ္ဒရာဝဲဩဃထဲ၌ နစ်မြုပ်၍ နေကြရပါကုန်၏။ ။မာယာရင်နှစ် သားချစ်မြတ်ဖျား အရှင်ဘုရားသည် တပည့်တော်မ ဂေါတမီကို သံသရာဝဲပင်လယ်ထဲမှ ထုတ်ဆွဲ ကယ်တင်တော်မူပေ၏။

မာယာရင်နှစ် သားချစ်မြတ်ဖျား အရှင်ဘုရား မိန်းမတို့အား စကြာမင်းမယ်တော်ဟူသော အမည်ကိုရင်း ဧကရာဇ်မင်းမြတ်၏ မယ်တော်ဟူသော အမည်ကိုရင်း ရလွယ်ကြပါကုန်၏။ ဘုရားမယ်တော်ဟူသော အမည်ကိုမူကား အလွန်ရခဲလှပါ၏ မြတ်စွာဘုရား။ ဘုရားမယ်တော်ဟူသော ထိုအမည်ကိုလည်း တပည့်တော်မ ဂေါတမီအား ရပါပြီ အရှင်ဘုရား။ဘုရားမယ်တော်ဟူသော အမည်ထူးကို ရအောင် ဆုတောင်းပဏ္ဏာပြု၍ ကမ္ဘာတသိန်း ပါရမီကိုဖြည့်ရပါသည် မြတ်စွာဘုရား။ ထိုဆုတောင်းခြင်းသည် ယခုပြည့်စုံပါပြီ မြတ်စွာဘုရား။ ဤခန္ဓာကိုယ်ကို စွန့်ပစ်၍ ပရိနိဗ္ဗာန်ပြုခြင်းကို အလိုရှိပါပြီ မြတ်စွာဘုရား။ တပည့်တော်မ ဂေါတမီအား ခွင့်ပြုတော်မူပါ မြတ်စွာဘုရား။

စက်လက္ခဏာ ချွန်းတောင်း တမ်းခွန်တို့ဖြင့် ရောပြွမ်းသော ခြေတော်မြတ်အစုံ ကြာပဒုံကို ဆန့်တန်းတော်မူပါ အရှင်ဘုရား။ မာယာရင်နှစ် သားချစ်မြတ်ဖျား စောဘုရား-အရှင်ဘုရား၏ ခြေတော်အစုံကို ဦးတိုက်ရှိခိုးခြင်းကို ပြုပါအံ့၊ ရွှေတုံးရွှေခဲနှင့် တူသော အရှင်ဘုရား၏ ကိုယ်တော်မြတ်ကို ဖူးမြင်ပြီး၍ ပရိနိဗ္ဗာန် ပြုပါအံ့ မြတ်စွာဘုရား။

ဤသို့မိထွေးတော်ဂေါတမီလျှောက်ကြားသောအခါ၌မြတ်စွာဘုရားသည် သုံးဆဲ့နှစ်ပါးသော လက္ခဏာတော် တို့ဖြင့် ကောင်းမွန်စင်ကြယ်တင့်တယ်တော် မူသော ကိုယ်တော်ကို မိထွေးတော် ဂေါတမီအား ဖူးမြင်စိမ့်သောငှါ ခြေတော်မြတ် အစုံတို့ကို ဆန့်တန်းတော်မူလျက် ပြတော်မူ၏။ ထိုအခါ၌ မိထွေးတော် ဂေါတမီသည် ပွင့်သစ်စ ဖြစ်သော ကြာပဒုမ္မာ တက်သစ်စဖြစ်သော နေလုလင်နှင့် တူတော်မူသော စက်လက္ခဏာတော် တို့ဖြင့် တင့်တယ်သော ခြေတော်အစုံ တို့ကို ဦးတိုက်၍ ရှိခိုးလေ၏။ရှိခိုးပြီးသောအခါ ဤသို့လျှောက်ကြားပြန်၏။

နေမျိုးနန်းနွယ် ဖြစ်တော်မူသော မြတ်စွာဘုရား-အရှင်ဘုရားအား တပည့်တော်မ ဂေါတမီ၏ နောက်ဆုံး ရှိခိုးခြင်းဖြစ်ပါသည် မြတ်စွာဘုရား။ တပည့်တော်မ ဂေါတမီသည် ဤမှနောက်ကို တဖန် အရှင်

ဘုရားအား မဖူးရတော့ပါ မြတ်စွာဘုရား။ လောကထွဋ်ထား မြတ်စွာ ဘုရား မိန်းမတို့ မည်သည်ကား အလုံးစုံသော အပြစ်တို့၏ တည်ရာ ဖြစ်ပါသည်ဘုရား။တပည့်တော်မဂေါတမီ၌ အကယ်၍ အပြစ်ရှိငြားအံ့၊ သည်းခံတော် မူပါ အရှင်ဘုရား။ မိန်းမတို့အား ရဟန်း အဖြစ်ကို ရအောင် တပည့်တော်မ ဂေါတမီသည် အကြိမ်ကြိမ်အဖန်ဖန် တောင်း ပန်ပါသည်အရှင်ဘုရား။ ထိုသို့ တောင်းပန်ခြင်းကြောင့် အပြစ်ရှိငြားအံ့၊ ကန်တော့ပါ၏ မြတ်စွာဘုရား။အရှင်ဘုရား ခွင့်ပြုတော်မူသည့် အတိုင်း ဘိက္ခုနီမတို့အား တပည့်တော် ဂေါတမီသည် ဆုံးမဩဝါဒ ပေးပါ သည် အရှင်ဘုရား။ ထိုသို့ ဆုံးမဩဝါဒပေးရာ၌ အလွဲအမှားကို ဆုံးမ မိသည် ဖြစ်ငြားအံ့၊သည်းခံတော်မူပါ အရှင်ဘုရား။ ဤသို့ မိထွေးတော် ဂေါတမီသည် ပရိနိဗ္ဗာန်ပြုခါနီး၌ မြတ်စွာဘုရားအား တောင်းပန် ကန်တော့ခြင်းကို ပြု၏။ ဤသို့ တောင်းပန် ကန်တော့ခြင်းကို ပြုသော အခါ၌ မြတ်စွာဘုရားသည် ဤသို့မိန့်တော်မူ၏။

မိထွေးတော် ဂေါတမီတောင်းပန် ကန်တော့ခြင်းကို မပြုသောသူ၌ သော်လည်း သည်းခံခြင်းကို ပြုရသေး၏။ဂုဏ်ကျေးဇူးတို့ဖြင့်တန်းဆာ ဆင်လျက် တောင်းပန် ကန်တော့သော မိထွေးတော်၌ အဘယ်အပြစ် ဖြစ်တော့အံ့နည်း။ နိဗ္ဗာန်သို့ သွားပါတော့အံ့ဟူ၍ ခွင့်တောင်းသော မိထွေးတော်အား အဘယ်သို့ ဆိုနိုင်တော့မည်နည်း။ ။မိထွေးတော် ဂေါတမီ- ငါဘုရား၏ တပည့် သာဝက ရဟန်းသံဃာတို့သည် စင် ကြယ်ကုန်၏။ ဤဘုံဘဝ ဒုက္ခအတွင်းမှ လွတ်ခြင်းငှါ သည်းခံခြင်း တရားရှိကြကုန်၏။ ငါဘုရား၏ တပည့်ရဟန်း သံဃာတို့ကိုလည်း ဖူးမျှော် ကန်တော့ ဦးလော့။ဤသို့မြတ်စွာဘုရား မိန့်တော်မူ၏။ မိထွေး တော် ဂေါတမီမှ တပါးကုန်သော ရဟန္တာမိန်းမ ငါးရာတို့သည်လည်း မြင့်မိုရ်တောင်ကို နေ,လ, နက္ခတ်တာရာ ကြယ် အပေါင်းတို့သည် ခြံရံ လှည့်လည် ကုန်သကဲ့သို့ မြတ်စွာဘုရားကို လကျာရစ် လှည့်လည်၍ ခြေတော်အစုံ တို့ကို ဦးတိုက် ရှိခိုးကြကုန်၍ မြတ်စွာဘုရား၏ မျက်နှာ တော်ကို ဖူးမျှော်ကာနေကြကုန်၏။မိထွေးတော် ဂေါတမီသည်မြတ်စွာ ဘုရားအား ဖူးမျှော်ကန်တော့အခွင့်တောင်းပြီး၍ ရဟန်း သံဃာတော် အပေါင်းတို့ကိုလည်း ဖူးမျှော် ကန်တော့၏။ထိုနောက် မြေးတော် အရှင် ရာဟုလာထေရ် သားတော်အရှင်နန္ဒထေရ် တူတော် အရှင်အာနန္ဒာတို့ကို

လည်း ဖူးမျှော်ကန်တော့ပြီး၍ ဤသို့လျှောက်ကြား၏။ချစ်သား ချစ်မြေး တို့....အဆိပ်ထန်သော မြွေ၏ နေရာအိမ်နှင့် တူသည် ဖြစ်၍ ရောဂါ အပေါင်းတို့၏တည်ရာ ဇရာမရဏတို့၏ ကျက်စားသွားသည်ဲ နှိပ်စက်ရာ ဖြစ်၍ အထူးထူးအပြားပြား များလှစွာသော အညစ်အကြေး အဖြစ်ဘေး တို့၏တည်ရာဒုက္ခအစုအပုံကြီး ဖြစ်သော ဤခန္ဓာကိုယ်၌ မယ်တော်ကြီး သည် ငြီးငွေ့စက်ဆုပ်လှသည်ဖြစ်၍ ပရိနိဗ္ဗာန်ပြုခြင်းကို အလိုရှိ ပါ၏။ မယ်တော်အား အခွင့်ပြုတော် မူကြပါ ချစ်သား ချစ်မြေးတို့။ ဤသို့ အခွင့်တောင်းသော အခါ အာသဝေါ ကင်းကြကုန်ပြီးသော အရှင် ရာဟုလာ အရှင်နန္ဒတို့သည် ဤသို့အကြံဖြစ်ကြကုန်၏။

ဝိရတ္တ သင်္ခတံ လောကံ၊အသာရံ ကဒလူပမံ။
မာယာ မရိစိ သဒိသံ၊ ဣတ္တရံ အနဝဋ္ဌိတံ။
ယဏ္ဏနာမ ဇိနဿာယံ၊ မာတုစ္ဆာ ဗုဒ္ဓပေါသိကာ။
ဂေါတမီ နိဗ္ဗုတိံ ယာတိ၊ အနိစ္စံ သဗ္ဗသင်္ခတံ။

သင်္ခတံ၊ ရုပ်နာမ်စုပေါင်း အကြောင်းကြောင့် ဖြစ်ပေါ်လာသော။ လောကံ၊ ရုပ်နာမ်ဓမ္မ သင်္ခါရသည်။ ဝိရတ္တ၊ စက်ဆုပ်ဖွယ် ဖြစ်စွ တကား။ အသာရံ၊ ခိုင်မြဲသော အနှစ်မဟုတ်ချေ။ ကဒလူပမံ၊ အနှစ်ကို ရှာလည်း အကာမျှမရ အခွံအဖတ်သာ ရှိသော ငှက်ပျောတုံးနှင့် တူခြေ၏။ မာယာ မရိစိသဒိသံ၊မျက်လှည့် တံလျှပ် ထပ်တူပမာ။ဣတ္တရံ၊ ခဏမျှသာ တည်ချေ၏။ အနဝဋ္ဌိတံ၊ မရပ်မနား ပျက်ပြားဖေါက်ပြန် တတ်ချေ၏။ ဝါ၊ အရှည်မခံ့ တည်တံ့မနေ ပျက်လွယ်ချေ၏။ ဗုဒ္ဓ ပေါသိကာ၊ မြတ်စွာဘုရားကို နို့ချိုတိုက်ကျွေး မွေးမြူပေးပေသော။ ဇိနဿ၊ မြတ်စွာဘုရား၏။ မာတုစ္ဆာ၊ မိထွေးတော်ဖြစ်သော။ အယံ ဂေါတမီနာမ၊ ဤမယ်တော်ကြီး ဂေါတမီသည်ပင်လျှင်။ နိဗ္ဗုတိံ၊ သေ ခြင်းသို့။ယာတိ၊ ရောက်ရသေး၏။ သဗ္ဗသင်္ခတံ၊ အလုံးစုံသော သင်္ခ တ တရားစုသည်။ အနိစ္စံ၊ အမြဲမရှိချေ။

အရှင်ရာဟုလာနှင့် အရှင်နန္ဒထေရ်တို့သည် မြေးတော်သားတော်များ ဖြစ်ကြကုန်သော်လည်းရဟန္တာဖြစ်ပြီး၍ ပူဆွေးသောက မရှိကြကုန်ဘဲ သင်္ခါရတို့၏ မမြဲသောအဖြစ်ကို ဆင်ခြင် အောက်မေ့နိုင်ကြကုန်၏။ တူတော် ဖြစ်သော အရှင် အာနန္ဒာသည်ကား သောတာပန်မျှသာ

ဖြစ်သေး၍ သောကနှိပ်စက်သည်ကို မဖြေဆည်နိုင်ဘဲ ငိုရှိုက်သော မျက်ရည်ဖြင့် မြည်တမ်းပြောဆိုကာ သနားဘွယ်ငိုကြွေးတော်မူ၏။

ဟာ သင်္ဃံ ဂေါတမီ ယာတိ၊ နနု ဗုဒ္ဓေါပိ နိဗ္ဗုတိံ။
ဂစ္ဆတိ နစိရေနေဝ၊ အဂ္ဂိရိဝ နိရိန္ဓနော။

ဂေါတမီ၊မိထွေးတော်မြတ် မယ်တော်နတ်သည်။ သင်္ဃံ၊ နိဗ္ဗာန်သို့။ ဟာ-ယာတိ၊ယခုမကြာ သွားတော့မည်ပါတကား။ နိရိန္ဓနော၊ ဆီမီးစာကုန်ပြီးသော။ အဂ္ဂိရိဝ၊ ဆီမီးတောက်ကဲ့သို့။ ဟာ-ယာတိ၊ငြိမ်းပျောက်ကွယ်ပ မမြင်ရအောင် သွားရတော့မည်ပါတကား။ ဗုဒ္ဓေါပိ၊ မြတ်စွာဘုရားသည်လည်း။ နစိရေနေဝ၊ မကြာမီသာလျှင်။ နိဗ္ဗုတိံ၊ ကွယ်ပငြိမ်းပျောက် ခြင်းသို့။ ဟာ-ဂစ္ဆတိ နနု၊ ရောက်၍ သွားတော့မည်တကား။ ဟာ-ဒုက္ခ၊ ငါ့မှာသောက ဒုက္ခပူဆွေး ငိုကြွေးမြည်တမ်း စိတ်ညှိုးနွမ်း၍ ပင်ပန်းလှချေ၏တကား။

မြတ်စွာဘုရား၏ မယ်တော်ကြီး ဖြစ်တော်မူသော မိထွေးတော် ဂေါတမီသည် နိဗ္ဗာန် ပြည်ကြီးသို့ ယခုမကြာ သွားရောက်၍ ကွယ်ပျောက်တော့မည်ပါတကား။ မြတ်စွာဘုရားသည်လည်း မကြာမီပင် နိဗ္ဗာန်ပြည်ခွင်သို့ ကြွသွားလိမ့်မည်ပါတကား။ ဆီမီးစာကုန်ပြီးသော ဆီမီးတောက်ကဲ့သို့ ငြိမ်းပျောက်ကွယ်ပ၍ သွားတော့မည်ပါတကား။ အရှင်အာနန္ဒာသည် ဤကဲ့သို့ မြည်တမ်းဖွဲ့ဆို ငိုကြွေးတော်မူ၏။

အာနန္ဒေါစ တဒါ သေခေါ၊ သောကဋ္ဋော ဇိနဝစ္ဆလော။
တတ္ထ ဿူနိ ကရောန္တော သော၊ ကလုဏံ ပရိဒေဝယိ။

တဒါ၊ ထိုမိထွေးတော် ဂေါတမီ ပရိနိဗ္ဗာန် ပြုတော်မူသည့်အခါ၌။ အာနန္ဒောစ၊ အရှင်အာနန္ဒာသည်ကား။ သေခေါ၊ သောတာပန်မျှသာ ဖြစ်သေး၏။သောကဋ္ဋော၊စိုးရိမ်သောက ဒုက္ခပူဆွေး ငိုကြွေးမြည်တမ်း ပင်ပန်းလှ၏။ ဇိနဝစ္ဆလော၊နှမ်မခွါသေး သားထွေးအလား မြတ်ဘုရား၌ အားကိုးတရ ခင်တွယ်ပြု၏။တတ္ထ၊ ထိုပရိသတ်တို့၏အလယ်၌။ အဿူနိ၊ မျက်ရည်တို့ကို။ ကရောန္တော၊ မဆည်နိုင်ဘဲ ငိုရှိုက်ခြင်းကို ပြုလျက်။ သော၊ ထိုအရှင်အာနန္ဒာသည်။ ကလုဏံ၊ သနားစဘွယ်။ ပရိဒေဝယိ၊ ငိုကြွေးတမ်းတ နွမ်းလျှတော်မူရှာလေ၏။

ဤကဲ့သို့ အရှင်အာနန္ဒာသည် မြည်တမ်းဖွဲ့ဆို ငိုကြွေးတော်မူလျက် နေသည်ကို မိထွေးတော်ဂေါတမီသည် ဤသို့ဖြောင်းဖြတရားချ၍မိန့်ဟ ခွန်းခွေ့ သက်သာစေ၏။ သမုဒ္ဒရာကျယ်ဝန်းစွာသို့ များစွာသုတရှိပေလှ သည့်ဗုဒ္ဓလုပ်ကျွေး ကျေးဇူးကြွယ်စွ ချစ်မဝသည့် သားလှသည်းချာ အာနန္ဒာ ဟု သညာတော်မှတ် အရှင်မြတ် သောကပူဆွေး ငိုကြွေး ဘို့ရာ မသင့်ပါဘုရား။ ဝမ်းသာ ရွှင်လန်း ချမ်းဘို့ရာ ခွင့်အခါ၌ ပူစရာ မဟုတ်ပါဘုရား။ ဝမ်းမြောက် ရွှင်လန်း ချမ်းဘို့သာဖြစ်ပါသည်ဘုရား။ တပည့်တော်မ ဂေါတမီသည် အလွန်ချမ်းသာသော နိဗ္ဗာန်သို့ရောက်၍ အလွန်ချမ်းသာမည့်အခါ ဖြစ်ပါသည်။ အလွန်ချမ်းသာလှစွာသော နိဗ္ဗာန်ရွှေပြည်ကြီးသို့ ရောက်အောင် အရှင်ဘုရားကူညီ၍ ပို့ပေသော ကြောင့်သာလျှင် တပည့်တော်မ ဂေါတမီသည် နိဗ္ဗာန်သို့ ရောက်ရ ပါသည် အရှင်အာနန္ဒာဘုရား။ တပည့်တော်မသည် နိဗ္ဗာန်သို့ရောက် ခြင်း၌ ရဟန်းမိန်းမအဖြစ်ကို ခွင့်တောင်းသောအခါ၌ အရှင်အာနန္ဒာ ကူညီခွင့်တောင်း၍ ပေးသောကြောင့် သာလျှင် မြတ်စွာဘုရားသည် တပည့်တော်မ ဂေါတမီအား ရဟန်းမိန်းမ ပြုစေရန် အခွင့်ပြုပါသည်။ သားကြီးအာနန္ဒာ နှလုံးမသာ မရှိပါလင့်။ သားကြီး အာနန္ဒာသည် မြတ်စွာဘုရားအထံ၌ တောင်းပန်လျှောက်ကြားသော စကားများသည် မိထွေးတော်မှာ အကျိုးကျေးဇူးရှိလှပါသည်။ သားကြီးခွင့်တောင်း၍ ပေးသောကြောင့် မိထွေးဘော်တို့ မိန်းမတွေမှာ ရဟန်း အဖြစ်ကို ရပါသည်၊ ဘုရားသာသနာကို စောင့်ရှောက်ပေသော သားဘော် အာနန္ဒာ အရှင်ဘုရား–သားတော်ကြီးကို ယခု မိခင်မြင်ရခြင်းသည် ကား နောက်ဆုံးမြင်ရခြင်း ဖြစ်ပါ၏။ နိဗ္ဗာန်ပြည်ကြီးသို့ ရောက်ပြီး နောက် မမြင်ရတော့ပါ။ ထိုနိဗ္ဗာန်ပြည်တော်ကြီးသို့ မိခင်ယခုသွားပါ တော့အံ့၊ အားမငယ်ပါနှင့်၊ သားတော်အရှင်အာနန္ဒာ မြတ်စွာဘုရား ရှိပါသေးသည်ဟု ဤသို့မိထွေးတော် ဂေါတမီသည် အရှင်အာနန္ဒာကို သောကပူဆွေး ငိုကြွေးခြင်းမှ ငြိမ်းစေခြင်း၌ တရားချ၍ ခွန်းဟ မိန့်ခွေ့ သက်သာစေ၏။

တရံသောအခါ၌ မြတ်စွာဘုရားသည် တရားဟောတော်မူ၍နေစဉ် ချဉ်းကပ်တော်မူ၏။ ထိုအခါ၌ မိထွေးတော်ဂေါတမီသည် ဤသို့ ဆို၏ အသက်တော်ရှည်ပါစေ တကမ္ဘာပတ်လုံး တည်ပါစေ အလုံးစုံသော

လောက၏ အကျိုးငှါ မအိမသသေဖြစ်ပါစေ မြတ်စွာဘုရား၊ ဤသို့ မိထွေးတော် ဂေါတမီ ဆိုသောအခါ၌ မြတ်စွာဘုရားသည် ဤသို့ မိန့်တော်မူ၏။ မိထွေးတော် ဂေါတမီ မြတ်စွာဘုရားတို့အား မိထွေး တော်ဂေါတမီ ရှိခိုးသကဲ့သို့ ရှိခိုးခြင်းသည် မြတ်စွာဘုရားတို့အား ရှိခိုးခြင်းမမည်ကုန်။ထိုသို့ မြတ်စွာဘုရားမိန့်တော်မူသောအခါ မိထွေး တော်ဂေါတမီက လျှောက်ကြား မေးမြန်းပြန်၏။ သဗ္ဗညု မြတ်စွာ ဘုရား-မြတ်စွာဘုရားတို့အား အဘယ်သို့ရှိခိုးအပ်ကုန်သနည်း မြတ်စွာ ဘုရား၊ ဤသို့ မိထွေးတော်ဂေါတမီ လျှောက်ကြားသောအခါ မြတ်စွာ ဘုရားသည် ဤဂါထာကို မိန့်တော်မူ၏။

အာရဒ္ဓဝီရိယေ ပဟိတတ္တေ၊ နိစ္စံ ဒဠှ ပရက္ကမေ။
သမဂ္ဂေ သာဝကေ ပဿ၊ ဧတံ ဗုဒ္ဓါန ဝန္ဒနံ။

အာရဒ္ဓဝီရိယေ၊ အားထုတ်သော လုံ့လရှိကုန်သော။ ပဟိတတ္တေ၊ ကိုယ်အသက်ကို ငဲ့ကွက်တွယ်တာ မည္ဟာမထောက် ဖြတ်တောက် ပစ်ထား စွန့်စားလွှတ်လွှတ် စိတ်ကိုလွှတ်လျက်၊ ဝါ၊ စိတ်သွားမတွန့် ရဲငံ့စွန့်စား အလွှတ်ထားလျက်။ နိစ္စံ၊ အစဉ်မပြတ် မရပ်မဆိုင်း။ ဒဠှပရက္ကမေ၊ ရှေ့အားကြီးစွာ ခိုင်မာမြဲမြံ စိတ်အားသန်လျက်။ သမဂ္ဂေ၊ ညီညွတ်ကုန်သော။ သာဝကေ၊ အားထုတ်လုံ့လဝီရိယဖြင့် နေ့ညမပြတ် ဝိပဿနာ ရှုကာနေသော တပည့်အပေါင်းတို့ကို။ ပဿ၊ မြူစွာသဒ္ဓါ စေတနာဖြင့် မေတ္တာမျက်းဆွေ ဖူးမြင်လေလော။ ဧတံ၊ ဤ သည်ကား။ ဗုဒ္ဓါနံ၊ မြတ်စွာဘုရားတို့အား။ ဝန္ဒနံ၊ ရှိခိုးခြင်းတည်း။

မိထွေးတော် ဂေါတမီ အားထုတ်လုံ့လ ဝီရိယဖြင့် မနားမနေ စိတ်ကိုစေ၍ အရိုးကြေကြေ အရေခြောက်ခြောက် နောက်သို့မဆုတ် မယုတ်မရှော့ လက်မလျော့ဘဲ ခိုင်မြဲသော ဝီရိယ အာရမ္ဘဓာတ်ဖြင့် မပြတ်မလပ် ဝိပဿနာ ထင်စွာရှုကြည့် သတိမမေ့ နေလေ့ရှိကုန် သော ငါ၏တပည့် သာဝကရဟန်း အပေါင်းတို့ကို ဖူးမြင်ခြင်းသည် မြတ်စွာဘုရားတို့အား ရှိခိုးခြင်းပင်ဖြစ်၏။ ထိုကြောင့် မဂ်ဖိုလ်ကိုလှမ်း ကမ္မဋ္ဌာန်းမပြတ် ဝိပဿနာ ထင်စွာရှုကြည့် သတိမမေ့ နေလေ့ရှိကုန် သော ရဟန်းတို့ကို ဖူးမြင်လေလော့ ဟူ၍ မြတ်စွာဘုရားသည် မိန့် တော်မူ၏။ ဤသို့ မြတ်စွာဘုရား မိန့်တော်မူသော စကားတော်၏

အဓိပ္ပါယ်ကို မိထွေးတော် ဂေါတမီသည်ဘိက္ခုနီကျောင်းသို့ ပြန်သွား၍ တယောက်ထည်း ဆိတ်ငြိမ်စွာ နေလျက် ကြံစည် စဉ်းစားဘူး၏။ ဘဝအဆုံးသို့ ရောက်တော်မူပြီးသော လောကနာထ မြတ်ဗုဒ္ဓသည် သမဂ္ဂသာဝက ဓမ္မကျင့်မြတ် ဝိပဿနာ ရှုကာကျင့်ကြံ ညီညွတ်ရန်ကို အမှန်စင်စစ် နှစ်သက်ကြည်ဖြူ လိုတော်မူ၏ ဟူ၍ မိထွေးတော် ဂေါတမီသည် မြတ်စွာဘုရား၏ အလိုတော်ကို ထုတ်ဖေါ်ကာ ဟော ပြလျက် သောကပူဆွေး ငိုကြွေးခြင်းမှ ငြိမ်းစေခြင်းငှါ အရှင် အာနန္ဒာအား ချီသာဖြောင်းဖြ တရားချ၍ မြတ်စွာဘုရား အထံတော်၌ ပရိနိဗ္ဗာန်ပြုအံ့သောအခါကာလကို လျှောက်ကြား၏။ ထိုအခါ မြတ်စွာ ဘုရားသည် ဤဂါထာဖြင့် မိန့်တော်မူ၍ မိထွေးတော် ဂေါတမီအား တန်ခိုးပြရန် တိုက်တွန်းတော်မူ၏။

ထိနံ ဓမ္မာဘိသမယေ၊ ယေ ဗာလာ ဝိမတိံ ဂတာ။
တေသံ ဒိဋ္ဌိပဟာနတ္ထံ၊ ဣဒ္ဓိံ ဒဿေဟိ ဂေါတမိ။

ဂေါတမိ၊ မိထွေးတော် ဂေါတမီ။ ထိနံ၊ မိန်းမတို့၏။ ဓမ္မာဘိသ မယေ၊ တရားအထူးကို သိမြင်ခြင်း၌။ ယေဗာလာ၊ အကြင်သူမိုက်တို့ သည်။ ဝိမတိံ၊ မသိဝိုးဝါး ယုံမှားခြင်းသို့။ ဂတာ၊ ရောက်ကြကုန်၏။ တေသံ၊ ထိုလူမိုက်တို့၏။ ဒိဋ္ဌိပဟာနတ္ထံ၊ မိစ္ဆာအယူကို ပယ်ခြင်းငှါ။ ဣဒ္ဓိံ၊ တန်ခိုးကို။ ဒဿေဟိ၊ ပြခဲ့ဦးလော့။

ဤသို့ မြတ်စွာဘုရား တိုက်တွန်းတော်မူသော အခါ မိထွေးတော် ဂေါတမီသည် မြတ်စွာဘုရား၏ ခြေတော်ကို ဦးတိုက်ရှိခိုး၍ ကောင်း ကင်သို့ ပျံတက်ပြီးလျှင် ကောင်းကင်၌ နေပြီး၍ များစွာသော တန်ခိုး တို့ကို ပြလေ၏။ တပါးထည်းကို အများဖြစ်အောင် ဘန်ဆင်း၍ ပြတော်မူ၏။ အများကိုလည်း တပါးတည်း ဖြစ်အောင် ပြတော်မူ၏။ တံတိုင်းနံရံ ခြားရာကိုလည်း ငြိကပ်ခြင်းမရှိ ဖေါက်ထွင်း၍ သွားတော် မူ၏။ မြေကြီး အတွင်းသို့ ငုပ်၍ ပြတော်မူ၏။ ရေပေါ်တွင် စကြံ လျှောက်၍ ကြွသွားလျက် ပြတော်မူ၏။ ကောင်းကင်၌ ထက်ဝက် ပလ္လင်ဖြင့် ထိုင်နေလျက် ငှက်တို့သည် ကောင်းကင်၌ သွားကာ ပျံကာ ဝဲကာ နေသကဲ့သို့ ပျံဝဲ၍ပြတော်မူ၏။ ဗြဟ္မာ့ပြည် တိုင်အောင် ဤ ကိုယ်ဖြင့် တက်သွားသည်ကို လူအများမြင်အောင် ပြတော်မူ၏။မြင့်မိရ်

တောင်ကြီးကို ထိုးရိုးပြု၍ ပထဝီမြေကြီးကို ထိုးရွက်ပြုတော်မူ၍ ထက်အောက်ပြောင်းပြန်လှန်လျက် ထိုးကဲ့သို့ဆောင်းမိုးလျက် ကောင်းကင်၌ စင်္ကြံကြွ၍ ပြတော်မူ၏။ ။ကောင်းကင်၌ စကြာ မင်းကြီးသည် စကြာရတနာ ရထားကြီးကို စီးလျက် စစ်သည်ဗိုလ်ထု ပရိသတ်အပေါင်းတို့နှင့်တကွ သွားလာပုံကို ဘန်ဆင်း၍ ပြတော်မူ၏။ ။ဂဠုန်ယောင်, နဂါးယောင်, ခြင်္သေ့ယောင် အမျိုးမျိုးဘန်ဆင်း၍ ပြတော်မူ၏။ အလွန်များစွာသော ဘိက္ခုနီရဟန်းမိန်းမ ပရိသတ်ကြီးသည် ကောင်းကင်၌ ဈာန်ကြွ၍နေကြပုံကိုလည်း ဘန်ဆင်း၍ပြတော်မူ၏။ ။ထိုရဟန်းမိန်းမ ပရိသတ်ကြီးကို ကောင်းကင်၌ ဘန်ဆင်း၍ ပြပြီးလျှင် ထိုရဟန်းမိန်းမ ပရိသတ်ကြီးကို ကွယ်စေ၍ ကောင်းကင်မှ ရှိခိုးလျက် မြတ်စွာဘုရားကို ဤဂါထာဖြင့် လျှောက်ကြားတော်မူ၏။

မာတုစ္ဆာ တေ မဟာဝီရ၊ တဝ သာသနကာရိကာ။
အနုပ္ပတ္တာ သကံ အတ္ထံ၊ ပါဒေ ဝန္ဒာမိ စက္ခုမ။

မဟာဝီရ၊ကြီးသောလုံ့လ ရှိတော်မူသော မြတ်စွာဘုရား။ တဝ၊ အရှင်ဘုရား၏။ သာသနကာရိကာ၊ ဆုံးမတော်မူတိုင်း ပြုကျင့်တတ်သော။ တေ၊အရှင်ဘုရား၏။ မာတုစ္ဆာ၊ မိထွေးတော်ပါတည်း။ သကံ-အတ္ထံ၊မိမိအလိုရှိရာ အကျိုးပြီးစီးခြင်းသို့။ အနုပ္ပတ္တာ၊ အစဉ်ရောက်ပြီ။ စက္ခုမ၊ စက္ခုငါးပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။ တဝ၊ အရှင်ဘုရား၏။ ပါဒေ၊ ခြေတော်အစုံတို့ကို။ ဝန္ဒာမိ၊ရှိခိုးပါ၏။

မိထွေးတော်ဂေါတမီသည် လောကဝိဝရဏ အလုံးစုံသော စကြဝဠာဘသောင်းကို လင်းစေနိုင်သော တန်ခိုးဘော်ကိုဓိဋ္ဌာန်၍ လူတို့ကို ငရဲသူ,နတ်,ဗြဟ္မာတို့က မြင်ရလေအောင် ငရဲသူတို့ကိုလည်း လူတို့က မြင်ရလေအောင် အထက် ဘာဝတီ^သာ နတ်ပြည် ဗြဟ္မာ့ပြည် တို့၌ နတ်ဗြဟ္မာတို့ကို လူတို့က မြင်ရအောင် ပြတော်မူ၏။ ငရဲသူ ငရဲသား ငရဲထိန်း ငရဲမီးလျှံတို့ကို လူတို့မြင်ရအောင် ပြတော်မူ၏။ငရဲသူငရဲသားတို့က နတ်ဗြဟ္မာတို့ကိုမြင်ရအောင် တန်ခိုးဘော်ဖြင့်ပြ၍ အလုံးစုံသော နတ်ဗြဟ္မာ တို့ကို ငရဲသူတို့က မြင်ကြရကုန်၏။ ရဟန်းသံဃာတော်တို့ကို ငရဲသူတို့က မြင်ရအောင် တန်ခိုးပြ၍ ငရဲသူ ငရဲသားတို့သည် ရဟန်း သံဃာတော်တို့ကို မြင်ကြရကုန်၏။ လောကန္တရိက်ငရဲ ဟူ၍

ဆိုအပ်သော စကြဝဠာသုံးခုတို့၏ အကြား၌ နေ,လ,နက္ခတ် အရောင် အလင်း မရှိ။ အခါခပ်သိမ်း မှောင်၍ အောက်အရပ်မှ ဆားငန်ရေ သာရှိ၍ စကြဝဠာ တံတိုင်းကို လင်းနို့တို့ကဲ့သို့ တွယ်ကပ်၍ နေကြသော လောကန္တရိက် ငရဲသူတို့ကို လူတို့မြင်ရအောင် တန်းခိုးတော်ဖြင့် ပြတော်မူ၏။ ထိုလောကန္တရိက် ငရဲသူတို့သည်လည်း ရဟန်း သံဃာတော်နှင့်တကွ မြတ်စွာဘုရားကို မြင်ကြရကုန်၏။ ရဟန်းသံဃာတော်တို့သည်လည်း ထိုလောကန္တရိက် ငရဲသူတို့ကို မြင်ကြရကုန်၏။ ထိုလောကန္တရိက် ငရဲတို့သည်လည်း နတ်ပြဿာဒ်တို့ကို မြင်ကြရ ကုန်၏။ မိထွေးတော်ဂေါတမီသည် လောကဝိဝရဏ တန်းခိုးတော်ကို ပြသော အခါ၌ အထက်အောက်စကြဝဠာ ဘီလာထုတ်ချင်း အလင်းကိုပြုသော ကြောင့် အဝီစိငရဲသူမှစ၍ အလုံးစုံသောငရဲကြီး ငရဲငယ် ငရဲသူဟူသမျှ တို့သည်၎င်း အလုံးစုံသော စကြဝဠာ တသောင်း၌ နေသူ လူအမျိုးမျိုး တို့သည်၎င်း အလုံးစုံသော နတ်ပြဿာဒ် တို့သည်၎င်း စကြဝဠာ တသောင်းအတွင်း၌ အချင်းချင်းမြင်ကြရကုန်၏။

ဤသို့တန်းခိုးပြပြီး၍ မိထွေးတော် ဂေါတမီသည် ဤသို့ လျှောက်ကြား၏။ ကြီးသော လုံ့လရှိတော်မူသော မြတ်စွာဘုရား တပည့်တော်မသည် အရှင်ဘုရား၏ မိထွေးတော်ပါဘုရား။ အရှင်ဘုရား ဆုံးမသင်ပြတော်မူတိုင်း တန်းခိုးပြပါသည် မြတ်စွာဘုရား။ ကိုယ်ကျိုးတရားကိုယ့်စီးပွါးကို ကြိုးစားအားထုတ် လောကုတ် လောကီ နှစ်လီအစုံ အကုန်အစင် အောင်မြင်ပြီးမြောက် အဆုံးရောက်ပါပြီ မြတ်စွာဘုရား။ အရှင်ဘုရား၏ ခြေတော်အစုံကို ဦးတိုက်ညွှတ်ကျိုး ရှိခိုးပါ၏ မြတ်စွာဘုရား။ ဤသို့ လျှောက်ကြားပြီး၍ ထိုမိထွေးတော် ဂေါတမီသည် အထူးထူးအပြားပြား များစွာသော တန်းခိုးတို့ကို ပြတော်မူ၍ ကောင်းကင်မှ ဆင်းသက်ပြီးလျှင် မြတ်စွာဘုရားကို ရှိခိုးလျက် သင့်တင့်သော နေရာ၌ ထိုင်နေလျက် ဤဂါထာဖြင့် လျှောက်ကြားပြန်၏။

သာ ဝီသဝဿသတိကာ၊ ဇာတိယာဟံ မဟာမုနေ။
အလမေတ္တာဝတာ ဝီရ၊ နိဗ္ဗာယိဿာမိ နာယက။

သာအဟံ၊ထိုတပည့်တော်မ ဂေါတမီသည်။ဇာတိယာ၊ဖွားသည်မှ။ ဝီသဝဿသတိကာ၊ အသက် တရာ့နှစ်ဆယ် ရှိပါပြီ။ မဟာမုနေ၊

မြတ်စွာဘုရား။ ဇွေဒ၀တာ၊ ဤမျှလောက် အသက်ရှည်လျက် ဤမျှလောက် တန်းခိုးတို့ကို ပြ၍။ အလံ၊ တော်လောက်ပါပြီ မြတ်စွာဘုရား။ နာယက၊ နိဗ္ဗာန်သို့ ပို့ဆောင်တော်မူတတ်သော မြတ်စွာဘုရား။ နိဗ္ဗာယိဿာမိ၊ ပရိနိဗ္ဗာန် ပြုပါတော့အံ့ မြတ်စွာဘုရား။ ဣတိ၊ ဤသို့ လျှောက်ကြား၏။

ဤကဲ့သို့ မိထွေးတော် ဂေါတမီ တန်းခိုးပြသည်ကို ကြည့်ရှု ဖူးမြင်ကြကုန်သော ပရိသတ်အပေါင်းတို့သည် အံ့ဩခြင်းဖြစ်၍ မိထွေးတော် ဂေါတမီကို လက်အုပ်ချီလျက် လျှောက်ကြားကုန်၏။ မြတ်စွာဘုရား၏ မယ်တော်ဖြစ်ပေသော အရှင်မဘုရား ဤကဲ့သို့ အတုမရှိသော တန်းခိုးတို့ကို ပြခြင်းငှါ အဘယ်ခါကာလ အဘယ်ဘုရား၏လက်ထက်တော်မှ အစပြု၍ အဘယ်ကဲ့သို့ ပါရမီများကို ဖြည့်ကျင့် ဆည်းပူးခဲ့ပါသနည်းဘုရား။ တပည့်တော် တပည့်တော်မတို့အား မှတ်သား နည်းယူဘွယ်ဖြစ်သော အပဒါန်တရားတော်များကို ဟောကြားတော်မူပါ မယ်တော်ဘုရား ဟူ၍ တောင်းပန်ကြသော အခါ၌ မိထွေးတော် ဂေါတမီသည် ရဟန်းမိန်းမ ပရိသတ်ဘို့၏ အလယ်၌ တင့်တယ်စွာ ထိုင်နေလျက် ရှေးဘဝတို့၌ ပြုကျင့် ဆည်းပူးခဲ့သော ပါရမီ အပဒါန် တရားတို့ကို အကျဉ်းအားဖြင့် ဟောကြားတော်မူ၏။

မိထွေးတော် ဂေါတမီ ဟောသော အပဒါန် တရားတော်

တရားတော်နာ ရောက်လာကြကုန်သော အရှင်မတို့... ဤကမ္ဘာမှ ပြန်၍ရေသော် ကမ္ဘာတသိန်းထက်၌ ပဒုမုတ္တရမြတ်စွာဘုရားပွင့်တော်မူ၏။ ထိုအခါ၌ ငါဂေါတမီသည် ဟံသာဝတီပြည်ကြီးဝယ် ပဒုမုတ္တရ မြတ်စွာဘုရား၏ အခြွေအရံဖြစ်သော အမတ်ကြီး၏ သမီးတော်ဖြစ်ရ၏။ အလုံးစုံ ဥစ္စာပစ္စည်း ပြည့်စုံပေါများ စပါးဆန်ရေ ရွှေငွေရတနာ မြားမြောင်လှစွာ ချမ်းသာကြွယ်ဝ၏။တရံတခါ အဘဖြစ်သော အမတ်ကြီးနှင့် အတူတကွ ကျွန်မိန်းမ အခြွေအရံတို့ဖြင့် ခြံရံလျက် ပဒုမုတ္တရ မြတ်စွာဘုရား အထံတော်သို့သွား၍ တရားတော်ကိုနာ၏။ သိကြားမင်းကဲ့သို့ တင့်တယ်စွာ နေတော်မူလျက် တရားတည်းဟူသော မိုးကို ရွာသွန်းစေလျက် တန်ဆောင်မုန်းလအခါ ကောင်းကင်လယ်၌ တက်၍ ထွန်းသော နေမင်းကဲ့သို့ ရောင်ခြည်တော် ခြောက်သွယ်တို့ဖြင့် ထွန်း

လင်းတောက်ပလျက် နေတော်မူသော မြတ်စွာဘုရားကို ဖူးမြင်ရ၍ စိတ်၏ကြည်ညိုခြင်းဖြစ်၍ တရားတော်ကို နာ၍ ပဒုမုတ္တရ မြတ်စွာဘုရား၏မိထွေးတော်ဖြစ်သော ဘိက္ခုနီ ရဟန်းမိန်းမကြီးအား ဧတဒဂ် ထားတော်မူသည်ကိုမြင်၍ ခုနစ်ရက်ပတ်လုံး ဘုရားအမှူးရှိသောသံဃာ တော်တို့အား ဆွမ်းကျွေးပြီး၍ များစွာသော လှူဘွယ်ဝတ္ထုတို့ကို လှူဒါန်း၍ ပဒုမုတ္တရ မြတ်စွာဘုရား၏ ခြေတော်ရင်း၌ ဦးချရှိခိုးလျက် ဤသို့ ငါသည် လျှောက်ကြား၍ ဆုတောင်းဘူး၏။

ဘုန်းတော် ခြောက်စုံ ဂုဏ်တော်အနန္တ အတုလပရမေ ဖြစ်တော်မူပေသော မြတ်စွာဘုရား တပည့်တော်မသည် ခုနစ်ရက်ပတ်လုံး ဘုရားအမှူးရှိသော သံဃာတော်တို့အား ဆွမ်းကျွေး၍ များစွာသော လှူဘွယ်ဝတ္ထုတို့ကို လှူဒါန်းရသော ကုသိုလ်ပါရမီကြောင့် လူစည်းစိမ် နတ်စည်းစိမ်တို့ကို အလိုမရှိပါ၊ အရှင်ဘုရား၏ မိထွေးတော်ကဲ့သို့ နောင်အခါ ပွင့်တော်မူလတ္တံ့သော မြတ်စွာဘုရားတို့၏ မိထွေးတော် ဖြစ်၍ ရတ္တညူဧတဒဂ်ကို ရပါလို၏ မြတ်စွာဘုရား။ ဤကဲ့သို့ ဆုတောင်း သောအခါ ပဒုမုတ္တရ မြတ်စွာဘုရားသည် များစွာသော ပရိသတ် အလယ်၌ ဤသို့ ဗျာဒိတ်ပေးတော်မူ၏။

ယာ သသံဃံ အဘောဇေသိ၊ သတ္တာဟံ လောကနာယကံ။
တမဟံ ကိတ္တယိဿာမိ၊ သုဏာထ မမ ဘာသတော။
သတသဟဿိတော ကပ္ပေ၊ ဩက္ကာက ကုလသမ္ဘဝေါ။
ဂေါတမောနာမ နာမေန၊ သတ္ထာ လောကေ ဘဝိဿတိ။
တဿ ဓမ္မေသု ဒါယာဒါ၊ ဩရသာ ဓမ္မနိမ္မိတာ။
ဂေါတမီနာမ နာမေန၊ ဟေဿတိ သတ္ထု သာဝိကာ။
တဿ ဗုဒ္ဓဿ မာတုစ္ဆာ၊ ဇီဝိကာ ပါဒိကာ အယံ။
ရတ္တညူနဉ္စ အဂ္ဂတ္တံ၊ ဘိက္ခုနီနံ လဘိဿတိ။

ဘိက္ခဝေ၊ ရဟန်းတို့-။ ယာ၊ အကြင်အမတ်ကြီး၏ သမီးတော်သည်။ သ-သံဃံ၊ သံဃာတော် အပေါင်းနှင့်တကွသော။ လောကနာယကံ၊ မြတ်စွာဘုရားကို။ သတ္တာဟံ၊ ခုနစ်ရက်ပတ်လုံး။ အဘောဇေသိ၊ ဆွမ်းလုပ်ကျွေး၏။ တံ၊ ထို ဆွမ်းလုပ် ကျွေးသော အမတ်ကြီး၏

သွီးတော်ကို။ အဟံ၊ ငါဘုရားသည်။ ကိတ္တယိဿာမိ၊ ဖျာဒိတ်စကား မိန့်ကြားတော်မူအံ့။ မမ၊ ငါဘုရား၏။ ဘာသတော၊ မိန့်ကြားတော်မူသော ဖျာဒိတ်စကားတော်ကို။ သုဏာထ၊ နားထောင်ကြကုန်လော့။ ဣတော၊ ဤကမ္ဘာမှ။ သတသဟဿေကပ္ပေ၊ ကမ္ဘာတသိန်းထက်၌။ ဩက္ကာကကုလသမ္ဘဝေါ၊ ဩက္ကာကမင်းမျိုး၌ ဖြစ်သော။ နာမေန၊ အမည်အားဖြင့်။ ဂေါတမောနာမ၊ ဂေါတမအမည်တော်ရှိသော။သတ္ထာ၊ မြတ်စွာဘုရားသည်။လောကေ၊လူ့ပြည်၌။ဘဝိဿတိ၊ပွင့်တော်မူလတ္တံ့။

တဿ၊ ထိုဂေါတမ မြတ်စွာဘုရား၏။ ဓမ္မေသု၊ တရားတော်တို့၌။ ဒါယာဒါ၊ အမွေခံဖြစ်သော။ ဩရသာ၊ ရင်၌ဖြစ်သော။ ဓမ္မနိမ္မိတာ၊ တရားတော်သည် ဖန်ဆင်းအပ်သော။ နာမေန၊ အမည်အားဖြင့်။ ဂေါတမီနာမ၊ ဂေါတမီ အမည်ရှိသော။ သတ္ထု၊ မြတ်စွာဘုရား၏။ သာဝိကာ၊ တပည့်မကြီးသည်။ ဟေဿတိ၊ ဖြစ်လတ္တံ့။ ။တဿ ဗုဒ္ဓဿ၊ ထိုဂေါတမ မြတ်စွာဘုရား၏။ မာတုစ္ဆာ၊ မိထွေးတော်ဖြစ်၍။ အာပါဒိကာ၊ နို့ချိုကျွေး၍။ ဇီဝိကာ၊ မွေးမြူလျက်။ အယံ၊ဤမိထွေးတော် ဂေါတမီသည်။ ရတ္တညူနံ၊ အသက်ကြီးကုန်သော။ ဘိက္ခုနီနံ၊ ရဟန်းမိန်းမ အပေါင်းတို့ထက်။ အဂ္ဂတ္တံ၊ အကြီးဆုံးအဖြစ်သည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ဣတိ၊ ဤသို့ ဖျာဒိတ်ပေးတော်မူ၏။

အဲ့တရားတော်နာ လာကြကုန်သော ရဟန်းမိန်းမ အပေါင်းတို့– မိထွေးတော်ဖြစ်သော ငါသည် ပဒုမုတ္တရဘုရား မိန့်ကြားတော်မူသော ဖျာဒိတ်စကားကို ကြားရ၍ အလွန်ဝမ်းမြောက်ခြင်းရှိလျက် ဘသက်ပတ်လုံး မြတ်စွာဘုရားကို လုပ်ကျွေးလျက် ထိုဘဝမှ စုတေသော် ဘာဝတိံသာ နတ်ပြည်၌ အလုံးစုံသော ကာမဂုဏ်ငါးပါးတို့ဖြင့် ပြည့်စုံသော နတ်သွီးဖြစ်၍ အခြွေအရံ နတ်သွီးအပေါင်းတို့ထက် အဆင်းအားဖြင့်၎င်း အသံအားဖြင့်၎င်း အနံ့အားဖြင့်၎င်း အရသာအားဖြင့်၎င်း အတွေ့အထိအားဖြင့်၎င်း အသက် ရှည်ခြင်း အဆင်းလှခြင်း ချမ်းသာခြင်း အခြွေအရံ အကျော်အစော များခြင်း အစိုးရခြင်း တည်းဟူသော ဂုဏ်အင်္ဂါတို့ဖြင့်၎င်း ဤ ဆယ်ပါးတို့ဖြင့် လွန်ကဲ မြင့်မြတ်သည်ဖြစ်၍ သိကြားမင်း၏ အဂ္ဂမဟေသီ နတ်မိဖုယားကြီး ဖြစ်ရ၏။ ဤသို့ နတ်စည်းစိမ်တို့ကို၎င်း, လူစည်းစိမ် တို့ကို၎င်း, သံသရာဘဝတို့၌ ခံစားရ၍ ကျင်လည်ခဲ့ရသည်ရှိသော် သံသရာ၌

ကံလေဟုန်တိုက်လွှင့်ရာ လွင့်ပါရသဖြင့် ကာသိတိုင်း ဗာရာဏသီပြည် ကာသိမင်းကြီး၏ တိုင်းပြည်အတွင်း၌ စေခိုင်းရာ ကျွန်မျိုးတို့ နေ့ထိုင်သော ဒါသဂါမကျွန်ရွာ၌ ဖြစ်ရ၏။ ထိုဒါသဂါမကျွန်ရွာ၌ ငါးရာသော ကျွန်မျိုးတို့၏ အကြီးဆုံးဖြစ်သော ကျွန်ရွာသူကြီး၏ မယားဖြစ်ရ၏။ ထိုကျွန်ရွာသို့ ပဒုမဝတီ၏ သားဖြစ်သော ပစ္စေကဗုဒ္ဓါ ငါးရာတို့သည် ဆွမ်းခံဝင်လာကုန်၏။ ထိုပစ္စေကဗုဒ္ဓါ ငါးရာတို့ကိုမြင်၍ ငါသည် နှစ်သက်ရွှင်လန်း ဝမ်းမြောက်စွာ အလုံးစုံသော မိန်းမငါးရာတို့နှင့် အသင်းဖွဲ့၍ လေးလပတ်လုံး ပစ္စေကဗုဒ္ဓါ ငါးရာတို့အား လုပ်ကျွေး၍ ဝါကျွတ်သောအခါ တိစီဝရိက် သင်္ကန်းဘို့ကို လှူ၏။ ငါတို့ မိန်းမငါးရာ အသင်းသူတို့၏ လင်ယောကျ်ား ငါးရာတို့နှင့် အတူတကွ ကုသိုလ်ပြုဘက်ဖြစ်၍ ထိုဘဝမှ စုတေကြသောအခါ တာဝတိံသာနတ်ပြည်၌ လင်ယောကျ်ားငါးရာတို့နှင့်အတူတကွ မိန်းမအသင်းသူငါးရာတို့သည် နတ်သား နတ်သမီး အလုံးစုံဖြစ်ကြကုန်၏။ [မိထွေးတော် ဂေါတမီ အလောင်းသည် နတ်ပြည်မှ ရုတေပြန်၍ ယက်ကန်းသည် သမီးဖြစ်၍ ပဒုမဝတီ၏သား ပစ္စေကဗုဒ္ဓါ ငါးရာတို့ကို ဆွမ်းလှူကြောင်းကိုလည်း ဆိုသေး၏။ ပါဠိတော်၌ကား မရှိ]။

ယခု နောက်ဆုံးဘဝ၌ကား ဒေဝဒဟပြည်၌ ငါဖြစ်ရ၏။ ငါ၏အဘ အဉ္စနသာကီဝင်မင်း ငါ၏ အမိ သုလက္ခဏာမင်းသမီး ဖြစ်ကြကုန်၏။ ထိုအမိအဘတို့၏ အိမ်တော်မှ ကပိလဝတ္ထုပြည်၌ သုဒ္ဓေါဒနမင်းကြီး၏ နန်းတော်သို့ ငါရောက်ရ၏။ ကြွင်းကုန်သော ကုသိုလ်ပြုဘက် ဖြစ်ကြသော ငါးရာသော မိန်းမတို့သည်လည်း သာကီဝင် မင်းမျိုးတို့၏ သမီးတွေ ဖြစ်ကြကုန်၏။ ထိုမင်းသမီးတို့သည်လည်း သာကီဝင်မင်းသားတို့၏အိမ်သို့ အသီးအသီး ရောက်ကြကုန်၏။ ထိုငါးရာသော မိန်းမတို့ထက် ငါသည် အထူး သာလွန်၍ မြတ်စွာဘုရားအား နို့ချိုကျွေး၍ မွေးမြူရသော မိထွေးတော် ဂေါတမီဖြစ်ရ၏။ ငါ၏သားတော် သိဒ္ဓတ္ထ မင်းသားသည် တောထွက်၍ ဘုရားဖြစ်သောအခါ ငါမိထွေးတော် ဂေါတမီသည်လည်း ရှေးဘဝက ကုသိုလ်ပြုဘက်ဖြစ်၍ ယခုဘဝ၌ တမျိုးတနွယ်တည်း ဖြစ်ကြကုန်သော သာကီဝင် မင်းမျိုး မိန်းမငါးရာ တို့နှင့် အတူတကွ ရဟန်းမိန်းမပြုလုပ်၍ အတူတကွ နိဗ္ဗာန်ကို ရကြကုန်၏။ ရှေးဘဝက ဒါသဂါမရွာတွင် ငါးရာသော ပစ္စေကဗုဒ္ဓါတို့အား

အတူတကွ လုပ်ကျွေးကြကုန်သော လင်ယောကျ်ားငါးရာတို့သည်လည်း ယခု နောက်ဆုံးဘဝ၌ ငါတို့ သာကီဝင် မင်းသွီးငါးရာတို့၏ လင်ယောကျ်ား ငါးရာတို့ဖြစ်၍ နိဗ္ဗာန်ကို ရကြကုန်၏။

ဒါသဂါမ ကျွန်ရွာ၌ အကြီးဆုံးသော ကျွန်သူကြီးသည် သုဒ္ဓေါဒန မင်းကြီးမဟုတ်၊ အရှင်နန္ဒက ထေရ်ဖြစ်လာ၏။ ငါသည် မိထွေးတော် ဂေါတမီဖြစ်လာ၏။ကြွင်းသော မိန်းမငါးရာတို့သည် သာကီဝင်မင်းမျိုး မိန်းမ ငါးရာ ဖြစ်လာကြကုန်၏။ လင်ယောကျ်ား ငါးရာ တို့သည် သာကီဝင်မင်းသားတို့ ဖြစ်လာကြကုန်၏။

ဤသို့လျှင် မိထွေးတော်ဂေါတမီသည် ရှေးဘဝ၌ အတူတကွ ကုသိုလ်ပြုဘက် ပါရမီဖြည့်ဘက် ဆုတောင်းဘက်တို့နှင့် အတူတကွ ဖြစ်၍ နိဗ္ဗာန်ရကြောင်းကို ဇာတ်ပေါင်းကာ ဟောပြတော် မူပြီး၍ မိထွေးတော်နှင့်အတူတကွ ရဟန္တာ ဖြစ်ကြကုန်သော သာကီဝင်မင်း မျိုး ရဟန်းမိန်းမ ငါးရာတို့သည် ပရိနိဗ္ဗာန် ပြုခါနီး၌ မြတ်စွာဘုရား ခွင့်ပြုတော်မူသည့်အတိုင်း မြတ်စွာဘုရား၏ ခြေတော်ကို ဦးခိုက် ရှိခိုးကြကုန်ပြီးလျှင် ကောင်းကင်သို့ ပျံတက်ကြကုန်၍ ကြယ်နက္ခတ် တာရာ အပေါင်းတို့ကဲ့သို့ မိုးကောင်းကင် အပြည့် အထူးထူးအပြားပြား များစွာသော တန်ခိုးတို့ကို ပြကြကုန်၏။ မြတ်စွာဘုရား၏ ရှေ့တော် မျက်မှောက်၌ ရောက်လာကုန်သော အလုံးစုံသော ပရိသတ်တို့သည် အံ့ဩကြကုန်၏။ ။ထိုရဟန္တာ မိန်းမ ငါးရာတို့သည် တန်ခိုးပြပြီးလျှင် ကောင်းကင်မှ ဆင်းသက်ကုန်၍ မြတ်စွာဘုရားကို ဦးတိုက်ရှိခိုးကာ သင့်တင့်ရာ၌ ထိုင်နေပြီးလျှင် မိထွေးတော် ဂေါတမီ၏ ဂုဏ်ကျေးဇူး ကိုငင်း ဘုရား၏ ဂုဏ်ကျေးဇူးကိုငင်း မိမိတို့ကိုယ်စီ ရကြ ကုန်သော တရားအထူးတို့ကိုငင်း အောက်မေ့ ဝမ်းမြောက်ကုန်လျက် ဤသို့သော ဥဒါန်းစကားတို့ကို ဥဒါန်းကျူးကာ ပြောဟောကြကုန်၏။

အဟော နုကမ္ပိကာ အမှ္ဟံ၊ သံဝါသံ စိရ ဂေါတမီ။
ဝါသိတာ တဝ ပုညေဟိ၊ ပတ္တာ နော အာသဝက္ခယံ။

ဂေါတမီ၊ဘုရားမယ်တော် ဂေါတမီသည်။ အမှံ၊တပည့်တော်တို့ကို။ အနုကမ္ပိကာ၊အစဉ်သနားတော်မူခြင်းသည်။အဟော၊ဩော်အံ့ဩဖွယ် ပါတကား။ ဂေါတမီ၊ မိထွေးတော် ဂေါတမီသည်။ စိရံ၊ ကြာမြင့်စွာ။

သံဝါသံ၊ ရှေးဘဝမှစ၍ ယခုဘဝတိုင်အောင် ပေါင်းဘော်မှီဝဲယှဉ်တွဲ၍ နေရခြင်းသည်။ အဟော၊ ဩော်-အံ့ဩဘွယ် ကောင်းပေစွ တကား။ တဝ၊ ဘုရားမယ်တော်ကြီး၏။ ပုညေဟိ၊ ပါရမီဘုန်းကံတို့ဖြင့်။ ဝါသိတာ၊ အတူနေကြကုန်သော။ နော၊ တပည့်တော်မတို့သည်။ အာသဝက္ခယံ၊ အာသဝေါကုန်ခြင်းသို့။ ပတ္တာ၊ ရောက်ကြရပါကုန်၏။ အဟော-သာဓု၊ ဩော်-ကောင်းမွန်မြင့်မြတ်ပေစွတကား။

ကိလေသာ ဈာပိတာ မှာကံ၊ ဘဝါ သဗ္ဗေ သမူဟတာ။
နာဂီဝ ဗန္ဓနံ ဆေတွာ၊ ဝိဟရာမ အနာသဝါ။

အမှာကံ၊ တပည့်တော်မတို့အား။ ကိလေသာ၊ တထောင့်ငါးရာကိလေသာတို့သည်။ ဈာပိတာ၊ ရှို့မြှိုက်လောင်ကျွမ်း ကုန်ခန်းလေကုန်ပြီ။ ဘဝါ သဗ္ဗေ၊ အလုံးစုံသော ဘဝတို့ကို။ သမူဟတာ၊ ပယ်ဖြတ်၍ ကုန်လေပြီ။ ဗန္ဓနံ၊ ကြိုးလွန် အနှောင်အဖွဲ့ကို။ ဆေတွာ၊ ဖြတ်၍။ နာဂီဝ၊ ဆင်မကဲ့သို့။ အနာသဝါ၊ အာသဝေါ ကင်းကုန်လျက်။ ဝိဟရာမ၊ နေရပါကုန်၏။ အဟော- သာဓု။ ဩော်-ကောင်းမွန် မြင့်မြတ် ပေကုန်စွ တကား။

မိထွေးတော်ဂေါတမီ ဘုရားမယ်တော်ကြီးသည် ငါတို့အား သနားကရုဏာ ကြွင်နာထောက်ထား အကျိုးများကို လိုလားတော် မူပေ၏ တကား။ ရှည်ကြာမြင့်လှ ရှေးဘဝမှ ပန္တိမရောက် နောက်ဆုံးကာလ ယခုဘဝတိုင်အောင် အတူတကွ နေရပေ၏တကား။ ဘုရားမယ်တော် အရှင်မကြီး တပည့်တော်မတို့သည် ဘုရားမယ်တော် အရှင်မကြီး၏ ပုညသမ္ဘာရ ပါရမီတော်ဘုန်းကံရိပ်ကို ခိုလှုံကာ နေထိုင်ရ၍ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဘေးဒုက္ခအပေါင်း မကောင်းသော အာသဝေါ ဘေးရန်တို့မှ ကင်းလွတ်၍ ချမ်းသာစွာ နေရပေ၏တကား။ တပည့်တော်မတို့သည် တထောင့်ငါးရာ ကိလေသာတို့မှ ကင်းလွတ်ပါကုန်ပြီ။ အလုံးစုံသော ဒုက္ခ ဘုံဘဝကို တစမကျန် ပယ်လှန်နုတ်ပစ် အမြစ်မကြွင်း သန့်ရှင်းသုတ်သင် ကုန်စင်လေပြီ။ သံကြိုးဖြင့် ဖွဲ့ချည်၍ ကျဉ်းမြောင်း ကြပ်တည်း ဘိစီးနှောင့်ရှက် နှိပ်စက်ညှဉ်းဆဲ ဆင်းရဲစွာလှသော ဆင်ပြောင်မသည် လုံ့လကြီးစွာ ရုံးကာဆွဲဖြတ် သံကြိုးပြတ်၍ လွတ်လပ်ရှောင်ခွါ ချမ်းသာရာ၌ ကောင်းစွာ နေရသကဲ့သို့

တပည့်တော်မတို့သည်လည်း သံကြိုးတထောင် အဖွဲ့ချည်ရာကို ရုံးကာ ဆွဲဖြတ် ဘထောင်ဖြတ်၍ လွတ်လပ်ချမ်းသာ နေရပါ၏ တကား။ တပည့်တော်မတို့သည် မြတ်စွာဘုရားအထံတော်သို့ ရောက်လာရခြင်းသည် ကောင်းသောရောက်ခြင်း ဖြစ်ပေ၏ဘကား။ တပည့်တော်မတို့သည် ဝိဇ္ဇာ သုံးပါးကို ရကြပါကုန်ပြီ၊ လေးဖြာသော ပဋိသမ္ဘိဒါ ရှစ်ဖြာသော ဝိမောက္ခ ခြောက်ပါးသော အဘိညာဉ်သို့ ကောင်းစွာ ရောက်ကြပါကုန်ပြီ၊တပည့်တော်မတို့အားပရိနိဗ္ဗာန်ပြုရန် အခွင့်ပြုတော်မူပါ မြတ်စွာဘုရား။ ဤသို့လျှောက်ကြား ခွင့်တောင်းကြကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် ဒိဋ္ဌ, သေ, နာခြင်း လွတ်ကင်းရာမှန် ပြည်နိဗ္ဗာန်သို့ စံဝင်ပါတော့မည် ခွင့်တောင်း သည်ကို အဘယ်သို့ တားမြစ်ရအံ့နည်း၊သင်တို့ယခု ပြုရမည့်တာ အကြင်အခါကို သင်တို့ဘာသာ သိကြလေကုန်လော့ဟူ၍မိန့်တော်မူ၏။ ထိုအခါ၌ မိထွေးတော်ဂေါတမီ အစရှိသော ရဟန္တာမိန်းမငါးရာတို့သည် မြတ်စွာဘုရားကိုရှိခိုးပြီးလျှင် နေရာမှထ၍ သွားကြကုန်၏။ ပရိသတ်အပေါင်းနှင့် တကွ မြတ်စွာဘုရားသည် မိထွေးတော်ဂေါတမီကို တံခါးမုတ်တိုင်အောင် လိုက်၍ ပို့တော်မူ၏။ တံခါးမုတ်သို့ ရောက်သောအခါ မိထွေးတော် ဂေါတမီသည် ရဟန္တာမိန်းမ ငါးရာနှင့်တကွ မြတ်စွာဘုရား ခြေတော်ကို ဦးတိုက်၍ ဤသို့သျှောက်ကြား၏။ ဤယခုအခါသည် အရှင်ဘုရားအား နောက်ဆုံး ဖူးမြင်ရခြင်းပါဘုရား။ နောက်ကိုဘဖန် အရှင်ဘုရား၏ မျက်နှာကို မမြင်ရတော့ပါဘုရား။ဘပည့်တော်မ၏ မျက်နှာဖြင့် အရှင်ဘုရား၏ခြေဟော် အစုံတို့ကို ထိခိုက် ပူဇော်၍ ယနေ့ ပရိနိဗ္ဗာန်ပြုပါအံ့ မြတ်စွာ ဘုရား။ ဤသို့လျှောက်ကြား၍ မိမိမျက်နှာဖြင့် မြတ်စွာဘုရား ခြေဖမိုးတော်ကို ထိခိုက်ပူဇော်ခြင်းကို ပြုသောအခါ မြတ်စွာဘုရားသည် မိထွေးတော် ဂေါတမီအား ဤဂါထာဖြင့် ဟောပြတော်မူ၏။

ရူပေန ကိံ တဝါနေန၊ ဒိဋ္ဌေ ဓမ္မေ ယထာတထေ။
သင်္ခတံ သင်္ခတ မေဝေတံ၊အနဿာသိက မိတ္တရံ။

ဂေါတမိ၊ မိထွေးတော် ဂေါတမီ။ ဓမ္မေ၊ တရားတော်ကို။ ယထာ-တထေ၊ ဟုတ်တိုင်းမှန်ရာ။ ဒိဋ္ဌေ၊မြင်သည်ရှိသော်။ အနေနရူပေန၊ ဤရုပ်တရားဖြင့်။ တဝ၊ မိထွေးတော်အား။ ကိံ၊ အဘယ်အကျိုး ရှိအံ့နည်း။

သဗ္ဗေ၊ အလုံးစုံသော။ ဓမ္မာ၊ ထိုရုပ်တရားသည်။ သင်္ခတမေဝ၊ ဖြစ်ခြင်း, ပျက်ခြင်းတို့သည်သာလျှင်တည်း။ အနဿာသိကာ၊ မတည်မရပ် မပြတ်ဖြစ်ပျက် လွန်နှိပ်စက်၍ သက်သာမြေ မရှိ။ ဇုဂ္ဂုရုံ၊ ခဏဖြစ်၍ ခဏပျက်၏။

မိထွေးတော်ဂေါတမီသည် ရဟန္တာမိန်းမ ငါးရာတို့နှင့် အတူတကွ မြတ်စွာဘုရား၏ ကျောင်းတော်မှ ပြန်သွားပြီး၍ ဘိက္ခုနီကျောင်းတိုက်သို့ ရောက်သောအခါ ထက်ဝက်ပလ္လင်ဖြင့် ကြို့ကြို့ထိုင်လျက် မြတ်သောနေရာထက်၌ နေတော်မူ၏။ ထိုအခါ၌ မြတ်စွာဘုရား၏ သာသနာတော်ကို ခင်တွယ်စုံမက် နှစ်သက် မြတ်နိုးကြကုန်သော ဥပါသိကာမိန်းမအပေါင်းတို့သည် လာရောက်ကြကုန်၍ မိထွေးတော် ဂေါတမီ၏ ခြေတော်ကို ဦးတိုက်ရှိခိုးကြလျက် ငိုကြွေးကြကုန်၏။

ကရေဟိ ဥရံ ပဟန္တာ၊ ဆိန္နမူလာ ယထာ လတာ။
ရောဒန္တာ ကလုနံ ရဝံ၊ သောကဋ္ဋာ သုဝိပါတိကာ။

ကရေဟိ၊ လက်တို့ဖြင့်။ ဥရံ၊ ရင်ကို။ ပဟန္တာ၊ ပုတ်ခတ်ကြကုန်လျက်။ ဆိန္နမူလာ၊ အမြစ်ပြတ်ကုန်သော။ လတာယထာ၊ နွယ် သစ်ပင်ကဲ့သို့။ သောကဋ္ဋာ၊ သောကညှဉ်းပန်း ညှိုးနွမ်းကုန်သည်ဖြစ်၍။ သုဝိပါတိကာ၊ ယိုင်လဲလှိမ့်လူးကြကုန်လျက်။ ကလုနံရဝံ၊ သနားဘွယ်သော အသံဖြင့်။ ရောဒန္တိ၊ ငိုကြွေးကြကုန်၏။ ။[ဘူမိပါတိကာ ပါဠိအချို့ရှိ၏။]

မိထွေးတော်ဂေါတမီ အရှင်မကြီးဘုရား.... တပည့်တော်မ တို့ကို စွန့်ပစ်၍ နိဗ္ဗာန်သို့ မကြွတော်မူပါနှင့်အရှင်မကြီးဘုရား့၊ တပည့်တော်မတို့ အားလုံးကုန် ဦးတိုက်ခါ ရှိခိုး၍ တောင်းပန်ပါသည် အရှင်မကြီးဘုရား့။ တပည့်တော်မတို့ကိုကြည့်ရှု၍ နေတော်မူပါ အရှင်မကြီးဘုရား။ တပည့်တော်မတို့ ကိုးကွယ်ရာမဲ့အောင် ထား၍မပစ်ခဲ့ပါနဲ့ အရှင်မကြီးဘုရား။ ဤသို့ မြည်တမ်းဖွဲ့ဆို ငိုကြွေးကြကုန်၏။ ထိုသို့ ငိုကြွေးကြကုန်သော ဥပါသိကာ မိန်းမတို့ထက် ကမ္မဋ္ဌာန်းစီးဖြန်းခြင်း လွန်ကဲ၍ တရားကို သိမြင်သော ဥပါသိကာမိန်းမ၏ ဦးခေါင်းကို လက်ဖြင့် သုံးသပ်လျက် ဤသို့တရားချ၍ သက်သာစေ၏။ သမီးတို့....မငိုကြွေးကြကုန်လင့်၊ ငိုကြွေးမြည်တမ်း၍ အကျိုးမရှိ၊ ချစ်သမီးတို့.... အလုံးစုံသော ရုပ်နာမ်တရား တို့သည် ဖြစ်ပျက်ဖေါက်လွဲ မမြဲသော တရားတို့သာ

တည်း။ ပေါက်ပြန် ချွတ်ယွင်း ကွေကွင်းတတ်သော တရားတို့သာ တည်း။ ဖြစ်ပျက်ကြွမ်ကြွမ် တည်မြဲမရှိ တုန်လှုပ်ပေါက်ပြန် ရောက်ရက်ဆန်မျှ ပျက်စီးကြ၍ မွမွကြေကွဲ ပျက်မြဲသဘော တရားတို့သာ တည်း။ ချစ်သွီးတို့… ငိုကြွေးပူပန် တောက်လျှံညီးညီး သောကမီးကို တရားတည်းဟူသော ရေစင်ဖြန်း၍ ငြိမ်းသာယာ ငြိမ်သက်စွာနေကြ သွီးတို့ ဟူ၍ ဘုရားပြကာ သက်သာရာကိုရစေ၏။ ထိုနောက်မကြာမီ မိထွေးတော် ဂေါတမီသည် ထိုဥပါသိကာ မိန်းမတို့ကို စွန့်၍ ပဌမ ဈာန်ကို ဝင်စားတော်မူ၏။ ဒုတိယဈာန် တတိယဈာန် စတုတ္ထဈာန် အာကာသဈာန် ဝိညာဏဈာန် အာကိဉ္စညဈာန် နေဝသညာဈာန် တို့ကို အစဉ်အတိုင်း ဝင်စားတော်မူ၏။ နေဝသညာဈာန်မှ တဖန် နောက်ဆုတ်ပြန်လျက် အာကိဉ္စညဈာန် ဝိညာဏဈာန် အာကာသဈာန် စတုတ္ထဈာန် တတိယဈာန် ဒုတိယဈာန် ပဌမာဈာန်တို့ကို ဝင်စား တော်မူ၏။ ထိုပဌမဈာန်မှ တဖန် ဒုတိယဈာန် တတိယဈာန် စတုတ္ထ ဈာန်ကို ဝင်စားတော်မူ၏။ ထိုစတုတ္ထဈာန်မှ ထ၍ စုတိစိတ်ကျလျက် အသင်္ခတ ဓာတ်ဖြင့် ပရိနိဗ္ဗာန်ပြုတော်မူ၏။ ဆီးမီးတောက်သည် ငြိမ်း ပျောက်၍ သွားသကဲ့သို့ တည်ရာဘုံဘဝ ဘာတခုမျှမဖြစ်၊ စင်စစ် ငြိမ်းပျောက်၍ သွားလေ၏။ ထိုအခါ၌ ကြီးစွာသော မြေလျင် တုန်လှုပ်ခြင်းသည်ဖြစ်၏။ ကောင်ကင်မှလျှပ်စစ်နွယ်တို့သည် ထိန်ထိန် လင်းဖြာလျက် ကြီးစွာသောခွဲတင်သံ နတ်စည်ရှမ်းသံတို့သည် တပြိုင် နက်ဖြစ်ကုန်၏။ နတ်အပေါင်းတို့သည် ငိုကြွေးကြကုန်၏။ ကောင်းကင် မှ ပန်းပွင့်မိုးတို့သည် မြေပြင်ဖုံးအောင် ရွာသွန်းကုန်၏။ မဟာမြင်းမိုရ် တောင်မင်းသည် သဘင်အလည်၌ သဘင်သည် က, သကဲ့သို့ တောင်မြောက်ယိမ်းနွဲ့ ယိုင်လှဲ့ရွှေ့နောက် ရောက်ရက်ခတ်မျှ တုန်လှုပ် ရလေ၏။ သောကပူဆွေး ငိုကြွေးသကဲ့သို့ သမုဒ္ဒရာမှ ကြီးစွာသော အသံတို့သည် မြည်ကုန်၏။ နဂါး ဂဠုန် ဂုမ္ဘဏ် ယက္ခ ဂန္ဓဗ္ဗအသုရာ နတ် ဗြဟ္မာ အပေါင်းတို့သည် ထိတ်လန့်ကြကုန်၏။ ရာဂမကင်းသော နတ်တို့သည် ငိုကြွေးကြကုန်၏။

အနိစ္စာ ဝတ သင်္ခါရာ၊ ယထာယံ ဝိလယံ ဂတာ။
ယာစေ မံ ပရိဝါရိံသု၊ သဗ္ဗာသာသနကာရိကာ။
တာယောပိ အနုပါဒါနာ၊ ဒီပစ္စိဝိယ နိဗ္ဗုတာ။

ဟာ ယောဂါ ဝိပ္ပယောဂန္တာ၊ ဟာ နိဗ္ဗ သဗ္ဗသင်္ခတံ။
ဟာ ဒိဝိတံ ဝိနာသန္တံ၊ ဇုဗ္ဗာသိ ပရိဒေဝနာ။
နတ်အပေါင်းတို့ဖွဲ့ဆို ငိုကြွေးမြည်တမ်းကြသော နတ်ငိုခြင်း ဂါထာ။

သဗ္ဗါရေ၊ ရုပ်နာမ်ခန္ဓာ သင်္ခါရတို့သည်။ အနိစ္စာဝတ၊ မမြဲကုန်စွာ့ တကား။အယံ၊ဤမိထွေးတော် ဂေါတမီသည်။ ဝိလယံ၊သေဆုံး ပျက်စီး ခြင်းသို့။ ဂတာ၊ ရောက်တော်မူရချေ၏။ ယာစ၊ အကြင်ငါးရာသော ရဟန္တာ မိန်းမတို့သည်လည်း။ ဇုမံ၊ ဤမိထွေးတော် ဂေါတမီကို။ ပရိဝါရိံသု၊ ခြံရံကြကုန်၏။ သဗ္ဗာသာသနကာရိကာ၊ မြတ်စွာဘုရား ဆုံးမတော်မူတိုင်း ကျင့်ကြ၍ တန်းခိုးပြနိုင်ကြကုန်၏။ တာယောပိ၊ ထိုရဟန္တာမိန်းမ ငါးရာတို့သည်လည်း။ အနုပါဒိနာ၊ စွဲငြိစရာ မီးစာ မရှိကုန်သော။ ဒိပစ္စိဝိယ၊ ဆီမီးတောက်ကဲ့သို့။ နိဗ္ဗုတာ၊ ငြိမ်းပျောက် ကြလေကုန်ပြီ။ ယောဂါ၊ ယှဉ်တွဲ တွေ့ကြုံ ပေါင်းဆုံမိခြင်းသည်။ ဝိပ္ပယောဂန္တာ၊ ကွဲကွာခြင်းလျှင် အဆုံးရှိကြကုန်၏ တကား။ ဟာဒုက္ခာ၊ ငါတို့မှာမူ ပူဆာညှိုးနွမ်း ပင်ပန်းဆင်းရဲလှချေ၏တကား။သဗ္ဗသင်္ခတံ၊ အလုံးစုံဖြစ်သမျှ တရားအပေါင်းတို့သည်။ ဟာ-အနိစ္စံ၊ မမြဲတဲ့ဟာတွေ ပါတကား။ ဇီဝိတံ၊ အသက်ရှင်ခြင်းသည်။ ဟာ-ဝိနာသန္တံ၊ အဆုံး ရောက်က ပျက်စီးရတဲ့ ဟာမျိုးပါတကား။ ဇုတိ၊ဤသို့ဖွဲ့ဆိုမြည်တမ်း ကြကုန်လျက်။ ပရိဒေဝနာ၊ နတ်သွီးအပေါင်းတို့၏ ငိုကြွေးခြင်းသည်။ အာသိ၊ ဖြစ်၏။ ထိုနောက် စတုမဟာရာဇ်, တာဝတိံသာ စသော နတ်အပေါင်းတို့ သည်လည်းကောင်း သုဒ္ဓါဝါသ တိုင်အောင်သော ဗြဟ္မာအပေါင်းတို့သည်လည်းကောင်း လောက လူတို့ ပြုလုပ်မြဲဖြစ် သော လောကဝတ်တရားကို လိုက်ကြကုန်လျက် မြတ်စွာဘုရား အထံ တော်သို့ မိထွေးတော်ဂေါတမီဈာပနကိစ္စအတွက် လာရောက်ကြကုန်၍ အခါကာလ အားလျော်စွာ ဈာပနကိစ္စကို ရွက်ဆောင်ကြကုန်၏။

တတော ဒေဝါစ ဗြဟ္မာစ၊ လောကဓမ္မာ နုဝတ္တနံ။
ကာလာနုရူပံ ကုဗ္ဗန္တိ၊ ဉပေတွာ ဇုသိသတ္တမံ။
အပဒါန်ပါဠိတော်-၃၆၄၊

ထိုအခါ၌ မြတ်စွာဘုရားသည် အရှင်အာနန္ဒာကို ခေါ်တော်မူ၍ ညီချစ်အာနန္ဒာ ငါ၏မယ်တော် ပရိနိဗ္ဗာန်ပြုရာအရပ်သို့ ရဟန်းအပေါင်း တို့အား စည်းဝေးလာရောက်စေရန် ပြောကြားလော့ဟူ၍ မိန့်တော်

မူ၏။ ထိုအခါ၌ အရှင်အာနန္ဒာသည် မျက်ရည်တို့ဖြင့် ပြည့်သော မျက်လုံးတော်ရှိလျက် ငိုသံပါသော အသံဖြင့် ရဟန်းတို့ကို ပြောကြားတော်မူ၏။ ဒို-ရဟန်းအပေါင်းတို့— အရှေ့ တောင် အနောက် မြောက် အရပ်ဟူသမျှ၌ နေထိုင်ကြကုန်သော ရဟန်းတို့သည် ငါ၏စကားကို နာယူကြပါကုန်လော့၊ အဆုံးစွန်သော ကိုယ်ဖြင့် မြတ်စွာဘုရားကို ရှိခိုး၍ သွားသော မိထွေးတော် ဂေါတမီသည် ထွက်လာသော နေမင်းသည် အရောင်ကွယ်ပျောက် ဝင်ခြင်းသို့ ရောက်သကဲ့သို့ နိဗ္ဗာန်သို့ဝင်တော်မူ၏။ ဗုဒ္ဓမာတာ၊ မြတ်စွာဘုရား မယ်တော်ဟူသော အမည်ပညတ်မျှကိုသာ ထားခဲ့၍ စက္ခုငါးပါးရှိသော မြတ်စွာဘုရား သော်မှ မမြင်ရအောင် နိဗ္ဗာန်ပြည်ခွင်သို့ဝင်၍ သွားတော်မူ၏။ အကြင် ရဟန်းသည် မြတ်စွာဘုရား၌ ကြည်ညိုခြင်းရှိ၏၊ အကြင်ရဟန်းသည် မူလည်း မြတ်စွာဘုရား၌ ချစ်ခင်ခြင်းရှိ၏၊ ထိုသို့ကြည်ညိုချစ်ခင်ခြင်း ရှိကြကုန်သော မြတ်စွာဘုရား၏ သားတော်တို့သည် မြတ်စွာဘုရား၏ မယ်တော်အား ပူဇော်သက္ကာရကို ပြုကြပါကုန်လော့။ ဤသို့ အရှင် အာနန္ဒာ ပြောကြားသောစကားကို ကြားကုန်သော ရဟန်းအပေါင်း တို့သည် အလွန်ဝေးသောအရပ်မှလည်း လာရောက်ကြကုန်၏။ အချို့ သော ရဟန်းတို့သည် မြတ်စွာဘုရား၏ ဘုန်းခိုးတော် အားဖြင့် လာရောက်ကြကုန်၏။ အချို့သော ရဟန်းတို့သည် မိမိတို့တန်ခိုးအားဖြင့် လာရောက်ကြကုန်၏။ မိထွေးတော် ဂေါတမီ၏ အလောင်းတော် နှင့် တကွ ရဟန္တာမိန်းမ ငါးရာတို့၏ အလောင်းတော်တို့ကို ညောင် စောင်းတို့၌ တင်၍ ထိုညောင်စောင်းတို့နှင့်တကွ ရွှေပြာသာဒ် ငါးရာ တို့၌ အသီး အသီး တင်ထား၍ မိထွေးတော် ဂေါတမီ၏ ပြာသာဒ်ကို လောကပါလ နတ်မင်းကြီး လေးယောက်တို့သည် ပခုံးဖြင့် ထမ်းကြ ကုန်၏။ သိကြားမင်း ယာမာနတ်မင်း အစရှိသော နတ်မင်းတို့သည် ကြွင်းကုန်သော ရဟန္တာမိန်းမငါးရာတို့၏ ပြာသာဒ်ကိုထမ်းကြကုန်၏။ ဝိသုကြံ ဖန်ဆင်းအပ်သော ပြာသာဒ်ငါးရာတို့ကို နတ်အပေါင်းတို့သည် ပခုံးဖြင့်ထမ်းကုန်လျက် လောင်တိုက်တော်ရှိရာအရပ်သို့ အစဉ်အတိုင်း ဆောင်ယူ၍ သွားကြကုန်၏။ ထိုအခါ၌ အလုံးစုံသော ကောင်းကင် ဝယ် ဗိတာန်တို့ဖြင့်မိုးကာ၍ တည်ကုန်၏။နက္ခတ်တာရာ ကြယ်အပေါင်း တို့သည် ရွှေအဆင်းရှိလျက် တည်ကုန်၏။ တံခွန် ကုက္ကား မုလေးပွါး

ဆန်းကြယ်စွာကုန်သော ပန်းဆိုင်းပန်းကုံးတို့သည်လည်း ကောင်းကင် ပြည့်အောင် ဗိုက်ထူပူဇော်ကြကုန်၏။ ကောင်းကင်မှ ပန်းပွင့်တို့သည် ကြွေဖြန့်၍ မြေပြင်ပေါ်၌ ပန်းတို့သည် ဒူးပုဆစ်မျှ မောက်၍ တက်ကုန် ၏။ နေမွန်းတည့်သော အခါ၌လည်း နေရောင်သည် ပူခြင်းမရှိကုန်။ နက္ခတ်တာရာ ကြယ်အပေါင်းတို့ကိုလည်း မြင်ကြရကုန်၏။ နတ်ပြဟ္မာ အပေါင်းတို့သည်၎င်း နဂါး ဂဠုန် ကုမ္ဘဏ် ယက္ခ ဂန္ဓဗ္ဗ အသုရာ တို့သည်၎င်း မိမိတို့ အစွမ်းရှိသလောက် ပန်းနံ့သာ အမွှေး အထုံ တို့ဖြင့်၎င်း တူရိယာငါးပါး တီးမှုတ်မျိုး နှဲ ပွေ ခရာ စည်ကြီး စည်ငယ်တို့ဖြင့် တီးမှုတ်ကြကုန်လျက် ပူဇော်ကြကုန်၏။ ။ပရိနိဗ္ဗာန် ပြုတော်မူသော ဘုရားမယ်တော်၏ အလောင်းတော်ကို ရွှေပြာသာဒ်ဖြင့် ထမ်းဆောင်လျက် ရွှေတိုး နောက်ပြန် အဘန်ဘန် အခေါက်ခေါက် နောက်ဆုတ်ချည်တလှည့် ရွှေတိုးချည်တခါ များစွာ ပူဇော်ကစား ကြကုန်၏။

ကူဋာဂါရေ ဝရေ ရမ္မေ၊ သဗ္ဗသောဏ္ဏမယေ သုဘေ။
မဥ္စကံ သဟာ ရောပေသုံ၊ ယတ္ထ ဝုဠ္ဌာသိ ဂေါတမီ။
စတ္တာရော လောကပါလာယော၊ အံသေဟိ သမဓာရယုံ။
သေသာ သက္ကာဒိကာ ဒေဝါ၊ ကူဋာဂါရေ သမဂ္ဂဟုံ။

သဗ္ဗသောဏ္ဏမယေ၊ အလုံးစုံ ရွှေဖြင့်ပြီးသော။ သုဘေ၊ တင့်တယ် စွာသော။ ရမ္မေ၊ မွေ့လျော်ဖွယ်ရှိသော။ ကူဋာဂါရေဝရေ၊ မြတ်သော ပြာသာဒ်ထက်၌။ မဉ္စကံ၊ ပရိနိဗ္ဗာန်စံတော်မူရာ ညောင်စောင်းတော်နှင့်။ သဟ၊ တကွ။ ရောပေသုံ၊ တင်ထားကြကုန်၏။ ယတ္ထ၊ အကြင်ပြာသာဒ် ထက်၌။ ဂေါတမီ၊ မိထွေးတော် ဂေါတမီမြတ်၊ မယ်တော်နတ်သည်။ ဝုဠ္ဌာသိ၊ တင်ထားတော်မူလျက်ရှိ၏။ ။ဘံ၊ ထိုမိထွေးတော် ဂေါတမီ တင်ထားသော ပြာသာဒ်ကို။ စတ္တာရော၊ လေးယောက်ကုန်သော။ လောကပါလာယော၊ စတုမဟာရာဇ် နတ်မင်းကြီး လေးယောက် တို့သည်။ အံသေဟိ၊ ပခုံးတို့ဖြင့်။ သမဓာရယုံ၊ အညီအမျှ ထမ်းဆောင် ကြကုန်၏။ သေသာ၊ ကြွင်းကုန်သော။ ကူဋာဂါရေ၊ပြာသာဒ်တို့ကို။ သက္ကာဒိကာ၊ သိကြားမင်း အစရှိကုန်သော။ ဒေဝါ၊ နတ်အပေါင်းတို့ သည်၊ သမဂ္ဂဟုံ၊ အညီအမျှ ထမ်းဆောင်ကြကုန်၏။

ကူဋာဂါရာနိ သဗ္ဗာနိ၊ အာသုံ ပဉ္စသတာနိပိ၊
သရဒါ ဒိစ္စဝဏ္ဏာနိ၊ ဝိသုကမ္မကတာနိ ဟိ။
သဗ္ဗာ တာပိ ဘိက္ခုနိယော၊ အာသုံ မဉ္စေသု သာယိကာ။
ဒေဝါနံ ခန္ဓမာရုဠှာ၊ နိယျန္တိ အနုပုဗ္ဗသော။

ဝိသုကမ္မကတာနိ၊ ဝိသုကြုံနတ်သားသည် ဘန်ဆင်းအပ်ကုန်သော။ သရဒေ၊ တန်ဆောင်မုန်းလ၌။ အာဒိစ္စဝဏ္ဏာနိ၊ နေ၏ အရောင်နှင့်တူစွာ အရောင်အဝါ ထွက်ကုန်သော။ ပဉ္စသတာနိ၊ ငါးရာကုန်သော။ သဗ္ဗာနိပိ၊ အလုံးစုံလည်း ဖြစ်ကုန်သော။ ကူဋာဂါရာနိ၊ ရွှေပြာသာဒ်တို့သည်။ အာသုံ၊ ဖြစ်ကုန်၏။

သဗ္ဗာ၊ အလုံးစုံကုန်သော။ တာပိဘိက္ခုနိယော၊ ထိုရဟန္တာ မိန်းမ ငါးရာတို့သည်လည်း။ မဉ္စေသု၊ ညောင်စောင်းတော်တို့၌။ သာယိကာ၊ လျောင်းစက်တော်မူကုန်သည်။ အာသုံ၊ ဖြစ်ကုန်၏။ ဒေဝါနံ၊ နတ်အပေါင်း တို့၏။ ခန္ဓမာရုဠှာ၊ ပခုံးထက်၌ တင်ထားကုန်လျက်။ အနုပုဗ္ဗသော၊ ရှေ့ နောက် အစဉ်အားဖြင့်။ နိယျန္တိ၊ လောင်တိုက်ရှိရာ ဆောင်ယူကြကုန်၏။

ဒေဝါ ဒိဗ္ဗေဟိ ဂန္ဓေဟိ၊ မာလေဟိ သုရဘီဟိ စ။
ဝါဒိတေဟိ စ နစ္စေဟိ၊ သံဂီတီဟိ စ ပူဇယုံ။
နာဂါ သုရာ စ ဗြဟ္မာနော၊ ယထာသတ္တိ ယထာဗလံ။
ပူဇယိံသု စ နိယျန္တာ၊ နိဗ္ဗုတံ ဗုဒ္ဓမာတရံ။

ဒိဗ္ဗေဟိ၊ နတ်ပြည်၌ ဖြစ်ကုန်သော။ သုရဘီဟိ၊ သင်းပျံ့ထုံလှိုင် မွှေးကြိုင်သော ယနံ့ ရှိကုန်သော။ ဂန္ဓေဟိ စ၊ နံ့သာ တို့ဖြင့်၎င်း။ မာလေဟိ စ၊ ပန်းတို့ဖြင့်၎င်း။ ဝါဒိတေဟိ စ၊ အတီး အမှုတ်တို့ဖြင့်၎င်း။ နစ္စေဟိ စ၊ ကခြင်းတို့ဖြင့်၎င်း။ သံဂီတီဟိ စ၊ သီချင်းတို့ဖြင့်၎င်း။ ဒေဝါ၊ နတ်အပေါင်း တို့သည်။ ပူဇယုံ၊ ပူဇော်ကြကုန်၏။ နာဂါ စ၊ နဂါး တို့သည်၎င်း။ သုရာ စ၊ အသုရာတို့သည်၎င်း။ ဗြဟ္မာနော စ၊ ဗြဟ္မာ တို့သည်၎င်း။ နိဗ္ဗုတံ၊ ပရိနိဗ္ဗာန်စံတော်မူသော။ ဗုဒ္ဓမာတရံ၊ သုံးလူ့ ဘုန်းမော် မြတ်မယ်တော်ကို။ နိယျန္တာ၊ ပြာသာဒ်ထမ်းကာ ဆောင်ယူ ကုန်လျက်။ ပူဇယိံသု စ၊ ပူဇော်ကုန်၏။

သဗ္ဗာယော ပုရတော နီတာ၊ နိဗ္ဗုတာ သုဂတောရသာ။
ဂေါတမီ နိယျတေ ပစ္ဆာ၊ သက္ကတာ ဗုဒ္ဓပေါသိကာ။

သဗ္ဗာယော၊ အလုံးစုံငါးရာကုန်သော။ နိဗ္ဗုတာ၊ တပြိုင်နက် ပရိနိဗ္ဗာန် စံတော်မူကြကုန်သော။ သုဂတောရသာ၊ မြတ်စွာဘုရား၏ သမီးတော် ဖြစ်ကုန်သော သာကီဝင်မင်းသမီး ရဟန်း မိန်းမတို့ကို။ ပုရတော၊ ရှေ့ဆုံးမှ။ နီတာ၊ ဆောင်ကြကုန်၏။ ဗုဒ္ဓပေါသိကာ၊ မြတ်စွာဘုရားကို နို့ချိုကျွေး၍ မွေးမြူပေသော။ ဂေါတမီ၊ ဂေါတမီခေါ် မြတ်မယ်တော်ကို။ သက္ကတာ၊ ပူဇော်ခြင်းကိုပြုလျက်။ ပစ္ဆာ၊ သာကီဝင် မင်းသမီးငါးရာ ရဟန္တာ မိန်းမတို့၏ နောက်မှ။ နိယျတော၊ ထမ်းဆောင်၏။

> ပုရတော ဒေဝါ မနုဇာ၊ သနာဂါ သုရာ ဗြဟ္မကာ။
> ပစ္ဆာ သသာဝကော ဗုဒ္ဓေါ၊ ပူဇတ္ထံ ယာတိ မာတုယာ။

သနာဂါ၊ နဂါးနှင့်တကွဖြစ်ကုန်သော။ သုရာ၊ အသုရာတို့သည်၎င်း။ ဗြဟ္မကာ၊ ဗြဟ္မာတို့သည်၎င်း။ ဒေဝါ၊ နတ်တို့သည်၎င်း။ မနုဇာ၊ လူတို့သည်၎င်း။ ပုရတော၊ ရှေ့မှ။ ယန္တိ၊ သွားကုန်၏။ ပစ္ဆာ၊ လူနတ်နဂါး သိကြားဗြဟ္မာ များစွာသော ပရိသတ်၏နောက်မှ။ သသာဝကော၊ တပည့်သား အပေါင်းတို့နှင့် အတူတကွ။ ဗုဒ္ဓေါ၊ မြတ်စွာဘုရားသည်။ မာတုယာ၊ မယ်တော်ကို။ ပူဇတ္ထံ၊ ပူဇော်ခြင်းငှါ။ ယာတိ၊ လိုက်တော်မူ၏။

မြတ်စွာဘုရား သာသနာတော်၌ မိထွေးတော် ဂေါတမီသည် အသက်အရွယ်အားဖြင့် ဘုရားမယ်တော်ဖြစ်ရကား အကြီးဆုံးဖြစ်တော်မူ၏။ အရှင်သာရိပုတ္တရာ အရှင်မောဂ္ဂလာန် စသော ရဟန္တာကြီးများ ပရိနိဗ္ဗာန်ပြုတော် မမူမီ ရှေးဦးစွာ ပရိနိဗ္ဗာန်ပြုတော်မူ၏။ မိထွေးတော်နှင့် အတူတကွ ရဟန်းပြုကြ ကုန်သော သာကီဝင် မင်းသမီးငါးရာတို့ သည်ကား မိထွေးတော်ကဲ့သို့ အသက်အရွယ် ကြီးရင့်ခြင်းသို့ မရောက် သေးသော်လည်း ရဟန်းပြုစဉ်အခါက အတူတကွ ဝေသာလီပြည်သို့ လာ၍ နိဗ္ဗာန်ရောက်ခြင်းအကျိုးငှါရဟန်းပြုကြလေသောကြောင့်နိဗ္ဗာန် ဝင်သောအခါ၌လည်း အတူတကွ နိဗ္ဗာန် ဝင်ကြကုန်အံ့ဟု တိုင်ပင်၍ ပရိနိဗ္ဗာန်ပြုကြကုန်၏။ ထိုရဟန္တာ မိန်းမငါးရာတို့တပြိုင်နက် ပရိနိဗ္ဗာန် ပြုတော်မူကြခြင်းသည် အလွန်အံ့ဩဘွယ် ရှိလှ၏။ နတ်လူအပေါင်း တို့သည် အလွန်ပူဆွေးပိုကြွေးခြင်းကို ပြုကြကုန်လျက် အကြီးအကျယ် ပူဇော်ပွဲကြီးကို ပြုလုပ်စီမံကြကုန်၏။

တတော၊ ထိုရဟန္တာ မိန်းမ ငါးရာတို့ တပြိုင်နက် ပရိနိဗ္ဗာန် ပြုကြသောကြောင့်။ ဒသ ါ စ၊ နတ်တို့သည်ပင်း။ ဗြဟ္မာ စ၊ ဗြဟ္မာတို့သည်ငင်း။ လောကဓမ္မာနုဝတ္တန္တံ၊ လောကသဘောကို အစဉ်လိုက်တော် မူရသော။ ဇုသိသတ္တမံ၊ မြတ်စွာဘုရားသို့။ ဥပေဟ္ဝာ၊ ကပ်ရောက် လာကြကုန်၍။ ကာလာနုရူပံ၊ အခါကာလအားလျော်စွာ။ကုဗ္ဗန္တိ၊ စီမံပြုလုပ်ကြကုန်၏။

ရဟန္တာမိန်းမ ငါးရာတို့၏ အလောင်းစင် ပြာသာဒ်တို့ကို ရှေ့ဆုံးမှ အစဉ်အတိုင်း စီတန်း၍ ထမ်းဆောင် သွားကြကုန်၏။ ထိုနောက်မှ မိထွေးတော် ဂေါတမီ၏ အလောင်းစင် ရွှေပြာသာဒ်ကို ထမ်းဆောင်၍ သွားကြကုန်၏။ ထိုနောက်မှ လူတို့သည်လည်းကောင်း နတ်တို့သည် လည်းကောင်း နဂါး, ဂဠုန်, ကုမ္ဘဏ်, ယက္ခ, ဂန္ဓဗ္ဗ, အသုရာ,ဗြဟ္မာ တို့သည်ပူဇော်လျက် လိုက်ကြကုန်၏။ထိုမှနောက်၌ ရဟန်းသံဃာတော် အပေါင်းနှင့်တကွ မြတ်စွာဘုရားသည် မယ်တော်ကို ပူဇော်ခြင်း အကျိုးငှါ လိုက်တော်မူ၏။ အလုံးစုံသော ပရိသတ်တို့၏ ရှေ့ဆုံး၌ ရဟန္တာမိန်းမငါးရာတို့၏ ပြာသာဒ်ထိုနောက် မိထွေးတော်၏ ပြာသာဒ် ထိုနောက် လူပရိသတ် နတ်အသုရာ ဗြဟ္မာပရိသတ် နောက်ဆုံးမှ ရဟန်းသံဃာနှင့်တကွ မြတ်စွာဘုရား ဤကဲ့သို့ စီတန်း၍ သွားသော ပရိသတ်ကြီးသည် အလွန်အံ့ဩဖွယ်ကြီးကျယ်များပြားစွာ၏။မြတ်စွာ ဘုရား ပရိနိဗ္ဗာန်ပြုသော အခါ၌ ဤကဲ့သို့သော ပရိသတ်စည်ကားခြင်း မရှိချေ။မိထွေးတော်ပရိနိဗ္ဗာန်ပြုသောအခါ၌ကား အလွန်အံ့ဩဖွယ်ဖြစ် အောင် ပရိသတ် စည်ကား၏။

ထိုအကြောင်းကို ပြပြန်လို၍ ဤဂါထာတို့ကို ဟောတော်မူ၏။

ဗုဒ္ဓဿ ပရိနိဗ္ဗာနံ၊ နေဒိသံ အာသိ ယာဒိသံ။
ဂေါတမိပရိနိဗ္ဗာနံ၊ အတိဝစ္ဆရိယံ အဟု။
ဗုဒ္ဓေါ ဗုဒ္ဓဿ နိဗ္ဗာနေ၊ နော ပဋိယာဒိ ဘိက္ခဝေါ။
ဗုဒ္ဓေါ ဂေါတမိနိဗ္ဗာနေ၊ သာရိပုတ္တာဒိ ကာကထာ။

ဂေါတမိပရိနိဗ္ဗာနံ၊ မိထွေးတော်ဂေါတမီ ပရိနိဗ္ဗာန် ပြုခြင်းသည်။ ယာဒိသံ၊ အကြင်မျှလောက် ကြီးကျယ်သော ပရိသတ်သည်။ အာသိ၊ ဖြစ်၏။ ဗုဒ္ဓဿ၊ မြတ်စွာဘုရား၏။ ပရိနိဗ္ဗာနံ၊ ပရိနိဗ္ဗာန် ပြုခြင်းသည်။ ဧဒိသံ၊ ဤမျှလောက်စည်ကား ကြီးကျယ်သော ပရိသတ်သည်။ န အာသိ၊

မဖြစ်။ ဂေါတမိပရိနိဗ္ဗာနံ။ ဂေါတမီ ပရိနိဗ္ဗာန်ပြုခြင်းသည်။ အတိဝ၊ အလွန်သာလျှင်။ အစ္ဆရိယံ၊ အံ့သြဘွယ်စည်ကား၏။ ဗုဒ္ဓဿ၊ မြတ်စွာဘုရား၏။ နိဗ္ဗာနေ၊ ပရိနိဗ္ဗာန်ပြုရာ၌။ ဗုဒ္ဓေါ၊ မြတ်စွာဘုရားသည်။ ဘိက္ခဝေါ၊ ရဟန်းတို့ကို။ နော ပင်္ဂိယာဒိ၊ စိမံတော်မမူ။ ဂေါတမိ-နိဗ္ဗာနေ၊ ဂေါတမီ ပရိနိဗ္ဗာန် ပြုရာ၌။ ဗုဒ္ဓေါ၊ မြတ်စွာ ဘုရားသည်။ ဘိက္ခဝေါ၊ ရဟန်းတို့ကို။ ပင်္ဂိယာဒိ၊ စိမံတော်မူ၏။ သာရိပုတ္တာဒိ၊ အရှင်သာရိပုတ္တရာ စသော ရဟန္တာကြီးတို့သည်။ ကာကထာ၊ အဘယ်ဆိုဘွယ်ရှိအံ့နည်း။ ပင်္ဂိယာဒိဧဝ၊ စီရင်တော့သည်သာတည်း။

မယ်တော်ပရိနိဗ္ဗာန်ပြုရာ၌ မြတ်စွာဘုရား ကိုယ်တော်တိုင် ပင်လျှင်စိမံဆောင်ရွက်တော်မူသေး၏။ အရှင်သာရိပုတ္တရာ စသော ရဟန္တာကြီး တို့သည် အဘယ်မှာမဆောင်ရွက်ဘဲ နေတော့မည်နည်း။ ဘုရားမယ်တော်၏ ဈာပနကိစ္စကို ဆောင်ရွက်တော်မူကြကုန်၏။

ဤကဲ့သို့ ပူဇော်ထမ်းဆောင်၍ လောင်တိုက်တော်သို့ ရောက်သောအခါ အမျိုးမျိုးသော နံ့သာထင်းတို့ဖြင့် စီစဉ်ပြုလုပ်၍ ထားအပ်သောနံ့သာထင်းပုံထက်သို့ ကောင်းစွာတင်၍ နံ့သာမှုန့်တို့ဖြင့် ပက်ဖြူးလျက်မီးတိုက်ကြကုန်၏။ အလုံးစုံသော အရေအသားကို မီးလောင်းကျွမ်းကုန်၏။ အလုံးစုံသော အရိုးတို့သည် ဓာတ်တော်ဖြစ်၍ ကျွင်းကျန်ကုန်၏။ ထိုအခါ၌ အရှင်အာနန္ဒာသည် သံဝေဂ ဖြစ်ဖွယ်သောစကားကို ဆိုတော်မူ၏။ဒို့ သူတော်ကောင်း အပေါင်းတို့–မိထွေးတော်ဂေါတမီသည် သေဆုံးခြင်းသို့ ရောက်လေပြီ၊အလောင်းတော်ကိုလည်းမီးရှို၍ပြီးလေပြီ။ တိုင်ပင်ချိန်းဆို၍ထားသော မြတ်စွာဘုရား၏ပရိနိဗ္ဗာန်ပြုခြင်း သည်လည်း မကြာမီဖြစ်လတ္တံ့။ ထိုနောက်မြတ်စွာဘုရားသည် မိထွေးတော်ဂေါတမီ၏ ဓာတ်တော်တို့ကို သပိတ်ဖြင့် ဆောင်ယူရန်တိုက်တွန်းတော်မူ၍ အရှင်အနန္ဒာသည် ဂေါတမီ၏ ဓာတ်တော်တို့ကို သပိတ်ဖြင့်ဆောင်ယူ၍ မြတ်စွာဘုရား၏ လက်တော်သို့ ဆက်ကပ်၏။ မြတ်စွာ ဘုရားသည် မိထွေးတော် ဂေါတမီ၏ ဓာတ်တော် တို့ကို လက်တော်ဖြင့် ကိုင်ယူတော် မူ၍ ဤသို့ မိန့်တော်၏။ ချစ်သားရဟန်းတို့....ဉပမာဆိုသည်ရှိသော် ကြီးစွာသော သစ်ပင်ကြီးသည် အနှစ်ရှိသဘောဖြစ်၍ အကိုင်းအခက်တို့သည် ပျက်စီးကျိုးပဲ့၍ ဆွေးမြေ့

သွားသကဲ့သို့ သစ်ပင်ကြီးအတူ မိထွေးတော်ဂေါတမီသည် ဘိက္ခုနီသံဃာအလယ်မှ ပရိနိဗ္ဗာန်ပြု၍ သွားလေပြီ။ အရိုးဓာတ်တော်သည် ကသပိတ်မျှကြွင်းကျန်လျက် ပရိနိဗ္ဗာန်ပြုသော မယ်တော်၏ အတွက်ကြောင့် ငါဘုရားအား စိုးရိမ်ပူဆွေး ငိုကြွေးခြင်းမရှိခြင်းသည် အံ့ဩဘွယ်ရှိ၏။ မိထွေးတော်ဂေါတမီသည် သူတပါးတို့အတွက် စိုးရိမ်ခြင်းမရှိ။ သံသရာတည်းဟူသော ပင်လယ်ကြီးမှ ကူးမြောက်တော် မူ၏။ စိုးရိမ်ပူပန်ခြင်းမှ ကင်းလွတ်၏။ မြေချမ်းသာသော နိဗ္ဗာန်သို့ ရောက်လေပြီ။ ထိုမိထွေးတော် ဂေါတမီသည် ကြီးသောပညာရှိ၏။ ခိုင်ခံ့ထူထဲသောများသောပညာရှိ၏။ထိုမိထွေးတော်ဂေါတမီသည် ဘိက္ခုနီ ရဟန်းမိန်းမ အပေါင်းတို့တွင် အကြီးဆုံး ဟူ၍ မှတ်ကြလေကုန်။ တန်းခိုးအရာ၌လည်း လွန်စွာလေ့လာ ကြေပွန်ထက်သန် လျင်မြန်၏။ ဒိဗ္ဗသောတ အဘိညာဏ်၌ရင်း စေတောပရိယ အဘိညာဏ်၌ရင်း ပုဗ္ဗေနိဝါသ အဘိညာဏ်၌ရင်း ဒိဗ္ဗစက္ခုအဘိညာဏ်၌ရင်း လျင်မြန်ထက်မြက်၏။ အလုံးစုံသော အာသဝေါတရား တို့သည် ကင်းပလွတ်ငြိမ်း စင်ကြယ်၏။နောင်တဖန် ဖြစ်ခြင်းမရှိပြီ၊ ပဋိသမ္ဘိဒါလေးပါးတို့သည် အလွန်စင်ကြယ်စွာဖြစ်၏။ ထိုကြောင့် မိထွေးတော်ဂေါတမီသည် စိုးရိမ်ခြင်းမရှိ။

အတ္တဒီပါ တတော ဟောထ၊ သတိပဋ္ဌာန ဂေါစရာ။
ဘာဝေတွာ သတ္တဗောဇ္ဈင်္ဂေ၊ ဒုက္ခဿန္တံ ကရိဿထ။

ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ တတော၊ ထိုကြောင့်။ တုမှေပိ၊ သင်ချစ်သားတို့သည်လည်း။ အတ္တဒီပါ၊ ကိုယ့်ကိုယ်သာလျှင် မှီခိုရာကျွန်းမြေသဖွယ်ဖြစ်၍။သတိပဋ္ဌာနဂေါစရာ၊ သတိပဋ္ဌာန် တရားလျှင် အာရုံရှိသည် ဖြစ်ကုန်၍။ သတ္တဗောဇ္ဈင်္ဂေ၊ ဗောဇ္ဈင်ခုနစ်ပါး တို့ကို။ ဘာဝေတွာ၊ ပွါးစေကုန်၍။ ဒုက္ခဿ၊ ဖြစ်ခြင်းပျက်ခြင်း ဆင်းရဲခြင်း၏။ အန္တံ၊ အဆုံးကို။ ကရိဿထ၊ ပြုကြလေကုန်လော့။

ဤသို့ မြတ်စွာဘုရားသည် မိထွေးတော်ဈာပန ကိစ္စ၌ တရားဟောတော်မူ၏။

မိထွေးတော်ဂေါတမီ အပဒါန်တရားတော် ပြီး၏။ ။[သတ္တရသဝတ္ထု]။

ခေမာထေရီ ဟောတော်မူသော အပဒါန် တရားတော် ဗျာဒိတ်ပေးခန်း

တရားတော်နာ လာကြကုန်သော ရဟန်းမိန်းမ အပေါင်းတို့ ခေမာထေရီ နာမည်ဘွဲ့ခေါ် တပည့်တော်မသည် ဤကမ္ဘာမှ ပြန်၍ရေသော် ကမ္ဘာတသိန်းထက်၌ ပဒုမုတ္တရ မြတ်စွာဘုရား ပွင့်တော်မူ၏။ ထိုအခါ တပည့်တော်မသည် ဟံသာဝတီ ပြည်ကြီးဝယ် ရတနာအပေါင်းတို့ဖြင့် ပေါများ၍ ကြီးစွာသော စည်းစိမ်ချမ်းသာနှင့် ပြည့်စုံသော သူဌေးသမီး ဖြစ်ရ၏။ တပည့်တော်မသည် ပဒုမုတ္တရ မြတ်စွာဘုရား အထံတော်သို့ သွား၍ တရားတော်ကို နာ၏။ ထိုအခါ၌ တပည့်တော်မသည် သဒ္ဓါ ကြည်ညိုသော စိတ်ဖြင့် သရဏဂုံကို ဆောက်တည်၍ အမိအဘတို့အား တောင်းပန်ပြီးလျှင် သံဃာတော်အပေါင်းနှင့်တကွ ပဒုမုတ္တရ မြတ်စွာ ဘုရားကို ခုနစ်ရက်ပတ်လုံး ဆွမ်းလုပ်ကျွေး၏။ ခုနစ်ရက် လွန်သော အခါ၌ ပဒုမုတ္တရ မြတ်စွာဘုရားသည် ဘိက္ခုနီ ရဟန်းမိန်းမ တပါးကို မဟာပညာ ဧတဒဂ်အရာ၌ ထားတော်မူ၏။ ထိုအကြောင်းကို တပည့်တော်မ ကြားသိရသဖြင့် နောက်တကြိမ် မြတ်စွာဘုရားအား ပူဇော်သက္ကာရကို ပြု၍ ထိုမဟာပညာ ဧတဒဂ်အရာကို ဆုတောင်း၏။ တပည့်တော်မ ဆုတောင်းသောအခါ၌ ပဒုမုတ္တရ မြတ်စွာဘုရားသည် ချစ်သမီး သင်၏ ဆုတောင်းခြင်းသည် ပြည့်စုံလတ္တံ့၊ သံဃာတော်နှင့်တကွ ငါဘုရားအား ပူဇော်သက္ကာရကို ပြုသောချစ်သမီး၏ ကုသိုလ်ကံ စေတနာသည် ကြီးစွာသော မရေမတွက် မနှိုင်းယှဉ်နိုင်သော အကျိုးရှိ၏ဟု မိန့်တော်မူပြီး၍ ဤသို့ ဗျာဒိတ် ပေးတော်မူ၏။

သတသဟဿိတော ကပ္ပေ၊ သြဏ္ဏာကကုလ သမ္ဘဝေ။
ဂေါတမော နာမ နာမေန၊ သတ္ထာ လောကေ ဘဝိဿတိ။
တဿ ဓမ္မေသု ဒါယာဒါ၊ သြရသာ ဓမ္မနိမ္မိတာ။
ဧတဒဂ္ဂ မနုပ္ပတ္တာ၊ ခေမာနာမ ဘဝိဿတိ။

အမ္မဓိတာ၊ ချစ်သမီး။ ဣတော၊ ဤကမ္ဘာမှ။ သတသဟဿိတော ကပ္ပေ၊ ကမ္ဘာတသိန်းထက်၌။ သြဏ္ဏာကကုလသမ္ဘဝေါ၊ သြဏ္ဏာက မင်းမျိုး၌ဖြစ်သော။ နာမေန၊အမည်အားဖြင့်။ ဂေါတမော နာမ၊ဂေါတမ

အမည်ရှိသော။ သတ္ထာ၊ မြတ်စွာဘုရားသည်။ လောကေ၊ လူ့ပြည်၌၊ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ တဿ၊ ထိုဂေါတမမြတ်စွာဘုရား၏။ ဓမ္မေသု၊ တရားတော်တို့၌။ ဒါယာဒါ၊ အမွေခံဖြစ်သော။ ဩရသာ၊ ဘုရားရင်နှစ်သွေးချစ်ဖြစ်သော။ ဓမ္မနိမ္မိတာ၊ တရားတော်သည် ဖန်ဆင်းအပ်သော။ ဧတဒဂ္ဂံ၊ မဟာပညာ ဧတဒဂ်သို့။ အနုပ္ပတ္တာ၊ ရောက်သော။ ခေမာနာမ၊ ခေမာအမည်ရှိသော ရဟန္တာမိန်းမသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။

တရားတော်နာ လာကြကုန်သော အရှင်မတို့ ထိုကုသိုလ်ကံဖြင့် စုတေသည်ရှိသော် ကပည့်တော်မသည် တာဝတိံသာနတ်ပြည်၌ဖြစ်ရ၏။တာဝတိံသာမှ စုတေပြန်သော် ယာမာနတ်ပြည်၌ ဖြစ်ရ၏။ယာမာနတ်ပြည်မှ စုတေပြန်သော် တုသိတာ နတ်ပြည်၌ ဖြစ်ရ၏။ တုသိတာနတ်ပြည်မှ စုတေပြန်သော် နိမ္မာနရတိ နတ်ပြည်၌ ဖြစ်ရ၏။ နိမ္မာနရတိနတ်ပြည်မှ စုတေပြန်သော် ပရနိမ္မိတဝသဝတ္တီ နတ်ပြည်၌ ဖြစ်ရ၏။ထိုနတ်ပြည်တို့၌ ဖြစ်သောအခါ ပဒုမုတ္တရ မြတ်စွာဘုရားအား ခုနစ်ရက်သွမ်းကျွေးခြင်း ပူဇော်သက္ကာရကို ပြုခြင်း ကုသိုလ်ကံတို့၏ အစွမ်းအားဖြင့် နတ်မင်းကြီးတို့၏ အဂ္ဂမဟေသီ နတ်မိဖုယားကြီး ဖြစ်ရ၏။ ထိုနတ်ပြည်မှ စုတေပြန်သော် လူ့ပြည်၌ စကြာမင်း၏ အဂ္ဂမဟေသီ မိဖုယားကြီး အကြိမ်များစွာ ဖြစ်ရ၏။ ဇမ္ဗူဒိပ် တကျွန်းလုံးကို အစိုးရသော ဧကရာဇ်မင်း၏ အဂ္ဂမဟေသီ မိဖုယားကြီးသည်လည်း အကြိမ်များစွာ ဖြစ်ရ၏။တရားတော်နာလာကြကုန်သော အရှင်မတို့-ပဒုမုတ္တရ မြတ်စွာဘုရားလက်ထက်မှစ၍ ဝိပဿီ မြတ်စွာဘုရား ပွင့်တော်မူသည် တိုင်အောင် ကိုးသောင်း ကိုးထောင် ကိုးရာ့ ကိုးကမ္ဘာ တို့ပတ်လုံး လူ့ပြည် နတ်ပြည်တို့၌ ကျင်လည်၍ ခပ်သိမ်းသော ဘဝ၌ ချမ်းသာစွာ လူ့စည်းစိမ် နတ်စည်းစိမ်တို့ကို ခံစား၍ နေရ၏။ ဤကမ္ဘာမှ ပြန်၍ ရေသော် ကိုးဆဲ့တကမ္ဘာထက်၌ ဝိပဿီမြတ်စွာဘုရား ပွင့်တော်မူ၏။ ထိုဝိပဿီမြတ်စွာဘုရား သာသနာတော်၌ ကပည့်တော်မသည် ရဟန်းမိန်းမပြုလုပ်၍ နှစ်ပေါင်းရှစ်သောင်း ကာလပတ်လုံး ဗြဟ္မစရိယ အကျင့်မြတ်ကိုကျင့်သုံး၍ ကျမ်းဂန်ပိဋကတ်ကိုသင်ကြား၍ များသော ဗဟုသုတရှိ၏။ ပဋိစ္စသမုပ္ပါဒ်နည်း၌လည်း ကောင်းစွာလိမ္မာ ကျွမ်းကျင်၏။ သစ္စာလေးပါး၌လည်း ရဲရင့်ခြင်းရှိ၏။ သိမ်မွေ့သော အနက် အဓိပ္ပါယ်တို့ကို ထုတ်ဖေါ်၍ ဆန်းကြယ်သော တရားစကားကိုလည်း ဟော၏။

မြတ်စွာဘုရား၏ ဆုံးမပြဩဝါဒကို ကောင်းစွာလိုက်နာ ပြုကျင့်၏။ ကမ္မဋ္ဌာန်း၌ အားထုတ်ခြင်း လုံ့လကိုလည်းပြု၏။ ထို ရဟန်းမိန်းမ အဖြစ်မှ စ၍ တေသော် တပည့်တော်မသည် တုသိတာ နတ်ပြည်၌ ဖြစ်ရ၏၊ ထိုတုသိတာနတ်ပြည်၌ ဖြစ်သည်ရှိသော် များသော အခြွေအရံ နတ်သမီးရှိ၏။ လူ့ပြည်က ဖြူမှုဗြဟ္မစရိယ အကျင့်မြတ်ကို ကျင့်သောကံ၏ အစွမ်းကြောင့် တပည့်တော်မသည် တပါးသော နတ်သမီးတို့ထက် သာလွန်၍ စည်းစိမ် ချမ်းသာ ကြီးမား၏။ တပည့်တော်မသည် ရဟန်း မိန်းမ ပြုလုပ်၍ ဗြဟ္မစရိယ အကျင့်ကို ကျင့်သောကြောင့် ဖြစ်လေရာဘုံဘဝ၌ များသော စည်းစိမ်ရှိ၏။ များသောဥစ္စာရှိ၏။ ပညာရှိ၏။ သီလရှိ၏။ ယဉ်ကျေးလိမ္မာသော အခြွေအရံ ပရိသတ်ရှိ၏။ မေထုန် ရှောင်လတ် အကျင့်မြတ်ကိုကျင့်ရသောကြောင့် တပည့်တော်မသည် အလုံးစုံသော စည်းစိမ်တို့ကို အလိုရှိ၍ တောင့်တချင် ရလွယ်၏။ ဖြစ်ရာဘဝ၌ တပည့်တော်မ၏ လင်ယောက်ျားသည် တစုံတခုမျှ တပည့်တော်မကို မထေမဲ့မြင် မချစ်ကြင်ဘဲ ဆဲရေးရိုက်ပုတ် မုန်းထားခြင်းကို မပြုလုပ် တပည့်တော်မကို လင်ယောက်ျားသည် အလွန် ချစ်ကြင် မြတ်နိုး၏။ ဤကား မေထုန်ရှောင်လတ် ပဋိပတ္တိ ဗြဟ္မစရိ အကျင့်၏ အစွမ်း သတ္တိ ဖြစ်၏။

ယော်ပိ မေ ဘဝတေ ဘတ္တာ၊ ယတ္ထ ယတ္ထ ဂတာယပိ။
ဝိမာနေတိ န မံ ကောစိ၊ ပဋိပတ္တိဗလေန မံ။

အပဒါန် ပါဠိတော်-၃၆၇။

အယျာယော၊ အရှင်မတို့။ ယတ္ထယတ္ထ၊ အကြင် အကြင် ဘဝ၌။ ဂတာယပိ၊ ဖြစ်သော်လည်း။တတ္ထတတ္ထ၊ ထိုထိုဖြစ်လေရာဘဝ၌။ မေ၊ တပည့်တော်မ၏။ ယောပိဘတ္တာ၊ အကြင် လင်ယောက်ျားသည်လည်း။ ဘဝတေ၊ရ၏။သောပိဘတ္တာ၊တပည့်တော်မကိုရသော လင်ယောက်ျားသည်လည်း။ မံ၊ တပည့်တော်မကို။ ကောစိ၊ တစိုးတစိမျှ၊ နဝိမာနေတိ၊ မထေမဲ့မြင် မချစ်ကြင်ဘဲ ဆဲဆိုရိုက်ပုတ် မပြုလုပ်။ ပဋိပတ္တိဗလေန၊ မေထုန်ရှောင်လတ် ပဋိပတ်၏ အစွမ်းကြောင့်။ မံ၊တပည့်တော်မကို။ ဘတ္တာ၊ လင်ယောက်ျားသည်။ အတိမမာယတိ၊ အလွန် ချစ်ခင် မြတ်နိုး၏။

တရားတော်နာ လာကြကုန်သော ဒိုအရှင်မတို့ ဤဘဒ္ဒကမ္ဘာ အတွင်း၌ ကောဏာဂုံ မြတ်စွာဘုရား ပွင့်တော်မူသော အခါ၌ တပည့်တော်မသည် ဗာရာဏသီပြည်၌ ကြွယ်ဝပြည့်စုံသော သူကြွယ် သ္မီးဖြစ်၍ ဓနဉ္စာနီ ပုဏ္ဏားမသည်၎င်း သုမေဓာ ထေရီ သည်၎င်း တပည့်တော်မ ခေမာသည်၎င်း သုံးဦးသော မိတ်ဆွေ သူငယ်ချင်း အဖော်ဖြစ်ကြကုန်၍ တပည့်တော်မတို့ သုံးဦးသားပေါင်းစပ်၍ သံဃာ တော်များ နေထိုင် သီတင်းသုံးတော်မူရန် သံဃာ အာရာမ်ကျောင်း တိုက်ကိုလှူ၍ သံဃိကကျောင်းကိုလည်း ဆောက်လုပ်၏။

ထိုဘဝမှ စုတေကြသည် ရှိသော် တပည့်တော်မတို့ သုံးဦးသား မိတ်ဆွေ မိန်းမတို့သည် တာဝတိံသာ နတ်ပြည်၌ ဖြစ်ကြကုန်၏။ ထိုနောက် ဤဘဒ္ဒကမ္ဘာအတွင်း၌ ကဿပ မြတ်စွာဘုရား ပွင့်တော်မူပြန်၏။ ထိုကဿပ မြတ်စွာဘုရား လက်ထက်တော်၌ ကဿပ မြတ်စွာ ဘုရား၏ ပစ္စည်းလေးပါး ဒါယကာဖြစ်သော ကိကီမင်းကြီး၏ သ္မီးတော် ခုနစ်ယောက်တို့တွင် တပည့်တော်မသည် သမဏီ ဟူသော အမည်ဖြင့် အကြီးဆုံး သ္မီးတော်ဖြစ်ရ၏။ ကဿပမြတ်စွာဘုရား၏ တရားတော်ကို နာရ၍ တပည့်တော်မသည် ရဟန်း မိန်းမ ဘိက္ခုနီ ပြုလုပ်ရန် တောင်းပန်၏။ ခမည်းတော် ကိကီမင်းကြီးက အခွင့် မပြုသောကြောင့် တပည့်တော်မသည် လင်ယောကျ်ား မယူဘဲ နန်းတော်၌ ကုမာရီ ဗြဟ္မစာရီသီလကို စောင့်သုံးလျက် နှစ်ပေါင်းနှစ်သောင်း ပတ်လုံး ပျော်မွေ့စွာ နေ၏။

ကောမာရိ ဗြဟ္မစရိယံ၊ ရာဇကညာ သုခေဓိတာ။
ဗုဒ္ဓေါ ပဋ္ဌာနနိရတာ၊ မုဒိတာ သတ္တဓီတရော။
သမဏီ သမဏဂုတ္တာစ၊ ဘိက္ခုနီ ဘိက္ခုဒါယိကာ။
ဓမ္မာစေဝ သုဓမ္မာစ၊ သတ္တမီ သံဃဒါယိကာ။
အဟံ ဥပ္ပလဝဏ္ဏာစ ပဋာစာရာစ ကုဏ္ဍလာ။
ကိသာဂေါတမီ ဓမ္မဒိန္နာ၊ ဝိသာခါ ဟောတိ သတ္တမီ။

အယျာယော၊ တရားတော်နာလာကြကုန်သော ဘိက္ခုနီ အရှင်မတို့။ ကောမာရိဗြဟ္မစရိယံ၊ ကုမာရီ ဗြဟ္မစာရီ အကျင့်၌။ ရာဇကညာ၊ မင်းသ္မီးတို့သည်။ သုခေဓိတာ၊ ချမ်းသာစွာ နေထိုင်ကြကုန်လျက်။ ဗုဒ္ဓေါ

ပဋ္ဌာနနိရတာ၊ မြတ်စွာဘုရားကိုလုပ်ကျွေးခြင်း၌ ပျော်မွေ့ကြကုန်လျက်။ မုဒိတာ၊ ဝမ်းမြောက်စွာ။ သတ္တဓီတရော၊ ခုနစ်ယောက်သော သမီးတော်တို့သည်။ (ဤနေရာ၌ အနက်ဆင်ခြင်ဘွယ်ရှိ၏)။ သမဏီ မည်သော သမီးတော်လည်း တယောက်,သမဏဂုတ္တာ, ဘိက္ခုနီ,ဘိက္ခုဒါသိကာ, ဓမ္မာ,သုဓမ္မာ,သံဃဒါသိကာ မည်သော သမီးတော်လည်း တယောက် ဤ ခုနစ်ယောက်သော သမီးတော်တို့တွင်သမဏီအမည်ရှိသော သမီးတော်သည် တပည့်တော်မ ခေမာထေရီ ဖြစ်လာ၏။ သမဏဂုတ္တာ အမည် ရှိသော သမီးတော်သည် ဥပ္ပလဝဏ္ဏာ ထေရီ ဖြစ်လာ၏။ ဘိက္ခုနီ အမည်ရှိသော သမီးတော်သည် ပဋာစာရီ ထေရီ ဖြစ်လာ၏။ ဘိက္ခုဒါသိကာ အမည်ရှိသော သမီးတော်သည် ကုဏ္ဍလကေသီ ဘဒ္ဒါ ထေရီဖြစ်လာ၏။ ဓမ္မာအမည်ရှိသော သမီးတော်သည် ကိသာဂေါတမီထေရီ ဖြစ်လာ၏။ သုဓမ္မာမည်သော သမီးတော်သည် ဓမ္မဒိန္နာ ထေရီ ဖြစ်လာ၏။ သံဃဒါသိကာ အမည်ရှိသော သမီးတော်သည် ဝိသာခါ ကျောင်းအမကြီး ဖြစ်လာ၏။

တရားတော်နာ လာကြကုန်သော ဘိက္ခုနီ အရှင်မတို့- ကဿပ မြတ်စွာဘုရားသည် တရံ တခါ မဟာနိဒါနသုတ်ကို ဟောတော်မူ၏။ တပည့်တော်မသည် မဟာနိဒါနသုတ် ဒေသနာတော်ကို နာရ၍ နှုတ်ရဆောင်ကာ သင်ယူပါ၏။ ထိုဘဝမှ စုတေသည်ရှိသော် ထိုကုသိုလ်ကံတို့၏ အစွမ်းကြောင့် တာဝတိံသာ နတ်ပြည်သို့ရောက်၏။ နောက်ဆုံးဖြစ်သော ယခုဘဝ၌ မဒ္ဒတိုင်း သာကလပြည်ဝယ် မဒ္ဒမင်းကြီး၏ သမီးတော် ဖြစ်ရပါ၏။ တပည့်တော်မကို ဖွားမြင်သောနေ့၌ သာကလပြည်ကြီးဝယ် ဘေးရန်ခပ်သိမ်းမှ ကင်းငြိမ်း၏။ထိုကြောင့် တပည့်တော်မ၏ ခေမာဟူသော နာမည်သည် ဂုဏ်အားဖြင့်ဖြစ်သော နာမည် ဖြစ်ပါ၏။ တပည့်တော်မ ခေမာမင်းသမီးသည် အရွယ်ရောက်သောအခါ၌ အလွန်အဆင်းလှသည်ဖြစ်၍တပည့်တော်မ၏ခမည်းတော် မဒ္ဒမင်းကြီးသည် ရာဇဂြိုဟ်ပြည် ဗိမ္ဗိသာရမင်းကြီးအား ပေးဆက်၍ တပည့်တော်မသည် ဗိမ္ဗိသာရမင်း၏ ချစ်လှသော မိဖုယား ဖြစ်ပါ၏။ အဆင်းလှခြင်း၌ တပည့်တော်မသည် အလွန် မြတ်နိုး၍ မိမိ အဆင်းကို မိမိ စုံမက်ခင်မင်၍ တပြင်ပြင် တသသ အလှကိုသာလျှင် ပြုပြင်ဆင်မြန်းကာ သာယာစုံမက်၍ နေပါ၏။ အဆင်းဖြစ်ပျက် အစရှိသော စကားတို့ဖြင့်

အဆင်း၏အပြစ်ကို ထုတ်ဖေါ်ကာ ဟောတော်မူသောကြောင့် မြတ်စွာဘုရားအထံသို့ တပည့်တော်မသည် မဆည်းကပ်ဘဲ နေပါ၏။ ထိုအခါ၌ ဗိမ္ဗိသာရမင်းကြီးသည် တပည့်တော်မကို ချီးမြှောက်လို၍ ဝေဠုဝန် ဥယျာဉ်တော်ကြီး၏ ဂုဏ်ကိုချီးကျူးသော သီချင်းတို့ကို ဖွဲ့စီ၍ သီချင်းသည်တို့အား တပည့်တော်မ၏ အနီး၌ သီဆိုစေ၏။

ဝေဠုဝန်ကျောင်းတော်ဘွဲ့ သီချင်းဂါထာ

ရမ္မံ ဝေဠုဝနံ ယေန၊ န ဒိဋ္ဌံ သုဂတာလယံ။
န တေန နန္ဒနံ ဒိဋ္ဌံ၊ ဣတိ မညာမသေ မယံ။

ယေန ဝေဠုဝနံ ဒိဋ္ဌံ၊ နရနန္ဒန နန္ဒနံ။
သုဒိဋ္ဌံ နန္ဒနံ တေန၊ အမရိန္ဒ သုနန္ဒနံ။

ဝိဟာယ နန္ဒနံ ဒေဝါ၊ ဩတရိတွာ မဟီတလံ။
ရမ္မံ ဝေဠုဝနံ ဒိသွာ၊ နတပ္ပန္တိ သုဝိမှိတာ။

ရာဇပုညေန နိဗ္ဗတ္တံ၊ ဗုဒ္ဓပုညေန ဘူသိတံ။
ကော ဝတ္တာ တဿ နိဿေသံ၊ ဝနဿ ဂုဏသဉ္စယံ။

ဝေဠုဝန်ဥယျာဉ်တော်ဘွဲ့ သီချင်း ဂါထာ ၄-ပုဒ်။

ယေန၊ အကြင်သူသည်။ သုဂတာယံ၊ မြတ်စွာဘုရား၏ကျောင်းတိုက်တော်ဖြစ်သော။ ရမ္မံ၊ မွေ့လျော်ဘွယ်ရှိသော။ ဝေဠုဝနံ၊ ဝေဠုဝန နာမ ကျော်စော ဝါးတောတွင်ခေါ် ဥယျာဉ်တော်ကို။ န ဒိဋ္ဌံ၊ မမြင်ဘူးချေ။ တေန၊ ထိုဝေဠုဝန် ဥယျာဉ်တော်ကိုမမြင်ဘူးသောသူသည်။ နန္ဒနံ၊ တာဝတိံသာ နတ်များစွာတို့ ပျော်ရာ စံလွန် နန္ဒဝန်ခေါ် ဥယျာဉ်တော်ကို။ န ဒိဋ္ဌံ၊ မမြင်ဘူးလေ။ ဣတိ၊ ဤသို့။ မယံ၊ ငါတို့သည်။ မညာမသေ၊ မှတ်ထင်ပါကုန်၏။ ယေန၊ အကြင်သူသည်။ နရနန္ဒနနန္ဒနံ၊ လူအပေါင်းတို့၏ နှစ်သက်မြတ်နိုးရာ မြတ်စွာဘုရား၏ ကျောင်းတိုက်တော် ဖြစ်သော။ ဝေဠုဝနံ၊ ပေဠုဝန်ခေါ် ဥယျာဉ်တော်ကို။ ဒိဋ္ဌံ၊ မြင်ဘူး၏၊ တေန၊ ထိုဝေဠုဝန် ဥယျာဉ်တော်ကို မြင်ဘူးသောသူသည်။ အမရိန္ဒသုနန္ဒနံ၊ တာဝတိံသာ ဣန္ဒာသိကြား နတ်အများတို့ ပျော်ပါးနှစ်သက်ရာဖြစ်သော။ နန္ဒနံ၊ နန္ဒဝန်ခေါ် ဥယျာဉ်ဘော်ကို။ သုဒိဋ္ဌံ၊ ကောင်းစွာမြင်ဘူး၏။ ဒေဝါ၊ တာဝတိံသာ နတ်များစွာတို့သည်။ နန္ဒနံ၊ နန္ဒဝန်ခေါ်

ဥယျာဉ်တော်ကို။ ဝိဟာယ၊ ပယ်စွန့်၍။ မဟိတလံ၊ မြေအပြင်သို့။ ဩတရိတွာ၊ သက်ဆင်း၍။ ရမ္မံ၊ မွေ့လျော်ဘွယ်ရှိသော။ ဝေဠုဝနံ၊ ဝေဠုဝန်ကျောင်းတိုက်တော်ကြီးကို။ ဒိသွာ၊ မြင်ကြကုန်၍။ သုဝိမှိတာ၊ အလွန်အံ့ဩကြကုန်လျက်။ နတပ္ပန္တိ၊ ကြည့်ရှု၍ အားမရနိုင်ကြကုန်။ ရာဇပုညေန၊ မင်း၏ ဘုန်းကံကြောင့်။ နိဗ္ဗတ္တံ၊ ဖြစ်သော။ ဗုဒ္ဓပုညေန၊ မြတ်စွာဘုရား၏ဘုန်းတော် ကျေးဇူးဟော်ဖြင့်။ ဘူသိတံ၊ တန်းဆာဆင် အပ်သော။ ဝေဠုဝနံ၊ ဝေဠုဝန် ကျောင်းတိုက်တော်ကြီးကို။ ဒိသွာ၊ ရှုကြည့်ကြကုန်၍။ နတပ္ပန္တိ၊ မရောင့်ရဲနိုင်ကြလေကုန်။ တဿဝနဿ၊ ထိုဝေဠုဝန် ကျောင်းတိုက်ကြီး၏။ ဂုဏာသဥ္စယံ၊ ဂုဏ်အပေါင်းကို။ နိဿေသံ၊ အကုန်အစင်။ကော၊အဘယ်သူသည်။ ဝဏ္ဏာ၊ သီချင်းကဗျာ လင်္ကာချဲ့ပို ဖွဲ့ဆိုနိုင်မည်နည်း။

အကြင်သူသည် မွေ့လျော် ပျော်ဘွယ်ရာ ဖြစ်သော မြတ်စွာဘုရား နေတော်မူရာ ဝေဠုဝန်ကျောင်းတိုက်တော်ကို မမြင်ဘူးချေ။ထိုသူသည် တာဝတိံသာ နတ်များစွာတို့ ပျော်ပါး မွေ့လျော်ရာ ဖြစ်သော နန္ဒဝန် ဥယျာဉ်တော်ကို မမြင်ဘူးသော သူဟူ၍ ငါတို့ မှတ်ထင်ပါကုန်၏။

အကြင်သူသည် လူအပေါင်းတို့နှစ်သက်မြတ်နိုးရာ မြတ်စွာဘုရား၏ ကျောင်းတိုက်တော် ဖြစ်သော ဝေဠုဝန် ဥယျာဉ်တော်ကို မြင်ဘူး၏၊ ထိုသူသည် တာဝတိံသာ ဣန္ဒာသိကြား နတ်အများတို့ ပျော်ပါး မွေ့လျော်ရာ ဖြစ်သော နန္ဒဝန်ဥယျာဉ်တော်ကို မြင်ဘူးသောသူ ဟူ၍ ငါတို့မှတ်ထင်ပါကုန်၏။

တာဝတိံသာ နတ်များစွာတို့သည် နန္ဒဝန် ဥယျာဉ်တော်ကိုပင် ပယ်ရှားစွန့်ပစ်ခဲ့၍ လူ့ဘုံနေရာ မြေအပြင်သို့ ဆင်းလာကြကုန်၍ မွေ့လျော်ပျော်ဘွယ်ရာဖြစ်သော ဝေဠုဝန် ကျောင်းတိုက်တော်ကို ဖူးမျှော်ကြကုန်လျက် အလွန်အံ့ဩကြကုန်၍ ဖူးမျှော်ကြည့်ရှု၍ ရောင့်ရဲတင်းတိမ်ခြင်း မရှိကြကုန်။

ရာဇဂြိုဟ်ပြည်ကြီးအရှင် ဘုရင်မင်းမြတ်၏ဘုန်းကံကြောင့်ဖြစ်သော မြတ်စွာဘုရား၏ သမ္ဘာရပါရမီဂုဏ်တော် တန်းခိုးတော်တို့ဖြင့် တန်းဆာဆင်အပ်သော ဝေဠုဝန် ကျောင်းတိုက်ကြီးကို မြင်ရကုန်သော လူအပေါင်းတို့သည် ရှု၍မငြီးနိုင်ကြလေကုန်။

တရားဘော်နာလာကြကုန်သော ဘိက္ခုနီအရှင်မတို့-တပည့်တော်မ ခေမာမင်းသမီးသည် ဝေဠုဝန် ကျောင်းတိုက်ကြီး၏ ပြည့်စုံတင့်တယ် မွေ့လျော်ဘွယ်ရှိသောအကြောင်းအရာတို့ဖြင့် သီချင်းကဗျာဘွဲ့ဆိုသော သီချင်းသံကိုကြားရ၍ တပည့်တော်မ၏နားဥ် အလွန်သာယာ နှစ်သက် ခြင်းဖြစ်၍ ထိုဝေဠုဝန် ဥယျာဉ်တော်ကို ကြည့်ရှုလိုသော စိတ်ရှိသော ကြောင့် တပည့်တော်မသည် ဗိမ္ဗိသာရမင်းကြီးအား လျှောက်ကြား တောင်းပန်၏။ တပည့်တော်မ ခွင့်တောင်းသောအခါ ဗိမ္ဗိသာရမင်းကြီး သည် တပည့်တော်မကို များစွာသော အခြံအရံတို့ဖြင့် ခြံရံစေလျက် ဝေဠုဝန် ဥယျာဉ်တော်ကို ကြည့်ရှုရန် စေလွှတ်တော်မူ၏။ စည်းစိမ် ချမ်းသာ ကြီးလှစွာသော ခေမာမိဖုယား များစွာသော အခြံအရံတို့ဖြင့် သွား၍ ဝေဠုဝန် ဥယျာဉ်တော်ကို ကြည့်ရှုချေလော့။ ဝေဠုဝန် ဥယျာဉ်တော်သည် မျက်စိအရသာရှိလှ၏။ အခါခပ်သိမ်း အသရေ တို့ဖြင့် တင့်တယ်ထွန်းလင်း တောက်ပလျက် နေ၏။ မြတ်စွာဘုရား၏ ရောင်ခြည်တော် ခြောက်သွယ်တို့ဖြင့် တန်းဆာဆင်လျက် ရောင်စုံ ချယ်လှယ် ပန်းနွယ်ပန်းရုံတို့ဖြင့် လွန်စွာတင့်တယ်၏ ဟူ၍ ပြောဆို စေလွှတ်ပါ၏။ အဆင်းကို အပြစ်တင်၍ ပဟာတော် မူတတ်သော မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည်တွင်းသို့ ဆွမ်းခံ ဝင်တော်မူသော အချိန်ကိုမှ တပည့်တော်မသည် ဝေဠုဝန်ဥယျာဉ်တော်ကို ကြည့်ရှုရန် သွားပါ၏။ ဝေဠုဝန်ဥယျာဉ်တော်သို့ ရောက်သောအခါ ဆန်းကြယ်စွာ ပွင့်၍နေသော ပန်းအမျိုးမျိုးတို့ကို တပည့်တော်မ မြင်ရ၏။ ပန်းပွင့်တို့ အလယ်၌ ပျံကာ ဝဲကာ ပန်းဝတ်ရည် စုတ်သုံးကြသော ပိတုန်းတို့၏ တောင်ဟုန်သံဖြင့်၎င်း အသံသာစွာ မြည်တတ်ကုန်သော ဥဩငှက် တို့၏ သီချင်းသံဖြင့်၎င်း တပည့်တော်မ၏နား၌ အရသာ ရှိလှ၏။ ဥဒေါင်းငှက် အပေါင်းတို့၏ က,မြူးလျက် နေသည်ကိုလည်း မြင်ရ၍ မျက်စိအရသာရှိလှ၏။ တိတ်ဆိတ်လှစွာ လူသံမကြား လူအများနှင့် ရောပြွမ်းရှုပ်ရှက်မရှိ ပကတိ သန့်ရှင်းစင်ကြယ် မွေ့လျော်ဘွယ်သော စင်္ကြံ လမ်းတို့ကို၎င်း ကုဋိ မဏ္ဍပ် ဇရပ် တန်ဆောင်း ကျောင်းငယ် ကျောင်းလတ် အရပ်ရပ်သော ကြည့်ရှုဘွယ်တို့ကို လှည့်လည်ကာ ကြည့်ရှု၍ သြော်-ငါ၏မျက်စိသည် အကျိုးရှိလှပေ၏ တကား ဟူ၍ တပည့်တော်မ မှတ်ထင်အောက်မေ့၏။ ထိုသို့ အောက်မေ့လျက် တပည့်

တော်မသည် ဥယျာဉ်တော်အနှံ့ လှည့်ပတ်၍ ကြည့်ရှုသော အခါ၌ ငြိမ်သက်စွာ ထိုင်နေသော ရဟန်းပျိုတပါးကို တပည့်တော်မ မြင်ရ၍ ဤသို့ စိတ်အကြံ ဖြစ်ပါ၏။ ဤရဟန်းပျိုကလေးသည် အဆင်းတော်က လှပါဘိသနဲ့ အရွယ်တော်ကလေးကလဲ အသက် နှစ်ဆယ် အစိတ်ရွယ် မျှသာ ရှိပါသေး၏။ ဤကဲ့သို့ အရွယ်တော် အဆင်းတော်နှင့်ပြည့်စုံသော ယောကျ်ားကလေးသည် ငါးပါးအာရုံ ကာမဂုဏ်၏ အရသာကို စွန့်ပယ်လျက် ဦးခေါင်းကိုပြောင်စွာရိတ်၍ ဖန်ရည်ဆိုးသောသင်္ကန်းကို ဝတ်ရုံ၍ ဤတောမြိုင်အတွင်း၌ မပျင်းမရိ သတိမပေါက် တယောက်ထည်းတည်း ကမ္မဋ္ဌာန်းကိုရှု ရဟန်းပြု၍ နေနိုင်ပေ၏တကား။ လူဘဝ၌ လူတို့မည်သည်မှာ လူတို့ချမ်းသာ ကာမဂုဏ်အရသာကို ငယ်စွာ ပထမ အရွယ်ကသာ ကောင်းစွာခံစား ပျော်ပါးမွေ့လျော်၍ နောက်ခါ အိုမင်းသော အရွယ်ရှိမှ တရားကိုကျင့်ဘို့ ကောင်းပါ၏တကား။ ဤသို့ တပည့်တော်မသည် အောက်မေ့မိပါ၏။ ထိုနောက် တပည့်တော်မသည် မြတ်စွာဘုရား သိတင်းသုံးတော် မူသော ဂန္ဓကုဋီတော်သည် တိတ်ဆိတ်စွာရှိသည်ဟု မှတ်ထင်၍ မြတ်စွာဘုရားမရှိဘူးဟူ၍ ထင်သောကြောင့် မနီးမဝေးမှ အသာချောင်းသျှက် ငဲ့စောင်း၍ ကြည့်ရှုသောအခါ တက်သစ်စဖြစ်သော နေမင်းကဲ့သို့ ထွန်းလင်းသပ္ပါယ် ရောင်ခြောက်သွယ်ဖြင့် တင့်တယ်တော် မူလှသော မြတ်စွာဘုရားကို မြင်ရပါ၏။ ချောလှစွာသော မိန်းကလေးကို ယပ်ခပ် စေလျက် ချမ်းသာစွာ ကိုယ်တော်မြတ်တပါးတည်း နေတော်မူသည်ကို မြင်သော အခါ တပည့်တော်မသည် ဤသို့ကြံမိ၏။ ဤသို့မြတ်စွာဘုရားကိုယ်တော်မြတ်သည် တန်ခိုးမကြွယ် သိမ်ငယ်နုတ်ဖွဲ့ ဘုန်းကံနည်းသော ဘုရားမဟုတ်ချေ။ ယပ်ခပ်၍ နေသော မိန်းကလေးသည် ရွှေအဆင်းကဲ့သို့ ဝင်းဝင်းဝါဝါ ချောလှစွာ၏။ ပဒုမ္မာကြာပန်းကဲ့သို့ တင့်တယ် လှစွာသော မျက်နှာ မျက်လုံး မျက်ခုံး မျက်စရှိ၏။ နီဖလံ ရွှေအဆင်းကဲ့သို့ ခြင်းခြင်းနီသော နှုတ်ခမ်းကလေး,သင်းခွေပန်းငုံ စပယ်ငုံအသွေးကဲ့သို့ ဖြူဖွေးသန့်စင် ရှုချင်ဘွယ်ရှိသော သွားကလေး,ယဉ်ကျေး သပ်ယပ် လျောက်ပတ်တင့်တယ် ရှုချင်ဘွယ်ရှိသော နားရွက်ကလေး, ရွှေမရိုးစည်ပမာကဲ့သို့ ညီညာလုံးပြေ အနေအထား နုထွား ဖြောင့်စင်းသော လည်ပင်း လည်တိုင်ကလေး, းသိနှသီးကင်းသဖွယ် တင့်တယ် လှစွာ

သောရင်သားကလေး, ရွှေပွတ်လုံးအလယ်ကဲ့သို့ သေးသွယ် နွဲ့နှောင်း ညွတ်ပြောင်းသော ခါးကလေး, ရွှေငှက်ပျောပင်လုံးကဲ့သို့ ချောပြေ လှစွာသော ပေါင်ကလေး, ညိုရောင်မိမ်းဖန့် နူးညံ့ စွာသော ထဘီ ကလေးကို ဝတ်ဆင်ကာ နီမြန်သောအဆင်း ဝင်းဝင်းဝါဝါ နူးညံ့စွာ သော တဘက်ပုဝါကလေးကို လက်ဝဲတဘက် ပခုံးထက်၌ စပယ် တင် သိုင်းခြုံလျက် ကြည့်ရှု၍ မဝနိုင်အောင် ချော လှ နုပျိုစွာသော မိန်းကလေးကို မြင်ရ၍ မျက်စိအရသာရှိလှ၏တကား၊ ဩော် ဤ မိန်း ကလေးသည် အလွန်တရာချောလှပါတကား၊ငါသည်ဤဘဝ ဤမျက်စိ ဖြင့် ဤကဲ့သို့ချောလှသော မိန်းကလေးကို တကြိမ်တခါမျှ မမြင်ဘူးပါ တကား။ ဤကဲ့သို့ တပည့်တော်မ၏ စိတ်ထဲမှာ အောက်မေ့ကြံစည်ကာ ကြည့်ရှု၍နေပါ၏။

တရားတော်နာ လာရောက်ကြကုန်သော ဘိက္ခုနီ အရှင်မတို့.... တပည့်တော်မသည် ဤသို့ကြည့်ရှု၍နေသော မိန်းကလေးသည် ကြည့် တွင်း ကြည့်တွင်း အဆင်းတမျိုး အသွင် ဆိုးလျက် အရိုး အကြော ငေါငေါပေါ်ထွက် အဆင်းပျက်၍ မျက်စိ နား နှာ ရုပ်ဝါချွတ်ယွင်း အိုမင်းခြင်းသို့ ရောက်သဖြင့် ဟောက်တောက်ခွက်တက် နက်သော မျက်တွင်း ကျိုးသောသွားနှင့် ပါးရေတွန့်လိပ် ဖြူသောဆံပင် ရှုချင် ဘွယ်မရှိ ပကတိမဟုတ် တုန်လှုပ်ဘောက်ပြန်၍ သွား၏။ ထို မိန်းက လေး၏ တကိုယ်လုံးကို ကြည့်ရှုသော် ရှေးအခါ၌ မြင်ရသော အဆင်း ရုပ်ဝါတို့သည် ဘာတခုမှ မရှိတော့ပြီ။ ကျိုးသောသွား, တွန့်လိပ်သော ပါး,မှဲ့ခွက်သော နှုတ်ခမ်း, ဖြူဖွေးသောဆံပင်, အသားမရှိ အရေမျှဖြင့် တွဲလျားကျသောရင်သား, အရိုးအကြော ငေါငေါ ပေါ်ထွက်သောခါး, ပျက်ပြားချွတ်ယွင်း အိုမင်းသောမိန်းမကြီးဖြစ်၍ အလုံးစုံသော အင်္ဂါ ကြီးငယ် တို့တွင် ရှုချင်ဘွယ် တစုံတခုကိုမျှ မမြင်။ ညွတ်ကိုင်းသော ကိုယ်ဖြင့် တုန်လှုပ်၍ တုတ်တောင်ဝှေးကို ကိုင်စွဲလျက် တွဲခေါ် သော အဘော်ရှိမှ တုန်တုန်လှုပ်လှုပ် ထ၍သွားနိုင်၏။ထိုသို့တုန်တုန်လှုပ်လှုပ် တုတ်တောင်ဝှေးကို စွဲကိုင်လျက် သွားရာမှ လဲကျသဖြင့် မထနိုင်ဘဲ တလူးလူး တလွန့်လွန့်နေသော သူအိုမကြီးကို တပည့်တော်မ မြင်ရ သဖြင့် ကြက်သီးမွေးညှင်းထအောင် ထိတ်လန့်၍လာပါ၏။

တဟော မေ အာသိ သံဝေဂေါ၊ အစ္ဆရိယော လောမဟံသနော။
ဝိ ရတ္တံ ရူပံ အသုစိံ၊ ရမဏ္ဍေ ယတ္တ ဗာလိသာ။

အဃျာယော၊ တရားတော်နာ လာကြကုန်သော အရှင်မဘို့။ တဟော၊ ထိုတလူးလူး တလွန့်လွန့် နေသော သူအိုမကြီးကို မြင်သောကြောင့်။ မေ၊ တပည့်တော်မအား။ အစ္ဆရိယော၊ မတွေ့ကြုံဘူး မဖြစ်ဘူးသော။ လောမဟံသနော၊ ကြက်သီးမွေးညှင်းထသော။ သံဝေဂေါ၊ ထိတ်လန့်ခြင်းသည်။ အာသိ၊ ဖြစ်၏။ ရူပံ၊ အဆင်းရုပ်သည်။ ဝိရတ္တံ၊ စက်ဆုပ်ဘွယ် ဖြစ်၏တကား။ အသုစိံ၊ ရွံရှာဘွယ်ဖြစ်၏တကား။ ယတ္တ၊ အကြင် စက်ဆုပ် ရွံရှာဘွယ်သော ရုပ်အဆင်း၌။ ဗာလိသာ၊ အမိုက်မတို့သည်။ ရမဏ္ဍေ၊ ဖြိုးလိမ်းဝတ်ဆင် တပြင်ပြင် တသာသ ခင်မင်ကြကုန်၏။

ထိုအခါ၌ မဟာကရုဏာတော်ရှင်ဘုရားသခင်သည် တပည့်တော်မ ထိတ်လန့်သော စိတ်ရှိသည်ကို မြင်တော်မူ၍ ဤဂါထာကို ဟော တော်မူ၏။

အာတုရံ အသုစိံ ပူတိံ၊ ပဿ ခေမေ သမုဿယံ။
ဥဂ္ဃရန္တံ ပဂ္ဃရန္တံ၊ ဗာလာနံ အဘိနန္ဒိတံ။

ခေမေ၊ အဆင်းရုပ်ဝါ ချောလှစွာသည့် ခေမာမည်ခေါ် သွီးတော်။ အာတုရံ၊ နာကျင်တတ်စွာသော။ အသုစိံ၊ မစင်မကြယ် ရွံရှာဘွယ်ရှိသော။ ပူတိံ၊ အပုပ်အတိဖြစ်သော။ သမုဿယံ၊ အရိုးအကြောတို့ဖြင့် ဖွဲ့ဆက်ဗိုက်ထောင်၍ နေသော။ ဥဂ္ဃရန္တံ၊ အထက်သို့လည်း အံထွက်တတ်သော။ ပဂ္ဃရန္တံ၊ အောက်သို့လည်း ယိုစီး၍ ကျတတ်သော။ ဗာလာနံ၊ အမိုက်မတို့သည်။ အဘိနန္ဒိတံ၊ ဖြိုးလိမ်းဝတ်ဆင် တပြင်ပြင် တသာသ ခင်မင်ကြသော ဤကိုယ်ကောင်ပုပ်ကြီးကို။ ပဿ၊ ဟုတ်တိုင်း မြင်အောင် အကုန်အစင် ကြည့်ရှုလေလော့။

အဆင်းရုပ်ဝါ ချောလှ စွာသော သွီးတော်ခေမာ နာကျင်ဆင်းရဲ တတ်စွာ ရွံရှာစက်ဆုပ်ဖွယ် မတင့်တယ်သော အရိုးအကြောတို့ဖြင့် ဖွဲ့ဆက်ဗိုက်ထောင်၍ ဟောင်စပ်ညှိပုပ် စက်ဆုပ်ရွံရှာ ဘွယ်သော အပုပ်ရည်တို့သည် တစိစိတဗိုဗို ယိုစီးအံထွက်တတ်သော ကိုယ်ကောင် ကြီးကို ဖြိုးလိမ်းဝတ်ဆင် တပြင်ပြင် တသာသ အလှစုံမက် နှစ်သက်

ဘုရား။ ကာမရာဂ မိုက်မှောင်ကျ၍ ယွင်းခွဘောက်ပြား အထင်မှား လျက် အရှင်ဘုရားကို မမြင်လိုဘဲ ကိုယ်ကိုပြုပြင် တန်းဆာဆင်လျက် တပြင်ပြင် တသသ တကြွကြွနှင့် မိုက်မှောင်ကျ၍နေသော အမိုက်မ ခေမာကို အရှင်ဘုရားသည် လိမ္မာသိမြင် တရားထင်အောင် ပုံသွင် ဆန်းကြယ် နည်းဥပါယ်ဖြင့် ချစ်ဘွယ် ရှုဘွယ် နှစ်သွယ်နှစ်ဝ ရုပ်ပုံ ပြ၍ ဆုံးမတော်မူဘတ်ပါပေ၏ မြတ်စွာဘုရား။ ဤသို့များပုံ ကျေးဇူး ဂုဏ်နှင့် ပြည့်စုံတော်မူကုန်သော မြတ်စွာဘုရားတို့ကို မမြင်ရ မဖူးရ မတွေ့ကြုံရသော အနန္တ သတ္တဝါတို့သည် သံသရာဝဲ ဩဃထဲ၌ ဆင်းရဲကြီးစွာ ဘေးများစွာကို တွေ့ကြုံခံစား၍ နေကြရကုန်၏။ ။ အမိုက်မ မိခေမာသည် မြတ်စွာဘုရား အနီးသားနှင့် မသွားရောက်လို မမြင်လိုဘဲ ရှောင်လွှဲ ပုန်းရှိုး နေမိသော အပြစ်ကို တောင်းပန်စကား လျှောက်ကြားပါ၏ မြတ်စွာဘုရား။

မဟာဟိတံ ဝရဒံ၊ အဟိတောတိ ဝိသင်္ကိတာ။
နောပေသိံ ရူပနိရတာ၊ ဒေသိဿာမိ တမစ္စယံ။

မဟာဟိတံ၊ များသော အကျိုးစီးပွါးရှိတော်မူသော။ ဝရဒံ၊ မြတ်သော အကျိုးကိုပေးတော်မူတတ်သောမြတ်စွာဘုရားကို။ အဟိတောတိ၊ အကျိုးမရှိဟူ၍။ ဝိသင်္ကိတာ၊ အထင်အမှတ်လွဲသောကြောင့်။ ရူပနိရတာ၊ အဆင်းရုပ်သွင် လှစေချင်၍ တပြင်ပြင် တသသ တကြွကြွနှင့် ကာမ လွန်ကြူး ရွှင်မြူးနှစ်ခြိုက် အပျော်လိုက်၍ နေသော အမိုက်မ မိခေမာ သည်။ နောပေသိံ၊ မြတ်စွာဘုရား အနီးသားနှင့် မသွားရောက်လို မမြင်လိုဘဲ ရှောင်လွှဲ ပုန်းရှိုး နေမိပါ၏။ တံအစ္စယံ၊ ထိုသို့နေမိသော အပြစ်ကို။ ဒေသိဿာမိ၊ တောင်းပန်စကား လျှောက်ကြားပါ၏ မြတ်စွာဘုရား။

တရားတော်နာ လာကြကုန်သော အရှင်မတို့—တပည့်တော်မသည် မိမိမိုက်မှားသော အပြစ်ကို တောင်းပန်စကား လျှောက်ကြားသော အခါ၌ ချိုစွာသောအသံတော်ရှိသော မြတ်စွာဘုရားသည် ကြည် ချမ်းမြသော အမတရေစင်ဖြင့် သွန်းလောင်း ဆွတ်ဖြန်းတော်မူလျက် ချစ်သမီးခေမာ ငါဘုရားဆုံးမသောတရား၌ ကောင်းစွာတည်၍ နေလေ လော့ဟူ၍ မိန့်တော်မူ၏။ ထိုအခါ၌ တပည့်တော်မသည် ဦးခေါင်းဖြင့်

ရှိခိုးဦးတိုက်၍ မြတ်စွာဘုရားကို လက်ျာရစ် သုံးပတ် လှည့်လည်၍ သွားပြီးလျှင် ဤစကားဖြင့် လျှောက်ကြားပါ၏။ ကိလေသာရန် ဘေးတန်တန်ကို အောင်လံထိုက်တော်မူပေသော မြတ်စွာဘုရား အရှင်ဘုရားသည် စိမံဖန်ဆင်း၍ ပြတော်မူပေသော ရုပ်ပုံပြ နည်းဥပါယ်သည် အံ့ဩဘွယ်ကောင်းပါပေ၏ မြတ်စွာဘုရား။ တောကို ကြည့်ရှုလိုသော တပည့်တော်မ ခေမာသည် ထွေးရှုပ်ဘဏ္ဍာ တောလွတ်ရာမှ မြတ်စွာဘုရားကို မြင်ရပေ၏။

ဤသို့လျှောက်ပြီးလျှင် နန်းတော်သို့ပြန်လာ၍ အရှင်မင်းမြတ်သည် ခွင့်ပြုတော်မူငြားအံ့၊ ကျွန်တော်မသည် မြတ်စွာဘုရား သာသနာတော်၌ ရဟန်းပြုပါတော့အံ့၊ အဆင်းရုပ်တရား၌ ကျွန်တော်မသည် လွန်စွာ ငြီးငွေ့လှပါ၏ ဟူ၍ ဗိမ္ဗိသာရမင်းကြီးအား ခွင့်တောင်းသောအခါ၌ အရှင်မခေမာ ရဟန်းပြုခြင်းကို ခွင့်ပြုပါ၏၊ အရှင်မ၏ ရဟန်းအဖြစ်သည် ပြည့်စုံပြီးမြောက်ပါစေလော့ ဤကဲ့သို့ ပြောဆို၍ ဗိမ္ဗိသာရမင်းကြီးသည် လက်အုပ်ကို ချီတင်လျက် ခွင့်ပြုပေ၏။ ။[သောတာပန်မင်းကြီး ဖြစ်၍ ရှိသောသည်]။

တရားတော်နာ လာကြကုန်သော အရှင်မတို့— တပည့်တော်မ သည် ရဟန်းပြု၍ လခွဲပမာဏ ဆဲ့ငါးရက်တိုင် ရောက်သောနေ့၌ ဆီမီးတောက်ခြင်းကိုရင်း ဆီမီးငြိမ်းခြင်းကိုရင်း မြင်၍ သံဝေဂ စိတ်ဖြင့် အလုံးစုံသော သင်္ခါရ တရားတို့ကို ငြီးငွေ့လျက် ပဋိစ္စ သမုပ္ပါဒ် အကြောင်းစပ်၍ တတ်သိလိမ္မာ၍ လေးဖြာယောဂ ကင်းပလွန်မြောက် အရဟတ္တဖိုလ်သို့ ရောက်၍ ဣဒ္ဓိဝိဓ, ဒိဗ္ဗသောတ, ပရစိတ္တဝိဇာနန, ပုဗ္ဗေနိဝါသာနုဿတိ, ဒိဗ္ဗစက္ခု, ဟူသော အဘိညာဏ်ငါးပါး အာသဝက္ခယဉာဏ်တည်းဟူသော လောကုတ္တရာ အရဟတ္တဖိုလ် စိတ်ကိုထည့်၍ အဘိညာဏ် ခြောက်ပါး အတ္ထ ဓမ္မ နိရုတ္တိ ပဋိဘာဏ ဟူသော ပဋိသမ္ဘိဒါ လေးပါး ဤတရားမြတ်တို့ကို အလုံးစုံရပြီး၍ သီလဝိသုဒ္ဓိ, စိတ္တ, ဒိဋ္ဌိ, ကင်္ခါဝိတရဏ, မဂ္ဂါမဂ္ဂဉာဏဒဿန, ပဋိပဒါဉာဏဒဿန, ဉာဏဒဿန ဝိသုဒ္ဓိ ဟူသော ဝိသုဒ္ဓိခုနစ်ပါး ကထာဝတ္ထုဆယ်ပါး အဘိဓမ္မာနည်းတို့၌ ကောင်းစွာလေ့လာ ကျွမ်းကျင်၍ မြတ်စွာဘုရား သာသနာတော်၌ ရဟန္တာ မိန်းမ ဖြစ်၍ နိဗ္ဗာန်ကို မျက်မှောက် ပြုရပါ၏။ ရဟန္တာမအဖြစ်သို့ ရောက်ပြီးနောက် သာဝတ္ထိ

ပြည်နှင့် သာကေတမြို့ အကြားတွင် တောရထာဝတ္ထုမြို့၌ ကောသလ မင်းကြီး မေးလျှောက်သော သိမ်မွေ့နက်နဲ ခက်ခဲသော ပုစ္ဆာတို့ကို ဟုတ်မှန်ရာဖြေကြားပါ၏။ထိုနောက် ကောသလမင်းကြီးသည် မြတ်စွာ ဘုရားသို့ကပ်၍ ထိုပုစ္ဆာကို မေးလျှောက် ပြန်၏၊ တပည့်တော်မ ဖြေသည့်အတိုင်းပင် မြတ်စွာဘုရား ဖြေတော်မူ၏။ ကောသလမင်းကြီး သည် တပည့်တော်မ အဖြေနှင့် အတူတူ မြတ်စွာဘုရား ဖြေတော် မူသည်ကို အံ့သြ၍ သွား၏။ ထိုကဲ့သို့သော ဂုဏ်ကို မြတ်စွာဘုရား နှစ်သက်တော်မူ၍ တပည့်တော်မကို မြတ်စွာဘုရားသည် မဟာပညာ ဧတဒဂ်အရာ၌ တင်ထားတော်မူ၏။

သဠာယတနဝဂ္ဂ သံယုတ်ပါဠိတော်-၂၇၁။ ထေရီအပဒါန် ပါဠိတော်-၃၇၁။

ကိလေသာ ဈာပိတာ မယှံ၊ လ။ ကတံ ဗုဒ္ဓဿ သာသနံ။ ဥဒါန်း ဂါထာတို့ကို ကျူးရင့်ကာ သာသနာတော်၌ ချမ်းသာစွာ နေရသော အကျွန်ုပ်ခေမာထေရီကို အတုလိုက်၍ နောင်ခါကာလ ဗုဒ္ဓဘာသာ သာသနာတော်ကို ကြည်ညိုကြကုန်သော အမျိုးကောင်း သမီးတို့သည် ကျွန်ုပ်ကဲ့သို့ အဆင်းရုပ်သွင် လှစေချင်၍ တပြင်ပြင် တသသ တကြွကြွ အလှကိုခင်မင် ပြုပြင်၍နေရာမှ ကျောင်းတော်သို့သွား၍ တရားတော်ကို နာရသောအခါ သံဝေဂတရား ရကြ၍ ရဟန်းမိန်းမ ပြုလုပ်ကြစေရန် ရည်သန်၍ ပရိနိဗ္ဗာန်စံကာနီး၌ ဟောကြား၍ ထားခဲ့ပါ၏။အမျိုးကောင်း သမီးတို့သည် နည်းယူမှတ်သား လိုက်နာကျင့်သုံးကြ၍ ရဟန္တာမိန်းမ ဖြစ်ကြပါစေကုန်သတည်း။

[ခေမာထေရီ အလောင်းသည် ပဒုမုတ္တရမြတ်စွာဘုရားလက်ထက်၌ ဆင်းရဲလှသော ကျွန်မဖြစ်၍ ရေခပ်သွားရာတွင် ပဒုမုတ္တရ မြတ်စွာ ဘုရား၏ အဂ္ဂသာဝက သုဇာတထေရ်ကို တွေ့မြင်၍ ရင်ခွင်၌ပါသော မုံ့ကို လှူကြောင်းစသည်ဖြင့် ဇာတ်အဋ္ဌကထာဟောင်းတို၌ ဆိုသည်ဟူ၍ ထေရီဂါထာ အဋ္ဌကထာစကားရှိ၏။ပါဠိတော်၌ သူဌေးသမီးဖြစ်ကြောင်း ဟောတော်မူ၏။ ဓမ္မဒိန္နာထေရီ အလောင်းသည်သာလျှင် ပဒုမုတ္တရ မြတ်စွာဘုရား လက်ထက်တော်၌ ကျွန်မဖြစ်၍ ရေခပ် သွားရာတွင် အရှင် သုဇာတ ထေရ်ကို တွေ့မြင်၍ မုံ့လှူကြောင်းကို ပါဠိတော်၌ ဟောတော်မူသည်]။

တဒါဟံ ဟံသာဝတိယံ၊ ဇာတာ သေဋ္ဌိကုလေ အဟုံ။
နာနာရတန ပဇ္ဇောတေ၊ မဟာသုခ သမပ္ပိတော။
ခေမာထေရီအပဒါန်ပါဠိတော်-၃၆၆။

တဒါဟံ ဟံသာဝတိယံ၊ ကုလေ အညတရေ အဟုံ။
ပရကမ္မကာရီ အာသိံ၊ နိပကာ သီလသံဝုတာ။
ပဒုမုတ္တရဿ ဗုဒ္ဓဿ၊ သုဇာတော အဂ္ဂသာဝကော။
ဝိဟာရာ အဘိနိက္ခမ္မ၊ ပဏ္ဍမာဒါယ ဂစ္ဆတိ။
ဃဋံ ဂဟေတွာ ဂစ္ဆန္တီ၊ တဒါ ဥဒကဟာရိကာ။
တံ ဒိသွာ အဒဒံ ပူဝံ၊ ပသန္နာ သေဟိ ပါဏိဘိ။
ဓမ္မဒိန္နာထေရီအပဒါန်ပါဠိတော်-၃၇၁။

[ခေမာမိဖုယားသည် ဝေဠုဝန် ကျောင်းတိုက်ကို ကြည့်ရှုသွားရာ တွင် မြတ်စွာဘုရား တရားဟော၍ သောတာပန် ဖြစ်ကြောင်းကို တတ္ထ ဠိတာ ဝဟံ သန္တိံ၊ ဓမ္မစက္ခုံ ဝိသောဓယိံ ဟု ဟောတော်မူသည်။ ထိုနောက် ဗိမ္ဗိသာရမင်းကြီးထံ၌ ခွင့်တောင်းပြီးလျှင် ရဟန်းမိန်းမ ပြုလုပ်၍ တဆဲ့ငါးရက်မှ ရဟန္တာမ ဖြစ်ကြောင်းကို ပဗ္ဗဇိတွာ တဒါ စာဟံ၊ အဍ္ဎမာသေ ဥပဋ္ဌိတေ။ ဒီပေါဒယဉ္စ ဘေဒဉ္စ၊ ဒိသွာ သံဝိဂ္ဂမာန သာ။လ။အရဟတ္တ မပါပုဏိံ။ ဟူ၍ ပါဠိတော်ရှိသည်။ ရှေးအဋ္ဌကထာ ဟောင်းတို့၌ကား ဝေဠုဝန်ကျောင်းတော် အတွင်း၌ပင် မြတ်စွာဘုရား ရပ်ပုံပြ၍ တရားဟောရာတွင် ရဟန္တာဖြစ်ကြောင်းဆိုသည်ဟူ၍ ထေရီ ဂါထာ အဋ္ဌကထာဆရာဆိုသည်။ ပါဠိတော်နှင့် ပဋိဝိရုဒ္ဓ ဖြစ်သော အရာတွေ့ အလွန်များသည်။ အချို့ပါဠိတော်၌ သတ္တမာသေ ဥပဋ္ဌိတေ ရှိသည်ကား ပညာဇောတဒဂ်ရ ခေမာထေရီနှင့် မလျော်ချေ]။

မာရ်နတ်သည် ခေမာထေရီကို ဖျက်ဆီးလို၍ ကာမဂုဏ်ဖြင့် ဖြားယောင်းခြင်း

မာရ်နတ်သည် လုလင်ပျိုယောင် အသွင်ဆောင်၍ လာပြီးလျှင် တခု သော သစ်ပင်ရင်း၌ ငြိမ်သက် တည်ကြည်စွာ နေသော ခေမာထေရီ ရဟန္တာမိန်းမကို ကာမတဏှာဖြင့် ပျော်မွေ့ရန် ဤဂါထာကိုဆိုလေ၏။
ဒဟာရာ တုဝံ ရူပဝတီ၊ အဟမ္ပိ ဒဟာရော ယုဝါ။
ပဉ္စင်္ဂိကေန တုရိယေန၊ ဧဟိ ခေမေ ရမာမသေ။

ဇာနန္တာသယ ၁၅၇-၁၀

ခေမေ၊ခေမာမည်သော ရဟန်းမ။ တုဝံ၊သင်သည်။ ဒဟာရာ၊ငယ်လှသေး၏။ ရူပဝတီ၊အဆင်းလည်းလှ၏။အဟဉ္စ၊ငါသည်လည်း။ဒဟရော၊ငယ်သေး၏။ ယုဝါ၊ပျိုမြစ်၏။ ဧဟိ၊ ငါခေါ်ရာသို့ လိုက်ခဲ့ပါလော့။ ပဉ္စင်္ဂိကေန၊ အင်္ဂါငါးပါးရှိသော။ တုရိယေန၊ တူရိယာ အတီးအမှုတ်ပွဲသဘင်ဖြင့်။ ရမာမသေးသင်နှင့်အတူ ပျော်ရွှင်ကစား ပျော်ပါးလို၏။

ခေမာမည်သော ရဟန်းမကလေး သင်သည် ငယ်လှသေး၏၊ အဆင်းလည်းလှ၏၊ ရဟန်းမိန်းမပြုလုပ်၍ မနေလင့်ဦး၊ ငါသည်လည်း လုလင်ပျိုရွယ် ငယ်သေးသည်ဖြစ်၍ သင်နှင့်အတူတကွ ပွဲလမ်းသဘင် ပျော်ရွှင်လို၏၊ ငါခေါ်ရာသို့ ယခုလိုက်ခဲ့ပါလော့ တူရိယာ ငါးပါးဖြင့် ပျော်ပျော်ပါးပါး ကစားမြူးတူးကြကုန်အံ့။ ဤသို့ မာရ်နတ်ဆိုလာခြင်းသည် အကယ်စင်စစ် ကာမဂုဏ်ဖြင့် ပျော်ပါးလို၍ ဆိုလာသည် မဟုတ်၊ ခေမာထေရီ ရဟန္တာမ ဖြစ်ပြီးသည်ကို မသိ၍ အကျင့်သီလ ပျက်စီမ့်သောငှါ ဆိုလာသတည်း။မာရ်နတ်၏သဘောသည် သာသနာတော် အကျင့်မြတ်ကို ဖျက်ဆီးလိုခြင်း သဘောရှိသည် သာတည်း။ ခေမာထေရီသည်လည်း မာရ်နတ်၏ ယုတ်မာသော သဘောကို သိ၍ ဤဂါထာတို့ဖြင့် ပြန်ကြားပြောဆိုလေသတည်း။

ဣမိနာ ပူတိကာယေန၊ အာတုရေန ပဘင်္ဂုနာ။
အဋ္ဋိယာမိ ဟရာယာမိ၊ ကာမတဏှာ သမူဟတာ။

သတ္တိသူလူပမာ ကာမာ၊ ခန္ဓာ သံအဓိကုဋ္ဋနာ။
ယံ တွံ ကာမရတိံ ဗြူသိ၊ အရတိ ဒါနိ သာ မမ။

ထေရီဂါထာပါဠိတော်-၁၉၆။

ပါဠိမ၊သဘောယုတ်မာ ဖျက်ဆီးလာသည့် မိစ္ဆာသူယုတ် မာရ်နတ်ရတ်။ အာတုရေန! ကိုးဆဲ့ခြောက်ဖြာ ဘေးရောဂါဖြင့် ကျင်နာတတ်ထသော၊ ပဘင်္ဂုနာ၊ဖရိုဖရဲ ဖေါက်လွဲ ကြေမွ ပျက်စီးကတတ်လှသော။ဣမိနာ ပူတိကာယေန၊ ဤကိုယ်ကောင်ပုပ်ဖြင့်။ အဟံ၊ ငါသည်။ အဋ္ဋိယာမိ၊ စက်ဆုပ်လှ၏။ ဟရာယာမိ၊ ရှံ့ရှာလှ၏။ ကာမတဏှာ၊ ပုထုဇဉ်မိုက်အလွန်ကြိုက်သော အမိုက်တဏှာ ကျင့်ယုတ်မာကို။ မယာ၊ ငါသည်။ သမူဟတာ၊ မဂ်လေးရပ်ဖြင့် ပယ်ဖြတ်သုတ်သင်အပ်ပြီ။ ကာမာ၊ ကာမဂုဏ်တို့သည်။ သတ္တိသူလူပမာ- သတ္တိသူလဉပမာ၊ အဖျားချွန်ထက်

သောလှံသွားနှင့်တူကုန်၏။ ခန္ဓာ၊ ရုပ်နာမ်ခန္ဓာတို့သည်။ သံအံမိကုန္ဒနာ၊ အမဲသားချတ်စဉ်းသော စဉ်းတည်တုံးနှင့်တူကုန်၏။ တွံ၊ သင် မာရ်နတ်သည်။ယံကာမရတိံ၊ အကြင် ကာမဂုဏ်ဖြင့် ပျော်မွေ့ခြင်းကို။ ဗြူသိ၊ ဆိုလာ၏။ သာ၊ ထိုကာမဂုဏ် ပျော်မွေ့လိုခြင်းသည်။ ဒါနိ၊ ယခု။ မမ၊ ငါထေရီအား။ အရတိ၊ ပျော်မွေ့ခြင်းမရှိတော့ပြီ။ ။မာရ်နတ်သည် ခေမာထေရီကို ဖျက်ဆီးခြင်းငှါ မတတ်နိုင် ရကား ငါ့ကို ခေမာထေရီ သိလေပြီဟု ကွယ်ပျောက်သွားလေ၏။

[ဤခေမာထေရီကို မာရ်နတ် နှောက်ရှက်သော အကြောင်းသည် ထေရီဂါထာပါဠိတော်၌ လာရှိ၏။ သ ဂါထာဝဂ္ဂ သံယုတ်ပါဠိတော်။ ဘိက္ခုနီသံယုတ်၌ကား အာဠဝိပြည်သူ ဟတ္ထက၏နှစ်မ သေလာထေရီ, သောမာထေရီ,ကိသာဂေါတမီ, ဝိဇယာ, ဥပ္ပလဝဏ္ဏာ, စာလာ, ဥပစာလာ, သိသုပစာလာ, သေလာ, ဝဇိရာ ဤဆယ်ပါးသော ဘိက္ခုနီ ရဟန္တာမိန်းမတို့ကိုမာရ်နတ်နှောက်ရှက်ကြောင်းရှိသည်။ ဂ၉-နံပါတ် သံယုတ်၌ အာဠဝိကာဟု ဆို၏။ အပဒါန် ၃၅၂ ၌ ပဥ္စဒိဝိကာ ထေရီဂါထာ တိကနိပါတ်၌ သေလာအမည်ရှိ၏။ ထေရီအပဒါန် အဋ္ဌကထာနှင့် ထေရီဂါထာ အဋ္ဌကထာ တို့ကို တိုက်ဆိုင်၍ ကြည့်ရှု ရမည်။ သဂါထာဝဂ္ဂ ဘိက္ခုနီ သံယုတ် အဋ္ဌကထာနှင့်လည်း တိုက်ဆိုင် ကြည့်ရှုရမည်]။

ခေမာထေရီအပဒါန်ဝတ္ထုပြီး၏။ ။[အဋ္ဌာရသမ ဝတ္ထု]။

လက်ဝဲတော်ရံ ဥပ္ပလဝဏ္ဏာ ထေရီ အပဒါန်ဝတ္ထု

တန်းခိုးအရာ၌ ဧတဒဂ်ရတော်မူသော ဥပ္ပလဝဏ္ဏာထေရီ ဘိက္ခုနီ ရဟန္တာမိန်းမသည် ပရိနိဗ္ဗာန်စံခါနီး၌ မြတ်စွာဘုရား၏ ခြေတို့ကို ရှိခိုး၍ ဤသို့လျှောက်ကြား၏- မုနိငါးပါးတို့ထက် မြတ်တော်မူသော ကြောင့် မဟာမုနိ အမည်တော်ရှိသော မြတ်စွာဘုရား တပည့်တော်မ ဥပ္ပလဝဏ္ဏာသည် ဇာတိ သံသာရမှ လွန်မြောက် နိဗ္ဗာန်သို့ ရောက်၍ အလုံးစုံသော ဒုက္ခမှကင်းလွတ်ပါပြီ မြတ်စွာဘုရား။ ထိုအကြောင်းကို အရှင်ဘုရားအား လျှောက်ကြားပါ၏။ မြတ်စွာဘုရား၏ ရှေ့တော်၌ တည်ရှိကြကုန်သော ပရိသတ်အပေါင်းတို့...... အကျွန်ုပ် ဥပ္ပလဝဏ္ဏာ၌

အပြစ်ရှိငြားအံ့ သည်းခံတော်မူကြ ပါကုန်။ ကြီးသောလုံ့လ ရှိတော်မူသော မြတ်စွာဘုရား သံသရာ၌ ကျင်လည်၍လာခဲ့ရသော တပည့်တော်မအား အကယ်၍ ချွတ်ချော်မှားယွင်းသော အပြစ်ရှိငြားအံ့၊ ထိုအပြစ်ကို တောင်းပန်စကား လျှောက်ကြားပါ၏။ တပည့်တော်မ၏ အပြစ်ကြီးငယ်ကို သည်းခံတော်မူပါ မြတ်စွာဘုရား။ ဤသို့လျှင် ဥပ္ပလဝဏ္ဏာထေရီသည် ပရိနိဗ္ဗာန်စံခါနီး၌ ပရိသတ်နှင့်တကွ မြတ်စွာဘုရားအား ကန်တော့တောင်းပန်၏။ ထိုအခါ၌မြတ်စွာဘုရားသည် ဤသို့မိန့်တော်မူ၏၊ ငါဘုရားဆုံးမတိုင်း ပြုကျင့်တတ်ပေသော သမီးတော် ဥပ္ပလဝဏ္ဏာ တန်ခိုးပြဦးလော့ ယခုနေ့၌ ပရိသတ်လေးပါးတို့သည် စည်းဝေးကြကုန်၏။ ဥပ္ပလဝဏ္ဏာထေရီသည်တန်ခိုးကြီးလှသည်ဟူ၍ကျော်စော၏။ ကျော်စောတိုင်းဟုတ်သည် မဟုတ်သည်ကို ပရိသတ်လေးပါးတို့၏ ယုံမှားသံသယကို ပယ်ဖျက်ဦးလော့။ ဤသို့ မြတ်စွာဘုရား မိန့်တော်မူသော အခါ ဥပ္ပလဝဏ္ဏာ ထေရီသည် ဤသို့ လျှောက်ကြား၏။ ကြီးသော လုံ့လ ရှိတော်မူသော မြတ်စွာဘုရား အရှင်ဘုရား၏ သမီးတော်သည် များစွာ ခဲယဉ်းသော ပါရမီဖြည့်ခြင်းကို ပြုခဲ့ဘူးပါ၏။ အလွန်ပြုနိုင်ခဲသော ပါရမီဖြည့်ခြင်းကို တပည့်တော်မ သမီးတော်သည် ပြုကျင့်ခဲ့ ဘူးပါ၏ မြတ်စွာဘုရား။ တပည့်တော်မ၏ အဆင်းသည် ကြာညိုပန်း၏အဆင်းနှင့်တူသောကြောင့် အမည်အားဖြင့် ဥပ္ပလဝဏ္ဏာ ဟူ၍ ခေါ်ပါ၏။ အရှင်ဘုရား၏ တပည့်မသည် ခြေတော် အစုံတို့ကို ဦးတိုက်ခါ ရှိခိုးပါ၏မြတ်စွာဘုရား။ ရာဟုလာ ထေရ်သည်၎င်း တပည့်တော်မသည်၎င်း များစွာသော ဘဝတို့၌ အတူတကွဖြစ်၍ တူမျှသော စိတ်သဘော ရှိကြပါကုန်၏။ ဖြစ်လေရာဘဝတို့၌ အတူတကွတပေါင်းတည်း ဖြစ်ရပါ၏။ ယခုနောက်ဆုံးဖြစ်သော ဘဝ၌လည်း အရှင်ဘုရားသားတော် ရာဟုလာ သမီးတော် ဥပ္ပလဝဏ္ဏာ ဟူ၍ ကျော်စော ထင်ရှား လူအများတို့ သိကြ ပါကုန်၏။ ကြီးသော လုံ့လ ရှိတော်မူသော မြတ်စွာဘုရား တပည့်တော်မ၏ တန်ခိုး အစွမ်းကို ကြည့်ရှုတော်မူပါလော့။ အရှင်ဘုရား၏ ရှေ့တော်၌ တပည့်တော်မသည် တန်ခိုးအစွမ်းကိုပြပါအံ့။ ဤသို့လျှောက်ကြားပြီး၍ မြတ်စွာဘုရား၏ခြေတော်ကို ဦးတိုက်ခါရှိခိုးလျက် ကောင်းကင်သို့ပျံတက်၍ အထူးထူး အထွေထွေ မရေတွက်နိုင် ဆန်းကြယ်လှစွာ အံ့ဩဘွယ်သော တန်ခိုး အစွမ်းကို

ပြ၏။ သူငယ်များသည် ဆီကို လက်ချပ်ထည်း၌ ထည့်၍ ကစားသကဲ့သို့ စကြဝဠာ ပမာဏရှိသော လက်ကိုဖန်ဆင်း၍ လေးစင်းသောသမုဒ္ဒရာ၌ ရှိသော ရေအလုံးစုံကို အကုန်ယူ၍ထည့်၏။ စကြဝဠာမျှ ကြီးသော လက်ကို ဖန်ဆင်း၍ .ပထဝီမြေကြီး အလုံးစုံကို အကုန်ယူ၍ ထည့်၏။ စကြဝဠာမျှကြီးသော လက်ကိုဖန်ဆင်း၍ ဦးခေါင်းထက်၌ ဖြန့်မိုးလျက် အထူးထူးသော အဆင်းရှိသော မိုးပေါက်တို့ကို ရွာစေ၏။ ပထဝီ မြေကြီးကိုဆုံပြုလုပ်၍ကျောက်စရစ်ခဲရှိသနေ့ရွကိုစပါးပြုလုပ်၍မြင်းမိုရ် တောင်ကို ကျည်ပွေ့ပြုလုပ်၍ မိန်းမကလေးများ လက်ဆုံဖြင့် စပါး ထောင်းသကဲ့သို့ ထောင်း၍ပြ၏။တပည့်တော်မသည် မြတ်စွာဘုရား၏ သွီးတော်ပါဘုရား။တပည့်တော်မ၏ အမည်ကို ဥပ္ပလဝဏ္ဏာဟု ခေါ်ပါ သည် မြတ်စွာဘုရား။အဘိညာဏ် ငါးပါးတို့၌ လေ့လာ လျင်မြန်သည် ဖြစ်၍ အရှင်ဘုရား ဆုံးမသင်ပြတော်မူတိုင်း ပြုလုပ်၍ ပြနိုင်ပါသည် မြတ်စွာဘုရား။ အထူးထူးသော တန်ခိုးဖန်ဆင်းခြင်းကိုပြ၍ အမျိုးအနွယ် အမည်တို့ကို ကြော်ကြား၍ မြတ်စွာဘုရား၏ ခြေတော်ကို ဦးတိုက် ရှိခိုး၏။ တပည့်တော်မသည် ဣဒ္ဓိဝိဓသော အဘိညာဏ် ခြောက်ပါး၌ လေ့လာလျင်မြန်ပါ၏။ ပဋိသမ္ဘိဒါ လေးပါးကိုလည်း ရပါ၏။ ရှေးရှေး သော မြတ်စွာဘုရားတို့၏ အထံတော်၌ တပည့်တော်မသည် အရှင် ဘုရား၏ အကျိုးငှါ များစွာသော အဓိကာရ ပါရမီကို ပြုကျင့်ခဲ့ဘူးပါ၏ မြတ်စွာဘုရား။ရှေးရှေးဘဝတို့၌ တပည့်တော် ဖြည့်ကျင့်ခဲ့သော ပါရမီ ကံတို့ကိုအရှင်ဘုရားသည် အောက်မေ့တော်မူပါလော့။ အရှင် ဘုရား၏ အကျိုးငှါ တပည့်တော် မသည် ကုသိုလ်ပါရမီကို ဆည်းပူးအားထုတ် ပြုလုပ်ခဲ့ဘူးပါ၏မြတ်စွာဘုရား။ မပြုကျင့်ထိုက်သော အရာတို့ကို ရှောင် ရှား၍ မကျင့်အပ်သော အနာစာရကို ပယ်ကြဉ်၍ အရှင် ဘုရား၏ အကျိုးငှါ တပည့်တော်မ၏ အသက်ကို စွန့်ဘူးပါ၏ မြတ်စွာဘုရား—

ဒသကောဋိ သဟဿာနိ၊ အဒါသိ မမ ဇီဝိတံ။
ပရိစ္စတ္တာစ မေ ဟောမိ၊ တဝတ္ထာယ မဟာမုနိ။
ရဟုလောစ အဟာဋ္ဌေဝ၊ နေကဇာတိသတေ ဗဟူ။
ဧကေသ္မိံ သမ္ဘဝေ ဇာတာ၊ သမာနဆန္ဒမာနသာ။
ပုဗ္ဗေဝစ ရဟုလောနာမ၊ ဓီတာ ဥပ္ပလသဝှယာ။
ပဿ ဝိရ မမ ဣဒ္ဓိံ၊ဗလံ ဒဿေမိ သတ္ထုနော။

ဒသကောဋိသဟဿာနိ၊ ဘဝပေါင်း ကုဋေတသောင်းတို့ ပတ်လုံး။ မမ၊ တပည့်တော်မ၏။ ဇီဝိတံ၊ အသက်ကို။ အဒါသိ၊ ပေးလှူခဲ့ဘူးပါ၏။ မဟာမုနိ၊ မြတ်စွာဘုရား။ တဝ၊ အရှင်ဘုရား၏။ အတ္ထာယ၊ အကျိုးငှါ။ မေ၊ တပည့်တော်မ၏။ ဇီဝိတံ၊ အသက်ကို။ ပရိစ္စတ္တာစ၊ စွန့်လှူခဲ့ဘူးသည်လည်း။ ဟောမိ၊ ဖြစ်ပါ၏။ ရာဟုလောစ၊ ရာဟုလာသည်ပင်း။ အပါဒ္ဒေဝ၊ တပည့်တော်မသည်ပင်း။ နေကဇာတိသတေဗဟူ၊ အရေမက များလှ စွာသော ဘဝတို့၌။ ဧကေသ္မိံ သမ္ဘဝေ၊ တပေါင်းတည်းဖြစ်၍။ သမာနုဆန္ဒမာနသာ၊ တူမျှသောဆန္ဒ တူမျှသော စိတ်သဘော ရှိကုန်သည်။ ဇာတာ၊ ဖြစ်ပါကုန်၏။ ပုတ္တောစ၊ သားတော်သည်ကား။ ရာဟုလောနာမ၊ ရာဟုလာအမည်ရှိပါ၏။ ဓီတာစ၊ သမီးတော်သည်ကား။ ဥပ္ပလသဝှယာ ဥပ္ပလဝဏ္ဏာ အမည်ရှိပါ၏။ ဝီရ၊ ကြီးသော လုံ့လရှိတော်မူသော မြတ်စွာဘုရား။ မမ၊ တပည့်တော်မ၏။ ဣဒ္ဓိံ၊ တန်ခိုးကို။ ပဿ၊ ကြည့်ရှုတော်မူပါ။ အဟံ၊ တပည့်တော်မသည်။ သတ္ထုနော။ မြတ်စွာဘုရားအား။ ဗလံ၊ တန်ခိုး အစွမ်းကို။ ဒဿေမိ၊ ပြပါအံ့။

ဥပ္ပလဝဏ္ဏာထေရီ ရဟန္တာမိန်းမသည် မြတ်စွာဘုရားအား ရှိခိုး၍ တန်းခိုးဘို့ကို အထူးထူး အပြားပြား ဆန်းကြယ်စွာ ပြသောအခါ၌ ပရိသတ် အပေါင်းဘို့သည် အလွန်အံ့ဩကြ၍ လက်အုပ်ကို ချီကြကုန်လျက် ဥပ္ပလဝဏ္ဏာထေရီ အမည်ရှိသော အရှင်မဘုရား အရှင်မသည် မြတ်စွာဘုရား၏ သမီးတော်ဖြစ်၍ ကြီးကျယ်သော တန်ခိုးတော်နှင့် ပြည့်စုံပါပေ၏။ ရှေးရှေးသော ဘဝတို့က အဘယ်သို့ ပါရမီကို ဖြည့်ခဲ့ပါသနည်း အရှင်မဘုရား။ တပည့်တော် တပည့်တော်မတို့ ကြားနာရအောင် ပါရမီအပဒါန် တရားတော်ကို ဟောကြားတော်မူပါ မြတ်စွာဘုရား၏ သမီးတော် အရှင်မဘုရား။ ဤသို့ ပရိသတ်အများ လျှောက်ကြား တောင်းပန်သော အခါ၌ ဥပ္ပလဝဏ္ဏာထေရီသည် အပဒါန်တရားတော်ကို ဟောတော်မူ၏။ တရားတော်နာ လာကြကုန်သော အရှင်မတို့....ဤကမ္ဘာမှ ပြန်၍ရေသည်ရှိသော် ကမ္ဘာ တသိန်းထက်၌ ပဒုမုတ္တရ မြတ်စွာဘုရား ပွင့်တော်မူ၏။ ထိုအခါ၌ တပည့်တော်မသည် မိန်းမ အပေါင်း တို့တွင် သူတော်ကောင်းမကလေး ဟူ၍ ခေါ်ကြသော နာဂကညာ နဂါးမိန်းမပျို ဖြစ်ပါ၏။ အမည်အားဖြင့်

ဓိမလာ အမည်ရှိပါ၏။ တပည့်တော်မ၏ အဘ နဂါးမင်းကြီးသည် မြတ်စွာဘုရား သာသနာတော်၌ ကြည်ညို၍ ရဟန်း သံဃာတော်နှင့် တကွ ပဒုမုတ္တရ မြတ်စွာဘုရားကို ပင့်ဘိတ်ပါ၏။ ရတနာမဏ္ဍပ်ကြီးကို ဖန်ဆင်း၍ ရတနာပလ္လင်တော်၌ ရတနာသဲတို့ဖြင့် ကြဲဖြန့်၍ ရတနာ အင်းပျဉ် ရတနာ အသုံးအဆောင် ရတနာတံခွန်တို့ဖြင့် တန်းဆာဆင် အပ်သော ရတနာစင်္ကြံလမ်းကို စီရင်၍ ကြွတော်မူလာသော တပည့် သံဃာတော် အပေါင်းနှင့် တကွ မြတ်စွာဘုရားကို ခရီးဦးကြိုလျက် တူရိယာတို့ဖြင့် အဘ နဂါးမင်းကြီးသည် ပူဇော်၏။ ပရိသတ်လေးပါး တို့ဖြင့် ခြံရံသော မြတ်စွာဘုရားသည် တပည့်တော်မ၏ အဘ နဂါး မင်းကြီး၏ဘုံဗိမာန်၌ မြတ်သော ရတနာပလ္လင် နေရာဝယ် တင့်တယ်စွာ ထိုင်နေတော်မူ၏။ မြတ်သော သူတို့သာလျှင် သုံးဆောင်ခြင်းငှါ ထိုက်သော ဝရာဝရ မြတ်သည်ထက် မြတ်ကုန်သော ဆွမ်း, အဖျော်, ခဲဘွယ်, ဘောဇဉ်တို့ကို တပည့်တော်မ၏ အဘ နဂါးမင်းကြီးသည် မြတ်စွာဘုရားအား ဆက်ကပ်၏။ မြတ်စွာဘုရားသည် သုံးဆောင်တော် မူပြီး၍ သပိတ်တော်ကို ဆေးပြီးလျှင် နဂါးတို့အား ဝမ်းမြောက် နှစ်သက်ဘွယ်သော အနုမောဒနာ တရားတော်ကို ဟောတော်မူ၏။ နဂါးမိန်းမပျို ကလေးသည် မြတ်စွာဘုရားကို ကြည့်ရှု ဖူးမျှော်လျက် မြတ်စွာဘုရားအား ကြည်ညိုသော စိတ်ရှိသည်ကိုဝင်း နှောင်ဖွဲ့သော စိတ်ရှိသည်ကိုဝင်း သိတော်မူ၍ ထိုခဏ၌ ပဒုမုတ္တရမြတ်စွာဘုရားသည် တန်းခိုးကြီးသော ဘိက္ခုနီမကို ပြတော်မူ၏။ ထိုဘိက္ခုနီမသည် ထို ခဏ၌ များစွာသော တန်ခိုးတို့ကိုပြတော်မူ၏။ ထိုအခါ၌ နဂါးမိန်းမပျို ကလေးဖြစ်သော တပည့်တော်မသည် ဝမ်းမြောက် နှစ်သက်ခြင်း ရှိသည်ဖြစ်၍ မြတ်စွာဘုရားကို ဤသို့ လျှောက်၏။ ကြီးသော လုံ့လ ရှိတော်မူသော မြတ်စွာဘုရား ဤဘိက္ခုနီမ ပြသောတန်းခိုးကို တပည့် တော်မ မြင်ရပါပြီ။ တန်းခိုးပြသော ဘိက္ခုနီမသည် အရှင်ဘုရားနှင့် အဘယ်သို့ တော်ပါသနည်း။ ဤသို့ လျှောက်ကြားသောအခါ ဤတန်းခိုး ပြသော ဘိက္ခုနီမသည် ငါဘုရား၏ သွီးတော်ဖြစ်၏။ ငါဘုရား ဆုံးမ တော်မူတိုင်း ကျင့်ဘတ်သော ဘိက္ခုနီမဖြစ်၏။

ဤသို့ မိန့်တော်မူသောအခါ၌ တပည့်တော်မသည် ဤသို့ အကြံ ဖြစ်ပါ၏။ ငါသည်လည်း ဤကဲ့သို့ တန်းခိုးကြီးသော ဘိက္ခုနီမ ဖြစ်ပါ

မှုကား တော်လေစွဘ့ဟူ၍ အကြံဖြစ်ပြီးလျှင် တပည့်တော်မသည်လည်း နောင်အခါ၌ ဤကဲ့သို့ တန်ခိုးကြီးသော ဘုရားသွီးတော် ဖြစ်ရပါလို၏ မြတ်စွာဘုရားဟူ၍ ဆုတောင်းပြီးလျှင် ပတ္တမြားဖြင့် ပြီးသော ပလ္လင် ကိုရင်း ရတနာတို့ဖြင့် ပြောင်ပြောင်လက်လက် ဖြိုးဖြိုးဖြက် ဖိတ်ဖိတ် တောက်သော မဏ္ဍပ်ကြီးကိုရင်း ရဟန်းသံဃာတော်နှင့်တကွ မြတ်စွာ ဘုရားကို ပူဇော်လှူဒါန်း၍ နဂါးပြည်၌ ဖြစ်သော အရဏမည်သော ဥပ္ပလကြာပန်းဖြင့် ပူဇော်၍ ဤကြာပန်းအဆင်းကဲ့သို့ တပည့်တော်မ၏ အဆင်းသည် ဖြစ်ပါစေသတည်းဟူ၍ ဆုတောင်းခြင်းကိုပြု၏။ ထို ကုသိုလ်ကံဖြင့် နဂါးပြည်မှစုတေ၍ တာဝတိံသာ၌ နတ်သွီးဖြစ်ရပါ၏။ ထိုနတ်ပြည်မှ စုတေ၍ လူ့ပြည်၌ ဖြစ်ပြီးလျှင် ပွင့်တော်မူသော ပစ္စေက ဗုဒ္ဓါအား ကြာပန်းတို့ဖြင့် ဖုံးလွှမ်းလျက် ဆွမ်းလှူဘူးပါ၏။ ထိုနောက် ကိုးဆဲ့တကမ္ဘာထက်၌ ဝိပဿီမြတ်စွာဘုရား ပွင့်တော်မူသော အခါ၌ ဗာရာဏသီပြည်ဝယ် သူဌေးသွီးဖြစ်၍ သံဃာတော်နှင့် တကွသော ဝိပဿီ မြတ်စွာဘုရားကို ပင့်ဘိတ် ဆွမ်းလုပ်ကျွေးလျက် ကြီးစွာသော အသူကြီးကိုလှူ၍ ကြာပန်းတို့ဖြင့် ပူဇော်၍ ဤကြာပန်းကဲ့သို့ အဆင်းလှ စေသတည်းဟူ၍ ဆုတောင်းပါ၏။ ထိုနောက် ဤဘဒ္ဒကမ္ဘာအတွင်း၌ ကဿပ မြတ်စွာဘုရား ပွင့်တော်မူ၏။ ထိုအခါ၌ မြတ်စွာဘုရား၏ အလုပ်အကျွေး ပစ္စည်းလေးပါး ဒါယကာဖြစ်သော ဗာရာဏသီပြည့်ရှင် ကိကီမင်းကြီး၏ သွီးတော်ခုနစ်ယောက်တို့တွင် သမဏဂုတ္တာအမည် ရှိသော ဒုတိယ သွီးတော်ဖြစ်၍ တရားတော်ကိုနာ၍ ရဟန်းမိန်းမ ပြုလုပ်ရန် ခွင့်တောင်းပါသော်လည်း အဘခမည်းတော် ကိကီမင်းကြီး က အခွင့်မပေးသဖြင့် နန်းတော်၌ပင်လျှင် ကုမာရီဗြဟ္မစာရီ သီလကို ကျင့်သုံး၍ ပျော်မွေ့စွာနေပါ၏။

> ကောမာရိဗြဟ္မစရိယံ၊ ရာဇကညာ သုခေဓိတာ။
> ဗုဒ္ဓေါပဋ္ဌာနနိယတာ၊ မုဒိတာ သတ္တဓိတရော။

အယျာယော၊ တရားဘော်နာ လာကြကုန်သော ဘိက္ခုနီအရှင်မတို့။ ကောမာရိဗြဟ္မစရိယံ၊ ကုမာရီခင် အပျိုစင်တို့ ဖြူစင်မြတ်လှ ဗြဟ္မ စာရီ ကျင့်ဝတ်သီကို။ အစရိမှာ၊ကျင့်ကြပါကုန်၏။ ရာဇကညာ၊ ပျိုစင် မင်းသွီး ရှမငြီးတို့သည်။ သုခေဓိတာ၊ ချမ်းချမ်းသာသာ နေကြကုန်

လျက်။ ဗုဒ္ဓေါပဋ္ဌာနနိယာဘာ၊ မြတ်စွာဘုရားကို အမြဲ လုပ်ကျွေးကြကုန်လျက်။ မုဒိတာ၊ ဝမ်းမြောက်စွာ နေကြကုန်သော။ သတ္တမိတာရော၊ သွီးတော်ခုနစ်ယောက် ရှိကြကုန်၏။

သွီးခုနစ်ယောက်တို့ အမည်ကား သမဏီ, သမဏာဂုတ္တာ, ဘိက္ခုနီ ဘိက္ခုဒါယိကာ, ဓမ္မာ, သုဓမ္မာ, သံဃဒါယိကာ, ဤသို့ခုနစ်ယောက်တို့ ဖြစ်ကုန်၏။ခေမာ, ဥပ္ပလဝဏ္ဏာ, ပဋာစာရီ, ကုဏ္ဍလကေသာ, ကိသဂေါတမီ, ဓမ္မဒိန္နာ, ဝိသာခါ, ယခုဘုရားလက်ထက်၌ အစဉ်အတိုင်းဖြစ်ကြကုန်၏။ ထိုသွီးခုနစ်ယောက်တို့သည်ထိုကုသိုလ်ဖြင့် စုတေ၍ တာဝတိံသာ၌ ဖြစ်ကြကုန်၏။ ထိုခုနစ်ယောက်တို့တွင် ဥပ္ပလဝဏ္ဏာထေရီ အလောင်းသည် တာဝတိံသာမှစုတေ၍လူ့ပြည်တွင်မြတ်သော အမျိုး သွီး ဖြစ်လာ၏။ ထိုအကြောင်းကို ပြလို၍ ဤဂါထာကို ဟောတော်မူ၏။

> တတော စုတာ မနုဿေသု၊ ဥပပန္နာ မဟာကုလေ။
> ပီတံ မဋ္ဌံ ဝရံ ဒုဿံ၊ အဒဒံ အရဟတော အဟံ။
>
> အပဒါန် ပါဠိတော်-၃၇၃။ ထေရီဂါထာအဋ္ဌကထာ။

[အချို့ပါဠိ၌ ပီတံမဋ္ဌံဝရံဒုဿံ၊ သယမ္ဘုဿ အဒါသဟံ ရှိ၏]။

တတော၊ ထိုတာဝတိံသာ နတ်ပြည်မှ။ စုတာ၊ စုတေ၍ လာသော ဥပ္ပလဝဏ္ဏာ ထေရီငါသည်။ မနုဿေသု၊ လူတို့ပြည်၌။ မဟာကုလေ။ မြတ်သောအမျိုး၌။ ဥပပန္နာ၊ဖြစ်လာ၏။ တဒါ၊ ထိုအမျိုးကောင်းသွီး ဖြစ်သောဘဝ၌။ပီတံ၊ရွှေသောအဆင်းရှိသော။မဋ္ဌံ၊ချောညက်စွာသော။ ဝရံ၊ချောညက်နူးညံ့ မွန်မြတ်လှစွာသော။ဒုဿံ၊ဝတ်ပန်းပုဆိုးကို။အဟံ၊ ဥပ္ပလဝဏ္ဏာ ထေရီငါသည်။အရဟတော၊ ရဟန္တာပုဂ္ဂိုလ်အား။ အဒဒံ၊ လှူဘူးလေပြီ။ [ဝါ၊ တနည်းကား။ သယမ္ဘုဿ၊ ပစ္စေကဗုဒ္ဓါအား။ အဒါသိံ၊ လှူဘူးလေပြီ]။

ဥပ္ပလဝဏ္ဏာထေရီသည် ကဿပမြတ်စွာဘုရားသက်တော် ထင်ရှား ရှိတော်မူစဉ် ကိကီမင်းကြီးသွီး သမဏာဂုတ္တာဖြစ်၍ ကုမာရီဗြဟ္မစာရီ မိန်းမပျိုတို့ကျင့်သုံးသော အကျင့်မြတ်ကို ကျင့်သုံးလျက် တသက် ပတ်လုံး မြတ်စွာဘုရားနှင့်တကွ ရဟန်းသံဃာတော်တို့အား ညီမတော် ခုနစ်ယောက်နှင့်တကွ လုပ်ကျွေးပူဇော် ကိုးကွယ်ရာမှ စုတေ၍ တာဝ

တိံသာ၌ နှတ်သွီးဖြစ်ပြီးမှ တဖန်စုတေပြန်၍ ဖြတ်သော အမျိုးသွီး ဖြစ်သောအခါ [ကဿပမြတ်စွာဘုရား သာသနာတော် မကွယ်သေးမီ ဖြစ်၍ ရဟန္တာတပါးကို ဝတ်ပန်းပုဆိုး လှူကြောင်းနှင့် အချုပ်ပါဠိ ရှိ၏။ အချုပ်ပါဠိ၌ကား ပဒွေကဗုဒ္ဓါအား လှူကြောင်းရှိ၏။ ပစ္စေကဗုဒ္ဓါကို လှူလျှင် ကဿပမြတ်စွာဘုရား သာသနာတော်အတွင်းမှာ မဟုတ်နိုင်]။ ထိုဝတ်ပန်းပုဆိုးကို လှူပြီးလျှင် နောင်အခါဖြစ်လေရာဘဝ၌ ဤဝတ်ပန်းပုဆိုးကိုလှူရသောကုသိုလ်ကြောင့် ယောကျ်ားတကာမြင်လာသမျှ ဥမ္မတ္တဖြစ်၍ ရူးမူးသည်ဖြစ်ပါစေသောဟုဆုတောင်း၏။ထိုဆုတောင်းဖြင့် ဤဘဝမှ စုတေသော် အရိဋ္ဌပုရမြို့၌ တိရိတိဝစ္ဆ သူဌေးကြီး သွီး ဥမ္မာဒန္တီဖြစ်လာ၏။ ထိုအကြောင်းကို ပြလို၍ ဤဂါထာကို ဟောတော်မူ၏။

တတော စုတာ အရိဋ္ဌပုရေ၊ ဇာတာ ဝိပ္ပကုလေ အဟံ။
ဓီတာ တိရိတိဝစ္ဆဿ၊ ဥမ္မာဒန္တီ မနောဟရာ။

အယျာယော၊ တရားတော်ကို နာကြကုန်သော အရှင်မတို့။ အဟံ၊ ဥပ္ပလဝဏ္ဏာ ထေရီငါသည်။တတော၊ထိုဝတ်ပန်းပုဆိုး လှူသောဘဝမှ။ စုတာ၊ စုတေသည်ရှိသော်။ အရိဋ္ဌပုရေ၊ အရိဋ္ဌပုရမြို့၌။ ဝိပ္ပကုလေ၊ ကြွယ်ဝချမ်းသာ ဥစ္စာစည်းစိမ် ဂုဏ်သိမ်ကြီးလတ် အမျိုးမြတ်၌။ ဇာတာ၊ ဖြစ်ရ၏။ တိရိတိဝစ္ဆဿ၊တိရိတိဝစ္ဆ အမည်ရှိသော သူဌေး ကြီး၏။ဓီတာ၊ သွီးတော် ဖြစ်၍။ မနောဟရာ၊ မြင်လာသမျှသော ယောကျ်ားတို့၏ စိတ်ကို ယူဆောင်လျက်။ ဥမ္မာဒန္တီ၊ မြင်သူအများ လူယောကျ်ားတို့ တိမ်းပါးခွေယိုင် မူးမိုင်ချာလည် ဆောက်တည်မရ ရူးသွပ်ကြ၍ အနွတ္ထသည်သာ ခေါ်ကြပါ၍ ဥမ္မာဒန္တီ အမည်ရှိသည်။ ဟောမိ၊ ဖြစ်ပါ၏။

[ဥမ္မာဒန္တီဇာတ်ကိုအကျယ် ထုတ်ဘော်၍ ဟောပြောကြကုန်]။

ထိုဥမ္မာဒန္တီဘဝမှ စုတေပြန်သော် တခုသောဇနပုဒ်ရွာငယ်၌ အလွန်လည်းမချမ်းသာ အလွန်လည်း မဆင်းရဲသော အမျိုးသွီးဖြစ်၍ အရွယ်သို့ ရောက်သော် သလေးစပါးခင်းကို စောင့်ရ၏။ ထိုအကြောင်းကို ဤသို့ ဟောတော်မူ၏။

တတော စုတာ ဇနပဒေ၊ ကုလေ အညတရေ အဟံ။
ပသုတာ နာတိဖီတမှိ၊ သာလိံ ဂေါပေ မဟံ တဒါ။

အယျာယော၊ အရှင်မတို့။ တတော၊ ထိုဘဝမှ၊ စုတာ၊ စုတေ ပြန်သော်။ ဇနပဒေ၊ ဇနပုဒ်၌။ အညတရေ၊ မထင်ရှားသော။ နာတိ ဗိတမှိ၊ အလွန် ကြွယ်ဝ ချမ်းသာခြင်း မရှိသော။ ကုလေ၊ လယ်လုပ် အမျိုး၌။ ပသုတာ၊ ဖြစ်ရ၏။ တဒါ၊ ထိုအခါ၌။ အဟံ၊ ဥပ္ပလဝဏ္ဏာ ထေရီငါသည်။ သာလိံ၊ သလေးစပါးခင်းကို။ ဂေါပေမိ၊ စောင့်ရှောက် ရ၏။

ထိုသလေး စပါးခင်းကို စောင့်ရသော အမျိုးသမီးသည် တနေ့သ၌ လယ်သို့သွားသောအခါ လမ်းခရီးအကြား၌ တခုသော ကြာအိုင်ဝယ် ပွင့်၍နေသော ကြာပန်းတို့ကို ချိုးယူခဲ့၍ လယ်ကံသင်း၌မီးဖိုကိုပြုလုပ်၍ သလေးစပါးနှံတို့ကို ပေါက်ပေါက်လှော်၍ ထိုပေါက်ပေါက်ငါးရာကို ကြာရွက်တို့ဖြင့် ထည့်၍ထား၏။ ထိုခဏ၌ ဂန္ဓမာဒနတောင်မှ ပစ္စေကဗုဒ္ဓါအရှင်မြတ်တပါးသည်နိရောဓသမာပတ်မှထတော်မူ၍ ကြွလာတော် မူပြီးလျှင် ထိုအမျိုးသမီးအားချီးမြှောက်ခြင်းငှါမနီးမဝေး၌ရပ်တော်မူ၏။ အမျိုးသမီးသည် ထိုပေါက်ပေါက်ပွင့် ငါးရာတို့နှင့်တကွ ကြာပန်းတို့ကို ယူ၍လယ်စောင့်သော တဲအိုကလေးအတွင်းမှဆင်းလာပြီးလျှင် ပစ္စေက ဗုဒ္ဓါ အရှင်မြတ်၏ သပိတ်ထည်းသို့ လောင်းထည့်၍ ကြာပန်းတို့ဖြင့် သပိတ်ကို ဖုံးအုပ်လျက်ကပ်လှူ၏။ ပစ္စေကဗုဒ္ဓါအရှင်မြတ် အနည်းငယ်မျှ ကြွတော်မူသောအခါ ဤသို့ အကြံဖြစ်ပြန်၏။ရဟန်းတို့အား ကြာပန်းကို အသုံးမဝင်သဖြင့် အလိုမရှိတန်ရာ ငါသည် ဤကြာပန်းကို ပန်တော့ အံ့ဟု နောက်မှ အမှီလိုက်၍ သပိတ်တော်၌ ဖုံးထားသော ကြာပန်းကို ပြန်ယူပြီးမှ ဤသို့ ကြံပြန်၏၊ အကယ်၍ အရှင်မြတ်သည် ကြာပန်းကို အလိုမရှိငြားအံ့ အလှူမခံပေရာဟု အောက်မေ့၍ ပစ္စေကဗုဒ္ဓါ၏ သပိတ် ပေါ်သို့ တဖန်တင်လှူပြီးလျှင် ပြန်ယူမိသော အပြစ်ကို တောင်းပန် ကန်တော့၍ ဤသို့ ဆုတောင်းလေ၏။

အရှင်မြတ်ဘုရား ကပည့်တော်မသည် ဤပေါက်ပေါက်ပွင့် ငါးရာ တို့ကိုလှူရသော ကုသိုလ်ကြောင့်ဤပေါက်ပေါက်ပွင့် အရေအတွက်နှင့် အမျှ သားကောင်းငါးရာကို ရပါစေသော ဤကြာပန်းကို လှူရသော ကုသိုလ်ကြောင့် ဖြစ်လေရာဘဝ၌ ခြေလှမ်းတိုင်းခြေလှမ်းတိုင်း ပဒုမာ ကြာပွင့်သည် မြေမှပေါက်၍ ခံလာပါစေသော ဤသို့ ဆုတောင်းခြင်းကို ပြု၏။ ထိုခဏ၌ သားမှုဆိုး ငါးရာတို့သည်လည်းရောက်လာ၍ ထိုအမျိုး

သွီးကလေး ဆုတောင်းသည်ကို ကြားလျှင် ချိုမြိန် ကောင်းမြတ်လှသော အမဲသားဟင်းကို လှူကြ၍ တပည့်တော် တို့သည် ဤ မိန်းမပျို၏ သားတော်ငါးရာ ဖြစ်ရပါစေသောဟု ဆုတောင်းကြကုန်၏။

[တသ္သံ ယေဝ ခဏေ ပဉ္စသတာ မိဂလုဒ္ဒကာ မဓုရမံသံ ဒတွာ ဧတိဿာ ပုတ္တာ ဘဝေယျာမာတိ ပတ္ထယိံသု။ ဥပရိပဏ္ဏာသ ဋ္ဌကထာ ဂါလိသုတ် အဋ္ဌကထာ ၇၈။ ။အနက်လွယ်၏။ထေရီဂါထာအဋ္ဌကထာ၌ မှုဆိုးများမရှိ]။

ထိုသလေးစပါးခင်းစောင့်ရသော အမျိုးသွီးဘဝမှ ရတေပြီးနောက် ပဒုမ္မာကြာအိုင်ဝယ် ပဒုမ္မာပွင့်အတွင်း၌ သံသေဒဇ ပဋိသန္ဓေဖြင့် ဖြစ်၍ ပဒုမဝတီ မင်းသွီးဖြစ်လာ၏။ ထိုအကြောင်းကို ပြတော် မူလိုသော ဉပ္ပလဝဏ္ဏာ ထေရီ ရဟန္တာ အရှင်မသည် ဤဂါထာတို့ကို ဟောတော် မူသတည်း။

ဒိသွာ ပစ္စေကသမ္ဗုဒ္ဓံ၊ ပဉ္စလာဇာသတာနိ ဟံ။
ဒတွာ ပဒုမဆန္နာနိ၊ ပဉ္စပုတ္တသတာနိ ဟံ။
ပတ္ထယိံ တေပိ ပတ္တေသုံ၊ မဓုံ ဒတွာ သယမ္ဘုနော။
တတော စုတာ အရညေ ဟံ၊ အဇာယိံ ပဒုမောဒရေ။

အယျာယော၊ တရားတော်နာ ရောက်လာ ကြကုန်သော ဘိက္ခုနီ အရှင်မတို့။ ပစ္စေကသမ္ဗုဒ္ဓံ၊ ပစ္စေကဗုဒ္ဓါ အရှင်မြတ်ကို။ ဒိသွာ၊ မြင်ရ၍။ အဟံ။ ဉပ္ပလဝဏ္ဏာ ထေရီငါသည်။ ပဒုမဆန္နာနိ၊ ပဒုမ္မာကြာပွင့်ဖြင့် ဖုံးလွှမ်းကုန်သော။ ပဉ္စလာဇာသတာနိ၊ ပေါက်ပေါက်ပွင့် ငါးရာတို့ကို။ ဒတွာ၊ လှူပြီး၍။ ပဉ္စပုတ္တသတာနိ၊သားငါးရာတို့ကို။ အဟံ၊ငါသည်။ ပတ္ထယိံ၊ ရပါစေကြောင်း ဆုတောင်းဘူးလေပြီ။ တေပိ၊ ထိုခဏ၌ ရောက်လာကုန်သော တောမုဆိုးငါးရာတို့သည်လည်း။ သယမ္ဘုနော၊ ပစ္စေကဗုဒ္ဓါ အရှင်မြတ်အား။ မဓုံ၊ ချိုမြိန်ကောင်းမြတ်သော အမဲသား ဟင်းကို။ ဒတွာ ကပ်လှူကြ၍။ ပတ္တေသုံ၊ သားတော်ငါးရာ ဖြစ်ပါ စေကြောင်း ဆုတောင်းကြ လေကုန်၏။ တတော၊ထိုဘဝမှ။ စုတာ၊ စုတေပြန်သည်ရှိသော်။ အဟံ၊ဉပ္ပလဝဏ္ဏာ ထေရီငါသည်။ အရညေ၊ လူသူမနီး တောမြိုင်ကြီး၌။ ပဒုမောဒရေ၊ မွှေးနံ့လှိုင်စွာ ပဒုမ္မာအိုင် ပန်းကြာခိုင်၌။ အဇာယိံ၊ပဒုမဝတီ နာမည်ထင်ပေါ် သားတော်ငါးရာ ပစ္စေကာတို့ မာတာမိခင် ဂုဏ်အင်အထူး ဖြစ်ခဲ့ဘူးလေပြီ။

သားတော်ငါးရာ အမိဖြစ်သော ပဒုမဝတီ ဝတ္ထု

သလေးခင်းစောင့် အမျိုးသို့ဘဝ၌ ပေါက်ပေါက်ပွင့် ငါးရာနှင့် ကြာပန်းတို့ကိုလှူ၍ ဆုတောင်းသော ကံအားလျော်စွာ ပဒုမ္မာကြာအိုင်၌ သံသေဒဇ ပဋိသန္ဓေ နေသောအခါ ထိုပဒုမ္မာအိုင်အနီး သင်ခမ်း ကျောင်း၌ နေသော ရသေ့တဦးသည် နံနက်အခါ မျက်နှာသစ်ရန် ကြာအိုင်သို့ သွားသည် ရှိသော် ထိုကြာငုံကြီးကို မြင်သောအခါ ဤကြာငုံကြီးသည် ကြွင်းသော ကြာငုံဖူးတို့ထက်ကြီး၏။ တပါးသော ကြာငုံဖူးတို့ ပွင့်ကြကုန်သော်လည်း မပွင့်ဘဲ ငုံ၍သာနေ၏။ အဘယ့် ကြောင့် မပွင့်ဘဲ နေပါလိမ့်မည်နည်းဟု စုံစမ်းခြင်းငှါ ရေအိုင်သို့ ဆင်း၍ ကြာဖူးကြီးကိုကိုင်၏။ ကိုင်ကာမျှဖြင့် ပွင့်၍လာ၏။ ထိုအခါ ပဒုမ္မာကြာပွင့် အတွင်း၌ လျောင်းနေသော သူငယ်မကို မြင်၍ သမီးဟူ သော ချစ်ခြင်းသည် ဖြစ်လာ၍ ပဒုမ္မာကြာပွင့်နှင့်တကွ ယူဆောင်၍ သစ်ရွက်မိုးသော သင်ခမ်းကျောင်းအတွင်း ခင်းထားသော ညောင် စောင်းထက်၌ ကောင်းမွန်စွာ သိပ်၍ထား၏။ ထိုအခါ၌ ထိုသူငယ်မ၏ ရှေးကောင်းမှု အစွမ်းအားဖြင့် လက်မ၌ နို့ရည် ယိုလာ၏။

အထဿာ ပုညာနုဘာဝေန အင်္ဂုဋ္ဌကေ ခီရံ နိဗ္ဗတ္တိ။

ထေရီဂါထာ အဋ္ဌကထာ-ဗ်ချပ်

အထ၊ထိုညောင်းစောင်းထက်ဝယ် သိပ်ထားသောအခါ၌။ အဿာ၊ ထိုသူငယ်မ၏။ ပုညာနုဘာဝေန၊ရှေးကောင်းမှု၏ အစွမ်းအားဖြင့်။ အင်္ဂုဋ္ဌကေ၊လက်မ၌။ခီရံ၊နို့ရည်သည်။နိဗ္ဗတ္တိ၊သောက်စို့စရာ ဖြစ်ပေါ်လာ၏။

[ကောင်းမှုကံ၏ အကျိုးပေးပုံသည် အလွန်ထူးဆန်း အံ့ဩဘွယ် ရှိလှ၏။သတ္တဝါတို့၏ ဓမ္မတာသဘောအားဖြင့် မိန်းမတို့၏နို့မှသာလျှင် နို့ရည်ထွက်မြဲ ဖြစ်ပါလျက် လက်မမှ နို့ရည်ထွက်ခြင်းသည် အလွန် အံ့ဩဘွယ်ရှိသည်။ လက်မမှ နို့ရည်ထွက်သည်ကို မြင်ဘူးကြကုန်၏ လောဟု မေးလျှင် မြင်ဘူးသည်ဟု ပြောဆိုသောသူကို တစုံတယောက် မျှ တွေ့ဘူးမည်မဟုတ်။ မြင်ဘူးသူလည်း တစုံတယောက်မျှ ရှိမည် မဟုတ်။ သို့သော်လည်း မချယုံကြည်ထိုက်၏။ ကမ္မဝိပါကော အစိန္တေ့ ယျော-ကံ၏ အကျိုးသည် ကြံစည် တွေးတောခြင်းငှါ မတတ်နိုင်။ ကောင်းမှုကံ အကျိုးပေးလျှင် ကောင်းသော အကျိုးသည် အလိုလို

ဖြစ်ပေါ်လာရသည်။ မကောင်းမှုကံသည် မကောင်းသော အကျိုးကို အလိုလို ဖြစ်စေနိုင်သည်။ ထို့ကြောင့် ကောင်းကျိုးကို အလိုရှိလျှင် ကောင်းမှုကံကို ပြုရာ၏။မကောင်းကျိုးကို ကြောက်ကြလျှင် မကောင်းမှုကံကို လွတ်ကင်းအောင် ရှောင်ကုန်ရာသည်။

ထိုရသေ့သည်လည်း ရှေးဦးစွာ ယူလာသော ကြာပွင့် ညှိုးနွမ်းလျှင် အသစ်သော ကြာပွင့်ကို ခူးယူ၍ သူငယ်မကို ကြာပွင့်ဖြင့် ခင်း၍ သိပ်ထား၏။ ထိုသူငယ်မ သွားလာနိုင်၍ မြေသို့နင်းသွား ကစားမြူးတူးသော အခါ၌စ၍ ဘဝါးလှမ်းတိုင်း လှမ်းတိုင်း ပဒုမ္မာ ကြာပွင့်သည် မြေမှ အလိုလို ပေါက်လာ၍ ခံ၏။ ကုက်မံဝတ်မှုံ့ အဆင်းကဲ့သို့ ထိုသူငယ်မ၏ကိုယ်အဆင်းသည် လူမဗို နတ်မမျှ အလွန်လှပတင့်တယ်၏။ ကြာပွင့်မှ မွေးဖွား၍ ဘဝါးလှမ်းတိုင်း ကြာပွင့် ခံလာသလရကား အနွယ်သညာအားဖြင့် ပဒုမဝတီဟူသော အမည်ကို မှည့်ခေါ်၏။ ထို ပဒုမဝတီမည်သောသူငယ်မသည် အဘရသေ့ကြီး သစ်သီးရှာတောသို့ ဝင်သောအခါ တယောက်ထည်းသာလျှင် သင်ခမ်းကျောင်း၌ ကျန်နေရစ်၏။ တနေ့သ၌ ရသေ့ကြီး သစ်သီးရှာသွားခိုက် တော၌ လှည့်လည်သော မုဆိုးတယောက်သည် အရွယ်ရောက်သော ထိုပဒုမဝတီ သူငယ်မကိုမြင်၍ ဤကဲ့သို့သောသူသည် လူ့ပြည်၌ ရှိမည်မဟုတ်၊ လူဟုတ်မည် မထင်၊ အလွန်လျှင် ထူးဆန်း အံ့ဩဘွယ် တင့်တယ်လှချေ၏ တကား။ နတ်သွီးလော လူသွီးလော တွေးတော ကြံစည်လျက် အကြောင်းကို သိအောင် စုံစမ်းအံ့ဟု ရသေ့ကြီး ပြန်လာသောအခါကို ကြည့်မျှော်စောင့်ဆိုင်းကာနေ၏။

ထိုပဒုမဝတီသည်လည်း အဘရသေ့ကြီး ပြန်လာသောအခါ ခရီးဦးကြို၍ ထမ်းပိုး ကယား သစ်သီး ခြင်းတောင်း စသည်တို့ကို ယူ၍ အဘရသေ့ကြီးအား ခြေသုတ်ခြင်း နေရာခင်းခြင်း အစရှိသော ဝတ်ကြီးဝတ်ငယ်တို့ကို ပြုလုပ်၏။ ထိုအခါ၌ တောမုဆိုးသည် လူသွီးစင်စစ်ကေန်ဖြစ်၏ဟု သိ၍ ရသေ့ကြီးကို ရှိခိုး၍ ထိုင်နေ၏။ ရသေ့ကြီးသည်လည်း ထိုမုဆိုးကို သောက်ရေဖြင့်ရင်း သစ်သီး ကြီးငယ်ဖြင့်ရင်း ဘိတ်ကြား၍ စားစေ သောက်စေ၏။ ထိုနောက်မှ အချင်းမုဆိုး- သင်သည် ဤတောအရပ်၌ပင် နေမည်လော လူတို့နေရာ မြို့ရွာသို့ ပြန်သွားဦးမည်လောဟု မေးလျှင် ပြန်သွား ရပါမည် အရှင်ဘုရား။

ဤနေရာတောအရပ်၌ မနေနိုင်ပါဟုပြောကြား၏။ အချင်းမူဆိုး သင်သည်
လူတို့နေရာ မြို့ရွာသို့ ရောက်သောကာလ ငါ့သွီး၏ အကြောင်းအရာကို
တစုံတယောက်သော သူကိုမျှ မပြောကြားဘဲ နေနိုင်ပါမည်လောဟု
မေးလျှင် အရှင်ဘုရား အလိုမရှိက မပြောကြားဘဲ နေခြင်းငှါ အဘယ့်
ကြောင့် မတတ်နိုင်ဘဲ ရှိပါမည်နည်း အရှင်ဘုရားဟု လျှောက်ကြား
ပြီး၍ ပြန်လာသော မူဆိုးသည် လမ်းကိုမှတ်မိစေရန် သစ်ခက်အ
မှတ် သစ်ပင်အမှတ်တို့ကိုပြုလျက် ဗာရာဏသီပြည်သို့ရောက်လျှင် ပြည့်
ရှင်မင်းထံသို့သွား၍ ထိုအကြောင်းကို ဤသို့ပြောကြား၏။ အရှင်မင်း
မြတ် ကရုသောတောင်ခြေ၌ အံ့ဩဘွယ်ရှိသော မိန်းမရတနာကို မြင်
ခဲ့ရပါကြောင်းနှင့် ပြောကြားလျှင် ပြည့်ရှင်မင်းသည်လည်း လျင်မြန်
စွာ စစ်သည်ဗိုလ်ထုခြံရံလျက် ထိုမူဆိုးကိုပင် လမ်းညွှန်ပြု၍ တောင်
ခြေသို့ရောက်အောင် သွားပြီးလျှင် သစ်တပ်တဲနန်းဖြင့် တပ်စခန်းချ
၍ ထိုတပ်စခန်းမှ မူဆိုးနှင့်တကွ အမတ်တို့ခြံရံလျက် အရှင်ရသေ့
ဆွမ်းစားခြင်းကိစ္စပြီးသောအချိန်၌ သွား၍ ရှိခိုးဦးတင်ကာ ပဋိသန္ထာ
ရစကား လျှောက်ကြားပြောဆို၍ သင့်တင့်သောနေရာ၌ ထိုင်နေ
လျက် ရသေ့ရဟန်းတို့နှင့် သင့်လျော်သော ပရိက္ခရာပစ္စည်းတို့ကို
အရှင်ရသေ့၏ ခြေရင်း၌ချထား၍ အရှင်ဘုရားအထံတော်၌ ရသေ့
ရဟန်းတို့နှင့် မသင့်လျော်သော ဝိသဘာဂဝတ္ထုရှိသည်ကို ကြားသိ
ရသဖြင့် တပည့်တော်လာပါသည်။ တပည့်တော်အား ဆောင်နှင်း
တော်မူပါဟု လျှောက်တောင်းလျှင် ပြည့်ရှင်မင်းမြတ် လူတို့မည်သည်
ကား ဖျက်ဆီးတတ်သော သဘောရှိ၏။ ငါ့သွီးမှာ ဆွေမျိုးဉာတိ
မိဘစသည် တစုံတယောက်မျှ ရှိသည်မဟုတ်။ သင်မင်းမြတ်၏ နန်း
တော်ဝယ် များစွာသောမောင်းမမိဿံခြွေရံပရိသတ်တို့အလယ်၌ သိမ်
ငယ်နုပ်ဖွဲ့ တယောက်ထည်း နေခြင်းငှာ အဘယ်သို့ ငါ့သွီးနေနိုင်မည်
နည်းဟုရသေ့ဆိုလျှင် အရှင်ဘုရား စိုးရိမ်တော်မမူပါလင့် အရှင်ဘုရား
၏ သွီးတော်ကိုအလုံးစုံသော မိဖုယားမောင်းမမိဿံတို့၏ အကြီးအမှူး
အဂ္ဂမဟေသီ မိဘုရားကြီးအရာ၌ထား၍ တပည့်တော်ချီးမြှောက် စောင့်
ရှောက်ပါမည်ဟု ဝန်ခံလျှောက်ကြားသောအခါ ငယ်စဉ်ကမှည့်ခေါ်
သောအမည်အားဖြင့် ချစ်သွီးပဒုမဝတီဟု အဘရသေ့ကြီးကခေါ်လျှင်
တခွန်းသောစကားဖြင့်ပင်လျှင် သင်ခမ်းကျောင်းငယ်အတွင်းမှ ထွက်

လာ၍ အဘရသေ့ကြီးအား ရှိသေစွာရှိခိုးလျက် အနီး၌ ထိုင်နေ၏။ ချစ်သမီးပဒုမဝတီ ချစ်သမီးသည် သီးချိန်ပွင့်ချိန် အရွယ်ရောက်က သီးပွင့်ရမြဲဓမ္မတာအားဖြင့် အချိန်ကာလ အရွယ်ရောက်ပြီ ဖြစ်သောကြောင့် ဤတောကြီးထဲ၌ နေခြင်းငှာ ချမ်းသာဘွယ်မရှိ စည်းစိမ်ချမ်းသာ ကောင်းစွာအသင့် ခံစားခွင့်ရှိသော ဘုန်းကံပါရမီ ရှိသူမှာ စည်းစိမ် ရတနာဆိုက်ရောက်လာမြဲဖြစ်သည့်အတိုင်း ငါ့သမီးမှာ လူသူမနီးတော မြိုင်ကြီး၌ တကိုယ်ထည်းသာ နေထိုင်ရာသို့ ချမ်းသာစည်းစိမ် ရိပ်ငြိမ်ပျော်ပါး စံစားဘို့ရာ ဆိုက်ရောက်လာ၏။ ငါ့သမီးသည် ပြည့်ရှင်မင်း မြတ်၏ အဂ္ဂမဟေသီ မိဘုရားကြီး စည်းစိမ်ချမ်းသာဖြင့် ကောင်းစွာ ခံစား၍ နေရလတ္တံ့သော ကုသိုလ်ကံ ပါရမီထူးရှိသော လက္ခဏာဖြင့် သွားရာလှမ်းရာ ဘဝါးချရာတွင် ပဒုမ္မာကြာပွင့် အသင့်မြေမှပေါက် လာရ၏။ ယခုတဖန် အရွယ်တန်လျှင် ဘုန်းကံအလျောက် ဆိုက်ရောက် မြန်စွာ ဆောင်ယူလာသော ရာဇာသနင်း ပြည့်ရှင်မင်းနှင့် ပေါင်း သင်းညီမျှ ရွှေနန်းမဝယ် အဂ္ဂမဟေသီ ရွှေညီဝန်းရံ ဘွဲ့ထူးခံ၍ ရွှင် စံမွေ့လျော် ပျော်ပျော်ပါးပါး စံစားအသင့် အခွင့်ကြုံရာ လိုက်ပါလေ တော့ မွေးဘမိတာ ခွင့်ပြုပါ၏ဟူ၍ အဘရသေ့ကြီးကဆိုလျှင် ကောင်းပါပြီဟု ဝန်ခံ၍ အဘရသေ့မြတ်နှင့် ရှင်ကွဲ ကွဲရမည်ကို အောက်မေ့လွမ်းဆွတ်ခြင်း ပြင်းလှ၍ ဝမ်းတွင်းလှိုက်ဖို မျက်ရည်ယို လျက် ရှိုက်ငို၍နေလေ၏။

ပြည့်ရှင်မင်းသည်လည်း ပဒုမဝတီ သတို့သမီးနှင့်တကွ အဘဖြစ် သော အရှင်ရသေ့၏စိတ်ကို နှစ်သက်ရွှင်လန်း ဝမ်းမြောက်ခြင်း ဖြစ်စေရန် ရတနာရွှေငွေအစု၌ ကောင်းစွာထား၍ အဘိသိက်မြှောက် ခြင်းကိုပြု၏။ ဤသို့အဘရသေ့၏ ရှေ့တော်မှာပင် အဂ္ဂမဟေသီ မိဖုယားကြီး အရာဖြင့်အဘိသိက်မြှောက်ပြီးမှ ဗာရာဏသီပြည်သို့ ခေါ် ဆောင်၍ တပါးသောမိဖုယားတို့ကို ပြန်စောင်းမရှု ပဒုမဝတီ မိဖုယား နှင့်သာလျှင် အတူတကွ စံစားမွေ့လျော်၍နေလျှင် တပါးသောမိန်းမတို့ က ငြူစူကြသဖြင့် ပြည့်ရှင်မင်းအား ကုံးတိုက်စကား ပြောဆိုကြကုန် ၏။ အရှင်မင်းမြတ် လူသမီးဇာတိဖြစ်သူသည် သွားသောအခါ ပဒုမ္မာ ကြာပွင့်ပေါက်သည်ကို မြင်ဘူးပါ၏လော။ ဤပဒုမဝတီသည် ခြေလှမ်း ၍သွားသောအခါ ပဒုမ္မာကြာပွင့် ပေါက်လာသောကြောင့် လူသမီး

ဓာတ်မဟုတ် နာနာရုပ် ဘန်ဆင်းတတ်သော ဘီလူးမသာလျှင်ဖြစ်၏။ အကျွန်ုပ်တို့ကိုသော်လည်း စွန့်တော်မူပါ ပဒုမဝတီကိုသော်လည်း စွန့်ပစ်တော်မူပါ ဤနန်းတော်မှာ အတူနေရလျှင် ဘီလူးမစားမည်ကို ကြောက်လှပါသည် စသည်ဖြင့်ပြောဆိုကြကုန်၏။ ပြည့်ရှင်မင်းလည်း ဆိတ်ဆိတ်သာလျှင် နေ၏။

ထိုနောက်အခါ၌ ပစ္စန္တနယ်စွန်မှ သူပုန်ထသည်ကို ကြားသိလျှင် ကိုယ်ဝန်ရှိသော ပဒုမဝတီကို နန်းတော်၌ထားခဲ့၍ ပစ္စန္တနယ်စွန်သို့ သူပုန်ရန်ကိုပယ်လှန်နှိမ်နင်းခြင်းငှာပြည့်ရှင်မင်း ထွက်သွားသောအခါ၌ ထိုနန်းတွင်းသူ မိဖုယားအပေါင်း တို့သည် ပဒုမဝတီ၏ အလုပ်အကျွေး မိန်းမကို တံစိုး လက်ဆောင်ဖြင့် ဖြားယောင်းပြောဆို၍ ဤပဒုမဝတီ သားဖွားသောအခါ သစ်တုံးတခုကို သွေးလူး၍ အနီး၌ချထားပါလော့ဟု ဆိုကြကုန်၏။ ပဒုမဝတီသည် မကြာမြင့်မီပင် သားတော်ငါးရာ တို့ကို ဖွားမြင်လေ၏။

> မဟာပဒုမကုမာရော ဧကကော ဝ ကုစ္ဆိယံ ဝသိ။အဝသေသာ ဧကူနပဉ္စသတဒါရကာ မဟာပဒုမ ကုမာရဿ မာတုကုစ္ဆိတော နိက္ခမိတွာ နိပ္ပန္နကာလေ သံသေဒဇာတာ ဟုတွာ နိဗ္ဗတ္တိံသု။
>
> ထေရီဂါထာအဋ္ဌကထာ-ဗားချုပ်။

မဟာပဒုမကုမာရော၊ မဟာပဒုမ မင်းသားသည်။ ဧကကော၊ တပါးထည်းသာလျှင်။ ကုစ္ဆိယံ၊ အမိဝမ်းတွင်း၌။ ဝသိ၊ နေတော်မူ၏။ အဝသေသာ၊ ကြွင်းကုန်သော။ ဧကူန ပဉ္စသတ ဒါရကာ၊ ငါးရာ တပါးယုတ် မင်းသားငယ်တို့သည်။ မဟာပဒုမကုမာရဿ၊ မဟာပဒုမ မင်းသား၏။ မာတုကုစ္ဆိတော၊ အမိဝမ်းမှ။ နိက္ခမိတွာ၊ ဖွားတော်မူ၍။ နိပ္ပန္နကာလေ၊ အပြင်ဘက်၌ လျှောင်းစက်သော အခါ၌။ သံသေဒဇာတာ၊ကိုယ်ဝန်ညစ်ကြေး သွေးအညှိ၌ သံသေဒဇ ဖြစ်ကြကုန်သည်။ ဟုတွာ၊ ဖြစ်ကြကုန်၍။ နိဗ္ဗတ္တိံသု၊ ဖြစ်ပွါးကြကုန်၏။

[ကမ္မဝိပါကော အစိန္တိယော- သားငါးရာ ရပါစေသော ဟု ဆုတောင်း၍ ပေါက်ပေါက်ပွင့် ငါးရာလှူသော ကုသိုလ်သည် ယခုမှ အကျိုးပေး၍ သားငါးရာ တပြိုင်နက် မွေးဖွားလေသည်ဟူလို]။

ပဒုမဝတီမိဖုယားဏ် ဝမ်းသည်သားငါးရာလုံး တပြိုင်နက်အောင်း၍ မွေးဖွားခြင်း၌ အဘယ်မှာတတ်နိုင်မည်နည်း။ မဟာပဒုမ မင်းသား တပါးသာလျှင် အမိဝမ်းတွင်း၌ ကိန်းအောင်း၍ မွေးဖွားသောအခါ ကိုယ်ဝန်အညစ်အကြေး သွေးစက်တို့၌ သံသေဒဇ ပဋိသန္ဓေအားဖြင့် ငါးရာတပါးယုတ် ဆုတောင်း ကံအားလျော်စွာ ဖြစ်လာကြကုန်၏။ လက်ဆောင်တံစိုး စုံမက်မျိုးဖြင့် လွှမ်းမိုးရမက် နှိပ်စက် မိုက်မှေး အမြင်သေးသော အလုပ်အကျွေးမိန်းမသည်လည်း ပဒုမဝတီ မူးမေ့၍ သတိမရခင် သစ်တုံးတိုတခုကို သွေးလူးလျက် အနီး၌ ထားပြီးလျှင် မိဖုယားငါးရာတို့ကို အမှတ်ပေးလေ၏။ မိဖုယားငါးရာ တို့လည်း သားငယ်ငါးရာတို့ကို တယောက်စီယူ၍ပန်းထိမ်သည်တို့ထံစေလွှတ်ခါ ကြုတ်ငါးရာ တို့ကို လုပ်စေ၍ သားငယ်ငါးရာ တို့ကို ကြုတ်တခုလျှင် တယောက်ကျ သွင်းထားကြကုန်၏။ မည်သူ တစုံတယောက် ဖွင့်၍ မကြည့်ဝံ့အောင် ကြုတ်၏ အပြင်ဘက်မှ မင်းတံဆိပ်ခတ်၍ထားကြကုန် ၏။ပဒုမဝတီသည်လည်း သတိရ၍ မွေးဖွားသောသားကို မေးမြန်းသော အခါအဘယ်မှာ သင်၌ သားရမည်နည်း ဤသစ်တုံးကား သင်၏ဝမ်းမှ ထွက်လာသော သူငယ်တည်းဟူ၍ သစ်တုံးကိုပြလျှင် ပဒုမဝတီသည် သစ်တုံးကိုမြင်၍ နှလုံးမသာဖြစ်လျက် သူတပါးတို့မြင်လျှင် ရှက်ဖွယ် ကောင်းလှသည်။ လျင်စွာခွဲပစ်ပါလေဟု ဆိုလိုက်လျှင် အထိန်းတော် မိန်းမလည်း အကျိုးလိုယောင် ဟန်ပန်ဆောင်၍ သစ်တုံးကို ခွဲပြီးလျှင် မီးဖိုထဲသို့ ထည့်လိုက်လေ၏။

ပြည့်ရှင်မင်းသည် ပစ္စန္တနယ်စွန်မှ ပြန်လာသောအခါ ကောင်းသော နက္ခတ်ကို မျှော်လင့်စောင့်ဆိုင်းလျက် မြို့ပ၌ သစ်တပ်တဲနန်းဖြင့် နေ၏။ မိဖုယားငါးရာတို့ သည်လည်း မင်းကြီးကို ခရီးဦးကြိုလျက် အရှင် မင်းမြတ်သည် အကျွန်ုပ်တို့ ပြောသော စကားကို ယုံကြည်တော်မမူ၊ အရှင်မင်းမြတ်၏ မိဖုယား ပဒုမဝတီသည်သစ်တုံးကိုဖွားမြင်၏။အထိန်း ကတော်ကြီးကို ခေါ်၍ မေးမြန်းတော် မူပါဟု လျှောက်ကြားလျှင် ပြည့်ရှင်မင်းသည် စုံစမ်းမေးမြန်းပြီးလျှင် ဤသို့ဖြစ်သော် ဘီလူးမပင် စင်စစ်မှန်၏။ငါ၏နန်းတော်၌ မနေစေရဟု နှင်ထုတ်လေ၏။ ထို ပဒုမ ဝတီသည်လည်း ပဒုမ္မာ ကြာပန်းကို ပစ္စေကဗုဒ္ဓါအား လှူပြီးမှပြန်၍ ယူသောအပြစ်ကြောင့် မင်း၏နန်းတော်မှထွက်သွားရသောအခါ ပဒုမ္မာ

ကြာပွင့်တို့သည် မြေမှပေါက်၍ မခံလာကြကုန်။ ကုက်မံဝတ်မှုံ ကဲ့သို့ ကြည်လင်သန့်ရှင်းသော ကိုယ်အဆင်းသည်လည်း ညှိုးနွမ်းချွတ်ယွင်း အဆင်းမလှဖြစ်လေ၏။ (ကမ္မဝိပါကော အစိန္တိယော ယခုပင်တင့်တယ် လှပ၍နေရာမှ ယခုပင် ညှိုးနွမ်းချွတ်ယွင်း အဆင်းမလှ ပျက်ပြားရ၏)။ ပဒုမဝတီမင်းသမီးသည် ကုသိုလ်ကံမြှောက်ပင့်၍ တင့်တယ်ကောင်းမြတ် နတ်၏စည်းစိမ်ကဲ့သို့ ရိပ်ငြိမ်ပျော်ပါး စံစား၍နေရာမှ ကုသိုလ်ကံနိမ့်ကျ အကုသိုလ်ကံ ပစ်ချ၍ ဒုက္ခလက်ငင်း အဆင်းမလှ ဖြစ်တုံရလျက် ပေါက်နေကြဖြစ်သော ကြာပဒုမ္မာလည်း ခံလာခြင်းမရှိဘဲ ရီ နွမ်း ဆင်းရဲစွာ မြို့တော်အတွင်း လမ်းကြိုလမ်းကြား ရောက်ခါ သွားလျက် သနားစဖွယ် အားငယ်လှစွာ ရောက်လာသည်ကို သက်ကြီးအို မိန်းမကြီးတယောက်မြင်လျှင် သမီးဟု ထင်မှတ်လျက် ချစ်ခင်သော စိတ်ဖြစ်လှ၍ ချစ်သမီး အဘယ်ကို သွားမည်နည်းဟု မေးမြန်း လေ၏။ ပဒုမဝတီလည်း မိမိအဖြစ်အပျက်ကို ရှက်ကြောက်အားကျ စိတ်ငယ် လှ၍ အာဂန္တုဧည့်သည် ဖြစ်၍ တည်းခိုရန်အိမ်များကို ကြည့်ရှု ရှာဖွေ လျက် သွားလာ လှည့်လည်ပါကြောင်းနှင့် ပြောသောအခါ ချစ်သမီး ဤအိမ်သို့လာ၍ နေပါလော့ဟုခေါ်ပြီးလျှင် ကောင်းမွန်စွာ နေရာတို့ကို ပေး၍ ကျွေးမွေး ထားလေ၏။

ထိုအခါ၌ ပဒုမဝတီကို အကောက်ကြံသော မိဖုယားငါးရာတို့သည် စိတ်တူညီမျှ ဖြစ်ကုန်ကြလျက် ပြည့်ရှင်မင်းအား ဤသို့ ပြောဆိုကြ ကုန်၏။ အရှင်မင်းမြတ် ပဉ္စာနယ်စွန်သို့ သွားစဉ်အခါ၌ အကယ်၍ စစ်အောင်ခဲ့သော် ဂင်္ဂါနတ်အား ပူဇော်ပါမည်ဟု နတ်ကိုး၍ ထားပါ သည်။ ယခုအခါ အရှင်မင်းမြတ်သည် ဂင်္ဂါရေဆိပ်သို့ သက်တော်မူ၍ ရေသဘင်ကစားရန် သင့်လျော်ပါကြောင်းနှင့် လျှောက်တင် ကြသော အခါ ပြည့်ရှင်မင်းသည်လည်း နှစ်သက်သဖြင့် ဂင်္ဂါသို့ ရေသဘင် ကစားရန် သွား၍ ငါးရာသော မိဖုယားတို့လည်း သူငယ်တို့ကို ထည့် သွင်းထားသော ကြုတ်ငါးရာတို့ကို တယောက်တခုစီ အဝတ်တွင်း၌ ခြုံရုံကာ ယူလာကြပြီးလျှင် ရေဆိပ်သို့ ရောက်သောအခါ ရေထည်းသို့ ချမျှောကြကုန်၏။ ထိုကြုတ်ငါးရာတို့သည်လည်း ရေသဘင် ကစားရာ အောက်မှ ကာထားသော ပိုက်ကွန်၌ တင်၍နေကုန်၏။ ရေသဘင် ကစား၍ တက်ပြီးသော် ပိုက်ကွန်တို့ကို သိမ်းရုပ်သောအခါ ထိုကြုတ်

ငါးရာတို့ကိုမြင်၍ ပိုက်ကွန်သမားတို့သည် မင်းကြီးအား ဆက်ကြကုန်၏။ ထိုကြုတ်ငါးရာတို့ကို ဖွင့်စေသောအခါ ရှေးဦးစွာ မဟာပဒုမမင်းသား၏ ကြုတ်ကို ဖွင့်မိလေ၏။

တေသံ ပန သဗ္ဗေသံပိ ကရဏ္ဍေသု နိပ္ပဇ္ဇာပိတဒိဝသေသုယေဝ
ပုညိဒ္ဓိယာ အင်္ဂုဋ္ဌကေ ခီရံ နိဗ္ဗတ္တိ။

ထေရီဂါထာအဋ္ဌကထာ-ဘချပ်။

သဗ္ဗေသံပိ၊ အလုံးစုံလည်း ဖြစ်ကုန်သော။ တေသံ၊ ထိုမင်းသားငါးရာတို့၏။ ပုညိဒ္ဓိယာ၊ ကောင်းမှုအစွမ်းကြောင့်။ ကရဏ္ဍေသု၊ ကြုတ်တို့၌။ နိပ္ပဇ္ဇာပိတဒိဝသေသုယေဝ၊ သိပ်ထားသော နေ့တို့၌ပင်လျှင်။ အင်္ဂုဋ္ဌကေ၊ လက်မ၌။ ခီရံ၊နို့ရည်သည်။ နိဗ္ဗတ္တိ၊သောက်စို့စရာ ဖြစ်လာရ၏။ [ပဒုမဝတီသည် ကြာဖူးအတွင်းမှယူ၍ ထားစဉ် အခါကလည်း မိမိလက်မ၌ ယိုသော နို့ကို မိမိစို့၍နေ၏၊ ယခု ပဒုမဝတီ၏သားငါးရာတို့သည်လည်း ကြုတ်တွင်းသို့ သွင်းသည့်နေ့မှစ၍ မိမိတို့လက်မမှ နို့ရည်ယို၍ မိမိတို့ လက်မကို မိမိတို့ စုတ်ကြရကုန်၍ ကြုတ်တွင်း၌ ချမ်းသာစွာ နေကြကုန်၏]။

သိကြားမင်းသည်လည်း ပြည့်ရှင်မင်း ယုံမှားကင်းအောင် ဤမင်းသားတို့သည် ပဒုမဝတီ၏ ဝမ်းမှ ဖွားမြင်သော ဗာရာဏသီ ပြည့်ရှင်မင်းကြီး၏ သားတော်တို့တည်းဟူ၍ ကြုတ်တွင်းသို့ သွင်းသော နေ့၌ပင်လျှင် အက္ခရာတို့ကို ရေးထား၏။ ပဒုမဝတီ၏ ရန်သူဖြစ်သော မိန်းမငါးရာတို့သည် ကြုတ်တွင်းသို့ ထည့်သွင်း၍ ရေ၌ မျှောကြကုန်၏။ မင်းကြီးသည် ထိုအကြောင်းကို သိစေသတည်းဟူ၍လည်း ကြုတ်တွင်း၌ သိကြားမင်းရေးထားသော အက္ခရာရှိ၏။ကြုတ်တို့ကို ဖွင့်သောအခါ ပြည့်ရှင်မင်းသည် ထိုအက္ခရာတို့ကိုမြင်၍ မဟာပဒုမ မင်းသားကို မိမိကိုယ်တိုင်ချီ၍ လျင်မြန်စွာ နန်းတော်သို့ ပြန်လာ၍ ဤမိဖုယားငါးရာတို့ကို ချစ်အောင် ပြုအံ့ဟု ကြံလျက် ဆင်တော်၏လည်ပင်း၌ အသပြာထောင်ထုပ်ကို ဆွဲ၍ ပဒုမဝတီ မိဖုယားကို ပြနိုင်သော သူသည် ဤ အသပြာ နှင်ကား ငွေတထောင်ကို ယူစေလော့ဟု စည်ကိုတီး၍ မြို့တွင်း မြို့ပြင် လှည့်လည်စေ၏။ သူဒိုမကြီး၏အိမ်၌ နေသော ပဒုမဝတီ မိဖုယားသည် ထိုအသံကိုကြားလျှင် အမိသူဒိုမကြီးကို ခေါ်၍

ကျေးဇူးကြီးလှသော ဒိခင် ဆင်၏ လည်ပင်းမှ အသပြာငွေနှက်ား တထောင်ကို ယူပါလော့ဟု ဆို၏။ ချစ်သွီး-ငါမယူဝံ့ပါဟု ဆိုလျှင် ငါ၏သွီးသည် ပဒုမဝတီကို မြင်၏ဟု ဆို၍ ယူပါလော့ဟု ဆိုသော အခါမှ ဟုတ်ဖြစ်စေ မဟုတ်ဖြစ်စေ ယူတော့အံ့ဟု သွား၍ သူဒိုမကြီးသည် အသပြာထောင်ထုပ်ကို ယူလေ၏။ ထိုအခါ၌ ပဒုမဝတီကို မြင်၏လောဟု မေးလျှင် ငါကား မမြင်ပါ ငါ၏သွီးကား ပဒုမဝတီကို မြင်၏ဟု ပြောဆို၏။ မင်းချင်းယောကျ်ားတို့သည် ထိုသူဒိုမကြီးနှင့် အတူတကွလိုက်၍ ပဒုမဝတီကို မြင်သောအခါ မင်းချင်း တို့သည် ပဒုမဝတီ၏ ခြေရင်း၌ ဝပ်ကြကုန်၏။ သူဒိုမကြီးသည်လည်း ပဒုမ ဝတီဆိုသည်မှာ ငါ့သွီးဖြစ်၍ နေပါတကားဟု သိ၍ ဤကဲ့သို့သော ပြည့်ရှင်မင်း၏ အဂ္ဂမဟေသီ မိဖုယားကြီး ဖြစ်ပါလျက် အစောင့် အရှောက် ကင်းသော ဇိမ်အတွင်း၌ နေရဘိ၏တကားဟု ဆိုလေ၏။ ထို မင်းချင်းယောကျ်ား တို့သည်လည်း ပဒုမဝတီ၏ နေရာကို အကာ အရံတို့ဖြင့် ကာရံ၍ တံခါး၌ စောင့်ရှောက်ကာ နေကြ၍ ပြည့်ရှင် မင်းကြီးအား ပြန်ကြား လျှောက်တင်ကြကုန်၏။

ပြည့်ရှင် မင်းသည်လည်း ပဒုမဝတီကို ယူဆောင်စေရန် ရွှေထမ်း စဉ်ကို စေလွှတ်၏။ ပဒုမဝတီ သည်လည်း ဤ ရွှေထမ်းစဉ်ဖြင့် ငါမလိုက်လို ငါနေရာဇိမ်မှ နန်းတော်တိုင်အောင် ကောင်းမွန်သော အခင်းတို့ကို ခင်း၍ အထက်၌လည်း ရွှေကြယ်တို့ဖြင့် ချယ်စီသော မိတာန်ကို မျက်နှာကြက်မိုး၍ ငါဆင်မြန်းရန် အလုံးစုံသော အဆင် တန်းဆာတို့ကို ပို့မှသာလျှင် ငါ လိုက်တော့အံ့ ဟု မင်းချင်းတို့ကို ဆို၏။ ပြည့်ရှင်မင်းအား ထိုအကြောင်းကို ပြန်ကြား လျှောက်တင် သော အခါ ပဒုမဝတီ အလိုရှိရာ ပြုလုပ်ကြကုန် ဟု အမိန့်တော် ပြန်လိုက်၏။ ထိုအခါ၌ ပဒုမဝတီ မိဖုယားသည် အလုံးစုံသော အဆင်တန်းဆာတို့ကို ဆင်မြန်းလျက် နန်းတော်သို့ သွားအံ့ဟူ၍ ခြေဖြင့် သာ မြေသို့ဆင်း၍ နင်းသွားလေ၏။ ထိုအခါ၌ ပစ္စေကဗုဒ္ဓါအား ကြာ ပန်းပွင့်ကို တဘန်ပြန်၍ လှူပြန်သောကုသိုလ်ကံကြောင့် ပဒုမ္မာ ကြာပွင့် တို့သည် မြေ၌ ခင်းထားသော ဆန်းကြယ်ကောင်းမွန်သော အခင်းတို့ကို ဘောက်ခွဲ၍ ပေါ်လာပြီးလျှင် ခြေ လှမ်းတိုင်းလှမ်းတိုင်း ခံလာသော မိမိ၏ စည်းစိမ်အစွမ်းကို အလုံးစုံသော လူအပေါင်းတို့အား မြင်စေ

လျက် နန်းတော်သို့တက်၍ ခင်းထားသော အခင်းအလုံးစုံတို့ကို မိမိတည်းခို၍နေသော အမေဒ်ိုကြီးအား ပေးလေ၏။ ပြည့်ရှင်မင်းကြီးသည်လည်း ထိုငါးရာသော မိဖုယားတို့ကိုခေါ်၍ ပဒုမဝတီ မိဖုယားဤငါးရာသော မိန်းမတို့ကို ကျွန်ပြုဘို့ငါပေး၏။ သင်အလိုရှိရာ စေခိုင်းလော့ဟုဆို၏။ ကောင်းပါပြီ အရှင်မင်းမြတ် ဤမိန်းမတို့ကို ပဒုမဝတီမိဖုယားအား ကျွန်ပြုဘို့ပေးသည်ကို မြို့သူအပေါင်းတို့ သိရအောင်စည်လည်၍ မောင်းခတ်ပါလော့ဟုဆိုလျှင် ပြည့်ရှင်မင်းသည် မြို့ကိုစည်လည်စေ၏။ စည်လည်မောင်းခတ်၍ တမြို့လုံးသိကြသောအခါအရှင်မင်းမြတ်–ဤမိန်းမငါးရာတို့သည် အကျွန်ုပ်၏ ကျွန်မတွေဖြစ်ကြပါကုန်ပြီ ယခုအခါ ထိုကျွန်မတွေကို တော်လှန်၍ ကျွန်အဖြစ်မှ လွတ်လိုပါ၏ဟု ဆိုလျှင် အသင်မိဖုယား အလိုရှိတိုင်း ပြုလုပ်စေ ငါကပေးအပ်ပြီးဖြစ်၏ဟုဆိုလျှင် ယင်းသို့ ဖြစ်သော် ပဒုမဝတီသည် မိမိ၏ ကျွန်မဖြစ်ကုန်သော မိန်းမငါးရာတို့ကို ကျွန်မအဖြစ်မှ လွတ်၍ တော်လှန်၏ဟု တဖန်စည်လည် မောင် ခတ်ပါစေလော့ဟုဆိုလျှင် တဖန်ကျွန်အဖြစ်မှ လွတ်ကြောင်းကို စည်လည်မောင်းခတ်စေ၏။

ထိုနောက် ပဒုမဝတီ မိဖုယားသည် မိမိသားတော် ငါးရာတို့တွင် မဟာပဒုမမင်းသား တပါးကိုသာ မိမိကိုယ်တိုင် ထိန်းသိမ်း၍ ကြွင်းကုန်သော သားတော်တို့ကို မိဖုယားငါးရာတို့အား တယောက်စီပေးအပ်၍ မွေးမြူစေ၏။ ဗာရာဏသီ ပြည့်ရှင်မင်းသည် ထိုမင်းသားငါးရာတို့ ကစားမြူးတူးနိုင်သောအခါ ဥယျာဉ်တော်၌အထူးထူးသော ကစားဘွယ်တို့ကို ပြုလုပ်၍ပေး၏။တဆဲ့ခြောက်နှစ်အရွယ်သို့ ရောက်ကြသောအခါ အလုံးစုံသော မင်းသားငါးရာတို့သည် ဥယျာဉ်တော် ပဒုမ္မာကြာအိုင်၌ ညှိုးနွမ်းကြွေကျကုန်သော ကြာပွင့်တို့ကိုမြင်၍ ဤပဒုမ္မာကြာပွင့်တို့သည် ပျက်စီးခြင်းသို့ရောက်ကြကုန်၏။ ငါတို့၏ ရူပကာယသည်လည်း ဖြစ်ခြင်း ပျက်ခြင်း သဘောရှိကုန်၏ဟု ဝိပဿနာ ရှုကုန်လျက် ပစ္စေကဗောဓိဉာဏ်ကို ဖြစ်စေကြကုန်၏။

ဝယပတ္တာ ဥယျာနေ ပဒုမသရေ ကီဠန္တာ ဧကေကသ္မိံ
ပဒုမေ နိသီဒိတွာ ခယဝယံ ပဋ္ဌပေတွာ ပစ္စေကဗောဓိ
ဉာဏံ နိဗ္ဗတ္တယိံသု။

ဥပရိပဏ္ဏာသ- ဇာသိဂိလိသုတ်အဋ္ဌကထာ- ၇၀။ ထေရီဂါထာအဋ္ဌကထာ-ဘ-ချ၁။

ဝယပတ္တာ၊ အရွယ်သို့ ရောက်ကုန်သည်ရှိသော်။ ဥယျာနေ၊ ဥယျာဉ်တော်၌။ ပဒုမသရေ၊ ပဒုမ္မာကြာအိုင်၌။ကီဠန္တာ၊ ကစားကုန်စဉ်။ ဧကေကပဒုမေ၊ တခုတခုစီသော ပဒုမ္မာကြာပွင့်၌။ နိသိဒိတွာ၊ ထိုင်နေ၍။ ခယဝယံ၊ ဖြစ်ပျက်ကမ္မဋ္ဌာန်းကို။ ပဋ္ဌပေတွာ၊ ဖြစ်စေ၍။ ပစ္စေကဗောဓိဉာဏံ၊ ပစ္စေကဗောဓိဉာဏ်ကို။ နိဗ္ဗတ္တယိံသု၊ ဖြစ်စေကြကုန်၏။

သရေရုဟံ ပဋ္ဌပလာသ မတြဇံ၊
သုပုပ္ဖိတံ ဘမရဂဏာနုစိဏ္ဏံ။
အနိစ္စတာ ယုပဂတံ ဝိဒိတွာ၊
ဧကော စရေ ခဂ္ဂဝိသာဏ ကပ္ပေါ။

ပဒုမဝတိ၏သား ပစ္စေကဗုဒ္ဓါ ငါးရာတို့၏ ဗျာကရဏဂါထာ

သရေရုဟံ၊ ရေအိုင်၌ပေါက်သော။ သုပုပ္ဖိတံ၊ ကားကားစွင့်စွင့် ကောင်းစွာပွင့်သော။ ဘမရဂဏာနုစိဏ္ဏံ၊ ပိတုန်းငှက်ပေါင်း သောင်းသောင်းညံညံ တောင်းဟုန်သံဖြင့် ပျံကာဝဲကာ စုတ်နမ်းရာလည်းဖြစ်ထသော။ အတြဇံ၊ မိမိကြာပင်မှဖြစ်သော။ ပဋ္ဌပလာသံ-ပဒုမပလာသံ၊ ပဒုမ္မာကြာရွက်ကို။ အနိစ္စတာယ၊ ဖြစ်ပျက်ပြောင်းလဲမမြဲသည်၏ အဖြစ်သို့။ဥပဂတံ၊ ရောက်သည်ကို။ ဝိဒိတွာ၊ သိမြင်၍။ ဝါ၊ တနည်းကား။ အနိစ္စတာယ၊ ဘောက်ပြန်ပြောင်းလဲ မမြဲသော အနိစ္စ သဘောသို့။ ဥပဂတံ၊ ညှိုးနွမ်းခြင်းသို့ ရောက်သော။ ပဋ္ဌပလာသံ-ပဒုမပလာသံ၊ ပဒုမ္မာပန်း ကြာရွက်နွမ်းကို။ ဝိဒိတွာ၊ သိမြင်၍။ ဧကော၊ အဘော်မလို တကိုယ်ထည်းသာလျှင်။ ခဂ္ဂဝိသာဏကပ္ပေါ၊ ကြံ့ချိုနှင့်တူသည် ဖြစ်၍။ ရေ၊ လှည့်လည်သွားလာနေထိုင်ရာ၏။

ဤဗျာကရဏ ဂါထာဖြင့် ဥဒါန်းကျူးခါ ငါးရာကုန်သော ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့သည် ဂန္ဓမာဒနတောင်သို့ ပျံကြွကုန်ပြီးလျှင် ထိုကာလအခါ၌ ထိုပစ္စေကဗုဒ္ဓါ ငါးရာတို့သည် ဣသိဂိလိ တောင်တွင် နေကြကုန်၏။ ထိုအခါ၌ ဣသိဂိလိ-ရသေ့တို့ကို မျိုသော တောင်ဟူသော အမည် ဖြစ်၏။

တသ္မိံ ကာလေ တေ တတ္ထ ဝသိံသု၊ တဒါ စဿ ပဗ္ဗတဿ ဣသိဂိလီတိ သမညာ ဥဒပါဒိ။

ဥပရိပဏ္ဏာသ-အဋ္ဌကထာ-၇၀။

တသ္မိံ ကာလေ၊ ထိုအခါ၌။ တေ၊ ထိုပဒုမဝတီ၏သားငါးရာဖြစ်ကုန်သော ပစ္စေကဗုဒ္ဓါတို့သည်။ တတ္ထ၊ ထိုတောင်၌။ ဝသိံသု၊ နေတော်မူကြကုန်၏။ တဒါစ၊ ထိုနေကြသောအခါ၌ပင်လျှင်။ အဿပဗ္ဗတဿ၊ ထိုတောင်၏။ ဣသိဂိလိတိသမညာ၊ ရသေ့တို့ကို မျိုသော တောင်ဟူသော အမည်သည်။ ဥဒပါဒိ၊ ထင်ရှားစွာဖြစ်၏။ ။[ပဒုမဝတီ၏ သားတော် ပစ္စေကဗုဒ္ဓါ ငါးရာတို့၏ အမည်တော်တို့ကို အပဒါန်ဝတ္ထု ပထမတွဲ(၆၇)၌ ပြဆိုခဲ့လေပြီ]။

ပဒုမဝတီမိဖုယားသည်လည်း ငါသည် သားတော်မြတ်ငါးရာတို့ကို မွေးဖွားပါလျက် ယခုအခါ အားကိုးလောက်သော အရွယ်သို့ရောက်မှ သားတယောက်မျှ ငါ့မှာမရှိဘဲ ခွဲခွါ၍ နေရလေခြင်းဟု ပူပြင်းသော နှလုံးဖြင့် ယူကျုံးမရ သောကထန်ပြင်း ပူဆွေးခြင်းဖြင့် သေခြင်းသို့ ရောက်ရှာလေ၏။ သေဆုံးပြီးနောက် ဣသိဂိလိတောင်ခြေ ဘာရှိသော ရွာငယ်၌ ပဋိသန္ဓေစွဲလေ၏။ ထိုအကြောင်းကို ပြန်ပြောင်းကာ ဇာတ်လှန်၍ အဘိညာဉ်ရှင်ဖြစ်တော်မူသော ဥပ္ပလဝဏ္ဏာထေရီ ရဟန္တာအရှင်မသည် ဤဂါထာတို့ကို ဟောတော်မူ၏။

ကာသိရဋ္ဌေ မဟေသိ ဟံ၊ ဟုတွာ သက္ကတ ပူဇိတာ။
အဇနိံ ရာဇပုတ္တာနံ၊ အနူနံ သတပဉ္စကံ။

ယဒါ တေ ယောဗ္ဗနပ္ပတ္တာ၊ ကီဠန္တာ ဇလကီဠိတံ။
ဒိသွာ ဩပတ္တပဒုမံ၊ အာသုံ ပစ္စေကနာယကာ။

သာဟံ တေဟိ ဝိနာဘူတာ၊ သုတဝိနာ ဘိသောကိနီ။
စုတာ ဣသိဂိလိပဿေ၊ ဂါမကမှိ အဇာယိ ဟံ။

(ထေရီအပဒါန်ပါဠိတော်-၃၇၄)

အယျာယော၊ တရားတော်ကို ရိုသေစွာ နာကြကုန်သော အမျိုးကောင်းသမီး ရှုမငြီးသော အရှင်မတို့-။ အဟံ၊ ဥပ္ပလဝဏ္ဏာ ထေရီ ငါသည်။ ကာသိရဋ္ဌေ၊ ကာသိတိုင်းမှ ခွန်လှိုင်းဆက်သွင်း ဘုရင်မင်း၏။ မဟေသိ၊ ပဒုမဝတီ ခေါ်ညီတွင်မှတ် မိဖုယားဖြစ်သည်။

ဟုတ္ထွာ၊ ဖြစ်ရ၍။ သက္ကတပုဗ္ဗိတာ၊ ရှိသေလေးမြတ် ပူဇော်အပ်လျက်။ ရာဇပုတ္တာနံ၊ မင်းသားတို့ကို။ သတပဥ္စကံ၊ ငါးရာ။ အနူနံ၊ မလျော့ မယုတ်။ အဇနိံ၊ မွေးဖွားဘူးလေပြီ။ ယဒါ၊ အကြင်အခါ၌။ တေ၊ ထိုမင်းသားငါးရာတို့သည်။ ယောဗ္ဗနပ္ပတ္တာ၊ အရွယ်ရောက်ကြကုန် သည်ရှိသော်။ ဇလကီဠိတံ၊ ရေကစားခြင်းဖြင့်။ ကီဠန္တာ၊ ကစားကြ ကုန်လျက်။ ဩပတ္တပဒုမံ၊ ညှိုးနွမ်း ကြွေကျ ပျက်စီးရသော ပဒုမ္မာ ကြာပွင့်ကို။ ဒိသွာ၊ အနိစ္စသညာ ကောင်းစွာထင်ထင် ဟုတ်တိုင်းမြင်၍။ ပစ္စေကနာယကာ၊ အသီးအခြား ဉာဏ်တော်အားဖြင့် ပိုင်းခြားသစ္စာ သိတတ်စွာသည့် ငါးရာပုတ္တ ပစ္စေကဟု ဗုဒ္ဓတွင်မှတ် အရှင်မြတ် တို့သည်။ အာသုံ၊ ဖြစ်ကြလေကုန်ပြီ။ သာအဟံ၊ ယခုအခါ ဥပ္ပလဝဏ္ဏာ ထိုအခါတွင် ပဒုမဝတီ ငါထေရီသည်။ တေဟိ၊ ထိုသားတော်ငါးရာ တို့နှင့်။ ဝိနာဘူတာ၊ကွေကွင်း ကွဲကွာရသည်ဖြစ်၍။သုတဝိနာ ဘိသော ကိနို၊ သားနှင့်ကွေကွင်း ပူဆွေးခြင်းတို့ ပြင်းစွာသောက ပူဆွေးလှ၍။ စုကာ၊ ခန္ဓာပြောင်းကြွေ စုတေသည်ရှိသော်။ ဣသိဂိလိပဿေ၊ ရသေ့မျိုးသောတောင်၏နံပါး၌။ ဂါမကမှိ၊ ဆင်းရဲသားတို့ လုပ်စား နေရာ ရွာငယ်စွာ၌။ အဟံ၊ ငါသည်။ အဇာယိံ၊ ပဋိသန္ဓေ တည်နေ တဘန် မွေးဖွားပြန်၏။

ပဒုမဝတီမိဖုယားသည် ကာသိတိုင်း ဗာရာဏသီပြည်၌ သားတော် ငါးရာကို မွေးဖွား၍ ပစ္စေကဗုဒ္ဓါ ငါးရာဖြစ်၍ ဂန္ဓမာဒနတောင် နန္ဒမူ လိုဏ်သို့ ကြွတော်မူမြဲ ဖြစ်သည့်အတိုင်း ကောင်းကင်ခရီး ဈာန်ယာဉ် စီး၍ ကြွသွားတော်မူပြီးမှ တဘန် ဣသိဂိလိတောင်၌ အမြဲနေကြသော အခါ ပဒုမဝတီမိဖုယားသည် သားတော်များကို လွမ်းဆွတ်သော ဝေဒနာဖြင့် ကံတော်ကုန်လျှင် ထိုဣသိဂိလိတောင်နံပါး ရွာငယ်တခု၌ ဖြစ်၏။ ဣသိဂိလိတောင်, ဝေဘာရတောင်, ပဏ္ဍဝတောင်, ဝေပုလ္လ တောင်, ဂိဇ္ဈကူဋတောင်, ဤတောင်ငါးလုံးတို့သည် ရာဇဂြိုဟ်ပြည်ကို ဝိုင်း၍နေသောကြောင့် ခြံဝိုင်းနှင့် တူရကား ဂိရိဗ္ဗဇဟူသော ဒွေမည် ဖြင့် ခေါ်ကြပြန်၏။ (ဂိရိ-တောင်၊ဝဇ-ခြံဝိုင်း တောင်ငါးလုံးတို့သည် ရာဇဂြိုဟ်ပြည်ကို ခြံကဲ့သို့ဝိုင်းကာ၍နေသောကြောင့် တောင်ဝိုင်းကြီးမြို့ ဟူ၍ ခေါ်ရ၏)။ ထိုရာဇဂြိုဟ်ပြည်သည် ဘုန်းကံကြီးသော စကြာမင်း တို့၏ လက်ထက်၌ရင်း မြတ်စွာဘုရားတို့ ပွင့်တော်မူသောအခါ၌ရင်း

မင်းနေ တိုင်းပြည် မြို့တော်ကြီးဖြစ်၍ တပါးသောကာလ၌ မြို့ကြီး မဖြစ်နိုင်ဘဲ ဘိလူးတို့နေရာဖြစ်ကြောင်း ထိုရာဇဂြိုဟ်ပြည်ကို ဝိုင်းကာ၍ တည်နေသော တောင်ငါးလုံးတို့တွင် ဣသိဂိလိတောင်၏ နံပါးချောင်ငယ် တခု၌ ပဒုမဝတီ၏ ဘဝမှစုတေ၍ဖြစ်သော သတို့သမီးသည် အရွယ် ရောက်၍ သားလင်ရှိသောအခါ သားလင်တို့စားသုံးရန် ယာဂုကိုကျို၍ လယ်လုပ်သောနေရာ လယ်ခင်းသို့လာသောအခါ ခရီးအကြားတွင် ကောင်းကင်မှ ပျံဝဲကာ လာကြသော ရှေးဘဝ သားတော်ဟောင်း ပစ္စေကဗုဒ္ဓါရှစ်ပါးတို့ကို မြင်လျှင် သား၏ချစ်ခြင်းဖြင့် ရင်တွင်းလှိုက်လှဲ အသဲစွဲမျှ လွန်ကဲသောချစ်ခြင်းဖြစ်လာရကား ရွှေရင်ဦး သားမြတ်အစုံ တို့မှ နို့ရည်အလျှံတို့သည်ယိုထွက်၍လာကုန်၏။ ထိုအခါ၌ လျင်မြန်စွာ လင်ယောကျ်ားအထံသို့ သွား၍ အရှင်သား—အသက် ကောင်းကင်မှ ပျံဝဲကာကြွလာတော်မူကြသော ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့ကို ကြည့်ရှု ပါလော့ဟုဆိုလျှင် ဤသူတို့ကား ရဟန်းငှက်တို့ ဖြစ်ကြကုန်၏။ တရံ တခါ ပျံလာတတ်ကြကုန်၏ ဟူ၍ ဇနီးခင်ပွန်းဘို့ ပြောဆို၍ နေစဉ် အရှင်မြတ်ရှစ်ပါးတို့သည် ကောင်းကင်မှ သက်ဆင်း၍ အနီး၌ ရပ်ကြ ကုန်၏။ အမိဖြစ်ဘူးသော သတို့သမီးသည်လည်း သားဖြစ်ဘူးသော ပစ္စေကဗုဒ္ဓါရှစ်ပါးတို့အား ယာဂုကိုကပ်လှူ၍ နက်ဖြန်၌လည်း တပည့် တော်မ၏ ဆွမ်းကိုပင် အလှူခံတော်မူပါဟု ပင့်ဘိတ်၏။ ပစ္စေကဗုဒ္ဓါ ရှစ်ပါးတို့လည်းကောင်းပြီဟု ဝန်ခံ၍ ဒါယိကာမနက်ဖြန်လည်းဤရှစ်ပါး လောက်ရုံမျှ ဆွမ်းကိုရင်း နေရာတို့ကိုရင်း စီမံပြုလုပ်၍ ထားလော့၊ ငါတို့သည်ကား ငါးရာသော ပစ္စေကဗုဒ္ဓါတို့နှင့်တကွ လာပြီးလျှင် ဒါယိ ကာမ၏စိတ်ကို ကြည်ညိုစေအံ့ဟု မှာထားတော်မူခဲ့၍ ပျံကြွတော်မူကြ ကုန်၏။ သတို့သမီးသည်လည်း နက်ဖြန်နံနက်အခါ ပစ္စေကဗုဒ္ဓါ ရှစ်ပါး အဘို့ဖြစ်သော ဆွမ်းခဲဘွယ်တို့ကို စီရင်၍အသင့်ထား၏။ ပစ္စေကဗုဒ္ဓါ ရှစ်ပါးတို့သည် ကြွင်းသောလေးရာ ကိုးဆယ်နှစ်ပါး တို့ကို အသင်တို့ သည် နက်ဖြန်တပါးသောအရပ်၌ ဆွမ်းခံမသွားမူ၍ ငါတို့၏အမိဖြစ်ဘူး သော ဒါယိကာမအား ချီးမြှောက်ကြပါဟု ခေါ်ယူ၍ ငါးရာသော ညီတော်နောင်တော် ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့သည် အမိဖြစ်ဘူးသော သတို့သမီး၏ အိမ်သို့ကြွလာတော်မူကြ၍ တန်ခိုးတော်အားဖြင့် အိမ်ကို ရင်း စားသုံးလှူဒါန်းရန် ခဲဘွယ်ဘောဇဉ်တို့ကိုရင်း တိုးပွါးစေ၍ နေရာ

တို့ကို ဖန်ဆင်းလျက် နေတော်မူကြကုန်၏။ သတို့သမီးသည် သားငါးရာ ဖြစ်သော ပစ္စေကဗုဒ္ဓါငါးရာတို့ကို လုပ်ကျွေး၍ ရှစ်လက်သော ကြာညို ပန်းစည်းတို့ကိုလှူ၍ ကပည့်တော်မသည် ဖြစ်လေရာဘဝ၌ ဤကြာညို ပန်းဝှို့၏ အဆင်းကဲ့သို့ ဖြစ်ပါစေသောဟု ဆုတောင်း၏။ ပစ္စေကဗုဒ္ဓါ ငါးရာတို့သည်အနုမောဒနာပြုကြ၍ကောင်းကင်ခရီး ဈာန်ယာဉ်စီးလျက် ပျံကြွတော်မူကြကုန်၏။ဥပ္ပလဝဏ္ဏာ ထေရီအရှင်မသည် ထိုအကြောင်း တို့ကို ဖော်လှန်၍တရားနာ လာကြကုန်သော ပရိသတ်တို့အား ဤ အပဒါန် ဂါထာတို့ကို ဟောတော်မူ၏။

ယဒါ ဝုဍ္ဎာ သုတာပတိ၊ သုတာနံ ဘတ္တုနောပိစ။
ယာဂုံ အာဒါယ ဂစ္ဆန္တိ၊ အဋ္ဌ ပစ္စေကနာယကေ။
ဘိက္ခာယ ဂါမံ ဂစ္ဆန္တေ၊ ဒိသွာ ပုတ္တေ အနုဿရိံ။
ခီရဓာရာ ဝိနိဂ္ဂစ္ဆိ၊ တဒါ မေ ပုတ္တပေမသာ။
တတော တေသံ အဒံ ယာဂုံ၊ ပသန္နာ သေဟိ ပါဏိဘိ။
တတော စုတာဟံ တိဒသံ၊ နန္ဒနံ ဥပပဇ္ဇဟံ။

အယျာယော၊ တရားတော်နာ လာကြကုန်သော အရှင်မတို့–။ ယဒါ၊ အကြင်ဇာသိဂိလိ တောင်နံပါးတွင် အမျိုးသမီးဖြစ်သော အခါ၌။ ဝုဍ္ဎာ၊ ကြီးသောအရွယ်ရောက်၍။ သုတာပတိ၊ သားလင်ရသောအခါ။ သုတာ နဉ္စ၊ သားတို့၏ငှင်း။ ဘတ္တုနောပိစ၊ လင်၏ငှင်း။ အတ္ထာယ၊ အလို့ငှါ။ ယာဂုံ၊ ယာဂုကို။ အာဒါယ၊ ကျိုယူ၍။ ဂစ္ဆန္တိ၊ သွားသည်ရှိသော်။ အဋ္ဌပစ္စေကနာယကေ၊ ရှစ်ပါးသော ပစ္စေကဗုဒ္ဓါတို့ကို။ ဂါမံ၊ ရွာသို့။ ဘိက္ခာယ၊ ဆွမ်းခံအလို့ငှါ။ဂစ္ဆန္တေ၊ ကောင်းကင်လမ်းမှ ပျံသန်းပြီးခါ ကြွလာသည်တို့ကို။ ဒိသွာ၊မြင်ရ၍။ ပုတ္တေ၊ပဒုမဝတီ ဒေဝိဘဝ မွေးဖွား ရသော ပစ္စေကဟု ဗုဒ္ဓသုန်းမော် မြတ်သားတော်တို့ကို။ အနုဿရိံ၊ အမှတ်ရ၍ လာလေပြီ။ တဒါ၊ ထိုရှေးဘဝက သားတော်ငါးရာတို့ကို အမှတ်ရသောအခါ၌။မေ၊ငါအား။ပုတ္တပေမသာ၊သား၏ ချစ်ခြင်းဖြင့်။ ခီရဓာရာ၊ နို့ရည်အလျဉ်သည်။ ဝိနိဂ္ဂစ္ဆိ၊ ယိုထွက်၍လာ၏။ တတော၊ ထိုကြောင့်။ တေသံ၊ ထိုပစ္စေကဗုဒ္ဓါတို့အား။ ပသန္နာ၊ ကြည်ညိုလှသည် ဖြစ်၍။ သေဟိပါဏိဘိ၊ မိမိလက်တို့ဖြင့်။ ယာဂုံ၊ ယာဂုကို။အဒံ၊ ကိုယ် တိုင် ကိုယ်ကြပ် ကပ်လှူခဲ့ဘူးပြီ။ အဟံ၊ ငါသည်။ တတော၊ ထိုဘဝမှ။

စုတာ၊ စုတေသည်ရှိသော်။ တိဒသံ၊ တာဝတိံသာနတ်ပြည်၌။ နန္ဒနံ၊ နန္ဒဝန်ခေါ် ဥယျာဉ်ကော်၌။ ဥပပဇ္ဇိံ၊ ဖြစ်ရဘူးလေပြီ။

ငါတို့မြတ်စွာဘုရား ပွင့်တော်မူသောအခါ တာဝတိံသာနတ်ပြည်မှ စုတေ၍ သာဝတ္ထိပြည်ဝယ် သူဌေးသို့းဖြစ်၍ ကြာညိုပွင့် အဆင်းနှင့် တူသောအဆင်းရှိသည်ဖြစ်၍ ဥပ္ပလဝဏ်ာ ဟူသောအမည်ကို မှည့်ခေါ်ကြကုန်၏။သံသရာ၌ ကျင်လည်ဖြစ်ပျက်၍ နေသော သတ္တဝါ ဟူသမျှတို့သည် တရံတခါ ချမ်းသာကို ခံစားစံစား၍ နေရ၏။ တရံတခါ ဆင်းရဲကိုခံစား၍နေရ၏။ အခါခပ်သိမ်း ချမ်းသာ၍ မနေနိုင်၊ အခါခပ်သိမ်းလည်း ဆင်းရဲ၍ မနေနိုင်၊ ချမ်းသာတခါ, ဆင်းရဲတလဲ တွေ့ကြုံမြဲ ဓမ္မတာကို သံသရာ၌ရှည် သမျှ တွေ့ကြုံ ရ၏။ ထိုကြောင့် ဥပ္ပလဝဏ်ာထေရီရဟန္တာ မိန်းမမြတ်သည် တရားနာ ပရိသတ်တို့အား သံဝေဂတရားရစေခြင်းငှါ ချမ်းသာ,ဆင်းရဲ ဘောက်လဲ ဘောက်ပြန် သံသရာဘဝ၌ ဖြစ်ခဲ့ရပုံကိုဘော်ပြ၍ အဆုံးဘဝ ဖြစ်ပုံကိုလည်း ဤသို့ ဟောပြတော်မူ၏။

ဇေ၀ံ ဗဟုဝိဓံ ဒုက္ခံ၊ သမ္ပတ္တိံ စ ဗဟုဝိဓံ။
ပစ္ဆိမေ ဘဝသမ္ပတ္တေ၊ ဇာတာ သာဝတ္ထိယံ ပုရေ။
မဟာဓနေ သေဋ္ဌိကုလေ၊ သုခိတေ သဇ္ဇိတေ တထာ။
နာနာရတန ပဇ္ဇောတေ၊ သဗ္ဗကာမ သမိဒ္ဓိနေ။

အယျာယော၊ တရားတော်နာ လာကြကုန်သော အရှင်မတို့။ အဟံ၊ ဥပ္ပလဝဏ္ဏာ သညာဘွဲ့ရှိ ထေရီတွင်ခေါ် တပည့်တော်မသည်။ ဇေ၀ံ၊ ဤသို့ဟောတော်မူခဲ့ပြီးသော ဘဝတို့ဖြင့်။ ဒုက္ခံစ၊ ဆင်းရဲခြင်း သည်လည်း။ ဗဟုဝိဓံ၊ များလှလေပြီ။ သမ္ပတ္တိံ စ၊ ပြည့်စုံလှစွာ ချမ်းသာသုခ နေရခြင်းသည်လည်း။ ဗဟုဝိဓံ၊ များလှလေပြီ။ ပစ္ဆိမေ၊ အဆုံးဖြစ်သော။ ဘဝသမ္ပတ္တေ၊ ဘဝသို့ ရောက်သည်ရှိသော်။ သာဝတ္ထိယံပုရေ၊ သာဝတ္ထိခေါ် နေပြည်တော်၌။ မဟာဓနေ သေဋ္ဌိကုလေ၊ ဥစ္စာဓန ပေါများလှသော ဘောဂပြည့်ဖြိုး သူဌေးမျိုး၌။ ဇာတာ၊ ဖြစ်ရ၏။ သုခိတေ၊ ချမ်းသာစွာသော။ သဇ္ဇိတေ၊ ဂုဏ်သိမ်ကြီးလတ် အမျိုးမြတ်သော။ နာနာရတန ပဇ္ဇောတေ၊ အထူးထူးအပြားပြား များစွာသော ရတနာတို့ဖြင့် ထွန်းတောက်ပသော။ သဗ္ဗကာမသမိဒ္ဓိနေ၊ အလုံးစုံသော ကာမဂုဏ်နှင့် ပြည့်စုံသော။ သေဋ္ဌိကုလေ၊ သူဌေးမျိုး၌။ ဇာတာ၊ ဖြစ်ရ၏။

ဥပ္ပလဝဏ္ဏာ သူဌေးသမီးသည် အရွယ်ရောက်သော အခါ အလုံးစုံသော ဇမ္ဗူဒိပ်ကျွန်း၌ ထီးဆောင်းမင်း အပေါင်းတို့သည်ရင်း များစွာသော သူဌေးတို့သည်ရင်း ဥပ္ပလဝဏ္ဏာ၏ အဘသူဌေးကြီး အထံသို့ လက်ဆောင် ပဏ္ဏာကာရတို့နှင့်တကွ တမန်စေလွှတ်၍ သူဌေး၏သမီးကို ငါတို့အား ပေးဆက်ပါလော့ ဟူ၍ တောင်းလာကြကုန်၏။ သူဌေး ဟူသမျှ မင်းဟူသမျှ မတောင်းလာသောသူဟူ၍ တစုံတဦးမျှမရှိ။

ဓိတရံ အမှာကံ ဒေတူတိ အပဟိဏန္တာနာမ နာဟောသိ။

ထေရီဂါထာ အဋ္ဌကထာ-ဘားချပ်။

ဓိတရံ၊ သမီးကို။ အမှာကံ၊ ငါတို့အား။ ဒေတု၊ ပေးပါလော့။ ဣတိ၊ ဤသို့။ အပဟိဏန္တာနာမ၊ တမန်မစေလွှတ်သော မင်းသူဌေးမည်သည်။ နာဟောသိ၊ မဖြစ်။ ထိုအကြောင်းကို ဟောတော်မူလိုသော အရှင်မ ဥပ္ပလဝဏ္ဏာသည် ဤဂါထာကို မိန့်အပ်သတည်း။

အတိဝ ပတ္ထိတာစာပိ၊ ရူပဘောဂ သိရိဟိစ။
ပတ္ထိတာ သေဋ္ဌိပုတ္တေဟိ၊ အနေကေဟိ သတေဟိပိ။

အယျာယော၊ တရားနာ လာကြကုန်သော ဘိက္ခုနီလောင်း အရှင်မကောင်းတို့။ ရူပဘောဂသိရိဟိစ၊ အဆင်းဂုဏ်သိမ် စည်းစိမ်ရုံရွှေ အသရေတို့ဖြင့်ရင်း။ အတိဝ၊ အလွန်သာလျှင်။ ပတ္ထိတာစာပိ၊ မြင်သမျှ လူ ကြည်ဖြူချစ်ခင် လိုချင်တောင့်တ မက်မောကြသည်လည်း ဖြစ်၏။ အနေကေဟိ၊ များစွာကုန်သော။ သတေဟိ၊ တရာမကကုန်သော။ သေဋ္ဌိပုတ္တေဟိ၊ သူဌေးသားတို့သည်။ ပတ္ထိတာစာပိ၊ နှစ်သက်လိုချင် လက်ဆောင်တင်၍ ချစ်ခင်စွာလျှ တောင်းလာကြသည်လည်း ဖြစ်၏။

ဇမ္ဗူဒိပ်ကျွန်းလုံး ကျော်စောအောင် အဆင်းအရောင်တို့ဖြင့် တင့်တယ်လှစွာသော သူဌေးသမီး ဥပ္ပလဝဏ္ဏာကို များစွာကုန်သော မင်းအပေါင်း သူဌေးအပေါင်းတို့သည် လက်ဆောင်တင်၍ တောင်းလာကြသောအခါ အဘဖြစ်သော သူဌေးကြီးသည် ငါ၏ သမီးတယောက်ထည်းကို ဤမင်း ဤသူဌေးကို ပေးလိုက်လျှင် တပါးသော မင်းသူဌေးတို့က သူတို့ကို မပေးဆက်ခြင်းကြောင့် ရန်ငြိုးထားရာ၏။ အလုံးစုံ ညီမျှအောင် ခွဲဝေစိတ်ဖြာ၍ ပေးခြင်းငှါလည်း အမဲဟင်းလျာ မဟုတ်၍ မတတ်ကောင်း သမီးချောတယောက် အတွက်နှင့် ငါဒုက္ခရောက်ချေပြီ။

ဤဒုက္ခမှ ကင်းလွတ်အောင် တမျိုးတဖုံကြံ၍ ဉာဏ်ထုတ်ဦးမှ တောင်းလာသမျှ မင်းအပေါင်း သူဌေးအပေါင်းတို့ သောင်းသောင်း ဝိုင်းညာ တောင်းလာခြင်းမရှိဘဲ ငါဖတ်ဖွာ နေရတော့မည်ဟုကြံ၍ သမီးကိုခေါ် ပြီးလျှင် ချစ်သမီးဥပ္ပလဝဏ်ဏာ—ချစ်သမီး အဆင်းလှသည်မှာ ဖခင်ဒုက္ခ ရောက်ဘို့ ဖြစ်ပါတကား။ ဇမ္ဗူဒိပ်ကျွန်းလုံး ကျော်စောသော သမီးချော တယောက်နှင့် ဖခင် ဒုက္ခရောက်ချေပြီ။ ဇမ္ဗူဒိပ်ကျွန်းလုံး အုံးအုံးသူ ကြွက် သူ့ထက်ငါသာဦးအောင်လာ၍များစွာမင်းပေါင်းဝိုင်း၍တောင်း သဖြင့် ကောင်းကောင်းမနေရ ဖခင်ဒုက္ခဖြစ်ချေပြီ။ ချစ်သမီးသည် ကာမ ချမ်းသာရှောင်ပယ်ခွါ၍သာသနာတော်ထမ်း ရဟန်းမိန်းမပြုမှသာလျှင် ပိတာမွေးဘ စိတ်လက်ချ၍ မြဲသက်သာ နေရတော့မည်။ချစ်သမီးသည် ကာမချမ်းသာ ရှောင်ပယ်ခွါ၍ သာသနာတော်ထမ်း ရဟန်းမိန်းမ ပြုလုပ် နိုင်ပါမည်လောဟု မေးမြန်းလေ၏။ သမီးချော ဥပ္ပလဝဏ်ဏာသည်ကား တသင်္ချေနှင့် ကမ္ဘာတသိန်း ပါရမီဖြည့်၍ ရင့်ပြီးသော ပါရမီရှင်ဖြစ်ရ ကား အဘပြောသော စကားကို ကြားလျှင် အကြိမ်တရာချက်ပြီးသော ဆီကြည်ဖြင့် ဦးခေါင်းထက်သို့ သွန်းလောင်းဘိသကဲ့သို့ အလွန်ဝမ်း မြောက်နှစ်သက်ခြင်းရှိလှ၍ ရဟန်းမိန်းမ ပြုလုပ်နိုင်ပါ၏၊ ဘခင်သည် ယခုပင်လျှင် ရဟန်းမိန်းမ ပြုလုပ်ခြင်းငှါ စီမံပါလော့ဟု ဆိုလေ၏။ ဘခင်သူဌေးကြီး သည်လည်း ဝမ်းမြောက် ဝမ်းသာ များစွာ သော ပူဇော်သက္ကာရတို့ကို စီရင်၍ ဘိက္ခုနီ ကျောင်းသို့ ပို့သဖြင့် ရဟန်း မိန်းမ ပြုလုပ်ပြီးလျှင် မကြာမြင့်မီ ဥပုသ်ပြုသော ဥပုသ်အိမ်၌ ဆီမီးညှိ ထွန်းရာတွင် ဆီမီးရောင်ကို နိမိတ်ယူ၍ တေဇောကသိုဏ်းလျှင် အာရုံ ရှိသော ဈာန်ကိုရ၍ ထိုဈာန်ကို ဝိပဿနာ၏ အခြေပြု၍ ရုပ်နာမ်တို့၏ ဖြစ်ခြင်း ပျက်ခြင်းကို နှလုံးသွင်းသည်ရှိသော် ရဟန်း ပြုသည့်နေ့မှစ၍ တဆဲ့ငါးရက်မတိုင်မီ ရဟန္တာမ အဖြစ်သို့ ရောက်လေ၏။ ရဟန္တာမ ဖြစ်သည်နှင့် တပြိုင်နက်သာလျှင် အဘိညာဏ် ခြောက်ပါး ပဋိသမ္ဘိဒါ လေးပါးတို့နှင့် ပြည့်စုံ၍ အနက်ထူးအားဖြင့် ရှေးဆုတောင်း အားလျော် စွာ တန်ခိုးဣဒ္ဓိ အရာတွင် များစွာသော ရဟန်း မိန်းမ အပေါင်း တို့ထက် အသာလွန်းဆုံး ဖြစ်လေ၏။ ။ထိုအကြောင်းကို ထုတ်ဆောင် ၍ ပြတော်မူလိုသော ဥပ္ပလဝဏ်ဏာထေရီ ရဟန္တာ အရှင်မ သည် ဤဂါထာကို ဟောတော်မူလေသတည်း။

အဂါရံ ပဇဟိတွာန၊ ပဗ္ဗဇိံ အနဂါရိယံ။
အဇ္ဈဂမာသေ အသဝက္ခယ ၊ စတုသစ္စ မပါပုဏိံ။

အယျာသော၊ သာသနာတော်ထမ်း ရဟန်းမိန်းမ ပြုလုပ် ကြသူ ဘိက္ခုနီလှ အရှင်မတို့- အဟံ၊ ဥပ္ပလဝဏ္ဏာ ထေရီငါသည်။ အဂါရံ၊ အိမ်ထောင်ကိစ္စ များဒုက္ခကို။ ပဇဟိတွာန၊ ရှောင်ခွါပယ်ရှား စွန့်ပစ်ထား၍။ အနဂါရိယံ၊ အိမ်ထောင်ကိစ္စ ဒုက္ခ ကင်းကွာ သာသနာတော်ထမ်း ရဟန်းမိန်းမ အဖြစ်သို့။ ပဗ္ဗဇိံ၊ ငါးထည်စုံစွာ ဖန်ဝါဆင်မြန်း ဝတ်သက်နန်းနှင့် ရဟန်းမိန်းမ ပြုလုပ်လေပြီ။ အဇ္ဈဂမာသေ၊ ဆဲ့ငါး ရက်ကျ လခွဲမျှသို့။ အသဝက္ခယ ၊ မရောက်မီ။ စတုသစ္စံ၊ ဖြစ်ခြင်း ပျက်ခြင်းကို မြင်သော သစ္စာလေးရပ် တရားမြတ်သို့။ အပါပုဏိံ၊ ထင်ထင်မျက်မှောက် အသင်းပေါက်၍ ရောက်ရပေပြီ။

မြတ်စွာဘုရားသည် တိတ္ထိတို့ကို နှိပ်နင်းခြင်းငှါ ရေမီးအစုံစုံသော ယမက ပြာဋိဟာမည်သော ကြီးစွာဆန်းကြယ် အံ့သြဘွယ် ရှိသော တန်ခိုးတော်ကို ပြတော်မူအံ့သော ဝါဆိုလပြည့်နေ့၌ နံနက်စောစော အခါသာဝတ္ထိပြည်သို့ ဆွမ်းခံဝင်တော်မူရာတွင် ကောသလမင်းကြီး၏ ဥယျာဉ်စောင့် ကဏ္ဍအမည်ရှိသောသူသည် သရက်ဖြူသီး တလုံးကို ရ၍ ကောသလမင်းကြီးအား ဆက်သရန် ဆောင်ယူလာသည်ရှိသော် မြတ်စွာဘုရားနှင့်တွေ့၍ယနေ့ ပြည့်ရှင်မင်းကြီးအား၍သရက် ဖြူသီးကို ဆက်သရလျှင် ငွေရှကျား တဆဲ့ခြောက်ကျပ်မျှသာ ဆုပေးရာသည် မြတ်စွာဘုရားအား ကပ်လှူရမူ ဘဝများစွာ အကျိုးကို ခံစားရလတ္တံ့ ဟု နှလုံးပြု၍ မြတ်စွာဘုရားအားကပ်လှူ၏။ မြတ်စွာဘုရားသည်လည်း သရက်ဖြူသီးကို ဘုဉ်းပေးတော်မူ၍ ထိုဥယျာဉ်စောင့် ကဏ္ဍကိုပင် ၍သရက်စေ့ကို ၍နေရာ၌ စိုက်လော့ဟု မိန့်တော်မူ၍ စိုက်စေပြီးလျှင် လက်ဆေးရေကို လောင်းတော် မူသော် တခဏခြင်းဖြင့် အညွန့်, အညှောက် အကိုင်း အခက် အပွင့် အသီးတို့ ဖြစ်ကုန်၍ အမြင့်အား ဖြင့် အတောင်ငါးဆယ် အကျယ်အားဖြင့် အတောင် တရာ ရှိသော သရက်ပင်ကြီးဖြစ်၍ ရဟန်းသံဃာ တော်နှင့် တကွ အလုံး စုံသော လူအပေါင်းစား၍ မကုန်နိုင်။ သရက်သီး လှူသော ကဏ္ဍသည် ထိုအံ့ သြဘွယ်ကိုမြင်လျှင် အလွန်နှစ်သက် ဝမ်းမြောက်ခြင်းဖြင့် လူအပေါင်း

တို့အား ပြောကြားလျှင် ကောသလမင်းနှင့်တကွ အလုံးစုံသော ပရိသတ်အပေါင်းတို့သည် တန်ခိုးတော်ကို ဖူးမျှော်ခြင်းငှါ လာရောက်ကြကုန်၏။ မြတ်စွာဘုရား သည်လည်း တိတ္ထိတို့ကို နှိပ်နင်း ခြင်းငှါ တန်ခိုးတော်ကိုပြအံ့ဟု ထိုသရက်ပင်ရင်းသို့ ကပ်တော်မူ၏။ ထိုအခါ၌ ဥပ္ပလဝဏ္ဏာ ထေရီအရှင်မသည် မြင်းလေးစီး ကသော ရွှေရထားကို ဖန်ဆင်း၍ မြတ်စွာဘုရား ထံတော်သို့ လာပြီးလျှင် အရှင် ဘုရား-သွီးတော် ဥပ္ပလဝဏ္ဏာသည် တိတ္ထိတို့ကို နှိပ်နင်းခြင်းငှါ တန်ခိုးပြပါအံ့ဟု မိန်းမဖြစ်သော်လည်း တန်ခိုး အစွမ်း ကြီးလှ၍ ရဲတင်းသော သိဟနာဒစကားကို လျှောက်ကြားပြီးလျှင် မြတ်စွာဘုရားအား ရှိခိုး၍ နေတော်မူ၏။ ထိုအကြောင်းကို ထုတ်ဆော်၍ ပြတော်မူခြင်းငှါ ဥပ္ပလဝဏ္ဏာထေရီ အရှင်မသည် ဤဂါထာကို ဟောတော် မူသတည်း။

ဣဒ္ဓိယာ အဘိနိမ္မိတွာ၊ စတုရဿံ ရထံ အဟံ။
ဗုဒ္ဓဿ ပါဒေ ဝန္ဒိဿံ၊ လောကနာထဿ တာဒိနော။

ထေရီဂါထာ အဋ္ဌကထာ-ဘု-ချပ်၊

အဟံ၊တပည့်တော်မ ဥပ္ပလဝဏ္ဏာ သညာဘွဲ့ရှိ ထေရီမည်ခေါ်သွီးတော်သည်။စတုရဿံ၊သိန္ဓောမြင်းလေးကောင်ကသော။ဝါ၊လေးထောင့်အစွန်း အတက်ရှိသော။ ရထံ၊ ရထားကို။ ဣဒ္ဓိယာ၊ တန်ခိုးဖြင့်။ အဘိနိမ္မိတွာ၊ ဖန်ဆင်းပြီး၍။ လောကနာထဿ၊ နတ်လူတို့၏ ကိုးကွယ်ရာဖြစ်သော။ တာဒိနော၊ ဣဋ္ဌာနိဋ္ဌ တွေ့သမျှကို တက်ကြွရှုံးငုပ် တုန်လှုပ်မရှိ တာဒိ ကျေးဇူး ဂုဏ်အထူးရှိတော်မူသော။ ဗုဒ္ဓဿ၊ မြတ်စွာဘုရား၏။ ပါဒေ၊ခြေတော်တို့ကို။ဝန္ဒိဿံ၊ ရှိခိုးပါ၏။

ဥပ္ပလဝဏ္ဏာ ထေရီသည် ဤသို့ လျှောက်ကြား၍ မြတ်စွာဘုရားအား ရှိခိုး၏။ ဤကဲ့သို့ တန်ခိုး အရာ၌ လွန်စွာ ထက်မြက် လျင်မြန်ခြင်း ရှိသော ဥပ္ပလဝဏ္ဏာထေရီ၊ ဘိက္ခုနီ ရဟန္တာ မိန်းမသည် တနေ့သ၌ သာဝတ္ထိပြည်ဇေတဝန်ကျောင်းတော်နှင့် မနီးမဝေး အန္ဓဝန-မည်သော တောအုပ်ဝယ် တခုသော အင်ကြင်းပင်၏ အရိပ်၌ ဆိတ်ငြိမ်စွာ နေ့သန့်လျက် နေတော် မူသော အခါတွင် မာရ်နတ်သည် လာ၍ ဤဂါထာကို ဆို၏။

သုပုပ္ဖိတဂ္ဂံ ဥပဂမ္မ ဘိက္ခုနီ၊
ဧကာ တုဝံ တိဋ္ဌသိ သာလမူလေ။
နစတ္ထိ တေ ဒုတိယာ ဝဏ္ဏဓာတု၊
ဗာလေန တွံ ဘာယသိ ဓုတ္တကာနံ။

သဂါထာဝဂ္ဂသံယုတ် ပါဠိတော်-၉၂။
ထေရီဂါထာ ပါဠိသော်-၂၀၁။ ထေရီအပဒါန်-၃၇၄။

သုပုပ္ဖိတဂ္ဂံ၊ ကောင်းစွာပွင့်သော ပန်းပွင့် အညွန့်အဖျား ရှိသော သစ်ပင်ရင်းသို့။ ဥပဂမ္မ၊ ခိုဝင်ကပ်ရောက်၍။ ဘိက္ခုနီ၊ ရဟန်းမိန်းမသည်။ ဧကာ၊ တယောက်ထည်း။ တုဝံ၊ သင်သည်။ သာလမူလေ၊ အင်ကြင်းပင်ရင်း၌။ တိဋ္ဌသိ၊ နေဘိ၏။ တေ၊ သင်၏။ ဝဏ္ဏဓာတု၊ အဆင်းဓာတ်သည်။ ဒုတိယာ၊ တူသောသူသည်။ နစအတ္ထိ၊ မရှိ။ ဗာလေ၊ အမိုက်မ။ တွံ၊ သင်သည်။ ဓုတ္တကာနံ၊ ကာမယစ်မူး အပျော်ကြူးသော လူဆိုးတို့ကို။ နဘာယသိ၊ မကြောက်ပါသလော။

မာရ်နတ်သည် အရှင်မဥပ္ပလဝဏ္ဏာကို ထိတ်လန့်ကြောက်ရွံ့အောင် ချောက်လှန့်၍ ဂါထာဖြင့် ဆိုသောအခါ၌ အရှင်မဥပ္ပလဝဏ္ဏာသည် ဤဂါထာကိုဆိုလာသောသူသည် လူလော ဘီလူးလေလောဟု ဆင်ခြင်သောအခါ မာရ်နတ်ဖြစ်ကြောင်းကိုသိတော်မူ၍ ဤသို့ပြန်၍ဆိုလိုက်၏။ ကာမယစ်မူး သေသောက်ကြူးတို့သည် တရာလာသော်ငြား တထောင်လာသော်ငြား ငါတယောက်ထည်းနေသော်လည်းကြောက်ရွံ့ တုန်လှုပ်ခြင်းမရှိ၊ ငါသည် တန်ခိုးဖြင့် ကွယ်ကာ၍ ကိုယ်ပျောက်အောင် တတ်နိုင်၏။ ထိုသူတို့၏ ဝမ်းတွင်းသို့သော်လည်း ဝင်၍ နေနိုင်၏။ မျက်တောင်မွေးအကြား၌ ငါနေသော်လည်း မသိနိုင်၊ ငါသည် တန်ခိုးအရာ၌ လျင်မြန်၏။ အလုံးစုံသော နှောင်ဖွဲ့ခြင်း တဏှာဒိဋ္ဌိ တို့မှ ကင်းလွတ်၏။ ငါ့ရှင်မာရ်နတ် ထိုသေသောက်ကြူးတို့ကို ငါမကြောက်ဟူ၍ ပြောလိုက်၏။ ထိုအခါ၌ မာရ်နတ်သည် ဥပ္ပလဝဏ္ဏာဘိက္ခုနီသည် ငါမာရ်နတ်ဖြစ်ကြောင်းကို သိလေပြီတကားဟု နှလုံးမသာဘဲထိုနေရာ၌ပင် ကွယ်၍ သွား၏။ တရားတော်နာ လာကြကုန်သော အရှင်မတို့ အကျွန်ုပ် ဥပ္ပလဝဏ္ဏာကို တန်ခိုးကြီးသော အရာ၌ နှစ်သက်တော်မူသော မြတ်စွာဘုရားသည် ဧတဒဂ်ထားတော်မူ၏။ အကျွန်ုပ်ဥပ္ပလ

ဝဏ္ဏာသည် နိဗ္ဗာန်တည်းဟူသော အကျိုးကို အလိုရှိ၍ အိမ်ထောင် မပြုဘဲ ရဟန်းမိန်းမ ပြုလုပ်၏။ ထိုနိဗ္ဗာန်အကျိုးသည် အလုံးစုံပြည့်စုံ၏။ အလုံးစုံသော သံယောဇဉ် ကုန်ခန်းကင်းပျောက် နှောက်မဖြစ်လာ ချမ်းသာမြေ နေထိုင်ရ၏။ အကျွန်ုပ်၏ ဒါန ပါရမီကြောင့် ပစ္စည်း လေးပါးတို့သည် တခဏခြင်း အလိုရှိလျှင် အရပ် ထက်ဝန်းကျင်မှ ကပ်လာကြကုန်၏ ဤသို့ ဟောတော်မူ၏။

[ဤကား ဥပ္ပလဝဏ္ဏာ ထေရီ အပဒါန် ပါဠိတော်၌ ပုံနှိပ်ပြီးရှိသော ပါဠိစကား အစဉ်ကို ဝတ္ထုသွား ရေးသားပြဆိုခြင်းတည်း။ ထေရီဂါထာ အဋ္ဌကထာ၌ ထုတ်ဆောင်သော ပါဠိအစဉ်ကား တမျိုးဖြစ်၍ နေ၏]။

တေန ဝုတ္တံ အပဒါနေ- ပဒုမုတ္တရောနာမ ဇိနော၊ သဗ္ဗဓမ္မာနပါရဂူ။ ဣတော သတသဟဿမှိ၊ ကပ္ပေဥပ္ပဇ္ဇိနာယကော။ ။တဒါဟံ ဟံသဝတိယံ၊ ဇာတာ သေဋ္ဌိကုလေ အဟုံ။ နာနာရတနပဇ္ဇောတေ၊ မဟာသုခသမပ္ပိတာ။ ။ဥပေတွာတံမဟာဝီရံ၊ အဿောသိံဓမ္မဒေသနံ။ တတောဇာတပသာဒါဟံ၊ ဥပေသိံ သရဏံ ဇိနံ။ ။ဘဂဝါ ဣဒ္ဓိမန္တာနံ၊ အဂ္ဂံဝဏ္ဏေသိ နာယကော။ ဘိက္ခုနိံ လဇ္ဇိနိံ တာဒိံ၊ သမာဓိဈာနကောဝိဒံ။ ။တဒါ မုဒိတစိတ္တာဟံ၊ တံဌာနံ အဘိကင်္ခိနီ။ နိမန္တေတွာ ဒသဗလံ၊ သသံဃံ လောကနာယကံ။ ။ဘောဇယိတွာန သတ္တာဟံ၊ ဒဒိတွာန တိစီဝရံ။ တဏ္ဍ မာလာ ဂဟေတွာန၊ ဥပ္ပလာ ဒေဝဂန္ဓိကာ။ ။သတ္ထု ပါဒေ ဌပေတွာန၊ ဉာဏမှိ အဘိပူဇယိံ။ နိပစ္စ သိရသာ ပါဒေ၊ ဣဒံ ဝစန မဗြဝိံ။ ။ယာဒိသာ ဝဏ္ဏိတာ ဓီတရံ၊ ဣတော အဋ္ဌမကေ ဒိနေ။ တာဒိသာဟံ ဘဝိဿာမိ၊ ယဒိ သိဇ္ဈတိ နာယက။ ။တဒါ အဝေါစ မံ သတ္ထာ၊ ဝိဿဋ္ဌာ ဟောဟိ ဒါရိကေ။ အနာဂတမှိ အဒ္ဓါနေ၊ လစ္ဆသေ တံ မနောရထံ။ ။သတသဟဿိတော ကပ္ပေ၊ ဩက္ကာကကုလ သမ္ဘဝေါ။ ဂေါတမော နာမ နာမေန၊ သတ္ထာ လောကေ ဘဝိဿတိ။ ။တဿ ဓမ္မေသု ဒါယာဒါ၊ ဩရသာ ဓမ္မနိမ္မိတာ။ နာမေနုပ္ပလဝဏ္ဏာတိ၊ ရူပေနစ ယသ သိနီ။ ။အဘိညာသုစ ဝသိပတ္တာ၊ သတ္ထု သာသနကာရိကာ။ သဗ္ဗာသဝပရိက္ခီဏာ၊ ဟေဿတိ သတ္ထုသာဝိကာ။ ။တဒါဟံ မုဒိတာ ဟုတွာ၊ ယာဝဇီဝံ တဒါ ဇိနံ။ မေတ္တစိတ္တာ ပရိစရိ၊ သသံဃံ လောကနာယကံ။ ။တေန ကမ္မေန သုကတေန၊ စေတနာပဏိဓီဟိစ။ ဇဟိတွာ မာနုသံ ဒေဟံ၊ တာဝတိံသံ အဂစ္ဆဟံ။ ။(လ)။ ။တတော တေသံ အဒံ

ယာဂုံ၊ ပသန္နာ သေဟိ ပါဏိဟိ။ တတော စုတာဟံ တိဒသံ၊ နန္ဒနံ ဥပ ပဇ္ဇဟံ။ ။အနုဘုတွာ သုခံ ဒုက္ခံ၊ သံသရိတွာ ဘာဝါဘဝေ။တဝဏ္ဏာယ မဟာဝီရ၊ ပရိစတ္တာဥ္စ ဓိဝိတံ။ ။

ဝိတာ တုသ္မံ မဟာဝီရ၊ပညဝန္တ ဇုတိန္ဓရ။ ဗဟုဥ္စ ဒုက္ကရံ ကမ္မံ၊က တံ မေ အတိဒုက္ကရံ။ ။ရေဟုလောစ အဟာဥ္စဝ၊ နေကဇာတိသတေ ဗဟူ။ကေသ္ဂ်ိ သမ္ဘဝေ ဇာတာ၊ သမာနဆန္ဒမာနသာ။ ။နိဗ္ဗတ္တိ ကေ တော ဟောတိ၊ဇာတိသု ဗဟုသော မမ။ပန္တိမေ ဘဝသမ္ပတ္တေ၊ဥဘော ပိ နာနာသမ္ဘဝါ။ ။ပုရိမာနံ ဇိနဂ္ဂါနံ။လ။ တုယှတ္ထာယ မဟာမုနိ။ ။

ထေရီဂါထာ အဋ္ဌကထာ-ဘိချပ်။

[ပုံနှိပ်ပြီး အပဒါန်ပါဠိတော်၌ ဥပ္ပလဝဏ္ဏာထေရီသည် ပဒုမုတ္တရ မြတ်စွာဘုရား လက်ထက်တော်၌ ဝိမလာမည်သော နဂါးမဖြစ်၍ ပဒုမုတ္တရမြတ်စွာဘုရားအထံ၌ တန်ခိုးကြီးသော ရဟန္တာမိန်းမ ဖြစ်ရ ပါစေသော ဟု ဆုတောင်းကြောင်းကို ဟောတော်မူသည်။ ဗျာဒိတ် ပေးသော ဂါထာများ မပါမရှိချေ။ ။ထေရီဂါထာ အဋ္ဌကထာ ထုတ် ဆောင်သော ပါဠိတော်၌ ဥပ္ပလဝဏ္ဏာထေရီသည် သေဋ္ဌိကုလ သူဌေး သမီးဖြစ်၍ ခုနစ်ရက်ပတ်လုံး ဆွမ်းကျွေးပွဲ ပြုလုပ်၍ ဆုတောင်းသော အခါ ဗျာဒိတ်ပေးသော ဂါထာများပါရှိသည်။ ထိုပါဠိတော် နှစ်ရပ်ကို ရောစပ်၍ ပဒုမုတ္တရမြတ်စွာဘုရားလက်ထက် ဥပ္ပလဝဏ္ဏာသည် ရှေး ဦးစွာ နဂါးသမီးဖြစ်၍ စုတေပြီးမှ သူဌေးသမီးဖြစ်ပြန်၍ ဗျာဒိတ်ပေး တော်မူကြောင်းကို ရှေးဆရာတော်ကြီးများ ဝတ္ထုဆက်၍ ရေးသား ပြောဟောကုန်၏။]

မွေးပြီးအခါ ကွဲ၍သွားသော သားသမီးမိခင် ဤသုံးယောက်ဘို့သည် အချင်းချင်းမသိကြဘဲ ပေါင်းဆုံမိကြသောအကြောင်း

ငါတို့မြတ်စွာဘုရား လက်ထက်တော်အခါ သာဝတ္ထိပြည်ဝယ် ကုန်သည်တယောက်၏မယားသည် မိမိလင်ယောကျ်ားနှင့် တခဏမျှ ပေါင်းဆုံကြ၍ နံနက်ကာလ၌ ပဋိသန္ဓေရလေ၏။ ပဋိသန္ဓေရသည်ကို မသိဘဲ မိုးသောက်ထအခါ ကုန်စည်ဝတ္ထုတို့ကို လှည်းဖြင့်တင်ဆောင် ၍ ရာဇဂြိုဟ်ပြည်သို့ လင်ယောကျ်ားသွားပြီးနောက် သန္ဓေရင့်သော

အခါမှ ယောက္ခမသိ၍ ငါ၏သားမရှိခိုက် သင်သည် မကောင်းကျင့်၍ သန္ဓေရသည်ဟုဆိုလျှင် အမေ၏သားမှတပါးသော ယောကျ်ားနှင့် မဆက်ဆံကြောင်းကို ချေးမကပြောသော်လည်း ယောက္ခမက ယုံကြည်ခြင်းမရှိ၍ အိမ်မှနှင်ထုတ်သဖြင့် ထိုမိန်းမသည် လင်ယောကျ်ားသွားရာ ခရီးလမ်းကို မေးမြန်းလျက် ရာဇဂြိုဟ်ပြည်သို့လာခဲ့ရာ မြို့၏ပြင်ဘက် ခရီးသွားတို့ တည်းခိုရာ စရပ်တခုသို့ရောက်လျှင် ကမ္မဇလေလှုပ်သဖြင့် သားယောကျ်ားကလေးကို ဖွားမြင်လေ၏။ ထိုမိန်းမသည် သားယောကျ်ားကလေးကိုဖွားမြင်၍ ကိုးကွယ်ရာမဲ့ တယောက်ထည်းဖြစ်လျက် သူငယ်ကလေးကို စရပ်မှာသိပ်ထားခဲ့၍ ရေချိုးရန် ရေရှိရာအရပ်ကိုရှာဖွေ၍ ထွက်သွားဆဲအခါတွင် တဦးသောကုန်သည်တယောက်သည် ထိုစရပ်သို့ရောက်လာ၍ သူငယ်ကလေးကိုမြင်သောအခါ သနားစဖွယ် သူငယ်ကလေးကို အဘဲ့ကြောင့်ပစ်ထားခဲ့ကြ ပါလိမ့်မည်နည်းဟူ၍ ကောက်ယူသွားပြီးလျှင် မိမိ၏သားပြုလုပ်၍ မွေးထားလေ၏။ ထိုသူငယ်၏ အမိသည်လည်း ရေရှိရာသို့သွား၍ ရေချိုးပြီးမှ ရေကိုဆောင်ယူခဲ့၍ စရပ်သို့ပြန်ရောက်လာသောအခါ မိမိမွေးထားခဲ့သော သားငယ်ကလေးကိုမမြင်၍ ပူပင်သောက ဒုက္ခပူဆွေးငိုကြွေးမြည်တမ်းလျက် ရာဇဂြိုဟ်မြို့တွင်းသို့ မဝင်ဘဲ ဦးတည့်ရာ ခရီးလမ်းသို့ အစဉ်ရှောက်၍လာရာတွင် ခိုးသူကြီးတဦးနှင့်တွေ့၍ အဆင်းလှသော ထိုမိန်းမကို ခိုးသူကြီးသည် ခေါ်ဆောင်သွားပြီးလျှင် မယားပြု၍ထားလေ၏။ ထိုခိုးသူကြီးနှင့် သမီးကလေးတယောက် ဖွားမြင်သောအခါ တနေ့သ၌ သမီးကလေးကို ပွေ့ပိုက်၍နေစဉ် တစုံတရာ မသင့်သော အကြောင်းဖြင့် လင်ဖြစ်သောခိုးသူကြီးနှင့် ခိုက်ရန်ငြင်းခုန်စကားပြောဆိုလျက် စိတ်ဆိုးရကား ပွေ့ပိုက်ထားသော သမီးကလေးကို အိပ်ရာညောင်စောင်းထက်သို့ ပစ်ချလျက် ညောင်စောင်းပေါင်နှင့် တိုက်မိလျှင် သမီးကလေးဦးခေါင်း၌ အနည်းငယ်မျှ ပေါက်ကွဲ၍သွားလေ၏။ သမီးကလေးဦးခေါင်းကွဲသည်ကို လင်ယောကျ်ားခိုးသူကြီး မသိအောင် ဖုံးဖိကာထားပြီးလျှင် ခိုးသူကြီးသိလျှင် သတ်ပစ်မည်ကို ကြောက်သောကြောင့် သမီးကလေးကို ပစ်ထားခဲ့၍ ရာဇဂြိုဟ်ပြည်သို့ ထွက်ပြေးကာလာခဲ့၍ တကိုယ်ထည်း လှည့်လည်သွားလာရှာဖွေစားသောက်လျက်နေ၏။ ထိုသို့နေရာတွင် တခုသော ဘိက္ခုနီ

ကျောင်းတိုက်သို့ရောက်၍ ထိုဘိက္ခုနီကျောင်းတိုက်အတွင်း စရပ်များ၌ ခိုကပ်၍နေရာတွင် ဈေးဦးအစ မွေးဖွားသော သားဦးသည်လည်း လူပျိုအရွယ်ရောက်၍ တွေ့ကြသောအခါ တဏှာရာဂဖြင့် ဖွန်းငြိကြ၍ အမိမှန်း သားမှန်း မသိကြဘဲ လင်မယားပြုလုပ်၍နေကြကုန်၏။ ထိုသို့ နေကြရာတွင် ခိုးသူကြီးနှင့် ဒုတိယ မွေးဖွားသော ခိုးသူကြီး၏ သမီးသည်လည်း အပျိုအရွယ်ရောက်၍ ရာဇဂြိုဟ်ပြည်သို့ အရောင်းအဝယ်လာရာတွင် အမိနှင့်တွေ့၍ အမိမှန်းသမီးမှန်းမသိကြဘဲ ကုန်စည်ကူးသန်း ဖေါက်သည် ပြုလုပ် ရောင်းဝယ်ခြင်းဖြင့် ကုန်စည် ကူးသန်းဘက်ဖြစ်၍ နေပြန်၏။ ထိုလုလင်ပျိုသည်လည်း တနေ့သ၌ ဤသို့ အကြံဖြစ်၏။ ငါသည် အမိလောက်ရှိသော မိန်းမကြီးကို မယားပြု၍နေရ၏။ ငါနှင့် အသက်အရွယ် နုနယ်ငယ်ရွယ်သော မိန်းမကို ယူဦးမည်ဟု အကြံဖြစ်သည့်အတိုင်း အမိမှန်းမသိသော မယားကြီးကို ပြောကြားလေ၏။ သားမှန်း မသိသော အမိ မယားကြီးကလည်း ဟုတ်ပေ၏ ငါသည် အမိအရွယ်ဖြစ်လျက် ထိုလူကလေးကို ချစ်ခင်လှသဖြင့် လင်ပြုလုပ်၍နေ၏။ ငါသည် အမိအရာကနေ၍ မိန်းကလေး တယောက်ကို ခေါ်ဆောင်၍ ပေးအံ့ဟု ကြံလျက် အမောင် မယားငယ် အလိုရှိလျှင် ငါတို့ ဖေါက်သည်ယူ၍ ကုန်စည် ကူးသန်းဘက်ဖြစ်သော မိန်းကလေးကို ယူပါလော့ဟု ဆို၍ သဘောတူကြသောအခါ ဒုတိယ မွေးဖွားသော သမီးကို သမီးမှန်းမသိဘဲ ဆောင်ယူ၍ လက်ထပ်ပေးစားလျက် အမိနှင့်နှမကို မယားကြီးမယားငယ်ပြုလုပ်၍ ထိုလုလင်ပျိုသည် အမိမှန်းလည်း မသိ နှမမှန်း လည်း မသိ နေလေ၏။ ထိုသားအမိ သုံးယောက်တို့သည် အချင်းချင်း အမိမှန်း သမီးမှန်းလည်း မသိကြကုန်။ နှမမှန်း မောင်မှန်းလည်း မသိကြကုန်။ ထိုသို့ နေကြရာတွင် တနေ့သ၌ အမိဖြစ်သော မယားကြီးက သမီးဖြစ်သော မယားငယ်၏ ဆံထုံးကို ဖြည်၍ သန်းရှာကြရာတွင် ဦးခေါင်း၌ အနာရွတ်ကိုမြင်၍ မေးမြန်းသောအခါ သမီးဖြစ်သောမယားငယ်က အကျွန်ုပ်နို့စို့အရွယ် ငယ်ငယ်ကလေးက အကျွန်ုပ်အမေနှင့် အဘေတို့ ရန်ဖြစ်ကြလျှင် အမေက စိတ်ဆိုး၍ ခေါင်းကွဲအနာနှင့် ပစ်သွားကြောင်း ကျွန်ုပ်အဘပြော၍ သိရပါသည်။ ကျွန်ုပ်အမေသည်ကား ဘယ်မှာနေသည် ဟူ၍ ယခုထက်ဘိုင် မကြား မသိရကြောင်းနှင့် ပြောလေလျှင် အမိဖြစ်သော

သူက ငါသည် သင်၏အမိဘဲဟု ပြောဆိုလေ၏။ သားဖြစ်သော လင်ကိုလည်း ထိုအတူပင် မေးမြန်းသောအခါမှ သားအမိမှန်း နှမမှန်း မောင်မှန်းသိကြ၍ သံဝေဂ ရကြသဖြင့် ရဟန်းပြုကြကုန်၏။

ထိုသားအမိသုံးယောက်တို့သည် ရဟန်းပြုကြပြီး၍ ရဟန္တာဖြစ်ကြကုန်၏။ အဘယ်သို့ ရဟန္တာဖြစ်သနည်း ဟူမူကား သားဖြစ်သော ရဟန်းသည် ဤသို့အကြံဖြစ်၏။ ငါသည် မွေးဖွား၍ အမိနို့ရည်မှ မသောက်စို့ရဘဲ အမိနှင့်ကွဲ၍သွားရ၏။ အရွယ်ရောက်၍ လူလား မြောက်သောအခါမှာလည်း အမိကိုလည်း အမိမှန်း မသိ နှမကိုလည်း နှမမှန်း မသိ မယားပြု၍ နေရ၏။ ငါ၏ ကံသည် အလွန်ဆိုးသော ကံဖြစ်၏။ သံသရာဘဝ၌ ကျင်လည်နေရသော သတ္တဝါတို့သည် ဤသို့ ကံစီရင်ရာဖြစ်ကြရကုန်၏။ သံသရာ၌ ကျင်လည်စေတတ်သော ကံကို ယခုဘဝတွင် အဆုံးထား၍ တရားကို အားထုတ်အံ့ဟု ကြံ၍ အလွန်မြိုးမြိ ခေါင်းပါးစွာသော သလ္လေခအကျင့်မြတ်ကို ဆောက်တည်၍ သုသာန် သင်းချိုင်း လမ်းကြိုလမ်းကြား အမှိုက်ပုံတို့၌ အဝတ်စုတ်တို့ကို ပံသုကူ ကောက်ယူ၍ ချုပ်ပြီးလျှင် ပံသုကူ ရှုတင်ကို ဆောင်လျက် သူသေကို နို့ရည်ဖြင့် ဆေးကြောသော ခွက်ကဲ့သို့ အလွန် ယုတ်ညံ့စွာသော မြေသပိတ်ကို ဆောင်ယူ၍ ဂင်္ဂါမြစ်ကမ်း၌ ထန်းရွက်သုံးချဖြင့် မိုးသော ကုဋီကျောင်းငယ်ကလေးကို ပြုလုပ်၍နေပြီးလျှင် ငါသည် ရဟန္တာအဖြစ်သို့ မရောက်သေးသမျှကာလပတ်လုံး စကားမပြောဘဲ ဖြစ်ပျက်တရားကိုသာ နှလုံးသွင်း၍နေအံ့ဟု အဓိဋ္ဌာန်၍ နေ၏။ထိုကြောင့် ဂင်္ဂါတီရိယထေရ်ဟူ၍ ခေါ်ကြကုန်၏။ဂင်္ဂါမြစ်ကမ်း နေ မထေရ်ဟူ၍ အမည်တွင်လျက် ပထမနှစ်လွန်၍သွား၏။ဒုတိယနှစ် အတွင်း၌ ဆွမ်းခံရွာမှ မိန်းမတယောက်သည် ဤမထေရ်ကား စကား ပြောခြင်းမရှိ။ မူဂ-သူအ, ဖြစ်လေသလောဟု တွေးတော စုံစမ်းလို၍ နို့ရည်ကို သပိတ်ထဲသို့ လောင်း၏။ မထေရ်မြတ်သည် လက်ကာခြင်း ဟတ္ထဝိကာရကို ပြသော်လည်း ထပ်၍သာ လောင်းသဖြင့်(အလံဘဂိနီ-တော်တော့ နှမ) ဟူ၍ နှုတ်မြွက်ခြင်းကို ပြုလိုက်၏။ထိုကဲ့သို့ အားထုတ် ရာတွင် တတိယနှစ်အတွင်း ဝါမကျွတ်မီ ရဟန္တာအဖြစ်သို့ရောက်၏။

ထိုဂင်္ဂါတီရိယထေရ်သည် ဤကမ္ဘာမှ ပြန်၍ ရေသော် ကမ္ဘာ တသိန်း ထက်၌ ပဒုမုတ္တရ မြတ်စွာဘုရား လက်ထက်၌ အမျိုးကောင်း

သား ဖြစ်၍ ရဟန်းသံဃာတော်ဘို့အား သောက်ရေအိုးကို တည်ထား၍ ပြည့်အောင် ခပ်လောင်းလျက် လှူဒါန်းခြင်းကို ပြု၏။ ထိုကုသိုလ်ဖြင့် နတ်ပြည်၌ဖြစ်၍ တောင်ထိပ်ဖျား, သစ်ပင်ဖျား, ကောင်းကင်၌ သော်လည်း အလိုရှိသောအခါ ရေကို ရနိုင်၏။ သောက်ရေအိုးကို တည်ထား၍ ရေလှူသော ထိုကုသိုလ်ကြောင့် ကမ္ဘာတသိန်းပတ်လုံး အပါယ်မလားဘဲ ငါတို့မြတ်စွာဘုရား လက်ထက်၌ သာဝတ္ထိပြည်ဝယ် ထိုကဲ့သို့ အမိဝမ်း၌ ပဋိသန္ဓေယူပြီးမှ ရာဇဂြိုဟ်ပြည်၌ ခရီးသွားတို့ တည်းခိုရာစရပ်တွင် မွေးဖွားလျက် အံ့ဘွယ်သရဲ အမိနှင့်ကွဲခြင်း အမိနှစ်မတို့နှင့် တဘန် အံ့ဩဘွယ် တွေ့ကြုံ ပေါင်းဆုံ မိခြင်းတို့ကို သိမြင်မှ သံဝေဂရသဖြင့် ရဟန်းပြုလျက် ထိုအဖြစ်တို့ကို စက်ဆုပ်လှသဖြင့် တရားကိုအားထုတ်၍ ရဟန္တာအဖြစ်သို့ ရောက်သောအခါ ဤဂါထာတို့ကို ဥဒါန်းကျူးတော်မူသတည်း။

> တိဏ္ဏံ မေ တာလပတ္တာနံ၊ ဂင်္ဂါတီရေ ကုဋိ ကတာ။
> ဆဝသိတ္တောဝ မေ ပတ္တော၊ ပံသုကူလဉ္စ စီဝရံ။ ။
> ဒွိန္နံ အန္တရဝဿာနံ၊ ဧကာ ဝါစာ မေ ဘာသိတာ။
> တတိယန္တရဝဿမှိ၊ တမောခန္ဓော ပဒါလိတော။

ထေရီဂါထာပါဠိတော်-၁၂၁။ သေရာဂါဿအဋ္ဌကထာ ဌာ-ချပ်၊

မေ၊ ငါ၏။ ကုဋိ၊နေထိုင်ရန် ကျောင်းကို။ဂင်္ဂါတီရေ၊ ဂင်္ဂါမြစ်ကမ်း၌။တိဏ္ဏံတာလပတ္တာနံ၊သုံးလက်သောထန်းရွက်တို့ဖြင့်။ကတာ၊ဆောက်လုပ်မိုးကာပြုထားပါ၏။မေငါ၏။ပတ္တော၊သပိတ်သည်။ဆဝသိတ္တောဝ၊ သူသေကို သွန်းလောင်း ဆေးကြောရန် ရှိရည်ထည့်သော ခွက်ကဲ့သို့ အဘိုးမတန် ဖြစ်၏။ ပံသုကူလဉ္စ စီဝရံ၊ ပံသုကူသင်္ကန်းကို ငါဆောင်၏။ ဒွိန္နံအန္တရဝဿာနံ၊ နှစ်နှစ်တို့၏ အတွင်း၌။ မေ၊ ငါသည်။ ဧကာဝါစာ၊ တခွန်းသော စကားကို။ ဘာသိတာ၊ ပြောဆိုမိ၏။ တတိယန္တရဝဿမှိ၊ သုံးနှစ်မြောက်သောပါတွင်း၌။တမောခန္ဓော၊အဝိဇ္ဇာလုံး အမိုက်တုံးကို။ ပဒါလိတော၊ဘောက်ခွဲနိုင်လေပြီ။

သွီးနှင့်အမိဘို့သည်လည်း သွီးမှန်း,အမိမှန်း သိသောအခါ ဤကဲ့သို့ အဖြစ်မျိုးမှ ယခုဘဝ ကင်းလွတ်စေမည်ဟူ၍ သံဝေဂရှေ့ထားလျက် တရားကို အားထုတ်လျှင် ရဟန္တာမိန်းမအဖြစ်သို့ ရောက်၍ ဖြီးပြီးသော

ရဟန်းကိစ္စရှိရကား ဆိတ်ငြိမ်သောနေရာ၌ နေလျက် မိမိ၏ရှေးပဋိပတ်ကို ဆင်ခြင်၍ ဤဂါထာတို့ကို ရွတ်ဆိုလေသတည်း။

ဥဘော မာတာစ ဓိတာစ၊ မယံ အာသုံ သပတိယော။

တဿာမေ အဟု သံဝေဂေါ၊ အဗ္ဘုတော လောမဟံသနော။

မာတာစ၊ အမိသည်၎င်း။ဓိတာစ၊သမီးသည်၎င်း။ဥဘော၊နှစ်ယောက်ကုန်သော။မယံ၊ငါတို့သည်။သပတိယော၊ အတူတကွ လင်နေကြသည်။ အာသုံ၊ဖြစ်ရလေကုန်ပြီ။တဿာမေ၊ ထိုသို့ဖြစ်ငြား လင်မယားတွင် သားနှင့်သမီး လင်မောင်ကြီးဟု သိပြီးသောခါ အမိငါသည်။သံဝေဂေါ၊ ရှက်စိတ်ကြောက်စိတ် လန့်ထိတ်နှလုံး ယူကျုံးမရ သံဝေဂသည်။ အဟု၊ ဖြစ်လေပြီ။အဗ္ဘုတော၊မဖြစ်စဘူး၊ အထူးအံ့သြဘွယ်ဖြစ်သော။ လောမဟံသနော၊ကြက်သီးထခြင်းသည်။ အဟု၊ ဖြစ်လေပြီ။

အမိဖြစ်သော ရဟန္တာမိန်းမဖြစ်သည် ဤဂါထာကို ရွတ်ဆိုသောအခါ သမီးဖြစ်သောရဟန္တာမိန်းမဖြစ်သည်လည်း ဤဂါထာကို ရွတ်ဆိုပြန်၏။

ဓိရတ္ထု ကာမာ အသုစိ၊ ဒုဂန္ဓာ ဗဟုကဏ္ဋကာ။

ယတ္ထ မာတာစ ဓိတာစ၊ သဘရိယာ မယံ အဟုံ။

ကာမာ၊ ကာမဂုဏ်တို့သည်။ ဓိ၊ စက်ဆုပ်ဘွယ်ရှိသည်။ အတ္ထု၊ ဖြစ်ကုန်၏။ အသုစိ၊ အညစ်အကြေး ယိုစီးခြင်းဖြင့် စက်ဆုပ်စဖွယ် မစင်ကြယ်။ဒုဂန္ဓာ၊ မကောင်းသောအနံ့ရှိ၏။ ဗဟုကဏ္ဋကာ၊ ဆူးငြောင့်ခလုတ် ရှုပ်ပွေခြင်းရှိတတ်၏။ ယတ္ထ၊ အကြင် မစင်မကြယ် ရွံဘွယ် ဟောင်ပုပ် စက်ဆုပ်စရာ ငြောင့်များစွာသော ကာမဂုဏ်၌။မာတာစ၊ အမိသည်၎င်း။ ဓိတာစ၊ သမီးသည်၎င်း။ မယံ၊ ငါတို့သည်။ သဘရိယာ၊ အတူတကွ မယားကြီး မယားငယ်တို့သည်။အဟုံ၊ ဖြစ်ကြရလေကုန်ပြီ။

ဥပ္ပလဝဏ္ဏာ ထေရီအရှင်မသည် ထိုသားအမိ၊ မောင်နှင့်နှမ မသိကြဘဲ ကာမမက်မှား လင်မယား ဖြစ်ကြသော အကြောင်းကို ထပ်၍ တဘန် ဟောပြပြန်၏။

ကာမေသွာဒီနဝံ ဒိသွာ၊ နေက္ခမ္မံ ဒဠှ ခေမတော။

သာ ပဗ္ဗဇိံ ရာဇဂဟေ၊ အဂါရသ္မာ နဂါရိယံ။

အယျာယော၊ ဘိက္ခုနီလောင်း အရှင်မကောင်းတို့။ သာ၊ ထို-သားမောင်ကြီးကို သမီးအမေ မသိလေ၍ လင်နေမိမှား မယားကြီးငယ်

ရှက်ဘွယ်ဖြစ်ရ ထိုမိန်းမသည်။ ကာမေသု၊ ကာမဂုဏ်တို့၌။ အာဒီနဝံ၊ အပြစ်ကို။ ဒိသွာ၊ မြင်၍။ နေကွမံ၊ ငါးထည်သက်န်း ဝတ်ဆင်မြန်းလျက် ရဟန်းမိန်းမ ပြုလုပ်ရ၍ ကာမလွတ်ကင်း ထွက်မြောက်ခြင်းကို။ ခေမတော၊ ဘေးကင်းသော အားဖြင့်။ ဒဋ္ဌု-ဒဋ္ဌုံ၊ သိမြင်၍။ ရာဇဂဟေ၊ ရာဇဂြိုဟ်ပြည် ဘိက္ခုနီပေါင်း ပျော်အောင်းနေရာ ကျောင်းတိုက်သာ၌။ အဂါရသ္မာ၊ အိမ်ရာတည်ထောင် လူတို့ဘောင်မှ။ အနဂါရိယံ၊ အိမ်ရာမထောင် ရဟန်းဘောင်သို့။ ပဗ္ဗဇိ၊ ရဟန်းမိန်းမ ပြုလုပ်လေ၏။

ဥပ္ပလဝဏ္ဏာထေရီ ဟောတော်မူသော အပဒါနိတရားပြီး၏။

[ကျေနပိသတိဝတ္ထု]

ပဋာစာရီထေရီ အပဒါန်ဝတ္ထု ဗျာဒိတ်ခံတော်း

ပဋာစာရီထေရီ ရဟန္တာအရှင်မသည် ပဒုမုတ္တရ မြတ်စွာဘုရား လက်ထက်၌ သူဌေးသမီးဖြစ်၍ မြတ်စွာဘုရား တရားတော်ကိုနာရန် ကျောင်းတော်သို့သွားသောအခါ ပဒုမုတ္တရ မြတ်စွာဘုရားသည် ဟာရိန္နီ အမည်တော်ရှိသော ရဟန်းမိန်းမတဦးကို ဝိနည်း ဝိနယကတ်တော်ကို ဆောင်နိုင်သော အရာ၌ ဧတဒဂ်ထားတော်မူသည်ကို မြင်၍ ထိုဟာရိန္နီ ရဟန္တာအရှင်မကဲ့သို့ နောင် ပွင့်တော်မူသော မြတ်စွာဘုရားရှင်တို့၏ လက်ထက်တော်၌ ဝိနယဓရဧတဒဂ်ကို ရပါစေသောဟု ဆုတောင်းခြင်းကို ပြုပြီးလျှင် ဘုရားအမှူးရှိသော သံဃာတော် အပေါင်းတို့အား ဆွမ်းကျွေးခြင်းကို ပြုလုပ်ပူဇော်၏။ပဒုမုတ္တရ မြတ်စွာဘုရားသည် တောင်းသည့်ဆုအတိုင်း ပြည့်စုံလတ္တံ့ဟု ဗျာဒိတ်စကား မိန့်ကြားတော်မူ၏။ ထိုသူဌေးသမီးသည် အသက်ရှည်သမျှ ကာလပတ်လုံး ကုသိုလ်ကောင်းမှုတို့ကို ပြုလုပ်၍ စုတေသည်ရှိသော် နတ်ပြည်၌ ဖြစ်လေ၏။ ဤသို့လျှင် လူ့ပြည် နတ်ပြည်တို့၌သာလျှင် ကျင်လည်၍ ကမ္ဘာတသိန်း လွန်သည်ရှိသော် ယခုဘဒ္ဒက ကမ္ဘာအတွင်း၌ ကဿပမြတ်စွာဘုရား ပွင့်တော်မူသောအခါ ကာသိတိုင်း ဗာရာဏသီပြည်ဝယ် ကိကီမင်းကြီး၏သမီးတော် ခုနစ်ယောက်တို့တွင် ဘိက္ခုနီဟူသော အမည်ဖြင့် တတိယသမီးတော်ဖြစ်၍ ညီအစ်မခုနစ်ယောက်တို့သည် ကုမာရီဗြဟ္မစာရီအကျင့်ကို ကျင့်သုံးလျက် နှစ်ပေါင်းနှစ်သောင်းအသက်တမ်းရှိသမျှကာလပတ်လုံး

ကုသိုလ်ကောင်းမှုတို့ကို ပြုလုပ်၍ ရတောလျှင် တာဝတိံသာ၌ ဖြစ်၏။ ထိုအကြောင်းကို ပြတော်မူခြင်းငှါ ဤဂါထာကို ဟောတော်မူအပ်သတည်း။

ဘေဟိ ကမ္မေဟိ သုကတေဟိ၊ စေတနာပဏိဓိဟိစ။
ဇဟိတွာ မာနုသံ ဒေဟံ၊ တာဝတိံသံ အဂစ္ဆဟံ။

အယျာယော၊ တရားတော်ကို ရှိသေစွာ နာလာကြကုန်သော ဘိက္ခုနီလှ အရှင်မတို့။ အဟံ၊ ပဋာစာရီ ငါထေရီသည်။ သုကတေဟိ၊ ကောင်းစွာပြုအပ်ကုန်သော။ တေဟိကမ္မေဟိစ၊ ထိုကုမာရီသီလ ဖြဟ္ဓစာရီ ကုသိုလ်တို့ဖြင့်ငှင်း။ စေတနာပဏိဓိဟိစ၊ ဆောက်တည်မြဲစွာ စေတနာတို့ဖြင့်ငှင်း။ မာနုသံ၊ လူ့ပြည်၌ဖြစ်သော။ ဒေဟံ၊ ကိုယ်ကို။ ဇဟိတွာ၊ ပယ်စွန့်၍။ တာဝတိံသံ၊ တာဝတိံသာနတ်ပြည်သို့။ အဂစ္ဆိံ၊ ရောက်ရဘူးလေပြီ။

ငါတို့မြတ်စွာဘုရား ပွင့်တော်မူသောအခါ သာဝတ္ထိပြည်၌ သူဌေးသမီးဖြစ်၍ အရွယ်ရောက်သောအခါ မိမိအိမ်၌ ခိုင်းစေ၍နေသောအစေခံ ကျွန်ယောကျ်ားနှင့် မှားယွင်း၍နေသည်ကို အမိအဘတို့မသိကြဘဲ အမျိုးတူသော သူဌေးသားနှင့် ပေးစားလက်ထပ်ရန် နေ့ရက် ချိန်းချက်သည်ကို သိလျှင် မိမိချစ်ကျွမ်းဝင်၍ နေသော ကျွန်ယောကျ်ားကို ခေါ်ယူ၍ အမိအဘတို့ မသိအောင် အိမ်နောက်ဘေး တံခါးငယ်ဖြင့် ထွက်ပြေး၍ တရသောရွာငယ်တွင်နေ၏။ထိုအကြောင်းကို ထုတ်ဘော်ထင်ရှား ဟောကြားတော်မူလို၍ ဤဂါထာကို ဆိုသတည်း။

ယဒါစ ယောဗ္ဗနူပေတာ၊ ဝိတက္ကဝသဂါ အဟံ။
နရံ ဇာရပတိံ ဒိသွာ၊ တေန သဒ္ဓိံ အဂစ္ဆဟံ။

အယျာယော၊ အရှင်မတို့။ ယဒါစ၊ အကြင် အခါ၌ကား။ ယောဗ္ဗနူပေတာ၊ ဆဲ့ငါး-ဆဲ့ခြောက် ပျိုပေါက်နုနယ် အရွယ်ရောက်စ အခါကျသော။ အဟံ၊ ပဋာစာရီ ငါထေရီသည်။ ဝိတက္ကဝသဂါ၊ ကာမဝိတက် နှောက်ရှက်ပွေလီ ကြံစည်ပျော်ပိုက် စိတ်လိုလိုက်၍။ နရံ၊ မိမိအိမ်နေ အစေခံငြား ကျွန်ယောကျ်ား ဖြစ်သော။ ဇာရပတိံ၊ ပုန်းလျှိုးချစ်ခင် ယောကျ်ားလင်ကို။ ဒိသွာ၊ ရှေးဦးအစ ကာမလွန်ကြူး အထူးစိတ်စွဲ မခွဲ လိုက်ချင် အထူးမြင်၍။ တေန၊ ထိုရှေးက ရှင်မြူး ချစ်ဦးကြင်စ မောင်ဒါသနှင့်။ သဒ္ဓိံ၊ အတူတကွ။ အဂစ္ဆိံ၊ ထွက်ပြေးခဲ့ဘူးလေပြီ။

အစေအပါး ကျွန်ယောကျ်ားနှင့် လိုက်သွားပျော်မြူး ကာမကြူး၍ သွားဦးသန္တေ့ ဟည်နေသဖြင့် ကိုယ်ဝန်ရင့်သော် အခွင့်မသာ ဆွေညာ ကင်းဝေး ရပ်တကျေး၌ သားမွေးကိစ္စ မသင့်လှ၍ မိဘတို့ထံ ပြန်ဖို့ပါ ဟု မောင်ဒါသကိုပြောဆိုရာ ထိုနေ့သွားမည် ဤနေ့သွားမည် ရက်ရှည် နေ့များ ဆွဲ၍ထားသဖြင့် ယောကျ်ားငမိုက် ငါမှားလို့ကြိုက်မိသည် သင်း လိုက်၍ ပို့ဝံ့မည်မဟုတ်ဟု အထုပ်အပိုးများကို သင့်ရာလျော်ရာ သိမ်း သို၍ ထားပြီးလျှင် ယောကျ်ားမရှိခိုက် အိမ်နီးချင်းများကို မှာထား၍ မိဘထံ ပြန်တော့မည်ဟု တယောက်ထည်း ထွက်လာခဲ့ရာ မောင်ဒါသ ရောက်လာ၍ အိမ်မှာမမြင်၍ မေးလျှင် အိမ်နီးချင်းတို့ ပြောစကားနှင့် သနားသောစိတ် ဖြစ်လှသောလင်ယောကျ်ား မောင်ဒါသသည် ငါ့ကို အမှီပြု၍ အမျိုးကောင်းသမီးမှာ ကိုးကွယ်ရာမဲ့ ဖြစ်ရတော့မည်ဟု ထွက် သွားသောလမ်းမှ ခြေလှမ်းသောအစဉ်ခြေရာကိုမြင်၍လျှင်စွာလိုက်လာ သဖြင့်မြို့ရွာမနီး ခရီးလမ်းအကြားတွင် သားမွေး၍ နေသည်ကို မှီလေ၍ သားမွေးခြင်းကိစ္စပြီးသောအခါ မိဘတို့ထံပြန်လိုသောစိတ်မရှိသဖြင့် မိမိလင်ယောကျ်ား မောင်ဒါသကိုခေါ်ယူ၍ ပြန်လာပြီးလျှင် တောရွာ ကလေး၌ပင် နေပြန်၏။ ထိုနောက်တဘန် သားရှိပြန်သော် ဖွေးအတူပင် မိဘတို့ထံပြန်၍ သားဖွားမည်ဟု မောင်ဒါသကို မပန်ဘဲ လာခဲ့ပြန်ရာ လမ်းခရီးအကြား၌ မောင်ဒါသ လိုက်လာ၍ မှီပြန်၏။ ထိုအခါ၌ ကမ္ဘဇ လေ လှုပ်ရှားသဖြင့် ကြီးမား ဆင်းရဲ လွန်ကဲလှစွာ ဝမ်းပိုက်နာ၍ သားဖွားလေ၏။ ထိုသို့ သားဖွားဆဲအခါတွင် ကြီးစွာသော မိုးကြီး သည် သည်းထန်စွာ ရွာလေ၏။ ထိုအခါ၌ ချစ်လင် ကိုဒါသ- မိုးလုံ ရာဌာနကို ရအောင်ရှာပါလော့ဟု စေခိုင်း၍ မောင်ဒါသသည်လည်း ထိုမှ ဤမှ ကြည့်ရှု ရှာဖွေသောအခါ မြက်တို့ဖြင့် ဖုံးအုပ်၍ နေသော ချုံတခုကိုမြင်၍ ထိုချုံသို့ သွားပြီးလျှင် လက်မှာကိုင်လျက် ပါသော ပဲခွပ်ဖြင့် မြက်ဖုံး၍နေသော တောင်ပို့တွင်း၏အထက်မှ သစ်သားကို ခုတ်ဖြတ်သောအခါ တောင်ပို့အတွင်းမှ အဆိပ်ထန်သော မြွေဟောက် သည် ဒေါသမာန်ထွက်၍ ကိုက်ပေါက်သဖြင့် ထိုနေရာ၌ပင် လည်း လူး၍ သေခြင်းသို့ ရောက်ရှာလေ၏။ စည်းစိမ်ဥစ္စာ ချမ်းသာ ပေါများ သော သူဌေးသမီးသည် ကာမပိတက် နှောက်ရှက် ပျက်ပြား ကျွန်နှင့် မှား၍ ကြီးမားသော ဆင်းရဲကိုခံလျက် ကိုဒါသ လာခဲလှသည်ဟု

မျှော်ကာ ရှုကြည့်စဉ် နေဝင်၍သွားသဖြင့် တညလုံး သည်းထန်စွာ ရွာသွန်းသော မိုဃ်းရေထဲ၌ စိုရွှဲသော အဝတ်တို့ဖြင့် ဖုံးအုပ်လျက် လေတိုက် မိုဃ်းရိုဖြင့် ငိုကြွေးသော ကလေးနှစ်ယောက်ကို ရင်ခွင်အကြား၌ထား၍ ပုဆစ်ဒူးနှစ်ဘက်တို့ကို တုတ်ကွေး လက်နှစ်ဘက်ဖြင့် ပိုက်ထွေးလျက် မြေကြီးမှာ ဝပ်ပြီးလျှင် တညလုံး ဆင်းရဲကြီးစွာ နေရရှာ၏။ နံနက်မိုးသောက် အလင်းရောက်လျှင် မံသပေသိဝတ္ထု–သားတစ် အဆင်း ခြင်းခြင်းနီတွေး မွေးခါစသားကလေးကို အဝတ်နှင့် ပိုက်ထွေး၍ သားအကြီးကို လက်မှာ ဆွဲလျက် ချစ်သားလူကလေး သင်၏ဘခင်သည် ဤလမ်းသို့သွားသည်ဟု ပြောဆို၍ လင်ယောကျ်ား၏ သွားရာလမ်းကိုလိုက်သည်ရှိသော် တောင်ပို့၏အနီး၌ ကိုးကွယ်ရာမဲ့ သေဆုံးနေသည်ကို မြင်လျှင် ငါ့ကိုအမှီပြု၍ ငါ၏ ချစ်လင် သေဆုံးရလေခြင်းဟု မြည်တမ်း ငိုကြွေးလျက် ပြန်လာခဲ့၍ တညလုံး ရွာသွန်းသော မိုဃ်းရေဖြင့် ဒူးပုဆစ်မျှ စီးသော ရေစီးရှိသော မြစ်ချောင်းငယ်တခုသို့ရောက်လျှင် ဉာဏ်အားကိုယ်အား နည်းပါးလှသဖြင့် သားငယ်နှစ်ယောက်တို့နှင့် ရေသို့ကူးသွားခြင်းငှါ မရဲဝံ့ရကား သားအကြီးကို ဤမှာဘက်မြစ်ကမ်း၌ ထားခဲ့၍ မွေးခါစ ဖြစ်၍ သားတစ် အဆင်း ခြင်းခြင်းနီတွေး သားကလေးကို ပိုက်ချီကာ မြစ်ချောင်းကို ဖြတ်ကူးလျက် တဘက်ကမ်းသို့ ရောက်လျှင် သစ်ခက်တို့ကိုချိုးကာ မြေကြီးမှာ ခင်း၍ ထိုသစ်ခက်အပေါ်မှ အဝတ်ဖြင့် ထွေးကာ သားကလေးကို အိပ်စေ၍ သားအကြီးကိုဆောင်ယူရန် ပြန်လာ၍ မြစ်ကိုကူးသောအခါ သိပ်ထားခဲ့သော သားကလေးကို ပြန်ကာ လှည့်ကာ မကြာမကြာ ကြည့်မျှော်လျက် မြစ်လယ်သို့ရောက်သောအခါ စွန်ရဲတကောင်သည် ပျံဝဲကာ လာသည်ကိုမြင်လျှင် လက်နှစ်ဘက်တို့ကိုမြှောက်၍ အော်ဟစ်ခါ ချောက်သော်လည်း သားတစ်ဟု မှတ်ထင်သော စွန်ရဲသည် မွေးခါစ သားကလေးကို ထိုးသုတ် ချီယူ၍ သွားလေ၏။ မြစ်ကမ်းတဘက်၌ ထားခဲ့သော သားအကြီးသည်လည်း အမိခေါ်သည်ဟု မှတ်ထင်၍ မြစ်ချောင်း ရေထည်းသို့ လျင်စွာပြေးလာ၍ ဆင်းသောအခါ မျောပါ၍သွားသဖြင့် သေဆုံးပြန်၏။ သားငယ်ကိုစွန်သုတ် ရေမြှုပ်၍ သားကြီးသေ လင်ယောကျ်ားလည်း မြွေကိုက်၍ လမ်းမှာသေဆုံး သားနှစ်ယောက် လင်တယောက်တို့ ရှေ့နောက်မကွာ ဆက်ခါ

လက်ဝင်း ချက်ခြင်းခဏ သုံးယောက်လုံး သေကြ၍ သောကလောင်မီး ပူအားကြီး၍ ရင်တီး လက်ခတ် ဆတ်ဆတ်တုန်မျှ ပူဆွေးလှသော သူဌေးသမီးသည် ရင်ဘတ်ကို တီးလျက် ငိုညည်းကာ သွားပြန်လျှင် သာဝတ္ထိပြည်မှ လာသော ခရီးသွား ယောကျ်ား တယောက်နှင့် တွေ့၍ အမောင်– ဘယ်အရပ်သားပါနည်း ဟု မေးလျှင် သာဝတ္ထိပြည်သား ဖြစ်ကြောင်းကိုပြော၍ သာဝတ္ထိပြည် ဤမည်သောလမ်း၌ ဤမည်သော သူဌေးများကို သိပါ၏လော ဟု မေးလျှင် ထိုသူဌေးများကို သိပါ၏။ သို့သော်လည်း ထိုသူဌေးများကို မမေးပါလင့် မေးလိုလျှင် တပါးသော အကြောင်းကိုသာ မေးပါလော့ဟု ဆိုလျှင် တပါးသောအကြောင်းကို မမေးလိုပါ ထိုသူဌေးများကိုသာ မေးလိုပါသည်ဟု ပြောလျှင် အမိ– သင်သည် မပြောလိုသည်ကို အခွင့်မပေး ထပ်၍ မေး၏။ ယမန်နေ့ တညလုံး ရွာသော မိုးကြီးကို သင် မြင်ပါ၏လော ဟု မေးလျှင် မြင်ပါ၏ အမောင်၊ ငါသည်လည်း တညလုံးရွာသောမိုးစို၍ နေရ၏ ထိုအကြောင်းကို နောက်မှ ပြောပါအံ့။ ထိုသူဌေးများ အကြောင်းကို သာလျှင် ရှေးဦးစွာ ပြောပါဦးလော့ဟု မေးလျှင် ယနေ့ည ရွာသော မိုးကြီးဖြင့် သူဌေးကြီးနှင့် သူဌေးကတော်ကြီး သားကြီးတယောက် ဤသုံးယောက်လုံးကို တိုက်ပြို၍ ဖိသဖြင့် တပြိုင်တည်း မီးသင်းဂြိုဟ် ရ၏။ မီးခိုးတထောင်းထောင်း တလူလူ နေသည်ကို ဟိုမှာ ကြည့်ရှုပါလော့ဟု လက်ညှိုးထိုးကာ မီးခိုးကို ပြသောအခါ ထိုခဏ၌ ကိုယ်မှ ခါးဝတ် လျှောကျ၍ ကျွတ်သည်ကို ကျွတ်မှန်း မသိ သတိမရ သောကမ္ဗတ္တက သောက လွန်ကြူး သောကရူး အဖြစ်သို့ ရောက်၍–

"သားနှစ်ယောက်လည်းသေ လင်လည်းသေ အမိ အဘ လည်းဆုံး မောင်လည်းဆုံး အားလုံး ရှို့မြိုက် မီးလောင်တိုက်။ သားနှစ်ယောက်လုံးသေ လင်လဲသေ အမိအဘလဲဆုံး မောင်လဲ ဆုံး အားလုံး မီးတိုက်ရှို့၍မြိုက် လောင်တိုက်အပူ ပွက်ပွက်ဆူ"

ဤစကားကိုသာ အခါခါဆိုမြည်လျက် ချာချာလည် ရူးသွပ်သွားရှာ လေသတည်း။ ထိုအခါမှစ၍ ကိုယ်မှအဝတ် လျှောကျ၍ ကျွတ်သဖြင့် အဝတ်မရှိ မိမွေးတိုင်းကိုယ်ဖြင့် ထိုထိုအရပ်သို့ လှည့်ပတ် သွားလာ၍ နေသောကြောင့် ပဋာစာရီ ဟူသော အမည်ဖြစ်လေသတည်း။

တသ္မိံ ခဏေ နိဝတ္တ ဝတ္တံ ပတမာနံ နသဋ္ဌာနိ။ သောကုမ္ဘတ္တံ နာမ ပတ္တာ ဇာတရူပနေဝ—

ဥဘော ပုတ္တာ ကာလကတာ၊ ပန္ထေ မယှံ ပတိ မတော။
မာတာ ပိတာ စ ဘာတာ စ၊ ဧကစိတမှိ ဍယှရေ တိ။

ဝိလပန္တီ ပရိဗ္ဘမန္တီ တဒါ ပဋ္ဌာယ တဿာ နိဝါသနမတ္တေနပိ ဝတ္ထေန အစရတော ပတိတစာရတ္တာ ပဋ္ဌာစာရာတွေဝ သမညာ အဟောသိ။

ထေရီ ဂါထာ အဋ္ဌကထာ ပု-ချပ်။

တသ္မိံခဏေ၊ ထိုမီးခိုးကို လက်ညှိုးထိုး၍ ပြသောခဏ၌။ နိဝတ္ထ ဝတ္ထံ၊ ဝတ်သောအဝတ်သည်။ ပတမာနံ၊ ချော်ကျ၍ ကျွတ်သည်ကို။ နသဋ္ဌာနိ၊ မသိရှာလေ။ သောကုမ္ဘတ္တံနာမ၊ သောကလွှမ်းကြူးသောကရုဏ်း အဖြစ်သို့၊ ပတ္တာ၊ ရောက်၍။ ဇာတရူပနေဝ၊ မိမွေးတိုင်းသော ကိုယ်ဖြင့် သာလျှင်။ ဥဘောပုတ္တာ၊ သားနှစ်ယောက်တို့သည်။ ကာလကတာ၊ သေကြလေကုန်ပြီ။ မယှံ၊ ငါ၏။ ပတိ၊ လင်သည်။ ပန္ထေ၊ ခရီးလမ်း၌။ မတော၊ သေခဲ့လေပြီ။ မာတာပိတာစ၊ အမိ အဘ သည်လည်းကောင်း။ ဘာတာစ၊ မောင်သည်လည်းကောင်း။ ဧကစိတမှိ၊ တစုသောထင်းပုံ ထက်၌။ ဍယှရေ၊ မီးရှို့လိုက်ကြလေပြီ။ ဣတိ၊ ဤစကားကို။ ဝိလပန္တီ၊ အခါခါ ဆိုမြည်လျက်။ ပရိဗ္ဘမန္တီ၊ ချာချာလည်ရူးသွပ်လျက်။ တဒါ၊ ထိုအခါမှ။ ပဋ္ဌာယ၊ စ၍။ နိဝါသနမတ္တေနပိဝတ္ထေန၊ ဝတ်ရုံမျှသောအဝတ် ဖြင့်လည်း။ အစရတော၊ သွားလာခြင်းမရှိရကား။ ဝါ၊ ခါးမှာဝတ်သော အဝတ်မျှဖြင့်လည်း မဝတ်ဘဲ သွားလေသောကြောင့်။ ပတိတစာရတ္တာ၊ ချော်ကျသောအဝတ်ဖြင့် လှည့်ပတ် သွားလာ၍နေသောကြောင့်။ ပဋ္ဌာစာရာတွေဝသမညာ၊ ပဋ္ဌာစာရီ ဟူသော အမည်သည်သာလျှင်။ အဟောသိ၊ ဖြစ်၏။

ထိုကဲ့သို့ အဝတ်မပါ သွားလာလှည့်ပတ်၍ နေသည်ကို အချို့သူတို့သည် အရူးမသွားလေလော့ဟု ဆို၍ ဦးခေါင်းထက်၌ အမှိုက်ကို လောင်းသူလောင်း မြေမှုန့်နှင့်ပက်သူပက် အုဋ်ခဲကျောက်ခဲကိုကောက်၍ ပစ်သူပစ် ညစ်ထေးပေရေပိန်ချုံး၍နေလေ၏။ တနေ့သ၌ မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတိုက်တော်အတွင်း များစွာသော ပရိသတ်

အလယ်၌ တရားဟောတော်မူသော နေရာသို့ လှည့်လည် လာသည်ကို မြင်တော်မူလျှင် ပဋ္ဌာစာရီ၏ ပါရမီဉာဏ်ရင့်ပြီးသည်ကို ကြည့်ရှုတော်မူ၍ ကျောင်းတိုက်တွင်းသို့ လာစေသတည်းဟု အဓိဋ္ဌာန်တော်မူလျှင် မြတ်စွာဘုရား၏ အဓိဋ္ဌာန်တော်နှင့် တပြိုင်နက် ကျောင်းတိုက်တွင်းသို့ ဝင်၍ လာလေ၏။ မြင်သောလူတို့သည် ဤအရူးမကို လာခွင့် မပေးကုန်လင့်ဟု ပြောဆိုကြကုန်၏။ မြတ်စွာဘုရားသည် မတားမြစ်ကြကုန်လင့်ဟု မိန့်တော်မူ၍ မနီးမဝေးသို့ရောက်သောအခါ (ဘဂိနီ၊ နှမ။ သတိံ၊ သတိကို။ ပတိလဘာသိ၊ ရပါစေလော့) ဤသို့ မြတ်စွာဘုရားဆိုတော်မူလျှင် ဘုရား၏ အာနုဘော်ဖြင့် သတိရ၍ လာသော အခါမှ အဝတ်မပါမှန်းကိုသိ၍ ဟိရိဩတ္တပ္ပ ဖြစ်လာသဖြင့် ဒူးပုဆစ်ချကာ မြေမှာ ဝပ်လေ၏။ ယောကျ်ားတယောက်သည် အပေါ်ရုံပုဆိုးပိုင်း တခုကိုပစ်၍ ပေးလိုက်သော် ထိုပုဆိုးပိုင်းကို ကောက်ယူကာ ဝတ်လျက် မြတ်စွာဘုရား၏ ခြေတော် ရင်းသို့ကပ်၍ ငါးပါးသော တည်ခြင်းဖြင့် ဦးချရှိခိုး၍ တပည့်တော်မ၏ အားထားမှီခိုရာ ဖြစ်တော်မူပါ မြတ်စွာဘုရား။ တပည့်တော်မ၏ သားငယ် ကလေးကိုစွန်ချီ၍ သွားပါသည် မြတ်စွာဘုရား၊ သားအကြီးကို ရေမျော၍ သွားပါသည် မြတ်စွာဘုရား၊ လင်ယောကျ်ား သည်ကား လမ်းခရီးမှာပင် သေဆုံးခဲ့ပါသည် မြတ်စွာဘုရား၊ သားနှစ်ယောက်လုံးသေ လင်လဲသေ၍ အမိအဘ ရှိရာ လာခဲ့သောအခါ အမိအဘနှင့်မောင်ကြီးတို့မှာ တိုက်ပြို၍ဖိသဖြင့် သုံးယောက်လုံး တပြိုင်နက် မီးသင်းဂြိုဟ်၍ မီးခိုးကိုသာ မြင်လိုက် ရပါတော့သည် မြတ်စွာဘုရားဟူ၍ ပူဆွေးတွေ အလုံးစုံကို အကုန်ပြန်ကြား၍ လျှောက်ထားလေ၏။

ထိုအခါ၌ မြတ်စွာဘုရားသည် ချစ်သ္မီးပဋ္ဌာစာရီ ထွေထွေလာလာ ကြံစည်၍မနေပါလင့်၊ ချစ်သ္မီး၏အားထားမှီခိုရာ ငါဘုရားဖြစ်နိုင်၏၊ အားထားလောက်သော ငါဘုရား၏ အထံသို့ ချစ်သ္မီးရောက်၍လာ၏။ ချစ်သ္မီးသည် သားနှစ်ယောက် လင်တယောက် အမိအဘမောင်ကြီးတို့ သေဆုံး၍ ငိုကြွေးရသော မျက်ရည်ကဲ့သို့ သံသရာဘဝ အဆက်ဆက်က ငိုကြွေးခဲ့ဘူးသော မျက်ရည်တို့သည် မဟာသမုဒ္ဒရာ လေးစင်းရေထက်ပင် များသေး၏ ဟု မိန့်တော်မူ၏။ ထိုအကြောင်းကို ပြတော်မူခြင်းငှါ ဤဂါထာကို ဟောအပ်လေသတည်း။

တဒါ ကိသာစ ပဏ္ဍုစ၊ အနာထာဒီန မာနသာ။
ဣတော တတော ဘမန္တီဟံ၊ အဒ္ဒသံ နရသာရထိံ။
တတော အဝေါစ မံ သတ္ထာ၊ ပုတ္တ မာသောစိ အဿာသ။
အတ္တာနံ တေ ဂဝေသဿု၊ ကိံ နိရတ္ထံ ဝိဟညသိ။

အယျာယော၊ ဘိက္ခုနီတို့ အရှင်မတို့။ အဟံ၊ တပည့်တော် ပဋာစာရီသည်။ တဒါ၊ ထိုသားနှစ်ယောက်သေ လင်လည်းသေ အမိအဘဆုံး မောင်လည်းဆုံးနှင့် ယူကျုံးမရ သောကပူဆာ ဖြစ်သောခါ၌။ ကိသာစ။ ကြုံလှီပင်ပန်း စိတ်ကုန်ခန်း၍ ညှိုးနွမ်းဝိန်ချုံး၍ နေပါ၏။ ပဏ္ဍုစ။ အသွေးအသား နည်းပါးကျလျော့ ဖျော့တော့သော အဆင်းရှိ၍နေပါ၏။ အနာထဒီနမာနသာ၊ အားထားစရာ ဘယ်မှာ မမြင် မရွှင်ဝိန်ချုံး ယူကျုံးမရ စိတ်ညစ်လှ၍။ ဣတောတတော၊ ဤဤ ထိုထို ရောက်လိုရာရောက် စိတ်ရူးပေါက်လျက်။ ဘမန္တီ၊ ချာချာလည်မျှ လှည့်လည်ရှောက်သွားလျက် နေသော။ အဟံ၊ တပည့်တော်မသည်။ နရသာရထိံ၊ လူတို့ထိပ်တင် ဘုရားရှင်ကို။ အဒ္ဒသံ၊ ဖူးမြင်ရပါ၏။ တတော၊ ထိုသို့ဖူးမြင်ရသောအခါ၌။ သတ္ထာ၊မြတ်စွာဘုရားသည်။ပုတ္တ၊ ချစ်သမီး။ မာသောစိ၊ မစိုးရိမ်ပါလင့်။ အဿာသ၊ သက်သာရာ ရပါလော့။ တေ၊ချစ်သမီးအား။ အတ္တာနံ၊ မိမိကိုယ်ကိုသာလျှင်။ ဂဝေသဿု၊ အားထားစရာ ရအောင်ရှာလော့။ နိရတ္ထံ၊ အကျိုးမရှိရာ၌။ ကိံ၊ အဘဲ့ကြောင့်။ ဝိဟညသိ၊ မရွှင်မလန်းကိုယ်စိတ်နွမ်းအောင် ပင်ပန်း၍နေဘိသနည်း။ ဣတိ၊ ဤသို့။ မံ၊ တပည့်တော်မကို။ အဝေါစ၊ မိန့်တော်မူ၏။

ဤသို့ မြတ်စွာဘုရား မိန့်တော်မူသော အခါ ပဋာစာရီသည် သောကမီးငြိမ်း၍ သွားသဖြင့် စိတ်ကြည်လင်၍လာ၏။ ထိုအခါ၌ မြတ်စွာဘုရားသည်—

န သန္တိ ပုတ္တာ တာဏာယ၊ န ပိတာ နာပိ ဗန္ဓဝါ။
အန္တကေနာ ဓိပန္နဿ၊ နတ္ထိ ဉာတီသု တာဏတာ။

ဤဂါထာကို ဟောတော်မူ၏။

ဧတမတ္ထဝသံ ဉတွာ၊ ပဏ္ဍိတော သီလသံဝုတော။
နိဗ္ဗာနဂမနံ မဂ္ဂံ၊ ခိပ္ပမေဝ ဝိသောဓယေ။

အဋ္ဌကထာ၌ရှိသောဂါထာ။

အနန္တကေန၊ သေမင်းယုတ်သည်။ အဓိပန္နဿ၊ နှိပ်စက်သောသူ၏။ တာဏာယ၊ ကိုးကွယ်အားထားစရာ။ပုတ္တာ၊ သားသမီးတို့သည်။နသန္တိ၊ မရှိကုန်။ ဉာတိ၊ ဆွေမျိုးတို့သည်။ နသန္တိ၊ မရှိကုန်။ ဗန္ဓဝါပိ၊ အဆွေခင်ပွန်းတို့သည်လည်း။ နသန္တိ၊ မရှိကုန်။ ဉာတိသု၊ ဆွေမျိုးတို့၌။ တာဏတာ၊ ကိုးကွယ်အားထားစရာသည်။ နတ္ထိ၊ မရှိချေ။

ဧတံအတ္ထဝသံ၊ ဤသို့သော သဘောကို။ ဉတွာ၊ သိ၍။ ပဏ္ဍိတော၊ ပညာရှိသည်။ သီလသံဝုတော၊ သီလကိုစောင့်စည်းလျက်။ နိဗ္ဗာနဂမနမဂ္ဂံ၊ နိဗ္ဗာန်ရောက်ကြောင်း မဂ်လမ်းကောင်းကို။ ခိပ္ပမေဝ၊ လျင်စွာသာလျှင်။ ဝိသောဓယေ၊ သုတ်သင်ရာ၏။

ဤဂါထာကို ဟောတော်မူသောအဆုံး၌ ပဋာစာရီသည် သောတာပန်တည်၍ ရဟန်းမိန်းမ ပြုလုပ်ရန် တောင်းပန်သောအခါ မြတ်စွာဘုရားသည် ဘိက္ခုနီမတို့၏ အထံသို့ပို့၍ ရဟန်းမိန်းမပြုပြီးနောက် အထက်မဂ်သုံးပါးအလို့ငှါ ဖြစ်ပျက်ကမ္မဋ္ဌာန်းကို စီးဖြန်းလျက် တနေ့သ၌ ရေကိုယူ၍ ခြေဆေးသောအခါ အနည်းငယ်စီးသွားသောရေသည် ခန်းခြောက်ပြတ်သွား၍ ဒုတိယအကြိမ်လောင်းသောရေသည် ထိုထက် အနည်းငယ်ပိုလွန်၍ စီးသွားပြီးလျှင် ခန်းခြောက်သွားသည်ကို အာရုံယူ၍ တတိယလောင်းသောရေသည် ခပ်ဝေးဝေးစီးသွား၍ ခန်းခြောက်၏။ ထိုအတူ သတ္တဝါတို့သည် ပထမအရွယ်၌လည်း သေကုန်၏ ဒုတိယအရွယ်၌လည်း သေကုန်၏ တတိယအရွယ်၌လည်း သေကုန်၏ဟု ကြံ၍ ဖြစ်ဖြစ်သမျှ သင်္ခါရတို့သည် ပျက်ကြကုန်၏ဟု ဖြစ်ပျက်ကိုရှုလျက် နေသည်ကို မြတ်စွာဘုရားသည် ဂန္ဓကုဋိတော်မှ ရောင်ခြည်တော်လွှတ်၍ ဤဂါထာကို ဟောတော်မူ၏။

ယောစ ဝဿသတံ ဇီဝေ၊ အပဿံ ဥဒယဗ္ဗယံ။

ဧကာဟံ ဇီဝိတံ သေယျော၊ ပဿတော ဥဒယဗ္ဗယံ။

ယော၊ အကြင်သူသည်။ ဝဿသတံ၊ အနှစ်တရာ။ ဥဒယဗ္ဗယံ၊ ဖြစ်ပျက်ကို။ အပဿံ၊ မမြင်ဘဲ။ ဇီဝေ၊ အသက်ရှည်ငြားအံ့။ န-သေယျော၊ မမြတ်၊ ဥဒယဗ္ဗယံ။ ဖြစ်ပျက်ကို။ ပဿတော၊ မြင်သောသူအား။ ဧကာဟံ၊ တရက်မျှ။ ဇီဝိတံ၊ အသက်ရှည်ခြင်းသည်။ သေယျော၊ မြတ်၏။ ။ဤဂါထာအဆုံး၌ ပဋာစာရီထေရီသည် ရဟန္တာမိန်းမအဖြစ်သို့ရောက်၏။ [ဤကား အဋ္ဌကထာစကားတည်း။]

ပဋာစာရီ ထေရီဘိက္ခုနီမ–ဟောတော်မူသော အပဒါန် တရားတော်အကြောင်း

တရားတော်နာ လာကြကုန်သော အရှင်မတို့ ဤကမ္ဘာမှ ပြန်၍ ရေသော် ကမ္ဘာတသိန်းအထက်၌ ပဒုမုတ္တရ မြတ်စွာဘုရား ပွင့်တော်မူ၏။ ထိုအခါ၌ ပဋာစာရီအမည်ရှိသော အကျွန်ုပ် ဘိက္ခုနီသည် ဟံသာဝတီပြည်ကြီးဝယ် အမျိုးမျိုးသော ရတနာတို့ဖြင့် တောက်ပပြည့်စုံ ကုံလုံကြွယ်ဝ ချမ်းသာသော သူဌေးအမျိုး၌ဖြစ်၍ ပဒုမုတ္တရ မြတ်စွာဘုရား အထံသို့ဆည်းကပ်၍ တရားတော်ကိုနာ၏။ သဒ္ဓါယုံကြည်ခြင်းဖြင့် သရဏဂုံကို ဆောက်တည်၏။ ထိုနောက် ဘိက္ခုနီမ ရဟန္တာ တပါးကို မြတ်စွာဘုရားသည် ဝိနည်းဓိုရ်အရာ၌ ဧတဒဂ် ထားတော်မူသည်ကိုမြင်၍ ဝမ်းမြောက်နှစ်သက် ကြည်ညိုသောစိတ်ဖြစ်၍ ထိုဝိနည်းဓိုရ် ဧတဒဂ်အရာကို လိုချင် တောင့်တခြင်း ဖြစ်၍ သံဃာတော်နှင့်တကွ မြတ်စွာဘုရားကိုပင့်ဖိတ်၍ ခုနစ်ရက်ပတ်လုံး ဆွမ်းလုပ်ကျွေး၍ တိစီဝရိက်သင်္ကန်းတို့ကိုလှူ၍ မြတ်စွာဘုရား၏ခြေတော်ကိုဦးတိုက်ရှိခိုး၍ ဤသို့လျှောက်ကြားပါ၏။ ကြီးသောလုံ့လရှိသောမြတ်စွာဘုရား ဤနေ့မှရှစ်ရက်မြောက်သောနေ့၌ အရှင်ဘုရားသည် ဝိနည်းကိုဆောင်သောရဟန်းမိန်းမ တယောက်ကိုချီးမွမ်းတော်မူလျက် ဧတဒဂ်ထားတော်မူ၏။ အကယ်၍ တပည့်တော်မသည်ပြည့်စုံနိုင်ငြားအံ့ ဝိနည်းဓိုရ် ဧတဒဂ်ကို အလိုရှိပါ၏ဘုရား ဟူ၍ လျှောက်ကြားပါ၏။ ထိုအခါ ပဒုမုတ္တရ မြတ်စွာဘုရားသည် တပည့်တော်မကို ချစ်သွီးမကြောင့်ကြလင့် နောင်သောအခါ၌ ချစ်သွီးအလိုရှိသော ဝိနည်းဓိုရ် ဧတဒဂ်ကို ရလတ္တံ့ဟူ၍ မိန့်တော်မူပြီးလျှင်–

သတသဟဿိတော ကပ္ပေ၊ ဩက္ကာကကုလ သမ္ဘဝေါ၊
ဂေါတမော နာမ နာမေန၊ သတ္ထာ လောကေ ဘဝိဿတိ။
တဿ ဓမ္မေသု ဒါယာဒါ၊ ဩရသာ ဓမ္မနိမ္မိတာ။
ပဋာစာရီတိ နာမေန၊ ဟေဿတိ သတ္ထုသာဝိကာ။

ဤဂါထာဖြင့် ဗျာဒိတ်ပေးတော်မူ၏။

တရားနာလာကြကုန်သော ဘိက္ခုနီအရှင်မတို့ တပည့်တော်မပဋာစာရီသည် အလွန်ဝမ်းသာလှ၍ သံဃာတော်အပေါင်းနှင့်တကွ မြတ်

စွာဘုရားကို ကြည်ညိုသော မေတ္တာစိတ်ဖြင့် တသက်လုံး လုပ်ကျွေးကိုးကွယ်၍နေ၏။

ထိုသို့ပြုအပ်သော ကုသိုလ်ကံဖြင့်၎င်း၊ ဆုတောင်းပတ္တနာ ပဏိဓိအားဖြင့်၎င်း၊ ထိုဘဝမှစုတေသော် တာဝတိံသာ နတ်ပြည်၌ဖြစ်ရပါ၏။ ဤဘဒ္ဒကပ် ကမ္ဘာအတွင်း၌ ကဿပမြတ်စွာဘုရား ပွင့်တော်မူသောအခါ၌ ကာသိတိုင်း ဗာရာဏသီပြည်ကို အစိုးရသော ကိကီမင်းကြီး၏ သမီးတော်ခုနစ်ယောက်တို့တွင် တတိယ သမီးတော်ဖြစ်၍ ဘိက္ခုနီဟူသော အမည်ဖြင့် ကျော်စောပါ၏။ တရားတော်ကိုနာရ၍ ရဟန်းမိန်းမ ပြုလုပ်လိုပါသော်လည်း ခမည်းတော်ကို တောင်းပန်၍ မရသောကြောင့် နှစ်ပေါင်း နှစ်သောင်းပတ်လုံး ကုမာရီဗြဟ္မစာရီ အကျင့်မြတ်ကို လူဝတ်နှင့်နေ၍ ကျင့်သုံးပါ၏။ ထိုဘဝမှစုတေသော် ထိုကုသိုလ်ကံတို့ကြောင့် တာဝတိံသာနတ်ပြည်သို့ ရောက်ပါ၏။ ယခုနောက်ဆုံးဘဝ၌ သာဝတ္ထိပြည်ဝယ် ကြွယ်ဝပြည့်စုံသော သူဌေးသမီးဖြစ်၍ အရွယ်ရောက်သောအခါ ကာမဝိတက်၏ အလိုသို့လိုက်မှား၍ တိတ်တိတ်ပုန်းနေသော ဒါသအမည်ရှိသော လင်ယောက်ျားနှင့် ထွက်ပြေး၍ သားတယောက်ရပြီးနောက် ဒုတိယသားကို ဝမ်းဖြင့်လွယ်လျက် လင်ယောက်ျားကို မသိစေဘဲ အမိအဘတို့ထံသို့ပြန်၍ နေတော့အံ့ဟု သာဝတ္ထိပြည်သို့ ရှေးရှုသွားသော ခရီးလမ်းဖြင့် တယောက်ထည်းလာခဲ့ပါ၏။ ထိုအခါ၌ လင်ယောက်ျားသည် နောက်မှ ခြေရာကို ကြည့်ရှု၍ လိုက်လာရာ လမ်းခရီးတွင်မှီလာပါ၏။ လင်ယောက်ျားမှီလာသောအခါ၌ပင် အလွန်ကြမ်းတမ်း ကျင်နာစွာသော ကမ္မဇလေသည် လှုံ့ဆော်တိုးဝှေ့လျက်လာပါ၏။ မိုးကြီးသည်လည်း ရွာတော့မည်ဆဲဆဲ မဲတက်၍လာပါ၏။ ကမ္မဇလေလှုပ်သောအခါ၌ လင်ယောက်ျားသည် ထင်းအလို့ငှာ သွားရာတွင် မြွေကိုက်၍သေပါ၏။ အကျွန်ုပ်ပဋာစာရီသည် သားဖွားခြင်း ဒုက္ခဖြင့် ဆင်းရဲသည့်အပေါ်မှာ မိုးကြီး–သည်းထန်စွာ ရွာပြန်၍ အလွန်ဆင်းရဲပါ၏။ မိုးလင်းသောအခါ၌ လင်ယောက်ျား၏ အလောင်းကိုပစ်ခဲ့၍ သား နှစ်ယောက်ကို ပွေ့ချီလျက်လာခဲ့ရာ ရေတသွင်သွင် စီးနေသော ချောင်းငယ်သို့ ရောက်၍ ဤဘက်ကမ်း၌ သားကြီးကိုထားခဲ့၍ ဘွားမြင်ကာစ သားတစ်အဆင်းကဲ့သို့ ခြင်းခြင်းနီသော သားငယ်ကလေးကို ပွေ့ပိုက်

ရေကူး၍ တဘက်ကမ်းသို့ ရောက်သောအခါ သားငယ်ကလေးကို ချထားခဲ့၍ သားကြီးကို ခေါ်ယူရန် ချောင်းတွင်းသို့ ပြန်ဆင်း၍လာရာ ချောင်းအလယ်သို့ ရောက်သောအခါ၌ အမဲသားတစ် မှတ်ထင်သော စွန်ရဲတကောင်သည် သားငယ်ကလေးကို ထိုး၍ချီရန် ပျံဝဲထိုးသုတ်မည် လာရာ လက်ချပ်တီးကာ ပစ်ခတ်မည့်ပုံကို ပြ၍ ချောက်လှန့်ရာတွင် သားကြီးက အမိခေါ်သည့် အထင်နှင့် ချောင်းတွင်းသို့ ဆင်းသဖြင့် ရေတွင် နစ်ဆုံးသည့် တသွယ် သားငယ်ကိုလည်း စွန်ရဲချီသွား၍ သား နှစ်ယောက်လုံး ချောင်းကူးရာတွင် ဆုံးသဖြင့် နှလုံး နောက်ကျိ မချိသောကိုယ်ဖြင့် တယောက်ထည်း လာခဲ့ရာ သာဝတ္ထိ ပြည်သို့ ရောက်လုခါနီး လမ်းခရီး၌ လူတယောက်သည် သာဝတ္ထိပြည်မှ လာသည်ကို တွေ့မြင်၍ မေးမြန်းသောအခါ ဤမည်သောလမ်း၌ ဤမည်သော သူဌေး၏ တိုက်အိမ်သည် ယမန်နေ့က ရွာသောမိုးဖြင့် လဲပြို၍ ကျသောကြောင့် အမိအဘ မောင် သုံးယောက်လုံး တပြိုင်နက် မီးသင်းဂြိုဟ်ရကြောင်း ပြောပါ၏။ ထိုစကားကို ကြားသောအခါ၌ ကြီးစွာဒုက္ခ ပြင်းထန်လှသော သောကမီးကြီး ညီးညီးတောက်လောင် ကတောင်ချောက်ချား စကားကောက်ကယ သတိမရဘဲ သားငယ်ကို စွန်ရဲသုတ် ရေမြုပ်၍ သားကြီးသေ လင်သက်ဝေကို မြွေကိုက်ခဲ အိမ်လဲ၍ မိနှင့်ဘ မောင်ကြီးပါ ဆုံးကြသည်ဟု ချုံးချိုကြွေး ပူဆွေး ဗျာနောက် ရောက်တတ်ရာရာ သွားလာ လှည့်ပတ် အဝတ်မကပ်ဘဲ ထမင်းငတ် ရေငတ် ဝိနကပ်ကြုံလို့ လှည့်လည် သွားလာ၍နေရာတွင် ပါရမီကံ စိရင်ဖန်၍ အေးရန်အကြောင်း ရေးကံကောင်းသောကြောင့် ဆုတောင်း အားလျော်စွာ မြတ်စွာဘုရားကို တွေ့မြင်ရပါ၏။ တရား တော်နာ လာကြကုန်သော ဘိက္ခုနီ အရှင်မတို့- တပည့်တော်မကို သနားကရုဏာ ရှိတော်မူလှသော မြတ်စွာဘုရားသည် ချစ်သ္မီး- မရိုးရိမ်လင့် သက်သာစေလော့။ ချစ်သ္မီး စောင့်ရှောက်ရာမရသည်ကို ရှာ၍ နေဘိ၏။ ချစ်သ္မီးအား စောင့်ရှောက်၍မရနိုင်သည်ကို ရှာဘိ၏။ အဘယ့်ကြောင့် ချစ်သ္မီးသည် အကျိုးမရှိ ပင်ပန်းအောင် ပြုလုပ်၍ နေဘိသနည်း။ ဤသို့ မိန့်တော်မူပြီး၍ ဤဂါထာကို ဟောတော်မူ၏။

နသန္တိ ပုတ္တာ တာဏာယ၊ နပိတာ နာပိ ဗန္ဓဝါ။
အန္တကေနာဓိပန္နဿ၊ နတ္ထိ ဉာတီသု တာဏတာ။

အနုဗ္ဗကေန၊ သေခြင်းတရားသည်။ အဓိပန္နသာ၊ နှိပ်စက်သော သတ္တဝါအား။ တာဏာယ၊ စောင့်ရှောက်ခြင်းငှါ။ ပုတ္တာ၊ သားသမီးတို့သည်။ နသန္တိ၊ မရှိကုန်။ ပိတာ၊ မိဘတို့သည်လည်း။ နသန္တိ၊ မရှိကုန်။ ဗန္ဓဝါပိ၊ ဆွေမျိုးတို့သည်လည်း။ နသန္တိ၊ မရှိကုန်။ ဉာတိသု၊ ဆွေမျိုးတို့ပင်။ တာဏတာ၊ သေခြင်းမှလွတ်အောင် စောင့်ရှောက်နိုင်သော အဖြစ်သည်။ နတ္ထိ၊ မရှိချေ။

တရားတော်နာ လာကြကုန်သော အရှင်မတို့– အကျွန်ုပ် ပဋာစာရီသည် ထိုမြတ်စွာဘုရား၏ တရားတော်ကို ကြားရ၍ ပဌမဖိုလ်ကို ရပါ၏။ ထိုနောက် ရဟန်းမိန်းမပြုလုပ်၍ မကြာမီ အရဟတ္တဖိုလ်ကိုရ၍ ရဟန္တာမ ဖြစ်ရပါ၏။ ဇာဒိုဝိဓ, ဒိဗ္ဗသောတ, ပရစိတ္တဝိဇာနန, ပုဗ္ဗေနိဝါသာ နုဿတိ ဒိဗ္ဗစက္ခု ဟူသော အဘိညာဉ် ငါးပါးကိုလည်း ရပါ၏။ ထိုနောက် တပည့်တော်မ ပဋာစာရီထေရီသည် မြတ်စွာဘုရား အထံတော်၌ ဝိနည်းပိဋကတ်ကို အကျယ်အားဖြင့် သင်ယူ၍ ဝိနယဓရ ဂုဏ်၌ မြတ်စွာဘုရား နှစ်သက်တော်မူ၍ ဧတဒဂ် ထားတော်မူပါ၏။

ကိံလေသာ ဗျာပိတာ မယှံ။လ။ပဋိသမ္ဘိဒါ စတဿော။လ။

ဆဠာဘိညာ သစ္ဆိကတာ၊ ကတံ ဗုဒ္ဓဿ သာသနံ။

ဤဥဒါန်းဂါထာတို့ကို ကျူးရင့်ရွတ်ဆိုကာ ချမ်းသာ မြေ နေထိုင်ရပါ၏။ အရှင်မတို့သည်လည်း အကျွန်ုပ် ပဋာစာရီကဲ့သို့ ပါရမီကို ဖြည့်ကြလျှင် နိဗ္ဗာန်ကို ရလိမ့်မည်ဟူ၍ မှတ်ကြပါကုန်လော့။ အကျွန်ုပ် ပဋာစာရီကဲ့သို့ ကာမ ဝိတက်အလိုသို့ လိုက်ကြလျှင်လည်း အကျွန်ုပ် ပဋာစာရီ ဒုက္ခတွေ့ကြုံရသကဲ့သို့ တွေ့ကြုံရလိမ့်မည် ဟူ၍ မှတ်ကြပါကုန်လော့။

ဣတ္ထံ သုဒံ ပဋာစာရီဘိက္ခုနီ ဣမာဂါထာယော အဘာသိတ္ထ။

ဣတ္ထံ၊ ဤသို့ခဲ့ပြီးသော စကားစဉ် တရားစဉ် အတိုင်း။ ပဋာစာရီ ဘိက္ခုနီ၊ ပဋာစာရီ မည်သော ရဟန်းမိန်းမသည်။ ဣမာ ဂါထာယော၊ ဤဂါထာအပေါင်း တရားတော် တို့ကို။ အဘာသိတ္ထ၊ ရဟန်းမိန်းမ, သိက္ခမာန် မိန်းမ,သာမဏေရီ မိန်းမတို့၏ အလယ်၌ တင့်တယ်စွာ ထိုင်နေလျက် ဟောတော်မူ၏။ [ဤကား ပါဠိတော် စကားတည်း]

ပဋာစာရီအပေါင်း ပြီး၏။ [ဣသဟိ ဝတ္ထု]

ဘဒ္ဒါကုဏ္ဍလ ကေသာထေရီ ဗျာဒိတ်ခံဇာတ်

ပဒုမုတ္တရော နာမ ဇိနော၊ သဗ္ဗဓမ္မာန ပါရဂူ။
ဣတော သတသဟဿမှိ၊ ကပ္ပေ ဥပ္ပဇ္ဇိ နာယကော။

ဣတော၊ ဤကမ္ဘာမှ။ သတသဟဿမှိကပ္ပေ၊ ကမ္ဘာတသိန်းထက်၌။ သဗ္ဗဓမ္မာနံ၊ အလုံးစုံသော တရားတို့ကို။ ပါရဂူ၊ ကမ်းဆုံး တိုင်ရောက် ကူးမြောက်ကုန်စင် သိမြင်တော်မူပြီးထသော။ ဇိနော၊ မာရ်ငါးပါးကို အောင်တော်မူပြီးထသော။ ပဒုမုတ္တရော နာမ၊ ဘဝါးလှမ်းရာ ခြေကြွ ရာ၌ ပဒုမ္မာကြာပွင့် အသင့်ပေါက်ခါ ခံလာသမှု အကြောင်းပြု၍ ပဒု မုတ္တရအမည်တော်ရှိသော။ နာယကော၊ လူတို့ရှေ့ဆောင် ငါးမာရ် အောင်မြင် ဘုရားရှင်သည်။ ဥပ္ပဇ္ဇိ၊ သဗ္ဗညုတဉာဏ်မြင့် သစ္စာရင့်၍ ပွင့် တော်မူလေပြီ။

ဤသို့ ဟောတော်မူသော အပဒါန်ဂါထာ ဒေသနာတော်မြတ် မိန့်အပ်သည်နှင့် လျော်ညီစွာ ဤကမ္ဘာမှ ပြန်၍ရေသော် ကမ္ဘာတသိန်း ထက်၌ ပဒုမုတ္တရ မြတ်စွာဘုရား ပွင့်တော်မူ၏။ ထိုအခါ၌ ဘဒ္ဒါ ကုဏ္ဍလကေသာ ထေရီအရှင်မ၏ အလောင်းသည် ဟံသာဝတီ ခေါ် ရွှေပြည်တော်ဝယ် အသူးထူး အထွေထွေ ရွှေငွေဘဏ္ဍာ ရတနာမျိုး ခုနစ်ပါးတို့နှင့် ပြည့်စုံကြွယ်ဝ ချမ်းသာလှသော မဟာဓနသေဋ္ဌေ သူဌေးကြီး၏သမီးဖြစ်၍ များစွာသော သူဌေးသမီး အခြွေအရံတို့နှင့် အတူ တကွ ကျောင်းတော်သို့သွား၍ ပဒုမုတ္တရမြတ်စွာဘုရား၏ တရားတော် ကို နာရ၍ သရဏဂုံကို ခံယူ ဆောက်တည်လေသတည်း။ ထိုအခါ၌ ပဒုမုတ္တရမြတ်စွာဘုရားသည် သစ္စာလေးပါးတရားတော်ကို လျင်မြန်စွာ သိလွယ်သော ခိပ္ပါဘိညာ ဧတဒဂ်အရာ၌ ထားတော်မူသော ဘိက္ခုနီ ရဟန်းမိန်းမတပါးကို မြင်လျှင် ကြည်ညိုသော စိတ်ဖြင့် ထိုရဟန်း မိန်းမကဲ့သို့ ခိပ္ပါဘိညာ ဧတဒဂ်ဆုကိုတောင်း၍ ပဒုမုတ္တရမြတ်စွာဘုရား အထံတော်မှ နိယတဗျာဒိတ်ကိုရပြီး၍ ကမ္ဘာတသိန်း ကာလပတ်လုံး လူ့ပြည် နတ်ပြည်တို့၌ ကျင်လည်၍ ဤကမ္ဘာအတွင်း ကဿပမြတ်စွာ ဘုရား ပွင့်တော်မူသောအခါ ဗာရာဏသီပြည်ဝယ် ကိကီမင်းကြီး၏ သမီးတော် ခုနစ်ယောက်တို့တွင် ဘိက္ခုဒါယိကာ ဟူသော အမည်ဖြင့် စတုတ္ထ သမီးတော်ဖြစ်၍ ကုမာရီ ဗြဟ္မစာရီ သီလဖြင့် နှစ်ပေါင်း

နှစ်သောင်းပတ်လုံး ကုသိုလ် ကောင်းမှုကို ပြု၍ ဘုရား နှစ်ဆူတို့၏ အကြား၌ သုဂတိဘဝဖြစ်သော လူ့ပြည် နတ်ပြည်တို့၌သာလျှင် ကျင်လည်၍ ငါတို့မြတ်စွာဘုရား ပွင့်တော်မူသောအခါ ရာဇဂြိုဟ်ပြည်၌ သူဌေးသမီးဖြစ်၍ ဘဒ္ဒါဟူသော အမည်ဖြင့် များစွာသော ကျေးကျွန် အစေခံ အခြွေအရံတို့ဖြင့် ကြီးပွါး၍ အရွယ် ရောက်သော အခါ ထိုရာဇဂြိုဟ်ပြည်၌ ပုရောဟိတ်ပုဏ္ဏား၏သား သတ္တုကအမည်ရှိသော ခိုးသူကို ဖမ်းမိ၍ မင်း၏အာဏာဖြင့် မြို့ဝန်မင်းသည် သတ်ခြင်းငှါ ဆောင်ယူ၍ သွားသည်ကို ခြသေ့ံခံသော လေသာပြူတင်းပေါက်မှ မြင်၍ ချစ်ခင်သောစိတ် ဖြစ်ရကား ဤသူကို ရလျှင် အသက်ရှင်အံ့ မရလျှင် သေတော့အံ့ဟု အိပ်ရာညောင်စောင်းထက်၌ မှောက်ခုံအိပ်၍ နေလေ၏။

သစေ တံ လဘာမိ၊ ဇီဝိဿာမိ၊ နော စေ၊ မရိဿာမီတိ သယနေ အဓောမုခါ နိပဇ္ဇိ။

ထေရီဂါထာအဋ္ဌကထာ-နား-ချပ်။

တံ၊ ထို သတ်ရန်ယူဆောင်၍သွားသော ယောကျ်ားလှကို။ သစေ လဘာမိ၊ အကယ်၍ ငါရငြားအံ့။ ဇီဝိဿာမိ၊ အသက်ရှင်တော့အံ့။ နောစေလဘာမိ၊အကယ်၍ ငါမရပါမူကား။မရိဿာမိ၊သေပါတော့အံ့။ ဣတိ၊ ဤသို့ဆို၍။ သယနေ၊ အိပ်ရာထက်၌။ အဓောမုခါ၊ မှောက်ခုံ။ နိပဇ္ဇိ၊ အိပ်လေ၏။

ထိုအကြောင်းကို အဘသူဌေးကြီး သိလျှင် တယောက်ထည်းသော သမီးကလေးကို အလွန်ချစ်မြတ်နိုးရကား သမီးအလိုကျအောင် တထောင်သောငွေအသပြာဖြင့် ရွေးယူ၍ ခိုးသူသတ္တုကကို နံ့သာရေဖြင့်ချိုးစေ၍ အလုံးစုံသော တန်းဆာတို့ကို ဝတ်ဆင်စေ၍ သမီး၏နေရာ ပြာသာဒ် ပေါ်သို့ စေလွှတ်လေ၏။ သမီးဘဒ္ဒါသည်လည်း ပြည့်စုံသော စိတ်အလို ရှိသည်ဖြစ်၍ ထိုသူခိုး သတ္တုကကို အဘဆင်မြန်းလိုက်သော တန်းဆာ တို့ထက် အဆပေါင်း များစွာ ပိုအောင် ဝတ်ဆင်စေ၍ ပြာသာဒ်ထက်၌ ကောင်းမွန်စွာ လုပ်ကျွေး ပြုစု၍ နေ၏။ စိတ်နေစိတ်ထား ယုတ်မာ လှသော သူခိုးသတ္တုကသည် လေးငါးရက်မျှ နေမိလျှင် မိမိ၏မယား ဘဒ္ဒါ၌ ဆင်မြန်းသော တန်းဆာတို့ကို လိုချင်သော လောဘဖြစ်လာ၍

ဘဒ္ဒါ ငါသည် မြို့ဝန်မင်း ဖမ်းယူသောအခါ၌ ခိုးသူတို့ကို ပစ်ချသော ခိုးသူချတောင်၌ အမြဲစောင့်၍ နေသော တောင်စောင့် နတ်မင်းကို အကျွန်ုပ် အသက်ရှင်ပြားအံ့ ပူဇော်ပါအံ့ဟု ဝန်ခံခဲ့၏။ ထိုကြောင့် နတ်ပူဇော်ရန် ငှက်ပျောပွဲစသည်တို့ကို ပြင်ဆင်ပါလော့။သင်နှင့်အတူဘကွ သွား၍ နတ်ပူဇော်ပါအံ့ဟု လိမ်လည်လှည့်ဖြား၍ပြောလေ၏။သူဌေးသမီး ဘဒ္ဒါသည်လည်း ယောကျ်ားကိုချစ်ခင်စုံမက်ရကား သူ၏အလိုအတိုင်း ပြည့်စေအံ့ဟု နှလုံးပြု၍ နတ်ပွဲများကို ပြင်ဆင်ကာ များစွာသော ကျေးကျွန်အစေခံ အခြွေအရံတို့ဖြင့် ဝန်းရံလျက် ဆင်မြဲတိုင်း တန်းဆာတို့ကိုဝတ်ဆင်လျက် လင်ယောကျ်ားနှင့် အတူတကွ ရထားစီး၍ ခိုးသူချသောတောင်ခြေသို့ ရောက်အောင် သွားလေ၏။ တောင်ခြေသို့ ရောက်လျှင် သူခိုးသတ္တုကလည်း အလုံးစုံသော အခြွေအရံ တို့နှင့် တောင်ပေါ်သို့ တက်လျှင် ဤတန်းဆာတို့ကို ယူခြင်းငှါ မတတ်နိုင်ဟု ကြံ၍ အခြွေအရံတို့ကို ဤနေရာ၌ထားခဲ့၍ နတ်ပူဇော်ရန် ပွဲကို သင် ဦးခေါင်းဖြင့် ရွက်ဆောင်ပါလော့ဟုဆို၍ နှစ်ယောက်အတူ တောင်ပေါ်သို့ တက်သည်ရှိသော် သူဌေးသမီးဘဒ္ဒါနှင့် ချစ်ခင်ဘွယ် စကားတို့ကို ပြောဆိုခြင်း မရှိတော့ပြီ။ ထိုကဲ့သို့သော အပြုအမူ မကောင်းသည်ကို ဘဒ္ဒါသည် သိလေ၏။လင်ယုတ်မာ ဖြစ်သော သတ္တုကာ သည်လည်း တောင်ပေါ်သို့ ရောက်လျှင် ဘဒ္ဒါ–သင်၏ အပေါ်ရုံ စောင်ပိုင်းကိုချွတ်၍ လက်ကောက် လက်ကြပ် တန်းဆာတို့ကိုထုပ်လော့ဟုဆို၏။ဘဒ္ဒါသည်လည်းချစ်လင်မောင်ကြီးရှုမငြိုးအကျွန်ုပ်၌ အဘယ်အပြစ်ရှိပါသနည်းဟု ဆို၏။ဟယ် အမိုက်မ–အဘဲ့ကြောင့်နတ်ပူဇော်ရမည်နည်း၊နင်ဝတ်ဆင်သော တန်းဆာတို့ကိုယူလို၍ ဤတောင်ပေါ်သို့ လိမ်လည် လှည့်ဖြား၍ ငါခေါ်လာသည်ဟု သတ္တုကက ပြောလျှင် အရှင်သား လင်ယောကျ်ား ဤတန်းဆာတို့သည် ဘယ်သူ၏ တန်းဆာပါနည်း အကျွန်ုပ်သည်လည်း ဘယ်သူ၏ မယားပါနည်းဟူ၍ ဆို၏။ လင်ယုတ်မာ သတ္တုကလည်း ဟယ် အမိုက်မ–ဤသို့ခွဲပြား၍ငါမသိ တန်းဆာကိုသာ ချွတ်လော့ဟု ဆိုလေ၏။ ရှိပါစေတော့ အရှင်သား– အကျွန်ုပ် အလိုဆန္ဒ တခုကို ပြည့်ပါစေလော့၊ အရှင့်သားကို အလွန်ချစ်လှပါ၍ ဖက်ယမ်း နမ်းရှုပ် ခြင်းကို ပြုပါရစေ၊ အခွင့်ပေးပါဦးလော့ဟု ဆိုလျှင် တခဏမျှ ဖက်၍ နမ်းရှုပ်လိုလျှင် နမ်းရှုပ်ဦးတော့ဟု ခွင့်ပေးလျှင် ရှေ့မှနေ၍ ဖက်ယမ်း

နမ်းရှုပ်ပြီးလျှင် နောက်မှတဖန် ဖက်ယမ်း နမ်းရှုပ်သကဲ့သို့ ပြုလုပ်ပြီးလျှင် လည်ကုပ်ကိုကိုင်၍ တောင်ပေါ်မှ သတ္တုကကို တွန်းချလိုက်လေ၏။

သော ပတိတ္တော စုဏ္ဏ ဝိစုဏ္ဏံ အဟောသိ။

ထေရီဂါထာ အဋ္ဌကထာ-ပ-ချပ်။

သော၊ ထိုသူခိုးလင်ယုတ်မာ သတ္တုကသည်။ ပတိတ္တော၊ တောင်ပေါ်မှ ကျ၍။ စုဏ္ဏ ဝိစုဏ္ဏံ၊ မှုန့်မှုန့်ညက်ညက် ကြေသည်။ အဟောသိ၊ ဖြစ်လေ၏။

ထိုအခါ၌ တောင်စောင့်နတ်သည် ဘဒ္ဒါသူဌေးသမီး၏ အံ့ဩဘွယ် လျှင်မြန်လှသော အလိမ္မာ ဉာဏ်ပညာကို ချီးမွမ်းလိုရကား ဤဂါထာ တို့ကို ရွတ်ဆိုလေသတည်း။

နဟိ သဗ္ဗေသု ဌာနေသု၊ ပုရိသော ဟောတိ ပဏ္ဍိတော။
ဣတ္ထီပိ ပဏ္ဍိတာ ဟောတိ၊ တတ္ထ တတ္ထ ဝိစက္ခဏာ။
နဟိ သဗ္ဗေသု ဌာနေသု၊ ပုရိသော ဟောတိ ပဏ္ဍိတော။
ဣတ္ထီပိ ပဏ္ဍိတာ ဟောတိ၊ လဟုံ အတ္ထံ ဝိစိန္တိတာ။

သဗ္ဗေသု ဌာနေသု၊ အလုံးစုံသော အရာတို့၌။ ပုရိသော၊ ယောက်ျားသည်။ ပဏ္ဍိတော၊ ပညာရှိသည်။ နဟိဟောတိ၊ မဟုတ်သေးသည် သာတည်း။ ဣတ္ထီပိ၊ မိန်းမသည်လည်း။ တတ္ထ တတ္ထ၊ ထိုထိုအရာဌာန၌။ ဝိစက္ခဏာ၊ ဖုံစမ်းဆင်ခြင်နိုင်သော။ ပဏ္ဍိတာ၊ ပညာရှိသည်။ ဟောတိ၊ ဖြစ်သေး၏။ အတ္ထံ၊ အကြောင်းအကျိုးကို။ လဟုံ၊ လျင်မြန်စွာ။ ဝိစိန္တိတာ၊ အထူး ကြံစည်နိုင်၏။ [အဋ္ဌကထာ၌ နသောသဗ္ဗေသု ဌာနေသု။ လ။ မုဟုတ္တမဝိစိန္တယေ ရှိ၏]။

သူဌေးသမီး ဘဒ္ဒါသည် လင်ယုတ်မာ သတ္တုကကို တောင်ပေါ်မှ တွန်းချပြီး၍ လင်မပါဘဲအိမ်သို့ပြန်လျှင် လူသတ်မှုပေါ်၍ ငါဒုက္ခရောက် တော့မည်။ ယင်းသို့ဖြစ်၍ အိမ်သို့မပြန်ဘဲ လွတ်ရာသို့ ပြေးတော့အံ့ဟု ကြံ၍ အခြေအရံ အစေခံတို့ကို မသိစေဘဲ လွတ်ရာသို့ ထွက်ပြေးပြီးလျှင် နိဂဏ္ဌတိတ္ထိတို့၏ ကျောင်းသို့သွား၍ အဝတ်ဖြူဝတ်ပြီးလျှင် ပရိဗိုဇ်မ ပြုလုပ်၍နေ၏။ ထိုတိတ္ထိတို့၏ အယူဝါဒအားဖြင့် ဆံပင်ကိုနုတ်ပြီးမှ

နောက်တဘန် ဆံပင်တို့ပေါက်လာလျှင် နားရွက်ကဲ့သို့ ရစ်လည်၍ ဖွေးလွှဲ၍ ပေါက်လာသောကြောင့် ကုဏ္ဍလကေသာ ဟူသောအမည် သည် ဖြစ်၏။

ပုန ကေသာ ဝဇ္ဇန္တာ ကုဏ္ဍလာ ဝဋ္ဋာ ဟုတွာ ဝဇေသုံ။
တတော ပဋ္ဌာယ ကုဏ္ဍလကေသာနာမ ဇာတာ။

ထေရီဂါထာ အဋ္ဌကထာ။

ပုန၊ တဘန်။ ကေသာ၊ဆံပင်တို့သည်။ဝဇ္ဇန္တာ၊ တိုးပွားပေါက်လာ သည်ရှိသော်။ ကုဏ္ဍလာဝဋ္ဋာ -ကုဏ္ဍလအာဝဋ္ဋာ၊ နားရွက်း ကဲ့သို့ လှည့်လည် ရစ်ပတ်သည်။ ဝါ၊ ဖွေးလွှဲသည်။ ဟုတွာ၊ ဖြစ်၍။ ဝဇေသုံ၊ တိုးပွားပေါက်လာကုန်၏။ တတောပဋ္ဌာယ၊ထိုမှစ၍။ ကုဏ္ဍလကေသာ နာမ၊ ကုဏ္ဍလကေသာ အမည်ရှိသည်။ ဇာတာ၊ ဖြစ်၏။

[ထေရီအပဒါန်နိဿယ၌ ကြာချပ်ကဲ့သို့ အစုစုဖြစ်၍ လည်ကာ လည်ကာ ရောက်ပေါက်လာဘိသည် ဟူ၍ ဆို၏]။

ထိုကုဏ္ဍလကေသာသည်နိဂဏ္ဌပရိဗိုဇ်တို့၏အယူဝါဒကိုသင်ကြား တတ်မြောက်ပြီး၍ဤနိဂဏ္ဌတိတ္ထိတို့သည်ဤမျှသာသိကြကုန်၏။ထိုထက် ထူးသော အရာမရှိပြီဟုသိ၍ ထိုတိတ္ထိတို့ကျောင်းမှ ဘဲထွက်ခဲ့၍ ပညာ ရှိတို့သည် ဘယ်အရပ်မှာ ရှိသည်ဟူ၍ ကြားလျှင် ထိုပညာရှိတို့ ထံသို့ သွား၍ သင်ကြားလျက် များစွာသော အယူဝါဒတို့ကို တတ်မြောက် သည်ရှိသော် မိမိနှင့် ယှဉ်ပြိုင်၍ စကားပြောနိုင်သူကို မမြင်လျှင် ရောက်ရာ မြို့ရွာသို့ဝင်၍ ရွာတံခါးဝ၌ သဲပုံရကို ပြုလုပ်၍ ထိုသဲပုံစု၌ ဇမ္ဗူသပြေခက်ကိုစိုက်ထားလျက် အကြင်သူသည် ငါ၏ အယူဝါဒကို တင်ဆိုခြင်းငှါ တတ်နိုင်ငြားအံ့ ဤသပြေခက်ကို နင်းချေ ဖျက်ဆီးစေ သတည်းဟု သူငယ်တို့ကို ပြောဆိုလျက် မိမိနေရာသို့သွား၏။ခုနစ်ရက် လည်သော်လည်း ထိုသပြေခက်ကို နင်းချိုးဝံ့သူ မရှိ၍ သဲပုံစု၌ စိုက် ထားသော သပြေခက်ကိုယူ၍ တမြို့တရွာသို့ သွားပြန်၏။ ထိုသို့နေသော အခါ၌ ငါတို့ မြတ်စွာဘုရားသည် ဘုရားအဖြစ်သို့ ရောက်၍ သာဝတ္ထိ ပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူ၏။ ကုဏ္ဍလ ကေသာသည်လည်း မြို့ရွာနိဂုံးတို့ကို လှည့်လည်၍ သာဝတ္ထိပြည်သို့ ရောက်လျှင် မြို့တံခါးဝ၌ သဲပုံစုပြု၍ သပြေခက်ကို စိုက်ထားပြီးလျှင်

သူငယ်တို့ကို ပြောထားခဲ့၍ မြို့တွင်းသို့ ဝင်လေ၏။ ထိုအခါ၌ ဓမ္မသေနာပတိ တရားစစ်မှူး ဂုဏ်အထူးဖြင့် ချီးကျူးအပ်ပြီသော ကျော်စောခြင်း ရှိတော်မူသော အရှင်သာရိပုတ္တရာ ထေရ်မြတ်သည် တပါးထည်းသာလျှင် ကြွတော်မူ၍ မြို့တွင်းသို့ ဆွမ်းခံဝင်ရာတွင် သပြေခက်ကို မြင်၍ သူငယ်တို့ကိုမေးလျှင် ကုဏ္ဍလကေသာ မှာထားသော စကားကို သူငယ်တို့က လျှောက်ကြားကုန်၏။ ယင်းသို့ဖြစ်သော် ဤသပြေခက်ကို ချိုးနင်းဖျက်ဆီးကြလေဟု အရှင်သာရိပုတ္တရာတိုက်တွန်းပြောဆိုလျှင် သူငယ်တို့သည် နင်းချိုးဖျက်ဆီးကြကုန်၏။ကုဏ္ဍလကေသာလာသော အခါ အဘယ်သူချိုးသနည်းဟုမေး၍ အရှင်သာရိပုတ္တရာ ချိုးကြောင်းကို သူငယ်တို့ကပြောလျှင် အဘော်သဟဲ မရှိသော အယူ ဝါဒသည် မတင့်တယ်ဟု နှလုံးပြု၍ ကုဏ္ဍလကေသာသည် သာဝတ္ထိ မြို့တွင်းသို့ ဝင်၍ လမ်းတို့ကို အစဉ်ရောက်လျက် အိုလူအပေါင်းတို့ ငါသည် သာကီဝင်မင်းသား ဖြစ်သော ရဟန်းတို့နှင့် အယူဝါဒပြိုင်ယှဉ်အံ့ဟု ကြွေးကြော်၍ လူအပေါင်းတို့ ဝိုင်းဝန်း ခြံရံလျက် တခုသော သစ်ပင်ရင်း၌ နေတော်မူသော အရှင်သာရိပုတ္တရာထံသို့ လာ၍ စကား ပဋိသန္ထာရကို ပြောဆိုလျက် သင့်တင့်သော နေရာ၌ ရပ်ပြီးလျှင် အရှင်ဘုရားတို့သည် တပည့်တော်မ၏ သပြေခက်ကို နင်းချိုးပါသလောဟု မေးလျှောက်လျှင် ဟုတ်၏ ငါ နင်းချိုးစေသည် ဟု အရှင်သာရိပုတ္တရာ မိန့်တော်မူလျှင် ဤသို့ ဖြစ်သော် တပည့်တော်မ၏ အယူဝါဒနှင့် အရှင်ဘုရားတို့ အယူဝါဒကို ယှဉ်ပြိုင်ပြောဆိုပါအံ့ဟု လျှောက်၏။ ယှဉ်ပြိုင်လိုလျှင် ယှဉ်ပြိုင်လော့ အဘယ်သူကမေး၍ အဘယ်သူက ဖြေဆိုရမည်နည်းဟု အရှင်သာရိပုတ္တရာကမေးတော်မူလျှင် တပည့်တော်မ မေးပါအံ့။ အရှင်ဘုရား ဖြေပါလော့ဟု ဆိုလျှင် မေးလော့ဟု အရှင်သာရိပုတ္တရာ မိန့်တော်မူ၏။ ကုဏ္ဍလကေသာသည် မိမိသိသော ပုစ္ဆာတို့ကို မေးလျှောက်လေ၏။ အလုံးစုံ မေးသမျှ ပုစ္ဆာတို့ကို အရှင်သာရိပုတ္တရာ ဖြေတော်မူ၏။ ကုဏ္ဍလကေသာသည် မေးစရာကုန်၍ ဆိတ်ဆိတ်နေ၏။ ထိုအခါ၌ အရှင် သာရိပုတ္တရာသည် သင်ကား မေးလို သမျှ မေး၍ ပြီးပြီ၊ ငါသည်လည်း သင့်အားတခုသောပုစ္ဆာကို မေးအံ့ဟုဆိုလျှင် မေးတော်မူပါ အရှင်ဘုရားဟု ဆို၏။ အရှင်သာရိပုတ္တရာသည် (ဧကံနာမ ကိံ) တခုဆိုသည်ကား အဘယ်နည်းဟု မေးတော်မူ၏။ ကုဏ္ဍလကေသာ

သည် ပုဏ္ဏာ၏ အစကိုဂုဏ်း အဆုံးကိုဂုဏ်း မမြင်ဘဲ မှောင်မိုက်တွင်းသို့ ဝင်မိသကဲ့သို့ ဖြစ်၍ မသိပါ အရှင်ဘုရားဟု လျှောက်၏။ သင်သည် ဤတခုကိုမျှ မသိပါဘဲနှင့် တပါးသော အရာကို အဘယ်မှာ သိနိုင်မည်နည်းဟုမိန့်တော်မူ၍တရားဟောတော်မူ၏။ကုဏ္ဍလကေသာသည် အရှင်သာရိပုတ္တရာ၏ ခြေတော်ရင်း၌ ဝပ်စင်း၍ အရှင်မြတ်ဘုရား တပည့်တော်မသည် အရှင်ဘုရားကို ကိုးကွယ်ရာဟူ၍ ဆည်းကပ် ပါ၏ အရှင်ဘုရားဟု လျှောက်လေ၏။ နှမဘဒ္ဒါ နတ်နှင့်တကွသော လူတို့ ပြည့်၌ အမြတ်ဆုံး ဖြစ်သော မြတ်စွာဘုရားကို ဆည်းကပ်လေလော့ဟု အရှင်သာရိပုတ္တရာ မိန့်တော်မူလျှင်ကောင်းပါပြီအရှင်ဘုရားဟုလျှောက် ကြား၍ မိမိနေရာသို့ ပြန်ပြီးမှ ညနေချမ်းအခါ တရားဟောတော်မူသော အချိန်၌ မြတ်စွာဘုရား အထံသို့လာ၍ ငါးပါးသော တည်ခြင်းဖြင့် ရှိသေစွာ ရှိခိုး၍ သင့်တင့်သော နေရာ၌ရပ်နေ၏။ မြတ်စွာဘုရားသည် ကုဏ္ဍလကေသာ၏ပါရမီညက်ရင့်ပြီးသည်ကိုသိတော်မူ၍ ဤဂါထာကို ဟောတော်မူ၏။

သဟဿမပိ စေ ဝါစာ၊ အနတ္ထပဒသဉှိတာ။
ဧကံ ဂါထာပဒံ သေယျော၊ယံ သုတွာ ဥပသမ္မတိ။

ဤဂါထာကို ဟောတော်မူပြီး၍ ဂါထာအဆုံး၌ ကုဏ္ဍလကေသာ သည် ရပ်သောနေရာ၌ ရပ်လျက်သာလျှင် ပဋိသမ္ဘိဒါနှင့် တကွ အရ ဟတ္တဖိုလ်သို့ ရောက်လေ၏။

အနတ္ထပဒ သဉှိတာ၊ တောဘွဲ့ တောင်ဘွဲ့ မယ်ဘွဲ့ မောင်ဘွဲ့ အကျိုး မဲ့သောပုဒ်နှင့် စပ်ယှဉ်သော။ ဝါစာ၊ စကားသည်။ သဟဿံအပိ၊ ပုဒ်ပေါင်းတထောင် မြားမြောင်စွာရှိသော်လည်း။ နသေယျော၊ မမြတ်။ ယံပဒံ၊ အကြင် ပုဒ်ဝါကျ စကားကို။ သုတွာ၊ ကြားရ၍။ ဥပသမ္မတိ၊ ကိလေသာမီးငြိမ်း၏။ တံပဒံ၊ ထိုပုဒ်ဝါကျစကားသည်။ ဧကံဂါထာပဒံ၊ တပုဒ်တဂါထာပင် ဖြစ်သော်လည်း။ သေယျော၊ မြတ်၏။

ဂါထာပရိယောသာနေ ယထာဌိတာဝ သဟ ပဋိသမ္ဘိဒါဟိ အရဟတ္တံ ပါပုဏိ။

ထေရီဂါထာ အဋ္ဌကထာ-ပါ-ချပ်။

ဂါထာပရိယောသာနေ၊ ဂါထာအဆုံး၌။ ယထာဌိတာဝ၊ ရပ်မြဲတိုင်း ရပ်လျက်သာလျှင်။ သဟပဋိသမ္ဘိဒါဟိ၊ ပဋိသမ္ဘိဒါနှင့် တကွ။ အရဟတ္တံ၊ အရဟတ္တဖိုလ်သို့။ ပါပုဏိ၊ ရောက်လေ၏။

[ဤကား အဋ္ဌကထာစကားတည်း]။

(ဤအဋ္ဌကထာစကားသည် ပါဠိတော်နှင့် အဆိုမညီသကဲ့သို့ဖြစ်၏။ ဖြစ်ပုံကား—

ဒိဝါ ဝိဟာရာ နိက္ခမ္မ၊ ဂိဇ္ဈကူဋမှိ ပဗ္ဗတေ။
အဒ္ဒသံ ဝိရဇံ ဗုဒ္ဓံ၊ ဘိက္ခုသံဃ ပုရက္ခတံ။
နိဟစ္စ ဇာဏု ဝန္ဒိတွာ၊ သံမုခါ အဉ္ဇလိံ အဟံ။
ဧဟိ ဘဒ္ဒေတိ အဝစ၊ သာ မေ အာသုပသမ္ပဒါ။

ထေရီဂါထာ ပါဠိတော်-၁၉၅။

ဂိဇ္ဈကုဋ်တောင်မှ ဘုရားနှင့်တွေ့ကြောင်း။

တဿ ဓမ္မံ သုဏိတွာဟံ၊ ဓမ္မစက္ခုံ ဝိသောဓယိံ။
လ။တဒါဟံ ဥပသမ္ပန္နာ၊ ပရိတ္တံ တောယ မဒ္ဒသံ။
ပါဒေ ပက္ခာလနေ နာဟံ၊ ဥ‌ ဒွာန ဥဒယဗ္ဗယံ။
၊လ။တတော စိတ္တံ ဝိမုစ္စိ မေ၊ အနုပါဒါယ သဗ္ဗသော။

ထေရီအပဒါန်ပါဠိတော်-၃၇၉။

သောတာပန်တည်ပြီး၍ ရဟန်းပြုပြီးမှ ခြေဆေးရာတွင် ဖြစ်ပျက်ကို မြင်၍ ရဟန္တာဖြစ်ကြောင်း ညှိနှိုင်းတို့)

ဘဒ္ဒါကုဏ္ဍလကေသာဘိက္ခုနီ ဟောတော်မူသော အပဒါန်တရားတော်အကြောင်း

တရားတော်နာ လာကြကုန်သော ဘိက္ခုနီ အရှင်မတို့ ကုဏ္ဍလ ကေသာ အမည်ရှိသော တပည့်တော်မသည် ရှေးရှေးဘဝတို့က ဖြည့် ဆည်းပူးခဲ့သော အပဒါန် ပါရမီတရားတို့ကို ဇာတ်လှန်၍ ဟောကြား ပါအံ့။ ဤ ကမ္ဘာမှ ပြန်၍ရေသော် ကမ္ဘာ တသိန်းထက်၌ ပဒုမုတ္တရ မြတ်စွာဘုရားပွင့်တော်မူ၏။ ထိုအခါ၌ တပည့်တော်မသည် ဟံသာ ဝတီပြည်ကြီးဝယ် ခေမာ ကိသာဂေါတမီတို့၏ အလောင်းဖြစ်သော သူဌေးသမီးတို့နှင့် တမြို့တည်းနေရသော သူဌေးသမီးပင် ဖြစ်ရပါ၏။

ထိုအခါ၌ ပဒုမုတ္တရ မြတ်စွာဘုရား၏ တရားတော်ကိုနာရ၍ သရဏဂုံကို ဆောက်တည်ပါ၏။ ထိုအခါ၌ ခိပ္ပါဘိည ဧတဒဂ်အရာ၌ ထားသော ရဟန်းမိန်းမကိုမြင်၍ ထိုခိပ္ပါဘိည ဧတဒဂ်ကို ဆုတောင်း၍ မြတ်စွာဘုရားနှင့် သံဃာတော်တို့အား အလှူကြီးကို ပေးပါ၏။ ထိုအခါ၌ ပဒုမုတ္တရမြတ်စွာဘုရားသည် ချစ်သမီး သင်အလိုရှိသောဆုသည် ပြည့်စုံလတ္တံ့၊ ဤကမ္ဘာမှနောက် ကမ္ဘာတသိန်းရောက်လျှင် ဩက္ကာကမင်းမျိုးဖြစ်သော ဂေါတမ မြတ်စွာဘုရား ပွင့်တော်မူလတ္တံ့။ ထိုအခါ၌ ချစ်သမီးသည် ဘဒ္ဒါ-ကုဏ္ဍလ ကေသာ ဟူသော အမည်ဖြင့် ရဟန္တာမိန်းမ ဖြစ်လတ္တံ့။ ဤကဲ့သို့ ဗျာဒိတ် စကား မိန့်ကြားတော်မူ၏။ ထိုကောင်းမှုကံဖြင့် ထိုဘဝမှ စုတေသော် တာဝတိံသာ နတ်ပြည်၌ ဖြစ်ရပါ၏။ တာဝတိံသာမှ စုတေပြန်သော် ယာမာနတ်ပြည်၌ ဖြစ်၏။ ထိုနောက် တုသိတာနတ်ပြည်၌ ဖြစ်ရ၏။ထိုနောက် နိမ္မာနရတိနတ်ပြည်၌ ဖြစ်ရ၏။ ထိုနောက် ပရနိမ္မိတဝသဝတ္တီနတ်ပြည်၌ ဖြစ်ရ၏။ ဖြစ်လေရာနတ်ပြည်၌ နတ်မင်းကြီးတို့၏ အဂ္ဂမဟေသီ မိဖုယားကြီး ဖြစ်ရ၏။ ထိုနတ်ပြည်မှ စုတေ၍ လူပြည်၌ ဖြစ်သောအခါ စကြာမင်း ဧကရာဇ်မင်းတို့၏အဂ္ဂမဟေသီ မိဖုယားကြီး ဖြစ်ရ၏။ဤကဲ့သို့ လူပြည် နတ်ပြည်တို့၌ လူမင်းစည်းစိမ် နတ်မင်းစည်းစိမ်တို့ကို ခံစား၍ ကမ္ဘာတသိန်း ကာလပတ်လုံး ကျင်လည်၍ လာခဲ့ရပါ၏။ ဤ ဘဒ္ဒကပ် ကမ္ဘာ အတွင်း၌ ကဿပ မြတ်စွာဘုရား ပွင့်တော်မူသော အခါ၌ ကိကီမင်းကြီး၏ သမီးတော်ခုနစ်ယောက်တို့တွင် စတုတ္ထသမီးတော်ဖြစ်၍ ရဟန်းပြုလုပ်ရန် ခမည်းတော်ကို ခွင့်တောင်း၍ မရသောကြောင့် နန်းတော်၌ပင် လူဝတ်ကြောင်နှင့် နေလျက် ကုမာရီ ဗြဟ္မစာရီသီလကို ကျင့်သုံးနေပါ၏။ ထိုဘဝမှ စုတေသော် တာဝတိံသာ နတ်ပြည်သို့ပြန်၍ ဖြစ်ရပါ၏။ ယခုနောက်ဆုံး ဘဝ၌မူကား ရာဇဂြိုဟ်ပြည်၌ သူဌေးသမီးဖြစ်ရပါ၏။ အရွယ်ရောက်သောအခါ သတ်ခြင်းငှာ ဖမ်းယူ၍သွားသော ခိုးသူယောကျ်ား၏ အဆင်းလှသည်ကို မြင်၍ ချစ်ခင် စုံမက်သော စိတ်ရှိသည်ကို တပည့်တော်မ၏ အဘဖြစ်သော သူဌေးကြီးသည် သိ၍ သမီး၏ အလိုကို လိုက်စား၍ ထို ခိုးသူယောကျ်ားကို ငွေတထောင်ပေး၍ ရွေးယူပြီးလျှင် ပေးစားပါ၏။ ထိုယောကျ်ားကို အလွန်ချစ်ခင်လှ၍ ကောင်းမွန်စွာလုပ်ကျွေးလျက် နေပါ၏။ ထိုယောကျ်ားသည်

အကျွန်ုပ်၏ ကိုယ်၌ ဆင်မြန်း၍ထားသော ရွှေတန်းဆာတို့ကို လိုချင်သောလောဘဖြင့် အကျွန်ုပ်ကို ဗလိနတ်စာ ပူဇော်ရန်ပြောဆို၍ သတ်ခြင်းငှာ တရသောတောင်ထိပ်ပေါ်သို့ ခေါ်၍သွားပါ၏၊ တောင်ထိပ်ပေါ်သို့ ရောက်သောအခါ အကျွန်ုပ်ကိုသတ်၍ တန်းဆာကိုယူမည် ဟူသောစကားကို ခိုးသူဖြစ်သော လင်ယောကျ်ားက ပြောပါ၏။ ထိုအခါ၌ အကျွန်ုပ်သည် ကိုယ့်အသက်ကို စောင့်ရှောက်ရန် ကြံစည်၍ လိမ်လည်ကာ ပြောရပါ၏။ အရှင့်သား ယောကျ်ားမြတ် အရှင့်သားကို ကျွန်မအလွန်ချစ်လှပါသည် ကျွန်မကို မသတ်ပါလင့် ပုလဲ ကြောင် မျက်ရွဲတို့ဖြင့် စီချယ်၍ထားသော ရွှေလက်ကြပ် တန်းဆာကိုယူပါလော့ ကျွန်မကိုလည်း အစေခံ ကျွန်ဟူ၍ ပြောပါလော့ ဤသို့ကျွန်ုပ်ပြောသောအခါ၌ ခိုးသူဖြစ်သော ယောကျ်ားက ကျွန်မကို မသတ်သေးမူ၍ ဤသို့ပြောပါ၏။ ပြင်းပြစွာမငိုပါလင့် ဤရွှေလက်ကြပ်တန်းဆာကိုသာ ချွတ်ပါလော့ ငါသည်မသတ်မူ၍ ဥစ္စာကိုယူဘူးသည်မရှိ။ ဤသို့ ပြောသောအခါ အရှင့်သား ယောကျ်ားမြတ် ကျွန်မသည် သိကြားလိမ်မာသော အရွယ်သို့ရောက်သည်မှစ၍ အရှင့်သားမှတပါး ချစ်သောသူကို မတွေ့ဘူးပါ အရှင့်သားကို အလွန်ချစ်လှပါသည်။ ဤမှနောက်ကို အရှင့်သားနှင့်ပေါင်းဘော်ရခြင်း မရှိတော့ပါ၊ အရှင့်သားကို လက်ျာရစ်လည် ရှိခိုးလျက် ဖွေ့ဖက်လိုက်ပါရစေဦး အရှင့်သားဟု ပြောဆို၍ ချစ်ခင်ယောင်ပြု၍ လက်ျာရစ်လည်ပြီးလျှင် ဖက်ဖွေ့လျက် တောင်ပေါ်မှ တွန်း၍ချလိုက်၏။

နဟိ သဗ္ဗေသု ဌာနေသု၊ ပုရိသော ဟောတိ ပဏ္ဍိတော။
ဣတ္ထီပိ ပဏ္ဍိတာ ဟောတိ၊ တတ္ထ တတ္ထ ဝိစက္ခဏာ။
နဟိ သဗ္ဗေသု ဌာနေသု၊ ပုရိသော ဟောတိ ပဏ္ဍိတော။
ဣတ္ထီပိ ပဏ္ဍိတာ ဟောတိ၊ လဟုံ အတ္ထံ ဝိစိန္တိတာ။
လဟုံစ ဝတ ခိပ္ပဉ္စ၊ နိကဋ္ဌေ သမစေတယိံ။
မဂရုဏ္ဏာ ယထာ ဧဝံ၊ တဒါဟံ သတ္တုကံ ဝဓိံ။
ယောစ ဥပ္ပတိတံ အတ္ထံ၊ နခိပ္ပ မနုဗုဇ္ဈတိ။
သော ဟညတေ မန္ဒမတိ၊ စောရောဝ ဂိရိဂဗ္ဘရေ။
ယောစ ဥပ္ပတိတံ အတ္ထံ၊ ခိပ္ပမေဝ နိဗောဓတိ။
မုစ္စတေ သတ္တု သမ္ဗာဓာ၊ တဒါဟံ သတ္တုကာ ယထာ။

အယျာယော၊ အရှင်မတို့။ သဗ္ဗေသု ဌာနေသု၊ အလုံးစုံသော အရာ
တို့၌။ ပုရိသော၊ ယောကျာ်းသည်။ ပဏ္ဍိတော၊ ပညာရှိသည်။ နပိ
ဟောတိ၊ မဟုတ်သေးသည်သာတည်း။ ဣတ္ထီပိ၊ မိန်းမသည်လည်း။ တတ္ထ
တတ္ထ၊ ထိုထိုအရာ၌။ ဝိစက္ခဏာ၊ ရှုကြည့်ဆင်ခြင်လျက်။ ပဏ္ဍိတာ၊
ပညာရှိသည်။ ဟောတိ၊ ဖြစ်၏။ သဗ္ဗေသုဌာနေသု၊ အလုံးစုံသော
အရာတို့၌။ ပုရိသော၊ ယောကျာ်းသည်။ ပဏ္ဍိတော၊ ပညာရှိသည်။
နပိဟောတိ၊ မဟုတ်သေးသည်သာတည်း။ ဣတ္ထီပိ၊ မိန်းမသည်လည်း။
လဟုံ၊ လျင်မြန်စွာ။ အတ္ထံ၊ အကြောင်းအကျိုးကို။ ဝိစိန္တိတာ၊ ကြံစည်
လျက်။ ပဏ္ဍိတာ၊ ပညာရှိသည်၊ ဟောတိ၊ ဖြစ်ပါသေး၏။ အယျာ
ယော၊ အရှင်မတို့။ လဟုံစ၊ လျင်မြန်စွာရင်း။ ခိပ္ပဉ္စ၊ ခဏချက်ခြင်း
ရင်း။ ဝတ၊ စင်စစ်။ အဟံ၊ တပည့်တော်မသည်၊ နိကဋ္ဌေ၊ စဉ်းလဲ
သောအရာ၌။ သမစေတယိံ၊ ကောင်းစွာကြံစည်ခဲ့ဘူးပြီ။ ဥဏ္ဏာ၊
မိမိအမွေးသည်။ မဂံ၊ သားကောင်ကို။ ဝါ၊ သိုးကောင်ကို။ ဥဏ္ဏာ၊
သိုးမွေးသည်။ ဝဓိယထာ၊ သတ်သကဲ့သို့။ တဒါ၊ ထိုတောင်ပေါ်သို့
သတ်ရန် ခိုးသူယောကျာ်း ခေါ်သွားသောအခါ၌။ အဟံ၊ တပည့်
တော်မသည်။ သတ္တုကံ၊ ခိုးသူကို။ ဝဓိံ၊ သတ်ခဲ့ဘူးပြီ။

[မိမိကိုယ်မှ ပေါက်သော သားမွေးသည် မိမိကိုယ်ဟု ဆိုအပ်
သော သားကောင်သိုးကောင်ကို သတ်သကဲ့သို့ ခိုးသူယောကျာ်းကို
ပင် ခိုးသူကြံစည်သော တောင်သည် သတ်လေ၏ ဟုလိုသည်။
ကျွန်မသတ်လို၍ သတ်ရသည် မဟုတ်ပါ ဟူ၍ ဆိုလိုသည်]။

ယောစ၊ အကြင်သူသည်လည်း။ ဥပ္ပတိတံ၊ ဖြစ်ပေါ်လာသော
အကြောင်းအကျိုးကို။ ခိပ္ပံ၊ လျင်မြန်စွာ။ နအနုဗုဇ္ဈတိ၊ မသိ။ မန္ဒမတိ၊
နုံ့သောပညာရှိသော။ သော စောရောဝ၊ ထိုခိုးသူကဲ့သို့။ ဂိရိဂဗ္ဘ
ရေ၊ တောင်ချောက်ကြား၌။ ဟညတေ၊ သတ်အပ်၏။ ယောစ၊ အကြင်
သူသည်ကား။ ဥပ္ပတိတံ၊ ဖြစ်ပေါ်လာသော။ အတ္ထံ၊ အကြောင်းအ
ကျိုးကို။ ခိပ္ပမေဝ၊ လျင်စွာသာလျှင်။ နိဗောဓတိ၊ သိနိုင်၏။ သော၊
ထိုလျင်စွာသိသောသူသည်။ သတ္တုသမ္ဗာဓာ၊ ရန်သူ၏နှိပ်စက်ခြင်းမှ။
မုစ္စတေ၊ လွတ်၏။ တဒါ၊ ထိုခိုးသူကသတ်ရန် ကြံစည်သောအခါ၌။
အဟံ၊ အကျွန်ုပ် ကုဏ္ဍလကေသာသည်။ သတ္တုကာ၊ ရန်သူမှ။ မုစ္စာမိ
ယထာ၊ လွတ်ရသကဲ့သို့တည်း။

တဒ္ဒါဟံ ပါတယိတွာန၊ ဂိရိဒုဂ္ဂမှိ သတ္တုကံ။
သန္တိကံ သေတ ဝတ္ထာနံ၊ ဥပေတွာ ပဗ္ဗဇိံ အဟံ။

အယျာယော၊အရှင်မတို့-။ အဟံ၊ တပည့်တော်မ ကုဏ္ဍလကေသာ သည်။ တဒါ၊ ထိုအခါ၌။ သတ္တုကံ၊ ရန်သူဖြစ်သော လင်ယောကျ်ား လူငနွားကို။ ဂိရိဒုဂ္ဂမှိ၊ တောင်ချောက်ကြားခ၌။ ပါတယိတွာန၊ တွန်းချခဲ့၍၊ သေတဝတ္ထာနံ၊အဝတ်ဖြူ ဝတ်ကုန်သော ပရိဗိုဇ်မတို့၏။သန္တိကံ၊ အထံသို့။ ဥပေတွာ၊ ကပ်ရောက်၍။ အဟံ၊ တပည့်တော်မသည်။ပဗ္ဗဇိံ၊ သိလရှင်လုပ်၍ နေပါ၏။

တရားတော်နာ လာကြကုန်သော အရှင်မတို့ အလွန်ရှည်၍ ကောင်းမွန်သော ဆံပင်အလုံးစုံကို ကတ်ကျေးဖြင့် ရိတ်ဖြတ်၍ သိလရှင်လုပ်ပြီးလျှင် တိတ္ထိအယူဝါဒကို သင်ယူ၍ တယောက်တည်း ကြံစည်စဉ်းစား၏။ ထိုအခါ၌ လူ၏လက်ပြတ်ကို ခွေးတကောင် ကိုက်ချီလာ၍ အနီး၌ ချထားလာ၏။ သဲအလူးလူးနေသော လူလက်ပြတ်ကိုမြင်၍ နိမိတ်ထင်လာပါ၏။ ထိုနောက် သံဝေဂ ဖြစ်၍ အပေါင်းအသင်းတို့ကို မေးမြန်းသောအခါ၌ သကျပုတ္တ သာကီဝင်မင်းသားရဟန်းတို့သည် သိကုန်၏ ဟု ပြောကြားကုန်၏။ ထိုအကြောင်းကို ဘုရားတပည့်ရဟန်းများကို ကပ်၍ မေးလျှောက်သောအခါ ကျွန်ုပ်ကုဏ္ဍလကေသာကို ခေါ်၍ မြတ်စွာဘုရား အထံသို့ ပို့ကြ၏။ မြတ်စွာဘုရားသည် ခန္ဓာ ငါးပါး အာယတန တဆဲ့နှစ်ပါး ဓာတ်တဆဲ့ရှစ်ပါး အသုဘ အနိစ္စ ဒုက္ခ အနတ္တ တရားတို့ကို ဟောတော်မူ၍ တပည့်တော်မသည် တရားကို သိမြင်သော ဓမ္မစက္ခုဖြင့် နိဗ္ဗာန်ကိုမြင်၍ သောတာပတ္တိဖိုလ်၌ တည်၏။ မြတ်စွာဘုရားထံ၌ တောင်းပန်၍ ရဟန်းခံ၍ ဥပသမ္ပန္န ပဉ္စင်းမအဖြစ်ကို ရပြီးနောက် အနည်းငယ်မျှသောရေကိုမြင်၍ ခြေတို့ကို ဆေးရင်း ဖြစ်ပျက်ကို မြင်၍ အလုံးစုံသော သင်္ခါရတရားတို့သည် ဤခြေဆေးသော ရေကဲ့သို့ ပျက်ချည် ဖြစ်ချည် နေသော ဖြစ်ပျက် တရားတွေပဲဟူ၍ ကြံစည်သော အခါ၌ တပည့်တော်မ၏ စိတ်သည် ကိလေသာ အာသဝေါမှ ကင်းလွတ်၍ အလုံးစုံသော တေဘူမက ရုပ်နာမ်တရား၌ စွဲလမ်းခြင်းမရှိ ရဟန္တာမအဖြစ်သို့ ရောက်၍ မြတ်စွာဘုရားသည် တပည့်တော်မ ကုဏ္ဍလကေသာကို ခိပ္ပါဘိညာ ဧတဒဂ် အရာ၌ ထားတော်မူပေ၏။

ဇုဋ္ဌာသယ ၁၅၇-၂၆

ကိလေသာ ဈာပိတာ မယှံ၊ ဘဝါ သဗ္ဗေ သမူဟတာ။
နာဂေါ ဗန္ဓနံ ဆေတွာ၊ ဝိဟရာမိ အနာသဝါ။
သွာဂတံ ဝတ မေ အာသိ၊ မမ ဗုဒ္ဓဿ သန္တိကေ။
တိဿော ဝိဇ္ဇာ အနုပ္ပတ္တာ၊ ကတံ ဗုဒ္ဓဿ သာသနံ။
ပဋိသမ္ဘိဒါ စတဿော၊ ဝိမောက္ခာပိစ အဋ္ဌိမေ။
ဆဠာဘိညာ သစ္ဆိကတာ၊ ကတံ ဗုဒ္ဓဿ သာသနံ။

ဤဥဒါန်းဂါထာတို့ကို ကျူးရင့်မြွက်ဆိုကာ ရဟန္တာမိန်းမအဖြစ်၌ ချမ်းသာစွာ နေရပါ၏။ တရားတော်နာ လာကြကုန်သော အရှင်မတို့-အကျွန်ုပ် ဘဒ္ဒါကုဏ္ဍလကေသာကဲ့သို့ ပါရမီကို ဖြည့်၍ တရားကို အားထုတ်လျှင် နိဗ္ဗာန်ကိုရ၍ မြေစွာနေရလတ္တံ့ဟူ၍ ဟောတော်မူ၏။ ဤအပဒါန် တရားတော်တို့ကို ဘဒ္ဒါကုဏ္ဍလကေသာ ဘိက္ခုနီသည် ရဟန်းမိန်းမတို့အလယ်၌ တင့်တယ်စွာထိုင်နေလျက် ဟောကြားအပ်ပြီ။

[ဥဒါန်းကျူးသော ဂါထာများ၏ အနက်ကို သုမေဓာထေရီဝတ္ထု၌ ဆိုပြီးဖြစ်၍ မရေးတော့ပြီ]။

နည်းယူရန်အရဆောင် ဂါထာစု

တဒါဟံ ဥပသမ္ပန္နာ၊ ပရိတ္တံ တောယ မဒ္ဒသံ။
ပါဒေ ပက္ခာလနေ နာဟံ၊ ဥ တွာန ဥဒယဗ္ဗယံ။
တထာ သဗ္ဗေပိ သင်္ခါရေ၊ ဤဒိသံ စိန္တယိံ တဒါ။
တတော စိတ္တံ ဝိမုစ္စိ မေ၊ အနုပါဒါယ သဗ္ဗသော။

အယျာယော၊ ဆုတောင်းစုံညီ ပါရမီနှင့် ဘိက္ခုနီလှ အရှင်မတို့—။ တဒါ၊ ထိုအခါ၌။ အဟံ၊ ငယ်မည်ဘဒ္ဒါ အမည်သာ၍ နောက်ခါ ကာလ ကုဏ္ဍလကေသာ သညာမည်ခေါ် တပည့်တော်မသည်။ ဥပသမ္ပန္နာ၊ ပဥ္စင်းမ ပြုလုပ်ပြီး၍။ ပရိတ္တံ၊ အနည်းငယ်သော။ တောယံ၊ ရေကို။ အဒ္ဒသံ၊ မြင်ရ၏။ ပါဒပက္ခာလနေ၊ ခြေကို ဆေးသဖြင့်။ အဟံ၊ တပည့်တော်မ သည်။ ဥဒယဗ္ဗယံ၊ ဖြစ်ခြင်းပျက်ခြင်းကို။ ဝါ၊ ဖြစ်၍ပျက်သည်ကို။ ဥ တွာန၊ သိပြီး၍။ တထာ၊ ထိုဖြစ်ပျက်သော ခြေဆေးရေနှင့်အတူ။ တဒါ၊ ထိုခြေဆေးရေ၏ ဖြစ်ပျက်ကို မြင်သောအခါ၌။ သဗ္ဗေပိသင်္ခါရေ၊ မိမိ ကိုယ်တွင်း ဖြစ်ခြင်းပျက်ခြင်းရှိကုန်သော အလုံးစုံသောအဆင်း,အသံ, အနံ့ တို့သည်လည်း။ ဤဒိသံ၊ ဤခြေဆေးရေကဲ့သို့ ဖြစ်ခြင်း ပျက်ခြင်း

သဘောရှိ၏ဟူ၍။ ဝိန္ဒ ယိံ၊ စဉ်းစားကြံစည်လေပြီ။ တတော၊ ထိုဖြစ်ခြင်း ပျက်ခြင်းကို ကြံစည် စဉ်းစားခြင်းကြောင့်။ မေ၊ တပည့်တော်မ၏။ ဝိတ္တံ၊ စိတ်သည်။ သဗ္ဗသော၊ အခြင်းခပ်သိမ်း။ အနုပါဒါယ၊ တဏှာဒိဋ္ဌိတို့ဖြင့် စွဲလမ်းခြင်းမရှိဘဲ။ ဝါ၊ ငါ့အဆင်း ငါ့အသံ ငါ့အနံ့ဟူ၍ စွဲလမ်းခြင်း မရှိဘဲ။ ဝိမုတ္တံ၊ တဏှာမှ လွတ်ကင်းပေပြီ။

ငယ်မည်ဘဒ္ဒါ နောက်ခါမှ ကုဏ္ဍလကေသာ ခေါ်ကြသော ထေရီ အရှင်မသည် ဥပသမ္ပန္န ပဋ္ဌင်းမဖြစ်ပြီးမှ ခြေဆေးရေ၏ဖြစ်၍ပျက်သည် ကိုမြင်၍ ငါ၏ကိုယ်ဟူ၍ မှတ်ထင်ကြသော အဆင်း, အသံ, အနံ့, အရသာ,အတွေ့,အထိ ကြမ်းချောချမ်း တွန်းတိုးတောင့်တင်း ပူအေးသော ယိုစီးပြစ်ချွဲ ဖွဲ့တွဲစေးကပ် ရုပ်ဓာတ် အစုဘို့ သည်လည်း ဖြစ်ပျက် သဘောရှိ၏ဟူ၍ ရှုဆင်ခြင်လျက် အာသဝေါကင်းသော ရဟန္တာမ အဖြစ်သို့ ရောက်လေသတည်း။ သို့သော်လည်း ဤနောက်ဆုံးဘဝ တကြိမ်မျှရှု၍ ရဟန္တာဖြစ်သည်မဟုတ် ကမ္ဘာတသိန်း ပါရမီဖြည့်၍ အကြိမ်ကြိမ်ရှုဘူးသောကြောင့် ပါရမီရင့်မှ ရဟန္တာဖြစ်သည်။

ဘဒ္ဒါကုဏ္ဍလကေသာ အပဒါန် ဝတ္ထု ပြီး၏။ [ကေဝီသတိဝတ္ထု]။

ကိသာဂေါတမီ အပဒါန်ဝတ္ထု ဗျာဒိတ်ခံတော်း

ကိသာဂေါတမီ ထေရီသည် ကမ္ဘာတသိန်းထက်၌ ပဒုမုတ္တရ မြတ်စွာဘုရား ပွင့်တော်မူသောအခါ ဟံသာဝတီ ပြည်တော်ကြီးဝယ် အညတရ မထင်ရှားသော အမျိုးကောင်းသမီးဖြစ်၍ သိကြွား လိမ္မာ သော အရွယ်သို့ရောက်လျှင် မြတ်စွာဘုရား အထံတော်သို့သွား၍ တရားတော်ကို နာရာတွင် လူခဝိဝရဝေ- ခေါင်းပါး နွမ်းရိသော သင်္ကန်းကိုဆောင်ခြင်း၌ ဧတဒဂ် ထားတော်မူသော ဘိက္ခုနီမကို မြင်လျှင် ကြည်ညိုခြင်းဖြစ်၍ တတ်စွမ်းသမျှ ဒါနစသော အဓိကာရ ကုသိုလ်ကို ပြုလုပ်၍ လူခဝိဝရဝေ ဧတဒဂ်ဘိက္ခုနီ ရဟန္တာမ ဖြစ်ရ ပါစေသောဟု ဆုတောင်း၍ ငါတို့မြတ်စွာဘုရား လက်ထက်သို့ရောက် သောအခါ သာဝတ္ထိပြည်ဝယ် သူဌေးသမီး ဖြစ်ပြီး၍ နောက်မှ ပျက်ပြား ရသာဖြင့် ဒုဂ္ဂတကုလ သူဆင်းရဲဖြစ်၍ ဂေါတမီဟူသောအမည်ကို ပြုကြ ကုန်၏။ ကြုံလှီသောကိုယ်ရှိ၍ ကိသာဂေါတမီဟု ခေါ်ကြကုန်၏။

အရွယ်ရောက်၍ လင်အိမ်သို့ လိုက်ရသောအခါ သူဆင်းရဲသွီးဟူ၍ မထိလေးစား မခံ့ညားကြကုန်။ သားယောကျ်ားတယောက်ကို ဖွားမြင်သောအခါမှ သားရသော အမျိုးသွီးဟူ၍ ရိုသေလေးမြတ် ခံ့ညားခြင်းကို ကောင်းစွာ ပြုကြကုန်၏။ ထိုသားသည် သွားလာနိုင်သော အရွယ်ရှိလျှင် တစုံတခုသော ရောဂါဖြင့် သေဆုံးသောအခါ လူအပေါင်းတို့သည် သုသာန်သို့ပို့ရန် အားထုတ်ကြကုန်၏။ ကိသာဂေါတမီသည်ကား ငါသည် သူဆင်းရဲသွီးဖြစ်၍ သူတပါးတို့၏ မထိလေးစား မခံ့မညား ပြုခြင်းကို ခံရသည်။ ဤသားကလေးတယောက် ရလာမှ သာလျှင် လူအများတို့ မြတ်နိုးကြကုန်သည်။ ဤသားကလေးကို ငါမပစ်နိုင်ဟု သားသေကို ပိုက်ချီလျက် ငါ၏သားကို ရှင်အောင် ဆေးကုကြပါဟူ၍ အိမ်စဉ်မပြတ် လှည့်ပတ်သွားလာ၍ နေ၏။ လူတို့သည် သေသောသူကို ရှင်အောင် ကုနိုင်သောဆေး အဘယ်မှာ ရှိနိုင်မည်နည်းဟု ပြက်ရယ် ပြု၍ ပြောဆိုကြကုန်၏။ ပညာရှိသော လူတယောက်သည် ဤမိန်းမကား သားသေသဖြင့် စိုးရိမ်သောကနှိပ်စက်သောကြောင့် စိတ်နောက်ကျု၍ ရူးသွပ်ခြင်းသို့ ရောက်ရှာ၏တကား။ သနားဘွယ်ဖြစ်သော ထိုမိန်းမအား မြတ်စွာဘုရားအထံ ရောက်လျှင် ထိုစိုးရိမ်သောကမှ လွတ်ကင်း၍ ချမ်းသာခြင်းသို့ ရောက်လတ္တံ့ဟုကြံ၍ အို–သားသည် အမိ သင်၏ သားကို ရှင်အောင်ကုနိုင်သော ဆေးကို မြတ်စွာဘုရား အထံသို့သွား၍ တောင်းလေလော့ဟု ဆိုလိုက်၏။ ထို ကိသာဂေါတမီ သည်လည်း ဝမ်းသာအားရ မြတ်စွာဘုရား အထံမှ ဆေးကို ရလိမ့်မည် အထင်နှင့် လျင်စွာသွားသည်ရှိသော် မြတ်စွာဘုရား တရားဟောတော် မူသော အချိန်၌ရောက်၍ မြတ်စွာဘုရား တပည့်တော်မ၏ သားကို ရှင်အောင် ဆေးပေးတော်မူပါဘုရားဟု လျှောက်ကြားလေ၏။ မြတ်စွာဘုရားသည် ပါရမီရင့်ပြီး၍ဖြစ်သည်ကို သိတော်မူ၍ ချစ်သွီးကိသာဂေါတမီ သင်၏ သားကို ဆေးကုရန် လူမသေဘူးသော သူ၏ အိမ်မှ မုံညင်းစေ့ကို ရအောင်ရှာခဲ့လေလော့ဟု မိန့်တော် မူလိုက်၏။ ကိသာ ဂေါတမီသည် ဝမ်းသာသောစိတ်ဖြင့် ငါ့သား ရှင်တော့မည်ဟု အောက်မေ့လျက် မြို့တွင်းသို့ဝင်၍ ရှေးဦးစွာသော အိမ်၌ အို-အိမ်ရှင်တို့ အသင်တို့ အိမ်တွင် လူမသေဘူးသောသူ ရှိပြားအံ့၊ အကျွန်ုပ်အား မုံညင်းစေ့ တဆုပ်ပေးပါဟု တောင်းလေ၏။ ထိုအခါ၌ အိမ်ရှင်ဖြစ်သူက ညီမ

ဂေါတမီ ငါတို့အိမ်၌ လူမသေဘူးသူမရှိ၊ သေသော လူတွေပင် မရေတွက်နိုင်ဟု ပြောကြကုန်၏။ ကိသာဂေါတမီသည် နှစ်အိမ် သုံးအိမ်တောင်းမိလျှင် မြတ်စွာဘုရား၏ အာနုဘော်ဖြင့် စိတ်နောက်ကျုခြင်း ပျောက်ကင်း၍ ပကတိစိတ်၌ တည်လျက် ဤသို့ကြံ၏ တမြို့လုံး အိမ်ရှိသမျှ ဤနည်းအတိုင်းသာ ဖြစ်လတ္တံ့၊ လူမသေဘူးသူရှိသော အိမ်ကိုရှာ၍ ရနိုင်မည်မဟုတ်၊ ဧည့်-ငါ၏အကျိုးကို အလိုတော် ရှိ၍ ကရုဏာတော်ရှင် ဘုရားသခင်သည် ဤအကြောင်းကိုမြင်တော်မူပေလိမ့်မည်ဟု ကြံစည်ကာ သံဝေဂစိတ်ဖြစ်လာ၍ မြို့ပြင်သို့ ထွက်သွားပြီးလျှင် သားသေကို သုသာန်၌ စွန့်ပစ်ခဲ့၍ ဤသို့ကြံစည်လေ၏ ဧည့်-ဖြစ်ပျက်ဘောက်လွဲ မမြဲတတ်သော သဘော သေပျောက်တတ်သော သဘောသည်ကား တရွာတည်း၏ သဘောလည်း မဟုတ်ချေ၊ တမျိုးတည်း၏ သဘောလည်း မဟုတ်ချေ၊ တတိုင်းပြည်၏ သဘောလည်း မဟုတ်ချေ၊ အလုံးစုံသော သတ္တဝါတို့၏ သဘောဖြစ်ချေ၏တကားဟု အောက်မေ့လျက် မြတ်စွာဘုရားအထံသို့လာ၍ အနီးသို့ရောက်လျှင် ရှိသေစွာရှိခိုး၍ ရပ်လေ၏။ချစ်သမီး ဂေါတမီ-မုံညင်းစေ့ရပါ၏လောဟု မေးတော်မူလျှင် မဟာကရုဏာတော်ရှင် ဖြစ်တော်မူပါသော မြတ်စွာဘုရား တပည့်တော်မ၏သားသေကို ဆေးကုရန် အတွက် မုံညင်းစေ့ဖြင့် အလိုမရှိတော့ပါ၊သေပြီးသော သားကိုရှင်အောင် တပည့်တော်မ အလိုမရှိတော့ပါ။ တပည့်တော်မ ထောက်တည်ရာ ရအောင်သာလျှင် အရှင်ဘုရား ပြုတော်မူပါလော့ဟု လျှောက်ကြားလေ၏။ ထိုအခါ မြတ်ဘုရားသည် ဤဂါထာကို ဟောတော်မူ၏။

> တံ ပုတ္တ ပသုသမ္မတ္တံ၊ ဗျာသတ္တမာနသံ နရံ။
> သုတ္တံ ဂါမံ မဟောဃောဝ၊ မစ္စု အာဒါယ ဂစ္ဆတိ။

[တံပုတ္တပသုသမ္မတ္တံ-ပါဠိအချို ရှိ၏]။

သုတ္တံ၊ ဂါမံ၊အိပ်ပျော်သော တရွာလုံးကို။ မဟောဃော၊ကြီးစွာသော မြစ်ရေအလျဉ်သည်။ အာဒါယ၊ မျှောယူ၍။ ဂစ္ဆတိဣဝ၊ သွားသကဲ့သို့။ ဗဟုသပတ္တံ၊များသောရန်သူရှိသော။ ဗျာသတ္တမာနသံ၊ ကပ်ငြိတွယ်တာသော စိတ်ရှိသော။ နရံ၊ လူဖြစ်လာသော။ တံပုတ္တံ၊ ထိုသားကို။ မစ္စု၊ သေမင်းသည်။ အာဒါယ၊ ယူ၍။ ဂစ္ဆတိ၊ သွားလေ၏။

ဂါထာ ပရိယောသာနေ၊ ဂါထာအဆုံး၌။ ယထာဌိတာဝ၊ ရပ်လျက် နေမြဲတိုင်းပင်လျှင်။ သောတာပတ္တိဖလေ၊ သောတာပတ္တိဖိုလ်၌။ ပတိဋ္ဌာယ၊ တည်၍။ ပဗ္ဗဇံ၊ ရဟန်းအဖြစ်ကို။ ယာစိ၊ တောင်းပန်လေ၏။

ထေရီဂါထာ အဋ္ဌကထာ-ဗေချင်။

ဤကား အဋ္ဌကထာ စကားအစဉ်တည်း။

ရဟန်းမိန်းမပြုလုပ်၍ ဖြစ်ပျက်တရားကို အားထုတ်ကြည့်ရှု ဆင်ခြင်လျက် ဝိပဿနာကို တိုးပွါးစေ၍ နေသောအခါ မြတ်စွာဘုရားသည် ရောင်ခြည်တော်လွှတ်၍ ဩဘာသဂါထာကို ဟောတော်မူ၏။

ယောစ ဝဿသတံ ဇီဝေ၊ အပဿံ အမတံ ပဒံ။
ဧကာဟံ ဇီဝိတံ သေယျော၊ ပဿတော အမတံ ပဒံ။

ဂါထာအဆုံး၌ ရဟန္တာမ အဖြစ်သို့ ရောက်လေ၏။ ရဟန္တာမ ဖြစ်ပြီး၍ ငါသည်ကား မြတ်စွာဘုရားကိုအမှီပြု၍ ဤသို့သော တရားထူးကို ရပါတကားဟူ၍ ကလျာဏမိတ်၏ ဂုဏ်ကိုအဦးထား၍ ဥဒါန်းကျူးလျက် ထေရီဂါထာ တရားတော်ကို ဟောကြားတော်မူ၏။

အယျာယော၊ တရားတော်ကို ရှိသေလေးမြတ်ကြကုန်သော အရှင်မတို့—။ မုနိနာ၊ မြတ်စွာဘုရားသည်။ ကလျာဏမိတ္တတာ၊ မိတ်ကောင်းရှိသည်၏ အဖြစ်ကို။ ဝဏ္ဏိတာ၊ ချီးမွမ်းတော်မူအပ်၏။ လောကံ၊ လူအပေါင်းကို။အာဒိဿ၊ ရည်မှတ်၍။ ကလျာဏမိတ္တေ၊ မိတ်ဆွေကောင်းတို့ကို။ ဘဇမာနော၊ ဆည်းကပ်သောသူအား။ ဗာလောအပိ၊သူမိုက်ပင်ဖြစ်သော်လည်း။ ပဏ္ဍိတော၊ပညာရှိသည်။အဿ၊ဖြစ်ရ၏။ သပ္ပုရိသာ၊ ဘုရားအစရှိသော သူတော်ကောင်းတို့ကို။ ဘဇိတဗ္ဗာ၊ဆည်း ကပ်အပ်ကုန်၏။ဘဇန္တာနံ၊ဘုရားစသော ပညာရှိတို့ကို ဆည်းကပ်သော သူတို့အား။ပညာ၊ လောကီ လောကုတ္တရာ နှစ်ဖြာသောပညာသည်။ပဝဍ္ဎတိ၊ တိုးပွါး၏။ သပ္ပုရိသေ၊ ဘုရားစသော ပညာရှိသူတော်ကောင်းတို့ကို။ ဘဇမာနော၊ ဆည်းကပ်သော သူသည်။ သဗ္ဗေဟိပိ၊ အလုံးစုံလည်း ဖြစ်ကုန်သော။ ဒုက္ခေဟိ၊ ဖြစ်ပျက်မမြဲ ပြောင်းလဲ ဘောက်ပြန် သံသရာ ဘဝ ဝဋ်ဒုက္ခတို့မှ။ မုစ္စေယျ၊ လွတ်ရာ၏။

ကိသာဂေါတမီ ထေရီမြတ်လျှ အရှင်မသည် ဘုရားအစ ရှိသော သူတော်ကောင်းတို့၏ ဂုဏ်ကို ချီးမွမ်းညွှန်ပြပြီး၍ သံသရာ ဘဝ၌

မိန်းမဖြစ်ရခြင်းသည် ယောကျ်ားများထက်ပိုလွန်၍ ဆင်းရဲကြောင်းကို
ဝတ္ထုထုတ်ဆောင်၍ ဤသို့ဟောကြားတော်မူပြန်၏။

အယျာယော၊အရှင်မတို့-။ဣတ္ထိဘာဝေါ၊ မိန်းမအဖြစ်သည်။ဒုက္ခော၊
ဆင်းရဲ၏။ဣတိ၊ဤသို့။ပုရိသဒမ္မသာရထိနာ၊ ယောကျ်ားထွင်ထား မြတ်
ဘုရားသည်။ အက္ခာတော၊ ဟောကြားတော်မူ၏။စပလတာ၊ လျှပ်ပေါ်
လော်လီခြင်း။ဂဗ္ဘဓာရဏံ၊ကိုယ်ဝန် ဆောင်ရခြင်း။ သဗ္ဗကာလံ၊အခါ
ခပ်သိမ်း။ပရပဋိဗဒ္ဓဂုတ္တိတာ၊ သူတပါးနှင့်စပ်၍နေရခြင်း။ ဣတိဧဝမာဒီ
ဟိ၊ ဤသို့အစ ရှိကုန်သော။အာဒီနဝေဟိ၊ အပြစ်တို့ကြောင့်။ ဣတ္ထိဘာ
ဝေါ၊မိန်းမအဖြစ်သည်။ ဒုက္ခော၊ ဆင်းရဲ၏။ ။သပတ္တိကာပိ၊မချစ်မကြင်
ရန်သူလင်နှင့် အတူနေရခြင်း သည်လည်း။ ဒုက္ခံ၊ ဆင်းရဲ၏။ အပေ့
ကစ္စာ၊အချို့သော မိန်းမတို့သည်။ သကိံ ဝိဇာတာယော၊ သေရအံ့လော
မသေလောဟု တွေးတောယုံမှား ကြောက်လန့်အားနှင့် သားဖွားကြရ
ကုန်၏။သကိံ ဝိဇာတာယော၊ တကြိမ်အစ ပဋ္ဌမသားဦး မမွေးဘူး၍
ညည်းညူကျင်နာဆင်းရဲလှစွာ မွေးဖွားရကုန်၏။အပေ့ကစ္စာ၊ပုန်းကွယ်
ရာမှ ကိုယ်ဝန်ရသော မိန်းမအချို့တို့သည်။ ဂလေ၊ မိမိ လည်ပင်း၌။
အပကန္တန္တိ။ဖြတ်ကြကုန်၏။အပေ့ကစ္စာ၊တိတ်တိတ်ပုန်းရသားမွေးကြ
သော မိန်းမအချို့တို့သည်။ ဂလေ၊သားငယ်၏လည်ပင်း၌။အပကန္တန္တိ၊
ဖြတ်ကြကုန်၏။ အပေ့ကစ္စာ၊ အပျိုစင်လျက် ကိုယ်တွင်ဝန်လေး သား
မွေးကုန်ကြ ရှက်စနိုးလှသော မိန်းမအချို့တို့သည်။ ဂလေ၊မိမိလည်ပင်း
ကို။အပကဖုန္တိ၊ကြိုးဆွဲချကုန်၏။ သုခုမာလိနိယော၊ ကိုယ်လက်အင်္ဂါ
ငယ်လှစွာသော မိန်းမတို့သည်။ဇနမာရကမဇ္ဈဂတာ၊ ဝမ်းပိုက်ခါးငယ်
သန္ဓေတွယ်သော်ဆိတ်ကွယ်ရာသွား သားကိုဖွား၍ ကိုယ်အားသေးငယ်
နုနယ်ကုန်သောကြောင့်။ ဥဘောပိ၊အမိနှင့်သား မမွေးဖွားနိုင် နှစ်ဦးပြိုင်
တို့သည်လည်း။ ဗျသနာနိ၊သေကြေပျက်စီးကြကုန်သော ဆင်းရဲတို့ကို။
အနုဘောန္တိ၊ ခံစားရကုန်၏။ အပေ့ကစ္စာ၊ စိတ်လိုလိုက်မိ သန္ဓေရှိသော်
လူသိမည်ပိုး ရှက်နိုးစွာလှ စိတ်နောက်ကြသော မိန်းမအချို တို့သည်။
ဝိသာနိ၊ အဆိပ်တို့ကို။ ခါဒန္တိ၊ ခံစားကြကုန်၏။

[ဤနေရာ၌ ပါဠိအကွဲကွဲ ရှိကုန်၏။ ထေရီဂါထာ ပါဠိတော်-၂၀၀၊
ရင်းအဋ္ဌကထာ ဗဲ-ချပ် ဗော-ချပ်တို့နှင့် တိုက်၍ရှု]။

ဒုက္ခာ ဇာတ္တိဘာဝေါ အစရှိသောနှစ်ဂါထာတို့၏ အဓိပ္ပါယ်ကား— မိန်းမဖြစ်ခြင်းသည် အလုံးစုံသော ကာမတဏှာ ပျော်မွေ့ရာ၌ လျင်စွာ စိတ်ညွတ်တတ်၍ တဏှာရာဂ တပ်စွန်းလွယ်၏။ အညစ် အကြေး များလှ၏။ စိတ်လိုလိုက်၍ ဇာမ်ထောင်ပြုပါလည်း မနှစ်သက်သော ယောကျ်ားနှင့် ညားသဖြင့် ရန်သူယောကျ်ားနှင့်နေရခြင်းသည် လွန်စွာ ဆင်းရဲ၏။ ပဋိသန္ဓေ လွယ်ရခြင်းသည်လည်း လွန်စွာဆင်းရဲ၏။ သား ဖွားရခြင်းသည်လည်း သေရအံ့လော မသေလောဟု တွေးတော ယုံမှား ဘွယ်ဖြစ်၍လွန်စွာဆင်းရဲ၏။ အချို့သောမိန်းမတို့သည် မလွန်ကျူးသင့် သော သူနှင့် တိတ်တိတ်ပုန်း လွန်ကျူးမိ၍ ပဋိသန္ဓေရှိသည်ကို ရှက် စနိုး၍ ဆွဲကြိုးချ၍ သေကုန်၏။ အဆိပ်အတောက်ကိုစား၍ သေကုန်၏။ ကိုယ်လေးလက်ဝန်နှင့် အနေအထိုင် အသွားအလာ မလိမ္မာ၍သော်ၡင်း မသင့်မတော်သော အစာကို စားမိသောကြောင့်ၡင်း ဝမ်းထည်း၌ သူငယ်သေ၍ မဖွားနိုင်လျှင် အမိလည်းသေတတ်သဖြင့် နှစ်ယောက်လုံး ဆင်းရဲငြိုငြင်စွာ ပျက်စီးကြကုန်၏။

နိဿယ ၄၃-ချပ်-၄၄-ချပ်။

အမျိုးသမီးကယောက်သည် ဤဆိုခဲ့ပြီးသောနှစ်ဂါထာတို့၏အဓိပ္ပါယ် အားဖြင့် ပြဆိုသော ဆင်းရဲဒုက္ခတို့ကို ခံစားရ၍သေသည်၏ အခြားမဲ့၌ ဘီလူးမဖြစ်၍ ရှေးဘဝတို့၌ လူမိန်းမ ဖြစ်သော အခါတွင် စိတ်လို လိုက်မှား မကောင်းသော ယောကျ်ားနှင့်ညား၍ ဆင်းရဲခြင်း ကိုယ်ဝန် ဆောင်၍ ဆင်းရဲခြင်း သားဖွား၍ ဆင်းရဲခြင်း တိတ်တဆိတ် ကိုယ်ဝန် ရှိ၍ အဆိပ် အတောက် စားခြင်း ဆွဲကြိုးချ၍သေခြင်းဖြင့် ဆင်းရဲစွာ သေပြီးမှ ဘီလူးမဖြစ်သောအခါ ရှေးဘဝတို့က မိမိ ခံစားရသည်ကို ဇာတိသရဖြင့် အောက်မေ့အမှတ်ရသောကြောင့် မိန်းမ ဖြစ်ရသော ဘဝကို ကဲ့ရဲ့ရှုတ်ချ အပြစ်ပြ၍ ဒုက္ခော ဇာတ္တိဘာဝေါ အစရှိသော ဂါထာကို ဆိုသတည်း။ ကိသာဂေါတမီ ထေရီသည်ကား ထိုဘီလူးမ ဆိုသော နှစ်ဂါထာကိုပင် ထပ်၍ မိန်းမဖြစ်ရသော ဆင်းရဲကို ပြလို သောကြောင့် ဟောတော်မူ၏။

ဤမှတပါး စိတ်လိုလိုက်မှား၍ မိန်းမများ ဆင်းရဲရောက်ပုံကို ဤသို့ ဟောပြန်၏။ တရားတော်ကို ရိုသေစွာ နာကြကုန်သော အမျိုးသမီး အပေါင်းတို့-သာဝတ္ထိပြည် သူဌေးသမီးတယောက်သည် စိတ်လိုလိုက်မှား

ကျွန်နှင့် ညား၍ တခြားတရွာ လွတ်ရာထွက်ပြေး သားမွေးလုမှ မိဘ ရပ်ရွာ ပြန်၍လာသော် လမ်းမှာ မွေးဖွား သား နှစ်ယောက်သေ ယောက်ျားသေပြီး အဖေ အမေ မောင်ပါသေ၍ စိတ်လေ ကိုယ်လွင့် သင့်မသင့်ကို မထောက်ချင့်နိုင် ငေးမှိုင်စိတ်နောက် ကတောက်ကဆတ် ရောက်ယက်ခတ်မျှ လှည့်ပတ်သွားလာ ချာချာရူးသွပ် ခါးဝတ်မရှိ ရောက်မိရောက်ရာ ဆင်းရဲစွာသော မိန်းမတယောက်ကို ငါကိုယ်တိုင် ပင် မြင်ခဲ့ရ၏။ ထိုမိန်းမသည်ကား အခြားသူမဟုတ် ပဋာစာရီ သူဌေး သွီးပင်ဖြစ်၏။ (မိန်းမဖြစ်သော ဘဝမှာ သူဌေးသွီး, မင်းသွီး, စကြာ မင်းကြီး၏ သွီးပင်ဖြစ်သော်လည်း စိတ်ကို မထိန်းနိုင်လျှင် ကိုယ်ဝန် ဆောင်ရခြင်း သားမွေးရခြင်း ဆင်းရဲဒုက္ခကို ခံစားရမြဲဖြစ်၏)။ ဤသို့ သော တရားစကားဖြင့် ဟောကြားညွှန်ပြ၍ မိန်းမဖြစ်သော ချစ်သွီးတို့ အား တရားရတို့ ဆုံးမတော်မူပြီး၍ ကိသာဂေါတမီ အရှင်မသည့် မိမိ ကိုယ်ကို မိမိဆုံးမပုံကို ဤသို့ ဟောကြား၏။

ဒိဏ္ဏကုလိနေ၊စည်းစိမ်ဥစ္စာ ဆွေညာ ပြုန်းတီးကုန်ခန်းပြီးသော။ ကပ ဏော၊သူတပါးတို့လေးစားမမှု မွဲချူပြုန်းတီးတကိုယ်ထည်းသာ ကိုးရာ မရ ကျန်နေရသည့် ကိသကြုံလှီဂေါတမီ။ တေ၊သင်ဂေါတမီအား။ အနု ဘူတံ၊ယခုဘဝ ခံစားရသော။ ဒုက္ခံ၊ စည်းစိမ်ဥစ္စာ ဆွေညာပျက်ပြုန်း သားလင်ဆုံး၍သူကျုံးမရဒုက္ခထန်ပြင်း ဆင်းရဲခြင်းသည့်။အပရိမာဏံ၊ အတိုင်းအဆပမာဏမရှိ များလှဘိ၏။တေ၊လင်သေ သားသေ မျိုးဆွေ ပြုန်းတီး ပျက်စီးကာလ ငိုကြွေးရသော သင်ဂေါတမီ၏။ အဿုစ၊ မျက်ရည် သည်လည်း။ ဗဟူနိ၊ များစွာကုန်သော။ သဟဿာနိ၊ အထောင်မကများလှစွာသော ဘဝကိုပတ်လုံး။ ပဝတ္တံ၊ လေးစင်းပြင် ကျယ် ပင်လယ်များထွေ သမုဒ်ရေမျှ ပိုမကအောင် ယိုကျ ခဲ့ရဘူး လေပြီ။

[လင်သေ သားသေ အဘေအမေ ဆွေမျိုးညာတိ အစရှိသော ချစ်ကျွမ်းဝင်သူတို့ ပျက်စီးသေဆုံးခြင်းကြောင့် ငိုရသော မျက်ရည် သည် ရှေးရှေးကာလ အနမတဂ္ဂသံသရာ များစွာသောဘဝတို့၌ သမုဒ္ဒ ရာလေးစင်းရေမျှမက စီးယိုကျအောင် ငိုဘူးသှလေပြီဟူ၍ဆိုလိုသည်]။

ထိုထိုဘဝ ဖြစ်လေရ၍ ခွေးမ၊ ဆိတ်မ၊ နွားမ၊ မြင်းမ၊ ကျဲမ၊ ဆင်မ၊ သမင်မ၊ ဒရယ်မ၊ ကြက်မ၊ ငှက်မ ဖြစ်ရသော ဘဝတွေကိုလည်း ရှုပါ

လေ့။ သူတပါးတို့၏ အသားကိုကိုက်သတ်၍ စားရသော ကျားမ၊ ကြောင်မ၊ ကျားသစ်မ၊ ခြသေ့်မဖြစ်ရသော ဘဝတွေလည်း ရှေးရှေး ကာလ အစမထင် သံသရာ၌ များစွာဖြစ်ဘူးလှလေပြီ။ မိမိမွေးသော သားကိုပင် မိမိပြန်၍စားရသော ငါးမ၊ မိကျောင်းမ အစရှိသော ယုတ်မာဆိုးဝါးသော ဘဝတွေလည်း များစွာ ဖြစ်ဘူးလှလေပြီ။ ယခုအဆုံး ဘဝ၌ကား အမိအဘ ဓနဥစ္စာ ဆွေညာပြုန်းတီး ပျက်စီးမွဲချူ လူသူ မလေး ကိုယ်သေးလက်သေး ပိန်သေးကြုံလှီ မထိမဲ့မြင် ပြုချင်စရာ လူတကာတို့ များစွာရှုတ်ချ ကဲ့ရဲ့ကြလည်း မိန်းမအင်္ဂါ အစုံပါ၍ တဏှာ ဆွဲငင် ယောက်ျားလင်နှင့် တွဲယှဉ်စပ်မိ မချိလွန်ကဲ ဆင်းရဲစွာလှ သား မွေးရ၍ ဒုက္ခလွန်ကဲ ဆင်းရဲမပြတ် နောက်ထပ်တဘန် သားသေပြန်၏။ ဥစ္စာမွဲလှ မိဒုက္ခမှာ လင်ကပစ်သွား သားကသေဆုံး ယူကျုံးမရ မှုဆိုးမဖြစ်၍ လင်ပစ် သားသေ အနေမလှ အခြေမကျ ဖြစ်လေရ၏။ မိန်းမအဖြစ် စုတ်ညစ်နွမ်းမွဲ ဆင်းရဲစွာလှ ဤဘဝ၌ ကလျာဏ မိတ်မြတ် သံုးလူနတ်ကို ဆည်းကပ်ခစား အပါးမကွာ တရားနာ၍ များစွာဘဝ ဒုက္ခပူကိန်း ဖြစ်ဇာတ်သိမ်း၍ ပျက်ကိန်းမမြင် ရွှေပြည်ခွင်သို့ စံဝင်ဖြေ ငါရောက်ရပြီဟူ၍ ကိသာဂေါတမီ ထေရီအရှင်မသည် ဤသို့သော တရားစကား ဟောကြားတော်မူ၏။

ကိသာဂေါတမီ ထေရီ သုဝိမုတ္တစိတ္တာ ရှုမံ ဘဏိ။

သုဝိမုတ္တစိတ္တာ၊ ကိလေသာမှ ကောင်းစွာကင်းလွတ်သော စိတ်ရှိသော။ ကိသာဂေါတမီထေရီ၊ ကိသာဂေါတမီထေရီမြတ်လှ အရှင်မသည်။ ဣမံ၊ ဤထေရီဂါထာတရားတော်ကို။ ဘဏိ၊ ဟောကြားတော်မူပြီ။

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ ကိန်းအောင်းစံပျော် နေတော်မူသောအခါ များစွာသော ဘိက္ခုနီတို့ကို အစဉ်အတိုင်း ဧတဒဂ်ရာထူး၌ထားတော်မူသည့်ရှိသော် ဤကိသာဂေါတမီ ထေရီကို လူခ စီဝရဓရ ခေါင်းပါးရိုနွမ်းသော သင်္ကန်းကို ဆောင်ရာ၌ ဧတဒဂ်ထား တော်မူ၏။ ထိုလူခစီဝရဓရဧတဒဂ်ကို ရတော်မူသော ကိသာဂေါတမီ ရဟန္တာအရှင်မသည် မိမိ၏ရှေးပါရမီတို့ကို ပုဗ္ဗေနိဝါသ အဘိညာဏ် ဖြင့် ဆင်ခြင်၍ သာသနာတော်၌ ကြည်ညိုခြင်း ရှိကြကုန်သော အမျိုး ကောင်းသွီးတို့အား မှတ်သားနည်းယူ ကြည်ဖြူလှစွာ ပါရမီကုသိုလ် များကို တတ်အားသမျှ ဖြည့်ကျင့်ကြပါစေခြင်း အကျိုးငှါ—

ပဒုမုတ္တရော နာမဇိနော၊ သဗ္ဗဓမ္မာန ပါရဂူ။
ဣတော သတသဟဿမှိ၊ ကပ္ပေ ဥပ္ပဇ္ဇိ နာယကော။
အစရှိသော အပဒါန်တရားတို့ကို ဟောကြားတော်မူသတည်း။
[ဤကား အဋ္ဌကထာစကားတည်း]။

ကိသာဂေါတမီထေရီ ဟောတော်မူသော အပဒါန်တရားတော်

ဤကမ္ဘာမှ ပြန်၍ ရေသော် ကမ္ဘာ တသိန်းထက်၌ ပဒုမုတ္တရ မြတ်စွာဘုရားပွင့်တော်မူ၏။တရားတော်နာလာကြကုန်သော အရှင်မတို့ ထိုအခါ၌ အကျွန်ုပ် ကိသာဂေါတမီသည် ဟံသာဝတီ ပြည်ကြီးဝယ် ခေမာထေရီ ပဋာစာရာထေရီ ကုဏ္ဍလကေသာထေရီတို့ကဲ့သို့ သူဌေး သွီးမဟုတ်ပါ၊ မထင်ရှားသော အမျိုးသွီးဖြစ်ရပါ၏။ထိုအခါ၌ မြတ်စွာ ဘုရား၏ တရားတော်ကိုနာ၍ သရဏဂုံကို ဆောက်တည်ပါ၍ သစ္စာ လေးပါးနှင့်စပ်သော ဝဋ်ဆင်းရဲမှ လွတ်ကင်းကြောင်းဖြစ်သော တရား တော်ကိုနာ၏။ ထိုအခါ ခေါင်းပါးသော သက်နီးကိုဆောင်၍ လူခစိ ဝရဓရ တေဒင်္ဂအရာ၌ ထားသော ဘိက္ခုနီမကိုမြင်လျှင် အလွန် နှစ်သက် ကြည်ညိုသော စိတ်ရှိသည်ဖြစ်၍ ပဒုမုတ္တရ မြတ်စွာဘုရား အား အစွမ်းသတ္တိရှိသလောက် လှူဒါန်းပူဇော်ပြီးလျှင် ထိုလူခစိဝရဓရ တေဒင်္ဂအရာကို ရပါလို၏ဟု ဆုတောင်းဘူး၏။ ထိုအခါ၌ ပဒုမုတ္တရ မြတ်စွာဘုရားသည် အနုမောဒနာပြုတော်မူ၍ ဤကမ္ဘာမှနောက် ကမ္ဘာ တသိန်းရောက်လျှင် ဩက္ကာက မင်းမျိုးဖြစ်သော ဂေါတမ မြတ်စွာ ဘုရား ပွင့်တော်မူလတ္တံ့။ ထိုဘုရားလက်ထက်၌ ချစ်သွီးသည် ကိသာ ဂေါတမီဟူသော အမည်ဖြင့် ရဟန္တာမိန်းမဖြစ်၍ လူခစိဝရဓရ တေ ဒင်္ဂကို ရလတ္တံ့ဟူ၍ ဗျာဒိတ်စကား မိန့်ကြားတော်မူ၏။ထိုအကြောင်းကို ဟောတော်မူလိုသည်ဖြစ်၍-

တံ သုတွာ မုဒိတာ ဟုတွာ၊ ယာဝဇီဝံ တဒါ ဇိနံ။
မေတ္တစိတ္တာ ပရိစရိံ၊ ပစ္စယေဟိ ဝိနာယကံ။

အယျာယော၊ တရားတော်နာ လာကြကုန်သော ဘိက္ခုနီအရှင်မတို့။ တံ၊ ထိုဗျာဒိတ်စကားတော်ကို။ သုတွာ၊ကြားရ၍။ မုဒိတာ၊ဝမ်းမြောက် သည်။ ဟုတွာ၊ဖြစ်၍။ တဒါ၊ထိုအခါ၌။ ဇိနံ၊မာရ်ငါးပါးကို အောင်တော်

မှုပြီးသော။ ဝိနာယကာ၊ ပဒုမုတ္တရ မြတ်စွာဘုရားကို။ ပစ္စယေဟိ၊ တတ်စွမ်းသမျှသော ပစ္စည်းတို့ဖြင့်။ မေတ္တာစိတ္တာ၊ချစ်ခင်သောစိတ်ဖြင့်။ ပရိစရိံ၊ လုပ်ကျွေးပါ၏။

တရားတော်နာလာကြကုန်သော ဘိက္ခုနီအရှင်မတို့ တပည့်တော်မ ကိသာဂေါတမီသည် ပဒုမုတ္တရ မြတ်စွာဘုရားအား လုပ်ကျွေး လှူဒါန်း ရသော ကုသိုလ်ဖြင့် စုတေသော် တာဝတိံသာ နတ်ပြည်၌ ဖြစ်ပါ၏။ ဤဘဒ္ဒကမ္ဘာအတွင်း၌ ကဿပမြတ်စွာဘုရား ပွင့်တော်မူသော အခါ ဗာရာဏသီပြည်ဝယ် ကိကီမင်းကြီး၏ သမီးတော် ခုနစ်ယောက်တို့တွင် ဓမ္မာဟူသော အမည်ဖြင့် ကျော်စောသော သမီးတော်ဖြစ်၍ ရဟန်း မိန်းမအဖြစ်ကို ခမည်းတော် ခွင့်မပေးသောကြောင့် နန်းတော်၌ပင်လျှင် လူဝတ်ကြောင်နှင့်နေ၍ ကုမာရီဗြဟ္မစာရီ အကျင့်သီလကို ဆောက် တည်လျက် နှစ်ပေါင်း နှစ်သောင်းပတ်လုံး ဘုရားကိုဆည်းကပ် လုပ် ကျွေးလျက် နေ၏။

ကောမာရီ ဗြဟ္မစရိယံ၊ ရာဇကညာ သုခေဓိတာ။
ဗုဒ္ဓေါပဋ္ဌာန နိယတာ၊ မုဒိတာ သတ္တ ဓိတရော။
သမဏီ သမဏဂုတ္တာစ၊ ဘိက္ခုနီ ဘိက္ခုဒါယိကာ။
ဓမ္မာစေဝ သုဓမ္မာစ၊ သတ္တမီ သံဃဒါယိကာ။
ခေမာ ဥပ္ပလဝဏ္ဏာစ၊ ပဋာစာရာစ ကုဏ္ဍလာ။
အဟဉ္စ ဓမ္မဒိန္နာစ၊ ဝိသာခါ ဟောတိ သတ္တမီ။

တရားတော်နာ လာကြကုန်သော ဘိက္ခုနီ အရှင်မတို့– ကိကီ မင်းကြီး၏ သမီးတော်ခုနစ်ယောက်တို့တွင် သမဏီမည်သော သမီးတော် သည် ခေမာထေရီဖြစ်လာ၏။ သမဏဂုတ္တာမည်သော သမီးတော်သည် ဥပ္ပလဝဏ္ဏာထေရီဖြစ်လာ၏။ ဘိက္ခုနီမည်သော သမီးတော်သည် ပဋာ စာရာထေရီ ဖြစ်လာ၏။ ဘိက္ခုဒါယိကာ မည်သော သမီးတော်သည် ကုဏ္ဍလကေသာ ထေရီဖြစ်လာ၏။ ဓမ္မာမည်သော သမီးတော်သည် တပည့်တော်မ ကိသာဂေါတမီ ဖြစ်လာ၏။သုဓမ္မာမည်သော သမီးတော် သည် ဓမ္မဒိန္နာထေရီ ဖြစ်လာ၏။ သံဃဒါယိကာ မည်သော သမီးတော် သည် ပုဗ္ဗါရုံကျောင်းအမကြီး ဝိသာခါ ဖြစ်လာ၏။ အရှင်မတို့–ကုမာရီ နှနယ်လှစွာသော ကိကီမင်းကြီး၏ သမီးတော် ခုနစ်ယောက်တို့သည် ထိုဘဝမှ စုတေကြသော် တာဝတိံသာ နတ်ပြည်၌ ဖြစ်ကြကုန်၏။

နောက်ဆုံးဖြစ်သော အနှိမ်ဘဝ၌ တပည့်တော်မ ကိသာဂေါတမီသည် သူဌေးမျိုး၌ဖြစ်၍ ဥစ္စာ ပစ္စည်းတို့ ကုန်ခန်းသော အခါ၌ ခင်ပွန်း ယောကျ်ားအိမ်သို့ ရောက်၍ မိမိခင်ပွန်းမှ ကြွင်းသော သူတို့သည် ဥစ္စာမွဲသူဟူ၍ မထီလေးစား ပြုကုန်၏။ သားတယောက် ရသောအခါ ထိုချစ်လှစွာသော သားကလေးသည် သေဆုံးသောကြောင့် သောက ပူဆွေး ငိုကြွေးမြည်တမ်းလျက် ကျွန်တော်မ သားငယ်ကို ရှင်အောင် ဆေး ကုသကြပါ ကျွန်တော်မ သားငယ်ကို ရှင်အောင် ဆေးကု၍ ပေးကြပါဟူ၍ လူကိုမြင်တိုင်း လှည့်လည်၍ ပြောဆိုမိပေ၏။ ထိုသို့ လှည့်လည် သွားလာ၍ ပြောဆိုမြည်တမ်းနေသောအခါ ပညာရှိသော လူတယောက်သည် ဤသို့ပြောဆို၏၊ သူငယ်မ ဂေါတမ မြတ်စွာ ဘုရားသည် သားသေကို ရှင်အောင် ဆေးကုကတတ်သည် မြတ်စွာဘုရား အထံသို့သွား၍ ဆေးတောင်းချေလော့ဟု ညွှန်ပြသောအခါ မြတ်စွာ ဘုရားအထံသို့သွား၍ တပည့်တော်မအား သနားသဖြင့် ဆေးပေးပါဟု တောင်းပန်၏။ တရားဓမ္မ ဆုံးမခြင်းနည်းဥပါယ်၌ လိမ္မာတော်မူလှ သော မြတ်စွာဘုရားသည် ချစ်သမီး ငါဘုရားသည် သားသေကို ရှင် အောင် ကုသနိုင်၏။ သို့သော်လည်း လူမသေဘူးသောအိမ်မှ မုန်ညင်း ဆံတလက်ဆွမ်းလောက် ရအောင်ရှာခဲ့ရမည်ဟု မိန့်တော်မူ၏။

တဒါ ဂမိတွာ သာဝတ္ထိံ၊ နလဘိံ တာဒိသံ ဃရံ။
ကုတော သိဒ္ဓတ္ထကံ တသ္မာ၊ တတော လဒ္ဓါ သတိံ အဟံ။

အယျာယော၊ တရားတော်နာလာကြကုန်သော ဘိက္ခုနီအရှင်မတို့။ တဒါ၊ ထိုမြတ်စွာဘုရား မိန့်တော်မူသောအခါ၌။ သာဝတ္ထိံ၊ သာဝတ္ထိ တပြည်လုံးသို့။ ဂမိတွာ၊ အိမ်စဉ်အောင် လှည့်လည်သွားရောက်၍။ တာဒိသံ၊ ထိုသို့ လူမသေဘူးသော။ ဃရံ၊ အိမ်ကို။ နလဘိံ၊ မရပါ။ တသ္မာ၊ ထိုအိမ်မှ။ သိဒ္ဓတ္ထကံ၊ မုန်ညင်းဆံကို။ ကုတော၊ အဘယ်မှာရနိုင်မည်နည်း။ တတော၊ ထိုကြောင့်။ အဟံ၊ တပည့်တော်မသည်။ သတိံ၊ သတိတရားကို။ လဒ္ဓါ၊ ရပါ၏။

တရားတော်နာ ရောက်လာကြကုန်သော ဘိက္ခုနီ အရှင်မတို့....လူ မသေဘူးသောအိမ်မှ မုန်ညင်းဆံတလက်ဆွမ်းကို ရအောင်ရှာခဲ့လော့၊ ရသောအခါချစ်သမီး၏သားသေကို ငါဘုရား ရှင်အောင်ကုသ၍ပေးမည် ဟူ၍ မိန့်တော်မူလိုက်သောအခါ အလွန်ရွှင်လန်း ဝမ်းသာခြင်း ရှိလှ

သည့် ဖြစ်၍ အဆောတလျှင် သွားလျက် သာဝတ္ထိပြည်တွင်းသို့ ဝင်ပြီး လျှင် ဇာိမ်စဉ်အတိုင်း တဇာိမ်မျှမကျန်အောင် မေးမြန်းပါ၏။ သာဝတ္ထိ ပြည်လုံး၌ ဇာိမ်တွေ အကုန် နှံ့စေအောင် မေးမြန်း ပါသော်လည်း လူ မသေဘူးသောဇာိမ်လည်း တဇာိမ်မှ မတွေ့ပါ၊ အဘယ်မှာ မုန်ညင်းဆံ တလက်ဆွမ်းကို ရနိုင်တော့မည်နည်း။ ထိုအခါမှ သတိတရား ရ၍ ပြန်လာ၏။ ငါတယောက်၌သာလျှင် သားသေသည်မဟုတ်၊ သားသေ သောသူတွေ အလွန်ပေါများပါတကား၊ သားရှိလျှင် သားသေသည်၊ သွီးရှိလျှင် သွီးသေသည်၊ အမေရှိလျှင် အမေသေသည်၊ အဘရှိလျှင် အဘသေသည်၊ မောင်ရှိလျှင် မောင်သေသည်၊ လင်ရှိလျှင် လင်သေ သည်။ သေရမြဲဓမ္မတာ အနိစ္စသဘောပါတကား၊ မရနိုင်သော အရာကို ရအောင်ရှာ၍ ငါပင်ပန်းရုံမျှ ရှိပါတကားဟု သတိတရား ရပြီးလျှင် သားသေကောင်ပုပ်ကို စွန့်ပစ်၍ မြတ်စွာဘုရား အထံတော်သို့ တပည့် တော်မ သွားရောက်သော အခါ ချိုမြ သာယာစွာသော အသံတော် ရှိသော မြတ်စွာဘုရားသည် ဤဂါထာကို ဟောကြားတော်မူ၏။

န ဂါမဓမ္မော နော နိဂမဿ ဓမ္မော၊
နစာပိ ယံ ဧကကုလဿ ဓမ္မော။
သဗ္ဗဿ လောကဿ သဒေဝကဿ၊
ဧသော ဓမ္မော ယဒိဒံ အနိစ္စတာ။
ယောစ ဝဿသတံ ဇီဝေ၊ အပဿံ ဥဒယဗ္ဗယံ။
ဧကာဟံ ဇီဝိတံ သေယျော၊ ပဿတော ဥဒယဗ္ဗယံ။

ပုတ္တိကေ၊ ချစ်သွီး–။ ယဒိဒံ၊ ယာအယံအနိစ္စတာ၊ ဖြစ်ပျက်မမြဲ ဖေါက်လွဲယွင်းသွေ့ အကြင်သေရခြင်းအနိစ္စသဘောသည်။ နဂါမဓမ္မော၊ တရွာတည်း၏ သဘောလည်းမဟုတ်။ နောနိဂမဿဓမ္မော၊ နိဂုံးတခု၏ သဘောလည်းမဟုတ်။ အယံ၊ ဤသေရခြင်းသဘောသည်။ နစာပိဧကေ ကုလဿဓမ္မော၊ တမျိုးတည်း တဆွေတည်း တဇာိမ်တည်း၏သဘော လည်း မဟုတ်။ သဒေဝကဿ။ နတ်နှင့်တကွသော။ သဗ္ဗဿ လော ကဿ၊ အလုံးစုံသော လောက၏။ဧသောဓမ္မော၊ ဤသေခြင်း သဘော တရား ရှိသည်သာတည်း။ ယောစ၊ အကြင်သူသည်ကား။ ဥဒယဗ္ဗယံ၊ ဖြစ်ခြင်း ပျက်ခြင်းကို။ အပဿံ၊ မမြင်ဘဲ။ ဝဿသတံ၊ အနှစ်တရာ ပတ်လုံး။ ဇီဝေ၊ အသက်ရှင်၍နေသော်လည်း။ န သေယျော၊ မမြတ်။

ဥဒယဗ္ဗယံ၊ ဖြစ်ခြင်း ပျက်ခြင်းကို။ ပဿတော၊ မြင်သောသူအား။ ဧကာဟံ၊ တရက်မျှ။ ဇီဝိတံ၊ အသက်ရှင်၍ နေရခြင်းသည်။ သေယျော၊ မြတ်လှပေ၏။

သဟ သုတာ နိမာ ဂါထာ၊ ဓမ္မစက္ခုံ ဝိသောဓယိံ။
တတော ဝိညာတသဒ္ဓမ္မာ၊ ပဗ္ဗဇိံ အနဂါရိယံ။
တထာ ပဗ္ဗဇိတာ သန္တီ၊ ယုဉ္ဇန္တီ ဇိနသာသနေ။
နစိရေနေဝ ကာလေန၊ အရဟတ္တံ မပါပုဏိံ။

အယျာယော၊ တရားတော်နာ လာကြကုန်သော အရှင်မတို့—။ ဣမာ ဂါထာ၊ ဤဂါထာတို့ကို။ သဟသုတာ၊ ကြားရသည်နှင့် တပြိုင်နက်။ ဓမ္မစက္ခုံ၊ သောတာပတ္တိ ဉာဏ်မျက်စိသည်။ ဝိသောဓယိံ၊ ပွင့်လင်း သုတ်သင် စင်ကြယ်၍ သွားလေပြီ။တတော၊ထိုနောက်။ဝိညာတသဒ္ဓမ္မာ၊ တရားကိုသိမြင်သော တပည့်တော်မသည်။ အနဂါရိယံ၊ အိမ်ထောင် မပြုရသော သာသနာတော်၌။ ပဗ္ဗဇိံ၊ရဟန်းမိန်းမ ပြုလုပ်ပါ၏။တထာ ပဗ္ဗဇိတာ၊ ထိုသို့ရဟန်းမိန်းမပြုလုပ်သည်။ သန္တီ၊ ဖြစ်လျက်။ ဇိနသာသနေ၊မြတ်စွာဘုရား သာသနာတော်၌။ယုဉ္ဇန္တီ၊ကမ္မဋ္ဌာန်းကို အားထုတ်သည် ရှိသော်။ နစိရေနေဝကာလေန၊ မကြာမီကာလဖြင့်ပင်လျှင်။ အရဟတ္တံ၊ အရဟတ္တဖိုလ်သို့။ အပါပုဏိံ၊ ရောက်ရပေပြီ။

သက်ာရကုဋ္ဌာ အာပတိတ္တွာ၊ သုသာနာ ရထိယာပိစ။
တတော သံဃာဋိကံ ကတွာ၊ လူခံ ဓာရေမိ စီဝရံ။

အယျာယော၊အရှင်မတို့။အဟံ၊ ကိသာဂေါတမီခေါ် တပည့်တော်မသည်။ သက်ာရကုဋ္ဌာစ၊ တမြက်လှဲတိုက် အမှိုက်စုပုံရာမှရင်း။သုသာနာစ၊သုသာန်သင်းချိုင်းမှရင်း။ရထိယာပိစ၊ လမ်းကြိုလမ်းကြားမှရင်း။ အာပတိတ္တွာ၊အဝတ်စုတ်တို့ကိုကောက်ယူ၍။တတော၊ထိုအဝတ်စုတ်ဖြင့်။ သံဃာဋိကံ၊ သင်္ကန်းကို။ ကတွာ၊ ချုပ်လုပ်၍။ လူခံ၊ ခေါင်းပါး ရုန့်ကြမ်း ညစ်နွမ်းစုတ်ပြတ် အစပ်စပ်အဖါဖါ အထပ်ထပ် အလွှာလွှာ မက်စရာမရှိ နွမ်းရိခေါင်းပါးသော။ စီဝရံ၊သင်္ကန်းကို။ ဓာရေမိ၊ ဝတ်ရုံ သုံးဆောင်ပါ၏။

တရားနာ လာကြကုန်သော ဘိက္ခုနီ အရှင်မတို့— မြတ်စွာဘုရား သည် နှစ်သက် ချီးမွမ်းတော်မူ၍ တပည့်တော်မ ကိသာဂေါတမီအား လူခစီဝရဓရ ဧတဒဂ်အရာ၌ ထားတော်မူ၏။ အရှင်မတို့သည်လည်း

ပါရမီကိုဖြည့်၍ တရားတော်ကို ကျင့်သုံးကြပါလျှင်လည်း နိဗ္ဗာန်ကို ရလတ္တံ့ ဖြစ်ပေ၏ဟူ၍ ကိသာဂေါတမီ ထေရီသည် ရဟန်းမိန်းမ အပေါင်းတို့၏ အလယ်၌ တင့်တယ်စွာ နေတော်မူလျက် ဤအပဒါန် တရားတော်ကို ဟောကြားတော်မူ၏။

ကိသာဂေါတမီ ထေရီ အပဒါန် ဝတ္ထု ပြီး၏။ ။[ဒွါဒိသတိ]။

ဓမ္မဒိန္နာထေရီအပဒါန်ဝတ္ထု ဗျာဒိတ်ခန်း

ဓမ္မဒိန္နာထေရီ ရဟန္တာ အရှင်မသည် ပဒုမုတ္တရ မြတ်စွာဘုရား လက်ထက်တော်၌ ဟံသာဝတီပြည်ဝယ် သူတပါးတို့အိမ်၌ အလုပ်ကို လုပ်ကိုင်၍ အသက်မွေးရသော အစေခံ ကျွန်မဖြစ်၏။ ထိုအခါ နိရောဓ သမာပတ်မှ ထတော်မူသော အဂ္ဂသာဝက သုဇာတထေရ်ကို မုံ့လှူ၍ စုတေသောအခါ နတ်ပြည်၌ ဖြစ်၏။ ထိုနောက် ကိုးဆဲ့နှစ်ကမ္ဘာထက်၌ ဖုဿမြတ်စွာဘုရား ပွင့်တော်မူသော အခါ ဖုဿ မြတ်စွာဘုရား၏ ညီတော် မင်းသား၏နန်းတော်၌ မင်းမှုထမ်းယောကျ်ား၏ ဇနီးဖြစ်၏။ တနေ့သ၌ ဖုဿမြတ်စွာဘုရား ညီတော်မင်းသားသည် ဘုရားအမှူး ရှိသော သံဃာတော်တို့အား ဆွမ်းလုပ်ကျွေးသောအခါ မင်းမှုထမ်း ယောကျ်ားသည် အရှင်သခင်ဖြစ်သော မင်းသားအထံ၌ ကျွန်တော် မျိုးအား သနားသောအားဖြင့် ရဟန်းနှစ်ပါးကိုပေးတော်မူပါ ကျွန်တော် မျိုးသည်လည်း ဆွမ်းလုပ်ကျွေး လိုပါသည်ဟု တောင်းသောအခါ ရဟန်းနှစ်ပါးကို ပေးအပ်သဖြင့် ထိုရဟန်း နှစ်ပါးတို့အား ရိုသေ လေးမြတ်စွာ ဆွမ်းလုပ်ကျွေး၍ စုတေသောအခါ နတ်ပြည်၌ ဖြစ်၏။ ထိုနောက် ဤကမ္ဘာအတွင်း၌ ကဿပ မြတ်စွာဘုရား ပွင့်တော်မူသော အခါ ကိကီမင်းကြီး၏သမီးတော်ခုနစ်ယောက်တို့တွင် သုဓမ္မာမည်သော သမီးတော်ဖြစ်၍ ကုမာရီဗြဟ္မစာရီ သီလကို နှစ်ပေါင်း နှစ်သောင်း ကျင့်သုံး၍ စုတေသောအခါ နတ်ပြည်၌ ဖြစ်၏။ ဤနောက်ဆုံး ဖြစ်သော အတ္တဘော၌ကား ရာဇဂြိုဟ်ပြည်၌ဖြစ်၍ ဓမ္မဒိန္နာ ဟူသော အမည်ဖြင့် အရွယ်ရောက်သော အခါ မိဗ္ဗိသာရမင်းကြီး၏ သူငယ်ချင်း မိတ်ဆွေ ဖြစ်သော ဝိသာခသူကြွယ်၏ ခင်ပွန်းမ ဖြစ်လာ၏။

ဝိသာခသူကြွယ် အနာဂါမ် တည်ခြင်းအကြောင်း

မြတ်စွာဘုရားသည် ဘုရား ဖြစ်တော်မူပြီး၍ ပဉ္စဝဂ္ဂီငါးပါး ယသ သူဌေးသားငါးကျိပ်ငါး, ဘဒ္ဒဝဂ္ဂီမင်းသား သုံးကျိပ်တို့ကို,ဖော်ပြတ္တု ရဟန်းပြုတော်မူပြီးလျှင် ဥရုဝေလတောသို့နေသော ဆံကျစ်ထုံး ရသေ့ တထောင်တို့အားလည်း ဖော်ပြတ္တု ရဟန်းပြုတော်မူပြီး၍ ထိုရသေ့ ဟောင်းဖြစ်သော ရဟန္တာတထောင်တို့နှင့် တကွ ဝန်းရံ၍ ရာဇဂြိုဟ် ပြည်သို့ ကြွတော်မူသောအခါ ဗိမ္ဗိသာရ မင်းကြီးသည် တသိန်း နှစ်သောင်းမျှသော ပရိသတ်တို့ဖြင့် မြတ်စွာဘုရား အထံတော်သို့လာ၍ တရားနာရာတွင် ဝိသာခသူကြွယ်သည် သောတာပတ္တိဖိုလ်၌ တည်၏။ ထိုနောက် ဒုတိယအကြိမ် မြတ်စွာဘုရားအထံသို့သွား၍ တရားနာ ပြန်လျှင် သကဒါဂါမိဖိုလ်၌တည်၏။ တတိယအကြိမ် တရားနာရာတွင် ဝိသာခသူကြွယ်သည် အနာဂါမ်တည်၏။ အနာဂါမ် တည်ပြီးသော ဝိသာခသူကြွယ်သည် မြတ်စွာဘုရားအထံမှ ပြန်လာသောအခါ ပုထု ဇဉ်ဖြစ်သော ရှေးအခါကဲ့သို့ တောင်မြောက်ကို မကြည့်မရှု ပြုံးခြင်း ရယ်ခြင်းလည်းမရှိ ပကတိသောရုပ်ဖြင့် အိမ်သို့ပြန်လာ၏။သူကြွယ်မ ဓမ္မဒိန္နာသည်လည်း ခြသေ့်ခံသော လေသာပြူတင်းကိုဖွင့်၍ လမ်းဘက် သို့ ကြည့်မျှော်သောအခါ ဝိသာခသူကြွယ်၏ သွားပုံလာပုံ အမူအရာ ရှေးအခါနှင့် မတူသည်ကိုမြင်၍ အဘယ်သို့သော အကြောင်းကြောင့် လာပုံသွားပုံ အမူအရာ ထူးခြားစွာ ဖြစ်ပါလိမ့်မည်နည်းဟု အကြံဖြစ်၍ ပြာသာဒ် လှေခါးဦးသို့ ဆင်းပြီးလျှင် ခရီးဦးကြိုဆိုလျက် မယား ကောင်းတို့ ပြုမြဲဝတ်အတိုင်း လက်ဆွဲ၍ တွဲကာ တက်စေခြင်းငှါ လက်ကိုဆန့်တန်း၍ ပေး၏။ ထိုအခါ ဝိသာခသူကြွယ်သည် ဓမ္မဒိန္နာ လက်ကို မဆွဲမကိုင်မူ၍ မိမိလက်ကို သိမ်းဆည်းထား၏။ဤသို့ထူးသော အမူအရာကို ဓမ္မဒိန္နာသည် နံနက် ထမင်း စားသောအခါ သိစေအံ့ဟု ကြံ၏။ ဝိသာခဥပါသကာသည် ရှေးအခါက ဓမ္မဒိန္နာနှင့် အတူတကွ ဘောဇဉ်အာဟာရ သုံးဆောင်နေကြ ဖြစ်သော်လည်း အနာဂါမ်တည် သော နေ့၌ကား ဓမ္မဒိန္နာကို စကားကိုမျှ မပြောဆိုဘဲ ယောဂါဝစရ ကမ္မဋ္ဌာန်းဆောင် ရဟန်းကဲ့သို့ တယောက်ဆည်းသာလျှင် မိမိထမင်းကို မိမိတယောက်ထည်းသုံးဆောင်၏။ဓမ္မဒိန္နာလည်းငါ၏ခင်ပွန်းယောကျ်ား

သည့် အဘယ်သို့ အကြောင်း ရှိပါလိမ့်မည်နည်း ငါနှင့် အတူတကွ ထမင်းသုံးဆောင်နေကျဖြစ်ပါလျက် ငါ့ကိုပင် စကားမပြော ထမင်းကိုလည်း အတူမစား ညနေချမ်း အခါမှ သိစေအံ့ဟု ကြံစည်ကာ စဉ်းစား၍နေ၏။ ဝိသာခသူကြွယ်လည်း ထိုနေ့ပတ်လုံး အိပ်နေကျဖြစ်သော အိပ်ရာတိုက်ခန်းသို့ မဝင်မူ၍ တခြားတိုက်ခန်းကို သုတ်သင်ရှင်းလင်းလျက် ကပ္ပိယညောင်စောင်းကို ခင်း၍အိပ်၏။ ဓမ္မဒိန္နာလည်း ငါ၏ ခင်ပွန်းသည် ယောကျ်ားသည် အခြားသော မိန်းမကိုပင် လိုချင်တောင့်တလေသလော ထိုသို့မဟုတ် တစုံတယောက်သော သူသည် ငါနှင့်ကွဲပြားအောင် ဂုံးစကားများကိုပြောဆိုလေသလော၊ ထိုသို့မဟုတ် ငါ၌တစုံတရာ အပြစ်ရှိလေရော့သလားဟု စိတ်ထား မကြည်မသာ လွန်စွာပိုးရိမ်၍ ငါ၏ခင်ပွန်းသည်ယောကျ်ားသည် အမှုအရာ အလွန်ထူးလှ၏။ သို့သော် နှစ်ရက်သုံးရက်ရှိလျှင် သိနိုင်လောက်၏ဟု ကြံ၍ တွေးတောခါ နေပြီးလျှင် နှစ်ရက်သုံးရက် ရှိသောအခါ တစုံတရာမျှ တွေးတောကြံစည်၍ မိမိခင်ပွန်းသည်ယောကျ်ား အမှုအရာထူးသည်၏ အကြောင်းကို မသိရကား သူကြွယ်၏ အထံသို့ သွား၍ ရှိခိုးခြင်းကို ပြုလျက် ရပ်နေ၏။

ထိုအခါ သူကြွယ်သည် အချိန်မဲ့ကာလ၌ အဘဲ့ကြောင့်လာသနည်းဟုမေးလျှင် အရှင်သား ကျွန်တော်မ လာခြင်း အကြောင်းသည်ကား အရှင်သားသည် ဈေးကကဲ့သို့မဟုတ် အဘယ်သို့ အကြံရှိပါသနည်း အခြားမိန်းမများကို အလိုရှိပါသလောဟု မေးလျှင် ငါအလိုမရှိဟု ပြော၏။ ယင်းသို့ဖြစ်သော် သူတပါးတို့ ကွဲပြားအောင် ဂုံးတိုက်စကား ပြောပါသလောဟု မေးပြန်လျှင် ဤသို့ ပြောသူလည်းမရှိဟုဆို၏။ ဤသို့ ဖြစ်သော် ကျွန်တော်မအပေါ်၌ အပြစ်ဆိုစရာ ရှိပါသလောဟု မေးပြန်၏။ သင်၏အပေါ်၌လည်း တစုံတရာ အပြစ်မရှိဟု ပြော၏။ အရှင်သား-ထိုသို့ဖြစ်ပါလျက် ကျွန်တော်မကို အဘဲ့ကြောင့် စကားကိုမျှ မပြောမဆိုဘဲ နေပါသနည်းဟု မေး၏လေ၏။ ထိုအခါ ဝိသာခဥပါသကာသည် ဤသို့ကြံ၏ ဤလောကုတ္တရာ တရားသည်ကား လေးသောဝန် ရှိ၏ ထင်ရှားပြုခြင်းငှါမသင့်။ အကယ်၍ ငါသည် မပြောဆိုဘဲ နေငြားအံ့၊ ဤဓမ္မဒိန္နာသည် နှလုံးကွဲ၍ သေရာ၏ဟုကြံ၍ ဓမ္မဒိန္နာကို ငဲ့ညှာထောက်

ထားလျက် ဤသို့ပြောလေ၏။ ငါသည် မြတ်စွာဘုရား၏ အထံ၌ တရားတော်ကိုနာ၍ လောကုတ္တရာမည်သော တရားအထူးကိုရ၏။ ထိုလောကုတ္တရာတရားကို ရသောသူအား ဤသို့သော လောကီ အပြုအမူသည် မအပ်။ အကယ်၍ သင်အလိုရှိမူ သင်၌ပါသော ကုဋေလေးဆယ် ငါ၌ပါသော ကုဋေလေးဆယ် ဤကုဋေရှစ်ဆယ်သော ဥစ္စာ၌ အစိုးမိုင်ပြု၍ ငါ၏အမိအရာ၌သော်၎င်း နှမအရာ၌သော်၎င်း တည်၍ နေပါလော့။ သင်ကကျွေးသော ထမင်း တဆုပ်တလုပ်ဖြင့်သာ မျှ၍ ငါနေပါတော့အံ့။ ဤကဲ့သို့ မနေလိုလျှင်လည်း ဤဥစ္စာတွေကို အကုန်လုံး ယူ၍ သင်၏မိဘအိမ်သို့ ပြန်ပါလော့။ အကယ်၍ အခြားတပါးယောကျ်ားကို အလိုမရှိလျှင်လည်း သင့်ကိုနှမအရာ၌သော်၎င်း သမီးအရာ၌ သော်၎င်း ထား၍ ငါကျွေးမွေးထားပါအံ့။ ဤသို့ ဝိသာခ သူကြွယ်က ပြောသောအခါ ဓမ္မဒိန္နာသည် ဤသို့ကြံ၏၊ ပကတိယောကျ်ားတို့သည် ဤကဲ့သို့ ပြောဆိုခြင်း မည်သည် မရှိကုန် ငါ၏ခင်ပွန်းသည် ယောကျ်ားသည် ဧကန်စင်စစ် လောကုတ္တရာတရားကို ထိုးထွင်း၍ သိဟန်တူ၏။ ဤလောကုတ္တရာတရားကို ယောကျ်ားများသာ သိထိုက်လေသလော ထိုသို့မဟုတ် မိန်းမများလည်း သိခြင်းငှါ တတ်နိုင်လေသလောဟုကြံပြီးလျှင် အရှင်သား-ဤလောကုတ္တရာ တရားကို ယောကျ်ားတို့သာ သိအပ်ရအပ်ပါသလော မိန်းမသည်လည်း သိထိုက်ရထိုက်သည် မဟုတ်ပါလောဟု မေးလေ၏။အဘယ်သို့ ဆိုသနည်း ဓမ္မဒိန္နာ အကြင်သူတို့သည် ကျင့်ကြကုန်၏ ထိုကျင့်ကြသော သူတို့သည် ထိုလောကုတ္တရာ တရားအမွေကို ခံထိုက်ကုန်၏။အကြင်အကြင်သူအား ဥပနိဿယအကြောင်းရှိ၏ ထိုထိုသူသည် ဤလောကုတ္တရာ တရားကို ရနိုင်၏ဟု ပြောလျှင် အရှင်သား-ဤသို့ရထိုက်ပါလျှင် အကျွန်ုပ်အား ရဟန်းပြုခြင်းငှါ ခွင့်ပြုပါလော့ဟု ဆိုလျှင် ကောင်းပါပြီ ဓမ္မဒိန္နာ သင်၏စိတ်အလိုကို မသိ၍ မပြောဘဲနေသည် သင့်ကို ရဟန်းပြုစေလိုပါ၏ဟု ပြောဆို၍ ထိုမျှလောက်သော စကားကို တိုင်ပင်ပြောဆိုပြီးလျှင် ဗိမ္ဗိသာရမင်းကြီး၏ နန်းတော်သို့သွား၍ ရှေ့တော်သို့ရောက်လျှင် အချိန်ကာလမဟုတ် အဘယ့်ကြောင့် သူကြွယ်ဝင်ရောက်လာခဲ့သနည်းဟု မင်းကြီးမေးလျှင် အရှင်မင်းမြတ် ဓမ္မဒိန္နာသည် ရဟန်းမိန်းမ ဘိက္ခုနီပြုလုပ်တော့မည် ဖြစ်၍ လာခဲ့ပါ၏ဟုဆိုလျှင် အဘယ်ကို အလိုရှိသနည်း သူကြွယ် အလိုရှိရာ

ပြောပါဟု မင်းကြီးဆိုလျှင် အရှင်မင်းမြတ် တပါးကို အလိုမရှိပါ ရွှေထမ်းစင်ကိုသာ ပေးတော်မူပါလော့ မြို့ကိုလည်း တန်းဆာဆင်ပါစေလော့ဟုဆိုလျှင် မိဗ္ဗိသာရမင်းကြီးသည် ရွှေထမ်းစင်ကို ပေးစေ၍ မြို့အလုံးကိုလည်း တန်းဆာဆင်စေ၏။

ထိုအခါ ဝိသာခ သူကြွယ်သည် ဓမ္မဒိန္နာကို နံ့သာရေဖြင့် ချိုးစေ၍ အလုံးစုံသော တန်းဆာတို့ကို ဆင်မြန်းလျက် ရွှေထမ်းစင်ပေါ် ၌နေစေ၍ ဆွေမျိုးအပေါင်းတို့ကိုဝန်းရံစေ၍ ပန်းနံ့သာတို့ဖြင့် ပူဇော်၍ တမြို့လုံးကို ထုံလှိုင်၍ မွှေးကြိုင်အောင် ပြုသကဲ့သို့ ဆောင်ယူ လှည့်လည်၍ ရဟန်းမိန်းမများနေထိုင်သော ဘိက္ခုနီမကျောင်းတိုက်သို့ပို့၍ အရှင်မတို့–ဓမ္မဒိန္နာကို ဘိက္ခုနီမ ပြုလုပ်ကြပါကုန်လော့ဟု လျှောက်ကြား လေ၏။ ရဟန်းမိန်းမတို့သည်ဒါယကာသူကြွယ်-အပြစ်ကိုစစ်ဆေးရန် သင့်မြတ်၏ဟု ဆိုလျှင် အရှင်မတို့–အစုံတခု အပြစ်မရှိပါ၊ သဒ္ဓါပဗ္ဗဇိတ ဖြစ်ပါသည်ဟု လျှောက်ကြား၏။ ထိုအခါ၌ဝိနည်းမိုရ် ရဟန်းမိန်းမ ဘိက္ခုနီ တပါးသည် ကေသာ လောမာ နခါ ဒန္တာ တစောဟူသော တစပဥ္စက ကမ္မဋ္ဌာန်းကို ဆုံးမပြောကြား၍ ဆံပင်, မွေးညှင်း, ခြေသည်း, လက်သည်း,သွား, အရေဟူ၍ နှလုံးသွင်းလော့ဟုဆို၍ ဆံပင်တို့ကို ရိတ်ဖြတ်၏။ ထိုနောက်သင်္ကန်းတို့ကို ဝတ်စေ၍ သာမဏေရီမပြုလုပ်၏။ ဝိသာခ . သူကြွယ်သည် သာမဏေရီမဖြစ်ပြီးသော ဓမ္မဒိန္နာကိုရှိခိုး၍ ပျော်ပျော်မွေ့မွေ့နေပါအရှင်မ၊မြတ်စွာဘုရားသည် လောကုတ္တရာတရားတော်ကို ကောင်းစွာ ဟောတော်မူပါလိမ့်မည်ဟု ပြောဆိုလျှောက်ကြား၍ မိမိအိမ်သို့ ပြန်သွားလေ၏။

သူကြွယ်မ ဓမ္မဒိန္နာသည် ရှင်ပြုသောနေ့မှစ၍ ဆွေမျိုး အပေါင်းတို့ ဝိုင်းအုံစုပေါင်းလာပြီးလျှင် များစွာ လှူဒါန်းကြသောကြောင့် လာဘသက္ကာရပေါများသဖြင့် အနှောက်အရှက်ဖြစ်ရကား ရဟန်း တရားကို အားထုတ်ခွင့်မရနိုင်၍ ဆရာဥပဇ္ဈာယ်ဖြစ်သော ထေရီအရှင်မ တို့ကို ခေါ်ပြီးလျှင် တခုသော ဇနပုဒ်သို့သွားလျက် တရားကို အားထုတ်သည် ရှိသော် အဘိနီဟာရ ဗျာဒိတ်ရမိန်းမမြတ်ဖြစ်ရကား လေးငါးရက်မျှဖြင့် ရဟန္တာမအဖြစ်သို့ မရောက်သေးသော်လည်း အနာဂါမိဖိုလ်ကို ရ၍ ဤဂါထာကို ရွတ်ဆိုလေ၏။

ဆန္ဒဇာတာ အဝသာယီ၊ မနသာစ ဖုဋ္ဌာ သိယာ။
ကာမေသု အပဋိဗဒ္ဓစိတ္တာ၊ ဥဒ္ဓံသောတာတိ ဝုစ္စတိ။

ထေရီဂါထာ ပါဠိတော်-၁၈။

ဆန္ဒဇာတာ၊ ရဟန္တာဖြစ်လိုသော စိတ်ဆန္ဒဖြစ်သျက်။ အဝသာယီ၊ ရဟန်းကိစ္စပြီးဆုံးရ၍။ မနသာစ၊ စိတ်ဖြစ်လည်း။ ဖုဋ္ဌာ၊ နိဗ္ဗာန်ကိုတွေ့သည်။ သိယာ၊ ဖြစ်ရာ၏။ ကာမေသု၊ ကာမဂုဏ်တို့၌။ အပဋိဗဒ္ဓစိတ္တာ၊ နှောင်ဖွဲ့သော စိတ်မရှိရကား။ ဥဒ္ဓံသောတာတိ၊ အထက်ဖြစ်သော ရဟန္တာအဖြစ်သို့ ညွတ်ကိုင်း စီးသွားသော ဥဒ္ဓံသောတ အနာဂါမ် ပုဂ္ဂိုလ်ဟူ၍။ ဝါ၊ ယခုဘဝတွင် ရဟန္တာမ မဖြစ်သော် အကနိဋ္ဌဘုံ၌ ဖြစ်လတ္တံ့သော ဥဒ္ဓံသောတ အနာဂါမ်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဤသို့ အနာဂါမိဖိုလ်ကိုရ၍ ငါကား ရဟန္တာမဖြစ်ရန် အားထုတ်အံ့ဟု ဝိပဿနာကို ဆက်၍ ပွါးသောအခါ မကြာခဏ ရဟန္တာမ ဖြစ်လေ၏။

> အဘိနီဟာရသမ္ပန္နတ္တာ ပန နာတိစိရံ ကိလမိတ္တ ။လ။ ပဒုမုတ္တရ။လ။တဒါ သော ဧကသ္မိံ ကုလေ ဒါသီ ဟုတွာ အတ္တနော ကေသေ ဝိက္ကိဏိတွာ သုဇာတ ထေရဿနာမ အဂ္ဂသာဝကဿ ဒါနံ ဒတွာ ပတ္ထနံ အကာသိ။

(မူလပဏ္ဏာသ-ဋ္ဌကထာ စူဠဝေဒလ္လသုတ်ဖွင့်—၂၃၃)။ အနက်လွယ်၏။

[အဘိနီဟာရ-ဗျာဒိတ်ရ ပါရမီရှင် ဖြစ်လေသောကြောင့် ဓမ္မဒိန္နာ ထေရီသည် တရားကိုအားထုတ်၍ တာရှည်စွာ ပင်ပန်းခြင်းမရှိဘဲတရားထူးကို ရလွယ်ကြောင်း,အဘိနီဟာရ ဗျာဒိတ်တော်ရသောဘဝ၌ ပဒုမုတ္တရမြတ်စွာဘုရားလက်ထက်တွင် ကျွန်မဖြစ်လျက် ဆံပင်ကိုရောင်း၍ အဂ္ဂသာဝက-သုဇာတထေရ်အား လှူ၍ ဆုတောင်းပတ္ထနာ ရှိကြောင်း များကို အပဒါန် ပါဠိတော် မူလပဏ္ဏာသ အဋ္ဌကထာတို့၌ ပြဆိုတော်မူ၏။ထိုပဒုမုတ္တရ မြတ်စွာဘုရား လက်ထက်၌ ခေမာထေရီ အလောင်းသည်လည်း သူဌေးသမီးဖြစ်ကြောင်းကို။ဘဒါဟံ ဟံသာဝတိယံ ဇာတာ သေဋ္ဌိကုလေ အဟု။အပဒါန် ပါဠိတော်ရှိ၏။ထေရီဂါထာ အဋ္ဌကထာ၌ မူကား ခေမာထေရီ အလောင်းသည် ပဒုမုတ္တရ မြတ်စွာဘုရား လက်ထက် ကျွန်မဖြစ်၍ သုဇာတထေရ်အား ဆံပင်ကိုဖြတ်ရောင်း၍ ဆွမ်း

လှူကြောင်းကို ဆို၏။ ပါဠိတော်နှင့်မညီ၊ မူလပဏ္ဏာသ အဋ္ဌကထာနှင့် လည်းမညီ။ ထိုကြောင့် ထေရီဂါထာ အဋ္ဌကထာစကားကို စဉ်းစား၍ ယူရာ၏။

ဤသို့ ရဟန္တာအဖြစ်သို့ ရောက်တော်မူပြီးသော ဓမ္မဒိန္နာ ထေရီ အရှင်မသည် ဤဇနပုဒ်ရွာငယ်၌ နေသဖြင့် အဘယ်အကျိုး ရှိတော့အံ့နည်း၊ ရာဇဂြိုဟ်ပြည်သို့ ပြန်၍ မြတ်စွာဘုရားကိုလည်း ဖူးမြင်ရအံ့၊ ငါ၏ဆွေမျိုးတို့သည်လည်း ကုသိုလ်ကောင်းမှု တိုးပွါးကုန်လတ္တံ့။ ရဟန်းသံဃာများလည်း ပစ္စည်းလေးပါးတို့ဖြင့် ပင်ပန်း ခွမ်းနယ်ခြင်း မရှိဘဲ လွယ်ကူစွာ ရကြကုန်လတ္တံ့ ဟူ၍ ရာဇဂြိုဟ်ပြည်သို့ ရဟန်းမိန်းမ အပေါင်းခြံရံလျက် ပြန်လာခဲ့၏။ ဝိသာခသူကြွယ် သည်လည်း ဤ ဓမ္မဒိန္နာထေရီသည် ရဟန်းပြု၍ မကြာမြင့်မီပင် တောရွာငယ် ဇနပုဒ်သို့ သွား၍ မကြာမြင့်မီပင် ရာဇဂြိုဟ်ပြည်သို့ ပြန်လာ၏ဟူ၍ ကြားသော အခါ သာသနာတော်၌မပျော်မွေ့၍ ပြန်လာလေသလောဟု တွေးတောခြင်း ရှိလျက် ဘိက္ခုနီ ကျောင်းတိုက်သို့လာ၍ ဓမ္မဒိန္နာထေရီကို ရှိခိုး၍ သင့်တင့်ရာ၌ ထိုင်နေပြီးလျှင်ဤသို့ကြံ၏၊ အရှင်မသည် သာသနာတော်၌ ပျော်ပါ၏လောဟု မေးလျှောက်ခြင်းမည်သည် ပညာရှိ ကိစ္စမဟုတ် ခန္ဓာငါးပါးတို့ကို ဆောင်၍ ပုစ္ဆာကို ငါမေးလျှောက်အံ့၊ ပုစ္ဆာကိုဖြေခြင်းဖြင့် သာသနာတော်၌ ပျော်မွေ့သည် မပျော်မွေ့သည်ကို သိရအံ့ဟု ကြံ၍ ဤသို့ မေးလျှောက်လေ၏။

သက္ကာယော သက္ကာယောတိ အယျေ ဝုစ္စတိ၊ ကတမော နုခေါ
အယျေ သက္ကာယော ဝုတ္တော ဘဂဝတာ။

သက္ကာယ သက္ကာယဟူ၍ ဆိုပါသည် အရှင်မဘုရား။ အဘယ်တရားကို သက္ကာယဟူ၍ မြတ်စွာဘုရား ဟောတော်မူပါသနည်း အရှင်မဘုရားဟု လျှောက်ကြားသောအခါ—

အာဝုသော ဝိသာခ၊ ငါ့ရှင်ဝိသာခ။ ပဉ္စ၊ ငါးပါးကုန်သော။ ဣမေခေါ ဥပါဒါနက္ခန္ဓာ၊ ဤဥပါဒါနက္ခန္ဓာတို့ကိုပင်လျှင်။ သက္ကာယော၊ သက္ကာယဟူ၍။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဝုတ္တော၊ ဟောတော်မူ၏။

ငါ့ရှင်ဝိသာခ ဤ ဥပါဒါနက္ခန္ဓာ ငါးပါးတို့ကိုပင် သက္ကာယဟူ၍ ဟောတော်မူ၏။ ထိုဥပါဒါနက္ခန္ဓာတို့သည် အဘယ်နည်း ဟူမူကား ရူပုပါဒါနက္ခန္ဓာ ဝေဒနုပါဒါနက္ခန္ဓာ သညုပါဒါနက္ခန္ဓာ သင်္ခါရုပါဒါ

နက္ခန္ဓာ ဝိညာဏုပါဒါနက္ခန္ဓာ။ ငါ့ရှင်ဝိသာခ ဤဥပါဒါနက္ခန္ဓာ ငါးပါးတို့ကိုပင်လျှင် သက္ကာယဟူ၍ မြတ်စွာဘုရား ဟောတော်မူ၏။

ရူပက္ခန္ဓာ ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ ဝိညာဏက္ခန္ဓာ ဤခန္ဓာငါးပါးကို သက္ကာယဟူ၍ မြတ်စွာဘုရား ဟောတော်မူသည် ငါ့ရှင်ဝိသာခ၊ ကောင်းပါပြီ အရှင်မဘုရား သက္ကာယသမုဒယော သက္ကာယသမုဒယော ဟူ၍ ဆိုပါသည်။ အဘယ်တရားကို သက္ကာယသမုဒယ ဟူ၍ မြတ်စွာဘုရား ဟောပါသနည်းဘုရား။ ငါ့ရှင်ဝိသာခ နောင်ဘဝကို ဖြစ်စေတတ်သော ထိုထိုဘုံဘဝကို တပ်မက်နှစ်သက်ခြင်း တဏှာကို သက္ကာယသခုဒယ ဟူ၍ မြတ်စွာဘုရား ဟောတော်မူသည် ငါ့ရှင်ဝိသာခ၊ သက္ကာယနိရောဓော၊ သက္ကာယ နိရောဓောဟူ၍ ဆိုပါသည်။ အဘယ်တရားကို သက္ကာယနိရောဓဟူ၍ မြတ်စွာဘုရား ဟောတော်မူပါသနည်း အရှင်မဘုရား။ ငါ့ရှင်ဝိသာခ တဏှာမှ လွတ်ကင်း၍ အကြွင်းမဲ့ မဖြစ်ပေါ်လာဘဲ တဏှာအာလယ ကင်းငြိမ်းသော နိဗ္ဗာန်ကို သက္ကာယ နိရောဓဟူ၍ မြတ်စွာဘုရား ဟောတော်မူသည် ငါ့ရှင်ဝိသာခ။ သက္ကာယနိရောဓဂါမိနီပဋိပဒါ သက္ကာယ မဖြစ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်းအကျင့်ဟူ၍ ဆိုပါသည်။ အဘယ်တရားကို သက္ကာယ မဖြစ်ရာ နိဗ္ဗာန်ရောက်ကြောင်း အကျင့်ဟူ၍ မြတ်စွာဘုရား ဟောပါသနည်း အရှင်မဘုရား။ ငါ့ရှင်ဝိသာခ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပ သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝ သမ္မာဝါယာမ သမ္မာသတိ သမ္မာသမာဓိ ဤမဂ္ဂင်ရှစ်ပါးကို သက္ကာယ မဖြစ်ရာ နိဗ္ဗာန်ရောက်ကြောင်း အကျင့်ဟူ၍ မြတ်စွာဘုရား ဟောတော်မူသည် ငါ့ရှင်ဝိသာခ။ အရှင်မဘုရား ဥပါဒါန်ဟူ၍ ဆိုရာ၌ ထိုဥပါဒါနက္ခန္ဓာငါးပါးကိုပင်လျှင် ဥပါဒါန်ဟူ၍ ဆိုပါသလော၊ သို့မဟုတ် ဥပါဒါနက္ခန္ဓာမှတပါး ဥပါဒါန်ဟူ၍ဆိုပါသလော။ ငါ့ရှင်ဝိသာခ ထိုဥပါဒါနက္ခန္ဓာငါးပါးကို ဥပါဒါန်ဟူ၍မဆို ဥပါဒါနက္ခန္ဓာငါးပါးကို ကြဉ်ထား၍လည်း ဥပါဒါန်ဟူ၍မဆို၊ ငါ့ရှင်ဝိသာခ ငါးပါးသော ဥပါဒါနက္ခန္ဓာတို့၌ လိုချင်ခြင်း တပ်မက်စွဲလမ်း တွယ်တာခင်မင်ခြင်း တဏှာကို ဥပါဒါန်ဟူ၍ ဆိုသည် ငါ့ရှင်ဝိသာခဟု ဖြေရှင်း ဟောပြတော်မူ၏။

တဘန်လျှောက်ထား ပြန်သည်မှာ သက္ကာယဒိဋ္ဌိသည် အဘယ်သို့ ဖြစ်ပါသနည်း အရှင်မဘုရား။ ငါ့ရှင်ဝိသာခ ဤလောက၌ အရိယ

သစ္စာကို မသိမမြင်သော ပုထုဇဉ်သည် ရုပ်ကို ကိုယ်ဟူ၍ အယူရှိ၏ ရုပ်ရှိသော ကိုယ်ဟူ၍၎င်း ကိုယ်၌ ရုပ်ရှိ၏ဟူ၍၎င်း ရုပ်၌ ကိုယ်ရှိ၏ဟူ၍၎င်း, ဝေဒနာကို ကိုယ်ဟူ၍ အယူရှိ၏ ဝေဒနာရှိသော ကိုယ်ဟူ၍၎င်း ကိုယ်၌ ဝေဒနာရှိ၏ဟူ၍၎င်း ဝေဒနာ၌ ကိုယ်ရှိ၏ဟူ၍၎င်း, သညာကို ကိုယ်ဟူ၍၎င်း သညာ ရှိသော ကိုယ်ဟူ၍၎င်း ကိုယ်၌ သညာရှိ၏ဟူ၍၎င်း သညာ၌ ကိုယ်ရှိ၏ဟူ၍၎င်း, သင်္ခါရကို ကိုယ်ဟူ၍၎င်း သင်္ခါရရှိသော ကိုယ်ဟူ၍၎င်း ကိုယ်၌ သင်္ခါရရှိ၏ဟူ၍၎င်း သင်္ခါရ၌ ကိုယ်ရှိ၏ဟူ၍၎င်း, ဝိညာဏ်ကို ကိုယ်ဟူ၍၎င်း ဝိညာဏ်ရှိသော ကိုယ်ဟူ၍၎င်း ကိုယ်၌ ဝိညာဏ်ရှိ၏ဟူ၍၎င်း ဝိညာဏ်၌ ကိုယ်ရှိ၏ဟူ၍၎င်း အယူရှိ၏။ ဤကဲ့သို့ အခြင်းအရာအားဖြင့် အယူရှိ၍ သက္ကာယဒိဋ္ဌိဖြစ်သည် ငါ့ရှင်ဝိသာခဟု ဖြေရှင်းဟောပြတော်မူ၏။

နောက်တဘန် လျှောက်ထားပြန်သည်မှာ ကောင်းလှပါပြီ အရှင်မဘုရား။အဘယ်သို့သောအခြင်းအရာဖြင့် အယူရှိလျှင် သက္ကာယဒိဋ္ဌိမဖြစ်ပါသနည်း အရှင်မဘုရား။ငါ့ရှင်ဝိသာခ ရုပ်သည် ကိုယ်မဟုတ်ဟူ၍၎င်း ရုပ်ရှိသော ကိုယ်မဟုတ်ဟူ၍၎င်း ကိုယ်၌ရုပ်မရှိဟူ၍၎င်း ရုပ်၌ ကိုယ်မရှိဟူ၍၎င်း ဝေဒနာသည် ကိုယ်မဟုတ် ဟူ၍၎င်း ဝေဒနာ ရှိသော ကိုယ်မဟုတ်ဟူ၍၎င်း ကိုယ်၌ ဝေဒနာမရှိဟူ၍၎င်း ဝေဒနာ၌ ကိုယ်မရှိဟူ၍၎င်း, သညာသည် ကိုယ်မဟုတ်ဟူ၍၎င်း သညာရှိသော ကိုယ်မဟုတ်ဟူ၍၎င်း ကိုယ်၌ သညာမရှိ ဟူ၍၎င်း သညာ၌ ကိုယ်မရှိဟူ၍၎င်း,သင်္ခါရတို့သည်ကိုယ်မဟုတ် ဟူ၍၎င်းသင်္ခါရရှိသော ကိုယ်မဟုတ်ဟူ၍၎င်း ကိုယ်၌သင်္ခါရ မရှိ ဟူ၍၎င်း သင်္ခါရ၌ကိုယ်မရှိ ဟူ၍၎င်း, စိတ်ဝိညာဏ်သည် ကိုယ်မဟုတ်ဟူ၍၎င်း စိတ်ဝိညာဏ်ရှိသော ကိုယ်မဟုတ်ဟူ၍၎င်း ကိုယ်၌ စိတ်ဝိညာဏ်မရှိ ဟူ၍၎င်း စိတ်ဝိညာဏ်၌ ကိုယ်မရှိဟူ၍၎င်း, ဤသို့သော အခြင်းအရာဖြင့်အယူရှိလျှင် သက္ကာယဒိဋ္ဌိမဖြစ် ငါ့ရှင်ဝိသာခဟု ဟောကြားတော်မူ၏။

တဘန် မေးလျှောက်ပြန်သည်ကား ဓမ္မဒိန္နာ အရှင်မဘုရား၊ မဂ္ဂင်ရှစ်ပါးဆိုသည်ကား အဘယ်တရားပါနည်း။ ငါ့ရှင်ဝိသာခ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ၊ ဤတရားစုသည် မဂ္ဂင်ရှစ်ပါးမည်၏ ငါ့ရှင်ဝိသာခ။ အရှင်မဘုရား ဤမဂ္ဂင်ရှစ်ပါးသည် သင်္ခတ တရားလော။

သို့မဟုတ် အသင်္ခတ တရားပါလော။ ငါ့ရှင်ဝိသာခ မဂ္ဂင် ၈ ရှစ်ပါးသည် သင်္ခတ တရားမည်၏။ ။အရှင်မဘုရား ဤမဂ္ဂင်ရှစ်ပါးဖြင့် အစုသုံးပါးတို့ကို ပေါင်းအပ်ပါသလော၊ သို့မဟုတ် အစုသုံးပါးဖြင့် မဂ္ဂင်ရှစ်ပါးတို့ကို ပေါင်းအပ်ပါသလော။ငါ့ရှင်ဝိသာခ မဂ္ဂင်ရှစ်ပါးဖြင့် အစုသုံးပါးတို့ကို မပေါင်းအပ်။ အစုသုံးပါးဖြင့် မဂ္ဂင်ရှစ်ပါးတို့ကို ပေါင်းအပ်၏။ ငါ့ရှင်ဝိသာခ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ ဤမဂ္ဂင်သုံးပါးတို့ကို သီလအစုဖြင့် ပေါင်းအပ်ကုန်၏။ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ၊ ဤမဂ္ဂင်သုံးပါးတို့ကို သမာဓိအစု၌ ပေါင်းအပ်ကုန်၏။ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ ဤမဂ္ဂင်နှစ်ပါးတို့ကို ပညာအစု၌ ပေါင်းအပ်ကုန်၏၊ အရှင်မဘုရား အဘယ် တရားသည် သမာဓိ မည်ပါသနည်း။ အဘယ်တရားသည် သမာဓိနိမိတ် မည်ပါသနည်း။ အဘယ် တရားသည် သမာဓိပရိက္ခာရ မည်ပါသနည်း။ ငါ့ရှင်ဝိသာခ ဧကဂ္ဂတာစေတသိက်သည် သမာဓိ မည်၏။ သတိပဋ္ဌာန် လေးပါးတို့သည် သမာဓိနိမိတ် မည်၏။ သမ္မပ္ပဓာန် လေးပါးတို့သည် သမာဓိပရိက္ခာရမည်၏။ ထိုသမာဓိ၊ သမာဓိနိမိတ်၊ သမာဓိပရိက္ခာရတို့ကို များစွာပွားစေခြင်းအလုပ်သည်သမာဓိဘာဝနာဖြစ်၏ ငါ့ရှင်ဝိသာခ။ ။သင်္ခါရ အဘယ်မျှ ရှိပါသနည်း အရှင်မဘုရား။ သင်္ခါရသည် ကာယသင်္ခါရ ဝစီသင်္ခါရ စိတ္တသင်္ခါရဟူ၍ သုံးပါးရှိသည် ငါ့ရှင်ဝိသာခ။အရှင်မဘုရား အဘယ်တရားသည် ကာယသင်္ခါရပါနည်း။ အဘယ်တရားသည် ဝစီသင်္ခါရပါနည်း။အဘယ် တရားသည် စိတ္တသင်္ခါရပါနည်း။ ငါ့ရှင်ဝိသာခ ထွက်သက်ဝင်သက်သည် ကာယသင်္ခါရ, ဝိတက်ဝိစာရတို့သည် ဝစီသင်္ခါရ,သညာသည်၎င်း ဝေဒနာသည်၎င်း စိတ္တသင်္ခါရမည်၏။အရှင်မဘုရား ထွက်သက်ဝင်သက်ကို အဘယ့်ကြောင့် ကာယသင်္ခါရ ဆိုပါသနည်း။ ဝိတက်ဝိစာရတို့ကို အဘယ့်ကြောင့် ဝစီသင်္ခါရ ဆိုပါသနည်း။ သညာကို၎င်း ဝေဒနာကို၎င်း အဘယ့်ကြောင့် စိတ္တသင်္ခါရ ဆိုပါသနည်း။ ငါ့ရှင်ဝိသာခ ထွက်သက် ဝင်သက်တို့သည် ကိုယ်နှင့် စပ်ကုန်၏ ထို့ကြောင့် ကာယသင်္ခါရဟု ဆို၏။ ရှေးဦးစွာ ကြံစည်၍ စုံစမ်း၍ နောက်မှစကားကို မြွက်ဆို၏၊ ထို့ကြောင့် ဝိတက် ဝိစာရတို့ကို ဝစီသင်္ခါရဟု ဆို၏။ သညာသည်၎င်း ဝေဒနာသည်၎င်း စိတ်နှင့်စပ်ကုန်၏၊ထို့ကြောင့် သညာ ဝေဒနာတို့ကို စိတ္တသင်္ခါရဆို၏။ ။အရှင်မ

ဘုရား နိရောဓသမာပတ်သည် အဘယ်သို့ ဖြစ်ပါသနည်း။ ငါ့ရှင် ဝိသာခ နိရောဓသမာပတ်ကို ဝင်စားသော ရဟန်းအား ငါသည် နိရောဓသမာပတ်ကို ဝင်စားအံ့ဟူ၍ရင်း ဝင်စားဆဲဟူ၍ရင်း ဝင်စားပြီး ဟူ၍ရင်း၊ ဤသို့မဟုတ် စင်စစ်သော်ကား ထိုပုဂ္ဂိုလ်အား ရှေးအဘို့၌ ထိုနိရောဓသမာပတ်သို့ ရောက်စေရန် စိတ်ကို ပွါးပြီးဖြစ်၏။ ။အရှင်မ ဘုရား နိရောဓသမာပတ်ကို ဝင်စားသော ရဟန်းအား ကာယသင်္ခါရ၊ ဝစီသင်္ခါရ၊ စိတ္တသင်္ခါရသုံးပါးတို့တွင် အဘယ်တရားသည် ရှေးဦးစွာ ချုပ်ပါသနည်း။ ငါ့ရှင်ဝိသာခ နိရောဓသမာပတ်ကို ဝင်စားသော ရဟန်းအား ရှေးဦးစွာ ဝစီသင်္ခါရချုပ်၏။ ထိုနောက် ကာယသင်္ခါရ ချုပ်၏၊ ထိုနောက် စိတ္တသင်္ခါရချုပ်၏။ ။အရှင်မဘုရား အဘယ်သို့ နိရောဓသမာပတ်မှ ထခြင်းဖြစ်ပါသနည်း။ ငါ့ရှင်ဝိသာခ နိရောဓ သမာပတ်မှ ထသောရဟန်းအား ငါသည် နိရောဓသမာပတ်မှ ထအံ့ ဟူ၍ရင်း ထဆဲဟူ၍ရင်း ထပြီးဟူ၍ရင်း ဤသို့ မဆိုအပ်၊ စင်စင် သော်ကား ထိုပုဂ္ဂိုလ်အား ရှေးအဘို့၌ နိရောဓသမာပတ်မှ ထစေရန် စိတ်ကို ပွါးပြီးဖြစ်သည်ဟု ဆိုအပ်၏။ ။အရှင်မဘုရား နိရောဓသမာ ပတ်မှ ထသော ရဟန်းအား ကာယသင်္ခါရ၊ ဝစီသင်္ခါရ၊ စိတ္တသင်္ခါရ သုံးပါးတို့တွင် အဘယ်တရားတို့သည် ရှေးဦးစွာဖြစ်ပါသနည်း။ ငါ့ရှင် ဝိသာခ- နိရောဓသမာပတ်မှ ထသောရဟန်းအား ရှေးဦးစွာ စိတ္တ သင်္ခါရဖြစ်၏။ထိုနောက် ကာယသင်္ခါရ၊ထိုနောက်ဝစီသင်္ခါရဖြစ်၏။ ။ အရှင်မဘုရား နိရောဓသမာပတ်မှထသောရဟန်းကို အဘယ် မျှသော ဖဿတို့သည် တွေ့ပါသနည်း။ ငါ့ရှင် ဝိသာခ- နိရောဓ သမာပတ်မှ ထသော ရဟန်းကို သုညတဖဿ၊အနိမိတ္တဖဿ အပ္ပဏိဟိတဖဿ၊ ဤသုံးပါးသောဖဿတို့သည် တွေ့ကုန်၏။ ။အရှင်မဘုရား- နိရောဓ. သမာပတ်မှ ထသော ရဟန်းအား အဘယ်ကို ညွတ်ကိုင်းသော စိတ်သည် ဖြစ်ပါသနည်း။ငါ့ရှင်ဝိသာခ- နိရောဓသမာပတ်မှ ထသော ရဟန်းအား ဝိဝေကသို့ ညွတ်ကိုင်းသော စိတ်သည် ဖြစ်၏ဟု ဟောပြ တော်မူ၏။

တဘန် မေးလျှောက်ပြန်သည်မှာ အရှင်မဘုရား-ဝေဒနာအဘယ်မျှ ရှိပါသနည်း။ ငါ့ရှင် ဝိသာခ- သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ ဥပေက္ခာ ဝေဒနာဟူ၍ ဝေဒနာ သုံးပါးရှိ၏။ ။အရှင်မဘုရား- အဘယ်သည်

သုခဝေဒနာပါနည်း။ အဘယ်သည် ဒုက္ခဝေဒနာပါနည်း။အဘယ်သည် ဥပေက္ခာဝေဒနာပါနည်း။ ။ငါ့ရှင်ဝိသာခ- ကိုယ်၌ရှင်း၊ စိတ်၌ရှင်း၊ ချမ်းသာခြင်း၊ သက်သာခြင်းသည် သုခဝေဒနာဖြစ်၏။ ကိုယ်၌ရှင်း စိတ်၌ရှင်း၊ ဆင်းရဲခြင်း၊ မသက်သာခြင်းသည် ဒုက္ခဝေဒနာဖြစ်၏။ ကိုယ်၌ရှင်း စိတ်၌ရှင်း သက်သာသည်လည်းမဟုတ် မသက်သာသည်လည်းမဟုတ်၊ ဤတရားသည် ဥပေက္ခာဝေဒနာမည်၏။ ။အရှင်မဘုရား- သုခဝေဒနာသည် အဘယ်သို့လျှင် ချမ်းသာပါသနည်း။ အဘယ်သို့လျှင် ဆင်းရဲပါသနည်း။ ဒုက္ခဝေဒနာသည် အဘယ်သို့ဖြစ်လျှင် ချမ်းသာပါသနည်း။ အဘယ်သို့ဖြစ်လျှင် ဆင်းရဲပါသနည်း။ ဥပေက္ခာဝေဒနာသည် အဘယ်သို့ ဖြစ်လျှင် ချမ်းသာပါသနည်း။ အဘယ်သို့ဖြစ်လျှင် ဆင်းရဲပါသနည်း။ ငါ့ရှင်ဝိသာခ- သုခဝေဒနာသည် တည်လျှင် ချမ်းသာ၏။ ပျောက်ပျက်လျှင် ဆင်းရဲ၏။ ဒုက္ခဝေဒနာသည် တည်လျှင် ဆင်းရဲ၏။ ပျောက်ပျက်လျှင် ချမ်းသာ၏။ ဥပေက္ခာဝေဒနာသည် သိလျှင် ချမ်းသာ၏။ မသိလျှင် ဆင်းရဲ၏။ ။ အရှင်မဘုရား- သုခဝေဒနာ၌ အဘယ် အနုသယ ကိန်းပါသနည်း။ ဒုက္ခဝေဒနာ၌ အဘယ် အနုသယကိန်းပါသနည်း။ ဥပေက္ခာဝေဒနာ၌ အဘယ် အနုသယ ကိန်းပါသနည်း။ ။ငါ့ရှင် ဝိသာခ- သုခဝေဒနာ၌ ရာဂါနုသယ ကိန်း၏။ ဒုက္ခဝေဒနာ၌ ပဋိဃာနုသယ ကိန်း၏။ဥပေက္ခာဝေဒနာ၌ အဝိဇ္ဇာနုသယ ကိန်း၏။ ။အရှင်မဘုရား- အလုံးစုံသော သုခဝေဒနာ၌ ရာဂါနုသယ ကိန်းပါသလော။အလုံးစုံသောဒုက္ခဝေဒနာ၌ ပဋိဃာနုသယ ကိန်းပါသလော။ အလုံးစုံသော ဥပေက္ခာဝေဒနာ၌ အဝိဇ္ဇာနုသယ ကိန်းပါသလော။ ငါ့ရှင်ဝိသာခ- အလုံးစုံသော သုခဝေဒနာ၌ ရာဂါနုသယ မကိန်း။ အလုံးစုံသော ဒုက္ခဝေဒနာ၌ ပဋိဃာနုသယ မကိန်း။အလုံးစုံသောဥပေက္ခာဝေဒနာ၌ အဝိဇ္ဇာနုသယမကိန်း။ အချို့သော ဝေဒနာ၌သာလျှင် အနုသယကိန်း၏။ ။အရှင်မဘုရား သုခဝေဒနာ၌ အဘယ်တရားသည် ပယ်အပ်သော ပဟာတဗ္ဗတရားပါနည်း။ ဒုက္ခဝေဒနာ၌ အဘယ်တရားသည် ပယ်အပ်သော ပဟာတဗ္ဗတရားပါနည်း။ ဥပေက္ခာဝေဒနာ၌ အဘယ်တရားသည် ပယ်အပ်သော ပဟာတဗ္ဗတရားပါနည်း။ ငါ့ရှင်ဝိသာခ သုခဝေဒနာ၌ ရာဂါနုသယသည် ပယ်အပ်သောပဟာတဗ္ဗတရားတည်း။ ဒုက္ခဝေဒနာ၌ ပဋိဃာ

နုသယကိုပယ်အပ်၏။ဥပေက္ခာဝေဒနာ၌ အဝိဇ္ဇာနုသယကိုပယ်အပ်၏။ အရှင်မဘုရား- အလုံးစုံသော သုခဝေဒနာ၌ ရာဂါနုသယကို ပယ်အပ်ပါသလော။အလုံးစုံသော ဒုက္ခဝေဒနာ၌ ပဋိဃာနုသယကို ပယ်အပ်ပါသလော။ အလုံးစုံသော ဥပေက္ခာ ဝေဒနာ၌ အဝိဇ္ဇာ နုသယကို ပယ်အပ်ပါသလော။ ငါ့ရှင် ဝိသာခ- အလုံးစုံသော ဝေဒနာ၌လည်း အနုသယကို ပယ်အပ်သည် မဟုတ်။ အလုံးစုံသော ဝေဒနာ၌လည်း အနုသယသည်မကိန်း။ ငါ့ရှင်ဝိသာခ- ဤသာသနာတော်၌ အကြင် ရဟန်းသည်ပထမဈာန်ကို ဝင်စား၍နေ၏၊ ထိုပထမဈာန်ကို ဝင်စား၍ နေသော ရဟန်းအား ရာဂကို မပယ်စွန့်သော်လည်း ရာဂါနုသယ မကိန်း။ ငါ့ရှင်ဝိသာခ အကြင်ရဟန်းသည် ကမ္ဘဋ္ဌာန်းကို အားထုတ်၍ မဂ်ဖိုလ်ကို မရနိုင်သောကြောင့် ငါသည် အဘယ်အခါမှ မဂ်ဖိုလ်ကို ရပါမည်နည်း ဟူ၍ မဂ် ဖိုလ် တရားတို့၌ ချစ်ခြင်းကို ဖြစ်စေသော ရဟန်းအား ချစ်ခြင်းတည်းဟူသောအကြောင်းကြောင့် ဒေါမနဿဖြစ်၏၊ထိုရဟန်းအား ပဋိဃကို မပယ်စွန့်သော်လည်း ထိုရဟန်း၌ ပဋိဃာနုသယမကိန်း။ ငါ့ရှင်ဝိသာခ- အကြင် ရဟန်းသည် စတုတ္ထဈာန်ကို ဝင်စား၍နေ၏။ ထိုရဟန်းသည် အဝိဇ္ဇာကို မပယ်စွန့်သော်လည်း အဝိဇ္ဇာနုသယ မကိန်းဟူ၍ ဟောတော်မူပြန်၏။

တဘန် မေးလျှောက် ပြန်သည်ကား အရှင်မဘုရား သုခဝေဒနာ၌ အဘယ်သည် ပဋိဘာဂဖြစ်ပါသနည်း။ငါ့ရှင်ဝိသာခ သုခဝေဒနာ၌ ဒုက္ခဝေဒနာသည်ပဋိဘာဂဖြစ်၏။ ။အရှင်မဘုရား-ဒုက္ခဝေဒနာ၌ အဘယ်သည် ပဋိဘာဂဖြစ်ပါသနည်း။ငါ့ရှင်ဝိသာခ ဒုက္ခဝေဒနာ၌သုခဝေဒနာသည် ပဋိဘာဂဖြစ်၏။ ။အရှင်မဘုရား ဥပေက္ခာဝေဒနာ၌ အဘယ်သည် ပဋိဘာဂ ဖြစ်ပါသနည်း၊ ငါ့ရှင်ဝိသာခ ဥပေက္ခာဝေဒနာ၌ အဝိဇ္ဇာသည် ပဋိဘာဂဖြစ်၏။ ။အရှင်မဘုရားအဝိဇ္ဇာ၌ အဘယ်သည်ပဋိဘာဂဖြစ်ပါသနည်း။ ငါ့ရှင်ဝိသာခ အဝိဇ္ဇာ၌ ဝိဇ္ဇာသည် ပဋိဘာဂ ဖြစ်၏။ အရှင်မဘုရား ဝိဇ္ဇာ၌အဘယ်သည် ပဋိဘာဂ ဖြစ်ပါသနည်း။ ငါ့ရှင်ဝိသာခ ဝိဇ္ဇာ၌ ဝိမုတ္တိသည် ပဋိဘာဂဖြစ်၏။ ။အရှင်မဘုရား ဝိမုတ္တိ၌ အဘယ်သည် ပဋိဘာဂ ဖြစ်ပါသနည်း။ ငါ့ရှင်ဝိသာခ ဝိမုတ္တိ၌ နိဗ္ဗာန်သည် ပဋိဘာဂဖြစ်၏။ ။အရှင်မဘုရား နိဗ္ဗာန်၌ အဘယ်သည် ပဋိဘာဂဖြစ်ပါသနည်း။ ငါ့ရှင်ဝိသာခ အမေးပုစ္ဆာ

သည် လွန်၍သွား၏။ ဤအမေးပုစ္ဆာ၏ အဆုံးကိုယူခြင်းငှာ မတတ်နိုင်။ ငါ့ရှင်ဝိသာခ မြတ်စွာဘုရား၏ သာသနာတော်၌ ဗြဟ္မစရိယအကျင့်သည် နိဗ္ဗာန်လျှင် အဆုံးရှိ၏။ ငါ့ရှင်ဝိသာခ သင် အလိုရှိသေးလျှင် မြတ်စွာဘုရားကို မေးလျှောက်လေလော့၊ ထိုအကြောင်းကို မြတ်စွာဘုရား ဖြေတော်မူသည့်အတိုင်း မှတ်လေ ဆောင်လေလော့ ဤသို့ ဓမ္မဒိန္နာထေရီ မိန့်တော်မူ၏။

ထိုအခါ၌ ဝိသာခဥပါသကာသည် ဓမ္မဒိန္နာဖြေသည်ကို ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်၍ နေရာမှထ၍ ဓမ္မဒိန္နာထေရီကို ရှိခိုး၍ လကျာရစ်လည်ခါ မြတ်စွာဘုရား ရှိရာသို့သွား၍ ရှိခိုးလျက် သင့်တင့်သော နေရာ၌ထိုင်၍ ဓမ္မဒိန္နာ ဘိက္ခုနီနှင့် အတူတကွ မေးခြင်း ဖြေခြင်း ပြောဆိုသောစကား အလုံးစုံကို လျှောက်ကြား၏။ မြတ်စွာဘုရားသည် ဝိသာခဥပါသကာကို ဤသို့ မိန့်တော်မူ၏ ဝိသာခဥပါသကာ ဓမ္မဒိန္နာဘိက္ခုနီသည် ကြီးသောပညာရှိ၏။ ငါဘုရားအား ထိုပုစ္ဆာကို မေးငြားအံ့၊ ငါဘုရားသည်လည်း ထိုကဲ့သို့ပင် ဖြေဆိုအံ့။ ဓမ္မဒိန္နာဘိက္ခုနီ ဖြေသည့်အတိုင်းသာလျှင် မှတ်ဆောင်လေလော့ဟူ၍ မြတ်စွာဘုရား မိန့်တော်မူ၏။ ။မူလပဏ္ဏာသပါဠိတော် ၃၅၀။

ဓမ္မဒိန္နာထေရီ ဟောတော်မူသော အပဒါန် တရားတော်

ယခုအခါ တရားတော်ကိုနာလို၍ စည်းဝေးရောက်လာကြကုန်သော ဘိက္ခုနီရဟန်းမိန်းအပေါင်းတို့ ဓမ္မဒိန္နာထေရီ အမည်ရှိသော တပည့်တော်မသည် ကမ္ဘာတသိန်းထက်က ပွင့်တော်မူသော ပဒုမုတ္တရ မြတ်စွာဘုရား၏ လက်ထက်တော်၌ ဟံသာဝတီ ပြည်ကြီးဝယ် ခေမာထေရီ ပဋာစာရာထေရီ ကုဏ္ဍလကေသာ ထေရီ အရှင်မတို့၏ အလောင်းကဲ့သို့ သူဌေးသမီးမဟုတ်ပါ၊ ကိသာဂေါတမီထေရီလောင်း အညတရ အမျိုးသမီးထက်ပင် ဆင်းရဲလှသဖြင့် သူတပါးအိမ်၌ အစေခံကျွန်မ ဖြစ်၍နေရပါ၏။ ထိုအခါ ပဒုမုတ္တရမြတ်စွာဘုရား၏ တပည့် အဂ္ဂသာဝကလက်ဝဲတော်ရံ သုဇာတထေရ်သည်ကျောင်းတိုက်မှ ထွက်၍ သပိတ်ကိုယူလျက် ဆွမ်းခံသွားတော်မူ၏။ ထိုအခါ၌ ရေအိုးကိုယူ၍ ရေခတ်သွားရင်း စားမည်ဟု ယူလာသောမုန့်ကို လမ်း၌ မြင်သော အရှင်သုဇာတထေရ်အား လှူခဲ့ဘူး၏။ သုဇာတထေရ်မြတ်

သည့် အလှူခံယူ၍ ထိုနေရာ၌ပင် ထိုင်တော်မူပြီးလျှင် သုံးဆောင်တော်မူ၏။ ထိုနေရာမှတဖန် ဆံပင်ကိုဖြတ်ရောင်းပြီးလျှင် သုဇာတထေရ်ကို အိမ်သို့ပင့်၍ ဆွမ်းကျွေးပါ၏။ ထိုအခါ၌ အရှင်ဖြစ်သော သူဌေးမင်း နှစ်သက်၍ တပည့်တော် အစေခံမကို ချွေးမပြုလုပ်၍ ထားပါ၏။ တရံသောအခါ၌ ယောက္ခမသူဌေးကြီးနှင့်အတူတကွ မြတ်စွာဘုရားအထံသို့သွား၍ ဖူးမြော်ရှိခိုးပါ၏။ထိုအခါ၌ ဘိက္ခုနီမတပါးကိုဓမ္မကထိက ဧတဒဂ် ထားတော်မူသည်ကိုမြင်၍ နှစ်သက်ဝမ်းမြောက်ခြင်း ရှိသောကြောင့် သံဃာတော်နှင့်တကွ ပဒုမုတ္တရမြတ်စွာဘုရားအား ပင့်ဘိတ်၍ ကြီးစွာသော အလှူကြီးကိုလှူ၍ ထိုဓမ္မကထိက ဧတဒဂ်အရာကို ဆုတောင်းဘူး၏။ ထိုအခါ၌ ပဒုမုတ္တရ မြတ်စွာဘုရားသည် ဤသို့မိန့်တော်မူ၏။ သံဃာတော်ကို လုပ်ကျွေးလျက် တရားတော်ကိုနာ၍ သာသနာတော် တိုးတက် ကြီးပွားခြင်းကို အလိုရှိသော ချစ်သမီး ဝမ်းမြောက်ဝမ်းသာ ဖြစ်လေလော့ ချစ်သမီးကောင်းသော ဆုသည် ပြည့်စုံလတ္တံ့။ ဤကမ္ဘာမှ ကမ္ဘာတသိန်းရောက်လျှင် ဩက္ကာကမင်းမျိုးဖြစ်သော ဂေါတမမြတ်စွာဘုရားသည် ပွင့်တော်မူလတ္တံ့။ ထိုဂေါတမမြတ်စွာဘုရား သာသနာတော်၌ ဓမ္မဒိန္နာဟူသော အမည်ဖြင့် ရဟန်းမိန်းမဖြစ်၍ ဓမ္မကထိက ဧတဒဂ်ကို ရလတ္တံ့ ဟူ၍ ဗျာဒိတ်စကား မိန့်ကြားတော်မူခဲ့၏။

တရားတော်နာ လာကြကုန်သော ဘိက္ခုနီအရှင်မတို့ ထိုဗျာဒိတ်စကားတော်ကို ကြားလျှင် ဝမ်းမြောက်လှသည်ဖြစ်၍ မြတ်စွာဘုရားကို ကြည်ညိုသောစိတ်ဖြင့် အသက်ရှည်သမျှ ကာလပတ်လုံး ပစ္စည်းဝတ္ထုတို့ကို လှူဒါန်းလုပ်ကျွေး၏။ ထိုကုသိုလ်ကြောင့် စုတေသည်ရှိသော် တာဝတိံသာနတ်ပြည်၌ ဖြစ်ရပါ၏။ ဤဘဒ္ဒကမ္ဘာအတွင်း၌ ကဿပ မြတ်စွာဘုရား ပွင့်တော်မူသောအခါ ဗာရာဏသီပြည်ကြီးဝယ် ကိကီမင်းကြီး၏ သမီးတော် ခုနစ်ယောက်တို့တွင် သုဓမ္မာဟူ၍ ကျော်စောသော သမီးတော် ဖြစ်ရပါ၏။ တရားတော်ကို နာရ၍ ရဟန်း မိန်းမ ပြုလုပ် လိုသော်လည်း ခမည်းတော် ခွင့်မပေးသောကြောင့် နန်းတော်၌ပင်လျှင် လူဝတ်ကြောင်နှင့် နေလျက် နှစ်ပေါင်း နှစ်သောင်းပတ်လုံး အိမ်ထောင်ခြင်းမပြုဘဲ ကုမာရီ ဗြဟ္မစာရီအကျင့်ဖြင့် ပျော်မွေ့စွာ နေပါ၏၊ ကုမာရီ ဗြဟ္မစာရီ အကျင့်ဖြင့်

မင်းသွီး ခုနစ်ယောက် တို့သည် ချမ်းသာစွာနေ၍ မြတ်စွာဘုရားကို သံဃာတော်နှင့်တကွ လုပ်ကျွေးလျက် ပျော်မွေ့စွာ နေထိုင်ကြပါကုန်၏။ ကိကီမင်းကြီး သွီးတော်ခုနစ်ယောက် အမည်တို့သည်ကား--

သမဏီ သမဏဂုတ္တာစ၊ ဘိက္ခုနီ ဘိက္ခုဒါယိကာ။
ဓမ္မာစေဝ သုဓမ္မာစ၊ သတ္တမီ သံဃဒါယိကာ၊

ခေမာ ဥပ္ပလဝဏ္ဏာစ၊ ပဋာစာရာစ ကုဏ္ဍလာ။
ဂေါတမီစ အဟံဓမ္မေ၀၊ ဝိသာခါ ဟောတိ သတ္တမီ။

ထိုကုမာရီ ဗြဟ္မစာရီ မိန်းမပျို မင်းသွီး ခုနစ်ယောက်တို့သည် ထို ဘဝမှ စုတေကြသော် တာဝတိံသာနတ်ပြည်၌ ဖြစ်ကြကုန်၏။ တရားတော်နာ လာကြကုန်သော အရှင်မတို့-ဓမ္မဒိန္နာ အမည်ရှိသော တပည့်တော်မသည် ရာဇဂြိုဟ်ပြည်ကြီးဝယ် သူဌေးသွီးဖြစ်ရပါ၏။

ပစ္ဆိမေစ ဘဝေ ဒါနိ၊ ဂိရိဗ္ဗဇ ပုရုတ္တမေ။
ဇာတာ သေဋ္ဌိကုလေ ဖီတေ၊ သဗ္ဗကာမ သမိဒ္ဓိနေ။

အယျာယော၊ အရှင်မတို့၊ ဒါနိ၊ယခု။ ပစ္ဆိမေ၊နောက်ဆုံးဖြစ်သော။ ဘဝေစ၊ ဘဝ၌ကား။ ဂိရိဗ္ဗဇပုရုတ္တမေ၊ တောင်ညိုငါးလုံး ဝိတ်ဖုံးကာ ဝိုင်း ညို့ညို့မှိုင်း၍ ရှုတိုင်းတင့်တယ် ဘုန်းကြွယ်မြတ်စွာ စေသဏ္ဌာနှင့် စကြာမင်းမြတ် သိမ်းယူအပ်သည့် မြို့မြတ်ခေါ်ဆို ရာဇဂြိုဟ်၌။ သဗ္ဗကာမသမိဒ္ဓိနေ၊ လုံးစုံကာမ ပြည့်စုံလှသော။ ဖီတေ၊ ရွှေငွေရတနာ ပေါများစွာသော။ သေဋ္ဌိကုလေ၊ မြင့်မြတ်လှစွာ ချမ်းသာ ရိပ်ငြိမ် စည်းစိမ်ကဲမိုး သူဌေးမျိုး၌။ ဇာတာ၊ ပါရမီရင့် သန္ဓာမြင့်၍ အသင့် ချမ်းသာ ဖြစ်ရပါ၏။

တရားတော်နာ လာကြကုန်သော အရှင်မတို့-သူဌေးသွီးဖြစ်ရသော တပည့်တော်မ ဓမ္မဒိန္နာသည် အရွယ် ရောက်သောအခါ ဝိသာခ သူကြွယ်၏ ဇနီးခင်ပွန်း ချစ်ကျွမ်းဝင်စွာ ဖြစ်ရပါ၍ ချမ်းသာစွာ နေရပါ၏။ တပည့်တော်မ၏ ခင်ပွန်းယောကျ်ား ဝိသာခ သူကြွယ်သည် မြတ်စွာဘုရား၏ တရားတော်ကိုနာ၍ အနာဂါမိ ဖိုလ်ကိုရလျှင် တပည့် တော်မကို ရဟန်းမိန်းမ ပြုလုပ်စေ၍ တရားကို အားထုတ်လျှင် မကြာ မြင့်မီ ရဟန္တာမအဖြစ်သို့ တပည့်တော်မရောက်ပါ၏ဟူ၍ နစိရေနေဝ ကာလေန အရဟတ္တ မပါပုဏိံ ဟူ၍ ဟောတော်မူသတည်း။

ဓမ္မဒိန္နာထေရီ ဘိက္ခုနီ ရဟန်းမိန်းမသည် မိမိ၏ခင်ပွန်း ယောကျ်ား ဖြစ်သော ဝိသာခ ဥပါသကာ ပုစ္ဆာမေးလာကြောင်းကို ဤဂါထာဖြင့် ဟောပြ၏။

တဒါ ဥပါသကော သော မံ၊ ဥပဂန္တွာ အပုစ္ဆထ။
ဂမ္ဘီရေ နိပုဏေ ပဉှေ၊ တေ သဗ္ဗေ ဗျာကရိံ အဟံ။

အယျာယော၊ တရားတော်နာ လာကြကုန်သော ဘိက္ခုနီအရှင်မတို့။ တဒါ၊ ထိုရဟန္တာမ ဖြစ်သောအခါ၌။ သော၊ ထိုတပည့်တော်မ၏ ခင်ပွန်းယောကျ်ားဖြစ်သော။ ဥပါသကော၊ ဝိသာခ အမည်ရှိသော အနာဂါမ် ဥပါသကာသည်။ မံ၊ တပည့်တော်မ အထံသို့။ ဥပဂန္တွာန၊ ကပ်ရောက်လာ၍။ ဂမ္ဘီရေ၊ နက်နဲကုန်သော။ နိပုဏေ၊ သိမ်မွေ့ ကုန်သော။ ပဉှေ၊ ပုစ္ဆာတို့ကို။ အပုစ္ဆထ၊ မေးလျှောက်လာ၏။ တေ သဗ္ဗေ၊ ထိုအလုံးစုံသော အမေးပုစ္ဆာတို့ကို။ အဟံ၊ တပည့်တော်မ ဓမ္မဒိန္နာသည်။ ဗျာကရိံ၊ ဖြေဆိုရပြီ။

တရားနာလာကြကုန်သော ဘိက္ခုနီအရှင်မတို့-မြတ်စွာဘုရားသည် အကျွန်ုပ်၏ဂုဏ်ကို နှစ်သက်တော်မူ၍ ဓမ္မကထိက တရားဟော ကောင်းသော ဘိက္ခုနီရဟန်းမိန်းမ အပေါင်းတို့တွင် ဓမ္မဒိန္နာထေရီ သည် အလွန်ကဲဆုံး အမြတ်ဆုံးဟူ၍ ဓမ္မကထိက ဧတဒဂ်အရာ၌ အကျွန်ုပ်ကို ထားတော်မူ၏။ တပည့်တော်မသည် ဘုံဘဝ၌ ဆွဲငင် တတ်သော တဏှာကြိုးကို ဖြတ်၍ နောင်ဘဝတဖန် မဖြစ်ပြန်ဘဲ သေခြင်း ဆင်းရဲမှ လွတ်ကင်းပါပြီ။ အဘိညာဏ် ခြောက်ပါး ပဋိ သမ္ဘိဒါလေးပါး ဝိမောက္ခ ရှစ်ပါးတို့နှင့် ပြည့်စုံ၍ မြတ်စွာဘုရား သာသနာတော်ကို ပြုရပေပြီ။ သာသနာပြု ပုဂ္ဂိုလ် ဖြစ်ပေပြီ ဟူ၍ ဤအပဒါန် တရားဟော်ကို ဓမ္မဒိန္နာထေရီ ဟောတော်မူ၏။

ဓမ္မဒိန္နာထေရိဝတ္ထု ပြီး၏။ ။[တေဝီသတိဝတ္ထု]။

သကုလာ ဘိက္ခုနီ ဟောတော်မူသော တရားတော် မျာဒိတ်ခက်း

ဤကမ္ဘာမှ ပြန်၍ ရေသည်ရှိသော် ကမ္ဘာတသိန်းထက်၌ ပဒုမုတ္တရ မြတ်စွာဘုရား ပွင့်တော်မူ၏။ ထိုအခါ၌ သကုလာ ဘိက္ခုနီ အမည် ရှိသော အကျွန်ုပ်သည် ဟံသာဝတီ ပြည်ကြီးဝယ် ခေမာထေရီ ပဋာ

စာရိ ထေရီ ကုဏ္ဍလကေသာထေရီ တို့၏ အလောင်း သူဌေးသမီး တို့ထက် လောကီဂုဏ်အားဖြင့် သာလွန်၍ ပဒုမုတ္တရ မြတ်စွာဘုရား၏ ခမည်းတော် အာနန္ဒာမင်းကြီး သမီးတော် ဖြစ်ရပါ၏။ မြတ်စွာဘုရားနှင့် တဝမ်းကွဲ နှမတော်ဖြစ်၍ နန္ဒာအမည်ရှိပါ၏။ တနေ့သ၌အလုံးစုံသော ကန်းဆာတို့ကို ပတ်ဆင်လျက် မင်းသမီး အပေါင်းတို့နှင့် အတူတကွ မြတ်စွာဘုရား အထံတော်သို့သွား၍ တရားတော်ကို နာ၏။ ထိုအခါ မြတ်စွာဘုရားသည် ဘိက္ခုနီမတပါး ကို ချီးမွမ်းတော်မူလျက် ဒိဗ္ဗစက္ခု အဘိညာဏ်အရာ၌ ဧတဒဂ် ထားတော်မူသည်ကို ကြား၍ အလွန် နှစ်သက်ခြင်းရှိသဖြင့် မြတ်စွာဘုရားအား ဆွမ်းဖြင့် ပူဇော်၍ ဒိဗ္ဗစက္ခု အဘိညာဏ် ဧတဒဂ် အရာကို ဆုတောင်း၏။ ထိုအခါ ပဒုမုတ္တရ မြတ်စွာဘုရားသည် ဤသို့မိန့်တော်မူ၏။ နှမတော်နန္ဒာဆွမ်းပူဇော်ခြင်း အကျိုးကို တောင့်တ၍ပူဇော်သောကုသိုလ်ပါရမီကြောင့်တောင်းသော ဆုသည် ပြည့်စုံလတ္တံ့။ ဤကမ္ဘာမှ နောက် ကမ္ဘာတသိန်းရောက်လျှင် ဩက္ကာက မင်းမျိုး၌ ဖြစ်သော ဂေါတမ အမည်တော်ရှိသော မြတ်စွာ ဘုရားသည် ပွင့်တော်မူလတ္တံ့။ ထိုအခါ ငါ၏ နှမတော် နန္ဒာမင်း သမီးသည် သကုလာဟူသော အမည်ဖြင့် ရဟန်းမိန်းမဖြစ်၍ ဒိဗ္ဗစက္ခု ဧတဒဂ်ကို ရလတ္တံ့ဟူ၍ ဗျာဒိတ်စကား မိန့်ကြားတော်မူခဲ့၏။

တေန ကမ္မေန သုကတေန၊ စေတနာပဏိဓိဟိစ၊
ဇဟိတွာ မာနုသံ ဒေဟံ၊ တာဝတိံသ မဂစ္ဆဟံ။

အယျာယော၊ အရှင်မတို့။ တေနကမ္မေန သုကတေန၊ ထိုဆွမ်းပူဇော် သောကံကို ကောင်းစွာပြုသဖြင့်၎င်း။ စေတနာပဏိဓိဟိစ၊ ဆုတောင်း ပတ္ထနာ စေတနာတို့ဖြင့်၎င်း။ မာနုသံဒေဟံ၊ လူ၏ ကိုယ်ကို။ ဇဟိတွာ၊ ပယ်စွန့်၍။ အဟံ၊ တပည့်တော်မသည်။ တာဝတိံသံ၊ တာဝတိံသာ နတ်ပြည်သို့။ အဂစ္ဆိံ၊ ရောက်ဘူးပြီ။

တရားနာ လာကြကုန်သော ဘိက္ခုနီမ အပေါင်းတို့ ဤဘဒ္ဒကမ္ဘာ၏ အတွင်း၌ ကဿပ မြတ်စွာဘုရား ပွင့်တော်မူသောအခါ တပည့်တော် မသည် အိမ်ထောင်မပြုဘဲ တယောက်ထည်း နေလျက် ပရိဗိုဇ်မ သီလရှင်ပြုလုပ်၍ ဆွမ်းခံလှည့်လျက်ဆီမွှေးကိုရ၍ ထိုဆီမွှေးဖြင့် ဆီမီး ညှိထွန်း၍ မြတ်စွာဘုရား၏ စေတီတော်ကိုပူဇော်ပါ၏။ ထိုကုသိုလ်ဖြင့် စုတေ၍ တာဝတိံသာ နတ်ပြည်သို့ ရောက်ရပြန်ပါ၏။ ဖြစ်လေရာဘုံ

ဘဝ၌ ထိုဆီမီးပူဇော်သော ကုသိုလ်ကံ၏အစွမ်းအားဖြင့် များစွာသော ဆီမီးတို့သည် ထွန်းလင်းကုန်၏။

တိရောကုဍ္ဍံ တိရောသေလံ၊ သမတိဂ္ဂယှ ပဗ္ဗတံ။

ပဿာမဟံ ယဒိစ္ဆာမိ၊ ဒီပဒါနဿိဒံ ဖလံ။

တိရောကုဍ္ဍံ၊ နံရံတံတိုင်းခြားရာကိုလည်း။ တိရောသေလံ၊ ကျောက်ဖျာခြားရာကိုလည်း။ ပဗ္ဗတံ၊ တောင်ကိုလည်း။ သမတိဂ္ဂယှ၊ ဖေါက်ထွင်း၍၊ ယဒိစ္ဆာမိ၊ အကယ်၍ အလိုရှိငြားအံ့။ အဟံ၊ တပည့်တော်မသည်။ ပဿာမိ၊ မြင်ရပါ၏။ ဣဒံ၊ ဤသည်ကား။ ဒီပဒါနဿ၊ ဆီမီး လှူခြင်း၏။ ဖလံ၊ အကျိုးတည်း။

ဝိသုဒ္ဓနယနာ ဟောမိ၊ ယသသာစ ဇလာ မဟံ။

သဒ္ဓါပညာဝတီ စေဝ၊ ဒီပဒါနဿိဒံ ဖလံ။

အယျာယော၊ အရှင်မတို့။ အဟံ၊ တပည့်တော်မသည်။ ဝိသုဒ္ဓနယနာ၊ စင်ကြယ်သောမျက်စိ မျက်လုံးရှိသည်။ ဟောမိ၊ ဖြစ်ရ၏။ ယသသာစ၊အကျော်အစောအားဖြင့်လည်း။ ဇလံ၊ ဂုဏ်ရောင်တောက်ပ လျက်။ ဟောမိ၊ ဖြစ်ရ၏။ သဒ္ဓါပညာဝတီစေဝ၊ သဒ္ဓါပညာရှိ သည်လည်း။ ဟောမိ၊ ဖြစ်ရ၏။ ဣဒံ၊ ဤသည်ကား။ ဒီပဒါနဿ၊ ဆီမီး ပူဇော်ခြင်း၏။ ဖလံ၊ အကျိုးပေတည်း။

ယခုနောက်ဆုံး ဖြစ်သော ဘဝ၌ သာဝတ္ထိပြည်ကြီး၌ ကြွယ်ဝ ချမ်းသာသော သူဌေးသမီး ဖြစ်ရပါ၏။ ကျွန်ုပ်သည် အလုံးစုံသော တန်းဆာတို့ကို ဆင်လျက် လေသာပြူတင်းပေါက်၌ ထိုင်နေသောအခါ မြတ်စွာဘုရားသည် ရဟန်းအပေါင်းနှင့်သာဝတ္ထိပြည့်တွင်းသို့ဝင်တော် မူလာသည်ကို ရှေးဦးစွာမြင်ရ၍ လက္ခဏာတော်ကြီး လက္ခဏာတော် ငယ် ရောင်ခြည်ကွယ်တို့ဖြင့် တင့်တယ်တောက်ပ သပ္ပါယ်လှသော မြတ်စွာဘုရားကို ကြည်ညိုသော စိတ်ရှိ၍ ရဟန်းမိန်းမ ပြုလုပ်သော အခါ မကြာမီပင် ရဟန္တာမ အဖြစ်သို့ ရောက်ပါ၏။

ယဿဗ္ဗာယ ပဗ္ဗဇိတာ၊ အဂါရသ္မာ နဂါရိယံ။

သော မေ အတ္ထော အနုပ္ပတ္တော၊ သဗ္ဗသံယောဇနက္ခယော။

အယျာယော၊ အရှင်မတို့။ ယဿ၊ အကြင်နိဗ္ဗာန်၏။ အတ္ထာယ၊ အ ကျိုးငှါ။အဂါရသ္မာ၊ အိမ်ရာထောင်သော လူအဖြစ်မှ။အနဂါရိယံ၊ အိမ် ရာမထောင်သော ရဟန်းမိန်းမ အဖြစ်၌။ ပဗ္ဗဇိတာ၊ ရဟန်းပြု၏။ မေ၊

တပည့်တော်မသည်။ သောအဗ္ဘေ၊ ထိုနိဗ္ဗာန်အကျိုးသို့။ အနုပ္ပတ္တော၊ အစဉ်ရောက်အပ် ရအပ်ပြီ။ သဗ္ဗသံယောဇနက္ခယော၊ အလုံးစုံသော သံယောဇဉ် ခန်းကုန်ခြင်းသို့။ အနုပ္ပတ္တော၊ အစဉ်ရောက်ပြီ။

တရားတော်နာ လာကြကုန်သောအရှင်မတို့ မြတ်စွာဘုရားသည် အကျွန်ုပ် သကုလာထေရီကို ဧဒ္ဓိစက္ခု ဇောဒဂ်အရာ၌ ထားတော်မူ၏။

ကိလေသာ ဈာပိတာ မယှံ၊ ဘဝါ သဗ္ဗေ သမူဟတာ။
နာဂိဝ ဗန္ဓနံ ဆေတွာ၊ ဝိဟာရာမိ အနာသဝါ။
သွာဂတံ ဝတ မေ အာသိ၊မမ ဗုဒ္ဓဿ သန္တိကံ။
တိဿောဝိဇ္ဇာ အနုပ္ပတ္တာ၊ ကတံ ဗုဒ္ဓဿ သာသနံ။
ပဋိသမ္ဘိဒါ စတဿော၊ ဝိမောက္ခာပိစ အဋ္ဌိမေ။
ဆဠဘိညာ သစ္ဆိကတာ၊ကတံ ဗုဒ္ဓဿ သာသနံ။

ဤဂါထာတို့ကို ဥဒါန်းကျူးလျက် သကုလာ ဘိက္ခုနီသည် ဤအပဒါန်တရားတော်ကို ဟောတော်မူ၏။

သကုလာထေရီ-အပဒါန် ဝတ္ထုပြီး၏။ (စတုဝိသဝတ္ထု။)

ဇနပဒကလျာဏီ နန္ဒာဘိက္ခုနီ၏အပဒါန်ဝတ္ထု ဗျာဒိတ်ခန်း

ဤကမ္ဘာမှ ပြန်၍ရေသော် ကမ္ဘာတသိန်းထက်၌ ပဒုမုတ္တရမြတ်စွာဘုရား ပွင့်တော်မူ၏။ ထိုပဒုမုတ္တရ မြတ်စွာဘုရားသည် အလုံးစုံသော တိတ္ထိတို့ကို ငါးပါးသိလ၌ တည်စေ၏။ ပဒုမုတ္တရ မြတ်စွာဘုရားလက်ထက်တော်၌ တိတ္ထိဟူ၍မရှိ။ (သုညတံ တိတ္ထိယေဟိစ- တိတ္ထိတို့မှ ကင်း၏) ။အရပ်တော် ငါးဆဲ့ရှစ်တောင် မြင့်တော်မူသော မြတ်စွာဘုရားသည် ကဉ္စနအဂ္ဃိယသဏ္ဍာန ရွှေစေတီ ရွှေပွတ်လုံးတိုင် ရွှေတံခွန်တိုင်ကဲ့သို့ သုံးဆဲ့နှစ်ပါးသော ယောကျ်ားမြတ်တို့၏လက္ခဏာတော်တို့နှင့် ပြည့်စုံ၍ တင့်တယ်တော်မူ၏။ အသက်တမ်း တသိန်းကာလပတ်လုံးတည်တော်မူ၍ လူနတ်ဗြဟ္မာ သတ္တဝါတို့ကို ကယ်တင်တော်မူ၏။ ထိုအခါ၌ ဇနပဒကလျာဏီ အမည်ရှိသော အကျွန်ုပ်သည် အထူးထူးသော ရတနာတို့ဖြင့် များစွာပြည့်ရုံ ကုံလုံချမ်းသာသော သူဌေးမျိုး၌ သူဌေးသမီးဖြစ်ရ၏။ အကျွန်ုပ်သည် ပဒုမုတ္တရမြတ်စွာဘုရား အထံတော်သို့ ဆည်းကပ်၍ တရားတော်ကို နာပြီးလျှင် သံဃာတော်နှင့်

တကွ မြတ်စွာဘုရားကို ပင့်ဘိတ်၍ ကြီးစွာသော အလှူကြီးကို ပေးလှူပြီးလျှင် ဈာန်ဝင်စားခြင်း၌ လေ့လာကုန်သော ရဟန်းမိန်းမတို့ထက် အမြတ်ဆုံး အသာလွန်ဆုံးဖြစ်သော ဈာနဿတဒဂ်ကို ဆုတောင်းပါ၏။ ထိုပဒုမုတ္တရ မြတ်စွာဘုရားသည် ချစ်သွီး သင်တောင်းသော ဆုသည် ပြည့်စုံလတ္တံ့။ နောက်ကမ္ဘာတသိန်းရောက်သောအခါ ဩက္ကာက မင်းမျိုးဖြစ်သော ဂေါတမမြတ်စွာဘုရား ပွင့်တော်မူလတ္တံ့၊ ထိုအခါ ဂေါတမမြတ်စွာဘုရား၏ နှမတော်ဖြစ်၍ နန္ဒာဟူသော အမည်ဖြင့် ရဟန်္တာမိန်းမဖြစ်လတ္တံ့ဟူ၍ ဗျာဒိတ်စကား မိန့်ကြားတော်မူ၏။ ထိုဗျာဒိတ်စကားတော်ကို ကြားရ၍ အလွန်ဝမ်းမြောက်ဖျက် တသက်ပတ်လုံး မြတ်စွာဘုရားကို ကြည်ညို ရှိသေသောစိတ်ဖြင့် လုပ်ကျွေးပူဇော် လှူဒါန်းပါ၏။ထိုဆုတောင်းပါရမီကုသိုလ် စေတနာဖြင့် တာဝတိံသာ နတ်ပြည်သို့ရောက်၏။ ထိုနောက် ယာမာဘုံ၊ထိုနောက် တုသိတာဘုံ၊ ထိုနောက် နိမ္မာနရတိဘုံ၊ထိုနောက် ပရနိမ္မိတ ဝသဝတ္တီဘုံသို့ ရောက်၍ ဖြစ်လေရာ နတ်ဘုံတို့၌ နတ်မင်းကြီးတို့၏ အဂ္ဂမဟေသီနတ်မိဖုယား ဖြစ်ရပါ၏။ ထိုနတ်ပြည်မှ တဖန် လူပြည်သို့ ရောက်ပြန်သော် စကြာမင်း ဧကရာဇ်မင်းတို့၏ အဂ္ဂမဟေသီ မိဖုယားကြီး ဖြစ်ရပါ၏။ ဤကဲ့သို့ များစွာသော ဘဝတို့၌ များစွာသော စည်းစိမ်ချမ်းသာကို ခံစားရ၍ ယခုအဆုံး ဖြစ်သောဘဝ၌ ကပိလဝတ်ပြည် သုဒ္ဓေါဒနမင်းကြီး၏ သွီးတော်ဖြစ်ရပါ၏။

သိရိယာ ရူပိနိံ ဒိသွာ၊ နန္ဒိတံ အာသိတံ ကုလံ။
တေန နန္ဒာတိ မေ နာမံ၊ သုန္ဒရံ ပဝရံ အဟု။
ယုဝတီနဉ္စ သဗ္ဗာသံ ကလျာဏီတိစ ငါသုတာ။
တသ္မိံပိ နဂရေ ရမ္မေ၊ ဌပေတွာ ဟိ ယသောဓရံ။

အယျာယော၊ အရှင်မတို့၊ သိရိယာ၊ အသရေဖြင့်။ ရူပိနိံ၊ လှပတင့်တယ်သောအဆင်းရှိသည်ကို။ ဒိသွာ၊ မြင်၍။ တံကုလံ၊ ထိုအမျိုးသွီးကို၊ နန္ဒိတံ၊နှစ်သက်ချစ်ခင်အပ်၏။ တေန၊ ထိုသို့မြင်သမျှလူ ကြည်ဖြူစုံမက်နှစ်သက်ချစ်ခင်အပ်သောကြောင့်။နန္ဒာတိ၊နန္ဒာဟူ၍။မေ တပည့်တော်မ၏။နာမံ၊အမည်သည်။သုန္ဒရံပဝရံ၊ကောင်းမြတ်သောအမည်သည်။အဟု၊ ဖြစ်ပြီ။ ။ဟိ-သစ္စံ၊ မှန်၏။ရမ္မေ၊ မွေ့လျော်ဘွယ်သော။ တသ္မိံပိနဂရေ၊ ထိုကပိလဝတ်မြို့တော်၌လည်း။ယသောဓရံ၊ယသော်ဓရာကို။ဌပေတွာ၊

ထား၍။ သဗ္ဗာသံ၊ အားလုံးကုန်သော။ ယုဝတီနဉ္စ၊ အဆင်းလှကြကုန်သော မိန်းမပျိုတို့ထက်လည်း။ ကလျာဏီတိစ၊ အလှဆုံး ဟူ၍လည်း။ ဝိဿုတာ၊ ကျော်စောပါ၏။

ဘိက္ခုနီအရှင်မတို့ ဇနပဒကလျာဏီနန္ဒာမည်သော တပည့်တော်မသည် မောင်တော်အကြီး တောထွက်၍ ဘုရား ဖြစ်တော်မူပြီးနောက် ကပိလဝတ် ပြည်တော်သို့ ရောက်လျှင် မောင်တော်အငယ် နန္ဒမင်းသားကို လည်းကောင်း တူတော် ရာဟုလာကို လည်းကောင်း မြတ်စွာဘုရားက ခေါ်ဆောင်၍သွားပြီးလျှင် ရဟန်းပြု၍ထား၊ ကျွန်ုပ်၏ မွေးမယ်တော် ဂေါတမီကလည်း ငါးရာသော မိန်းမတို့ကို ခေါ်ယူ၍ မောင်ကြီးမြတ်စွာဘုရား အထံသို့ လိုက်သွား၍ ရဟန်းမိန်းမ ဘိက္ခုနီ လုပ်ပြန်သောကြောင့် တပည့်တော်မ နန္ဒာတယောက်ထည်းနန်းတော်၌ ကျန်၍နေသည်ကို မွေးမယ်တော် ဂေါတမီသည် ဤသို့တိုက်တွန်းပါ၏။

သာကိယမှိ ကုလေ ဇာတာ၊ ပုတ္တေ ဗုဒ္ဓါနုဇာ တုဝံ။
နန္ဒေနပိ ဝိနာ ဘူတာ၊ အဂါရေ ကိံ နု အစ္ဆသိ။

ပုတ္တေ၊ ချစ်သမီးနန္ဒာ။ တုဝံ၊ ချစ်သမီးသည်။ သာကိယမှိကုလေ၊ သာကီဝင်မင်းမျိုး၌။ ဇာတာ၊ မွေးဖွားသော၊ ဗုဒ္ဓါနုဇာ၊ ဘုရား၏ နှမငယ်ဖြစ်၍ ဘုရားမျိုးနွယ်ဖြစ်၏။ နန္ဒေနပိ၊ မောင်အငယ် နန္ဒမင်းနှင့်လည်း။ ဝိနာဘူတာ၊ ကင်းဝေးသည်ဖြစ်လျက်။ အဂါရေ၊ ရွှေနန်းတော်၌။ ဧကိကာ၊ တယောက်ထည်း။ ကိံနုအစ္ဆသိ၊ အဘယ့်ကြောင့် နေချင်ဘိသနည်း။

ဇရာဝသာနံ ယောဗ္ဗနံ၊ ရူပံ အသုစိသမ္မတံ။
ရောဂန္တမပိ စာရောဂျံ၊ ဇီဝိတံ မရဏန္တိကံ။

ပုတ္တေ၊ ချစ်သမီးနန္ဒာ။ ယောဗ္ဗနံ၊ အရွယ်နှင့် ပြည့်စုံသည်၏ အဖြစ်သည်။ ဇရာဝသာနံ-ဇရာ အဝသာနံ၊ အိုခြင်းလျှင် အဆုံးရှိ၏။ ရူပံ၊ အိုပြီးသော အဆင်းသည်။ အသုစိသမ္မတံ၊ မစင်ကြယ် ရွံရှာဘွယ်ဟူ၍ သမုတ် ပြောဆိုအပ်၏။ အာရောဂျံ၊ အနာကင်းသည်၏ အဖြစ်သည်။ အပိစ၊ စင်စစ်လျှင်။ ရောဂန္တံ-ရောဂ အန္တံ၊ အနာရောဂါ ဖြစ်ပေါ်လာခြင်းလျှင် အဆုံးရှိ၏။ ဇီဝိတံ၊ အသက်ရှင်ခြင်းသည်။ မရဏန္တိကံ၊ သေခြင်းလျှင် အဆုံးရှိ၏။

ချစ်သွီး ဇနပဒကလျာဏီ–သင်၏အဆင်းတင့်တယ်လှပခြင်းသည် မကြာမီပင်လျှင် အိုခြင်းသို့ရောက်၍ပျောက်ပျက်လတ္တံ့၊ ဤနန်းတော်ကို စွန့်ပစ်၍တရားကိုသာကျင့်ပါလော့။ ဤသို့ မွေးမယ်တော် ဂေါတမီက ဆုံးမ တိုက်တွန်းသည်ဖြစ်၍ စိတ်မပါဘဲနှင့် ရဟန်းမိန်းမပြုလုပ်ရပါ၏။

သုတွာဟံ မာတုဝစနံ၊ ပဗ္ဗဇိံ အနဂါရိယံ။

ဒေဟေန နတုစိတ္တေန၊ ရူပယောဗ္ဗနလာဠိတာ။

အယျာယော၊ တရားတော်နာလာကြကုန်သော ဘိက္ခုနီအရှင်မတို့။ အဟံ၊ တပည့်တော်မ ဇနပဒကလျာဏီသည်။ မာတုဝစနံ၊ မွေးမယ်တော် ဂေါတမီ၏ စကားကို။ သုတွာ၊ နားထောင်၍။ အနဂါရိယံ၊ အိမ်ထောင်မပြုသော သာသနာတော်၌။ ဒေဟေန၊ ကိုယ်ဖြင့်။ ပဗ္ဗဇိံ၊ ရဟန်းပြုပါ၏။ နတုစိတ္တေန၊ စိတ်ကားဖြင့် မပါလှပါ။ ရူပယောဗ္ဗနလာဠိတာ၊ အဆင်းအရွယ် တင့်တယ်လှပ တသသ တပြင်ပြင် တန်းဆာဆင်လျက် မြူးရွှင်၍သာ နေလိုပါ၏။

အကျွန်ုပ် ဇနပဒကလျာဏီကို မွေးမယ်တော် ဂေါတမီသည် များစွာ ဆုံးမပါ၏။ တရားကို အားထုတ်၍ ကမ္မဋ္ဌာန်း စီးဖြန်းရန် တိုက်တွန်းပြောပြ ဆုံးမသော်လည်း တပည့်တော်မသည် အားထုတ်ခြင်း မရှိ၊ ပျင်းရိခြင်း၌ ဖြစ်၍နေပါ၏၊ တပည့်တော်မ၏ ကာမမြူးပျော်လျှပ်ပေါ်လော်လီ မတည်သော စိတ်ရှိသည်ကို မောင်ကြီးမြတ်စွာဘုရား မြင်တော်မူ၍ တပည့်တော်မ မြင်နိုင်လောက်သော မျက်နှာ၏ ရှေ့တည့်တည့်မှ အဆင်းလှသောမိန်းမကို တန်းခိုးတော်ဖြင့် ဖန်ဆင်း၍ ထားပါ၏။ ထိုမိန်းမသည် တပည့်တော်မထက် သာလွန်၍ လှပါ၏။ အလှကိုမြင်လျှင် ခင်မင်သောစိတ်ဖြင့် ကြည့်ရှုလေ့ရှိသောတပည့်တော်မသည် အလွန်အံ့ဩဘွယ် ချောလှသော မိန်းမပျိုကိုမြင်၍ ငါသည် အကျိုးရှိစွတကား၊ မျက်စိအာ႑ရုံ လာဘ်နှင့်ဆုံ၍ ကြုံတွေ့ရပေ၏တကားဟူ၍ ကြံအောက်မေ့လျက် ချစ်ဆွေညီမ မင်းဘယ်ကလဲ ခဏအမြန်အစ်မထံသို့ အကြောင်းခြင်းရာ ဘယ်တွက်တာဖြင့် ဘယ်ဟာတောင့်တ ဘယ်ကိစ္စနှင့်ရောက်လာပါသလဲ၊ သည်ကိုလာပါ၊သည်နေရာမှာထိုင်ပါ အလိုရှိရာကိုပြောပါ၊ ချစ်ဆွေညီမသည် ဘယ်အမျိုး ဘယ်အနွယ်ပါလဲ၊ အမျိုးအနွယ်နှင့်နာမည်များကိုပြောစမ်းပါ။ ဤသို့စသည်ဖြင့် ထိုမိန်းမပျိုကိုနှုတ်ခွန်းဆက်၍နှစ်သက်ချစ်ခင်သောစကားတို့ကိုပြောဆို၍ခေါ်ပြီး

လျှင် ချစ်ဆွေညီမသည် ခရီးရောက်ခါစ မောပံ့ရ၏၊ အစ်မရင်ခွင်ထက်၌ အိပ်စက်လိုက ဦးခေါင်းချ၍ အိပ်လှည့်ပါလော့၊ ဤသို့ခေါ်၍ ရင်ခွင်ပေါ်၌ အိပ်စေရန်ပြင်ဆင်၍ ပေးပါ၏၊ ထိုနောက် ထိုမိန်းမသည် ရင်ခွင်ပေါ်၌ ဦးခေါင်းကို ထား၍ အိပ်လာ၏၊ ရင်ခွင်ပေါ်၌ဦးခေါင်းချကာနေသော မိန်းမကို ချစ်ခင်ဘွယ်ပီယဝါစာ စကားတို့ကို ပြောဆို၍ နေစဉ်ထိုမိန်းမ၏ နဖူးပေါ်သို့တုတ်ချောင်းတခုသည်ပြင်းထန်စွာကျလာသဖြင့် ဖူးဖူးရောင်၍ ထပြီးလျှင် သွေးပြည်တို့သည် ယိုစီး၍ ကျကုန်၏။ နဖူးမှစ၍ အစဉ်ရှောက်လျက် မျက်နှာတခုလုံး ဖူးဖူးရောင်ထ၍ လာပြီးလျှင် သွေးပုပ်ပြည်ပုပ်တို့ဖြင့် ယိုစီးလျက် တကိုယ်လုံး ဖူးဖူးရောင်၍ အသားအရေတို့သည် ဥဒ္ဓုမာတ ဝိနီလသို့ ပုပ်ပွညှီဟောင်း မကောင်းသော သွေးပုပ်ပြည်ပုပ်တို့ဖြင့် လိမ်းကျံပိုရွှဲ လူးလဲတုန်လှုပ် ဒုက္ခဝေဒနာကို ခံစားလျက် သနားဘွယ် ငိုကြွေးကာနေပြီးလျှင် ဤဂါထာကိုဆို၏။

ဒုက္ခေန ဒုက္ခိတာ ဟောမိ၊ ဖုသယန္တိ စ ဝေဒနာ။
မဟာဒုက္ခေ နိမုဂ္ဂမှိ၊ သရဏံ ဟောဟိ မေ သခိ။

သခိ၊ ချစ်ဆွေအစ်မ။ အဟံ၊ ကျွန်ုပ်သည်။ ဒုက္ခေန၊ ဒုက္ခဝေဒနာဖြင့်။ ဒုက္ခိတာ၊ ဆင်းရဲ၍ နေရသည်။ ဟောမိ၊ ဖြစ်ပါ၏။ ဝေဒနာစ၊ ဒုက္ခဝေဒနာ ကျင်နာ ဆင်းရဲခြင်းတို့သည်လည်း။ ဖုသယန္တိ၊ တွေ့ထိကုန်၏။ မဟာဒုက္ခေ၊ ကြီးစွာသော ဆင်းရဲတွင်း၌။ နိမုဂ္ဂမှိ၊ နစ်မြုပ်၍ နေပါ၏။ သခိ၊ ချစ်ဆွေအစ်မသည်။ မေ၊ ကျွန်ုပ်၏။ သရဏံ၊ ကိုးကွယ်ရာသည်။ ဟောဟိ၊ ဖြစ်ပါလော့။

နိမ္မိတ မိန်းမက သနားဘွယ်ညည်းတွားလျက် တောင်းပန် ပြောဆိုသောအခါ ဇနပဒကလျာဏီသည် လွန်စွာသနားခြင်းရှိလှ၍ နိမ္မိတ မိန်းမ၏ တင့်တယ်လှပသော အင်္ဂါကြီးငယ်တို့သည် ခဏချက်ခြင်း ချွတ်ယွင်းပျက်ပြား ဖေါက်ပြန်၍ သွားသည်ကို အံ့အားသင့်လျက် ပင့်သက်ရှုကာ ထိတ်လန့်စွာဖြင့် ချီးမွမ်းကာ မေးလိုရကား ဤဂါထာတို့ကို ဆို၏။

ကုဟိံ ဝဒနသောဘံ တေ၊ ကုဟိံ တေ တုင်္ဂနာသိကာ။
တမ္ဗဗိမ္ဗဝရောဋ္ဌံ တေ၊ ဝဒနံ တေ ကုဟိံ ဂတာ။

ကုဟ်ိ သသိနိဘံ ဝဏ္ဏံ၊ ကမ္ဗုဂီဝါ ကုဟ်ိ ဂတာ။
ဒေါလော လုလ္လာဝ တေ ကဏ္ဏာ၊ ဝေဝဏ္ဏံ သမုပါဂတာ၊၊

မကုဠ ခါရကာ ကာရာ၊ ကာလကာဝ ပယောဓရာ။
ပတိန္နာ ပူတိကုဏပါ၊ ဒုဋ္ဌဂန္ဓိ ဝွမာဂတာ။

ဝေဒိမဇ္ဈာဝ သုသောဏိ၊ သုနာ ဝနိတကိဗ္ဗိသာ။
ဇာတာ အမဓ္ဗဘရိတာ၊ အဟော ရူပံ အသဿတံ။

သုဘာဂေ၊ ချစ်ဆွေအလှ ကျုပ်ညီမ။ တေ၊ ညီမလေး၏။ ဝဒနသော ဘံ၊ အလွန်လှသော မျက်နှာကလေးသည်။ ကုဟ်ိ၊အဘယ်သို့ဖြစ်သွား ပါသနည်း။ တေ၊ ညီမလေး၏။ တုင်နာသိကာ၊လှပတင့်တယ် မြင့်သွယ် သော နှာခေါင်းကလေးသ,ည်။ ကုဟ်ိ၊ အဘယ်သို့ ဖြစ်သွားပါသနည်း။ တေ၊ ညီမလေး၏။ တမ္ဗဗိမ္ဗဝရ သြဠံ၊ နီမြန်းသော ကျီးအာသီးမှည့် ကဲ့သို့ နှစ်သက်ဖွယ်သော နှုတ်ခမ်းကလေးသည်။ ကုဟ်ိ၊ အဘယ်သို့ ဖြစ်သွားပါသနည်း။ တေ၊ ညီမလေး၏။ ဝဒနံ၊ မွှေးကြိုင်သော ခံတွင်း ကလေးသည်။ကုဟ်ိဂတာ၊အဘယ်သို့ဖြစ်သွားပါသနည်း။ ။သသိနိ ဘံ၊ ရွှေလမင်းသို့ ဝင်းစက်ရောင်ဝါ လှပစွာသော။ ဝဏ္ဏံ၊ အဆင်း ရုပ် ချောကလေးသည်။ ကုဟ်ိ၊အဘယ်သို့ ဖြစ်သွားပါသနည်း။ ကမ္ဗုဂီဝါ၊ ရွှေခုရိုးစည်နှင့်တူသော လည်ပင်း လည်တိုင်ကလေးသည်။ ကုဟ်ိ ဂတာ၊ အဘယ်သို့ ဖြစ်သွားပါသနည်း။ ဒေါလောလုလ္လာဝ၊ ရွှေဇယာဉ် ပမာ တင့်တယ်စွာသော။ တေ၊ ညီမလေး၏။ ကဏ္ဏာ၊ နားရွက်ကလေး နှစ်ခုတို့သည်။ ဝေဝဏ္ဏံ၊ ဖေါက်ပြန်အဆင်း ပျက်ပြားခြင်းသို့။ သမုပါ ဂတာ၊ ချက်ခြင်းမျက်မှောက် ကြည့်တွင်းပျောက်၍ သွားရောက်ပါပြီ တကား။ ။မကုဠခါဒကာကာရာ၊ပန်းငုံနှစ်ခု သီးနုနှစ်ဖြာပုံတူစွာသော။ ပယောဓရာ၊ နို့ချိုတည်စု ဖြူနုဖူးငုံ ပန်းအစုံတို့သည်။ ကာလကာဝ၊ ခံ့ညင်းတယ်သီး လိမ္မော်သီးမျှ အလုံးလှကုန်လျက်။ဣဒါနိ၊ယခုအခါမှာ ကား။ပတိန္နာ ပိပြား ရှုံ့တွ တွဲလျားကျ၍ ပျက်ပြားချွတ်ယွင်း ကုန်ပါပြီ တကား။ ပူတိကုဏပါ၊ အသေကောင် ပုပ်ကဲ့သို့ဖြစ်၍။ တွံ၊ ညီမလေး သည်။ ဒုဋ္ဌဂန္ဓိ၊ မကောင်းသောအနံ့ရှိခြင်းသို့။ အာဂတာ၊ ခဏခြင်းကြာ ရောက်ပါပြီတကား။ ။ဝေဒိမဇ္ဈာဝ၊ရွှေပွတ်လုံးအလယ်နှင့်တူစွာသော။ သုသောဏိ၊ လှပတင့်တယ် ရှုချင်ဘွယ်ရှိသော ခါးကလေးသည်။ သုနာ

ဝန္နိတကိဗ္ဗိသာ၊ ခွေးစားခေါင်း သစ်သား ပုံအလားသို့ ခွက်ပြား တောင့်တန်း ကြွမ်းကြွတ်ခက်မာခြင်းသည်။ ဇာတာ၊ ဖြစ်လျက်။ အမဋ္ဌ ဘရိတာ၊ မစင်ကျင်ကြီး လူးလည်းညစ်ပေ ပြည့်၍နေပါပြီတကား။ ရူပံ၊ လှပတင့်တယ်သော အဆင်းရုပ်ချောကလေးသည်။ အဟောအသဿ တံ၊ ဩော်-မမြဲပါလေစွတကား။

ဇနပဒကလျာဏီသည် မိမိထက် အဆပေါင်း များစွာ ပိုလွန်၍ လှပသော နိမ္မိတမိန်းမ၏ကိုယ်တကိုယ်လုံး သွေးပုပ်ပြည်ပုပ် ဥဒ္ဓုမာတ ဝိနီလသို့ ပုပ်ပွညှိဟောင်း မကောင်းသောအနံ့တို့ဖြင့် လှိုင်စေလျက် ပျက်ပြားပေါက်ပြန့်၍ သွားသည်ကို မြင်သောအခါ မိမိကိုယ်၌လည်း ထို့အတူပင် အသုဘ ထင်၍ မိမိမိုက်မှားသည်ကို အပြစ်တင်လိုရကား-

သဗ္ဗံ သရီရ သဉ္ဇာတံ၊ ပူတိဂန္ဓံ ဘယာနကံ၊
သုသာနမိဝ ဝေဘစ္ဆံ၊ ရမန္တေ ယတ္ထ ဗာလိသာ။

ဟူသော ဂါထာကို ဆို၏။

သဗ္ဗံ၊ အလုံးစုံသော၊ သရီရသဉ္ဇာတံ၊ ကိုယ်ကောင်ကြီး၏ ဖြစ်ပုံသည်။ ပူတိဂန္ဓံ၊ အပုပ်နံ့သာလျှင်ရှိ၏။ သုသာနမိဝ၊ အသေကောင်နေ သင်းချိုင်း မြေသို့။ ဘယာနကံ၊ ကြောက်မက်ဖွယ် ရှိ၏။ ဝေဘစ္ဆံ၊ ဖရိုဖရဲ ပေါက်ပြဲ ချွတ်ယွင်း ပျက်စီးခြင်းသို့ရောက်တတ်၏။ ယတ္ထ၊ သို့စည်ယွင်းယို အကြင် ကိုယ်၌။ ဗာလိသာ၊ အဆင်းမျှဖြင့် မာနမောက်ကြွ အမိုက်မတို့သည်။ ရမန္တေ၊ အလှခင်မင် အမြဲထင်၍ ပျော်ရွှင်မြူးကြွ မွေ့လျော်ကြကုန်၏။

တဒါ မဟာကာရုဏိကော၊ ဘာတာ မေ လောကနာယကော။
ဒိသွာ သံဝိဂ္ဂစိတ္တံ မံ၊ ဣမာ ဂါထာ အဘာသထ။

အယျာယော၊ တရားဘော်နာ လာကြကုန်သော အရှင်မတို့။ တဒါ၊ ထိုအခါ၌။ မဟာကာရုဏိကော၊ ကြီးမြတ်သောကရုဏာရှိတော်မူသော။ လောကနာယကော၊ သတ္တဝါတို့ကို သံသရာဆင်းရဲမှ ကယ်တင် ထုတ်ဆောင်တော်မူတတ်သော။ မေ၊ အကျွန်ုပ်၏။ ဘာတာ၊ မောင်ကြီး ဘုရားသည်။ သံဝိဂ္ဂ စိတ္တံ၊ ထိတ်လန့်သော စိတ်ရှိသော။ မံ၊ ကျွန်ုပ်ကို။ ဒိသွာ၊ မြင်တော်မူ၍။ ဣမာဂါထာ၊ ဤဂါထာကို။ အဘာသထ၊ ဟောတော်မူ၏။

အာတုရံ ကုဏပံ ပူတိံ၊ ပဿ နန္ဒေ သမုဿယံ။
အသုဘာယ စိတ္တံ ဘာဝေဟိ၊ ဧကဂ္ဂံ သုသမာဟိတံ။

ဣဋ္ဌာသယ ၁၅၇—၃၁

ယထာ ဣဒံ တထာ ဧတံ၊ ယထာ ဧတံ တထာ ဣဒံ။
ဒုဂန္ဓံ ပူတိကံ ဝါတိ၊ ဗာလာနံ အဘိနန္ဒိတံ။

နန္ဒေ၊ နှစ်မတော်နန္ဒာ။ တေ၊ သင်၏။ စိတ္တံ၊ စိတ်ကို။ ဧကဂ္ဂံ၊ တခု တည်းသော အာရုံ၌ တည်နေအောင်။ သုသမာဟိတံ၊ ကောင်းစွာ တည်ကြည်အောင်။ အသုဘာယ၊ အသုဘအာရုံ၌။ ဘာဝေဟိ၊ ပွါးစေ ဖြစ်စေလော့။ နန္ဒေ၊ နှစ်မတော် နန္ဒာ။ အာတုရံ၊ကျင်နာတတ်စွာသော။ ကုဏပံပူတိံ၊ သူသေကောင်သို့ ပုပ်ဟောင်သော အနံ့ရှိသော။ သမုဿယံ၊အရိုးအကြောတို့ဖြင့်ဖွဲ့ဆက်တည်ထောင်၍ကိုယ်ကောင်ကို။ ပဿ၊ အပုပ်အစု မြင်အောင် ရှုလော့။ ဣဒံယထာ၊ အနာရောဂါဖြင့် ပျက်ပြားပုပ်ညှီ၍ နေသော ဤကိုယ်ကဲ့သို့။ ဧတံ၊ အနာရောဂါ မရှိသော ထိုကိုယ်သည်လည်း။ တထာ၊ထို့အတူပင် အနာရောဂါဖြင့် ပျက်ပြားပုပ် ညှီသော သဘောရှိ၏။ ဧတံယထာ၊ ထိုအနာမရှိသေးသော ကိုယ်ကဲ့သို့ ပင်။ ဣဒံ၊ အနာရောဂါဖြင့် ပျက်ပြားပုပ်ညှီသော ကိုယ်သည်လည်း။ တထာ၊ ထို့အတူပင်လျှင်။ ဒုဂန္ဓံ၊ မကောင်းသော အနံ့ရှိ၏။ ပူတိကံ၊ ပုပ်ညှီသော အနံ့သည်။ ဝါတိ၊ လှိုင်၏။ ဗာလာနံ၊ အလှခင်မင် အမြဲ ထင်၍ တပြင်ပြင်တသသ တကြွကြွ ပျော်မြူးကြသောအမိုက်မတို့သည်။ အဘိနန္ဒိတံ၊ အလွန်နှစ်သက်အပ်၏။

ဝေမဝေက္ခန္တီ၊ ရတ္တိံဒိဝ မတန္ဒိတာ။
တတော သကာယ ပညာယ၊ အဘိနိဗ္ဗိဇ္ဇ ဒက္ခသိ။

ဧဝံ၊ ဤသို့ မောင်ကြီးဘုရား ဟောကြားသည့် အတိုင်း။ ဧတံ၊ ဤကိုယ်ကောင်ပုပ်ကို။ အဝေက္ခန္တီ၊ ရှုကြည့်လျက်။ ရတ္တိံဒိဝံ၊ ညရော နေ့ပါ။ အတန္ဒိတာ၊ မပျင်းမရိနေ၏။ တတော၊ ထိုသို့ နေခြင်းကြောင့်။ သကာယပညာယ၊ မိမိပညာဖြင့်။ အဘိနိဗ္ဗိဇ္ဇ၊ ထိုးထွင်း၍။ ဒက္ခသိ၊ မြင်လတ္တံ့။

တတောဟံ အတိသံဝိဂ္ဂါ၊ သုတွာ ဂါထာ သုဘာသိတာ။
တတြဋ္ဌိတာဝ ဟံ သန္တီ၊ အရဟတ္တံ မပါပုဏိံ။

အယျာယော၊ ဘိက္ခုနီ အရှင်မတို့။ တတော၊ ထိုနောက်။ အဟံ၊ တပည့်တော်မ ဇနပဒကလျာဏီသည်။ အတိသံဝိဂ္ဂါ၊ အလွန်ထိတ် လန့်သော စိတ်ရှိလျက်။ သုဘာသိတာ၊ မောင်ကြီးဘုရား ဟောကြား အပ်သော။ ဂါထာ၊ ဆုံးမဩဝါဒ သုံးဂါထာကို။ သုတွာ၊နာရ၍။ တတြ၊

ထိုနေရာ၌။ ဋ္ဌိတာဝ၊ တည်လျက်သာလျှင်။ သန္တိ၊ ငြိမ်းခြင်းဖြစ်လျက်။ အရဟတ္တံ၊ ရဟန္တာမအဖြစ်သို့။ အပါပုဏိ၊ ရောက်ရပါပြီ။

ယတ္တ ယတ္တ နိသိန္နာဟံ၊ သဒ္ဒါ စျာနပရာယနာ။
ဇိနော တသ္မိံ ဂုဏော တုဋ္ဌော၊ ဧတဒဂ္ဂေ ဌပေသိ မံ။

အယျာယော၊ အရှင်မတို့။ ယတ္တယတ္တ၊ အကြင် အကြင် အရပ်၌။ နိသိန္နာ၊ နေလျက်။ အဟံ၊ အကျွန်ုပ်သည်။ သဒ္ဒါ၊ အခါခပ်သိမ်း။ စျာန ပရာယနာ၊ စျာန်ရှုခြင်းကို သာလျှင် မှီရာပြု၍ နေ၏။ ဇိနော၊ မောင်ကြီး ဘုရားသည်။ တသ္မိံ ဂုဏော၊ ထိုစျာန်ဝင်စားလေ့ ရှိသော ဂုဏ်အထူး၌။ တုဋ္ဌော၊ အားရ နှစ်သက်တော်မူ၍။ မံ၊ ကျွန်ုပ်ကို။ ဧတဒဂ္ဂေ၊ ဧတဒဂ် အရာ၌။ ဌပေသိ၊ ထားတော်မူ၏။

ကိလေသာ ဈာပိတာ မယှံ၊ လ၊ဝိဟရာမိ အနာသဝါ၊
သွာဂတံ ဝတ မေ အာသိ။လ။ ပဋိသမ္ဘိဒါ စတသော။လ။
ဣတ္ထံ သုဒံ နန္ဒာဘိက္ခုနီ ဇနပဒကလျာဏီ ဣမာဂါထာယော အဘာသိတ္ထ။

ဣတ္ထံ၊ ဤသို့သော အပြားအားဖြင့်။ နန္ဒာ ဘိက္ခုနီ၊ နန္ဒာ ဘိက္ခုနီ အမည်ရှိသော။ဇနပဒကလျာဏီ၊ ဇနပဒကလျာဏီမည်သော မြတ်စွာ ဘုရား၏ နှမတော်အရင်း ရဟန်းမိန်းမသည်။ ဣမာဂါထာယော၊ ဤဂါထာတို့ကို။ အဘာသိတ္ထ၊ဟောကြားတော်မူပြီ။

ဇနပဒကလျာဏီ ထေရီအပဒါန်ပြီး၏။[ပဉ္စမိသတိ ဝတ္ထု]။

သောဏာဘိက္ခုနီ၏ အပဒါန်ဝတ္ထု ဗျာဒိတ်ခံဏ်း

ဤကမ္ဘာမှ ပြန်၍ရေသော် ကမ္ဘာတသိန်း ထက်၌ ပဒုမုတ္တရ မြတ်စွာဘုရား ပွင့်တော်မူသောအခါ၌ ခေမာထေရီ၊ ပဋာစာရာထေရီ ကုဏ္ဍလကေသာထေရီတို့ကဲ့သို့ပင်လျှင် သောဏာ ထေရီအလောင်း သည်လည်း သူဌေးသမီးဖြစ်၍ အလွန် ချမ်းသာကြွယ်ဝ၏။ ပဒုမုတ္တရ မြတ်စွာဘုရား၏ တရားတော်ကို နာ၍ အာရဒ္ဓဝီရိယ ဧတဒဂ်အရာ၌ ထားသော ဘိက္ခုနီမ တယောက်ကိုမြင်၍ အလွန် ကြည်ညို နှစ်သက် သော စိတ်ဖြင့် မြတ်စွာဘုရားအား လှူဒါန်းပူဇော်ခြင်း အဓိကာရ ကုသိုလ်ကိုပြု၍ ရှိခိုးလျက် အာရဒ္ဓဝီရိယ ဧတဒဂ်ဆုကို တောင်း၏။

ပဒုမုတ္တရ မြတ်စွာဘုရားသည် အနုမောဒနာပြုတော်မူ၍ ဤကမ္ဘာမှ နောက် ကမ္ဘာတသိန်း ရောက်လျှင် ဩက္ကာက မင်းမျိုးဖြစ်သော ဂေါတမမြတ်စွာဘုရား၏ လက်ထက်တော်၌ သောဏာ ဟူသော အမည်ဖြင့် ရဟန်းမိန်းမဖြစ်၍ ချစ်သွီးတောင်းသောဆုကို ရလတ္တံ့ဟူ၍ ဗျာဒိတ်စကား မိန့်တော်မူသည်ကို ကြားရသဖြင့် ဝမ်းမြောက်ဝမ်းသာ မကြာမီပင် ရတော့မည် မှတ်ထင်၍ ချစ်ခင် မြတ်နိုးသော စိတ်ဖြင့် တသက်ပတ်လုံး မြတ်စွာဘုရားနှင့်တကွ သံဃာတော်တို့ကို ပစ္စည်း လေးပါးဖြင့် လုပ်ကျွေး၍ နေ၏။ ထိုဘဝမှ စုတေသော် တာဝတိံသာ နတ်ပြည်၌ဖြစ်ရ၏။ ယခုနောက်ဆုံးဘဝ၌လည်း သာဝတ္ထိပြည်ကြီးဝယ် ချမ်းသာကြွယ်ဝသော သူဌေးသွီးဖြစ်၍ အရွယ်ရောက်သောအခါ၌ ယောကျ်ားအိမ်သို့ ရောက်၍ သားဆယ်ယောက်ရ၏။ ထိုသား ဆယ်ယောက်တို့သည် အထူးသဖြင့် အဆင်းလှကြကုန်သည်ဖြစ်၍ အမိဖြစ်သော အကျွန်ုပ်သည် အလွန်ချစ်ခင်ပါ၏။ အကျွန်ုပ်သောဏာသည် သားဆယ်ယောက်တို့ကိုချစ်ခင်လှသဖြင့် ချမ်းသာစွာနေထိုင်စေလျက် မွေးမြူ၍ ထားပါ၏။ အကျွန်ုပ် သောဏာ၏ လင်ယောကျ်ားသည် အကျွန်ုပ် အလိုမတူဘဲ ချစ်ခင်လှစွာသော သားဆယ်ယောက်တို့ကို ခေါ်ယူ၍ မြတ်စွာဘုရားသာသနာတော်၌ ရဟန်းပြုကြကုန်၏။ ထိုအခါ အကျွန်ုပ် သောဏာသည် တယောက်ထည်း ကျန်ရစ်၍ နေလျက် ဤသို့အကြံဖြစ်ပါ၏။

တဒေကိကာ ဝိစိန္တေသိံ၊ ဇိဝိတေနာလ မဏ္ဍုမေ။
ဇိနာယ ပတိပုတ္တေဟိ၊ ဝုဍ္ဎာယစ ဝရာကိယာ။
အဟံပိ တတ္ထ ဂစ္ဆိဿံ၊ သမ္ပတ္တော ယတ္ထ မေ ပတိ။
ဧဝါဟံ စိန္တယိတွာန၊ ပဗ္ဗဇိံ အနဂါရိယံ။

အယျာယော၊ အရှင်မတို့။ တဒါ၊ ထိုအခါ၌။ ဧကိကာ၊ တယောက်ထည်း ကျန်ရစ်၍။ ဝိစိန္တေသိံ၊ အကြံဖြစ်ပြီ။ မေ၊ ငါအား။ ဇိဝိတေန၊ အသက်ရှင်၍ နေသဖြင့်။ အလံ၊ အကျိုးမရှိသည်။ အတ္ထု၊ ဖြစ်၏။ ပတိပုတ္တေဟိ၊ လင်သားတို့မှ။ ဇိနာယ၊ ဆုံးရှုံးကွေကွင်းလျက်။ ဝုဍ္ဎာယ၊ ကြီးရင့် အိုမင်း ပြီးသော။ ဝရာကိယာ၊ အထီးကျန်သော ငါအား။ အလံ၊ အကျိုးမရှိသည်။ အတ္ထု၊ ဖြစ်၏။ အဟံပိ၊ ငါသည်လည်း။ ယတ္ထ၊ အကြင်သာသနာတော်သို့။ မေ၊ ငါ၏။ ပတိ၊ လင်သည်။ သမ္ပတ္တော၊

ရောက်၏။ တတ္ထ၊ ထိုလင်သားတို့ ရောက်ရာ သာသနာတော်သို့။ ဂန္တွာသယံ၊ သွားတော့အံ့။ ဣတိ၊ ဤသို့။ အဟံ၊ အကျွန်ုပ်သောဏာသည်။ စိန္တယိတွာန၊ ကြံပြီး၍။ အနဂါရိယံ၊ အိမ်ထောင်မပြုသော သာသနာတော်၌။ ပဗ္ဗဇိံ၊ ရဟန်းပြုပြီ။

တရားတော်နာ လာကြကုန်သော ဘိက္ခုနီအရှင်မတို့— အကျွန်ုပ် သောဏာသည် သားဆယ်ယောက်နှင့်တကွ လင်ယောကျ်ားသည် သာသနာတော်၌ ရဟန်းပြု၍ သွားရာသို့လိုက်၍ ရဟန်းမိန်းမပြုပြီး သောအခါ၌ အလုံးစုံသော ဘိက္ခုနီမတို့သည် တပည့်တော်မ သောဏာကို ရေနွေး ကျိုခိုင်းစေလျက် ဘိက္ခုနီ ကျောင်းတိုက်၌ တယောက်ထည်းထားခဲ့၍ ဩဝါဒခံယူရာသို့ သွားကြကုန်၏။ ထိုအခါ၌ တပည့်တော်မသည် ရေကိုခပ်၍ အိုး၌ ထည့်လောင်းပြီးလျှင် မီးဖို-ခုံလောက်ပေါ်၌ တင်ထား၍ ကျောင်းခန်းတွင်း၌ နေလျက် ကမ္မဋ္ဌာန်း ကို နှလုံးသွင်းပါ၏။ ထိုအခါ၌ ခန္ဓာငါးပါးတို့၏ ဖြစ်ပျက်ကို မြင်၍ အရဟတ္တဖိုလ်သို့ ရောက်ပါ၏။ ဩဝါဒခံယူရာမှ ပြန်လာကြကုန်သော ဘိက္ခုနီမတို့က ရေနွေးအဘယ်မှာနည်းဟူ၍ မေးကြကုန်၏။ ထိုအခါ အကျွန်ုပ် သောဏာသည် တေဇော ကသိုဏ်း ဈာန်ဖြင့် လျင်မြန် စွာရေကိုပူစေ၏။ ထိုဘိက္ခုနီမတို့သည် အံ့ဩကြကုန်လျက် မြတ်စွာ ဘုရားကို လျှောက်ကြကုန်၏။ မြတ်စွာဘုရားသည် နှစ်သက်ဝမ်း မြောက်တော်မူ၍ ဤဂါထာကို ဟောတော်မူ၏။

ယောစ ဝဿသတံ ဇီဝေ၊ ကုသီတော ဟီနဝီရိယော။
ဧကာဟံ ဇီဝိတံ သေယျော၊ ဝီရိယာရဗ္ဘတော ဒဠှံ။

ယောစ၊ အကြင်သူသည်ကား။ ကုသီတော၊ ပျင်းရိလျက်။ ဟီနဝီ ရိယော၊ ကမ္မဋ္ဌာန်းကို အားမထုတ် ယုတ်လျော့သော ဝီရိယရှိလျက်။ ဝဿသတံ၊ အနှစ်တရာပတ်လုံး။ ဇီဝေ၊ အသက်ရှင်၍ နေသော်လည်း။ နသေယျော၊ မမြတ်။ ဒဠှံ၊ မြဲစွာ။ ဝီရိယာရဗ္ဘတော၊ ကမ္မဋ္ဌာန်းကို အားထုတ်သောသူအား။ ဧကာဟံ။ တရက်မျှ။ ဇီဝိတံ၊ အသက်ရှင် ခြင်းသည်။ သေယျော၊ မြတ်၏။

ကျွန်ုပ်သောဏာ၏ ကမ္မဋ္ဌာန်းလို အားထုတ်ခြင်း လုံ့လဝီရိယ၌ မြတ်စွာဘုရား နှစ်သက်တော်မူ၍ အာရဒ္ဓဝီရိယ ဧတဒဂ်အရာ၌ ထားတော်မူ၏။

ကိလေသာ ဈာပိတာ မယှံ ဘဝါ သဗ္ဗေ သမူဟတာ။
နာဂေါ ဝ ဗန္ဓနံ ဆေတွာ၊ ဝိဟာရာမိ အနာသဝါ။ ။
သွာဂတံ ဝတ မေ အာသိ။ပ။ ကတံ ဗုဒ္ဓဿ သာသနံ။
ဤဥဒါန်းဂါထာဖြင့် ကျူးရင့်လျက် သောဏာထေရီ ဘိက္ခုနီ ရဟန်းမိန်းမသည် ဤအပဒါန် တရားတော်တို့ကို ဟောတော်မူ၏။

သောဏာဘိက္ခုနီ အပဒါန်ဝတ္ထုပြီး၏။
[ဆဋ္ဌိသဝတ္ထု]။

ဘဒ္ဒါကာပိလာနီ ဘိက္ခုနီ အပဒါန်တရားတော်ကို ထေရအပဒါန် ဝတ္ထုမျက်နှာနံပါတ် (၃၀၂)-၌ အရှင်မဟာကဿပ အပဒါန်ဝတ္ထုနှင့် တွဲစပ်၍ ဆိုပြီးဖြစ်၏။

[သောဏာထေရီဝတ္ထု၌ အဋ္ဌကထာစကားနှင့် ပါဠိတော်စကား အဆိုမညီကြကုန်။ ထေရီဂါထာ အဋ္ဌကထာ၌ လင်တယောက်သာ ရဟန်းပြုကြောင်းကိုဆို၏။ ရဟန္တာဖြစ်အောင် ဟောသောဂါထာ လည်း အပဿံ ဓမ္မမုတ္တမံ ကိုဆို၏ ညှိနှိုင်းဘို့]။

[သတ္တမိသဝတ္ထု]။

ယသောဓရာ ထေရီ အပဒါန်ဝတ္ထု ဗျာဒိတ် ခန်း

ယသောဓရာထေရီ ဘိက္ခုနီသည် ရဟန်းမိန်းမ ဘိက္ခုနီတသိန်း ခြံရံလျက် မြတ်စွာဘုရားခြေတော်ရင်းသို့ ကပ်၍ဝပ်စင်းကာ ရှိခိုးလျက် ဤသို့ လျှောက်ကြား၏။

အဋ္ဌသတ္တတိ ဝဿာဟံ၊ ပစ္ဆိမော ဝတ္တတိ ဝယော။
ပဗ္ဘာရမှိ အနုပ္ပတ္တာ၊ အာရောစေမိ မဟာမုနိ။
ပရိပက္ကော ဝယော မယှံ၊ ပရိတ္တံ မမ ဇီဝိတံ။
ပဟာယ ဝေါ ဂမိဿာမိ၊ ကတံ သရဏ မတ္တနော။

မဟာမုနိ၊ မြတ်စွာဘုရား။ အဟံ၊ ယသောဓရာခေါ် တပည့်တော်မသည်။ အဋ္ဌသတ္တတိဝဿာ၊ ခုနစ်ဆဲ့ ရှစ်နှစ် ရှိပြီဖြစ်၍။ ပစ္ဆိမော၊ နောက်ဆုံးဖြစ်သော။ ဝယော၊ အရွယ်သည်။ ဝတ္တတိ၊ ဖြစ်ပါ၏။

မယုံ၊ တပည့်တော်မ၏။ ဝယော၊ အရွယ်သည်။ ပရိပက္ကော၊ ရင့်ရော် ယိုယွင်း အိုမင်းပါပြီ။ မမ၊ တပည့်တော်မ၏။ ဇီဝိတံ၊ အသက်သည်။ ပရိတ္တံ၊ နည်းပါပြီ။ ဝေါ၊ အရှင်ဘုရားတို့ကို။ ပဟာယ၊ ပယ်စွန့်၍။ ဂမိဿာမိ၊ သွားရပါတော့အံ့။ အတ္တနော၊ မိမိ၏။ သရဏံ၊ ကိုးကွယ်ရာကို။ ကတံ၊ ပြု၍ ပြီးပါပြီ။ တံ၊ အရှင်ဘုရားကို။ အာရောစေမိ၊ လျှောက်ကြားပါ၏။ ကြီးသောလုံ့လရှိတော်မူသော မြတ်စွာဘုရား ယနေ့ည ပရိနိဗ္ဗာန် ပြုရပါအံ့၊ ဇာတိဇရာ ဗျာဓိမရဏ၊ ဒုက္ခမရှိ မအိုမသေ အမြဲနေသော အသင်္ခတနိဗ္ဗာနခတ်သို့ ရောက်ပါတော့အံ့၊ အရှင်ဘုရားအား လျှောက်ကြားခွင့်ပန်ပါ၏။ယခုအခါ မြတ်စွာဘုရား၏ အထံတော်သို့ ရောက်လာကုန်သော ပရိသတ်အပေါင်းတို့၊ အကျွန်ုပ် ယသောဓရာ၌ အပြစ်ရှိငြားအံ့၊ တောင်းပန်ဝန်ချကံတော့ပါ၏၊ အားလုံး ပရိသတ်တို့သည် မြတ်စွာဘုရား ရှေ့တော်၌ အကျွန်ုပ်က တောင်းပန် ဝန်ချသည်ကို သည်းခံကြပါကုန်လော့။

သံသရိတွာစ သံသာရေ၊ ခလိတံ စေ မမံ တယိ။
အာရောစေမိ မဟာဝီရ၊ အပရာဓံ ခမဿု မေ။

မဟာဝီရ၊ ကြီးသောလုံ့လရှိတော်မူသော မြတ်စွာဘုရား၊ သံသာရေ၊ ဘဝများစွာ သံသရာ၌။ သံသာရိတွာစ၊ ကျင်လည်ခဲ့၍လည်း။ တယိ၊ အရှင်ဘုရား၌။ မမံ၊ တပည့်တော်မ၏။ ခလိတံ၊ ချွတ်ချော် တိမ်းပါးခြင်းသည်။ စေ၊ အကယ်၍။ အတ္ထိ၊ ရှိငြားအံ့။ အာရောစေမိ၊ လျှောက်ကြားခွင့်ပန်ပါ၏။ မေ၊ တပည့်တော်မ၏။ အပရာဓံ၊ အပြစ်ကို။ ခမဿု၊ သည်းခံတော်မူပါ မြတ်စွာဘုရား။

ငါဘုရား၏ဆုံးမစကားကို နားထောင်၍ လိုက်နာပြုကျင့်လေ့ရှိသော ယသောဓရာထေရီ ဘိက္ခုနီ–အလုံးစုံသော ပရိသတ်၏ယုံမှား သံသယကို ပယ်ဖြတ်၍ တန်းခိုးပြဦးလော့။ ဤသို့ မြတ်စွာဘုရား မိန့်တော်မူ၏။

ကြီးသော လုံ့လရှိတော်မူသော မြတ်စွာဘုရား ယသောဓရာခေါ် တပည့်တော်မသည် သာကီဝင်မျိုး၌ မွေးဖွား၍ မိန်းမ အင်္ဂါ၌ ကောင်းစွာတည်လျက် အရှင်ဘုရား စံတော်မူသော ရွှေနန်းတော် သုံးဆောင်၌ မိဘုရားကြီးဖြစ်ပါ၏၊ တသိန်း ကိုးသောင်း ခြောက်ထောင် ကုန်သော မိန်းမတို့ထက် လွန်မြတ်သည် ဖြစ်၍ ယသောဓရာခေါ် တပည့်တော်မသည် အရှင်ဘုရား စံတော်မူသော ရွှေနန်းတော်

သုံးဆောင်၌ အလုံးစုံသောအရာကို အစိုးရသော အကြီးအမှူး မိဘုရားကြီး ဖြစ်ပါ၏၊ အဆင်းဂုဏ် အကျင့်အႏစာရဂုဏ်နှင့် ပြည့်စုံ၍ တဆဲ့ခြောက်နှစ် အရွယ်၌တည်၍ တပည့်တော်မ ယသော်ဓရာသည် စံနေတော်မူသော နန်းတော်ဆောင်အခန်း၌ တသိန်းသော ကညာတို့၏ အကြီးအမှူးဖြစ်၍ နန္ဒဝန်မည်ခေါ် ဥယျဉ်တော်၌ နတ်သွီးတို့ကဲ့သို့ တူမျှသောချမ်းသာ ဆင်းရဲရှိပါ၏။ အဆင်းလှခြင်းအားဖြင့်ကာမဘုံကို လွန်၍ တည်ပါ၏၊ မြတ်စွာဘုရားကို ထား၍ အဆင်းလှခြင်း အားဖြင့်တူသောသူမရှိပါ။ ယသော်ဓရာထေရီသည် ဤသို့လျှောက်ကြားလျက် မြတ်စွာဘုရားကို ဦးတိုက်ရှိခိုးပြီး၍ အထူးထူး အပြားပြား များစွာကုန်သော အခြင်းအရာတို့ဖြင့်ဖန်ဆင်း၍ ကောင်းကင်သို့ပျံတက်ပြီးလျှင် တန်းခိုးပြတော်မူ၏။

စကြဝဠာနှင့်အမျှ ကရဝိက်ငှက်ကိုယ်ကို ဖန်ဆင်း၍ ဦးခေါင်းကို မြောက်ကျွန်းပေါ်၌ ထား၍ အရှေ့ကျွန်း အနောက်ကျွန်းတို့၏ အပေါ်၌ အတောင်နှစ်ဘက်ကို ဖြန့်ထား၍ ဇမ္ဗူဒိပ်ကျွန်းပေါ်၌ ကိုယ်ကိုထား၍ တောင်ဘက်သမုဒ္ဒရာအပေါ်၌ အမြီးကိုထား၍ လဝန်း နေဝန်းလောက်ကြီးသောမျက်လုံးကို ဖန်ဆင်း၍ မြင့်မိုရ်တောင်ပမာ အမောက်ကြီးကို ဖန်ဆင်း၍ စကြဝဠာတောင်ကြီးသဏ္ဍာန် နှုတ်သီးကို ဖန်ဆင်း၍ ဇမ္ဗူသပြေပင်ကြီးကိုအကုန်ပါအောင်ဆိတ်ချီ၍ကောင်းကင်မှ ယပ်လေခတ်လျက် လာ၍မြတ်စွာဘုရားကိုရှိခိုး၏၊ထိုနောက်ဆင်ယောင်မြင်းယောင် တောင်ကြီးယောင် သမုဒ္ဒရာယောင် ဖန်ဆင်း၍ ပြ၏၊ နေဘန်ဆင်း၍၊ လဘန်ဆင်း၍၊ မြင့်မိုရ်တောင် ဖန်ဆင်း၍၊ သိကြားမင်းကြီး ဖန်ဆင်း၍ ကြီးသောလုံ့လရှိတော်မူသော မြတ်စွာဘုရား၊ ဆင်ယောင်မြင်းယောင် လ-သိကြားမင်းယောင် ဖန်ဆင်း၍ တန်းခိုးပြပါသည် မြတ်စွာဘုရား၊ အရှင်ဘုရား၏ ခြေတော်ကို ရှိခိုးပါ၏ဘုရား၊ ဤသို့လျှောက်ကြား၍ တဘန် တထောင်သော စကြဝဠာကို ဖုံးမိအောင် ပဒုမ္မာကြာပွင့်ကြီးကို ဖန်ဆင်း၍ ကောင်းကင်မှ ဖုံးလွှမ်းလျက် ပြ၏၊ ထိုနောက် ဗြဟ္မာမင်းကြီး ဖန်ဆင်း၍ ကောင်းကင်မှနေလျက်သုညတတရားတော်ကို ဟော၏၊ ကြီးသောလုံ့လရှိတော်မူသော မြတ်စွာဘုရား တပည့်တော်မ ယသော်ဓရာဖြစ်ပါသည် မြတ်စွာဘုရား၊ အရှင်ဘုရား၏ ခြေတော်ကို ရှိခိုးပါ၏ဘုရား။ တပည့်တော်မ ယသော်ဓရာသည်

ဇာနိဝိဓအဘိညာဏ်၌ လျင်မြန်စွာ လေ့လာနိုင်ပါ၏ဘုရား၊ ဒိဗ္ဗသောတ၊ စေတောပရိယ၊ ပုဗ္ဗေနိဝါသ ဒိဗ္ဗစက္ခု အဘိညာဏ်တို့ကိုရ၍ အလုံး စုံသော အာသဝေါတို့မှ ကုန်ခန်း၍ နောက်ဘဝ ဖြစ်ပျက်ခြင်း မရှိပါ ဘုရား၊ အရှင်ဘုရား၏ အထံတော်မှ ပဋိသမ္ဘိဒါဉာဏ် လေးပါးကို လည်း ရပါသည်ဘုရား၊ အရှင်ဘုရား၏ အကျိုးငှာ ရှေးရှေးသော ဘုရားတို့၏ အထံတော်၌ များစွာသော ပါရမီအဓိကာရ ကုသိုလ်ကို ပြုလုပ်ခဲ့ဘူးပါသည်ဘုရား၊ တပည့်တော်မ၏ပါရမီတွေကို အရှင်ဘုရား အောက်မေ့တော်မူပါဘုရား၊ မပြုကျင့်ထိုက်သောအရာကိုရှောင်ကြဉ်၍ အရှင်ဘုရား၏ အကျိုးငှာ တပည့်တော်မ အသက်ကို စွန့်ဘူးပါသည် မြတ်စွာဘုရား။

နေကကောဋိ သဟဿာနိ၊ ဘရိယတ္ထာယ ဒါသိ မံ။
န တတ္ထ ဝိမနာ ဟောမိ၊ တုယှတ္ထာယ မဟာမုနိ။

မဟာမုနိ၊ မြတ်စွာဘုရား။ နေကကောဋိသဟဿာနိ၊ ဘဝပေါင်း ကုဋေတထောင်မက။ မံ၊ တပည့်တော်မကို။ ဘရိယတ္ထာယ၊ သူတပါး မယား အလို့ငှာ။ တွံ၊ အရှင်ဘုရားသည်။ အဒါသိ၊ လှူဘူးပါ၏။ တုယှတ္ထာယ၊ အရှင်ဘုရား၏ ဘုရားဆုကို ပြည့်စေခြင်း အကျိုးငှာ။ တတ္ထ၊ ထိုသို့လှူရာ၌။ အဟံ၊ တပည့်တော်မသည်။ ဝိမနာ၊ လှူရက်လေ ခြင်း စွန့်လေခြင်းဟု ဝမ်းတွင်းပူဆာ စိတ်မသာခြင်းသည်။ နဟောမိ၊ မဖြစ်ခဲ့ဘူးပါ မြတ်စွာဘုရား။

နေကကောဋိ သဟဿာနိ၊ ဥပကာရာယ ဒါသိ မံ။
နေကကောဋိ သဟဿာနိ၊ ဘောဇနတ္ထာယ ဒါသိ မံ။
န တတ္ထ ဝိမနာ ဟောမိ၊ တုယှတ္ထာယ မဟာမုနိ။

ဘဝပေါင်း ကုဋေတထောင်မက သူတပါးတို့၏ စေခိုင်းရာ လှူဘူး ပါ၏၊ ဘဝပေါင်း ကုဋေတထောင်မက သူတပါးတို့၏ စားသောက် သုံးဆောင်ရာ လှူဘူးပါ၏။ ထိုသို့လှူရာ၌ တပည့်တော်မ စိတ်မသာခြင်း မဖြစ်ဘူးပါ မြတ်စွာဘုရား။

နေကကောဋိ သဟဿာနိ၊ ဇီဝိတာနိ ပရိစ္စဇိံ။
ဘယမောက္ခံ ကရိဿ န္တိ၊ ဒဒါမိ မမ ဇီဝိတံ။

ဇာနာသယ ၁၅၇-၃၂

ဘဝပေါင်း ကုဋေတထောင်မက အသက်တို့ကို စွန့်ဘူးပါ၏ မြတ်စွာဘုရား။ အရှင်ဘုရားကို ဘေးလွတ်အောင် ပြုလုပ်လျက် တပည့်တော်မ၏ အသက်ကို လှူဘူးလှပါပြီ မြတ်စွာဘုရား။ ထိုကဲ့သို့ အတူပင် ကိုယ်အင်္ဂါတို့ကို၎င်း အဆင်တန်းဆာတို့ကို၎င်း အထူးထူးအပြားပြား များစွာသောအဝတ်အထည်တို့ကို၎င်း မိန်းမတို့ဝတ်ဆင်ရာတန်းဆာအထူးထူးတို့ကို၎င်း လျှို့ဝှက်၍ မချန်ထားပါ အကုန်လှူဘူးပါသည် မြတ်စွာဘုရား။ ဥစ္စာစပါး ရွာနိဂုံး ယာမြေလယ်မြေတို့ကို၎င်း သားသမီးတို့ကို၎င်း ဆင်မြင်းနွားကျွဲ ကျွန်မိန်းမ ကျွန်ယောကျ်ား အစေခံ အခြွေအရံတို့ကို၎င်း မရေတွက်နိုင်အောင် လှူဘူးပါသည်မြတ်စွာဘုရား။

ယံ မယှံ ပဋိမန္တေသိ၊ ဒါနံ ဒဿာမိ ယာစကေ။
ဝိမနံ မေ နပဿာမိ၊ ဒဒတော ဒါန မုတ္တမံ။

ဥတ္တမံ၊ မြတ်သော။ ဒါနံ၊ အလှူကို။ ဒဒတော၊ ပေးလှူသော အရှင်ဘုရားအား။ ယာစကေ၊ တောင်းလာသောသူ တို့ကို။ ဒါနံ၊ အလှူကို။ ဒဿာမိ၊ ပေးလှူအံ့ဟူ၍။ ယံ၊ အကြင်စကားကို။ မယှံ၊ တပည့်တော်မအား။ ပဋိမန္တေသိ၊ အရှင်ဘုရား တိုင်ပင်တော်မူ၏။ မေ၊ တပည့်တော်မ၏။ ဝိမနံ၊ နှလုံးနောက်ကျုခြင်းကို။ နပဿာမိ၊ မမြင်ဘူးပါ။

နာနာဝိဓံ ဗဟုံဒုက္ခံ၊ သံသာရေစ ဗဟုဝိဓေ။
တုယှတ္ထာယ မဟာဝီရ၊ အနုဘုတ္တံ အသံခိယံ။

မဟာဝီရ၊ ကြီးသောလုံ့လရှိတော်မူသောမြတ်စွာဘုရား။ ဗဟုဝိဓေ၊ များသော အပြားရှိသော။ သံသာရေစ၊ သံသရာ၌လည်း။ တုယှတ္ထာယ အရှင်ဘုရား၏ အကျိုးငှာ။ နာနာဝိဓံ၊ အထူးထူးအပြားပြားသော။ ဗဟုံ၊ များစွာသော။ ဒုက္ခံ၊ ဆင်းရဲကို။ အသံခိယံ၊ မရေတွက်နိုင်အောင်။ အနုဘုတ္တံ၊ ခံစားခဲ့ဘူးပါပြီဘုရား။ ချမ်းသာလျှင် ဝမ်းမြောက်ပါ၏၊ ဆင်းရဲရောက်သော် နှလုံးနောက်ခြင်းမရှိပါ၊ အလုံးစုံ၌အရှင်ဘုရား၏အကျိုးငှါ တူမျှသော စိတ်ကိုဖြစ်စေပါ၏။

ဗြဟ္မဒေဝဋ္ဌံ သမ္ဗုဒ္ဓံ၊ ဂေါတမံ လောကနာယကံ။
အညေသံ လောကနာထာနံ၊ သက်မန္တေ ဗဟုံ မယာ။
အဓိကာရံ ဗဟုံ မယှံ၊ တုယှတ္ထာယ မဟာမုနိ။
ဂဝေသန္တော ဗုဒ္ဓဓမ္မေ၊ အဟံ တေ ပရိစာရိကာ။

မဟာမုနိ၊ နိဗ္ဗာန်ပြည်နန်း ပျော်စံမြန်းသည့် ရဟန်းထိပ်တင် မြတ်အရှင်။ တုယှဥ္ဓာယ၊ အရှင်ဘုရား၏ အကျိုးငှာ။ မယှံ၊ တပည့်တော်မ၏။ အဓိကာရံ၊ ဆုတောင်းပဏ္ဍနာ အကြောင်းရှာ၍ ပါရမီအထူး ဆည်းပူးမတွန့် မကြောက်ရွံ့ဘဲ စွန့်စားပြုကျင့်ရခြင်းသည်။ ဗဟုံ၊ များလှပါပြီ မြတ်စွာဘုရား။ ဗုဒ္ဓမေ္မ၊ ဘုရားလောင်းလျာ သိထိုက်စွာသည့် သစ္စာလေးရပ်ဆယ်ရပ်သုံးလီပါရမီတရားတို့ကို။ ဂဝေသန္တိ၊ ဆည်းပူးရှာဖွေလျက်။ အဟံဟာပည့်တော်မသည်။ တေ၊ အရှင်ဘုရား၏။ ပရိစာရိကာ၊ ကြင်ဘော် ကြင်ဘက်လည်ချင်းယှက်၍လက်တွဲသွားလာ မကွာမကွေ အတူနေသောခြေရင်း အလုပ်အကျွေးသည်။ ဟောမိ၊ ဖြစ်ပါ၏ မြတ်စွာဘုရား။

ဗြဟ္မဒေဝ မြတ်စွာဘုရား အစရှိကုန်သော သုံးသိန်းရှစ်သောင်းခုနစ်ထောင်ကုန်သော မြတ်စွာဘုရားတို့၏ အထံတော်၌ရင်း ပေါရာဏဂေါတမ အစရှိကုန်သော တသိန်းနှစ်သောင်း ငါးထောင်ကုန်သော မြတ်စွာဘုရားတို့၏ အထံတော်၌ရင်း ရှိသေစွာဆည်းကပ်၍း လှူဒါန်းပူဇော်လျက် များစွာသော အဓိကာရပါရမီကို အရှင်ဘုရား၏အကျိုးငှာ ပြုကျင့်ခဲ့ဘူး လှပါပြီ မြတ်စွာဘုရား။ [ဗြဟ္မဒေဝ မြတ်စွာဘုရား ပေါရာဏဂေါတမမြတ်စွာဘုရား အစရှိကုန်သော ငါးသိန်းတသောင်းနှစ်ထောင်ကုန်သော မြတ်စွာဘုရားတို့သည် နိယတဗျာဒိတ်ကို မရမီ တဆဲ့ခြောက်သင်္ချေအတွင်း၌ ပွင့်တော်မူကုန်၏]။

ထိုနောက် လေးသင်္ချေနှင့် ကမ္ဘာတသိန်းထက်၌ တဏှင်္ကရာ မေဓင်္ကရာ သရဏင်္ကရာ ဒီပင်္ကရာဟူ၍ လေးဆူသော မြတ်စွာဘုရားတို့တွင် နောက်ဆုံးဖြစ်သော ဒီပင်္ကရာ မြတ်စွာဘုရား ပွင့်တော်မူသောအခါ၌ အရှင်ဘုရားသည် သုမေဓာပုဏ္ဏားဖြစ်၍ ဒီပင်္ကရာမြတ်စွာဘုရားသည် သံဃာတော်နှင့်တကွ ကြွသွားတော်မူရန် လမ်းပြင်၍ မပြီးစီးရာ၌ ကိုယ်ကိုအလျားမှောက်လျက် တံတားခင်း၍ အဓိကာရပါရမီကို ပြုတော်မူရာတွင် ဒီပင်္ကရာ မြတ်စွာဘုရားသည် ဗျာဒိတ်ပေးတော်မူပါ၏ ထိုအခါ၌ တပည့်တော်မ ယသော်ဓရာသည် သုမိတ္တာဟူသော အမည်ဖြင့် ဗြာဟ္မဏကညာ ပုဏ္ဏားသမီးဖြစ်၍အရှင်ဘုရားနှင့် ပေါင်းဆုံတွေ့ကြုံရပြန်ပါ၏။ ထိုအခါ၌ ရှစ်ခုသောကြာပန်းစည်းတို့ဖြင့် ပူဇော်၍ ဆုပန်ပါ၏ ဒီပင်္ကရာ မြတ်စွာဘုရားသည် ဤသို့ ဗျာဒိတ်စကား မိန့်ကြားတော်မူ၏။

သမစိတ္တာ သမကမ္မာ၊ သမကာရိ ဘဝိဿတိ။
ဝိယာယိဿတိ ကာယေန၊ တုယှတ္တာယ မဟာဇုတိ။
သုဒဿနာ သုဝိယာစ၊ မနာပါ ဝိယဝါဒိနီ။
တဿ ဓမ္မေသု ဒါယာဒါ၊ ဝိဟာရိဿတိ ဣဒ္ဓိကာ။
ယထာပိ ဘဒ္ဒသာမုဂ္ဂ၊ အနုရက္ခတိ သာမိနော။
ဧဝံ ကုသလဓမ္မာနံ၊ အနုရက္ခိဿတိ အယံ။
တဿ တော် အနုကမ္ပန္တိ၊ ပူရယိဿတိ ပါရမီ။
သီဟောဝ ပဉ္စရံ ဘိတွာ၊ ပါပုဏိဿတိ ဗောဓိယံ။

[ဒီပင်္ကရာမြတ်စွာဘုရားက ယသော်ဓရာထေရီအလောင်းဖြစ်သော သုမိတ္တာမိန်းမပျိုကို ဗျာဒိတ်ပေးသော ဂါထာ ၄-ပုဒ်]။

မဟာဇုတိ၊ ရသေ့မြတ်စွာ သုမေဓာ။ အယံ၊ ဤ သုမိတ္တာဟု သညာပျံ့မွေး မိန်းကလေးသည်။ တုယှတ္တာယ၊ သင်၏အကျိုးငှါ။ သမစိတ္တာ၊ တူမျှသော စိတ်ရှိသည်။ သမကမ္မာ၊ တူမျှသော ကိုယ်အမှု ရှိသည်။ သမကာရိ၊တူမျှသော ပါရမီ စာဂီအမှု ပြုလုပ်ခြင်းရှိသည်။ဘဝိဿတိ၊ ဖြစ်လတ္တံ့။ အယံ၊ ဤ သုမိတ္တာဟု သညာပျံ့မွေး မိန်းကလေးသည်။ သုဒဿနာစ၊ ရုပ်ရေအဆင်း သန့်ရှင်းကြည်လင် ရှုမြင်မဝ အလွန်လှသည်ဖြစ်၍၎င်း။ သုဝိယာစ၊ သွားလာနေထိုင် လုပ်ကိုင်ပြုမူ စင်ပြုသိုက်မြိုက် အလိုက်သင့်ရာ ကျစ်လစ်စွာဖြင့် မေတ္တာ သစ်လောင်းချစ်စရာကောင်းသည်ဖြစ်၍၎င်း။မနာပါစ၊တအုံနွေးနွေး တရေးရေးမြင် စိတ်မှာထင်၍ ကြည်လင်ရွှင်ပြုံး နှလုံးအသဲ စွဲမြဲလောက်သည် ဖြစ်၍၎င်း။ ဝိယဝါဒိနီ၊ တီတီတာတာ နူတ်ခပ ၁၍ သာယာချိုလွင် ချစ်ခင်ဘွယ်သော စကားရှိသည်ဖြစ်၍၎င်း။ တဿတော၊ ထိုဂေါတမဘုရား ဖြစ်လတ္တံ့သော သင်သုမေဓာ၏။ ဓမ္မေသု၊ ဆုံးမဟောကြား မိန့်မြွက်ထားသည့် လေးပါးသစ္စာ ရှစ်ဖြာမဂ္ဂင် ဗောဓိပင်ခုနစ်ရပ် တရားမြတ်တို့၌။ ဒါယာဒါ၊ သင်ဘုရားမြတ် ဖြစ်တုံလတ်သော် ထက်ကြပ်မသွေ မကွေမကွာ လိုက်ပါတူစံ အမွေခံဖြစ်၍၎င်း။ ဣဒ္ဓိကာ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာမြေ လိုဝိုင်းရ၍ လုံးဝဥဿုံ အကုန်အစင် ပြည့်စုံလင်သည်ဖြစ်၍၎င်း။ ဝါ၊ အဘိညာဏ်တန်ခိုး မြေလျှိုးမိုးပျံ လျင်မြန်ဗက်မြက်သည်ဖြစ်၍၎င်း။ ဝိဟာရိဿတိ၊ နေလတ္တံ့။ ဘဒ္ဒသာမုဂ္ဂ၊

ပစ္စည်းဥစ္စာရတနာသိမ်းထုပ်ဘဏ္ဍာကြုံတ်ကို။ သာမိနော၊ ဥစ္စာရှင်သည်။ အနုရက္ခတိယထာ၊ အစဉ်စောင့်ရှောက်သကဲ့သို့။ ဧဝံ၊ ဤအတူ။ အယံဝိ၊ ဤသုမိတ္တာဟု သညာပျံ့မွေး မိန်းကလေးသည်လည်း။ ကုသလဓမ္မာနံ၊ ပါရမီကုသိုလ် တရားတို့ကို။ အနုရက္ခိသတိ၊ အစဉ်စောင့်ရှောက်လတ္တံ့။ တဿတော၊ ထိုဘုရားဖြစ်လတ္တံ့သော သင်သုမေဓာအား။ အနုကမ္ပန္တီ၊ အစဉ်မကွာ မေတ္တာသက်ဝင် ချစ်ခင်ကြည်သာ ကြင်နာထောက်ထား သနားညှာတာခြင်းရှိသည်ဖြစ်၍။ ပါရမီ၊သုံးပါးဆယ်လီ ပါရမီကို။ ပူရယိဿတိ၊ ကူညီ၍ ဖြည့်လတ္တံ့။ သီဟောဝ၊ ခြင်္သေ့သည် မရှိ သတိမပြန့် ထိတ်လန့်မဖြုံ ခြင်္သေ့ပုံသို့။ ပါရမီ၊ သုံးပါးဆယ်လီ ပါရမီကို။ ပူရယိတွာ၊ ဖြည့်ကျင့်၍။ ပဉ္စရံ၊ ချိုင့်လှောင်ပမာ ကိလေသာနှောင် ဘဝထောင်ကို။ ဘိတွာ၊ ချိုးဖွဲ့ဖျက်ဖေါက်၍။ ဗောဓယံ၊ သစ္စာလေးပါး တရားထင်လင်း သိမြင်ခြင်းသို့။ ပါပုဏိဿတိ၊ ရောက်လတ္တံ့။

ဤကဲ့သို့ ဒီပင်္ကရာ မြတ်စွာဘုရားသည် တပည့်တော်မအား ဗျာဒိတ်စကား မိန့်ကြားတော်မူပါ၏။ ထိုဗျာဒိတ်စကားတော်ကို ကြားရသော တပည့်တော်မသည် အလွန်ဝမ်းမြောက်ခြင်းရှိပါ၏။ ထိုဗျာဒိတ်စကားတော် အတိုင်းပင်လျှင် တပည့်တော်မသည် အရှင်ဘုရား အကျိုးငှါ ပါရမီကို ကူညီ၍ ဖြည့်ကျင့်ခဲ့ဘူးပါပြီ မြတ်စွာဘုရား။ ယခုနောက်ဆုံး ဖြစ်သောဘဝ၌ သာကီဝင်မင်းမျိုးဖြစ်၍ အဆင်းအင်္ဂါ လက္ခဏာနှင့် ပြည့်စုံပါ၏။ စည်းစိမ်ချမ်းသာနှင့်လည်း ပြည့်စုံပါ၏။ အခြံအရံ အခေါ်အဝေါနှင့်လည်း ပြည့်စုံပါ၏။ သီလနှင့်လည်း ပြည့်စုံပါ၏။ အလုံးစုံသော အင်္ဂါနှင့် ပြည့်စုံပါ၏။ စိတ်ဆင်းရဲခြင်းမရှိ ကိုယ်ဆင်းရဲခြင်းမရှိ တစုံတခု ဘေးရန်မရှိဘဲ ချမ်းသာစွာ နေရပါ၏ မြတ်စွာဘုရား။ အရှင်ဘုရားသည် နန်းတော်တွင်း၌ သာကီဝင်မင်းအပေါင်းတို့၏ ရှေ့မျက်မှောက်၌ တပည့်တော်မ၏ ဂုဏ်ကျေးဇူးကို ချီးမွမ်းလျက် ဤသို့ ဟောတော်မူပါ၏။

ဥပကာရာစ ယာနာရီ ယာစနာရီ သုခေဒုခေ။
အတ္ထက္ခာယီစ ယာနာရီ ယာစနာရီ နုကမ္ပိကာ၊

ယာနာရီ၊ အကြင် ပျိုမျစ်နုနယ် အရွယ်အဆင်း လှမြတ်ခြင်းနှင့် ကောင်းခြင်းငါးလီ စုံညီပြည့်ကြွယ် တင့်တယ်သပ်ရပ် မိန်းမမြတ်ဟု သကတ်ပတ်ဂုဏ် ပြည့်စုံပေါ်ထင် ယသော်ခင်သည်။ မေ၊ ငါဘုရား

အား။ ဥပကာရာစ၊ ဘဝများစွာ သံသရာက မကွာမကွေ တူနေတူစား တူသွားတူလာ ထက်ကျပ်ပါ၍ ကြည်သာ ရွှင်ပြ ယုယလုပ်ကျွေး ကျွေးဖူးအကျိုး ပြည့်ဖြိုးလျှံဝေ များလှပေ၏။ သုခေဒုခေစ၊ ပါရမီသမ္ဘာ ဖြည့်စဉ်ခါက ချမ်းသာမကွဲ ဆင်းရဲအတူ ကူညီဖြည့်စွက် ဆုတောင်း ဘက်လည်း ဖြစ်ပေ၏။ အတ္တကွာယိစ၊ ကျိုးကြောင်းစကား ပြောကြား သွန်သင် ချစ်ကျွမ်းဝင်၍ တိုင်ပင်နှီးနှောဘက်လည်း ဖြစ်ပေ၏။ အနု ကမ္ပိကာစ၊ မေတ္တာသက်ဝင် ချစ်ခင်ကြည်သာ ကြင်နာထောက်ထား သနားညှာတာသူလည်း ဖြစ်ပေ၏။ ဤသို့ မြတ်စွာဘုရား ပဟာတော် မူဘူးပါ၏။

ပဉ္စကောဋိသတ၊ ကုဋေငါးရာသော မြတ်စွာဘုရားတို့အားရင်း။ နဝကောဋိသတ၊ ကုဋေကိုးရာသော မြတ်စွာဘုရား တို့အားရင်း။ ဧကာဒသကောဋိသတ၊ ကုဋေထောင့်တရာသော မြတ်စွာ ဘုရားတို့ အားရင်း။ ဒွါဒသကောဋိသတ၊ ကုဋေထောင့်နှစ်ရာသော မြတ်စွာ ဘုရားတို့အားရင်း။ ထိုမြတ်စွာဘုရားတို့အား ကြီးစွာသော အလှူကြီးကို ဖြစ်စေဘူးပါပြီ မြတ်စွာဘုရား၊ ရွှေနားတော်ကြားအောင် လျှောက်ထား ပါသည် မြတ်စွာဘုရား။ တပည့်တော်မ ယသောဓရာ၏ အဓိကာရ ပါရမီသည် အလွန်များပါ၏ မြတ်စွာဘုရား။

ဝီသကောဋိသတ၊ကုဋေနှစ်ထောင်ကုန်သော မြတ်စွာဘုရားတို့အား ရင်း။ တိံသကောဋိသတ၊ကုဋေသုံးထောင်သော မြတ်စွာဘုရားတို့အား ရင်း။ စတ္တာလီသကောဋိသတ၊ ကုဋေလေးထောင်သော မြတ်စွာဘုရား တို့အားရင်း။ပဉ္စာသကောဋိသတ၊ ကုဋေငါးထောင်သော မြတ်စွာဘုရားတို့ အားရင်း။သဋ္ဌိကောဋိသတ၊ ကုဋေခြောက်ထောင်သော မြတ်စွာဘုရား တို့အားရင်း။သတ္တတိကောဋိသတ၊ ကုဋေခုနစ်ထောင်သောမြတ်စွာဘု ရားတို့အားရင်း။ အသီတိကောဋိသတ၊ကုဋေရှစ်ထောင်သော မြတ်စွာ ဘုရားတို့အားရင်း။နဝုတိကောဋိသတ၊ ကုဋေကိုးထောင်သော မြတ်စွာ ဘုရားတို့အားရင်း။ ကောဋိသတသဟဿ၊ ကုဋေတသိန်း ကုန်သော မြတ်စွာဘုရားတို့အားရင်း။နဝကောဋိသဟဿ၊ကုဋေကိုးထောင်သော မြတ်စွာဘုရားတို့အားရင်း။ ကောဋိသတသဟဿ၊ ကုဋေတသိန်းကုန် သော မြတ်စွာဘုရားတို့အားရင်း။ ပဉ္စာသီတိကောဋိ၊ ရှစ်ဆဲ့ငါးကုဋေ သော မြတ်စွာဘုရားတို့အားရင်း။ ပဉ္စာသီတိ ကောဋိသတ၊ ကုဋေရှစ်

ထောင် ငါးရာသော မြတ်စွာဘုရားတို့အားဧင်း။ သတ္တတိံသကောဋိ၊ သုံးဆဲ့ခုနစ်ကုဋေသော မြတ်စွာဘုရားတို့အားဧင်း။ ထိုမြတ်စွာဘုရားတို့အား ကြီးစွာသောအလှူကြီးကို လှူဘူးပါပြီအရှင်ဘုရား။တပည့်တော်မ၏ အဓိကာရပါရမီသည် အလွန်များပါ၏ မြတ်စွာဘုရား။အဋ္ဌမကကောဋိ၊ ခြောက်ဆဲ့လေးကုဋေ ။ဝါ၊ ရှစ်ဆဲ့ရှစ်ကုဋေသော ပစ္စေကဗုဒ္ဓါတို့ကိုလည်း ကြီးစွာသော အလှူကြီးကို လှူဘူးပါပြီဘုရား။ ခီဏာသဝရဟန္တာ အပေါင်းတို့ကိုကား အရေ အတွက်အားဖြင့် ရေမတွက်နိုင်အောင်လှူဘူးပါသည် မြတ်စွာဘုရား။

ယခုအခါ တပည့်တော်မ ယသော်ဓရာသည် သံသရာဘဝကို ငြီးငွေ့၍ အရှင်ဘုရား သာသနာတော်၌ ရဟန်းပြု၍ တဆဲ့ငါးရက်မတိုင်မီ ရဟန္တာအဖြစ်သို့ ရောက်ပါသည် မြတ်စွာဘုရား။ ရှေးရှေးဘဝတို့က ပြုခဲ့ဘူးသော ဒါနကုသိုလ်တွေ များလှသောကြောင့် တပည့်တော်မ ယသော်ဓရာ ရဟန်းမိန်းမပြုသောအခါ၌ များစွာသော ဆွမ်း,သင်္ကန်း,ကျောင်း,ဆေး,လေးပါးသောပစ္စည်းတို့ကို လူအပေါင်းတို့သည် သမုဒ္ဒရာရေလှိုင်းကဲ့သို့ သမုဒ္ဒရာရေလှိုင်းသည် အားကြီးစွာ အဟုန်ဖြင့် အတွင်ထိုး၍ တက်လာသကဲ့သို့ သူ့ထက်ငါ အတွင်လာ၍ လှူကြပါသည် မြတ်စွာဘုရား။

ကိလေသာ ဈာပိတာ မယှံ၊ ဘဝါသဗ္ဗေသမူဟတာ။လ။
သွာဂတံ ဝတ မေ အာသိ၊ မမ ဗုဒ္ဓဿ သန္တိကေ။လ။
ပဋိသမ္ဘိဒါ စတသော၊ ဝိမောက္ခာပိစ အဋ္ဌိမေ။လ။

ဤသုံးဂါထာကို ဥဒါန်းကျူးလျက် နိဂုံးစကားလျှောက်ကြားပြန်၏။

ဧဝံ ဗဟုဝိဓံ ဒုက္ခံ၊ သမ္ပတ္တိံစ ဗဟုဝိဓံ။
ဝိသုဒ္ဓဘာဝံသမ္ပတ္တာ၊ လဘာမိ သဗ္ဗသမ္ပဒါ။

ဧဝံ၊ ဤသို့လျှောက်ကြားသည့်အတိုင်း။ ဗဟုဝိဓံ၊ များသောအပြားရှိသော။ဒုက္ခံစ၊ဆင်းရဲကိုဧင်း။ဗဟုဝိဓံ၊များသောအပြားရှိသော။ သမ္ပတ္တိံစ၊ စည်းစိမ်ချမ်းသာကိုဧင်း။ အနုဘဝိတွာ၊ ခံစား၍။ ဝိသုဒ္ဓဘာဝံ၊ စင်ကြယ်သော ရဟန္တာမိန်းမ အဖြစ်သို့။ သမ္ပတ္တာ၊ ရောက်ပါပြီ။ အဟံ၊ ယသော်ဓရာခေါ် တပည့်တော်မသည်။ သဗ္ဗသမ္ပဒါ၊ အလုံးစုံသော ပြည့်စုံခြင်းကို။လဘာမိ၊ ရပါ၏မြတ်စွာဘုရား။

ဘယ်သင်း ဘယ်ဟာမဆို အလိုရှိရာ အလုံးစုံ ကောင်း သမျှ ပြည့်စုံသော ဘုရားလောင်းအလုပ် အကျွေး ဖြစ်ခြင်း၏ အကြောင်းကို ပြလို၍ ဤ ဂါထာကို လျှောက်ကြားပြန်၏၊

ယာ ဒဒါတိ သကဏ္ဍာနံ၊ ပုညက္ခာယ မဟေသိနော။
သဟာယ သမ္ပဒါ ဟောတိ၊ နိဗ္ဗာနပဒ မသင်္ခတံ။

ယာဏ္ဍတ္တိ။ အကြင်မိန်းမသည်။ သကဏ္ဍာနံ၊ မိမိကိုယ်ကို၊ မဟေသိနော၊ ဘုရားလောင်အား။ ဒဒါတိ၊ အပိုင်လှူ၏။ သာဏ္ဍတ္တိ၊ ထိုဘုရားလောင်းအား မိမိကိုယ်ကို အပိုင်လှူသော မိန်းမသည်။ အသင်္ခတံ၊ ပြုပြင်မရှိ ပကတိချမ်းသာသော။ဝါ၊ဖြစ်ပျက်မရှိ ပကတိချမ်းသာသော။နိဗ္ဗာနပဒံ၊ နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်၍။ သဟာယသမ္ပဒါ၊ ဘုရားလောင်းနှင့် အပေါင်းအဖော် ဖြစ်၍ ပြည့်စုံခြင်းသည်။ ဟောတိ၊ဖြစ်၏။

ထိုနောက် အဆုံးစွန်သော ရှိခိုးခြင်းဖြင့် ရှိခိုးလို၍ ဤဂါထာကို လျှောက်ကြား၏။

ပရိက္ခီဏံ အတီတဉ္စ၊ ပစ္စုပ္ပန္နံ အနာဂတံ။
သဗ္ဗကမ္မံ မမံ ခီဏံ၊ ပါဒေ ဝန္ဒာမိ စက္ခုမ၊

စက္ခုမ၊ စက္ခုငါးပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။ အတီတဉ္စ၊ အတိတ်ကံသည်၎င်း။ ပစ္စုပ္ပန္နဉ္စ၊ ပစ္စုပ္ပန် ကံသည်၎င်း။ အနာဂတဉ္စ၊ အနာဂတ် ကံသည်၎င်း။ ပရိက္ခီဏံ၊ ကုန်ပါပြီဘုရား။ မမံ၊ တပည့်တော်မ ယသော်ဓရာ၏။ သဗ္ဗကမ္မံ၊ အလုံးစုံသော ကံသည်။ ခီဏံ၊ ကုန်ပါပြီ မြတ်စွာဘုရား။ ပါဒေ၊ အရှင်ဘုရား၏ ခြေတော်မြတ်တို့ကို။ ဝန္ဒာမိ၊ ဦးတိုက်ညွှတ်ကြိုး၊ ငံ့ဝပ်လျှိုး၍ ရှိခိုးပါ၏ဘုရား။

ဣတ္ထံ သုဒံ ယသောဓရာ ဘိက္ခုနီ ဘဂဝတော သံမုခါ ဣမာ ဂါထာယော အဘာသိတ္ထ။

ဣတ္ထံ၊ ဤဆိုခဲ့ပြီးသောအတိုင်း။ ယသောဓရာဘိက္ခုနီ၊ယသောဓရာ ထေရီ ရဟန်းမိန်းမသည်။ ဘဂဝတော၊ မြတ်စွာဘုရား၏။ သံမုခါ၊ ရှေ့တော်မျက်မှောက်၌။ ဣမာဂါထာယော၊ ဤဂါထာတို့ကို။ အဘာသိတ္ထ၊ လျှောက်ကြားတော်မူ၏။

ယသောဓရာထေရီ အပဒါန်ဝတ္ထုပြီး၏။ [အဋ္ဌမီသတိဝတ္ထု]။

ယသော်ဓရာ ခုနစ်ချုပ်သော နာနာကုလအမျိုးသမီးတသောင်း သောဘိက္ခုနီရဟန်းမိန်းမတို့ လျှောက်ကြားသော အပဒါန်တရားတော်

တပည့်တော်မတို့၏ အားကိုးရာ ကြင်ဘက် အရှင်သခင် ဖြစ်တော်မူသော မြတ်စွာဘုရား–လေးသင်္ချေနှင့် ကမ္ဘာတသိန်းထက်က ဒီပင်္ကရာ မြတ်စွာဘုရားသည် သုမေဓာ အရှင်ရသေ့ကိုရင်း သုမိတ္တာပုဏ္ဏားသွီးကိုရင်း ချမ်းသာဆင်းရဲတူမျှသောအဖြစ်ကို ဗျာဒိတ်စကားမိန့်ကြားတော်မူ၏။ ထိုသုမေဓာနှင့် သုမိတ္တာ နှစ်ဖြာအစုံ သမ္ဘာဆုံသူတို့အား ဗျာဒိတ်ကြားသောအခါ၌ တသောင်းကုန်သော တပည့်တော်မတို့သည် စည်းဝေး ပေါင်းဆုံရာသို့ ချဉ်းကပ်၍ အရှင် သုမေဓာ ရသေ့သည် နောက်အခါ ပေါင်းဆုံရာ၌ အလုံးစုံ တသောင်းကုန်သော ကျွန်တော်မတို့၏ ခင်ပွန်း ဖြစ်ပါစေသတည်းဟူ၍ရင်း ချစ်ခင်ဘွယ်ရာ ပိယဝါစာရှိကုန်သော ကျွန်တော်မတို့သည် အရှင်သုမေဓာရသေ့၏ ဇနီးဖြစ်စေသတည်းဟူ၍ရင်း ဆုတောင်းပါသည် အရှင်ဘုရား။

အမှံ သဗ္ဗံ ပတိ ဟောဟိ၊ အနာဂတ သမာဂမေ။
သဗ္ဗာဝ တုယှံ ဘရိယာ၊ မနာပါ ပိယဝါဒိကာ။

အယျော၊ အရှင်သုမေဓာ ရသေ့သည်။ သဗ္ဗံ၊ အလုံးစုံသော။ အမှံ၊ ကျွန်တော်မတို့၏။ ပတိ၊ လင်သည်။ ဟောဟိ၊ ဖြစ်ပါစေလော့။ အနာဂတသမာဂမေ၊ နောင်အခါ ပေါင်းဆုံရာ၌။ မနာပါ၊ နှစ်သက်ရွှင်ပြုံး နှလုံးကြည်လင်ချစ်ခင်ဘွယ်ရှိကုန်သော။ ပိယဝါဒိကာ၊ ချစ်ခင်ဘွယ်ရာ ချိုသာသောစကားရှိကုန်သော။ သဗ္ဗာဝ၊ အလုံးစုံ တသောင်းကုန်သော ကျွန်တော်မတို့သည်။ တုယှံ၊ အရှင်သုမေဓာရသေ့၏။ ဘရိယာ၊ မယားတို့သည်။ ဟောမ၊ ဖြစ်ပါစေလိုကုန်၏။

ရဟန်းမြတ် ဖြစ်တော်မူသော မြတ်စွာဘုရား–ဤသို့ ဆုတောင်း၍ အလုံးစုံသော တပည့်တော်မတို့သည် ဒါန သီလ ဘာဝနာတို့ကို ကောင်းစွာ ပွါးပါကုန်၏။ ရှည်မြင့်စွာသော နေ့ညဉ့်တို့ပတ်လုံး အလုံးစုံသော အသူဒါန ဝတ္ထုတို့ကို စွန့်သူပါကုန်၏။ အမွှေးအထုံ ပန်းနံ့သာတို့ကိုရင်း ဆီမီးတိုင်တို့ကိုရင်း ရွှေငွေ ရတနာတို့ကိုရင်း စွန့်သူပါကုန်၏။ ထိုမှ ဘပါးသော ကုသိုလ်တို့ကိုရင်း လူတို့ သုံးဆောင်ဘွယ် ဟူသမျှတို့ကို ရှည်မြင့်စွာသော နေ့ညဉ့်ပတ်လုံး တပည့်တော်မတို့

စွန့်လှူခဲ့ဘူးပါပြီ မြတ်စွာဘုရား။ ဘဝများစွာသံသရာ၌ များစွာသော ကုသိုလ်ကို ပြုပါကုန်၏။ အပိုးရခြင်း စည်းစိမ်ကို ခံစားလျက် ဘဝ ကြီးငယ်တို့၌ ကျင်လည်၍ ယခုနောက်ဆုံး ဖြစ်သော ဘဝ၌ သကျ ပုတ္တ သာကီဝင်မင်းသား အရှင်ဘုရား၏ ရွှေနန်းတော် သုံးဆောင်၌ နတ်သမီးတို့ကဲ့သို့ လှပသော အဆင်းရှိကုန်သော နာနာကုလ အမျိုးသမီး မိဖုယားဖြစ်ကုန်သော တပည့်တော်မတို့သည် လာဘ် ပေါများခြင်း ကျော်စောခြင်းသို့ ရောက်ပါကုန်၏။

ပစ္ဆိမေ ဘဝသမ္ပတ္တေ၊ သကျပုတ္တ နိဝေသနေ။
နာနာကုလူပ ပန္နာယော၊ အစ္ဆရာ ကာမဝဏ္ဏိနီ။

ပစ္ဆိမေ ဘဝသမ္ပတ္တေ၊ နောက်ဆုံးဘဝသို့ ရောက်သည် ရှိသော်။ သကျပုတ္တနိဝေသနေ၊ သာကီဝင် မင်းသားဖြစ်သော အရှင်ဘုရား၏ ပြာသာဒ် သုံးဆောင်၌။ အစ္ဆရာကာမဝဏ္ဏိနီ၊ နတ်သမီးတို့ကဲ့သို့ အလိုရှိ အပ်သော အဆင်းနှင့် ပြည့်စုံသည် ဖြစ်၍။ နာနာကုလူပပန္နာယော၊ နာနာကုလအမျိုးသမီး မိဖုယားတသောင်း ဖြစ်ကုန်၏။

နာနာကုလ အမျိုးသမီး မိဖုယားဖြစ်ကုန်သော တသောင်းသော တပည့်တော်မတို့သည် အရှင်ဘုရား၏ နန်းတော်ပြာသာဒ် သုံးဆောင်၌ နေရ၍ ထမင်း အဖျော် လာဘ်လာဘတို့ကို အခါခပ်သိမ်း ဆောင်ယူ မှီစေကြပါကုန်၏။

တသောင်းကုန်သော တပည့်တော်မတို့သည် ရဟန်းမိန်းမပြုလုပ်၍ ဆဲ့ငါးရက်မတိုင်မီ အလုံးစုံ နိဗ္ဗာန်သို့ ရောက်ကြပါကုန်၏ မြတ်စွာ ဘုရား၊ ရဟန်းမိန်းမ ပြုလုပ်၍ နေသော တသောင်းကုန်သော တပည့် တော်မတို့ကို ဆွမ်း အဖျော် အဝတ်သင်္ကန်း အလုံးစုံသောပစ္စည်းတို့ကို အခါခပ်သိမ်း လှူဒါန်းကြပါကုန်၏။

ကိလေသာ ဈာပိတာ မ္ဟာကံ၊ ဘဝါ သဗ္ဗေ သမူဟတာ။
နာဂီဝ ဗန္ဓနံ ဆေတွာ၊ ဝိဟရာမ အနာသဝါ။
သွာဂတံ ဝတ မေ အာသိ၊ ဗုဒ္ဓသေဋ္ဌဿ သန္တိကေ။
တိဿော ဝိဇ္ဇာ အနုပ္ပတ္တာ၊ ကတံ ဗုဒ္ဓဿ သာသနံ။
ပဋိသမ္ဘိဒါ စတဿော၊ ဝိမောက္ခာပိစ အဋ္ဌိမေ။
ဆဠဘိညာ သစ္ဆိကတာ၊ ကတံ ဗုဒ္ဓဿ သာသနံ။

ဈတ္တံ သုဒံ ယသောဓရာပမုခါနိ ဒသဘိက္ခုနီ သဟဿာနိ
ဘဂဝတော သံမုခါ ဈမာဂါထာယော အဘာသိတ္ထ။
[ကိလေသာ ဈာပိတာမှာကံကို ကိလေသာဈာပိတာ အမှာကံဖြတ်]
နာနာကုလ အမျိုးသွီးမိဖုသား ရဟန်းမိန်းမ တသောင်းတို့၏
အပဒါန်ဝတ္ထု ပြီး၏။ [ဧကူနတိံသ ဝတ္ထု]။

ယသော်ဓရာ အုပ်ချုပ်သော သကျကုလ သာကီဝင်မင်းသွီးမိဖုယား တသောင်းရှစ်ထောင်သော ရဟန်းမိန်းမ ဘိက္ခုနီတို့ လျှောက်ကြားအပ်သော အပဒါန်တရားတော်

ယသော်ဓရာအုပ်ချုပ်သော သကျကုလသာကီဝင် မင်းသွီးမိဖုယား တသောင်းရှစ်ထောင်သော ရဟန်းမိန်းမ ဘိက္ခုနီမတို့သည် မြတ်စွာ ဘုရား အထံတော်သို့ ကပ်လာကြကုန်၏၊ တသောင်းရှစ်ထောင်သော ထိုဘိက္ခုနီမတို့သည် အလုံးစုံသော ကြီးသော တန်းခိုး ရှိကြကုန်၏၊ မြတ်စွာဘုရား၏ခြေတော်ကို ဦးတိုက်၍ ရှိခိုးကြကုန်၍ မိမိတို့ အစွမ်း အားလျော်စွာ လျှောက်ကြား ခွင့်ပန်ကြကုန်၏၊ တပည့်တော်မတို့၏ ငယ်ချစ်သခင် အရှင်မြတ် ဖြစ်တော်မူသော မြတ်စွာဘုရား ဇာတိ ဇရာ ဗျာဓိ မရဏ အနာသဝဖြစ်၍ ဧးမြချမ်းသာ မသေရာဖြစ်သော နိဗ္ဗာန်ပြည်တော်ကြီးသို့ သွားပါတော့အံ့ မြတ်စွာဘုရား၊ အလုံးစုံ တသောင်းရှစ်ထောင်ကုန်သောတပည့်တော်မတို့အား အပြစ်ကြီးငယ် မဖွယ်မရာ မတော်တာများ ရခဲ့ငြားအံ့ သနားဈေးရှု ကရုဏာတရား အစဉ်ထား၍ လျှောက်ကြား ခွင့်ပန်သည်ကို သည်းခံတော်မူပါ ရွှေဘုန်းတော် အရှင်မြတ်ဘုရား။

ခလိတံ စေ ပုရေ အတ္ထိ၊ သဗ္ဗာသမ္ပိ မဟာမုနိ။
အပရာဓ မဇာနန္တိ၊ ခမ အမှံ ဝိနာယက။

မဟာမုနိ၊ ရဟန်းထိပ်တင် မြတ်အရှင်။ ပုရေ၊ ရှေးရှေးကာလ ဘဝ များစွာ သံသရာ၌။ သဗ္ဗာသမ္ပိ၊ အလုံးစုံသော တပည့်တော်မတို့အား။ ခလိတံ၊ ချွတ်ချော်ယွင်းမှား တိမ်းပါးခြင်းသည်။ စေအတ္ထိ၊ အကယ်၍ ရှိငြားအံ့။ ဝိနာယက၊ ဆုံးမပေတတ်သော မြတ်စွာဘုရား။ အပရာဓံ၊

အပြစ်ကြီးငယ်ကို။ အဇာနန္တိ၊ မသိမမြင်ကြကုန်ဘဲ။ ခလိတံ၊ ချွတ်ချော်မှားယွင်း တိမ်းပါးခြင်းသည်။ စေအတ္ထိ၊ အကယ်၍ ရှိငြားအံ့။ အမှံ၊ တပည့်တော်မတို့အား။ ခမ၊ သည်းခံတော်မူပါဘုရား။

ငါဘုရား၏ အဆုံးမစကားကို နှားထောင်၍ လိုက်နာ ပြုကျင့်လေ့ရှိကြကုန်သော ယသော်ဓရာ၏ ညီမတော် ဘိက္ခုနီတို့ အလုံးစုံသော ပရိသတ်၏ ယုံမှားသံသယကို ပယ်ဖြတ်၍ တန်ခိုးပြကြကုန်ဦးလော့ ဟူ၍ မြတ်စွာဘုရား မိန့်တော်မူ၏။

ကြီးသော လုံ့လရှိတော်မူသော မြတ်စွာဘုရား ယသော်ဓရာ အမကြီး အုပ်ချုပ်သော အလုံးစုံချစ်ခင် ကြည့်ရှုဘွယ်အဆင်းလှကုန်သော တပည့်တော်မတို့သည်အရှင်ဘုရားစံတော်မူသောရွှေနန်းတော်ပြာသာဒ်သုံးဆောင်၍ မိဖုယားငယ်တို့ ဖြစ်ပါကုန်၏၊ တသိန်း ကိုးသောင်း ခြောက်ထောင်ကုန်သော မိန်းမတို့တွင် အမကြီး ယသော်ဓရာကဲ့သို့ သာကီဝင်မင်းသ္မီးဖြစ်ကြကုန်၍ အရှင်ဘုရား စံတော်မူသော ရွှေနန်းတော် သုံးဆောင် အလုံးစုံကို အပိုးရပါကုန်၏ မြတ်စွာဘုရား၊ အဆင်းဂုဏ် အကျင့်အာစာရဂုဏ်နှင့် ပြည့်စုံ၍ တဆဲ့ခြောက်နှစ် အရွယ်၌ တည်ကုန်၍ တသောင်း ရှစ်ထောင်ကုန်သော တပည့်တော်မတို့သည် သကျကုလ သာကီဝင် မင်းသ္မီးဖြစ်ကြကုန်၍ အမကြီး ယသော်ဓရာကဲ့သို့ ချမ်းသာစွာ နေ၍ တပည့်တော်မတို့ အပေါ်၌ အမကြီး ယသော်ဓရာသည် အခါခပ်သိမ်း အုပ်ချုပ်၍နေပါသည် မြတ်စွာဘုရား။ အဆင်း လှခြင်း အားဖြင့် ကာမဘုံကို လွန်၍ တည်လျက် တထောင်သော မိန်းမတို့တွင် တယောက်မျှ တူသောသူ မရှိပါ မြတ်စွာဘုရား။ ဤသို့ လျှောက်ကြားပြီး၍ တသောင်း ရှစ်ထောင်ကုန်သော သာကီဝင် မင်းသ္မီး ရဟန်းမိန်းမတို့သည် အထူးထူး အထွေထွေသော တန်ခိုးတို့ကို ပြကြကုန်၏။ ယသော်ဓရာထေရီ ပြသော တန်ခိုးနှင့် အတူပင် ဘန်ဆင်း၍ ကရဝိက်ငှက်ကြီး၊ ဆင်ယောင်၊ မြင်းယောင်၊ တောင်ကြီး၊ သမုဒ္ဒရာ၊ နေ-လ၊ မြင်းမိုရ်တောင်၊ သိကြားမင်း၊ ဤတန်ခိုးတို့ကို ပြကြကုန်၏။ [ပဒုမ္မာကြာပွင့်ကြီးဖန်ဆင်း၍ တထောင်သော လောကဓာတ်ကို ဖုံးလွှမ်းခြင်း၊ ဗြဟ္မာယောင်ဖန်ဆင်း၍ သုညတ တရားဟောခြင်းတို့သည်ကား ပါဠိတော်မလာ]။

ကြီးသောလုံ့လ ရှိတော်မူသော မြတ်စွာဘုရား တပည့်တော်မ တို့သည် ယသော်ဓရာ၏ ညီမတော် တသောင်း ရှစ်ထောင်သော သာကီဝင် မင်းသမီးတို့ဖြစ်ပါသည် အရှင်ဘုရား။ အရှင်ဘုရား၏ ခြေ တော်ကို ရှိခိုးကြပါသည် မြတ်စွာဘုရား၊ တပည့်တော်မတို့သည် အဘိညာဉ်ခြောက်ပါး ပဋိသမ္ဘိဒါ လေးပါးတို့ကို အရှင်ဘုရား၏ အထံတော်မှ ရပါသည် မြတ်စွာဘုရား။ အရှင်ဘုရား၏ အကျိုးငှါ ရှေးရှေးသော ဘုရားတို့၏ အထံတော်၌ များစွာသော ပါရမီအဓိကာရ ကုသိုလ်ကို ပြုခဲ့ကြပါသည် မြတ်စွာဘုရား။ တပည့်တော်မတို့၏ ပါရမီတွေကို အရှင်ဘုရား အောက်မေ့တော်မူပါ မြတ်စွာဘုရား။ မပြုကျင့်ထိုက်သော အရာကိုရှောင်ကြဉ်၍ အရှင်ဘုရားအကျိုးငှါ တပည့်တော်မတို့၏ အသက်ကို စွန့်ဘူးပါကုန်၏ မြတ်စွာဘုရား။

နေကကောဋိ သဟဿာနိ၊ ဘရိယတ္ထာယ ဒါသိနော။
န တတ္ထ ဝိမနာ ဟောမ၊ တုယှတ္ထာယ မဟာမုနိ။

မဟာမုနိ၊ မြတ်စွာဘုရား။ နေကကောဋိသဟဿာနိ၊ ဘဝပေါင်း ကုဋေတထောင်မက။ နော၊ တပည့်တော်မတို့ကို။ ဘရိယတ္ထာယ၊ သူတပါး၏ မယားအလို့ငှါ။ တွံ၊ အရှင်ဘုရားသည်။ အဒါသိ၊ လှူဘူး ပါ၏။ တုယှတ္ထာယ၊ အရှင်မြတ်သည် ဘုရားဆုကို ပြည့်စေခြင်း အကျိုးငှာ။ တတ္ထ၊ ထိုသို့လှူရာ၌။ ဝိမနာ၊ လှူရက်လေခြင်းစွန့်လေခြင်း ဟု ဝမ်းတွင်းပူဆာ စိတ်မသာခြင်းသည်။ နဟောမ၊ မဖြစ်ခဲ့ဘူးပါ မြတ်စွာဘုရား။

နေကကောဋိ သဟဿာနိ၊ ဥပကာရာယ ဒါသိနော။
နေကကောဋိ သဟဿာနိ၊ ဘောဇနတ္ထာယ ဒါသိနော။
န တတ္ထ ဝိမနာ ဟောမ၊ တုယှတ္ထာယ မဟာမုနိ။

ဘဝပေါင်းကုဋေတထောင်မက တပည့်တော်မတို့ကို သူတပါးတို့၏ စေခိုင်းရန် အလို့ငှာ လှူဘူးပါသည် မြတ်စွာဘုရား။ ဘဝပေါင်း ကုဋေ တထောင်မက တပည့်တော်မတို့ကို သူတပါးတို့၏ စားသောက်သုံး ဆောင်ရန် အလို့ငှာ လှူဘူးပါသည် မြတ်စွာဘုရား။

နေကကောဋိ သဟဿာနိ၊ ဇီဝိတာနိ စဇိမှ နော။
ဘယမောက္ခံ ကရိယန္တိ၊ ဇီဝိတာနိ စဇိမှ နော။

နေကကောဋိသဟဿာနိ၊ ဘဝပေါင်းကုဋေရှုတထောင် မကအောင်။ နေ၁၊ တသောင်းရှစ်ထောင်ကုန်သော တပည့်တော်မတို့၏။ ဇိဝိတာနိ၊ အသက်တို့ကို။ စဇိမှ၊ စွန့်ဘူးပါကုန်ပြီ မြတ်စွာဘုရား။ ဘယမောက္ခံ၊ အရှင်ဘုရားကို ဘေးလွတ်ကင်းရန်။ ကရိယန္တိ၊ ပြုလုပ်ကြကုန်လျက်။ နေ၁၊ တပည့်တော်မတို့၏။ ဇိဝိတာနိ၊ အသက်တို့ကို။ စဇိမှ၊ စွန့်ဘူးပါကုန်ပြီ မြတ်စွာဘုရား။

ထိုအတူပင်လျှင် ကိုယ်အင်္ဂါတို့ကိုရင်း အဆင်တန်းဆာတို့ကိုရင်း၊ အထူးထူး အပြားပြား များစွာသော အဝတ်အထည်တို့ကိုရင်း၊ မိန်းမတို့ဝတ်ဆင်ရာ တန်းဆာအထူးထူးတို့ကိုရင်း တပည့်တော်မတို့သည် လျှို့ဝှက်တမူ မသိမ်းယူဘဲ အကုန်လှူပါသည် မြတ်စွာဘုရား။ ဥစ္စာ စပါး, ရွှာ, နိဂုံး, လယ်မြေ, ယာမြေတို့ကိုရင်း၊ သားသ္မီးတို့ကိုရင်း ဆင်မြင်း,ကျွဲ,နွား,ကျွန်မိန်းမ,ကျွန်ယောကျ်ား,အစေခံ အခြွေအရံတို့ကိုရင်း မရေတွက်နိုင်အောင် လှူဘူးပါသည် မြတ်စွာဘုရား။

ယံ အမှေ ပဋိမန္တေသိ၊ ဒါနံ ဒဿာမ ယာစကေ။
ဝိမနံ နော နပဿာမ၊ ဒဒတော ဒါနမုတ္တမံ။

ဥတ္တမံ၊ မြတ်သော။ ဒါနံ၊ အလှူကို။ ဒဒတော၊ ပေးလှူသော အရှင်ဘုရားအား။ ယာစကေ၊ တောင်းလာသူတို့ကို။ဒါနံ၊ အလှူကို။ဒဿာမ၊ ပေးလှူကြကုန်စို့ဟူ၍။ ယံ၊ အကြင်စကားကို။ အမှေ၊ တပည့်တော်မတို့အား။ ပဋိမန္တေသိ၊ အရှင်ဘုရား တိုင်ပင်တော်မူ၏။ နော၊ တပည့်တော်မတို့၏။ဝိမနံ၊ နှလုံးမပြု မလှူလိုခြင်းကို။ နပဿာမ၊ မမြင်ရကုန်ပါ မြတ်စွာဘုရား။

နာနာဝိဓံ ဗဟုံ ဒုက္ခံ၊ သံသာရေစ ဗဟုဝိဓေ။
တုယှတ္ထာယ မဟာဝီရ၊ အနုဘုတ္တံ အသင်္ချယံ။
[ဤဂါထာကို ယသော်ဓရာအခဏ်း၌ အနက်ပေးပြီး]

ချမ်းသာလျှင် ဝမ်းမြောက်ပါ၏။ဆင်းရဲရောက်သော် နှလုံးနောက်ခြင်း မရှိကြပါ။ အလုံးစုံ၌ အရှင်ဘုရား၏အကျိုးငှါ တူမျှသောစိတ်ကို ဖြစ်စေပါကုန်၏။

ဗြဟ္မဒေဝဋ္ဌ သမ္ဗုဒ္ဓ၊ ဂေါတမံ လောကနာယကံ။
အညေသံ လောကနာထာနံ၊ သင်္ကမန္တေဟိ နော် ဗဟူ။

အဓိကာရံ ဇဟံ အမ္မေ၊ ဘုယာတုတ္တာယ မဟာမုနိ၊
ဂဝေသတော ဗုဒ္ဓမမ္မ၊ မယံ တေ ပရိစာရိကာ။

ဖြပဟ္ဗဒေဝဥ္စ သမ္ဗုဒ္ဓိ၊ ဗြဟ္ဗဒေဝ မြတ်စွာဘုရား၏ရင်း၊ ဂေါတမံ လောကနာယကံ၊ ပေါရာဏဂေါတမမြတ်စွာဘုရား၏ရင်း။ အညသံ၊ ထိုမှတပါးကုန်သော။လောကနာထာနံ၊ငါးသိန်း တသောင်း နှစ်ထောင်ကုန်သော မြတ်စွာဘုရားတို့၏ရင်း။သန္တိကံ၊ အထံသို့၊ သက်မန္တော ဟိ၊ ဆည်းကပ်ကြကုန်လျက်။ နော၊ တပည့်တော်မတို့၏။ ပါရင်ယော၊ ဖြည့်ကျင့်ရသော ပါရမီတို့သည်။ ဇဟူ၊ များလှပါပြီ။ မဟာမုနိ၊ မြတ်စွာဘုရား။ ဘုယာတုတ္တာယ၊ အရှင်ဘုရား၏အကျိုးငှါ။ အမ္မေ၊ တပည့်တော်မတို့သည်။ အဓိကာရံ၊ စွန့်စားပြုကျင့်ခဲ့သော ပါရမီအဓိကာရသည်။ ဇဟုံများလှပါပြီ မြတ်စွာဘုရား။ မယံ၊ တသောင်းရှစ်ထောင်သော တပည့်တော်မတို့သည်။ ဗုဒ္ဓမမ္မ၊ ဘုရားဖြစ်ကြောင်း ပါရမီတရားတို့ကို။ ဂဝေသတော၊ ရှာဖွေတော်မူသော။တေ၊အရှင်ဘုရား၏။ ပရိစာရိကာ၊ ခြေရင်းအလုပ်အကျွေးတို့ပါတည်း။ (မယားကို ခြေရင်းအလုပ်အကျွေး ဆိုသည်)။ ဤတသောင်းရှစ်ထောင်သော သာကီဝင်မင်းသမီးတို့သည် ယသော်ဓရာကဲ့သို့ပင် တဆဲ့ခြောက်သင်္ချေအတွင်း၌ ပွင့်တော်မူသော မြတ်စွာဘုရားတို့အထံ၌ ပါရမီဖြည့်ဘက် ဖြစ်ကြကုန်၍ ဗျာဒိတ်မရမီကပင် ကျင်လည်ခဲ့ကြကုန်၏။

ထိုနောက် ဒိပင်္ကရာ မြတ်စွာဘုရား ပွင့်တော်မူသောအခါ၌ အရှင်ဘုရားသည် သုမေဓာ အရှင်ရသေ့ဖြစ်ပါ၏။တသောင်းရှစ်ထောင်သော တပည့်တော်မတို့သည် အမကြီး ယသော်ဓရာနှင့်အတူတကွ ပုဏ္ဏားသမီးတွေ ဖြစ်ပါကုန်၏။သုမေဓာအရှင်ရသေ့ကို ဒိပင်္ကရာမြတ်စွာဘုရားသည် ဗျာဒိတ်ပေးတော်မူပါ၏။ ထိုအခါ၌ မြေကြီး တုန်လှုပ်ပါ၏။ ထိုအခါ၌ နတ်သမီးတို့သည်ရင်း လူသမီးတို့သည်ရင်း တပည့်တော်မတို့ ပုဏ္ဏားသမီးကညာတို့သည်ရင်း ပူဇော်ဘွယ် အထူးထူးတို့ဖြင့် ပူဇော်၍ ဆုတောင်းကြပါကုန်၏။

ဒေဝကညာ မနုဿာစ၊ မယဥ္စာပိ သဒေဝကာ။
နာနာပူဇနိယံ ဘဏ္ဍံ၊ ပူဇယိတွာန ပတ္ထယုံ။

တဒါ၊ ထိုသုမေဓာအရှင်ရသေ့ကို ဗျာဒိတ်ပေးသောအခါ၌။ ဒေဝကညာစ၊ နတ်ကညာတို့သည်ရင်း။မနုဿာစ၊ လူကညာတို့သည်ရင်း။

မယဥ္စာပိ၊ တပည့်တော်မတို့ပြာပဋ္ဌာကညာတို့သည်ငှင်း။ သဒ္ဓေဝကာ၊ နှတ်ရောလူပါ သွီးကညာတို့သည်။ နာနာပုဇနီယံ၊ အထူးထူးအပြားပြား ပူဇော်ဘွယ်ဖြစ်သော။ ဘဏ္ဍံ၊ မွှေးထုံနံ့သာ ဘဏ္ဍာသွယ်သွယ် ပူဇော်ဘွယ်ကို။ ပူဇယိတွာန၊ ပူဇော်ကြကုန်၍။ ပဋ္ဌယုံ၊ ဆုပန်ကြပါကုန်၏။

အရှင်ဘုရားနှင့် ကြင်ဘော်ကြင်ဘက် အဆက်မကွာ လိုက်ပါစေရန် ဆုပန်ကြကုန်သော တပည့်တော်မတို့ကို ဒိပင်္ကရာ မြတ်စွာဘုရားသည် ဗျာဒိတ်ကြားတော်မူ၏။

အစ္ဆ ယေ ပတ္ထိကာ အတ္ထိ၊ တေ ဘဝိဿန္တိ သံမုခါ။

အစ္ဆ၊ ယနေ့ သုမေဓာကို ဗျာဒိတ်ပေးရာ၌။ ပတ္ထိကာ၊ ဆုပန်ကြကုန်သော။ ယေ၊ အကြင်လူရောနှတ်ပါ သွီးကညာတို့သည်။ အတ္ထိ၊ ရှိကုန်၏။ တေ၊ ထိုဆုပန်ကြကုန်သော လူရောနှတ်ပါ သွီးကညာတို့သည်။ သံမုခါ၊ ရှင်သုမေဓာ ပါရမီရင့်၍ ပွင့်တော်မူသော ဂေါတမဘုရား၏ မျက်မှောက်၌။ ဘဝိဿန္တိ၊ အတူတကွ ဖြစ်ကြကုန်လတ္တံ့။

ဤကဲ့သို့ ဒိပင်္ကရာ မြတ်စွာဘုရားသည် တပည့်တော်မတို့အား အမကြီးယသော်ဓရာနှင့်အတူတူ ဗျာဒိတ်စကားမိန့်ကြားတော်မူပါ၏။ ထိုဗျာဒိတ်စကားကို ကြားရသော တပည့်တော်မတို့သည် အလွန်ဝမ်းမြောက်ခြင်း ရှိကြပါကုန်၏။ ထိုဗျာဒိတ်စကားတော်အတိုင်းပင်လျှင် တပည့်တော်မတို့သည် အရှင်ဘုရားအကျိုးငှါ ပါရမီကို ကူညီ၍ ဖြည့်ကျင့်ခဲ့ဘူးကြပါပြီ။ ယခု နောက်ဆုံးဖြစ်သောဘဝ၌ တသောင်းရှစ်ထောင်သော တပည့်တော်မတို့သည် သကျကုလ သာကီဝင်မင်းမျိုး၌ အတူတကွဖြစ်ကုန်ကြ၍ အဆင်းအင်္ဂါ လက္ခဏာနှင့်လည်း ပြည့်စုံကြပါကုန်၏။ စည်းစိမ်ချမ်းသာနှင့်လည်း ပြည့်စုံကြပါကုန်၏။ အခြံအရံ အကျော်အစောနှင့်လည်း ပြည့်စုံကြပါကုန်၏။ သီလနှင့်လည်း ပြည့်စုံကြပါကုန်၏။ အလုံးစုံသော အင်္ဂါနှင့် ပြည့်စုံကြပါကုန်၏။ စိတ်ဆင်းရဲခြင်း ကိုယ်ဆင်းရဲခြင်း မရှိကြပါကုန်။ တစုံတခုသော ဘေးရန်မရှိဘဲ ချမ်းသာစွာ နေကြရပါကုန်၏ မြတ်စွာဘုရား။

အရှင်ဘုရားသည် နန်းတော်တွင်း၌ သာကီဝင်မင်းအပေါင်းတို့၏ ရှေ့မျက်မှောက် တပည့်တော်မတို့၏ဂုဏ်ကျေးဇူးကို အမကြီးယသော်ဓရာနှင့် အတူထား၍ ချီးမွမ်းတော်မူလျက် ဤဂါထာကို ဟောတော်မူဘူးပါ၏။

ဥပကာရာစ ယာ နာရီ၊ ယာစ နာရီ သုခေ ဒုခေ၊
အတ္ထက္ခာယီစ ယာ နာရီ၊ ယာစ နာရီ နုကမ္ပိကာ။
[ယသော်ဓရာအခန်း၌ အနက် ပေးပြီး]

သာကီဝင်မင်းသမီး တသောင်းရှစ်ထောင် တို့သည် ၁၈–ရပ်သော ပါဒဖြင့် ကုဋ္ဌေဖွဲ၍ ယသော်ဓရာထေရီ လျှောက်ကြားသော ဘုရားတို့ကို လျှောက်ကြားခြင်း မရှိကုန်။ ယခုအခါ၌ တပည့်တော်မတို့သည် အရှင်ဘုရား သာသနာတော်၌ ရဟန်းပြု၍ ဆဲ့ငါးရက်မတိုင်မီ ရဟန္တာမ အဖြစ်သို့ ရောက်ကြပါကုန်၏။ ရှေးရှေး ဘဝတို့က ပြုခဲ့ကြသော ဒါန ကုသိုလ်တွေ များသောကြောင့် တသောင်းရှစ်ထောင်သော တပည့်တော်မတို့ ရဟန်းပြုကြကုန်သော အခါ၌ များစွာသော ဆွမ်း သင်္ကန်း ကျောင်း ဆေး ပစ္စည်းလေးပါးတို့ကို လူအပေါင်းတို့သည် သမုဒ္ဒရာ ရေလှိုင်းကဲ့သို့ တိုးတက်ပေါ်များအောင် လှူကြပါကုန်၏ မြတ်စွာဘုရား။

ကိလေသာ ဈာပိတာ မှာကံ ။လ။ ဝိဟရာမ အနာသဝါ။
သွာဂတံ ဝတ နော အာသိ။လ။
ပဋိသမ္ဘိဒါ စတဿော။လ။ ကတံ ဗုဒ္ဓဿ သာသနံ။

ဤဂါထာတို့ကို ဥဒါန်းကျူးလျက် ဤဂါထာတို့ဖြင့်လျှောက်ကြားကြကုန်၏။

ဇာတံ ဗဟုဝိဓံ ဒုက္ခံ၊သမ္ပတ္တိ စ ဗဟုဝိဓံ။
ဝိသုဒ္ဓဘာဝံ သမ္ပတ္တာ၊ လဘာမ သဗ္ဗသမ္ပဒါ။
ယာ ဒဒန္တိ သကတ္တာနံ၊ ပုညတ္ထာယ မဟေသိနော။
သဟာယသမ္ပဒါ ဟောန္တိ၊ နိဗ္ဗာနံ ပဒမသင်္ခတံ။

ဤသို့ ဘုရားလောင်း အလုပ် အကျွေး ဖြစ်ခြင်း၏ အကြောင်းပြဂါထာကို လျှောက်ကြားပြီး၍–

ပရိက္ခီဏံ အတီတဉ္စ၊ ပစ္စုပ္ပန္နံ အနာဂတံ။
သဗ္ဗကမ္မံပိ နော ခီဏံ၊ ပါဒေ ဝန္ဒာမ စက္ခုမ။ [အနက်ပေးပြီး]။

ဤဂါထာဖြင့် အတိတ် အနာဂတ် ပစ္စုပ္ပန် အကြောင်း ကံတို့သည် အလုံးစုံ ကုန်ခန်းပြီးဖြစ်ကြောင်းကို လျှောက်ကြားကုန်လျက် မြတ်စွာဘုရား၏ ခြေတော်ကို ဦးတိုက်ခါ ရှိခိုးကြပြီးလျှင် ပရိနိဗ္ဗာန် ပြုဘို့ရန်

အကြောင်းကို ခွင့်တောင်းကြကုန်၏။ ထိုသို့ ခွင့်တောင်းကြသောအခါ၌ မြတ်စွာဘုရားသည် ဤဂါထာဖြင့် မိန့်ကြားတော်မူ၏။

နိဗ္ဗာနာယ ဝဒန္တီနံ၊ ကိံ ဝေါ ဝက္ခာမိ ဥတ္တရိ။

သင်္ခတံ သန္တိ ဝိဒါယ၊ ယော၊ ပဏ္ဍိတံ အမတံ ပဒံ။

နိဗ္ဗာနာယ၊ ပရိနိဗ္ဗာန်ပြုခြင်းငှါ။ ဝဒန္တီနံ၊ လျှောက်ကြား ခွင့်ပန်ကုန်သော။ ဝေါ၊ သင်တို့အား။ အဟံ၊ ငါဘုရားသည်။ ဥတ္တရိ၊ အလွန်။ ကိံ ဝက္ခာမိ၊ အဘယ်သို့ ဟောကော် မူနိုင်အံ့နည်း၊ ယောသင်္ခတ ဒေါသော၊ အကြင်ပြုပြင်ဖြစ်ပျက်ခြင်း သင်္ခတဒေါသသည်၊ အတ္ထိ၊ ရှိ၏။ တဿ၊ ထိုသင်္ခတဒေါသ၏။ သန္တိံ၊ ငြိမ်းရာဖြစ်သော။ အမတံ-ပဒံ၊ မအိုမသေ အမြဲ နေသော နိဗ္ဗာန်သည်။ ပဏ္ဍိတံ၊ ထွန်းလင်း ထောက်ပ၏။ ဤသို့ မြတ်စွာဘုရား မိန့်တော်မူ၏။

ယသော်ဓရာ အုပ်ချုပ်သော သကျကုလ သာကီဝင် မင်းသွီး မိဖုယား တသောင်း ရှစ်ထောင် ဘိက္ခုနီတို့သည် မြတ်စွာဘုရား၏ မျက်မှောက်တော်၌ ဤအပဒါန် ဂါထာတရားတို့ကို လျှောက်ကြား ကုန်၏။

အဋ္ဌာရသ သဟဿသကျကုလ သာကီဝင် မင်းသွီး မိဖုယား
တသောင်းရှစ်ထောင် အပဒါန် ဝတ္ထုပြီး၏။
[တိံသ ဝတ္ထု]

စဏ္ဍပဇ္ဇောတမင်း၏ မိဖုယားယသဝတီ၏ အပဒါန်ဝတ္ထု ဗျာဒိတ်ခန်း

ဥဇ္ဇေနီ ပြည်ကို အစိုးရသော စဏ္ဍပဇ္ဇောတ မင်း၏ မိဖုယား ယသဝတီ အမှူးရှိသော ခတ္တိယကုလ မင်းသွီး တသောင်းရှစ်ထောင် တို့သည် ရှေးရှေးသော မြတ်စွာဘုရားတို့၏ အထံတော်၌ အဓိကာရ ပါရမီကို ဖြည့်ကျင့်၍ ပဏ္ဏနာ ဆုတောင်းခြင်းဖြင့် တောင်းဘူးသော ပဏ္ဏနာအားလျော်စွာ ကမ္ဘာတသိန်းထက်၌ပွင့်တော်မူသော ပဒုမုတ္တရ ဘုရား လက်ထက်ဝယ် ဟံသာဝတီ နေပြည်တော်၌ သူကြွယ်သွီး ဖြစ်ကြ၍ တညီ တညွတ် ပြည်သူ ပြည်သား တို့နှင့်တကွ ပန်း နံ့သာ လက်စွဲကုန်လျက် ကျောင်းတော်သို့ လာကြ၍ တရားနာသော အခါ ပဒုမုတ္တရ မြတ်စွာဘုရားသည် ဘိက္ခုနီမတဦးကို အခြွေအရံများ

ခြင်း၌ ဇေတဒဂ်ထားတော် မူသည်ကို မြင်လျှင် ကြည်ညိုခြင်း ဖြစ်၍ မြတ်စွာဘုရားနှင့်တကွ ရဟန်းသံဃာတော်တို့အား အလှူကြီးကို ပေးလှူ၍ နောင်ပွင့်တော် မူလတ္တံ့သော မြတ်စွာဘုရားတို့၏ လက်ထက်၌ အခြွေအရံများခြင်း ဇေတဒဂ်ကို ရပါစေသောဟု ဆုတောင်းခြင်းကိုပြုလျှင် ပဒုမုတ္တရ မြတ်စွာဘုရားသည်လည်း အနာဂတ်ကို ရှုတော်မူ၍ ပြည့်စုံလတ္တံ့ဟု ဗျာဒိတ်စကား မိန့်ကြားတော်မူ၏။ ဤသို့ဗျာဒိတ်ရပြီးလျှင် မြတ်စွာဘုရားအား သဒ္ဓါမေတ္တာစိတ်ဖြင့် လုပ်ကျွေးဆည်းကပ်လှူဒါန်းပူဇော်၍ ရတေသောအခါ နတ်ပြည်၌ ဖြစ်လေ၍ နတ်၏စည်းစိမ်ကို ခံစားလျက် နတ်ပြည်မှ စုတေပြန်လျှင် လူ့ပြည်၌ဖြစ်၍ အသစ်အသစ်သော ကုသိုလ်ကို မပြတ်မကွာ ထပ်ခါပြု၍ လူ့ပြည်နတ်ပြည် ကျင်လည်ကြ၍ ကမ္ဘာတသိန်း လွန်လေသော် ငါတို့မြတ်စွာဘုရားသခင်ပွင့်တော်မူသောအခါ ကောသမ္ဗီမြို့၌ မိဖုယားကြီး၏ သွီးဖြစ်၍ အရွယ်သို့ရောက်လျှင် စဏ္ဍပဇ္ဇောတမင်းနှင့် ထိမ်းမြားလက်ထပ် အဂ္ဂမဟေသီမိဖုယားကြီး အရာသို့ရောက်လေသည်၊ တနေ့သောအခါ စဏ္ဍပဇ္ဇောတမင်းသည် မောင်းမအပေါင်း ခြံရံလျက် ဥယျာဉ်တော်သို့သွား၍ ပျော်ပါးမြူးတူး အရက်မူးအိပ်ပျော်၍ နေသောအခါတွင် ယသဝတီမိဖုယားကြီးသည် အခြွေအရံတို့နှင့်တကွ ဥယျာဉ်တော်အတွင်း၌လှည့်ပတ်ရှုကြရာတွင် အရှင်အာနန္ဒာကို တခုသောသစ်ပင်ရင်း၌ တွေ့မြင်၍ အရှင်အာနန္ဒာ၏ အထံတော်သို့သွား၍ တရားတော်ကို နာကြကုန်၏၊ အလုံးစုံသော အခြွေအရံနှင့်တကွ သောတာပန် ဖြစ်ကြကုန်၍ အပေါ်ရုံအဝတ်တို့ကို လှူကြကုန်၏။ ဤသို့လှူပြီးလျှင်မင်း၏ အထံသို့ ပြန်လာခဲ့၍ နန်းတော်သို့ ရောက်ပြီးနောက် တနေ့သောအခါ စဏ္ဍပဇ္ဇောတမင်းကို အခွင့်တောင်း၍ ရဟန်းမိန်းမ ပြုလုပ်ကြကုန်၍ ဝိပဿနာကမ္မဋ္ဌာန်းကို အားထုတ်၍ ဖြစ်ခြင်းပျက်ခြင်းကို ဆင်ခြင်နှုလုံးသွင်းသောအခါ ရဟန္တာဖြစ်ကြလေကုန်၏။ ထိုတသောင်းရှစ်ထောင်သော ခတ္တိယကညာ ရဟန္တာအရှင်မတို့သည် ပရိနိဗ္ဗာန်စံကာနီး၌ ယသော်ဓရာထေရီကဲ့သို့ မြတ်စွာဘုရားအထံသို့ တညီတညွတ် လာကြကုန်၍ အခွင့်တောင်းကြကုန်၍မိမိတို့ဆည်းပူးခဲ့သောပါရမီအပဒါန်အကြောင်းတို့ကို မြတ်စွာဘုရားအား လျှောက်ကြားကြကုန်၏၊ ဤကားအဋ္ဌကထာစကားတည်း။

[ကောသမ္ဗီပြည်ကို ဥတေနမင်းအုပ်စိုးသည်၊ အဝန္တီတိုင်း ဥဇ္ဇေနီ ပြည်ကို စဏ္ဍပဇ္ဇောတမင်း အုပ်စိုးသည်၊ ဥတေနမင်းသည် စဏ္ဍပဇ္ဇော တမင်း၏သမီးကိုမန္တာန်သင်ရာတွင် ခိုးယူသွားကြောင်း ဓမ္မပဒ၌ရှိသည်။ ဤ ယသဝတီ ဝတ္ထု၌ကား ကောသမ္ဗီပြည်ကို အစိုးရသော စဏ္ဍ ပဇ္ဇောတမင်းဟူ၍ရှိ၏ စဉ်းစားရန် ဝိနည်းမဟာဝါပါဠိတော်စီဝရက္ခန္ဓ က၌ စဏ္ဍပဇ္ဇောတမင်းကို ဆေးကုသော ဆရာဇီဝကသည် တနေ့လျှင် ယူဇနာ ငါးဆယ်သွားသော ဘဒ္ဒဝတိကာ ဆင်မကိုစီး၍ ဥဇ္ဇေနီပြည်မှ ထွက်လာခဲ့ရာ ကောသမ္ဗီပြည်တွင် နံနက်စာစားနေစဉ်ကို ကာကမည် သော ကျွန်ယောကျ်ား မှီသည်၊ ထိုကြောင့် ဥဇ္ဇေနီပြည်နှင့် ကောသမ္ဗီ ပြည်သည် နှစ်ဆဲ့ငါးယူဇနာမျှ ဝေးမည်ထင်၏။ ပထမသင်္ဂါယနာတင် ပြီး၍ ဝါကျွတ်လျှင် ဆန္နထေရ်ကို ဗြဟ္မဒဏ်ပေးရန် ကောသမ္ဗီပြည် ဥတေနမင်း၏ ဥယျာဉ်၌ အရှင်အာနန္ဒာနေဆဲအခါတွင် မောင်းမငါး ရာတို့လာ၍ အပေါ်ရုံပုဆိုးငါးရာ လှူကြောင်းကို စူဠဝါပါဠိတော် ပဉ္စ သတိကက္ခန္ဓက၌ လာ၏ ဤမောင်းမငါးရာတို့ကား ဥတေနမင်း၏ မိဖု ယားများဖြစ်၏။

ပဇ္ဇောတမင်းသည်ကား စဏ္ဍော သော ရာဇာ ဟူ၍ ဆရာဇီဝက ဆိုသောကြောင့် စဏ္ဍပဇ္ဇောတ အမည်ဖြစ်၏။]

ယသဝတီ မိဖုယား အုပ်ချုပ်သော ခတ္တိယကုလ မင်းမျိုးတို့၏ မိဖုယား တသောင်းရှစ်ထောင်သော ဘိက္ခုနီမတို့ လျှောက်ကြားသော အပဒါန် တရားတော်

မုနိထွဋ်ထားမြတ်စွာဘုရား တသောင်း ရှစ်ထောင်သောခတ္တိယမင်း သမီးတို့သည် အလုံးစုံသော အာသဝေါတို့မှ ကင်းလွတ်၍ ဖြစ်ခြင်းပျက် ခြင်းတည်းဟူသော အလုံးစုံဘဝတို့သည် ကုန်ခန်းကြပါပြီ မြတ်စွာ ဘုရား။ တသောင်း ရှစ်ထောင်သော တပည့်တော်မတို့သည် အရှင် ဘုရား၏အကျိုးငှာ ရှေးရှေးဘဝတို့က ပြုဘူးသော ကုသိုလ်ကံသည် ရှိပါကုန်၏၊ လူတို့တောင့် တအပ်သော အသုံးအဆောင် ပရိဘောဂ တို့ကို တပည့်တော်မတို့သည် လှူဘူးပါကုန်၏ မြတ်စွာဘုရား။ ပစ္စေက ဗုဒ္ဓါတို့အားရင်း သမ္ဗုဒ္ဓ မြတ်စွာဘုရားတို့အားရင်း၊ ဗုဒ္ဓသာဝက ရဟန္တာတို့အားရင်း၊ အသုံးအဆောင် ပစ္စည်းတို့ကို လှူခြင်းသည်

အရှင်ဘုရား၏ အကျိုးငှာဖြစ်ကြပါသည် မြတ်စွာဘုရား။ ရဟန်းသံဃာတော်တို့အား ကြီးကြီးငယ်ငယ် ပြုဘွယ်ပြုရာ လှူဘွယ်ရာတို့ကို ဥစ္စာကုလပရိက္ခမ္မ အမျိုးမြတ်ခြင်း၏ အခြေခံပရိက်ကုသိုလ်ကို ပြုဘူးကြပါကုန်၏ မြတ်စွာဘုရား။

တေ နေ၀ သုက္ကမူလေန၊ စောဒိတာ ကမ္မသမ္ပဒါ။
မာနုသိက မတိက္ကန္တာ၊ ဇာယိံသု ခတ္တိယေ ကုလေ။
ဥပ္ပတ္တေစ ကတေ ကမ္မေ၊ ဇာတိယာဝါပိ ကေတော။
ပစ္ဆိမေ ကေတော ဇာတာ၊ ခတ္တိယကုလသမ္ဘဝါ။
ရူပဝတီ ဘောဂဝတီ၊ လာဘသက္ကာရပူဇိတာ။
အန္တေပုရေ မဟာဝီရ၊ ဒေဝါနံ ဝိယ နန္ဒနေ။

မဟာဝီရ၊ ကြီးသောလုံ့လ ရှိတော်မူသော မြတ်စွာဘုရား။ တေနေ၀ သုက္ကမူလေန၊ ထိုကုသိုလ်ကံရင်းသည်သာလျှင်။ စောဒိတာ၊ တိုက်တွန်းအပ်ကုန်သည်ဖြစ်၍။ ကမ္မသမ္ပဒါ၊ ကုသိုလ်နှင့် ပြည့်စုံကြကုန်သော တပည့်တော်မတို့သည်။ မာနုသိကံ၊ လူအပေါင်းတို့ထက်။ အတိက္ကန္တာ၊ လွန်မြတ်ကြကုန်လျက်။ ခတ္တိယေကုလေ၊ ခတ္တိယမင်းမျိုး၌။ ဇာယိံသု၊ ဖြစ်ကြကုန်၏။ ဇာတိယာဝါပိ၊ ဇာတ်အားဖြင့်လည်း။ ကေတော၊ တပေါင်းတည်း။ ကမ္မေ၊ ကံကို။ ကတေ၊ ပြုအပ်သည်ရှိသော်။ ဥပ္ပတ္တေစ၊ ဖြစ်သောအခါ၌လည်း။ ကေတော၊ တပေါင်းတည်း။ ဇာတာ၊ ဖြစ်ကြကုန်လျက်။ ပစ္ဆိမေ၊ နောက်ဆုံးဘဝ၌။ ခတ္တိယကုလသမ္ဘဝါ၊ ခတ္တိယမင်းမျိုး၌ ဖြစ်ကြပါကုန်၏။ ရူပဝတီ၊ လှသော အဆင်းရှိကြကုန်၍။ ဘောဂဝတီ၊ စည်းစိမ်ရှိကြကုန်လျက်။ လာဘသက္ကာရပူဇိတာ၊ လာဘ်ပူဇော်သက္ကာရရှိကြကုန်၍။ ဒေဝါနံ၊ တာဝတိံသာ နတ်ကညာတို့၏။ နန္ဒနေဝိယ၊ နန္ဒဝန်ခေါ် ဥယျာဉ်တော်၌ကဲ့သို့။ အန္တေပုရေ၊ နန်းတော်တွင်း၌။ ဝိဟာရမ၊ နေရပါကုန်၏။

တသောင်းရှစ်ထောင်ကုန်သော ခတ္တိယကုလ တပည့်တော်မတို့သည် လူဝတ်အဖြစ်၌ ငြီးငွေ့ကြကုန်၍ အရှင်ဘုရား သာသနာတော်၌ ရဟန်းမိန်းမ ပြုလုပ်ကြပါကုန်၏။ နှစ်ရက် သုံးရက် လေးရက် ငါးရက် အတွင်း၌ အလုံးစုံသော တပည့်တော်မတို့သည် နိဗ္ဗာန်သို့ရောက်ကြပါကုန်၏။ ရှေးရှေးသောဘဝတို့က ပြုခဲ့သော ဒါနကုသိုလ်ကြောင့် ရဟန်းပြုကြကုန်သော တပည့်တော်မတို့ကို ဆွမ်း,သင်္ကန်း,ကျောင်း,

ဆေး,လေးပါးသော ပစ္စည်းတို့ကို လှူဒါန်းပို့ရောက်ကြပါကုန်၏။ အခါ ခပ်သိမ်း များစွာသော ပူဇော်သက္ကာရကို ပြုကြပါကုန်၏။

ကိလေသာ ဈာပိတာ မှာကံ။လ။ဝိဟာရာမ အနာသဝါ။
သွာဂတံ ဝတ မေ အာသိ၊ ဗုဒ္ဓသေဋ္ဌဿ သန္တိကေ။လ။
ပဋိသမ္ဘိဒါ စတဿော။လ။ကတံ ဗုဒ္ဓဿ သာသနံ။
ဣတ္ထံ သုဒံ ယသဝတီ ပမုခါနိ၊ ခတ္တိယကညာ ဘိက္ခုနိယော
အဋ္ဌာရသ သဟဿာနိ ဘဂဝတော သံမုခါ ဣမာဂါထာယော
အဘာသိတ္ထ။

ဣတ္ထံ၊ ဤဆိုပြီးအတိုင်း။ ယသဝတီပမုခါနိ၊ ယသဝတီမိဖုယား အုပ်ချုပ်ကုန်သော။ ခတ္တိယကညာဘိက္ခုနိယော၊ ခတ္တိယ မင်းမျိုး သွီးကညာ ဘိက္ခုနီ တို့သည်။ အဋ္ဌာရသသဟဿာနိ၊ တသောင်း ရှစ်ထောင်။လ။အဘာသိတ္ထ၊ ဟောတော်မူကုန်၏။

ယသဝတီနှင့်တကွ တသောင်းရှစ်ထောင်သော ထေရီ အပဒါန် ဝတ္ထုပြီး၏။ [ဧကတိံသ ဝတ္ထု]။

ပုဏ္ဏားမျိုးဖြစ်သော ရှစ်သောင်းလေးထောင်သော ဘိက္ခုနီ ရဟန်းမိန်းမတို့ လျှောက်ကြားသော အပဒါန်တရားတော်

စတုရာသီတိ သဟဿာနိ၊ ဗြာဟ္မဏကုလသမ္ဘဝါ။
သုခုမာလဟတ္ထပါဒါ၊ ပုရေ တုယှံ မဟာမုနိ။

မဟာမုနိ၊ ရဟန်းထိပ်တင် အရှင်မြတ်ဘုရား။ စတုရာသီတိ သဟဿာနိ၊ ရှစ်သောင်းလေးထောင်ကုန်သော။ ဗြာဟ္မဏကုလသမ္ဘ ဝါ၊ပုဏ္ဏားမျိုး၌ ဖြစ်ကြကုန်သော။ သုခုမာလဟတ္ထပါဒါ၊ နူးညံ့သော လက်ခြေရှိကုန်သော။မယံ၊တပည့်တော်မတို့သည်။ တုယှံ၊အရှင်ဘုရား ၏။ ပုရေ၊ နန်းတော်သို့။ အာဂန္တွာမ၊ လာရောက်ကြရပါကုန်၏။

ဝေဿသုဒ္ဒကုလေ ဇာတာ၊ ဒေဝါ နာဂါစ ကိန္နရာ။
စတုဒ္ဒီပါ ဗဟူ ကညာ၊ပုရေ တုယှံ မဟာမုနေ။

မဟာမုနေ၊ နိဗ္ဗာန်ပြည်နန်း ပျော်စံမြန်းသည် ရဟန်းထိပ်တင် မြတ်အရှင်။ ဝေဿကုလေ၊ ကုန်သည်မျိုး၌။ ဇာတာ၊ မွေးဖွားကြကုန်

သော။ ဗဟူကညာစ၊ များစွာသောသွီးကညာတို့သည်ရင်း။သုဒ္ဒကုလေ၊ ဆင်းရဲသောအမျိုး၌။ ဓာတာ၊ မွေးဖွားကြကုန်သော။ ဗဟူကညာစ၊ များစွာသော သွီးကညာတို့သည်ရင်း။ ဒေဝါ၊နတ်ပြည်၌ဖြစ်ကုန်သော။ ဗဟူကညာစ၊ များစွာကုန်သော နတ်သွီးကညာတို့သည်ရင်း။ နာဂါ၊ နဂါးပြည်၌ဖြစ်ကုန်သော။ ဗဟူကညာစ၊ များစွာကုန်သော နဂါးသွီး ကညာတို့သည်ရင်း။ ကိန္နရာ၊ လူရုပ်အဆင် ပုံသွင်တူစွာ ကိန္နရာမျိုး ဖြစ်ကုန်သော။ ဗဟူကညာစ၊ များစွာကုန်သော ကိန္နရာသွီးကညာတို့ သည်ရင်း။ စတုဒိပ်ါ၊ လေးကျွန်းလုံး၌ ဖြစ်ကုန်သော။ ဗဟူကညာစ၊ များစွာကုန်သော လေးကျွန်းသူ သွီးကညာတို့သည်ရင်း။ တုယှံ၊ အရှင် ဘုရား၏။ပုရေ၊ရှေ့နန်းတော်သို့။ အာဂန္တွာ၊ လာရောက်ကြရပါကုန်၏။

[နိဿယ၌ စတုဒိသာဟုရှိ၏။ ပုံနှိပ်ပါဠိတော်၌ စတုဒိပါဟု ရှိ၏။ စတုဒိပါရှိလျှင် လေးကျွန်းလုံး သွီးကညာ ဆက်လာကြောင်းကို ဆိုသည်ဟု မှတ်ရန်သင့်သည်]။

ကေစိ ပဗ္ဗဇိတာ အဒ္ဒက္ခိ၊ ဝဏ္ဏဒဿာဝိနော ဗဟူ။
ဒေဝါစ ကိန္နရာ နာဂါ၊ ဖုသိဿန္တိ အနာဂတေ။
အနုဘောတွာ ယသံ သဗ္ဗံ၊ ပတွာန သဗ္ဗသမ္ပဒါ။
တုမှံ ပသာဒံ ပဋိလဒ္ဓါ၊ ဖုဿိဿန္တိ အနာဂတေ။

[ဤနှစ်ဂါထာဖြင့် အပဒါန်ပါဠိတော်၏ လိုရင်းအဓိပ္ပါယ်ကို တိုက် ရိုက်ပြတော်မူ၏။ မြတ်စွာဘုရားတို့အားရင်း မြတ်စွာ ဘုရားတို့၏ စေတီတော် ဓာတ်တော်စသည်ကိုရင်း သဒ္ဓါကြည်ညိုသော စိတ်ဖြင့် တကြိမ်တခါမျှ ဖူးမြင်ရကုန်သောသူတို့သည် သံသရာတွင် တာရှည်စွာ ကျင်လည်၍ ကမ္ဘာပေါင်း မည်မျှပင် ကြာသော်လည်း နိဗ္ဗာန်ကို မုချ ဆတ်ဆတ် ရလတ္တံ့ ပုဂ္ဂိုလ်ဟူ၍ ပြဆိုလိုသော ဂါထာများဖြစ်ကုန်၏]။

ဘန္တေ၊ မြတ်စွာဘုရား။ ကေစိ၊ အချို့သော သွီးကညာတို့သည်။ ပဗ္ဗဇိတာ၊ ရဟန်းပြုလိုကြကုန်သူတို့သည်။ အဒ္ဒက္ခိ၊ ရှိကုန်၏။ ကေစိ၊ အချို့သော သွီးကညာတို့သည်။ဝဏ္ဏဒဿာဝိနော၊သံသရာဘဝအပြစ်ကို မြင်ကြကုန်သူတို့သည်။ အဒ္ဒက္ခိ၊ ရှိကုန်၏။ ဗဟူ၊ များစွာကုန်သော။ ဒေဝါစ၊ နတ်ကညာတို့သည်ရင်း။ နာဂါစ၊ နဂါး ကညာတို့သည်ရင်း။ အနာဂတေ၊ နောင်အခါ မကြာမီကာလ၌။ ဖုသိဿန္တိ၊ နိဗ္ဗာန်ကို ကိုယ်တိုင် ထိတွေ့ရကုန်လတ္တံ့။

အဓိပ္ပါယ်ကား–ရဟန်းပြုလိုကြကုန်သော နတ်ကညာ ကိန္နရာ နဂါး ကညာတို့သည် သံသရာဘဝအပြစ်ကို မြင်ကြကုန်သောကြောင့် နောင်အခါ မကြာမီ ကာလ အတွင်း၌ နိဗ္ဗာန်ကို ကိုယ်တိုင် ထိရောက်၍ နေရကုန်လတ္တံ့။

တမ္ပိ၊ အရှင်ဘုရားတို့အား။ ပသာဒံ၊ စိတ်၏ကြည်ညိုခြင်းကို။ ပဋိလဒ္ဓါ၊ ရကြကုန်သော။ ကေစိ၊ အချို့ကုန်သော။ ဒေဝါစ၊ နတ်ကညာတို့သည်၎င်း။ ကိန္နရာစ၊ကိန္နရီကညာတို့သည်၎င်း။နာဂါစ၊နဂါးကညာတို့သည်၎င်း။ သဗ္ဗံ၊အလုံးစုံသော။ ယသံ၊စည်းစိမ်ချမ်းသာ ကျော်စောခြင်းကို။အနုဘောတွာ၊ ခံစားပြီး၍။ သဗ္ဗသမ္ပဒါ၊ အလုံးစုံသော ပြည့်စုံခြင်းသို့။ ပတွာန၊ ရောက်ကြကုန်ပြီး၍။ အနာဂတေ၊ နောင်အခါ လာလတ္တံ့သော ကမ္ဘာကာလအတွင်း၌။ ဗုဒ္ဓိသဃ္ဃံ၊သစ္စာလေးရပ် တရားမြတ်ကို တပ်တပ်ထင်ထင် သိမြင်ကြကုန်လတ္တံ့။

အဓိပ္ပါယ်ကား သံသရာ ဘဝအပြစ်ကို မမြင် စည်းစိမ်ခင်၍ ခံစားချင်သော စိတ်ရှိသောကြောင့် ဘုရားမြတ်စွာ၌ သဒ္ဓါကြည်ညိုခြင်း ကုသိုလ်ကို ရကြကုန်သော နဂါး ကိန္နရာ နတ်ကညာတို့သည် မိမိတို့ အလိုရှိသော စည်းစိမ်ကို ခံစား၍နေသောကြောင့် နောင်သောအခါ နိဗ္ဗာန်ကို ရလတ္တံ့ဟု ဆိုလိုသည်။

အမှေ ဗြာပ္ပဏာဓီတာတ္၊ ဗြာပ္ပညာကုလသမ္ဘဝါ။

ပေက္ခတော နော မဟာဝီရ၊ ပါဒေ ဝန္ဒာမ စက္ခုမ။

မဟာဝီရ၊ ကြီးသောလုံ့လ ရှိတော်မူသော။ စက္ခုမ၊ စက္ခုငါးပါး ရှိတော်မူသော မြတ်စွာဘုရား။ အမှေဗြာပ္ပဏာဓီတာတ္၊ တပည့်တော်မတို့ ပုဏ္ဏားသွီးတွေမှာကား။ ဗြာပ္ပညာကုလသမ္ဘဝါ၊ မြင့်မြတ်လှစွာ သာသနာ၌။ ဘဗ္ဗာ၊ စင်စစ် ရဟန်းဖြစ်ထိုက်သော အမျိုးသွီး ဖြစ်ကြကုန်၍။ ပေက္ခတော၊ နိဗ္ဗာန်ကို ကိုယ်တိုင်ထင်ထင် ရှုမြင်ကြကုန်လျက်။ နော၊ တပည့်တော်မတို့သည်။ ပါဒေ၊ ခြေတော်တို့ကို။ ဝန္ဒာမ၊ ရှိခိုးကြပါကုန်၏ မြတ်စွာဘုရား။

အဓိပ္ပါယ်ကား အရှင်ဘုရား စံတော်မူရာ ကျောင်းတော်သို့ ရောက်လာကြသော သွီးကညာအပေါင်းတို့တွင် နတ်သွီးကညာ ကိန္နရီကညာ နဂါးကညာ တို့သည် အဘဗ္ဗကညာ သာသနာတော်နှင့် မထိုက်တိရစ္ဆာန မဂ်မှ ဗီလာပုဂ္ဂိုလ်များဖြစ်သောကြောင့် ယခုဘဝ နိဗ္ဗာန်ကို

မရကြပါကုန်။ အရှင်ဘုရား၌ သဒ္ဓါကြည်ညိုခြင်းရှိကုန်၍ နေဝင်အခါ၌ နိဗ္ဗာန်ကို ရကြပါကုန်လတ္တံ့။ တပည့်တော်မတို့ ပြာပဋ္ဌာကညာ ရှစ်သောင်းလေးထောင်တို့သည်ကား မြင့်မြတ်သော ဘဗ္ဗပုဂ္ဂိုလ်မျိုး၌ ဖြစ်ကြကုန်၍ သာသနာတော်ထမ်း ရဟန်းမိန်းမ ပြုလုပ်ကြကုန်လျက် နိဗ္ဗာန်ကို ယခုဘဝ၌ပင် သိမြင်ကြကုန်၍ အရှင်ဘုရား၏ ခြေတော်ကို ဦးတိုက်ညွတ်ကျိုး ငုံ့ဝပ်လျှိုး၍ ရှိခိုးပါကုန်၏ မြတ်စွာဘုရားဟူ၍ လျှောက်ကြားကြကုန်၏။

ပြာပဋ္ဌာကညာ ပုဏ္ဏားသမီး ဖြစ်ကြကုန်သော တပည့်တော်မတို့သည် တဏှာနုသယ မူလအမြစ်ကို ဖြတ်ပစ်ပြီးဖြစ်ကြကုန်၍ နေဝင်ဘဝ တဖန် ဖြစ်ခြင်း ပျက်ခြင်း ကင်းလွတ်ကြ၍ ရဟန္တာမိန်းမ ဖြစ်ကြပါကုန်၏ မြတ်စွာဘုရား။ အလုံးစုံသော တပည့်တော်မတို့သည် သမာဓိအာရုံ၌ ဈာန်သမာပတ်ကိုဝင်စားလေ့လာကြကုန်လျက် ဈာန်ကမ္မဋ္ဌာန်းတရား၌သာလျှင် အခါခပ်သိမ်း မွေ့လျော်ပျော်ပါး၍ နေကြပါကုန်၏ မြတ်စွာဘုရား။

ဘဝနေတ္တိ အဝိဇ္ဇာစ၊ သင်္ခါရာပိစ ခေပိတာ။
သုဒုဒ္ဒသံ ပဒံ ဂန္တွာ၊ အနုတ္တရနိမ္မ နာယကာ။

ဘဝနေတ္တိစ၊ ဘုံဘဝသံသရာ၌ ဆွဲငင်တတ်သော တဏှာကြီးသည်၎င်း။ အဝိဇ္ဇာစ၊ ဖြစ်ပျက်ကိုမမြင်သော အဝိဇ္ဇာသည်၎င်း။ သင်္ခါရာပိစ၊ ပုညာပုည သင်္ခါရတို့သည်၎င်း။ ဝါ၊ တို့ကို၎င်း။ ခေပိတာ၊ ကုန်းခန်းစေအပ် ပယ်ဖြတ်သန့်ရှင်း လွတ်ကင်းကြပါကုန်ပြီ။ သုဒုဒ္ဒသံ၊ ပုထုဇဉ်တို့ မြင်နိုင်ခြင်းငှါ ခဲယဉ်းစွာသော။ ပဒံ၊ နိဗ္ဗာန်သို့။ ဂန္တွာ၊ သွားရောက်တဖန် နောက်မပြန်ဘဲ ပရိနိဗ္ဗာန်ပြုခြင်းငှါ။ အနုတ္တရနိမ္မ၊ ခွင့်ပြုတော်မူပါ မြတ်စွာဘုရား။

ဥပကာရာ မယံ တုမှေ၊ ဒီဃရတ္တံ ကတာဝိနော။
စတုန္နံ သံသယံ ဆေတွာ၊ သဗ္ဗာ ဂစ္ဆာမ နိဗ္ဗုတိံ။

တုမှေ၊ သင်ချစ်သမီးတို့သည်။ မယံ၊ ငါဘုရားအား။ ဥပကာရာ၊ ကျေးဇူးများကြကုန်၏။ ဒီဃရတ္တံ၊ ရှည်ကြာစွာသော ကမ္ဘာကာလ ပတ်လုံး။ ကတာဝိနော၊ ပြုအပ်သော ကျေးဇူးရှိကြကုန်၏။ စတုန္နံ၊ ပရိသတ်လေးပါးတို့၏။ သံသယံ၊ ယုံမှားသံသယကို။ ဆေတွာ၊ ပယ်ဖြတ်ချန် တန်ခိုးပြပြီး၍။ သဗ္ဗာ၊ အလုံးစုံ ရှစ်သောင်း လေးထောင်

ကုန်သော ချစ်သွီးတို့သည်။ နိဗ္ဗုတိ၊ မဒရိမသေ အမြဲနေသော နိဗ္ဗာန်သို့။ ဂစ္ဆန္တိ၊ သွားကြကုန်လေ့။

သံသရာဘဝ အဆက်ဆက်က ပါရမီဖြည့်ဘက် ဆုတောင်းဘက်ဖြစ်၍ လင်မယား၏ ဝတ်တရားနှင့် ပြည့်စုံစွာ လင်ယောကျ်ားဖြစ်သော ဘုရားလောင်းကို အရိုအသေ ချစ်ခင်မြတ်နိုးစွာ လုပ်ကျွေးပြုစုဘူးကြကုန်သော အမျိုးကောင်းသွီးများ ဖြစ်ကြကုန်၍-

ဥပကာရ မမံတုမှေ၊ ဒိဿရတ္တံ ကတာဝိနော ဟူ၍ ချီးမွမ်းစကားမိန့်ကြားတော်မူ၏။

ဤသို့ မြတ်စွာဘုရား မိန့်တော်မူသောအခါ ရှစ်သောင်းလေးထောင်ကုန်သော ဗြာဟ္မဏကညာ ပုဏ္ဏားသွီး ရဟန်းမိန်းမတို့သည် မြတ်စွာဘုရား၏ ခြေတော်ကို ဦးတိုက်ခါ ရှိခိုးကြကုန်၍ ကောင်းကင်သို့ ပျံတက်ကြကုန်လျက် ဝိကုဗ္ဗနဣဒ္ဓိကို ဖန်ဆင်းပြုလုပ်ကြကုန်၍ အချို့သော ဘိက္ခုနီမတို့သည် အရောင်အလင်းကို ဖန်ဆင်း၍ ပြကြကုန်၏။ အချို့တို့သည် အမိုက်မှောင်ကြီးကို ဖန်ဆင်း၍ ပြကြကုန်၏။ အချို့တို့သည် နေဗိမာန်ကြီးကို ဖန်ဆင်း၍ ပြကြကုန်၏။ အချို့တို့သည် လဗိမာန်ကြီးကို ဖန်ဆင်း၍ ပြကြကုန်၏။ အချို့တို့သည် ငါးမျိုးစုံရှိသော သမုဒ္ဒရာကြီးကို ဖန်ဆင်း၍ ပြကြကုန်၏။ အချို့တို့သည် မြင်းမိုရ်တောင်ကို ဖန်ဆင်း၍ ပြကြကုန်၏။ အချို့တို့သည် မြင်းမိုရ်တောင်၏ ပရိဘဏ္ဍ ခါးပန်းအကြည် ပတ်လည်ကို ဖန်ဆင်း၍ ပြကြကုန်၏။ အချို့တို့သည် ပင်လယ် ကသစ်ပင်ကြီးကို ဖန်ဆင်း၍ ပြကြကုန်၏။ အချို့တို့သည် တာဝတိံသာ နတ်ပြည်ကို ပြကြကုန်၏။ အချို့တို့သည် ယာမာနတ်ပြည်ကို၊ အချို့တို့သည် တုသိတာနတ်ပြည်ကို၊ အချို့တို့သည် နိမ္မာနရတိ နတ်ပြည်ကို၊ အချို့တို့သည် ပရနိမ္မိတ ဝသဝတ္တီ နတ်ပြည်ကို ပြကြကုန်၏။ အချို့တို့သည် ဗြဟ္မာ့ပြည်ကို ပြကြကုန်၏။ အချို့သော ရဟန်းမိန်းမတို့သည် ဗြဟ္မာကြီးသဏ္ဌာန် ဖန်ဆင်း၍ သုညတ တရားကို ဟောတော်မူကြကုန်၏။ ဤသို့အထူးထူးသော ဝိကုဗ္ဗနဣဒ္ဓိဖြင့် ဖန်ဆင်းခြင်းပြု၍တန်ခိုးပြကြကုန်၏။ ရှစ်သောင်း လေးထောင် ကုန်သော ဗြာဟ္မဏကညာ မိဖုယား ရဟန်းမိန်းမတို့သည် မြတ်စွာဘုရား၏ မျက်မှောက်တော်၌ တန်ခိုးအစွမ်းကို ပြကြကုန်ပြီး၍ မြတ်စွာဘုရား၏ ခြေတော်ကို ဦးတိုက်ခါ ရှိခိုးလာကြကုန်၏။

ကြီးသောလုံ့လ ရှိတော်မူသော မြတ်စွာဘုရား ရှစ်သောင်းလေးထောင်ကုန်သော တပည့်တော်မတို့သည် ရုဒ္ဓိဝိဓ အဘိညာဏ်တို့၌ ၎င်း ဒိဗ္ဗသောတ၊ ပရစိတ္တဝိဇာနန၊ ပုဗ္ဗေနိဝါသ၊ ဒိဗ္ဗစက္ခု၊ အာသဝက္ခယ ဉာဏ်တို့၌၎င်း လေ့လာနိုင်ပါ၏ မြတ်စွာဘုရား။ အလုံးစုံသော အာသဝေါတို့မှ ကင်းလွတ်၍ နောင်ဘဝတဖန် ဖြစ်ခြင်းပျက်ခြင်း အိုခြင်းသေခြင်း မရှိတော့ပါ မြတ်စွာဘုရား။ အတ္ထပဋိသမ္ဘိဒါ ဓမ္မပဋိသမ္ဘိဒါ နိရုတ္တိပဋိသမ္ဘိဒါ ပဋိဘာဏပဋိသမ္ဘိဒါ ဤလေးပါးသော ပဋိသမ္ဘိဒါဉာဏ်တို့ကိုလည်း အရှင်ဘုရား၏ အထံတော်မှ ရပါသည် မြတ်စွာဘုရား။

ရှစ်သောင်းလေးထောင်ကုန်သော ဗြာဟ္မဏကညာ မိဖုရားပုဏ္ဏားသို့ ရဟန်းမိန်းမတို့သည် နောက်ဆုံးဘဝ၌ မြတ်စွာဘုရား စံတော်မူသော ရွှေနန်းတော်သုံးဆောင်၍နေကြရကုန်၍ ဤကဲ့သို့ကြီးကျယ်သော ချမ်းသာကို ရှေးကဆုတောင်း ကောင်းမှုကုသိုလ် ရှိကြ၍သာလျှင် ခံစားကြရကုန်၏။ ထိုရှေးကဆုတောင်း ကောင်းမှုကုသိုလ် ပြုလုပ်ပုံ ပါဠိမြည့်ပုံကိုလည်း ဤသို့လျှောက်ကြားကြကုန်၏။

ရှစ်သောင်း လေးထောင်သောဗြာဟ္မဏကညာတို့သည်ယသောဒ်ရာကဲ့သို့ မြတ်စွာဘုရားနှင့် အတူတကွ နေထိုင်ရန် ဆုတောင်းခဲ့ဘူးသော အကြောင်း

ပုဗ္ဗာနံ လောကနာထာနံ၊ သက်မဏ္ဍေဟိ ဒသိတံ။
အဓိကာရံ ဗဟုံ အမှေ၊ တုယှတ္ထာယ မဟာမုနေ။
ယံ အမှေဟိ ကတံ ကမ္မံ၊ ကုသလံ သရတံ မုနေ။
တုယှတ္ထာယ မဟာဝီရ၊ ပုညာနုပစိတာနိ နော။

မဟာမုနေ၊ ရဟန်းထိပ်တင် မြတ်အရှင်။ အမှေ၊ တပည့်တော်မတို့သည်။ တုယှတ္ထာယ၊ အရှင်ဘုရားနှင့် ပေါင်းဆုံတွေ့ကြုံရခြင်း အကျိုး၄ါ။ ပုဗ္ဗာနံ၊ ရှေးရှေး ကမ္ဘာတို့က ပွင့်တော်မူကုန်သော။ လောကနာထာနံ၊ မြတ်စွာဘုရားတို့၏။သန္တိကံ၊အထံတော်သို့။ သကော်မဏ္ဍေဟိ၊ ဆည်းကပ်ကြကုန်လျက်။ ဒသိတံ၊ ပေးလှူခဲ့ဘူးသော။ အဓိကာရံ၊ ပါရမီပုညာ အဓိကာရ ကုသိုလ်သည်။ဗဟုံ၊ များလှပါပြီ မြတ်စွာဘုရား။ မုနေ၊ ရဟန်းထိပ်တင် မြတ်အရှင်။ အမှေဟိ၊ တပည့်တော်မတို့သည်။

ကတံ၊ ပြုခဲ့ဘူးသော။ ယံ ကုသလကမ္မံ၊ အကြင် ကုသိုလ်ကံသည်။ အတ္ထိ၊ ရှိ၏။ တံကုသလံကမ္မံ၊ ထိုကုသိုလ်ကံကို။ သရ၊ အောက်မေ့တော်မူပါ မြတ်စွာဘုရား။ တုယှဥ္စာယ၊ အရှင်ဘုရားနှင့် တွေ့ကြုံပေါင်းဆုံရခြင်း အကျိုးငှါ။ နော၊ တပည့်တော်မတို့သည်။ ပုညာနိ၊ ကုသိုလ်ကောင်းမှုတို့ကို။ ဥပစိတာနိ၊ ဆည်းပူးပြုလုပ်ခဲ့ပါကုန်၏။

[ဤဂါထာတို့ဖြင့် ကမ္ဘာတသိန်း၏ အထက် ရှေးကမ္ဘာတို့က ပြုခဲ့ဘူးသော အဓိကာရ ရှိသည်ကို ပြ၏]။

သတသဟဿိတော ကပ္ပေ၊ ပဒုမုတ္တရော မဟာမုနိ။
ပုရံ ဟံသာဝတီနာမ၊ သမ္ဗုဒ္ဓဿ ကုလာလယံ။

[ဤဂါထာမှစ၍ နောက်ဂါထာတို့ဖြင့် ကမ္ဘာ တသိန်းထက်က စ၍ ရှစ်သောင်း လေးထောင်သော ပြာပဉ္စာကညာ မိဖုယားတို့ နိယတ ဗျာဒိတ်ရကြောင်းကို ပြ၏]။

ဣတော၊ ဤဘဒ္ဒကမ္ဘာမှ။ သတသဟဿကပ္ပေ၊ ကမ္ဘာတသိန်းထက်၌။ ပဒုမုတ္တရောမဟာမုနိ၊ပဒုမုတ္တရ မြတ်စွာဘုရား ပွင့်တော်မူ၏။ သမ္ဗုဒ္ဓဿ၊ပဒုမုတ္တရမြတ်စွာဘုရား၏။ကုလာလယံ၊ဆွေတော်မျိုးတော်တို့၏ နေရာဖြစ်သော။ ပုရံ၊ ပြည်တော်သည်။ ဟံသာဝတီနာမ၊ ဟံသာဝတီ မည်၏။

ပဒုမုတ္တရ မြတ်စွာဘုရား ပွင့်တော်မူသော ကမ္ဘာတသိန်းထက်၌ ပဒုမုတ္တရ မြတ်စွာဘုရား၏ ဆွေတော်မျိုးတော်တို့ နေထိုင်ရာဖြစ်သော ဟံသာဝတီပြည်ကြီး၏ မြို့တံခါးအဝဖြင့် ဂင်္ဂါမြစ်သည် စီး၍ သွား၏။ (ထိုဟံသာဝတီ ပြည်သည် ယခုကမ္ဘာ၌ ဗာရဏသီပြည် ဖြစ်ပုံတူ၏)။ ထိုဂင်္ဂါမြစ်ရေ ပြည့်သောအခါ၌ ရဟန်းတို့သွားလာခြင်းငှါ မရကုန်။ နှစ်ရက် သုံးရက်သော်၎င်း ခုနစ်ရက်သော်၎င်း တလသော်၎င်း လေးလပတ်လုံးသော်၎င်း ဂင်္ဂါမြစ်ရေ ပြည့်၍နေသောကြောင့် ရဟန်းတို့ သွားလာခြင်းငှါ မရကြကုန်။

တဒါ အဟု သတ္တသာရော၊ ဇဋိလောနာမ ရဋ္ဌိကော။
ဩရုဒ္ဓေ ဘိက္ခုဝေါ ဒိသွာ၊ သေတုံ ဂင်္ဂါယ တာရယိ။

တဒါ၊ ထိုအခါ၌။ သတ္တသာရော၊ အနှစ်ပမာ သမ္ဘာခိုင်တည် ပါရမီရင့်ခြောင်း ဘုရားလောင်းသည်။ ဇဋိလောနာမ၊ ဇဋိလာအမည်ရှိသော။ ရဋ္ဌိကော၊ တိုင်းရပ်ဦးစီး သူဌေးကြီးသည်။ အဟု၊ ဖြစ်တော်

မှု၏။ ဩဝုဋ္ဌေ၊ မြစ်ရေဂင်္ဂါ ဆိုးကာဖိတ်ပင်၍ နေကုန်သော။ ဘိက္ခုဝေါ၊ ရဟန်းတို့ကို။ ဒိသွာ၊ မြင်၍။ ဂင်္ဂါယ၊ ဂင်္ဂါမြစ်၌။ သေတုံ၊ တံတားကို။ ကာရယိ၊ တသိန်းသပြာ ဥစ္စာငွေထုပ် စွန့်ကာထုတ်၍ ပြုလုပ်လှူဒါန်း၏။

ဂေါတမမြတ်စွာဘုရား အလောင်းတော် ဇဋိလ သူဌေးမင်းသည် ဂင်္ဂါမြစ်၌ တံတားကြီးကို တသိန်းသောငွေဖြင့် ပြုလုပ်၍ ဤမှာဘက်ကမ်း တံတားဦး၌ သံဃာရာမ ကျောင်းတိုက်ကြီးကို ဆောက်လုပ်ပြန်၏။ တံတားပြုလုပ်ရာ၌ရင်း, သံဃိက ကျောင်းတိုက်ကြီးကို ပြုလုပ်ရာ၌ရင်း, ယောကျ်ား မိန်းမ အမျိုးနိမ့်မြင့်မဟူ မည်သူမဆို ကုသိုလ်ပါဝင်လိုသူ လူအပေါင်းတို့သည် အညီအမျှ ဝိုင်းဝန်းကူညီ၍ ပြုလုပ်ကြကုန်၏။

အမှေ အညေစ မနုဇာ၊ ဝိပ္ပသန္နေန စေတသာ။
တဿ ဓမ္မေသု ဒါယာဒါ၊ နဂရေသု ဇနပဒေသုစ။
ဣတ္ထိပုမာ ကုမာရာစ၊ ဗဟူစေဝ ကုမာရိကာ။
သေတုနော စ ဝိဟာရဿ၊ ဝါလုကာ အာကိရိံသု တေ။
ဝီထိံ သမ္မဇ္ဇနံ ကတွာ၊ ကဒလီ ပုဏ္ဏဃဋာ ဓဇာ။
ရူပံ စုဏ္ဏဉ္စ မာလဉ္စ၊ ကာရံ ကတွာန သတ္ထုနော။
သေတုံ ဝိဟာရေ ကာရေတွာ၊ နိမန္တေတွာ ဝိနာယကံ။
မဟာဒါနံ ဒဒိတွာန၊ သမ္ဗောဓိံ အဘိပတ္ထယိံ။

အမှေစ၊ဖြာပဗ္ဗဏကညာ တပည့်တော်မတို့သည်၎င်း။ အညေစမနုဇာ၊တပည့်တော်မတို့မှ တပါးသော လူအများတို့သည်၎င်း။ဝိပ္ပသန္နေန၊ ကြည်လင်စွာသော။စေတသာ၊စိတ်ဖြင့်။တဿ၊ ထိုဇဋိလသူဌေးဖြစ်ဘူးသောအရှင်ဘုရား၏။ ဓမ္မေသု၊ တရားတော်တို့၌။ ဒါယာဒါ၊ အမွေခံဖြစ်လိုကုန်ကြ၍။ နဂရေသုစ၊အနီးပတ်လယ်မြို့ငယ်မြို့ကြီးတို့၌၎င်း။ဇနပဒေသုစ၊ဇနပုဒ်တို့၌၎င်း။ဝသန္တာ၊နေကြကုန်သော၊ဗဟူ။များစွာကုန်သော။ ဣတ္ထိပုမာစ၊ မိန်းမကြီး ယောကျ်ားကြီး တို့သည်လည်းကောင်း။ ဗဟူ၊ များစွာကုန်သော။ ကုမာရာစ၊ သတို့သားတို့သည်၎င်း။ ဗဟူ၊ များစွာကုန်သော ကုမာရိကာစ၊ သတို့သမီးတို့သည်၎င်း။ သေတုနောစ၊တံတားကြီး၏၎င်း။ ဝိဟာရဿစ၊ ကျောင်းတိုက်ကြီး၏၎င်း။ သမန္တာ၊ အတွင်းအပြင် ထက်ဝန်းကျင်မှ။ ဝါလုကာ၊ သဲတို့ကို။ တေ၊ ထို

ယောက်ျားမိန်းမ ကြီးငယ်မဟူ လူအပေါင်းတို့သည်။ အာကိရိံသု၊ လောင်းဖြူးဖို့ဖိ အပြည့်အနှံ့ ကြဲဖြန့်ကြကုန်၏။ ဝိထိံ၊ လမ်းခရီးကို။ သမ္မဇ္ဇိနံ၊ တမြက်လှဲခြင်းကို။ ကတွာ၊ ပြုကြကုန်၍။ ကဒလီပုဏ္ဏဃဓာစ၊ ငှက်ပျောပင် ရေပြည့်အိုးတို့ကိုရင်း။ ဓူပံစ၊ အခိုးအထုံ မွှေးမျိုးရုံတို့ကိုရင်း။ စုဏ္ဏဉ္စ၊ နံ့သာမှုန့်ကိုရင်း။ မာလဉ္စ၊ ပန်းစည်းပန်းခိုင် မွှေးကြိုင်သင်းထုံ ပန်းမျိုးစုံကိုရင်း။ သတ္ထုနော၊ မြတ်စွာဘုရားအား။ ကာရံ၊ ပူဇော်ဘွယ်အမျိုးမျိုးကို။ ကတွာန၊ ပြုလုပ်ကြကုန်၍။ သေတုံစ၊ တံတားကြီးကိုရင်း။ ဝိဟာရေစ၊ ကျောင်းတို့ကိုရင်း။ ကာရေတွာ၊ ပြုလုပ်စေပြီး၍၊ ဝိနာယကံ၊ ပဒုမုတ္တရ မြတ်စွာဘုရားကို။နိမန္တေတွာ၊ ပင့်ဘိတ်စေ၍။ မဟာဒါနံ၊ ကြီးစွာသောအလှူကို၊ ဒဒိတွာန၊ ပေးလှူ၍။သမ္ဗောဓိံ၊ သဗ္ဗညုဘုရားဆုကို။အဘိပတ္ထယိံ၊ဆုတောင်းတော်မူပြီ။

ထိုသို့ဆုတောင်း၍ အလှူကြီးကိုပေးသောအခါ၌ ပဒုမုတ္တရမြတ်စွာဘုရားသည် ဇဋိလသူဌေးမင်းအား တရားအနုမောဒနာ ပြုတော်မူ၍ ဗျာဒိတ်စကား မိန့်ကြားတော်မူပါသည် မြတ်စွာဘုရား။

သတသဟဿာတိက္ကန္တေ၊ ကပ္ပေါ ဟေဿတိ ဘဒ္ဒကော။
ဘဝါဘဝေ အနုဘောတွာ၊ ပါပုဏိဿတိ ဗောဓိယံ။
ကေစိ ဟတ္ထပရိကမ္မံ၊ ကတာဝီ နရနာရိယော။
အနာဂတမှိ အဒ္ဓါနေ၊ သဗ္ဗေ ဟေဿန္တိ သံမုခံ။

တသိန်းကမ္ဘာ လွန်သောခါဝယ် ကမ္ဘာဘဒ္ဒ ဖြစ်တုံလသော် ဘဝငယ်ကြီး ခံစားပြီး၍ ဆုကြီးတောင့်တ ဇဋိလဟု နာမပျံ့မွှေး ဤသူဌေးသည် လေးပါးသစ္စာပွင့်လင်းဖြာလျက် သန္တာရင့်သန် ဗောဓိဉာဏ်ကို အမှန်ထွင်းဖေါက် သိခြင်းရောက်လိမ့် ဝမ်းမြောက်ကြည်ဖြူ ဆုပန်ယူ၍ အတူမကွာ သူနှင့်ပါအောင် ညီညာဝန်းရံ ကောင်းမှုကံကို အကြိမ်စိတ်တူ ပြုသောသူတို့ နိဗ္ဗူပြည်နန်းဘုံစံမြန်း၍ ငြိမ်းချမ်းဧမြ ရောက်ကုန်ကြလိမ့် ဗုဒ္ဓမြတ်ဖျား ဗျာဒိတ်ကြားသည် လွဲမှားတိမ်းချော် မရှိဧကန်တည်း။

သတသဟဿာတိက္ကန္တေ၊ ကမ္ဘာတသိန်း လွန်သည်ရှိသော်။ဘဒ္ဒကောကပ္ပေါ၊ ဘဒ္ဒကမ္ဘာသည်။ ဟေဿတိ၊ ဖြစ်လတ္တံ့။ ဘဝါဘဝေ၊ ဘဝကြီးငယ်၌။ အနုဘောတွာ၊ ခံစားပြီး၍။အယံ၊ ဤဇဋိလသူဌေးသည်။ ဗောဓိယံ၊သဗ္ဗညုတဉာဏ်ကို သိခြင်းသို့။ ပါပုဏိဿတိ၊ရောက်လတ္တံ့။ ဟတ္ထပရိကမ္မံ၊ တံတားခင်းရာ ကျောင်းဆောက်ရာ၌ ညီညာဝန်းရံ

ကောင်းမှုကံကို။ကတာဝီ၊ သဲဖြူခင်းခြင်း ငှက်ပျောပင်စိုက်ခြင်း ရေပြည့်အိုးတည်ခြင်း လမ်းခရီး၌ တမြက်လှည်းခြင်း စသည်တို့ဖြင့် ပြုလုပ်ကြကုန်သော။သဗ္ဗေ၊ အလုံးစုံကုန်သော။ နရနာရိယော၊ ယောကျ်ား မိန်းမတို့သည်။ အတ္တိ၊ရှိကုန်၏။ ကေစိ၊ပါရမီတူ အချို့သူတို့သည်။သံမုခါ၊ဇမ္ဗုလသူဌေး ဘုရားဖြစ်မြောက် သူ့မျက်မှောက်၌။ ဟောသန္တိ၊ဖြစ်ကြကုန်လတ္တံ့။ ကေစိ၊ ပါရမီကံ ဖြည့်ရန်လိုသူ အချို့လူတို့သည်။ အနာဂတမှိ အဒ္ဒါနေ၊ နောင်ခါကာလ မေတ္တေယျဟု ဗုဒ္ဓမြတ်စွာ မျက်မှောက်ခါ၌။ ဟောသန္တိ။ ဖြစ်ကုန်ကြလတ္တံ့။

ရှစ်သောင်း လေးထောင် မြားမြောင်စုပေါင်း ဆုပန်တောင်း၍ ကောင်းမှုညီမျှ ပြုလုပ်ကြသော ဗြာဟ္မဏကညာ သန္တာခုံညီ ပါရမီတူ ကူညီဖြည့်စွက် ဆုတောင်းဘက် ဖြစ်ကြကုန်သော တပည့်တော်မတို့သည်ရင်း၊တပည့်တော်တို့မှတပါး များစွာကုန်သော ယောကျ်ားမိန်းမကံမျှတူတူ လူအများတို့သည်ရင်း ဇမ္ဗုလသူဌေးမင်း တံတားခင်းရာကျောင်းဆောက်ရာ၌ ညီညာဖြဖြ သဒ္ဒါကြွ၍ လုပ်ကြကိုင်ကြ ကူညီကြ၍ အမျှအတူ သဲဖြူကြဲဖြန့် အနံ့မွှေးကြိုင် ပန်းခိုင်ပန်းစည်း ဆီမီးတံခွန် အလံအမျိုးမျိုး အခိုးအထုံ ပြည့်စုံတင့်တယ် ပူဇော်ဘွယ်တို့ကို ကောင်းမွန်စွာ စီမံဆောင်ရွက် နှစ်သက်ရွှင်လန်း ဝမ်းမြောက်လှစွာ စေတနာနှင့် ဝေယျာဝစ္စ ပြုလုပ်ကြ၍ တံတားလုပ်ခြင်း ကျောင်းဆောက်ခြင်း ကိစ္စ ပြီးစီးသောအခါ၌ ပဒုမုတ္တရ မြတ်စွာဘုရားကို ပင့်ဆောင်၍ ကြီးစွာသော အလှူကြီးကို ပေးလှူလျက် ဇမ္ဗုလသူဌေးမင်းသည်သဗ္ဗညုဘုရားဆုကို တောင်းတော်မူ၏၊ထိုအခါ၌ပဒုမုတ္တရမြတ်စွာဘုရားသည် ဇမ္ဗုလသူဌေးမင်းနှင့်တကွ တပည့်တော်မတို့ကိုရင်း တပည့်တော်မတို့မှ တပါးသော ဝေယျာဝစ္စကုသိုလ်ပြုသူ တို့ကိုရင်း ဇမ္ဗုလသူဌေးမင်းနှင့် အတူတကွ ဖြစ်ကြကုန် လတ္တံ့ဟူ၍ ဗျာဒိတ်စကားမိန့်ကြားတော်မူပါသည် မြတ်စွာဘုရား ၊ထိုသို့ မိန့်ကြားတော်မူသော ဗျာဒိတ်တော် အတိုင်း တပည့်တော်မတို့သည် ထိုဝေယျာဝစ္စ ကုသိုလ်စေတနာ၏ အစွမ်းအားဖြင့်ရင်း ဤမှတပါးသော ပဏိဓိစေတနာတို့၏ အစွမ်းအားဖြင့်ရင်း နတ်ပြည်၌ အရှင်ဘုရားနှင့် အတူတကွ ဖြစ်ကြကုန်၍ ထိုနတ်ပြည်၌ အရှင်ဘုရား၏ ခြေရင်းအလုပ်အကျွေးတို့ ဖြစ်ကြရပါကုန်၏။ ခြေရင်းအလုပ် အကျွေးဖြစ်၍ နတ်၏ စည်းစိမ်ကို

မရေတွက်နိုင်အောင် ခံစားရပါသည် အရှင်ဘုရား၊ ထိုနတ်ပြည်မှစုတေသည့်နောက် သံသရာဘဝ အဆက်ဆက်တို့၌ လူ၏ စည်းစိမ်ကိုရင်း နတ်၏ စည်းစိမ်ကိုရင်း အရှင်ဘုရားနှင့် အတူတကွ ဖြစ်ကြကုန်၍ အရှင်ဘုရားကို ဝတ်တရားနှင့် ပြည့်စုံစွာ လုပ်ကျွေးကြပါကုန်၏ မြတ်စွာဘုရား။

တေန ကမ္မဝိပါကေန၊ စေတနာပဏိဓိဟိစ။
ဥပ္ပန္နံ ဒေဝဘဝနံ၊ တုယှံ တေ ပရိစာရိကာ။
ဒိဗ္ဗသုခံ အသင်္ခိယံ၊ မာနုသဉ္စ အသင်္ခိယံ။
တုမှံ တေ ပရိစာရေမ၊ သံသရိမှ ဘဝါဘဝေ။

တေနကမ္မဝိပါကေန၊ ထိုဝေယျာဝစ္စ ကုသိုလ်စေတနာကံ၏ အကျိုးအားဖြင့်ရင်း။ စေတနာပဏိဓိဟိစ၊ဆုတောင်း ပတ္တနာ တို့ဖြင့်ရင်း။ဒေဝဘဝနံ၊ နတ်ပြည်၌။ ဥပ္ပန္နံ၊ ဖြစ်ကြ၍။ တေမယံ၊ ထိုတပည့်တော်မတို့သည်။ တုယှံ၊ အရှင်ဘုရား၏။ ပရိစာရိကာ၊ ခြေရင်း အလုပ်အကျွေးတို့ပါတည်း။ ဒိဗ္ဗသုခဉ္စ၊ နတ်၏ စည်းစိမ်သည်လည်း။ အသင်္ခိယံ၊ မရေမတွက်နိုင်ပါ။ မာနုသဉ္စ၊ လူ၏ စည်းစိမ်သည်လည်း။ အသင်္ခိယံ၊ မရေတွက်နိုင်ပါ။ တေမယံ၊ထိုတပည့်တော်မတို့သည်။ တုမှံ၊အရှင်ဘုရားကို။ ပရိစာရေမ၊ ရိုသေ မြတ်နိုး ချစ်ခင်ကြည်ဖြူစွာ လုပ်ကျွေးခဲ့ပါသည် မြတ်စွာဘုရား။ ဘဝါဘဝေ၊ ဘဝကြီးငယ်၌။ သံသရိမှ၊ ကျင်လည်ခဲ့ဘူးပါသည် မြတ်စွာဘုရား။

သတသဟဿိတော ကပ္ပေ၊ သုကတံ ကမ္မသမ္ပဒံ။
သုခုမာလီ မနုဿာနံ၊ အထော ဒေဝပုရေ ဝရေ။
ရူပဘောဂယသဉ္စေဝ၊ အထော ကိတ္တိံ စ သက္ကတာ။
လဘာမ သတတံ သဗ္ဗံ၊ သုကတံ ကမ္မသမ္ပဒံ။

အမြဲဟိ၊ ရှစ်သောင်း လေးထောင် ကုန်သော တပည့်တော်မတို့သည်။ ဣတော၊ ဤဘဒ္ဒကမ္ဘာမှ။ သတသဟဿကပ္ပေ၊ ကမ္ဘာ တသိန်းထက်၌။ သုကတံ၊ ညီညာပေါင်းစု၊ ကောင်းစွာ ပြုအပ်သော။ ကမ္မသမ္ပဒံ၊ ဝေယျာဝစ္စ ဆောင်ရွက်ကြ၍ ပုညပြည့်လျှံ ကုသိုလ်ကံကြောင့်။ မနုဿာနံ၊လူအပေါင်းတို့ထက်။သုခုမာလီ၊နူးညံ့ချောပြေလက်ခြေအင်္ဂါ ရှိကြကုန်လျက်။ အထော၊ ထို့ပြင်။ ဒေဝပုရေ၊ နတ်ပြည်၌။ ဝရေ၊ မြတ်မွန်ရိပ်ငြိမ် နတ်စည်းစိမ်တို့ကိုရင်း။ ရူပဘောဂ ယသဉ္စေဝ၊

အဆင်းလှခြင်း စည်းစိမ်ကြီးခြင်း အခြံအရံ များခြင်းကို၎င်း။ ကိတ္တိံ စ၊ ကျော်စောခြင်းကို၎င်း။ သက္ကတာ စ၊ ကောင်းမွန်ကြည်ဖြူ ပြုစုသူကို၎င်း။ သဗ္ဗံ၊ အလုံးစုံကို။ သတတံ၊ အမြဲမပြတ်။ လဘာမ၊ ရကြပါကုန်၏မြတ်စွာဘုရား။ ကမ္မသမ္ပဒံ၊ ကံ၏ ပြည့်စုံခြင်းကို။ သုကတံ၊ ကောင်းစွာပြုခဲ့ပါသည် မြတ်စွာဘုရား။

ပစ္ဆိမေ ဘဝသမ္ပတ္တေ၊ ဇာတာမှ ဗြာဟ္မဏကုလေ။
သုခုမာလဟတ္ထပါဒါ၊ သကျပုတ္တ နိဝေသနေ။
သဗ္ဗကာလမ္ပိ ပထဝိံ၊ နပဿာမ နုလက်တံ။
စိက္ခလ္လဘူမိမသုစိံ၊ နပဿာမ မဟာမုနေ။
အဂါရံ ဝသန္တေ အမှေ၊ သက္ကာရံ သဗ္ဗကာလိကံ။
ပုဗ္ဗကမ္မဗလေန နော၊ ဥပနေန္တိ သဒါ သဗ္ဗံ။

မဟာမုနိ၊ အဂါရ အနဂါရ သေက္ခ အသေက္ခ ပစ္စေကဟု မောနဂုဏ်ရှင် ထိပ်ခေါင် တင်သည့် မုနိထွဋ်တင် မြတ်အရှင်။ မယံ၊ ရှစ်သောင်းလေးထောင် ကုန်သော တပည့်တော်မတို့သည်။ ပစ္ဆိမေ ဘဝသမ္ပတ္တေ၊နောက်ဆုံးဘဝသို့ရောက်သည်ရှိသော်။ဗြာဟ္မဏကုလေ၊ ပုဏ္ဏားမျိုး၌။ ဇာတာမှ၊ ဖြစ်ရပါကုန်၏။ သုခုမာလ ဟတ္ထပါဒါ၊ နူးညံ့သော လက်ခြေရှိကြကုန်သော။ မယံ၊ တပည့်တော်မတို့သည်။ သကျပုတ္တ နိဝေသနေ၊ သာကီဝင်မင်းသား ဖြစ်တော်မူသော အရှင်ဘုရား၏ ကျောင်းတော်သုံးဆောင်၌။ ဝသန္တာ နေကြရကုန်သည် ဖြစ်၍။ သဗ္ဗကာလမ္ပိ၊အခါခပ်သိမ်းလည်း။ ပထဝိံ၊မြေကြီးကို။နပဿာမ၊ မမြင်ရပါကုန်။ အနုလက်တံ၊ တန်းဆာမဆင်ဘဲ နေရသည်ကိုလည်း။ နပဿာမ၊ မမြင်ရပါကုန်။ (အခါခပ်သိမ်း နေ့ရောညပါ တန်ဆာဆင်၍ နေရပါကုန်၏)။ စိက္ခလ္လဘူမိံ ညွှန်စီးရွှံ့ဗွက်ကို၎င်း။ အသုစိံ၊ စက်ဆုပ်ဖွယ်သော အရာကို၎င်း။ နပဿာမ၊ မမြင်ရပါကုန်။ အဂါရံ၊ အရှင်ဘုရား၏ စံတော်မူရာ ကျောင်းတော်သုံးဆောင်၌။ ဝသန္တေ၊ နေကြရကုန်သော။ အမှေ၊တပည့်တော်မတို့ကို။ သက္ကာရံ၊ ကောင်းစွာကြည်ဖြူပြုစုသူကို။ သဗ္ဗကာလိကံ၊ အခါခပ်သိမ်း။ လဘာမ၊ ရကြပါကုန်၏။ ပုဗ္ဗကမ္မဗလေန၊ ရှေးကုသိုလ်ကံ၏ အစွမ်းကြောင့်။ နော၊ တပည့်တော်မတို့အား။ သဒါ၊အခါခပ်သိမ်း။ သဗ္ဗံ၊ အလုံးစုံသော ပစ္စည်းဝတ္ထုကို။

ဝါ၊ စားသောက်ဝတ်ရုံ အလုံးစုံသော အသုံးအဆောင်ကို။ ဥပနေန္တိ၊ ဆောင်ယူ ဆက်သ ပို့လာကြပါကုန်၏။

မုနိငါးပါးကို့ထက် မြတ်တော်မူသောကြောင့် မဟာမုနိ ဘွဲ့တော်ရှိသော မြတ်စွာဘုရား-ရှစ်သောင်းလေးထောင်ကုန်သော တပည့်တော်မတို့သည် အရှင်ဘုရားနှင့် အတူတကွ ပေါင်းဘော်ယှဉ်တွဲ၍ နေရပါခြင်းအကျိုးငှါ ကမ္ဘာတသိန်း၏ ရှေးအထက် ဖြစ်ကုန်သော ကမ္ဘာကာလတို့က စ၍ ဘဝများစွာ သံသရာကလည်း အရှင်ဘုရား၏ခြေရင်းအလုပ်အကျွေးဖြစ်၍ ချမ်းသာစွာ နေခဲ့ဘူးလှပါပြီ မြတ်စွာဘုရား၊ ယခုနောက်ဆုံးဖြစ်သော ဘဝမှာလည်း တပည့်တော်မတို့သည် ပုဏ္ဏားမျိုး၌ဖြစ်၍ အရှင်ဘုရားက သာကီဝင်မင်းမျိုးဖြစ်၍ တမျိုးစီ တနွယ်စီ တခြားစီ ဖြစ်ရသော်လည်း ရှေးက ဆုတောင်း အတူ ပေါင်းရန် အကြောင်းကံက စီမံ၍ ပို့ဆောင်သောကြောင့် အရွယ်ရောက်၍ အပျိုပေါက်ဖြစ်သောအခါအရှင်ဘုရားစံတော်မူသောဗွေနန်းတော်သို့ဆောင်သို့ လာရောက် နေထိုင်ကြရပါ၏ မြတ်စွာဘုရား။မိန်းမတို့မည်သည်မှာ တန်းဆာဆင်ခြင်း နံ့သာလိမ်းခြင်း စသည်တို့၌ အားရ တင်းတိမ်ခြင်း မရှိ၊နေ့ရောညပါ အခါခပ်သိမ်း နံ့သာလိမ်း၍ နေလိုသောဆန္ဒရှိမြဲ ဓမ္မတာသဘောဖြစ်ပါသည် မြတ်စွာဘုရား။ အရှင်ဘုရား၏ ဗွေနန်းတော်သုံးဆောင်၌ နေရသော တပည့်တော်မတို့သည် အခါခပ်သိမ်း နံ့သာလိမ်း၍ တန်းဆာဆင်၍ အလိုရှိတိုင်း နေကြရပါသည် မြတ်စွာဘုရား၊ နူးညံ့သော လက်ခြေရှိကြကုန်သော တပည့်တော်မတို့သည် ရှုံစီး ညွှန်ဗွက် စက်ဆုပ်ဖွယ်ရှိသော မြေကြီးကို တကြိမ်တခါမျှ မမြင်ရဘူးပါ မြတ်စွာဘုရား။ ဗွေနန်းတော် သုံးဆောင်အတွင်း၌ ကောင်းမွန်ကြည်ဖွယ် ပြုစုသူကိုလည်းအခါခပ်သိမ်း ရပါသည် မြတ်စွာဘုရား။ ဗွေနန်းတော်၏ အပြင်အပအခြားသော ဌာနမှလည်း အလုံးစုံသော စားဘွယ် သောက်ဘွယ်အဝတ်ထဘီ အင်္ကျီပုဝါ နံ့သာပန်းမှန် ပဏ္ဏာလက်ဆောင် သုံးဆောင်ဘွယ်ရာ ပစ္စည်းဝတ္ထုတို့ကိုလည်း ရှေးကုသိုလ်ကံ၏ အစွမ်းကြောင့် အခါခပ်သိမ်း ဆောင်ယူဆက်သ ပို့လာကြပါကုန်၏ မြတ်စွာဘုရား။

အဂါရံ ပဇဟိတွာန၊ ပဗ္ဗဇိတွာ နဂါရိယံ။
သံသာရပထနိတ္တိဏ္ဏာ၊ ဝိတရာဂါ ဘဝါမသေ။

စိဝရံ ဝိတ္ထာပါတဥ္စ၊ ပစ္စယံ သယနာသနံ။

ဥပနေန္တိ သဒါ အမှေ၊ သဟဿာနိ တတော တတော။

မဟာမုနိ၊ရဟန်းထိပ်တင် မြတ်အရှင်။ မယံ၊တပည့်တော်မတို့သည်။ အဂါရံ၊ အိမ်ရာတည်ထောင် လူဝတ်ကြောင်ကို။ ပဇဟိတွာန၊ပယ်စွန့်၍။ အနဂါရိယံ၊ သက်န်းဝတ်ခါ အိမ်ရာမထောင် ရဟန်းဘောင်၌။ ပဗ္ဗဇိတွာ၊ ရဟန်းမိန်းမ ပြုလုပ်ကြ၍။ သံသာရပထနိတ္ထိဏ္ဏာ၊ သံသရာ စခန်း ဖြစ်ပျက်လမ်းမှ ကူးသန်းလွန်မြောက် နိဗ္ဗာန် ရောက်ကြ၍။ ဝိဘာရာဂါ၊ တဏှာရာဂ ကင်းလွတ်ကြသော ရဟန္တာမိန်းမတို့သည်။ ဘဝါမသေ၊ ဖြစ်ကြပါကုန်၏ မြတ်စွာဘုရား။ ။အမှေ၊ ရဟန်းပြုကြ ကုန်သော တပည့်တော်မတို့ကို၊ စီဝရဉ္စ၊ သက်န်းကိုရင်း။ ဝိတ္ထာပါတဥ္စ၊ ဆွမ်းကိုရင်း။ ပစ္စယဉ္စ၊ ထောပတ်ဆီဥ များတင်လဲ နေလွဲညခါ သုံး ဆောင်ရာကိုရင်း။ သယနာသနဥ္စ၊ အိပ်ရာနေရာ နူးညံ့စွာသော မြက်ဖျာ သင်ဖြူး ခုတင်ညောင်စောင်း ကျောင်းအသုံးအဆောင်ကိုရင်း။တတော တတော၊ ထိုထိုအရပ်မှ။ သဟဿာနိ၊ တထောင်စိတ္တိကို။ သဒါ၊ အခါ ခပ်သိမ်း။ ဥပနေန္တိ၊ ပို့ဆောင်ဆက်သ လှူဒါန်းကြပါကုန်၏ မြတ်စွာ ဘုရား။

ထိုရှစ်သောင်းလေးထောင်ကုန်သော ဖြာပဏ္ဍကညာ ရဟန္တာ မိန်းမတို့သည် ရှေးကဆုတောင်း ကောင်းမှုကုသိုလ် ပါရမီဘုန်းကံ ရှိသော မိန်းမတို့ ဖြစ်ကြကုန်၏။ မိဘဆွေမျိုး ပေါများ ပြည့်စုံသော ပုဏ္ဏားသူဌေးတို့၏သမီးများဖြစ်ကြကုန်၏။မြတ်စွာဘုရားနှင့်လည်း အတူ တကွပါရမီဖြည့်ဘက် ဆုတောင်းဘက် ဖြစ်ကြကုန်၏။

အလောင်းတော် သိဒ္ဓတ်မင်းသား၏ လက္ခဏာကို ကြည့်ရှုကြကုန် သော ဗေဒင်သုံးပုံတတ် ပုဏ္ဏားပညာရှိတို့က သိဒ္ဓတ်မင်းသားသည် စကြာမင်းဖြစ်လိမ့်မည်ဟူ၍ ဟောပြောသော စကားတို့ကို ကြားသိကြ ကုန်သော ပုဏ္ဏားသူဌေးတို့သည် ငါတို့၏ သမီးများကို စကြာမင်း၏ မိဖုယားဖြစ်စေရန် ကြံ ၍ သိဒ္ဓတ်မင်းသား စံတော်မူသော ရွှေနန်း တော် သုံးဆောင်သို့ သူ့ဆက်ငါ အလျင်ဦးအောင် ပို့ဆောင်၍ သမီး ကညာဆက်သကြကုန်၏။ထိုကြောင့် ရှစ်သောင်းလေးထောင်ကုန်သော ဖြာပဏ္ဍကညာတို့သည် သိဒ္ဓတ်မင်းသား၏မိဖုယားငယ်တွေ ဖြစ်ကြ ကုန်၏။ သိဒ္ဓတ်မင်းသား ဘုရားဖြစ်သောအခါ ထိုရှစ်သောင်းလေး

ထောင်ကုန်သော ပြာပဇ္ဇာကညာပါရမီရှင်မိန်းမမြတ်တို့သည် အလုံးစုံ သဘောတူ စိတ်တူ ပါရမီတူ ဖြစ်ကြကုန်၍ အတူတကွ တပေါင်း တလုံးတည်း ရဟန်းမိန်းမ ပြုလုပ်ကြကုန်လျက် ရဟန္တာမ အဖြစ်သို့ ရောက်ကြကုန်၏။

ရှေးကမ္ဘာတို့က ပြုခဲ့ကြကုန်သော ပုညသမ္ဘာရ ပါရမီတော် အပဒါန်တရားတို့ကို မြတ်စွာဘုရား၏ မျက်မှောက်၌ တန်ခိုးပြကာ လျှောက်ကြားကြကုန်လျက် ဝမ်းမြောက်ဝမ်းသာ ဤဂါထာတို့ကို ဥဒါန်းကျူးကြကုန်၏။

ကိလေသာ ဈာပိတာ မှာကံ။လ။ဝိဟာရာမ အနာသဝါ။
သွာဂတံ ဝတ နော အာသိ၊ ဗုဒ္ဓသေဋ္ဌဿ သန္တိကေ။လ။
ပဋိသမ္ဘိဒါ စတဿော။လ။ ကတံ ဗုဒ္ဓဿ သာသနံ။

ဤရှစ်သောင်း လေးထောင် ကုန်သော ပြာပဇ္ဇာ ကညာတို့သည် သိဒ္ဓတ်မင်းသား၏ ရွှေနန်းတော်၌ မိဖုယားငယ်တွေ ဖြစ်ကြကုန်၏။

[ထို့ပြင် နာဋကိတ္တိခေါ်သော ကချေသည်မိန်းမ လေးသောင်း လည်း ရှိသေးသည်။ ထိုနာဋကိတ္တိ လေးသောင်းတို့ကား မိဖုယား မဟုတ်ကြကုန်]။

အလက်တနာဋကိတ္တိဟိပရိဝုတော။ [အပဒါန်-ဂါ-ချပ်]
စတ္တာလီသသဟဿာစ နာဋကိတ္ထိ။ [ငုင်းအဋ္ဌကထာ]
ပြာပဇ္ဇာကညာမိဖုယားတို့ အပဒါန်ပြီး၏။ [ဗာတ္တိံသ ဝတ္ထု]

မိဖုယားငယ် တသောင်းကိုအုပ်ချုပ်ရသော သာကီဝင်မင်းသမီး ဥပ္ပလဒါယိကာ မိဖုယား ဘိက္ခုနီမ၏ အပဒါန်ဝတ္ထု

ငါတို့၏ မြတ်စွာဘုရား အလောင်းတော် သိဒ္ဓတ် မင်းသား၏ ရွှေနန်းတော်သုံးဆောင်ထက်၌ မိဖုယားငယ်တထောင်ကို အုပ်ချုပ်ရ သော သာကီဝင်မင်းသမီး ဥပ္ပလဒါယိကာ မိဖုယား ဘိက္ခုနီမသည် ရှေးရှေးသော မြတ်စွာဘုရားတို့၏ အထံတော်၌ ပြုကျင့်ဆည်းပူးလျှဒါန်း ပူဇော်၍ ဖြစ်ခြင်း ပျက်ခြင်း ဆင်းရဲခြင်းမှ ကင်းလွတ်ရာဖြစ်သော နိဗ္ဗာန်ကို ဆုတောင်းလျက် ဝိဝဋ္ဋနိဿိတ ဒါန သီလစသော ပါရမီရှိ သည်ဖြစ်၍ ဤကမ္ဘာမှပြန်၍ရေသော် သုံးဆဲ့တကမ္ဘာထက်၌ အရုဏ

ဝတီ ပြည်ကြီးဝယ် သိဒ်ိမြတ်စွာဘုရား၏ ခမည်းတော် အရုဏဝတီ မင်းကြီး၏ မိဖုယားငယ်ဖြစ်၍ မိမိယောကျ်ားတယောက်ထည်းသာ ကာမအရေး လုပ်ကျွေးပြုမှု ပြုစင်သော သီလရှိ၏။ ထိုမိဖုယားသည် တနေ့သ၌ တယောက်ထည်း ဆိတ်ငြိမ်စွာ နေရာမှ ဤသို့ စိတ်အကြံ ဖြစ်၏- ငါ့အား တစုံတခုသော ကုသိုလ်ကောင်းမှု ပြုလုပ်ခြင်း မရှိချေ။ နောင်ဘဝသို့ ယူဆောင်၍ သွားစရာ တစုံတခုသော ကုသိုလ်ကောင်းမှု မရှိခဲ့လျှင် ဧကန်စင်စစ် ငရဲ၌ဖြစ်၍ ပူလောင်စပ်ခါးသော ဆင်းရဲကို ခံရမည်ကား ယုံမှားဘွယ် မရှိပါတကား၊ ဤသို့ အကြံဖြစ်ပြီးလျှင် ကြည်လင် ရွှင်လန်းစွာသော စိတ်ဖြင့် အရုဏမင်းကြီး အထံသို့သွား၍ ဤသို့လျှောက်တင်လေ၏။ အရှင်သခင် ကျေးဇူးရှင်ဘုရား-အကျွန်ုပ်တို့ မိန်းမသည်ကား ယောကျ်ားတို့အောက် ယုတ်နိမ့်သော အမျိုးအစား ဖြစ်၍ နေရခြင်းဖြစ်ကြပါကုန်၏ဘုရား။ ကျွန်တော်မအား ရဟန်းတပါး ကို ပေးတော်မူပါလော့၊ ကျွန်တော်မ ဆွမ်းလုပ်ကျွေးလိုပါ၏။

ဤသို့တောင်းသောအခါ အရုဏ မင်းကြီးသည် ရဟန္တာတပါးကို ပင့်ဆောင်၍ ပေး၏။ ထိုရဟန်း၏ သပိတ်ကိုယူ၍ မွန်မြတ်သော ဆွမ်းဘောဇဉ်ဖြင့် ပြည့်အောင် ထည့်လောင်း၍ နံ့သာတို့ဖြင့် ပွတ်လိမ်း လျက် ကြည်လင် ရွှင်လန်း ဝမ်းမြောက်စွာသော စိတ်ဖြင့် ကပ်လှူ၏။ ထိုဘဝမှစုတေသော် ထိုကုသိုလ်စေတနာဖြင့် တာဝတိံသာနတ်ပြည်၌ ဖြစ်၏။ နတ်မင်းကြီးတို့၏ မိဖုယားကြီး အကြိမ်တထောင်ဖြစ်ရ၏။ နတ်ပြည်မှစုတေ၍ လူပြည်၌ဖြစ်သောအခါ စကြာမင်း၏ မိဖုယားကြီး အကြိမ်တထောင်ဖြစ်ရ၏။ ပဒေသရာဇ်မင်းတို့၏ မိဖုယားကြီးအဖြစ် သည်ကား မရေတွက်နိုင်အောင် ဖြစ်ရ၏။ကြာညိုပန်း၏အဆင်းကဲ့သို့ အလွန်လှသဖြင့် ရှုချင်ဘွယ်သောအဆင်းရှိ၏။အလုံးစုံသောမိန်းမမြတ် တို့၏ အင်္ဂါနှင့် ပြည့်စုံ၏။ ကိုယ်မှ အရောင်ထွက်၏။ ပကတိလူတို့၏ အဆင်းထက် ပိုလွန်၍ လှ၏။ အဆုံးဘဝတွင် သာကီဝင်မင်းမျိုး၌ သာကီဝင်မင်းသွီးဖြစ်၍ သိဒ္ဓတ်မင်းသား စံတော်မူသော ရွှေနန်းကော် သုံးဆောင် ထက်၌ မိဖုယားငယ် တထောင်ကို အုပ်ချုပ် ရသော မိဖုယားကြီးဖြစ်၏။သိဒ္ဓတ်မင်းသား ဘုရားအဖြစ်သို့ရောက်သောအခါ သာသနာတော်၌ ရဟန်းမိန်းမပြုလုပ်၍ ခုနစ်ရက်ရှိသောအခါ ပါရမီ သန္တာ ရင့်မာသော မိန်းမမြတ်ဖြစ်ရကား ဘိက္ခုနီရဟန္တာမ အဖြစ်သို့

ရောက်၏။ ထိုဥပ္ပလဒါယိကာဘိက္ခုနီရဟန္တာမသည် ဝမ်းမြောက်စွာ သော စိတ်ဖြင့် မြတ်စွာဘုရား၏ မျက်မှောက်တော်၌ ဥဒါန်းကျူးကာ လျှောက်ကြားလိုရကား- နဂရေ အရုဏာဝတိယာ အစရှိသောဂါထာ တို့ကို ဆိုအပ်သတည်း။ ။[အဋ္ဌကထာ အနုသန္ဓေစကား]။

ဥပ္ပလဒါယိကာ ဘိက္ခုနီမ ဟောတော်မူသော အပဒါန် တရားတော်

နဂရေ အရုဏာဝတိယာ၊ အရုဏောနာမ ခတ္တိယော။
တဿ ရညော ဘရိယာဟံ၊ ဧကစ္စံ စာရယာ မဟံ။

အယျာယော၊တရားတော်နာ လာကြကုန်သော ဘိက္ခုနီအရှင်မတို့။ အတော၊ ဤကမ္ဘာမှ။ ဧကတိံသေ၊ သုံးဆဲ့တကမ္ဘာထက်၌။ အရုဏာ ဝတိယာ၊ အရုဝဏာဝတီ အမည်ရှိသော။ နဂရေ၊ မြို့တော်၌။ခတ္တိယော၊ သိခိမြတ်စွာဘုရား၏ ခမည်းတော် မင်းကြီးသည်။ အရုဏောနာမ၊ အရုဏာအမည်ရှိ၏။ အဟံ၊ အကျွန်ုပ်သည်။ တဿရညော၊ ထိုအရုဏာ မင်းကြီး၏။ ဘရိယာ၊ မယားဖြစ်ရ၏။ အဟံ၊အကျွန်ုပ်သည်။ ဧကစ္စံ၊ မိမိယောကျ်ား တယောက်ထည်းကိုသာလျှင်။စာရယာမိ၊ ကာမအရေး အာရုံပေး၍ လုပ်ကျွေးပါ၏။

ရဟောဂတာ နိသီဒိတွာ၊ ဧဝံ စိန္တေသဟံ တဒါ။
ကုသလံ မေ ကတံ နတ္ထိ၊ အာဒါယ ဂမနံ မမ။
မဟာဘိတာပံ ကဋုကံ၊ ဃောရရူပံ သုဒါရုဏံ။
နိရယံ နူန ဂစ္ဆာမိ၊ ဧတ္ထ မေ နတ္ထိ သံသယော။

ရဟောဂတာ၊ ဆိတ်ငြိမ်ရာသို့ ကပ်ရောက်လျက်။ နိသီဒိတွာ၊ ထိုင် နေ၍။ တဒါ၊ ထိုအခါ၌။ အဟံ၊ အကျွန်ုပ်သည်။ ဧဝံ၊ ဤသို့။ စိန္တေသိံ၊ ကြံမိပါ၏။ မေ၊ ငါသည်။ ကတံ၊ ပြုအပ်သော။ ကုသလံ၊ ကုသိုလ် သည်။ နတ္ထိ၊ မရှိ။ မမ၊ ငါ့အား။ အာဒါယ၊ နောင်ဘဝကိုယူ၍။ ဂမနံ၊ သွားစရာ ကုသိုလ်ကံသည်။ နတ္ထိ၊ မရှိခဲ့။ ။မဟာဘိတာပံ၊ အလွန် ကြီးစွာ ပူလောင်ပြင်းထန်သော။ ကဋုကံ၊ခါးစပ်နာကျင်ခြင်းရှိသော။ ဃောရရူပံ၊ ကြောက်မက်ဖွယ် ကောင်းသော။ သုဒါရုဏံ၊ အလွန် ကြမ်းတမ်းစွာသော၊ နိရယံ၊ ငရဲသို့။ ဂစ္ဆာမိနူန၊ သွားလိမ့်မည်ပါ

တကား ။ဧတ္တ၊ ဤငရဲပြည်သို့ သွားခြင်း၌။ မေ၊ ငါ့အား။ သံသယော၊ ယုံမှားဘွယ်သည်။ နတ္ထိ၊ မရှိပါတကား။

ဧဝါဟံ စိန္တယိတွာန၊ ပဟံသေတွာန မာနသံ။
ရာဇာနံ ဥပဂန္တွာန၊ ဣဒံ ဝစန မဗြဝိံ။

အယျာယော၊ တရားတော်နာ လာကြကုန်သော ဘိက္ခုနီအရှင်မတို့။ အဟံ၊ တပည့်တော်မသည်။ ဧဝံ၊ ဤသို့။ စိန္တယိတွာန၊ ကြံပြီး၍။ မာနသံ၊ စိတ်ကို။ ပဟံသေတွာန၊ ကြည်လင် ရွှင်လန်းစေ၍။ ရာဇာနံ၊ အရှင်မင်းကြီးသို့။ ဥပဂန္တွာန၊ ချဉ်းကပ်၍။ ဣဒံဝစနံ၊ ဤစကားကို။ အဗြဝိံ၊ လျှောက်တင်ပါ၏။

ဣတ္ထိနာမ မယံ ဒေဝ၊ ပုရိသာ နိတ္တရာ အဟု။
ဧကံ မေ သမဏံ ဒေဟိ၊ ဘောဇယိဿာမိ ခတ္တိယ။

ဒေဝ၊ အရှင်မင်းမြတ်။ မယံ ဣတ္ထိနာမ၊ အကျွန်ုပ်တို့ မိန်းမ မည်သည် ကား။ ပုရိသာနံ၊ ယောကျ်ားတို့၏။ ဣတ္တရာ၊ ယုတ်နိမ့်အောက်ကျ ပြုသမျှဖြင့် နေကြရကုန်သည်။ အဟု၊ ဖြစ်ကြပါကုန်၏။ မေ၊ အကျွန်ုပ် အား။ ဧကံ၊ တပါးသော။ သမဏံ၊ ရဟန်းကို။ ဒေဟိ၊ ပေးတော်မူပါ လော့။ ခတ္တိယ၊ အရှင်မင်းမြတ်။ ဘောဇယိဿာမိ၊ ဆွမ်းလုပ်ကျွေး ပါအံ့။

အဒါသိ မေ တဒါ ရာဇာ၊ သမဏံ ဘာဝိတိန္ဒြိယံ။
တဿ ပတ္တံ ဂဟေတွာန၊ ပရမန္နေန ပူရယိံ။
ပူရေတွာ ပရမံ အန္နံ၊ သဟ သုဂန္ဓလေပနံ။
မဟာစေလေန ဆာဒိတွာ၊ အဒါသိံ တုဋ္ဌမာနသာ၊

တဒါ၊ ထိုအခါ၌။ ရာဇာ၊ အရှင်မင်းကြီးသည်။ မေ၊ အကျွန်ုပ်အား။ ဘာဝိတိန္ဒြိယံ၊ ပွါးပြီးသော ဣန္ဒြေငါးပါးရှိသော။ သမဏံ၊ ရဟန်းကို။ အဒါသိ၊ ပင့်ဆောင်၍ ပေး၏။ တဿ၊ ထိုရဟန်း၏။ ပတ္တံ၊ သပိတ်ကို။ ဂဟေတွာ၊ ယူပြီး၍။ ပရမန္နေန၊ မွန်မြတ်သော ဆွမ်းဖြင့်။ ပူရယိံ၊ ပြည့်စေ၏။ ။ပရမံ၊ မွန်မြတ်သော။ အန္နံ၊ ဆွမ်းကို။ ပူရေတွာ၊ ပြည့်စေ၍။ သုဂန္ဓလေပနံ၊ နံ့သာလိမ်းခြင်းနှင့်။ သဟ၊ တကွ။ မဟာစေလေန၊ ကြီးစွာသော သင်္ကန်းလျာပုဆိုးဖြင့်၊ ဆာဒိတွာ၊ ဖုံးအုပ်၍။ တုဋ္ဌမာနသာ၊ နှစ်သက် ရွှင်လန်း ဝမ်းသာသော စိတ်ရှိသည်ဖြစ်၍။ အဒါသိံ၊ လှူဘူးပြီ။

တေန ကမ္မေန သုကတေန၊ စေတနာပဏိဓီဟိ စ။
ဇဟိတွာ မာနုသံ ဒေဟံ၊ တာဝတိံသံ အဂစ္ဆဟံ။
သဟဿံ ဒေဝရာဇူနံ၊ မဟေသိတ္တ မကာရယိံ။
သဟဿံ စက္ကဝတ္တီနံ၊ မဟေသိတ္တ မကာရယိံ။
ပဒေသရဇ္ဇံ ဝိပုလံ၊ ဂဏနာတော အသင်္ချယံ။
နာနာ ဗဟုဝိဓံ အညံ၊ တဿ ကမ္မဖလံ တတော၊
ဥပ္ပလဿေဝ မေ ဝဏ္ဏော၊ အဘိရူပါ သုဒဿနာ။
ဣတ္ထိ သဗ္ဗင်္ဂသမ္ပန္နာ၊ အဘိဇာတာ ဇုတိန္ဓရာ။
ပစ္ဆိမေ ဘဝသမ္ပတ္တေ၊ အဇာယိံ သာကိယေ ကုလေ။
နာရီသဟဿပါမောက္ခာ၊ သုဒ္ဓေါဒနသုတဿာဟံ။

သုကတေန၊ ကောင်းစွာပြုအပ်သော။ တေန ကမ္မေန စ၊ ထိုဆွမ်းလှူသော ကံဖြင့်၎င်း။ စေတနာပဏိဓီဟိ စ၊ ဆုတောင်းစေတနာ မွန်မြတ်စွာတို့ ဖြင့်၎င်း။ မာနုသံ၊ လူ၌ဖြစ်သော။ ဒေဟံ၊ ကိုယ်ကို။ ဇဟိတွာ၊ ပယ်စွန့်၍။ အဟံ၊ အကျွန်ုပ်သည်။ တာဝတိံသံ၊ တာဝတိံသာနတ်ပြည်သို့။ အဂစ္ဆိံ၊ ရောက်ဘူးပြီ။ ။သဟဿံ၊ ဘဝပေါင်းတထောင်။ ဒေဝရာဇူနံ၊ နတ်မင်းကြီးတို့၏။ မဟေသိတ္တံ၊ အဂ္ဂမဟေသီ မိဖုယားကြီးအဖြစ်ကို။ အကာရယိံ၊ ပြုရဘူးပြီ။ သဟဿံ၊ ဘဝပေါင်းတထောင်။ စက္ကဝတ္တီနံ၊ စကြာမင်းတို့၏။ မဟေသိတ္တံ၊ အဂ္ဂမဟေသီ မိဖုယားကြီးအဖြစ်ကို။ အကာရယိံ၊ ပြုရဘူးပြီ။ ပဒေသရဇ္ဇံ၊ ပဒေသရာဇ်မင်းဘို့၏ မိဖုယားကြီးအဖြစ်ကိုကား။ ဝိပုလံ၊ အလွန်များလှ၍။ ဂဏနာတော၊ ဂဏန်းသင်္ချာအားဖြင့်။ အသင်္ချယံ၊ မရေတွက်နိုင်။

နာနာ၊ အထူးထူးသော။ ဗဟုဝိဓံ၊ များသောအပြားရှိသော။ အညံ၊ တပါးသောကံသည်၎င်း။ တဿ၊ ထိုဆွမ်းလှူသောကံ၏။ ကမ္မဖလံ၊ အကျိုးသည်၎င်း။ ဝါ၊ အကျိုးပေးသောကံသည်၎င်း။ အတ္ထိ၊ ရှိ၏။ တတော တေဟိ၊ ထိုကံတို့ကြောင့်။ မေ၊ အကျွန်ုပ်၏။ ဝဏ္ဏော၊ အဆင်းသည်။ ဥပ္ပလဿ၊ ကြာညိုပန်း၏။ ဝဏ္ဏောဣဝ၊ အဆင်းကဲ့သို့။ အဘိရူပါ၊ အလွန်အဆင်းလှ၏။ သုဒဿနာ၊ အလွန်ကြည့်ရှုဘွယ်ရှိ၏။ သဗ္ဗင်္ဂသမ္ပန္နာ၊ အလုံးစုံသော အင်္ဂါနှင့်ပြည့်စုံသော။ ဣတ္ထိ၊ မိန်းမသည်။ အဘိဇာတာ၊ ပကတိလူတို့ထက် သာလွန်၍ဖြစ်၏။ ဇုတိန္ဓရာ၊ ကိုယ်မှအရောင်ထွက်၏။ ။ပစ္ဆိမေဘဝသမ္ပတ္တေ၊ နောက်ဆုံးဘဝသို့

ရောက်သောအခါ၌။ သာကိယေကုလေ၊ သာကီဝင်မင်းမျိုး၌။ ·အဇာယိံ၊ ဖြစ်ရ၏။ အဟံ၊ အကျွန်ုပ်သည်။ သုဒ္ဓေါဒနသုတဿ၊ သုဒ္ဓေါဒနမင်းကြီး၏ သားတော်ဖြစ်သော သိဒ္ဓတ္ထမင်းသား မြတ်ဘုရား၏။ နာရီသဟဿပါမောက္ခာ၊ မိဖုယားတသောင်းကို အုပ်ချုပ်ရသော မိဖုယားကြီးဖြစ်ရ၏။ [သုတ–သဒ္ဒါကား–သားကိုဟောသည်။ အပစ္စ၊ ပုတ္တ၊ အတြဇ၊ သုဘ–ဟူ၍ အဘိဓာန်ရှိ၏]။

နိဗ္ဗိန္ဒိတွာ အဂါရေဟံ၊ ပဗ္ဗဇိံ အနဂါရိယံ၊
သတ္တမိရတ္တိသမ္ပတ္တာ၊ စတုသစ္စံ အပါပုဏိံ။
စီဝရံ ပိဏ္ဍပါတဉ္စ၊ ပစ္စယံ သယနာသနံ။
ပရိမေတုံ နသက္ကောမိ၊ ပိဏ္ဍပါတဿိဒံ ဖလံ။

အယျာယော၊ အရှင်မတို့။ အဟံ၊ သိဒ္ဓတ်မင်းသား မြတ်ဘုရား၏ တတိယမိဖုယားကြီးဖြစ်သော အကျွန်ုပ်သည်။ အဂါရေ၊ အိမ်ရာတည်ထောင် လူ့ဝတ်ကြောင်၌။ နိဗ္ဗိန္ဒိတွာ၊ ငြီးငွေ့ပျင်းမုန်း၍။ အနဂါရိယံ၊ သက်န်းဝတ်ခါ အိမ်ရာမထောင် ရဟန်းဘောင်၌။ ပဗ္ဗဇိံ၊ ရဟန်းမိန်းမပြုလုပ်၏။ သတ္တမိရတ္တိသမ္ပတ္တာ၊ ခုနစ်ရက်သို့ ရောက်သော်။ စတုသစ္စံ၊ ဖြစ်ခြင်းပျက်ခြင်းတရားကို မြင်နိုင်သော သစ္စာလေးရပ်တရားမြတ်သို့။ အပါပုဏိံ၊ ရောက်ပြီ။ ။စီဝရဉ္စ၊ သင်္ကန်းကိုရင်း။ ပိဏ္ဍပါတဉ္စ၊ ဆွမ်းကိုရင်း။ ပစ္စယဉ္စ၊ ထောပတ်ဆီဥ ပျားသကာစသော ဆေးပစ္စည်းကိုရင်း။ သယနာသနံ၊ ဖျာ-သင်ဖြူးစသော အိပ်ရာနေရာကိုရင်း။ ပရိမေတုံ၊ ရေတွက်နိုင်းယှဉ်ခြင်းငှါ။ နသက္ကောမိ၊ မတတ်နိုင်ပါ။ ဣဒံ၊ ဤသည်ကား။ ပိဏ္ဍပါတဿ ဆွမ်းတသပိတ် လှူချခြင်း၏။ ဖလံ၊ အကျိုးပါတည်း။

သာကီဝင်မင်းသွီး တတိယ မိဖုယားကြီးဖြစ်သော ဥပ္ပလဒါယိကာ ဘိက္ခုနီ ထေရီမြတ်လျှ ရဟန္တာမသည်မြတ်စွာဘုရားနှင့်ရှေးဘဝတို့က ပါရမီဖြည့်ဘက် ဆုတောင်းဘက် ဖြစ်ကြောင်းကို လျှောက်ကြားလိုရကား ဤဂါထာကိုဆို၏။

ယံ မယှံ ပုရိမံ ကမ္မံ၊ ကုသလံ သရ မေ မုနိ။
တုယှတ္ထာယ မဟာဝီရ၊ ပရိစတ္တံ ဗဟုံ မယာ။

ခုနိ၊ ရဟန်းထွဋ်တင် မြတ်အရှင်။ မယှံ၊ တပည့်တော်မ၏။ ပုရိမံ ရှေးကမ္ဘာတို့က ပြုကျင့်ခဲ့ဘူးသော။ ကုသလံကမ္မံ၊ ကုသိုလ်ကံသည်။

အဋ္ဌိ၊ ရှိပါ၏။ မေ၊ တပည့်တော်မ၏။ တံ၊ ထိုကုသိုလ်ကံကို။ သုဂ၊ အောက်မေ့တော်မူပါ မြတ်စွာဘုရား။ တုယှဏ္ဍာယ ၊အရှင်ဘုရားနှင့် ပေါင်းဆုံရခြင်း အကျိုးငှါ။ မယာ၊ တပည့်တော်မသည်။ ဗဟုံ၊များစွာ။ ပရိစတ္တံ၊ စွန့်လှူခဲ့ဘူးပါပြီ မြတ်စွာဘုရား။ [ဘယ်မိန်းမဆို ဘုရား အလောင်းနှင့် ကြင်ဘက်ဖြစ်ရပါလို၏ ဆုတောင်းလျှင် ဖြစ်နိုင်သည်ကို ဤဂါထာဖြင့် သိအပ်၏။ ထိပ်ခေါင်တင် မိဖုရားကြီး ဖြစ်ဘို့သာ ခဲယဉ်းသည်။]

ဆွမ်းအကျိုးပြဂါထာများ

ဧကတိံသေ ဣတော ကပ္ပေ၊ ယံဒါန မဒဒိံ တဒါ။
ဒုဂ္ဂတိံ နာဘိဇာနာမိ၊ ပိဏ္ဍပါတဿိဒံ ဖလံ။
ဒွေဂတိယော ပဇာနာမိ၊ ဒေဝတ္တံ အထ မာနုသံ။
အညံ ဂတိံ နဇာနာမိ၊ ပိဏ္ဍပါတဿိဒံ ဖလံ။
ဥစ္စေကုလေ ပဇာနာမိ၊ တယော သာလ မဟာဓနေ။
အညေ ကုလေ နဇာနာမိ၊ ပိဏ္ဍပါတဿိဒံ ဖလံ။
ဘဝါဘဝေ သံသရိတွာ၊ သုက္ကမူလေန စောဒိတာ။
အမနာပံ နပဿာမိ၊ သောမနဿကတံ ဖလံ။

ဣတော၊ ဤကမ္ဘာမှ။ ဧကတိံသေကပ္ပေ၊ သုံးဆဲ့တကမ္ဘာထက်၌။ တဒါ၊ ထိုသိခီမြတ်စွာဘုရား၏ ခမည်းတော် အရုဏမင်းကြီး၏ အလုပ် အကျွေးဖြစ်စဉ်။ယံဒါနံ၊အကြင်သပိတ်တလုံး ပြည့်သော ဆွမ်းအလှူကို။ အဒဒိံ၊ ပေးလှူဘူးပြီ။ ဒုဂ္ဂတိံ၊ အပါယ်ဘုံသို့။ နာဘိဇာနာမိ၊ ကျရောက် ဘူးသည်ကို မသိရ။ ဣဒံ၊ ဤသုံးဆဲ့တကမ္ဘာပတ်လုံး အပါယ်သို့ မကျ ရောက်ခြင်းသည်။ ပိဏ္ဍပါတဿ၊ ဆွမ်းလှူခြင်း၏။ ဖလံ၊ အကျိုးပေ တည်း။ ဒေဝတ္တံ၊ နတ်အဖြစ်၌၎င်း။ အထ၊ထိုပြင်။ မာနုသံ၊လူ၏အဖြစ်၌ ၎င်း။ ဒွေဂတိယော၊ နှစ်မျိုးသောဂတိတို့ကို။ ပဇာနာမိ၊ သိရပါ၏၊ အညံ၊ လူနတ်မှတပါးသော။ ဂတိံ၊ ဂတိကို။ နဇာနာမိ၊ မသိရ။ ဣဒံ၊ ဤလူနတ်ဂတိ နှစ်ပါးသာ သိရခြင်းသည်။ ပိဏ္ဍပါတဿ၊ ဆွမ်းလှူ ခြင်း၏။ ဖလံ၊ အကျိုးပေတည်း။

တယော၊ ခတ္တိယ ဗြာဟ္မဏ ဂဟပတိ သုံးမျိုးရှိကုန်သော။ သာလ မဟာဓနေ၊ များသော ဥစ္စာနှစ် ရှိကုန်သော။ ဥစ္စေ၊ မြင့်မြတ်ကုန်သော။

ကုလေ၊ အမျိုးတို့ကို။ ပဇာနာမိ၊သိရ၏။ အညေ၊ ခတ္တိယမဟာသာလ ဗြာဟ္မဏမဟာသာလ ဂဟပတိ မဟာသာလမှ တပါးကုန်သော။ ကုလေ၊ ယုတ်နိမ့်သော အမျိုးတို့ကို။ နပဇာနာမိ၊ မသိရ။ ဣဒံ၊ ဤအမျိုးမြတ်၌ ဖြစ်ရခြင်းသည်ကား။ ပိဏ္ဍပါတဿ၊ ဆွမ်းလှူခြင်း၏။ ဖလံ၊ အကျိုးထူးပေတည်း။

ဘဝါဘဝေ၊ဘဝကြီးငယ်၌။ သံသရိတွာ၊ကျင်လည်၍။ သုက္ကမူလေန၊ကုသိုလ်ကံရင်းသည့်။ စောဒိတာ၊ တိုက်တွန်းအပ်သည်ဖြစ်၍။အမနာပံ၊မနှစ်သက်ဘွယ်သော အာရုံကို။ နပဿာမိ၊ မမြင်ရပါ။ သောမနဿကတံ၊ ဝမ်းမြောက်စွာလှ သောမနဿဖြင့် ပြုအပ်သော။ ဖလံ၊ အကျိုးပေတည်း။

အဂါရမုနိ အနဂါရမုနိ သေက္ခမုနိ အသေက္ခမုနိ ပစ္စေကမုနိ ဟူသော မုနိငါးပါးတို့ထက် မြတ်တော်မူသောကြောင့် မဟာမုနိ ဘွဲ့တော်ရှိသော မြတ်စွာဘုရား တပည့်တော်မ ဥပ္ပလဒါယိကာသည် ဣဒ္ဓိဝိဓ ဒိဗ္ဗသောတ ပရစိတ္တဝိဇာနန ပုဗ္ဗေနိဝါသ ဒိဗ္ဗစက္ခု လောကီ မဟဂ္ဂုတ် အဘိညာဉ်ငါးပါးတို့ကိုရင်း အရဟတ္တဖိုလ်တည်းဟူသော အာသဝက္ခယဉာဏ်ကိုရင်း ကောင်းစွာရပါပြီ မြတ်စွာဘုရား။ အတ္ထ ဓမ္မ နိရုတ္တိ ပဋိဘာဏ ဟူသော ပဋိသမ္ဘိဒါလေးပါးတို့ကိုလည်း အရှင်ဘုရားအထံမှ ရပါပြီဘုရားဟူ၍ လျှောက်ကြားပြီးလျှင်--

ကိလေသာ ဈာပိတာ မယှံ။လ။ဝိဟာရေမိ အနာသဝါ။
သွာဂတံ ဝတ မေ အာသိ။လ။
ပဋိသမ္ဘိဒါ စတဿော။လ။

ဤဂါထာတို့ကို ဥဒါန်းကျူးလျက် ပရိသတ် အများတို့အား မြတ်စွာဘုရား၏ ရှေ့တော်၌ အပဒါန်တရားတော်ကို ဟောကြားတော်မူ၏။

[ဤဥပ္ပလဒါယိကာ မိဖုယားကြီးသည် ကိုယ်မှထွက်သော အရောင်ရှိသည်ဖြစ်၍ မိန်းမမြတ်တို့၏ အင်္ဂါနှင့် ပြည့်စုံသောကြောင့် တထောင်သော မိဖုယားငယ်တို့၏ အကြီးအမှူး ဖြစ်သော်လည်း ယသော်ဓရာ မိဖုယားကြီး၏ လက်အောက်ဖြစ်၍ရင်း ပါရမီဖြည့်ရခြင်း မတူသောကြောင့်ရင်း မထင်ရှားဘဲနေ၏ဟူလို]။

ဥပ္ပလဒါယိကာ ထေရီ အပဒါန်ပြီး၏။ ။[ဒွတ္တိံသဝတ္ထု]။

သိင်္ဂါလသူဌေးသား၏ မယ်တော် သိင်္ဂါလမာတာ ထေရီ အပဒါန်ဝတ္ထု

သိင်္ဂါလမာတာ ဘိက္ခုနီမသည်လည်း ရှေးရှေးသောမြတ်စွာဘုရားတို့၏အထံ၌ ပြုဘူးသော ပါရမီသမ္ဘာရ ရှိသည် ဖြစ်၍ ကမ္ဘာတသိန်း ထက်၌ ပဒုမုတ္တရမြတ်စွာဘုရားပွင့်တော်မူသောအခါ မြတ်စွာဘုရား၏ ခမည်းတော် အာနန္ဒမင်းကြီး၏ အခြွေအရံ အမတ်ကြီး၏ သမီးတော် ဖြစ်၍ များစွာသော ရတနာဖြင့် ချမ်းသာသောပါများ ပြည့်စုံ ကြွယ်ဝ၏။ အဘဖြစ်သော အမတ်ကြီးနှင့်အတူတကွ ကျောင်းတော်သို့ လိုက်သွား၍ များစွာသော အခြွေအရံတို့နှင့် တရားတော်ကိုနာ၏။ ပဒုမုတ္တရ မြတ်စွာဘုရား၏တရားတော်ကို နာရသဖြင့် သာသနာတော်၌ ကြည်ညို၍ အဘဖြစ်သော အမတ်ကြီးကို အခွင့်တောင်း၍ ရဟန်းမိန်းမပြုလုပ်၏။ ကာယဒုစရိုက် ဝစီဒုစရိုက်တို့ကို ရှောင်ကြဉ်၍ အာဇီဝ ပါရိသုဒ္ဓိ သီလကို သုတ်သင်၏။ သန့်ရှင်းစင်ကြယ်စေ၏။ ကုလဒူသက အနေ သနကို ရှောင်ကြဉ်၏။ သဒ္ဓါတရား သက်သက်ဖြင့် ကြည်ညို၍ လှူသော ကောင်းကင်ကျ ပစ္စည်းကိုသာလျှင် သုံးဆောင်၏၊ ကြည်ညိုလေအောင် ဟန်ဆောင်ခြင်း လောကွတ်ပြုခြင်း သစ်သီးပေးခြင်း ပန်းပေးခြင်း စသော အနေသနတို့ကို မသုံးစွဲ၊ နေမြဲတိုင်းနေ၍ ဘုရား တရား သံဃာ ရတနာသုံးပါး၌ အလွန်ရှိသေခြင်းရှိ၏။ တရားတော်ကို မပြတ် နာလေ့ ရှိ၏။ မြတ်စွာဘုရားကို မပြတ် ဖူးမျှော်လေ့ရှိ၏။ တနေ့သ၌ ပဒုမုတ္တရ မြတ်စွာဘုရားသည် ရဟန်းမိန်းမ တယောက်ကို သဒ္ဓါဓိမုတ္တ ဧတဒဂ် ပေးတော်မူသည်ကိုကြား၏။ ထိုအခါ၌ သဒ္ဓါကြည်ညိုခြင်း ဖြစ်၍ ထိုဘိက္ခုနီမကဲ့သို့ နောင်ပွင့်တော်မူသောဘုရားတို့၏လက်ထက်သဒ္ဓါ ဓိမုတ္တ ဧတဒဂ်ကို ရပါစေသောဟု ဆုတောင်း၍ သိက္ခာသုံးပါးကို ဖြည့်ကျင့်ခဲ့ဘူးလေ၏။

သံဃေ ပသာဒေါ ယဿတ္ထိ၊ ဥဇုဘူတဉ္စ ဒဿနံ။
အဒလိဒ္ဒေါတိ တံ အာဟု၊ အမောဃံ တဿ ဇီဝိတံ။
တသ္မာ သဒ္ဓဉ္စ သီလဉ္စ၊ ပသာဒံ ဓမ္မဒဿနံ။
အနုယုဉ္ဇေထ မေဓာဝီ၊ သရံ ဗုဒ္ဓါနုသာသနံ။

ယဿ၊ အကြင်သူအား။ သံဃေ၊ သံဃာတော်၌။ ပသာဒေါ၊ ကြည်ညိုခြင်းသည်။ အတ္ထိ၊ ရှိ၏။ ဥဇုဘူတံ၊ မဂ်လမ်းဖြောင့်စွာ မြတ်

သံဃာကို။ ဒဿနဉ္စ၊ ဖူးမြင်ခြင်းသည်လည်း။ အတ္ထိ၊ ရှိ၏။ တံ၊ ထိုသူကို။ အဒလိဒ္ဒေါတိ၊ မဖွဲသောသူဟူ၍။ အာဟု၊ ဟောတော်မူကုန်၏။ တဿ၊ ထိုကြည်ညိုသောသူ၏။ ဇီဝိတံ၊ အသက်ရှင်ခြင်းသည်။ အမောဃံ၊ အချည်းနှီးမဟုတ်။ တသ္မာ၊ ထိုကြောင့်။ သဒ္ဓဉ္စ၊ သဒ္ဓါတရားကိုရင်း။ သီလဉ္စ၊ သီလကိုရင်း။ ပသာဒံ၊ ကြည်ညိုစွာ။ ဓမ္မဿဝနံ၊ တရားတော်ကို နာယူခြင်းကိုရင်း။ ဗုဒ္ဓါနုသာသနံ၊ ဘုရားဆုံးမတော်မူသည်ကို။ သရံ၊ အောက်မေ့လျက်။ မေဓာဝီ၊ ပညာရှိသည်။ အနုယုဉ္ဇေထ၊ အားထုတ်ရာ၏။

ဤသို့ ပဒုမုတ္တရ မြတ်စွာဘုရား ဟောတော်သည်ကိုလည်း နာယူမှတ်သား၍ ဘုန်းတော်နေဒန်း တောက်ထွန်းတော်မူသော မြတ်စွာဘုရား-တပည့်တော်မ၏ ဆုတောင်းခြင်းသည် နောင်အခါ၌ ပြည့်စုံပါမည်လော မြတ်စွာဘုရားဟူ၍ မေးလျှောက်၏။ ထိုသို့မေးလျှောက်သောအခါ၌ ချစ်သမီး ဘုရား၌ရင်း တရား၌ရင်း သံဃာတော်၌ရင်း ကြည်ညိုခြင်းရှိသော ချစ်သမီး၏ဆုတောင်းခြင်းသည် ပြည့်စုံလတ္တံ့။ ဤကမ္ဘာမှနောက် ကမ္ဘာတသိန်းရောက်လျှင် ဩက္ကာကမင်းမျိုးဖြစ်သော ဂေါတမမြတ်စွာဘုရား ပွင့်တော်မူလတ္တံ့။ ထိုအခါ၌ သိင်္ဂါလမာတာ ဟူသောအမည်ဖြင့် ရဟန္တာမိန်းမ ဖြစ်လတ္တံ့ဟူ၍ ပဒုမုတ္တရ မြတ်စွာဘုရားသည် ဗျာဒိတ်စကား မိန့်ကြားတော်မူ၏။ ထိုရဟန်းမိန်းမသည် ပဒုမုတ္တရ မြတ်စွာဘုရား၏ ဗျာဒိတ်စကားတော်ကို ကြားရ၍ အလွန်ဝမ်းမြောက်ခြင်းရှိလျက် တသက်ပတ်လုံး ရဟန်းမိန်းမတို့၏ အကျင့်ပဋိပတ်ဖြင့် ပူဇော်၍ မြတ်စွာဘုရားကို ချစ်ခင်မြတ်နိုးစွာ လုပ်ကျွေးဆည်းကပ်၍နေ၏။ ထိုဘဝမှစုတေသော် ထိုကုသိုလ်ကံဖြင့် တာဝတိံသာ နတ်ပြည်၌ဖြစ်၏။

နောက်ဆုံးဘဝ၌ ရာဇဂြိုဟ်ပြည်ကြီးဝယ် ကြွယ်ဝချမ်းသာ ရတနာရွှေငွေ ဆန်ရေစပါး ပေါများပြည့်စုံ ကုံတံလှစွာသော သူဌေးသမီးဖြစ်၍ အရွယ်ရောက်၍ လင်ယောကျ်ားအိမ်သို့ ရောက်သောအခါ သိင်္ဂါလမည်သောသားကို မွေးဖွား၏။ ထိုသိင်္ဂါလမည်သော သူဌေးသားသည် အရပ်ဆယ်မျက်နှာတို့ကို ရှိခိုးပူဇော်ခြင်း ဒိဋ္ဌိအယူရှိ၏။ တနေ့သ၌ ထိုသူဌေးသားသည် အရပ်မျက်နှာတို့ကို ရှိခိုး၍နေစဉ် မြတ်စွာဘုရားသည် ဆွမ်းခံကြွတော် မူလာရာတွင် မြင်တော်မူ၍

သိင်္ဂါလောဝါဒ သုတ်ကို ဟောတော်မူ၏။ ထိုအခါ၌ နှစ်ကုဋေကုန်သော သူတို့သည် ဓမ္မာဘိသမယ ဖြစ်ကြကုန်၏။ သိင်္ဂါလသူဌေးသား၏ မယ်တော် သိင်္ဂါလမာတာသည်လည်း သောတာပတ္တိဖိုလ်၌ တည်၍ မြတ်စွာဘုရား သာသနာတော်၌ ရဟန်းမိန်းမ ပြုလုပ်၍ ဗုဒ္ဓါနုဿတိဘာဝနာကို ပွားစီးလျက် မကြာမြင့်မီပင် ရဟန္တာမ အဖြစ်သို့ရောက်၏။ မြတ်စွာဘုရားကို မကြာမကြာ အခါခပ်သိမ်းသွား၍ ဖူးမျှော်၏။ ထိုသိင်္ဂါလမာတာ ဘိက္ခုနီသည် ဘုရားကိုဖူးမြင်ခြင်း၌ အားရတင်းတိမ်ခြင်း မရှိ၊ ထိုကြောင့် မြတ်စွာဘုရားသည် ငါဘုရားကို ကြည်ညိုခြင်း သဒ္ဓါဓိမုတ္တဂုဏ်၌ အကဲလွန်ဆုံးဟူ၍ ဧတဒဂ် ထားတော်မူ၏။ ဤသို့သဒ္ဓါဓိမုတ္တ ဧတဒဂ်ကိုရတော်မူသော သိင်္ဂါလမာတာဘိက္ခုနီမသည် ကမ္ဘာတသိန်းထက်၌ ပွင့်တော်မူသော ပဒုမုတ္တရ မြတ်စွာဘုရား၏ သာသနာတော်၌ ရဟန်းပြုလုပ်၍ ပါရမီဖြည့်ခဲ့ဘူးသော အပဒါန် တရားတော်တို့ကို ရဟန်းမိန်းမတို့ အလယ်၌ တင့်တယ်စွာ ဟောတော်မူ၏။

ပိတုနာ သဟ ဂန္တွာန၊ မဟာဇနပုရက္ခတာ။
ဓမ္မံ ဗုဒ္ဓဿ သုတွာန၊ ပဗ္ဗဇိံ အနဂါရိယံ။
ပဗ္ဗဇိတွာန ကာလေန၊ ပါပကမ္မံ ဝိဝဇ္ဇယိံ။
ဝစီဒုစ္စရိတံ ဟိတွာ၊ အာဇီဝံ ပရိသောဓယိံ။

အယျာယော၊ တရားတော်နာ လာကြကုန်သော ဘိက္ခုနီအရှင်မတို့။ တဒါ၊ ထိုပဒုမုတ္တရ မြတ်စွာဘုရား လက်ထက်တော်အခါ၌။ အဟံ၊ အမတ်ကြီး၏ သမီးဖြစ်သော အကျွန်ုပ်သိင်္ဂါလ မာတာသည်။ ပိတုနာ၊ အဘဖြစ်သော အမတ်ကြီးနှင့်။ သဟ၊ အတူတကွ။ ဂန္တွာန၊ ကျောင်းတော်သို့ သွား၍။ မဟာဇနပုရက္ခတာ။ လူအများခြံရံလျက်။ ဗုဒ္ဓဿ၊ ပဒုမုတ္တရမြတ်စွာဘုရား၏။ ဓမ္မံ၊ တရားတော်ကို။ သုတွာန၊ နာကြားရ၍။ အနဂါရိယံ၊ ရဟန်းမိန်းမအဖြစ်၌။ ပဗ္ဗဇိံ၊ အဘကိုခွင့်တောင်း ရဟန်းမိန်းမပြုလုပ်ဘူးပြီ။ ပဗ္ဗဇိတွာ၊ ရဟန်းမိန်းမပြုလုပ်၍။ ကာလေန၊ အခါခပ်သိမ်း။ ပါပကမ္မံ၊ ကာယကံစ မကောင်းမှုကို။ ဝိဝဇ္ဇယိံ၊ ရှောင်ကြဉ်ဘူးပြီ။ ဝစီဒုစ္စရိတံ၊ ဝစီဒုစရိုက်ကို။ ဟိတွာ၊ ပယ်ရှား၍။ အာဇီဝံ၊ အာဇီဝပါရိသုဒ္ဓိ သီလကို ပရိသောဓယိံ၊ သန့်ရှင်းစေပြီ။

တရားတော်နာ လာကြကုန်သော အရှင်မတို့ အကျွန်ုပ် သိင်္ဂါလမာတာသည် ရဟန်းမိန်းမ ပြုလုပ်၍ ဘုရားကိုရင်း,တရားတော်ကိုရင်း,

သံဃာတော်ကိုရင်း ကြည်ညိုရိုသေခြင်း ရှိသည်ဖြစ်၍ တရားတော်ကိုလည်း မပြတ်သွား၍ နာလေ့ရှိပါ၏။သဒ္ဓါဝိမုတ္တ ဧတဒဂ်ကိုဆုတောင်း၍ သိက္ခာသုံးပါးကိုလည်း ဖြည့်ကျင့်ပါ၏၊ ထိုအခါ၌ ပဒုမုတ္တရ မြတ်စွာဘုရားသည် ဤသို့ ဗျာဒိတ်စကား မိန့်ကြားတော်မူ၏။

သတသဟဿိတော ကပ္ပေ၊ ဩက္ကာက ကုလသမ္ဘဝေါ။
ဂေါတမော နာမ နာမေန၊ သတ္ထာ လောကေ ဘဝိဿတိ။
တဿ ဓမ္မေသု ဒါယာဒါ၊ ဩရသာ ဓမ္မနိမ္မိတာ။
သိင်္ဂါလကဿ မာတာတိ၊ ဟေဿတိ သတ္ထု သာဝိကာ။
တံ သုတွာ မုဒိတာ ဟုတွာ၊ ယာဝဇီဝံ တဒါ ဇိနံ။
မေတ္တစိတ္တာ ပရိစရိံ၊ ပဋိပတ္တိဟိ နာယကံ။

အယျာယော၊ ဘိက္ခုနီအရှင်မတို့။တံ၊ ထိုဗျာဒိတ်စကားကို။သုတွာ၊ ကြားနာရ၍။ မုဒိတာ၊ ဝမ်းမြောက်သည်။ ဟုတွာ၊ ဖြစ်၍။တဒါ၊ရဟန်းမိန်းမပြုလုပ်သော ထိုအခါ၌။ ဇိနံ၊ မာရ်ငါးပါးကို အောင်တော်မူသော။ နာယကံ၊ ပဒုမုတ္တရ မြတ်စွာဘုရားကို။ ပဋိပတ္တိဟိ၊ အကျင့်ပဋိပတ်တို့ဖြင့်။ မေတ္တစိတ္တာ၊ ချစ်ခင်သော စိတ်ရှိလျက်။ ပရိစရိံ၊ သာသနာတော်အကျင့်မြတ်ဖြင့် ဆည်းကပ် လုပ်ကျွေးပါ၏။

တေန ကမ္မေန သုကတေန၊ စေတနာပဏိဓီဟိ စ။
ဇဟိတွာ မာနုသံ ဒေဟံ၊ တာဝတိံသံ အဂစ္ဆဟံ။

အယျာယော၊ အရှင်မတို့။ တေနကမ္မေန၊ ထိုရဟန်းပြုလုပ်၍ သိက္ခာသုံးပါးကို ကျင့်သော ကုသိုလ်ကံဖြင့်ရင်း။ စေတနာပဏိဓီဟိ စ၊ ဆုတောင်းစေတနာ မွန်မြတ်စွာကို့ဖြင့်ရင်း။ မာနုသံ၊ လူ၌ဖြစ်သော။ ဒေဟံ ကိုယ်ကို။ ဇဟိတွာ၊ စွန့်၍။ တာဝတိံသံ၊ တာဝတိံသာနတ်ပြည်သို့။ အဟံ၊ အကျွန်ုပ်သည်။အဂစ္ဆိံ၊ ရောက်ဘူးပြီ။

ပစ္ဆိမေ ဘဝေ ဒါနိ၊ ဂိရိဗ္ဗဇ ပုရုတ္တမေ။
ဇာတာ သေဋ္ဌိကုလေ ဖီတေ၊ မဟာရတန သဉ္စယေ။

ဒါနိ၊ ယခု။ ပစ္ဆိမေဘဝေ၊ နောက်ဆုံး ဘဝ၌လည်း။ ဂိရိဗ္ဗဇပုရုတ္တမေ၊ ရာဇဂြိုဟ်ပြည်မြတ်၌။ ဖီတေ၊ ပြည့်စုံကြွယ်ဝသော။မဟာရတနသဉ္စယေ၊ များစွာသော ရတနာတို့ဖြင့် စုဆောင်းခြင်းရှိသော။ သေဋ္ဌိကုလေ၊ သူဌေးမျိုး၌။ ဇာတာ၊ ဖြစ်ရ၏။

ပုဗ္ဗော သိင်္ဂါလကောနာမ၊ ပမာသိ ဝိပထေ ရတော။
ဒိဋ္ဌိဂဟာနပက္ခန္ဒော၊ ဒိသာ ပူဇနတပ္ပရော။

မမ၊ အကျွန်ုပ်၏။ ပုဗ္ဗော၊ သားသည်။ သိင်္ဂါလကောနာမ၊ သိင်္ဂါလအမည်ရှိ၏။ ဝိပထေ၊ လမ်းလွဲ၌။ ရတော၊ မွေ့လျော်လျက်။ ဒိဋ္ဌိဂဟာနပက္ခန္ဒော၊ မိစ္ဆာဒိဋ္ဌိတောသို့ ပြေးဝင်လျက်။ ဒိသာပူဇန တပ္ပရော၊ အရပ်မျက်နှာကို ပူဇော်ရာ ကိုးကွယ်ရာ မှတ်ထင်လျက်။ ပမာသိ၊ မိုက်မှားမေ့လျော့၏။

နာနာဒိသာ နမဿန္တံ၊ ပိဏ္ဍာယ နဂရံ ဝဇံ။
တံ ဒိသွာ ဩဝဒိ ဗုဒ္ဓေါ၊ မဂ္ဂေ ဌတွာ ဝိနာယကော။

ဝဇံ၊ ခြံ၏ပမာ တောင်ဝိုင်းကာသော။ နဂရံ၊ ရာဇဂြိုဟ်မြို့တော်သို့။ ပိဏ္ဍာယ၊ ဆွမ်းခံအလို့ငှါ။ အာဂတော၊ ကြွလာတော်မူသော။ ဗုဒ္ဓေါ၊ မြတ်စွာဘုရားသည်။ နာနာဒိသာ၊ အသူးထူး အပြားပြား ရပ်မျက်နှာတို့ကို။ နမဿန္တံ၊ ရှိခိုး၍နေသော။ တံ၊ ထိုသိင်္ဂါလဟု နာမမည်တွင် သားရွှေစင်ကို။ ဝိနာယကော၊ ဆုံးမတော် မူတတ်သော မြတ်စွာဘုရား သည်။ မဂ္ဂေ၊ ဆွမ်းခံလမ်း၌။ ဌတွာ၊ တန့်ရပ်တော်မူ၍။ ဩဝဒိ၊ ဆုံးမတော်မူ၏။ ။(သိင်္ဂါလောဝါဒသုတ်ကို ဟောတော်မူသည်)။

တဿ ဒေသယတော ဓမ္မံ၊ ပနာဒေါ ဝိမှယော အဟု။
ဒွေကောဋိ နရနာရီနံ၊ ဓမ္မာဘိသမယော အဟု။

တဿ၊ ထိုသိင်္ဂါလ သူဌေးသားအား။ ဓမ္မံ၊ တရားတော်ကို။ ဒေသယတော၊ ဟောတော်မူသည် ရှိသော်။ ဝိမှယော၊ အံ့ဩဘွယ်သော။ ပနာဒေါ၊ သာဓုခေါ်သံသည်။ အဟု၊ ဖြစ်၏။ ဒွေကောဋိ နရနာရီနံ၊ နှစ်ကုဋေသော ယောကျ်ား မိန်းမတို့သည်။ ဓမ္မာဘိသမယော၊ သစ္စာ ပိုင်းခြား တရားထိုးထွင်း သိမြင်ခြင်းသည်။ အဟု၊ ဖြစ်၏။

တဒါဟံ ပရိသံ ဂန္တွာ၊ သုတွာ သုဂတဘာသိတံ။
သောတာပတ္တိဖလံ ပတ္တော၊ ပဗ္ဗဇိံ အနဂါရိယံ။

တဒါ၊ ထိုအခါ၌။ အဟံ၊ အကျွန်ုပ်သိင်္ဂါလ၏ မယ်တော်သည်။ ပရိသံ၊ တရားနာ ပရိသတ်သို့။ ဂန္တွာ၊ သွား၍။ သုဂတဘာသိတံ၊ မြတ်စွာဘုရား ဟောတော်မူသော တရားတော်ကို။ သုတွာ၊ ကြားနာရ၍။ သောတာ ပတ္တိဖလံ၊ သောတာပတ္တိဖိုလ်သို့။ ပတ္တော၊ ရောက်လျက်။ အနဂါရိယံ၊ ရဟန်းမိန်း အဖြစ်၌။ ပဗ္ဗဇိံ၊ ရဟန်းမိန်းမပြုလုပ်၏။

နမိရေနေဝ ကာလေန၊ ဗုဒ္ဓဒဿနလာလသာ။
အနုဿတိ တံ ဘာဝေတွာ၊ အရဟတ္တံ အပါပုဏိံ။

နမိရေနေဝကာလေန၊ မကြာမြင့်မီ ကာလ၌ပင်လျှင်။ ဗုဒ္ဓဒဿန လာလသာ၊ ဘုရားကို ဖူးမြင်ခြင်း၌ လွန်ကဲသော အလိုဆန္ဒရှိသည် ဖြစ်၍။ တံ၊ ထိုမြတ်စွာဘုရားကို။ အနုဿတိ၊ အဖန်တလဲလဲ အောက်မေ့ခြင်း သတိကို။ ဘာဝေတွာ၊ ပွားစေ၍။ အရဟတ္တံ၊ အရဟတ္တဖိုလ်သို့။ အပါပုဏိံ၊ ရောက်၏။

ဒဿနတ္ထာယ ဗုဒ္ဓဿ၊ သဗ္ဗဒါစ ဝဇာမဟံ။
အတိတ္တာယေဝ ပဿာမိ၊ ရူပံ နယနနန္ဒနံ။

အယျာယော၊ အရှင်မတို့။ အဟံ၊ သိင်္ဂါလမာတာ သညာဘွဲ့ရ တပည့်တော်မသည်။ ဗုဒ္ဓဿ၊ မြတ်စွာဘုရားအား။ ဒဿနတ္ထာယ၊ ဖူးမြင်ခြင်းငှါ။ သဗ္ဗဒါစ၊ အခါခပ်သိမ်းပင်လျှင်။ ဝဇာမိ၊ သွားပါ၏။ နယနနန္ဒနံ၊ မျက်စိ၌ နှစ်သက်ဘွယ်ရှိသော။ ရူပံ၊ အဆင်းတော်ကို။ အတိတ္တာယေဝ၊ အားမရ တင်းမတိမ်ဘဲသာလျှင်။ ပဿာမိ၊ ကြည့်ရှု ဖူးမြင်၍နေပါ၏။

သဗ္ဗပါရမိသမ္ဘူတံ၊ လက္ခဏ်ဗျဉ္ဇနံ ဝရံ။
ရူပံ သဗ္ဗသုဘာကိဏ္ဏံ၊ အတိတ္တာ ဝိဟရာမဟံ။

အယျာယော၊ အရှင်မတို့။ အဟံ၊ သိင်္ဂါလမာတာ သညာဘွဲ့ရ တပည့်တော်မသည်။ သဗ္ဗပါရမိသမ္ဘူတံ၊ အလုံးစုံသော ပါရမီတော် ကြောင့် ဖြစ်သော။ လက္ခဏ်ဗျဉ္ဇနံ၊ အသရေတော်၏ တည်ရာဖြစ်တော် မူသော။ ဝရံ၊ မြတ်လှစွာသော။ သဗ္ဗသုဘာကိဏ္ဏံ၊ အလုံးစုံသော တင့်တယ်ခြင်းတို့နှင့် ရောပြွမ်းသော။ ရူပံ၊ မြတ်စွာဘုရား၏ အဆင်း တော်ကို။ အတိတ္တာ၊ ကြည့်ရှုဖူးမြင်၍ မဝနိုင်ဘဲ။ ဝိဟရာမိ၊ နေရပါ၏။

ဘုရားတော်နှာ လာကြကုန်သော ဘိက္ခုနီအရှင်မတို့– သိင်္ဂါလမာတာ အမည်ရှိသော တပည့်တော်မသည် မြတ်စွာဘုရား၏ အဆင်း တော်ကို ကြည်ညိုစွာ ဖူးမြင်ကြည့်ရှု၍ အားရတင်းတိမ်ခြင်းမရှိဘဲ အခါခပ်သိမ်း ဘုရားအထံတော်သို့သွား၍ ဖူးမျှော်ပါ၏။ သဒ္ဓါလွန်ကဲ ခြင်း ဂုဏ်ထူး၌ နှစ်သက်တော်မူသော မြတ်စွာဘုရားသည် သဒ္ဓါ ကြည်ညိုကြသော ဘိက္ခုနီမ အပေါင်းတို့တွင် သိင်္ဂါလမာတာ

ရူဋ္ဌာသယ ၁၅၇–၃၀

ဘိက္ခုနီမသည် အလွန်အကဲဆုံး ဟူ၍ ဧတဒဂ် ထားတော်မူပေ၏။ သဒ္ဓါဓိမုတ္တ ဧတဒဂ်ကိုရသော သိင်္ဂါလမာတာ ဘိက္ခုနီ မိန်းမသည် မြတ်စွာဘုရားအား ဤဂါထာတို့ဖြင့် လျှောက်ကြားပြန်၏။

ဣဒ္ဓိသုစ ဝသီ ဟောမိ၊ ဒိဗ္ဗာယ သောတဓာတုယာ။
စေတောပရိယဉာဏဿ၊ ဝသီ ဟောမိ မဟာမုနိ။

ပုဗ္ဗေနိဝါသံ ဇာနာမိ၊ ဒိဗ္ဗစက္ခု ဝိသောဓိတံ။
သဗ္ဗာသဝ ပရိက္ခီဏာ၊ နတ္ထိ ဒါနိ ပုနဗ္ဘဝေါ။
အတ္ထဓမ္မနိရုတ္တီသု၊ ပဋိဘာနေ တထေဝစ။
ဉာဏံ မမ မဟာဝီရ၊ ဥပ္ပန္နံ တဝ သန္တိကေ။

မဟာမုနိ၊ ရဟန်းထိပ်တင် မြတ်အရှင်။ အဟံ၊ တပည့်တော်မသည်။ ဣဒ္ဓိသုစ၊ တန်ခိုးတို့၌လည်း။ ဝသီ၊ လေ့လာလျင်မြန်သည်။ ဟောမိ၊ ဖြစ်ပါ၏။ ဒိဗ္ဗာယသောတဓာတုယာ၊ ဒိဗ္ဗသောတ အဘိညာဏ်၌လည်း။ ဝသီ၊ လေ့လာသည်။ ဟောမိ၊ ဖြစ်ပါ၏။ စေတောပရိယဉာဏဿ၊ စေတောပရိယအဘိညာဏ်၏။ ဝသီ၊ လေ့လာခြင်းသို့ ရောက်သည်။ ဟောမိ ဖြစ်ပါ၏။ ပုဗ္ဗေနိဝါသံ၊ ရှေးဘဝ၌ နေဘူးသည်ကိုလည်း။ ဇာနာမိ၊ ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဏ်ဖြင့် သိနိုင်ပါ၏။ ဒိဗ္ဗစက္ခုံ၊ ဒိဗ္ဗစက္ခုအဘိညာဏ်ကိုလည်း။ ဝိသောဓိတံ၊ သုတ်သင်နိုင်ပါ၏။ သဗ္ဗာသဝ ပရိက္ခီဏာ၊ အလုံးစုံသောအာသဝေါတို့မှ ကုန်ခန်းသည်ဖြစ်၍။ ဒါနိ၊ ယခု။ ပုနဗ္ဘဝေါ၊ နောင်တဖန် ဖြစ်ခြင်းသည်။ နတ္ထိ၊ မရှိတော့ပါ မြတ်စွာဘုရား။

မဟာဝီရ၊ ကြီးမြတ်လွန်ကဲသော ဝီရိယရှိတော်မူသော မြတ်စွာဘုရား။ အတ္ထဓမ္မနိရုတ္တီသု၊ အတ္ထပဋိသမ္ဘိဒါ၊ ဓမ္မပဋိသမ္ဘိဒါ၊ နိရုတ္တိပဋိသမ္ဘိဒါတို့၌၎င်း။ တထေဝ၊ ထို့အတူသာလျှင်။ ပဋိဘာနေစ၊ ပဋိဘာန ပဋိသမ္ဘိဒါ၌၎င်း။ မမ သိင်္ဂါလမာတာခေါ် တပည့်တော်မ၏။ ဉာဏံ၊ ဉာဏ်သည်။ တဝ၊ အရှင်ဘုရား၏။ သန္တိကေ၊ အထံတော်၌။ ဥပ္ပန္နံ၊ ဖြစ်ပါ၏။

သိင်္ဂါလမာတာ ဘိက္ခုနီ ရဟန်းမိန်းမသည် မြတ်စွာဘုရားအား လျှောက်ကြား၍ ရဟန္တာ ဖြစ်ပြီးသော ယောကျ်ားမိန်းမတို့ ဥဒါန်းကျူးမြဲဖြစ်သော ဂါထာတို့ကို ဤသို့ဥဒါန်းကျူးတော်မူ၏။

ကိလေသာ ဈာပိတာ မယှံ၊ ဘဝါ သဗ္ဗေ သမူဟတာ။
နာဂီဝ ဗန္ဓနံ ဆေတွာ၊ဝိဟာရာမိ အနာသဝါ။
သွာဂတံ ဝတ မေ အာသိ၊ မမ ဗုဒ္ဓဿ သန္တိကေ။
တိဿော ဝိဇ္ဇာ အနုပ္ပတ္တာ၊ ကတံ ဗုဒ္ဓဿ သာသနံ။
ပဋိသမ္ဘိဒါ စတဿော၊ ဝိမောက္ခာပိစ အဋ္ဌိမေ။
ဆဠာဘိညာ သစ္ဆိကတာ၊ ကတံ ဗုဒ္ဓဿ သာသနံ။
ဣတ္ထံ သုဒံ သိင်္ဂါလမာတာ ဘိက္ခုနီ ဣမာ ဂါထာယော အဘာသိတ္ထ။

[ထိုဂါထာတို့၏အနက်ကို နောက်က ပြခဲ့ပြီ။]

ဤသိင်္ဂါလမာတာ ဘိက္ခုနီသည် ပဒုမုတ္တရ မြတ်စွာ ဘုရား လက်ထက်တော်၌ ရဟန်းမိန်းမ ပြုလုပ်လျက် ဈာန်ဒိတ်ရသည်။

သိင်္ဂါလမာတာ ဘိက္ခုနီ အပဒါန် ဝတ္ထုပြီး၏။

[စတုတ္ထိ သဝတ္ထု]။

သုတ္တာထေရီ၏ အပဒါန်ဝတ္ထု

သုတ္တာအမည်ရှိသော ဘိက္ခုနီ ရဟန်းမိန်းမသည်လည်း ရှေးရှေးသော မြတ်စွာဘုရားတို့၏ အထံ၌ အဓိကာရ ပါရမီကုသိုလ်ရှိသည် ဖြစ်၍ ကိုးဆဲ့တကမ္ဘာထက်၌ ဝိပဿီ မြတ်စွာဘုရား ပွင့်တော်မူသော အခါ ဗန္ဓုမတီ ပြည်ကြီးဝယ် မထင်ရှားသော အမျိုးသို့ဖြစ်၍ ဝိပဿီ မြတ်စွာဘုရား၏ တရားတော်ကိုနာ၍ သာသနာတော်၌ ကြည်ညိုသော စိတ်ဖြင့် ရဟန်းမိန်းမ ပြုလုပ်ပြီးလျှင် ပိဋကတ်သုံးပုံကို သင်ကြား၍ များသော အကြားအမြင် ပညာရှိ၏။ ဆန်းကြယ်သော တရားစကားကို ဟောတတ်သော ဓမ္မကထိက ဘိက္ခုနီမဖြစ်၏။ တရားဟော အလွန် ကောင်း၏။ ပဋိဘာဏ်ဉာဏ် ပညာရှိသည်ဖြစ်၍ များစွာသော လူ အပေါင်းတို့အား ဟိတေသီ စိတ်ကောင်း စိတ်မြတ်ဖြင့် တရားစကား ဟောကြားလျက် ဓမ္မဒေသနာ ကုသိုလ်ကို အားထုတ် ပြုလုပ်၏။ ထို တရားဟောကောင်း ရဟန်းမိန်းမဘဝမှ စုတေသည်ရှိသော် ထိုဓမ္မ ဒေသနာကုသိုလ်၏ အစွမ်းဖြင့်မှုင်း သိက္ခာသုံးပါးကို ဖြည့်ကျင့်သော စတုပါရိသုဒ္ဓိသီလ ကုသိုလ်၏ အစွမ်းဖြင့်မှုင်း ဘုသိတာနတ်ပြည်၌ ဖြစ်၏။

ထိုနောက် သုံးဆဲ့တကမ္ဘာထက်၌ သိခီမြတ်စွာဘုရား၏လက်ထက်တော်၌လည်း ရဟန်းမိန်းမပင် ဖြစ်ပြန်၍ ပိဋကတ်သုံးပုံကို သင်ကြားလျက် ဓမ္မကထိက တရားဟောကောင်းဖြစ်၍ ပိဋကတ်တော်တို့ကို သင်ကြားပို့ချ ဟောပြောလျက် သာသနာတော်ကို ထွန်းလင်းစေ၏။ ထိုဘဝမှ စုတေပြန်သည်ရှိသော် တာဝတိံသာ နတ်ပြည်၌ ဖြစ်၏။ ထို သုံးဆဲ့တကမ္ဘာထက်၌ပင် ဝေဿဘူ မြတ်စွာဘုရား ပွင့်တော်မူပြန်၏၊ ထိုဝေဿဘူ မြတ်စွာဘုရားလက်ထက်တော်၌လည်း ရဟန်းမိန်းမ ဖြစ်ပြန်၍ ပိဋကတ်သုံးပုံဆောင်သော ဓမ္မကထိက တရားဟောကောင်းဖြစ်ပြန်၍ သာသနာတော်ကို ထွန်းလင်းအောင် အားထုတ်၏။ ထိုဘဝမှ စုတေသော် နတ်ပြည်၌ ဖြစ်၍ ကြီးစွာသော နတ်စည်းစိမ်ကို ခံစားရ၏။ ထိုနောက် ဤကမ္ဘာ အတွင်း၌ ရှေးဦးစွာ ပွင့်တော်မူသော ကကုသန် မြတ်စွာဘုရား၏ လက်ထက်တော်၌လည်း ရဟန်းမိန်းမ ဖြစ်ပြန်၍ ဓမ္မကထိက တရားဟောကောင်း ဖြစ်၍ သာသနာတော်ကို ထွန်းလင်းစေ၏၊ ထိုဘဝမှ စုတေသော် တာဝတိံသာသို့ မိမိနေမြဲတိုင်း နေရာဖြစ်သော ဗိမာန်ကဲ့သို့ သွား၍ ဖြစ်ပြန်၏။ ထိုနောက် ဤကမ္ဘာ အတွင်း၌ပင် ဒုတိယ ပွင့်တော်မူသော ကောဏာဂုံ မြတ်စွာဘုရား၏ လက်ထက်တော်၌လည်း ရဟန်းမိန်းမဖြစ်ပြန်၏။ ဗဟုသုတ ဓမ္မကထိက ပိဋကတ် သုံးပုံဆောင် ဖြစ်၍ သာသနာတော်ကို ထွန်းလင်းစေ၏။ စုတေသောအခါ တာဝတိံသာ နတ်ပြည်၌ ဖြစ်ပြန်၏။

ထိုနောက် ဤကမ္ဘာအတွင်း၌ပင် တတိယပွင့်တော်မူသော ကဿပ မြတ်စွာဘုရား၏သာသနာတော်၌လည်း ရဟန်းမိန်းမဖြစ်ပြန်၍ ပိဋကတ်သုံးပုံကို သင်ကြား၍ မေးမြန်းခြင်း ပြောဟောခြင်းတို့ဖြင့် များစွာသော တရားစကားကို ပြုလုပ်ဟောပြောလျက် သိက္ခာသုံးပါးကို ဖြည့်ကျင့်၍ စုတေသည်ရှိသော် တာဝတိံသာ နတ်ပြည်သို့ပင် ပြန်၍ ဖြစ်ပြန်၏။ ယခု နောက်ဆုံး ဖြစ်သော ဘဝ၌ ရာဇဂြိုဟ်ပြည်ကြီးဝယ် ကြွယ်ဝပြည့်စုံ ကုံတံပေါများ စပါးဆန်ရေ ရွှေငွေရတနာများစွာရှိသောသူဌေးမျိုး၌ သူဌေးသမီးဖြစ်ရ၏။ ငါတို့ဂေါတမ မြတ်စွာဘုရားသည် ပထမဝါ၌ မိဂဒါဝုန်တောမှ ပဉ္စဝဂ္ဂီငါးဦး ယသသူဌေးသား ငါးကျိပ်ငါးတို့ကို ဧဟိဘိက္ခု။ ခေါ်တော်မူ၍ ဥရုဝေလတောသို့ ကြွပြီးလျှင် ဥရုဝေလကဿပ နဒီကဿပ ဂယာကဿပ ဆံကျစ်ရသေ့ တထောင်တို့ကို

တရားဟော၍ ရဟန္တာ ဖြစ်ကုန်သော ထိုပုရာဏဇဋိလ ရဟန်း တထောင်တို့နှင့် ရာဇဂြိုဟ်ပြည်တွင်းသို့ ဝင်တော်မူသောအခါ သိကြားမင်းသည် အလွန် အဆင်းလှသော လုလင်ပျိုယောင် ဖန်ဆင်းလျက် မြတ်စွာဘုရား၏ ရှေ့တော်မှ လမ်းပြသူငယ်ကဲ့သို့ သာယာသော သီချင်းကို ဆိုလျက်သွား၏။

သိကြားမင်း သီဆိုသော သီချင်း မဂဓ ကဗျာ

ဒန္တော ဒန္တေဟိ သဟ၊ ပုရာဏဇဋိလေဟိ ဝိပ္ပမုတ္တော။
ဝိပ္ပမုတ္တေဟိ သိင်္ဂီနိက္ခသဝဏ္ဏော၊ ရာဇဂဟံ ပါဝိသိ ဘဂဝါ။
ဝိနည်းမဟာဝါ ပါဠိတော် ၄၃-နံပါတ်၊ အပဒါန်ပါဠိတော် ၄၆၀-နံပါတ်။

ယဉ်ကျေးတော်မူသော မြတ်စွာဘုရားသည် ယဉ်ကျေးကုန်သော ဆံကျစ်ရသေ့ဟောင်းတို့နှင့် အတူတကွ လွတ်မြောက်တော် မူသော မြတ်စွာဘုရားသည် လွတ်မြောက်ကုန်သော ဆံကျစ်ရသေ့ဟောင်း တို့နှင့် အတူတကွ သိင်္ဂီနိက္ခရွှေအဆင်းနှင့် တူသော အဆင်းရှိတော် မူသော ဘုန်းတော်သခင်ဘုရားသည် ရာဇဂြိုဟ်ပြည်တွင်းသို့ ဝင်တော် မူ၏။

ထိုအခါ၌ သုဏ္ဏာ အမည်ရှိသော သူဌေးသမီးသည် ဂုဏ်တော် အပေါင်းတို့နှင့် ပြည့်စုံသော မြတ်စွာဘုရား၏ အာနုဘော် တန်ခိုး တော်ကို ကြည်ညို၍ အစွမ်းအားရှိသလောက် ပူဇော်၏။ ထိုနောက် ဓမ္မဒိန္နာ ရဟန်းမိန်းမ၏ အထံသို့သွား၍ ရဟန်းမိန်းမ ဘိက္ခုနီ ပြုလုပ် ရာတွင် ဆံပင်ကိုရိပ်လှီး၍ ကိလေသာကုန်စင်သော ရဟန္တာအဖြစ်သို့ ရောက်၍ ဓမ္မကထိက တရားဟော ရဟန္တာမိန်းမ ဖြစ်၏၊ သုဏ္ဏာ ဘိက္ခုနီမ၏တရားကို နာကြရကုန်သောလူအပေါင်းတို့သည် တထောင် မက ဓမ္မာဘိသမယဖြစ်၍ မဂ်ဖိုလ်ကို ရကြကုန်၏။ တရံသောအခါ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတိုက်၌ သီတင်း သုံးနေတော်မူစဉ် သုဏ္ဏာအမည်ရှိသော ရဟန်းမိန်းမသည် များစွာ သော ပရိသတ်ခြံရံလျက် တရားဟော၍ နေ၏၊ ထိုအခါ၌ သုဏ္ဏာ ဘိက္ခုနီမကို ကြည်ညိုသော နတ်ဘီလူး တယောက်သည် ရာဇဂြိုဟ် ပြည်တွင်းသို့ လှည့်လည်၍ လမ်းသေး လမ်းမြွာ လမ်းဆုံ လမ်းမသို့ သွားလျက် ဤဂါထာကို ဆို၏။

ကိံတေ ကတာ ရာဇဂဟေ၊ မနုဿာမရုံ ဝိတာဝ အဿုရေ။
ယေ သုက္ကံ နူပါသန္တိ၊ ဒေသန္တံ အမတံ ပဒံ။

ရာဇဂဟေ၊ ရာဇဂြိုဟ်ပြည်၌။ ဣမေမနုဿာ၊ ဤလူအပေါင်းတို့သည်။ မရုံ၊ ပျားရည်ပမာ ချိုလှစွာသော တရားအရသာကို။ ဝိတာဝ၊ သောက်ကြကုန်၍သာလျှင်။အဿုရေ၊ နေကြကုန်၏။ အမတံပဒံ၊အမြိုက်နိဗ္ဗာန် တရားမှန်ကို။ ဒေသန္တံ၊ ဟောတော်မူသော။ သုက္ကံ၊ သုက္ကာအမည်ရှိသော ရဟန္တာမိန်းမကို။ ယေ၊ အကြင်သူတို့သည်။နူပါသန္တိ၊ မဆည်းကပ်ကြကုန်။ တေ၊ ထိုသူတို့သည်။ ကိံကတာ၊ အဘယ်ကို ပြုလုပ်၍ နေကြကုန်ဘိသနည်း။

တနေ့သ၌ ရာဇဂြိုဟ်ပြည်ဝယ် ဥပါသကာ ဒါယကာ တယောက်သည် သုက္ကာဘိက္ခုနီမကို ဆွမ်းကျွေး၏။ ထိုအခါ၌လည်း သုက္ကာဘိက္ခုနီမကို အလွန် ကြည်ညိုသော နတ်ဘီလူးသည် ရာဇဂြိုဟ်ပြည် တွင်းသို့ လှည့်လည်၍ ဤဂါထာကို ဆို၏။

ပုညံ ဝတ ပသဝိ ဗဟုံ၊ သပညော ဝတာယံ ဥပါသကော။
ယော သုက္ကာယ အဒါသိ ဘောဇနံ၊သဗ္ဗဂန္ထေဟိ ဝိပ္ပမုတ္တိယာ။

ယော၊ အကြင် ဒါယကာသည်။ သဗ္ဗဂန္ထေဟိ၊ အလုံးစုံသော ကိလေသာအထုံးအဖွဲ့ အချည်အနှောင်တို့မှ။ ဝိပ္ပမုတ္တိယာ၊ ကင်းလွတ်တော်မူပြီးသော။ သုက္ကာယ၊ သုက္ကာအမည်ရှိသော ဘိက္ခုနီမိန်းမအား။ ဘောဇနံ၊ ဆွမ်းဘောဇဉ်ကို။ အဒါသိ၊ ကပ်လှူ၏။ သော-ဥပါသကော၊ ထိုဒါယကာသည်။ဝတ၊ စင်စစ်။ဗဟုံ၊ များစွာ။ ပုညံ၊ ကောင်းမှုသည်။ ပသဝိ၊ တိုးပွား၏။ အယံ ဥပါသကော၊ ဤဥပါသကာသည်။ သပညော ဝတ၊ ပညာရှိပေစွတကား။

သဂါထာ ဋ္ဌကထာဝံ ယုတ်ပါဠိတော် ၁၅၂၊ ထေရီဂါထာပါဠိတော် ၁၉၂၊
ထေရီအပဒါန် ပါဠိတော် ၄၀၆။

ထို သုက္ကာထေရီ ဘိက္ခုနီမိန်းမသည် ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဏ်ဖြင့် ဆင်ခြင် သိမြင်တော်မူ၍ ဝိပဿီ၊ သိခီ၊ ဝေဿဘူ၊ ကကုသန်၊ ကောဏာဂုံ၊ ကဿပ၊ ဤခြောက်ဆူသော မြတ်စွာဘုရား တို့၏ သာသနာတော်၌ ရဟန်းမိန်းမ ဘိက္ခုနီပြုလုပ်၍ ဝိနည်းကတ်သုံးပုံ ကို သင်ကြား သိက္ခာသုံးပါးကို ဖြည့်ကျင့် တရားဟောခြင်းဓမ္မဒေသနာ

ကုသိုလ်ကို ဆည်းပူး အထူးသဖြင့် ဖြည့်ကျင့်ခဲ့သော ပါရမီသမ္ဘာရ အပဒါန်တရားတော်တို့ကို ရဟန်းမိန်းမတို့၏ အလယ်၌ ထင်တယ်စွာ နေထိုင်လျက် ဟောကြားတော်မူလိုသည်ဖြစ်၍ ဤဂါထာတို့ကို ဆို၏။

ဧကနဝုတိတော ကပ္ပေ၊ ဝိပဿီနာမ နာယကော။
ဥပ္ပဇ္ဇိ စာရုဒဿနော၊ သဗ္ဗဓမ္မဝိပဿကော။
တဒါဟံ ဗန္ဓုမတိယံ၊ ဇာတာ အညတရေ ကုလေ။
ဓမ္မံ သုတွာန မုနိနော၊ ပဗ္ဗဇိံ အနဂါရိယံ။

ဤသို့ အစရှိသော သုံးဆဲ့နှစ်ဂါထာတို့ကို ဟောတော်မူ၏။
[ထေရီအပဒါန်ပါဠိတော် ၄၀၅-နံပါတ်၌ ကြည့်ရှုကြကုန်]။
သုဇာတာဘိက္ခုနီ အပဒါန် ပြီး၏။ ။[ပဥ္စတိံသ ဝတ္ထု]။

အဘိရူပနန္ဒာထေရီ၏ အပဒါန်ဝတ္ထု

ဤအဘိရူပနန္ဒာထေရီ ရဟန်းမိန်းမသည် သဗ္ဗညု မြတ်စွာဘုရား၏ ဆွေတော်မျိုးတော် ကပိလဝတ်ပြည် ခေမက သာကီဝင်မင်း၏ သမီးတော်ဖြစ်၏။ အလွန်အဆင်းလှသည်ဖြစ်၍ နှစ်သက် ချစ်ခင်ဘွယ်သော အဆင်းနှင့် ပြည့်စုံသောကြောင့် ရူပနန္ဒာဟူသောအမည်ဖြင့် ကျော်စောထင်ရှား၏။ ထိုရူပနန္ဒာမင်းသမီးကို စုံမက်ချစ်ခင် ကြကုန်သော သာကီဝင်မင်းသားတို့သည် သူရထိုက်သည် ငါရထိုက်သည် စသည်ဖြင့် ခိုက်ရန်ဝိဝါဒ ဖြစ်ကြကုန်၏။ ထို့ကြောင့် အဘိရူပနန္ဒာဟူ၍ ခေါ်ဝေါ်ကြပြန်၏။ ထိုသို့လုယက်ငြင်းခုန် ခိုက်ရန်ဝိဝါဒ ဖြစ်ကြကုန်သော သာကီဝင်မင်းသားတို့သည် အချင်းချင်း ညှဉ်းဆဲနှိပ်စက် ပျက်စီးခြင်းသို့ မရောက်ပါစေလင့်ဟူ၍ အဘဖြစ်သော ခေမကသာကီဝင် မင်းကြီးသည် မိမိသမီးတော်ကို ရဟန်းပြုစေ၏၊ အဘဖြစ်သော ခေမကသာကီဝင် မင်းကြီး၏စကားကို နားထောင်၍ ရဟန်းမိန်းမ ပြုလုပ်၏။ ဓနပဒကလျာဏီ မင်းသမီးကဲ့သို့ပင်လျှင် ရဟန်းမိန်းမ ပြုလုပ်လိုသော စိတ်မရှိချေ။ မိမိ၏ အဆင်းရုပ်ဝါကိုသာလျှင် တပြင်ပြင် တသသ တကြွကြွနှင့် အလှဂုဏ်မာန်ယစ်မူး၍ အထူးထူးသော တန်းဆာတို့ကို ဝတ်ဆင်ကာ နံ့သာလိမ်းကာ ပန်းပန်ကာနေလိုသော စိတ်သာလျှင်ရှိ၏။ အဆင်းရုပ်တရား၏ အပြစ်ကိုထုတ်ဆော်၍ ဟော

တော်မူတတ်သော မြတ်စွာဘုရား အထံသို့လည်း မသွားရောက်လို၊ မြတ်စွာဘုရား မြင်မည်ကိုပင်လျှင် ကြောက်သောကြောင့် ဩဝါဒ ခံယူရာသို့လည်း မလိုက်ဘဲနေ၏။ ရဟန်းမိန်းမတို့သည် ဆဲ့ငါးရက် လခွဲတကြိမ် ရဟန်းယောကျ်ားရှိရာ ကျောင်းတိုက်သို့သွား၍ ဆုံးမ ဩဝါဒကို ခံယူရာ၏။ မသွားဘဲမနေရ မသွားဘဲနေသော ရဟန်းမိန်း မအား ပါစိတ်အာပတ်သင့်စေဟူ၍ သိက္ခာပုဒ်ကို ပညတ်တော်မူ၏။ အဘိရူပနန္ဒာ ဘိက္ခုနီမသည်ကား မိမိအဆင်းလှသည်ကို မြတ်စွာ ဘုရားမြင်တော်မူလျှင် ငါ၏အဆင်းရုပ်သွင်ကို ရုပ်အနိစ္စ စသည်ဖြင့် အပြစ်တင်၍ ဟောတော်မူလိမ့်မည်၊ ထိုသို့အပြစ်တင်၍ ဟောတော်မူ ချေက ငါ၏အလွန်အဆင်းလှခြင်းသည် အဘိုးမတန်ဘဲ အဆင်းလှ သမျှသည် အချည်းနှီးသာဖြစ်၍ နေတော့မည်ဟု မိမိအဆင်းရုပ်ဝါ သွင်ပြင်ကို ခင်မင်မြတ်နိုးလျက် ပုန်းလျှိုး၍သာနေလေ၏။

ထိုအခါ၌ သဗ္ဗညုတဉာဏ်တော်ရှင် ဖြစ်တော်မူသော မြတ်စွာဘုရား သည် အဘိရူပနန္ဒာ ဘိက္ခုနီမ၏ စိတ်သွားကို ဆင်ခြင်တော်မူသည် ရှိသော် ရှေးရှေးသော မြတ်စွာဘုရားတို့၏ အထံ၌ ပြုကျင့်ဆည်းပူး ခဲ့သော ပါရမီရှိသော ပစ္ဆိမဘဝိက မိန်းမမြတ် ဖြစ်ကြောင်းကို သိတော်မူ၍ ငါ၏အထံသို့ ရူပနန္ဒာဘိက္ခုနီသည် ရောက်လာစေသ တည်းဟု မိန့်တော်မူလျှင် မြတ်စွာဘုရား၏ တန်ခိုးတော်အားဖြင့် ရူပနန္ဒာဘိက္ခုနီသည် မြတ်စွာဘုရားကို မြင်လိုသောစိတ်သည် ပေါ် ပေါက်လာသဖြင့် မြတ်စွာဘုရားမမြင်ရန် ရဟန်းမိန်းမတို့၏နောက်မှ ပုန်းလျှိုးကာ အသာချောင်းလျက် စောင်းမြောင်းကြည့်ရှု၍ ဖူးမြင်အံ့ဟု ရဟန်းမိန်းမတို့နှင့် ရောနှော၍လိုက်လာ၏။ ထိုအခါ၌ မြတ်စွာဘုရား သည် နတ်သ္မီးမှုမက အလွန်အဆင်းလှသော မိန်းမပျိုကို တန်ခိုးတော် ဖြင့် ဖန်ဆင်း၍ ရူပနန္ဒာမြင်လောက်ရာ၌ထား၏။ ခေမာမင်းသ္မီး ဇနပဒကလျာဏီမင်းသ္မီးတို့ကဲ့သို့ ရူပနန္ဒာသည် တန်ခိုးတော်ဖြင့် ဖန်ဆင်း ၍ထားသော မိန်းမပျိုကိုကြည့်ရှု၍ ဤမိန်းမပျိုသည် အလွန်အဆင်းလှ ပါတကား ဤမိန်းမပျို၏ အဆင်းကိုကြည့်ရှုလျှင် ငါ၏အဆင်းသည် ဘာမျှမဟုတ်ပါတကား ဤ မိန်းမပျိုကိုမြင်ရခြင်းသည် အလွန်အကျိုး အထူး ဝမ်းမြောက်ဘွယ်ရှိလှပါ၏တကားဟု တဖိမ့်ဖိမ့် ကြည့်ရှု၍နေ ၏။ အလွန်တတ်ကျွမ်း လိမ္မာလှစွာသော မျက်လှည့်ဆရာကြီးသည်

ကြည့်ရှုသူလူအများတို့ အဟုတ်ထင်အောင် မျက်လှည့်ရုပ်အမျိုးမျိုးကို ပြောင်းလဲ၍ ပြဘိသကဲ့သို့ အဆင်းလှစွာသော မိန်းမပျိုကို မိန်းမအိုကြီးဖြစ်အောင် ပြောင်းလဲ၍ ပြတော်မူပြန်၏။ ထိုနောက် သေ၍သွားသဖြင့် ဥဒ္ဓုမာတက ဝိနီလက ပုပ်ပွညှိဟောင်း မကောင်းသော အနံ့တို့ဖြင့် လှိုင်စေလျက် အသေကောင်မိန်းမ၏ အလောင်းကောင်ကြီးကို ပြောင်းလဲကာ ဘန်ဆင်း၍ ပြတော်မူပြန်၏။ ထိုအခါ၌ ရူပနန္ဒာဘိက္ခုနီသည် သံဝေဂစိတ် ထိတ်လန့်ခြင်းဖြစ်၍လာသဖြင့် ဤရူပကာယကိုယ်ကောင်ကြီးသည် အချည်းနှီးဘာမျှ မဟုတ်ပါတကားဟု ငြီးငွေ့သောစိတ် ဖြစ်ပေါ်လာ၏။ ထိုအခါ၌ သဗ္ဗညု မြတ်စွာဘုရားသည် ဤဂါထာကို ဟောတော်မူ၏။

အာတုရံ အသုစိံ ပူတိံ၊ ပဿ နန္ဒေ သမုဿယံ။
ဥဂ္ဃရန္တံ ပဂ္ဃရန္တံ၊ ဗာလာနံ အဘိနန္ဒိတံ။
အသုဘာယ စိတ္တံ ဘာဝေဟိ၊ ဧကဂ္ဂံ သုသမာဟိတံ။
ယထာ ဣဒံ တထာ ဧတံ၊ ယထာ ဧတံ တထာ ဣဒံ။

နန္ဒေ၊ အဆင်းရုပ်ဝါ ချောလှစွာသည့်နန္ဒာမည်ခေါ်သို့်းတော်။ အာတုရံ၊ နာကျင်ဘတ်စွာထသော။ အသုစိံ၊ မစင်မကြယ် ရွံရှာဘွယ်ရှိသော၊ ပူတိံ၊ အပုပ်အဘိဖြစ်သော။ သမုဿယံ၊ အရိုးအကြောတို့ဖြင့် ဖွဲ့ဆက်စိုက်ထောင်၍နေသော။ ဥဂ္ဃရန္တံ၊ အထက်သို့သည်း၊ အံထွက်တတ်သော။ ပဂ္ဃရန္တံ၊ အောက်သို့လည်း ယိုစီး၍ကျတတ်သော။ ဗာလာနံ၊ အမိုက်မတို့သည်။ အဘိနန္ဒိတံ၊ ဖြီးလိမ်းဝတ်ဆင် တပြင်ပြင် တသသ ခင်မင်ကြသော ဤကိုယ်ကောင်ပုပ်ကြီးကို။ ပဿ၊ ဟုတ်တိုင်း မြင်အောင် အကုန်အစင် ကြည့်ရှုလေလော့။ နန္ဒေ၊ အဆင်းရုပ်ဝါ ချောလှစွာသည့် နန္ဒာမည်ရ သို့်းလှ။တော၊ချစ်သို့်း၏။ စိတ္တံ၊စိတ်ကို။ ဧကဂ္ဂံ၊အသုဘအာရုံ ဘခုတည်း၌ တည်နေအောင်။သုသမာဟိတံ၊ကောင်းစွာငြိမ်သက်ခြင်းရှိအောင်။ အသုဘာယ၊ မတင့်မတယ်ရွံရှာဘွယ်ဟူသော အသုဘသညာဖြင့်။ ဘာဝေဟိ၊ပွါးစေ ဖြစ်စေလော့။ ဣဒံယထာ၊ ဤချစ်သို့်း၏ကိုယ်ကဲ့သို့။ ဧတံ၊ ထိုအသေကောင်၏ ကိုယ်သည်။ တထာ၊ထိုအတူပင် မသေခင်က အဆင်းလှ၏။ ဧတံယထာ၊ ထိုအသေကောင်မ၏ ကိုယ်ကဲ့သို့။ ဣဒံ၊ ဤချစ်သို့်း၏ ကိုယ်သည်။ တထာ၊ ထိုအသေ ကောင်မနှင့် အတူတူပင်လျှင်အတည်မမြဲဖေါက်လွဲပျက်ပြားဘတ်သောသဘော၃ှိ၏။

ဣဿာသယ ၁၅၇–၃၉

ဤဂါထာကို မြတ်စွာဘုရား ဟောတော်မူသောအခါ ရူပနန္ဒာ ဘိက္ခုနီသည် နေ့ရောညဉ့်ပါ အခါမပြတ် အသုဘသညာကို နှလုံးသွင်းလျက် ဤရူပကာယ ကိုယ်ကောင်ကြီး၌ အတွင်းအပ အကြော အရိုး အသား အရေ အရူမ အရှိန် အလိမ်လိမ် အရှုပ်ရှုပ်၊ မစင်ပုပ်နှင့် အဆုပ်အသဲ ချွဲခမ်း သလိပ် ကျင်ကြီးကျင်ငယ် ရွံရှာဘွယ်တို့ဖြင့် ပြည့်နှက်၍ နေသော သဘောကို ဟုတ်တိုင်းမှန်ရာ ဉာဏ်ပညာဖြင့် ကောင်းစွာ ထင်ထင် သိမြင်သောအခါ ဝိပဿနာကိုတက်၍ မဂ်စိတ် ဖိုလ်စိတ်ဖြစ်လာ၍ ရဟန္တာမိန်းမမြတ် အဖြစ်သို့ ရောက်လေသတည်း။ ထိုအကြောင်းကို ထင်စွာပြလိုသော ရူပနန္ဒာထေရီ ရဟန္တာမိန်းမမြတ်သည် ဤဂါထာတို့ကို ဟောတော်မူ၏။

ပေမေတံ အဝေက္ခန္တီ၊ ရတ္တိံဒိဝ မတန္ဒိကာ။
တတော သကာယ ပညာယ၊ အဘိနိဗ္ဗိဇ္ဈ ရဿသိ။
တဿာမေ အပ္ပမတ္တာယ၊ ဝိစရန္တိယာ ယောနိသော။
ယထာဘူတံ အယံကာယော၊ ဒိဋ္ဌော သန္တရဗာဟိရော။
အထ နိဗ္ဗိန္ဒဟံ ကာယေ၊ အဇ္ဈတ္တဉ္စ ဝိရဇ္ဇဟံ။
အပ္ပမတ္တာ ဝိသံယုတ္တာ၊ ဥပသန္တာမှိ နိဗ္ဗုတာ။

အယျာယော၊ အရှင်မတို့။ ဗိဝံ၊ ဤသို့ မြတ်စွာဘုရားဟောကြားတော်မူသည့်အတိုင်း။ ဧတံ၊ ဤရူပကာယ ကိုယ်ကောင်ကြီးကို။ အဝေက္ခန္တီ၊ ကြည့်ရှုဆင်ခြင်လျက်။ ရတ္တိံဒိဝံ၊ နေ့ရောညပါ အခါမပြတ်။ အတန္ဒိကာ၊ မပျင်းမရိ နေသည်ရှိသော်။ တတော၊ ထိုနောက်၊ သကာယပညာယ၊ မိမိပညာဖြင့်။ အဘိနိဗ္ဗိဇ္ဈ၊ ထိုးထွင်းဖူးရှုနေရာကျသိ၍။ ရဿသိ၊ နေ၏။ ယောနိသော၊ အသင့်အားဖြင့်။ အပ္ပမတ္တာယ၊ မမေ့မလျော့။ ဝိစရန္တိယာ၊ ကြည့်ရှု ဆင်ခြင်လျက် လှည့်လည် သွားလာ နေသော။ တဿာမေ၊ ထိုအကျွန်ုပ်အား။ ယထာဘူတံ၊ ဟုတ်တိုင်းမှန်စွာ။ အယံကာယော၊ ဤကိုယ်ကောင်ကြီးကို။ သအန္တရဗာဟိရော၊ အတွင်းရော အပရော။ ဒိဋ္ဌော၊ ကောင်းစွာထင်ထင်သိမြင်လေ၏။ အဟံ၊ ကျွန်ုပ်သည်။ အထ၊ ထိုသို့ သိမြင်သောအခါ၌။ ကာယေ၊ တကိုယ်လုံး၌။ နိဗ္ဗိန္ဒ၊ ငြီးငွေ့၍။ အဇ္ဈတ္တဉ္စ၊ အတွင်း၌၎င်း။ ဗဟိဒ္ဓါစ၊ အပ၌၎င်း။ ဝိရဇ္ဇ၊ တဿသ တပြင်ပြင် မခင်မင်လို မပြင်လို မဆင်လိုဘဲ။ အဟံ၊ အကျွန်ုပ်သည်။ အပ္ပမတ္တာ၊ ဝိပဿနာကို မမေ့မလျော့သည်ဖြစ်၍။ ဝိသံယုတ္တာ၊ တဏှာ

ရာဂနှင့်မယှဉ်ဘဲ။ နိဗ္ဗုတာ၊ ငြိမ်းအေးသည်ဖြစ်၍။ ဥပသန္တာ၊ ကိလေသာ ကင်းငြိမ်းသော ရဟန္တာမိန်းမသည်။ အမှို၊ဖြစ်ရပါ၏။

အဘိရူပနန္ဒာ ထေရီသည် အဘိညာဉ်ခြောက်ပါး ပဋိသမ္ဘိဒါ လေးပါးတို့နှင့်တကွ ရဟန္တာမိန်းမ ဖြစ်ပြီး၍ ပုဗ္ဗေနိဝါသ အဘိညာဉ် ဖြင့် ဆင်ခြင်သည်ရှိသော် ရှေးရှေးဘဝတို့က ပြုကျင့် ဆည်းပူး ခဲ့သော ပါရမီသမ္ဘာရတို့ကို မြင်၍ ဝမ်းမြောက်သောစိတ်ဖြင့် ဥဒါန်းကျူးကာ ဤဂါထာတို့ကို ဟောတော်မူ၏။

အဘိရူပနန္ဒာထေရီ ဟောတော်မူသော အပဒါန်တရားတော်

ဧကနဝုတိတော ကပ္ပေ၊ ဝိပဿီနာမနာယကော။
ဥပ္ပဇ္ဇိ စာရုဒဿနော၊ သဗ္ဗဓမ္မေသု စက္ခုမာ။
တဒါဟံ ဗန္ဓုမတိယံ၊ ဇာတ္တေ ဗိတေ မဟာကုလေ။
ဇာတာ သုရူပါ ဒယိတာ၊ ပူဇနီယာ ဇနဿစ။
ဥပဂန္တွာ မဟာဝီရံ၊ ဝိပဿိံ လောကနာယကံ။
ဓမ္မံ သုဏိတွာ သရဏံ၊ ဥပေသိံ နရနာယကံ။

တရားတော်နာ လာကြကုန်သော ဘိက္ခုနီအရှင်မတို့ ဤကမ္ဘာမှ ပြန်၍ ရေသော် ကိုးဆဲ့တကမ္ဘာထက်၌ ဝိပဿီ မြတ်စွာဘုရား ပွင့်တော်မူ၏။ ထိုအခါ၌ တပည့်တော်မ ရူပနန္ဒာသည် ဗန္ဓုမတီ ပြည်ကြီးဝယ် ကြွယ်ဝပြည့်စုံကုံထံပေါများ စပါးဆန်ရေရွှေငွေရတနာ ပြည့်စုံစွာသော မဟာကုလသူဌေးမျိုး၌ ဖြစ်၍ အလွန်အဆင်းလှ၏။ သနားချစ်ခင်ဘွယ်ရှိ၏။ လူအများတို့၏ ပူဇော်မြတ်နိုးဘွယ် ဖြစ်၏။ မိမိအောက် နိမ့်သော ဆင်းရဲသား သုဒ္ဒလူမျိုးတို့၏ ပူဇော်မြတ်နိုးရာ ဖြစ်၏။ ဝိပဿီမြတ်စွာဘုရား အထံတော်သို့ သွားရောက်ဆည်း ကပ်၍ သရဏဂုံကို ခံယူဆောက်တည်၏။

သီလေသု သံဝုတာ ဟုတွာ၊ နိဗ္ဗုတေစ နရုတ္တမေ။
ဓာတုထူပဿ ဥပရိ၊ သောဏ္ဏဆတ္တံ အပူဇယိံ။

သီလေသု၊ သီလတို့၌။ သံဝုတာ၊စောင့်ရှောက်သည်။ဟုတွာ၊ဖြစ်၍။ နရုတ္တမေ ဝိပဿီမြတ်စွာဘုရားသည်။ နိဗ္ဗုတေစ၊ ပရိနိဗ္ဗာန်ပြုတော်မူသည်ရှိသော်။ ဓာတုထူပဿ၊ ဓာတ်တော်တို့ကို ဌာပနာ၍ ကိုးကွယ်ရာ

စေတီတော်မြတ်၏။ ဥပရိ၊ အထက်၌။ သောဏ္ဏဆတ္တံ၊ ရွှေဖြင့် စီချယ်သော ထီးတော်မြတ်ကို။အပူဇယိံ၊ပူဇော်ခဲ့ဘူးပြီ။

မုတ္တာစာဂါ သီလဝတီ၊ ယာဝဇီဝံ တတော စုတော။
ဇဟိတွာ မာနုသံ ဒေဟံ၊တာဝတိံသ မုပဂါ အဟံ။

အယျာယော၊ အရှင်မတို့။ အဟံ၊ အကျွန်ုပ်သည်။ မုတ္တာစာဂါ၊ လွတ်လွတ်စွန့်ကြဲ လှူဒါန်းလေ့ရှိ၏။ ယာဝဇီဝံ၊ တသက်ပတ်လုံး။ သီလဝတီ၊ သီလကို စောင့်စည်းခြင်းရှိ၏။ တတော၊ ထိုဘဝမှ။ စုတော၊ စုတေလတ်သော်။ မာနုသံ၊ လူ၌ဖြစ်သော။ ဒေဟံ၊ ကိုယ်ကို။ ဇဟိတွာ၊ စွန့်၍။ တာဝတိံသံ၊ တာဝတိံသာနတ်ပြည်သို့။ ဥပဂါ၊ကပ်ရောက်၏။

သဒါ ဒသဟိ ဌာနေဟိ၊ အဓိဘောတွာန သေသကေ။
ရူပသဒ္ဒေဟိ ဂန္ဓေဟိ၊ ရသေဟိ ဖုသနေဟိစ။
အာယုနာပိစ ဝဏ္ဏေန၊ သုခေန ယသသာပိစ။
တထေဝါဓိပတေယျေန၊ အဓိဂယှ ဝိရောစဟံ။

သဒါ၊ အခါခပ်သိမ်း။ ဒသဟိဌာနေဟိ၊ဆယ်ပါးသောအရာတို့ဖြင့်။ သေသကေ၊ ကြွင်းကုန်သော အတူနေနတ်သမီးတို့ကို။ အဓိဘောတွာန၊ ပိုလွန်၍။ရူပသဒ္ဒေဟိစ၊ အဆင်းအသံတို့ဖြင့်၎င်း။ဂန္ဓေဟိစ၊ အနံ့တို့ဖြင့်၎င်း။ရသေဟိစ၊ အရသာတို့ဖြင့်၎င်း။ ဖုသနေဟိစ၊ အတွေ့တို့ဖြင့်၎င်း။ အာယုနာပိစ၊ အသက်အားဖြင့်၎င်း။ ဝဏ္ဏေနစ၊ အဆင်းလှခြင်းအားဖြင့်၎င်း။ သုခေနစ၊ ချမ်းသာခြင်းအားဖြင့်၎င်း။ ယသသာပိစ၊ အခြံအရံ အကျော်အစောအားဖြင့်၎င်း။ တထေဝ၊ ထိုအတူပင်လျှင်။ အဓိပတေယျေနစ၊ အစိုးရခြင်းအားဖြင့်၎င်း။ အဓိဂယှ၊ ပိုလွန်၍။ အဟံ၊ အကျွန်ုပ်သည်။ ဝိရောစိံ၊ တင့်တယ်၏။

အဓိပ္ပါယ်ကား— ကုသိုလ်ကံ သာလွန်သောသူသည် ဆယ်ပါးသောအရာဌာနတို့ဖြင့် သူတပါးတို့ထက်သာလွန်သည်။ဆယ်ပါးသော အရာဌာနဟူသည်ကား— ဗဟိဒ္ဓဂုဏ် ငါးပါး အဇ္ဈတ္တဂုဏ်ငါးပါး၊ ဤဆယ်ပါးသောဂုဏ်တို့ဖြင့် သာလွန်၏။ ဗဟိဒ္ဓဂုဏ် ငါးပါးဆိုသည်ကား- ကာမဂုဏ် ငါးပါးကို ဆိုသည်။ အဆင်း ကာမဂုဏ်, အသံ ကာမဂုဏ်, အနံ့ ကာမဂုဏ်, အရသာ ကာမဂုဏ်, အတွေ့ အထိ ကာမဂုဏ်, ဤကာမဂုဏ် ငါးပါးတို့ကို သူတပါးတို့ထက် ပိုလွန်၍ ခံစားရ၏။ ကောင်းမွန်နှစ်သက်ဖွယ်သော အဆင်းကို မြင်ရကြည့်ရှုရ

ခြင်းသည် အဆင်းကာမဂုဏ်ကို ခံစားခြင်း မည်၏။ ကောင်းမွန် နှစ်သက်ဖွယ်သော အသံကို ကြားရခြင်း၊ နားထောင်ရခြင်းသည် အသံကာမဂုဏ်ကို ခံစားခြင်းမည်၏။ ကောင်းမွန်နှစ်သက်ဖွယ်သော အနံ့ကိုနမ်းရခြင်း ရှူရခြင်းသည် အနံ့ကာမဂုဏ်ကို ခံစားခြင်း မည်၏။ ကောင်းမွန် နှစ်သက်ဖွယ်သော အရသာရှိသော အစားအစာကို စားသောက်ရခြင်းသည် အရသာကာမဂုဏ်ကို ခံစားခြင်း မည်၏။ ကောင်းမွန်နှစ်သက်ဖွယ်သော အတွေ့အထိကို တွေ့ရခြင်း ထိရခြင်း သည် အတွေ့အထိကာမဂုဏ်ကို ခံစားခြင်း မည်၏။ ကုသိုလ်ကံ သာလွန်သော သူသည် ထိုကာမဂုဏ်ငါးပါးတို့ကို ပိုလွန်၍ ခံစားရ၏။ (ကောင်းသောအဆင်းကိုသည်း ကြည့်ရှုလိုတိုင်း ကြည့်ရှုရ၏။ ကောင်းသော အသံကိုလည်း နားထောင်ချင်တိုင်း နားထောင်ရ၏။ ကောင်းသော အနံ့ကိုလည်း နမ်းရှူချင်တိုင်း နမ်းရှူရ၏။ ကောင်းသောအရသာရှိသော အစားအစာကိုလည်း စားချင်တိုင်း သောက်ချင်တိုင်း စား- သောက်ရ၏။ ကောင်းသော အတွေ့ အထိ ကိုလည်း တွေ့ချင်တိုင်း ထိချင်တိုင်း တွေ့ထိရ၏။ ထိုကာမဂုဏ်ငါးပါးတို့ကို ခံစားချင်တိုင်း ခံစားရ၏ ဟူ၍ဆိုလိုသည်)။ ကုသိုလ်ကံ နည်းပါးသောသူသည် ထို ကာမဂုဏ်ငါးပါးတို့ကိုခံစားချင်တိုင်း ခံစားသည်ရှိသော် အဋ္ဌုတ္တဂုဏ် ငါးပါးမှ ယုတ်လျော့ ပျက်ပြား ဆုတ်ယုတ်၍ သွားကတတ်၏။ အဋ္ဌုတ္တ ဂုဏ်ငါးပါးဆိုသည်ကား အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာ ခြင်း၊ အခြံအရံ အကျော်အစော ရှိခြင်း အစိုးရခြင်း။ ဤအဋ္ဌုတ္တဂုဏ် ငါးပါးတို့မှဆုတ်ယုတ်၍သွားတတ်၏။ ကုသိုလ်ကံနည်းပါးသောသူသည် ကာမဂုဏ်ငါးပါးကို ခံစားချင်တိုင်း ခံစားသည်ရှိသော် အသက်တို၍ သွားတတ်၏။ အဆင်းယုတ်၍ သွားတတ်၏။ အနာရောဂါဖြစ်၍ ဆင်းရဲ တတ်၏။ အခြံအရံ အကျော်အစော ဥစ္စာစည်းစိမ် ဂုဏ်သိမ်နုပ်ဖွဲ့ ဖရိုဖရဲပျက်ပြား၍ သွားတတ်၏။ အစိုးရခြင်း သြဇာအာဏာရှိခြင်းမှ ယုတ်လျော့ပျက်ပြား သွားတတ်၏။ ကုသိုလ်ကံ သာလွန်သောသူသည် ကာမဂုဏ် ငါးပါးတို့ကို ခံစားချင်တိုင်း ခံစားရ၏။ ခံစားချင်တိုင်း ခံစားသော်လည်း အဋ္ဌုတ္တဂုဏ်ငါးပါးမှ ယုတ်လျော့ ပျက်ပြားခြင်း မရှိ။ အသက်လည်းရှည်၏။ အဆင်းလည်း တိုး၍လှ၏။ ကာမဂုဏ်ကို ခံစားခြင်းကြောင့် အနာရောဂါ ဘေးအန္တရာယ်မဖြစ်၊ ချမ်းသာ၏။ အခြံ

အရံ အကျော်အစော ဉဿုစည်းစိမ် ယုတ်လျော့ ပျက်ပြားခြင်းမရှိ။ ခံစားချင်တိုင်းခံစားနိုင်၏။ ခံစားချင်တိုင်း ခံစားတို့ရာ ကာမဂုဏ်တွေကို အလွယ်တကူရနိုင်၏။

ပစ္ဆိမေစ ဘဝေ ဒါနိ၊ ဇာတာဟံ ကပိလဝှယေ။
ဓိတာ ခေမကသက္ကဿ၊ နန္ဒာနာမာတိ ဝိဿုတာ။

အယျာယော၊ အရှင်မတို့။ အဟံ၊ တပည့်တော်သည်။ ဒါနိ၊ ယခု။ ပစ္ဆိမေစဘဝေ၊ နောက်ဆုံးဘဝ၌လည်း။ ကပိလဝှယေ၊ ကပိလဝတ်အမည်ရှိသော ပြည်၌။ ခေမကသက္ကဿ၊ ခေမကသာကီဝင်မင်း၏။ ဓိတာ၊သမီးတော်ဖြစ်ရ၏။နန္ဒာနာမာတိ၊နန္ဒာအမည်ရှိ၏ဟူ၍။ ဝိဿုတာ၊ ကျော်စော၏။နန္ဒာနာမေန၊နန္ဒာဟူသောအမည်ဖြင့်။ အတိဝိဿုတာ၊အလွန်ကျော်စော၏။ [ထေရီဂါထာ အဋ္ဌကထာ– ဒု–ချပ်၌ ထုတ်ဆောင်သော အဘိရူပနန္ဒာထေရီ အပဒါန်ပါဠိသည် မှား၍နေ၏။ လွဲမှားချွတ်ချော်ပုံ လွန်ကဲသည်။]

ရူပနန္ဒာဘိက္ခုနီထေရီအပဒါန် ဝတ္ထုပြီး၏။ [ဆတ္တိံသဝတ္ထု]။

အဍ္ဎကာသိ ဘိက္ခုနီမ၏ အပဒါန် ဝတ္ထု

ဤ အဍ္ဎကာသိ အမည်ရှိသော ရဟာန်း မိန်းမသည် ရှေးရှေးသော မြတ်စွာဘုရားတို့၏ အထံတော်၌ ဖြည့်ဆည်းပူးခဲ့သော ပါရမီရှိသည်ဖြစ်၍ ဤ ဘဒ္ဒကမ္ဘာအတွင်း၌ ကဿပမြတ်စွာဘုရား၏ သာသနာတော်ဝယ် ရဟာန်းမိန်းမပြုလုပ်၍ ပါတိမောက္ခ သံဝရသီလ၊ ဣန္ဒြိယ သံဝရသီလ၊ပစ္စယသန္နိဿိတသီလ၊အာဇီဝပါရိသုဒ္ဓိသီလတို့၌ ကောင်းစွာစောင့်ရှောက်လျက် ဘောဇနမတ္တညုတ ဇာဂရိယာနုယုတ္တ ကမ္မဋ္ဌာနာနုယောဂ ဟူသော အကျင့်တရားတို့ကို အားထုတ်၍ကျင့်၏။ရဟာန်းမိန်းမတို့ ကျင့်သုံးသော စတုပါရိသုဒ္ဓိသီလ၌ ကောင်းစွာတည်၍ ရတင်ပဋိပတ်တို့ကိုဆောက်တည်လျက် ထကြွလုံ့လဝီရိယဖြင့် ကမ္မဋ္ဌာန်းတရားကို အားထုတ်၍ ကျင့်၏။ ထိုသို့ အကျင့်တရားနှင့် ပြည့်စုံစွာနေသော်လည်း အာသဝေါက်လေသာ၊ လောဘ၊ ဒေါသ၊ မောဟ တရားမကင်းသေးသော ပုထုဇဉ်ဖြစ်၍ သူကန်းခရီးသွားသကဲ့သို့ မှားသောအခါ မှားယွင်းချွတ်ချော် မသင့်လျော်သော စိတ်သည် ဖြစ်ပေါ်၍ လာ

တတ်၏။ ထိုတရားကို ကျင့်လျက်နေသော ပုထုဇဉ် ရဟန်းမိန်းမသည် အာသဝေါကိလေသာ ကင်းပြီးသော ရဟန္တာမိန်းမကို ပြစ်မှားသော စိတ်ဖြင့် ပြည့်တန်ဆာမဟူသော စကားဖြင့် ဆိုမိ၏။ ထိုမကောင်းမှုကံဖြင့် သေသည်မှနောက် ငရဲပြည်သို့ရောက်၏။ ငါတို့မြတ်စွာဘုရား ပွင့်တော်မူသောအခါ ငရဲမှလွတ်၍ ကဿပ မြတ်စွာဘုရား လက်ထက်က ရဟန်းမိန်းမတို့၏ ကျင့်ဝတ်တရားကို အားထုတ်ခဲ့သော ကုသိုလ်ကံဖြင့် ဗာရာဏသီပြည်ဝယ် သူဌေးသမီးဖြစ်လာ၏။ ပြဟ္မစာရိကုသိုလ်ကံ၏ အစွမ်းအားဖြင့် အလွန်အဆင်းလှ၏။ နတ်သမီးကဲ့သို့ အရောင်အဆင်းနှင့် ပြည့်စုံ၏။ ကဿပ မြတ်စွာဘုရား လက်ထက်တော်က ရဟန္တာမိန်းမကို ပြစ်မှားသော စိတ်ဖြင့် ပြည့်တန်ဆာမ ဟူသော စကားဖြင့် ဆဲဆိုမိသော မကောင်းမှု ကံကြွင်းအားဖြင့် လိုချင်သူ ယောကျ်ား အလွန်များသောကြောင့် သူဌေးသား မင်းသားတို့သည် တဦးတယောက်၏ မယား ဖြစ်ခြင်းကို တားမြစ်၍ အများဆိုင်ရာ လူတကာတို့၏ မယားဖြစ်စေရန် ပြည့်ရှင်မင်း၏ အာဏာအားဖြင့် ရာဇဂြိုဟ်ပြည်သို့ ဆောင်ယူ၍ ပြည့်တန်ဆာမအရာ၌ ထားပြီးလျှင် တနေ့နှင့် တညအတူ နေရလျှင် ကာသိတိုင်းမှ နေ့တိုင်း ထွက်သော အခွန်တော်ငွေ တထောင်နှင့်အမျှ ပေးရသောကြောင့် ထိုပြည့်တန်ဆာမိန်းမ၏ အမည်ကို ကာသိဟူ၍ ခေါ်ကြ၏။ ထိုနောက် သူဌေးသား မင်းသား အစရှိသော လူတို့သည် တရက်ကိုတထောင် ပေးခြင်းငှါ မတတ်နိုင်သောကြောင့် ငါးရာမျှ ပေးပြီးလျှင် တနေ့ပတ်လုံး အတူနေလျက် ပျော်မွေ့ကြကုန်၏။ တနေ့ကုန်လျှင် တညဆက်၍ မပျော်မွေ့ရကုန်။ တညဆက်၍ ပျော်မွေ့လိုလျှင် ငါးရာပေးမှ ပျော်မွေ့ရ၏။ တနေ့နှင့်တညအတွက် ဆက်၍ပျော်မွေ့ရန် တထောင်ပေးနိုင်သူ မရှိရကား တနေ့ထွက်သော ကာသိအခွန်တော်ငွေ ထက်ဝက်မျှ ပေးကြသောကြောင့် အဇကာသိ ဟူသော အမည်ကို ခေါ်ကြ ပြန်၏။ (တနေ့မျှနေလျှင် ငါးရာ၊ တညမျှနေလျှင် ငါးရာ၊ နေ့ရောညပါ တရက်ကြာအောင်နေလျှင် တထောင်ပေးရသည်)။ ဤသို့ပေး၍ သူဌေးသား မင်းသားတွေသာ နေနိုင်သည်။ဆင်းရဲသား လူအများတို့ နေချင်တိုင်း မနေနိုင်ကြကုန်။ ထိုကြောင့်ပြည့်တန်ဆာ မိန်းမဖြစ်သော်လည်း ဥက္ကာပတ္တည်းပေါ်များ၍ဂုဏ်သိမ်ကြီးမားသော ပြည့်တန်ဆာမိန်းမဖြစ်၏။

ထိုအခါကာသိ ပြည့်တန်းဆာမိန်းမသည် ကဿပ မြတ်စွာဘုရား လက်ထက်က ရဟန်းမိန်းမပြုလုပ်၍ တရားကို အားထုတ်ခဲ့ဘူးသော ပါရမီကံ စိမ့်တိုက်တွန်းရကား ပြည့်တန်းဆာမိန်းမအဖြစ်ကို ငြီးငွေ့ စက်ဆုပ်၍ ဘိက္ခုနီ ရဟန်းမိန်းမတို့၏ အထံ၌ ရဟန်းမိန်းမ ပြုလုပ်၍ ကောတာဥပသမ္ပဒ ပဉ္စင်းမအဖြစ်သို့ ရောက်ပြီးနောက် ရာဇဂြိုဟ်ပြည်မှ သာဝတ္ထိပြည်သို့သွား၍ မြတ်စွာဘုရားအထံတော်၌ ဥဘတောဥပသမ္ပဒ ပဉ္စင်းအဖြစ်ကို ပြုလုပ်မည်ကြံစည်သော အကြောင်းကို ကြားကြသော အခါ ပြည့်တန်းဆာမအဖြစ်၌ ငါးရာ တထောင် မပေးနိုင်သော ပါပ ရဏ လူဟောင့်ရမ်းတို့က ခရီးလမ်း၌ ဆီးကြို၍ ဖမ်းယူရန် ဝိုင်းဝန်း စောင့်ဆိုင်း၍ နေကြောင်းကို ကြားသိရသဖြင့် မြတ်စွာဘုရားအထံသို့ မသွားဝံ့ဘဲ နေရကြောင်းကို မြတ်စွာဘုရားအား လျှောက်ကြားသော အခါ—

အနုဇာနာမိ ဘိက္ခဝေ ဒူတေနပိ ဥပသမ္ပာဒေတုံ ဟူ၍ ခွင့်ပေး တော်မူ၏။ [ဝုဠ္ဍဝါပါဠိတော်–၄၂၂]။

ဘိက္ခဝေ၊ ရဟန်းတို့။ ဒူတေနပိ၊ တမန်ဖြင့်လည်း။ ဥပသမ္ပာဒေတုံ၊ ပဉ္စင်းခံစိမ့်သောငှါ။ အနုဇာနာမိ၊ ငါဘုရား ခွင့်ပေးတော်မူ၏။

ရဟန်းပဉ္စင်းအဖြစ် ၈မျိုး အကြောင်း

ပါရာဇိကဏ် အဋ္ဌကထာ-၁၉၂။ကင်္ခါအဋ္ဌကထာ-၂၀။

ရဟန်းပဉ္စင်းအဖြစ်သည် ယောကျ်ား ရဟန်းပဉ္စင်းအဖြစ် ငါးမျိုး မိန်းမရဟန်းပဉ္စင်းအဖြစ် သုံးမျိုး ၈ရှစ်မျိုးတည်း။ ထိုရှစ်မျိုးတို့တွင် ယောကျ်ား ရဟန်းပဉ္စင်း အဖြစ် ငါးမျိုးဟူသည်ကား မြတ်စွာဘုရား သည် ဧဟိဘိက္ခု ခေါ်တော်မူ၍ ရဟန်းဖြစ်သော ဧဟိဘိက္ခု ရဟန်း ပဉ္စင်းအဖြစ်တမျိုး။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ ဟူသော သရဏဂုံ သုံးပါးဖြင့် ရဟန်း အဖြစ်ကို ပေးတော်မူသော ရဟန်းပဉ္စင်းအဖြစ် တမျိုး။ အရှင်မဟာကဿပကြီး ကဲ့သို့ ဩဝါဒကိုခံယူ၍ ရဟန်းအဖြစ်ကို ပေးတော်မူသော ပဉ္စင်း အဖြစ်တမျိုး။ သောပါက သာမဏေကို မြတ်စွာဘုရားသည် ပုစ္ဆာ မေးတော်မူ၍ ထိုပုစ္ဆာကို ဖြေဆို၍ ရဟန်းအဖြစ်ကို ပေးတော်မူသော ရဟန်းပဉ္စင်းအဖြစ်တမျိုး။ ဉတ္တိစတုတ္ထကမ္မဝါစာဖြင့် ရဟန်းဖြစ်သော

ပဥ္စင်းအဖြစ်တမျိုး။ ဤကား ရဟန်းယောကျ်ား ပဥ္စင်းအဖြစ် ငါးမျိုး ဖြစ်သတည်း။ ထိုငါးမျိုးတို့တွင် ရှေ့လေးမျိုးတို့ကို မြတ်စွာဘုရား သက်တော်ထင်ရှား ရှိတော်မူစဉ် အခါ၌သာလျှင် ခွင့်ပြုတော်မူသည်။ ယခုမဖြစ်နိုင်ကုန်။ ယခုလက်ထက် အခါ၌မူကား ဉတ္တိစတုတ္ထကမ္မ ဝါစာဖြင့်သာလျှင် ရဟန်းပဥ္စင်း ဖြစ်ကြကုန်၏။ ရဟန်းမိန်းမ ပဥ္စင်း အဖြစ်သုံးမျိုး ဟူသည်ကား-မိထွေးတော် ဂေါတမီသည် ရဟန်းမိန်းမ တဦးတယောက်မျှ သာသနာတော်၌မရှိသေးမီ ရှေးဦးစွာ ရဟန်းမိန်းမ အဖြစ်ကို မြတ်စွာဘုရား အထံတော်၌ ရဟန်းမိန်းမ ပြုလုပ်ရန် အခွင့် တောင်း၍ မိထွေးတော် ဂေါတမီအား ရှစ်ပါးသော ဂရုဓမ္မဘုရားကို ခံယူစေ၍ ရဟန်းအဖြစ်ကို ပေးတော်မူသော ဂရုဓမ္မပဥ္စင်းအဖြစ်တမျိုး။ အဍ္ဎကာသိ ပြည့်တန်ဆာမကို တမန်စေလွှတ်၍ ရဟန်းမိန်းမအဖြစ်ကို ပေးတော်မူသော ရဟန်းမိန်းမပဥ္စင်း အဖြစ်တမျိုး။ ရှေးဦးစွာ ရဟန်း မိန်းမများအထံ၌ ဉတ္တိစတုတ္ထကမ္မဝါစာကိုရဟန်းမိန်းမများဘတ်ဆို၍ ဧကတောဥပသမ္ပန္န ဖြစ်ပြီးမှ ရဟန်းယောကျ်ားများ အထံသို့လာ၍ ဉတ္တိစတုတ္ထကမ္မဝါစာကို ရဟန်းယောကျ်ားများဘတ်ဆို၍ ဥဘတော ဥပသမ္ပန္န ပဥ္စင်းအဖြစ်သို့ ရောက်သော ရဟန်းမိန်းမပဥ္စင်းအဖြစ်တမျိုး။ ဤသုံးမျိုးတို့သည် ရဟန်းမိန်းမ ပဥ္စင်းသုံးမျိုးတို့တည်း။

တနည်း ရဟန်းမိန်းမ ပဥ္စင်း အဖြစ်သည် ဧကတောဥပသမ္ပန္န ပဥ္စင်း၊ ဥဘတောဥပသမ္ပန္န ပဥ္စင်းဟူ၍ နှစ်မျိုးရှိ၏။ ထိုနှစ်မျိုးတို့တွင် မိထွေးတော် ဂေါတမီနှင့် အတူတကွ လာကြသော သာကီဝင်မင်းသမီး ငါးရာတို့သည် ရဟန်းယောကျ်ားများ အထံ၌ ဉတ္တိစတုတ္ထ ကမ္မ ဝါစာဖြင့် ရဟန်းဖြစ်သောကြောင့် ဘိက္ခုဧကတော ဥပသမ္ပန္န မည် ကုန်၏။ ထိုနောက်ဖြစ်သော ရဟန်းမိန်းမတို့သည် ရှေးဦးစွာ ရဟန်း မိန်းမများအထံ၌ ကမ္မဝါစာဘတ်၍ ဘိက္ခုနီ ဧကတော ဥပသမ္ပန္န ဖြစ်ပြီးမှ ရဟန်းယောကျ်ားများ အထံသို့လာ၍ ကမ္မဝါစာဘတ်ပြန်ပြီးမှ ရဟန်းပဥ္စင်း ဖြစ်သောကြောင့် ဥဘတောဥပသမ္ပန္န ဖြစ်ကုန်၏။ ယခု အခါ၌ ရဟန်းမိန်းမများ မရှိသောကြောင့် သာကီဝင်မင်းသမီး ငါးရာ တို့ကဲ့သို့ ရဟန်းယောကျ်ားများအထံ၌ ရဟန်းမိန်းမ ပဥ္စင်း အဖြစ်ကို တောင်းပန်၍ ကမ္မဝါစာဘတ်လျှင် ဧကတောဥပသမ္ပန္နဖြစ်ချာ၏။ မိန်းမ များကို ရဟန်းယောကျ်ားတို့က သာကီဝင်မင်းသမီးတို့ကဲ့သို့ ယခုအခါ၌

ကမ္ဗဝါစာဘတ်၍ရဟန်းမိန်းမ မပြုရဟုပယ်နုတ်သောပါဠိတော်မရှိချေ။ ရုဏ္ဍဝါပါဠိတော်- ၄၀၁-၄၀၅- ၄၀၆-၄၁၀- ၄၁၉-၄၂၃- ၄၂၄- မျက်နှာနံပါတ်တို့ကို ကြည့်ရှုရာ၏။

အနုဇာနာမိ ဘိက္ခဝေ ဘိက္ခူဟိ ဘိက္ခုနိယော ဥပသမ္ပာဒေတုံ။

[ခွင့်ပေးသော ပါဠိတော်]။

ဘိက္ခဝေ၊ ရဟန်းတို့-။ ဘိက္ခူဟိ၊ ရဟန်းယောကျ်ားတို့က။ ဘိက္ခုနိယော၊ ရဟန်းမိန်းမတို့ကို။ ဥပသမ္ပာဒေတုံ၊ ပဉ္စင်းခံစေခြင်းငှါ။ အနုဇာနာမိ၊ ငါဘုရား ခွင့်ပေးတော်မူ၏။ ။[၄၀၁]။

အနုဇာနာမိ ဘိက္ခဝေ ဘိက္ခူဟိ ဘိက္ခုနီနံ ဝိနယံ ဝါစေတုံ။

ရုဏ္ဍဝါပါဠိတော်-၄၀၅။

ဘိက္ခဝေ၊ရဟန်းတို့-။ ဘိက္ခူဟိ၊ ရဟန်းယောကျ်ားတို့က။ ဘိက္ခုနီနံ၊ ရဟန်းမိန်းမ တို့အား။ ဝိနယံ၊ ဝိနည်းပိဋကတ်တို့။ ဝါစေတုံ၊ သင်ကြားပို့ချ၍ ပေးခြင်းငှါ။ အနုဇာနာမိ၊ ငါဘုရား ခွင့်ပြုတော် မူ၏။

အနုဇာနာမိ ဘိက္ခဝေ ဧကတော ဥပသမ္ပန္နာယ ဘိက္ခုနိသံဃေ ဝိသုဒ္ဓါယ ဘိက္ခုသံဃေ ဥပသမ္ပာဒေတုံ။

ဘိက္ခဝေ၊ ရဟန်းတို့-။ ဧကတော ဥပသမ္ပန္နာယ ဘိက္ခုနိသံဃေ၊ ရဟန်းမိန်းမ သံဃာ၌ တကြိမ်ပဉ္စင်းခံပြီးသော။ ဝိသုဒ္ဓါယ၊ နှစ်ဆဲ့လေးပါးသော အန္တရာယ်တို့မှ စင်ကြယ်သောရဟန်းမိန်းမအား။ဘိက္ခုသံဃေ၊ ရဟန်းယောကျ်ားသံဃာ၌။ ဥပသမ္ပာဒေတုံ၊ ပဉ္စင်း ခံစေခြင်းငှါ။ အနုဇာနာမိ၊ ငါဘုရား ခွင့်ပြုတော်မူ၏။ ။[၄၁၉]။

ယခုအခါ၌ ရဟန်းမိန်းမ သံဃာမရှိသောကြောင့် ရဟန်းမိန်းမ သံဃာ၌ တကြိမ်ပဉ္စင်းခံဘွယ်မရှိပြီ၊ ထိုကြောင့် ယခုအခါ၌ ပကတိမိန်းမများကို ရဟန်းယောကျ်ား တို့က သက်နိးဝတ်စေ၍ ကမ္ဗဝါစာဘတ်လျက် ပဉ္စင်းမခံရဟု တားမြစ်ပယ်နုတ်သော ပါဠိတော် မရှိသော်လည်း ပကတိမိန်းမများသည် ရဟန်းယောကျ်ားတို့ အထံ၌ ပဉ္စင်းခံသော အရိုးအစဉ်မရှိရကား—

အနုဇာနာမိ ဘိက္ခဝေ ဘိက္ခူဟိ ဘိက္ခုနိယော ဥပသမ္ပာဒေတုံဟု ခွင့်ပေးတော် မူသော အနုညာတပါဠိတော်အတိုင်း မိန်းမများကို ရဟန်းတို့က ပဉ္စင်းခံ၍ မပေးကြကုန်။ အကယ်၍ မိန်းမများကို ရဟန်းတို့က ဤ အနုညာတပါဠိတော်အတိုင်း ပဉ္စင်းခံ၍ ပေးငြားအံ့ ရဟန်းမိန်းမ

မဖြစ်ဟူ၍ ဆိုနိုင်မည်လော၊ မဆိုနိုင်သော်လည်း ယခုအခါ၌ ရဟန်း မိန်းမ ပြုလုပ်လိုသော မိန်းမတစုံတယောက်မျှမပေါ်လာတော့ပြီ။မိထွေး တော်ဂေါတမီကဲ့သို့ မိန်းမလူစွမ်းကောင်း ရှိပါလျှင် ဘိက္ခုနီအဆက် ပြတ်မည်မဟုတ်။ ဤကား တူယောင်ရိုးမှား ပရိကပ္ပစကားတည်း။ အမှန်ကျအောင် ကြံကြရာ၏။

အဍ္ဎကာသိ ထေရီရဟန္တာမ ဟောတော်မူသော အပဒါန် တရားတော်

ဣမမှိ ဘဒ္ဒကေ ကပ္ပေ၊ ဗြဟ္မဗန္ဓု မဟာယသော။
ကဿပေါ နာမ နာမေန၊ ဥပ္ပဇ္ဇိ ဝဒတံ ဝရော။
တဒါဟံ ပဗ္ဗဇိတွာန၊ တဿ ဗုဒ္ဓဿ သာသနေ။
သံဝုတာ ပါတိမောက္ခမှိ၊ ဣန္ဒြိယေသု စ ပဉ္စသု။

အယျာယော၊ဘိက္ခုနီအရှင်မတို့။ ဣမမှိဘဒ္ဒကေကပ္ပေ၊ဤဘဒ္ဒကမ္ဘာ အတွင်း၌။ ဗြဟ္မဗန္ဓု၊ပုဏ္ဏားမျိုးဖြစ်သော။ မဟာယသော၊ များစွာသော အခြွေအရံ အကျော် အစော ရှိသော။ နာမေန၊ အမည်တော်အားဖြင့်။ ကဿပေါနာမ၊ ကဿပအမည်တော် ရှိသော။ ဝဒတံ၊ တရားဟော ပုဂ္ဂိုလ်အပေါင်းတို့ထက်။ ဝရော၊ အမြတ်ဆုံးဖြစ်တော်မူသော မြတ်စွာ ဘုရားသည်။ ဥပ္ပဇ္ဇိ။ ပွင့်တော်မူ၏။ တဒါ၊ ထိုကဿပ မြတ်စွာဘုရား ပွင့်တော် မူသောအခါ၌။ အဟံ၊ အဍ္ဎကာသိ အမည်ရှိသော တပည့် တော်မသည်။ တဿဗုဒ္ဓဿ၊ ထိုကဿပ မြတ်စွာဘုရား၏။ သာသနေ၊ သာသနာတော်၌။ ပဗ္ဗဇိတွာန၊ ရဟန်းမိန်းမပြုလုပ်၍။ ပါတိမောက္ခမှိ၊ ဘိက္ခုနီပါတိမောက်ကျမ်း၌ ပညတ်တော်မူသော သိက္ခာပုဒ်၌။ သံဝု တာ၊ လုံခြုံစွာစောင့်ရှောက်၍။ ပဉ္စသု၊ ငါးပါးကုန်သော။ ဣန္ဒြိယေသုစ၊ စက္ခုန္ဒြေ,သောတိန္ဒြေ, ဃာနိန္ဒြေ, ဇိဝှိန္ဒြေ, ကာယိန္ဒြေ ဟူသော ဣန္ဒြေ ငါးပါးတို့၌လည်း။ သံဝုတာ၊ လုံခြုံစွာ စောင့်ရှောက်၍။ ဝိဟာရမိ၊ နေပါ၏။

မတ္တညုနီစ အသနေ၊ ယုတ္တာ ဇာဂရိယေပိ စ။
ဝသန္တီ ယုတ္တယောဂါဟံ၊ ဘိက္ခုနိံ ဝိဂတာသဝံ။
အက္ကောသိံ ဒုဋ္ဌစိတ္တာဟံ၊ ဂဏိကေတိ ဘဏိံ တဒါ။
တေန ပါပေန ကမ္မေန၊ နိရယမှိ အပစ္စိသံ။

အဟံ၊ အနုကာသိ အမည်ရှိသော တပည့်တော်မသည်။ အသနေ၊ စားဘွယ်သောက်ရန် ဘောဇဉ်အစာ အာဟာရ၌။ မတ္တညုနိစ၊ အတိုင်းအရှည် ပမာဏ မျှတရုံလောက် စားသောက်ရုံမျှ ပမာဏကို နှိုင်းဆဆင်ခြင် သိမြင်လျက်သာ စားသုံးပါ၏။ ဇာဂရိယေ ဝိစ၊ နိုးကြားခြင်း၌လည်း။ ယုတ္တာ၊ စင်္ကြံသွားကာ ရပ်ထိုင်ကာဖြင့် ကောင်းစွာယှဉ်၍နေပါ၏။ ယုတ္တယောဂါ၊ ကမ္မဋ္ဌာန်းအလုပ် ကြိုးစားအားထုတ်လျက်။ ဝသန္တိ၊ နေသော။ အဟံ၊ တပည့်တော်မသည်။ ဝိဂတာသဝံ၊ အာသဝေါကင်း၍ ရဟန္တာဖြစ်ပြီးသော။ ဘိက္ခုနိံ၊ ရဟန်းမိန်းမကို။ ဒုဋ္ဌစိတ္တာ၊ ပြစ်မှား စိတ်ဆိုးလျက်။ အဟံ၊ တပည့်တော်မသည်၊ အက္ကောသိံ၊ ပြည်တန်းဆာမဟု ဆဲဆိုဘူး၏။ တဒါ၊ ထိုကဿပ မြတ်စွာဘုရား လက်ထက်တော်အခါ၌။ ပါပေန၊ ယုတ်မာသော။ ကမ္မေန ဆဲဆိုမိသော အကုသိုလ်ကံဖြင့်။ နိရယမှိ၊ ငရဲ၌။ အပစ္စိသံ၊ ကျက်ရဘူးပြီ။

တေန ကမ္မဝသေသေန၊ အဇာယိံ ဂဏိကာကုလေ။
ဗဟုသော ပရာဓိနာ၊ ပစ္ဆိမာယစ ဇာတိယံ။
ကာသိသု သေဋ္ဌိကုလဇာ၊ ဗြဟ္မစာရိ ဗလေနဟံ။
အစ္ဆရာဝိယ ဒေဝေသု၊ အဟောသိံ ရူပသမ္ပဒါ။

တေန ကမ္မဝသေသေန၊ ထိုဆဲမိသော ကံကြွင်းအားဖြင့်။ ပစ္ဆိမာယ၊ နောက်ဆုံးဖြစ်သော။ ဇာတိယံစ၊ ယခုဘဝ၌လည်း။ ဗဟုသော ပရာဓိနာ၊ များစွာသော ယောကျ်ားတို့နှင့် စပ်ယှက်ရလျက်။ ဂဏိကာကုလေ၊ ယောကျ်ားအများနှင့် ပေါင်းရသော ပြည့်တန်းဆာ အမျိုး၌။ အဇာယိံ၊ ဖြစ်ရ၏။ ဗြဟ္မစာရိဗလေန၊ ကဿပ မြတ်စွာဘုရား လက်ထက်က ရဟန်းမိန်းမပြုလုပ်၍ ကျင့်သုံးခဲ့ဘူးသော ဗြဟ္မစာရိအကျင့်၏ အစွမ်းအားဖြင့်။ ကာသိသု၊ ကာသိတိုင်းတို့၌။ သေဋ္ဌိကုလဇာ၊ သူဋ္ဌေးသမီးဖြစ်ရ၏။ အဟံ၊ အနုကာသိ အမည်ရှိသော တပည့်တော်မသည်။ ဒေဝေသု၊ နတ်ပြည်တို့၌။ အစ္ဆရာဝိယ၊ နတ်သမီးကဲ့သို့။ ရူပသမ္ပဒါ၊ အလွန်လှပသော အဆင်းနှင့်ပြည့်စုံစွာ။ အဟောသိံ၊ ဖြစ်ရပါ၏။

ဒိသွာန ဒဿနိယံ မံ၊ ဂိရိဗ္ဗဇ ပုရုတ္တမေ။
ဂဏိကတ္တေ နိဝေသေသုံ၊ အက္ကောသန ဗလေန မေ။

ဒဿနိယံ၊ ရှုချင်ဘွယ် အဆင်းလှသော။ မံ၊ တပည့်တော်မကို။ ဒိသွာန၊ မြင်ကြကုန်၍။ မေ၊ အကျွန်ုပ်၏။ အက္ကောသနဗလေန၊ ရဟန္တာ

မကို ဆဲရေးခဲ့ဘူးသော။ ဝါ၊ ပြည့်တန်းဆာမဟူ၍ ဆိုခဲ့ဘူးသော မကောင်းမှုကံ အစွမ်းကြောင့်။ ဂိရိဗ္ဗဇပုရုတ္တမေ၊ ရာဇဂြိုဟ်ပြည်တော်၌။ ဂဏိကတ္တေ၊ ပြည့်တန်းဆာမအဖြစ်၌။ နိဝေသေသုံ၊ သွင်းထားကြကုန်၏။

သာဟံ သုတွာန သဒ္ဓမ္မံ၊ ဗုဒ္ဓသေဋ္ဌေန ဒေသိတံ။
ပုဗ္ဗဝါသနသမ္ပန္နာ၊ ပဗ္ဗဇိံ အနဂါရိယံ။
တဒုပသမ္ပဒတ္ထာယ၊ ဂစ္ဆန္တီ ဇိနသန္တိကံ။
မဂ္ဂေ ဓုတ္တေ ဌိတေ သုတွာ၊ လဘိံ ဒူတောပသမ္ပဒံ။

အယျာယော၊ ဘိက္ခုနီအရှင်မတို့။ သာဟံ၊ ထိုအကျွန်ုပ်သည်။ ဗုဒ္ဓသေဋ္ဌေန၊ ဘုရားမြတ်စွာသည်။ ဒေသိတံ၊ ဟောတော်မူအပ်သော။ သဒ္ဓမ္မံ၊ တရားတော်ကို။ သုတွာန၊ ကြားနာရ၍။ ပုဗ္ဗဝါသနသမ္ပန္နာ၊ ရှေးဝါသနာ အထုံပါ၍။ အနဂါရိယံ၊ သာသနာတော်၌။ ပဗ္ဗဇိံ၊ ရဟန်းမိန်းမ ပြုလုပ်၏။ တဒုပသမ္ပဒတ္ထာယ၊ ထိုသို့ ရဟန်းမိန်းမ ဥပသမ္ပဒါ ပဉ္စင်းမပြုလုပ်ခြင်းငှါ။ ဇိနသန္တိကံ၊ မြတ်စွာဘုရား အထံတော်သို့။ ဂစ္ဆန္တီ၊ သွားမည် ဆဲဆဲဖြစ်သော တပည့်တော်မသည်။ မဂ္ဂေ၊ လမ်းခရီး၌။ ဓုတ္တေ၊ အပျော်လိုက်ကြူး မိုက်မူးသော့သွမ်း လူပေါ့ရမ်းတို့သည်။ ဌိတေ၊ ဝိုင်း၍ဖမ်းရန် မိုက်ကြံတတွေ တည်နေသည်တို့ကို။ သုတွာ၊ ကြားသိရ၍။ ဒူတောပသမ္ပဒံ–ဒူတဥပသမ္ပဒံ၊ တမန်စေ၍ ဘုန်းပေမြတ်ဖျား ပေးသနားသော ဒူတောပသမ္ပဒါ ပဉ္စင်းမအဖြစ်ကို။ လဘိံ၊ ရပါ၏။

အဍ္ဎကာသိပြည့်တန်းဆာမသည် ကဿပမြတ်စွာဘုရားလက်ထက်က ရဟန်းမိန်းမပြုလုပ်၍ ဗြဟ္မစာ၏ ကုသိုလ်ကံ တိုက်တွန်းရကား ရဟန်းမိန်းမ ဒူတောပသမ္ပဒါ ပဉ္စင်းမအဖြစ်ကိုရ၍ ကမ္မဋ္ဌာန်းကို အားထုတ်လျှင် ရဟန္တာမ ဖြစ်ကြောင်းကို ဤဂါထာဖြင့် ဟောပြတော်မူပြန်၏။

သဗ္ဗကမ္မံ ပရိက္ခီဏံ၊ ပုညံ ပါပံ တထေဝစ။
သဗ္ဗသံသာရ မုတ္တိဏ္ဏာ၊ ဂဏိကတ္တဉ္စ ခေပိတံ။

သဗ္ဗကမ္မံ၊ အလုံးစုံသောကံသည်။ ပရိက္ခီဏံ၊ ကုန်ခန်းလေပြီ။ ပုညံ၊ ကုသိုလ်ကံသည် ၎င်း။ တထေဝ၊ ထိုအတူသာလျှင်။ ပါပံ၊ မကောင်းမှု အကုသိုလ်ကံသည်၎င်း။ ပရိက္ခီဏံ၊ ကုန်ခန်းလေပြီ။ သဗ္ဗသံသာရံ၊

အလုံးစုံသော ဖြစ်ပျက်သံသရာကို။ ဥတ္တိဏ္ဏာ၊ လွန်မြောက်ကျော်လွှမ်း ကူးသန်းထွက်မြောက် အဆုံးရောက်ပြီ။ ဂဏိကတ္တာဠ၊ ပြည့်တန်ဆာမ အဖြစ်သည်လည်း။ ခေပိတံ၊ ကုန်ခန်းလေပြီ။

အဍ္ဍကာသိ ထေရီ ရဟန္တာမိန်းမသည် ရှေးမကောင်းမှုကံကြောင့် ပြည့်တန်ဆာမ ဖြစ်ရသော်လည်း ဗြဟ္မစာရီ ကုသိုလ်ကံ ထောက်ပံ့ ပြန်၍ ရဟန္တာမိန်းမ ဖြစ်သောအခါ အဘိညာဏ်ခြောက်ပါး ပဋိ သမ္ဘိဒါလေးပါးနှင့် ပြည့်စုံသော တန်ခိုးကြီးလှသော အထက်တန်း ဘိက္ခုနီ ဖြစ်ကြောင်းကို မြတ်စွာဘုရားအား လျှောက်ကြား လိုသော ကြောင့် ဤသုံးဂါထာကိုဆိုပြန်၏။

ဣဒ္ဓီသုစ ဝသိဟောမိ၊ လ၊ မဟာမုနိ။
ပုဗ္ဗေနိဝါသံ ဇာနာမိ။ လ။ နတ္ထိ ဒါနိ ပုနဗ္ဘဝေါ။
အတ္ထ ဓမ္မနိရုတ္တိသု။ လ။ ဥပ္ပန္နံ တဝ သန္တိကေ။

ထိုနောက် ကိလေသာ ဈာပိတာ မယှံ အစရှိသော သုံးဂါထာကို ဥဒါန်းကျူးမြ ကျူးတော်မူ၍။ အဍ္ဍကာသိထေရီ ရဟန္တာမိန်းမသည် ဤထေရီဂါထာတို့ကို မပြတ်ရွတ်ခါ ချမ်းသာစွာ နေလေ့ရှိတော်မူ၏။

ယာဝ ကာသိဇနပဒေါ၊ သုင်္ကော မေ တတ္တကော အဟု။
တံ ကတွာ နိဂမော အဂ္ဃံ၊ အဍ္ဎေနဂ္ဃံ ဌပေသိ မံ။
အထ နိဗ္ဗိန္ဒဟံ ရူပေ၊ နိဗ္ဗိန္ဒဉ္စ ဝိရဇ္ဇဟံ။
မာ ပုန ဇာတိသံသာရံ၊ သန္ဓာဝေယျံ ပုနပ္ပုနံ။
တိဿော ဝိဇ္ဇာ သစ္ဆိကတာ၊ ကတံ ဗုဒ္ဓဿ သာသနံ။

အဍ္ဍကာသိထေရီဂါထာပါဠိတော်-၁၉၀။

ကာသိဇနပဒေါ၊ ကာသိတိုင်း ဇနပုဒ်ဖြစ်သော။ နိဂမော၊ နိဂုံး မြို့ကြီးသည်။ ယာဝယတ္တကော၊ အကြင်မျှလောက် ကျယ်ဝန်း၏။ တတ္တကော၊ ထိုမျှလောက်ကျယ်ဝန်းသရွေ့။ မေ၊ ငါ့အား။ သုင်္ကော၊ အခွန်ထွက်ငွေသည်။ အဟု၊ ဖြစ်၏။ [တနေ့လျှင်တထောင်ရ၏] တံ၊ ထိုကာသိတိုင်းဇနပုဒ်ကြီးကို။ အဂ္ဃံ ကတွာ၊ အဘိုးဖြတ်ခြင်းကိုပြု၍။ မံ၊ သူဌေးသမီးဖြစ်၍ အဆင်းလှသောငါ့ကို။ အဍ္ဎေန၊ ကာသိခွန်ထွက် ငွေတဝက်ဖြင့်။ အဂ္ဃံ၊ အဘိုးထိုက်သည်ကို။ ဌပေသိ၊ ထား၏။ အထ၊ ထိုနောက် ပဉ္စင်းမ ဖြစ်သောအခါ၌။ ရူပေ၊ လှသည်ဟု ဆိုရသော

အဆင်းရုပ်တရား၌။ နိဗ္ဗုန္တ၊ ဖြစ်ပျက်ရှုကြည့် ငြီးငွေ့ဘိလျက်။ နိဗ္ဗိန္ဒိ၊ ဖြစ်ပျက်ရှုကြည့် ငြီးငွေ့ဘိသော ဖြစ်ပျက်မြင်သိ ငြီးငွေ့ခြင်းရှိသော။ တံရူပံ၊ ဖြစ်ပျက်မမြင် အလှထင်သော ထိုအဆင်းရုပ်တရားကို။ အဟံ၊ ငါသည်။ ဝိရဇ္ဇိံ၊ ဖြစ်ပျက်အစဉ် ကောင်းစွာမြင်၍ ခင်မင်စုံမက် နှစ်သက်စွဲလမ်းခြင်း လွတ်ကင်းလေပြီ။ ပုန၊ တဖန်။ ဇာတိသံသာရံ၊ ဖြစ်ပျက်သံသရာသို့။ ပုနပ္ပုနံ၊ ဖြစ်ပျက်ကြိမ်ဖန် အတန်တန်။ မာသန္ဓာဝေယျံ၊ မကျင်လည်ဘဲ နေရတော့အံ့။ တိဿောဝိဇ္ဇာ၊ ပုဒ်အာ ဟူသော ဝိဇ္ဇာသုံးပါးကို။ သစ္ဆိကတာ၊ မျက်မှောက်ပြုအပ်ပြီ။ ဗုဒ္ဓဿ၊ မြတ်စွာဘုရား၏။ သာသနံ၊ သာသနာတော်ကို။ ကတံ၊ ပြုရပေပြီ။

အဇ္ဈကာသိ ထေရီ အပဒါန် ဝတ္ထုပြီး၏။ [သတ္တတိံသဝတ္ထု]

ပုဏ္ဏိကာထေရီ အပဒါန်ဝတ္ထု

ထိုပုဏ္ဏိကာထေရီ ဘိက္ခုနီသည် ဝိပဿီ သိခီ ဝေဿဘူ ကကုသန္ဓ ကောဏာဂမန ကဿပ ဟူသော ခြောက်ဆူသော မြတ်စွာဘုရားတို့၏ သာသနာတော်၌ ခြောက်ဘဝတိုင်တိုင် ရဟန်းမိန်းမ အဖြစ်ကိုရ၍ သီလနှင့်ပြည့်စုံခြင်း ဣန္ဒြေကို ထိန်းသိမ်းစောင့်ရှောက်ခြင်း ပိဋကတ်သုံးပုံကို သင်ကြားဆောင်ရွက်၍ ဗဟုဿုတ အကြားအသိများခြင်း အနက်အဓိပ္ပါယ်သိအောင် ဆွေးနွေးစုံစမ်း မေးမြန်းခြင်း တရားနာလေ့ရှိခြင်း လူပရိသတ်တို့အား တရားဟောလေ့ရှိခြင်း ဤသို့သော ဂုဏ်တို့နှင့် ပြည့်စုံ၍ စာပေပရိယတ္တိ ပိဋကတ်ကျမ်းတို့၌ အလွန်တတ်ကျွမ်း အစွမ်းသတ္တိ အလွန်ရှိသဖြင့် ဗဟုဿုတပညာဂုဏ် မောက်ကြွားလျက် တပါးသော ရဟန်းမိန်းမတို့ကို မထိလေးစား မရှိမသေ မာနကြီးမြင့်လျက်နေ၏။ ဗဟုဿုတပညာကို ဆည်းပူးပွါးများသော ကုသိုလ်ကြောင့် လူအဖြစ်ကိုရပါ၏။ ပညာဂုဏ်နှင့်လည်း ပြည့်စုံပေ၏။ မာန်မာနဖြင့် တပါးသော ရဟန်းမိန်းမတို့ကို မရှိမသေ မထိလေးစား ပြုမိသောကြောင့် နောက်ဆုံးဖြစ်သောဘဝ၌ သာဝတ္ထိပြည် အနာထပိဏ်သူဋ္ဌေးကြီး၏အိမ်၌ ရေအိုးဟင်းအိုး စားခွက်သောက်ခွက် ပုဂံဖွန်းစသည်တို့ကို ဆေးကြောသိမ်းဆည်းစောင့်ထိန်းရသော အိုးထိန်းကျွန်မ ကုမ္ဘဒါသီ၏ဝမ်း၌ ပဋိသန္ဓေ စွဲနေဖွားမြင်ရသဖြင့်

ကျွန်သပေါက်မ ဖြစ်ရ၏။ ကျွန်သပေါက်မ ဖြစ်သော်လည်း ကျွန်သပေါက်မချင်း မတူ ပညာပါရမီကို ဆည်းပူးခဲ့သော ဘာဝနာကုသိုလ်က ထောက်ကူ၍ မှသောကြောင့် ကျွန်သပေါက်မပေါင်း ကိုးဆဲ့ကိုးရောက်အရှိတွင် သတို့သမီးကို မွေးဖွားရာ တရားပြည့်လေသောကြောင့် ပုဏ္ဏိကာဟူသော သညာဖြင့် အမည်ကိုမှည့်ခေါ်၍ တော်လှန်စင်စစ်ကျွန်အဖြစ်မှ လွတ်မြောက်ရ၍ အနာထပိဏ်က ခရှင်ကြီး သူဌေးကြီးသော်မှလည်း အလွန်မြတ်နိုးရ၏။ အဘယ့်ကြောင့် မြတ်နိုးရသနည်းဟူမူကား ပညာဂုဏ်ကြီးသောကြောင့် မြတ်နိုးရသတည်း။ ထိုအကြောင်းကို ထင်ရှားစွာသိစေရန် ပုဏ္ဏိကာမည်သော ကျွန်သပေါက်မ၏ ပညာရှိပုံ ကျေးဇူးဂုဏ်ကိုအလုံးစုံသော လူအပေါင်းတို့မှတ်သားလောက်အောင် အထောက်သာခကေ ဝတ္ထုကြောင်း ပြဦးအံ့။

ကုမ္ဘဒါသီ ဒိုးထိန်းကျွန်မက မွေးသောကြောင့် သပေါက်မကလေးဖြစ်သော ပုဏ္ဏိကာသည် အခါခပ်သိမ်း နံနက်စောစောထ၍ ရေခပ်ရ၏။ တနေ့သ၌ သောတ္ထိယ ပုဏ္ဏားသည် နံနက်စောစော ရေဆိပ်သို့သွား၍ မကောင်းမှုမှ စင်ကြယ်စေခြင်းငှါ ရေချိုး၍နေ၏။ ထိုသို့ နံနက်စောစော ချမ်းလှေစွာ ကိုယ်တုန်တုန် လက်ခြေတုန်တုန်နှင့် ရေစိမ်၍နေသော ပုဏ္ဏားကို ပုဏ္ဏိကာသည် မြင်၍ ဤသို့ မေး၏။

ဥဒဟာရီ အဟံ သီတေ၊ သဒါ ဥဒက မောတရိ။
အယျာနံ ဒဏ္ဍဘယတိတာ၊ ဝါစာ ဒေါသဘယဋ္ဋိတာ။
ကဿ ဗြာဟ္မဏ တွံ ဘီတော၊ သဒါ ဥဒက မောတရိ။
ဝေဓမာနေဟိ ဂတ္တေဟိ၊ သီတံ ဝေဒယသေ ဘုသံ။

ဗြာဟ္မဏ၊ ပုဏ္ဏား။ အဟံ၊ ငါပုဏ္ဏိကာသည်။ အယျာနံ၊ အရှင်တို့၏။ ဒဏ္ဍဘယတိတာ၊ ရိုက်ပုတ်မည့်ဘေးဒဏ်မှ ကြောက်သောကြောင့်။ ဝါစာဒေါသဘယဋ္ဋိတာ၊ ဆဲဆိုမည့် ဘေးမှ ကြောက်သောကြောင့်။ သီတေ၊ ချမ်းလှေစွာ နံနက်ခါ၌။ ဥဒဟာရီ၊ ရေကိုခပ်လျက် ခေါင်းဖြင့်ရွက်၍။ သဒါ၊ အခါခပ်သိမ်း။ ဥဒကံ၊ ရေဆိပ်သို့။ ဩတရိ၊ သက်ဆင်းရ၏။ ဗြာဟ္မဏ၊ အိုပုဏ္ဏား။ တွံ၊ သင်သည်။ ကဿ၊ အဘယ်သူကို။ ဘီတော၊ ကြောက်သည်ဖြစ်၍။ သဒါ၊ အခါခပ်သိမ်း။ ဥဒကံ၊ ရေဆိပ်သို့။ ဩတရိ၊ သက်ဆင်းရသနည်း။ ဝေဓမာနေဟိ၊ တုန်တုန်လှုပ်လှုပ်ဖြစ်

ကုန်သော။ ဂစ္ဆေယျာသိ၊ ကိုယ်တို့ဖြင့်။ သိတာံ၊ ခိုက်ခိုက်တုန်မျှ ချမ်းခြေလှသော ဆင်းရဲဝေဒနာကို။ ဘုသံ၊ ပြင်းစွာ။ ဝေဒယသေ၊ ခံ၍နေဘိသနည်း။

ငါတို့သည် ကျွန်ဖြစ်၍ အရှင်တို့၏ ဆဲရေးရိုက်ပုတ် တုတ်ဒဏ်ဘေးမှ ကြောက်သောကြောင့် နံနက်စောစော ချမ်းလှေစွာ ရေဆိပ်သို့ ဆင်း၍ ရေခပ်ရ၏။ သင်ပုဏ္ဏားမှာကား အဘယ်သူကို ကြောက်၍ ကိုယ်တုန်တုန် လက်ခြေတုန်တုန် ရေဆိပ်သို့ဆင်း၍ ဆင်းရဲဝေဒနာကို ခံ၍နေသနည်း ဟူ၍ ပုဏ္ဏိကာက မေးသောအခါ သောတ္ထိယပုဏ္ဏားသည် ဤပုဏ္ဏိကာမေးသည်ကို ဖြေခြင်းငှါ ဤဂါထာတို့ကို ဆို၏။

ဇာနန္တီ ဝတ မံ ဘောတိ၊ ပုဏ္ဏိကေ ပရိပုစ္ဆသိ။
ကရောန္တံ ကုသလံ ကမ္မံ၊ ရုန္ဓန္တံ ကတပါပကံ။

ယော စ ဝုဍ္ဎော ဒဟရောဝါ၊ ပါပကမ္မံ ပကုဗ္ဗတိ။
ဒကာဘိသိဉ္စနာ ဘောတိ၊ ပါပကမ္မာ ပမုစ္စတိ။

ဘောဘိပုဏ္ဏိကေ၊ ပုဏ္ဏိကာမည်သော မိန်းကလေး။ မံ၊ ငါပုဏ္ဏားကို။ ဇာနန္တီ၊ သိလျက်။ ပရိပုစ္ဆသိ ဝတ၊ မေးဘိ၏တကား။ ကရောန္တံ၊ ရေချိုးခြင်း ရေစိမ်ခြင်းကို ပြုသော။ ကုသလံကမ္မံ၊ ကောင်းသောကံသည်။ ကတပါပကံ၊ မကောင်းမှုကံ ပြုမိသည်ကို။ ရုန္ဓန္တံ၊ ပိတ်ပင်တတ်၏။ ဝုဍ္ဎောဝါ၊ ကြီးသောသူသည်ငှင်း။ ဒဟရောဝါ၊ ငယ်သောသူသည်ငှင်း။ ယော၊ အကြင်သူသည်။ ပါပကမ္မံ၊ မကောင်းမှုကံကို။ စေ၊ အကယ်၍။ ပကုဗ္ဗတိ၊ ပြုမိငြားအံ့။ ဘောတိ၊ အိုပုဏ္ဏိကာမည်သော မိန်းကလေး။ ဒကာဘိ သိဉ္စနာ၊ ရေချိုးခြင်း ရေစိမ်ခြင်းကြောင့်။ ပါပကမ္မာ၊ မကောင်းမှုကံမှ။ ပမုစ္စတိ၊ လွတ်ရ၏။

မကောင်းမှုကံကို ပြုသောသူအား ရေချိုးခြင်း ရေစိမ်ခြင်းဖြင့် မကောင်းမှုကံမှ ကင်းလွတ်၏ဟူသော ပုဏ္ဏားစကားကို ကြားလျှင် ဉာဏ်ပညာ အမြော်အမြင် ဆင်ခြင်တုံ တရားနှင့် ပြည့်စုံလှသော ပုဏ္ဏိကာသည် အချက်ကျကျ အကြောင်းပြ၍ ဆုံးမလိုရကား ဤဂါထာတို့ကို ဆို၏။

ပုဏ္ဏိကာကျွန်သပေါက်မ ဟောသောတရား အချက်ကျပုံ

ကောနု တေ ဇဋ မက္ခာသိ၊ အဇာနန္တဿ ဇာနကော။
ဒကာဘိသေစနောနာမ၊ ပါပကမ္မာ ပမုစ္စတိ။
သဂ္ဂံ နူန ဂမိဿန္တိ၊ သဗ္ဗေ မဏ္ဍူကကစ္ဆပါ။
နာဂါ စ သုသုမာရာ စ၊ ယေ စညေ ဥဒကေ စရာ။
ဩရဗ္ဘိကာ သူကရိကာ၊ မစ္ဆိကာ မိဂဗန္ဓကာ။
စောရာ စ ဝဇ္ဈဃာတာ စ၊ ယေ စညေ ပါပကမ္မိနော။
ဒကာဘိသေစနာ တေပိ၊ ပါပကမ္မာ ပမုစ္စရေ။
သစေ ဣမာ နဒိယော တေ၊ ပါပံ ပုဗ္ဗေကတံ ဝဟုံ။
ပုညံပိ မာဝဟေယျုံ တေ၊ တေန တွံ ပရိဗာဟိယော။
ယဿ ဗြာဟ္မဏ တွံ ဘီတော၊ သဒါ ဥဒက မောတရိ။
တမေဝ ဗြာဟ္မဏ မာကာသိ၊ မာ တေ သီတံ ဆဝိံ ဟနေ။

ထေရီဂါထာပါဠိတော်-၂၀၀။

ဗြာဟ္မဏ၊ ပုဏ္ဏား။ ဒကာဘိသေစနောနာမ၊ ရေချိုးခြင်း ရေစိမ်ခြင်း မည်သည်ကား။ ပါပကမ္မာ၊ မကောင်းမှုကံမှ။ ပမုစ္စတိ၊ လွတ်၏ဟူ၍။ အဇာနန္တဿ၊ မသိသော။ တေ၊ သင်ပုဏ္ဏားအား။ ဇာနကော၊ လူသိပြု လုပ်၍။ ကော၊ အဘယ်သူသည်။ ဇဋံ၊ ဤစကားကို။ အက္ခာသိနု၊ ပြောလာ ပါသနည်း။

သဗ္ဗေ၊ အလုံးစုံသော။ မဏ္ဍူကကစ္ဆပါ၊ ဖားလိပ်တို့သည်၎င်း။ နာဂါ စ၊ နဂါးတို့သည်၎င်း။ သုသုမာရာ စ၊ မိကျောင်းတို့သည်၎င်း။ အညေ၊ ထိုမှတပါးကုန်သော။ ဥဒကေ၊ ရေ၌။ စရာ၊ ကျင်လည် ကျက်စား သွားလာ၍နေကုန်သော။ ယေ စ၊ အကြင်ရေသတ္တဝါတို့သည် ၎င်း။ သဂ္ဂံ နတ်ပြည်သို့။ ဂမိဿန္တိနူန၊ ရောက်၍ ကုန်ကြတော့မှာပါ တကား။

ဩရဗ္ဘိကာ၊ ဆိတ်သတ် သမားတို့သည်၎င်း။ သူကရိကာ၊ ဝက် သတ်သမားတို့သည်၎င်း။ မစ္ဆိကာ၊ ငါးသတ်သမား တံငါများသည် ၎င်း။ မိဂဗန္ဓကာ၊ သမင်လိုက် သမားတို့သည်၎င်း။ စောရာ စ၊ သူခိုး ထားပြတို့သည်၎င်း၊ ဝဇ္ဈဃာတာ စ၊ ခိုးသတ် ယောကျ်ားတို့သည်၎င်း။ အညေ။ ထိုမှတပါးကုန်သော။ ပါပကမ္မိနော၊ မကောင်းမှုကံကိုပြုကုန်

သော။ ယေစ၊ အကြင် သူတို့သည်ရင်း။ သဗ္ဗေ၊ အလုံးစုံကုန်သော။
တေပိ၊ ထိုသူမိုက်တို့သည်လည်း။ ဒကာဘိသေစနာ၊ ရေချိုးခြင်း
ရေစိမ်ခြင်း ရေမျှောခြင်းဖြင့်။ ပါပကမ္မာ၊ မကောင်းမှုကံမှ။ ပမုစ္စရေ
နုံ၊ လွတ်ကုန်ကြတော့မှာပါ တကား။

ဗြာဟ္မဏ၊ ပုဏ္ဏား။ ကော၊ သင်ပုဏ္ဏားသည်။ ပုဗ္ဗေ၊ ရှေးဘဝ၌။
ကတံ၊ ပြုအပ်သော။ ဗဟုံ၊ များစွာသော။ ပါပံ၊ မကောင်းမှုကို။ ဣမာနဒိ
ယော၊ ဤမြစ်ရေတို့သည်။ သဝေဝဟေယျုံ၊ အကယ်၍ မျှောယူကုန်
ငြားအံ့။ တေ၊ သင်၏။ ပုညံပိ၊ ကောင်းမှုကိုလည်း။ အာဝဟေယျုံ၊
မျှောယူကုန်ရာ၏။ တေန၊ ထိုကြောင့်။ တွံ၊ သင်ပုဏ္ဏားသည်။ ပရိဗာဟိ
ယော၊ ကောင်းမှုမှလည်း အပဖြစ်၍သွားရာ၏။ ။ဗြာဟ္မဏ၊ ပုဏ္ဏား။
တွံ၊ သင်သည်။ ယဿ၊ အကြင်မကောင်းမှုကံကို။ ဘီတော၊ ကြောက်
သည်ဖြစ်၍။ သဒါ၊ အခါခပ်သိမ်း။ ဥဒကံ၊ မြစ်ရေသို့။ ဩတရိ၊ သက်
ဆင်း၏။ တမေဝ တံဗြေဝ၊ ထိုမကောင်းမှုကံကိုသာလျှင်။ မာအကာသိ၊
မပြုလုပ်ပါလင့်။ တေ၊ သင်ပုဏ္ဏား၏။ ဆဝိံ၊ အရေကို။ သီတံ၊ ခိုက်ခိုက်
တုန်မျှ ချမ်းအေးလှသော ဆင်းရဲသည်။ မာဟနေ၊ မနှိပ်စက် မညှဉ်းဆဲ
စေလင့်။

သပေါက်မဖြစ်သော်လည်း ခြောက်ဆူသော မြတ်စွာဘုရားတို့၏
သာသနာတော်၌ ခြောက်ဘဝလုံးလုံး ရဟန်းမိန်းမပြုလုပ်၍ ပိဋကတ်
ကျမ်းဂန်ကို သင်ကြားဆည်းပူး အထူး ဖြည့်ကျင့်ခဲ့သော ပညာပါရမီ
ခတ်မီးရောင်က ထွန်းပြောင်ဝင်းစွာ လင်းဖြာ၍နေသောကြောင့် အရာ
အကြောင်း ဟုတ်သင့် မဟုတ်သင့်ကို ထုတ်ဖွင့်ကာ နှုတ်ဖြွက်၍ အချက်
ကျအောင် ပြောဟောနိုင်သော အစွမ်းသတ္တိ သူတပါးတို့ထက်ပိုလွန်၍
ရှိ၏။

ယော ဟဝေ မညတိ ဗာလျံ၊ ပဏ္ဍိတော ဝါပိ တေန သော။
ဗာလော စ ပဏ္ဍိတမာနီ၊ သ ဝေ ဗာလောတိ ဝုစ္စတိ။

ယော၊ အကြင်သူသည်။ ဟဝေ၊ စင်စစ်။ ဗာလျံ၊ မိမိမိုက်မှား
သည်၏ အဖြစ်ကို။ မညတိ၊ အောက်မေ့မှတ်ထင် သိမြင်၏။ တေန၊
ထိုသို့ မိမိမိုက်မှားသည်ကို သိခြင်းကြောင့်။ သော၊ ထိုသူမိုက်သည်။
ပဏ္ဍိတော ဝါပိ၊ ပညာရှိသည်လည်း ဖြစ်သေး၏။ ဗာလော စ၊
မိမိမိုက်မှားလျက်သာလျှင်။ ပဏ္ဍိတမာနီ၊ ငါပညာရှိ မိုက်မှားမရှိဟူ၍

မှတ်ထင်သော။ သ-သော၊ ထိုသူမိုက်ကိုသာလျှင်။ ဝေ၊ စင်စစ်။ ဗာလောတိ၊ သူမိုက်ဟူ၍။ ဝုစ္စတိ၊ ဆိုသင့်၏။

အကြင်သူသည် မိမိမိုက်သည် မှားသည်ကို မိုက်မှားသည်ဟူ၍ သိသောကြောင့် ပညာရှိဖြစ်သေး၏။ မိမိမိုက်မှား၍ နေသည်ကိုမိုက်မှားမှန်းမသိ၊ အကန်းအတိဖြစ်သောသူကိုသာလျှင် စင်စစ်မိုက်သောသူဟူ၍ ဆိုသင့်၏။ ။ထိုသောတ္တိယ ပုဏ္ဏားသည်လည်း ပညာပါရမီအခြေခံရှိသော ယောကျ်ားဖြစ်ရကား ပုဏ္ဏိကာကအချက်ကျကျ အကြောင်းပြ၍ ပြောသောစကားကို ကြားရလျှင် ကျွန်သပေါက်မဟူ၍ မထီလေးစားပြုခြင်းမရှိ၊ မိမိမှားမှန်း မိုက်မှန်းကိုသိ၍ ပဏ္ဍိတဖြစ်သည်အားလျော်စွာ ပုဏ္ဏိကာ သပေါက်မကို ချီးမွမ်း၍ ပူဇော်ခြင်းငှါ ဤဂါထာကို ဆိုသတည်း။

ကုမဂ္ဂံ ပဋိပန္နံ မံ၊ အရိယမဂ္ဂံ သမာနယိ။
ဒကာဘိသေစနံ ဘောတိ၊ ဣမံ သာဋံ ဒဒါမိ တေ။

ဘောတိ၊ အိုမိန်းကလေး။ ဒကာဘိသေစနံ၊ မကောင်းမှုကံမှ ကင်းစင်ရအောင် ရေချိုးခြင်း ရေစိမ်ခြင်းဟူသော။ ကုမဂ္ဂံ၊ လမ်းလွဲသို့။ ပဋိပန္နံ၊ အမြင်မှောက်မှား လိုက်သွား၍နေသော။ မံ၊ ငါပုဏ္ဏားမိုက်ကို။ တွံ၊ သင်သည်။ အရိယမဂ္ဂံ၊ အရိယဉာဏ် မဂ်လမ်းမှန်သို့။ သမာနယိ၊ အချက်ကျကျလမ်းမှန်ကျအောင်ညွှန်ပြပို့ဆောင်ပေ၏။ တေ၊ သင်အား။ ဣမံသာဋံ၊ ဤငါ၏ အပေါ်ရုံ ပုဆိုးကို။ ဒဒါမိ၊ လှူဒါန်း ပူဇော်ပါ၏။

ထိုအခါ၌ ပုဏ္ဏိကာ-သပေါက်မသည် သောတ္တိယ ပုဏ္ဏားအား တရားဆက်၍ ဟောလိုရကား ဤလေးဂါထာတို့ကို ဆိုပြန်သတည်း။

တုယှေဝ သာဋကော ဟောတု၊ နာဟမိစ္ဆာမိ သာဋကံ။
သစေ ဘာယသိ ဒုက္ခဿ၊ သစေ တေ ဒုက္ခမပ္ပိယံ။
မာကာသိ ပါပကံ ကမ္မံ၊ အာဝိ ဝါ ယဒိ ဝါ ရဟော။
သစေစ ပါပကံ ကမ္မံ၊ ကရိဿသိ ကရောသိ ဝါ။
န တေ ဒုက္ခာ ပမုတျတ္ထိ၊ ဥပေစ္စာပိ ပလာယတော။
သစေ ဘာယသိ ဒုက္ခဿ၊ သစေ တေ ဒုက္ခမပ္ပိယံ။
ဥပေဟိ ဗုဒ္ဓံ သရဏံ၊ ဓမ္မံ သံဃဉ္စ တာဒိနံ။
သမာဒိယာဟိ သီလာနိ၊ တံ တေ အတ္ထာယ ဟေဟိတိ။

ဗြာဟ္မဏ၊ ပုဏ္ဏား။ တုယှံ၊ သင်၏သားယောကျ်ားဝတ်ရုံသော။ သာဋကော၊ ပုဆိုးသည်။ ဟောတု၊ ဖြစ်ပါစေတော့။ အဟံ၊ ငါသည်။ သာဋကံ၊ ပုဆိုးကို။ နဂ္ဂဏှာမိ၊ အလိုမရှိပါ။ တွံ၊ သင်ပုဏ္ဏားသည်။ ဒုက္ခသ၊ ဆင်းရဲကို။ သစေဘာယသိ၊ အကယ်၍ ကြောက်ငြားအံ့။ တေ၊ သင်ပုဏ္ဏားသည်။ ဒုက္ခံ၊ ဆင်းရဲကို။ သစေအပ္ပိယံ၊ အကယ်၍ မုန်းငြားအံ့။ ပါပကံ၊ ယုတ်မာသော။ ကမ္မံ၊ မကောင်းမှုကံကို။ အာဝိဝါ၊ ထင်ထင် ရှားရှားသော်၎င်း။ယဒိဝါရဟော၊ ဆိတ်ကွယ်ရာ၌သော်၎င်း။ မာကာသိ၊ မပြုလုပ်လင့်။ ပါပကံ ကမ္မံ၊ မကောင်းမှုကံကို။ သစေ၊ အကယ်၍။ ကရိဿသိ၊ ပြုလတ္တံ့သည်ဖြစ်အံ့။ ကရောသိဝါ၊ ပြုဆဲဖြစ်အံ့။ တေ၊ သင်ပုဏ္ဏားအား။ ဥပေစ္စာပိပလာယတော၊ တောကြို တောင်ကြား ပြေးသော်ငြားလည်း။ ဒုက္ခာ၊ ဆင်းရဲမှ။ ပမုတ္တိ၊လွတ်ခြင်းသည် နအတ္ထိ၊ မရှိ။ဒုက္ခသ၊ ဆင်းရဲကို။ သစေဘာယသိ၊ အကယ်၍ကြောက် ငြားအံ့။တေ၊သင်ပုဏ္ဏားသည်။ ဒုက္ခံ၊ ဆင်းရဲကို။ သစေအပ္ပိယံ အကယ် ၍မုန်းငြားအံ့။ တာဒိနံ၊ တာဒိဂုဏ်နှင့်ပြည့်စုံသော။ ဗုဒ္ဓံ၊ မြတ်စွာဘုရား ကို၎င်း။ ဓမ္မဉ္စ၊ တရားတော်ကို၎င်း။ သံဃဉ္စ၊ သံဃာတော်ကို၎င်း။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဥပေဟိ၊ ဆည်းကပ်လေလော့။ သီလာနိ၊ သီလတို့ကို။ သမာဒိယာဟိ၊ ဆောက်တည်လေလော့။ တံ၊ ထိုသို့ ရတနာသုံးပါးကို ဆည်းကပ်ခြင်း သီလကို ဆောက်တည်ခြင်းသည်။ တေ၊ သင်ပုဏ္ဏား၏။ အတ္ထာယ၊ အကျိုးငှါ။ ဟေဟိတိ၊ ဖြစ်လတ္တံ့။

သောတ္ထိယ ပုဏ္ဏားသည် သပေါက်မဟောသောတရားကို ရိုသေစွာ ဝန်ခံလိုသောကြောင့် ဤဂါထာကိုဆို၏။

ဥပေမိ ဗုဒ္ဓံ သရဏံ၊ ဓမ္မံ သံဃဉ္စ တာဒိနံ။
သမာဒိယာမိ သီလာနိ၊ တံမေ အတ္ထာယ ဟေဟိတိ။

ဘောတိ၊ အိုမိန်းကလေး။ အဟံ၊ ငါပုဏ္ဏားသည်။ တာဒိနံ၊ တာဒိ ဂုဏ်နှင့် ပြည့်စုံသော။ ဗုဒ္ဓဉ္စ၊ ဘုရားကို၎င်း။ ဓမ္မဉ္စ၊ တရားတော်ကို ၎င်း။ သံဃဉ္စ၊ သံဃာတော်ကို၎င်း။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဥပေမိ၊ ဆည်းကပ်တော့အံ့။ သီလာနိ၊ သီလတို့ကို။ သမာဒိယာမိ၊

ဆောက်တည်ပါတော့အံ့။ တံ၊ ထိုသို့ဆည်းကပ်ဆောက်တည်ခြင်းသည်။ မေ။ ငါ့ပုဏ္ဏားအား၏။ အညွှာယ၊ အကျိုး၄ါ။ ပဟေတိ၊ ဖြစ်ပါလတ္တံ့။

သောတ္ထိယ ပုဏ္ဏားသည် သပေါက်မ ပုဏ္ဏိကာ၏ တရားစကားကို ရှိသေစွာ နာယူမှတ်သား သံဝေဂဖြစ်ပွါး၍ ဘုရားသာသနာတော်၌ ရဟန်းပြု၍ ကမ္မဋ္ဌာန်းကို အားထုတ်၍ ရဟန္တာ ဖြစ်သောအခါ ဤ ဂါထာကို ဥဒါန်းကျူး၏။

ဗြဟ္မဗန္ဓု ပုရေ အာသိံ၊ အဇ္ဇမှိ သစ္စဗြာဟ္မဏော။
တေဝိဇ္ဇော ဝေဒသမ္ပန္နော၊ သောတ္ထိယောစမှိ နှာတကော။

ပုရေ၊ ရှေးအခါ၌။ ဗြာဟ္မဗန္ဓု၊ ဗြာဟ္မဏမျိုးသည်။ အာသိံ၊ ဖြစ်ဘူးပြီ။ အဇ္ဇ၊ ယခုမှသာလျှင်။ သစ္စဗြာဟ္မဏော၊ ဗြာဟ္မဏအစစ်သည်။ အမှိ၊ ဖြစ်ရပေ၏။ တေဝိဇ္ဇော၊ ဝိဇ္ဇာသုံးပါးကိုလည်း ရပါ၏။ ဝေဒသမ္ပန္နော၊ ဗေဒင်ပညာကို ကောင်းစွာ တတ်မြောက် ပြည့်စုံလောက်၏။ နှာတကော၊ မဂ်ရေစင်ဖြင့် သွန်းလောင်းကာချိုး၍ ရေချိုးပုဏ္ဏားအစစ်ဖြစ်သော။ သောတ္ထိယောစ၊ စင်ကြယ်ခြင်း ရှိသည်လည်း။ အမှိ၊ ယခုမှ ဖြစ်ရပေတော့၏။

ပုဏ္ဏိကာဟောသော တရားစကားကို နာယူ၍ ရဟန္တာဖြစ်သော သောတ္ထိယထေရ်၏ အကြောင်းကိုလည်း အနာထပိဏ် သူဌေးကြီး သိသဖြင့် မိမိအိမ်နေ ကုမ္ဘဒါသီ ဒုံးထိန်းကျွန်မ၏ သွီးဖြစ်သော ပုဏ္ဏိကာကို အလွန်မြတ်နိုးလှသဖြင့် ကျွန်အဖြစ်မှတော်လှန်စေ၍ မိမိ၏ သွီးရင်းကဲ့သို့ ထား၏။

ထိုနောက် ပုဏ္ဏိကာသည် အနာထပိဏ် သူဌေးကြီးကို ခွင့်ပန်၍ ရဟန်းမိန်းမပြုလုပ်လျှင် မကြာမီပင် ရဟန္တာမဖြစ်လေ၏။ အဘိညာဏ် ခြောက်ပါး ပဋိသမ္ဘိဒါလေးပါးတို့နှင့် ပြည့်စုံ၍ တန်ခိုးကြီး၏။ တရားဟောကောင်း၏။ ပုဏ္ဏိကာထေရီဟူ၍ ထင်ရှား၏။ ထိုပုဏ္ဏိကာထေရီ ရဟန္တာမသည် ပုဗ္ဗေနိဝါသ အဘိညာဏ်ဖြင့် ဆင်ခြင်ကြည့်ရှု၍ ရှေးရှေးသော ကမ္ဘာတို့၌ ပွင့်တော်မူသော ဝိပဿီအစရှိသော ခြောက်ဆူသော မြတ်စွာဘုရားတို့၏ သာသနာတော်၌ ရဟန်းမိန်းမပြုလုပ်၍ ပါရမီဖြည့်ခဲ့ဘူးသော အပဒါန်တရားတို့ကို ဤသို့ဟောတော်မူ၏။

ပုဏ္ဏိကာထေရီဘိက္ခုနီ ဟောတော်မူသော အပဒါန် တရားတော်

ဆန္နံ သဒ္ဓမ္မရာဇာနံ၊ ပဗ္ဗဇိတွာန သာသနေ။
ဘိက္ခုနီ သီလသမ္ပန္နာ၊ နိပကာ သံဝုတိန္ဒြိယာ။
ဗဟုဿုတာ ဓမ္မဓရာ၊ အတ္ထတ္ထပရိပုစ္ဆိကာ။
ဥဂ္ဂဟေတွာစ ဓမ္မာနံ၊ သောတာ ပယိရုပါသိကာ။
ဒေသေန္တီ ဇနမဇ္ဈေဟံ၊ အဟောသိံ ဇိနသာသနေ။
ဗာဟုသစ္စေန တေနာဟံ၊ ပေသလာ အတိမညိတံ။
ပစ္ဆိမေစ ဘဝေဒါနိ၊ သာဝတ္ထိယံ ပုရုတ္တမေ။
အနာထပိဏ္ဍိနော ဂေဟေ၊ ဇာတာဟံ ကုမ္ဘဒါသိယာ။

အယျာယော၊ ရှေးပါရမီ ပြည့်စုံညီ၍ ဘိက္ခုနီစစ် ရဟန်းဖြစ်ကြကုန်သော အရှင်မတို့။ အဟံ၊ ပုဏ္ဏိကာဟု သညာဘွဲ့ရှိ ထေရီသမုတ် အကျွန်ုပ်သည်။ ဆန္နံ၊ ခြောက်ဆူကုန်သော။ သဒ္ဓမ္မရာဇာနံ၊ ဝိပဿီ၊ သိခီ၊ ဝေဿဘူ၊ ကကုသန်၊ ကောဏာဂုံ၊ ကဿပ မြတ်စွာဘုရားတို့၏။ သာသနေ၊ သာသနာတော်၌။ ပဗ္ဗဇိတွာန၊ ရဟန်းမိန်းမပြုလုပ်၍။ သီလသမ္ပန္နာ၊ သီလနှင့်ပြည့်စုံသော။ နိပကာ၊ ရင့်သောပညာရှိသော။ သံဝုတိန္ဒြိယာ၊ စောင့်ရှောက်သော ဣန္ဒြေရှိသော။ ဘိက္ခုနီ၊ ရဟန်းမိန်းမ ဖြစ်၍။ ဗဟုဿုတာ၊ များသောအကြားအမြင်ရှိ၏။ ဓမ္မဓရာ၊ ပိဋကတ် တရားကို ဆောင်၏။ အတ္ထတ္ထပရိပုစ္ဆိကာ၊ မိမိသိလိုသော အနက် အဓိပ္ပါယ်ကို မေးမြန်းလေ့ရှိ၏။ ဓမ္မာနံ၊ ပိဋကတ်တရားတော်တို့ကို။ ဥဂ္ဂဟေတွာစ၊ သင်ယူပြီး၍လည်း။ သောတာ၊ တရားနာလေ့ရှိ၏။ ပယိရုပါသိကာ၊ ဆရာထံပါး ညွတ်တွားလေးမြတ် ဆည်းကပ်လေ့ရှိ၏။ အဟံ၊ တပည့်တော်မသည်။ ဇနမဇ္ဈေ၊ လူပရိသတ်အလယ်၌။ ဒေသေန္တီ၊ တရားဟောလေ့ရှိ၏။ ဇိနသာသနေ၊ မြတ်စွာဘုရား သာသနာတော်၌။ တေနဗာဟုသစ္စေန၊ ထိုကဲ့သို့သော ဗဟုဿုတ အကြားအမြင်ရှိသဖြင့်။ အဟံ၊ တပည့်တော်မသည်။ ပေသလာ၊ သီလကို ချစ်ခင်ကုန်သော ရဟန်းမိန်းမတို့ကို။ အတိမညိတံ၊ မရိမသေ မထီလေးစား မာန်ထောင်လွှား၍ မောက်ကြွားခြင်းသည်။ အဟောသိံ၊ ဖြစ်ဘူး၏။ ဒါနိ၊ ယခု။ ပစ္ဆိမေ၊ နောက်ဆုံးဖြစ်သော။ ဘဝေ၊ ဘဝ၌ကား။ သာဝတ္ထိယံ၊ သာဝတ္ထိအမည်ရှိသော။ ပုရုတ္တမေ၊ ပြည်တော်၌။ အနာထပိဏ္ဍိနော၊

ဓေတဝန်ကျောင်းတိုက်ကြီး ဒါယကာ အနာထပိဏ် သူဌေးကြီး၏။ ဂေဟေ၊ အိမ်၌။ ကုမ္ဘဒါသိကာ၊ ထမင်းအိုး ဟင်းအိုး စားခွက် သောက်ခွက် ဆေးကြော်သိမ်း သိမ်းဆည်း စောင့်ထိန်းရသော အိုးထိန်းကျွန်မ၏။ ကုစ္ဆိသ္မိံ၊ ဝမ်းပိုက်တွင်း၌။ အဟံ၊ တပည့်တော်မ သည်။ ဇာတာ၊ ဖြစ်ရ၏။

ပုရေတွာ ဥဒကဘတံ၊ ဇာတာ ဒါသိကုလေ ယတော။
တတော ပုဏ္ဏာဘိနာမံ မေ၊ ဘုဇိဿံ မေ အကံသု တေ၊
သေဋ္ဌိတဘော နုမာနေတွာ၊ ပဗ္ဗဇိံ အနဂါရိယံ။
နစိရေနေဝ ကာလေန၊ အရဟတ္တ မပါပုဏိံ။

ဒါသိကုလေ၊ ကျွန်မိန်းမအမျိုး၌။ ဥဒကဘတံ၊ တရေပြည့်ရန် တယောက်ကျွန်၍ နေသည်ကို။ ပူရေတွာ၊ ပြည့်စေလျက်။ ယတော၊ အကြင်ကြောင့်။ ဇာတာ၊ မွေးဖွါးဖြစ်ပေါ်လာ၏။ တတော၊ ထိုသို့ ကျွန်မိန်းမတရာ ပြည့်စေသောကြောင့်။ မေ၊ တပည့်တော်မ၏။ နာမံ၊ အမည်ကို၊ ပုဏ္ဏာဘိ၊ပုဏ္ဏာဟူ၍ခေါ်ကြ၏။တေ၊ထိုအရှင်သခင်တို့သည်။ မေ၊ တပည့်တော်မအား။ ဘုဇိဿံ၊ ကျွန်အဖြစ်မှ လွတ်ရန် တော်လှန် သည်ကို။ အကံသု၊ ပြုကြကုန်၏။ တတော၊ ထိုသောတ္တိယ ပုဏ္ဏားကို တရားဟောပြီးနောက်။ သေဋ္ဌိ၊ အနာထပိဏ် သူဌေးကြီးသည်။ အနုမာ နေတွာ၊ အလွန်မြတ်နိုး၍။ အနဂါရိယံ၊ ဘုရားသာသနာတော်၌။ အဟံ၊ တပည့်တော်မပုဏ္ဏာသည်။ ပဗ္ဗဇိံ၊ ရဟန်းမိန်းမ ပြုလုပ်ပါ၏။ နစိရေ နေဝကာလေန၊မကြာမြင့်မီ ကာလဖြင့်သာလျှင်။ အရဟတ္တံ၊ အရဟတ္တဖိုလ် ကို ရသော ရဟန္တာမိန်းမအဖြစ်သို့။ အပါပုဏိံ၊ရောက်ပါ၏။

ဘာဝနာယ မဟာပညာ၊ သုတေနေဝ သုတာဝိနီ။
မာနေန နီစကုလဇာ၊ နဟိ ကမ္မံ ဝိနဿတိ။

ဘာဝနာယ၊ ကမ္မဋ္ဌာန်းဘာဝနာ ပညာပါရမီကို ပွားများအားထုတ် ခြင်းကြောင့်။မဟာပညာ၊ကြီးသောပညာရှိ၏။သုတေနေဝ၊ဗဟုသုတ ကို ရှာမှီးခြင်းကြောင့်သာလျှင်။ သုတာဝိနီ၊ အကြွားအမြင် ဗဟုသုတ များ၏။ မာနေန၊ မာနထောင်လွှား မောက်ကြွား ခြင်းကြောင့်။ နီစကုလဇာ၊နိမ့်ကျသော ကျွန်မျိုး၌ဖြစ်ရ၏။ကမ္မံ၊ကောင်းမှု မကောင်းမှု ကံနှစ်ခုသည်။ နဟိဝိနဿတိ၊ မပျောက်ပျက်သည်သာတည်း။

ပုဏ္ဏိကာထေရီဝတ္ထု ပြီး၏။ ။[အဋ္ဌတိံသ ဝတ္ထု]။

အမ္ဗပါလိထေရီ၏ အပဒါန်ဝတ္ထု

အမ္ဗပါလိဘိက္ခုနီသည် ကိုးဆဲ့နှစ်ကမ္ဘာထက်၌ ပွင့်တော်မူသော ဖုဿမြတ်စွာဘုရား၏ နှမတော်ဖြစ်၍ တရားတော်ကို နာလျက် ကြီးစွာသော အလှူကြီးကို ပေးလှူ၍ အဆင်းလှခြင်းကို ဆုတောင်း၏။ ထိုနောက် သုံးဆဲ့တကမ္ဘာထက်၌ ပွင့်တော်မူသော သိခီမြတ်စွာဘုရား လက်ထက်တော်၌ အရုဏဝတီပြည်ဝယ် ပုဏ္ဏားမျိုး၌ဖြစ်၍ ဘိက္ခုနီ ရဟန်းမိန်းမပြုလုပ်၏။ တနေ့သ၌ များစွာသော ရဟန်းမိန်းမတို့နှင့် အတူတကွ စေတီတော်ကို ရှိခိုး၍ လကျာရစ်လှည့်ခြင်းကို ပြုသည်ရှိသော် ရှေ့မှသွားလင့်သော ခီဏာသဝ ရဟန္တာမိန်းမသည် ချေသည် ရှိသော် တံတွေးပေါက်သည် စေတီတော်ရင်ပြင်၌ ကျသည်ကို ရဟန္တာမိန်းမဟူ၍ မမြင်မသိဘဲ နောက်မှ ရောက်လာသော အမ္ဗပါလိ အလောင်း ရဟန်းမိန်းမသည် ထိုတံတွေးပေါက်ကို မြင်လျှင် အဘယ် ပြည့်တန်ဆာမသည် စေတီရင်ပြင်၌ တံတွေးပေါက်ကို ချပါလိမ့်မည် နည်းဟု ဆဲဆိုမိ၏။ ထိုဆဲဆိုမိသော ဘိက္ခုနီမသည် သီလကို စောင့်ရှောက် ထိန်းသိမ်း၍ ပဋိသန္ဓေ အမိဝမ်း၌ နေသည်ကို ကြောက် လှ၍ ဥပပါတ်ပဋိသန္ဓေ အဖြစ်၌ စိတ်ကိုထား၍ ဗိတ်ညွှတ်၏။

တေန စရိမတ္တဘာဝေ ဝေသာလိယာ ရာဇုယျာနေ အမ္ဗရုက္ခ
မူလေ ဩပပါတိကာ ဟုတွာ နိဗ္ဗတ္တိ။

[အဋ္ဌကထာ အနက် လွယ်၏။ ပါဠိတော်၌ အမ္ဗသာခန္တရေ ဇာတာ ရှိ၏]။

ပြည့်တန်ဆာမကဲ့သို့သော ရဟန်းမိန်းမတို့သည် မြတ်စွာဘုရား သာသနာတော်ကို ဖျက်ဆီးကုန်၏ဟူ၍ ခီဏာသဝရဟန္တာအရှင်မကို ဆဲဆိုဘူးသော မကောင်းမှုကံဖြင့် ငရဲ၌ကျက်ပြီးမှ ငရဲပြည်က လွတ်သော်လည်း ဘဝပေါင်းတသိန်းပတ်လုံး ပြည်တန်ဆာမဖြစ်ရ၏။ ထိုနောက် ဤကမ္ဘာအတွင်း၌ ပွင့်တော်မူသော ကဿပမြတ်စွာဘုရား သာသနာတော်၌ ရဟန်းမိန်းမဖြစ်ပြန်၍ ဗြဟ္မစာရီ အကျင့်မြတ်ကို ကျင့်သုံး၍ စုတေသောအခါ တာဝတိံသာ နတ်ပြည်၌ဖြစ်ရ၏။

ဤနောက်ဆုံးဖြစ်သောဘဝ၌ကား သုံးဆဲ့တကမ္ဘာထက်က သီလကို စောင့်သုံး၍ ဥပပါတိကပဋိသန္ဓေကိုစိတ်ဖြင့် တောင့်တလိုလားခြင်း

ရှိသော ကံအားလျော်စွာ ဝေသာလီပြည် လိစ္ဆဝီမင်းတို့၏ ဥယျာဉ်တော် အတွင်း သရက်ပင်ရင်း၌ တဆဲ့ငါးနှစ် တဆဲ့ခြောက်နှစ်အရွယ် ကောင်းကင်ကျ ဥပပါတိက ဖြစ်၍ အမ္ဗပါလီဟူသောအမည်ဖြင့် ခေါ်ကြကုန်၏။ ဥပပါတိက ကောင်းကင်ကျဖြစ်၍ နတ်မမှီ လူမက အလွန်လှသော အဆင်းရှိရကား မင်းသားအများတို့သည် အလုံးစုံဝိုင်းဝန်းကာ ရောက်လာကြကုန်၍ ကြည့်ရှုကြကုန်၏။ ဥယျာဉ်တော်အတွင်း သရက်ပင်ရင်း၌ ဥယျာဉ်စောင့်သောသူသည် ထိုမိန်းကလေးကိုမြင်၍ အမျိုး အဆွေ မိဘ စသည်တို့ကို မေးမြန်းသော်လည်း ဥပပါတိက ကောင်းကင်ကျဖြစ်ရကား ဆွေမျိုးမိဘတို့ကို အဘယ်မှာ မေးမြန်း၍ ရမည်နည်း ဆွေမရှိ မျိုးမရှိ အမိအဘ ရှာမရသော မိန်းကလေးသည် မင်း၏ဥယျာဉ်တော်အတွင်း၌ တွေ့သောကြောင့် မင်းတို့သည်သာလျှင် ပိုင်ထိုက်၏ဟု မင်းဘဏ္ဍာပြုပြီးလျှင် ဝေသာလီမင်းအပေါင်းတို့သည် ကိုယ်စီကိုယ်စီ သိမ်းပိုက်၍ မယားပြုလိုကြကုန်၏။ သူ ရထိုက်သည် ငါ ရထိုက်သည် စသည်ဖြင့် အချင်းချင်းငြင်းခုန်ကြကုန်၏။ထိုဝေသာလီမင်းတို့၏ ငြင်းခုန်ခြင်းသည် ပြီးငြိမ်းခြင်းမရှိနိုင်၍ ဤမိန်းကလေးကို တဦးတည်းသော မင်း မပိုင်စေရ အလုံးစုံသော ဝေသာလီမင်းတို့ ပိုင်ထိုက်စေဟူ၍ ဆုံးဖြတ်ကြကုန်၏။ဤကား သုံးဆဲ့တကမ္ဘာထက်က ပြည်တန်ဆာမဟူ၍ ရဟန္တာမကို ဆဲဆိုခဲ့သော ဝစီကံ စီမံတိုက်တွန်းသောကြောင့် ဤကဲ့သို့ မင်းသားအများတို့ ပိုင်ထိုက်စေဟု ဆုံးဖြတ်ခြင်းကို ခံရလေသတည်း။ ဤသို့လျှင် ဝေသာလီမင်းသားတို့သည် သူ ရထိုက်သည် ငါ ရထိုက်သည် အချင်းချင်း ငြင်းခုန်ပြောဆိုကြကုန်၍ အဘယ်သူမှမရစေဘဲ အများနှင့်ဆိုင်သော ပြည်တန်ဆာမိန်းမအရာ၌ ထားကြကုန်၏။ ဤကား သုံးဆဲ့တကမ္ဘာထက်က ရဟန္တာမိန်းမကို ပြည်တန်ဆာမဟူ၍ ဆိုခဲ့ဘူးသော မကောင်းမှု ကံကြွင်း ဝင်၍မကင်း၍ မင်းသားအများတို့နှင့် ဆက်ဆံရသော ပြည်တန်ဆာ မိန်းမ ဖြစ်ရသတည်း။

ပြည်တန်ဆာမိန်းမဖြစ်ရသော်လည်း နုံနဲ့ချုချာ ဥစ္စာနွမ်းမွဲ ဆင်းရဲသော ပြည်တန်ဆာမိန်းမ မဟုတ်ချေ။ စည်းစိမ်ကြီးမား ဥစ္စာများ၍ ထင်ရှား ကျော်စော သဖြင့် မြတ်စွာဘုရားနှင့် တကွ သံဃာတော် ထောင့်နှစ်ရာငါးဆယ်တို့ကို ဆွမ်းကျွေး၍ မိမိပိုင်မြေဖြစ်သော သရက်

ဥယျာဉ်ခြံကြီးတခုလုံးကို ဘုရားအမှူးရှိသောသံဃာတော်အားလှူဒါန်း၍ ကျောင်းတိုက်ကြီး အကြီးအကျယ်ဆောက်လုပ်၍ စွန့်ကြဲနိုင်သဖြင့် ဝိသာခါကိုကဲ့သို့ ကျောင်းအမကြီး အမည်ထူးကို ရ၏။ များစွာသော အခြွေအရံနှင့်ပြည့်စုံ၍ ပြည့်တန်ဆာသူဌေးမကြီးဖြစ်၏။မြတ်စွာဘုရားသည် ဒေသစာရီကြွချီတော်မူ၍ ကောဋိဂါမသို့ရောက်တော်မူသည်ကို အမ္ဗပါလိ ပြည့်တန်ဆာမိန်းမ ကြားသိလျှင် အလွန်ဆန်းကြယ်သော ရထားတို့ကို ယှဉ်စေ ကစေ၍ အခြွေအရံနှင့်တကွ အလွန်ကောင်းမွန်ကုန်သော ရထားဘို့ကို စီး၍ ဝေသာလီ ပြည်တွင်းမှ ထွက်လာ၍ မြတ်စွာဘုရား အထံသို့ ရောက်သော အခါ ရှိသေစွာ ရှိခိုး ပြီး၍ သင့်တင့်ရာ၌ ထိုင်နေပြီးလျှင် တရားတော်ကို နာ၍ ပြီးဆုံးသောအခါ ဘုန်းတော်နေဝန်း တောက်ထွန်းတော် မူပေသော မြတ်စွာဘုရား နက်ဖြန်ဆွမ်းအလို့ငှါ ရဟန်းသံဃာတော် အပေါင်းနှင့် တပည့်တော်မ၏အိမ်ကို ကြွတော်မူပါ ဘုရားဟု ပင့်ဘိတ်၏။ မြတ်စွာ ဘုရားသည် ဆိတ်ဆိတ်နေ၍ သည်းခံတော်မူ၏။ အမ္ဗပါလိ ပြည့်တန်ဆာမသည် ဆိတ်ဆိတ်နေ၍ သည်းခံတော်မူသည်ကို သိလျှင် နေရာမှထ၍ လကျ်ာရစ် သုံးပတ်လှည့်လည်၍ ပြန်သွားပြီးလျှင် လမ်းခရီးအကြား၌ မြတ်စွာဘုရားအထံသို့ ဖူးမြင်ရန် လာကြကုန်သော လိစ္ဆဝီမင်းသားငယ်တို့နှင့် ဆုံမိသဖြင့် ရထားဝင်ရိုး အစွန်းချင်း ထိခိုက်၍ ရထားဘီးချင်း တိုက်မိအောင် ရထားကို မောင်းနှင်စေ၏။ထိုအခါ ဝေသာလီမင်းသားတို့က ဟယ်–အမ္ဗပါလိ အဘယ့်ကြောင့် မင်းသားငယ်တို့၏ ရထားဘီးကို တိုက်ခိုက်စေရသနည်းဟု ဆိုကြကုန်၏။ အရှင်မင်းသားတို့ အကျွန်ုပ်သည် မြတ်စွာ ဘုရားကို သံဃာတော် အပေါင်းနှင့် တကွ နက်ဖြန်ဆွမ်းအလို့ငှါ ပင့်ဘိတ်၍လာ၏ ဟူ၍ပြော၏။

ဟယ်–အမ္ဗပါလိ နက်ဖြန်တကြိမ်ကျွေးသော ဆွမ်းကို ငါတို့အား ငွေတသိန်းနှင့် ရောင်းပါလော့ဟု ဆိုကြကုန်၏။ အရှင်မင်းသားတို့– ဝေသာလီ တပြည်လုံးကို ပေးသော်လည်း အကျွန်ုပ်သည် ဤဆွမ်းကျွေးခြင်းကို မရောင်းနိုင်ပါဟု ဆို၏။ ထိုအခါ၌ ဝေသာလီ လိစ္ဆဝီမင်းသားတို့သည် ငါတို့က ရှုံးလေပြီ အမ္ဗပါလိသည် အရင်ဦး၍ အောင်နိုင်လေပြီဟု လက်ဖျားခါလျက် လက်ဖြောက် တီးကြကုန်၏။ လိစ္ဆဝီမင်းသားတို့သည် အညိုအရွှေ အဖြူ အနီ အထည်ပုဆိုး အမျိုးမျိုး

တို့ကို ဝတ်ဆင်လျက် မြတ်စွာဘုရားအထံသို့ လာကြကုန်သည်တို့ကို အဝေးက မြင်တော်မူသော မြတ်စွာဘုရားသည် ဤသို့ မိန့်တော်မူ၏။ ချစ်သားရဟန်းတို့ တာဝတိံသာ နတ်ပရိသတ်ကို မမြင်ဘူးကြလျှင် ဝေသာလီလိစ္ဆဝီမင်း ပရိသတ်ကိုသာ ကြည့်ရှုကြကုန်လော့၊ တာဝတိံသာ နတ်ပရိသတ်နှင့် အလားတူသော လိစ္ဆဝီပရိသတ်ကို ကြည့်ရှုကြကုန်လော့ဟု မိန့်တော်မူ၏။ လိစ္ဆဝီမင်းသားတို့သည်လည်း မြတ်စွာဘုရား အထံသို့ရောက်လျှင် ရိုသေစွာ ရှိခိုးကြ၍ သင့်တင့်ရာ၌ ထိုင်နေကြကုန်လျက် တရားတော်ကိုနာပြီးလျှင် ဘုန်းတော်ခြောက်စုံ ဂုဏ်တော်အနန္တ ကျေးဇူးတော် ကြီးလှသော သဗ္ဗညုမြတ်စွာဘုရား နက်ဖြန်ဆွမ်းအလို့ငှါ တပည့်တော်များ နန်းတော်သို့ သံဃာအပေါင်းနှင့်တကွ ကြွတော်မူပါ မြတ်စွာဘုရားဟု ပင့်ဘိတ်ကြကုန်၏။ အချင်းလိစ္ဆဝီမင်းသားတို့ ငါဘုရားအား သံဃာတော်နှင့်တကွ အမ္ဗပါလီသည် ပင့်ဘိတ်၍ နက်ဖြန်အလို့ငှါ ငါဘုရား သည်းခံတော်မူပြီဟူ၍ မိန့်တော်မူသောအခါ ငါတို့က ရှုံးလေပြီ အမ္ဗပါလီကနိုင်၍ သွားလေပြီဟု လိစ္ဆဝီမင်းသားတို့သည် လက်ဖျားခါ၍ လက်ဖြောက် တီးကြကုန်၏။ လိစ္ဆဝီမင်းသားတို့သည် မြတ်စွာဘုရားအား လကျ်ာရစ် ရှိခိုးကြကုန်ပြီး၍ ထသွားကြကုန်သောအခါ မြတ်စွာဘုရားသည်လည်း ကောဋိဂါမရွာမှ ဉာတိကာအရပ် ဂိဉ္ဇကာဝသထ အုဋ်ကျောင်းတော်သို့ ကြွတော်မူ၏။ ည-ကျိန်းဝပ်တော်မူ၏။ အမ္ဗပါလီသည်လည်း ခဲဘွယ်ဘောဇဉ်တို့ကို ကောင်းစွာပြုပြင်စီရင်ပြီး၍ နံနက်မိုးသောက်သောအခါ မြတ်စွာဘုရား အထံသို့သွား၍ (ကာလောဘန္တေ နိဋ္ဌိတံဘတ္တံ)ဟု တမန်စေလွှတ်၍ အခါကို လျှောက်ကြားစေ၏။ မြတ်စွာဘုရားသည် နံနက်အခါ၌ သင်းပိုင်ကို ပြင်ကာ ဝတ်တော်မူ၍ သပိတ်သင်္ကန်းကို ဆောင်လွယ်တော်မူကာ အမ္ဗပါလီ၏ အိမ်သို့ ကြွတော်မူပြီးလျှင် ခင်း၍ထားသော နေရာ၌ သံဃာတော် အပေါင်းနှင့် တကွ ထိုင်နေတော်မူ၏။

အမ္ဗပါလီသည် မြတ်စွာဘုရားနှင့် သံဃာတော် အပေါင်းတို့အား မွန်မြတ်သော ခဲဘွယ်ဘောဇဉ်တို့ဖြင့် ရောင့်ရဲတင်းတိမ်စေ၍ သင့်တင့်ရာ၌ ထိုင်နေပြီးလျှင် လက်အုပ်ချီလျက် (ဣမာဟံ ဘန္တေ အမ္ဗဝနံ ဗုဒ္ဓပမုခဿ သံဃဿ ဒမ္မိ)ဟု ဆို၍ ရွှေဘုန်းတော်သခင် အရှင်ဖြစ်တော်

မှုသောမြတ်စွာဘုရား တပည့်တော်မသည် ဤသရက်ဥယျာဉ်မြေကြီးကို ဘုရားအမှူးရှိသော သံဃာတော်အား လှူပါ၏ဟု လျှောက်ကြား၏။ မြတ်စွာဘုရားသည် အမ္ဗဝနသရက်ဥယျာဉ် အာရာမ်ကို အလှူခံတော်မူပြီး၍ ဝေသာလီပြည် မဟာဝုန်တော ကူဋာဂါရ ကျောင်းတိုက်တော်သို့ ကြွတော်မူ၏။ (ဝိနည်းမဟာဝါပါဠိတော်-၂၃၈)။ ထိုနောက် အမ္ဗပါလီ ပြည့်တန်းဆာမသည် မြတ်စွာဘုရား၏ ကျောင်းအမကြီး ဖြစ်၍ မိမိသား ဖြစ်သော ဝိမလကောဏ္ဍည မထေရ် အထံ၌ တရားတော်ကို နာရ၍ တကုဒ္ဓေ ကုန်သော အခြံ အရံ တို့နှင့် တကွ သာသနာတော်၌ ရဟန်းမိန်းမပြုလုပ်၍ ရဟန္တာမကြီး အဖြစ်သို့ ရောက်ပြန်၍ များစွာကုန်သော ရဟန်းမိန်းမ ပရိသတ်တို့အား များစွာသောတရားစကားတို့ကိုပြောဟောဆုံးမ၍ နေ၏။ထိုအကြောင်းကို ထင်စွာ ပြလိုသော အမ္ဗပါလိထေရီ ဘိက္ခုနီ ရဟန္တာမကြီးသည် ဤဂါထာကို ဟောတော်မူ၏။

ပစ္ဆိမေ ဘဝသမ္ဘဝေ၊ အဟောသိံ သုပပါတိကာ။
အမ္ဗသာခန္တရေ ဇာတာ၊ အမ္ဗပါလီတိ တေနဟံ။
ပရိဝုတာ ပါဏကောဋီဟိ၊ ပဗ္ဗဇိံ ဇိနသာသနေ။
ပတ္တာဟံ အစလံ ဌာနံ၊ ဓီတာ ဗုဒ္ဓဿ သြရသာ။

အပဒါန်ပါဠိတော်-၄၀၉။

ပစ္ဆိမေ၊ နောက်ဆုံးဖြစ်သော။ ဘဝသမ္ဘဝေ၊ ဘဝသို့ရောက်သည်ရှိသော်။ သြပပါတိကာ၊ ဆဲ့ငါး ဆဲ့ခြောက် အရွယ်ရောက်၍ ပျိုပေါက်စင်စင် ကောင်းကင်မိုးကျ သြပပါတ်သည်။ အဟောသိံ၊ ဖြစ်၏။ အမ္ဗသာခန္တရေ၊ သရက်ကိုင်းအတွင်း၌။ ဇာတာ၊ ဖြစ်ရ၏။ တေန၊ ထိုကြောင့်။ အဟံ၊ အကျွန်ုပ်သည်။ အမ္ဗပါလီတိ၊ အမ္ဗပါလီ အမည်ပါရှိ၏။ ပါဏကောဋီဟိ၊တကုဋေကုန်သော အခြံအရံတို့ဖြင့်။ပရိဝုတာ၊ ခြံရံလျက်။ဇိနသာသနေ၊မြတ်စွာဘုရားသာသနာတော်၌။ပဗ္ဗဇိံ၊ရဟန်းမိန်းမပြုလုပ်၏။ အဟံ၊ အကျွန်ုပ်သည်။ အစလံ၊ ဖြစ်ခြင်းပျက်ခြင်း တုန်လှုပ်ခြင်းမရှိသော။ ဌာနံ၊ နိဗ္ဗာန်သို့။ ပတ္တာ၊ ရောက်သည်ဖြစ်၍။ ဗုဒ္ဓဿ၊ မြတ်စွာဘုရား၏။ သြရသာ၊ ရင်ခွင်တော်၌ ဖြစ်သော။ ဓီတာ၊ သမီးတော်သည်။ ဟောမိ၊ ဖြစ်ရပါ၏။

[သံသေဒဇမှာ တဖြေးဖြေးမှ ကြီးပွား၍ လာ၏။ ဩပပါတိကမှာ တခါတည်း ဆဲ့ငါးနှစ် ဆဲ့ခြောက်နှစ် အရွယ်ရှိအောင် ကြီးပွားပြီး ကောင်းကင်မိုးကျ ဖြစ်၏]။

အမ္ဗပါလိသည် သရက်ပင်၏ အထက် သရက်ကိုင်း အကြား၌ ဆဲ့ငါးနှစ်ဆဲ့ခြောက်နှစ်အရွယ်ဩပပါတိကဖြစ်၍နေသည်ကိုဝေသာလီ လိစ္ဆဝီမင်းတို့က သရက်ပင်စောင့်ရန် စေခိုင်း၍ထားသော သရက်ပင် စောင့်ဟု မှတ်ထင်ကြ၍ အမ္ဗပါလိဟူ၍ ခေါ်ကြကုန်၏။ ။ထိုနောက် ဝေသာလီမင်းအများတို့ သူရထိုက်သည် ငါရထိုက်သည်ဟု ငြင်းခုန် ကြသောအခါ အများဆိုင်အောင် ပြည့်တန်းဆာမိန်းမအရာ၌ ထားကြ၍ ပြည့်တန်းဆာမဟူ၍ ခေါ်ကြပြန်၏။

ထိုနောက် မိမိ၏မြေပိုင်ဖြစ်သော သရက်ဥယျာဉ်ခြံကြီးကို သံဃာ ရာမအလို့ငှာ လှူဒါန်း၍ ကျောင်းတိုက်ကြီး တည်ထောင် ဆောက်လုပ် ပြီးသကာလ ကျောင်းအမကြီးဟူ၍ ခေါ်ကြပြန်၏။ ထိုနောက် သား တော် ဝိမလကောဏ္ဍညထံ၌တရားနာ၍ တကုဋေသော အခြံအရံတို့နှင့် တကွ ရဟန်းမိန်းမပြုလုပ်၍ များစွာသော တရားစကားတို့ကို ပြော ဟော၍ နေသောအခါ အမ္ဗပါလိရဟန္တာမကြီးဟူ၍ထင်ရှားကျော်စော ပြန်၏။ ထိုအမ္ဗပါလိထေရီ ဘိက္ခုနီ ရဟန္တာမကြီးသည် ရဟန်း မိန်းမ သာမဏေရီ သိက္ခမာန်တွေကို ဤကဲ့သို့ ပြောပြ၍ ဆုံးမလေ့ ရှိတော်မူ၏။

အိုချစ်သမီးတို့-အမ္ဗပါလိ အမေအိုကြီးသည် အရွယ်ပျိုစဉ် ဟိုအရင် က အလွန်လှ၏၊ ငါ၏ဦးခေါင်း၌ ပေါက်သောဆံပင်တို့သည် ပိတုန်း တောင်ကဲ့သို့ မည်းမှောင်မဲနက်သော အဆင်းရှိ၏၊ ဖြေ၍ချလိုက်လျှင် သုံးတောင်ထွာမျှ အလိုင်းအလိုင်းကျ၍ အဖျား၌ ကော့၍ တက်သဖြင့် နှစ်သက် ကြည့်ရှုဘွယ် ကောင်း၏၊ ယခု အိုမင်းသောအခါ ပိုက်ဆံ လျှော်မျှင်ကဲ့သို့ ဖွေးဖွေးဖြူ၍ နေ၏။ အရွယ်ပျိုစဉ် ဟိုအရင်က ငါ၏ ဦးခေါင်းသည် ပန်းတွေကိုအပြည့်ဆင်၍ လေတိုက်သောအခါ နံ့သာ ကြုတ်ကို ဖွင့်ဘိသကဲ့သို့ အလွန် မွှေးကြိုင်၍နေ၏။ ယခု အိုမင်းသော အခါ၌ သမင်မွေးမြက်ပင်တို့ ပေါက်သော ချောက်တောကုန်းမြေနှင့် တူ၏။ (အညာချောက်တော၌ သမင်မွေးမြက်ရှိ၏)။ ငါ၏ဦးခေါင်း၌ ဆံပင်တို့သည် အရွယ်ပျိုစဉ် ဟိုအရင်က ညီညီညာညာ စီကာစိုက်

ထားသကဲ့သို့ ခေါင်းဖြီး၍ထားသောအခါ အလွန်လှ၏။ ယခု အိုမင်းသော အခါ ဆံပင်ကျဲရဲ လျော့ရဲတို့ရှည် မညီမညာ ဖြူဖွေးစွာနှင့် ရွံ့စရာဖြစ်၍ နေတော့၏။

အိုချစ်သွီးတို့-အမ္ဗပါလိ အမေအိုကြီးသည် အရွယ်ပျိုစဉ် ဟိုအရင်က ထုံး၍ထားသော ဆံထုံးသည် မည်းနက်သော ရွှေဂျင်လုံးကလေးကဲ့သို့ အလွန်လှသော ဆံထုံးဖြင့် တန်းဆာဆင်လျက် တင့်တယ်သပ်ရပ် လျောက်ပတ်ကောင်းမွန် အလွန်ရှုချင်ဘွယ် ရှိ၏။ ယခု အိုမင်းသော အခါ ကောင်းစွာ ထုံး၍မဖြစ်၊ ဟိုတပင် သည်တပင် ဆံပင်ကျဲရဲရသွဲ့၍ ထုံးသော်လည်း ဆံထုံးမလှ တစမရှိ တစရှိနှင့် မညီမညွတ် ချော်ချွတ် ဖွားရယား စုတ်ပြားပြား နေတော့၏။ အိုချစ်သွီးတို့-အရွယ်ပျိုစဉ် ဟိုအရင်က ငါ၏ မျက်ခုံးကလေးသည် ပန်းချီမှင်ဆေးဖြင့် ရေးထားသကဲ့သို့ အလွန်လှ၏။ ယခု အို-မင်းသော အခါ တွန့်လိပ်ကျဲရဲ လျော့ရဲရှုံ့တွ မျက်ခုံးရေကျဲလျက် လှပတင့်တယ် ရှုချင်ဘွယ်မရှိ ဖြစ်၏။ အရွယ်ပျိုစဉ် ဟိုအရင်က ငါ၏ မျက်လုံးကလေးနှစ်လုံးသည် အရောင်ထွက်သော ပတ္တမြားလုံးကို တပ်၍ ထားသကဲ့သို့ အလွန်လှ၏။ ယခု အိုမင်းသောအခါ အရေရှုံ့တွ မျက်တွင်းကျ၍ မလှခြင်းသည်ဖြစ်၏။ အရွယ်ပျိုစဉ် ဟိုအရင်က ငါ၏နှာခေါင်းကလေးသည် နုးညံ့မြင့်သွယ် ရှုချင်ဘွယ်ရှိအောင် အလွန်လှ၏။ ယခု-အိုမင်းသောအခါ မီးဖြိုက်၍ ထားသော သားရေအလား ဝိပြားရှုံ့တွ ရှုကြည့်၍မလှဖြစ်၏။ အရွယ်ပျိုစဉ် ဟိုအရင်က ငါ၏နားကလေး နှစ်ဘက်သည် [ကကဏ်ဏာ] မည်သော ရွှေတန်းဆာကို ကောင်းစွာပြုလုပ်၍ ထားသကဲ့သို့ အလွန်လှပတင့်တယ် ရှုချင်ဘွယ် ရှိ၏။ ယခု-အိုမင်းသောအခါ လျော့ရဲရှုံ့တွ တွန့်လိပ်၍ကျ၏။ အရွယ်ပျိုစဉ် ဟိုအရင်က ငါ၏သွားကလေးတို့သည် စပယ်ငုံ မြတ်လေးငုံအသွေးကဲ့သို့ ဖွေးဖွေးဖြူစင် ရှုချင်စဘွယ် တင့်တယ်လှပ၏။ ယခု အိုမင်းသဖြင့် ပါးပိန်သွားကျိုး အချပ်ဆိုး၍ နေတော့၏။ အို-ချစ်သွီးတို့ အမ္ဗပါလိ အမေအိုကြီးသည် အရွယ်ပျိုစဉ် ဟိုအရင်က မြိုင်ခွင်တောဖျား ကျက်စားလှည့်လည် မြည်ခါတွန်ခါ ကျူးရင့်ကာဖြင့် သွားလာပျံမြူး ကြည်နူးဘွယ်ရာ အသံသာသာ ဥဩငှက်ကလေးကဲ့သို့ ချိုလွင်သာယာ နာချင်ဘွယ်သော အသံရှိ၏။ ယခုအခါ အိုသံပါ၍

ဇရာနှိပ်စက် ကွဲအက်ရွတ်ဆိုး သွားကျိုးပါဝိန် အသံတိမ်၍ နှုတ်မြိန် ယွင်းယို စကားဆိုလည်း သံအိုသံပျက် သံအက်သံကွဲ ချွဲသလိပ်သံ စီစီညံ၍ အသံမကောင်းရှိ၏။ အရွယ်ပျိုစဉ် ဟိုအရင်က ငါ၏လည် ပင်းလည်တိုင်ကလေးသည် လုံးဝန်းချောညီ ရွှေမရိုးစည်ကဲ့သို့ တည့် မတ်တင့်တယ် ရှုချင်ဘွယ်ရှိ၏။ ယခုအခါ အိုမင်းစွာ၍ မွဲနာစွန်းပေ အရေလိပ်တွန့် ကိုင်းညွတ်ငုံ့ရှိုး လည်ကုတ်ကျိုးလျက် တင့်တယ်ခြင်း မရှိဖြစ်၏။ အရွယ်ပျိုစဉ် ဟိုအရင်က ငါ၏လက်မောင်း ကလေး နှစ်ဘက်သည် လုံးလုံးဝန်းဝန်း ပြည့်ပြည့်ဖြိုးဖြိုး တုတ်တုတ်ဝဝ အလွန်လှ၏။ ယခုအခါ အိုမင်းစွာ၍ အရိုးမှာအရေကပ်လျက် ပါးချပ် ပိန်သေး ကောက်ကွေးဖုထစ် အဆစ်ငေါငေါ အကြောတွေဖြိုင်းဖြိုင်း ထ ရှုကြည့်၍မလှဖြစ်၏။အရွယ်ပျိုစဉ် ဟိုအရင်က ငါ၏လက်ချောင်း ကလေးတို့သည်ပိန်လက်စွပ် ရွှေလက်စွပ်တို့ကို ဝတ်ဆင်၍အလွန်လှ၏။ လက်ဖမိုးကလေးတို့သည် ရွှေလိပ်ခုံးကလေးကဲ့သို့ ပြည့်ဖြိုးခုံးမို့၍ အလွန်လှ၏။ ရွှေလက်ကောက်တို့ကို ဝတ်ဆင်၍ မြင်သမျှလူအများ တို့ ရှုကြည့်၍ မဝအောင် အလွန်လှ၏။ ယခုအခါ အိုမင်းစွာ၍ အရေ တွန့်တွန့် အကြောရှုပ်ရှုပ် တုတ်ချောင်း ဝါးရုံခက် အဆစ် အဖုကဲ့သို့ ကြည့်ရှု၍မကောင်းသဖြင့် မျက်စောင်းထိုး၍မျှ မကြည့်ရှုလိုအောင် ရွတ်အို၍နေ၏။အို–ချစ်သွီးတို့ အမ္ဗပါလီ အမေအိုကြီးသည် အရွယ်ပျို စဉ် ဟိုအရင်က ငါ၏ရင်ဘတ်၌ ရင်သားအစုံတို့သည် လုံးလုံးမို့မို့ ပျို့ပျို့ဖူးဖူး နူးနူးညံ့ညံ့ သင်းပျံမွှေးထုံ မြတ်လေးငုံသို့ အစုံအဖူး ဆွတ် ရှုးဘွယ်ရာ ခဲမာမောက်ကြွ ရင်အုံထ၍လှပတင့်တယ် ရှုချင်ဘွယ်သော သားမြတ်အစုံရှိ၏။ယခုငါ့မှာအိုသောအခါ၌ခဲမာမရ တဲ့ကာကျ၍ရှုံ့တွ ပိန်တွဲ နှီခဲနှီရည် ထွက်သည်မရှိ ပျားအိမ်ဖတ်လတ် အရေကပ်၍ ပါးချပ် ရှုံ့တွဲနေတော့၏။ အိုချစ်သွီးတို့–အမ္ဗပါလီ အမေအိုကြီးသည် အရွယ် ပျိုစဉ်ဟိုအရင်က ချောမွတ်လှစွာသော ရွှေအင်းပျဉ်အလား အသားအ ရေ ကိုယ်နေကိုယ်လုံး အလွန်ချော၏။ ယခုအခါ အိုမင်းစွာ၍ ရှုချင် စရာမရှိ အရေတွန့်လိပ် အကြောစင်းစင်း အရိုးကျဲကျဲ အသားနဲ၍ မွဲမဲစွန်းပေါက် မဲပြောက်ရှုံ့တွ ဘာမျှမဟုတ်တော့ပါ။ အရွယ်ပျိုစဉ် ဟိုအရင်က ငါ၏ပေါင်ကလေး နှစ်လုံးသည် ဆင်နှာမောင်း အလား ကဲ့သို့ အဖျားသွယ်၍ အလယ်အရင်း ပြည့်ဖြိုးခြင်းဖြင့် အလွန်လှပ

တင့်တယ် ရှုချင်ဘွယ်ရှိ၏။ ယခုအခါ အိုမင်းစွာ၍ ငါ၏ပေါင်နှစ်လုံးသည် ဝါးလုံးအရိုးဘံကဲ့သို့ နေတော့၏။ အရွယ်ပျိုစဉ် ဟိုအရင်က ငါ၏ခြေသလုံးကလေးသည် ရွှေခြေကျင်းတို့ဖြင့် အလွန်တင့်တယ်လှပါ၏။ ယခုအခါ အိုမင်းစွာ၍ ဝါးလုံးအရိုးတံကဲ့သို့ ရှုချင်စရာ မရှိတော့ပြီ။ အရွယ်ပျိုစဉ် ဟိုအရင်က ငါ၏ခြေဖမိုးကလေးသည် လဲဝါဂွမ်းနှကဲ့သို့ မို့မို့ဖုံးဖုံး နူးနူးထွတ်ထွတ် ပြည့်ဖြိုးတုတ်ဝ အလွန်လှ၏။ ယခုအခါအိုမင်းစွာ၍ ဖုခွက်ရှုံ့တွ အကြောထ၍ နေတော့၏။ အို ချစ်သွီးတို့ ဤကိုယ်ကောင်ကြီးသည်ဤကဲ့သို့ ပျက်ပြားယိုယွင်း အိုမင်းတတ်သောသဘောရှိ၏။ ဆွေးမြေ့တတ်သော သဘောရှိ၏။ များစွာသောဆင်းရဲအပေါင်းတို့၏တည်ရာဖြစ်၏ချစ်သွီးတို့။ [ထေရီဂါထာပါဠိတော်-၂၃၀]

ဤသို့စသော တရားစကားတို့ကို များစွာပြောဟောလေ့ ရှိသော အမ္ဗပါလိထေရီ ဘိက္ခုနီ ရဟန္တာမကြီးသည် အဘိညာဉ်ခြောက်ပါး ပဋိသမ္ဘိဒါလေးပါးတို့ဖြင့် တန်းဆာဆင်လျက် တန်ခိုးကြီးသော ရဟန္တာမကြီးဖြစ်၍ပုဗ္ဗေနိဝါသ အဘိညာဉ်ဖြင့်ဆင်ခြင်ကြည့်ရှုတော်မူ၍ ရှေးရှေးကမ္ဘာတို့က ပြုကျင့်ဆည်းပူးခဲ့သောအပဒါန်ပါဠိမိတရားတို့ကိုဟောတော်မူ၏။

အမ္ဗပါလီထေရီ ဟောတော်မူသော အပဒါန်တရားတော်

ယော ရံသိ ဖုသိတာ ဝေဠော၊ ဖုဿောနာမ မဟာမုနိ၊
တဿာဟံ ဘဂိနီ အာသိံ၊ အဇာယိံ ခတ္တိယေ ကုလေ။
တဿ ဓမ္မံ သုဏိတွာဟံ၊ ဝိပ္ပသန္နေန စေတသာ။
မဟာဒါနံ ဒဒိတွာန၊ ပတ္ထယိံ ရူပသမ္ပဒံ။

ဓိတာရော၊ အို-ချစ်သွီးတို့။ အဟံ၊ အမ္ဗပါလိ ငယ်မည်ရှိသော အမေအိုကြီးသည်။ ဣတော၊ ဤဘဒ္ဒကမ္ဘာမှ။ ဒွေနဝုတိကပ္ပေ၊ ကိုးဆဲ့နှစ်ကမ္ဘာထက်၌။ ယောမဟာမုနိ၊ အကြင်မြတ်စွာဘုရားသည်။ ရံသိဖုသိတအာဝေဠော၊ ရောင်ခြည် ဖြိုးဖြောက် မိုးယံရေ ပေါက်သို့ဝင်းတောက်လျှမ်းလျှမ်း ဦးထိပ်ပန်းရှိတော်မူသောကြောင့်။ ဖုဿောနာမ၊ ဖုဿအမည်တော်ရှိ၏။ တဿ၊ ထို ဖုဿအမည်တော် ရှိသော မြတ်စွာဘုရား၏။ ဘဂိနီ၊ နှစ်မတော်သည်။ အာသိံ၊ ဖြစ်ဘူးပြီ။ ခတ္တိယေ

ကုလေ၊ မင်းမျိုး၌။ အဇာယိံ၊ ဖြစ်ဘူးပြီ။ အပဝံ၊ ဖုဿမြတ်စွာဘုရား၏ နှစ်မရင်းဖြစ်သော ငါသည်။ တဿ၊ ထိုဖုဿမြတ်စွာဘုရား၏။ ဓမ္မံ၊ တရားတော်ကို။ သုတွာ၊ နာပြီး၍။ ဝိပ္ပသန္နေန၊ ကြည်လင်စွာသော။ စေတသာ၊ စိတ်ဖြင့်။ မဟာဒါနံ၊ ကြီးစွာသောအလှူကို။ ဒဒိတွာန၊ ပေးလှူပြီး၍။ ရူပသမ္ပဒံ၊ အဆင်းလှခြင်းနှင့် ပြည့်စုံသည်ကို။ အဘိပတ္ထယိံ၊ ဆုတောင်းဘူး၏။

ထိုနောက် ခြောက်ဆဲ့တကမ္ဘာ ကွာခြား၍ သိခီ မြတ်စွာဘုရား ပွင့်တော်မူ၏။ ဤခြောက်ဆဲ့တကမ္ဘာအတွင်း၌ ဝိပဿီ မြတ်စွာဘုရား တဆူသာ ပွင့်တော်မူ၏။ ဝိပဿီမြတ်စွာဘုရား ပွင့်တော်မူပြီးနောက် ကမ္ဘာပေါင်း ခြောက်ဆယ်တိတိ ကွာခြား၍ ဘုရား မပွင့်ဘဲ သုည ကမ္ဘာတွေ ဖြစ်၍နေ၏။ ဖုဿ မြတ်စွာဘုရားကား ကိုးဆဲ့နှစ်ကမ္ဘာ ထက်၌ ဝိပဿီမြတ်စွာဘုရားကား ကိုးဆဲ့တကမ္ဘာထက်၌ နှစ်ကမ္ဘာ ဆက်၍ ပွင့်တော်မူကုန်၏။ ဤကဲ့သို့ ကမ္ဘာမခြားဘဲ ဆက်ခါဆက်ခါ ဘုရားပွင့်နိုင်ခဲ့သည်။သုညကမ္ဘာတွေ များစွာခြားသည်။ဒို-ချစ်သွီးဘို့ အမ္ဗပါလိ ငယ်မည်ရှိသော အမေအိုကြီးသည် သုံးဆဲ့ တကမ္ဘာထက်၌ ပွင့်တော်မူသော သိခီမြတ်စွာဘုရား လက်ထက်တော်၌ ပုဏ္ဏားသွီး ဖြစ်၍ ရဟန်းမိန်းမ ပြုလုပ်၏။

တဒါ ရုဏပုရေ ရမ္မေ၊ ဗြာဟ္မဏ ကုလသမ္ဘဝါ။
ဝိမုတ္တစိတ္တံ ကုပိတာ၊ ဘိက္ခုနိံ အဘိသာပယိံ။
ဝေသိယာဝ အနာစာရာ၊ ဇိနသာသန ဒူသိကာ။
ဧဝံ အက္ကောသယိတွာန၊ တေန ပါပေန ကမ္မုနာ။
ဒါရုဏံ နိရယံ ဂန္တွာ၊ မဟာဒုက္ခ သမပ္ပိတာ။
တတော စုတာ မနုဿေသု၊ ဥပပန္နာ တပဿိနီ။
ဒသဇာတိသဟဿာနိ၊ ဂဏိကတ္တ မကာရယိံ။
တမှာ ပါပါ နမုစ္စိဿံ၊ ဘုတွာ ဒုဋ္ဌဝိသံ ယထာ။

ဓိဘရော၊ ချစ်သွီးတို့။ တဒါ၊ ထိုသိခီဘုရား ပွင့်တော်မူသောအခါ၌။ ဗြာဟ္မဏကုလသမ္ဘဝါ၊ ပုဏ္ဏားအမျိုးသွီးဖြစ်၍။ ဝိမုတ္တစိတ္တံ၊ ကိလေသာ ကင်းလွတ် ပြီးသော။ ဘိက္ခုနိံ၊ ရဟန်း မိန်းမ တပါးကို။ ကုပိတာ၊ ငါစိတ်ဆိုးသည်ဖြစ်၍။ ဝေသိယာဝ၊ ပြည့်တန်ဆာမတို့ကဲ့သို့။ အနာစာရာ၊ မကောင်းသောအကျင့်ရှိကုန်သော။ ဣမေ၊ ဤရဟန်းမိန်းမ

တို့သည်။ ဇိနသာသနဒ္ဓသိကာ၊ မြတ်စွာဘုရား သာသနာတော်ကို ဖျက်ဆီးကြကုန်၏။ ဣတိ၊ ဤသို့ဆို၍။ အဘိသာပယိံ၊ ကျိန်ဆဲဘူး၏။ ဧဝံ၊ ဤသို့။ အက္ကောသယိတွာန၊ဆဲရေးပြီး၍။ ပါပေန၊မကောင်းသော။ တေနကမ္မုနာ၊ ထိုကံကြောင့်။ ဒါရုဏံ၊ ကြမ်းထမ်းစွာသော။ နိရယံ၊ ငရဲသို့။ ဂတ္ဂွာ၊ သွားရောက်၍။ မဟာဒုက္ခသမပ္ပိတာ၊ ကြီးစွာသော ဆင်းရဲကိုခံရ၏။ တတော၊ ထိုငရဲမှ။ စုတာ၊ စုတေခဲ့သော်။ မနုဿေသု၊ လူ့ဘုံတို့၌။ ဥပပန္နာ၊ ဖြစ်ပြန်၍။ တပဿိနီ၊ အကျင့်အာစာရနှင့် ပြည့်စုံပါ၏။ဒသဇာတိသဟဿာနိ၊ဘဝပေါင်း တသိန်းရှိအောင်။ဂဏိကတ္တံ၊ လူအများနှင့် စပ်ယှက်ရသော ပြည့်တန်းဆာမအဖြစ်ကို။ အကာရယိံ၊ ပြုလုပ်ရဘူး၏။ ဘုတွာ၊ စားမျိုပြီး၍။ ဒုဋ္ဌဝိသံယထာ၊ သဲအရူပြတ်မျှ တောက်၍သသော အဆိပ် ကဲ့သို့။ တမှာပါပါ၊ ထိုကမ္မာ သုံးဆယ် ကျော်က ပြုမိသော မကောင်းမှုကံမှ။ နမုစ္စိဿံ မလွတ်ရပါ။ ဒိုး–ချစ်သွီးတို့–အမ္ဗပါလိ ငယ်မည်ရှိသော အမေအိုကြီးသည် ဤကမ္ဘာ အတွင်း ကဿပမြတ်စွာဘုရားသာသနာတော်၌ ရဟန်းမိန်းမပြုလုပ်၍ ဗြဟ္မစာရီအကျင့်ကို ကောင်းစွာကျင့်သုံး၍ စုတေသောအခါ တာဝတိံသာ နတ်ပြည်၌ ဖြစ်ရ၏။

ဗြဟ္မစေရ မသေဝိဿံ၊ ကဿပေ ဇိနသာသနေ။
တေန ကမ္မဝိပါကေန၊ အဇာယိံ တိဒသေ ပုရေ။

ဓိတာ ရော၊ ဒိုး–ချစ်သွီးတို့။ ကဿပေ ဇိနသာသနေ၊ကဿပ မြတ်စွာ ဘုရား သာသနာတော်၌။ ဗြဟ္မစေရံ၊ လင်သားမယူ စင်ပြူ မြတ်လှ ဗြဟ္မစာရီ ကျင့်ဝတ်ကို။ အသေဝိဿံ၊ ကျင့်သုံးနေထိုင်ခဲ့ဘူး၏။ တေန ကမ္မဝိပါကေန၊ ထိုကံ၏အကျိုးအားဖြင့်။ တိဒသေပုရေ၊ တာဝတိံသာ နတ်ပြည်၌။ အဇာယိံ၊ ဖြစ်ရဘူးပြီ။

ဒိုး ချစ်သွီးတို့– မကောင်းမှုကို ပြုမိ· ပြောဆိုမိသော ကံသည် မကောင်းကျိုးကို ပေးသတဲ့သွီးတို့။ ကမ္ဘာသုံးဆယ်ကျော်က ရဟန်း မိန်းမ တပါးကို ပြည့်တန်းဆာမ ဟူ၍ ဆဲဆိုမိသော မကောင်းမှုကံ သည် ငရဲ၌ နှစ်ပေါင်းများစွာ ခံရသော်လည်း ကံကြွင်းမကုန်ခြင်း ကြောင့် ထိုဘဝ၌ဖြစ်၍ ဘဝပေါင်းတသိန်းရှိအောင် ပြည့်တန်းဆာမ ဖြစ်ရသည်။ ထိုကံကြွင်း မကုန်ခြင်းကြောင့် ယခု နောက်ဆုံးဘဝမှာ

ပြည်တန်းဆာမ ဖြစ်ရပြန်သည်။ ပြည်တန်းဆာမ ဖြစ်ရသော်လည်း အမေအိုကြီးက ပြဗ္ဗစာရီ ကုသိုလ်တွေကို များစွာ ပြုလုပ်ခဲ့ဘူးသော ကြောင့် အလွန်စည်းစိမ်ချမ်းသာ ကြီးသော ပြည့်တန်းဆာမ ဖြစ်ရ သည်။ ကုသိုလ်ကောင်းမှုကို ကြိုးစား၍ ပြုလုပ်ကြကုန်။ ဝိသာခါ ကျောင်းအမကြီးကဲ့သို့ အမ္ဗပါလိ ငယ်မည်ရှိသော အမေအိုကြီးလဲ ကျောင်းအမကြီး ဖြစ်ရပါသည်။ ဝိသာခါ ကျောင်းအမကြီးမှာ သား- နှစ်ကျိပ်၊ မြေး လေးရာ၊ မြစ် ရှစ်ထောင်၊အခြွေအရံပရိသတ်ရှိသကဲ့သို့ အမ္ဗပါလိ ငယ်မည်ရှိသော ငါအမေကြီးမှာတော့ အခြွေအရံ တကုဋေ ရှိသည်။အခြွေအရံတကုဋေနှင့်တကွ ရဟန်းမိန်းမပြုလုပ်၍ ရဟန္တာမ ကြီး ဖြစ်ရ၏။ အိုခြင်း သေခြင်း ဖြစ်ခြင်း ပျက်ခြင်း ဆင်းရဲ ဟူသ၍ အကုန်ငြိမ်း၏။ဝိသာခါ ဘား ယခုထက်ထိ ဘဝမဆုံးသေးသည်ဖြစ်၍ ဖြစ်ခြင်း ပျက်ခြင်း ဆင်းရဲခြင်းကို အကောင်းထင်၍ ဘုံစဉ်စံစားလျက် ရှိသေး၏။

အမ္ဗပါလိထေရီ ရဟန္တာမကြီး အပဒါန်တရားတော်ပြီး၏။
[နဝတိသ ဝဏ္ဏ]

ပေသလာထေရီ၏ အပဒါန် ဝဏ္ဏ

ပဋိစ္စသမုပ္ပါဒ်ကို ဆောင်ခြင်းအကျိုး

ပေသလာထေရီ ဘိက္ခုနီရဟန္တာမိန်းမသည်လည်း ရှေးရှေးသော ကမ္ဘာတို့က ပွင့်တော်မူကုန်သော မြတ်စွာဘုရားများ၏ အထံတော်၌ နိဗ္ဗာန်ကိုဆုတောင်း၍ ပြုလုပ်ခဲ့ဘူးသော ဒါန သီလ ပါရမီရှိသည်ဖြစ်၍ ဤကမ္ဘာတွင်း၌ ပွင့်တော်မူသော ကဿပမြတ်စွာဘုရား လက်ထက် တော်ဝယ် သာဝတ္ထိပြည်၌ ရတနာသုံးပါးကို ရိုသေ လေးမြတ် ဆည်းကပ် ကိုးကွယ်လေ့ရှိသော ဥပါသိကာ အမျိုးသို့ဖြစ်၍ ကဿပ မြတ်စွာဘုရားကို ဖူးမြင် ပူဇော် တရားတော်ကို နာ၍ သရဏဂုံ သီလ တို့ကို ဆောက်တည်၍ ကျင့်သုံး၏။ တရံသောအခါ ကဿပ မြတ်စွာ ဘုရားသည် ကိုယ်တော်တိုင် ထိုးထွင်း ရှုရှုသော ဉာဏ်တော်ဖြင့် သိတော်မူသော ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်ကို ဟောတော်မူ၏။

နှုတ်ရအာဂုံဆောင်ရန် ပဋိစ္စသမုပ္ပါဒ်ပါဠိတော်

ကိန္နု ဝတာယံ လောကော အာပန္နော ဇာယတိစ ဇီယတိစ
မီယတိစ စဝတိစ ဥပပဇ္ဇတိစ။ အထစ ပနိမဿ ဒုက္ခဿ
နိဿရဏံ နပ္ပဇာနာတိ။ ဇရာမရဏဿ ကုဒဿုနာမ ဣမဿ
ဒုက္ခဿ နိဿရဏံ ပညာယိဿတိ ဇရာမရဏဿ။

အဝိဇ္ဇာပစ္စယာသင်္ခါရာ။ သင်္ခါရပစ္စယာ ဝိညာဏံ။ဝိညာဏပစ္စယာ နာမရူပံ။ နာမရူပပစ္စယာ သဠာယတနံ။ သဠာယတနပစ္စယာ ဖဿော။ ဖဿပစ္စယာ ဝေဒနာ။ ဝေဒနာပစ္စယာ တဏှာ။ တဏှာပစ္စယာဥပါဒါနံ။ ဥပါဒါနပစ္စယာ ဘဝေါ။ဘဝပစ္စယာ ဇာတိ။ဇာတိပစ္စယာ ဇရာမရဏံ။ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ သမ္ဘဝန္တိ။ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။ သမုဒယော သမုဒယောတိ ခေါ မေ ဘိက္ခဝေ ပုဗ္ဗေအနနုဿုတေသုဓမ္မေသုစက္ခုံဥဒပါဒိ။ ဉာဏံ ဥဒပါဒိ။ ပညာ ဥဒပါဒိ။ ဝိဇ္ဇာ ဥဒပါဒိ။ အာလောကောဥဒပါဒိ။

အဝိဇ္ဇာယတွေဝ အသေသဝိရာဂ နိရောဓာ သင်္ခါရနိရောဓော။ သင်္ခါရနိရောဓာ ဝိညာဏ နိရောဓော။ ဝိညာဏနိရောဓာ နာမရူပ နိရောဓော။ နာမရူပနိရောဓာ သဠာယတန နိရောဓော။ သဠာယတန နိရောဓာ ဖဿနိရောဓော။ ဖဿနိရောဓာ ဝေဒနာနိရောဓော။ ဝေဒနာ နိရောဓာတဏှာနိရောဓော။တဏှာနိရောဓာဥပါဒါနနိရောဓော။ဥပါဒါန နိရောဓာ ဘဝနိရောဓော။ ဘဝနိရောဓာ ဇာတိနိရောဓော။ဇာတိနိရော ဓာ ဇရာမရဏံ။သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ နိရုဇ္ဈန္တိ။ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိ။ နိရောဓော နိရောဓောတိ ခေါ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ။ ဉာဏံ ဥဒပါဒိ။ ပညာ ဥဒပါဒိ။ ဝိဇ္ဇာ ဥဒပါဒိ။ အာလောကော ဥဒပါဒိ။ [နိဒါနသံယုတ်ပါဠိတော်-၈]။

ကဿပမြတ်စွာဘုရား ဟောတော်မူသော ပဋိစ္စ သမုပ္ပါဒ် တရားတော်

ချစ်သား ရဟန်းတို့- ပဋိစ္စသမုပ္ပါဒ်တရားကို ငါဟောအံ့ သင်တို့ နားထောင်ကြကုန်လော့။နှလုံးသွင်းကြကုန်လော့။ငါဘုရား ဟောတော်မူအံ့။ချစ်သားရဟန်း တို့- အဘယ်တရားသည် ပဋိစ္စသမုပ္ပါဒ်တရားနည်း

ဟူမှုကား အဝိဇ္ဇာဖြစ်၍ သင်္ခါရဖြစ်သည်။ သင်္ခါရဖြစ်၍ ဝိညာဏ်ဖြစ်သည်။ ဝိညာဏ်ဖြစ်၍ နာမ်ရုပ်ဖြစ်သည်။ နာမ်ရုပ်ဖြစ်၍ သဠာယတနဖြစ်သည်။ သဠာယတနဖြစ်၍ ဖဿဖြစ်သည်။ ဖဿဖြစ်၍ ဝေဒနာဖြစ်သည်။ ဝေဒနာဖြစ်၍ တဏှာဖြစ်သည်။ တဏှာဖြစ်၍ စွဲလမ်းခြင်းဖြစ်သည်၊ စွဲလမ်းခြင်းဖြစ်၍ ဘဝဖြစ်သည်။ ဘဝဖြစ်၍ ပဋိသန္ဓေနေခြင်း မွေးဖွားခြင်းဖြစ်သည်။ မွေးဖွားခြင်းဖြစ်၍ အိုခြင်း သေခြင်းဖြစ်သည်။ ပိုးရိမ်ခြင်း ငိုကြွေးခြင်း ကိုယ်၏ဆင်းရဲခြင်း စိတ်၏ဆင်းရဲခြင်း စိတ်၏ပင်ပန်းခြင်းတို့သည် ဖြစ်ကုန်၏။ ဤကဲ့သို့ အလုံးစုံသောဆင်းရဲအစု၏ ဖြစ်ပျက် ဖြစ်ပျက် နေခြင်းသည် ထင်ရှား၏။ ချစ်သားရဟန်းတို့- ရှေးရှေးဘဝတို့က ဖြစ်ပျက်ခြင်းကို မမြင်၍ ပြုလုပ်ခြင်းဖြစ်ရသည်။ ရှေးရှေးဘဝတို့က ပြုလုပ်ခြင်းဖြစ်၍ ယခုဘဝ၌ စိတ်၊ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ စွဲလမ်းခြင်းဖြစ်သည်။ ယခုဘဝ၌တဏှာစွဲလမ်းခြင်းဖြစ်၍ ယခုဘဝ ပြုလုပ်ခြင်းဖြစ်ရသည်။ ယခုဘဝပြုလုပ်ခြင်းဖြစ်၍ နောင် ပဋိသန္ဓေနေခြင်း မွေးဖွားခြင်း ဖြစ်ရသည်။ ပဋိသန္ဓေနေခြင်း မွေးဖွားခြင်းဖြစ်၍ အိုခြင်း သေခြင်းဖြစ်ရသည်။ ပိုးရိမ်ခြင်း ငိုကြွေးခြင်း ကိုယ်၏ဆင်းရဲခြင်း စိတ်၏ဆင်းရဲခြင်း စိတ်၏ပင်ပန်းခြင်းတို့သည် ဖြစ်ကုန်၏။ ဤသို့ဆိုခဲ့ပြီးသည့်အတိုင်း အလုံးစုံသော ဆင်းရဲအစုတို့ ဖြစ်ပျက်ဖြစ်ပျက် ဆင်းရဲ၍နေခြင်းသည် ထင်ရှား၏။ ချစ်သားရဟန်းတို့- ဤဖြစ်ပျက်ဖြစ်ပျက်တရားစုသည် ပဋိစ္စသမုပ္ပါဒ် တရားတည်း။ [အနုလုံဆင်ခြင်ပုံ]။

အဝိဇ္ဇာမဖြစ်လျှင် သင်္ခါရမဖြစ်၊ သင်္ခါရမဖြစ်လျှင် ဝိညာဏ်မဖြစ်၊ ဝိညာဏ်မဖြစ်လျှင် နာမ်ရုပ်မဖြစ်၊နာမ်ရုပ်မဖြစ်လျှင် သဠာယတနမဖြစ်၊ သဠာယတန မဖြစ်လျှင် ဖဿမဖြစ်၊ ဖဿမဖြစ်လျှင် ဝေဒနာမဖြစ်၊ ဝေဒနာမဖြစ်လျှင် တဏှာမဖြစ်၊ တဏှာမဖြစ်လျှင် စွဲလမ်းခြင်း မဖြစ်၊ စွဲလမ်းခြင်း မဖြစ်လျှင် ယခုဘဝ ပြုလုပ်ခြင်း မဖြစ်၊ ယခုဘဝ ပြုလုပ်ခြင်း မဖြစ်လျှင် နောင်ဘဝ ပဋိသန္ဓေ နေခြင်း မဖြစ်၊ ပဋိသန္ဓေနေခြင်း မဖြစ်လျှင် အိုခြင်း သေခြင်း မဖြစ်၊ ပိုးရိမ်ခြင်း ငိုကြွေးခြင်း ကိုယ်ဆင်းရဲခြင်း စိတ်ဆင်းရဲခြင်း နှလုံးမသာခြင်း စိတ်ပင်ပန်းခြင်းတို့သည် မဖြစ်ကုန်၊ ဤဆိုခဲ့ပြီးသည့်အတိုင်း အလုံးစုံသော ဖြစ်ပျက်ဆင်းရဲ၏မဖြစ်ခြင်းသည်ထင်ရှား၏။ [ပဋိလုံဆင်ခြင်ပုံ]။

ချစ်သားရဟန်းတို့- ငါဘုရားသည် ဘုရားမဖြစ်မီ ရှေးအဘို ဘုရားလောင်းဖြစ်လျက် ဤသို့အကြံဖြစ်၏၊ ဤသတ္တဝါ အပေါင်းသည် ပြုပြင်ပင်ပန်း ရိုနွမ်းဆင်းရဲခြင်းသို့ ရောက်၍ နေကြပါတကား၊ မွေးလည်းမွေး၏၊သေလည်းသေ၏ အိုလည်းအို၏၊ တဘဝမှ တဘဝသို့ ရွေ့လျား၍ဖြစ်လည်းဖြစ်၏။ ထိုကဲ့သို့မွေးချည်သေချည်အိုချည်နာချည် ဖြစ်ချည် ပျက်ချည် နေကြပါလျက် ဤ အိုခြင်း သေခြင်း ဆင်းရဲခြင်းမှ လွတ်ကင်းရာကို မသိကြပါတကား၊ ဘယ်အခါမှ အိုခြင်း သေခြင်း ဆင်းရဲခြင်း၏ လွတ်ကင်းရာ ထင်နိုင်ပါမည်နည်း။ ချစ်သားရဟန်းတို့- ငါဘုရားအား ဤသို့ အကြံဖြစ်ပြန်၏၊ အဘယ်တရားရှိလျှင် အိုခြင်း သေခြင်းဖြစ်သနည်း။ အဘယ်အကြောင်းကြောင့် အိုရ သေရ သနည်း။ ငါဘုရားအား အသင့်အတင့် နှလုံးသွင်း၍ ဆင်ခြင်သည် ရှိသော် ပညာဖြင့် ထိုးထွင်း၍ သိခြင်းသည် ဖြစ်ပေါ်လာ၏။ မွေးခြင်းရှိလျှင် အိုခြင်း သေခြင်းဖြစ်၏၊ မွေးခြင်းတည်းဟူသော အကြောင်းကြောင့် အိုရ သေရ၏။ဤသို့ထိုးထွင်း၍ သိမြင်၏၊အဘယ်တရားရှိလျှင် မွေးခြင်း ဖြစ်ရပါသနည်း။ အဘယ်အကြောင်းကြောင့် မွေးရ ပဋိသန္ဓေနေရပါ သနည်း။ဤဘဝပြုလုပ်ခြင်းရှိလျှင် ပဋိသန္ဓေနေခြင်း မွေးခြင်းဖြစ်ရ၏။ ဤဘဝပြုလုပ်ခြင်း အကြောင်းကြောင့် မွေးရ၏၊ ပဋိသန္ဓေနေရ၏။ အဘယ်တရားကြောင့် ဤဘဝပြုလုပ်ခြင်း ဖြစ်ရသနည်း။ စွဲလမ်းခြင်း ကြောင့် ဤဘဝပြုလုပ်ခြင်း ဖြစ်ရ၏။ အဘယ်တရားကြောင့် စွဲလမ်းခြင်း ဖြစ်ရသနည်း။ တဏှာကြောင့် စွဲလမ်းခြင်း ဖြစ်ရ၏၊ အဘယ် တရားကြောင့် တဏှာဖြစ်ရသနည်း။ အကောင်းအဆိုး ဝေဒနာကြောင့် တဏှာဖြစ်ရ၏။ အဘယ်တရားကြောင့် အကောင်းအဆိုး ဝေဒနာဖြစ် ရသနည်း။ အတွေ့အထိ ဖဿကြောင့် အကောင်း အဆိုး ဝေဒနာ ဖြစ်ရသနည်း။အဘယ်တရားကြောင့် အတွေ့အထိ ဖဿဖြစ်ရသနည်း။ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်ရှိခြင်းကြောင့် အတွေ့ အထိ ဖဿဖြစ်ရ၏။ မြင်တွေ့၊ ကြားတွေ့၊ နံတွေ့၊ လျက်တွေ့၊ ထိတွေ့၊ သိတွေ့ အတွေ့ခြောက်မျိုး။ မြင်သိ၊ ကြားသိ၊ နံသိ၊ လျက်သိ ထိသိ၊ တွေးဆသိ၊ အသိခြောက်မျိုး။ မျက်စိတွေ့၊ နားတွေ့၊ နှာတွေ့၊ လျှာတွေ့၊ ကိုယ်တွေ့၊ စိတ်တွေ့၊ ကနည်း အတွေ့ခြောက်မျိုး။မျက်စိသိ၊ နားသိ၊ နှာသိ၊ လျှာသိ၊ ကိုယ်သိ၊ စိတ်သိ၊ တနည်း အသိခြောက်မျိုး။ မြင်စိတ်၊ ကြားစိတ်၊

နံ့စိတ်၊ လျက်စိတ်၊ ထိစိတ်၊ သိစိတ်၊ စိတ်ခြောက်မျိုး။ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်၊ သဠာယတန ခြောက်မျိုး။ ၎င်းတရားတို့ကို သဘောကျစေ။

အဘယ်တရားကြောင့် မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ် ဟူသော သဠာယတန ဖြစ်ရသနည်း။ နာမ်ရုပ်ကြောင့် သဠာယတန ဖြစ်ရ၏။ ဖဿ၊ ဝေဒနာ၊ သညာ၊ စေတနာ၊ မနသိကာရ၊ စေကသိက်စု နာမ်။ ကြမ်းချောခံ တွန့်တိုတောင့်တင်း ပူဧ ဖွဲ့စည်းကပ်တွဲစည်းဖွဲ့ယိုကျ အဆင်းအသံစသည်ကား ရုပ်။ အဘယ်တရားရှိလျှင် နာမ်ရုပ်ဖြစ်သနည်း။ စိတ်ဝိညာဏ်ရှိလျှင် နာမ်ရုပ်ဖြစ်၏။ အဘယ်တရားကြောင့် စိတ်ဝိညာဏ်ဖြစ်ရသနည်း။ ရှေးဘဝက ပြုလုပ်ခဲ့သော ကံသင်္ခါရကြောင့် စိတ်ဝိညာဏ်ဖြစ်ရ၏။ အဘယ်တရားကြောင့် ကံသင်္ခါရ ဖြစ်ရသနည်း၊ ရှေးဘဝက ဖြစ်ပျက်ကို မမြင်သော အဝိဇ္ဇာ, ကံ, သင်္ခါရ, ပြုလုပ်ခြင်းကြောင့် ဖြစ်ရ၏။ ဤသို့လျှင် ဖြစ်ပျက်ကို မမြင်ခြင်း အဝိဇ္ဇာကြောင့် ကံသင်္ခါရ ပြုလုပ်ခြင်း ဖြစ်ရသည်၊ ရှေးဘဝက ကံ သင်္ခါရ ပြုလုပ်ခြင်းကြောင့် ယခုဘဝ စိတ်ဝိညာဏ် နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာတို့ ဖြစ်ကုန်၏။ ဝေဒနာကြောင့် တဏှာ၊ တဏှာကြောင့် ဥပါဒါန်စွဲလမ်းခြင်းဖြစ်ရ၏။ ဥပါဒါန်စွဲလမ်းခြင်းကြောင့် ယခုဘဝပြုလုပ်ခြင်းဖြစ်ရ၏။ ယခုဘဝပြုလုပ်ခြင်းကြောင့် ပဋိသန္ဓေနေရ မွေးရ၏။ ပဋိသန္ဓေနေခြင်း မွေးခြင်းကြောင့် အိုခြင်း,သေခြင်း ဖြစ်၏။ စိုးရိမ်ခြင်း ငိုကြွေးခြင်း၊ ကိုယ်ဆင်းရဲခြင်း၊ စိတ်ဆင်းရဲခြင်း၊ နှလုံးမသာ စိတ်ပင်ပန်းခြင်းတို့သည် ဖြစ်ပျက်ဖြစ်ပျက် နေကုန်၏။ ဤဆိုခဲ့ပြီးသည့်အတိုင်း အလုံးစုံသော ရုပ်နာမ်ဓမ္မ ဒုက္ခတရားအစု၏ ဖြစ်ပျက်ဖြစ်ပျက်နေခြင်းသည် ထင်ရှား၏၊ ချစ်သားရဟန်းတို့ ဖြစ်ပျက်ဖြစ်ပျက် ဟူ၍သာလျှင် ငါဘုရားသည် ရှေးက မကြားသိဘူးသော ဖြစ်ပျက် တရားစုတို့၌ ကောင်းစွာမြင်သော ဉာဏ်မျက်စိသည် ဖြစ်ပေါ်လာ၏။ ထိုးထွင်း၍ သိခြင်းသည် ဖြစ်ပေါ်လာ၏။ အထူးသိခြင်းသည် ဖြစ်ပေါ်လာ၏။ အထူးမြင်ခြင်းသည် ဖြစ်ပေါ်လာ၏။ ဉာဏ်ပညာအရောင်အလင်းသည် ဖြစ်ပေါ်လာ၏။ ။ အနုလုံဆင်ခြင်ပုံ ။

ချစ်သားရဟန်းတို့ ငါဘုရားအား ဤသို့အကြံဖြစ်ပြန်၏။ အဘယ်တရားမရှိလျှင် အိုခြင်းသေခြင်း မဖြစ်သနည်း၊ အဘယ်တရား၏ မဖြစ်

ခြင်းကြောင့် အိုခြင်းသေခြင်း မဖြစ်သနည်း။ ချစ်သားရဟန်းတို့ ဤသို့ အသင့်အတင့် နှလုံးသွင်း ဆင်ခြင်သော ငါဘုရားအား ထိုးထွင်း၍ သိသော ဉာဏ်ပညာသည် ဖြစ်ပေါ်လာ၏။ ပဋိသန္ဓေနေခြင်း မွေးဖွားခြင်း မရှိလျှင် အိုခြင်းသေခြင်းမဖြစ်၊ ပဋိသန္ဓေနေခြင်း မွေးဖွားခြင်း မဖြစ်ခြင်းကြောင့် အိုခြင်းသေခြင်းမဖြစ်။ ဤသို့သိမြင်တော်မူ၏။

အဘယ်တရားမရှိလျှင် ပဋိသန္ဓေနေခြင်း မွေးဖွားခြင်း မဖြစ်ပါသနည်း၊ အဘယ်တရား မဖြစ်ခြင်းကြောင့် ပဋိသန္ဓေနေခြင်း မွေးဖွားခြင်း မဖြစ်ပါသနည်း၊ ဤဘဝပြုလုပ်ခြင်းမရှိလျှင် ပဋိသန္ဓေနေခြင်း မွေးဖွားခြင်းမဖြစ်၊ ဤဘဝပြုလုပ်ခြင်းတရားမဖြစ်သောကြောင့်ပဋိသန္ဓေနေခြင်း မွေးဖွားခြင်းမဖြစ်၊ စွဲလမ်းခြင်း ဥပါဒါန်မဖြစ်လျှင် ဤဘဝပြုလုပ်ခြင်း တရားမဖြစ်၊ တဏှာမဖြစ်လျှင် စွဲလမ်းခြင်းမဖြစ်၊ အကောင်းအဆိုး ဝေဒနာမဖြစ်လျှင် တဏှာမဖြစ်၊ အတွေ့အထိ ဖဿမဖြစ်လျှင် အကောင်းအဆိုး ဝေဒနာမဖြစ်၊ သဠာယတနမဖြစ်လျှင် ဖဿမဖြစ်၊ နာမ်ရုပ်မဖြစ်လျှင် သဠာယတနမဖြစ်၊ စိတ်ဝိညာဏ်မဖြစ်လျှင် နာမ်ရုပ်မဖြစ်၊ ရှေးဘဝကံသင်္ခါရ ပြုလုပ်ခြင်းမဖြစ်လျှင် ယခုဘဝ စိတ်ဝိညာဏ်မဖြစ်၊ ရှေးဘဝအဝိဇ္ဇာမရှိလျှင် သင်္ခါရမဖြစ်။ ဤသို့လျှင် အဝိဇ္ဇာ မဖြစ်ခြင်းကြောင့် သင်္ခါရမဖြစ်၊ သင်္ခါရမဖြစ်ခြင်းကြောင့်။ လ။ ပဋိသန္ဓေမဖြစ်ခြင်းကြောင့် အိုခြင်းသေခြင်းမဖြစ်၊ စိုးရိမ်ခြင်း ငိုကြွေးခြင်း ကိုယ်ဆင်းရဲခြင်း စိတ်ဆင်းရဲခြင်း နှလုံးမသာယာခြင်း စိတ်ပင်ပန်းခြင်းတို့သည် မဖြစ်ကုန်။ ဤသို့ဆိုခဲ့ပြီးသည့်အတိုင်း အလုံးစုံသော ရုပ်နာမ်ဝဋ် ဒုက္ခဆင်းရဲခြင်း ဖြစ်ပျက်တရားအစုတို့၏ မဖြစ်ပေါ်လာခြင်းသည် ထင်ရှား၏။ ချစ်သားရဟန်းတို့ ငါဘုရားအား မဖြစ်မဖြစ်ဟူ၍သာလျှင် ရှေးကမကြားသိဘူးကုန်သော ဖြစ်ပျက်တရားအစုတို့၌ ကောင်းစွာမြင်သော ဉာဏ်မျက်စိသည် ဖြစ်ပေါ်လာ၏။ ထိုးထွင်း၍သိခြင်းသည် ဖြစ်ပေါ်လာ၏၊ အထူးသိခြင်းသည် ဖြစ်ပေါ်လာ၏။ အထူးမြင်ခြင်းသည် ဖြစ်ပေါ်လာ၏။ ဉာဏ်ပညာ အရောင်အလင်းသည်ဖြစ်ပေါ်လာ၏။ ။ ပဋိလုံဆင်ခြင်ပုံ]။

ကဿပမြတ်စွာဘုရားသည် ကိုယ်တော်တိုင် ထိုးထွင်း၍ သိတော်မူသော ဤပဋိစ္စသမုပ္ပါဒ်ကိုဟောတော်မူသောအခါ ပေသလာဘိက္ခုနီ၏ အလောင်းဖြစ်သော ဥပါသိကာ အမျိုးသမီးသည် ဤပဋိစ္စသမုပ္ပါဒ်၌ အနုလုံ ပဋိလုံ ဒေသနာတော်ကို နာပြီး၍ နှုတ်ရဆောင်ရန် သင်ယူပြီး

နေ့တိုင်းမပြတ် ရွတ်ဘတ်သရဇ္ဈာယ်၍ ထိုပဋိစ္စသမုပ္ပါဒ် ဖြစ်ပျက်တရားတို့၏ အဓိပ္ပါယ်ကိုလည်း ရဟန်းတို့အား မေးလျှောက်၍ ကောင်းစွာမှတ်သား ဆောင်ရွက်လေ့ရှိ၏။ ထိုပဋိစ္စသမုပ္ပါဒ် ဖြစ်ပျက်တရားကို ဆောင်ရွက်လေ့ကျက်သော ကုသိုလ်ဖြင့် စုတေသော် တာဝတိံသာ နတ်ပြည်၌ဖြစ်၏။ ယခုနောက်ဆုံးဘဝ ငါတို့မြတ်စွာဘုရား ပွင့်တော်မူသောအခါ သာဝတ္ထိပြည်၌ သူဌေးသမီးဖြစ်၍ မြတ်စွာဘုရားကိုဖူးမြင် တရားတော်ကိုနာ၍ သာသနာတော်၌ ရဟန်းမိန်းမ ပြုလုပ်၍ ရှေးဘဝက လေ့ကျက်ခဲ့ဘူးသော ပဋိစ္စသမုပ္ပါဒ် ဖြစ်ပျက်တရားတို့ကို ကြံစည်စဉ်းစားဆင်ခြင်သည်ရှိသော် ကိလေသာအာသဝေါကုန်ခန်း၍ ရဟန္တာအဖြစ်သို့ ရောက်တော်မူ၏။အဘိညာဏ်ခြောက်ပါးပဋိသမ္ဘိဒါလေးပါးတို့နှင့် ပြည့်စုံသော တန်ခိုးကြီး ရဟန္တာမိန်းမဖြစ်ပြီး၍ ပုဗ္ဗေနိဝါသ အဘိညာဏ်ဖြင့် ဆင်ခြင်ကြည့်ရှုလျက် ရှေးကဿပ မြတ်စွာဘုရား လက်ထက်က လေ့ကျက်ဆောင်ရွက်ခဲ့ဘူးသော အကြောင်းကို ထုတ်ဘော်၍ ဖြည့်ကျင့်ဆည်းပူးသော အပဒါန် ပါရမီတရားတော်တို့ကို ဤသို့ ဟောတော်မူ၏။

ဣမမှိ ဘဒ္ဒကေ ကပ္ပေ၊ ဗြဟ္မဗန္ဓု မဟာယသော။
ကဿပေါနာမ နာမေန၊ ဥပ္ပဇ္ဇိ ဝဒတံ ဝရော။
သာဝတ္ထိယံ ပုရေ ဝရေ၊ ဥပါသက ကုလေ အဟံ။
(ဗာရာဏသိ ပုရေ ဝရေ)။
သုပဘာသံ ဖိနဝရံ၊ ဒိသွာ သုတွာစ ဒေသနံ။
တဉ္စဝိရံ သရဏံ ဂတွာ၊ သီလာနိစ သမာဒိယိံ။
ကဒါစိ သော မဟာဝီရော၊ မဟာဇန သမာဂမေ။
အတ္တနော အဘိသမ္ဗောဓိံ၊ ပကာသေတိ နရာသဘော။
အနနုသုတေသု ဓမ္မေသု၊ ပုဗ္ဗေ ဒုက္ခာဒိကေသု စ။
စက္ခုညာဏဉ္စ ပညာစ၊ ဝိဇ္ဇာလောကောစ အာသိ မေ။
တံ သုတွာ ဥဂ္ဂဟေတွာန၊ ပရိပုစ္ဆိံစ ဘိက္ခဝေါ။
ဘေနကမ္မေန သုကတေန၊ စေတနာပဏိဓိဟိစ။
ဇဟိတွာ မာနုသံ ဒေဟံ၊ တာဝတိံသံ အဂစ္ဆဟံ။
ပစ္ဆိမေစ ဘဝေ ဒါနိ၊ ဇာတာ သေဋ္ဌိ မဟာကုလေ။
ဥပေစ္စ ဗုဒ္ဓသဒ္ဒမ္မံ၊ သုတွာ ပစ္စုပသံဟိတံ။

ပဗ္ဗဇိတွာ စိရေနေဝ၊ သဗ္ဗညာနံ ဝိဝိဇ္ဈယိံ။
ခေပေတွာ အာသဝေ သဗ္ဗေ၊ အရဟတ္တံ အပါပုဏိံ။
ဣဒ္ဓီသုစ ဝသီ ဟောမိ၊ ဒိဗ္ဗာယ သောတဓာတုယာ။
စေတောပရိယညာဏဿ၊ ဝသီ ဟောမိ မဟာမုနိ။
ပုဗ္ဗေနိဝါသံ ဇာနာမိ။လ။ ။အတ္ထဓမ္မနိရုတ္တီသု။လ။
ကိလေသာ ဈာပိတာ မယှံ။လ။သွာဂတံ ဝတ မေ အာသိ။လ။
ပဋိသမ္ဘိဒါ စတဿော။လ။ ။ကတံ ဗုဒ္ဓဿ သာသနံ။
ဣတ္ထံ သုဒံ ပေသလာ ဘိက္ခုနီ ဣမာဂါထာယော အဘာသိတ္ထ။

[အနက် လွယ်၏။]

ပေသလာထေရီ အပဒါန်ဝတ္ထု ပြီး၏။

[စတ္တာလီသာဝတ္ထု]

သုမုတ္တာထေရီ၏ အပဒါန်ဝတ္ထု

သုမုတ္တာထေရီသည် ရှေးရှေးသော မြတ်စွာဘုရားတို့၏အထံတော်၌ ပြုလုပ်ခဲ့ဘူးသော သမ္ဘာရ ပါရမီ ရှိသည် ဖြစ်၍ ငါတို့မြတ်စွာဘုရား လက်ထက် ကောသလဇနပုဒ်၌ ဩဃာဒုကမည်သောဒလိဒ္ဒြဗြာဟ္မဏ ပုဏ္ဏားသူဆင်းရဲ၏ သမီးဖြစ်၍ အရွယ်ရောက်သောအခါ တဦးသော ဒုဂ္ဂတဗြာဟ္မဏ ခါးကုန်းပုဏ္ဏားအိုနှင့် ပေးစား၏။ ထိုခါးကုန်းပုဏ္ဏား အိုနှင့် အိမ်ထောင်ဘက်ပြုရသည်ကို မနှစ်သက်၍ ထိုခါးကုန်းပုဏ္ဏား အိုကို ခွင့်တောင်းပြီးလျှင် ရဟန်းမိန်းမပြုလုပ်၍ ဖြစ်ပျက်ကမ္မဋ္ဌာန်းကို ရှုသည်ရှိသော် စိတ်တည်ကြည်ခြင်းမဖြစ်နိုင်ဘဲ တခြားတပါး အာရုံသို့ ထွက်သွားသောစိတ်ကို ဤသို့ ဆုံးမ၏။ သုမုတ္တာ-သင်သည် ဆင်းရဲ မွဲတေသော အမိ အဘ အိမ်၌ ဖြစ်ရ၍ ဆုံ၌ ခါးကိုကုန်းလျက် စပါးကို ထည့်လောင်းရ၏။ ထိုဆုံ၌ ထည့်လောင်းပြီးသော စပါးကိုလည်း ကျည်ပွေ့ကိုင်၍ခါးကိုကုန်းလျက် ခါးတကုန်းကုန်းနေ၍ ထောင်းရ၏။ ထိုနောက် လင်ရပြန်ပါသော်လည်း ခါးကုန်းသော ပုဏ္ဏားအိုနှင့် တွေ့ ရ၏။ ဆုံ၌ စပါးကို ထည့်လောင်း၍ ခါးတကုန်းကုန်း ကျည်ပွေ့ကို ကိုင်ကာ စပါးထောင်း၍ ခါးတကုန်းကုန်း ပုဏ္ဏားအိုခါးကုန်း ဤသုံးပါး သော ခါးကုန်းမှ လွတ်ကင်းအောင် သာသနာတော်၌ ရဟန်းမိန်းမ

ပြုလုပ်ပါလျက် တရားကိုဆင်ခြင်၍ ကမ္မဋ္ဌာန်း အာရုံမှ တပါး ခါးတကုန်းကုန်းနေရအောင် အခြားသို့ ဖတ်သွား၍နေခြင်းငှါ မသင့်လျော်ဟု မိမိကိုယ်စိတ်ကို ဆုံးမ၍ ဖြစ်ပျက် ကမ္မဋ္ဌာန်းကို ကြည့်ရှုဆင်ခြင်ဘန်များလျှင် ပဋိသမ္ဘိဒါနှင့်တကွ ရဟန္တာမအဖြစ်သို့ ရောက်လေ၏။ ရဟန္တာဖြစ်ပြီး၍ ဤဂါထာကို ရွတ်ဆိုကာ ဥဒါန်းကျူးတော်မူ၏။

သုမုတ္တာ သာဓု မုတ္တမှိ၊ တီဟိ ခုဇ္ဇေဟိ မုတ္တိယာ။
ဥဒုက္ခလေန မုသလေန၊ ပတိနာ ခုဇ္ဇကေန စ။
မုတ္တမှိ ဇာတိမရဏာ၊ ဘဝနေတ္တိ သမူဟတာ။

ထေရီဂါထာပါဠိတော်-၁၀၉၊ ဒုတိယဝဂ် ၊ဧကနိပါတ်။

ဥဒုက္ခလေနစ၊ ခါးတကုန်းကုန်း စပါးထည့်ရသော ဆုံမှလည်းကောင်း။ မုသလေနစ၊ ခါးတကုန်းကုန်း စပါးထောင်းရသော ကျည်ပွေ့မှလည်းကောင်း။ ပတိနာ ခုဇ္ဇကေနစ၊ ခါးတကုန်းကုန်းနေသော လင်မှလည်းကောင်း။ တီဟိခုဇ္ဇေဟိ၊ ခါးတကုန်းကုန်း သုံးပါးလုံးမှ။ မုတ္တိယာ၊ လွတ်ပါစေခြင်းငှါ။ ပဗ္ဗဇိတွာ၊ ရဟန်းပြုပြီး၍။ သုမုတ္တာ၊ ကောင်းစွာလွတ်သော သုမုတ္တာသည်။ သာဓု၊ ကောင်းစွာ။ မုတ္တာ၊ လွတ်ခြင်းသည်။ အမှိ၊ ဖြစ်၏။ ဘဝနေတ္တိသမူဟတာ၊ ဖြစ်ခြင်းသဘော ဘာ တဏှာကို ကောင်းစွာပယ်နိုင်သည်ဖြစ်၍။ ဇာတိမရဏာ၊ ဖြစ်ခြင်း ပျက်ခြင်း မွေးသေခြင်းမှ။ မုတ္တာ၊ လွတ်ကင်းသည်။ အမှိ၊ ဖြစ်၏။

ရဟန္တာဖြစ်ပြီးသော သုမုတ္တာထေရီသည် ဤအပဒါန် တရားတော်ကို ဟောတော်မူ၏။

[ပဒုမုတ္တရော နာမ ဇိနော၊ သဗ္ဗဓမ္မေသု စက္ခုမာ။
ပါဏိနေ အနုကမ္ပန္တော၊ ဝိဇ္ဇာယ ပါဝိသိ ပုရံ။
တဿ အာဂစ္ဆတော သတ္ထု၊ သဗ္ဗေ နဂရဝါသိနော။
ဟဋ္ဌတုဋ္ဌာ သမာဂတ္တွာ]၊ ဝါလိကာ အာကိရိံသု တေ။
ဝိထိံ သမ္မဇ္ဇနံ ကတွာ၊ ကဒလီ ပုဏ္ဏကုမ္ဘကေ။
ရူပံ စုဏ္ဏဉ္စ မာလဉ္စ၊ ကာရံ ကတွာန သတ္ထုနော။
[မဏ္ဍပံ ပဋိယာဒေတွာ]၊ နိမန္တေတွာ ဝိနာယကံ။
မဟာဒါနံ ဒဒိတွာန၊ သမ္ဗောဓိံ အဘိပတ္ထယိံ။

[ကွင်း၍ထားသော ပါဒများသည် အပဒါန်ပါဠိတော်၌ မရှိ။ ကွင်းသော ပါဒများသည်ကား ထေရီအပဒါန်ပါဠိတော် ၄၀၁- ၄၀၂-

စုလ္လာသိတိသဟဿ ဗြာဟ္မဏကညာ အပဒါန်၌ လာသောဂါထာတို့ ဖြစ်ကုန်၏။ ထို့ကြောင့် ထေရီဂါထာ အဋ္ဌကထာ၌ ထုတ်ဆောင်သော အပဒါန်ဂါထာတို့သည် ပါဠိအနာရုဠ္ဌ ဂါထာများ ဖြစ်သည်ဟု ယူရန် ရှိသည်။

ဤသုမင်္ဂလာထေရီသည် ပဒုမုတ္တရ မြတ်စွာဘုရား လက်ထက်၌ ငါတို့မြတ်စွာဘုရားအလောင်းတော် ဇောတိပါလလုလင်သည် ကဿပ မြတ်စွာဘုရား ... (note: see below)

ဤသုမင်္ဂလာထေရီသည် ပဒုမုတ္တရ မြတ်စွာဘုရား လက်ထက်၌ ငါတို့မြတ်စွာဘုရားအလောင်းတော် ဇောတိလသူဌေးမင်းသည် ဂင် မြစ် ကြီးကို တံတားခင်း၍ ထိုတံတားဦးတဘက်ကမ်း၌ ကျောင်းတိုက် ကြီးကို ပြုလုပ်သောအခါ မြို့သူမြို့သား လူအများတို့နှင့် အတူတကွ ဝိုင်းဝန်းကူညီ၍ သဲဖြူခင်းခြင်း၊ မြေဖို့ခြင်း လမ်းခရီးကို တမြက်လှဲခြင်း စသော ဝေယျာဝစ္စတို့ကို ပြုလုပ်ကြရာတွင် မိန်းမ အပေါင်းတို့သည် လည်း ဝိုင်းဝန်း ကူညီလုပ်ဆောင်ကြ၍ ထိုမိန်းမ အပေါင်းတို့နှင့် အတူတကွ ဝေယျာဝစ္စကုသိုလ်ကို ပြုလုပ်သောကြောင့် ကမ္ဘာ တသိန်း အတွင်း၌ ဘုရားလောင်းနှင့် အတူတကွ နတ်ပြည်၌ ဖြစ်၍ ဗြာဟ္မဏကညာ ရှစ်သောင်းလေးထောင်တို့နှင့်တကွ ကျင်လည်၍ လာခဲ့ရာ ဤကမ္ဘာအတွင်း၌ ငါတို့မြတ်စွာဘုရား အလောင်း သိဒ္ဓတ် မင်းသား၏ နန်းတော် သုံးဆောင်၌ ဗြာဟ္မဏကညာ ရှစ်သောင်း လေးထောင်တို့သည် မိဖုယားငယ်ဖြစ်ကြကုန်၍ သုမင်္ဂလာသည့်ကား- ကောသလဇနပုဒ်၌ ဒလိဒ္ဒပုဏ္ဏားသမီးဖြစ်၍ အရွယ်ရောက်လျှင် ခုဇ္ဇ ပုဏ္ဏားအား ခါးကုန်း၏ မယားဖြစ်ရ၏၊ ထိုအကြောင်းကို ပြခြင်းငှါ ဤ ဂါထာတို့ကို ဟောတော်မူ၏။

ပန္တိမေ ဘာသမ္ဗတ္တေ၊ ဓာဘာ ဗြာဟ္မဏဝိကုလေ။
ဝယပတ္တကာလေ တဘော အဒါသိ ခုဇ္ဇဗြာဟ္မဏံ။
သာဟံ တဿ ဃရာဂါဝေ၊ သဗ္ဗကိစ္စသမာဒဟံ။
အနုဓာရေတွာ ဘံ ပဘိ ၊ပဗ္ဗဇိ အနဂါရိယံ။

ဤနှစ်ဂါထာသည်လည်း ထေရီ အပဒါန် ပါဠိတော်၌ မရှိ။

ပန္တိမေ အဆုံးဖြစ်သော။ ဘာသမ္ဗတ္တေ၊ ဘဝသို့ ရောက်သည် ရှိသော်။ ဗြာဟ္မဏဝိကုလေ ဥပ္ပာဝဏ္ဏလှ ဒလိဒ္ဒပုဏ္ဏားမျိုး၌။ ဓာဘာ၊ ဖြစ်ရ၏။ ဝယပတ္တကာလေ၊ အရွယ်ရောက်သောအခါ၌။ တာဘော အ ဖြစ်သော ဒလိဒ္ဒပုဏ္ဏား သည်။ ခုဇ္ဇဗြာဟ္မဏံ၊ ခါးကုန်းသောပုဏ္ဏား ကို။ အဒါသိ၊ ပေးစားလေ၏။ သာဟံ-သာအဟံ၊ ထိုအကျွန်ုပ်သည်၊

တသော၊ ထိုပုဏ္ဏားအို ခါးကုန်း၏။ ဃရာဝါသော၊ အိမ်၌နေလျက်။ သဗ္ဗကိစ္စသမာဒဟံ၊ အလုံးစုံသော ကိစ္စကို ပြုလျက်။ တံပတိံ၊ ထိုခါးကုန်းသော လင်ပုဏ္ဏားအိုကို။ အနုဇာနာ ပေတွာ၊အခွင့်တောင်း၍။ အနဂါရိယံ အိမ်ရာ မထောင် ရဟန်းဘောင်၌။ ပဗ္ဗဇိံ၊ ရဟန်းမိန်းမ ပြုလုပ်၏။

"ဤအပဒါန်ကိုကား ရှုးစမ်းဆင်ခြင်ရာသည်တည်း" ဟူ၍ မှိသာယဉ်၌ မှာထားလျက်ရှိ၏"။

သုမုတ္တာထေရီဝတ္ထုပြီး၏။ ။"ဇေကစတ္တာလီသ ဝတ္ထု"။

သုမနမင်းသမီးအို၏ အပဒါန် ဝတ္ထု

ထိုသုမနမင်းသမီးသည် ရှေးရှေးသော မြတ်စွာဘုရားတို့၏ အထံ၌ ဆည်းပူးအပ်ပြီးသော ပါရမီသမ္ဘာရ အဓိကာရကုသိုလ်ရှိလျက် ငါတို့မြတ်စွာဘုရား လက်ထက်၌ သာဝတ္ထိပြည် ပသေနဒီကောသလ မင်း၏ အဘ ခမည်းတော် ဖြစ်သော မဟာကောသလ မင်းကြီး၏ နှမတော်ဖြစ်သတည်း။ ထိုသုမန မင်းသမီးသည် စတ္တာရော ဓေါ မဟာရာဇ ဒဟာရာဘိ နှ ဥညာတဗ္ဗာ အစရှိသော ဓမ္မဒေသနာကို ပသေနဒီကောသလမင်းအား ဟောကြားတော်မူသောအခါ၌ တရားတော်ကို နာရ၍ သရဏဂုံ သီလတို့၌ တည်၍ ရဟန်းမိန်းမ ပြုလုပ်လိုသော်လည်း အဖွါးအိုကြီးကို စောင့်ရှောက်၍ နေရသောကြောင့် ကြာမြင့်စွာသော နေ့ရက်ကာလပတ်လုံး နန်းတော်၌သာလျှင် အသက်ကြီး၍ နေရ၏။ နောက်ကာလ၌ အဖွါးအိုကြီးသေဆုံး၍ အဘိုးထိုက်တန်သော အခင်း အရုံ တို့ကိုင်၎င်း ညောင်စောင်း အင်းပျဉ်တို့ကို၎င်း အဖွါးအိုကြီး သုံးစွဲပြီးသော အသုံးအဆောင်တို့ကို တူဖြစ်သော ပသေနဒီကောသလမင်းနှင့် အတူတကွ ကျောင်းတိုက်သို့ ယူဆောင်ကာ လှူဒါန်း၍ မြတ်စွာဘုရားအထံ၌ တရားတော်ကိုနာ၍ အနာဂါမိဖိုလ်၌ တည်၏။ အနာဂါမ်တည်ပြီးသော သုမနမင်းသမီးအိုသည် ရဟန်းမိန်းမ ပြုလုပ်ရန် တောင်းပန်လျှောက်ကြား၏။ မြတ်စွာဘုရားသည် ဉာဏ်ရင့်သည်ကို သိတော်မူ၍ ဤသို့ဟောတော်မူ၏။

သုခံ တွံ ဝုဍ္ဎိကေ သေဟိ၊ ကတွာ စောဠေန ပါရုတာ။
ဥပသန္တော ဟိ တေ ရာဂေါ၊ သီတိဘူတာသိ နိဗ္ဗုတာ။

ဝုဇ္ဇိကော၊ သုမနမင်းသမီးအရို။ တွံ သင်မင်းသမီးအိုကြီးသည်။ စောဋ္ဌေန၊ စုလျားရုံလွှာ ခြုံစရာဖြင့်။ ပါရုတာ၊ ခေါင်းမြီးအုပ်ရုံ လုံစွာခြုံ၍။ သုခံ၊ ချမ်းသာစွာ။ သေယိ၊ အိပ်၍သာနေပေတော့။ တေ၊ သင်မင်းသမီးအိုကြီးအား။ ရာဂေါ၊ ကာမတပ်စွမ်း ရာဂကြမ်းသည်။ ဥပသန္တော ဟိ- ဥပသန္တောဧဝ၊ ငြိမ်းဧပြီးသည့်သာတည်း။ သီတိဘူတာ၊ မြေသည့် ဖြစ်၍။ နိဗ္ဗုတာ၊ နိဗ္ဗာန်သို့ရောက်သည်။ အသိ၊ ဖြစ်၏။

သုမနမင်းသမီးအိုကြီး၏ အပဒါန်ဝတ္ထုပြီး၏။ [ဒွေစတ္တာလီသဝတ္ထု]။

ဓမ္မာမည်သော ထေရီအိုကြီး၏ အပဒါန်ဝတ္ထု

ဓမ္မာမည်သော ဘိက္ခုနီ ရဟန်းမိန်းမ အိုကြီးသည် ရှေးရှေးသော မြတ်စွာဘုရားတို့၏ အထံတော်၌ ဖြည့်ကျင့် ဆည်းပူးအပ်ပြီးသော ပါရမီရှိလျက် ငါတို့မြတ်စွာဘုရားလက်ထက် သာဝတ္ထိပြည်၌ အမျိုးကောင်းသမီး ဖြစ်၍ အရွယ်ရောက်သောအခါ လင်ယောကျ်ားအိမ်သို့ လိုက်၍နေရ၏။ သာသနာတော်၌ ကြည်ညို၍ ရဟန်းမိန်းမပြုလုပ်ရန် လင်ယောကျ်ားကို အခွင့်တောင်းသည် ရှိသော် လင်ယောကျ်ားက အခွင့်မပေးသဖြင့် ကြာမြင့်စွာသော နေ့ရက် လ နှစ် တို့ပတ်လုံး လင်ယောကျ်ားအိမ်၌ အသက်ကြီး၍ နေရ၏။ လင်ယောကျ်ားသေဆုံးလျှင် သာသနာတော်၌ ရဟန်းပြုသောအခါ ဆရာဥပဇ္ဈာယ်တို့ ဆုံးမသင်ပြသော ကမ္မဋ္ဌာန်းကို ဆင်ခြင် နှလုံးသွင်းလျက် အိုမင်းသောကြောင့် တောင်ဝှေး ဆွဲကိုင်လျက် တောင်ဝှေးကို ထောက်လျက် ဆွမ်းခံရ၏။ တနေ့သ၌ မြို့တွင်းမှ ဆွမ်းခံပြီး၍ သပိတ်ကိုလွယ်ကာ တောင်ဝှေးကို ထောက်၍ ကျောင်းတိုက်သို့ ပြန်လာရာတွင် အားခွန်ဗလနည်းပါးသော ရဟန်းမိန်းမအိုကြီးဖြစ်၍ တုန်တုန်လှုပ်လှုပ်နှင့် ခလုတ်တိုက်၍ မြေ၌ လည်းလေ၏။ ထိုခဏ၌ ဖြစ်ပျက်ကမ္မဋ္ဌာန်းကို နှလုံးသွင်းလျက် ဝိပဿနာ အဆင့်ဆင့်ဘက်၍ ပဋိသမ္ဘိဒါနှင့် တကွ ရဟန္တာမ ဖြစ်လေ၏။ ရဟန္တာမဖြစ်ပြီး၍ ဤဂါထာကို ဥဒါန်းကျူးတော်မူ၏။

ပိဏ္ဍပါတံ စရိတွာန၊ ဒဏ္ဍမောလုဗ္ဘ ဒုဗ္ဗလာ။
ဝေဓမာနေဟိ ဂတ္တေဟိ၊ တတ္ထေဝ နိပတိံ ဆမာ။
ဒိသွာ အာဒီနဝံ ကာယေ၊ အထစိတ္တံ ဝိမုစ္စိ မေ။

ဒုဗ္ဗလာ၊ အသက်အရွယ်ကြီး အိုမင်းပြီး၍ အားနည်းသောငါသည်။ ဒဏ္ဍံ၊ တုတ်တောင်ဝှေးကို။ ဩလုမ္ဗ၊ ထောက်လျက်။ ဝိဏ္ဍပါဝင်စရိတွာန၊ ဆွမ်းခံလှည့်လည်ပြီး၍။ ဝေဓမာနေဟိဂတ္တေဟိ၊ တုန်တုန်လှုပ်လှုပ်ဖြစ်သော ကိုယ်တို့ဖြင့်။ ဟဋ္ဌေဝ၊ ထိုဆွမ်းခံလမ်း၌ပင်လျှင်။ ဆမာ၊ မြေကြီးပေါ်၌။ နိပတိ၊ ချွတ်ချော်တိမ်းပါး လဲကျသွား၏။ အဃ လဲကျသောအခါ၌။ ကာယေ၊ ရွတ်ရော်ယိုယွင်း အိုမင်းစွာသော။ ကိုယ်ကောင်ကြီး၌။ အာဒိနဝံ၊ ဖြစ်ခြင်း ပျက်ခြင်း ဘောက်ပြန်ခြင်းကို။ ဒိသွာ၊ ကြည့်ရှုရင်းကောင်းစွာမြင်၍။ မေ၊ ငါ၏။ ဗဏ္ဍံ၊ ဗတ်သည်။ ဝိမုတ္တံ၊ အာသဝေါမှကင်းလွတ်ရ၏။

ဓမ္မာမည်သော ထေရီအိုကြီး အပဒါန်ဝတ္ထုပြီး၏။
[တေစတ္တာလီသ ဝတ္ထု]

သုမင်္ဂလထေရ်၏ မယ်တော်ဘိက္ခုနီမ၏ အပဒါန်ဝတ္ထု

သာဝတ္ထိပြည်၌ ဆင်းရဲသော အမျိုးသို့းသည် အရွယ်ရောက်လျှင် နဠကာရ ကျူထရံသည်နှင့် အကြောင်းဆုံ၍ ပစ္စိမဘဝိကဖြစ်သော သားဦး ဖွားမြင်သည် ရှိသော် သုမင်္ဂလ သတို့သားဟု အမည်မှည့်၏။ ထိုမှစ၍ သုမင်္ဂလမာတာဟု ခေါ်ကြကုန်၏။ ထိုသုမင်္ဂလ သတို့သားသည် သိကြား လိမ္မာသော အရွယ်သို့ ရောက်လျှင် ရဟန်းပြု၍ ပဋိသမ္ဘိဒါလေးပါးနှင့် ပြည့်စုံသော ရဟန္တာမြတ် ဖြစ်၍ သုမင်္ဂလထေရ်ဟု ထင်ရှားစွာဖြစ်၏။ ထိုသုမင်္ဂလထေရ်၏ မယ်တော်သည်လည်း ဘိက္ခုနီတို့၏ အထံ၌ ရဟန်းမိန်းမ ပြုလုပ်၍ လူ၏ အဖြစ်၌ တနေ့ပတ်လုံး မိမိခံစားရသော ဆင်းရဲ ဒုက္ခကို ဆင်ခြင်၍ သံဝေဂဖြစ်လျက် ဝိပဿနာကို ပွားစေ၍ ပဋိသမ္ဘိဒါနှင့် တကွ ရဟန္တာမိန်းမ အဖြစ်သို့ ရောက်၍ ဥဒါန်းကျူးလျက် ဤသို့သော အကြောင်းအကျိုးတို့ကို ဟောတော်မူ၏။ သုမုတ္တိကာ အမည်ရှိသော ငါသည် ကျည်ပွေ့ဖြင့် စပါးထောင်းရသော ဆင်းရဲမှလည်း လွတ်ကင်းလေပြီ။ ကာမရမက် အရှက်မရှိသော မိမိလင်မှလည်း လွတ်ကင်းပြီ၊ (ဤစကားကိုကား လူအဖြစ်၌ လင်နှင့် နေသော်လည်း ဓမ္မတာအားဖြင့် မလွဲသာမရှောင်သာ လင်ကိုယူရ၍ ပကတိသဘောအားဖြင့် ထိုမိန်းမ

သည့် ကာမဂုဏ်စိတ်ထက်သန်ခြင်းမရှိ၊ ရာဂစရိုက် ခေါင်းပါး၍ ကာမ ပျော်မြူးသော မိမိလင်ကို မိမိစက်ဆုပ်၍ ဆိုသတည်း ဟူလို)။ နေ့တိုင်း မပြတ် ဝါးနှီးဘို့ဖြင့် ပချုပ်ရက်ရခြင်း ခြင်းတောင်းရက်ရခြင်း၊ ထီး ခရိုင် လုပ်ရခြင်းဖြင့် အသက်မွေးရသော ဆင်းရဲ ဒုက္ခမှလည်း ငါ လွတ်ကင်းလေပြီ။ နေ့တိုင်း နေ့တိုင်း ထမင်းချက်ရသော ကြေးအိုး၌ ရေမွှေ အနံ့ကဲ့သို့ နံစော်ခြင်း ဆင်းရဲဒုက္ခမှလည်း ငါလွတ်ကင်းလေပြီ။ ဝါးခြမ်းစိတ်တို့ဖြင့် ကျူထရံသည် လင်ယောကျ်ား ယက်လုပ်သော ဝါးသံ နှီးသံ တဖြုံးဖြုံးဘည်းညံ့ နှိပ်စက်သောအသံဖြင့် ဆင်းရဲဒုက္ခမှ လည်း ငါ လွတ်ကင်းလေပြီ၊ ထိုဆိုခဲ့ပြီးသော ဆင်းရဲခြင်းတို့၏ အကြောင်းဖြစ်သော ရာဂဒေါသတို့ကိုလည်း ငါ ပယ်ဖြတ်နိုင်လေပြီ။ ရာဂဒေါသတို့ကိုပယ်ဖြတ်နိုင်သောငါသည် သစ်တပင်ရင်း ဝါးတ ‌င် အောက်၌ ဩော်- ချမ်းသာလေစွ ဟု ဥဒါန်းကျူးကာ ချမ်းသာစွာ ဈာန်ဝင်စားလျက် ဒေမြမြနေရပေပြီ။ ဤသို့သော ဥဒါန်းစကားတို့ကို သုမင်္ဂလမာတာ ဘိက္ခုနီရဟန်းမိန်းမသည် ဟောကြားတော်မူ၏။

သုမင်္ဂလမာတာထေရီ အပဒါန်ဝတ္ထု ပြီး၏။

[စတုတ္ထဝဂ္ဂာလီသ ဝတ္ထု]

ဝိတ္ထာသေဒီ၏ အပဒါန်ဝတ္ထု

ဤ ဝိတ္ထာထေရီသည် ကိုးဆဲ့လေးကမ္ဘာထက် ဗုဒ္ဓသုညအခါတွင် စန္ဒဘာဂါ မြစ်ကမ်းဝယ် ကိန္နရီမဖြစ်၍ ပစ္စေကဗုဒ္ဓါတပါးကို နဠမာလ ကျူပန်းဖြင့် ပူဇော်၍ ထိုကုသိုလ်ဖြင့် စုတေသော် တာဝတိံသာ နတ်ပြည်၌ဖြစ်၏။ နတ်မင်း၏မိဖုယားကြီး ဆတ္တိံသ သုံးဆဲ့ခြောက်ကြိမ် ဖြစ်ရ၏။ နတ်ပြည်မှစုတေ၍ လူ့ပြည်၌ဖြစ်သောအခါမှာလည်း စကြဝ‌ာ မင်း၏ အဂ္ဂမဟေသီ မိဖုယားကြီး ဆယ်ကြိမ်ဖြစ်ရ၏။ ဤသို့ လူ့ပြည် နတ်ပြည်တို့၌သာလျှင် ကိုးဆဲ့လေးကမ္ဘာပတ်လုံး ကောင်းမှု ကုသိုလ် ကိုသာလျှင် အဆက်ဆက်ပြုလုပ်၍ အကုသိုလ်ကံကို မပြုလုပ်ဘဲ ရှောင်ကြဉ်သောကြောင့် အပါယ်လေးပါးသို့ တကြိမ်တခါမျှ မကျ မရောက်ဘဲ ငါတို့မြတ်စွာဘုရား ပွင့်တော်မူသောအခါ ရာဇဂြိုဟ် ပြည်၌ ဂဟပတိမဟာသာလ ဥစ္စာပေါများသော သူကြွယ်သို့ဖြစ်၍

သိကြား လိမ္မာသော အရွယ်သို့ရောက်သော် မြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူပြီး၍ ဥရုဝေလကဿပ အစရှိသော ဆံကျစ်ရသေ့ဖြစ်ဘူးသော ရဟန္တာတထောင်နှင့် ရာဇဂြိုဟ်ပြည်သို့ဝင်တော်မူသောအခါ ဖူးမြင်ရ၏။ ထိုနောက် မိထွေးတော်ဂေါတမီ ရဟန်းမိန်းမပြုလုပ်လျှင် ထိုစိတ္တာသည်လည်း မိထွေးတော် ဂေါတမီအထံ၌ ရဟန်းမိန်းမပြုလုပ်၍ အသက်အရွယ်ကြီးသောအခါ အိုမင်း၍ ဇရာဒုဗ္ဗလ အိုနာဖြင့် အားနည်းသောကြောင့် တုတ်တောင်ဝှေးကို ထောက်၍ သွားရ၏။ ထိုသို့ဇရာဒုဗ္ဗလ အိုနာကျသော်လည်း ဒုကုဋ်သင်္ကန်းကြီးကို ခေါက်ထားခဲ့၍ နေ့တိုင်း ဆွမ်းခံသော မြေသပိတ်ကိုလည်း ဆေးကြောခါ မှောက်ထားခဲ့၍ ကေစီသင်းပိုင်မျှဖြင့် တောင်ဝှေးထောက်ခါ ဂိဇ္ဈကုဋ်တောင်ပေါ်သို့တက်၍ ဆိတ်ငြိမ်သောနေရာ၌နေ၍ ဖြစ်ပျက်ကမ္မဋ္ဌာန်းကို ရှုသည်ရှိသော် ပဋိသမ္ဘိဒါနှင့်တကွ ရဟန္တာမိန်းမဖြစ်၍ ပုဗ္ဗေနိဝါသ အဘိညာဏ်ဖြင့် ရှေးဘဝတို့ကို ကြည့်ရှုလျက် စန္ဒဘာဂါနဒီတီရေ၊ အဟောသိံ ကိန္နရီတဒါ အစရှိသောအပဒါန်တရားတို့ကို ဟောတော်မူ၏။

[ထေရီအပဒါန်ပါဠိတော် စာအုပ် ၃၄၉-၌ နန္ဒမာလိကာထေရီဟူသော အမည်ဖြစ်၏။ ထေရီဂါထာ ပါဠိတော် ဧကနိပါတ် တတိယဂါထာကို ဟောသော ပုဏ္ဏိကာထေရီ သည်ကား သာဝတ္ထိပြည် ဂဟပတိမဟာသာလသူကြွယ်သမီးတည်း။ စိတ္တာထေရီကဲ့သို့ ကိန္နရီမဖြစ်၍ ပစ္စေကဗုဒ္ဓါအား နန္ဒမာလကျုပန်း ပူဇော်ခဲ့ဘူးကြောင်းကို စန္ဒဘာဂါနဒီတီရေ အစရှိသော ဤအပဒါန်ဂါထာတို့ကိုပင် ဟောတော်မူ၏၊ အတိတ်ဝတ္ထုဖြစ်ပုံ တူကြ၏။ ထို့ကြောင့် ထေရီအပဒါန် ပါဠိတော် ၃၄၉-၌ ရှိသော စန္ဒဘာဂါနဒီတီရေ အစရှိသော အပဒါန်ဂါထာတို့ကို ပုဏ္ဏိကာ ထေရီနှင့် စိတ္တာထေရီတို့ ဟောသည်ဟု သိအပ်၏]။

စိတ္တာထေရီအပဒါန်ဝတ္ထု ပြီး၏။ [ပဥ္စစတ္တာလီသ ဝတ္ထု]။

ဒန္တိကာထေရီ၏ အပဒါန်ဝတ္ထု

သာဝတ္ထိပြည် ကောသလမင်းကြီး၏ ပုရောဟိတ် ပုဏ္ဏားသမီး ဖြစ်သော ဒန္တိကာသည်လည်း ပုဏ္ဏိကာထေရီ စိတ္တာထေရီ တို့ကဲ့သို့ ပင်လျှင် ကိုးဆဲ့လေးကမ္ဘာထက်၌ ကိန္နရီမဖြစ်၍ ပစ္စေကဗုဒ္ဓါအား

နဠမာလ ကျူးပန်းကိုပူဇော်၍ နတ်မိဖုယား သုံးဆဲ့ခြောက်ကြိမ် စကြာမင်းမိဖုယား ဆယ်ကြိမ်အားဖြင့် ဖြစ်၍ ကိုးဆဲ့လေးကမ္ဘာ အပါယ်မလားခြင်း ဟူသော ကံအကျိုးပေးတူ၍ အံဆုံးဘဝ၌ ပုရောဟိတ်ပုဏ္ဏားသမီးဖြစ်သည်၊ မိထွေးတော် ဂေါတမီ အထံ၌ ရဟန်းမိန်းမဘိက္ခုနီပြုလုပ်၍ ရာဇဂြိုဟ်ပြည်၌ နေ၏၊ တနေ့သ၌ ဆွမ်းကိစ္စပြီးသောပစ္ဆာဘတ္တအခါ ဂိဇ္ဈကုဋ်တောင်ပေါ်သို့ တက်၍ နေ့သန့်ရာ၌ နေ၏။ ထိုအခါ၌ ဆင်ထိန်းတယောက်သည် မိမိ၏ဆင်ကို မြစ်တွင်းသို့ ဆင်းစေ၍ ရေချိုးပြီးလျှင် မြစ်မှတက်လာသော ဆင်ကို မြစ်ကမ်း၌ ရပ်စေ၍ဆင်ပေါ်သို့ တက်ခြင်းငှါ ချွန်းတောင်းကို ကိုင်၍ ဆင်ကိုလက်ပေးလော့ဟု ဆို၏။ ဆင်သည် လက်ကိုမြှောက်ခါ ဆန့်၍ပေး၏။ ဆင်ထိန်းသည် ဆင်၏လက်ပေါ်သို့နင်း၍ ဆင်ပေါ်သို့တက်လေ၏၊ ထိုကဲ့သို့မယဉ်ကျေးသောဆင်ကို ယဉ်ကျေးအောင် ဆုံးမသင်ပြ၍ လူ၏အလိုသို့လိုက်စေသေး၏။ လူတို့ကို ဆုံးမတတ်သော မြတ်စွာဘုရား၏သာသနာတော်၌ နေသောငါသည် မိမိ၏စိတ်ကို ယဉ်ကျေးအောင် မိမိလိုရာနိဗ္ဗာန်သို့ရောက်အောင် အဘယ့်ကြောင့် မဆုံးမနိုင်ဘဲ နေရအံ့နည်းဟုအောက်မေ့လျက် တောသို့ဝင်၍ ဝိပဿနာ ရှုသည်ရှိသော် ကိလေသာကုန်ခန်းသော ရဟန္တာမအဖြစ်သို့ ရောက်လေ၏၊ ရဟန္တာမိန်းမဖြစ်ပြီး၍ ဤအပဒါန် ဂါထာတို့ကို ဟောတော်မူ၏။

စန္ဒဘာဂါနဒီတီရေ၊ အဟောသိံ ကိန္နရီ တဒါ။
အဒ္ဒသံ ဝိရဇံ ဗုဒ္ဓံ၊ သယမ္ဘုံ အပရာဇိတံ။
ပသန္နစိတ္တာ သုမနာ၊ ဝေဒဇာတာ ကတဉ္ဇလီ။
သာလမာလံ ဂဟေတွာန၊ သယမ္ဘုံ အဘိပူဇယိံ။

[နဠမာလံ-အပဒါန် ရှိသည်]။

တေန ကမ္မေန သုကတေန၊ စေတနာ ပဏိဓိဟိစ။လ။
ဆတ္တိံသ ဒေဝရာဇူနံ။လ။ဒသန္နံ စက္ကဝတ္တိနံ။လ။
ကုသလံ ဝိဇ္ဇတေ မယှံ၊ ပဗ္ဗဇ္ဇိံ အနဂါရိယံ။
ပူဇာရဟာ အဟံ အဇ္ဇ၊ သကျပုတ္တဿ သာသနေ။

[အပဒါန်ပါဠိတော် ၃၅၄-နံပါတ်၊ ကိန္နရီ နဠမာလိကာဘိက္ခုနီဖြစ်၏]။

ဒန္တိကာထေရီ ဝတ္ထု ပြီး၏၊ ။[ဆစတ္တာလီသ ဝတ္ထု]။

သောမာထေရီ၏ အပဒါန် ဝတ္ထု

ရာဇဂြိုဟ်ပြည် ဗိမ္ဗိသာရမင်းကြီး၏ပုရောဟိတ်ပုဏ္ဏားသမီးဖြစ်သော သောမာထေရီသည် သင်္ဂြိုဟ်ပွလမာလိကာ အမည်ရှိသော အဘယာထေရီနှင့် အတူတူပင် သုံးဆဲ့တကမ္ဘာထက်၌ ပွင့်တော်မူသော သိခီမြတ်စွာဘုရား၏ ခမည်းတော် အရုဏမင်းကြီး၏ မိဖုယားငယ် ဖြစ်၍ ဥပ္ပလကြာပန်း ခုနစ်ပွင့်ကို ပူဇော်သောကြောင့် အဘယာထေရီကဲ့သို့ ပင်လျှင် သုံးဆဲ့တကမ္ဘာပတ်လုံး အပါယ်မလားရဘဲ ငါတို့ မြတ်စွာဘုရားလက်ထက်ရာဇဂြိုဟ်ပြည်၌ ပုရောဟိတ်ပုဏ္ဏားသမီးဖြစ်၍ရှေးဦးစွာ ရဟန္တာတထောင်နှင့် မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည်သို့ ဝင်တော်မူသောအခါ၌ ဥပါသိကာဖြစ်၍ ထိုနောက် ရဟန်းမိန်းမ ပြုလုပ်၍ ရဟန္တာမ ဖြစ်သောအခါ——

နဂရေ အရုဏဝတိယာ၊ အရုဏောနာမ ခတ္တိယော အစရှိသော အပဒါန် ၃၅၁-တို့ကို အဘယာထေရီ ကဲ့သို့ပင် ဟောတော်မူ၏။

[အပဒါန်ပါဠိတော်ဂါထာ၊ ထေရီဂါထာအဋ္ဌကထာ]။

ထိုကြောင့် သောမာနှင့် အဘယာထေရီတို့ အပဒါန် တူသည်ဟု သိအပ်၏။

ထိုသောမာထေရီသည် ရဟန္တာဖြစ်ပြီး၍ သာဝတ္ထိပြည်သို့ သွားပြီးလျှင် နေသန့်ခြင်းငှါ သူကန်းတို့ ရှေးကဿပဘုရား လက်ထက်၌ နေဘူး၍ အန္ဓဝနမည်သော သူကန်းတောသို့ဝင်၍ တခုသော သစ်ပင်ရင်း၌နေ၏။ ထိုအခါ၌ မာရ်နတ်သည် သောမာဘိက္ခုနီကို သမာဓိမှ ရွေ့လျောစေခြင်းငှါ အနီးသို့ ကပ်လာ၍........

ယန္တံ ဣသိဟိ ပတ္တဗ္ဗံ၊ ဌာနံ ဒုရဘိသမ္ဘဝံ။
နတံ ဒွင်္ဂုလိပညာယ၊ သက္ကာ ပပ္ပေါတု မိတ္ထိယာ။

ဤဂါထာကို ဆိုလာ၏။

သဂါထာဝဂ္ဂ၊ ဘိက္ခုနီသံယုတ်ပါဠိတော်-၉ ၀။

ဣသိဟိ၊ ဘုရားအစရှိသောယောကျ်ားမြတ်တို့သည်။ ပတ္တဗ္ဗံ၊ ရောက်အပ်သော။ ဒုရဘိသမ္ဘဝံ၊ အလွန်တရေုဖြစ်ခဲစွာသော။ ယန္တံ ဌာနံ၊ အကြင်နိဗ္ဗာန်အရပ်သည်၊ အတ္ထိ၊ ရှိ၏။ တံ ဌာနံ၊ ထိုယောကျ်ားမြတ်တို့သာရောက်နိုင်သော နိဗ္ဗာန်အရပ်သို့။ ဒွင်္ဂုလိပညာယ၊ လက်နှစ်ချောင်းဖြင့်ညှပ်၍

စမ်းသပ်မှ ထမင်းနပ်မှန်းကို သိသော ပညာမျှဖြင့်။ ဇာနတ္တိယာ၊ မိန်းမ သည်။ ပပ္ပေါတုံ၊ ရောက်ခြင်းငှာ။ နသက္ကာ၊ မတတ်နိုင်ရာ။

အဓိပ္ပါယ်ကား သောမာတိကျွနိ ဘုရားအစရှိသော ယောကျ်ား မြတ်တို့သာရောက်နိုင်သော နိဗ္ဗာန်ကို သင်တို့မိန်းမများသည် ခုနစ်နှစ် ရှစ်နှစ်ရွယ်မှ အစပြု၍ အခါခပ်သိမ်း ထမင်းချက်၍ နေရသော် လည်း ကျိုက်ကျိုက်ဆူသောရေ၌ ဆန်ကိုထည့်၍ ပွက်သောအခါ ထမင်းကျက်သည် မကျက်သည်ကို မျက်စိဖြင့်ကြည့်၍ မသိနိုင်ကြကုန် ပွက်ပွက်ဆူသောဆန်ကို ယောက်မဖြင့်ကော်ယူ၍ လက်နှစ်ချောင်း တို့ဖြင့်ညှပ်၍ ဖြစ်၍ချေ၍ စမ်းသပ်မှ ထမင်းကျက်မှန်းကို သိကြ ကုန်၏။ ထို့ကြောင့် န တံ ဒွင်္ဂုလိပညာယ ဟူ၍ မာရ်နတ် ဆိုလေ သတည်း။ [ထေရီဂါထာ အဋ္ဌကထာ ဝေး-ချပ်]။

ထိုအခါ သောမာတိကျွနိသည် ဤဂါထာကို ဆိုလာသောသူသည် လူဟုတ်သလော လူမဟုတ်သလောဟု ဆင်ခြင်သော် မာရ်နတ်ဖြစ် ကြောင်းကိုသိ၍ ထိုမာရ်နတ်ကို မောင်းမဲချေဆိုခြင်းငှါ ဤဂါထာကို ဆိုတော်မူ၏။

ဣတ္ထိဘာဝေါ ကိံ ကယိရာ၊ စိတ္တမှိ သုသမာဟိတေ။
ဉာဏမှိ ဝတ္တမာနမှိ၊ သမ္မာ ဓမ္မံ ဝိပဿတော။
ယဿ နူန သိယာ ဧဝံ၊ ဣတ္ထာဟံ ပုရိသောတိ ဝါ။
ကိဉ္စိ ဝါ ပန အညသ္မိ၊ တံ မာရော ဝတ္တု မရဟတိ။

သဂါထာဝဂ္ဂသံယုတ်ပါဠိတော်-၉၁။

ဟရေ မာရ၊ အချင်းမာရ်နတ်။ ဣတ္ထိဘာဝေါ၊ မိန်းမအဖြစ်သည်။ နော၊ ငါတို့အား။ ကိံ ကရိယာ၊ အဘယ်ပြုရမည်နည်း။ စိတ္တမှိ၊ စိတ် သည်။ သုသမာဟိတေ၊ ကောင်းစွာတည်ကြည်သည် ရှိသော်။ ဉာဏမှိ၊ အရဟတ္တ မဂ်ဉာဏ်သည်။ ဝတ္တမာနမှိ၊ ဖြစ်သည်ရှိသော်။ သမ္မာ၊ ကောင်းစွာ။ ဓမ္မံ၊ ဖြစ်ပျက်တရားကို။ ဝိပဿတော၊ အထူးရှုသောသူ အား။ ဣတ္ထိဘာဝေါ၊ မိန်းမအဖြစ်သည်။ ကိံ ကရိယာ၊ အဘယ်သို့ ပြုရမည်နည်း။ ဟရေမာရ၊ အချင်းမာရ်နတ်။ အဟံ၊ ငါကိုယ်သည်။ ဣတ္ထီတိ ဝါ၊ မိန်းမတည်းဟူ၍မူလည်း။ ပုရိသောတိ ဝါ၊ ယောကျ်ားတည်း ဟူ၍မူလည်း။ ကိဉ္စိ ဝါ ပန အညသ္မိ၊ တစုံတခုသော ရုပ်နာမ်၌။ သိယာ၊ စွဲလမ်းခြင်းဖြစ်ရာ၏။ ယဿ၊ အကြင်စွဲလမ်းခြင်း ဖြစ်သောသူအား။

ပေ၊ ဤသို့စွဲလမ်းသည်ရှိသော်။ နုန၊ စင်စစ်။တံ၊ ထိုစွဲလမ်းသောသူကို။ မာရော။ သင်မာရ်နတ်သည်။ ဝဋ္ဋုံ၊ ဒွိဂုလပညာဟု ဆိုခြင်းငှါ။ အရဟတိ။ ထိုက်၏။ ဝါ၊ လက်နှစ်ချောင်းဖြင့် မိုင်းငင်ရုံမျှ သိတတ်သော သူဟူ၍။ ဝဋ္ဋုံ၊ ဆိုခြင်းငှါ။ အရဟတိ၊ ထိုက်၏။ [ယသ္မာ ဝါ ဒွိဟိ အင်္ဂုလိဟိ ကပ္ပါသဝဋ္ဋိံ ဂဟေတွာ သုတ္တံ ကန္တန္တိ တသ္မာ ဒွိဂုလ ပညာတိ ဝုစ္စတိ။ ။သဂါထာဝဂ္ဂသံယုတ် အဋ္ဌကထာ။]

ဣတ္ထိယော ဟိ သတ္တဋ္ဌဝဿ ကာလတော ပဋ္ဌာယ သဗ္ဗကာလံ ဩဒနံ ပစန္တိယော ပက္ကုထိတေ ဥဒကေ တဏ္ဍုလေ ပက္ခိပိတွာ ဧတ္တာဝတာ ဩဒနံ ပက္ကန္တိ နဇာနန္တိ ပက္ကုထိယမာနေ ပန တဏ္ဍုလေ ဒဗ္ဗိယာ ဥဒ္ဓရိတွာ ဒွိဟိ အင်္ဂုလိဟိ ပီဠေတွာ ဇာနန္တိ တသ္မာ ဒွိဂုလပညာယာတိ ဝုတ္တာ။ [ထေရီဂါထာ အဋ္ဌကထာ။]

ယသ္မာ၊ အကြင်ကြောင့်။ ဒွိဟိအင်္ဂုလိဟိ၊ လက်နှစ်ချောင်းတို့ဖြင့်။ ကပ္ပါသဝဋ္ဋိံ၊ မိုင်းတောင့်ကို။ ဂဟေတွာ၊ ကိုင်၍။ သုတ္တံ၊ ချည်ကို။ ကန္တန္တိ၊ ငင်တတ်ကုန်၏။ ဝါ၊ ချည်ဖြစ်အောင် မိုင်းငင်တတ်ကုန်၏။ တသ္မာ၊ ထိုကြောင့်။ ဒွိဂုလပညာတိ၊ ဒွိဂုလပညာဟူ၍၊ ဝုစ္စတိ၊ ဆိုအပ်၏။ (သံယုတ်အဋ္ဌကထာနက်)။ ဣတ္ထိယော၊ မိန်းမတို့သည်။ သတ္တဋ္ဌဝဿကာလတော၊ ခုနစ်နှစ် ရှစ်နှစ်အရွယ်မှ။ပဋ္ဌာယ၊ အစပြု၍။ သဗ္ဗကာလံ၊ တသက်လုံး။ ဩဒနံ၊ ထမင်းကို။ ပစန္တိယော၊ ချက်ပြုတ်ကြ ကုန်သော်လည်း။ ဝါ၊ ချက်ပြုတ်ကြသော မိန်းမတို့သည်။ ပက္ကုထိတေ၊ ပွက်ပွက်ဆူသော။ ဥဒကေ၊ ရေ၌။ တဏ္ဍုလေ၊ ဆန်တို့ကို။ ပက္ခိပိတွာ၊ ထည့်၍။ ဧတ္တာဝတာ၊ ဤမျှရှိလျှင်။ ဩဒနံ၊ ထမင်းသည်။ ပက္ကံ၊ ကျက်လောက်ပြီ။ဣတိ၊ ဤသို့။ နဇာနန္တိ၊ မသိတတ်ကြကုန်။ ပန၊ သိတတ် သောပညာသည်ကား။ ပက္ကုထိယမာနေ၊ ပွက်ပွက်ဆူ၍ ပူလောင် ကုန်သော။ တဏ္ဍုလေ၊ ဆန်တို့ကို။ ဒဗ္ဗိယာ။ ယောက်မဖြင့်။ ဥဒ္ဒရိတွာ၊ ထုတ်ကော်၍။ ဒွိဟိအင်္ဂုလိဟိ၊ လက်နှစ်ချောင်းတို့ဖြင့်။ပီဠေတွာ၊ညှပ် ၍-ဖြစ်၍။ ဇာနန္တိ၊ ထမင်းကျက်မှန်း သိကြကုန်၏။ တသ္မာ၊ထိုကြောင့် ဒွိဂုလပညာယာတိ၊ လက်နှစ်ချောင်းဖြင့် သိတတ်သော မိန်းမဟူ၍။ ဝုတ္တာ၊ မာရ်နတ်ကဆိုသတည်း။ [ထေရီဂါထာအဋ္ဌကထာအနက်]။

(တနည်း) ဒွိဂုလပညာယ၊ လက်နှစ်သစ်လောက်မျှ အမြော်အမြင် ဉာဏ်ပညာရှိသော။ ဣတ္ထိယာ၊ မိန်းမသည်။ ဣသိဟိ ပတ္တဗ္ဗံ၊ ဘုရား

စသော ယောကျ်ားမြတ်တို့သာ ရောက်ထိုက်သော။ ယံတံဌာနံ၊အကြင် အရဟတ္တဖိုလ်တည်းဟူသောအရာသို့။ပဗ္ဗေါတုံ၊ရောက်ခြင်းငှါ။နသက္ကာ မတတ်နိုင်ရာ၊ မွှားမွှားသေးသေး လက်နှစ်သစ်လောက် ဉာဏ်က လေးဖြင့် သင်တို့မိန်းမများသည် အလွန်ခဲရင်းသော အရဟတ္တဖိုလ် နိဗ္ဗာန်သို့ မရောက်နိုင်ရာဟူ၍ မာရ်နတ်ဆိုသော်လည်း ဖြစ်ပျက်တရား ကို ကောင်းစွာထင်ထင် မြင်အောင် ရှုဆင်ခြင်သည်ရှိသော် လက်နှစ် ချောင်းဖြင့် ဗိုင်းငင်၍နေသော မိန်းမသည်ရင်း၊ လက်နှစ်ချောင်းဖြင့် ညှပ်၍ ထမင်းနပ်သည်ကို သိသော မိန်းမသည်ရင်း၊ ဗိုင်းငင်ရင်း ထမင်းချက်ရင်း ဖြစ်ပျက်ကိုရှုခြင်းဖြင့် နိဗ္ဗာန်ကိုရနိုင်၏ဟူ၍ မာရ်နတ် ကို ခြိမ်းချောက်လျက် သောမာထေရီ အရှင်မသည် ဤဂါထာကို ဟောတော်မူပြန်၏။

သဗ္ဗတ္ထ ဝိဟတာ နန္ဒီ၊ တမောခန္ဓော ပဒါလိတော။
ဧဝံ ဇာနာဟိ ပါပိမ၊ နိဟတော တွမသိ အန္တက။

အန္တက၊ အချင်းမာရ်ယုတ်။ သဗ္ဗတ္ထ၊ အလုံးစုံတို့ဘဝ၌။ နန္ဒီ၊ ဖွဲ့လမ်းချစ်ခင်ခြင်းကို။ ဝိဟတာ၊ ပယ်ဖျောက်အပ်ပြီ။ တမောခန္ဓော၊ အဝိဇ္ဇာတည်း မှောင်အလုံးကို။ ပဒါလိတော၊ အလင်းရောက်အောင် ခွဲဘောက်လေပြီ။ ပါပိမ၊ အချင်းမရ်ယုတ်။ ဧဝံ။ ဤသို့ ငါဟော တော်မူသော စကားအတိုင်းသာလျှင်။ ဇာနာဟိ၊ သင်သိလေတော့။ တွံ၊ သင်မာရ်နတ်ကို။ နိဟတော၊ နှိပ်အပ်သည်။ အသိ၊ ဖြစ်၏။ ဤသို့ သောမာဘိက္ခုနီ ဆိုသောအခါ မာရ်နတ်သည် နှလုံးမသာဖြစ်၍ ထိုနေရာ၌ပင် ကွယ်လေ၏။ [ဤနောက်ဂါထာကား ထေရီဂါထာ ပါဠိ တော်၌သာရှိ၏။ ဘိက္ခုနီသံယုတ်၌မရှိ]။

သောမာထေရီဝတ္ထုပြီး၏။ [သတ္တစတ္တာလီသာဝတ္ထု]

မဟာပဇာပတိဂေါတမီခေတီ ဘိက္ခုနီမ၏ဝတ္ထု

ဒေဝဒဟပြည်၌ မဟာပဇာပတိ မိထွေးတော်ဂေါတမီအထိန်းတော် ဖြစ်သော အညတရထေရီသည် မိထွေးတော်ဂေါတမီ ရဟန်းပြုလျှင် အတူကကွ ရဟန်းပြုပြီး၍ နှစ်ဆဲ့ငါးနှစ်ပတ်လုံး ကာမရာဂပူပန်နှိပ် စက်သဖြင့် တခဏမျှ စိတ်၏တည်ကြည်ခြင်းကို မရ၍ ငါသည်သာသ

နာတော်၌ ရဟန်းမိန်းမပြုလုပ်၍ နေပါလျက် ကာမရာဂနှိပ်စက်၍ နေရလေခြင်းဟူ၍ ငိုကြွေးလျက် မိမိချစ်ကျွမ်းဝင်သော ဓမ္မဒိန္နာထေရီ ထံသို့သွား၍ တရားနာသောအခါမှ ရာဂနှိပ်စက်ခြင်း ပျောက်ကင်း၍ ကမ္မဋ္ဌာန်းကိုယူပြီးလျှင် နေ့ညဉ့်မပြတ် အားထုတ်၍ ဖြစ်ပျက်ကိုရှုသည် ရှိသော် မကြာမြင့်မီ အဘိညာဏ် ခြောက်ပါးနှင့်တကွ ရဟန္တာမ ဖြစ်၍ ဤဂါထာတို့ကိုဆိုလေ၏။

ပဏ္ဏဝီသတိဝဿာနိ၊ ယတော ပဗ္ဗဇိတာ အဟံ။
နစ္ဆရာသံဃာတမတ္တမ္ပိ၊ စိတ္တဿူပသမဇ္ဈဂံ။
အလဒ္ဓါ စေတသော သန္တိံ၊ ကာမရာဂေန ဝဿုတာ။
ဗာဟာ ပဂ္ဂယှ ကန္ဒန္တီ၊ ဝိဟာရံ ပါဝိသိံ အဟံ။

အဟံ၊ ငါသည်။ ယတော၊ အကြင်အခါမှ။ ပဗ္ဗဇိတာ၊ ရဟန်းမိန်းမ ပြု၏။ ပဏ္ဏဝီသတိဝဿာနိ၊ နှစ်ဆဲ့ငါးနှစ်ပတ်လုံး။ အစ္ဆရာသံဃာတ မတ္တမ္ပိ၊ လက်ဖျောက်တချက်တီးမျှလည်း။ စိတ္တဿ၊ စိတ်၏။ ဥပသမံ၊ ငြိမ်းခြင်းသို့။ နအဇ္ဈဂံ-နအဓိဂတံ၊ မရောက်ဘူးပါ။ ကာမရာဂေန ဝဿုတာ၊ ကာမရာဂဖြင့် စွတ်စိုသည်ဖြစ်၍။ စေတသော၊ စိတ်၏။ သန္တိံ၊ ငြိမ်းခြင်းကို။ အလဒ္ဓါ၊ မရသောကြောင့်။ ဗာဟာ၊ လက်မောင်းကို။ ပဂ္ဂယှ၊ ချီမြှောက်၍။ ကန္ဒန္တီ၊ ငိုကြွေးလျက်။ ဝိဟာရံ၊ ကျောင်းတွင်းသို့၊ အဟံ၊ ငါသည်။ ပါဝိသိံ၊ ဝင်၍နေ၏။

မဟာပဇာပတိဂေါတမီ ခေတ်ထေရီ ဝတ္ထုပြီး၏။
[အဋ္ဌစတ္တာလီသ ဝတ္ထု]

ပြည့်တန်းဆာမ ဖြစ်ဘူးသော ဝိမလာထေရီသည် အရှင်မောဂ္ဂလာန်ကို ဖြားယောင်းဘူးကြောင်း

ဤဝိမလာထေရီသည် ရှေးရှေးသော မြတ်စွာဘုရားတို့၏ အထံ တော်၌ ဖြည့်ကျင့် ဆည်းပူးခဲ့သော ပါရမီအဓိကာရရှိလျက် ငါတို့ မြတ်စွာဘုရား လက်ထက်တော်အခါ ဝေသာလီပြည်၌ ပြည့်တန်းဆာ မိန်းမ တယောက်၏ သမီးဖြစ်လာ၏။ ဝိမလာဟူသောအမည်ဖြင့် အရွယ် ရောက်သည်ရှိသော် ထိုပြည့်တန်းဆာအလုပ်ကိုပင်လျှင် နှစ်သက်၍ အသက်မွေးခြင်းကိုပြု၏။ထိုဝိမလာမည်သော ပြည့်တန်းဆာမိန်းမသည်

တနေ့သ၌ ဝေသာလီပြည့်တွင်းသို့ ဆွမ်းခံ လှည့်လည်သော အရှင်မဟာ မောဂ္ဂလာန်ထေရ်မြတ်ကို မြင်လျှင် တပ်မက်သော စိတ်ဖြစ်၍ မထေရ်မြတ်ရှိရာသို့လာ၍ ဖြားယောင်းသော အမူအရာကိုပြု၏။ အရှင်မဟာ မောဂ္ဂလာန် ထေရ်မြတ်သည် ဟုတ်မှန်တိုင်းသော သဘောကို ထင်စွာပြသျက် ခြိမ်းချောက် မောင်းမဲခြင်းကိုပြု၍ ဤဂါထာတို့ဖြင့် ဆုံးမတော်မူ၏။

အဋ္ဌိကင်္ကလကုဋိကေ၊ မံသ နှာရုပသိဗ္ဗိတေ။
ဓိရတ္ထု ပူရေ ဒုဂ္ဂန္ဓေ၊ ပရဂတ္တေ မမာယသေ။
ဂူထဘသ္တေ တစောနဒ္ဓေ၊ ဥရဂဏ္ဍိ ပိသာစိနိ။
နဝသောတာနိ တေ ကာယေ၊ ယာနိ သန္ဒန္တိ သဗ္ဗဒါ။
တဝ သရီရံ နဝသောတံ၊ ဒုဂ္ဂန္ဓံ ကရီသပရိဗန္ဓံ။
ဘိက္ခု ပရိဝဇ္ဇယတေ တံ၊ မီဠှံ စ ယထာ သုစိကာမော။
ဧဝဉ္စေတံ ဇနော ဇညာ၊ ယထာ ဇာနာမိ တံ အဟံ။
အာရကာ ပရိဝဇ္ဇေယျ၊ ဂူထဋ္ဌာနံဝ ပါဝုသေ။

ထေရဂါထာပါဠိတော်-၁၀၀-သဋ္ဌိနိပါတ်။

ဥရဂဏ္ဍိ၊ ရင်ဝယ်အဖု နှစ်ခုအမြွာ အစုံပါသော။ ပိသာစိနီ။ မြင်လာသသူ ယောကျ်ားလူကို မြူကာသွေးဆောင် ကျော့ကွင်းထောင်၍ အာပေါင်အာရင်း ခံတွင်းသွားကြား ကြွတ်ပါးမြှာဘွယ် အစွယ်ပြူးလှဘီလူးမ။ အဋ္ဌိကင်္ကလကုဋိကေ၊ အရိုးဆက်ဖြင့် ဘွဲ့လျက်ပြုပြင် စီရင်ဆောက်လုပ်သော ကုဋိအိမ်နှင့် တူစွာထသော။ မံသနှာရုပသိဗ္ဗိတေ၊ အသားအကြော ရောနှောတွယ်ကပ် ချုပ်စပ်မွမ်းမံအပ်သော။ ပူရေ၊ မစင်သလိပ် အပြည့်သိတ်၍နေသော။ ဒုဂ္ဂန္ဓေ၊ ဟောင်စပ်ညှီလှောင်း မကောင်းသောအနံ့လည်း ရှိထသော။ ပရဂတ္တေ၊ သူတပါး၏ကိုယ်၌။ မမာယသေ၊ မြတ်နိုးစုံမက် နှစ်သက် ခင်တွယ်ခြင်းသည်။ ဓိရတ္ထု၊ စက်ဆုပ်ဖွယ် ဖြစ်လေစွဘကား။ ။ဥရဂဏ္ဍိပိသာစိနိ၊ ရင်ဘတ်၌ အဖုရှိသော ဟယ်-ဘီလူးမ။ တစောနဒ္ဓေ၊ အရေဖုံးအုပ် ချုပ်စပ်ဖွေးသှက် ကြွက်၍ထားသော။ ဂူထဘသ္တေ၊ မစင်ထည့်သော သားရေအိတ်နှင့်တူစွသော။ တေ၊ သင်၏။ ကာယေ၊ ကိုယ်၌။ ယာနိ၊ အကြင်ဆိုပြီးသော သဘောရှိကုန်သော။ နဝသောတာနိ၊ ကိုးပါးသော အပုပ်ရည် အလျဉ်ဟိုသည်၊ သဗ္ဗဒါ၊ အခါခပ်သိမ်း။ သန္ဒန္တိ၊ စီးယို၍

ကျကုန်၏။ ။ဘဝ၊ သင်၏။ သရီရံ၊ ကိုယ်သည်။ နဝသောတံ၊ ကိုးပေါက်ဒွါရ ကိုးဝအပုပ် စက်ဆုပ်ဖွယ်ရှိ အရိအခွဲ အမြဲမပြတ် ယိုစီးဘတ်၏။ ဒုဂ္ဂန္ဓံ၊ ဟောင်စပ်ညှီလျှောင်း မကောင်းသောအနံ့ ရှိ၏။ ကရီသပရိဗန္ဓံ၊ မစင်ဘင်ပုပ်နှင့် အမြဲစပ်၍နေ၏။ တံ၊ ထိုကိုးပေါက်ဒွါရ ကိုးဝအပုပ် စက်ဆုပ်ဖွယ်လိ အရိအခွဲ အမြဲမပြတ် ယိုစီးတတ်သော ကိုယ်ကို။ မီဠှံယထာ မစင်ဘင်ပုပ်ကဲ့သို့။ သုစိကာမော၊ ပြုဖွေး သန့်ရှင်းစင်ကြယ်ခြင်းကို အလိုရှိသော။ ဘိက္ခု၊ ရဟန်းသည်။ ပရိဝဇ္ဇယတေ၊ ရှောင်ကွင်းရာ၏။

ဖေဝံ၊ ဤဆိုခဲ့ပြီးသည့်အတိုင်း။ တံ၊ ထိုကိုယ်ကို။ အဟံ၊ ငါသည်။ ဇာနာမိယထာ၊ သိသကဲ့သို့။ ဇနော လူအပေါင်းသည်။ စေဇညာ၊ အကယ်၍ သိကြငြားအံ့။ တံ၊ ထိုကိုယ်ကို။ ပါဝုသေ၊ မိုးလ်ရွာတုန်း အခါ၌။ ဂူထဌာနံဝ၊ မစင်ရှိရာအရပ်ကဲ့သို့။ အာရကာ၊ ဝေးစွာ။ ပရိဝဇ္ဇေယျ၊ ရှောင်းကွင်းရာ၏။

အလုံးအဖု နှစ်ခုအမြွာ အစုံပါလျက် မြင်လာသသူ ယောကျ်ားလူကို မြှူကာသွေးဆောင် ကျော့ကွင်းထောင်၍ အာဘောင်အာရင်း ခံတွင်း သွားကြား သွင်းကာထား၍ ကြိတ်ဝါးမြှုံခါ အာသာမပြယ် အတင်း တွယ်သည့် အစွယ်ပြူးသ့ ဟယ်-ဘီလူးမ မစင်ထည့်သော သားရေ အိတ်ကဲ့သို့ အပေါ်ရံ ဖုံးအုပ်ထားသော သင်၏ကိုယ်၌ ကိုးပေါက်ဒွါရ ကိုးဝအပုပ် စက်ဆုပ်ဖွယ်သိ အရိအခွဲ အမြဲမပြတ် ယိုစီးတတ်၏။ စက်ဆုပ်ဖွယ် မစင်ပြည့်သော သင်၏ကိုယ်ကို ငါကဲ့သို့ သိသော လူ အပေါင်းသည် မိုးလ်ရွာတုန်း ကာလ၌ ပုပ်ပွ၍နေသော မစင်ကဲ့သို့ ရှောင်ကြဉ်ရာ၏ဟူ၍ အရှင်မဟာမောဂ္ဂလာန် မြို့မိန်းချောက်မောင်းမဲ၍ ဆုံးမသောအခါ ပါရမီရှိသော မိန်းမဖြစ်ရကား မာဂဏ်မိန်းမယုတ် ကဲ့သို့ ပိတ်လည်းမသိုး ရန်ငြိုးမထား ဟုတ်မှန်သောစကား ဖြစ်ပေ သည်ဟု ဝန်ခံ လျှောက်ကြား လိုရကား ဤဂါထာကို ရွတ်ဆိုလေ သတည်း။

ဧဝမေတံ မဟာဝီရ၊ ယထာ သမဏ ဘာသတိ။
ဧတ္ထ စေကေ ဝိသီဒန္တိ၊ ပင်္ကမှိဝ ဇရဂ္ဂဝေါ။

မဟာဝိရ ကြီးသော လုံ့လရှိတော်မူသော။ သမဏာ၊အရှင်ရဟန်း။ တေ၊ ဤကိုးပေါက်ဒွါရ ကိုးဝအပုပ် စက်ဆုပ်ဖွယ်လိ ရွံ့ဘွယ်ရှိလျက် အရိအရွဲ အမြဲမပြတ် ယိုစီးတတ်၏ ဟူသော စကားကို။ တွံ၊ အရှင်ရဟန်းသည်၊ ဘာသတိ၊ ဆိုတော်မူ၏။ ဧဝံ၊ ဤသို့ ဆိုတိုင်းမှန်ပါပေ၏။ ဝ၊ ယင်းသို့ပင် မှန်သော်လည်း။ ဧတ္တ၊ ဤကိုးဝအပုပ် စက်ဆုပ်ဖွယ်လိ ရွံ့ဘွယ်ရှိလျက် အရိအရွဲအမြဲမပြတ် ယိုစီးတတ်သောကိုယ်၌။ ဧကေ၊ အချို့သောလူတို့သည်။ ပက်ခွဲ၊ ညွှံဗွက်ထည်း၌။ ဇရဂ္ဂဝေါဝ၊ နွားအိုကြီးကဲ့သို့။ ဝိသီဒန္တိ၊ နစ်မြုပ်ကြပါကုန်၏။

ကြီးသောလုံ့လ ရှိတော်မူပေသောအရှင်ရဟန်း၊ရင်ဝယ် အဖုနှစ်ခု အမြွှာအစုံပါ၍ ဘိသုံးမနှင့်တူသော တပည့်တော်မ၏ကိုယ်၌ကိုးပေါက်ဒွါရကိုးဝအပုပ် စက်ဆုပ်ဖွယ်လိ ရွံ့ဘွယ်ရှိလျက် အရိအရွဲ အမြဲမပြတ် ယိုစီးတတ်၏ဟူ၍ဆိုသောအရှင်ရဟန်း၏စကားသည်ဟုတ်မှန်လှပါ၏ အရှင်ဘုရား။ ယင်းသို့ပင် ဟုတ်မှန်ငြားသော်လည်း ယောကျ်ားဖြစ်သူ အချို့သူတို့သည် ရွှံ့ဗွက်ထဲ၌ နွားအိုကြီး နစ်မြုပ်သကဲ့သို့ စက်ဆုပ်ဖွယ်လိ ရွံ့ဘွယ်ရှိသော အရိအရွဲ အပုပ်ထဲ၌ ကလဲလဲ တဖုတ်ဖုတ် နစ်မြုပ်၍ နေကြပါကုန်၏ အရှင်ဘုရား။ အရှင်ဘုရားသည်လည်း အချို့လူတွင် ပါလိမ့်မည် အထင်နှင့် ချစ်ခင်သောအား နှလုံး ထား၍ ဖြားယောင်းသော အမူအရာကို ပြုမိပါသည် အရှင်ဘုရား ဟူ၍ လျှောက်ကြားသောအခါ အာသဝေါကုန်ပြီးသော အရှင်မဟာမောဂ္ဂလာန်သည် ချစ်ဆွေနှစ်မ အာကာသကောင်းကင်၌ ဆေးရေးရုပ်မထင်သကဲ့သို့ ကောင်းကင်နှင့်တူသော ငါ၏စိတ်ကို အတောင်ပေါက်သော ပရွက် ပလူကို မီးပုံထည်းသို့ ဆောင်ယူ၍ သွင်းသကဲ့သို့ မကောင်းသော အရာသို့ မဆောင်ယူပါလင့် ဟူ၍ ဆိုပြီးလျှင် ဤဂါထာဖြင့် တရားပြ၏။

ပဿ စိတ္တကတံ ဗိမ္ဗံ၊ အရုကာယံ သမုဿိတံ။
အာတုရံ ဗဟုသင်္ကပ္ပံ၊ ယဿ နတ္ထိ ဓုဝံ ဌိတိ။

ဘဂိနိ၊ နှစ်မ။ စိတ္တကတံ၊ ဆန်းကြယ်စွာ ပြုလုပ်အပ်သော။ ဗိမ္ဗံ၊ ပန်းချီဆေးရေးရုပ်နှင့်တူစွာထသော။အရုကာယံ၊ကိုးပေါက်ဒွါရ အမာဝရှိသော။ သမုဿိတံ၊ အရိုးတို့ဖြင့် စပ်ဆက်စိုက်ထူ၍ ထားအပ်သော။ အာတုရံ၊ အထမခံ ကြွေပုဂံသို့ ကရံတခါ ခိုက်ထိပါလျှင် နာကျင်ခြင်း

သဘောရှိသော။ ဗဟုသက်ပွံ၊ သေလိမ့်မည်လား မသေသေးဟု မျှားစွာ သွယ်သွယ် ကြံစည်ဘွယ်ရှိသော ကိုယ်ကို။ ပဿ၊ ဟုတ်တိုင်းမြင်အောင် ဆင်ခြင်ရှုကြည့်လေလော့။ ယဿ၊ အကြင်ကိုယ်၏။ ဓုဝံဌိတိ၊ အမြဲ အခိုင်ဘည်ခြင်းသည်။ နတ္ထိ၊ မရှိချေ။

ဤဂါထာဖြင့် တရားပြသောအခါ ဝိမလာအမည်ရှိသော ပြည့်တန်းဆာမိန်းမသည် သံဝေဂဗိတ် ထိတ်လန့်ခြင်း ရှိလျက် ဟိရိဩတ္တပ္ပ ချစ်စမပျက် ရှက်ကြောက်ရှိသော အနေသိပ်သည်း ဝတ်ရုံပြီး၍ မြေကြီးတွင် ဝပ်ပြားလျက် ငါးပါးသောထိခြင်းဖြင့် ရှိခိုးပြီးလျှင် တပည့်တော်မအား ယနေ့မှစ၍ ရတနာသုံးပါးကို ရှိသေစွာ ဆည်းကပ်သော ဥပါသိကာ ဒါယိကာမဟူ၍ မှတ်တော်မူပါ အရှင်ဘုရားဟု လျှောက်ကြားလျက် ဥပါသိကာ ဒါယိကာမအဖြစ်ကို ဝန်ခံလေ၏။ ထိုနောက် ဘိက္ခုနီတို့၏ အထံသို့သွား၍ ရဟန်းမိန်းမ ပြုလုပ်ပြီးလျှင် တရားကို အားထုတ်သည်ရှိသော် ဖြည့်ဆည်းပူးသော ပါရမီရင့်ပြီး ဖြစ်ရကား မကြာမြင့်မီပင် ရဟန္တာမိန်းမ ဖြစ်ပြီး၍ ဤဂါထာတို့ကို ဟောတော်မူ၏။

ဝိဘူသေတွာ ဣမံ ကာယံ၊ သုစိတ္တံ ဗာလလာပနံ။
အဌာသိံ ဝေသိ ဒွါရမှိ၊ လုဒ္ဒေါ ပါသ မိဝေါဍ္ဍိယံ။
ပိလန္ဓနံ ဝိဒံသေန္တီ၊ ဂုယှံ ပကာသိကံ ဗဟုံ။
အကာသိံ ဝိဝိဓံ မာယံ၊ ဥဇ္ဈဂ္ဃန္တီ ဗဟုံ ဇနံ။
သာဇ္ဇ ပိဏ္ဍံ စရိတွာန၊ မုဏ္ဍာ သံဃာဋိပါရုတာ။
နိသိန္နာ ရုက္ခမူလမှိ၊ အဝိတက္ကဿ လာဘိနီ။

သုစိတ္တံ၊ ဖြိုးလိမ်းပြုပြင် အဆင်တန်းဆာ ဆန်းကြယ်စွာသော။ ဗာလလာပနံ၊ လှသည်ယဉ်သည် တင့်တယ်သည်ဟု လူမိုက်တို့သာ ပြောဆိုကြသော။ ဣမံကာယံ၊ ကိုးပေါက်ဒွါရ ကိုးဝအပုပ် စက်ဆုပ်ဖွယ်လိ ရှုံဘွယ်ရှိသော ဤကိုယ်ကို။ ဝိဘူသေတွာ၊ ဖြိုးလိမ်းပြုပြင် တန်းဆာဆင်၍။ လုဒ္ဒေါ၊ သားမုဆိုးသည်။ ပါသံ၊ ကျော့ကွင်းကို။ ဩဍ္ဍိယံဣဝ၊ ထောင်ထားသကဲ့သို့။ အဟံပိ၊ ငါသည်လည်း။ ပါသံ၊ ကာမဂုဏ် ကျော့ကွင်းကို။ ဩဍ္ဍိယံ၊ သမင်အလား အမြင်မှားသော ယောကျ်ားတို့ကို မိအောင်ထောင်လျက်။ ဝေသိဒွါရမှိ၊ ပြည့်တန်းဆာမ နေအိမ်ဝ၌။ အဌာသိံ၊ ရပ်နေဘူးပြီ။

ဝိလန္တနံ၊ ခြေကျင်းလက်ကောက် အစရှိသော အဆင်တန်းဆာကို။ ဝိဒံသေန္တီ၊ ပြကာပြကာ။ ဂုယှံ၊ လျှို့ဝှက်ထားရာ ကိုယ်အင်္ဂါကို။ ဗဟုံ၊ ကြိမ်ဖန်များစွာ။ ပကာသိကံ၊ ပြကာပြကာ။ ဗဟုံ၊ များစွာသော။ ဇနံ၊ မြင်လာသသူယောကျ်ားလူကို။ ဥလ္လာပယန္တီ၊ ဖျက်စပစ်ခါ ပြုံးရယ်ကာဖြင့်။ ဝိဝိဓံ၊ အထူးထူးအပြားပြားသော။ မာယံ၊ မာယာကို။ အကာသိံ၊ ပြုလုပ်ခဲ့ဘူးလေပြီ။ သာအဟံ၊ ထိုငါသည်။ အဇ္ဇ၊ ယခု။ မုဏ္ဍာ၊ ဦးခေါင်းပြောင်စွာ ရိတ်ပြီးခါလျှင်။ သံဃာဋိပါရုတာ၊ ငါးထည်သင်္ကန်း ရုံဆင်မြန်းလျက်။ ပိဏ္ဍံ၊ တအိမ်တစလောင်း စုပေါင်းရေပွမ်း ဖြူးစပ်ဆွမ်းကို။ စရိတွာ၊ လှည့်လည်ခံယူ၍။ ရုက္ခမူလမှိ၊ တောမြိုင်အတွင်း သစ်ပင်ရင်း၌။ နိသိန္နာ၊ မြေချမ်းသာ နေထိုင်ကာလျှင်။ အဝိတက္ကဿ၊ ဝိတက်မရှိသော ဒုတိယဈာန် ဖလသမာပတ်ကို။ လာဘိနီ၊ ကောင်းစွာရသော ရဟန္တာသည်။ အမှိ၊ ငါဖြစ်ရလေပြီ။

[ပါရမီဆိုင်ရာ ကံဆိုင်ရာ အရှင် မဟာမောဂ္ဂလာန်ကို ချစ်ခင်၍ မာယာပြကာ ဖြားယောင်းမိရာတွင် မြိမ်းချောက် မောင်းမဲလျက် ဆုံးမသော တရားစကားကို ကြားနာရ၍ ပြည့်တန်ဆာမ အဖြစ်မှ ရဟန်းမိန်းမ ပြုလုပ်လျက် တရားကို အားထုတ်သဖြင့် ရဟန္တာမ အဖြစ်သို့ ရောက်ရလေသည်]။

ဝိမလာထေရီ အပဒါန်ဝတ္ထုပြီး၏။ [ဒွေကူနတိံသ ဝတ္ထု]။

ကာမဂုဏ်စိတ်ပူလှ၍ ကြိုးဆွဲချသေတော့မည် အပြုတွင် ရဟန္တာမဖြစ်သော သီဟာထေရီ၏ ဝတ္ထု

ဤသီဟာထေရီသည်ကား ဝေသာလီပြည်၌ ဘုရားအမှူးရှိသော သံဃာတော်တို့အား ပဝတ္တမံသဖြင့် ဆွမ်းကျွေးသော သီဟ အမတ်ကြီး၏ တူမအရင်း ဖြစ်သတည်း။ ထိုသီဟအမတ်ကြီးသည် ရှေးအခါ၌ နိဂဏ္ဍတိတ္ထိတို့ကို ကိုးကွယ် ဆည်းကပ်၍နေရာမှ မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးတော်တို့ကို ဝေသာလီ လိစ္ဆဝီမင်းအပေါင်းတို့၏ ချီးမွမ်းသံကို ကြားရာတွင် မြတ်စွာဘုရားအထံသို့လာ၍ တရားတော်ကိုနာ၏။ မြတ်စွာဘုရားသည် အစဉ်အတိုင်းသော တရားတော်ကို ဟောကြား၍ သောတာပန်တည်ပြီးမှ ဗုဒ္ဓပမုခ သံဃာကို ပင့်ဖိတ်၍ ပဝတ္တမံသဖြင့်

ဆွမ်းကျွေး၍ တရားတော်ကို နာရပြန်၏။ ထိုအခါ၌ သိဟအမတ်ကြီး၏ တူမဖြစ်သော သိဟသတို့သမီးသည်လည်း တရားတော်ကို နာရလျှင် သဒ္ဒါပသန္န ရှိလှသောကြောင့် အမိအဘတို့ကို ခွင့်တောင်း၍ ရဟန်း ဖြစ်မ ပြုလုပ်၍ ဝိပဿနာကို အားထုတ်သည်ရှိသော် အစမထင်သော သံသရာ အဆက်ဆက်တို့က ကျက်စား ပျော်ပါး နေကြဖြစ်သော ကာမဂုဏ်စိတ်တို့သည် ဝိပဿနာအာရုံကို ဘောင်ဖျက်၍ ထွက်ခွါ သွားသော ထိုကာမဂုဏ်စိတ်ကို တားဆည်းခြင်းငှါ မတတ်နိုင်ဘဲ ခုနစ်နှစ်တိုင်ကြာအောင် ကာမဝိတက် နှိပ်စက်သဖြင့် သက်သာရာ မရသောကြောင့် သဒ္ဒါပဇ္ဇဖြီ အမျိုးကောင်းသမီးသည် တည်းညည်း တညူညူ ပူလောင်နှိပ်စက်လှသော ကာမဂုဏ်စိတ်ယုတ်ဖြင့် အသက် ရှင်၍ နေသော်လည်း ဘယ်အကျိုးရှိတော့အံ့နည်း။ ငါသည် ကာမဂုဏ် ကို အလိုရှိ၍ ရဟန်းပြုသည် မဟုတ်ပါဘဲလျက် ကာမဂုဏ်စိတ်သည် ငါ့ကို လိုက်၍ နှိပ်စက်လှ၏။ ဝိပဿနာကို ရှုပါသော်လည်း ဝိပဿနာ အာရုံကို အခါခါဘောက်ဖျက်၍ နှိပ်စက်သော ကာမဂုဏ်စိတ်ဖြင့် အသက်ရှင်၍ ငါမနေလိုဟု ကြိုးကို ကိုင်ယူ၍ တောအတွင်းသို့ ဝင်ပြီး လျှင် တခုသော သစ်ခက်၌ ကြိုးကိုချည်၍ တဘက်သောကြိုးကွင်းကို လည်ပင်းတွင် စွပ်လေ၏။ ထိုခဏ၌ ကာမဂုဏ်စိတ် ကင်းပျောက်၍ ဝိပဿနာစိတ် ရောက်၍လာ၏။

> ပုဗ္ဗာစိဏ္ဏဝသေန ဝိပဿနာယ စိတ္တံ အဘိနိဟရိ။ အန္တိမ ဘဝိကတာယ ပါသဿ ဗန္ဓနံ ဂီဝင္ဂာနေ အဟောသိ။ ဉာဏ ပရိပါကံ ဂတတ္တာ။

ထေရီဂါထာ အဋ္ဌကထာ။

ပုဗ္ဗာစိဏ္ဏဝသေန၊ ရှေးက လေ့ကျက် ဘူးသည်၏ အစွမ်းဖြင့် ဝိပဿနာယ၊ ဝိပဿနာအာရုံ၌။ စိတ္တံ။ စိတ်သည်။ အဘိနိဟရိ၊ ရှေးရှု တည်၍ ဖြစ်လာ၏။ အန္တိမဘဝိကတာယ၊ အဆုံးဘဝ ဖြစ်လေသော ကြောင့်။ ပါသဿ၊ ကြိုးကွင်း၏။ ဗန္ဓနံ၊ ဖွဲ့ချည်ခြင်းသည်။ ဂီဝင္ဂာနေ၊ လည်ပင်းအရပ်၌။ အဟောသိ၊ ဖြစ်၏။ ဉာဏပရိပါကံ၊ ဉာဏ်ရင့် ခြင်းသို့။ ဂတတ္တာ၊ ရောက်သည်၏ အဖြစ်ကြောင့်။ ထိုသိဟာထေရီသည် ထိုခဏ၌ ဝိပဿနာကို ပွားစေ၍ ပဋိသမ္ဘိဒါနှင့်တကွ ရဟန္တာအဖြစ် သို့ ရောက်လေ၏။

အရဟတ္တံ ပတ္တသမကာလမေဝ ပါသဗန္ဓော ဂိဝတော မုဋ္ဌိတွာ
ဝိနိဝတ္တိ။ [ရှင်းအဋ္ဌကထာ]။

အရဟတ္တံ၊ ပူဇော်ထိုက်သော ရဟန္တာအဖြစ်သို့။ ပတ္တသမကာလ
မေဝ၊ ရောက်သည်နှင့်မျှသော ကာလ၌ပင်လျှင်။ပါသဗန္ဓော၊ကြိုးကွင်း
အထုံးအဖွဲ့သည်။ ဂိဝတော၊ လည်ပင်းမှ။ မုဋ္ဌိတွာ၊လွတ်၍။ ဝိနိဝတ္တိ၊
ပြေလေ၏။

ထိုသိဟာထေရီ အရှင်မသည် ဤဂါထာတို့ကို ဟောတော်မူ၏။

အယောနိသော မနသိကာရာ၊ ကာမရာဂေန အဋ္ဋိတား။
အဟောသိံ ဥဒ္ဓဋာ ပုဗ္ဗေ၊စိတ္တေ အဝသ ဝတ္တိနီ။
ပရိယုဋ္ဌိတာ ကွေသေဟိ၊ သုခသညာ နုဝတ္တိနီ။
သမံ စိတ္တဿ နာလဘိံ၊ ရာဂစိတ္တ ဝသာနုဂါ။

အယျာယော အရှင်မတို့။ အဟံ၊သိဟာအမတ်ကြီး၏ တူမဖြစ်သော
ငါသည်။ အယောနိသောမနသိကာရာ၊ မသင့်သောနှလုံးသွင်းကိုပြုမိ၍။
ကာမရာဂေန၊ ကာမရာဂဖြင့်။ အဋ္ဋိတာ၊ နှိပ်စက်သည်။ အဟောသိံ၊
ဖြစ်ဘူးပြီ။ ပုဗ္ဗေ၊ ရှေးအခါ၌။ ဥဒ္ဓဋာ၊ တပြင်ပြင် တသသ တက်ကြွဘူး
သောကြောင့်။ စိတ္တေ၊ စိတ်၌။ အဝသဝတ္တိနီ၊ မိမိလိုရာ ဝိပဿနာသို့
မလိုက်စေနိုင်ဘဲ။ ကွေသေဟိ-ကိလေသေဟိ၊ ကိလေသာတို့သည်။
ပရိယုဋ္ဌိတာ- ပရိဉဋ္ဌိတာ၊ တဘောင့်ထတ ထိုး ကျင့်လှသည်ဖြစ်၍၊
သုခသညာ နုဝတ္တိနီ၊ အကောင်း ထင်ရာ အစဉ်လိုက်သည်ဖြစ်၍။
ရာဂစိတ္တဝသာနုဂါ၊ ကာမရာဂ အလိုသို့ အစဉ် လိုက်၍ နေသော
ကြောင့်။ စိတ္တဿ၊စိတ်၏။ သမံ၊ ငြိမ်းအေးခြင်းကို။ နာလဘိံ၊ မရပါ။

တရားတော်ကို ရိုသေစွာ နာကြားကုန်သော ဘိက္ခုနီ အရှင်မတို့—
သိဟာထေရီအမည်ရှိသော တပည့်တော်မသည် ခုနစ်နှစ်ကြာအောင်
ကာမဂုဏ်စိတ်နှိပ်စက်သဖြင့်အသားအရေလျော့ပါးပိန်ချုံး၍သွားပါ၏။
နေ့ရက်ကာလ တခဏမျှ နေ့ရောညဉ့်ပါ ချမ်းသာမရ နှိပ်စက်လှ၍
ကြိုးကိုဆိုင်ကာ တောအတွင်းသို့ သွားပါ၏။

တတော ရဇ္ဇုံ ဂဟေတွာန၊ ပါဝိသိံ ဝနမန္တရံ။
ဝရံ မေ ဣဓ ဥဗ္ဗန္ဓံ၊ ယဉ္စ ဟီနံ ပုနာစရေ။
ဒဠှပါသံ ကရိတွာန၊ ရုက္ခသာခါယ ဗန္ဓိယ။
ပက္ခိပိံ ပါသံ ဂီဝါယံ၊ အထ စိတ္တံ ဝိမုစ္စိ မေ။

အဟံ၊ သီဟာထေရီ အမည်ရှိသော ငါသည်။ တတော၊ ထိုကာမရာဂ စိတ် နှိပ်စက်လျှ၍ သက်သာရာ မရခြင်းကြောင့်။ ရဇ္ဇုံ၊ ကြိုးကို။ ဂဟေတွာန၊ ယူ၍။ ဝနမဇ္ဈံ၊ တောအတွင်းသို့။ ပါဝိသိံ၊ ဝင်သွားလေပြီ။ မေ၊ ငါအား။ ဧတ၊ ဤတောအတွင်း၌။ ဥဗ္ဗန္ဓံ၊ ကြိုးဆွဲချ၍ သေရခြင်းသည်။ ဝရံ၊ မြတ်သေး၏။ ဟိနံ၊ ကာမရာဂစိတ်ကြောင့် ယုတ်နိမ့်သော လူ၏ အဖြစ်သို့။ ပုနာစရေ၊ တဖန်ပြန်၍ ထွက်ငြားအံ့။ ဝါ၊ ကာမရာဂမက်၍ လူထွက်ငြားအံ့။ ယဥ္စ ဝရံ၊ မမြတ်သည်သာတည်း။ ဧတံ၊ ဤသို့ကြံ၍။ ဒဠ္ဟပါသံ၊ မြဲခိုင်သော ကြိုးကွင်းကို။ ကရိတွာန၊ ပြုလုပ်၍။ ရုက္ခသာခါယ၊ သစ်ကိုင်း၌။ ဗန္ဓိယ၊ ဖွဲ့ချည်၍။ ပါသံ၊ ကွင်းကို။ ဂီဝါယံ၊ လည်ပင်း၌။ ပက္ခိပိံ၊ စွပ်ထည့်ဘူးပြီ။ အထ၊ ထိုအခါ၌။ မေ၊ ငါ၏။ စိတ္တံ၊ စိတ်သည်။ ဝိမုစ္စိ၊ ဝိပဿနာ အဆက်ဆက် ဖြစ်ပျက်ထင်လာ ကိလေသာ၃ ကောင်းစွာ လွတ်ကင်း၍သွား၏။

သီဟာထေရီအပဒါန်ဝတ္ထုပြီး၏။ ။[တိံသဝတ္ထု]။

နန္ဒုတ္တရာထေရီအပဒါန်ဝတ္ထု

ကုရုတိုင်း ကမ္မာသဒမ္မနိဂုံး ဗြာဟ္မဏမျိုး ပုဏ္ဏားသမီး ဖြစ်ကုန်သော နန္ဒုတ္တရာထေရီ မိတ္တကာဠီထေရီ ရဟန္တာအရှင်မ နှစ်ပါးတို့တွင် နန္ဒုတ္တရာထေရီ အရှင်မသည် သာသနာတော်၌ ရဟန်းမိန်းမ မပြုလုပ်မီ ရှေးအတိုင်း၌ နိဂဏ္ဌတိတ္ထိ ပရိဗိုဇ်မတို့၏အထံ၌ ပရိဗ္ဗာဇက ပရိဗိုဇ်မ ပြုလုပ်၍ ကုဏ္ဍလကေသာကဲ့သို့ ဇမ္ဗုသပြေခက်ကို ဆောင်ယူ၍ အယူဝါဒယှဉ်ပြိုင်ရန် လှည့်လည်၍ နေစဉ်တွင် အရှင်မောဂ္ဂလာန်နှင့် တွေ့၍ ပုစ္ဆာမေးလျှောက်၍ သာသနာတော်၌ ရဟန်းမိန်းမ ပြုလုပ်ပြီးသော် ရဟန္တာမအဖြစ်သို့ ရောက်၍ ဤဂါထာကို ပေါ်တော်မူ၏။

ဝိဘူသမဏ္ဍနရတာ၊ နှာပနုစ္ဆာဒနေဟိစ။
ဥပကာသိ ဣမံ ကာယံ၊ ကာမရာဂေန အဋ္ဋိတာ။

ဝိဘူသနမဏ္ဍနရတာ၊ တန်းဆာဆင်ခြင်း ပြီးလိမ်းခြင်းတို့၌ ပျော်မွေ့ သည်ဖြစ်၍။ ကာမရာဂေန၊ ကာမရာဂဖြင့်။ အဋ္ဋိတာ၊ ပူလောင် နှိပ်စက် သည်ဖြစ်၍။ ဝါ၊ ကာမရာဂ ပူလောင်လှသောငါသည်။ နှာပနုစ္ဆာဒနေဟိစ၊ ရေချိုးခြင်း နှိပ်နယ်ခြင်းတို့ဖြင့်လည်း။ ဣမံကာယံ၊ ဤကိုယ်ကို။ ဥပကာသိ၊ တပြင်ပြင် တသသနေ၏။

တတော သန္တိံ လဘိတွာန၊ ပဗ္ဗဇိံ အနဂါရိယံ။
ဒိသွာ ကာယံ ယထာဘူတံ၊ ကာမရာဂေါ သမူဟတော။
တတော၊ ထိုအရှင်မဟာမောဂ္ဂလာန်နှင့် တွေ့ရသောကြောင့်။ သဒ္ဓံ၊ သဒ္ဓါတရားကို။ လဘိတွာန၊ ရ၍။ အနဂါရိယံ၊ အိမ်ထောင်မပြုသော သာသနာတော်၌။ ပဗ္ဗဇိံ၊ ရဟန်းပြု၏။ ကာယံ၊ ကိုယ်ကို။ ယထာဘူတံ၊ ဟုတ်တိုင်းမှန်စွာ။ ဒိသွာ၊ ဖြစ်ပျက်ထင်ထင် ကောင်းစွာမြင်၍။ ကာမရာဂေါ၊ ကာမရာဂကို။ သမူဟတော၊ ပယ်ဖျက်နိုင်လေပြီ။
နန္ဒုတ္တရာထေရီ အပဒါန်ဝတ္ထုပြီး၏။ ။[ကေတိ်သဝတ္ထု]။

မိတ္တကာဠိထေရီ အပဒါန်ဝတ္ထု

မိတ္တကာဠိသည်ကား မြတ်စွာဘုရားသည် ကုရုတိုင်း ကမ္မာသဒမ္မနိဂုံး၌ မဟာသတိပဋ္ဌာနသုတ်ကို ဟောတော်မူရာတွင် သဒ္ဓါကြည်ညိုခြင်းဖြင့် ရဟန်းမိန်းမပြုလုပ်၍ ခုနစ်နှစ်ပတ်လုံး လာဘသက္ကာရကို စုံမက်လိုက်စားလျက် အိပ်ခါစားခါ ပေါ့ပေါ့တန်တန်နေရာမှ သံဝေဂစိတ် ဖြစ်ပေါ်လာ၍ ကမ္မဋ္ဌာန်းကိုအားထုတ်လျက် ရဟန္တာမဖြစ်ကြောင်းကို ပြန်ပြောင်းဇာတ်လှန်ကာ ဤဂါထာတို့ကို ဟောတော်မူ၏။
အဟံ၊ ငါသည်။ သဒ္ဓါယ၊ သဒ္ဓါတရားဖြင့်။ ပဗ္ဗဇိတွာန၊ ရဟန်းမိန်းမပြုပြီး၍။ လာဘသက္ကာရဉသုက္ကာ၊ လာဘ်လာဘ၌ လုံ့လစိုက်လျက်။ တေနတေန၊ ထိုထိုဗဟုသုတစကား တရားဟောကြားခြင်းဖြင့်။ ဝိစရိံ၊ ပစ္စည်းလာဘ်ကိုရှာလျက် လှည့်လည်ကာ နေမိလေပြီ။ (တေန တေန ဗာဟုသစ္စေန ဓမ္မကထိကာဒိနာ လာဘုပ္ပါဒဟေတုနာ ဝိစရိံ) ထိုထိုဗဟုသုတဖြင့် အသံချိုစွာ လာဘ်ကိုရှာလျက် ဆရာလုပ်ခဲ့ဘူးလေပြီ၊ ။[ထေရီဂါထာ-၁၈၄]။
ပရမံအတ္ထံ၊ ဖြစ်ပျက်ရှုခြင်း မဂ်ဖိုလ်စသော မြတ်သော အကျိုးကို မုဥ္စိတွာ၊ ကင်းကွာစေ၍။ ဟီနမတ္ထံ၊ ပစ္စည်းလာဘ အာမိသ၌ နှိမ့်ချသော အကျိုးကို။ အသေဝိတံ၊ ပစ္စည်းကိုသာ ရအောင်ရှာလျက် မှီခါကပ်ခါ နေဘူးလေပြီ။ အဟံ၊ ငါသည်။ ကိလေသာနံ၊ အလိုယုတ်မာ ကိလေသာတို့၏။ ဝသံဂတွာ၊ အလို အကြိုက်စိတ်ကိုလိုက်၍။ သာမညတ္ထံ-သမဏကိစ္စံ၊ ရဟန်းကိစ္စကို။ နိရဇ္ဇိ-နဇာနိ၊ လာဘ်ကို လိုက်မိ မောဟတိ၍ မသိရှာလေ။

မိတ္တာကာဠီ ထေရီအရှင်မသည် ဤကဲ့သို့ အသံချိုစွာ တရားဟော ကာဖြင့် ဆရာအလုပ်ဖြင့် လာဘ်ကို ရှာလျက်နေရာမှ သံဝေဂ ဖြစ်လာ ကြောင်းကို ဤဂါထာတို့ဖြင့် ဟောပြတော်မူပြန်၏။

တဿာမေ အာဟု သံဝေဂေါ၊ နိသိန္နာယ ဝိဟာရကေ။
ဥမ္မဂ္ဂပဋိပန္နမှိ၊ တဏှာယ ဝသ မာဂတာ။
အပ္ပကံ ဇီဝိတံ မယှံ၊ ဇရာ ဗျာဓိ စ မဒ္ဒတိ။
ပုရာယံ ဘိဇ္ဇတိ ကာယော၊ နမေ ကာလော ပမဇ္ဇိတုံ။

တဿာမေ၊ အသံချိုစွာ ဟန်မူရာနှင့် ဂါထာအနက် ကျက်ခါရွတ်ခါ ဟောပြောခါဖြင့် လာဘ်ကိုရှာ၍ နေသောသိုငါသည်၊ ဝိဟာရကေ၊ မိမိ တိုက်ခန်းကျောင်းကလေး၌။ နိသိန္နာယ၊ နေစဉ်။ သံဝေဂေါ၊ ထိတ်လန့် ခြင်း သံဝေဂသည်။ အဟု၊ ဖြစ်ပေါ်လာ၏။ ကထံ၊ အဘယ်သို့ ဖြစ်ပေါ် သနည်းဟူမူကား။ အဟံ ငါသည်။ တဏှာယ၊ ပစ္စည်းတဏှာ စိတ်ယုတ် မာ၏။ ဝသံ၊ အလိုနိုင်ငံသို့။ အာဂတာ၊ လိုက်စားလျက်။ ဥမ္မဂ္ဂပဋိပန္နာ၊ အသံချိုစွာ ဟန်မူရာနှင့် ဆရာယပ်လှဲ့ အကျင့်နဲ့လျက် လမ်းလွဲ လမ်း ကောက် သွားရောက်လိုက်စား မိုက်မှား ချွတ်ချော်၍ နေသည်။ အမှိ၊ ဖြစ်ချေပြီတကား။ မယှံ၊ ငါ၏။ ဇီဝိတံ၊ အသက်သည်။ အပ္ပကံ၊ အနည်း ငယ်မျှသာရှိ၏။ ဇရာဗျာဓိစ၊ တနေ့ရွေ့ရွေ့ တနေ့တခြား အို၍ သွားခြင်း ဖျားနာခြင်းသည်လည်း။ မဒ္ဒတိ၊ နှိပ်စက်ချေ၏တကား။ အယံကာယော၊ ဤကိုယ်သည်။ ပုရာဘိဇ္ဇတိ မပျက်စီးမီ။ မေ၊ ငါအား။ ပမဇ္ဇိတုံ၊ မေ့လျော့ ခြင်းငှါ။ နကာလော၊ အခါမဟုတ်ချေ။

ဤသို့ သံဝေဂဖြစ်ပေါ်လာသော မိတ္တာကာဠီထေရီသည် အဆင်း အသံ အနံ့ အရသာ ကြမ်းချောခံ တောင့်တင်း တွန်းထိုးပူဇွေးသော ဓာတ်သဘောတို့၏ ဖြစ်ခြင်းပျက်ခြင်းကိုနှုလုံးသွင်းလျက် ဝိပဿနာရှု၍ ရဟန္တာမဖြစ်ကြောင်းကို ဤဂါထာဖြင့် ဟောပြတော်မူပြန်၏။

ယထာဘူတံ အဝေက္ခန္တီ၊ ခန္ဓာနံ ဥဒယဗ္ဗယံ။
ဝိမုတ္တစိတ္တာ ဥဋ္ဌာသိံ၊ ကတံ ဗုဒ္ဓဿ သာသနံ။

အယျာယော၊ တရားဘောနာ လာကြကုန်သော အရှင်မတို့။ အဟံ၊ မိတ္တာကာဠီ ငါထေရီသည်။ ခန္ဓာနံ၊ အဆင်း အသံ အနံ့ အရသာ ရုပ် ခန္ဓာတို့၏။ ဥဒယဗ္ဗယံ၊ ဖြစ်ခြင်းပျက်ခြင်းကို။ ယထာဘူတံ၊ ဟုတ်တိုင်း မှန်စွာ။ အဝေက္ခန္တီ၊ ဆင်ခြင်ကြည့်ရှုနှုလုံးပြုလျက်။ ဝိမုတ္တစိတ္တာ၊ တဏှာမှ

ကင်းလွတ်သော စိတ်ရှိလျက်။ ဥဒ္ဒာသိ၊ အောင်မြင် ထမြောက်လေပြီ။ ဗုဒ္ဓသ၊ မြတ်စွာဘုရား၏။ သာသနံ၊ ဆုံးမတော်မူသော သာသနာတော်ကို။ ကတံ၊ဘုရားအကြိုက် ပြုထိုက်သဖြင့် ပြုကျင့်ရလေပြီ။ ဝါ၊ သာသနာပြု၍ သွားလေပြီ။

[ဤနန္ဒုတ္တရာနှင့် မိတ္တာကာဠီ ထေရီတို့သည် ကုရုတိုင်း ကမ္မာသဒမ္မနိဂုံးနေ ဗြာဟ္မဏမျိုး ပုဏ္ဏားသွီးတွေ ဖြစ်ကြကုန်၏]။

မိတ္တာကာဠီ ထေရီ အပဒါန်ဝတ္ထု ပြီး၏။

[ဧကတ္တိံသဝတ္ထု]

ပဋာစာရီ ထေရီ၏ တပည့်မ ငါးရာကျော်တို့ ရဟန္တာဖြစ်ကြောင်း

ပဋာစာရီ ထေရီ၏ တပည့်ငါးရာကျော်တို့တွင် သုံးကျိပ်မျှလောက်ကုန်သော မိန်းမတို့သည် ရှေးရှေးဘုရားတို့၏ အထံတော်၌ ဖြည့်ကျင့်ခဲ့ဘူးသော ပါရမီကံ စိမ်·တိုက်တွန်းသည်ဖြစ်၍ ပဋာစာရီ အထံသို့ အညီအညွတ် လာကြပြီးလျှင် စင်ကြယ်သော သီလဖြင့် ဝတ်ကြီး ဝတ်ငယ်ဘို့ကို ဖြည့်ကျင့်၍ နေကြကုန်၏။ တနေ့သ၌ ပဋာစာရီထေရီသည် ထိုသုံးကျိပ်မျှလောက်သော တပည့်မတို့ကို ဤသို့ ဆုံးမလေ၏ အိုတပည့်မအပေါင်းတို့ အချို့သော လူတို့သည် ကျည်ပွေ့ကိုကိုင်၍ ဆုံ၌ စပါးကို ထောင်း၍ သားမယား ကျွေးနိုင်အောင် ဥစ္စာကို ရကြကုန်၏။ သာသနာတော်၌ ရဟန်းအလုပ်ဖြင့်နေကြကုန်သော သင်တို့သည်လည်း တရားကို အားထုတ်၍ ပြုလုပ်ကြလျှင် မဂ်ဖိုလ်တည်းဟူသော ဥစ္စာကို ရရာ၏။ ယခုပင် လျင်မြန်စွာ ခြေတို့ကို ဆေးကြောကြ၍ မျက်နှာသစ်ကြ၍ ခံတွင်းကို လုပ်ကျင်းခါ စင်ကြယ်အောင် ဆေးကြော၍ သန့်ရှင်းသော ကိုယ်ဖြင့် ဆိတ်ငြိမ်သောနေရာ၌ နေ၍ တရားအားထုတ်ကြကုန်လော့ဟု ဆုံးမ၍ ထို ရဟန်းမိန်းမတို့သည် ပဋာစာရီထေရီ ဆုံးမသည့်အတိုင်း ဆိတ်ငြိမ်ရာသို့သွား၍ တရားကို အားထုတ်သည်ရှိသော်ဉာဏ်ရင့်ခြင်းသို့ ရောက်သည့်၏ အဖြစ်ကြောင့်၎င်း၊ ပါရမီ အကြောင်း ဖြည့်ဖုံသည့်၏ အဖြစ်ကြောင့်၎င်း ပဋိသမ္ဘိဒါနှင့်တကွ ရဟန္တာဖြစ်ကြကုန်၍ ဤသို့ ဥဒါန်းကျူးကြကုန်၏။

ရုန္ဓံဝ ဒေဝါ တိဒသာ၊ သံဂါမေ အပရာဇိတံ။
ပုရေက္ခိတွာ ဝိဟာရိဿာမ၊ တေဝိဇ္ဇမှ အနာသဝါ။

သံဂါမေ၊ စစ်မြေပြင်၌။ အပရာဇိတံ၊ သူတပါးတို့ မအောင်နိုင်သော။ ရုန္ဒံ၊ သိကြားမင်းကို။ တိဒသာ၊ တာဝတိံသာ၌ နေကုန်သော။ ဒေဝါ၊ နတ်တို့သည်။ ပုရေက္ခိတွာ၊ ခြံရံ၍။ ဝိဟာရိ သုဇာဝ၊ နေကြကုန်သကဲ့သို့။ မယံ၊ တပည့်တော်မတို့သည်။ ပုရေက္ခိတွာ၊ ပဋာစာရီထေရီ အရှင်မကို ခြံရံကုန်လျက်။ ဝိဟာရိဿာမ၊ နေကြပါကုန်အံ့။မယံ၊ တပည့်တော်မတို့သည်။ အနာသဝါ၊ အာသဝေါကင်းသော ရဟန္တာမဖြစ်ကုန်၍။ တေဝိဇ္ဇာ၊ ဝိဇ္ဇာသုံးပါးကို ရကြကုန်သည်။ အမှ၊ ဖြစ်ရပါကုန်၏။ ။
ဤသို့ ဥဒါန်းကျူး၍ ပဋာစာရီထေရီကိုခြံရံကာနေကြလျက် ပဋာစာရီ၏ ဂုဏ်ကျေးဇူးကို ချီးမွမ်းကြကုန်၏။

ပဋာစာရီ၏ တပည့်မ ငါးရာကျော်တို့ အပဒါန်ဝတ္ထုပြီး၏။

[တေတ္တိံသဝတ္ထု။]

စန္ဒာထေရီ၏ အပဒါန်ဝတ္ထု

ပဋာစာရီ၏တပည့်မ စန္ဒာအမည်ရှိသော ရဟန်းမိန်းမသည်လည်း ဗြာဟ္မဏမျိုး ပုဏ္ဏားသို့ဖြစ်၍ ငယ်စဉ်ကပင်လျှင် တဆွေလုံးတမျိုးလုံး အဟိဝါတရောဂါဖြင့် သေဆုံးပျက်စီး၍ ကုန်သောကြောင့် ခွက်လက်စွဲ၍ ဆင်းရဲစွာ သွားလာလှည့်လည်၍ တောင်းစားရ၏။ ဝတ်စရာမရှိ စားစရာမရှိ ခွက်တလုံး တုတ်တချောင်းနှင့်တောင်းစား၍နေရ ချနစ်နှစ်ကြာသောအခါ ကံအားလျော်စွာ ပဋာစာရာထေရီ ဆွမ်းစားသော နေရာသို့ ရောက်လာ၍ သနားကရုဏာ ရှိကြသော ပဋာစာရီ၏ တပည့်မ ဘိက္ခုနီတို့သည် ဆွမ်း ဟင်းကျန်တို့ဖြင့် ကျွေးထားကုန်၏။ ထိုစန္ဒာမည်သော သူဆင်းရဲမသည် ဘိက္ခုနီမတို့၏ ဆွမ်းကြွင်း ဟင်းကြွင်းကို စားသောက်၍ မနီးမဝေး၌ သာလျှင် သွားလာလှည့်လည်၍ နေရာ ဘိက္ခုနီမတို့၏ အကျင့်သီလ၌ ကြည်ညိုခြင်းဖြစ်၍ ပဋာစာရီအထံသို့ ဆည်းကပ်ပြီးလျှင် သင့်တင့်ရာ၌ ထိုင်နေ၏။ ပဋာစာရီသည် ဆည်းကပ်လာသော သူဆင်းရဲမအား တရားဟော၏။ တရားကို နာရလျှင် ပါရမီရှိသည့် အားလျော်စွာ သံသရာဆင်းရဲတို့ကို ကြောက်

လန့်ခြင်းသံဝေဂစိတ်ဖြစ်၍ ရဟန်းမိန်းမ ပြုပြီးလျှင် ပဋာစာရီ၏ ဆုံးမ ဩဝါဒ၌တည်၍ ဝိပဿနာကိုအားထုတ်လျှင် ရဟန္တာမဖြစ်၍ဥပဇ္ဈာယ် ဆရာဖြစ်သော ပဋာစာရီထေရီ၏ ဂုဏ်ကျေးဇူးကို ဆိုလျက် ဤဂါထာ ကို ရွတ်၏။

ဒုဂ္ဂတာဟံ ပုရေ အာသိံ၊ ဝိဓဝါစ အပုတ္တိကာ။
ဝိနာ မိတ္တေဟိ ဉာတီဟိ၊ ဘတ္တစောဠဿ နာဓိဂံ။
သာစ မံ အနုကမ္ပာယ၊ ပဗ္ဗာဇေသိ ပဋာစာရာ။
တတော မံ ဩဝဒိတွာန၊ ပရမတ္ထေ နိယောဇယိ။
တဿာ ဟံ ဝစနံ သုတွာန၊ အကာသိံ အနုသာသနိံ။
အမောဃော အယျာယော ဝါဒေါ၊ တေဝိဇ္ဇမှိ အနာသဝါ။

ထေရီဂါထာပါဠိတော်-၁၉၆။

အယျာယော၊ သာသနာတော်ထမ်း ရဟန်းမိန်းမ ပြုလုပ်ကြသူ ဘိက္ခုနီလျှ အရှင်မတို့။အဟံ၊ စန္ဒာမည်သော် တပည့်တော်မသည်။ပုရေ၊ ရဟန်းမပြုမီ ရှေးအတိုကာလ လူဘဝ၌။ ဒုဂ္ဂတာ၊ ခွက်တလုံး တုတ် တချောင်းနှင့် တောင်းစားရသော ဆင်းရဲမသည်။ အာသိံ၊ ဖြစ်ရဘူး လေပြီ။ ဝိဓဝါစ၊ လင်သေ၍၎င်း။ အပုတ္တိကာစ၊ သားသမီးပျက်ပြုန်း အကုန်ဆုံး၍၎င်း။ မိတ္တေဟိစ၊ မိတ်ဆွေတို့မှ၎င်း။ ဉာတီဟိစ၊ ဆွေမျိုး တို့မှ၎င်း။ ဝိနာ၊ ကွဲကွာကွေကွင်း ပျက်စီးခြင်းကြောင့်။ဘတ္တစောဠဿ၊ ထမင်းစားရုံ ဝတ်ရုံမျှ။ နာဓိဂံ-နအဓိဂံ၊ အပိုအလျှံ လဲလှယ်ရန်မျှ မရှိပါလေ။ (ခါးမှာဝတ်သော အဝတ်မှတပါး အပိုလဲစရာ မရှိဟူလို)။ ပဋာစာရာ၊ ပဋာစာရီ အမည်တော်ရှိသော။ သာစ၊ ထိုထေရီအရှင်မ သည်ကား။ မံ၊ တပည့်တော်မကို။ အနုကမ္ပာယ၊ အစဉ်သနားခြင်း ရှိသဖြင့်။ ပဗ္ဗာဇေသိ၊ ရဟန်းပြုပေ၏၊ တတော၊ ထိုရဟန်းပြုပြီးမှ။ မံ၊ တပည့်တော်မကို။ ဩဝဒိတွာန၊ တရားဟောပြ ဆိုဆုံးမ၍။ ပရမတ္ထေ၊ မြတ်သောအကျိုးစီးပွား၌၊ နိယောဇယိ၊ တိုက်တွန်းတော်မူပေ၏။အဟံ၊ စန္ဒာမည်သော် တပည့်တော်မသည်၊တဿာ၊ထိုပဋာစာရီ ထေရီမြတ်လှ အရှင်မ၏။ ဝစနံ၊ ဆုံးမ တိုက်တွန်းသော စကားကို။ သုတွာန၊ နားထောင်၍။ အနုသာသနံ၊ ဆုံးမတော်မူသော ဩဝါဒကို။ အကာသိံ၊ လိုက်နာ၍ပြုပါ၏၊ အယျာယ၊ ပဋာစာရီ ထေရီမြတ်လှအရှင်မ၏၊ဩဝါဒေါ၊ ဆုံးမဟောကြား ပြောစကားသည်။ အမောဃော၊ အကျိုးမပြီး

အချည်းနှီးမဟုတ်ပါ။ အမောသော၊ ကျေးဇူးမများအလကားမဟုတ်ပါ။ အဘုံ·စန္ဒာမည်ခေါ် တပည့်တော်မသည်။ အနာသဝါ၊ အာသဝေါကင်းသည်ဖြစ်၍။ တေဝိဇ္ဇာ၊ ဝိဇ္ဇာသုံးပါးကိုရသည်။ အဒ္ဓါ၊ ဖြစ်ရပါ၏။

ပဋာစာရီ၏ တပည့် စန္ဒာထေရီ၏ အပဒါန်ဝတ္ထု ပြီး၏။

[စတုတ္ထံလ ဝတ္ထု]။

ပါရမီဖြည့်ဘက် ငါးရာသော ထေရီမတို့၏ အပဒါန်ဝတ္ထု

ရှေးရှေးသော မြတ်စွာဘုရားတို့၏ အထံတော်၌ ပါရမီဖြည့်ဘက် ဖြစ်ကြကုန်သော အမျိုးသမီးငါးရာတို့သည် အရွယ်ရောက်သဖြင့် မိဘတို့က ထိမ်းမြားလက်ထပ်သော လင်ယောကျ်ားအိမ်သို့ ရောက်ကြကုန်၍ သားသမီး ရကြကုန်လျက် ဃရာဝါသ အိမ်ထောင်မှု ကိစ္စဖြင့် နေကုန်စဉ် သားသမီး သေဆုံးကြကုန်၍ သောက နှိပ်စက်သဖြင့် ပူဆွေးကြကုန်သော ထိုမိန်းမငါးရာတို့သည် ပဋာစာရီ ထေရီအထံသို့ ဆည်းကပ်ရောက်လာကြ၍ ရိုသေစွာ ရှိခိုးလျက် သင့်အင့်ရာ၌ ထိုင်နေကြပြီးလျှင် မိမိတို့ တွေ့ကြုံရသော ပူဆွေးဒုက္ခ အကြောင်းတို့ကို လျှောက်ကြားကြကုန်၏။ ပဋာစာရီသည် ထိုသားဆုံး၍ သောကနှိပ်စက်သော မိန်းမငါးရာတို့ကို တရားဟော၍ ရဟန်းမိန်းမ ပြုလုပ်ကြကုန်ပြီးလျှင် တရားကိုအားထုတ်၍ ငါးရာလုံး ရဟန္တာမဖြစ်ကြကုန်၏။

ငါးရာသောထေရီတို့၏ အပဒါန်ဝတ္ထု ပြီး၏။ ။[ပဉ္စတ်ံသဝတ္ထု]။

ဝါသိဋ္ဌီထေရီ၏ အပဒါန်ဝတ္ထု

ဝေသာလီပြည်၌ ဝါသိဋ္ဌီအမည်ရှိသော အမျိုးသမီးသည် အရွယ်ရောက်၍လင်ယောကျ်ားအိမ်သို့ မိဘတို့ကပို့လျှင် ထိုလင်ယောကျ်ားနှင့် ချမ်းသာစွာနေလျက် သားတယောက်ရ၍ ပြေးသွားနိုင်သော အခါ ထိုသားသည်သေဆုံးသဖြင့် ပဋာစာရီကဲ့သို့ သောကမွှန်က သောကလွန်ကျူး၍ ရူးသွပ်ခြင်းသို့ရောက်လျက် အဝတ်မကပ် လှည့်ပတ်လိုရာ သွားလာလှည့်လည်၍နေရာ မိထိလာပြည်သို့ ရောက်လာ၏။ ထိုအခါ၌ ဒေသစာရီ ကြွချီတော်မူသော မြတ်စွာဘုရားကိုမြင်လျှင် မြင်သည်နှင့် တပြိုင်နက် မြတ်စွာဘုရား တန်ခိုးတော်အားဖြင့် ရူးသွပ်ခြင်း ကင်း

ပျော်လျက် ပကတိစိတ်ဖြင့် သတိတရားရလာလျှင် မြတ်စွာဘုရားသည် အကျဉ်းအားဖြင့် တရားပြတော်မူလျှင် မြတ်စွာဘုရားအထံ၌ ရဟန်းပြုရန် ခွင့်တောင်း၍ မြတ်စွာဘုရားသည် ခေါ်ဆောင်၍ ရဟန်းမိန်းမများ အထံသို့ ပို့တော်မူ၏။ ရဟန်းမိန်းမများအထံသို့ ရောက်လျှင် ရဟန်းပြု၍ ဖြစ်ပျက်ကိုရှုလျှင် ရင့်ပြီးသော ပါရမီရှိရကား မကြာမြင့်မီ ရဟန္တာမအဖြစ်သို့ ရောက်လေ၏။ ရဟန္တာမဖြစ်ပြီး၍ မိမိ အဖြစ်ကို ဤဂါထာဖြင့် ဟောပြတော်မူ၏။

ပုတ္တသောကေန ဟံ အဋ္ဋာ၊ ခိတ္တစိတ္တာ ဝိသညိနီ။
နဂ္ဂါ ပကိဏ္ဏကေသီစ၊ တေန တေန ဝိစရိံ ဟံ။

အယျာယော၊ ရဟန်းမိန်းမပြုလုပ်ကြသူ ဘိက္ခုနီလှအရှင်မတို့။အဟံ၊ ဝါသိဋ္ဌီခေါ် တပည့်တော်မသည်။ ပုတ္တသောကေန၊ သားကိုလွမ်းရစိတ်သောကဖြင့်။ အဋ္ဋာ၊ နှိပ်စက်သည်ဖြစ်၍။ ခိတ္တစိတ္တာ၊ ပျံ့လွင့်သောစိတ်ရှိလျက်။ ဝိသညိနီ၊ ရူးသွပ်ခြင်းသို့ ရောက်၍ ဘောက်ပြန်သော အမှတ်သညာရှိလျက်။ နဂ္ဂါ၊ ခါးဝတ်မပါ ဗလာကိုယ်ထည်း အချည်းနှီးဖြစ်လျက်။ ပကိဏ္ဏကေသီ၊ မဖြီးလိမ်းနိုင် မထုံးနိုင်ဘဲ ဖရိုဖရဲ ကျဲသော ဆံပင်ရှိလျက်။ တေနတေန၊ ထိုထိုအရပ်သို့။ ဝိစရိံ၊ ခြေဦးတည့်ရာ လှည့်လည်ကာဖြင့် သွားလာရဘူးလေပြီ။

ဝါသိဋ္ဌီထေရီ အပဒါန်ဝတ္ထုပြီး၏။ ။[ဆတ္တိံသဝတ္ထု]။

အဝတ်တန်းဆာ နံ့သာလိမ်းကျံ ပြုပြင် တန်းဆာဆင်လျက် ရဟန္တာဖြစ်သော သုဇာတာ သူဌေးသမီးအကြောင်း

သာကေတမြို့၌ သုဇာတာ မည်သော သူဌေး သမီးသည် အရွယ်ရောက်လျှင် အမျိုးတူသော သူဌေးသားနှင့် ပေးစားလက်ထပ်၍ လင်ယောကျ်ား သူဌေးသား အိမ်သို့ လိုက်ပြီးလျှင် ချမ်းသာစွာ နေလျက် တနေ့သ၌ ဥယျာဉ်သို့သွား၍ များစွာသော အခြံအရံတို့ဖြင့် ခြံရံလျက် အဝတ်တန်းဆာ နံ့သာပန်းမာလ် လိမ်းကျံပြုပြင် တန်းဆာ ဆင်လျက် ဥယျာဉ်ကစားပြီး၍ ပြန်လာသောအခါ မြတ်စွာဘုရား သီတင်းသုံးတော်မူသော အဉ္စနဝန ကျောင်းတိုက်တော်သို့ ဝင်ပြီးလျှင် ရှိခိုးလျက် မြတ်စွာဘုရား အပါးတော်၌ ထိုင်နေ၏။ မြတ်စွာဘုရားသည် အဝတ်

တန်းဆာ နံ့သာပန်းမာလ် လိမ်းကျံပြုပြင် တန်းဆာဆင်၍ လာသော ထိုသူဌေးသမီး၏ ပါရမီဉာဏ်ရင့်ပြီးသည်ကို မြင်တော်မူ၍ ဒါနကထာ အစရှိသော အနုပုဗ္ဗိကထာ ဒေသနာကို ဟောကြားတော်မူပြီး၍ ကလ္လစိတ္တဖြစ်သောအခါ သာမုက္ကံသိက ကိုယ်တော်မှ အသီးထုတ်အပ်သော ဓမ္မဒေသနာဖြင့်သစ္စာလေးပါးကို ပြတော်မူလျှင် ပါရမီဉာဏ် ထက်သန်ရင့်မာခြင်းကြောင့် ၎င်း မြတ်စွာဘုရား တရားဟောကောင်းမွန်တော်မူခြင်းကြောင့်၎င်း (ယထာနိသိန္နာ၀ သဟ ပဋိသမ္ဘိဒါဟိ အရဟတ္တံ ပတ္တာ) အဝတ်တန်းဆာ နံ့သာပန်းမာလ် လိမ်းကျံပြုပြင် တန်းဆာဆင်လျက် မြတ်စွာဘုရား၏ အပါးတော်၌ ထိုင်နေစဉ် ပဋိသမ္ဘိဒါနှင့်တကွ ရဟန္တာမဖြစ်၍ သွားလေ၏။ စိတ်မှာကား ရဟန္တာ၊ အဝတ်မှာကား လူမိန်းမအဝတ် ဝတ်လျက်ပင်လျှင် ဆင်သော တန်းဆာတို့နှင့် တကွ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် အိမ်သို့ ပြန်သွား၍ လင်ယောကျ်ားကို၎င်း အမိအဘကိုတို့၎င်း ခွင့်တောင်းရမည့် ဝတ္တရားရှိသည့်အတိုင်း ခွင့်တောင်း၍ မြတ်စွာဘုရား၏ အာဏာတော်ဖြင့် ဘိက္ခုနီကျောင်းတိုက်သို့သွား၍ ဘိက္ခုနီ ပြုလုပ်ပြီးလျှင် ဥဒါန်းကျူးကာ ချမ်းသာစွာနေရလေသတည်း။

ဤ သုဇာတာ ထေရီ သည် ရှေးရှေး ကာလ ဘဝများစွာတို့က ဝိပဿနာကမ္မဋ္ဌာန်းကို ကြိမ်ဖန်များစွာ ရှုဘူးသောကြောင့် အဝတ်တန်းဆာ နံ့သာပန်းမာလ် လိမ်းကျံပြုပြင် တန်းဆာဆင်လျက်ပင်လျှင် ရဟန္တာဖြစ်ပြီးမှ ထိုအဝတ်တန်းဆာတို့ကို စွန့်၍ သင်္ကန်းကိုဝတ်လျက် ရဟန်းမိန်းမ ပြုလုပ်၏၊ အခြားသော ရဟန်းမိန်းမတို့ကဲ့သို့ ကမ္မဋ္ဌာန်း စီးဖြန်းဘွယ်ကိစ္စ မရှိပြီ။ ဤကား ထေရီမအထူးတည်း။ ထိုအကြောင်းကို ထင်စွာပြလို၍ ဤထေရီဂါထာတို့ကို ဟောတော်မူသတည်း။

အလင်္ကတာ သုဝသနာ၊ မာလိနီ စန္ဒနောက္ခိတာ။
သဗ္ဗာဘရဏသဉ္ဆန္နာ၊ ဒါသိဂဏပုရက္ခတာ။
(အန္နပါနံစ အာဒါယ၊ ခဇ္ဇံ ဘောဇ္ဇံ အနပ္ပကံ။
ဂေဟတော နိက္ခမိတွာန၊ ဥယျာနမဘိဟာရယိံ)။
သုတွာစ ခေါ မဟေသိဿ၊ သစ္စံ သမ္ဗုဒ္ဓိဝိဇ္ဈဟံ။
တတ္ထေဝ ဝိရဇံ ဓမ္မံ၊ ဖုသယိံ အမတံ ပဒံ။

တတော ဝိညာတသဒ္ဓမ္မာ၊ ပစ္စတ္တိံ အနုဂါရိယံ။
တိဿော ဝိဇ္ဇာ အနုပ္ပတ္တာ၊ အမောဃံ ဗုဒ္ဓသာသနံ။

အယျာယော၊ သာသနာတော်ထမ်း ရဟန်း မိန်းမ ပြုလုပ်ကြသူ ဘိက္ခုနီလှ အရှင်မတို့။ အဟံ၊ သုဇာတာခေါ် တပည့်တော်မသည်။ အလင်္ကတာ၊အဝတ်တန်းဆာ နံ့သာပန်းမာလ် လိမ်းကျံပြုပြင် တန်းဆာ ဆင်လျက်။ သုဝသနာ၊ ထဘီပုဝါ ကောင်းစွာ ဝတ်ရုံလျက်။ မာလိနီ၊ ပန်းကုံးပန်းခိုင် မွှေးကြိုင်ဝေဆာ နတ်ကညာသွင် တန်းဆာဆင်လျက်။ စန္ဒနောက္ခိတာ၊ စန္ဒကူးနီဖြူ မွှေးကြူထုံစွာ နံ့သာရည်ဝိန်း ကိုယ်လုံး လိမ်းလျက်။ သဗ္ဗာဘရဏသဉ္ဆန္နာ၊ လက်ကောက် ခြေကျင်း ဝင်းထိန် လှစွာ နံ့သာမွှေးထုံ လုံးစုံကိုယ်လုံး တန်းဆာဖုံးလျက်။ ဒါသိဂဏ ပုရေက္ခတာ၊ ဆွဲငါးဆွဲခြောက် ပျိုပေါက်အရွယ် နုနယ်ချောလှ ကျွန်မ များစွာ ခြံရံကာဖြင့်။ မဟောသိဿ၊ မြတ်စွာဘုရား၏။ သစ္စံ၊ ဖြစ်ချင် ဖြစ် မဖြစ်ချင်မဖြစ် သစ္စာလေးတန် တရားမှန်ကို။ သုတွာ၊ နာရ၍။ သမ္ပန္နိဝိန္ဒြိ၊ ဉာဏ်ဝိန်သွားဖြင့် ပိုင်းခြားထင်လင်း ထိုးထွင်းရှု၍ သိမြင် ရ၏။ တဒ္ဓေဝ၊ သုံးလူမြတ်ဖျား တရားဟောရာ ထိုအခါ၌ပင်လျှင်။ ဝိရဇံ၊ မြူကိလေသာ ကင်းဝေးစွာသော။ အမတံပဒံ၊ သေခြင်းကင်းရာ ဖြစ်သော။ ဓမ္မံ၊ လောကုတ္တရာတရားကို။ ဖုသယိံ၊ တွေ့ရောက်လေပြီ။ တတော၊ ထိုနောက်။ ဝိညာတသဒ္ဓမ္မာ၊ သိပြီးသောတရားရှိ သည်ဖြစ်၍။ အနုဂါရိယံ၊ ရဟန်းဘောင်၌။ ပဗ္ဗဇိံ၊ ရဟန်းမိန်းမ ပြုလုပ်ပြီ။ တိဿော ဝိဇ္ဇာ၊ ဝိဇ္ဇာသုံးပါးသို့။ အနုပ္ပတ္တာ၊ ရောက်ပြီ။ ဗုဒ္ဓသာသနံ၊ မြတ်စွာဘုရား သာသနာတော်သည်။ အမောဃံ၊ အကျိုးမပြီး အချည်းနှီး မဟုတ်ပါ။ အမောဃံ၊ ကျေးဇူးမများ အသကား မဟုတ်ပါ။

သုဇာတာထေရီအပဒါန်ဝတ္ထုပြီး၏။ [သတ္တတိံသ ဝတ္ထု]။

ရတနာကိုယ်လေး ရှစ်ဆပေး၍ သူဌေးသား မင်းအများတို့
လက်ဆောင်တင်ကာ တောင်းလာသူ များသော
သူဌေးသမီး အနောပမာအကြောင်း

ဤအနောပမာ ထေရီသည်လည်း ရှေးရှေးဘုရားတို့ အထံတော်၌ မင်္ဂလိုဖိုလ်နိဗ္ဗာန်ကို လိုချင်သောစိတ်ထားဖြင့် များစွာသောဘဝဘ္ဝိုက ဖြည့်ဆည်းပူးခဲ့သော ပါရမီအထူး ရှိလျက် ငါတို့ မြတ်စွာဘုရား

လက်ထက် သာကေတမြို့ မဏ္ဍအမည်ရှိသော သူဌေး၏ သမီးဖြစ်၍ အဆင်းအင်္ဂါ လက္ခဏာအားဖြင့် တူသောသူ မရှိရကား အနောပမာ ဟူသော အမည်ကို မှည့်ခေါ်ကြကုန်၏။ ထိုအကြောင်းကို ပြလို၍ ဤဂါထာကို ဟောတော်မူ၏။

ဥစ္စေ ကုလေ အဟံ ဇာတာ၊ ဗဟုဝိတ္တေ မဟဒ္ဓနေ။
ဝဏ္ဏရူပေန သမ္ပန္နာ၊ ဓီတာ မဏ္ဍဿ အတြဇာ။

အယျာယော၊ ဘိက္ခုနီလှ အရှင်မတို့။ အဟံ၊ အနောပမာ သညာ ဘွဲ့ခေါ် တပည့်တော်မသည်။ ဗဟုဝိတ္တေ၊ အသုံးအဆောင် များပြောင် စွာသော။ မဟဒ္ဓနေ၊ ကုဋေလေးဆယ် ဥစ္စာကြွယ်သော။ ဥစ္စေ၊ မြင့်မြတ်သော။ ကုလေ၊ သူဌေးမျိုး၌။ ဇာတာ၊ ဖြစ်ရပါ၏။ ဝဏ္ဏရူပေန၊ အဆင်းရုပ်နှင့်။ သမ္ပန္နာ၊ ပြည့်စုံလျက်။ မဏ္ဍဿ၊ မဏ္ဍသူဌေး၏။ အတြဇာ၊ ရင်၌ ဖြစ်သော။ ဓီတာ၊ သမီးပါတည်း။

သာကေတပြည် မဏ္ဍသူဌေး၏သမီး အနောပမာသည် အဆင်းနှင့် ပြည့်စုံသဖြင့် တူသည်ပြိုင်၍ မှီနိုင်သူ မရှိအောင် ချောလှသော အကြောင်းသည် ကျော်စောပျံ့နှံ့သည်ဖြစ်၍ မဏ္ဍသူဌေးကြီး၏အထံသို့ များစွာကုန်သော သူဌေးသား မင်းသား မင်း အမတ် တို့သည် လက်ဆောင်ပဏ္ဏာတို့ဖြင့် တမန်စေလွှတ်၍တောင်းကြ၏။မဏ္ဍသူဌေးမင်း သင်၏သမီး အနောပမာကို ပေးပါလော့ ရတနာကိုယ်လေး ရှစ်ဆပေး ပါမည်ဟူ၍ တောင်းလာကြကုန်၏။ [ရတနာကိုယ်လေး ရှစ်ဆပေး မည်ဆိုသော စကား၏ အဓိပ္ပါယ်ကား အနောပမာကို ချိန်ခွင်၌တင်၍ ချိန်။တချိန်စီးလျှင် ရတနာရွှေငွေ ရှစ်ဆပေးပါမည် ဟူ၍ဆိုလိုသတည်း] ထိုအကြောင်းကို ထင်စွာပြလို၍ ဤဂါထာကို ဟောတော်မူ၏။

ပတ္ထိတာ ရာဇပုတ္တေဟိ၊ သေဋ္ဌိပုတ္တေဟိ ဂိဇ္ဈိတာ။
ဝိတု မေ ပေသယီ ဒူတံ၊ ဒေထ မယှံ အနောပမံ။
ယတ္တကံ တုလိတာ ဧသာ၊ တုယှံ ဓီတာ အနောပမာ။
တတော အဋ္ဌဂုဏံ ဒဿံ၊ ဟိရညံ ရတနာနိစ။

အယျာယော၊ ရှေးပါရမီ ပြည့်စုံညီလျက် ဘိက္ခုနီလှ အရှင်မတို့။ မံ၊အနောပမာ ချောလှစွာ၍ သညာထင်ပေါ် နိုင်ငံကျော်သော တပည့် တော်မကို။ ရာဇပုတ္တေဟိ၊ မင်းသားတို့သည်။ ပတ္ထိတာ၊ ချစ်ကြိုက်ခင် မင် လိုချင်ကြကုန်သည်ဖြစ်၍။ သေဋ္ဌိပုတ္တေဟိ၊ သူဌေးသားတို့သည်။

ဂိဇ္ဈိတာ၊ လိုချင်နှစ်သက် စုံမက်ကြကုန်သည်ဖြစ်၍။ မေ၊ တပည့်တော်မ၏။ ပိတု၊ အဘသူဌေးသို့။ ဒူတံ၊ လက်ဆောင်ပဏ္ဏာ တမန်စာကို။ ပေသယိ၊ စေလွှတ်တောင်းလာကြပါ၏။ ကိံ၊ အဘယ်သို့ ဆို၍ စေလွှတ်တောင်းလာကြသနည်းဟူမူကား။ အနောပမံ အနောပမာချောကညာကို။ မယှံ၊ အကျွန်ုပ်အား။ ဒေထ၊ ပေးကြပါလော့။ တုယှံ၊ သူဌေးမင်း၏။ ဓီတာ၊ သမီးဖြစ်သော။ အနောပမာ၊ ချောလှစွာသော အနောပမာသည်။ ယတ္တကံ၊ အကြင်မျှလောက်။ တုလိတာ၊ ကိုယ်လေးအချိန်စီး၏။ တတော၊ ထိုအနောပမာ၏ ကိုယ်လေးအချိန် စီးသည်ထက်။ အဋ္ဌဂုဏံ၊ ရှစ်ဆသာအောင်။ ဟိရညံ စ၊ ရွှေကိုငင်း။ ရတနာနိ စ၊ မြစ်နှ ပတ္တမြား ရတနာများကိုငင်း။ ဒဿံ၊ ပေးဆက်ပါအံ့။ ဣတိ၊ ဤသို့ ဆို၍ တမန်စေလွှတ် တောင်းလာကြကုန်၏။

ဇမ္ဗူဒိပ်ကျွန်း ထက်ဝန်းကျင်ပျံ့ သတင်းနှံ့လျက် မိုးယံနတ်ကညာ ထင်လောက်စွာသော အချောကညာ အနောပမာဟု သြဘာပေးကြ ကျော်စောလှသော မဇ္ဈသူဌေးကြီး၏ သမီးချောရတနာ အနောပမာသည်ကား ပါရမီသမ္ဘာ ညဏ်ရင့်မာ၍ ဃရာဝါသ ကာမရိပ်ငြိမ် လူ့စည်းစိမ်ကိုထိန်ထိန်ညီးညီး ပူရှိန်ကြီးသော မီးပုန်ကြီးပမာ စိတ်မှာထင်၍ ခင်မင်စုံမက် နှစ်သက်မြတ်နိုးခြင်း မရှိရကား များစွာသော မင်းသား သူဌေးသားတို့က အဘသူဌေးမင်းအထံသို့ တမန်စေလွှတ်၍ တောင်းလာကြသော အကြောင်းကို ကြားသိလျှင် မရွှင်သောစိတ်ထားဖြင့် သံဝေဂဖြစ်ပွါးလျက် လူအများတို့ လိုက်စားစုံမက် ငမ်းငမ်းတက်မျှ နှစ်သက်မြတ်နိုးကြသော ဃရာဝါသ ကာမတဏှာ ယုတ်ညံ့စွာကို ငါအလိုမရှိ၊ မိမိဘာသာ တရားနာ၍ ငါနေတော့အံ့ဟု မြတ်စွာဘုရား အထံသို့လာ၍ တရားတော်ကိုနာ၏။ ညဏ်ပါရမီ ရင့်ပြီးဖြစ်ရကား တရားဒေသနာတော်ကို ဆင်ခြင်ကာ အစဉ်ရောက်၍ ဝိပဿနာညဏ် ပေါက်သဖြင့် ဘောက်ထွင်းရှုး၍ မဂ္ဂပဋိပါဋိ သုံးလီသော ဖလ်တရားကို တဖြာမခြားဘဲ ကမကာရေး ပယ်ရှားလွှင့်ပျောက် အနာဂါမိဖိုလ်သို့ ရောက်လေ၏။ ထိုအကြောင်းကို ထင်စွာပြလို၍ ဤဂါထာကို ဟောတော်မူ၏။

သော မေ ဓမ္မ မဒေသေသိ၊ အနုကမ္ပာယ ဂေါတမော။
နိသိန္နာ အာသနေ တသ္မိံ ဖုသယိံ တတိယံ ဖလံ။

အယျာဒေယာ၊ ပါရမီရင့် သန္တာ့မြင့်၍ အသင့်အဘင့် အခွင့်စုံညီ ကျင့်ဝသီနှင့် ဘိက္ခုနီလျှ အရှင်မတို့။ ဂေါတမေ၊ ဂေါတမ အနွယ်တော်ဖြစ်သော။ သော၊ ထိုမြတ်စွာဘုရားသည်။ မေ၊ တပည့်တော်မအား။ အနုကမ္ပာယ၊ အစဉ်သနားသဖြင့်။ ဓမ္မံ၊ တရားတော်ကို။ အဒေသေသိ၊ ဟောကြားတော်မူ၏။ တဿ၊ ထိုအသသနေ၊ ထုံနေရာ၌။ နိသိန္နာ၊ နေလျက်။ တတိယံဖလံ၊သုံးခုမြောက်သော အနာဂါမိဖိုလ်သို့။ဖုသယိံ၊ ထိရောက်လေပြီ။

အနာဂါမ်တည်ပြီးသော အနောပမာသူဌေးသမီးသည် မြတ်စွာဘုရားအထံ၌ ရဟန်းပြုရန် ခွင့်တောင်းလေ၏။ မြတ်စွာဘုရားသည် ဘိက္ခုနီကျောင်းသို့ပို့၍ ရဟန်းမိန်းမ ပြုလုပ်စေပြီးလျှင် ဝိပဿနာကို ဆက်၍ ရှုသဖြင့် ခုနစ်ရက်အတွင်း၌ ရဟန္တာမ ဖြစ်သွားလေသတည်း။ ထိုအကြောင်းကို ထင်ရှားထုတ်ဘော် ပြတော်မူလိုသော အနောပမာထေရီ ရဟန္တာ အရှင်မသည် ဤဂါထာကို ဟောသတည်း။

တတော ကေသာနိ ဆေတွာန၊ ပဗ္ဗဇိံ အနဂါရိယံ။

သာဟံ မေ သတ္တမာရတ္တိ၊ ယတော တဏှာ ဝိသောသိတာ။

တတော၊ ထိုအနာဂါမ်တည်ပြီးမှ။ကေသာနိ၊ ဆံပင်တို့ကို။ဆေတွာန၊ ရိပ်ဖြတ်၍။ အနဂါရိယံ ရဟန်းဘောင်၌။ ပဗ္ဗဇိံ၊ ရဟန်းပြုပါ၏။ ယတော၊အကြင်ရဟန်းပြုသည်မှ။ သာရတ္တိ၊ထိုညဉ့်သည်။ အဇ္ဇ၊ယနေ့။ သတ္တမာ၊ ခုနစ်ရက်မြောက် ဖြစ်၏။ တတော၊ ထိုခုနစ်ရက်မြောက်သော နေ့မှ။ တဏှာ၊ ဘဝတဏှာသည်။ ဝိသောသိတာ၊ ကုန်ခြမ်းခန်းခြောက်ပါ၏။ ဝါ၊ ရဟန္တာမ ဖြစ်ပါ၏။

အနောပမာထေရီ အပဒါန်ဝတ္ထု ပြီး၏။

[အဋ္ဌတိံသဝတ္ထု]

ဂုတ္တာထေရီ၏ အပဒါန်ဝတ္ထု

ဂုတ္တာထေရီသည်လည်း သာဝတ္ထိပြည်၌ ဗြာဟ္မဏမျိုး ပုဏ္ဏားသမီး ဖြစ်၍ ရှေးပါရမီကံ တိုက်တွန်းရကား ဃရာဝါသ ဇာတ်ထောင်မှု၌ စက်ဆုပ်၍ အမိအဘတို့ကို အခွင့်တောင်းပြီးလျှင် မိထွေးတော် မဟာပဇာပတိ ဂေါတမီအထံ၌ ရဟန်းပြု၍ ဝိပဿနာကို အားထုတ်သည်

ရှိသော် ကာလရှည်စွာ လေ့လာပျော်ပါး ကျက်စားနေကြ ဖြစ်သော စိတ်သည် အခြားအာရုံသို့ ထွက်သွားလျက် ဝိပဿနာအာရုံ၌ မတည်နိုင်ဘဲ စိတ်ပြန့်လွင့်နေသည်ကို မြတ်စွာဘုရား မြင်တော်မူ၍ ဂန္ဓကုဋီမှ နေတော်မူလျက်၊ ဩဘာသရောင်ခြည်တော်ကို ဖြန့်တော်မူ၍ ထိုဂုတ္တာထေရီ၏ အနီးဖြစ်သော ကောင်းကင်၌ မဘ်မတ်ရပ်တော်မူ သကဲ့သို့ ကိုယ်တော်ကိုပြလျက် ချစ်သမီးဂုတ္တာ–နိဗ္ဗာန်ကို ရောက်ခြင်းအကျိုးငှါ ဆွေမျိုးမိဘတို့ကိုပယ်စွန့်၍ငါဘုရားသာသနာတော်၌ မြတ်သောဗြဟ္မစရိယအကျင့်ကို ကျင့်သုံးကာနေပါလျက် တခြားအာရုံသို့စိတ်ကို သွားစေခြင်းငှါ မသင့်၊ စိတ်၏အလိုကို မလိုက်ပါလေလင့်။ ဝိပဿနာကိုသာလျှင် ပွားစေလော့၊ မျက်လှည့်ပမာ တူလှစွာသော စိတ်သည်လှည့်စားတတ်၏။ စိတ်လှည့်စား သွေးဆောင်ရာသို့ လိုက်ပါသော အန္ဓပုထုဇဉ်တို့သည် မာရ်မင်း၏နိုင်ငံမှ မလွတ်နိုင်ကြကုန်ဘဲ များစွာသော ဘဝသံသရာ၌ ကျင်လည်ဖြစ်ပျက်၍ နေရကုန်၏ဟူ၍ ဆုံးမဩဝါဒပေးတော်မူ၏။ ဩဝါဒပေးသည်၏အဆုံး၌ ရဟန္တာမအဖြစ်သို့ရောက်လေသတည်း။

ဂုတ္တာထေရီ အပဒါန်ဝတ္ထုပြီး၏။ [ကျေနပညာသဝတ္ထု]

ဝိဇယာထေရီ၏ အပဒါန်ဝတ္ထု

ရာဇဂြိုဟ်ပြည်၌ ဝိဇယာမည်သော အမျိုးသမီး တယောက်သည် ဗိမ္ဗိသာရမင်းကြီး၏ မိဖုယား ခေမာမင်းသမီးနှင့် မိတ်ဆွေသဟာယဖြစ်၏။ ခေမာမိဖုယားသည် ရဟန်းပြုသည်ရှိသော် ပြည့်ရှင်မင်းကြီး၏ အဂ္ဂမဟေသီ မိဖုယားကြီးဖြစ်သော ခေမာထေရီသည်လည်း မိဖုယားစည်းစိမ်ကိုစွန့်၍ ရဟန်းပြုသေး၏၊ ငါ၏မိတ်ဆွေ ခေမာထေရီ အထံသို့ သွားအံ့ဟု ကြံစည်လျက် ရဟန်းပြုလိုသောစိတ်ဖြင့် ခေမာထေရီအထံသို့ သွားလေ၏။ လက်ျာတော်ရံ ခေမာထေရီ အရှင်မသည်လည်း ထိုဝိဇယာ၏ စိတ်အလိုကိုအဘိညာဉ်ဖြင့်သိတော်မူ၍ သံသရာဆင်းရဲ၏ အဖြစ်တွေကို ငြီးငွေ့ခြင်းဖြစ်စေရန် တရားဟောတော်မူ၏။ ခေမာထေရီ၏တရားကိုနာ၍ သံဝေဂဖြစ်လျှင် ရဟန်းအဖြစ်ကို ခွင့်ကောင်း၏။ ခေမာထေရီ အရှင်မသည် ထိုဂိဟိသဟာယ မိတ်ဆွေဖြစ်သော

ဝိဇယာအမျိုးသမီးကို ရဟန်းပြု၍ပေး၏။ ရဟန်းမိန်းမအဖြစ်သို့ ရောက်သော ဝိဇယာထေရီသည် ဝိပဿနာကို အားထုတ်ရာတွင် စိတ်၏ တည်ကြည်ခြင်းကို မရနိုင်၍ လေးကြိမ် ငါးကြိမ်တိုင်တိုင် ကျောင်းအပြင်သို့ထွက်၏။ ထိုထို မိမိအလိုသို့ မလိုက်မပါဘဲ ဝိပဿနာအာရုံကို ပေါက်ခွဲလျက် တခြားသို့ ထွက်သွားသော စိတ်နှလုံးကို ဆုံးမခြင်းငှါ ခေမာထေရီအထံသို့သွား၍ ကမ္မဋ္ဌာန်းကို မေးလျှောက်၏။ ခေမာထေရီသည် ခန္ဓာ အာယတန ဓာတ် သစ္စာတို့ကို ခွဲခြား၍ တရားဟောတော်မူ၏။ ဝိဇယာထေရီသည် ဆရာဥပဇ္ဈာယ် ဖြစ်သော ခေမာထေရီ အရှင်မ ဟောပြသော ကမ္မဋ္ဌာန်းနည်းကို တညဉ့်လုံး အားထုတ်၍ ဝိပဿနာရှုသည်ရှိသော် ညဉ့်ဦးယာမ်၌ ပုဗ္ဗေနိဝါသဉာဏ်ကို ရ၏။ သန်းခေါင်ယာမ်၌ ဒိဗ္ဗစက္ခုဉာဏ်ကို ရ၏။ နောက်ဆုံးဖြစ်သော နံနက်မိုးသောက် အလင်းရောက်သည့်အခါ၌ အာသဝက္ခယ ဉာဏ်တည်းဟူသော အရဟတ္တဖိုလ်ကိုရ၍ ရဟန္တာမဖြစ်တော်မူလေ သတည်း။

ဝိဇယာထေရီသည် တညဉ့်လုံး ကမ္မဋ္ဌာန်းကို အားထုတ်၍ရဟန္တာမ ဖြစ်ကြောင်းကို ဤဂါထာဖြင့် ဟောပြတော်မူ၏။

ကဿာဟံ ဝစနံ သုတွာ၊ ကရောန္တီ အနုသာသနိံ။
ရတ္တိယာ ပုရိမေ ယာမေ၊ ပုဗ္ဗဇာတိ မနုဿရိံ။
ရတ္တိယာ မဇ္ဈိမေယာမေ၊ ဒိဗ္ဗစက္ခုံဝိသောဓယိံ။
ရတ္တိယာ ပစ္ဆိမေ ယာမေ၊ တမောခန္ဓံ ပဒါလယိံ။

အဟံ၊ အသက်အရွယ် နုနယ်သေးစွာ ဝိဇယာဟု သညာခေါ်ညီ ငါထေရီသည်။ တဿ၊ ထိုလကျာတော်ရံ ပညာဉာဏ်နှင့် ဘုန်းကံကြီးစွာ ခေမာမည်ရ အရှင်မ၏။ ဝစနံ၊ တရားစကားကို။ သုတွာ၊ ကြားနာရ၍။ အနုသာသနိံ၊ ခေမာမည်ရ အရှင်မ၏ သင်ပြပြောချ ဆုံးမချက်ကို ကရောန္တိ၊ ကြည်ဖြူလိုက်နာရိုသေစွာပြုလျက်တညဉ့်လုံးအားထုတ်သည်ရှိသော်။ ရတ္တိယာ၊ ညဉ့်၏။ ပုရိမေယာမေ၊ ညဉ့်ဦးယာမ်၌။ ပုဗ္ဗဇာတိံ၊ ရှေးဘဝကို။ အနုဿရိံ၊ အောက်မေ့နိုင်ပြီ။ ဝါ၊ ပုဗ္ဗေနိဝါသ အဘိဉာဏ်ကို ရလေပြီ။ ရတ္တိယာ၊ ညဉ့်၏။ မဇ္ဈိမေယာမေ၊ သန်းခေါင်ယာမ်၌။ ဒိဗ္ဗစက္ခုံ၊ စုတိသန္ဓေ တည်နေယဉ်ကြေး ဝေးနီးမြင်သိ နတ်မျက်စိကို။ ဝိသောဓယိံ၊ သန့်ရှင်းသုတ်သင် စင်ကြယ်လေပြီ။ ရတ္တိယာ၊ ညဉ့်၏။ ပစ္ဆိမေယာမေ၊ နောက်ဆုံးကာလ နံနက်ကျ၌။ တမောခန္ဓံ၊

အဝိဇ္ဇာလုံး အမှောင်တုံးကို။ ပဒါလယိံ၊ ဖောက်ခွဲနိုင်လေပြီ။ ဝါ၊ ဖောက်ခွဲပယ်ဖျက် ထွားထွား ညက်အောင် ဉာဏ်မဂ် အရဟတ် ထားဖြင့်သတ်၍ ပယ်ဖြတ်ပြီးခါ ရဟန္တာအစစ် ဖြစ်သွားလေပြီ။

ထေရီဂါထာ ပါဠိတော်-၁၉၈။

ဝိဇယာထေရီ အပဒါန်ဝတ္ထုပြီး၏။ [ပညာသဝတ္ထု]။

ဥတ္တရာထေရီ၏ အပဒါန်ဝတ္ထု

သာဝတ္ထိပြည်၌ ဥတ္တရာမည်သော အမျိုးသမီးတယောက်သည်လည်း ပဋာစာရီ အထံသို့သွား၍ တရားနာရာတွင် ပဋာစာရီထေရီ ဟောပြ ဆုံးမသောကြောင့် သံဝေဂဖြစ်၍ ရဟန်းပြုပြီးလျှင် ပဋာစာရီ အထံ၌ ကမ္မဋ္ဌာန်းကိုယူ၍ ဝိဇယာ မည်သော အမျိုးသမီးကဲ့သို့ တညဉ့်လုံး ကမ္မဋ္ဌာန်းကို အားထုတ်၍ ညဉ့်ဦးယာမ်၌ ပုဗ္ဗေနိဝါသ၊ သန်းခေါင်ယာမ်၌ ဒိဗ္ဗစက္ခု၊ နောက်ဆုံးပစ္ဆိမယာမ်၌ အာသဝက္ခယ အရဟတ္တဖိုလ်ညာဏ်ကိုရ၍ ဝိဇယာထေရီကဲ့သို့ပင်လျှင် ဤဂါထာကို ဥဒါန်း ကျူးလျက် ဟောတော်မူ၏။

တဿာဟံ ဝစနံ သုတွာ၊ ပဋာစာရာ နုသာသနိံ။
ပါဒေ ပက္ခာလယိတွာန၊ ဧကမန္တေ ဥပါဝိသိံ။
ရတ္တိယာ ပုရိမေ ယာမေ၊ ပုဗ္ဗဇာတိ မနုဿရိံ။
ရတ္တိယာ မဇ္ဈိမေ ယာမေ၊ ဒိဗ္ဗစက္ခုံ ဝိသောဓယိံ။
ရတ္တိယာ ပစ္ဆိမေ ယာမေ၊ တမောခန္ဓံ ပဒါလယိံ။

အဟံ၊ ဥတ္တရာဟု သညာတွင်မည် ငါထေရီသည်။ တဿာ၊ ထိုပဋာစာရီ အရှင်မ၏။ ဝစနံ၊ တရားစကားကို။ သုတွာ၊ ကြားနာရ၍။ ပဋာစာရာနုသာသနိံ၊ ပဋာစာရီအရှင်မ သင်ပြဆုံးမသည်ကို။ ကာရေန္တီ၊ လိုက်နာပြုကျင့်လျက်။ ပါဒေ၊ ခြေတို့ကို။ ပက္ခာလယိတွာန၊ ဆေးကြော ပြီး၍။ ဧကမန္တေ၊ သင့်တင့်လျော်စွာဆိတ်ငြိမ်ရာ၌။ ဥပါဝိသိံ၊ ကပ်ရောက် ဝင်နေလျက်တညဉ့်လုံး ကမ္မဋ္ဌာန်းရှု၍ နေလေပြီ။

[နောက်ဂါထာ အနက်ဝိဇယာထေရီ ဝတ္ထုမှာ ပြန်ကြည့်]။

တိုဥတ္တရာနှင့်ဝိဇယာသေရီတို့သည် ပျိုပျိုရွယ်ရွယ်နုနယ်လှပသော အဆင်းရှိလျက် ဃရာဝါသ ကာမစည်းစိမ်ကို မရှာမှီးဘဲ သာသနာတော်၌ ရဟန်းပြု၍ ရဟန္တာမဖြစ်ကြကုန်၏။ တနေ့သ၌ ဝိဇယာထေရီ အရှင်မသည် သာဝတ္ထိပြည်သို့သွား၍ ဆွမ်းကိစ္စပြီးသော နေ့အခါ၌ အန္ဓဝန တောသို့ဝင်၍ တခုသော သစ်ပင်ရင်း၌ နေ့သန့်၍ နေရာ မာရ်နတ်လာ၍ ဤဂါထာကို ဆို၏။

ဒဟရာ တွံ ရူပဝတီ၊ အဟမ္ပိ ဒဟရော သုသု။
ပဉ္စင်္ဂိကေန တူရိယေန၊ ဧဟယျေ ဘိရမာမသေ။

အယျေ၊ အရှင်မဝိဇယာ၊ တွံ၊ သင်အရှင်မသည်။ ဒဟရာ၊ ပျိုပျို ရွယ်ရွယ် နုငယ်လှသေး၏။ ရူပဝတီ၊ ရုချင်စဖွယ် တင့်တယ်လှပသော အဆင်းရှိ၏။ အဟမ္ပိ၊ ငါသည်လည်း။ ဒဟရော၊ ပျိုမျစ်နုနယ် ငယ်သော ယောကျ်ားဖြစ်၏။ သုသု၊ လူပျိုစင်စစ်ဖြစ်၏။ ဧဟိ၊ ငါခေါ်ရာသို့ လိုက်ခဲ့ပါလော့။ ပဉ္စင်္ဂိကေန၊ အင်္ဂါငါးပါးရှိသော။ တူရိယေန၊ အတီးအမှုတ်ဖြင့်။ အဘိရမာမသေ၊ မွေ့လျော်ပျော်ပါးကြကုန်အံ့။

ဤသို့ ဂါထာဖြင့် မာရ်နတ်ဆိုသော အခါ ဝိဇယာအရှင်မသည် ဤသူသည်ကား လူဖြစ်လေသလော နတ်ဖြစ်လေသလောဟု ဆင်ခြင်သောအခါ မာရ်နတ်ဖြစ်ကြောင်းကို သိ၍ ဤဂါထာကို ဆို၏။

ဈာမိနာ ပူတိကာယေန၊ ဘိန္ဒနေန ပဘင်္ဂုနာ။
အဋ္ဋီယာမိ ဟရာယာမိ ကာမတဏှာ သမူဟတာ။

သဂါထာ ဝဂ္ဂ သံယုတ်ပါဠိတော်-၉၂။

ဘိန္ဒနေန၊ ပုပ်စီးတတ်သော။ ပဘင်္ဂုနာ၊ ဖရိုဖရဲပျက်ပြားတတ်သော။ ဈာမိနာပူတိကာယေန၊ ဤကိုယ်ကောင်ပုပ်ဖြင့်။ အဋ္ဋီယာမိ၊ စက်ဆုပ်လှ၏။ ဟရာယာမိ၊ ရှုံ့ရှာလှ၏။ ကာမတဏှာ၊ ကာမဂုဏ်ကြိုက်တဏှာမိုက်ကို။ မယာ၊ ဝိဇယာတွင်မည့် ငါထေရီသည်။ သမူဟတာ၊ ဃရာဝါသကာမ မစပ် ပယ်ဖြတ်လေ၏။

ထိုအခါ မာရ်နတ်သည် ငါ့ကို ဝိဇယာထေရီ သိလေပြီဟု နှလုံးမသာဖြစ်လျက် ကွယ်ပျောက် ထွက်ပြေး လေ၏။

ဥတ္တရာ ထေရီ အပဒါန် ဝတ္ထု ပြီး၏။ [ဧကပညာသဝတ္ထု]။

အရှင်သာရိပုတ္တရာ၏ နှစ်မတော် စာလာ, ဥပစာလာ, သီသုပစာလာ ထေရီညီအစ်မသုံးယောက်တို့အကြောင်း

အရှင်သာရိပုတ္တရာ၌ အရှင်ဥပသေန အရှင်စုန္ဒသမဏုဒ္ဒေသ အရှင် ခဒိရဝနိယရေဝတဟူ၍ ညီတော်သုံးပါး နှစ်မတော် သုံးပါးအားဖြင့် မောင် နှမ ခုနစ်ယောက်လုံး ရဟန္တာဖြစ်ကြကုန်၏။ ထိုတွင် နှစ်မတော် သုံးယောက်တို့သည်ကား အိမ်ထောင်ပြု၍သားတယောက်စီရှိမှ ရဟန်း ပြုကြကုန်၏။ ထိုသားတို့ကိုလည်း စာလာ ဥပစာလာသီသုပစာလာဟူ၍ အမိတို့၏အမည်ဖြင့် တွင်ခေါ်ကြကုန်၏။ ထိုကြောင့် ထေရာဂါထာ ကေနိပါတ် ပဌမဝဂ်၌—

စာလေ ဥပစာလေ သီသုပစာလေ။
ပဋိဿတိကာနုခေါ ဝိဟရထ။
အာဂတော ဝေါ ဝါဠဝ္ဓိ ဝိဿ ဝေဓိ။

ဟူ၍ အရှင်ရေဝတထေရ် ခေါ်ဆိုသင်ပြ ဆုံးမ သတိပေးသော ဂါထာ ကို ဆို၏။

အရှင်ရေဝတထေရ်သည် နှစ်မများက တယောက်စီ မွေးသော တူငယ် သုံးယောက်တို့ကို မိမိနေတော်မူရာ ခဒိရဝန ရွာတော ကျောင်းသို့ ခေါ်ဆောင်ယူ၍ ရှင်သာမဏေ ပြုလုပ်ပြီးလျှင် ဈာန်ဝင် စားနိုင်အောင် ကမ္မဋ္ဌာန်းနည်းကို သင်ပြ၍ ထားသဖြင့် သာမဏေ သုံးပါးတို့သည် ဈာန်ဝင်စားကာ နေကြကုန်၏ဟု အပဒါန် အဋ္ဌကထာ ထေရာဂါထာ အဋ္ဌကထာတို့၌ လာ၏။

တနေ့သ၌ စာလာထေရီ အရှင်မသည် သာဝတ္ထိပြည် ဇေတဝန် ကျောင်းတိုက်ကြီး၏ နောက်ဘက် မနီးမဝေးသော အန္ဓဝန တောအုပ် သို့ဝင်၍ ကချသောသစ်ပင်ရင်း၌ နေ့သန့်ရာတွင် မာရ်နတ်သည်လာ၍ ဘိက္ခုနီမ သင်သည် အဘယ်ကိုမနှစ်သက်ပါသနည်းဟူ၍မေး၏။ ငါ့ရှင် မာရ်နတ် ငါသည် ဇာတိပဋိသန္ဓေဖြစ်ခြင်းကို မနှစ်သက်ဟူ၍ ဖြေ၏။ ဒိ-ဘိက္ခုနီမ အဘယ့်ကြောင့် ပဋိသန္ဓေဖြစ်ရခြင်းကို သင်အလိုမရှိပါ သနည်း။ ပဋိသန္ဓေဖြစ်ခြင်းရှိမှသာလျှင် ကာမဂုဏ်ငါးပါးကို ခံစားရ သည်မဟုတ်ပါလော။ သင်သည် ဇာတိပဋိသန္ဓေဖြစ်ခြင်းကို အဘယ့် ကြောင့်မနှစ်သက်ပါသနည်း။ သင်သည် အဘယ့်ကြောင့် ဤကဲ့သို့အယူ

ရှိပါသနည်းဟူ၍ မာရ်နတ်က မေးပြန်၏။ ထိုအမေးကို ဖြေခြင်းငှါ စာလာထေရီ ဘိက္ခုနီအရှင်မသည် ဤဂါထာကို ဟောတော်မူ၏။

ဇာတဿ မရဏံ ဟောတိ၊ ဇာတော ဒုက္ခာနိ ဖုသတိ။

ဗန္ဓံ ဝဓံ ပရိက္လေသံ၊ တသ္မာ ဇာတိံ န ရောစယေ။

ပါဠိမြန်မာ။ အချင်းမာရ်နတ်ယုတ်။ ဇာတဿ၊ ဖြစ်သောသူအား။ မရဏံ၊ သေခြင်းပျက်ခြင်းသည်။ ဟောတိ၊ ဖြစ်ရ၏။ ဇာတော၊ မွေးဖွား၍ ဖြစ်လာသောသူသည်။ ဒုက္ခာနိ၊ ဆင်းရဲဒုက္ခတို့ကို။ ဖုသတိ၊ တွေ့ရ၏။ ဗန္ဓံ၊ နှောင်ဖွဲ့ခြင်းကိုလည်းကောင်း။ ဝဓံ၊ သတ်ဖြတ်ခြင်းကိုလည်းကောင်း။ ပရိက္လေသံ၊ တပါးသော။ ဥပဒ္ဒဝေါ၊ ဘေးရန်ကိုလည်းကောင်း။ ဖုသတိ၊ တွေ့ရ၏။ တသ္မာ၊ ထိုကြောင့်။ ဇာတိံ၊ ဖြစ်ခြင်းကို။ န ရောစယေ၊ ငါမနှစ်သက်သတည်း။

[ဤဂါထာသည် သံယုတ်ပါဠိတော်-၉၃။ စာလာဘိက္ခုနီ ဝတ္ထု၌ ရှိသည်။ ထေရီဂါထာ ပါဠိတော်၌ မရှိ]။

အချင်းမာရ်နတ် ဖြစ်လာသမျှသည် ပျက်ခြင်းသဘောရှိ၏။ ပဋိသန္ဓေနေ၍ မွေးဖွားသမျှသောသူသည် သေခြင်းသဘောရှိ၏။ ပဋိသန္ဓေနေ၍ ဖြစ်လာသမျှသော သူတို့အား ဆင်းရဲဒုက္ခတို့ကို တွေ့ရ၏။ သတ်ဖြတ်နှောင်ဖွဲ့ခြင်းကိုလည်း တွေ့ရ၏။ထိုကြောင့် ပဋိသန္ဓေနေခြင်း ဖြစ်ခြင်းကို ငါအလိုမရှိသတည်း ဟူ၍ ဆိုသောအခါ မာရ်နတ်သည် နှလုံးမသာဖြစ်၍ ကွယ်ပျောက် ထွက်ပြေးလေသတည်း။

စာလာထေရီ၏ အပဒါန်ဝတ္ထုပြီး၏။ ။[ဒွိပညာသဝတ္ထု]။

ထိုအတူ ဥပစာလာ ဘိက္ခုနီမ အထံသို့ တဖန်သွားပြန်၍ မာရ်နတ်သည် ဤသို့မေး၏၊ ဘိက္ခုနီမ သင်သည် အဘယ်ဘုံ၌ ဖြစ်လိုသနည်းဟူ၍ မေးသောအခါ ငါ့ရှင်မာရ်နတ် ငါသည် အဘယ်ဘုံ၌မှ မဖြစ်လို အဘယ်ဘုံကိုမှ အလိုမရှိဟု ဖြေ၏။ထိုအခါ မာရ်နတ်သည် ဤဂါထာဖြင့် တိုက်တွန်းပြောဆို၏။

တာဝတိံသာစ ယာမာစ၊ တုသိတာစာပိ ဒေဝတာ။

နိမ္မာနရတိနော ဒေဝါ၊ ယေဒေဝါ ဝသဝတ္တိနော။

တတ္ထ စိတ္တံ ပဏိဓေဟိ၊ ရတိံ ပစ္စနုဘောဿသိ။

တာဝတိံသာစ၊ တာဝတိံသာ နတ်တို့သည်လည်းကောင်း။ ယာမာစ၊ ယာမာ နတ်တို့သည်လည်းကောင်း။ တုသိတာစာပိ၊ တုသိတာ နတ်တို့သည်

ရှင်း။ နိမ္မာနရတိနေသဒေဝါ၊ နိမ္မာနရတိ နတ်တို့သည်ရှင်း။ ဝသဝတ္တိနော၊ သူတပါးကို မိမိအလိုသို့ လိုက်စေနိုင်ကုန်သော။ ယေဒေဝါစ၊ အကြင် ဝသဝတ္တိ နတ်တို့သည်ရှင်း။ အတ္ထိ၊ ရှိကုန်၏။ တတ္ထ၊ ထိုနတ်ပြည်တို့၌။ စိတ္တံ၊ စိတ်ကို။ ပဏိဓေဟိ၊ လိုလားတောင့်တ၍ ဆုတောင်းလေလော့။ ရတိံ၊ ကာမဂုဏ်ဖြင့် မွေ့လျော်ခြင်း စည်းစိမ်ကို။ ပစ္စနုဘောသသိ၊ ခံစားရလတ္တံ့။

ဤဂါထာဖြင့် ရွတ်ဆို၍ မာရ်နတ်တိုက်တွန်းသောအခါ ဥပစာလာ ဘိက္ခုနီမသည် ဤသို့ ပြောဆို၏။ အချင်းမာရ်နတ် တာဝတိံသာ၊ ယာမာ၊ တုသိတာ၊ နိမ္မာနရတိ၊ ဝသဝတ္တိ နတ်တို့သည် ကာမဂုဏ်ဖြင့် နှောင်ဖွဲ့ကုန်လျက် မာရ်နတ်၏ အလိုသို့ လိုက်ပါကြကုန်၏။ အလုံးစုံသော လောကသည် ရာဂမီး၊ ဒေါသမီး၊ မောဟမီးတို့ဖြင့် ပြောင်ပြောင် တောက်လောင်၍နေ၏။ ဉာဏ်သမာမဂ္ဂရအခိုးတို့ဖြင့် တထောင်းထောင်း ထ၍နေ၏။ ဇာတိ ဇရာ ဗျာဓိ မရဏ တို့ဖြင့် တုန်လှုပ်ဘောက်ပြန် ရောက်ရက်ဆန်၍နေ၏။ ဥပစာလာ သည်ဘဲ့ဖွဲ့ချိ ငါထေရီသည် လောဘ ဒေါသ မောဟ မီးတို့ မရှိ ငြိမ်းသော နိဗ္ဗာန်၌သာလျှင် ပျော်မွေ့၏ ဟူ၍ ပြောဆိုသောအခါ မာရ်နတ်သည် နှလုံးမသာဖြစ်၍ ကွယ်ပျောက် သွားလေ၏။

ဥပစာလာ ထေရီ ဝတ္ထုပြီး၏။ [တေပညာသ ဝတ္ထု]။

မာရ်နတ်သည် သီသုပစာလာ ဘိက္ခုနီမ အထံသို့လည်း တဖန် သွား၍ ဘိက္ခုနီမ သင်သည် အဘယ်သူ၏ ပါသဏ္ဍအယူကို နှစ်သက် သနည်းဟု မေး၏။ အချင်းမာရ်နတ် ငါသည် တစုံတယောက်သော သူ၏ ပါသဏ္ဍအယူကို နှစ်သက်ခြင်းမရှိဟူ၍ ဖြေလိုက်၏။ ထိုအခါ မာရ်နတ်သည် သီသုပစာလာ ဘိက္ခုနီကို ဤဂါထာဖြင့် အပြစ်ဆို၏။

ကံနု ဥဒ္ဒိဿ မုဏ္ဍာသိ၊ သမဏီ ဝိယ ဒိဿသိ။
သစေ နရောစေသိ ပါသဏ္ဍံ၊ ကိမိဝ စရသိ မောမူဟာ။

သဂါထာဝဂ္ဂသံယုတ်ပါဠိတော်-၉၄။

ကိမိဝ စရသိ မောမူဟာတိ ကိံကာရဏာ မောမူဟာ ဝိယ စရသိ။

သံယုတ်အဋ္ဌကထာ။

တွံ၊ သင်ဘိက္ခုနီသည်။ ကာံ၊ အဘယ်သူ့ကို။ ဥဒ္ဒိဿ၊ ရည်၍။ မုဏ္ဍာ၊ ခေါင်းတုံးရိပ်သည်။ အသိနီ၊ ဖြစ်ဘိသနည်း။ သ မဏီဝိယ၊ ရဟန်းမိန်းမကဲ့သို့။ ဒိဿတိ၊ ထင်၏။ ပါသဏ္ဍံ၊ ပါသဏ္ဍအယူကို။ သစေနရောစေသိ၊ အကယ်၍ မနှစ်သက်ငြားအံ့။ ကိံ၊အဘယ်ကြောင့်။ မောမုဟာဝိယ၊ တွေဝေ မိုက်မှား ယောင်ဝါးဝါး ကဲ့သို့။ စရသိ၊ လှည့်လည်၍ နေသနည်း။

ဤဂါထာဖြင့် မာရ်နတ်ဆိုသောအခါ သီသုပစာလာထေရီဘိက္ခုနီမသည် ဤသို့ ဖြေဆို၏။ အချင်းမာရ်နတ် ဤသာသနာတော်မှ အပဖြစ်သော ပါသဏ္ဍအယူရှိသူတို့သည် မိစ္ဆာဒိဋ္ဌိတို့၌ ယုံကြည်ကုန်၏။ ငါသည်ကား ထိုမိစ္ဆာဒိဋ္ဌိတို့၏ အယူကို နှစ်သက်ခြင်းမရှိ။ ထိုမိစ္ဆာဒိဋ္ဌိတို့သည် ဖြစ်ခြင်း ပျက်ခြင်းကို သိသော သစ္စာလေးပါး မြတ်တရားကို မသိကြကုန်။ သကျကုလသာကီဝင်မင်းမျိုးမှ ရဟန်းပြုတော်မူသော မြတ်စွာဘုရားသည် အတုမရှိ မြတ်သောဘုရားဖြစ်၏။ ထိုအတုမရှိ မြတ်တော်မူသော မြတ်စွာဘုရား၏ အယူကိုသာလျှင် ငါနှစ်သက်၏။ ဤသို့ဖြေဆိုသောအခါ မာရ်နတ်သည် နှလုံးမသာဖြစ်၍ ကွယ်သွားလေသတည်း။ [စာလာ ဥပစာလာ သီသုပစာလာ ဘိက္ခုနီညီအစ်မ သုံးပါးတို့ ဥဒါန်းကျူးသော ဂါထာတို့သည် ထေရီဂါထာပါဠိတော် ၁၉၉-၌ လာရှိကုန်၏]။

သီသုပစာလာ ထေရီ အပဒါန်ဝတ္ထုပြီး၏။ [စတုပညာသ ဝတ္ထု]။

ဝဍ္ဍမာတာထေရီ၏ အပဒါန်ဝတ္ထု

ဤဝဍ္ဍမာတာ ထေရီသည် ရှေးရှေးသော မြတ်စွာဘုရားတို့၏ အထံ၌ ဖြည့်ကျင့်ပြီးသော ပါရမီရှိ၍ ငါတို့မြတ်စွာဘုရား လက်ထက်တော်၌ ဘာရုကစ္ဆမြို့တွင် အမျိုးကောင်းသမီးဖြစ်၍ အရွယ်ရောက်လျှင် ခင်ပွန်းယောကျ်ားအိမ်သို့ရောက်၍ သားတယောက်ဘွားမြင်လျှင် ဝဍ္ဍသတို့သားဟု အမည်မှည့်၍ ဝဍ္ဍ(မာတာ) မယ်တော်ဟု ခေါ်ကြကုန်၏။ ထိုဝဍ္ဍမာတာသည် ရဟန်းတို့၏အထံ၌တရားတော်ကိုနာ၍ သဒ္ဓါတရားတိုးပွားရကား သားဖြစ်သော ဝဍ္ဍသတို့သားကို ဆွေမျိုးတို့ထံ အပ်နှံခဲ့၍ ဘိက္ခုနီကျောင်းတိုက်သို့သွားပြီးလျှင် ရဟန်းမိန်းမ ပြုလုပ်၏။

ဍ္ဍတော ပရံ ယံ ဝတ္ထုဗ္ဗံ တံ ဝဇ္ဇထေရသာ ဝတ္ထုမှိ အာဂတမေဝ။

[ထေရီဂါထာ အဋ္ဌကထာ ထေရဂါထာ ပဥ္စကနိပါတ်၌ ဝဇ္ဇထေရီ ဝတ္ထုရှိသည်]။

ထိုဝဇ္ဇမာတာ ထေရီသည် ဝိပဿနာကို အားထုတ်၍ ရဟန္တာမ ဖြစ်သောအခါ သားဖြစ်သော ဝဇ္ဇသတို့သားသည်လည်း ကြီးပြင်းသော အရွယ်သို့ရောက်၍ ဝေဠုဒွန္တမထေရ်၏အထံ၌ ရဟန်းပြု၍ ဝိဒုကတ် ကျမ်းဂန်ဘို့ကို သင်ကြား တတ်မြောက်လျက် ရဟန်းပရိသတ်တို့ကို တရားဟောကာ စာချကာ ပရိယတ္တိသာသနာကို ရွက်ဆောင်လျက် နေ၏။ တနေ့သ၌ မယ်တော်ထေရီမအထံသို့ သင်းပိုင် ကိုယ်ဝတ်ဖြင့် သာလျှင် တပါးထည်းလာသည်ကို မြင်လျှင် ချစ်သားဝဇ္ဇ အဘယ့် ကြောင့် သင်းပိုင် ကိုယ်ဝတ်ဖြင့် သာလျှင် တပါးထည်း လာခဲ့ပါ သနည်းဟု အပြစ်အားဖြင့် စောဒနာ၍ ဤဂါထာဖြင့် တရားပြကာ ဟောကြား၏။

မာသုတေ ဝဇ္ဇလောကမှိ၊ ဝနတော အဟု ကုဒါစနံ။
မာ ပုတ္တက ပုနပ္ပုနံ၊ အဟု ဒုက္ခဿ ဘာဂိမာ။
သုခံဟိ ဝဇ္ဇ မုနယော၊ အနေဇာ ဆိန္နသံသယာ။
သီတိဘူတာ ဒမ္မပ္ပတ္တာ၊ ဝိဟရန္တိ အနာသဝါ။
တေဟာ နုစိဏ္ဏံ ဣသိဘိ၊ မဂ္ဂံ ဒဿနပတ္တိယာ။
ဒုက္ခဿန္တကိရိယာယ၊ တွံ ဝဇ္ဇ အနုဗြူဟယ။

ဝဇ္ဇ၊ ရှေးဦးမွေးဖွား ချမ်းသာများ၍ တိုးပွားမည်မှတ်ချစ်သားမြတ်။ လောကမှိ၊ ဖြစ်လျှင်ပျက်ရ သုံးလောက၌။ ဝနတော၊ မြိုင်နက်ဝိတ်ဆီး တောရှုပ်ကြီးသည်။ ကုဒါစနံ၊ တရံတဆစ်မျှ။ မာအဟု၊ မဖြစ်ပါစေ လင့်။ ပုတ္တက၊ ချစ်သားဝဇ္ဇ။ ပုနပ္ပုနံ၊ တဖြောင်းဖြန်ဖြန် အဘန်တလဲလဲ။ ဒုက္ခဿ၊ ဆင်းရဲ၏။ ဘာဂိမာ၊ အတွဲရှိသည်။ မာအဟု၊ မဖြစ်ပါစေ လင့်။ ဝါ၊ ဆင်းရဲဘို့ဖြစ်သော တောနက်မြိုင်အုပ် အရှုပ်အထွေး တဏှာကို တခါတရံမျှ မဖြစ်ပါစေလင့်။ ဝဇ္ဇ၊ ချစ်သား ဝဇ္ဇ။ မုနယော၊ ရဟန်းတို့သည်။ အနေဇာ၊ တဏှာကင်းကုန်သည်ဖြစ်၍။ ဆိန္နသံသယာ၊ သို့လောသို့လော တွေးတောယောင်ဝါး ယုံမှားသံသယကင်းကုန်ကြ၍။ ဒမ္မပ္ပတ္တာ၊ ယဉ်ကျေးခြင်းသို့ ရောက်ကာမှုကြ၍။ သီတိဘူတာ၊ ကိလေသာဟူ မီးပူခြင်းမှ ငြိမ်းအေးကြကုန်၍။ အနာသဝါ၊ အာသဝေါ

မရှိကုန်ဘဲ။ ဝိဟရန္တိ၊ နေတော်မူကြကုန်၏။ ဘောဟိတ္ထသိဘိ၊ ထိုရဟန်းအရှင်တို့၏။ အနုမိဏ္ဍုံ၊ လေ့ကျက်ရာဖြစ်သော။ မဂ္ဂံ၊ ဖြစ်ပျက်ရှုကြံ မဂ်လမ်းမှန်ကို။ ဒသ္ဿနပတ္တိသာ၊ မြင်ခြင်းသို့ ရောက်ခြင်းငှါ၊ ဒုက္ခဿ၊ ဖြစ်ခြင်းပျက်ခြင်း ဆင်းရဲခြင်း၏။ အန္တကိရိယာယ၊ အဆုံးကိုပြုခြင်းငှါ။ တွံ၊ ဝဇ္ဇမည်ငြား သင်ချစ်သားသည်။ အနုဗြူဟာယ၊ နေ့ညဥ့်မလပ် အစဥ်စပ်အောင် အထပ်ထပ် ပွားများပါလော့။

ဤသို့ မယ်တော်ထေရီ ဆုံးမသော တရားကိုကြားလျှင် သားဖြစ်သော ဝဇ္ဇထေရ်သည် ငါ၏မယ်တော်ကား ဧကန်စင်စစ် ရဟန္တာမဖြစ်ပြီဟု မှတ်ထင်၍ ဤဂါထာဖြင့် မေးမြန်းလေ၏။

ဝိသာရဒါဝ ဘဏာသိ၊ ဧတမတ္ထံ ဇနေတ္တိ မေ။
မညာမိနူန မာမိကေ၊ ဝနထော တေ နဝိဇ္ဇတိ။

မေ၊ ငါ၏။ ဇနေတ္တိ၊ မယ်တော်သည်။ ဧတမတ္ထံ၊ ဤသို့သောတရားစကားကို။ ဝိသာရဒါ၊ ရဲရဲတင်းတင်းသာလျှင်။ ဘဏာသိ၊ ဆိုဆုံးမ၏။ မာမိကေ၊ မယ်တော်မိခင် ကျေးဇူးရှင်။ တေ၊ မယ်တော်အား။ ဝနထော၊ တဏှာထွေးရှုပ် တောမြိုင်အုပ်သည်။ နဝိဇ္ဇတိနူန၊ ရှုပ်ထွေးလွတ်ကင်း သန့်ရှင်းပြီလော။ ဝါ၊ ရှုပ်ထွေးလွတ်ကင်း သန့်ရှင်းလှစွာ ရဟန္တာဟု။ မညာမိ၊ ငါမှတ်ထင်ပါ၏။

ဤကဲ့သို့ သားဖြစ်သော ဝဇ္ဇထေရ်က ရဟန္တာဖြစ်ပြီလောဟု မေးသောအခါ မယ်တော်ထေရီသည် ရဟန္တာဖြစ်ကြောင်းကို ဝန်ခံ၍ ဤဂါထာကို ဆို၏။

ယေကေစိ ဝဇ္ဇ သင်္ခါရာ၊ ဟီနုက္ကဋ္ဌမဇ္ဈိမာ။
အဏုပိ အဏုမတ္တောပိ၊ ဝနထော မေ နဝိဇ္ဇတိ။
သဗ္ဗေ မေ အာသဝါ ခီဏာ၊ အပ္ပမတ္တဿ ဈာယတော။
တိဿော ဝိဇ္ဇာ အနုပ္ပတ္တာ၊ ကတံ ဗုဒ္ဓဿ သာသနံ။

ဝဇ္ဇ၊ ချစ်သားဝဇ္ဇ။ ဟီနုက္ကဋ္ဌမဇ္ဈိမာ၊ အယုတ်အမြတ် အလတ်ဖြစ်ကုန်သော။ ယေကေစိ၊ အလုံးစုံကုန်သော။ သင်္ခါရာ၊ ဖြစ်လျှင်ပျက်ရ သင်္ခါရတို့သည်။ အတ္ထိသန္တိ၊ ရှိကုန်၏။ တေသု၊ ထိုဖြစ်ပျက်တတ်စွ သင်္ခါရတို့၌။ မေ၊ မွေးမယ်တော်အား။ ဝနထော၊ တောရှုပ်တဏှာ ရှုပ်ထွေးစွာသည်။ အဏုပိ အဏုမတ္တောပိ၊ အဏုမြူမျှ နည်းနည်းမျှ

လည်း။ နဝိဖ္ဖုတိ၊ မရှိလွတ်ကင်း ကုန်သန့်ရှင်း၏။ မေ၊ တပည့်တော်မ မွေးမယ်တော်အား။ သဗ္ဗေ၊ အလုံးစုံကုန်သော။ အာသဝါ၊ အာသဝေါ တရားတို့သည်။ ခီဏာ၊ ကုန်ခန်းလေကုန်ပြီ။ တိဿောဝိဇ္ဇာ၊ ဝိဇ္ဇာ သုံးပါးသို့။ အနုပ္ပတ္တာ၊ ရောက်လေပြီ။ ဗုဒ္ဓဿ၊ မြတ်စွာဘုရား၏။ သာသနံ၊ သာသနာတော်ကို။ ကတံ၊ ပြုဘွယ်ကိစ္စဟူသမျှ ပြီးဆုံးလေပြီ။

ဤသို့ မယ်တော်ထေရီသည် မိမိရဟန္တာ ဖြစ်ကြောင်းကို ပြောပြ၍ ဆုံးမသောအခါ သားဖြစ်သော ဝဍ္ဎထေရ်သည် သံဝေဂစိတ်ဖြစ်၍ မိမိ နေရာ ကျောင်းသို့ပြန်သွားပြီးလျှင် နေသန့်ရာ၌ ဆိတ်ငြိမ်စွာနေလျက် ဖြစ်ခြင်း ပျက်ခြင်းကို ရှုသောအခါ ရဟန္တာအဖြစ်သို့ ရောက်၍ ဝမ်း မြောက်လှစွာ မယ်တော်ထေရီထံသို့လာ၍ အညာဗျာကရဏပြုခြင်းငှါ ဤဂါထာတို့ကို ဆိုလေသတည်း။

ဥဠာရံ ဝတ မေ မာတာ၊ ပတောဒံ သမဝဿရိ။
ပရမတ္ထသံဟိတာ ဂါထာ၊ ယထာပိ အနုကမ္ပိကာ။
တဿာဟံ ဝစနံ သုတွာ၊ အနုသိဋ္ဌိံ ဇနေတ္တိယာ။
ဓမ္မသံဝေဂ မာပါဒိံ၊ ယောဂက္ခေမဿ ပတ္တိယာ။
သောဟံ ပဓာနပဟိတတ္တော၊ ရတ္တိံဒိဝ မတန္ဒိတော။
မာတရာ စောဒိတော သန္တော၊ အဖုသိံ သန္တိ မုတ္တမံ။
ထေရီဂါထာပါဠိတော်-၂၀၁။

မေ၊ ငါ၏။ မာတာ၊ မယ်တော်သည်။ ဥဠာရံ၊ မွန်မြတ်စွာသော။ ပတောဒံ၊ ဆုံးမသြဝါ ကြိမ်တပြာကို။ သမဝဿရိ၊ ရိုက်ပုတ်ဆုံးမ သင်ပြမသွေ ဖြစ်ပါပေ၏။ ယထာပိ၊ အကြင်သို့သော အခြင်းအရာဖြင့်။ အနုကမ္ပိကာ၊ ကြင်နာထောက်ထား ငါ၏သားဟု သနားငဲ့ညှာခြင်း ရှိပေ၏။ တထာ၊ ထိုသနားခြင်း ရှိသည်အတိုင်း။ ဂါထာ၊ မာသုတေဝဏ္ဏ လောကမှိ အစရှိသောဂါထာ ကြိမ်တပြာသည်။ ပရမတ္ထသံဟိတာ၊ မြတ်သောအကျိုးနှင့် စပ်သည်၏။ အဟံ၊ ဝဍ္ဎမည်တွင် ငါထေရ်ရှင် သည်။ တဿာ၊ ထိုမယ်တော်မြတ်လှ ထေရီမ၏။ ဝစနံ၊ ဆိုဆုံးမ သောစကားကို။ သုတွာ၊ ကြားရ၍။ ဇနေတ္တိယာ၊ မယ်တော်၏။ အနု သိဋ္ဌိံ၊ ဆုံးမသည်ကို။ သုတွာ၊ ကြားရ၍၊ ဓမ္မသံဝေဂံ၊ တရားဓမ္မ သံ ဝေဂသို့။ အာပါဒိံ၊ ရောက်လေပြီ။ ယောဂက္ခေမဿ၊ ယောဂကုန်ရာ မြတ်ချမ်းသာသို့။ ပတ္တိယာ၊ ရောက်ခြင်းငှါ။ သောအဟံ၊ ထိုငါသည်။

ပဓာနပဟိတတ္တော၊ ဖြစ်ပျက်ရှုကြံ လင်းမှန်မသွေ စိတ်ကိုစေလျက်။ ရတ္တိံဒိဝံ၊ နေ့ညဥ့်ပတ်လုံး။ အတန္ဒိတော၊ မပျင်းမရိ အားထုတ်လျက်။ မာတရာစောဒိတော၊ မယ်တော်စောဒနာ၍ အပြစ်တင်ကာဆုံးမသည်။ သန္တော၊ ဖြစ်ရကား။ ဥတ္တမံ၊ မြတ်သော။ သန္တိံ၊ နိဗ္ဗာန်သို့၊ အဖုသိံ၊ တွေ့ရောက်ရလေပြီ။

[ထေရဂါထာ ပါဠိတော်-၁၃၅-ဝဍ္ဎထေရဂါထာ၌ကား-

သာဓု ဟိ ကိရ မေ မာတာ၊ ပတောဒံ ဥပဒံသယိ။လ။

ဝိသာရဒေါ ခေါ ဘဂိနိ၊ ဧတမတ္ထံ အဘာသသိ။

ဟူ၍ရှိ၏။ ၎င်းပဋ္ဌကနိပါတ် ထေရဂါထာအဋ္ဌကထာ ကျမ်းစာမရှိ]။

ဝဍ္ဎမာတာထေရီအပဒါန်ဝတ္ထုပြီး၏။ [ပဋ္ဌပညာသဝတ္ထု]။

ရောဟိနီထေရီ၏ အပဒါန်ဝတ္ထု

ရောဟိနီထေရီသည်လည်း ရှေးရှေးသော မြတ်စွာဘုရားတို့၏ အထံတော်၌ ပြုကျင့်ဆည်းပူးအပ်သော ပါရမီသမ္ဘာရ အဓိကာရ ကုသိုလ်ရှိသည်ဖြစ်၍ ကိုးဆဲ့တကမ္ဘာထက်၌ ဝိပဿီ မြတ်စွာဘုရား ပွင့်ကော်မူသောအခါ ဗန္ဓုမတီပြည်၌ အမျိုးကောင်းသမီးဖြစ်၏။ တနေ့သ၌ ဗန္ဓုမတီပြည်သို့ မြတ်စွာဘုရားသည် ဆွမ်းခံဝင်တော်မူလျှင် ထို အမျိုးသမီးသည် မြတ်စွာဘုရား၏ သပိတ်တော်ကိုယူ၍ မုံ့တို့ကို ပြည့် အောင်ထည့်လောင်း၍ သပိတ်ကို မြတ်စွာဘုရား လက်တော်သို့ ကပ် ပြီးလျှင် ရွှင်လန်း ဝမ်းမြောက်သော စိတ်ဖြင့် ငါးပါးသော တည်ခြင်း ဖြင့် မြေ၌ကည်စေ၍ ရှိခိုးပူဇော်ခြင်းကိုပြု၏။ ထိုအမျိုးကောင်းသမီး သည် ထိုကုသိုလ်ဖြင့် စုတေ၍နတ်ပြည် လူ့ပြည်တို့၌ ဖြစ်ပြီးလျှင် ကိုး ဆဲ့တကမ္ဘာ အပါယ်မလားဘဲ ငါတို့မြတ်စွာဘုရား ပွင့်တော်မူသော အခါ ဝေသာလီပြည်ဝယ် ဥစ္စာပေါများသော ပုဏ္ဏား၏သမီးဖြစ်၍ ရောဟိနီဟူသော အမည်ကို ခေါ်ကြကုန်၏။ မြတ်စွာဘုရားသည် ဝေသာလီပြည်၌ သီတင်းသုံးတော်မူသောအခါ ကျောင်းတော်သို့ သွား၍ တရားတော်ကိုနာရာတွင် သောတာပန်တည်၍ အိမ်သို့ပြန်လာ သောအခါ ရဟန်းတို့၏ ဂုဏ်ကျေးဇူးကိုသာ အခါခါမြည်တမ်းရွတ် ဆိုလျက်အိပ်၏။ နိုးသောအခါလည်း ရဟန်းတို့၏ ဂုဏ်ကျေးဇူးကို

နှုတ်မြွက်ပြောဆိုလေ့ရှိ၏။ ထိုအခါ၌ အဘဖြစ်သော ပုဏ္ဏားသည် သမီးကိုဂါထာဖြင့် ဤသို့မေးလေသတည်း။

သမဏာတိ ဘောတိ သုပိ၊ သမဏာတိ ပဗုဇ္ဈသိ။
သမဏာနေဝ ကိတ္တေသိ၊ သမဏီနုန ဘဝိဿသိ။
ဝိပုလံ အန္နံ ပါနဉ္စ၊ သမဏာနံ ပဝေစ္ဆသိ။
ရောဟနီ ဒါနိ ပုစ္ဆာမိ၊ ကေန တေ သမဏာ ပိယာ။

ဘောတိ၊ ချစ်သမီးရောဟနီ။ တွံ၊ သင်ချစ်သမီးသည်။ သမဏာတိ၊ ရဟန်းရဟန်းဟူ၍။ လပန္တီ၊ ရွတ်ဆိုမြည်တမ်းလျက်။ သုပိ၊ အိပ်၏။ သမဏာတိ၊ ရဟန်းရဟန်းဟူ၍။ လပန္တီ၊ ရွတ်ဆိုလျက်။ ပဗုဇ္ဈသိ၊ နိုး၍သာ၏။ သမဏာနမေဝ၊ ရဟန်းတို့၏ ဂုဏ်ကျေးဇူးကိုသာလျှင်။ ကိတ္တေသိ၊ ချီးမွမ်းပြောဆိုလျက်နေ၏။ သမဏီ၊ ရဟန်းမိန်းမသည်။ ဘဝိဿတိနုန၊ ဖြစ်လတ္တံ့လော။ ။ဝိပုလံ၊ များစွာသော။ အန္နဉ္စ၊ ထမင်းကိုရင်း။ ပါနဉ္စ၊ အဖျော်ကိုရင်း။ သမဏာနံ၊ ရဟန်းတို့အား။ ပဝေစ္ဆသိ၊ လှူဒါန်း၏။ ရောဟနီ၊ ချစ်သမီးရောဟနီ။ ဒါနိ၊ ယခု။ ပုစ္ဆာမိ၊ ဘခင်မေးပါအံ့။ ကေန၊ အဘယ့်ကြောင့်။ တေ၊ သင်ချစ်သမီးသည်။ သမဏာ၊ ရဟန်းတို့ကို။ ပိယာ၊ ချစ်မြတ်နိုးပါသနည်း။

ချစ်သမီး ရောဟနီ သင်ချစ်သမီးသည် ရဟန်းတို့၏ ဂုဏ်ကျေးဇူးကို ပြောဆိုမြည်တမ်းလျက် လှူဒါန်းပေးကမ်း၍ နေသော်လည်း ထိုရဟန်းတို့သည် ပျင်းရိသဖြင့် သူတပါးပေးကမ်းသည့်ကိုသာလျှင်စားသောက်၍ နေသော သူတို့ဖြစ်ကုန်၏ဟူ၍ ရဟန်းတို့၏ အပြစ်ကို ပြောဆိုလိုသော ပုဏ္ဏားကြီးသည် သမီးကို ဤဂါထာဖြင့် ပြောဆိုပြန်၏။

အကမ္မကာမာ အလသာ၊ ပရဒတ္တူပဇီဝိနော။
အာသံသုကာ သာဒုကာမာ၊ ကေန တေ သမဏာ ပိယာ။

ဘောတိ၊ ချစ်သမီးရောဟနီ။ တေသမဏာ၊ ထိုဦးပြည်းခေါင်းတုံး အသုံးမဝင် လူတင်စားရဟန်းတို့သည်။ အကမ္မကာမာ၊ အလုပ်ကို မလုပ်လိုကြကုန်။ အလသာ၊ ပျင်းရိကြကုန်၏။ ပရဒတ္တူပဇီဝိနော၊ သူတပါးတို့ ပေးကမ်းသည်ကို စားသောက်၍ အသက်မွေးကြကုန်၏။ အာသံသုကာ၊ ပေးသူကမ်းသူ လှူဒါန်းသူကိုသာ အခါခါမျှော်၍ တကောင့်တတ နေကြကုန်၏။ သာဒုကာမာ၊ ကောင်းသော အစာကိုသာ အလိုရှိကြ

ကုန်၏။ ကေန၊ အဘယ့်ကြောင့်။ တေ၊ သင်ချစ်သွီးသည်။ သမဏာ၊ ဦးပြည်းခေါင်းတုံး အသုံးမဝင် လူတင်စား လူပျင်း လူချင်းမတူ အမူကွဲပြား ရဟန်းများကို။ ပိယာ၊ ချစ်ခင်မြတ်နိုး ဘိသနည်း။

အဓိပ္ပါယ်ကား—သွီးဖြစ်သော ရောဟနီသည် သောတာပန် ဖြစ်၍ ရဟန်းတို့ကို အလွန်မြတ်နိုးသောကြောင့် ရဟန်းတို့၏ ဂုဏ်ကိုသာ အခါခါချီးမွမ်း ပြောဆိုသည်ကို အဘဖြစ်သော ပုဏ္ဏားကြီးက မိစ္ဆာအယူရှိရကား ရဟန်းဟူသော စကားအသံကို ကြားရလျှင် နားဌွတံကျင်စုတ်ချွန်နှင့် ထိုးသကဲ့သို့ ဖြစ်၏။ ငါ၏သွီး ရောဟနီသည် အိပ်လျှင်လည်း ရဟန်းရဟန်း နိုးလာလျှင်လည်း ရဟန်းရဟန်းနှင့် ရဟန်းတို့ကိုသာ တတွတ်တွတ်ရွတ်ဆို မြည်တမ်း၏။ ငါ့သွီးရောဟနီသည် ရဟန်းမ ဖြစ်၍ နေပြီထင်၏ဟု သမဏီနူနာသိသာဘိ ဟူသော စကားဖြင့် ပြက်ရယ်ဆိုလျက် ပျင်းရိသောကြောင့် အလုပ်မလုပ်လိုဘဲ သူတပါးတို့ ကျွေးသည်ကိုသာ စားသောက်၍နေသော ရဟန်းတို့ကို အဘယ့်ကြောင့် ငါ့သွီးသည် ချစ်ခင် မြတ်နိုးရသနည်းဟု မေးလေသတည်း။ ထိုအခါ သွီးဖြစ်သော ရောဟနီသည် ဩော်—ငါ၏ ဘခင်သည် ငါသောတာပန် တည်သည်ကိုလည်းမသိ၊ ရဟန်းတို့၏ ဂုဏ်ကိုလည်း မသိ၊ ယခုအခါ ငါ၏ဘခင်ပုဏ္ဏားကြီးအား ရဟန်းတို့၏ ဂုဏ်ကျေးဇူးအကြောင်းကို ကောင်းစွာသိအောင် ငါပြောပြအံ့ဟု နှလုံးပြုလျက် ဤဂါထာကို ဆို၏။

စိရဿံ ဝတ မံ တာတ၊ သမဏာနံ ပရိပုစ္ဆသိ။
တေသံ တေ ကိတ္တယိဿာမိ ပညာသီလ ပရက္ကမံ။

တာတ၊ မွေးသည့်ဘခင် ကျေးဇူးရှင်။ သမဏာနံ၊ ရဟန်းတို့ကို။ စိရဿံ၊ ယခုလောက်ကြာမှ။ မံ၊ ကျွန်တော်မကို။ ပုစ္ဆသိဝတ၊ မေးဘိ၏စကား။ တေသံ၊ ထိုရဟန်းတို့၏။ ပညာသီလပရက္ကမံ၊ ပညာဂုဏ် သီလဂုဏ် လုံ့လဝီရိယ ဂုဏ်ကျေးဇူးကို။ ကိတ္တယိဿာမိ၊ ပြောကြားပါအံ့။

ကမ္မကာမာ အနလသာ၊ ကမ္မသေဋ္ဌဿ ကာရကာ။
ရာဂံ ဒေါသံ ပဇဟန္တိ၊ တေန မေ သမဏာ ပိယာ။

တာတ၊ ဘခင်။ တေ၊ ထိုရဟန်းတို့သည်။ ကမ္မကာမာ၊ ကမ္မဋ္ဌာန်းအလုပ်ကို ကောင်းစွာ လုပ်လိုကြကုန်၏။ အနလသာ၊ ပျင်းရိခြင်း မရှိ

ကြကုန်။ ကမ္မသေဋ္ဌသကာရကာ၊ မြတ်သောဝိပဿနာ အလုပ်ကိုသာ ပြုလုပ်ကြကုန်၏။ ရာဂံ၊ရာဂကို၊ ဉ်ငင်း။ ဒေါသံ၊ ဒေါသကို ၊ ဉ်ငင်း။ ပဇဟန္တိ၊ စွန့်နိုင်ကြကုန်၏။ ဝါ၊ ရာဂဒေါသမရှိကြကုန်။ တေန၊ ထိုကြောင့်။ မေ၊ ကျွန်တော်မသည်။ သမဏာ၊ ရဟန်းတို့ကို။ ပိယာ၊ ချစ်ခင်မြတ်နိုး အပ်ပါသဘည်း။

ဘခင်-ရဟန်းတို့သည် ပျင်းရိ၍ အလုပ်မလုပ်လိုသော သူတို့ဟူ၍ ဆို၏။ ရဟန်းတို့သည်ကား မပျင်းရိသောကြောင့် မြတ်သော ဝိပဿနာ ကမ္မဋ္ဌာန်း အလုပ်ကို ကောင်းစွာလုပ်ကြကုန်သည်ဖြစ်၍ ရာဂ ဒေါသကို စွန့်နိုင်ကြကုန်၏။ထိုကြောင့် ရဟန်းတို့ကို ကျွန်တော်မ ချစ်ခင်မြတ်နိုး ပါသည်ဟူ၍ ပြောကြားလေသတည်း။

ဗဟုဿုတာ ဓမ္မဓရာ၊ အရိယာ ဓမ္မဇီဝိနော။
ဧကဂ္ဂစိတ္တာ သတိမန္တော၊ တေန မေ သမဏာ ပိယာ။

အရိယာ၊ အရိယာဇာတ် ရဟန်းမြတ် တို့သည်။ ဗဟုဿုတာ၊ များသော အကြားအမြင်ရှိကုန်၏။ ဓမ္မဓရာ၊တရားကိုဆောင်ကြကုန်၏။ ဓမ္မဇီဝိနော၊ တရားဖြင့် အသက်မွေးတော် မူကြကုန်၏။ ဧကဂ္ဂစိတ္တာ၊ တခုတည်းသော ကမ္မဋ္ဌာန်းအာရုံ၌ တည်သော စိတ်ရှိကြကုန်၏။ သတိမန္တော၊ သတိရှိကြကုန်၏။ တေန၊ ထိုကြောင့်။ မေ၊ကျွန်တော်မသည်။ သမဏာ၊ ရဟန်းတို့ကို။ ပိယာ၊ ချစ်ခင်မြတ်နိုးပါ၏။

ဒူရင်္ဂမာ ဝါမာ ပက္ကမန္တိ၊ နဝိလောကေန္တိ ကိဉ္စနံ။
အနပေက္ခာ ဂစ္ဆန္တိ၊ တေန မေ သမဏာ ပိယာ။

တာဘ၊ဘခင်ပုဏ္ဏား။ သမဏာ၊ရဟန်းတော်တို့သည်။ယံဒူရင်္ဂမာ၊ အကြင်ရွာမှ။ ပက္ကမန္တိ၊ ဘဲသွားကုန်၏။ ကိဉ္စနံ၊ တစုံတခုကိုမျှ။ နဝိလောကေန္တိ၊ ငဲ့ကွက်တွယ်တာ တဏှာစွဲမှု မကြည့်ရှုကြကုန်။ အနပေက္ခာဝ၊ စွဲသမ်းငဲ့ညှာ မတွယ်တာဘဲ ဥပေက္ခာပြု လျစ်လျူရှု၍သာလျှင်။ ဂစ္ဆန္တိ၊ အလိုရှိရာ တောမြိုင်သာသို့ ချမ်းသာမြေ သွားရောက်ကြကုန်၏။ တေန၊ ထိုကြောင့်။ မေ၊သို့အလှ ကျွန်တော်မသည်။ သမဏာ၊ ရဟန်းတို့ကို။ ပိယာ၊ ချစ်ခင်မြတ်နိုးပါသဘည်း။

နတေ ဟိရညံ ဂဏှန္တိ၊ နသုဝဏ္ဏံ နရူပိယံ။
ပစ္စုပ္ပန္နေန ယာပေန္တိ၊ တေန မေ သမဏာ ပိယာ။

တာတ၊ ခမည်းတော်နတ် ပုဏ္ဏားမြတ်-။ သမဏာ၊ ရဟန်းတော်တို့သည်။ ဟိရညံ၊ ကဟာပဏ ခေါ်ကြကုန်ပြား ငွေဒင်္ဂါးကို။ န ဂဏှန္တိ၊ မခံယူကြကုန်။ တေ၊ ထိုရဟန်းတော်တို့သည်။ သုဝဏ္ဏံ၊ ရွှေကို။ န ဂဏှန္တိ၊ မခံယူကြကုန်။ ရူပိယံ၊ ငွေကို။ န ဂဏှန္တိ၊ မခံယူကြကုန်။ ပဋ္ဌုပ္ပန္နေန၊ ပစ္စုပ္ပန်ရလာဘ်လာဘဖြင့်။ ယာပေန္တိ၊ မျှတကာနေကြကုန်၏။ တေန၊ ထိုကြောင့်။ မေ၊ အကျွန်ုပ်ရောဟနီသည်။ သမဏာ၊ ရဟန်းတော်တို့ကို။ ပိယာ၊ ချစ်ခင်မြတ်နိုးပါသတည်း။

နာနာကုလာ ပဗ္ဗဇိတာ၊ နာနာဇနပဒေဟိစ။
အညမညံ ပိဟယန္တိ တေန မေ သမဏာ ပိယာ။

တာတ၊ ဘခင်ပုဏ္ဏား—။ နာနာကုလာ၊ အထူးထူးသော အမျိုးမှ။ ပဗ္ဗဇိတာ၊ ရဟန်းပြုကြကုန်သော။ နာနာဇနပဒေဟိစ၊ အထူးထူးသော ဇနပုဒ်တို့မှလည်း။ ပဗ္ဗဇိတာ၊ ရဟန်းပြုကြကုန်သော။ သမဏာ၊ အရိယာ ဓာတ် ရဟန်းမြတ်တို့သည်။ အညမညံ၊ အချင်းချင်း။ ပိဟယန္တိ၊ ချစ်ခင်ကြကုန်၏။ တေန၊ ထိုကြောင့်။ မေ၊ ရောဟနီမည်ရ သမီးလှသည်။ ပိယာ၊ ချစ်ခင်မြတ်နိုးပါသတည်း။

[သောတာပန်တည်ပြီးသော ရောဟနီမည်သော သမီးသည် မိစ္ဆာ အယူရှိသော ဘခင်ပုဏ္ဏားကြီးအား တရားဟောသော ဂါထာ များစွာ ရှိသော်လည်း ဤ၌ ကုန်အောင် မရေးထည့်ပြီ၊ အလိုရှိသူတို့သည် ထေရီဂါထာပါဠိတော် ၂၀၄ မှ ကြည့်ရှုပါကုန်]။

ဤသို့ သမီးရောဟနီသည် တရားခမ္ဘဟောပြ၍ သဘောကျသော ဘခင်ပုဏ္ဏားကြီးသည် သမီးရောဟနီကို ချီးမွမ်းလို၍ ဤဂါထာကိုဆိုလေ သတည်း။

အတ္ထာယ ဝတ မေ ဘောတိ၊ ကုလေ ဇာတာသိ ရောဟနီ။
သဒ္ဓါ ဗုဒ္ဓေစ ဓမ္မေစ၊ သံဃေစ တိဗ္ဗဂါရဝါ။
တုဝံ ဟေတံ ပဇာနာသိ၊ ပုည ခေတ္တံ အနုတ္တရံ။
အမှံပိ ဧတေ သမဏာ၊ ပဋိဂ္ဂဏှန္တိ ဒက္ခိဏံ။
ပတိဋ္ဌိတော ဟေတ္ထ ယညော၊ ဝိပုလော နော ဘဝိဿတိ။

ဘောတိ၊ အိုဘခင်ရင်သွေး သမီးတွေး—။ နော၊ ငါတို့၏။ ကုလေ၊ ပုဏ္ဏားမျိုး၌။ အတ္ထာယ၊ အကျိုးစီးပွါး များခြင်းငှါ။ ရောဟနီ၊ ရောဟနီ

မည်ရ သွီးလှသည်။ ဇာတာ၊ မွေးဖွားဖြစ်ပေါ်လာသည်။ အသိဝတာ၊ ဖြစ်ချေ၏တကား။ ဗုဒ္ဓေစ၊ မြတ်စွာဘုရား၌၎င်း။ ဓမ္မေစ၊ တရားတော်၌ ၎င်း။ သံဃေစ၊ သံဃာတော်၌၎င်း။ သဒ္ဓါ၊ ကြည်ညိုလှသော ရေဘာနီ သွီးသည်။ တိဗ္ဗဂါရဝါ၊ အလွန်ရိုသေခြင်းရှိပါပေ၏။ ဟိ၊မှန်၏။ တုဝံ၊ ချစ်သွီးသည်။ ဧတံ၊ထိုရတနာသုံးပါး၏ဂုဏ်ကို။ ပဇာနာသိ၊ သိပေ၏။ အနုတ္တရံ၊ အတုမရှိလွန်မြတ်သော။ ပုညခေတ္တံ၊ ကောင်းမှု၏ ဘည်ရာ ဖြစ်သော။ ဧတံ၊ထိုရတနာသုံးပါးကို။ တုဝံ၊သင်ချစ်သွီးသည်။ပဇာနာသိ၊ ရှေးဦးစွာသိပေ၏။ အမ္မပိ၊ ငါတို့သည်လည်း။ ပဇာနာမ၊သိပါကုန်ပြီ။ (ဝါ) အမ္မပိ၊ ငါတို့၏သည်း။ ဒက္ခိဏံ၊အလှူဝတ္ထုကို။ ဧတေသမဏာ၊ ထို ရဟန်းတော်တို့သည်။ ပဋိဂ္ဂဏှန္တု၊ ခံယူကြပါကုန်၏။ ဟိ၊မှန်၏။ ဧတ္ထ၊ ဤ ရဟန်းတော်တို့၌။ ယညော၊ အလှူဝတ္ထုပူဇော်မှုသည်။ ပတိဋ္ဌိတော၊ တည်သည်ဖြစ်၍။ နော၊ငါတို့အား။ ဝိပုလော၊ များသောအကျိုးရှိသည်။ ဘဝိဿတိ၊ ဖြစ်ရပါလတ္တံ့။

သွီးရေဟာနီသည် အဘပုဏ္ဏားကြီးအား တရားပြ၍ ဟောသဖြင့် သဘောကျသော ဘခင်ပုဏ္ဏားကို သရဏဂုံသိလ၌ တည်စေပြီး၍ ဤဂါထာဖြင့် ဟောပြပြန်၏။

သစေ ဘာယသိ ဒုက္ခဿ၊ သစေ တေ ဒုက္ခမပ္ပိယံ။
ဥပေဟိ ဗုဒ္ဓံ သရဏံ၊ ဓမ္မံ သံဃဉ္စ တာဒိနံ။
သမာဒိယာဟိ သီလာနိ၊ တံ တေ အတ္ထာယ ဟေဟိတိ။

တာတ၊ဘခင်-။တေ၊ဘခင်အား။သစေ၊အကယ်၍။ဒုက္ခဿ၊ ဆင်းရဲ ကို။ ဘာယသိ၊ ကြောက်ရွံ့ခြားအံ့။ ဒုက္ခံ၊ ဆင်းရဲကို။ တေ၊ဘခင်သည်။ အပိယံ၊မနှစ်သက်မူကား။တာဒိနံ၊တာဒိဂုဏ်နှင့် ပြည့်စုံပေသော။ဗုဒ္ဓဉ္စ၊ ဘုရားကို၎င်း။ဓမ္မဉ္စ၊ တရားကိုရင်း။ သံဃဉ္စ၊သံဃာတော်ကိုရင်း။ သရ ဏံ၊ ကိုးကွယ်ရာဟူ၍။ဥပေဟိ၊ဆည်းကပ် ပါလေလော့။ သီလာနိ၊ ငါး ပါး ရှစ်ပါး ဆယ်ပါး တတ်အားသမျှ ကျင့်သီလတို့ကို။ သမာဒိယာဟိ၊ ဆောက်တည်ကျင့်သုံး ပါလေလော့။ တံ၊ ထိုသီလကို ကျင့်သုံးဆောက် တည်ခြင်းသည်။ တေ၊ သင်ဘခင်၏။ အတ္ထာယ၊ အကျိုးများခြင်းငှါ။ ဟေဟိတိ၊ ဖြစ်ပါလိမ့်မည်တည်း။

ဘခင်ပုဏ္ဏားကြီးသည် သွီးရေဟာနီ ဟောပြောသည့် အတိုင်း လိုက်နာကျင့်သုံးလိုရကား ဤဂါထာဖြင့် ဝန်ခံလေ၏။

ဥပေမိ ဗုဒ္ဓံ သရဏံ၊ ဓမ္မံ သံဃဉ္စ တာဒိနံ။
သမာဒိယာမိ သီလာနိ၊ တံ မေ အတ္ထာယ ဟေဟိတိ။

ဘောတိ၊ ချစ်သွေးရောဟိနီ။ အဟံ၊ ငါသခင်သည်။ တာဒိနံ၊ တာဒိဂုဏ်နှင့် ပြည့်စုံတော်မူသော။ ဗုဒ္ဓဉ္စ၊ ဘုရားကိုငင်း။ ဓမ္မဉ္စ၊ တရားတော်ကိုငင်း။ သံဃဉ္စ၊ သံဃာတော်ကိုငင်း။ သရဏံ ကိုးကွယ်ရာဟူ၍။ ဥပေမိ၊ ဆည်းကပ်ပါ၏။ သီလာနိ၊ သီလတို့ကို။ သမာဒိယာမိ၊ဆောက်တည်ပါတော့အံ့။ တံ၊ ထိုသီလဆောက်တည်ခြင်းသည်။ မေ၊ ငါသခင်၏။ အတ္ထာယ၊ အကျိုးများခြင်းငှါ။ ဟေဟိတိ၊ ဖြစ်ပါလတ္တံ့။

ရောဟိနီသည် မိခင်ဘခင်တို့ကို တရားပြ၍ သရဏဂုံသီလ၌ တည်စေပြီးလျှင် ရဟန်းမိန်းမပြုလုပ်ရန် ခွင့်တောင်း၍ ဘိက္ခုနီတို့ အထံ၌ ရဟန်းပြုလုပ်၍ ဝိပဿနာကို ပွားလျက် ရဟန္တာမအဖြစ်သို့ ရောက်လေ၏။ ဘခင်ဖြစ်သော ပုဏ္ဏားကြီးသည်လည်း နောက်အဘို့၌ သံဝေဂဖြစ်၍ ရဟန်းပြုပြီးလျှင် ဖြစ်ခြင်းပျက်ခြင်းကိုရှု၍ ရဟန္တာ ဖြစ်ပြီးမှ ဤဂါထာကို ဥဒါန်းကျူးလေသတည်း။

ပြဟ္မ ဗန္ဓု ပုရေ အာသိံ၊ သော ဧဒါနိ မှိ ပြာဟ္မဏော။
တေဝိဇ္ဇော သောတ္ထိယော စမှိ၊ ဝေဒဂူစမှိ နှာတကော။

ပုရေ၊ ရှေးအခါ၌။ပြဟ္မဗန္ဓု၊ ပုဏ္ဏားမျိုးသည်။ အာသိံ၊ ဖြစ်ရဘူးပြီ၊ သော အဟံ၊ ထိုငါသည်။ ဧဒါနိ၊ ယခုမှ။ ပြာဟ္မဏော၊ ပုဏ္ဏားအစစ်သည်။ အမှိ၊ဖြစ်ရ၏။ တေဝိဇ္ဇော၊ ဝိဇ္ဇာသုံးပါးရှိသော။ သောတ္ထိယော၊ စင်ကြယ်သော ပုဏ္ဏားအစစ်သည်။ အမှိ၊ ဖြစ်ရ၏။ ဝေဒဂူ၊ သိခြင်း အဆုံးသို့ ရောက်သည်ဖြစ်၍။ နှာတကော၊ မဂ်ရေဖြင့် ဆေးကြောပြီး သည်။ အမှိ၊ ဖြစ်ရ၏။

ရောဟိနီထေရီ ဟောသော အပဒါန် ဘာသာဋီကာ

ရဟန်းပြု၍ ရဟန္တာဖြစ်ပြီးသော ရောဟိနီ ထေရီသည် ကိုးဆဲ့ တကမ္ဘာထက်၌ ဝိပဿီ မြတ်စွာဘုရားအား မုံ့တသပိတ် လှူဘူး သော ကုသိုလ်ဖြင့် တာဝတိံသာနတ်ပြည်၌ဖြစ်ပြီး၍ သိကြားမင်း၏ အဂ္ဂမဟေသီ နတ်မိဖုယားကြီး သုံးဆဲ့ခြောက်ကြိမ် ဖြစ်ဘူးကြောင်းကို ငင်း လူ့ပြည်၌ စကြာမင်း၏အဂ္ဂမဟေသီမိဖုယားကြီးအကြိမ်ငါးဆယ် ဖြစ်ဘူးကြောင်းကိုငင်း ထိုမှတပါး ဖြစ်လေရာဘဝ၌ စိတ်အလိုရှိ၍

တောင့်တလိုက်လျှင် ခဏခြင်းပြည့်စုံစွာ ရလွယ်ကြောင်းကိုရင်း လူ့ပြည်နတ်ပြည်တို့၌သာ ကျင်လည်၍ ကိုးဆဲ့တကမ္ဘာ အပါယ်မ လားကြောင်းကိုရင်း မုံ့တသပိတ်လှူသော ထိုကုသိုလ်ကို အခြေခံပြု၍ ရဟန္တာဖြစ်ကြောင်းကိုရင်း ပုဗ္ဗေနိဝါသ အဘိညာဏ်ဖြင့် ဆင်ခြင်၍ ဤအပဒါန်တရားကို ဟောသတည်း။

နဂရေ ဗန္ဓုမတိယာ၊ ဝိပဿိဿ မဟေသိနော။
ဝိဏ္ဍာယ ဝိစရန္တဿ၊ ပူဝေ အဒါသဟံ တဒါ။
တေန ကမ္မေန သုကတေန၊ စေတနာပဏိဓီဟိ စ။

တတ္ထ စိတ္တံ ပသာဒေတွာ၊ တာဝတိံသံ အဂစ္ဆဟံ။
ဆတ္တိံသ ဒေဝရာဇူနံ၊ မဟေသိတ္တ မကာရယိံ။
ပညာသံ စက္ကဝတ္တီနံ၊ မဟေသိတ္တ မကာရယိံ။
မနသာ ပတ္ထိတာနာမ၊ သဗ္ဗံ မယှံ သမိဇ္ဈတေ၊

သမ္ပတ္တိံ အနုဘုတွာန၊ ဒေဝေသု မနုဿေသု စ။
ပစ္ဆိမေ ဘဝသမ္ပတ္တေ၊ ဇာတာ ဝိပ္ပကုလေ အဟံ။

ရောဟိနီနာမ နာမေန၊ ဉာတကေဟိ ပိယာယိကာ။
ဘိက္ခုနံ သန္တိကံ ဂန္တွာ၊ ဓမ္မံ သုတွာ ယထာတထံ။

သံဝိဂ္ဂမာနသာ ဟုတွာ၊ ပဗ္ဗဇိံ အနဂါရိယံ။
ယောနိသော ပဒဟန္တီနံ၊ အရဟတ္တံ အပါပုဏိံ။

ဧကနဝုတိတော ကပ္ပေ၊ ယံ ဒါန မဒဒိံ တဒါ။
ဒုဂ္ဂတိံ နာဘိဇာနာမိ၊ ပူဝဒါနဿိဒံ ဖလံ။

ကိလေသာ ဈာပိတာ မယှံ၊ ဘဝါ သဗ္ဗေ သမူဟတာ။
နာဂီဝ ဗန္ဓနံ ဆေတွာ၊ ဝိဟရာမိ အနာသဝါ။

သွာဂတံ ဝတ မေ အာသိ၊ ဗုဒ္ဓသေဋ္ဌဿ သန္တိကေ။
တိဿော ဝိဇ္ဇာ အနုပ္ပတ္တာ၊ ကတံ ဗုဒ္ဓဿ သာသနံ။

[ဤရောဟိနီထေရီ ဟောတော်မူသော အပဒါန် ဂါထာတို့သည် ပါဠိအနာရုဠှ ဂါထာတို့ဖြစ်ကုန်၏။ ထေရီအပဒါန်ပါဠိတော်၌ ဝဂ်လေးဆယ်သာရှိသည်၊ ရောဟိနီအပဒါန် မပါမရှိချေ။ သို့သော်လည်း ရှေးအခါက သင်္ဂါယနာတင် အရှင်မြတ်တို့သည် သင်္ဂါယနာ တင်ထား

ကြသောကြောင့် သာလျှင် တေနဝုတ္တံ အပဒါနေ့ဟူ၍ အဋ္ဌကထာမိန့်၏ဟု ယူရန်ရှိ၏။ နောက်ဆရာတို့လက်ထက် ပေထက်အက္ခရာ တင်သော အခါမှာ ပေယျာလ်အပဒါန်ကျန်၍ နေရစ်ဟန်တူ၏။ ယခုပုံနှိပ်ပြီးသော ထေရအပဒါန်သည်လည်း ပဌမပညာသဝဂ္ဂ ငါးဆဲ့ငါးဝဂ်သာ ရှိ၏။ အဋ္ဌကထာ၌ကား ဆဋ္ဌပညာသဝဂ္ဂ ငါးဆဲ့ခြောက်ဝဂ် အဖွင့် သံဝဏ္ဏနာ ရှိလေသည်။ တဝဂ်လုံးလုံး ပေထက်အက္ခရာ မတင်မိ၍ ကျန်နေဟန် တူသည်။ ပရိယတ္တိ သာသနာတော် မကွယ်မပျောက် စေလိုသော သာသနမာမက ပုဂ္ဂိုလ်မြတ်တို့သည် ထိုအပဒါန်တို့ကို ရှာဖွေ၍ ဆဋ္ဌ ညာသဝဂ်စေ့အောင် စုဆောင်းပုံနှိပ်ကြကုန်ရာ၏]။

ရောဟိနီထေရီ အပဒါန်ဝတ္ထု ပြီး၏။ ။[ဆဋ္ဌပညာသဝတ္ထု]။

ဥပကာနှင့်ဆာပါတို့၏အပဒါန်ဝတ္ထု

ထေရီဂါထာပါဠိတော် ဝီသတိနိပါတ်၌ လဋ္ဌိဟတ္ထော ပုရေ အာသိံ၊ သော ဒါနိ မိဂလုဒ္ဒကော အစရှိသော ဂါထာတို့သည် ဥပကကြီး၏ဇနီး မုဆိုး၏သမီးဆာပါသည် ရဟန္တာမိန်းမဖြစ်ပြီး၍ ဥဒါန်း ကျူးကာ ရွတ်ဆိုဟောကြားသော ဂါထာတို့တည်း။

[ထိုထေရီဂါထာပါဠိတော် ၎င်းအဋ္ဌကထာတို့၌ စာပသဒ္ဒါအင်္ဂလ ဌ္ဌိတာသ ဟိ သာ စာပါတိ နာမံ လဘိ ဆို၏။ မူလ ပဏ္ဏာသ အရိယပရိယေသန ပါသရာသိသုတ် အဋ္ဌကထာ ဒုတိယအုပ် (၈၅) နံပါတ်၌ ဆာဝံ နာမ ဓိတာရံပဟု ရှိ၏။ဇိနတ္ထ၌ ဆာပါဟု ရှိ၏]။

ထိုမုဆိုးသမီးသည်လည်း ရှေးရှေးသော မြတ်စွာဘုရားတို့၏ အထံ တော်၌ ပြုကျင့်ဆည်းပူးခဲ့သော ဒါနပါရမီ ကုသိုလ်ရှိသည်ဖြစ်၍ ငါတို့ မြတ်စွာဘုရား ပွင့်တော်မူသော လက်ထက်အခါ ဝင်္ကဟာရဇနပုဒ် လုဒ္ဒကရွာ၌ ဥက္ကဋ္ဌဖြစ်သော မုဆိုးသူကြီး၏ သမီးဖြစ်လာ၏၊ ဥပက မည်သော အာဇီဝက တက္ကတွန်းကား မဂဓတိုင်း မဟာဗောဓိပင်၏ အနီး နဒ္ဒဂါမ ရွာငယ်၌ ဖြစ်၏။ မြတ်စွာဘုရားသည် သဗ္ဗညုတဉာဏ် ကို ရ၍ မဟာဗောဓိမဏ္ဍိုင်၌ သတ္တသတ္တာဟ လွန်၍ ဗောဓိပင်မှ တဆဲ့ရှစ်ယူဇနာ ကွာသော ဗာရာဏသီပြည် မိဂဒါဝုန်တော၌ နေကြ သော ပဉ္စဝဂ္ဂီတို့အား တရားဦးဟောရန် ရည်မှတ်၍ ကြွလာတော်မူရာ

ဗောဓိပင်မှ သုံးဂါဝုတ်ကွာသော ဂယာ၏အကြား၌ ဥပကသည် မြတ်စွာဘုရားကိုမြင်၍ ဝိပ္ပသန္နာနိ ခေါ တေ အာဝုသော ဣန္ဒြိယာနိ စသည် ဖြင့်မေး၏။ အာဝုသော၊ ငါ့ရှင်။ တေ၊ ငါ့ရှင်၏။ ဣန္ဒြိယာနိ၊ မျက်စိနားနှာ အစရှိသော ဣန္ဒြေတို့သည်။ ဝိပ္ပသန္နာနိ၊ ကြည်လင်ဘောက်ပကုန်၏။ အရေအဆင်း သန့်ရှင်းစင်ကြယ် ရောင်နွယ်လက်လက် ပြောင်ပြောင် ထွက်သော ငါ့ရှင်သည် အဘယ်သူ့ကို ရည်မှန်း၍ ရဟန်းပြုပါသနည်း။ ငါ့ရှင်၏ဆရာကား အဘယ်သူနည်း၊ အဘယ်သူ၏ တရားကို ငါ့ရှင် နှစ်သက် ပါသနည်း ဟူ၍ ဥပကမေးသည်ကို ဖြေတော်မူခြင်းငှါ ဤဂါထာဒွိကို ဟောတော်မူ၏။

သဗ္ဗာဘိဘူ သဗ္ဗဝိဒူ ဟမသ္မိ၊
သဗ္ဗေသု အနူပလိတ္တော။
သဗ္ဗဉ္ဇဟော တဏှာက္ခယေ ဝိမုတ္တော။
သယံ အဘိညာယ ကမုဒ္ဒိသေယျံ။

သဗ္ဗာဘိဘူ၊ အလုံးစုံသော။ တေဘူမက၊ တရားကို လွှမ်းမိုး၍တည်သော။ အဟံ၊ ငါဘုရားသည်။ သဗ္ဗဝိဒူ၊ အလုံးစုံသော စတုဘူမက တရားကို သိတော်မူသည်။ အသ္မိ ဖြစ်၏။ သဗ္ဗေသု ဓမ္မေသု၊ အလုံးစုံသော တေဘူမကတရားတို့၌။ အနူပလိတ္တော၊ ခင်မင်ငြိတွယ်ခြင်းမရှိမူ၍။ သဗ္ဗံ၊ အလုံးစုံသော တေဘူမကတရားကို။ ဇဟော၊ ပယ်စွန့်တော် မူလျက်။ တဏှာက္ခယေ၊ တဏှာကုန်ခန်း နိဗ္ဗာန်နန်း၌။ ဝိမုတ္တော၊ အာရုံပြုကာ လွတ်မြောက် စွာသော ငါဘုရားသည်။ သယံ၊ ကိုယ်တော်တိုင်။ အဘိညာယ၊ သိတော်မူ၍။ ကံ၊ အဘယ်သူ့ကို။ ဥဒ္ဒိသေယျံ၊ ဤသူပင်သာ ငါ့ဆရာဟု ညွှန်ပြစရာ ရှိတော့အံ့နည်း။

န မေ အာစရိယော အတ္ထိ၊ သဒိသော မေ န ဝိဇ္ဇတိ၊
သဒေဝကသ္မိံ လောကသ္မိံ၊ နတ္ထိ မေ ပဋိပုဂ္ဂလော။

မေ၊ ငါ၏။ အာစရိယော၊ ဆရာသည်။ နတ္ထိ၊ မရှိ။ မေ၊ ငါနှင့်။ သဒိသော၊ တူသောသူသည်။ နဝိဇ္ဇတိ၊ မရှိ။ သဒေဝကသ္မိံ၊ နတ်ဗြဟ္မာနှင့် တကွသော။ လောကသ္မိံ၊ လူတို့လောက၌။ မေ၊ ငါနှင့်။ ပဋိပုဂ္ဂလော၊ ယှဉ်ပြိုင်ဘက် ပုဂ္ဂိုလ်သည်။ နတ္ထိ၊ မရှိတော့ပေ။

အဟံ ဟိ အရဟာ လောကေ၊ အဟံ သတ္ထာ အနုတ္တရော။
ဧကောမှိ သမ္မာသမ္ဗုဒ္ဓေါ၊ သီတိဘူတောသ္မိ နိဗ္ဗုတော။

လောကေ၊ သုံးရပ်ဌာန ဘုံလောက၌။ အဟံဟိ-အဟံဧဝ၊ ငါသည်သာလျှင်။ အရဟာ-ရဟန္တာဖြစ်၏။ အဟံ၊ ငါဘုရားသည်သာလျှင်။ အနုတ္တရော အတုမရှိသော။ သတ္ထာ၊ ဆရာဖြစ်၏။ အဟံဧကော၊ ငါတယောက်ထည်းသာလျှင်။ သမ္မာသမ္ဗုဒ္ဓေါ၊ သမ္မာသမ္ဗုဒ္ဓ အမည်ရသော ဘုရားသည်။ အမှိ၊ ဖြစ်၏။ သီတိဘူတော၊ ကိလေသာမီး ငြိမ်းပြေးလျက်။ နိဗ္ဗုတော၊ နိဗ္ဗာန်သို့ရောက်၏။

ဝိနည်းမဟာဝါပါဠိတော်-၁၂။ မူလပဏ္ဏာသပါဠိတော်-၂၀၆။ ထေရီဂါထာအဋ္ဌကထာ။

ဤဂါထာတို့ကို မြတ်စွာဘုရား မိန့်ကြားတော်မူသောအခါ ဥပက တက္ကတွန်းရဟန်းသည် ငါ့ရှင်ဝန်ခံပြောဆိုသည့်အတိုင်း အနန္တဇိနဟု ဆိုထိုက်ပေ၏ဟူ၍ဆိုလျှင် ချစ်သား ဥပက ငါဘုရားကို အနန္တဇိန ဟူ၍သာလျှင် မှတ်လေတော့ဟု မိန့်တော်မူသောအခါ ဟုပေယျ ပါဝုသော ဟိ ဝတွာ သီသံ ဩကမ္ပေတွာ ဥမ္မဂ္ဂံ ဂဟေတွာ ပက္ကမိ။ အာဝုသော၊ ငါ့ရှင်။ ဟုပေယျ၊ ဟုတ်ပေရာ၏။ ဣတိဝတွာ၊ ဤသို့ဆို၍။ သီသံ၊ ဩကမ္ပေတွာ၊ ဦးခေါင်းညိမ့်၍။ ဥမ္မဂ္ဂံ၊ လက်ဝဲလမ်းကို။ ဂဟေတွာ၊ ယူ၍။ ပက္ကမိ၊ ဘဲသွားလေ၏။ ထိုဥပကသည် ဝင်္ကဟာရ ဇနပုဒ်သို့သွား၍ လုဒ္ဒကဂါမ မုဆိုးရွာသို့ရောက်လျှင် ရွာသူကြီးဖြစ်သော မုဆိုးကြီးသည် ရဟန္တာဟုမှတ်ထင်လျက်ပင့်ဖိတ်၍အလုံးစုံသော မုဆိုးရွာသားတို့သည် ကိုးကွယ်ပူဇော်ကြလျက် တရသော အိုးစရည်းကြီး၌ နေစေကြကုန်၏။

ဧကာယ စာဠိယာ ဝသာပေသုံ၊ (မူလပဏ္ဏာသ အရိယပရိယေသနသုတ် ဖွင့်-၈၅)။

တနေ့သ၌ မုဆိုးကြီးသည် ဝေးသော သမင်တောသို့ သွားသော အခါ ငါတို့ရဟန္တာ အရှင်မြတ်ကို မမေ့မလျော့ လုပ်ကျွေးရစ်လော့ဟု သမီးဆာဝါကို မှာထားခဲ့၍ သားအဘညီအစ်ကို တပည့်မုဆိုးငယ်တို့နှင့် တကွ အကုန်ခေါ်၍ ဆာဝါသမီးတယောက်ကိုသာ ချန်ထားခဲ့၍ သမင်တောသို့ သွားလေ၏၊ ငြီးဆာဝါသည်လည်း ရူချင်ဘွယ်သော အဆင်းရှိ၏။ နောက်တနေ့၌ ဥပကရဟန်းကြီးသည် အိမ်သို့သွား၍ ခင်းထားသောနေရာတွင် ထိုင်သည်ရှိသော် ဆွမ်းကပ်လုပ်ကျွေးရန် အနီးသို့ လာသော ဆာဝါကိုမြင်လျှင် ရာဂနှိပ်စက်ရကား ဆွမ်းစားခြင်းငှါ မတတ်နိုင်ဘဲ မိမိသပိတ်ခွက်ထည်းသို့ ဆွမ်းကိုထည့်၍ ပြန်သွားပြီးလျှင် ဆွမ်းသပိတ်ကို တော်ရာ၌ချထား၍ ဆာဝါကို ငါရလျှင် အသက်

ရှင်တော့မည် မရလျှင်သေတော့မည်ဟု ညည်းတွားလျက် အစာမစားဘဲ တလူးလဲလဲ တပြောင်းပြန်ပြန် အိပ်၍နေ၏။ ခုနစ်ရက်မြောက်သော နေ့၌ မှူးဆိုးကြီးပြန်လာ၍ ဆာဝါကိုမေးလျှင် ဘခင်၏ရဟန္တာကြီးသည် တနေ့သာလာ၍ နောက်ကိုယခုထက်ထိ မလာပါကြောင်း ပြောသောအခါ မှူးဆိုးကြီးသည် ထိုစကား၌ပင်လျှင် ဥပက နေရာသို့သွား၍ အရှင်ဘုရား အဘယ်သို့ မချမ်းသာခြင်း ဖြစ်ပါသနည်းဟု ခြေတို့ကိုဆုပ်နယ်၍မေး၏။ ဥပကတကျွတ်တွန်း ရဟန်းကြီးသည်လည်း ညည်းညူလျက် တပြောင်းပြန်ပြန် လှိမ့်လူး၍သာနေ၏၊ အရှင်ဘုရား ပြောသာပြောပါလော့ တပည့်တော်တတ်နိုင်သော အရာကို ဘယ်ဟာ ဘယ်ကိစ္စမဆို လိုရာပြည့်စုံအောင် ဆောင်ရွက်ပါအံ့ဟု ဆိုလျှင် သင်၏သမီး ဆာဝါကို ရလျှင် ငါ၏အသက်ရှင်တော့မည်၊ ဆာဝါကိုမရလျှင် ငါသေတော့မည်ဟု ဆိုလေ၏။ ထိုအခါ ရဟန္တာဟု ကြည်ညိုလှစွာသော ဒါယကာ မှူးဆိုးကြီးသည် အကြည်ညိုမပျက် သမီးကိုဆက်လို၍ အသက်မွေးမှု သားကျွေးမှု တစုံတခုသော အတတ် ပညာကို အရှင်ဘုရား တတ်ပါ၏ လောဟု မေးလျှောက် လျှင် ဒါယကာ၏ ဆရာ ငါရဟန္တာကား သားမယားကျွေးမှု ပညာရပ်တွင် တစုံတခုမျှမတတ် အိမ်ဝမှာရပ်၍ ဆွမ်းခံတတ်သော ပညာမျှ ရှိပါသည်ဟု ဆိုလျှင် အရှင်ဘုရား အတတ်ပညာမရှိပါက အိမ်ရာကိစ္စ မယားဝအောင် ကျွေးရမည်မှာ ခဲယဉ်းစွာ၏ဟု ဒါယကာမှူးဆိုးကြီးက လျှောက်ကြားပြန်၏။ ထိုအခါ ဆာဝါကိုမက်လှသော ဥပကရဟန်းကြီးသည် မိမိ၏အသက် အရွယ်ကို မထောက် လူအဖြစ်သို့ရောက်က အောက်ကျနောက်ကျ ဘဝလုံးလုံး လူဖြစ်ရှုံး၍ လူလုံးမလှ ယွင်းခွတိမ်မြုပ် ဂုဏ်သိမ်ယုတ်မှိုစုတ်နှုပ်သော အလုပ်အကြံကို ကြံစည်ကာ ငါပညာမရှိသော်လည်း ဒါယကာ၏နောက်မှ အမဲကိုထမ်းခါ လိုက်၍ အထိုက်အကျ အဘိုးရအောင် မံသကိုလှည့်လည်၍ ရောင်းပေးပါအံ့ဟု ဆိုရှာလေသတည်း။

ထိုအခါတွင် ဆရာနှင့်ဒါယကာနေရာတကျ အပြောဆိုက်၍အကြိုက်ကျသော လုဒ္ဒကမှူးဆိုးကြီးသည် ကပည့်တော်လည်း ဤအလုပ်ကိုသာ နှစ်သက်ပါသည်ဟုဆို၍ အပေါ်ရုံပုဆိုးကိုပေးလျက် သူ့ဘတ်လဲစေပြီးလျှင် သမီးကိုပေးဆက်လေသတည်း။ ထိုသူတို့ကို အခွဲပြု၍ သားကလေး တယောက် ပေါ်ပေါက်လာသောအခါ သုဘဒ္ဒဟု အမည်မှည့်ကြကုန်၏။

အသက်အရွယ် နုငယ်လှစွာ ရူပကာယ လှပယဉ်ကျေး သွီးထွေးမှု မကြီးသေးဘဲ မိန်းခလေးဖြစ်သော ဆာဝါသည် ဆရာလည်းဖြစ် အသက်လည်းကြီးသွီးပမာဏ ချစ်ခင်လှသော ဥပကလူထွက်လင်ကြီးကိုအလိုလိုက် လေလေ ရောင့်တက်လေလေ ရှိသေ့ဲကွက်ကြောက်ရှက်မရှိ မိမိသားကလေးငိုသောအခါ သာယာစွာသောအသံဖြင့် သားချော့သီချင်းကို သီဆိုလိုက်သည်ကား မံသဟာရကဿပုတ္တ၊ အမဲထမ်းသွေးရဟာန်းလူထွက်၏သား။ မာရောဒ၊ မငိုပါလင့်။ မိဂလုဒ္ဒကဿပုတ္တ၊ ရဟာန်းလူထွက်မုဆိုးပျက်၏သား။ မာရောဒ၊ မငိုပါလင့်။ အာဇီဝကဿပုတ္တ၊ တက္ကတွန်း ရဟာန်း၏သား။ မာရောဒ၊ မငိုပါလင့်။ ဤသို့ စသောစကားတို့ကို ဆိုလျက် ပုတ္တတောသနဂီတေန၊ သားချော့ သီးချင်းဖြင့်။ ဥပကံ၊ အသက်ကြီးမှ လူထွက်ရသော ဥပက လူထွက်ကြီးကို။ ဥပ္ပဏ္ဍေသိ၊ ငယ်ဂုဏ် လှဂုဏ် သန့်မှုန် စောင်းချိတ် ချစ်ဖိတ်အားကိုး နွဲ့ဆိုးဆိုးလျက် ပြက်ရယ် ကျီစားပြုလေသတည်း။

ဥပကလူထွက်ကြီးသည်လည်း သွီးအရွယ် နုငယ်လှသော မိန်းမကမလေးမစား ကျီစား ပြောင်လှောင်ပြုသည်ကို ကြားလျှင် ကံအားလျော်စွာ တဏှာယွင်းဘောက် မှားမှောက်ယိမ်းယိုင် မထိန်း နိုင်၍ ညွန်ဒိုင်ဗွက်ထဲ မှောက်လျက် လဲသော်လည်း အကဲထိုက်တန်လှသော ပတ္တမြား ရတနာသည် ညွန်ဒိုင်မှာ နစ်သကဲ့သို့ ဝိဝဋ္ဋဉာသယ မူလသန္တာ ပါရမီဉာဏ် ရင့်သန်သော အခြေသို့ ရောက်ပြီးသော ယောကျ်ားမြတ် ဖြစ်ရကား အားကြီးစွာသော ရှက်နိုးခြင်း ဖြစ်လှ၍ အနန္တဇိန ဘုံ့တော်ရသော လောက ထွင်ထား မြတ်စွာဘုရားကို အောက်မေ့၍ လာပြီးလျှင် ရှင်မဆာဝါ အနာပေါ်မှာ တုတ်ချောင်းနှင့် ပစ်သလို ငါ၏ သနစ် အဖြစ်အပျက် မှောက်မှားချက်နာ ရှက်စရာကို မြွက်ခါ ဘော်ထုတ်၍ ဟုတ်ရာကို မဆိုပါလင့်။ ငါရဟန်းပြု၍ လာစဉ်အခါက ဂယာ၏ အနီးမှာ တွေ့ခဲ့သော ငါ၏ဇိတ်ဆွေ အနန္တဇိနအထံသို့ ငါယခု သွားလိမ့်မည်ဟု ပြောဆို၏။

ဆာဝါသည်လည်း ဥပကလူထွက်ကြီး ရှက်တတ်မှန်း သိလျှင် သားချော့သီချင်းကို သီဆိုလျက် ထပ်ခါထပ်ခါ ကျီစား ပြက်ရယ် ပြုလေသတည်း။

ဆာဝါ သားချော့သီချင်း [ဓိနဿ-၆၀]

အမဲ ထမင်းသမား၏သား အိပ်ပါတော့လား၊ မုဆိုးနောက်လိုက် လူထွက်ရိက်၏သား အိပ်ပါတော့လား။ ငါ့အား အပူမရှာနှင့် ချူနာ ပါတ ဇရာကျ၍ နင့်ဘုန်းနှမ်း ရဟန်းပေါ့ပျက် ငါ့ကိုမက်၍ လူထွက် လာသည့် ပညာပေတုံး ထမင်းဖြုန်းသည် ခေါင်းတုံး မွဲ၏ သား အိပ်ပါတော့လား။

ဆရာဥပကာ လူထွက် ကြီးသည်လည်း အနာ ပေါ်မှာ တုတ်ကျသလို ဟုတ်လှသော အရာဖြင့် ဆာဝါ မိန်းမက သားချော့ သီချင်းကို သီဆိုလျက် ထပ်ခါ ထပ်ခါ ပြက်ရယ် ကျီစား ပြုဖန်များလျှင် မဆို ပါလင့်ဟု တားမြစ်၍ မရ၊ ရှက်အားကြီးလှတဲ့ သံဝေဂဉာဏ် စိတ် အကြံဖြင့် ဟုတ်မှန်ရာကို သူဆိုပေသည်။ လူအိုပါတ ဇရာ ချမှ ငါက မက်မှား လူထွက်ငြား၍ သားငါးသတ်ပုတ် အကျင့်ယုတ်သော လုဒ္ဒက အမျိုး မုဆိုး နောက်လိုက် ငါဖြစ်ရသည်၊ အလှကညာ မဆာဝါ၌ အာသာစွဲလမ်း ရုံ့ကြမ်းလှစွာ ညွှန်တဏှာဖြင့် လွတ်ရာ ထွက်လမ်း ကမ်းသို့မရောက် မှားမှောက်မေ့မူး တဏှာကြူးသည့်သူရူးပုံသွင်ငါ့ကို ထင်လျက် ပြုံးရွှင်ကျီစား သားကိုချော့ကာ သီဆိုကာဖြင့် ထပ်ခါယခု ပြက်ရယ်မှုကို သူပြုလေတော့သည်။ဆာဝါခင်ကို တဏှာမစပ် ငါပယ် ဖြတ်၍ နောက်ထပ်တဖန် ရဟန်းခံတော့အံ့ဟု ကြံစည်ကာ ညည်း တွားလျက် တရားသံဝေ စိတ်အနေဖြင့် အခြေပျက်၍ လာခဲ့သော မိမိ သနစ် အဖြစ်အပျက်နစ်နာချက်ကို နှုတ်မြွက်ခါဘော်ထုတ်၍ ဟုတ်သည့် အတိုင်း ပြောလိုရကား ဤဂါထာကို ရွတ်ဆို လေသတည်း။

လဋ္ဌိဟတ္ထော ပုရေ အာသိံ၊ သော ဒါနိ မိဂလုဒ္ဒကော။
အာသာယ ပလိပါ ဃောရာ၊ နသက္ခိံ ပါရမသိတုံ။
သုမတ္တံ မံ မညမာနာ၊ စာပါ ပုတ္တံ အတောသယိ။
စာပါယ ဗန္ဓနံ ဆေတွာ၊ ပဗ္ဗဇိဿံ ပုနောပိ ဟံ။

အဟံ၊ ငါဥပကာသည်။ ပုရေ၊ ရှေးအခါ၌။ လဋ္ဌိဟတ္ထော၊ တောင်ဝှေး လက်စွဲသော ရဟန်းမြတ်သည်။ အာသိံ၊ဖြစ်လေပြီ။ သော၊ထိုငါသည်။ ဒါနိ၊ယခု။ မိဂလုဒ္ဒကော၊သားမုဆိုးသည်။ အသိ၊ဖြစ်ပြန်၏။ အာသာယ၊ ဆာဝါကို မက်သောကြောင့်။ ဃောရာ၊ ရုံ့ကြမ်းစွာသော။ ပလိပါ၊

ကာမဂုဏ်ညွှန်ပျောင်းမှ။ ပါရမသီတုံ၊ ကမ်းတဘက်သို့ လှမ်းတက် ရောက်ခြင်းငှါ။ နာသက္ခံ၊မတတ်နိုင်ပါတကား။ သုမုတ္တုံ၊ အလွန် မက် မောချ်နေသော။ မံ၊ငါဥပကကို။ မညမာနာ၊မထိမဲ့မြင်ပြက်ရယ်ကျီစား ပြုလျက်။ စာပါ၊ လက်ဖျားသွယ်ကော့ လေးကိုင်းပျော့သို့ ယဉ်ကြော့ လှစွာ မယ်စာပါသည်။ ပုတ္တံ၊ သားကို။ အင်္ဂတာသယိ၊ သိချင်းဆိုကာ ချော့မော့ရှာ၏။ စာပါယာ၊ နုငယ်လှစွာ မယ်စာပါ၌။ ဗန္ဓနံ၊ မက်မော လွန်ပြင်း နှောင်ဖွဲ့ခြင်းကို။ ဆေတွာ၊ ဖြတ်၍။ အဟံ၊ ငါဥပကသည်။ ပုနောပိ၊ တဘန်လည်း။ ပဗ္ဗဇိဿံ၊ ရဟန်းပြုပါတော့အံ့။ [ပါဠိချွေကောက် အနက်]။

အဟံ၊ ဥပကဟု နာမထင်စွာ ငါဆရာသည်။ ပုရေ၊ အနန္တဇိန မြတ်ဗုဒ္ဓကို တွေ့စမကြာ ရှေးအခါ၌။ လင်္ဂှာဟာဗျွာ တောင်ဖော့ကိုင်ကာ ရဟန္တာဟု ကျေညာထင်မှတ် သူတော်မြတ်သည်။ အာသိံ၊ ဖြစ်ဘူး လေပြီတကား။သော၊ထိုရဟန္တာဟု ကျေညာထင်မှတ် သူမြတ်သူတော် ထင်ပေါ်လှစွာ ငါဆရာသည်။ ဒါနိ၊ မယ်ဆာဝါကို တဏှာစွဲလမ်း စုန်းနတ်ဖမ်းသို့ ရူးနှမ်းပေါ့ပျက် လူထွက်၍လာ ယခုခါ၌။မိဂလုဒ္ဒကော၊ သားငါးသတ်ပုတ် အကျင့်ယုတ်သော လုဒ္ဒကအမျိုး မုဆိုးနောက်လိုက် သူ့အကြိုက်ကို လိုက်ခါယှဉ်တွဲ အမဲထမ်းသမား လူစုတ်ငှားသည်။ အသိ၊ ဖြစ်ရလေပြီတကား။ အာသဿယ၊မယ်ဆာဝါကို တဏှာလွန်ပြင်း မက်မောခြင်းကြောင့်။ ဃောရာ၊ ရုံ့ကြမ်းလှစွာ နစ်ချက်နာသော။ ပလိပါ၊ ကာမဂုဏ်မွဲ ညွှန်ဗွက်ထဲ၌ တိမ်းလဲကျရောက် မှားမှောက် နစ်မြုပ်၍ နေရာမှ။ ပါရမသီတုံ၊ နိဗ္ဗာန်ပြည်မြို့ ကမ်းသို့ရောက်အောင် ကူးမြောက်ခြင်းငှါ။ နာသက္ခံ၊ငါမတတ်နိုင်ပါတကား။ သုမုတ္တုံ၊တဏှာ စွဲလမ်း စုန်းနတ်ဖမ်းသို့ ရူးနှမ်းပေါ့ပျက် ငမ်းငမ်းတက်မျှ မက်မော လှစွာ လူထွက်လာသော။ မံ၊ ဥပကဟု နာမထင်စွာ ငါဆရာကို။ မည မာနာ၊မထိလေးစား အမဲသားထမ်း ရဟန်းပေါ့ပျက် လူထွက်စုတ်ငှား မုဆိုးသားဟု ကျီစားပြက်ရယ် ပြုလျက်။ စာပါ၊ ရှေးနာမည်မှာ စာပါ ခေါ်ပြု ယခုအခါ ဆာဝါမည်တွင် နုပျိုခင်သည်။ ပုတ္တံ၊ ငါနှင့်မွေးဖွါး သူ၏သားကို။ အတောသယိ၊ သိချင်းဆိုကာ စောင်းချိတ်ခါဖြင့် ထပ်ခါ သွယ်လှယ် ပြက်ရယ်ဆိုမှု ချော့မြူပြု၏။ စာပါယာ၊လက်ဖျားကော့ကော့ လေးကိုင်းပြော့သို့ ယဉ်ကြော့လှစွာ မယ်စာပါ၌။ ဗန္ဓနံ၊ မက်မော

ချက်ပြင်း စွဲလမ်းခြင်းကို။ ဆေဝတ္တာ၊တဏှာမစပ် စွန့်ပယ်ဖြတ်၍။ အဟံ၊ ဥပကဟု နာမထင်စွာ ငါဆရာသည်။ ပုနောဝ၊ လူထွက်ပြီးမှ မယားရ၍ ဒုက္ခတွေ့ပြန် နောက်တဘန်လည်း။ ပဗ္ဗဇိဿံ၊ ရဟန်းတဘန် ပြုပြန်တော့အံ့။ ။[အဓိပ္ပါယ်ထွက်လက်ာနက်]။

ဖွားရာဇာတိ ဗောဓိပင်အနီး နဋ္ဌဂါမ ရွာငယ်မှ ရဟန်းပြု၍ ထွက်လာခဲ့ရာ သုံးဂါဝုတ်ကွာသော ဂယာနှင့် ဗောဓိအကြားတွင် အနန္တဇိန ဗုဒ္ဓထွင်ဖုံးများ မြတ်ဘုရားနှင့် တွေ့စမကြာ ဈေးအခါက ရဟန္တာဟု ကျေညာထင်မှတ် လူမြင်တိုင်း လေးမြတ်သော ရဟန်းကြီး ငါဖြစ်ပါလျက် မယ်ဆာဝါကို တဏှာစွဲလမ်း စုန်းနတ်ဖမ်းသို့ ရူးနှမ်းပေါ့ပျက် လူထွက်၍လာ ယခုခါမှ တဏှာလိုက်စား သားငါးသတ်ပုတ် အကျင့်ယုတ်သော လုဒ္ဒကအမျိုး မုဆိုးနောက်လိုက် သူ့အကြိုက်ကို လိုက်ခါယှဉ်ကွဲ အမဲထမ်းသမား စိတ်မှားမှားနှင့် ငါကားယခု ဖြစ်ချေပြီ။ မယ်ဆာဝါကို တဏှာထန်ပြင်း မက်မောခြင်းကြောင့် ရုံ့ရင်းလှစွာ နစ်ချက်နာသော ကာမဂုဏ်မွဲ ညွန်ဗွက်ထဲ၌ တိမ်းလဲ ကျရောက် မှားမှောက်နစ်မြုပ် စိတ်နုပ်လှစွာ ညွန်တဏှာမှ လွတ်ရာအမှန် နိဗ္ဗာန်ပြည်မြို့ ကမ်းသို့ရောက်အောင် ကူးမြောက်ထွက်သွားခြင်းငှါ ငါမတတ်နိုင်ပါတကား။ မယ်ဆာဝါသည်လည်း တဏှာစွဲလမ်း ငါရူးနှမ်း၍ မက်မှန်းသိလေလေ ပြောင်လှောင်ကျီစား ပြုလေလေ လူ့ပြည်ဌာန ခံစားကြသော ဖဿအာရုံ ကာမဂုဏ်ဟာ အရသာလည်း ခဏတာမျှ ပီတိကျ၍ ဒုက္ခတွေကား အလွန်များ၏ မယားအငယ် သားကိုဆွယ်၍ ပြက်ရယ်ကျီစား သူ့စကားလည်း စဉ်းစားလေလေ ဟုတ်လေလေ ယွေထွေလာလာ ဟုတ်ရာစကား သူကျီစားက ငါကားလူကြီး သွီး အရွယ် မယားငယ်က ပြက်ရယ်ပြောင်လှောင် မထီလေးစား ပြုလုပ်ခြင်းကို ငါခံ၍ နေရခြင်းသည် အလွန်ရှက်ဖွယ် ကောင်းလှပါတကား။ ရဟန်းဘဝ ဈေးကာလ၌ သူ့အဘ မုဆိုး အိုကြီးသည်ပင် ရိုသေကိုင်းညွှတ်ရ၏။ သူ့ကိုခက်၍ လူထွက်လာမှ ပမာမထား လေးစားမမူ ပုပုအောက်အောက် စိတ်နောက်စေ၍ မယ်ဆာဝါကို ရှင်းကွာပယ်ဖြတ်၍ နောက်ထပ်တဘန် ငါရဟန်းခံ၍ သွားတော့မည်ဟု စိတ်ညစ်ညူးလှ၍ ဖွင့်ဟထုတ်ဘော် ပြောသတည်း။ ထိုအခါ ဥပကလူထွက်ကြီး ရှက်အားကြီး၍စိတ်ညစ်ညူးမှန်းကိုသိသောမယ်ဆာဝါသည် ရဟန်းဘဝတုန်းက

ရှိသေသဟဲ့သို့ ရှိသေးပေါ့ဖကားဖြင့် တောင်းပန်လိုရကား ဤဂါထာကို ရွတ်ဆိုလေသတည်း။

မာ မေ ကုဇ္ဈ မဟာဝီရ၊ မာ မေ ကုဇ္ဈ မဟာမုနိ။
နဟိ ကောဓပရေဘာဿ၊ သုဒ္ဓိ အတ္ထိ ကုတော တပေါ။

မဟာဝီရ၊ လုံ့လကြီးစွာ ရဟန္တာ။ မေ၊ မယားအလှ တပည့်မကို။ မာကုဇ္ဈ၊ စိတ်မဆိုးပါလင့်။ မဟာမုနိ၊ မောနတ်ကျင့်လတ် ရဟန်းမြတ်၊ မေ၊ ချစ်၍ကျိုးစား မယားအလှ တပည့်မကို။ မာကုဇ္ဈ၊ မျက်ထား ညှိုးဘိ စိတ်မရှိပါလင့်။ ဟိ၊ မှန်၏။ ကောဓပရေတဿ၊ စိတ်ဆိုးတတ်သော ရဟန်းအား။ သုဒ္ဓိ၊ စင်ကြယ်သန့်ရှင်း စိတ်ကောင်းခြင်းသည်။ နအတ္ထိ၊ မရှိ။ တပေါ၊ ရဟန်းအကတ် အကျင့်မြတ်သည်။ ကုတော၊ အဘယ်မှာ ရှိနိုင်မည်နည်း။

ဤမျှလောက် ကျိုးစားရုံဖြင့် စိတ်ဆိုးခြင်းကိုပြုလျှင် ရဟန်းအကျင့်ကို စင်ကြယ်အောင် အဘယ်မှာ ကျင့်နိုင်မည်နည်း။ စင်ကြယ်အောင် မကျင့်နိုင်လျှင် အဘယ်အရပ်ကိုသွား၍ နေနိုင်မည်နည်း။ အရှင်ရဟန်းကြီး၏ မွေးဖွားရာ နဂ္ဂရဂါမသို့ သွား၍ အသက်မွေး မည်လော ဟု မယ်ဆာဝါက မေးသောအခါ ဤဂါထာဖြင့် ဖြေဆိုလေသတည်း။

ပက္ကမိဿဉ္စ နဂ္ဂတော၊ ကောဝ နဂ္ဂါယ ဝစ္ဆတိ။
ဗန္ဓိတ္တိ ဇာတ္တိရူပေန၊ သမဏော မေ့ဖိဝိတော။

အဟံ၊ ငါဥပကသည်။ နဂ္ဂတော၊ နဂ္ဂဂါမရွာငယ်မှ။ ပက္ကမိဿဉ္စ၊ ရဟန်းဖြစ်၍ စွန့်ပစ်ပယ်ရှား ဘဲသွား၍ လာခဲ့သည် သာတည်း။ ဇာဝ နဂ္ဂါယ၊ ဤနဂ္ဂဂါမ၌။ ကောဝစ္ဆတိ၊ အဘယ်မှာ နေတော့မည်နည်း။တွံ၊ သင်သည်။ ဇာတ္တိရူပေန၊ မိန်းမရူရာ ဆင်းရုပ်ဝါဖြင့်။ မေ့ဖိဝိတော၊ တရားနှင့်အသက်မွေးကြကုန်သော။ သမဏေ၊ ရဟန်းတို့ကို။ ဗန္ဓိတ္တိ၊ မခွါနိုင်အောင် ဖွဲ့ချည်နှောင်လျက်။ တိဋ္ဌသိ၊ တည်နေရစ်ပေတော့။ အဟံစ၊ ငါသည်ကား။ တံ၊ သင့်ကို။ ပရိစ္စဇိတွာ၊ စွန့်ပစ်၍။ဂမိဿာမိ၊ သွားတော့အံ့။

ဥပကလူထွက်ကြီးသည် စွန့်ပစ်၍သွားတော့မည်ဆိုလျှင် ဆာဝါက တားပြန်၏။

ဧဟိ ကာဠ နိဝတ္တဿု၊ ဘုဉ္ဇ ကာမေ ယထာပုရေ။
အဟံစ တေ ဝသီကတာ၊ ယေစ မေ သန္တိ ဉာတကာ။

ကာဠ၊ အသားညိုလှ ဥပက။ နိဝတ္တသာ၊ ပြန်၍နေပါလော့။ ဇဟာ၊ လာပါလော့။ ယထာပုရေ၊ လူထွက်ခါစ ရှေးကာလကဲ့သို့။ ကာမေ၊ ကာမဂုဏ်ဘိုကို။ ဘုဥ္ဇ၊ ခံစားပါလော့။ အဟံစ၊ မယားအလှ တပည့်မ သည်လည်း။ တေ၊ သင်၏။ ဝသိကတာ၊ အလိုကျအောင် ပြုပါအံ့။ မေ၊ အကျွန်ုပ်၏။ ယေစဉာတကာ၊ အကြွင်း ဆွေမျိုးတို့သည်လည်း။ တေ၊ သင်၏။ ဝသိကတာ၊ အလိုကျအောင် ပြုကြကုန်လျက်။ သန္တိ၊ ရှိကြပါကုန်၏။

လူညိုကာဠ ဥပက—မသွားပါလင့် လာပါလော့၊ လူထွက်ခါစ ရှေးကာလကဲ့သို့ အားရနှစ်သက်စွာ ကာမဂုဏ်ကို ခံစားပါလော့၊ သင့် အလိုကျအောင် ပြုပြင်၍ပေးပါအံ့၊ အကျွန်ုပ်ဆာဝါ၏ ဆွေမျိုးမှုဆိုး တွေကလည်း သင်အလိုရှိတိုင်း နေစေရန် ကျွန်ုပ်ကို ပေးထားပါသည်၊ အလိုရှိတိုင်း နေပါလော့ဟု ဆာဝါက ကာမဂုဏ်ဖြင့် ချော့မော့၍ ပြောဆိုသောအခါ ရှင်မဆာဝါ မယ်စာပါ သင်ပြောသော စကားကို လေးပုံပုံ၍ တပုံမျှလောက်ပြောလျှင် ချစ်ခင်စုံမက်သော ယောကျ်ားမှာ လွန်စွာ မွန်မြတ်စွ တကားဟု သင့် စကားအတိုင်း လိုက်နာ၍ နေရာ၏၊ ငါသည်မူကား သင့် စကားကို မလိုက်နာ နိုင်တော့ပြီ မနေနိုင်တော့ပြီဟု ဥပကဆိုသောအခါ အသားမည်းလှဥပက အသား ကညို လူကအို ခွတ်ယိုကျမှ နှုပျိုလှပသော မိန်းမကို ရပါလျက် အဘယ်ကြောင့် စွန့်ခွါပစ်၍ သွားချင်ပါသနည်း၊ ကျွန်ုပ်ဆာဝါ မယ် စာပါ၏အဆင်းသည် တောင်ထိပ်ပေါ်မှာ ပွင့်သော ဇလပ်ပန်းကဲ့သို့ ၎င်း၊ မြိုင်မြိုင်စွင့်စွင့် ခိုင်လုံးပွင့်သော ကြည့်ရှုဘနန်း သလဲပန်းကဲ့သို့ ၎င်း၊ ရွှန်းရိုတင့်တယ် ကျွန်းအလယ်၌ သွယ်သွယ်မြိုင်ဝေပွင့်၍နေသော ပင်လယ်ကသစ်ပန်းကဲ့သို့၎င်း၊ နမ်းရှုပ်ချင်ဘွယ် တင့်တယ်လှပသော အဆင်းရှိပါသည်၊ စန္ဒကူးနံ့သာ မွှေးကြိုင်စွာဖြင့် ကိုယ်မှာလိမ်းကျံ လျက် ကာသိတိုင်းဖြစ် သစ်သစ်လတ်လတ် နုဖတ်ချောမွေ့စွာသော ပုဝါထဘီအင်္ကျီဘာဘက်တို့ကို ဝတ်ဆင်၍ ရှုချင်စဘွယ် တင့်တယ်လှပ သော အကျွန်ုပ်ဆာဝါမယ်စာပါကို အဘယ့်ကြောင့် စွန့်ပစ်၍ သွားချင် ပါသနည်း။ကျွန်ုပ်မယ်ဆာဝါကဲ့သို့ အဆင်းလှသူ မိန်းမကို အဘယ်သူမှ စွန့်ပစ်နိုင်မည်မဟုတ်ပါဟု ဆာဝါက အဆင်းရုပ်ရည်ဖြင့် ဂုဏ်ထုတ် ဘော်၍ တားပြန်သောအခါ ရှင်မဆာဝါ မယ်စာပါ ၄က်မှုဆိုးသည်

အစာကိုပြ၍ ငှက်တို့ကိုဖမ်းယူသကဲ့သို့ အဝတ်တန်းဆာနှံ့သာပန်းမာလ်လိမ်းကျံပုံပြင် ဝတ်ဆင်မြန်းလျက် ရဟန်းဖြစ်သော ငါ့ကို သင်ဖမ်းယူ၏။ ယခုအခါ၌ကား ရှင်မဆာဝါ မယ်စာပါသည် ရှေးအခါကဲ့သို့ ဥပကငါဆရာကို ဖမ်းယူခြင်းငှါ သင်မတတ်နိုင်လတ္တံ့ ဟူ၍ ဥပကဆိုသောအခါ အဆင်းယုတ်ယုံ အသားညိုလျက် လူဒုံပါတ ဥပကဤသားသည် သင်ကြောင့်ဖြစ်၍ မွေးဖွားရသော သားဖြစ်၍ သင်၏သားမှန်၏။ ယောကျ်ားတို့သည် မယားကို စွန့်သော်လည်း သားသွီးမရသေးခင်သာ စွန့်နိုင်ရာ၏။ သားသွီးရသော ကျွန်ုပ်ဆာဝါ မယ်စာပါကို အဘယ့်ကြောင့် စွန့်ပစ်ချင်ပါသနည်း။ သားသွီးရသော မိန်းမကို အဘယ်ယောကျ်ားမှ မစွန့်နိုင်ပါဟု မယ်ဆာဝါက ဆိုပြန်သောအခါ ဆရာဥပကသည် ပါရမီရင့်မာ ဉာဏ်ပညာရှိသူတို့သည် သား သွီးတို့ကိုရှင်း ဆွေမျိုးမိဘ တို့ကိုရှင်း ဥစ္စာ ပစ္စည်း တို့ကိုရှင်း အလုံးစုံစွန့်ပစ်၍ သံကြိုးကိုရုန်းဖြတ်၍ထွက်သော ဆင်ပြောင်ကြီးကဲ့သို့ ရဟန်းပြု၍ ထွက်သွားကြကုန်၏။ ငါဥပကသည်လည်း သင်တို့ သားအမိကို စွန့်ပစ်၍ ရဟန်းပြုတော့အံ့ဟု ဆိုလေ၏။

ထိုအခါမယ်ဆာဝါသည် သားကိုမြေကြီးပေါ်၌လွှတ်ပစ်ခါချထား၍ သင်၏သားကိုငါမထိန်းနိုင်၊ တုတ်လှံကန်သံချွန်သံစူးထားငယ်ထားသွားတို့ဖြင့် ရှုးယှ၍သေလိုသေ နာလိုနာ ငါစွန့်ပစ်တော့အံ့၊ သားကို နာကျင်ဆင်းရဲခြင်းမှ ဗိုးရိမ်ကြောင့်ကြမှုရှိလျှင် သင်သည် စွန့်ပစ်၍ မသွားနိုင်လတ္တံ့ဟု မယ်ဆာဝါက သားကို မြေကြီးပေါ်၌ ပစ်ထားသောအခါ ဆရာ ဥပကသည် သားကိုရက်စက် ပြုလုပ်ရက်သော ဟဲ့အယုတ်မ-နှင်၏သားကို မြေခွေးအိမ်ခွေး ကျေး၍ပစ်သော်လည်း ငါမနေတော့ဘူး မပြန်လာတော့ဘူး ရဟန်းပြု၍သွားတော့အံ့ ဟု ဥပကဆိုသောအခါ မယ်ဆာဝါသည် ဆရာဥပကကို တားဆီး၍မရနိုင်ရကား သွားလိုလျှင် သွားပါတော့ သို့သော် ဘယ်မြို့ဘယ်ရွာ ဘယ်နေရာသို့ သွားမည်နည်းဟု ရိုသေစွာ မေးရှာလေသတည်း။ ထိုအခါ ဆရာဥပကသည် ငါကား တခြားသို့ သွားလိမ့်မည်မဟုတ်၊ ဗောဓိနှင့်ဂယာအကြား၌ တွေ့ရသော အနန္တဇိနဇ်၏ အထံသို့ ငါသွား၍နေအံ့။ ဤအနန္တဇိနသည်သာလျှင် နေရဥ္စရာမြစ်နား၌ ဘုရားဖြစ်၍ အလုံးစုံသော ဆင်းရဲမှ လွတ်ကင်းကြောင်း တရားကို ဟောကြားတော်မူ၏။ ထိုမြတ်စွာဘုရား အထံသို့

ငါသွားအံ့။ ထိုမြတ်စွာဘုရားသည် ငါ၏ဆရာဖြစ်လတ္တံ့ ဟူ၍ ဥပက ပြောသောအခါ မယ်ဆာဝါသည် ဘုရားဂုဏ် ကျေးဇူးတော်ကို ကြားဘူးသောကြောင့်၎င်း ရှေးရှေးဘဝတို့က ဆည်းပူးခဲ့သော ပါရမီ အကြောင်းနှင့် ပြည့်စုံသောကြောင့်၎င်း ယခုအတူ မလိုက်နိုင်သေး သော်လည်း နောက်ခါ သတင်းမေး၍ လိုက်လိုသောကြောင့်၎င်း အလိုရှိသောစကားကို မှာထားလို၍ ဤဂါထာကို ဆိုလေသတည်း။

ဝန္ဒနံ ဒါနိ ဝဇ္ဇာသိ၊ လောကနာထံ အနုတ္တရံ။

ပဒက္ခိဏဉ္စ ကတွာန၊ အာဒိသေယျာသိ ဒက္ခိဏံ။

ဒါနိ၊ ယခု။ လောကနာထံ၊ လူတို့၏ ကိုးစား အားထားရာ ဖြစ်တော်မူသော။ အနုတ္တရံ၊ မြတ်စွာဘုရားကို။ ဝန္ဒနံ၊ မယ်ဆာဝါက ရှိသေစွာ ရှိခိုးလိုက်ကြောင်းကို။ ဝဇ္ဇာသိ၊ လျှောက်ကြားပါလေ။ ပဒက္ခိဏဉ္စ၊ လကျာရစ်လှည့်သည်ကိုလည်း။ ကတွာ၊ပြု၍။ ဒက္ခိဏံ၊ကုသိုလ်အဘို့ကို။ အာဒိသေယျာသိ၊ အမျှဝေကာ ပေးမှုပါလော့။

အသားညိုညို လူအို လင်လှ ဥပက- မြတ်စွာဘုရား အထံသို့ ရောက်သောအခါ မယ်ဆာဝါက ရှိခိုးလိုက်ကြောင်းကို မြတ်စွာ ဘုရားအား လျှောက်ကြားပါလေ။ အကျွန်ုပ်ကိုယ်စား ရှိခိုးပါလေ။ လကျာရစ်သုံးပတ် လှည့်လည်ကာ ရှိခိုးပြီး၍ ထိုရှိခိုးရသော ကုသိုလ် အဘို့ကိုလည်း မယ်ဆာဝါအား အမျှပေးဝေပါလော့ဟူ၍ မှာထား သောအခါ ဝန်ခံလိုသော ဆရာ ဥပကသည် ဤဂါထာကို ဆိုလေ သတည်း။

ဧတံခေါ လဗ္ဘမမှေဟိ၊ ယထာဘာသိ တွံ စာပေ။

ဝန္ဒနံ ဒါနိ တေ ဝဇ္ဇံ၊ လောကနာထံ အနုတ္တရံ။

ပဒက္ခိဏဉ္စ ကတွာန၊ အာဒိသိဿာမိ ဒက္ခိဏံ။

ထေရီဂါထာပါဠိတော် ၂၀၅။ ၎င်းအဋ္ဌကထာ-မှ-ချပ်။

စာပေ၊ လက်ဖျားညွတ်ကော့ လေးကိုင်းပျော့သို့ ယဉ်ကြော့မူရာ မယ်စာပါ။အမှောင်၊ ငါတို့အထံမှ။ ယထာ၊ အကြင်အခြင်းအရာဖြင့်။ တွံ၊ သင်သည်။ အဘာသိ မှာထားလိုက်၏။ ဧတံ၊ ဤမှာထားလိုက် သော စကားကို။ လဗ္ဘံ၊ ရနိုင်ပါ၏။ တေ၊သင်၏။ ဝန္ဒနံ၊ ရှိခိုးလိုက် ကြောင်းကို။ လောကနာထံ၊ လူတို့ကိုးကွယ်ရာဖြစ်သော။ အနုတ္တရံ၊ မြတ်စွာဘုရားကို။ ဝဇ္ဇံ၊ လျှောက်ကြားပါအံ့၊ ပဒက္ခိဏဉ္စ၊ လကျာရစ်

လှည့်ခြင်းကိုလည်း။ ကတ္တာန၊ ပြုပြီး၍၊ ဒက္ခိဏာဠ၊ ကုသိုလ်အတွက်ကိုလည်း၊ တော၊ ရှင်မစာပါ မယ်ဆာဝါအား။ အာဒိသိဿာမိ၊ အမျှပေးဝေ လိုက်ပါအံ့။

ဤသို့သော စကားတို့ကို မှာထား ပြောဆို၍ ဆရာဥပက လူထွက်ကြီးသည် ရင့်ပြီးသောပါရမီရှိရကား နေရဉ္ဇရာဖြစ်သာ ဆိပ်ကမ်းသို့ ရည်မှန်း၍ ဘဲသွားလေသတည်း။

[မူလပဏ္ဏာသ အဋ္ဌကထာ အရိယ ပရိယေသန ပါသရာသိ သုတ် အဖွင့်၌ ဧကဒိဝသံ အနာဂရောစေတွာဝ မဇ္ဈိမဒေသာ ဘိမုခေါ ပက္ကမိ ဟူ၍ ရှိ၏]။

ထိုအခါ၌ မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ နေတော်မူ၍ ချစ်သားရဟန်းတို့- အနန္တဇိနဟု မေးမြန်း၍လာသော သူအိုကို ငါဘုရားထံသို့ ပို့ကြကုန်ဟု မှာထားတော်မူ၏။ ဥပကသည်လည်း အနန္တဇိနအဘယ်မှာရှိသနည်းဟု မေးမြန်းလျက် ဘုရားမြတ်စွာရှိနေရာကို သတင်းမေးကာ ထွက်လာခဲ့သော် သာဝတ္ထိပြည်သို့ ရောက်၍ ဇေတဝန်ကျောင်းတိုက်အလယ်၌ ရပ်၍ အဘယ်မှာ အနန္တဇိနရှိပါသနည်းဟု မေး၏၊ ရဟန်းတို့သည် မြတ်စွာဘုရားအထံသို့ခေါ်ဆောင်၍ ပို့ကြကုန်၏။ ဥပကသည် မြတ်စွာဘုရားကို မြင်၍ အရှင်ဘုရား- တပည့်တော်ကို မှတ်မိပါ၏လော ဟု လျှောက်၏။ ချစ်သားဥပက- ငါဘုရား မှတ်မိတော်မူ၏။ အဘယ်မှာ သင်နေသနည်းဟု မေးတော်မူလျှင် ဝင်္ကဟာရဇနပုဒ်၌ နေပါသည်ဘုရားဟု လျှောက်ကြား၏။ ဥပက-သင်ကား ကြီးရင့် အိုမင်းလှပြီ၊ ရဟန်းပြုနိုင်ပါမည်လောဟု မေးတော်မူလျှင် ရဟန်းပြုပါအံ့ဟု လျှောက်ကြားပြီးလျှင် မြတ်စွာဘုရား၏ ခြေတော်တို့ကို ဦးတိုက်ခါ ရှိခိုး၍ လကျာရစ် သုံးပတ် လှည့်ပြီးလျှင် မယ်ဆာဝါအား ထိုကုသိုလ်အတွက်ကို ပေးဝေပြီး၍ ရဟန်းပြုပြီးလျှင် မကြာမြင့်မီ အနာဂါမ်တည်၍ စုတေလျှင် အဝိဟာ ဘုံသို့ ရောက်ခြင်းခဏ ရဟန္တာဖြစ်လေသတည်း။

ဆရာဥပက ဘဲသွားပြီးနောက် မယ်ဆာဝါသည်လည်း ငြိုးငွေ့သော စိတ်နှလုံးဖြင့် သူငယ်သားကို အဘိုးမုဆိုးကြီးအား အပ်ထားခဲ့၍ ဥပကလင်အိုကြီး သွားရာလမ်းကိုပင် အစဉ်လိုက်၍ သာဝတ္ထိပြည်သို့ ရောက်လျှင် ဘိက္ခုနီကျောင်းတိုက်သို့ ဝင်၍ ရဟန်းမိန်းမ ပြုလုပ်အား

ထုတ်လျက် ဖြစ်ခြင်းပျက်ခြင်းကိုရှုသည့်ရှိသော် ရဟန္တာမဖြစ်၍ ဆရာလည်းဖြစ် လင်လည်းဖြစ် နှစ်ဖြစ်နှစ်ဝ ချစ်ခင်လှသော ဥပကလင်အိုကြီးနှင့် ခွဲခွါမည့်အခါတွင် ပြောဆိုမှာထားသော စကားတို့ကို ဥဒါန်းကျူးလျက်-

လဋ္ဌိဟတ္ထောပုရေအာသိံ၊ သောဒါနိမိဂလုဒ္ဒကော။

[ပေယျာလ]

တဿ ပါဒါနိ ဝန္ဒိတွာ၊ ကတွာန နံ ပဒက္ခိဏံ။

စာပါယ အာဒိသိတွာန၊ ပဗ္ဗဇိံ အနဂါရိယံ။

အယျာယော၊ အရှင်မတို့။ တဿ၊ ထိုမြတ်စွာဘုရား၏။ ပါဒါနိ၊ ခြေတော်တို့ကို။ ဝန္ဒိတွာ ရှိခိုးပြီး၍။ နံ၊ ထိုမြတ်စွာဘုရားကို။ ပဒက္ခိဏံ၊ လကျာရစ်လှည့်သည်ကို။ ကတွာန၊ ပြုပြီး၍။ သော၊ ထိုဥပကသည်။ စာပါယ၊ မယ်ဆာပါအား။ အာဒိသိတွာန၊ အမှျပေးဝေပြီး၍။ အနဂါရိယံ၊ သာသနာတော်၌။ ပဗ္ဗဇိံ၊ ရဟန်းပြုလေပြီ။

ဥပကဆာဝါ အပဒါန်ဝတ္ထု ဂါထာစုကို အလွယ်တကူ ဆောင်ယူကျက်မှတ်ရွတ်ခါဖတ်၍ အထပ်ထပ်ပြောဟောကြရန်စီစဉ် ရေးပေအံ့။

ဧတ္တော စာပေ စတုဿာရံ၊ ယထာ ဘာသိတံ စ မေ။

တယိ ရတ္တဿ ပေါသဿ၊ ဥဇ္ဈာရံ ဝတ တံ သိယာ။

စာပေ၊ လက်ဖျားသွယ်ကော့ လေးကိုင်းပျော့သို့ ယဉ်ကြော့လှစွာ မယ်စာပါကို ဆာဝါခေါ်တွင် နှုတ်ချိုခင်။ ယထာ၊ အကြင်ကာလ လူထွက်စဉ် ကာမပျော်မြူး မေ့မူးအိပ်ခါ သွင်မူရာဖြင့်။ မေ၊ သင့်ကိုမက်၍ လူထွက်ရှုးချာ ငါဆရာကို။ ဘာသိတံ၊ ကာမချမ်းသာ ခံစားပါဟု မြူခါနှောက်ထပ် ပြောဆိုအပ်၏။ ဧတ္တော၊ ဤသို့ပြောကြား သင့်စကားမှ။ စတုဿာရံ၊ လေးပုံတပုံမျှသော။ တံ စ၊ ထိုစကားသည်လည်း။ တယိ၊ နှုချောလှစွာ မယ်ဆာဝါ၌။ ရတ္တဿ၊ ကာမဂုဏ်ဓော တပ်မက်မောသော။ ပေါသဿ၊ ငါလိုမှောက်မှား လူယောကျ်ားအား။ ဥဇ္ဈာရံဝတ၊ မွန်မြတ်လေစွတကားဟု အောက်မေ့ခြင်းသည်။ သိယာ၊ ဖြစ်ရာ၏။

ကာဠင်္ဂိနိံဝ တက္ကာရိံ၊ ပုပ္ဖိတံ ဂိရိမုဒ္ဓနိ။

ဖုလ္လဒါလိမလဋ္ဌိံဝ၊ အန္တောဒီပေဝ ပါဋလိံ။

ဟရိစန္ဒနလိတ္တင်္ဂိံ၊ ကာသိကုတ္တမ ဓာရိနိံ။

တံ မံ ရူပဝတိံ သန္တိံ၊ ကဿ ဩဟာယ ဂစ္ဆသိ။

ကာဠွ၊ အသားကညို လူကအိုနှင့် ရွတ်ယိုလှစွာ ချုနာပါတ ဥပက။ ဂိရိမုဒ္ဒနိ၊ တောင်ထိပ်ပေါ်၌။ ပုပ္ဖိတံ၊ ဝေဆာမြိုင်တင့် ပင်လုံးပွင့်သော။ ဘဏ္ဍာရိံ ဣဝ၊ တောင်ဇလပ်ပန်းကဲ့သို့ရင်း။ ဖုလ္လဒါလိပလင်္ဂဝ၊ ဝေဝေမြိုင်မြိုင် ကြူလိုင်ထုံစွာ မွှေးနံ့ဖြာ၍ ဝေဆာမြိုင်တင့် ပင်လုံးပွင့်သော သလဲပန်းကဲ့သို့ရင်း။ အင်္ဂဏ္ဍာဒီပေ၊ ရွန်းမိုဘင့်တယ် ကျွန်းအလယ်၌၊ ပါဋလိံ ဝ၊ မွှေးနံ့ကြိုင်စွာ ဝေဆာတင့်တယ် ပင်လယ်ကသစ်မြဘ်ပန်းပွင့်ကဲ့သို့ရင်း။ အင်္ဂီနိံ၊ ဝတုတ်ချောမွတ် နုထွင့်ရှလှစွာ ကိုယ်အင်္ဂါရှိသော။ ဟရိစန္ဒနလိတ္တင်္ဂံ၊ စန္ဒကူးနီရွှေ နံ့သာရေဖြင့်လက်ခြေအင်္ဂါ လိမ်းကာလူးကာ နံ့သာကိုယ်သုံး အမွှေးတုံးဖြစ်နေသော။ ကာသိကုတ္တမဓာရိနိံ၊ ကာသိတိုင်းဖြစ် သစ်သစ်လတ်လတ် နုဖတ်ချောမွေ့ အတွေ့နူးညံ့ အနံ့မွှေးစွာ ပုပ္ဖထဘီ ဇာဘော်လီနှင့် အင်္ကျီပါးပါး အသားဝါဝါ မက်စရာဖြင့် ကောင်းစွာပြုပြင် ဝတ်ဆင်လျက်နေသော။ ရူပဝတိံ သန္တိံ၊ အဆင်းရုပ်သွင် ရှုချင်စဖွယ် တင့်တယ် လှပခြင်းရှိသော။ တံမံ၊ ဝဝတုတ်တုတ် အကျွန်ုပ်ကို။ သြဟာယ၊ မချစ်မသနား ပစ်ခွါထား၍။ ကဿ၊ အဘယ်သို့။ ဂမိဿသိ၊ သွားချင်ဘိသနည်း။

သာကုန္တိကောဝ သကုဏိံ၊ ယထာ ဗန္ဓိတု မိစ္ဆတိ။
အာဟရိမေန ရူပေန၊ န မံ တွံ ဗာဓယိဿသိ။

သာကုန္တိကော၊ ငှက်မုဆိုးသည်။ သကုဏိံ၊ ငှက်ကို။ ဗန္ဓိတုံ၊ အစာပြ၍ ဘမ်းယူချည်နှောင်ခြင်းငှါ။ ဣစ္ဆတိယထာ၊ အလိုရှိသကဲ့သို့။ တွံ၊ လက်ဖျားသွယ်ကော့ ယဉ်ကြော့မူရာ သင်ဆာဝါသည်။ အာဟရိမေန၊ အဝတ်ထဘီ အင်္ကျီပုဝါ နံ့သာပန်းမာလ် လိမ်းကျံပြုပြင် တန်းဆာဆင်သော။ ရူပေန။ ဝဝတုတ်တုတ် အဆင်းရုပ်ဖြင့်။ မံ၊ ပါရမီဉာဏ်ပွင့်ချွန်တန်၍ အန္တဖိန မိတ်ကောင်းရသော ဥပကရဟန္တာငါအရာကို။ ပုဗ္ဗေ၊ ရှေးအခါ၌။ ဗာဓေသိ၊ ဘမ်းယူနိုင်၏။ ဣဒါနိပန၊ ပွင့်လုနီးလာ ယခုခါ၌ကား။ နဗာဓယိဿသိ၊ မဘမ်းယူနိုင်လတ္တံ့။

ဣမံစ မေ ပုတ္တဖလံ၊ ကာဠ ဥပ္ပါဒိတံ တယာ။
တံ မံ ပုတ္တဝတိံ သန္တိံ၊ ကဿ သြဟာယ ဂမိဿသိ။

ကာဠွ၊ အသားမဲညို လူအိုကြင်စ ဥပက။ မေ၊ ဆာဝါအလှ ကျွန်တော်မ၏။ ဣမံစပုတ္တဖလံ၊ ဤသားငယ်ကလေးကို။ တယာ၊ လင်အိုကြင်စ ဥပကသည်။ ဥပ္ပါဒိတံ၊ ဖြစ်စေအပ်၏။ ပုတ္တဝတိံ သန္တိံ၊ သားကောင်း

ရတနာ မွေးဖွားပါသော။ တံမံ၊ထိုအကျွန်ုပ်ဆာဝါကို။ ဩဟာယ၊သား တယောက်နှင့် မထောက်မစာ မညှာမသနား စွန့်ခွါထား၍။ ကဿ၊ အဘယ်သို့။ ဂစ္ဆသိ၊ သွားချင်ဘိသနည်း။

ဇဟန္တိ ပုတ္တေ သပ္ပညာ၊ တတော ဉာတီ တတော ဓနံ။
ပဗ္ဗဇန္တိ မဟာဝီရာ၊ နာဂေါ ဆေတွာဝ ဗန္ဓနံ။

သပ္ပညာ၊ ပါရမီရင့် သန္တာမြင့်၍ ပွင့်လုနီးခါ ဉာဏ်ပညာ ရှိကုန်သော။ မဟာဝီရာ၊ လုံ့လကြီးစွာ သန္တာရင့်ညောင်း ဇောမိလောင်းတို့သည်။ ပုတ္တေ၊ သားသမီးတို့ကိုရင်း။ တတော၊ ထိုမှတပါး။ ဉာတီ၊ ချစ်ခင်လှစွာ ဆွေညာအပေါင်းကိုရင်း။ဓနံ၊ရွှေငွေဘဏ္ဍာ များစွာကိုရင်း။ ဇဟန္တိ၊စွန့်နိုင်ကုန်၏။ဗန္ဓနံ၊ဖွဲ့ချည်၍ထားသောသံကြိုးကို။ဆေတွာ၊ရုန်းဖြတ်၍။ နာဂေါဝ၊ဆင်ပြောင်ကြီးကဲ့သို့။ ပဗ္ဗဇန္တိ၊ရဟန်းပြုကြကုန်၏။

ဣဒါနိ တေ ဣမံ ပုတ္တံ၊ ဒဏ္ဍေန ဆုရိကာယ ဝါ။
ဘူမိယံ ဝ နိသုမ္ဘိဿံ၊ ပုတ္တသောကာ နဂစ္ဆသိ။

ဣဒါနိ၊ ယခုပင်လျှင်။ တေ၊ သင်၏။ ဣမံပုတ္တံ၊ ဤသားကလေးကို။ ဒဏ္ဍေနဝါ၊ တုတ်ချောင်းဖြင့်ရင်း။ ဆုရိကာယဝါ၊ ထားငယ်ဖြင့်ရင်း။ ဘူမိယံဝ၊ မြေ၌သာလျှင်။ နိသုမ္ဘိဿံ၊ ဗူးဗူးရှရှ သင်မှစွန့်သွား ငါ မသနားဘဲ ပစ်ထားတော့အံ့။ ပုတ္တသောကာ၊ သားကလေးသေမည်ကို စိုးရိမ်ကြောင့်ကြ သင်ရှိကမူ။ နဂစ္ဆသိ၊ မသွားနိုင်ဘဲ သားကိုစွဲ၍ နေလတ္တံ့။

သစေ ပုတ္တံ သိင်္ဂါလာနံ၊ ကုက္ကုရာနံ ပဒါဟိသိ။
နာဟံ ပုတ္တကတေ ဇမ္မိ၊ ပုန ရာဝတ္တယိဿသိ။

ဇမ္မိ၊ သားသတ်အမျိုး မှုဆိုးသမီး မိုက်လုံးကြီးနှင့် ယုတ်တီးယုတ်မာ ဟဲ့-မိဆာဝါ။ ပုတ္တံ၊ နင်ကမွေးဖွား ငါ၏သားကို။ ဝါ၊ ငါနှင့်မွေးဖွား နင်၏သားကို။ သိင်္ဂါလာနံ၊ တောနေ တောစား မြေခွေးများကိုရင်း။ ကုက္ကုရာနံ၊မြို့ရွာအိမ်စား အိမ်ခွေးများကိုသော်ရင်း။ သစေ၊ အကယ်ရက်စက် နင်ပြုရက်၍။ပဒါဟိသိ၊ကျွေး၍ပစ်စေကာမူ။ ပါ၊ ခွေးကျွေး၍ ပစ်သော်လည်း။ ပုတ္တကတေ၊ သားကိုနှိပ်စက် နင်ပြုရက်ခြင်းကြောင့်။ (ဝါ) ပုတ္တကတေ၊ သားကိုနှိပ်စက် ပြုလုပ်ရက်သော။ ဇမ္မိ၊ ယုတ်တီး ယုတ်မာ မိုက်ရိုင်းစွာသော ဆာဝါမည်ရ အယုတ်မ။ အဟံ၊ ဥပကဟု ဉာဏ်ကဲမြင့် ပွင့်လုနီးခါ ငါဆရာသည်။ နပုနရာဝတ္တယိဿသိ—နပုန

အာဝုတ္တာယိဿသိ၊ သားကိုကြောင့်ကြ စိုးရိမ်လှဟု နောက်မှတဘန် ပြန်ကာရှုကြည့် လှည့်၍တခါ မပြန်လာတော့အံ့။

ဟန္ဒ ခေါ ဒါနိ ဘဒ္ဒန္တေ၊ ကုဟိံ ကာဠ ဂမိဿသိ။
ကတမံ ဂါမနိဂမံ၊ နဂရံ ရာဇဓာနိယော။

ဘဒ္ဒန္တေ၊ ဆရာမြတ်လောင်း အရှင်ကောင်း။ ကာဠ၊ အသားညိုသူ ဥပက။ ဟန္ဒခေါ၊ ယခုဆင့်လောင်း တောင်းပန်မရ သွားလိုလှသော်။ ကုဟိံ၊ ဘယ်အရပ်သို့။ ဂမိဿသိ၊ သွားမည်နည်း။ ဒါနိ၊ ယခု။ ကတမံ ဂါမနိဂမံ၊ အဘယ်ရွာ အဘယ်နိဂုံးသို့ရင်း။ ကတမံနဂရံ၊ အဘယ် မြို့သို့ရင်း။ ကတမံရာဇဓာနိယော၊ အဘယ် မင်းနေပြည်တို့သို့ရင်း။ ဂမိဿသိ၊ သွား၍ ရဟန်းပြုမည်နည်း။

အဟုမှ ပုဗ္ဗေ ဂဏိနော၊ အသမဏာ သမဏမာနိနော။
ဂါမေန ဂါမံ ဝိစရိမှ၊ နဂရေ ရာဇဓာနိယော။
ဧသော ဟိ ဘဂဝါ ဗုဒ္ဓေါ၊ နဒိံ နေရဉ္ဇရံ ပတိ။
သဗ္ဗဒုက္ခပ္ပဟာနာယ၊ ဓမ္မံ ဒေသေသိ ပါဏိနံ။
တဿာဟံ သန္တိကံ ဂစ္ဆံ၊ သော မေ သတ္ထာ ဘဝိဿတိ။

ပုဗ္ဗေ၊ ရှေးအခါ၌။ အသမဏာ၊ ရဟန်းမဟုတ်ကုန်ဘဲ။ သမဏမာနိနော၊ ရဟန်းဟု မှတ်ထင်ကုန်သော။ ဂဏိနော၊ တပည့်များစွာ ဂိုဏ်းဆရာတို့သည်။ အဟုမှ၊ ဖြစ်ကြကုန်၏။ နဂရေ၊ မြို့တို့ကိုရင်း။ ရာဇဓာနိယော၊ မင်းနေပြည်တို့ကိုရင်း။ ဂါမေနဂါမံ၊ တရွာမှတရွာသို့။ ဝိစရိမှ၊ လှည့်လည်၍ နေကြကုန်၏။

ဗုဒ္ဓေါ၊ သစ္စာလေးပါးကို သိတော်မူသော။ ဧသောဟိ ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်သာလျှင်။ နေရဉ္ဇရံ၊ စိမ်းညိုသော ရေရှိသော။ နဒိံ၊နေရဉ္ဇရာမြစ်ကို။ ပတိ၊စွဲမှီ၍။ ဝါ၊စွဲမှီကာနေလျက် ဘုရားဖြစ်တော်မူ၍။သဗ္ဗဒုက္ခပ္ပဟာနာယ အလုံးစုံသောဆင်းရဲကို ပယ်နိုင်ခြင်းငှါ။ဓမ္မံ၊ သစ္စာလေးပါး တရားတော်ကို။ပါဏိနံ၊ သတ္တဝါတို့အား။ အဒေသေသိ၊ ဟောကြားတော်မူ၏။ တဿ၊ ထိုမြတ်စွာဘုရား၏။ သန္တိကံ၊အထံသို့။ အဟံ၊ငါသည်။ ဂစ္ဆံ၊သွားပါအံ့။ သော၊ထိုမြတ်စွာဘုရားသည်။ မေ၊ ငါဥပက၏။ သတ္ထာ၊ဆရာသည်။ ဘဝိဿတိ၊ဖြစ်လိမ့်သတည်း။

[ထိုနောက် ဝန္ဒနံဒါနိဝဇ္ဇာသိ အစရှိသည်ဖြင့် မဆာဝါသည် ဆရာလည်းဖြစ် လင်လည်း ဖြစ်၍ ချစ်ခင် ကြည်ညို ရှိသေ လေးမြတ်

လှသော ရဟန္တာလောင်း ဆရာဥပကနောက်သို့ လိုက်၍ရဟန်းမိန်းမ ပြုလိုသောကြောင့် မှာထားလိုက်သော ဂါထာများနှင့် တကွ လင်္ဂါ ဟတ္ထော ပုရေအာသိံ အစရှိသော ရှေးဦး ဂါထာများတို့၏ အနက်ကို ဝတ္ထုသွားမှာပြန်၍ကြည့်ရှုကျက်မှတ်ရွတ်ဖတ်ပြောဟောကြကုန်ရာ၏။ ပါဠိမိကံဆိုင်ကြသော ဥပကဆရာ ရဟန္တာလောင်းကြီးနှင့် တပည့်မ မဆာဝါတို့ ရဟန္တာဖြစ်ကြသော အကြောင်းတို့ကို ပြောဟောသူ မရှိကြကုန်။ ဆရာဥပက ရဟန္တာဖြစ်ကြောင်းကိုသာ ဟောပြောကြကုန်၏။ ဆရာဥပက၏ နောက်သို့လိုက်၍ ရဟန်းမိန်းမပြုလုပ်၍ တရားကို အားထုတ်၍ ရဟန္တာမ ဖြစ်သော မဆာဝါတိက္ခနိရဟန္တာမ၏ ဂုဏ်ကျေးဇူးသည် မြန်မာပြည်၌နှံ့အောင် ဝေဖြန့် ပြောဟော ကြစေကုန်သတည်း။

ဆရာဥပကနှင့် မဆာဝါတို့ အပဒါန် ဝတ္ထုပြီး၏။
[ဆပည္ဓာသဝတ္ထု]

ဗာရာဏသီပြည်သူ သုန္ဒရီထေရီ အပဒါန် ဝတ္ထု ဗျာဒိတ်ခံဘော်

ဤသုန္ဒရီထေရီ သည်လည်း ရှေးရှေးသော မြတ်စွာဘုရားတို့၏ အထံ၌ ပြုကျင့်ဆည်းပူးခဲ့သော ပါရမီသမ္ဘာရ အဓိကာရကုသိုလ် ရှိသည်ဖြစ်၍ သုံးဆဲ့ဘကမ္ဘာထက်၌ ဝေဿဘူမြတ်စွာဘုရား ပွင့်တော်မူသောအခါ အမျိုးကောင်းသမီးဖြစ်၍၊ တနေ့သ၌ ဝေဿဘူ မြတ်စွာ ဘုရား ဆွမ်းခံကြွတော်မူလာသည်ကို မြင်သည်ရှိသော် သဒ္ဓါကြည်ညို ခြင်း ရှိသည့်ဖြစ်၍ ဆွမ်းတဇွန်း လောင်းလှူပြီးလျှင် ငါးပါးသော တည်ခြင်းဖြင့် မြေ၌ တည်စေ၍ ရှိခိုး၏။ ဝေဿဘူမြတ်စွာဘုရားသည် အလှူခံတော်မူပြီးလျှင် ဆွမ်းခံရာမှတွင်းလမ်းခရီး၌ ရပ်တော်မူလျက် တရားအနုမောဒနာ ပြုတော်မူ၍ ဗျာဒိတ်ပေးတော်မူ၏။ ထိုကုသိုလ်ဖြင့် စုတေလျှင် တာဝတိံသာနတ်ပြည်၌ဖြစ်၍ သိကြားမင်း၏ အဂ္ဂမဟေသီ မိဖုယားကြီး သုံးဆဲ့ခြောက်ကြိမ်၊ လူ့ပြည်၌ ဖြစ်သောအခါ စကြာမင်း ကြီး၏ မိဖုယားကြီး အကြိမ်ငါးဆယ် ဖြစ်လတ္တံ့။ ထိုမှတပါး ဗတ်အလို ရှိရာကို အလုံးစုံပြည့်စုံစွာ ရလွယ်၍ အဆုံးဘ၌လည်း ပဗ္ဗဇ္ဇအဖြစ်ကို

ရ၍ ရဟန္တာဖြစ်လတ္တံ့ဟု မြတ်စွာဘုရား ဗျာဒိတ်ကြားတော်မူသည့် အတိုင်း သုံးဆဲ့တကမ္ဘာပတ်လုံး အပါယ်လေးပါးသို့ မရောက်မူ၍ လူ့ပြည် နတ်ပြည်တို့၌သာလျှင် ကျင်လည်လျက် ငါတို့မြတ်စွာဘုရား လက်ထက်၌ ဗာရာဏသီပြည်ဝယ် သုဇာတမည်သော ပုဏ္ဏားဖေ၏သမီး ဖြစ်၍ အဆင်းနှင့်ပြည့်စုံရကား သုန္ဒရီဟူသော အမည်ကို ခေါ်ဆိုကြ ကုန်၏။ ထိုသုန္ဒရီမည်သော သတို့သမီး အရွယ်သို့ ရောက်သောအခါ မောင်အငယ်တယောက် သေဆုံးသည်ဖြစ်၍ သုန္ဒရီ၏အဘ သုဇာတ ပုဏ္ဏားကြီးသည် သားကလေးကို လွမ်းဆွတ်ခြင်း သောကပရိဒေဝ မီးလောင်သည်ဖြစ်၍ ထိုထိုအရပ်သို့ မရပ်မတည်လှည့်လည်သွားလာ၍ နေသောအခါ ဝါသိဋ္ဌီထေရီကို တွေ့၍ မေးလျှောက်လိုရကား ဤ ဂါထာကို ဆို၏။

ပေတာနိ ဘောတိ ပုတ္တာနိ၊ ခါဒမာနာ တုဝံ ပုရေ။
တုဝံ ဒိဝါ စ ရတ္တော စ၊ အတိဝ ပရိတပ္ပသိ။
သာဇ္ဇ သဗ္ဗာနိ ခါဒိတွာ၊ သတပုတ္တာနိ ဗြာဟ္မဏီ။
ဝါသိဋ္ဌီ ကေန ဝဏ္ဏေန၊ န ဗာဠှံ ပရိတပ္ပသိ။

ဘောတိ၊ ဝါသိဋ္ဌီဟု နာမည်ကျော်လှ အရှင်မ။ တုဝံ၊ အရှင်မသည်။ ပုရေ၊ ရှေးအခါ၌။ ပေတာနိ၊ သေဆုံးပျောက်ပျက်ကုန်သော။ ပုတ္တာနိ၊ သားတို့ကို။ ခါဒမာနာ၊ စားသကဲ့သို့ ပူကင်ပြား ပြုန်းတီးကုန်လျက်။ တုဝံ၊ အရှင်မ ဝါသိဋ္ဌီသည်။ ဒိဝါ စ နေ့၌ရင်း။ ရတ္တော စ၊ ညဉ့်၌ ငင်း။ အတိဝ၊ အလွန်သာလျှင်။ ပရိတပ္ပသိ၊ ခါးဝတ်အထည် ထဘီမပါ ပလာကိုယ် ထည်း လူးလည်းလှိမ့်ကာ ရှူးသွပ် ရှာအောင် ပူဆာ၍နေ၏။ သာ၊ ထိုဝါသိဋ္ဌီ အရှင်မသည်။ အဇ္ဇ၊ ယခု။ သဗ္ဗာနိ၊ အလုံးစုံကုန်သော။ သတပုတ္တာနိ၊ တရာမက များလှစွာသော သားတို့ကို။ ခါဒိတွာ၊ စားဝါးသကဲ့သို့ အများသေဆုံး ပြုန်းတီးစေ၍။ ဗြာဟ္မဏီ၊ ပုဏ္ဏေးမ ဖြစ်သော။ ဝါသိဋ္ဌီ၊ ဝေသာလီပြည်သူဖြစ်သော ဝါသိဋ္ဌီ အရှင်မသည်။ ကေန ဝဏ္ဏေန၊ အဘယ်အကြောင်းကြောင့်။ ဗာဠှံ၊ ပြင်းစွာ။ န ပရိတပ္ပသိ၊ ပူပန်သောက မရှိပါသနည်း။

ဝါသိဋ္ဌီဟု နာမည်ကျော်သောအရှင်မ ရှေးအခါက အရှင်မသည် သားတွေ သေဆုံး ပျက်ပြုန်းသောကြောင့် အဝတ်အထည် ထဘီမကပ်

လှည့်ပတ်သွားလာ ရှုးချာ၍နေသည်ကို အကျွန်ုပ်တို့ မြင်ရပါ၏။ ယခု အခါမှာမူကား အဘယ်အကြောင်းကြောင့် စိတ်ဒွေ ကိုယ်ဒွေ ပူဆွေး သောက မရှိပါသနည်း ဟူ၍ မေးလျှောက်လေသတည်း။ ထိုသို့ မေးသောအခါ ဝါသိဋ္ဌီထေရီ ဘိက္ခုနီ အရှင်မသည် သုဇာတ မေး လျှောက်သော စကားနှင့်လျော်စွာ ဤဂါထာတို့ကို ဟောတော်မူ၏။

ဗဟူနိ ပုတ္တသတာနိ၊ ဉာတိသံဃသတာနိစ။
ခါဒိတာနိ အတီတံသေ၊ မမ တုယှဉ္စ ဗြာဟ္မဏ။
သာဟံ နိဿရဏံ ဉတွာ၊ ဇာတိယာ မရဏဿစ။
န သောစာမိ န ရောဒါမိ၊ န စာပိ ပရိတပ္ပယိံ။

ဗြာဟ္မဏ၊ သုဇာတဟု နာမည်ကျော်ကြား အိုပုဏ္ဏား။ ဗဟူနိ၊ များစွာကုန်သော။ ပုတ္တသတာနိစ၊ တရာမက များလှသောင်းပြောင်း သားအပေါင်းတို့ကိုဋင်း။ ဉာတိသံဃသတာနိစ၊ တရာမက များလှ သောင်းသောင်း ဆွေမျိုးအပေါင်းတို့ကိုဋင်း။ အတီတံသေ၊ ရှေးရှေး ကာလ ဘဝများစွာ သံသရာ၌။ မမဉ္စ၊ ငါ့အားဋင်း။ တုယှဉ္စ၊ သင် ပုဏ္ဏားအားဋင်း။ ခါဒိတာနိ စားဝါးသကဲ့သို့ ပျက်ပြားပြုန်းတီး သေဘူး လှလေပြီ။ သာ အဟံ၊ ထိုငါသည်။ ဇာတိယာစ၊ ဖြစ်ခြင်း၏ဋင်း။ မရဏဿစ သေကြေပျက်စီးခြင်း၏ဋင်း။ နိဿရဏံ၊ လွတ်မြောက် ရာကို။ ဉတွာ၊ သိရ၍။ န သောစာမိ၊ မပိုးရိမ်တော့ပြီ။ န ရောဒါမိ၊ မငို ကြွေးတော့ပြီ။ န စာပိပရိတပ္ပယိံ၊ ပူပန်ခြင်းလည်း မရှိတော့ပြီ။

ဤသို့ ဝါသိဋ္ဌီထေရီဘိက္ခုနီ အရှင်မ ဟောကြားသော တရားစကား ကို ကြားနာရလျှင် သုဇာတပုဏ္ဏားသည် သားသေဆုံးခြင်းကြောင့်ဖြစ်သော ပူပန်ခြင်းမှ သက်သာရာရ၍ ဝါသိဋ္ဌီထေရီ အရှင်မဘုရား အရှင်မ သည် အဘယ်သို့သော တရားစကားကို ကြားနာရ၍ ဤကဲ့သို့ ပူဆွေး သောက ကင်းပျောက်ရပါ သနည်းဟု မေးလျှောက်သော အခါ သုဇာတပုဏ္ဏား ဝါသိဋ္ဌီမည်သော ငါထေရီသည် သားသေဆုံး၍ နှလုံး နာကျင် ရောက်မိရောက်ရာ ရူးသွပ်၍ သွားသောအခါ မိထိလာ ပြည်၌ မြတ်စွာဘုရားကို တွေ့မြင်ရ၍ တရားတော်ကို နာရသောကြောင့် သားသေခြင်းကြောင့် ဖြစ်သော ပူပန်သောကမှ ငြိမ်းရ၏ဟူ၍ ပြော ကြားသောအခါ သုဇာတပုဏ္ဏားသည် ရထားကိုစီး၍ မိထိလာပြည်သို့ သွားပြီးလျှင် မြတ်စွာဘုရားအထံ၌ တရားတော်ကိုနာ၍ သောတာပန်

တည်ပြီးလျှင် ရဟန်းပြု၍တဘန်ဝိပဿနာကို အားထုတ်လျက် သုံးရက် အတွင်း၌ရဟန္တာဖြစ်၍မိမိစီး၍လာသောမြင်းရထားဖြင့်ရထားထိန်းကို ခရိုးရိက္ခာငွေသပြာ တထောင်ပေးလျက် အိမ်သို့ပြန်ရန်စေလွှတ်ပြီးလျှင် အသင်ရထားထိန်းသည် ငါ၏ပုဏ္ဏေးမကိုပြောပါလေ၊ သုဇာတပုဏ္ဏား သည် ရဟန်းပြု၍ သုံးရက် တရားကိုအားထုတ်၍ ရဟန္တာဖြစ်ကြောင်း တို့ကို မှာကြားလိုက်၏။ ထိုရထားထိန်းသည် ငွေသပြာတထောင်နှင့် မြင်းရထားကိုယူ၍ ဗာရာဏသီပြည် ပုဏ္ဏေးမအိမ်သို့ ရောက်လျှင် သုဇာတပုဏ္ဏားသည် ဝိဇ္ဇာသုံးပါးကိုရ၍ ရဟန္တာ ဖြစ်ကြောင်းကို ပုဏ္ဏေးမအား ပြောကြား၏။ ပုဏ္ဏေးမသည် ဝမ်းမြောက်လှသည်ဖြစ်၍ အဆွေရထားထိန်း ဤမြင်းရထားကိုရင်း ငွေသပြာတထောင်ကိုရင်း ပေးပါ၏ဟုဆို၍ ရထားထိန်းအား နှစ်သက်သဖြင့် ဆုပေးလေ၏။ ပုဏ္ဏေးမက မြင်းရထားနှင့် ငွေသပြာ တထောင်ကို ပေးသောအခါ ရထားထိန်းသည် အရှင်ပုဏ္ဏေးမ ဤမြင်းရထားနှင့် ငွေတထောင်ကို အကျွန်ုပ် မယူလိုပါ၊ အကျွန်ုပ်သည်လည်း မြတ်စွာဘုရား အထံသို့ သွား၍ အရှင်သုဇာတနှင့် အတူတကွ ရဟန်းပြု၍ နေတော့အံ့ဟု ပြော ကြား၍ ရထားထိန်းသည်လည်း ရဟန်းပြုလေ၏။

ထိုအခါ ပုဏ္ဏေးမသည် သမီးကိုခေါ်၍ ချစ်သမီးသုန္ဒရီ သင်၏ အဘ သည် ရဟန်းပြု၍ သွားလေပြီ၊ နွား ကျွဲ ဆင် မြင်း ရွှေ ငွေ ဘဏ္ဍာ များစွာသော ဥစ္စာတို့ကို သိမ်းပိုက်၍ ကာမဂုဏ် စည်းစိမ်တို့ကို ခံစား ပါလော့၊ ငါတို့အမွေအနှစ်ကို ချစ်သမီးတယောက်သာလျှင် ခံယူမည့်သူ ရှိတော့၏ဟူ၍ဆိုလျှင် သမီးဖြစ်သော သုန္ဒရီသည် မွေးမိခင်အား ဤသို့ ပြောဆို၏။ မွေးသည့်မိခင် ကျေးဇူးရှင် ကျွန်တော်မ၏ အဘ သုဇာတ ပုဏ္ဏားသည် သားသေဆုံးသဖြင့် သောကနှိပ်စက်၍ ဤပစ္စည်း ဥစ္စာ တွေကို စွန့်လျက် ရဟန်းပြု၏။ ကျွန်မသည်လည်း မောင်သေဆုံးသဖြင့် ပူဆွေးဒုက္ခ ရောက်ရပါ၏။ ထို့ကြောင့် ကျွန်မသည်လည်း ရဟန်းပြုပါ တော့အံ့ဟု ခွင့်တောင်းသောအခါ အမိဖြစ်သော ပုဏ္ဏေးမသည် ဝမ်း မြောက်စွာ ခွင့်ပြုလို၍ ဤဂါထာကို ဆို၏။

သော တေ ဣဇ္ဈတု သင်္ကပ္ပေါ ယံ တွံ ပတ္ထေသိ သုန္ဒရိ။
ဥတ္တိဋ္ဌပိဏ္ဍော ဥဉ္ဆောစ၊ ပံသုကူလဉ္စ စီဝရံ။
ဧတာနိ အဘိသမ္ဘောန္တီ၊ ပရလောကေ အနာသဝါ။

သုန္ဒရိ၊ချစ်သွီးသုန္ဒရိ။ တွံ၊ ချစ်သွီးသည်။ ယံ၊ အကြင်ရဟန်း အဖြစ်ကို။ ပတ္ထေသိ၊ တောင့်တ၏။ တေ၊ ချစ်သွီး၏။ သော သော ၊ ထိုအကြံ သည်။ ဣဇ္ဈတု၊ ပြည့်စုံပါစေ‌ေတာ့။ ဥတ္တိဋ္ဌပိဏ္ဍော၊ အိမ်စဉ်မပြတ် ဆွမ်းကို ရပ်လျက်။ ဉဉ္ဆာစ၊သပိတ်ပိုက်ခါ တနေ့စာဖြင့်ရင်း။ပံသုကူလဥ္စစီဝရံ၊ ပံသုကူလ သင်္ကန်းဖြင့်ရင်း။ ဧတာနိ၊ ထို ဆွမ်း သင်္ကန်းတို့ကို။ အဘိသမ္ဘောန္တီ၊ ခြေသလုံးအား ကိုးစားယှဉ်မှီး ဖြစ်စေပြီးလျက်။ ဝါ၊ ခြေသလုံးအားထား ပြီးစေငြားလျက်။ ပရလောကေ၊ တမလွန်ဘဝ နောက်ကာလ၌။ အနာသဝါ၊ အာသဝေါတရား ပယ်ရှားရှင်းကွာ ကင်းပါစေလော့။ ဝါ၊ ပယ်ရှားစွန့်ခွါ ကင်းလွတ်ကွာ၍ ရဟန္တာ ဖြစ်ပါစေသတည်း၊

ဤသို့အမိပုဏ္ဏေးမက ခွင့်ပြုသောအခါ သုန္ဒရီသည်ဘိက္ခုနီကျောင်းသို့သွား၍ ရဟန်းပြုလုပ်ရန် တောင်းပန်လျှင် ဘိက္ခုနီထေရီ ဥပဇ္ဈာယ် ဆရာတို့က သင်္ကန်းကိုဝတ်စေလျက် သိက္ခမာန်ကျင့်ဝတ်ကို ပေးထားကြကုန်၏။ သုန္ဒရီသည်သိက္ခမန် ကျင့်ဝတ်ကို ကျင့်လျက် ဝိပဿနာကိုရှု၍ ဝိဇ္ဇာသုံးပါးနှင့်တကွ ရဟန္တာမဖြစ်လေ၏။ ရဟန္တာမဖြစ်ပြီးသော သုန္ဒရီထေရီ အရှင်မသည် ကျေးဇူး ကြီးလှပေသော ဆရာဥပဇ္ဈာယ် အရှင်မကြီးဘုရား တပည့်တော်မသည် သိက္ခမာန်ကျင့်ဝတ်ကို ကျင့်လျက်ပင်လျှင် ဒိဗ္ဗစက္ခုဉာဏ် ပုဗ္ဗေနိဝါသ ဉာဏ်တို့ကို ရ၍ အရှင်မကြီးကို အမှီပြု၍ ရဟန်းကိစ္စ ပြီးစီးရပါသည်။ တပည့်တော်မအား ခွင့်ပြုပါလော့၊ သာဝတ္ထိပြည် မြတ်စွာဘုရား အထံသို့သွား၍ ရဟန္တာမ ဖြစ်ကြောင်းကို လျှောက်ကြားပါအံ့၊ ခြသေ့်ဟောက်သို့ မကြောက်မရွံ့ ရဲဝံ့စွာသောစကားဖြင့် အညဗျာကရဏ ပြုပါအံ့ဟု ဥပဇ္ဈာယ်ဆရာထေရီ အရှင်မကြီးအား အခွင့်ပန်၍ သာဝတ္ထိပြည်သို့ များစွာသော ဘိက္ခုနီအပေါင်းတို့နှင့်တကွ သွား၍ ဇေတဝန်ကျောင်းတိုက် ဂန္ဓကုဋိတိုက်ဝယ် သီတင်းသုံးနေတော်မူသော မြတ်စွာဘုရားကို မြင်သောအခါ လွန်စွာဝမ်းမြောက်လှသောစိတ်ဖြင့် မိမိကိုယ်ကို မိမိ ခေါ်ဆိုလျက် ဤဂါထာကို ဆိုလေသတည်း။

ပဿ သုန္ဒရိ သတ္ထာရံ၊ ဟေမဝဏ္ဏံ ဟရိတ္တစံ။
အဒန္တာနံ ဒမေတာရံ၊ သမ္ဗုဒ္ဓံ အကုတော ဘယံ။

ပဿ သုန္ဒရိ မာယန္တိံ၊ ဝိပ္ပမုတ္တံ နိရူပဓိံ။
ဝီတရာဂံ ဝိသံယုတ္တံ၊ ကတကိစ္စ မနာသဝံ။

ထေရီဂါထာပါဠိတော် ဝိသတိနိပါတ်သုန္ဒရီထေရီဂါထာ ၂၀၇-မျက်နှာနံပါတ်။

သုန္ဒရိ၊ ရှင်မသုန္ဒရီ။ ဟေမဝဏ္ဏံ၊ ရွှေအဆင်းကဲ့သို့ အဆင်းရှိတော်မူသော။ ဟရိတ္တစံ၊ ကောင်းစွာဦးပြီးသော ကဥ္စနရွှေအဆင်းသို့ ဝင်းဝင်းသက်လက် ရောင်တော်ထွက်သော အသရေရှိတော် မူသော။ အဒန္တာနံ၊ မယဉ်ကျေးသောသူတို့အား။ ဒမေတာရံ၊ ယဉ်ကျေးအောင် ဆုံးမသင်ပြတော် မူတတ်စွာထသော။ သမ္ဗုဒ္ဓံ၊ အလုံးစုံသော တရားကို ပိုင်းခြားကုန်စင် သိမြင်တော်မူပြီးထသော။ အကုတောဘယံ၊ အများသတ္တဝါ ဘေးကင်းစွာထသော။ သတ္ထာရံ၊ မြတ်စွာဘုရားကို။ ပဿ၊ အားရပါးရ စိတ်တိုင်းကျအောင် ဝဝကြီး ကြည့်ရှု ဖူးမျှော်ပါလော့။

သုန္ဒရီ၊ ရှေးအခါက ဗုဒ္ဓဂုဏ်ထူး မမြင်ဘူး၍ ဖူးချင်မြင်ချင် ကြည့်ရှုချင်လှသော ရှင်မသုန္ဒရီ။ သတ္ထာရံ၊ မြတ်စွာဘုရားကို။ ပဿ၊ အားရပါးရ ဝအောင် ဖူးမြင်ပါလော့။ [ဤကားအဋ္ဌကထာ၌ အထ သုန္ဒရီ အနုက္ကမေန သာဝတ္ထိံ ဂန္တွာ ဝိဟာရံ ပဝိသိတွာ သတ္ထာရံ အာသနေ နိသိန္နံ ဒိသွာ ဥဠာရပီတိသောမနဿံ ပဋိသံဝေဒိယမာနာ အတ္တာနမေဝ အာလပန္တီ အာဟ ပဿ သုန္ဒရိတိ ဟူ၍ရှိသောကြောင့် သုန္ဒရီသည် မိမိကိုယ်ကို မိမိခေါ်သည်ဟု အနက်ပြန်ဆိုပေသတည်း။ နိဿယ၌ကား ဥပဇ္ဈာယ်ဆရာထေရီ အရှင်မကြီးကအခွင့်ပေးသောဂါထာဖြစ်ကြောင်းကိုပြဆို၏။ နိဿယဆရာတော်၏ စကားလည်း ယုတ္တိရှိပါပေ၏]။

ထိုနောက် သုန္ဒရီ အရှင်မသည် မြတ်စွာဘုရားကို အဘကဲ့သို့ မှတ်ထင်အောက်မေ့လျက် ရဲရဲတင်းတင်း ရွှင်လန်း ပမ်းမြောက်စွာသော စကားဖြင့် လျှောက်ကြားလိုရကား ဤဂါထာတို့ကို ဆိုလေသတည်း။

ပဿ သုန္ဒရိ မာယန္တိံ၊ ဝိပ္ပမုတ္တံ နိရူပဓိံ။
ဝီတရာဂံ ဝိသံယုတ္တံ၊ ကတကိစ္စံ အနာသဝံ။
ဗာရာဏသိတော နိက္ခမ္မ၊ တဝ သန္တိက မာဂတာ။
သာဝိကာ တေ မဟာဝီရ၊ ပါဒေ ဝန္ဒတိ သုန္ဒရိ။
တုဝံ ဗုဒ္ဓေါ တုဝံ သတ္ထာ၊ တုယှံ ဓီတာမှိ ဗြာဟ္မဏ။
ဩရသာ မုခတော ဇာတာ၊ ကတကိစ္စာ အနာသဝါ။

ဘန္တေ၊ မြတ်စွာဘုရား။ ဝိပ္ပမုတ္တံ၊ ကိလေသာတို့မှ လွတ်ကင်းပြီးလျက်။ နိရူပဓိံ၊ ခန္ဓာကံလေ နှစ်ထွေဥပဓိ ကင်းစင်ရှိလျက်။ ဝီတရာဂံ၊ ကင်းသောရာဂရှိလျက်။ ဝိသံယုတ္တံ၊ တဏှာမယှဉ် ချောသန့်စင်လျက်။ ကတကိစ္စံ၊ ဖြစ်ပျက်ရှုရန် အလုပ်ကိစ္စ ပြီးစီးလျက်။ အနာသဝံ၊ ရဟန္တာမ ဖြစ်လျက်။ အာယန္တိံ၊ အရှင်ဘုရားအထံသို့ ရောက်လာသော။ သုန္ဒရိံ၊ သုန္ဒရီခေါ် သမီးတော်ကို။ ပဿ၊ ရှုတော်မူပါ မြတ်စွာဘုရား။ ဗာရာဏသိတော၊ ဗာရာဏသီမြေပြည်တော်မှ။ နိက္ခမ္မ၊ ထွက်ခဲ့၍။ တဝ၊ အရှင်ဘုရား၏။ သန္တိကံ၊ အထံတော်သို့။ အာဂတာ၊ ရောက်လာပါ၏ မြတ်စွာဘုရား။ မဟာဝီရ၊ ကြီးသောလုံ့လရှိတော်မူသော မြတ်စွာဘုရား။ တေ၊ အရှင်ဘုရား၏။ သာဝိကာ၊ တပည့်မဖြစ်သော။ သုန္ဒရီ၊ သိက္ခမာနှံကျင့်ဝတ်ကိုကျင့်သော သမီးတော်သုန္ဒရီသည်။ တေ၊ အရှင်ဘုရား၏။ ပါဒေ၊ ခြေတော်တို့ကို။ ဝန္ဒတိ၊ ရှိခိုးပါ၏ မြတ်စွာဘုရား။ တုဝံ၊ အရှင်ဘုရားသည်။ ဗုဒ္ဓေါ၊ သစ္စာလေးပါး တရားမြတ်ကို ပိုင်းခြားကုန်စင် သိမြင်တော်မူ၏။ တုဝံ၊ အရှင်ဘုရားသည်။ သတ္ထာ၊ လူသုံးပါးတို့၏ဆရာ ဖြစ်တော်မူ၏။ ဗြာဟ္မဏီ၊ ရဟန်းဖြစ်ပြီးသော ပုဏ္ဏေးမသည်။ တုယှံ၊ အရှင်ဘုရား၏။ ဓီတာ၊ သမီးတော် ချစ်သည်။ အမှိ၊ ဖြစ်ပါ၏။ ဩရသာ၊ ရွှေရင်တော်နှစ် သမီးချစ်သည်။ မုခတော၊ ရွှေနှုတ်တော်ထွက် မွေစက်ဖြင့်။ ကတကိစ္စာ၊ ပြုလုပ်ပြီးသော ကိစ္စရှိသော။ အနာသဝါ၊ ရဟန္တာမသည်။ ဇာတာ၊ ဖြစ်ရပါ၏ မြတ်စွာဘုရား။

သမီးတော်သုန္ဒရီ ရဟန္တာဖြစ်၍ လာသည်ကို နှစ်သက်တော်မူလှသော မြတ်စွာဘုရားသည် ဤဂါထာဖြင့် နှုတ်ခွန်းဆက်ခါ မိန့်တော်မူသတည်း။

တဿာ တေ သွာဂတံ ဘဒ္ဒေ၊ အထော တေ အဒုရာဂတံ။
ဧဝံ ဟိ ဒန္တာ အာယန္တိ၊ သတ္ထု ပါဒါနိ ဝန္ဒိကာ။
ဝီတရာဂါ ဝိသံယုတ္တာ၊ ကတကိစ္စာ အနာသဝါ။

ဘဒ္ဒေ၊ ချစ်သမီးသုန္ဒရီ-။ တဿာ တေ၊ ထိုချစ်သမီး၏။ သွာဂတံ၊ ကောင်းသောလာခြင်းဖြစ်၏။ တေ၊ သင် ချစ်သမီးအား။ အဒုရာဂတံ၊ မကောင်းသော လာခြင်းမဟုတ်။ ဧဝံ ဟိ၊ ဤ ချစ်သမီးကဲ့သို့ ပင်လျှင်။

ဒဿာ၊ ယဉ်ကျေးသော သွီးတော်ကိုသည်။သတ္တု၊ ငါဘုရား၏။ ပါဒါနို၊ ခြေတော်တို့ကို။ ဝန္ဒိကာ၊ ရှိခိုးလိုကြကုန်သည် ဖြစ်၍။ ဝိတရာဂါ ဝိ သံယုတ္တာ၊တဏှာမယှဉ်ကိလေစင်ကြကုန်လျက်။ကတကိစ္စာ၊ပြုပြီးသော ကိစ္စ ရှိကုန်ကြလျက်။ အနာသဝါ၊ ရဟန္တာမ ဖြစ်ကြ ကုန်လျက်။ အာယန္တိ၊ ငါဘုရားအထံသို့ ရောက်လာကြကုန်၏။

[ချစ်သွီးသုန္ဒရီကဲ့သို့ ရဟန္တာမ ဖြစ်ကြကုန်သော သွီးတော်တို့သည် ချစ်သွီးလာသကဲ့သို့ ပင်လျှင် အဘဖြစ်သော ငါဘုရားအထံသို့ ရောက်လာ၍ ရှိခိုးကြကုန်၏ဟု နှုတ်တော်မြွက်၍ နှစ်သက်စွာ မိန့်တော်မူသည် ဟူလို]။

သုန္ဒရီအရှင်မ ရဟန္တာဖြစ်သောအခါအမိဖြစ်သော ပုဏ္ဏေးမကြီးကို အစပြု၍ အလုံးစုံသော ဆွေမျိုးတို့ သည်ရင်း ကျေးကျွန် လုပ်သား အပေါင်းတို့သည်ရင်း ရဟန်းပြုကြလေကုန်သတည်း။ ထိုသုန္ဒရီအရှင်မ သည် ပုဗ္ဗေနိဝါသ အဘိညာဏ်ဖြင့် ရှေးဘဝတို့ကို ရှုသည်ရှိသော် မြင်တော်မူ၍ အပဒါန်တရားတို့ကို ဟောကြားတော်မူ၏။

သုန္ဒရီအရှင်မ ဟောတော်မူသော အပဒါန်တရားတော်

ဝိပ္လာပါတံ စရန္တဿ၊ ဝေဿဘုဿ မဟေသိနော။
ကင္နတ္ထုံ ဘိက္ခံ ပဂ္ဂယှ၊ ဗုဒ္ဓသေဋ္ဌဿ ဒါသဟံ။
ပဋိဂ္ဂဟေတွာ သမ္ဗုဒ္ဓေါ၊ ဝေဿဘူ လောကနာယကော။
ဝီထိယံ သဏ္ဌိတော သတ္ထာ၊ အကာ မေ အနုမောဒနံ။
ကန္နတ္ထုံ ဘိက္ခံ ဒတွာန၊ တာဝတိံသံ ဂမိဿသိ။
ဆတ္တိံသ ဒေဝရာဇူနံ၊ မဟေသိတ္တံ ကရိဿသိ။
ပညာသံ စက္ကဝတ္တီနံ၊ မဟေသိတ္တံ ကရိဿသိ။
မနသာ ပတ္ထိတံ သဗ္ဗံ၊ ပဋိလစ္ဆသိ သဗ္ဗဒါ။
သမ္ပတ္တိံ အနုဘောတွာန၊ ပဗ္ဗဇိဿံ သကိဉ္စနာ။
သဗ္ဗာသဝေ ပရိညာယ၊ နိဗ္ဗာယိဿသိ နာသဝါ။
ဣဒံ ဝတွာန သမ္ဗုဒ္ဓေါ၊ ဝေဿဘူ လောကနာယကော။
နဘံ အဗ္ဘုဂ္ဂမိ ဝီရော၊ ဟံသရာဇာဝ အမ္ဗရေ။
သုဒိန္နံ မေ ဒါနဝရံ၊ သုယိဋ္ဌာ ယာဂသမ္ပဒါ။
ကင္နတ္ထုံ ဘိက္ခံ ဒတွာန၊ ပတ္တာဟံ အစလံ ပဒံ။

ဒွေကတိံသေ ဣတောကပ္ပေ၊ ယံဒါန မဒဒိံ တဒါ။
ဒုဂ္ဂတိံ နာဘိဇာနာမိ၊ ဘိက္ခဒါနဿိဒံ ဖလံ။
ကိလေသာ ဈာပိတာ မယှံ၊ ဘဝါ သဗ္ဗေ သမူဟတာ။
နာဂေါဝ ဗန္ဓနံ ဆေတွာ၊ ဝိဟရာမိ အနာသဝေါ။
သွာဂတံ ဝတ မေ အာသိ၊ ဗုဒ္ဓသေဋ္ဌဿ သန္တိကေ။
တိဿော ဝိဇ္ဇာ အနုပ္ပတ္တာ၊ ကတံ ဗုဒ္ဓဿ သာသနံ။
ပဋိသမ္ဘိဒါ စတဿော၊ ဝိမောက္ခာပိစ အဋ္ဌိမေ။
ဆဠဘိညာ သစ္ဆိကတာ၊ ကတံ ဗုဒ္ဓဿ သာသနံ။

[ဤသုန္ဒရီ ဘိက္ခုနီ အပဒါန် ပါဠိတော်သည်လည်း ထေရီအပဒါန် ပါဠိတော်ကျမ်း၌မရှိ။ ပေထက်တင်သော အခါက မေ့ကျန်ရစ်ဟန် တူ၏။ သင်္ဂါယနာတင်သောအခါ၌ သုန္ဒရီဘိက္ခုနီ အပဒါန် ပါဠိတော် ရှိသောကြောင့် သာလျှင် ထေရီဂါထာ အဋ္ဌကထာဆရာသည် တေန-ဝုတ္တံ အပဒါနေ ဟူ၍ မိန့်တော်မူသည်ဟု မှတ်ယူရမည်]။

ဝေဿဘုဿမဟေသိနော၊ ဝေဿဘူ မြတ်စွာဘုရားသည်။ ပိဏ္ဍပါတံ၊ ဆွမ်းကို။ စရန္တဿ၊ လှည့်လည်ခံတော်မူစဉ်။ အဟံ၊ သုန္ဒရီ ထေရီလောင်းဖြစ်သော ငါသည်။ ကဋစ္ဆုဘိက္ခံ၊ တဖွန်းမျှသောဆွမ်းကို။ ပဂ္ဂယှ၊ ယူဆောင်၍။ ဗုဒ္ဓသေဋ္ဌဿ၊ မြတ်စွာဘုရားအား။ အဒါသိံ၊ လှူဘူးလေပြီ။ သဗ္ဗညူ၊ အလုံးစုံသော တရားကို သိတော်မူသော။ ဝေဿဘူ လောကနာယကော၊ ဝေဿဘူ မြတ်စွာ ဘုရားသည်။ ဝီထိယံ၊ မြို့တွင်းလမ်း၌။ သဏ္ဌိတော၊ ရပ်တော်မူလျက်။ ပဋိဂ္ဂဟေတွာ၊ အလှူခံတော်မူ၍။ သတ္ထာ၊ မြတ်စွာဘုရားသည်။ မေ၊ သုန္ဒရီလောင်း ဖြစ်သော ငါ့အား။ အနုမောဒနံ၊ ဝမ်းမြောက်စရာ။ အနုမောဒနာ တရားကို။ အကာသိ၊ ဟောကြားသမှုပြုတော်မူ၏။ ကထံ၊ အဘယ်သို့ ဝမ်းမြောက်စရာ အနုမောဒနာ ပြုတော်မူသနည်း ဟူမူကား။ အယိ၊ ဤ မိန်းမသည်။ ကဋစ္ဆုဘိက္ခံ၊ တဖွန်းသော ဆွမ်းကို။ ဒတွာ၊ လှူရသောကြောင့်။ တာဝတိံသံ၊ တာဝတိံသာ နတ်ပြည်သို့။ ဂမိဿသိ၊ ရောက်လတ္တံ့။ ဒေဝရာဇူနံ၊ နတ်မင်းကြီးတို့၏။ မဟေသိတ္တံ၊ အဂ္ဂမဟေသီ မိဖုယားကြီးအဖြစ်ကို။ ဆတ္တိံသ၊ သုံးဆဲ့ခြောက်ကြိမ်။ ကာရိဿသိ၊ ပြုရလတ္တံ့။ စက္ကဝတ္တီနံ၊ စကြာမင်းတို့၏။ မဟေသိတ္တံ၊ မိဖုယားကြီးအဖြစ်ကို။ ပညာသံ၊ အကြိမ်ငါးဆယ်။ ကာရိဿသိ၊ ပြုရ

လတ္တံ့။ မနသာ၊ စိတ်ဖြင့်။ ပဋ္ဌိတံ၊တောင့်တအပ်သော။ သဗ္ဗံ၊အလုံးစုံသော ကာမဂုဏ်ကို။ သဗ္ဗဒါ၊ အခါခပ်သိမ်း။ ပဋိလစ္ဆသိ၊လွယ်ကူစွာရလတ္တံ့။ သမ္ပတ္တိံ၊ စည်းစိမ်ကို။ အနုဘုတွာန၊ ခံစားပြီး၍။ သက္ကစ္စနာ၊ ဃရာဝါသ၊ ကြောင့်ကြမှုနှောင် လူ၏ဘောင်မှ။ ပဗ္ဗဇိဿံ၊ ထွက်၍ရဟန်းပြုလတ္တံ့။ သဗ္ဗာသဝေ၊ အလုံးစုံသော ဘဝတို့ကို။ ပရိညာယ၊ ပဟာနပရိညာဖြင့် ပယ်စွန့်၍။ အနာသဝေါ၊ အာသဝကင်းလျက်။ နိဗ္ဗာယိဿသိ၊ ငြိမ်းလတ္တံ့။ ဣဒံ၊ ဤ ဗျာဒိတ် စကားတော်ကို။ ဝတွာန၊ ဟောတော်မူပြီး၍။ ဓိရော၊ တည်ကြည်သော စိတ်ရှိတော်မူ၍ ရဲရင့်တည်တံ့ ခိုင်ခံ့သော ပညာတော်ရှိသော။ ဝေဿဘူ လောကနာယကော၊ ဝေဿဘူ မြတ်စွာဘုရားသည်။ အမ္ဗရေ၊ ကောင်းကင်၌။ ဟံသရာဇာဝ၊ ဟင်္သာမင်းကဲ့သို့။ နဘံ၊ မိုဃ်းတိမ်ယံသို့။ အဗ္ဘုဂ္ဂမိ၊ ပျံတက်တော်မူ၏။ မေ၊ ငါသည်။ ဒါနဝရံ၊ အလှူမြတ်ကို။ သုဒိန္နံ၊ ကောင်းစွာလှူဘူးလေပြီ။ ယာဂသမ္ပဒါ၊ ပြည့်စုံသော ပူဇော်ခြင်းကို။ သုယိဋ္ဌာ၊ကောင်းစွာပူဇော်ဘူးလေပြီ။(စာဂသမ္ပဒါလည်းရှိ၏)။ကဋစ္ဆုဘိက္ခံ၊ တဖွန်းသောဆွမ်းကို။ ဒတွာန၊ လှူ၍။ အဟံ၊ ငါသုန္ဒရီသည်။ အစလံ၊ တုန်လှုပ်ခြင်း မရှိသော။ ပဒံ၊နိဗ္ဗာန်သို့။ ပတ္တာ၊ရောက်ရလေပြီ။ ဣတော၊ ဤကမ္ဘာမှ။ ဧကတိံသေကပ္ပေ၊ သုံးဆဲ့တကမ္ဘာထက်၌။ တဒါ၊ ထိုအမျိုးကောင်းသမီးဖြစ်သော အခါ၌။ ယံဒါနံ၊ အကြင်တဖွန်းမျှသော ဆွမ်းအလှူကို။ အဒဒိံ၊လှူဘူးလေပြီ။တေန၊ထိုကုသိုလ်ကြောင့်။ ဒုဂ္ဂတိံ၊ အပါယ်ဘုံကို။ နာဘိဇာနာမိ၊ မသိရ။ ဣဒံ၊ ဤသည်ကား။ ဘိက္ခဒါနဿ၊ ဆွမ်းလှူခြင်း၏။ ဖလံ၊ အကျိုးထူးပေတည်း။

[ထိုနောက် ပါဠိတော်ဂါထာစု အနက်ပေးပြီး ပြန်ကြည့်]။

ဗာရာဏသီပြည်သူ သုန္ဒရီဘိက္ခုနီဝတ္ထု ပြီး၏။

[သတ္တပညာသ ဝတ္ထု]

ရွှေပန်းထိမ်သည်သမီး သုဘာထေရီ၏ အပဒါန်ဝတ္ထု

ငါတို့မြတ်စွာဘုရား လက်ထက်တော်၌ ရာဇဂြိုဟ်ပြည်တွင် ရွှေပန်းထိမ်သည်၏သမီးသည် အဆင်းအင်္ဂါ တင့်တယ်စွာ၍ သုဘာဟူသော အမည်ကို ခေါ်ကြကုန်၏။ ထိုသုဘာ အမည်ရှိသော သတို့သမီးသည်

ဆံကျစ်ရသေ့ ဖြစ်ဘူးသော ဥရုဝေလညီနောင် ရဟန္တာ တထောင်တို့နှင့်တကွ ပထမဆုံးရာဇဂြိုဟ်ပြည်သို့ မြတ်စွာဘုရားဝင်တော်မူသော အခါတွင် ဖူးမြင်ရ၍ ကြည်ညိုသောစိတ်ရှိလျက် တနေ့သ၌ မြတ်စွာဘုရား အထံတော်သို့ သွား၍ အပါးတော်သို့ ရောက်လျှင် ရှိသေစွာ ရှိခိုးပြီး၍ သင့်တင့်သော နေရာ၌ ထိုင်နေ၏။ မြတ်စွာဘုရားသည် ထိုသုဘာ၏ ပါရမီ ညက်ရင့်သည်ကို မြင်တော်မူ၍ အဇ္ဈာသယ အားလျော်စွာ သစ္စာလေးပါးကိုပြ၍ တရားဟောတော်မူ၏။တရားတော် အဆုံး၌ သောတာပန်တည်၍ ဃရာဝါသ အိမ်ထောင်မှုကိစ္စ၌ ဒုက္ခ မွန်းနစ် ဘေးအပြစ်ကို သစ်သစ်ထင်ထင် သိမြင်သောကြောင့် မဟာ ပဇာပတိ မိထွေးတော် ဂေါတမီအထံ၌ ရဟန်းမိန်းမပြုလုပ်၍ ဘိက္ခုနီ သီလ၌ တည်လျက် အထက်မဂ်အလို့ငှါ ဖြစ်ပျက်ကမ္မဋ္ဌာန်းကို စီးဖြန်း အားထုတ်လျက် နေ၏။ အသက်အရွယ် နုငယ်သေးသော သုဘာထေရီ ဘိက္ခုနီ အရှင်မ အထံသို့ ဆွေမျိုးမိဘတို့သည် မကြာမကြာ အခါ ခပ်သိမ်း ရောက်လာကြကုန်၍ ပတ္တမြား နားဒောင်း လက်ကောက် ခြေကျင်း အဝတ်တန်းဆာ အသုံးအဆောင်နှင့်တကွ များလှစွာသော ရွှေငွေရတနာ ဥစ္စာပစ္စည်းတို့ကို ညွှန်ပြလျက် ချစ်သမီး သုဘာသည် အသက် အရွယ် ငယ်လှပါသေးသည်။ ဤ ရွှေ ငွေ ရတနာ ဥစ္စာ ပစ္စည်းတို့ဖြင့် ကာမဂုဏ်စည်းစိမ်ကို ခံစားပါဦးလော့။ အသက်အရွယ် ကြီးရင့်သောအခါမှ ရဟန်းမိန်းမ ပြုလုပ်ရန် သင့်ပါသည် စသည်ဖြင့် ပြောဆိုကြကုန်၏။ ထိုအခါ၌ သုဘာထေရီ အရှင်မသည် မိဘဆွေမျိုး အပေါင်းတို့အား ဤသို့ တရားဟောတော်မူ၏။

ဒဟရာဟံ သုဒ္ဓဝသနာ ယံပုရေ ဓမ္မမသုဏိံ။
တဿာမေ အပ္ပမတ္တာယ၊ သစ္စာဘိသမယော အဟု။
တတောဟံ သဗ္ဗကာမေသု၊ ဘုသံ အရတိ မဇ္ဈဂံ။
သက္ကာယသ္မိံ ဘယံ ဒိသွာ၊ နေက္ခမ္မမေဝ ပိဟယေ။

ဒဟရာ၊ ပျိုပျိုရွယ်ရွယ် နုနယ်ငယ်လှ အရွယ်မျှသော။ အဟံ၊ သုဘာ တွင်မည့် ငါထေရီသည်။ သုဒ္ဓဝသနာ၊ တန်းဆာဆင်ကာ ဝတ်ဖြူစွာဖြင့် ကောင်းစွာ ဝတ်ဆင်လျက်။ ပုရေ၊ ရှေးဦးအခါ၌။ ဓမ္မံ၊ တရားတော်ကို။ ယံ၊ အကြင်ကြောင့်။ အသုဏိံ၊ နာရဘူးပြီ။ တဿာ၊ ထိုသို့ တရားတော်ကို နာရသောကြောင့်။ အပ္ပမတ္တာယ၊ သတိမမေ့ နေလေ့ရှိသော။

တသာမေ၊ ထိုသုဘာဘွဲ့မည် ငါထေရီအား။ သစ္စာဘိသမယော၊ သစ္စာဉာဏ်မြင် အမှန်သိသည်။ အဟု၊ ဖြစ်ပြီ။ ဝါ၊ သောတာပတ္တိ ဉာဏ်မျက်စိဖြင့် မိမိရရ အမှန်ကျအောင် ငါသိရပြီ။ တတော၊ ထိုသို့ သိရသောကြောင့်။ အဟံ၊ သုဘာဘွဲ့မည် ငါထေရီသည်။ သဗ္ဗကာမေသု၊ အလုံးစုံသော ကာမဂုဏ်တို့၌။ ဘုသံ၊ ပြင်းစွာ။ အရတိံ၊ မပျော်မမွေ့ ငြီးငွေ့ပျင်းမုန်းခြင်းကို။ အဇ္ဈဂံ၊ ရလေပြီ။ သက္ကာယသ္မိံ၊ ခန္ဓာပဉ္စကသက္ကာယ၌။ ဘယံ၊ ဖြစ်ပျက်ခြင်းဘေးကို။ ဒိသွာ၊မြင်၍။ နေက္ခမ္မမေဝ။ လူ့ဘောင်ကာမ၊ ဒုက္ခ လွတ်ကင်း ထွက်မြောက်ခြင်း ကိုသာလျှင်၊ ပိဟယေ၊ ချစ်ခင်မြတ်နိုး၏။

ပဟိတွာန ဟံ ဉာတိဂဏံ၊ ဒါသကမ္မကရာနိစ။
ဂါမခေတ္တာနိ ဖိတာနိ၊ရမဏီယေ ပမောဒိတေ။
ပဟာယ ဟံ ပဗ္ဗဇိတာ၊ သာပတေယျ မနပ္ပကံ။
ဧဝံ သဒ္ဓါယ နိက္ခမ္မ၊ သဒ္ဓမ္မေ သုပ္ပဝေဒိတေ။
နေတံ အဿ ပတိရူပံ၊ အာကိဉ္စညံဟိ ပတ္ထယေ။
ယော ဇာတရူပရဇတံ၊ ဆဍ္ဍေတွာ ပုနာရာဂမေ။

အဟံ၊ကမ္မာရဓီတာ ငါသုဘာသည်။ဉာတိဂဏံ၊ဆွေမျိုးအပေါင်းကို၎င်း။ ဒါသကမ္မကရာနိစ၊ ကျေးကျွန်အများ လုပ်သားအပေါင်းတို့ကို၎င်း။ ဂါမခေတ္တာနိစ၊ လုပ်သားများစွာ မြို့ရွာလယ်မြေတို့ကို၎င်း။ ဖိတာနိ၊ ပြည့်စုံစည်ကား ကုန်သော။ ရမဏီယေ၊ မွေ့လျော်ဘွယ်ရှိကုန်သော။ ပမောဒိတေ၊ပုထုဇဉ်တို့ ကြည်နူးဘွယ် ဖြစ်ကုန်သော ဥစ္စာတို့ကို။ ပဟိတွာန၊ ပယ်စွန့်ပြီး၍။ အနပ္ပကံ၊ များလှသော။ သာပတေယျံ၊ ဥစ္စာစုကို။ ပဟာယ၊ ပယ်စွန့်၍။ အဟံ၊ ငါသည်။ ပဗ္ဗဇိတာ။ ရဟန်းမိန်းမ ပြုလုပ်၏။ ဧဝံ၊ ဤသို့။ သုပ္ပဝေဒိတေ၊ မြတ်စွာဘုရားသည် ဟောတော်မူအပ်သော။ သဒ္ဓမ္မေ၊ သာသနာတော်၌။ သဒ္ဓါယ၊ယုံကြည်သဖြင့်။ နိက္ခမ္မ၊ အိမ်မှ ထွက်လာခဲ့၍။ အာကိဉ္စညံဟိ–အကိဉ္စနဘာဝမေဝ၊ သိမ်းပိုက်ကြောင့်ကြ ဗျာပါရ မရှိခြင်းကိုသာလျှင်။ ပတ္ထယေ၊ တောင့်တရာ၏။ ယော၊ အကြင်သူသည်။ ဇာတရူပရဇတံ၊ ရွှေငွေကို။ ဆဍ္ဍေတွာ၊ စွန့်ပစ်ထားခဲ့၍။ ပုနရာဂမေ၊ တဖန် ပြန်ယူငြားအံ့။ ဧတံ၊ ဤသို့ ပြန်ယူခြင်းသည်။ ပတိရူပံ၊ သင့်လျော်သည်။ နအဿ၊ မဖြစ်ရာ။

[ဤသို့ စွန့်ပစ်ပြီးသည်ကို တဖန်ပြန်သူသော သူသည် ပညာရှိတို့၏ အလယ်၌ ဦးခေါင်းပေါ် ငုံ့တွယ် မရှိဟူလို]။

ရဇတံ ဇာတရူပံဝါ၊ နဗောဓာယ နသန္တိယာ။
နေတံ သမဏသာရုပ္ပံ၊ န ဧတံ အရိယဓနံ။

ရဇတံဝါ၊ ငွေသည်၎င်း။ ဇာတရူပံဝါ၊ ရွှေသည်၎င်း။ ဗောဓာယ၊ သစ္စာလေးပါးကို သိခြင်းငှါ။ န၊ မဟုတ်။ သန္တိယာ၊ ကိလေသာ၏ ငြိမ်းခြင်းငှါ။ န၊ မဟုတ်။ ဧတံ၊ ဤရွှေငွေသည်။ န သမဏသာရုပ္ပံ၊ ရဟန်းတို့နှင့် မသင့်လျော်။ ဧတံ၊ ဤရွှေငွေသည်။ န အရိယဓနံ၊ အရိယာ ရှင် သူတော်စင်တို့ ဥစ္စာမဟုတ်။ ဝါ၊ မြတ်သောသူတို့၏ ဥစ္စာမဟုတ်။

လောဘနံ မဒနံ စေတံ၊ မောဟနံ ရဇဝဍ္ဎနံ။
သာသင်္ကံ ဗဟုအာယာသံ၊ နတ္ထိ စေတ္ထ ဓုဝံ ဌိတိ။

ဧတံ၊ ဤရွှေငွေသည်။ လောဘနံ၊ လောဘကို ဖြစ်စေတတ်၏။ မဒနံ၊ မာန်ယစ်ခြင်းကိုလည်း ဖြစ်စေတတ်၏။ မောဟနံ၊ မောဟကိုလည်း ဖြစ်စေတတ်၏။ ရဇဝဍ္ဎနံ၊ ကိလေသာဟူ မှောင်မှုံအများ တိုးပွါးတတ်၏။ သာသင်္ကံ၊ တထင့်ထင့် တမှောင့်မှောင့် တကြောင့်ကြကြ စိတ်မချဘဲ သောကထွေထွေ ဖြစ်စေတတ်၏။ ဗဟု အာယာသံ၊ များသော ဘေးရန်ရှိ၏။ ဧတ္ထ၊ ဤရွှေငွေ၌။ ဓုဝံဌိတိ၊ အမြဲအရှည် စိတ် တည်ခြင်းသည်လည်း။ နတ္ထိ၊ မရှိချေ။

ဧတ္ထ ရတ္တာ ပမတ္တာစ၊ သံကိလိဋ္ဌမနာ နရာ။
အညမညေန ဗျာရုဒ္ဓါ၊ ပုထုကုဗ္ဗန္တိ မေဓဂံ။
ဝဓော ဗန္ဓော ပရိက္လေသော၊ ဇာနိသောကပရိဒ္ဒဝေါ။
ကာမေသု အဓိပန္နာနံ၊ ဒိဿတေ ဗျာသနံဗဟုံ။

ဧတ္ထ၊ ဤရွှေငွေ ရတနာ များဥစ္စာ၌။ ရတ္တာစ၊ တပ်မက်ခြင်း တို့သည်၎င်း။ ပမတ္တာစ၊ မေ့လျော့ ယစ်မူးခြင်း တို့သည်၎င်း။ သံကိလိဋ္ဌမနာ၊ ညစ်ညူးသော စိတ်ရှိကြကုန်သော။ နရာ၊ လူအပေါင်း တို့သည်။ အညမညေန၊ အချင်းချင်း။ ဗျာရုဒ္ဓါ၊ ဆန့်ကျင်ဘက် ဖြစ်ကြကုန်၍။ ပုထု၊ များစွာ။ မေဓဂံ၊ ခိုက်ရန် တို့ကို။ ကုဗ္ဗန္တိ၊ ပြုကြကုန်၏။ ကာမေသု၊ ကာမဂုဏ်တို့၌။ အဓိပန္နာနံ၊ အလွန်ခင်တွယ် စွဲလမ်းခြင်းရှိကုန်သော သူတို့အား။ ဝဓော၊ သတ်ဖြတ်ခြင်းသည်၎င်း။ ဗန္ဓော၊

ချည်နှောင်တုတ်ဖွဲ့ ခံရခြင်းသည်ရင်း။ ပရိက္လေသော၊လက်ဖြတ်ခြေဖြတ် အရပ်ရပ်သော ဘေးရန်သည်ရင်း။ ဖာနိ၊ ဆုံးရှုံးနစ်နာခြင်း သည်ရင်း။ သောကပရိဒ္ဒဝေါ၊ ငိုးရိမ်ပူဆွေး ငိုကြွေးရခြင်းသည်ရင်း။ဗျသနံ၊ ပျက်စီးခြင်းသည်ရင်း။ ဗဟုံ၊ များစွာ၊ ဒိဿတေ၊ထင်၏။

ရှေ့ပန်းထိမ်သည်သွီး သုဘာအမည်ရှိသော ထေရီအရှင်မသည် ရွှေငွေရတနာ ကာမဂုဏ်၏ ဘေးအန္တရာယ်တွေကို ဆွေမျိုးအပေါင်း တို့အား ဟောကြားပြီး၍ ဤကဲ့သို့ ဘေးအန္တရာယ်များလှသော ကာမ ဂုဏ်တရားဌ် အကျိုးယုတ်ကို အလိုရှိသော ရန်သူတို့ကဲ့သို့ လူထွက်၍ ကာမဂုဏ်ခံစားရန် အဘယ့်ကြောင့် တိုက်တွန်းကြကုန်ဘိသနည်း။ကာ မဂုဏ်၌ ဤကဲ့သို့ ကြောက်ဘွယ်ကောင်းသော ဘေးအပြစ်တွေကို မြင်၍ ရဟန်းပြုပါသည်ကို၊ ခွင့်ပြုဘို့သာရှိ၏။ ဝမ်းမြောက်ဘွယ်သာ ရှိ၏။ လူထွက်၍ ကာမဂုဏ်ခံစားရန် မတိုက်တွန်းကြ ကုန်လင့်ဟု တရားဟောပြီး၍ တဘန်ဤဂါထာကို ဟောတော်မူပြန်၏။

နှ ဟိရညေန သုဝဏ္ဏေန၊ ပရိက္ခယန္တိ အာသဝါ။

အမိတ္တာ ဝဓကာ ကာမာ၊ သပတ္တာ သလ္လဗန္ဓနာ။

ဟိရညေန၊ ငွေဖြင့်ရင်း။သုဝဏ္ဏေန၊ ရွှေဖြင့်ရင်း ။အာသဝါ၊ အာသ ဝေါတရားတို့သည်။ နပရိက္ခယန္တိ၊ မကုန်ခန်းလေကြကုန်။ ကာမာ၊ ကာမဂုဏ်တို့သည်။ ဝဓကာ၊ သတ်တတ်ကုန်သော။ အမိတ္တာ၊ ရန်သူ တို့ဖြစ်ကုန်၏။ သပတ္တာ၊ အကျိုးယုတ်ကိုသာ အခါမပြတ် လိုက်၍ ပြု တတ်သော ရန်သူနှင့်တူကုန်၏။ သလ္လဗန္ဓနာ၊ မြားငြောင့်ပမာ ထိုးဆွ တတ်သော ရာဂအနှောင်အဖွဲ့ဖြစ်ကုန်၏။

သုဘာထေရီ ရဟန်းမိန်းမသည် ဆွေမျိုးအပေါင်းတို့က လူထွက် ၍ ကာမဂုဏ်ကို ခံစားရန် ရွှေငွေရတနာတို့ကိုပြ၍ လူထွက်ပါဟု ဆို သောအခါ ကာမဂုဏ်၏ ဘေးအပြစ်တွေကို ပြောဟောပြီး၍ မိမိ ရဟန်းအဝတ်နှင့်နေ၍ တဆိမ်တစလောင်း တောင်းခံ၍ရသော ပိဏ္ဍ ပါတ်ဆွမ်းဖြင့်မျှ၍ သမဏသာရုပ္ပဖြစ်ကြောင်းကို ဤသို့ဟောပြန်၏။

တံမံ ဉာတီ အမိတ္တာဝ၊ ကိံ မံ ကာမေသု ယုဥ္ဇထ။

ဇာနာသ မံ ပဗ္ဗဇိတံ၊ မုဏ္ဍံ သံဃာဋိပါရုတံ။

ဥတ္တိဋ္ဌပိဏ္ဍော ဥဉ္ဆာစ၊ ပံသုကူလဉ္စ စီဝရံ။

ဧတံခေါ မမ သာရုပ္ပံ၊ အနဂါရူပနိဿယော။

ဉာတိ၊ ဆွေမျိုးအပေါင်းတို့သည်။ တံမံ၊ ရဟန်းပြု၍နေသော ထို သုဘာထေရီ ငါ့ကို။ အဒိဋ္ဌာဝ၊ ရန်သူတို့ကဲ့သို့။ ကိံ၊ အဘယ့်ကြောင့်။ မံ၊ ငါ့ကို။ ကာမေသု၊ ကာမဂုဏ်တို့၌၊ ယုဉ္ဇထ၊ တိုက်တွန်းကြကုန်ဘိ သနည်း။ မုဏ္ဍံ၊ ခေါင်းတုံးပြီးသော။ သံဃာဋိပါရုတံ၊ ငါးထည်သင်္ကန်း ဝတ်ရုံလွှမ်းသော။ ပဗ္ဗဇိတံ၊ ရဟန်းမိန်းမပြုလုပ်၍နေသော။ မံ၊ သုဘာ ဘွဲ့မည် ငါထေရီကို။ ဇာနာထ၊ ရဟန်းအဖြစ်၌သာလျှင် နေပါစေ ကုန်လော့။

ဥဒ္ဒာ၊ သပိတ်ပိုက်ခါ တနေ့စာဖြစ်သော။ ဥတ္တိဋ္ဌပိဏ္ဍော၊ ဆွမ်းစဉ် မပြတ် ရပ်ခါသွားခါ လယ်၍ရှာသော ဆွမ်းသည်၎င်း။ ပံသုကူလဉ္စစီ ဝရံ၊ ပံသုကူသင်္ကန်းသည်၎င်း။ ဧတံ၊ ဤတအိမ်တစလောင်း စုဆောင်း သောဆွမ်း ပံသုကူသင်္ကန်းသည်။ မမ၊ သုဘာဘွဲ့မည် ငါထေရီအား။ သာရုပ္ပံ၊တင့်တယ်လျောက်ပတ် သင့်မြတ်လှ၏။အနဂါရူပနိဿယော၊ အိမ်ရာကိစ္စ ကြောင့်ကြပစ်ခွါ ကင်းလွတ်ကွာသော သာသနာတော် ထမ်း၊ ရဟန်းတို့မှီရာ ဖြစ်၏။

ဦးထိပ်ဆံထုံး၊ငြီးငွေ့မုန်းလျက်၊ အုပ်လုံးရိပ်တုံး၊ ခေါင်းတုံး ပြီးခါ၊ သင်္ကန်းဝါနှင့်၊ သာသနာတော်ထမ်း၊ရဟန်းမိန်းမ၊ ဥပသမ္ပဒါ၊ ပြုလုပ် ပါသော၊ သုဘာတွင်မည် ငါထေရီကိုသာ၊ ကြည့်ရှုင်သာလန်း ဈာန် ကမ္မဋ္ဌာန်းနှင့်၊ ရဟန်းအလုပ်၊မဆုတ်ယုတ်အောင်၊အားထုတ်၍ သာ၊နေပါ စေလော့၊ ရတနာရွှေငွေ၊ ဆန်ရေစပါး၊ ဥစ္စာများနှင့်၊ ဖြားယောင်း သွေးဆောင်။ ကာမဘောင်သို့၊ ချည်နှောင်ဆွဲကာ၊မချပါလင့်၊ တအိမ် တစကောင်း၊ ရပေါင်းရောပွမ်း၊ ဖြုံးစပ်ဆွမ်းနှင့်၊ သင်္ကန်းဝင်းဝါ၊ ဤသည်သာလျှင်၊ သုဘာမည်တွင်၊ငါထေရီ့ရှင်မှာ၊ သင့်လျော်ပါသည်၊ ဆွေညာအပေါင်း၊ မိတ်ဆွေကောင်းတို့ဟူ၍ သုဘာထေရီအရှင်မသည် ဆွေမျိုးအပေါင်းဘို့အား၊ တရားဓမ္မ ဖြောင့်ဖျပြောပြောလျက် ဘုရား စသောသူတော်ကောင်းတို့၏ ဂုဏ်ကိုပြကာ ဤဂါထာကို ဆိုပြန်၏။

ဝန္တာ မဟေသိနာ ကာမာ၊ ယေ ဒိဗ္ဗာ ယေစ မာနုသာ။
ခေမဋ္ဌာနေ ဝိမုတ္တာ တေ၊ ပတ္တာ တေ အစလံ သုခံ။

ဉာတယော၊ဆွေမျိုးအပေါင်း မိတ်ဆွေကောင်းတို့။ဒိဗ္ဗာ၊ နတ်ပြည်၌ ဖြစ်ကုန်သော။ ယေကာမာ၊ အကြင်ကာမဂုဏ်တို့ကို၎င်း။ မာနုသာ၊

လှူ့ပြည့်၍ ဖြစ်ကုန်သော။ ယေကာမာ၊ အကြွင်းကားမရှိတော်တို့ကိုရင်း။ မဟေသိနာ၊မြတ်စွာဘုရားသည်။ ဝန္ဒာ၊ ထွေးအန်စွန့်ပစ်တော် မူအပ်ကုန်ပြီ။ တေ၊ ထိုဘုရားစသော သူတော်ကောင်းတို့သည်။ ခေမဋ္ဌာနေ၊ ကာမရန်လှေး ဘေးလွတ်ဝေးရာ၌။ ဝိမုတ္တာ၊ လွတ်ကင်းစွာနေကုန်ကြလေပြီ။ တေ၊ ထိုဘုရားစသော သူတော်ကောင်းတို့သည်၊ အစလံ၊ တုန်လှုပ်ခြင်းမရှိသော။ သုခံ၊ နိဗ္ဗာန်ချမ်းသာသို့။ ပတ္တာ ရောက်တော်မူကြလေကုန်ပြီ။

ရာဇဂြိုဟ်ပြည် ရွှေပန်းထိမ်သည်သမီး သုဘာထေရီအရှင်မသည် မိဘဆွေမျိုးတို့အား နာဟံကာမေဟိသံဂစ္ဆံ။လ။တာသံသံယောဇနက္ခယေ။ စသော ဆယ်ဂါထာတို့ဖြင့် ကာမဂုဏ်ကြောင့် ဖြစ်သော ဘေးအပြစ်တွေကို ထုတ်ဘော်ဟောကြား၍ ထိုဘေးအပြစ်မှ လွတ်ကင်းရာသာသနာတော်၌ရဟန်းမိန်းမပြုလုပ်၍ မမေ့မလျော့တရားကိုအားထုတ်တော့အံ့ဟု ဆို၍ ဤဂါထာကို ဟောပြန်၏။

အသောကံ ဝိရဇံ ခေမံ၊ အရိယဋ္ဌင်္ဂိကံ ဥဇုံ။
တံ မဂ္ဂံ အနုဂစ္ဆာမိ၊ ယေန တိဏ္ဏာ မဟေသိနော။

အသောကံ၊ စိုးရိမ်ဘွယ်မရှိသော။ဝိရဇံ၊ကိလေသာမြူကင်းသော။ ခေမံ၊ဘေးရန်မရှိသော။အရိယဋ္ဌင်္ဂိကံ၊ မြတ်သောအင်္ဂါ ရှစ်ပါးရှိသော။ ဥဇုံ၊ ဖြောင့်မတ်စွာသော။ တံမဂ္ဂံ၊ ထိုနိဗ္ဗာန်လမ်းသို့။ အနုဂစ္ဆာမိ၊လိုက်တော့အံ့။ ယေန၊အကြင်အင်္ဂါရှစ်ပါးရှိသော လမ်းဖြောင့်ဖြင့်။ မဟေသိနော၊ မြတ်စွာဘုရားတို့သည်။ တိဏ္ဏာ၊ သံသရာဝဲ ဩဃထဲမှ ခွါ၍ ထွက်မြောက် ကူးရောက်ကြကုန်၏။

သုဘာထေရီ အရှင်မသည် နောင်တဖန် လူထွက်၍ ကာမဂုဏ်ကို မခံစားလိုကြောင်းနှင့်ပြောဟောသောအခါဆွေမျိုးမိဘတို့သည် သမီးကို လူထွက်အောင် ဖြားယောင်းတောင်းပန်၍ မရသောကြောင့် မိမိနေအိမ်သို့ ပြန်သွားကြကုန်၏။ သုဘာထေရီသည်လည်း ရဟန်းပြု၍ ခုနစ်ရက်ရှိလျှင် ရဟန္တာမ ဖြစ်၍ တခုသော သင်ပင်ရင်း၌ ဖလသမာပတ်ချမ်းသာဖြင့် နေသည်ကို မြတ်စွာဘုရား မြင်တော်မူ၍ ဤသုံးဂါထာကို ဟောတော်မူ၏။

ဣမံ ပဿထ ဓမ္မဋ္ဌံ၊ သုဘံ ကမ္မာရဓီတရံ။
အနေဇံ ဥပသမ္ပဇ္ဇ၊ ရုက္ခမူလမှိ ဈာယတိ။

အဇ္ဇဋ္ဌမီ ပဗ္ဗဇိတာ၊ သဒ္ဓါ သဒ္ဓမ္မသောဘဏာ။
ဝိနီတုပ္ပလဝဏ္ဏာယ၊ တေဝိဇ္ဇာ မစ္စုဟာယိနီ။

သာယံ ဘုဇိဿာ အနဏာ၊ ဘိက္ခုနီ ဘာဝိတိန္ဒြိယာ။
သဗ္ဗယောဂဝိသံယုတ္တာ၊ ကတကိစ္စာ အနာသဝါ။

ဘိက္ခဝေ၊ ရဟန်းတို့။ ဓမ္မဋ္ဌံ၊ တရား၌တည်သော။ ကမ္မာရဓီတရံ၊ ရွှေပန်းထိမ်သည်၏သမီးဖြစ်သော။ ဣမံသုဘံ၊ ဤသုဘာထေရီ ဘိက္ခုနီကို။ ပဿထ၊ ရှုကြကုန်လော့။ အနေဇံ၊ အရဟတ္တဖိုလ် သမာပတ်ကို။ ဥပသမ္ပဇ္ဇ၊ ပြည့်စုံစေ၍။ ရုက္ခမူလမှိ၊ သစ်ပင်ရင်း၌။ ဈာယတိ၊ ဈာန်ဝင်စားကာနေ၏။ ပဗ္ဗဇိတာ၊ ရဟန်းမိန်းမ ပြုလုပ်သည်မှ။ အဇ္ဇ၊ ယနေ့။ အဋ္ဌမီ၊ ရှစ်ရက်မျှသာ ရှိသေးလျက် သဒ္ဓါ တရားနှင့် ပြည့်စုံသော။ သဒ္ဓမ္မသောဘဏာ၊ တရားထူးကိုရသဖြင့် တင့်တယ်လှစွာသော သုဘာထေရီ ဘိက္ခုနီသည်။ ဥပ္ပလဝဏ္ဏာယ၊ ဥပ္ပလဝဏ္ဏာ၏။ ဝိနီတာ၊ ဆုံးမသင်ပြသည်ဖြစ်၍။ တေဝိဇ္ဇာ၊ ဝိဇ္ဇာသုံးပါး ရှိလျက်။ မစ္စုဟာယိနီ၊ သေခြင်းကို ဖျောက်ပယ်နိုင်လေပြီ။ သာအယံ၊ ထိုသုဘာထေရီ ဘိက္ခုနီသည်။ အနဏာ၊ ကာမဂုဏ်ကြွေး ကင်းလွတ်လေလျက်။ ဘုဇိဿာ၊ ကာမတဏှာ စေခိုင်းရာသို့ လိုက်နာပြုလုပ် ကျွန်မဟုတ်ပြီ။ ဝါ၊ ကာမတဏှာစေခိုင်းရာသို့ အခါမလယုတ် ပြုလုပ်၍နေရသော တဏှာ၏ကျွန် အဖြစ်မှ ကင်းလွတ်လေပြီ။ ဘိက္ခုနီ၊ သုဘာထေရီဘိက္ခုနီသည်။ ဘာဝိတိန္ဒြိယာ၊ ပွားပြီးသော ဣန္ဒြေရှိ၏။ သဗ္ဗယောဂဝိသံယုတ္တာ၊ အလုံးစုံသော ယှဉ်တွဲခြင်းမှ လွတ်ကင်းလေပြီ။ ကတကိစ္စာ၊ အလုပ်ပြီးစီး ငြိမ်းပြီးလျက်။ အနာသဝါ၊ အာသဝေါ ကင်းလေပြီ။

ထိုအခါ၌ သိကြားမင်းသည် မြတ်စွာဘုရား ချီးမွမ်းတော်မူသော သုဘာထေရီ ဈာန်ဝင်စားနေသည်ကိုမြင်၍ထိုခဏ၌ပင်လျှင် တာဝတိံသာ နတ်ကညာပေါင်း သောင်းသောင်းညာညာ ခြံရံကာဖြင့် သုဘာထေရီ အရှင်မအထံသို့ဆည်းကပ်လာပြီးလျှင် လက်အုပ်ချီလျက် ရပ်နေ၏။ ထိုအကြောင်းကို ပြတော်မူသော သင်္ဂါယနာတင် အရှင်မဟာ

ကဿပ အစရှိသော ရဟန္တာကြီးတို့သည် ဤဂါထာကို ဟောကြားတော် မူကြကုန်၏။

တံ သင်္ကော ဒေဝသံဃေန၊ ဥပသံဂမ္မ ဇလ္ဆိယာ။
နမဿတိ ဘူတပတိ၊ သုဘံ ကမ္မာရဓီတရံ။

သင်္ကော၊ သိကြားမင်းသည်။ ဒေဝသံဃေန၊ နတ်အပေါင်းနှင့်တကွ။ တံ၊ ထိုသုဘာထေရီသို့။ ဇလ္ဆိယာ၊ နက်တို့တန်းခိုး ဇလ္ဆိဖြင့်။ ဥပသံဂမ္မ၊ ဆည်းကပ်၍။ ဘူတပတိ၊ သိကြားမင်းသည်။ သုဘံ၊ သုဘာအမည်ရှိသော။ ကမ္မာရဓီတရံ၊ ရွှေပန်းထိမ်သည့် သမီးကို။ နမဿတိ၊ ရှိခိုး၏။

သုဘာထေရီ ဝတ္ထုပြီး၏။ [အဋ္ဌပညာသဝတ္ထု]။

ဆရာဇီဝက၏ သရက်ဥယျာဉ် အမ္ဗာရာမကျောင်းတိုက်၌ သီတင်းသုံးနေသောရာဇဂြိုဟ်ပြည် ဗြာဟ္မဏမဟာသာလ ပုဏ္ဏားသမီးသုဘာထေရီ၏ အပဒါန်ဝတ္ထု

ဤဇီဝက သရက်ဥယျာဉ်၌ နေသော သုဘာထေရီသည်လည်း ရှေးရှေးဘဝတို့၌ပြုဘူးသော ပါရမီကုသိုလ်ရှိသည်ဖြစ်၍ ငါတို့မြတ်စွာဘုရားလက်ထက် ရာဇဂြိုဟ်ပြည်၌ ဗြာဟ္မဏမဟာသာလ ပုဏ္ဏား၏ သမီးဖြစ်၍ လက်ခြေအင်္ဂါ မျက်နှာမျက်လုံး မျက်ခုံးမျက်စ တင့်တယ်လှသောကြောင့် အနွတ္ထသညာအားဖြင့် သုဘာအမည် ခေါ်ကြကုန်၏။ ထိုသုဘာမည်သော ဗြာဟ္မဏကညာသည် ရာဇဂြိုဟ်ပြည်သို့ မြတ်စွာဘုရားသည် ဇဋိလ-ဆံကျစ်ရသေ့ ဖြစ်ဘူးသော ဥရုဝေလညီနောင် တထောင်သောရဟန္တာတို့နှင့်ပထမဆုံးဝင်လာတော်မူသော အခါတွင် ကြည်ညိုခြင်းဖြစ်၍ မိထွေးတော် မဟာပဇာပတိဂေါတမီ ရဟန်းပြုသောအခါ ကာမဂုဏ်၌ ဘေးအပြစ်ကိုမြင်၍ မိထွေးတော် ဂေါတမီ အထံ၌ ရဟန်းမိန်းမပြုလုပ်၍ ဖြစ်ပျက်ကမ္မဋ္ဌာန်းကို စီးဖြန်းသည်ရှိသော် လေးငါးရက် အတွင်း၌ပင်လျှင် အနာဂါမိဖိုလ်ကိုရ၍ တနေ့သ၌ ဆရာဇီဝက လှူဒါန်းပူဇော်အပ်သော သရက်ဥယျာဉ်သို့ ဒိဝါဝိဟာရ နေ့သန့်ခြင်းငှါ သွားသောအခါတွင် ရာဇဂြိုဟ်ပြည် ပန်းထိမ်သည်၏ သား ဥစ္စာပေါများ၍ ပထမအရွယ် တင့်တယ်သော အဆင်းရှိလျက် ဇဏ္ဍိဝိဓုတ္တ မိန်းမလိုက်စား ပျော်ပါးမြူးတူး လွန်ကြူးလေ့ရှိသော လုလင်

တယောက်နှင့် ခရီးရင်ဆိုင်တွေ့ဆုံ၍ သုဘာထေရီကိုမြင်လျှင် ခင်မင်သောစိတ်ဖြင့် လမ်းခရီးတွင် တားဆီးကာရပ်လျက် ကာမဂုဏ်ဖြင့် ဖြားယောင်းပြောဆိုလေ၏။ ထိုပန်းထိမ်သည်သား ဓုတ္တရဇ္ဇလုလင်ပျိုကို သုဘာထေရီသည် ဤသို့ပြောဟောလေ၏။

အာဝုသော၊ ဒါယကာလုလင်ပျို။ တေ၊ သင်အား။ မယာ၊ ငါသည်။ ကိံ၊ အဘယ်သို့။ အပရာဓိတံ၊ ချွတ်ချော်ယွင်းမှား ပြုဘူးသနည်း။ ယံမံ၊ အကြင်ငါ့ကို။ တွံ၊ သင်သည်။ ဩဝရိယာန၊ ဆီးတား၍။ တိဋ္ဌသိ၊ ရပ်နေဘိသနည်း။ အာဝုသော၊ ဒါယကာလုလင်ပျို။ ပဗ္ဗဇိတာယ၊ ရဟန်းမိန်းမ၌။ ပုရိသော၊ ယောကျ်ားသည်။ သံဖုသနာသ၊ ထိခြင်းငှါ။ နဟိကပ္ပတိ၊ မအပ်သည်သာတည်း။ ဂရုကေ၊ အလေးပြုအပ်သော။ သတ္ထု၊ မြတ်စွာဘုရား၏။ သာသနေ၊ သာသနာတော်၌။ ယာသိက္ခာ၊ အကြင်သိက္ခာပုဒ်ကို။ သုဂတေန၊ မြတ်စွာဘုရားသည်။ ဒေသိတာ၊ ပညတ်တည်ထား ဟောကြားတော်မူ၏။ ပရိသုဒ္ဓပဒံ၊ စင်ကြယ်သော သိက္ခာပုဒ်ရှိသော။ အနင်္ဂဏံ၊ ကိလေသာမရှိသော။ မံ၊ ငါရဟန်းမိန်းမကို။ ကိံ၊ အဘယ့်ကြောင့်။ ဩဝရိယာန၊ တားဆီး၍။ တိဋ္ဌသိ၊ ရပ်နေဘိသနည်း။ အာဝိလစိတ္တော၊ ကိလေယွင်းမှောက် နောက်ကျုသောစိတ်ရှိသော။ သရဇော၊ ဖုံမြူကိလေ ညစ်ပေစွာသောသင်သည်။ အနာဝိလံ၊ ကိလေယွင်းမှောက် နောက်ကျုခြင်းမရှိသော။ ဝိဂတရဇံ၊ ကိလေသာမြူ ကင်းစင်ပြီးသော။ အနင်္ဂဏံ၊ အင်္ဂဏတဏှာ မရှိပါသော။ သဗ္ဗတ္ထ၊ အလုံးစုံသော ခန္ဓာငါးပါး၌။ ဝိမုတ္တမာနသံ၊ ကင်းလွတ်သော စိတ်ရှိသော။ မံ၊ ငါရဟန်းမိန်းမကို။ ကိံ၊ အဘယ့်ကြောင့်။ ဩဝရိယာန၊ တားဆီး၍။ တိဋ္ဌသိ၊ ရပ်နေဘိသနည်း။

ဤသို့ သုဘာထေရီ ဆိုသည့်ရှိသော် ပန်းထိမ်သည်သား ဓုတ္တရဇ္ဇလုလင်ပျိုသည် မိမိအလိုကို ထင်စွာပြလျက် ဤစကားတို့ကို ဆိုလေ၏။ တွံ၊ သင်နှစ်မသည်။ ဒဟရာစ၊ ငယ်လည်း ငယ်ရှပါသေး၏။ အပါပိကာစ၊ အဆင်းအင်္ဂါ ယုတ်ညံ့ခြင်း မရှိသည်လည်း။ အသိ၊ ဖြစ်၏။ ပဗ္ဗဇ္ဇာ၊ ရဟန်းမိန်းမ ပြုလုပ်ခြင်းသည်။ တေ၊ ချစ်ဆွေနှစ်မအား။ ကိံ၊ ကရိဿတိ၊ အဘာပြုလိမ့်မည်နည်း။ ဝါ၊ တနည်း။ တေ၊ အသက်အရွယ် နုနယ်လှပ သင်နှစ်မအား။ ကိံ၊ အဘယ့်ကြောင့်။ ပဗ္ဗဇ္ဇာကရိဿတိ၊ ရဟန်းပြု၍ နေဘိသနည်း။ ကာသာယဝတ္ထံ၊ ဖန်ရည်ဆိုးသော

သက်နုံးကို။ နိကွဲပ၊ ပယ်ရှားစွန့်ပစ်၍။ သုပုပ္ဖိတေဝနေ၊ ပန်းစုံပွင့်ဖြာ
တောမြိုင်သာသို့။ ဝါ၊ ပွင့်ဖြာဝေမြိုင် ပန်းခိုင်ပန်းနံ့ မွှေးပျံ့တင့်တယ်
တောမြိုင်လယ်သို့။ ဖေဟိ၊ လိုက်လာခဲ့ပါလော့။ မယံ့ဥဘော၊ ကျွန်ုပ်တို့
နှစ်ယောက် အစုံ့ ဘို့သည်။ ရမာမ၊ မွေ့လျော်ပျော်ပါး ကြပါကုန်စို့။
မရရုဋ္ဌ၊ ချိုမွှေးပျံ့ ပန်းယနံ့ကိုလည်း။ ပါသဝန္တိ၊ မှုန်ကြူသင်းကြိုင်
ထုံလှိုင်စေလျက်။ သဗ္ဗသော၊ အလုံးစုံသော အရပ်မှ။ ဝါ၊ ပတ်လည်
မြေပြင် ထက်ဝန်းကျင်မှ။ ဒုမာ၊ သစ်ပင်တို့သည်။ ကုသုမရေဓေန၊ ပန်း
ဝတ်အထုံ မြူအမှုန်ဖြင့်။ သမုဋ္ဌိတာ၊ လေပြေတိုက်ခါ လှိုင်ပျံ့စွာကုန်
လျက်။ ပသာ ဝန္တိ၊ သင်းပျံ့မွှေးထုံ လာကြကုန်၏။ ဝါ၊ မွှေးပျံ့သင်းကြိုင်
ထုံလှိုင်၍နေကုန်၏။ ပထမဝသန္တော၊ ရှေးဦးအစ မိုးဦးကျဖြစ်၍။ ဥတု၊
လေပြေသွေး ဥတုအဖွေ့သည်။ သုခေါ၊ ကောင်းမွန်မြေ ချမ်းသာလှ၏။
ဖေဟိ၊ ယခုမကြာ လိုက်ခဲ့ပါလော့။ ပုပ္ဖိတေ၊ ပွင့်သော ပန်းရှိသော။
ဝနေ၊ တောမြိုင်အတွင်း၌၊ ရမာမ၊ မွေ့လျော်ပျော်ပါး ကြပါကုန်စို့။
ကုသုမိတာသိခရာ၊ ရွက်နုထွတ်ထွတ် ကိုင်းညွတ်ဝေဖါး ခက်ဖျားဝေမြိုင်
ပန်းပွင့်လှိုင်ကုန်သော။ ပါဒပါစ၊ သစ်ပင်တို့သည်လည်း။ မာလုတေရိ
တာ၊ သုတ်သုတ်ညှင်းညှင်းလေတိုက်ခြင်းကြောင့်။ အဘိဂဇ္ဇန္တိ ဣဝ၊ ဟိန်း
ဟိန်းဟုန်းဟုန်း မြည်သံချုန်းသကဲ့သို့။ ဝါ၊ ဟုန်းဟုန်းဟိန်းဟိန်း မြည်
သံငြိမ်းလျက်ယိုင်ယိမ်းလှုပ်ခါ ခက်ဖျားခါ၍နေကုန်၏။ ယဒိ၊ အကယ်၍။
ကောအဘော်မပါ တကိုယ်တည်း သာလျှင်။ ဝနံ၊ တောမြိုင်အတွင်းသို့။
ဩဂဟိဿတိ၊ သက်ဝင်၍နေငြားအံ။ တုယှံ၊ ချစ်သွေ့နှစ်မအား။ ရတိ၊
မွေ့လျော်ပျော်ပါးစရာသည်။ ကာ၊ အဘယ်မှာလျှင်။ ဘဝိဿတိ၊
ဖြစ်နိုင်ပါမည်နည်း။ [တယောက်ထည်းသာ တောထည်းမှာ နေ၍
အဘယ်မှာ ပျော်စရာရှိမည်နည်း]။

ဝါဠမိဂသံဃ နိသေဝိတံ၊ သားရဲအပေါင်း ခိုအောင်းရာ ဖြစ်သော။
ကုဉ္ဇရမတ္တကရေဏုလောဠိတံ၊ အမုန်ယစ်သောက် ဆင်ပေါက် ဆင်မ
နှောက်ယှက်လှသော။ ရဟိတံ၊ လူသူမရှိသော။ ဘိံသနကံ၊ ကြောက်
မက်ဖွယ်ကောင်းသော။ မဟာဝနံ၊ တောမြိုင်ကြီးအတွင်းသို့။ အသ
ဟာယာ၊ အဘော်မပါဘဲ။ ဂန္တုံ၊ သွားခြင်းငှါ။ ဣစ္ဆသိ သင်အလိုရှိ
ဘိ၏။ ဆင်ပုန်းကျားအောင်းကြောက်ဖွယ်ကောင်းသောတောမြိုင်ကြီး
အတွင်းသို့ တယောက်ထည်းချင်း သွားနေခြင်းငှါ ချစ်သွေ့နှစ်မသည်

အလိုမရှိပါလင့်ဟူ၍ ချောက်လှန့်ကာ သွေးဆောင်လျက် ဗိုးရိမ်ယောင် ပြောလေသတည်း]။

တပ နိယကတာ၊ နိဗလံရွှေဖြင့် စီရင်ထုလုပ်သော ရွှေရုပ်ကလေးကဲ့သို့ဂုင်း။ ဝါ၊ ကောင်းစွာ တတ်မြောက်သော စက်ဆရာသည် စက်ဆင်၍ လွှတ်ထားသော ရွှေစက်ရုပ်ကလေးကဲ့သို့ဂုင်း။ဝိစရသိ၊သွားလာလှည့်လည်၍နေ၏။ ဗိတ္တလတော၊ ပန်းရုံပန်းနွယ် ဆန်းကြယ်စွာလှ ဗိတ္တလတာ ဥယျာဉ်သာ၌။ အန္တုရာဇ္ဇာ၊ နတ်သမီးကဲ့သို့ဂုင်း။ အနုပမေ၊ တုနှိုင်းမရ အလွန်လှသော ချစ်ဆွေနှစ်မ။ တွံ၊ ချစ်ဆွေနှစ်မသည်။ ဝေဂ္ဂုဟိ၊ချောညက်ကုန်သော။သုဝသနေဟိ၊ကောင်းစွာဝတ်ဆင်အပ်ကုန်သော။ ကာသိကသုခုမေဟိ၊ ကာသိတိုင်းဖြစ် သစ်သစ်လတ်လတ် နုဖတ်ချောမွတ်သော အဝတ်ထဘီ အင်္ကျီ ပုဝါတို့ဖြင့်။ သောဘာသိ၊ တင့်တယ်လေစွဘကား။ [ဤစကားတို့ဖြင့် ပန်းထိမ်သည် သား ဇူတ္တိရတ္တ လုလင်ပျိုသည် ပုဝါထဘီ အင်္ကျီ အဝတ်တို့ကို ဝတ်ဆင်၍ နေသကဲ့သို့ မိမိစိတ်အလိုအားဖြင့် သုဘာထေရီကို ချီးမွမ်း၍ ချော့မြှူကာ ပြောဆိုလေသတည်း]။

အဟံ၊ ပန်းထိမ်သည်သား ပေါ်များဥစ္စာ လုလင်ငါသည်။ တဝ၊ ချစ်ဆွေနှစ်မ၏။ ဝသာနုဂေါ၊ အလိုအကြိုက် စိတ်ကိုလိုက်၍။ ဝါ၊ နှစ်မအကြိုက် အလိုလိုက်၍။သိယံ၊ဖြစ်ပါအံ့။ ယဒိ၊ အကယ်၍။ ကာနနန္တရေ၊ တောမြိုင်အတွင်း၌။ ဝိဟရေသိ၊ နေပြောအံ့။ ကိန္နရိမန္ဒလောစနေ၊ ကိန္နရီမကဲ့သို့ မှိန်းမှိန်းဖွင့်သော မျက်စိမျက်လုံးရှိသော ချစ်ဆွေနှစ်မ။တဝ၊ သင်၏။ ဝသာနုဂေါ၊ အလိုကိုလိုက်၍နေသည်။ သိယံ ဖြစ်ပါအံ့။တယာ၊ ချစ်ဆွေနှစ်မထက်။ ဝိယတရော၊ ပို၍ချစ်သော။ ပါဏော၊ တပါးသော သူသည်။ နတ္ထိ၊ မရှိပါ။ ယဒိ၊ အကယ်၍။ မေ၊ ငါ၏။ ဝစနံ၊ စကားကို။ ကရိဿသိ၊ လိုက်နာ၍ပြုပြောအံ့။ သုခိတာ၊ ချမ်းသာစွာ။ ဧဟိ၊ လိုက်ခဲ့ပါလော့။ အဂါရံ၊အိမ်၌။အာဝသ နေပါလော့။ ပါသာဒနိဝါတာသိနီ၊ ပြာသာဒ်ထက်ဝယ် လေတိတ်ရာ၌နေလျက်။ တေ၊ ချစ်ဆွေနှစ်မ၏။ ပရိကမ္မံ၊ ပြုဘွယ်ကိစ္စ ဟူသမျှကို။ နာရိယော၊ အစေခံဖြစ်သော အခြွေအရံ ကျွန်မိန်းမတို့သည်။ကရောန္တု၊ ပြုလုပ်ကြပါကုန်လတ္တံ့။ကာသိကသုခုမာနိ၊ ကာသိတိုင်းဖြစ် သစ်သစ်လတ်လတ် နုဖတ်ချောမွတ်သော အဝတ် ထဘီ အင်္ကျီပုဝါတို့ကို။ ဓာရယ၊ အလိုရှိတိုင်း ဝတ်ရုံပါလော့။

မာလဉ္စ၊ ပန်းကိုရင်း။ ဝဏ္ဏကဉ္စ၊ အဆင်းလှစွာ နံ့သာလိမ်းခြင်းကိုရင်း။ အဘိရောပေသိ၊ ကန်းဆာဆင်၍ နေပါလော့။ ကဉ္စနမက်ဳမုတ္တကာံ၊ ရွှေပတ္တမြား ပုလဲကို ရင်း။ ဗဟုံ၊ များစွာ။ ဝိဝိဓံ၊ အထူးထူးအပြားပြားသော။ အာဘရဏံ တန်းဆာကို။ ဘော၊ ချစ်ဆွေနှစ်မအား။ ကရောမိ၊ ပြုလုပ်၍ ပေးပါအံ့။

သုဘံ၊ လှပတင့်တယ်စွာသော။ သုဓောတရဇပစ္ဆဒံ၊ ကောင်းစွာပွတ်၍ မှုမှေးမရှိ ဖြူစင်သော ရင်လွှမ်းတန်းဆာကိုရင်း။ နဂံ၊ အသစ်လတ်လတ် ဖြစ်သော။ဂေါဏကတုလိကာသန္ထတံ၊ ကြူမွှေးသင်းပျံ့ နူးညံ့သော ကော်ဇောအခင်း လဲနွေရာအခင်းကိုရင်း။ ကရောမိ၊ ပြုလုပ်ပါအံ့။ မဟာရဟံ၊ အဘိုးများစွာထိုက်သော။ စန္ဒမဏ္ဍိတသာရဂန္ဓိကာံ၊ စန္ဒကူး နံ့သာဖြင့် ထုံအပ်သော အမွှေးတုံးအနှစ် နံ့သာဖြစ်သော။ ဝါ၊ မွှေးထုံစွာသော စန္ဒကူး နံ့သာနှစ်ကို ပြုလုပ်အပ်သော။ သယနံ၊ ခုတင်ညောင်စောင်း ကောင်းမွန်သော အိပ်ရာသို့။ အဘိရူဟ၊တက်၍အိပ်နေပါလော့။ တွံ၊ချစ်ဆွေနှစ်မသည်။ ဥဒကာ၊ ရက္ခိုသ်ဘီလူး စောင့်သော ရေကန်မှ။ သမုဂ္ဂတံ၊ ကောင်းစွာပွင့်သော။ အယံ ဥပ္ပလံ၊ ဤကြာပန်းသည်။ အမနုဿသေဝိတံ၊ လူတို့မသုံးဆောင်ရဘဲ။ ဇရံ၊ ဆွေးမြေ့ပျက်စီးခြင်းသို့။ ဂမိဿတိယထာ၊ ရောက်လတ္တံ့ ဖြစ်သကဲ့သို့။ ဧဝံ၊ ဤအတူ။ 'ဖြပဏ္ဍစာရိနီ၊ ရဟန်းမိန်းမပြုလုပ်၍ နေသော ချစ်ဆွေအလှဆွေနှစ်မသည်။ သကေသု၊ မိမိဥစ္စာ ဖြစ်ကုန်သော။ အင်္ဂေသု၊ ကိုယ်အင်္ဂါတို့၌။ အမနုဿသေဝိတံ၊ လူတို့မှိဲ သုံးဆောင်ခြင်းမရှိဘဲ။ ဇရံ၊ အိုမင်းပျက်စီးခြင်းသို့။ ဂမိဿသိ၊ ရောက်လိမ့်မည်တည်း။

ဤသို့သော ချိုးမွမ်း ဖြားယောင်းသော စကားတို့ဖြင့် ပြောဆိုဖြားယောင်းသော ပန်းထိမ်သည်သား လုလင်ပျိုကို သုဘာထေရီအရှင်မသည် ကိုယ်ကောင်ပုပ်၌ စက်ဆုပ်ဘွယ်တို့ ဖြစ်ကြောင်းကို ထင်စွာပြလျက် ဤသို့ ဟောတော်မူ၏။

အာပုသော၊ ဒါယကာလုလင်ပျို။ တေ၊ သင်လုလင်ပျိုသည်။ ဣဓ၊ ဤကိုယ်ကောင်ပုပ်၌။ကိံ၊ အဘယ်ကို။ သာရသမ္မတံ၊ အနှစ်သာရဟူ၍ မှတ်ထင်ဘိသနည်း၊ ကုဏပပူရမှိ၊ အပုပ်အိုဖြင့် ပြည့်နှက်၍နေသော။ သုသာနဝဍ္ဍနေ၊ သုသန်သင်းချိုင်း တိုးပွားကြောင်းဖြင့်သော။ ဘေဒနဓမ္မေ၊ ပျက်စီးတတ်သော သဘောရှိသော။ ကဠေဝရေ၊ ကိုယ်ကောင်

ပုပ်၌။ ကိံ၊ အဘယ်ကို။ သာရသမ္မတံ၊ အနှစ်သာရဟု မှတ်ထင်သနည်း။ ယံ၊ အကြင်ကိုယ်ကောင်ပုပ်ကို။ ဒိသွာ၊ မြင်၍။ ဝိမနော၊ စိတ်ဘောက်ပြန်လျက်။ ဥဒက္ခသိကထေသိ၊ ဖြားယောင်းစကား ပြောကြားဘိသနည်း။

ဤကဲ့သို့ သုဘာထေရီ အရှင်မ မေးသောအခါ ပန်းထိမ်သည်၏ သား လုလင်ပျိုသည် သုဘာထေရီ၏ မျက်လုံးတင့်တယ်သည်ကို စွဲလမ်း၍ ဤသို့ ဆို၏။

ကိန္နရီမန္ဒလောစနေ၊ ကိန္နရီမကဲ့သို့ မှိန်းမှိန်းသာသာ ကြည့်ရှုပါသော ချစ်ဆွေနှစ်မ။ တုရိယာ၊ သမင်မငယ်၏။ အက္ခီနိဝိယ၊ မျက်လုံးတို့ကဲ့သို့ရင်း။ ပဗ္ဗတန္တရေ၊ တောင်အကြား၌။ ကိန္နရိယာ၊ လှည့်လည် သွားလာ၍နေသော ကိန္နရီမ၏။ အက္ခီနိဣဝ၊ မျက်လုံးတို့ ကဲ့သို့ရင်း။ တဝ၊ ချစ်ဆွေနှစ်မ၏။ နယနာနိ၊ မျက်လုံးတို့ကို။ ဒက္ခိယ၊ မြင်ရ၍။ မေ၊ ငါ့အား။ ဘိယျော၊ လွန်စွာ။ ကာမရတိ၊ ကာမဂုဏ်၌ ပျော်မွေ့လိုသော စိတ်သည်။ ဝဍ္ဎတိ၊ တိုးပွား၏။

ဥပ္ပလသိခရောပမာနိ၊ ကြာနီပန်းပွင့်နှင့် တူကုန်သော။ ဝိမလေ သန့်ရှင်းစင်ကြယ်သော။ ဟာဋကသန္နိဘေ၊ ရွှေရုပ်နှင့်တူသော။ မုခေ၊ မျက်နှာ၌။ တဝ၊ ချစ်ဆွေနှစ်မ၏။ နယနာနိ၊ မျက်လုံးတို့ကို။ ဒက္ခိယ၊ မြင်ရ၍။ ဘိယျော၊ လွန်စွာ။ ကာမရတိ၊ ကာမဂုဏ်၌ မွေ့လျော်လိုသော စိတ်သည်။ မေ၊ ငါ့အား။ ဝဍ္ဎတိ၊ တိုးပွား၏။ အာယတပမှေ၊ လှပ တင့်တယ် ရှည်သွယ်သော မျက်ခုံး,မျက်စ ရှိသော။ ဝိသုဒ္ဓဒဿနေ၊ စင်ကြယ်သော ကြည့်ခြင်းရှိသော။ ကိန္နရီမန္ဒလောစနေ၊ ကိန္နရီမကဲ့သို့ မှိန်းမှိန်းသာသာ ကြည့်ရှုလေ့ရှိသော။ ဘဂိနိ၊ ချစ်ဆွေနှမ။ တယာ၊ သင်၏။ နယနာနံ၊ မျက်လုံးတို့ထက်။ ပိယတရော၊ ပို၍ချစ်သော အရာသည်။ နဟိအတ္ထိ၊ မရှိသည်သာတည်း။ ဤ၊ ချစ်ဆွေနှစ်မသည်။ အဝိဒူရဂတာ၊ ဝေးကွာသောနေရာ သွားသော်လည်း။ (ဝါ)။ ဒူရဂတာ၊ ဝေးကွာ၍သွားသည်ရှိသော်။ အပိ၊ စင်စစ်။ သရမှသေ၊ တအောက်မေ့ မေ့နေရစ်ရပါလတ္တံ့။

ချစ်ဆွေနှစ်မနှင့်ဝေးကွာ၍သွားလျှင် အောက်မေ့လျက် လွမ်းဆွတ်၍ နေရပါတော့မည်ဟူ၍ ပန်းထိမ်သည်သား လုလင်ပျိုက ပြောဆိုလေ

သောအခါ သုဘာထေရီသည် ဤသို့ဖြားယောင်း ချော့မြှူကာ ပြောဆို လျက် လမ်းခရီး၌ ဆီးတား၍နေသော ပန်းထိမ်သည်သား လုလင်ပျိုကို တဆဲ့နှစ်ဂါထာတို့ဖြင့် ပြောဆိုပယ်ရှား၏။

အပထေ ပယာတု မိစ္ဆသိ၊ စန္ဒ ဘဲဋ္ဌနကံ ဂဝေသသိ။
မေရုံ လင်္ဃေတု မိစ္ဆသိ၊ ယော တွံ ဗုဒ္ဓသုတံ မဂ္ဂယသိ။

အာဝုသော သုဝဏ္ဏကာရပုတ္တ၊ ဒါယကာ ပန်းထိမ်သည်သား လုလင်ပျို။ အညသ္မိံ၊တပါးသော။ ဣတ္ထိဇနေ၊ လူမိန်းမသည်။ သန္တေ၊ မြို့နယ်ရွာတွင်း ပေါများခြင်းရှိပါလျက်။ယော တွံ၊အကြင်သင်လုလင်ပျို သည်။ ဗုဒ္ဓသုတံ၊ ဘုရားသမီးတော်ကိုမှ။ မဂ္ဂယသိ၊ ရှာရှာဖွေဖွေ မရေ မရာ တကျွာစွဲငြိ ရှာကြံဘိ၏။ သော တွံ၊ ဘုရားသမီးတော်မှ မရေမရာ တကျွာစွဲငြိ ရှာကြံဘိသော ထိုသင်လုလင်ပျိုသည်။အပထေန၊လမ်းလွဲ ဖြင့်။ ပယာတုံ၊ သွားခြင်းငှါ၊ ဣစ္ဆသိ၊ အလိုရှိဘိ၏။ စန္ဒကိဋ္ဌနကံ၊ ထက်ကောင်းကင်သွား လရထားကို ကစားဘွယ် ပြုလုပ်ခြင်းငှါ။ ဂဝေသသိ၊ ရှာကြံသကဲ့သို့ဖြစ်၏။ မေရုံ၊ ရှစ်သောင်း လေးထောင် နှစ်ပြန်ဆောင်သော မြင့်မိုရ်တောင်ကို။ လင်္ဃေတုံ၊ ခုန်ကျော်၍သွား ခြင်းငှါ။ ဣစ္ဆသိ၊ အလိုရှိသကဲ့သို့ဖြစ်၏။ တွံ၊ သင်လုလင်ပျိုသည်။ ဗုဒ္ဓသုတံ၊ ဘုရားသမီးတော်ဖြစ်သော။ မံ၊ ငါ့ကို။ မဂ္ဂယသိ၊ ရှာရှာဖွေဖွေ မရေမရာ တကျွာစွဲငြိ ရှာကြံဘိ၏။

ပန်းထိမ်သည်သား လုလင်ပျို နတ်နှင့်တကွ ဤလောက၌ ကာမ ရာဂဖြစ်ဘွယ် အာရုံတစုံတခုမှ ငါ့မှာမရှိ ကာမရာဂဆိုလျှင် ဘယ်လို မှန်းမှ ငါမသိ အနာဂါမိမဂ်ဖြင့် ပယ်ဖြတ်၍ အမြစ်ပါပြတ်၏။ ဤယင်္ဂဒ္ဒါချ မီးပုံစု၌ ရှို့မြှိုက်သကဲ့သို့ငှင်း ဝိသပတ္တ၊ အဆိပ်ကျအောင် တောက်ရှ ထက်မြက်သော အဆိပ်အိုးကြီးကို သွန်မှောက်၍ ပစ်သကဲ့သို့ငှင်း ကာမရာဂကို ငါစွန့်ပယ်၍ ပစ်၏။

ယဿာ၊ အကြင်မိန်းမအား။ အပစ္စဝေက္ခိတံ၊ ဖြစ်ပျက်ဘောက်ပြန် သော ရုပ်နာမ်ခန္ဓာကို ကောင်းစွာဆင်ခြင်မမြင်သောသူသည်။ သိယာ၊ ဖြစ်ငြားအံ့။ သတ္ထာဝါ၊ မြတ်စွာဘုရားသည်မှုလည်း။ နာနုသာသိတာ၊ တရားပြ၍ မဆုံးမသေးသည်။ သိယာ၊ ဖြစ်ငြားအံ့။ တွံ၊ သင်လုလင်ပျို သည်။တာဒိသိကံ၊ဖြစ်ပျက်ထင်ထင်မမြင်မသိ တရားမရှိသောမိန်းမကို။

ပလောဘာယ၊ဖြားယောင်းချော့ကာပြောဆိုပါလော့။ဇာခန့်တံ၊ တရားသိပြီးသော။ ဣမံ၊ ဤငါသုဘာထေရီကို။ အာဂမ္မ၊ မရေမရာ တဏှာစွဲရှုအကြောင်းပြု၍။ ဝိဟညသိ၊ ပင်ပန်းဆင်းရဲစွာ ဖြားယောင်းချော့မြူစကား ပြောကြားဘိ၏။

သုဘာဘွဲ့မည် ငါထေရီသည် ဆဲရေးသောသူ ရှိခိုးသောသူ နှစ်ဦးတို့၌ အထူးမထင် ကင်းသန့်စင်လျက် သင်္ခါရတရားတို့ကို မဘင့်မတယ်ရှုံ့ရှာဘွယ်ဟု သိပြီးသည်ဖြစ်၍ အလုံးစုံသော အာရုံ ကာမဂုဏ်၌စိတ်၏ စွဲလမ်းငြိတွယ် လိမ်းကျံဘွယ် တစုံတခုမျှ ကာမရာဂမရှိချေ။ ငါသုဘာထေရီသည် မြတ်စွာဘုရား၏တပည့်မဖြစ်၍ ဂုဏ်အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂင်လမ်းဖြင့် နိဗ္ဗာန်ရွှေပြည်တော်သို့ သွားရောက်ပြီးဖြစ်၏။ တဏှာတည်းဟူသော ငြောင့်ကို ပယ်နှုတ်ပြီးဖြစ်၏၊ အာသဝကင်းလျက် ဆိတ်ငြိမ်ခြင်းရှိသော တောအရပ်၌သာလျှင် တကိုယ်ထည်းသာ ငါပျော်မွေ့၏။ ပန်းထိမ်သည်သား ဥစ္စာများ၍ လိုက်စားလွန်ကြူး ယစ်မူးပျော်မွေ့ နေလေ့ရှိသော လုလင်ပျိုဒါယကာ– သုဘာမည်တွင် ငါထေရ်ရှင်သည် မျက်မြင်ဒိဋ္ဌ ဥပမာပြ၍ ဆိုဦးအံ့၊ သင်ဒါယကာ လုလင်ပျိုသည် စဉ်းစားဆင်ခြင်၍ နားထောင်ဦးလော့။ ဆန်းဆန်းကြွယ်ကြွယ် တင့်တယ်လှပစွာ ပြုလုပ်၍ထားသော သစ်သားရုပ်ကို ကြိုးဖြင့်ဆွဲ၍ ပွဲသဘင်အလယ်၌ ကစေခုန်စေခိုင်းလျက် ပွဲပြကြကုန်၏။ ထိုကြိုးဖြင့် ဆွဲလျက် ပွဲပြသော သစ်သားရုပ်ကို မိန်းမရုပ်ဟူ၍ငင်း ယောကျ်ားရုပ်ဟူ၍ငင်း ပြောဆိုလျက် ကြိုးဆွဲ၍ ကခုန်သည်ကို လူအများတို့ ကြည့်ရှုကြကုန်၏။ ထိုသစ်သားရုပ်ကိုပင် မင်းသမီးဟူ၍ငင်း မင်းသား သူဌေးသား သူကြွယ်သားဟူ၍ငင်း ခေါ်ဆိုကြကုန်၏။ ထိုသစ်သားရုပ်ကို ကြိုးဖြုတ်၍ တခုတခြား ထားသည် ရှိသော် အဘယ်သို့ စိတ်၌ မှတ်ထင်၍ သွားမည်နည်း။ သစ်သားပကတိဖြစ်၍ အပိုင်းအပိုင်း အပြတ်အပြတ် ဖျက်၍ထားသည်ရှိသော် သစ်သားရုပ်ကို ရှာ၍မရဘဲ သစ်သားစတို့ကိုသာလျှင် မြင်ရသကဲ့သို့ ထိုအတူပင်လျှင် လက် ခြေ အင်္ဂါ မျက်နှာ ရင် ဝမ်း နှုတ်ခမ်း သွား မေး ယဉ်ကျေးဘွယ်ရာ တင့်တယ်စွာဟု မှတ်ထင်သော ဤကိုယ်ကောင်ပုပ်သည်လည်း သစ်သားရုပ်နှင့်တူစွာ ခန္ဓာငါးပါး ရုပ် နာမ် တရားတို့နှင့်ကင်း၍ လက်ဟူ၍ငင်း ခြေဟူ၍ငင်း ဦးခေါင်း မျက်လုံး မျက်နှာ

အင်္ဂါကြီးငယ် ဘယ်ဟာတခုမျှဖြစ်သည်မဟုတ်၊ ရုပ်နာမ်အစုအပေါင်း တို့သည်သာလျှင် ဖြစ်ပျက်ဖြစ်ပျက် အလျဉ်မပြတ် အစဉ်စပ်လျက် အထပ်ထပ်အခါခါ ဖြစ်ပျက်၍သာ နေ၏။ မိန်းမ ယောကျ်ားဟူ၍ တစုံ တခုမျှ ရစရာမရှိ။ ထိုဖြစ်ပျက် ဖြစ်ပျက်နေသော ရုပ်နာမ်အစုတို့ကို စဉ်းစားဆင်ခြင် ဟုတ်တိုင်းမြင်သော် ဗိတ်၌ အဘယ်သို့ မှတ်ထင် မည်နည်း။ သစ်သားရုပ်ကို တခုတခြား ဖြုတ်ဖျက်၍ထားသော သစ်သားအစုတို့ကဲ့သို့ ရုပ်နာမ်အစု၏ ဖြစ်ပျက်တို့သာလျှင် ထင်ထင် ရှားရှားရှိတော့၏။ မိန်းမယောကျ်ား မရှိတော့ပြီ။

ဥပမာစကား တနည်းအားဖြင့် မှတ်သားလေဦးတော့၊ ပန်းချီဆေး ကို ကောင်းစွာရေးတတ်သော ပန်းချီဆရာသည် အုဌ်တိုက်နံရံတို့၌ ဆေးဒန်းမြင်းသိလာ ဟင်းသပဒါးတို့ဖြင့် ဆန်းကြယ်စွာရေးထားသော မိန်းမရုပ်ကို မြင်သောသူရှုသူနှမ်းသည် ဤမိန်းမကား အုဌ်တိုက်နံရံ၌ မှီ၍နေ၏ဟု ဆိုပြောအံ့၊ ထိုစကားသည် ဗိတ်ဘောက်ပြန်သဖြင့်ဆိုသော နိရတ္ထက စကားသာ ဖြစ်၏။ ထိုအတူပင်လျှင် ရုပ်နာမ်အစုကို မိန်းမ ဟူ၍ ဆိုခြင်းသည် မဟုတ်မမှန် ဗိတ် ဘောက်ပြန်သဖြင့် ဆိုသော နိရတ္ထက စကားသာ ဖြစ်လေ၏။ ရုပ်နာမ်ကို မဆင်ခြင်ဘဲ မမြင်မသိ အကန်းအတိဖြစ်သောသူသည် လူပရိသတ်ပွဲလယ်၌ ဘန်ဆင်း၍ပြသော မျက်လှည့်ရုပ်ကဲ့သို့ရင်း ဇာတ်မက်၌ ရွှေပင်ပေါက်လာသည်ဟု မြင်မက် သကဲ့သို့ရင်း လူပရိသတ်အလယ်၌ ကြိုးဖြင့်ဆွဲ၍ပြသော သစ်သားရုပ် ကဲ့သို့ရင်း မဟုတ်သည်ကို အဟုတ်အမှန်ဟု ထင်တတ်၏။ ဒါယကာ လုလင်ပျို တင့်တယ်သည်ဟူ၍သာ သင်မှတ်ထင်သော ဤမျက်လုံး သည်လည်း ခြောက်သောသစ်ခေါင်း၏အတွင်း၌ သွင်းထားအပ်သော ချိပ်ဖုလုံးကဲ့သို့ မျက်ကွင်းရိုး၏ အတွင်း၌ တည်နေ၏။ မျက်ကွင်းရိုး မျက်လွှာ မျက်ခွံ၏ အလယ်၌ ရေပွက်အဖုကဲ့သို့ မျက်ရည်တို့ဖြင့် စွတ်စိုလျက် မျက်ထောင့်တို့မှ စိမ်းစော် ညှီနံသော မျက်ချေးတို့ဖြင့် ဝန်းရံလျက် မျက်သားမျက်ထောင့် အဖုအထစ်ပေါက်လျက် အဖြူတမျိုး အနီတမျိုး အနက်တမျိုး အရွှေတမျိုး အမျိုးမျိုးသော အဆင်းအရောင် ရှိသော မျက်လုံး အပိုင်အခဲ အလုံးသာလျှင် မျက်ကွင်းရိုး မျက်လွှာ မျက်ခွံ၏အတွင်း၌ တည်နေ၏။ ဤမျက်လုံးကို သင်အလိုရှိလျှင် ယခုပင် ဆောင်ယူ၍ သွားလေတော့ဟုဆို၍ သုဘာထေရီအရှင်မသည် မျက်လုံး

ကို ဘောက်ထုတ်၍ ထိုပန်းထိမ်သည်သား တားဆီး၍ နေသော လုလင်ပျိုအား ထိုနေရာ၌ပင် ပေးလိုက်လေသတည်း။

[ကာမရာဂကင်းပြီးသော အနာဂါမ်တည် ရဟန်းမိန်းမသည် ထို ဘောက်ထုတ်၍ ပေးလိုက်သောမိမိမျက်လုံး၌ တွယ်တာသောစိတ်မရှိ]

ထိုကဲ့သို့ ပြောဆိုလျက် မျက်လုံးကို ဘောက်ထုတ်ခါ ပေးလိုက် သောအခါ ပန်းထိမ်သည်သား လုလင်ပျိုသည် ကြွက်သီးမွေးညှင်း ထအောင် ထိတ်လန့်ခြင်း ဖြစ်လျက် သုဘာထေရီ၌ စွဲလမ်းသော ရာဂသည် ကင်းပျောက်၍ လက်အုပ်ချီကာ ရှိခိုးလျက် ကန်တော့ တောင်းပန်ရှာလေသတည်း။ထိုအကြောင်းအရာတို့ကို ထင်စွာပြခြင်းငှါ ဤဂါထာတို့ကို ဟောတော်မူ၏။

ဥပ္ပါဋိယ စာရုဒဿနာ၊ နစပဋ္ဌိ အသင်္ဂမာနသာ။
ဟန္ဒ တေ စက္ခုံ ဟရဿု တံ၊တဿ နရဿ အဒါသိ တာဝဒေ။
တဿစ ဝိဂမာသိ တာဝဒေ၊ ရာဂေါ တတ္ထ ခမာပယိစ နံ။
သောတ္ထိ သိယာ ဗြဟ္မစာရိနီ နပုနော ဧဒိသကံ ဘဝိဿတိ။
အာဟနိယ ဧဒိသံ ဇနံ၊ အဂ္ဂိံ ပဇ္ဇလိတံဝ လိင်္ဂိယ။
ဂဏှိယ အာသိဝိသံ ဝိယ၊ အပိနု သောတ္ထိ သိယာ ခမာဟိ နော။

အသင်္ဂမာနသာ၊ အစိတ်အဖြာ ကိုယ်အင်္ဂါဝယ် တွယ်ကာကပ်ငြိ စိတ်ရှိတော်မမူသော။ စာရုဒဿနာ၊ ရှုမြင်သူတို့ ချစ်ခင်စဖွယ် တင့် ကယ်လှစွာ ကိုယ်အင်္ဂါဖြင့် သုဘာထေရီ ဘိက္ခုနီလှ အရှင်မသည်။ စက္ခုံ၊ မိမိမျက်လုံးကို။ ဥပ္ပါဋိယ၊ လက်ဖြင့်ကိုင်နှုတ် ဆွဲကာထုတ်၍။ ဟန္ဒ၊ ယာ။ တေ၊ သင်လုလင်ပျိုသည်။ တံ၊ တင့်တယ်သည်ဟု ထင်မှတ် ပြုသော။ အသုဘတုံး ထိုမျက်လုံးကို။ ဟရဿု၊ အလိုရှိရာ ဆောင်ယူ ပါလော့။ ဣတိ၊ ဤသို့ဆို၍။ တဿနရဿ၊ သုဘာကိုမြင် ချစ်စိတ်ဝင်၍ လမ်းတွင်ဆီးထား ထိုယောကျ်ားအား။ တာဝဒေ၊ ထိုခဏ၌။ အဒါသိ၊ ပေးလိုက်လေ၏။ တဿ၊ ထိုပန်းထိမ်သည်သား ဆီးတားဖမ်းမို လု လင်ပျို၏။ ရာဂေါစ၊ ရာဂသည်လည်း။ တာဝဒေ၊ မျက်လုံးကိုထုတ် ပေးသော ထိုခဏ၌။ ဝိဂမာသိ၊ ကြွက်သီးထကာ ထိတ်လန့်ရှာ၍ ကင်း ကွာပျောက်ပ လေတော့၏။ နံ၊ ထိုအံ့ဘွယ်သခဲ ထူးကဲလှစွာ ပေးရက်

စွာသော သုဘာထေရီ၏ ဘိက္ခုနီကို။ တဂ္ဂ၊ တုံနေရာ၌။ ခမာယိဝ၊ လက်အုပ်ချီကာ ရိုသေစွာဖြင့် သဒ္ဓါညွတ်ပျော့ စိတ်မာန်လျော့လျက်။ ကန်တော့ပြီးခါ တောင်းပန်ရာ၏။ ကိံ၊ အဘယ်သို့ဆို၍ တောင်းပန်သနည်းဟူမူကား။ ပြာပမ္ဗာရိနိ၊ မြတ်သောအကျင့်ရှိသော အရှင်မဘုရား။ သောတ္ထိ၊ ချမ်းသာခြင်းသည်။ သိယာ၊ ဖြစ်ပါစေလော့။ ပုနော၊ နောင်တဖန်။ ဗေဒိသကာ၊ ဤကဲ့သို့သော လွန်ကျူးခြင်းကို။ နဘဝိဿတိ၊ မဖြစ်ရပါလတ္တံ့။ ပဇ္ဇလိတံ၊ ပြောင်ပြောင် တောက်သော။ အဂ္ဂိ၊ မီးကို။ အာလိင်္ဂိယ၊ ဖက်၍။ အာသိဝိသံ၊ အဆိပ်ထန်သော မြွေပွေးမြွေဟောက်ကို။ ဂဏှိယ၊ ကိုင်၍။ သောတ္ထိ၊ ချမ်းသာခြင်းသည်။ နသိယာဝိယ၊ မဖြစ်နိုင်သကဲ့သို့။ ဗေဒိသကာ၊ သုဘာထေရီ အရှင်မကဲ့သို့ မြတ်သောအကျင့်ရှိသော။ ဇနံ၊ သူတော်ကောင်းကို။ အာပာနိယ၊ ထိခိုက်ပြစ်မှား၍။ သောတ္ထိ၊ ချမ်းသာခြင်းသည်။ အပိနု၊ စင်စစ်။ သိယာ၊ ဖြစ်နိုင်ပါမည်လော။ နသိယာဧဝ၊ မဖြစ်နိုင်သည်သာတည်း။ နော၊ မဆင်မခြင် ခင်မင်စွဲလမ်း ဘရန်းဘတာ စိတ်ယုတ်မာဖြင့် လမ်းမှာခါးတား ပြုမိမှားသော အကျွန်ုပ်အား။ တွံ၊ အရှင်မသည်။ ခမာဟိ၊ သည်းခံတော်မူပါလော့။

ပန်းထိမ်သည်သား လုလင်ပျိုသည် သုဘာထေရီ၏ အကျင့်သီလ အာစာရဂုဏ်ကို အံ့ဩဘွယ်မြင်ရလျှင် ကြက်သီး မွေးညှင်း ထအောင် ထိတ်လန့်ခြင်းဖြင့် သဒ္ဓါကြည်ညိုခြင်းရှိလှ၍ ဤကဲ့သို့သူတော်ကောင်း မိန်းမမြတ်ကို ပြစ်မှားသောသူသည် မီးပုံကိုဖက်သော သူကဲ့သို့၎င်း၊ အဆိပ်ပြင်းထန်သော မြွေပွေးမြွေဟောက်ကို ဘမ်းယူကာကိုင်သကဲ့သို့ ၎င်း၊ အဘယ်မှာချမ်းသာခြင်းရှိနိုင်တော့မည်နည်းအကျွန်ုပ်သည်လည်း အရှင်မ၏ ကိုယ်အင်္ဂါမျက်နှာမျက်လုံး မျက်ခုံးမျက်စ လှပတင့်တယ် ရှုချင်ဘွယ်ရှိသည်ကိုမြင်လျှင်ချစ်ခင်မက်မော ရာဂဇောဖြင့်ပြောဆိုကာ ဖြားယောင်းလျက် မကောင်းကြံငြား စိတ်ပြစ်မှား၍ တားဆီးမိသော အပြစ်ကို သည်းခံတော်မူပါ အရှင်မဘုရားဟုညွတ်တွားကြည်ညို ရိုသေ မြတ်နိုး ရှိခိုးဦးတင်ကာ တောင်းပန်ခန်ချ ကန်တော့ခြင်းကို ပြုလျက် လမ်းလွှဲ၍ပေးသောအခါမှ သုဘာထေရီ အရှင်မသည် ရာဇဂြိုဟ်မြို့ တော်၏ အရှေ့တံခါးမှ ဂိဇ္ဈကုဋ်တောင်သို့ မရောက်မီအကြား၌ မြတ်စွာ ဘုရား သီတင်းသုံးနေတော်မူရာ ဇီဝကရ၏ သရက်ဥယျာဉ် ကျောင်းတိုက်တော်သို့သွား၍ မြတ်စွာဘုရားကို မြင်သည်နှင့် တပြိုင်

နက် မျက်လုံးသည် ရှေးက ပကတိအတိုင်းကဲ့သို့ အသစ်ဖြစ်ပေါ်လာ၏။ ထိုအကြောင်းကို ထင်ရှားထုတ်ဆော် ပြတော်မူလို၍ ဤဂါထာကို မိန့်တော်မူ၏။

> ဗုဒ္ဓါစ တတော သာ ဘိက္ခုနီ၊ အဂ္ဂမိ ဗုဒ္ဓဝရဿ သန္တိကံ။
> ပဿိယ ဝရပုညလက္ခဏံ၊ စက္ခု အာသိ ယထာပုရာဏကံ။

တတော၊ ထိုပန်းထိမ်သည်သား ဆီးတားခြင်းမှ။ မုတ္တာ၊ လွတ်တော်မူသော။သာဘိက္ခုနီ၊ ထိုသုဘာထေရီ ဘိက္ခုနီလျှ အရှင်မသည်လည်း။ ဗုဒ္ဓဝရဿ၊ ဘုရားမြတ်စွာ၏။ သန္တိကံ၊ အထံတော်သို့။ အဂ္ဂမိ၊ သွားလေ၏။ ဝရပုညလက္ခဏံ၊ လွန်မြတ်သော ပါရမီကုသိုလ်တော်ကြောင့်ဖြစ်သော လက္ခဏာတော်ရှိသော မြတ်စွာဘုရားကို။ ပဿိယ၊ မြင်ရ၍။ စက္ခု၊ မျက်လုံးသည်။ ယထာပုရာဏကံ၊ ရှေးကမျက်လုံးကဲ့သို့။ အာသိ၊ ဖြစ်ပေါ်လာ၏။

[မျက်လုံးတဘက်ကို ထုတ်ဘောက်၍ ဟောက်တောက် ခွက်တက် မျက်စိတဘက် ကွယ်ပျက်၍နေရာ မြတ်စွာဘုရားကို မြင်သည်နှင့် တပြိုင်နက် မျက်လုံးအသစ် ပကတိဖြစ်၍ ပေါ်လာခြင်းသည် အလွန်တရာ အံ့ဩဘွယ် ရှိပေစွ]။

သုဘာထေရီ အရှင်မသည်လည်း မြတ်စွာဘုရားကို ကြည်ညိုလှသော ဗုဒ္ဓါရမ္မဏပီတိဖြင့် တကိုယ်လုံးပြန့်လျက် တည်နေလေ၏။ မြတ်စွာဘုရားသည် သုဘာထေရီ၏စိတ်ကို သိတော်မူ၍ တရားဟောတော်မူလျက် အရဟတ္တမဂ်အလို့ငှါ ကမ္မဋ္ဌာန်းနည်းကို ပြတော်မူ၏။ သုဘာထေရီသည်လည်း မြတ်စွာဘုရား နည်းပြတော်မူသောကမ္မဋ္ဌာန်းကို အာရုံပြုလျက် ထိုခဏ၌ ဝိပဿနာကို ပွားစေ၍ ပဋိသမ္ဘိဒါလေးပါးနှင့်တကွ ရဟန္တာအဖြစ်သို့ ရောက်တော်မူလေသတည်း။ ရဟန္တာ ဖြစ်ပြီးနောက် ဖလ သမာပတ်ချမ်းသာဖြင့် ချမ်းသာစွာ နေတော်မူလျက် မိမိအဖြစ်အပျက် အကြောင်းအရာတို့ကို ဆင်ခြင်၍ ထိုပန်းထိမ်သည်သား လုလင်ပျို လမ်းခရီးမှာ ဆီးတား ပြောဆိုဖြားယောင်းသော စကားတို့နှင့်တကွ မိမိက ပြောဟောသော တရားစကားတို့ကိုလည်း ရဟန်းမိန်းမ သာမဏေရီ မိန်းမ သိက္ခာမာန်မ လူမိန်းမ ဥပါသိကာ များစွာသော ပရိသတ်အလယ်၌ တင့်တယ်စွာ

ထိုင်နေလျက် တရားစကား ဟောကြားတော်မူသော အကြောင်းသည် ထေရီဂါထာပါဠိတော် ဘိံသနိပါတ် ၂၀၉-နံပါတ်၌ ဂါထာသုံးဆယ်မျှ ရှိသတည်း။

ဇီဝကမ္ဗဝနိကာ သုဘာထေရီ ဝတ္ထုပြီး၏။ [ဧကူနသဋ္ဌိဝတ္ထု]။

ဣသိဒါသီ ထေရီ၏ အပဒါန် ဝတ္ထု

ဣသိဒါသီထေရီသည်လည်း ရှေးရှေးသော မြတ်စွာဘုရားတို့၏ အထံတော်၌ ပြုအပ်ပြီးသော ပုညသမ္ဘာရ ပါရမီကုသိုလ်ရှိသည်ဖြစ်၍ ထိုထိုသော ဘဝများစွာတို့၌ ပုရိသဘာဝ ယောကျ်ားအဖြစ်၌တည် လျက် ဝဋ်ဆင်းရဲမှ လွတ်ကြောင်း ကောင်းမှုတို့ကို ဆည်းပူးလျက် သံသရာ၌ ကျင်လည်၍ နေရသောသူတို့သည် မမြင်လမ်းမှား ဝမ်း တွင်းကန်း သွားသကဲ့သို့ ဤနောက်ဆုံးဖြစ်သော ဣသိဒါသီ ဘဝမှ နောက်ပြန်ရေသော် ခုနစ်ခုမြောက်သောဘဝ၌ သူတပါး၏မယားကို မှားယွင်းသော မကောင်းမှုကံဖြင့် သေသည်မှနောက် ငရဲသို့ရောက်၍ အနှစ်တရာမက များလှစွာသော နှစ်တို့ပတ်လုံး ငရဲ၌ကျက်ရ၍ ငရဲမှ လွတ်သောအခါ တိရစ္ဆာန် မျောက်မျိုး၌ ဖြစ်၍ မျောက်သိုးကြီး ဝှေးစေ့ကို ကိုက်ဖြတ်သဖြင့် သေပြီးနောက် ဆိတ်ကန်းမ၏ဝမ်း၌ ဆိတ်ဖြစ်၍ ကြီးရင့်သောအခါ ဝှေးစေ့ကို ထုတ်ပစ်လျက် ကလေးတို့ စီးသည်ကို ခံရ၏။ဆိတ်ဘဝမှ စုတေပြန်သော် နွားဖြစ်ပြန်၍ ဝှေးစေ့ကို ထုတ်လျက် လှည်းတို့ကို ရုန်းရ၏။ နွားဘဝမှ စုတေပြန်သော် နပုံး ပဏ္ဍုက်ဖြစ်၍ ကျွန်မဝမ်း၌ ပဋိသန္ဓေနေ၍မွေးဖွား၏။ နပုံးပဏ္ဍုက်မှ စုတေပြန်သော် လှည်းမောင်းသူ၏ သမီးဖြစ်ရ၏။ အရွယ်သို့ ရောက် သောအခါ ဂိရိဒါသမည်သော လှည်းကုန်သည်၏သားသည် မယား ပြု၍ အိမ်သို့ဆောင်ယူ၍ ထား၏၊ ထိုဂိရိဒါသ၏ မယားကြီးသည်လည်း ရှိ၏။ အကျင့်သီလနှင့် ပြည့်စုံ၏။ ထိုအကျင့်သီလနှင့် ပြည့်စုံသော မယားကိုငြူစူ၍ လင်ယောကျ်ား မုန်းထားခြင်းဖြစ်အောင် ဂုံးစကားကို ပြောဆိုမိပြန်၏၊ ထိုဂိရိဒါသ၏ မယားငယ်ဘဝမှစုတေ၍ ယခု မြတ်စွာ ဘုရား ပွင့်တော်မူသောအခါ အဝန္တီတိုင်း ဥဇ္ဇေနီပြည်၌ သူဌေးသမီး

ဖြစ်လာ၍ ဇာသိဒါသိ ဟူသော အမည်ဖြင့် အရွယ်ရောက်သောအခါ ဥစ္စာပေါများသော သူဌေးသားနှင့် ပေးစားလက်ထပ်၍ နတ်ကဲ့သို့ လင်ယောကျ်ားကို လုပ်ကျွေး ပြုစုသော်လည်း ပရဒါရကံကြောင့် တလလောက်ရှိလျှင် လင်ယောကျ်ားသည် အပြစ်မရှိဘဲလျက် မုန်းထားခြင်း ဖြစ်၍ အိမ်မှ နှင်ထုတ်ခြင်းကို ခံရ၏။ ထိုနောက် ဒုတိယ လင်တယောက်နှင့် ပေးစားပြန်၏။ ထိုဒုတိယလင်သည်လည်း တလလောက်ရှိလျှင် ဇာသိဒါသိနှင့်အတူတကွ တအိမ်တည်းမနေလိုဟုဆို၍ နှင်ထုတ်ခြင်းကို ခံရပြန်၏။ ထိုနောက်တဖန် အိမ်သို့ဆွမ်းခံလာသော သနားကရုဏာ မေတ္တာတရားဖြင့် သူတပါးကိုအား သနားကြင်နာအောင် ပြောဆိုပြုမူတတ်သော ဒမကမည်သော ရှင်ယောင်ရဟန်းကို လူထွက်စေ၍ အဘသူဌေးက ပေးစားပြန်၏။ ထိုရဟန်းယောင် လူထွက် ဒမကသည်လည်း တဆဲ့ငါးရက်မျှရှိလျှင် စွန့်ပစ်၍ သွားပြန်၏။

ဤသို့ ပရဒါရကံ နှိပ်စက်၍ လင်သုံးဆက် စွန့်ပစ်သည်ကို ခံရသဖြင့် သံဝေဂဖြစ်လျက် ဇိနဒတ္တမည်သော ဘိက္ခုနီအရှင်မအထံ၌ ရဟန်းမိန်းမပြုလုပ်၍ ဖြစ်ပျက်ကမ္မဋ္ဌာန်းကိုရှုဆင်ခြင်သော် မကြာမြင့်မီပင် ရဟန္တာအဖြစ်သို့ရောက်၍ တနေ့သ၌ ပါဋလိပုတ်ပြည်သို့ ဗောဓိထေရီအရှင်မနှင့် အတူတကွ ဆွမ်းခံလှည့်လည်၍ ဆွမ်းစားပြီးသော ပစ္ဆာဘတ္တအခါ၌ ဂင်္ဂါမြစ် သဲသောင်ပြင်ကမ်းဆိပ် ဖြေသော အရိပ်၌ ချမ်းသာစွာ နေကြကုန်လျက် ဤသို့သော တရားစကားကို ဆွေးနွေးမေးမြန်း ပြောဆိုကြကုန်၏။ အရှင်မသည် ကြည်ညိုဘွယ်သော အဆင်းရုပ်ရေလည်းရှိ၏။ အသက်အရွယ်လည်း ယုတ်လျော့သေးသည်မဟုတ်။ ထိုသို့ဖြစ်ပါလျက် အဘယ်အပြစ် အဘယ် အကျိုးများကို မြင်၍ နေကုန်မထွက်လမ်းဖြင့် ရဟန်းပြုပါသနည်း ဤသို့ ဗောဓိထေရီ အရှင်မက မေးမြန်းစိစစ်သောအခါ ဓမ္မဒေသနာနည်း၌ လိမ္မာတော်မူလှသော ဇာသိဒါသိ ထေရီအရှင်မသည် ဤသို့ ဖြေဆိုတော်မူ၏။ ဗောဓိထေရီ အရှင်မ တပည့်တော်မသည် အဝန္တီတိုင်း ဥဇ္ဇေနီပြည်၌ သူဌေးသမီး ဖြစ်ပါ၏။ တပည့်တော်မ၏ အဘသူဌေးသည် သီလကို စောင့်စည်း စောင့်ရှောက်၍ သီလဂုဏ်နှင့် ပြည့်စုံပါ၏။ သမီးတယောက်သာရှိ၍ အလွန်ချစ်ခင်မြတ်နိုးပါ၏။ ထိုအခါ၌ သာကေတပြည်မှ ဥစ္စာပေါများ၍ အမျိုးမြက်သော သူဌေးသည် သူ၏သားနှင့် ချွေးမ ပြုလုပ်စေရန်

တပည့်တော်မအား လိုလား တောင့်တသည် ဖြစ်၍ လက်ဆောင် တင်ကာ တောင်းလာသောကြောင့် အဘသူဌေးမင်းသည် သာကေတ ပြည် သူဌေး၏သားနှင့် ပေးစားလိုက်ပါ၏။

တပည့်တော်မသည် ယောက္ခမ အိမ်သို့ လိုက်၍ နေသောအခါ ယောက္ခမ အမိကိုင်း ယောက္ခမ အဘကိုင်း နံနက်တကြိမ် ညချမ်း တကြိမ် ရိုသေစွာ ရှိခိုးဦးချ၍ ဆုံးမတိုင်း နှိမ့်နှိမ့်နာနာ လိုက်နာပြုလုပ်၍ နေပါ၏။လင်ယောကျ်ား၏ ညီ အစ်ကို နှမဖေါက်ဖေါ် မွေးချင်းတို့ကို မြင်လျှင် လျှင်စွာထ၍ နေရာခင်းခြင်း ထမင်း အဖျော် ခဲဘွယ်အစ ရှိသော စားဘွယ် သောက်ဘွယ်တို့ကိုလည်း သင့်လျော်စွာ ချက်ပြုတ် လုပ်ကျွေး ပြုစုပါ၏။ တပည့်တော်မ၏ ကိုယ်အင်္ဂါကို စင်ကြယ်စွာ ရေချိုး၍ နံ့သာလိမ်း၍ သန့်သန့်ရှင်းရှင်း ဝတ်ဆင်လျက် ယောကျ်ားကို လက်အုပ်ချီ၍ ဆည်းကပ်ခြင်းကို ပြုပါ၏။ ယောကျ်ား၏ အပါးသို့ ရိုသေစွာ လက်အုပ်ချီ၍ သွားပါ၏။ မုတ်ဆိတ် ဆံပင်တို့ကို ဖြီးသော ဘီးကိုင်း နား နှာ မျက်နှာတို့ကို လိမ်းကျံသော မျက်နှာချေမှုန့်ကိုင်း မျက်စဉ်းခွက် မျက်စဉ်းကျည်ကိုင်း ကြေးမုံကိုင်း အဝတ်တန်းဆာ တို့ကိုင်း ယူဆောင်၍ ယောကျ်ားအထံသို့ သွားပြီးလျှင် ရိုသေစွာ ရှိခိုးပြီးမှ ကိုယ်တိုင်ပင် ခေါင်းဖြီး၍ ရောင်ထုံး၍ နံ့သာလိမ်း၍ပေးပါ၏။ သခင်ကို ရိုသေကြောက်ရွံ့ လေးမြတ်ခြင်းရှိသော ကျွန်မကဲ့သို့ လင် ယောကျ်ားကို ကိုယ်တိုင် တန်းဆာဆင်၍ ပေးပါ၏။ ကိုယ်တိုင်ပင် ထမင်းကိုချက်၍ ကျွေးပါ၏။ ကိုယ်တိုင်ပင် အိုးခွက်တို့ကို ဆေးကြော သုတ်သင်၍ ထားပါ၏။ တယောက်ထည်းသောသားကို အမိသည် ပြုစု သကဲ့သို့ ကောင်းမွန်စွာ ပြုစုပါ၏။ မယားဖြစ်သော်လည်း မယားချင်း မတူ ဘယ်သူမှ မမှီအောင် လင်ကို ရိုသေစွာ ပြုစုလုပ်ကျွေးလျက် ထကြွလုံ့လ ဝီရိယဖြင့် ပျင်းရိခြင်းမရှိ အကျင့်သီလနှင့် ပြည့်စုံသော တပည့်တော်မကို လင်ယောကျ်ားသည် သက်သက်မုန်းထားခြင်းဖြစ်၍ သူ၏အမိအဘတို့ကို ဤသို့ ပြောလေ၏။ အဘ အမိတို့ ကျွန်တော်သည် ဣသိဒါသီနှင့် အတူတကွ တအိမ်တည်း မနေလို အဘအမိတို့ကို ပန်ကြား၍ သွားပါတော့အံ့။ ဤသို့ သူ၏ အမိအဘတို့ကို ပြောလေ၏။ ထိုအခါ အမိအဘတို့သည် ချစ်သား ဤသို့မပြောပါလင့်။ ဣသိဒါသီ

သည် ပညာရှိ၏ လိမ်မာ၏ ထကြွလုံ့လ ဝီရိယရှိ၏။ ပျင်းရိခြင်းမရှိ။ ချစ်သားသည် အဘယ့်ကြောင့် ဣသိဒါသိကို မနှစ်သက် နိုင်ပါသနည်း ဟူ၍ မေးသောအခါ အမိအဘတို့ ဣသိဒါသိက ကျွန်တော့ကို တစုံတခုမျှ နှိပ်စက်ညှဉ်းဆဲခြင်း မရှိပါ။ကောင်းမွန်စွာလုပ်ကျွေးပြုစုပါ၏။ သို့သော်လည်း ကျွန်တော်သည် ဣသိဒါသိနှင့် အတူတကွ မနေလိုပါ အလွန်မုန်းထားခြင်း ဖြစ်ပါသည်။ အမိအဘတို့ကို ပန်ကြား၍ အရပ်တပါး သွားပါတော့အံ့ ဟူ၍ ဆိုသည်ရှိသော် ကျွန်ုပ်၏ ယောက္ခမတို့သည် အကျွန်ုပ် ဣသိဒါသိကိုခေါ်၍ မေးပါ၏။ ချစ်သမီး ဣသိဒါသိ သင်သည် အဘယ်သို့ ချွတ်ယွင်းသနည်း သူ့ကိုအဘယ်သို့ ပြစ်မှားခြင်း ပြုသနည်း ဟုတ်ရာမှန်ရာကို ရဲရဲတင်းတင်း ကြောက်ရွံ့ခြင်း မရှိဘဲ ပြောပါလော့ဟု မေးသောအခါ တပည့်တော်မ ဣသိဒါသိသည် ယောက္ခမများကို ဤသို့ပြောပါ၏။ကျွန်တော်မသည် လင်ယောကျ်ားကို ရိုသေစွာ လုပ်ကျွေးပြုစုပါ၏။တစုံတခုမျှ ချွတ်ယွင်းသော အပြစ်မရှိပါ။ လင်ယောကျ်ားကို တစုံတခု မသင့်သော စကားကို မပြောဆိုပါ၊ သက်သက်မုန်းထားသည်ကို ကျွန်တော်မ အဘယ်သို့ တတ်နိုင်တော့ မည်နည်းဟု ပြောသောအခါ ယောက္ခမ အမိအဘတို့သည် သားကို စောင့်ရှောက်သောအားဖြင့် နှလုံးမသာ ဆင်းရဲစွာသော စိတ်ရှိလျက် အဆင်းလှစွာ နတ်ကညာကဲ့သို့သော ချွေးမမှ ဆုံးရှုံးရှာလေ၏ ဟူ၍ တပည့်တော်မ၏ အဘသူဌေးအိမ်သို့ ပြန်၍ ပို့ကြပါကုန်၏။ [ဤကား ပရဒါရကံကြောင့် ရှေးဦးစွာသော လင်တယောက် မုန်းထား၍ စွန့်ပစ် ခြင်းကို ခံရခြင်းတည်း]။

ဗောဓိထေရီ နာမည်ကျော်လှ အရှင်မ—တပည့်တော်မ ဣသိဒါသိ သည် အဘသူဌေးမင်း၏ အိမ်သို့ရောက်ပြန်သောအခါ တဘန်ဒုတိယ လင်တယောက်ရပြန်ပါ၏။ ထိုဒုတိယသင်ယောကျ်ားသည်ကား ပထမ လင်ယောကျ်ား လက်ဆောင်တင်သော ခန်းဝင်ပစ္စည်းထက်ဝက်မျှဖြင့် လက်ဆောင်တင်၍ တပည့်တော်မကို တောင်းယူပါ၏။ ထိုဒုတိယ လင်ယောကျ်ားအိမ်သို့လိုက်၍ တလမျှရှိလျှင် ဒုတိယ လင်သည်လည်း တပည့်တော်မကို နှင်ထုတ်ပြန်ပါ၏။ ဒုတိယလင်မုန်းထား၍ နှင်သော် လည်း တပည့်တော်မ ဣသိဒါသိ၌ တစုံတခု အပြစ်ရှိသည် မဟုတ်ပါ။ အကျင့်သီလနှင့် ပြည့်စုံစွာနေ၍ ကျွန်မကဲ့သို့ လင်ယောကျ်ားကို

ရှိသေစွာ လုပ်ကျွေးပါ၏။ ဤကား ပရဒါရကံကြောင့် ဒုတိယ လင်နှင်ထုတ်စွန့်ပစ်ခြင်းကို ခံရခြင်းတည်း။

ဤသို့ သူဌေးသားဖြစ်သော လင်နှစ်ယောက် စွန့်ပစ်ခြင်းကို ခံရသော သမီးကို အဘသူဌေးကြီးသည် ငါ့သမီးအား သူဌေးသားများက စွန့်ပစ်လျှင် သူဆင်းရဲ မွဲတေသော သူတောင်းစားနှင့် ပေးစား၍ထားလျှင် ချမ်းသာကြွယ်ဝ အဆင်းလှသော ငါ့သမီးကို မစွန့်ပစ်နိုင်ရာဟု သဘောထား၍ ရဟန်းတု ရှင်ယောင်ပြုလုပ်၍ အိုးခွက်ဖြင့် သူတပါးတို့ သနားခြင်းရှိအောင် ကိုယ်နှုတ်တို့ကို နူးညံ့စွာ ပြုမူပြောဆို သွားလာ လှည့်ပတ်၍ တောင်းစားနေသော ဒမကမည်သော ရှင်ယောင် ရဟန်းယောင် သူတောင်းစားကိုခေါ်၍ သင်သည် တောင်းစားသော အိုးခွက်တို့ကို စွန့်ပစ်၍ ငါ၏သမက် ဖြစ်ပါလော့။ သင်အား ကောင်းမွန်စွာ ကျွေးမွေး၍ ထားအံ့ဟု ပြောဆို၍ သမီးနှင့်ပေးစားလျက် ကောင်းမွန်စွာ ထားပါ၏။ ထိုသို့ ကောင်းမွန်စွာထားသော သူတောင်းစားရှင်ယောင် လူထွက်သည်လည်း တဆယ့်ငါးရက် တပက္ခရှိလျှင် တပည့်တော်မနှင့် အတူမနေလို၍ သူဌေးမင်း အကျွန်ုပ်၏ တောင်းစားနေကျ ခွက်ကိုပေးပါလော့၊ သူဌေးမင်း၏သမီးနှင့် အကျွန်ုပ်အတူတကွ မနေလိုပါ အကျွန်ုပ်ဘာသာ တောင်း၍စားပါတော့အံ့ဟု အဘအား ပြောပြန်ပါ၏။ ထိုသို့ ပြောသောအခါ တပည့်တော်မ၏ အဘသည်၎င်း ဆွေမျိုး အပေါင်းတို့သည်၎င်း အလုံးစုံစုပေါင်း၍အမောင်ဒမကသူတောင်းစားချမ်းသာစွာ စားသောက်နေထိုင်ရသော ဤအိမ်၌ အဘယ့်ကြောင့် မပျော်မွေ့ပါသနည်း အမောင်အလိုရှိရာကို လျှင်မြန်စွာ ပြောဆိုပါလော့၊ ငါတို့သည် အမောင်အလိုရှိရာကိုပြုလုပ်၍ပေးပါအံ့ဟု တောင်းပန်ခယပြောဆိုသော အခါ အကျွန်ုပ်၏အကျိုးကိုအလိုရှိငြားအံ့ အကျွန်ုပ်ကို ခွင့်လွှတ်ပါလော့၊ အကျွန်ုပ်သည် ဣသိဒါသီနှင့် တအိမ်တည်း အတူတကွ မနေလိုပါဟု ပြောဆိုပါ၏။ ဤသို့ ပြောဆိုသော ဒမကမည်သော သူတောင်းစား ရှင်ယောင်လူထွက်ကို အမောင်သွားလိုလျှင် သွားပါတော့ဟု ဆို၍ လွှတ်လိုက်ရပါတော့၏။ ဗောဓိထေရီ နာမည်သာလှ အရှင်မ တပည့်တော်မသည် အသက်အရွယ် ငယ်ငယ်နုနု လှပသောအဆင်း ရုပ်ရေနှင့် ပြည့်စုံလျက် ကောင်းမွန်စွာ ကျွေးမွေး၍ ထားသော သူတောင်းစားလင်သည်လည်း တပည့်တော်မကို မစုံမက်နိုင်ဘဲ စွန့်ပစ်၍သွားပါ၏။

ဤကား ပရဒါရကံကြောင့် ငါ့မိက ဥစ္စာပေး၍ ကျွေးထားသော သူ့တောင်းစားလင်သည်လည်း မစုံမက်နိုင်ဘဲ စွန့်ပစ်ခြင်းကို ခံရခြင်း တည်း။

ဤသို့ လင်သုံးယောက်တိုင်အောင် စွန့်ပစ်ခြင်းကိုခံရသော တပည့်တော်မ ဣသိဒါသီသည် တကိုယ်တည်းနေလျက် ဤသို့ အကြံဖြစ်ပါ၏။ ငါသည် အမိအဘတို့ကို မပန်ကြားဘဲ သွားတော့အံ့၊ သေခြင်းကိုသော်လည်း ပြုတော့အံ့၊ မသေပံ့လျှင်လည်း ရဟန်းမိန်းမ ပြုလုပ်တော့အံ့၊ ဤသို့ကြံစည်၍ နေရာတွင် အရှင်မ ဇိနဒတ္တာထေရီသည် ဆွမ်းအလို့ငှါ လှည့်လည်၍ လာသည်ကိုမြင်လျှင် တပည့်တော်မသည် နေရာမှထ၍ ကောင်းမွန်စွာ နေရာကိုခင်းပြီးလျှင် အိမ်ပေါ်သို့ပင့်၍ ရှိသေစွာရှိခိုး လျက် ဆွမ်းကျွေးပြီးလျှင် တပည့်တော်မသည် အရှင်မအထံ၌ ရဟန်း ပြု၍ နေလိုပါ၏ဟု တောင်းပန် လျှောက်ကြားပါ၏။ ထိုအခါ တပည့် တော်မ၏ အဘသည် ချစ်သမီး ဤအိမ်၌ပင်နေ၍ တရားကို ကျင့်ပါလော့၊ ရဟန်းတို့ကိုလည်း ဆွမ်းအဖျော်ခဲဘွယ် ဘောဇဉ်တို့ဖြင့် လုပ်ကျွေး၍ နေပါလော့၊ ရဟန်းမပြုပါလင့်ဟု ပြောဆိုပါ၏။ ထိုအခါ တပည့်တော် မသည် ငိုကြွေးလျက် လက်အုပ်ချီ ရှိခိုးပြီးလျှင် အဘကိုပြောပါ၏။ မွေးသဘခင် ကျေးဇူးရှင် ကျွန်တော်မသည် ရှေးဘဝတို့က မကောင်း မှုကို ပြုမိသဖြင့် လင်သုံးယောက်တိုင်အောင် စွန့်ပစ်ခြင်းကို ခံရပါ၏။ ထိုမကောင်းမှုကို ပပျောက်အောင် တရားကိုကျင့်ပါအံ့ ရဟန်းပြုခြင်းငှါ ခွင့်ပေးတော်မူပါ၊ ဤသို့ ခွင့်တောင်းသောအခါ ချစ်သမီးဣသိဒါသီ ချစ်သမီး ရဟန်းပြုလိုလျှင်လည်း ရဟန်းပြုပါတော့ အဘခွင့်ပေးပါ၏၊ နိဗ္ဗာန် မဂ် ဖိုလ်ကို ချစ်သမီးရပါစေလော့ဟု ဆို၍ ခွင့်ပေးသောအခါ တပည့်တော်မသည် အဘကိုရင်း ဆွေမျိုးအပေါင်းကိုရင်း ရှိခိုးဦးချ ကန်တော့ပြီး၍ အရှင်မ ဇိနဒတ္တာထေရီအထံသို့ လိုက်ပြီးလျှင် ရဟန်းပြု ပါ၏၊ ရဟန်းပြု၍ တရားကိုအားထုတ်သောအခါ ခုနစ်ရက်ရှိလျှင် ဝိဇ္ဇာ သုံးပါးကိုရ၍ ရဟန္တာမိန်းမ ဖြစ်ရပါ၏။

မာတာပိတုံ အဘိဝါဒေတွာ၊ သဗ္ဗဉ္စ ဉာတိဂဏဝဂ္ဂံ။
သတ္တာဟံ ပဗ္ဗဇိတွာန၊ တိဿော ဝိဇ္ဇာ အဖဿယိံ။

အယျေ၊ ဗောဓိထေရီနာမည်သာလျှ အရှင်မ။ အဟံ တပည့်တော်မ ဣသိဒါသီသည်။ မာတာပိတု အမိအဘတို့ကို။ အဘိဝါဒေတွာ ရှိခိုး၍။

သဗ္ဗညု၊ အလုံးစုံလည်းဖြစ်သော။ ဉာဏဂဏာဝဂ္ဂံ၊ ဆွေမျိုးအပေါင်းစုကို။ ဇဟာယ၊ စွန့်ခဲ့၍။ ပဗ္ဗဇိတွာန၊ ရဟန်းပြုပြီး၍။ သတ္တာဟံ၊ ခုနစ်ရက်ရှိသော်။ တိဿောဝိဇ္ဇာ၊ ဝိဇ္ဇာသုံးပါးတို့ကို။ အပဿယိ၊ ရောက်ရပါ၏။

ဣသိဒါသီ ထေရီအရှင်မသည် ဗောဓိထေရီ မေးသော ပုစ္ဆာကို ဖြေဆိုလျက် အတိတ်ဘဝတို့က ပရဒါရကံ၏ အကျိုးဆက်ကို ဟောကြားတော်မူလိုရကား ဤဂါထာကို မိန့်တော်မူအပ်သတည်း။

> ဇာနာမိ အတ္တနော သတ္တ ဇာတိယော၊ ယဿာယံ ဖလဝိပါကော။
> တံ တဝ အာစိက္ခိဿံ၊ တံ ဧကမနာ နိသာမေဟိ။

အယျေ၊ ဗောဓိထေရီ နာမည်သာလျှ အရှင်မ။ အဟံ၊ တပည့်တော်မ ဣသိဒါသီသည်။ အတ္တနော၊ မိမိ၏။ သတ္တ ဇာတိယော၊ ခုနစ်ဘဝတို့ကို။ ဇာနာမိ၊ သိပါ၏။ ယဿ၊ အကြင် ပရဒါရကံ၏။ ဖလဝိပါကော၊ မကောင်းကျိုးကို။ တဝ၊ အရှင်မ ဗောဓိထေရီအား။ အာစိက္ခိဿံ၊ ပြောကြားပါအံ့။ တံ၊ ထိုတရားစကားကို။ ဧကမနာ၊ စိတ်တခုထဲ အာရုံစွဲ၍။ နိသာမေဟိ၊ မှတ်သားနာယူပါလော့။

ဗောဓိထေရီ နာမည်သာလျှအရှင်မ တပည့်တော်မသည် ယခုဘဝမှ နောက်ဆုတ်ပြန်၍ ရေသည်ရှိသော် ခုနစ်ခု မြောက်သော ဘဝ၌ ဧရကကစ္ဆ မြို့ဝယ် ဥစ္စာကြွယ်သော ရွှေပန်းထိမ်သည်သား ဖြစ်ပါ၏။ အရွယ်အဆင်းမာန်ယစ်ခြင်းဖြင့် သူတပါး၏မယားကို ပြစ်မှားလွန်ကျူးလိုက်စားဘူး၏။ ထိုတပည့်တော်မသည် ရွှေပန်းထိမ်သည်ဘဝမှ စုတေသည်ရှိသော် များစွာနှစ်ပေါင်းထောင်သောင်းမက ကျက်ရသော ငရဲပြည်၌ ဆင်းရဲကိုခံပြီးမှ ဘဘန်လွတ်ခဲ့ ပြန်သော် မျောက်မ၏ ဝမ်း၌ ပဋိသန္ဓေ နေ၍ မွေးဖွားပြီး နောက် ခုနစ်ရက်မြောက်၌ မျောက်တို့ဦးစီး မျောက်မင်းကြီးသည် ဝှေးစေ့ကိုကိုက်ဖြတ်၍ သတ်လေ၏။ ဤသည်လည်း ထိုပရဒါရ ပါပသည်ကျူး မကောင်းမှု၏ အကျိုးဆက် ဖြစ်ပါ၏။ မျောက်ဘဝမှတဘန် စုတေပြန်သော် မျက်စိလည်းကန်း ခြေလည်းခွင်သော ဆိတ်ကန်းမ၏ ဝမ်း၌ ပဋိသန္ဓေနေ၍ မွေးဖွားပြီး နောက် ဆိတ်သိုးဖြစ်၍ အရွယ်ရောက်လျှင် ဝှေးစေ့ကိုဘောက်ထုတ်၍ ကလေးသူငယ်တို့စီးသည်ကို ရွက်ဆောင်ရန်းငင်၍ နေရသဖြင့် ဝှေးစေ့

ဘောက်ထုတ်သော အနာမှ ပိုးလောက်တက်၍ တဆဲ့နှစ်နှစ်ပတ်လုံး နာကျင် ဆင်းရဲစွာ နေရ၏။ ဤသည်လည်း ပရဒါရ ပါပညစ်ကျူး မကောင်းမှု၏ အကျိုးဆက် ဖြစ်ပါ၏။ သိန္ဓဝတိုင်း၌ ဆိတ်ဘဝမှ တဘန်စုတေပြန်သော် နွားကုန်သည်၏ နွားမဝမ်း၌ ပဋိသန္ဓေနေ၍ မွေးဖွားသဖြင့် အမွေးနီသော နွားကလေးဖြစ်ရ၏။ ဘဆဲ့နှစ်လ ရှိသော် ဝှေးစေ့ကိုထုတ်၍ ကျင်နာဆင်းရဲစွာသော လှည်းတို့ကို ရွက်ဆောင် ရုန်းငင်၍ နေရ၏။ ဤသည်လည်း ပရဒါရ ပါပညစ်ကျူး မကောင်းမှု၏ အကျိုးဆက်ဖြစ်ပါ၏။ ။ထိုနွားဘဝမှတဘန် စုတေပြန်သော် မြို့လမ်းမ အနီး အိမ်ကျွန်မ၏ ဝမ်း၌ ပဋိသန္ဓေနေ၍ မွေးဖွားသောအခါ လိင် မပါဘဲ ယောကျ်ားလည်းမဟုတ်မိန်းမလည်းမဟုတ် ပဏ္ဍုက်နပုံးဖြစ်၍ နေရ၏။ဤသည်လည်း ပရဒါရပါပညစ်ကျူးမကောင်းမှု၏ အကျိုးဆက် ဖြစ်ပါ၏။ ထိုနပုံးပဏ္ဍုက်ဘဝ၌ အသက်သုံးဆယ်ရှိလျှင် စုတေပြန်၍ ဥစ္စာနွမ်းမွဲဆင်းရဲလှစွာသော လှည်းလုပ်သမား၏သမီးဖြစ်ရပါ၏။လှည်း လုပ်သမား၏ သမီးဖြစ်သောအခါ၌ ဥစ္စာပေါများသော သူဌေးအထံမှ ကြွေးယူ၍ စားရသောကြောင့် ကြွေးထူရကား ကြွေးရှင်ဖြစ်သော လှည်းကုန်သည်မှူးသည် တပည့်တော်မကို အတိုးအပွားကြွေးတွေ များလျှင် ကျွန်ပြု၍ခိုင်းစေရန် အတင်းဆွဲခေါ်၍ သွားပါ၏။ ငိုကြွေး လျက် ကြွေးရှင်၏အိမ်သို့ လိုက်ပါ၍သွားရပါ၏။ ထိုကြွေးရှင်ဖြစ်သော လှည်းကုန်သည်မှူး၏ အိမ်၌ အစေခံကျွန်ဖြစ်၍ တဆဲ့ခြောက်နှစ် အပျို ဖြစ်လျှင် ဂိရိဒါသမည်သော ထိုကြွေးရှင် လှည်းကုန်သည်မှူး၏သား သည် တပည့်တော်မကို တပ်မက်ခြင်းရှိလျက် မယားပြု၍ ထားပါ၏။ ထိုဂိရိဒါသ၌လည်းသီလနှင့် ပြည့်စုံသော မယားကြီးတယောက်ရှိပါ၏။ ထိုမယားကြီးနှင့် လင်ယောကျ်ား မုန်းထားခြင်းဖြစ်အောင် ကုံးစကား ပြောမိသော အပြစ်ကံကို တပည့်တော်မသည် ပြုမိ ပြန်လေ၏။ သူ့ဘပါး၏ မယားကို ပြစ်မှားသော ပရဒါရကံ မယားကြီးကို လင်မုန်း အောင် ကုံးဘိုက်စကား ပြောကြားသော ဝိသုဏာဝါစာကံ ထိုကံတို့ သည် လိုက်၍နှိပ်စက်သဖြင့် လင်ယောကျ်ား သုံးဆက်တိုင်အောင် နှစ်သက်ခြင်း မရှိနိုင်ဘဲ မုန်းထားခြင်းဖြစ်၍ ကျွန်မကဲ့သို့ ရှိသေစွာ လုပ်ကျွေးသော တပည့်တော်မ ဣသိဒါသီကို စွန့်ပစ်၍ သွားကြပါ ကုန်၏။ထိုမကောင်းမှုကံတို့၏ အဆုံးသည် ယခုဘဝတွင် အပြီးသတ်၍

ခပ်သိမ်းသော ဆင်းရဲအပေါင်းတို့မှ ကင်းလွတ်သော ရဟန္တာမိန်းမ အဖြစ်သို့ ရောက်ပါသတည်းဟူ၍ ဣသိဒါသီအရှင်မ ဟောကြားတော်မူအပ်သတည်း။

ဣသိဒါသီ အပဒါန်ဝတ္ထု ပြီး၏။ ။[သဂ္ဂဝတ္ထု]။

အဂ္ဂသာဝကနှင့် အဂ္ဂုပဋ္ဌာကတို့ အကြောင်း

ကောလိတော ဥပတိဿော စ၊ ဒွေဘိက္ခူ အဂ္ဂသာဝကာ။
အာနန္ဒော နာမုပဋ္ဌာကော၊ သန္တိကာ ဝစရော မမ။
ခေမာ ဥပ္ပလဝဏ္ဏာ စ၊ အဂ္ဂသာဝိကာ ဘိက္ခုနီ။
စိတ္တော ဟတ္ထာဠဝကော စ၊ အဂ္ဂုပဋ္ဌာ ကုပါသကာ။
နန္ဒမာတာ စ ဥတ္တရာ၊ အဂ္ဂုပဋ္ဌာ ကုပါသိကာ။

ဗုဒ္ဓဝံသပါဠိတော်-၄၂၁။ ၄၆၅၊ အပဒါန်ပါဠိတော်-၂၀၉။

ဘုရားတဆူလျှင် အဂ္ဂသာဝက ရဟန်းယောကျ်ားနှစ်ပါး၊ အဂ္ဂသာဝိကာရဟန်း မိန်းမနှစ်ပါး၊ ဥပဋ္ဌာကရဟန်းတပါး၊ အဂ္ဂုပဋ္ဌာက ဥပါသကာ ယောကျ်ားနှစ်ယောက်၊ အဂ္ဂုပဋ္ဌာက ဥပသိကာ မိန်းမနှစ်ယောက်ရှိမြဲဓမ္မတာဖြစ်၏။ ငါတို့မြတ်စွာဘုရား၌ အရှင်သာရိပုတ္တရာ အရှင်မောဂ္ဂလာန်တို့သည် အဂ္ဂသာဝက ရဟန်းယော ကျ်ားဖြစ်ကုန်၏။ ခေမာထေရီ ဥပ္ပလဝဏ္ဏာ ထေရီတို့သည် အဂ္ဂသာဝိကာ ရဟန်းမိန်းမ ဖြစ်ကုန်၏။ အရှင်အာနန္ဒာသည် အလုပ်အကျွေး ဥပဋ္ဌာက ရဟန်း ယောကျ်ား ဖြစ်၏။ စိတ္တသူကြွယ်နှင့် ဟတ္ထာဠဝက ဥပါသကာ နှစ်ယောက်တို့သည် အဂ္ဂုပဋ္ဌာကဥပါသကာဖြစ်ကုန်၏။ ဝေဠုကဏ္ဍကီ နန္ဒမာတာနှင့် ခုဇ္ဇုတ္တရာတို့သည် အဂ္ဂုပဋ္ဌာက ဥပါသိကာ ဖြစ်ကုန်၏။ [ဥတ္တရာ နန္ဒမာတာ မဟုတ်]။

မြတ်စွာဘုရားသည် ထိုပုဂ္ဂိုလ်မြတ်တို့ကို တုလာပမာဏ ပုံတူပြ၍ နည်းယူကြစေရန် ရဟန်းတို့အား ဟောကြားဆုံးမတော်မူ၏။

ဒါရုဏော ဘိက္ခဝေ လာဘသက္ကာရော ကဋုကော ဖရုသော အန္တရာယိကော အနုတ္တရဿ ယောဂက္ခေမဿ၊ သဒ္ဓါ ဘိက္ခဝေ ဥပါသိကာ ဧကပုတ္တကံ ပိယံ မနာပံ၊ ဧဝံ သမ္မာ အာယာစမာနာ အာယာစေယျ တာဒိသော

တာတ ဘဝါဟိ စိတ္တော စ ဂဟပတိ ဟတ္ထကော စ အာဠဝကောတိ။ ဧသာ ဘိက္ခဝေ တုလာ၊ ဧတံ ပမာဏံ မမ သာဝကာနံ ဥပါသကာနံ ယဒိဒံ စိတ္တော စ ဂဟပတိ ဟတ္ထကော စ အာဠဝကော။ သစေ ခေါ တွံ တာတ အဂါရသ္မာ အနဂါရိယံ ပဗ္ဗဇသိ။ တာဒိသော တာတ ဘဝါဟိ ယာဒိသာ သာရိပုတ္တမောဂ္ဂလာနာ တိ။ လ။

သဒ္ဓါ ဘိက္ခဝေ ဥပါသိကာ ဧကံ ဓီတရံ ပိယံ မနာပံ၊ ဧဝံ သမ္မာ အာယာစမာနာ အာယာစေယျ၊ တာဒိသာ အယျေ ဘဝါဟိ။ ယာဒိသာ ခုဇ္ဇုတ္တရာ စ ဥပါသိကာ ဝေဠုကဏ္ဍကီ ယာ စ နန္ဒမာတာတိ၊ ဧသာ ဘိက္ခဝေ တုလာ ဧတံ ပမာဏံ မမ သာဝိကာနံ ဥပါသိကာနံ၊ ယဒိဒံ ခုဇ္ဇုတ္တရာ စ ဥပါသိကာ ဝေဠုကဏ္ဍကီ ယာ စ နန္ဒမာတာ။ သစေ ခေါ တံ အယျေ အဂါရသ္မာ အနဂါရိယံ ပဗ္ဗဇသိ တာဒိသာ အယျေ ဘဝါဟိ၊ ယာဒိသာ ခေမာ စ ဘိက္ခုနီ ဥပ္ပလဝဏ္ဏာ စာတိ။

နိဒါနဝဂ္ဂသံယုတ်ပါဠိတော်-၁၆၇။ စတုက္ကအင်္ဂုတ္တိုရ်ပါဠိတော်-၄၀၂။

ချစ်သား ရဟန်းတို့—လာဘ သက္ကာရသည် ပြင်းထန် ခါးစပ်ကြမ်းကြုတ်လှစွာ၏။ အလွန်မြတ်လှစွာသော ဈာန်မဂ်ဖိုလ်၏ အန္တရာယ်ကို ပြုတတ်၏။ ချစ်သား ရဟန်းတို့ သဒ္ဓါမည်သော ဥပါသိကာ မိန်းမသည် ချစ်ခင်လှစွာသော သားကလေးတယောက်ကို ဤသို့ ဆုံးမ၏။ ချစ်သားလူကလေး စိတ္တသူကြွယ်နှင့် ဟတ္ထာဠဝကတို့ကဲ့သို့ ကောင်းစွာနေပါလော့ ဟူ၍ ဆုံးမ၏။ သမီးကလေးကိုလည်း ချစ်သမီး ခုဇ္ဇုတ္တရာနှင့်ဝေဠုကဏ္ဍကီ နန္ဒမာတာတို့ကဲ့သို့ ကောင်းစွာနေပါလော့ ဟူ၍ ဆုံးမ၏။ ချစ်သားရဟန်းတို့ သူတို့သည် ငါဘုရားသာသနာတော်၌ အတုယူစရာ ချိန်ပမာဏဖြစ်ကုန်၏။ ဤသို့ မြတ်စွာဘုရား ဟောတော်မူ၏။ ချစ်သားရဟန်းတို့ သဒ္ဓါမည်သော ဥပါသိကာမိန်းမသည် သားကလေးနှင့် သမီးကလေးကို ဆုံးမသကဲ့သို့ ငါဘုရားသည်လည်း သင်တို့ကို ဆုံးမတော်မူ၏။

အဂ္ဂသာဝကနှင့် အဂ္ဂုပဋ္ဌာကတို့ အပဒါနဝတ္ထု ပြီး၏။

[ကောသဋ္ဌဝတ္ထု]

အဂ္ဂုပဋ္ဌာက ဥပါသိကာ ဝေဠုကဏ္ဋကီ နန္ဒမာတာ ဝတ္ထု

အရှင်သာရိပုတ္တရာ အရှင်မောဂ္ဂလာန်တို့သည် များစွာသောရဟန်း သံဃာတော်တို့နှင့် တကွ ဒက္ခိဏာဂိရိသို့ ဒေသစာရီ လှည့်လည်တော်မူ၏။ ထိုအခါ၌ ဝေဠုကဏ္ဋကီနန္ဒမာတာသည် ညဉ့်အခါ စောစောထ၍ ဗုဒ္ဓနိဒ္ဒေသပါဠိတော် ပါရာယနဝဂ်ကို သရဘညအသံဖြင့် ရွတ်ဆို၍ နေ၏။ ထိုအခါ၌ ဝေဿဝဏ္ဏ နတ်မင်းကြီးသည် မြောက်အရပ်မှ တောင်အရပ်သို့ တစုံတခုသော ပြုဘွယ်ကိစ္စဖြင့် ကောင်းကင်ခရီးဖြင့် သွားရာတွင် နန္ဒမာတာ ရွတ်ဆိုသော ပါရာယနဝဂ်ဂါထာတို့ကိုကြား၍ ပါရာယန ဝဂ်ဆုံးအောင် နာ၍နေ၏။ ပါရာယနဝဂ်ဆုံးသော အခါ၌ သာဓု သာဓု ဘဂိနီဟူ၍ သာဓုခေါ်၏။ ဝေဠုကဏ္ဋကီ နန္ဒမာတာသည် သာဓုခေါ်သောသူကား အဘယ်သူပါနည်းဟု ဆို၏။ ငါသည် သင်၏ မောင်ကြီးဖြစ်သော ဝေဿဝဏ္ဏ နတ်မင်းကြီးဖြစ်သည်။သင်၏ မောင်ကြီးသည် သာဓုခေါ်ပါသည်ဟု ဆို၏။ ကောင်းပါပြီ လှသော မျက်နှာရှိသော နတ်မင်း အသင်နတ်မင်းသည် အကျွန်ုပ် ရွတ်ဆိုသော တရားတော်ကို အလွန်ခိုးယူခြင်း ဖြစ်စေ သတည်းဟု ဆို၏။ ကောင်းပါပြီနှစ်မ ဤတရားတော်ကိုလည်း ငါခိုးယူခြင်းဖြစ်ပါစေ နက်ဖြန်နံနက် ဆွမ်းမစားမီ အရှင်သာရိပုတ္တရာ အရှင်မောဂ္ဂလာန်တို့သည် ရဟန်းသံဃာတော်တို့နှင့် တကွ ဝေဠုကဏ္ဋက ရွာသို့ ရောက်လတ္တံ့၊ ထိုရဟန်းသံဃာတော်တို့ကို ဆွမ်းကျွေး၍ ငါ့အား အမျှဝေပါလော့ ဤကုသိုလ်အမှုကိုလည်း ငါခိုးယူခြင်း ဖြစ်ပါစေလော့ဟုဆို၏။

ထိုအခါ၌ နန္ဒမာတာသည် ထိုညဉ့်မိုးသောက်ထ၍ မိမိအိမ်ဝယ် ခဲဘွယ်ဘောဇဉ်တို့ကို စီရင်၍ထား၏။ အရှင်သာရိပုတ္တရာ အရှင်မောဂ္ဂလာန် အမှူးရှိသော သံဃာတော် တို့သည်လည်း ဝေဠုကဏ္ဋကရွာသို့ ရောက်တော်မူလာကြကုန်၏။ ထိုအခါ၌ နန္ဒမာတာသည် အစေခံယောကျ်ားတယောက်ကိုစေလွှတ်၏။အရှင်မနန္ဒမာတာအိမ်သို့ကြွတော်မူကြပါ အရှင်ဘုရားတို့ ဆွမ်းပြင်၍ပြီးပါပြီဟူ၍ ရဟန်း သံဃာတော်များကို လျှောက်ကြားလေလော့ဟူ၍ စေလွှတ်သောအခါ ထိုအစေခံယောကျ်ားသည် ကျောင်းတိုက်သို့သွား၍ ကာလော ဘန္တေ နိဋ္ဌိတံဘတ္တံဟု လျှောက်ကြား၏။ ထိုအခါ၌ အရှင်သာရိပုတ္တရာ အရှင်မောဂ္ဂလာန်

အမှူးရှိသော ရဟန်းသံဃာတော် အပေါင်းသည် သင်းပိုင်ကို ပြင်ကာ ဝတ်တော်မူကြ၍ သပိတ်သင်္ကန်းကိုယူလျက် နန္ဒမာတာ၏အိမ်သို့ သွား ရောက်၍ ခင်းထားသော နေရာ၌ ထိုင်တော်မူကြကုန်၏။ ထိုအခါ၌ နန္ဒမာတာသည် ရဟန်းသံဃာတော်တို့အား မွန်မြတ်သော ခဲဘွယ် ဘောဇဉ်တို့ဖြင့် ရောင့်ရဲတင်းတိမ်စေ၍ သင့်တင့်ရာ၌ ထိုင်နေ၏။

ထိုအခါ၌ အရှင်သာရိပုတ္တရာသည် နန္ဒမာတာ သင်အား အဘယ်သူ သည် ရဟန်းသံဃာများ ရောက်လာကြောင်းကို ပြောသနည်းဟု မေး တော်မူ၏။ တပည့်တော်မသည် ညဉ့်ဦးစောစောထ၍ ပါရာယနဝဂ်ကို ရွတ်ဆို၍နေပါသည် ထိုအခါ၌ ဝေဿဝဏ္ဏနတ်မင်းသည် ကောင်းကင် ခရီးဖြင့် လာရာတွင်ကြား၍ တရားတော် ဂါထာများကိုနာ၍ ပြီးဆုံး သော အခါ၌ သာဓု ခေါ်၍ တပည့်တော်မအား ပြောကြား၍ သွား ပါကြောင်းပါ အရှင်ဘုရား။ တပည့်တော်မ ယခုဆွမ်းလုပ်ကျွေးသော ကုသိုလ်မြတ်သည် ဝေဿဝဏ္ဏနတ်မင်းကြီးအား ချမ်းသာခြင်းငှါ ဖြစ်ပါစေသတည်းအရှင်ဘုရား။ အံ့ဩဘွယ်ရှိပေစွ၊ နန္ဒမာတာ မဖြစ်ဘူး မြဲဖြစ်ပေစွ၊ ဤသို့တန်ခိုးကြီးသော နတ်မင်းကြီးနှင့် မျက်မှောက်ထင်ထင် စကားပြောရခြင်းသည် အံ့ဩဘွယ် ဖြစ်ပါပေ၏ဟု မိန့်တော်မူ၏။

အရှင်ဘုရား တပည့်တော်မအား ဤတခုသာ အံ့ဩဘွယ် ရှိသည် မဟုတ်ပါ၊ ဤမှတပါးလည်း အံ့ဩဘွယ် ရှိပါသေး၏၊ တပည့်တော်မ၏ သားကလေး တယောက်ထည်းရှိပါ၏၊ ချစ်ခင်မြတ်နိုးဘွယ်သော ထို သားကလေးကို အရိုးရမင်းများသည် တစုံတရာ အကြောင်းရှာ၍ သတ်ပစ်ကြပါကုန်၏။ ထိုသူငယ်ကလေးကို ဘမ်းယူဆဲ၌ရင်း၊ ဘမ်းယူ ပြီး၌ရင်း၊ သတ်ဆဲ၌ရင်း၊ သတ်ပြီး၌ရင်း၊ စိတ်ဖောက်ပြန်ခြင်း မရှိပါ အရှင်ဘုရား။ နန္ဒမာတာ သင်၏စိတ်ကို ဖြူစင်အောင် နေနိုင်ခြင်းသည် အံ့ဩဘွယ်ရှိပေစွ။ အရှင်ဘုရား ဤမှတပါးလည်း အံ့ဩဘွယ်ရှိပါသေး ၏၊ တပည့်တော်မ၏ လင်ယောကျ်ားသည် သေဆုံး၍ တနေသော ယက္ခ အမျိုး၌ ဖြစ်၍ ဈေးကကိုယ်ဖြင့် ကိုယ်တိုင်ပြပါသည် ထိုသို့ကိုယ်တိုင် ပြခြင်းကြောင့် တပည့်တော်မသည် စိတ်ဖောက်ပြန်ခြင်း မရှိပါ အရှင် ဘုရား။ နန္ဒမာတာ စိတ်ကိုသုတ်သင် ဖြူစင်စေနိုင်ခြင်းသည် အံ့ဩဘွယ် ရှိပေစွ။ အရှင်ဘုရား ဤမှတပါးလည်း အံ့ဩဘွယ်တခု ရှိပါသေး၏၊ တပည့်တော်မသည် အပျိုအရွယ် ငယ်စဉ်ကပင်လျှင် ပျိုရွယ်သော

လင်ယောကျ်ားဏ်္ဍ အိမ်သို့ရောက်ပါ၏၊ ဤမှစ၍ တပါးသောလင်ယောကျ်ားကို စိတ်ဖြင့်လည်း မလွန်ကျူးပါ ကိုယ်ဖြင့်အဘယ်ဆိုဘွယ်ရာ ရှိအံ့နည်း။ အရှင်သာရိပုတ္တရာက အံ့ဩဘွယ် ရှိကြောင်းကို မိန့်တော်မူပြန်၏။ ဤမှတပါးလည်း အံ့ဩဘွယ် ရှိပါသေး၏၊ တပည့်တော်မသည် ဥပါသိကာမ၏ အဖြစ်ကို ဝန်ခံလျှောက်ကြားသည်မှစ၍ တစုံတခုသော သိက္ခာပုဒ်ကို လွန်ကျူးခြင်းမဖြစ်ပါ အရှင်ဘုရား။ ဤမှတပါးလည်း အံ့ဩဘွယ်ရှိပါသေး၏၊ တပည့်တော်မသည် ပဌမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန်တို့ကို အလိုရှိတိုင်း ဝင်စား၍နေနိုင်ပါ၏။ ဤမှတပါးလည်း အံ့ဩဘွယ် ရှိပါသေး၏၊ တပည့်တော်မသည် ကာမဘုံသို့ ဖြစ်စေတတ်သော ဩရမ္ဘာဂိယ သံယောဇဉ် ငါးပါးတို့တွင် မပယ်စွန့်သော သံယောဇဉ်ကို တစုံတခုမျှ မမြင်ပါအရှင်ဘုရား။ နန္ဒမာတာ အံ့ဩဘွယ်ရှိပေစွဟု ချီးမွမ်းအံ့ဩတော်မူ၍ နန္ဒမာတာကို တရားစကား ဟောကြားတော်မူပြီး၍ အရှင်သာရိပုတ္တရာ ကြွသွားတော်မူ၏။ [သတ္တင်္ဂုတ္တရပါဠိတော်-၃၀၀]။

အံ့ဩဘွယ်ခုနစ်ပါးနှင့် ပြည့်စုံသော ဝေဠုကဏ္ဍကီ နန္ဒမာတာ ဝတ္ထုပြီး၏။ ။[ဒွါသဋ္ဌိဝတ္ထု]။

ဥတ္တရာနှင့် နန္ဒလုလင်ဝတ္ထု

မြတ်စွာဘုရား၏ လက်ထက်တော်က ရာဇဂြိုဟ်ပြည်ကြီး၌ သုမန အမည်ရှိသော သူဌေးအိမ်၌ သူရင်းငှါးပြုလုပ်၍နေသော သူဆင်းရဲ ပုဏ္ဏမယားဘာရိတာတို့၌ ဥတ္တရာအမည်ရှိသောသမီးကလေးတယောက် ရှိ၏။ သုမနသူဌေးသည် ထိုသူဆင်းရဲ ပုဏ္ဏကို ပေးမြဲတိုင်းသော အခကိုပေး၍ လယ်ထွန်ခိုင်း၏၊ ပုဏ္ဏသူဆင်းရဲသည် မယားဘာရိတာကို ထမင်းပို့ရန် မှာထားခဲ့၍ လယ်ထွန်သွား၏။ ထိုအခါ၌ အရှင်သာရိပုတ္တရာသည် နိရောဓသမာပတ်မှ ထတော်မူ၍ ချီးမြှောက်ထိုက်သော ဇွေးကံပါရမီရှိသူကို ကြည့်ရှုလတ်သော် ပုဏ္ဏသူဆင်းရဲကိုမြင်၍ သပိတ်သင်္ကန်းကို ယူတော်မူလျက် ကြွလာတော်မူ၍ ပုဏ္ဏသူဆင်းရဲလုပ်၍နေသော လယ်ကွင်း ရေတွင်း၏အနီး၌ ချုံကြီးတခုကိုကြည့်ရှု၍ ရပ်တော်မူ၏။ ထိုသို့ ရပ်တော်မူသည်ကို ပုဏ္ဏသူဆင်းရဲ မြင်၍ ဤအရှင်မြတ်

သည် မျက်သစ်ရေ ဒန်ပူအလို့ငှါ ရပ်တော်မူသည်ဟုအောက်မေ့လျက် အနီးသို့လာ၍ရှိခိုး၏။ အရှင်သာရိပုတ္တရာသည် သပိတ် ရေစစ်တို့ကို ထုတ်၍ပေး၏။ ပုဏ္ဏလည်း မျက်သစ်ရေကိုခပ်၍ ဒန်ပူကိုကပ်၏။ အရှင်သာရိပုတ္တရာသည် မျက်သစ်ဒန်ပူကို သုံးဆောင်တော်မူပြီး၍ လမ်းခရီး အစဉ်အတိုင်း ကြွတော်မူ၏။ ထိုပုဏ္ဏ၏မယား ဘာရိတာသည် ထမင်း ပို့လာရာတွင် အရှင်သာရိပုတ္တရာကိုမြင်၍ မိမိလင်အဖို့ ဆောင်ယူလာသော ထမင်းကို အရှင်သာရိပုတ္တရာ၏ သပိတ်၌ အကုန်လောင်း၍ ရှိသေစွာ ရှိခိုးပြီးမှ တဖန် အိမ်သို့ပြန်၍ ထမင်းချက်ပြန်၏။ ပုဏ္ဏလည်း လယ်ထွန်ပြီး၍ မောပန်းရကား လယ်ကံသင်းကို ဦးခေါင်းဆိုက်၍ အိပ်၏။ မယားဘာရိတာလည်း ထမင်းကိုဆောင်ယူခဲ့၍ အဝေးကပင် လျှင် ချစ်လင်ပုဏ္ဏ အကျွန်ုပ်သည် ယနေ့စောစော ထမင်းပို့လာရာတွင် အရှင်သာရိပုတ္တရာနှင့်တွေ့ကြုံ၍ အကုန်လောင်း၍ လှူလိုက်သောကြောင့် အိမ်သို့ပြန်၍ ထမင်းချက်ရသောကြောင့် နေမြင့်ပါသည်၊ အကျွန်ုပ်ကို စိတ်မဆိုးပါနှင့်၊ လှူလိုက်သော ဒါနကုသိုလ်ကို ဝမ်းမြောက်ပါလော့ဟု ဆို၍ လာ၏။

ထိုစကားသံကိုကြားလျှင် သဒ္ဓါတရားတိုးပွား၍ လာသဖြင့် ရှင်မ- ငါသည်လည်း နံနက်စောစောက အရှင်သာရိပုတ္တရာကိုတွေ့၍မျက်သစ်ရေ ဒန်ပူများကို ကပ်လှူလိုက်ရ၏။ ဤကောင်းမှုကုသိုလ်ကိုလည်း ရှင်မ ဝမ်းမြောက်ပါလော့ဟု ဆို၍ လင်မယား နှစ်ယောက်တို့သည် ဝမ်း မြောက် ဝမ်းသာ ပြောဆို၍ ထမင်းစားကြကုန်၏။ ထမင်းစားပြီးသော အခါ ပုဏ္ဏသည် မယားဘာရိတာ ကိုယ်ပေါ်သို့ ခေါင်းအုံး၍ အိပ်၏။ မယားဘာရိတာလည်း လင်ကို ရိုသေလေးမြတ် လုပ်ကျွေးတတ်သော မယားကောင်း ဖြစ်သည့် အားလျော်စွာ မိမိကိုယ်ပေါ်သို့ ခေါင်းအုံး၍ အိပ်သောလင်ယောကျ်ားကို သားကလေးများကို အမေပွေ့၍ အိပ်စေ သကဲ့သို့ ရိုသေစွာ ပွေ့ပိုက်၍ အိပ်စေ၏၊ မောင်ပုဏ္ဏသည် အိပ်ရာမှနိုး၍ မော်ကြည့်သောအခါ၊ မိမိထွန်၍ထားသော လယ်ယာ မြေကိုင်ခဲတို့သည် တပြောင်ပြောင် ကားဝင်း ရွှေတုံးတွေဖြစ်၍ နေသည်ကို မြင်လျှင် ရှင်မဘာရိတာ ငါအထင်မှားလေသလော၊ အလုံးစုံသော ထွန်ကျစ်စာ လယ်မြေတို့သည် ရွှေတုံးတွေဖြစ်၍ နေပါတကား၊ ထ၍ကြည့်ရှုပါဦး လော့ဟု ဆို၏၊ မယားဘာရိတာလည်း ထ၍ကြည့်ရှုပြီးသော် ချစ်လင်

ကိုပုဏ္ဏာ အကျွန်ုပ်လည်း ရွှေတုံးတွေကိုသာ မြင်ရ၏ဟုဆို၍ ဆောစွာ သွားပြီးလျှင် ကောက်ယူထုချေ၍ ကြည့်ရှုသောအခါ မြေဗိုင်ခဲမဟုတ် ရွှေဗိုင်ခဲဖြစ်၍နေသည်ကို သိကြကုန်၍ ၇ှင်မဘာရိတာ ငါတို့ စိုက်ပျိုး နေကျဖြစ်သော စပါးမျိုးစေ့သည် သုံးလ လေးလရှိမှ အသီး အဆံကို ရ၏။ ယနေ့ အ၇ှင်သာရိပုတ္တရာ၏ အထံ၌ ဝိုက်ပျိုးရသော ကောင်းမှု မျိုးစေ့သည်ကား ယနေ့ပင်လျှင် အသီးကို ဖြစ်စေနိုင်၏။ အံ့ဩဘွယ် ရှိပေစွ၊ ငါထွန်သမျှ မြေဗိုင်ခဲတို့သည် အလုံးစုံ ရွှေဗိုင်ခဲဖြစ်၍နေ၏ဟု ဆိုလျှင် မယားဘာရိတာက ချစ်လင်ကိုပုဏ္ဏာ ဤမျှလောက် များသော ရွှေတုံးတွေကို ဖုံးလွှမ်းခြင်းငှါ မတတ်နိုင်၊ ဗိမ္ဗိသာရ မင်းကြီးအား လျှောက်တင်မှ တော်မည်ဟုတိုင်ပင်၍ ထမင်းထည့်သောခွက်၌ ရွှေတုံး တို့ကို အပြည့်ထည့်၍ နန်းတော်သို့ ဝင်လေ၏။

ဗိမ္ဗိသာရမင်းက မေးသောအခါ အ၇ှင်မင်းမြတ် ယနေ့အကျွန်ုပ်တို့ ထွန်သမျှ လယ်မြေတို့သည် ရွှေတုံးတွေဖြစ်၍ နေပါသည်၊ လှည်းတို့ဖြင့် ဆောင်ယူတော်မူပါဟု လျှောက်တင်၏။ ပြည့်ရှင်မင်းကြီးက သင် သည် အဘယ်အမည်ရှိသနည်း ယနေ့အဘယ်ကုသိုလ်ကိုသင်ပြုသနည်း စသည်ဖြင့် မေးမြန်းသောအခါ အလုံးစုံသောအကြောင်းကို လျှောက် တင်ကြသော် ဗိမ္ဗိသာရမင်းကြီးသည် မင်းချင်းတို့ကိုခေါ်၍ ယခုပေါ် သော ရွှေဗိုင်ခဲတွေကို အကုန်လုံး ဆောင်ယူရမည်ဟု စေခိုင်းလျှင် မင်းချင်းယောကျ်ားတို့သည် သွားကြ၍ ဗိမ္ဗိသာရမင်း၏ ဘုန်းကံတော် ကြောင့် ရွှေတုံးတွေ ပေါ်လာသည်ဟု ဆို၍ ကောက်ယူကြသောအခါ မြေပကတိ ဖြစ်၍နေ၏။

ထိုအကြောင်းကို မင်းကြီးအား လျှောက်ကြားသော် ငါ၏ဥစ္စာ မဟုတ်ပေ၊ ပုဏ္ဏာသူဆင်းရဲ၏ ဥစ္စာဖြစ်ပေသည်။ ပုဏ္ဏာ၏ဘုန်းကံကြောင့် ဖြစ်သော ရွှေတုံးတွေဟု ဆို၍ ကောက်ယူ ကြလော့ဟု ဆိုလျှင် မင်းကြီး၏စကားအတိုင်း ပုဏ္ဏာ၏ဥစ္စာဟုဆို၍ ကောက်ယူမှ ရွှေပကတိ ဖြစ်၍ လှည်းတို့ဖြင့်တိုက်၍ ပို့ဆောင်ပုံထားသော ရွှေပုံကြီးသည် အတောင်၈၀ဆယ်မြင့်၏။ သူဆင်းရဲ မောင်ပုဏ္ဏာကို ယနေ့မှစ၍ သူဌေး ကြီးပုဏ္ဏာဟူသော အမည်ကိုဖြစ်စေ၍ သူဌေးကြီးတို့၏ အဆောင်အရွက် တို့ကို ချီးမြှောက်၍ထား၏။ သူဆင်းရဲဟောင်း ဖြစ်သော သူဌေးပုဏ္ဏာ သည် ဗိမ္ဗိသာရမင်းကြီးပေးအပ်သော မြေရာ၌ အိမ်ကိုဆောက်လုပ်၍

ဇ္ဈိမ်တက်မင်္ဂလာ ထိုးဆောင်းမင်္ဂလာ သို့ဥတ္တရာ၏ နားထွင်းမင်္ဂလာတို့ကိုပြုလျက် ခုနစ်ရက်ပတ်လုံး မြတ်စွာဘုရားကို သံဃာတော်အပေါင်းနှင့်တကွ ဆွမ်းကျွေး၍ အလှူကြီးကိုပေး၏။ မြတ်စွာဘုရားသည် တရားအနုမောဒနာ ပြုသောအခါ၌ သားမိ သားဖ သုံးယောက်တို့သည် သောတာပတ္တိဖိုလ်၌ တည်ကြကုန်၏။

ပုဏ္ဏသူဌေး၏သမီး ဥတ္တရာသည် သုမနသူဌေး၏သား နန္ဒလုလင်၏ မယားဖြစ်ကြောင်း

သူဆင်းရဲဟောင်း ပုဏ္ဏသူဌေးသည် သူဌေး ဖြစ်သည့်နေ့မှစ၍ သောတာပန် တည့်ပြီးရကား မြတ်စွာဘုရားနှင့်တကွ သံဃာတော်တို့အား မပြတ်သာလျှင် ဆည်းကပ် လုပ်ကျွေးလျက် သီတင်းသီလ ဆောက်တည်ကာနေ၏။ မယားဘာရိတာလည်း သူဌေးအလုပ်အကျွေး ဖြစ်၍ သူဆင်းရဲသမီး ဥတ္တရာလည်း သူဌေးသမီးဖြစ်ရုံမျှမက သာသနာတော်ကို မဆုတ်မနစ် ကြည်ညိုသော အရိယာသောတာပန်မဖြစ်လေ၏။

တရံသောအခါ သုမနသူဌေးသည် မိမိဇ္ဈိမ်၌သူရင်းငှါးအခစားဖြင့် အလုပ်လုပ်ခဲ့ဘူးသော သူဌေးပုဏ္ဏ၏ သမီးဥတ္တရာကို မိမိ၏သား နန္ဒလုလင်နှင့် ထိမ်းမြားလက်ထပ်လိုကြောင်းကို ပြောလာ၏။ ထိုအခါ ပုဏ္ဏသူဌေးက ဤသုမနသူဌေးသည် မိစ္ဆာဒိဋ္ဌိ အယူရှိ၏၊ ဘုရားဂုဏ် တရားဂုဏ် သံဃာတို့၏ ဂုဏ်ကိုမသိ၊ ငါ၏သမီး ဥတ္တရာသည်ကား သောတာပန်တည်ပြီးဖြစ်၍ ရတနာ သုံးပါးနှင့်လည်း ကင်း၍ မနေနိုင် အနာဂါမ် မတည်သေး၍ ကာမဂုဏ်ကိုလည်း မပယ်စွန့်နိုင်သေး။ ရတနာသုံးပါး၏ ဂုဏ်ကိုသိသော သမ္မာဒိဋ္ဌိသူဌေးသားနှင့် ပေးစားမှသာလျှင် ငါ၏သမီးသည် ရတနာသုံးပါးကို ဆည်းကပ်၍ နေရချေမည်။ မိစ္ဆာဒိဋ္ဌိသူဌေးသားနှင့် ပေးစားလျှင် ငါ၏သမီးသည် ရတနာသုံးပါးကို ဆည်းကပ်ခွင့် မရသဖြင့် စိတ်ဒုက္ခဖြစ်၍ နေရတော့မည်။ ထို့ကြောင့် ငါ၏သမီးကို သုမနသူဌေး၏သား နန္ဒလုလင်နှင့် မထိမ်းမြားလိုဟုဆို၍ ပယ်ရှားလိုက်လေ၏။ ထိုအခါ၌ များစွာသော သူဌေးသူကြွယ်တို့က အကြောင်းအကျိုး ပြောပြ တိုက်တွန်းကြသဖြင့် အားနာသောကြောင့် အားပါ၍သွားသည် ဆိုသကဲ့သို့ ကောင်းပါပြီဟုဝန်ခံ၍ သမီးဥတ္တရာကို

သုမနသူဌေး၏သား နန္ဒလုလင်နှင့် ပေးစားရသဖြင့် သောတာပန်မ ဖြစ်ပြီးသော သမီးဥတ္တရာသည် မိစ္ဆာဒိဋ္ဌိ သူဌေးသားနန္ဒ၏ ခင်ပွန်းမ ဖြစ်ရရှာလေ၏။

ပုဏ္ဏသူဌေးသမီး ဥတ္တရာသည် သိရိမာကို ငှါး၍ ကိုယ်စားထားပြီးလျှင် ရှစ်ပါးသီလကို တလလျှင် ရှစ်သီတင်း ဆောက်တည်ကြောင်း

သူဌေးသမီး ဥတ္တရာသည် မိစ္ဆာဒိဋ္ဌိ၏ မယားဖြစ်၍ နေရသဖြင့် ဥပုသ်စောင့်သုံးရန် လင်ယောကျ်ားထံမှ အခွင့်တောင်း၍ မရသဖြင့် နှစ်လခွဲရှိလေသော် လွန်စွာ စိတ်ဆင်းရဲခြင်းဖြစ်၍ အဘဖြစ်သော ပုဏ္ဏ သူဌေးအထံသို့ တမန်စေလွှတ်၍ ဥပုသ်စောင့်ရန် အခွင့်မရကြောင်းကို ပြောစေ၏။ ထိုအခါ အဘပုဏ္ဏသူဌေးကြီးက ချစ်သမီးဥတ္တရာ ဤရာဇ ဂြိုဟ်ပြည်၌ သိရိမာသည် မိမိကိုယ်ခန္ဓာနှင့် အသက်မွေး၏၊ တနေ့ပျော်ပါး လိုသူသည် အသပြာငှက်ားငွေတထောင်ပေး၍ ပျော်ပါးရ၏။ ထိုသိရိမာ ကို ငှါး၍ သင်၏လင်အထံမှာထား၍ ချစ်သမီးအလိုရှိရာ ဥပုသ်စောင့်သုံး ခြင်းကို ပြုလေလော့ဟု မှာပြီးလျှင် တသောင်းငါးထောင်မျှသော ငွေနှင်္ကားကို ထုတ်ပေးလိုက်၏။ ဥတ္တရာ သောတာပန်မသည် အဘ ပေးလိုက်သော တသောင်းငါးထောင်ဖြင့် သိရိမာကို ငှါးပြီးလျှင် လင် ယောကျ်ား၏အထံမှာ ထားခဲ့၍ မိမိသည်ကား ဘုရားအမှူးရှိသော သံဃာတော်တို့ကိုပင့်၍ မီးဖိုဆောင်အခန်း၌ ခွေးတစိုစို ပြာအလူးလူး အိုးမဲအပေပေနှင့် ဆွမ်းခဲဘွယ် ဘောဇဉ်တို့ကို ချက်ပြုတ်ခါ နေ၏။ ကလလျှင်လည်း ရှစ်သီတင်းမျှ ရှစ်ပါးသီလကို စောင့်သုံး၏။

သိရိမာနှင့် ကာမဂုဏ်ကြူး၍နေသော မိစ္ဆာဒိဋ္ဌိ လင်ယောကျ်ားက ပြာသာဒ်အထက် လေသာပြူတင်းကိုဖွင့်၍ ကြည့်ရှုရာတွင် မီးဖိုဆောင် ခန်း၌ ချက်ပြုတ်၍နေသော ဥတ္တရာကို မြင်လျှင် ဤသူယုတ်မသည် မိုက်လေစွာကား ကောင်းမွန်ချမ်းသာသော ကာမဂုဏ် စည်းစိမ်ကို ရပါလျက် ကျွန်မများ လုပ်သော မီးဖိုအခန်း ထမင်းချက် အလုပ်ကို ချွေးတုတ်တုတ် ကျအောင် ဒုက္ခတရ အလေးပြု၍ ဦးပြည်းခေါင်းတို ရှင်အရှင်မွဲတွေကို အပေအမဲကွဲ့သို့ လုပ်ကျွေးပြုစု၍ နေမှားလေဘိ၏ တကားဟု အောက်မေ့၍ ပြုံးရယ်ခြင်းကိုပြု၏။ ထိုသို့ပြုံးရယ်သည်ကို

သိရိမာမြင်လျှင် ဤသူဌေးသားသည် အဘယ်ကို ကြည့်၍ ပြုံးပါလိမ့်မည်နည်းဟု ထ၍ကြည့်သောအခါ ဥတ္တရာကိုမြင်၍ ပြုံးကြောင်းကို သိလျှင် ဤမိန်းမကား ငါ့လင် သူဌေးကို သွေးဆောင်ဟန်ရှိသည်ဟု ကြံလျက် ခဏထားသော အခစားမယားက လင်ပိုင်အမြဲ ထင်မှတ်စွဲ၍ စည်းစိမ်ကြီးရှင် လင်ပိုင်အမြဲ နေရသော ဥတ္တရာကို သဝန်တိုကြောင်း ကြံ၍ ပူလှစွာသော ထောပတ်ဆီဖြင့် ပြာသာဒ်ပေါ်မှ လောင်း၍ချ၏၊ ဥတ္တရာ၏ သီလ မေတ္တာ အာနုဘော်အားဖြင့် ထိုထောပတ်ဆီပူရည်သည် နှံ့သာရည်ကဲ့သို့ ဖြစ်၍ ပူလောင်ခြင်း မရှိ။ သိရိမာသည်ကား ငါအယူနှေး၍ ထောပတ်ဆီ ဧသည်ဟု မှတ်ထင်ကာ နောက်တခါ အမြန်ယူ၍လောင်းအံ့ဟုကြံ၍ နောက်တဖန် ခပ်၍လာဆဲတွင် ဥတ္တရာ၏ အစေခံ ကျွန်မတွေမြင်သဖြင့် ဝိုင်းဝန်းပြေးသွားကြပြီးလျှင် နင်အဘယ်ကြောင့် ငါတို့ အရှင်မကို ဤသို့ ပြုလုပ်ရသနည်းဟု ဆံထုံးကိုဆွဲကာ လှဲ၍ ရိုက်ပုတ်ကြကုန်၏။ ထိုအခါ၌ ဥတ္တရာသည် လျင်စွာ ထသွား၍ ငါ၏ကျေးဇူးရှင်မကို မရိုက်ကြနှင့် သူရှိ၍ ငါ ဥပုသ်စောင့်ရပါသည်။ ကျေးဇူးရှင်မကို မပြစ်မှားကြပါနှင့် ကျေးဇူးရှင်မ ရှိ၍ပေလို့ ဘုရားနှင့်တကွ သံဃာတော်များကို အားရပါးရ စိတ်ချလက်ချ လုပ်ကျွေးပြုစု၍ နေရပါသည် ဟု ဆို၍ အစေခံကျွန်မတွေကို မြစ်တားပြီးလျှင် သိရိမာကို ပွေ့ပိုက်ခါ ထူ၍ ဝိယဝါစာ စကားတို့ဖြင့် ပြောဆိုမေးမြန်းလျက် ပုတ်ခပ်မိသော ဒဏ်ရာ အပွန်းအပဲ့တို့ကို ဆီနံ့သာကိုယူ၍ သာယာစွာ လက်ဖြင့် ကိုယ်တိုင် သုတ်လိမ်း၍ ပေး၏။

သိရိမာသည် ပုထုဇဉ်ဘို့အလျောက် ကာမဂုဏ်နောက်သို့ လိုက်စား၍ မိုက်မှားမိသော်လည်း ဖွေးဖွေးသောဘဝတို့က ဖြည့်ကျင့်ဆည်းပူး၍ မဂ်ဖိုလ်ကို ရနိုင်လောက်သော ပါရမီထူးရှိသူ ဖြစ်ရကား ငါမှားချေပြီ။ သူတော်ကောင်းမကို ငါပြစ်မှားမိချေ၏။ ထိုအပြစ်ကို တောင်းပန်ဝန်ချ-ကန်တော့ခြင်းကို မပြုချေက ငါ၏ဦးခေါင်း ခုနစ်စိတ်သော်လည်း ကွဲရာ၏ဟု ချက်ခြင်းသတိတရားရသဖြင့် ထိတ်လန့်သောစိတ် ဖြစ်လာ၍ ဥတ္တရာ၏ ခြေရင်း၌ ဝပ်စင်းဦးတိုက်ပြီးလျှင် အရှင်မ-အကျွန်ုပ်မိုက်မှားမိသော အပြစ်ကံကို သည်းခံပါဟု တောင်းပန်ရှာ၏။ ထိုအခါ၌ ဥတ္တရာက ငါ့မှာ အဘဘုရားသခင်ရှိသေးသည်။ ငါ၏ အဘဘုရားသခင်အထံမှာ တောင်းပန်ရမည်ဟု ဆို၏။ အရှင်မ၏အဘဘုရား

သခင်ကို အကျွန်ုပ် အကျွမ်းမဝင်ပါ။ အရှင်မ ပင့်ဆောင်၍ပေးပါ။ အကျွန်ုပ် တောင်းပန်ပါအံ့ဟု သိရိမာဆိုလျှင် ကောင်းပြီ နက်ဖြန်နံနက် ငါတို့အိမ်သို့ ကြွလာတော်မူလိမ့်မည်။ ထိုအခါ သင်တတ်စွမ်းသမျှ လှူဘွယ်ဝတ္ထုတို့ကို အသင့်ပြင်ဆင်၍ထားလော့။မြတ်စွာဘုရား ရောက်တော်မူသောအခါ တရားတော်ကို နာပြီးလျှင် သင်ဖြစ်မှားမိသော အပြစ်များကို ဟုတ်တိုင်းမှန်ရာ လျှောက်ကြားတောင်းပန်ရမည်ဟု သင်ပြ၏။သိရိမာသည် ကောင်းပါပြီဟု ဝန်ခံ၍ အခြံအရံ မိန်းမငါးရာတို့နှင့် မိမိနေအိမ်မှ ဆွမ်းဘောဇဉ်ခဲဘွယ် သောက်ဘွယ်လှူဒါန်းဘွယ်တို့ကို ယူဆောင်၍ ဥတ္တရာအား အပ်နှင်း၏။နံနက်လင်း၍ ဘုရားသခင် ကြွလာတော်မူသောအခါ ရိုသေစွာ ဆွမ်းလုပ်ကျွေးပြီး၍ သိရိမာသည် မြတ်စွာဘုရား၏ ခြေတော်ရင်း၌ ဝပ်စင်း၍ ဘုန်းတော်အရှင် သခင်မြတ်စွာဘုရား တပည့်တော်မသိရိမာသည် မိုက်မှားမိသည်အလျောက် သူတော်ကောင်းမ ဥတ္တရာကို ပြစ်မှားမိပါသည်။ထိုအပြစ်မှ ကင်းလွတ်စေခြင်းအကျိုးငှာ အရှင်ဘုရားအား တောင်းပန်ပါသည် မြတ်စွာဘုရားဟု လျှောက်ကြား၏။ထိုအခါ၌ မြတ်စွာဘုရားသည် သိရိမာနှင့် ဥတ္တရာကို မေးတော်မူ၏၊ ချစ်သမီးဥတ္တရာ– သိရိမာက ဆီပူထောပတ်ရည်ဖြင့် လောင်း၍ ပြစ်မှားသောအခါ သင်၏စိတ်သည် အဘယ်သို့ ဖြစ်သနည်းဟု မေးတော်မူလျှင် တပည့်တော်မသည် သိရိမာရှိခြင်းကြောင့် ဥပုသ်စောင့်ခွင့် တရားနာခွင့် သံဃာတော်များအား လုပ်ကျွေးခွင့်ကိုရ၍ ကျေးဇူးကြီးလှပေသည်ဟု အောက်မေ့လျက် မေတ္တာစိတ်ကို ဖြစ်စေပါသည် အရှင်ဘုရားဟု လျှောက်လျှင် မြတ်စွာဘုရားသည် သာဓုခေါ်တော်မူ၍–

> အကောဓေန ဇိနေ ကောဓံ၊ အသာဓုံ သာဓုနာ ဇိနေ။
> ဇိနေ ကဒရိယံ ဒါနေန၊ သစ္စေနာ လိကဝါဒိနံ။

ဤဂါထာကို ဟောတော်မူ၏။

ကောဓံ၊ စိတ်ဆိုးသောသူကို။ အကောဓေန၊ မိမိကစိတ်မဆိုးဘဲ။ ဇိနေ၊ နိုင်ရာ၏။ အသာဓုံ၊ သဘောမကောင်းသောသူကို။ သာဓုနာ၊ မိမိက သဘောကောင်းသဖြင့်။ ဇိနေ၊ နိုင်ရာ၏။ ကဒရိယံ၊ နှမြောခုံမင် မပေးချင်သောသူကို။ ဒါနေန၊ မိမိကပေးသဖြင့်။ ဇိနေ၊ နိုင်ရာ၏။ အလိက

ဝါဒိန်၊ လိမ်လည်၍ ပြောတတ်သောသူကို။ သစ္စေန၊ မိမိက အမှန်ကို ပြောသဖြင့်။ ဇိနေ၊ နိုင်ရာ၏။

ဤဂါထာကို ဟောတော်မူပြီးလျှင် သစ္စာလေးပါးကိုပြတော်မူသည်၏ အဆုံး၌ သိရိမာသည် သောတာပန်ဖြစ်၍ သွားလေ၏။သောတာပန် ဖြစ်ပြီးသောသိရိမာသည်း ရတနာသုံးပါးနှင့်ကင်း၍ မနေနိုင်ဘဲ ဥတ္တရာ ကဲ့သို့ပင် မြတ်စွာဘုရားကိုပင့်၍ ဆွမ်းလုပ်ကျွေးပြီးလျှင် အရှင်ဘုရား တပည့်တော်မအိမ်သို့ နေ့တိုင်းသံဃာတော်ရှစ်ပါးကို ဆွမ်းအလို့ငှါ စေလွှတ်တော်မူပါဟု လျှောက်ကြား၍ အဋ္ဌကဘတ္တ ရှစ်ပါးစာ သော ဆွမ်းဝတ်ကိုအမြဲပြု၍ တပါးလျှင် ငွေဒင်္ဂါးနှစ်ကျပ်တန် ဆွမ်းဘောဇဉ်တို့ကို စီရင်လျက် လုပ်ကျွေး၏။ နေ့တိုင်းမပြတ် သိရိ မာအိမ်သို့ ရဟန်းရှစ်ပါး ရှစ်ပါး အလှည့်ကျသွား၍ ဆွမ်းစားရ၏။ တနေ့သ၌ အလှည့်ကျ၍ သိရိမာအိမ်၌ ဆွမ်းစားရသော ပုထုဇဉ် ရဟန်းတပါးသည် ထိုရာဇဂြိုဟ်ပြည်မှ သုံးယူဇနာကွာသော အရပ်သို့ ရောက်သွား၍ ထိုအရပ်မှရဟန်းတို့က ဆွမ်းစသည်တို့သည် ရာဇဂြိုဟ် ပြည်၌ ပြည့်စုံလုံလောက်စွာ မျှတပါ၏လော စသည်ဖြင့် အလ္လာပ သလ္လာပ ပဋိသန္ထာရစကားတို့ဖြင့် ပြောဆိုမေးမြန်းကြသောအခါ ငါ့ရှင် တို့ ရာဇဂြိုဟ်ပြည်၌ သိရိမာသည် နေ့တိုင်းမပြတ် သံဃာရှစ်ပါးကို ပင့်၍ အလှည့်ကျကျွေးသဖြင့်ဆွမ်းစသည်တို့ အလွန်ပေါများ၏သိရိမာ သည် အလွန်သဒ္ဓါတရားကောင်း၏။ အဆင်းရုပ်ကလည်း အလွန်ချော လှ၏။ ဆွမ်းကိုစားရသည်ထက် သိရိမာကို မြင်ရခြင်းသည် အလွန် ကောင်း၏။ ကြည့်ရှု၍ အားမရနိုင်အောင် လှပတင့်တယ်သော မိန်းမ ဖြစ်၏။ အလုံးစုံသော သိရိမာ၏ ကိုယ်အင်္ဂါ လက္ခဏာဂုဏ်အင်တို့ကို ထုတ်ဖော်၍ ချောပုံလှပုံ ယဉ်ကျေးပုံတို့ကို ပြောဆိုလေ၏။ ထိုစကား ကိုကြားသော ရဟန်းကြီးတပါးသည် သိရိမာကို မမြင်ဘူးပါဘဲနှင့် ပြောသံစကား တဆင့်ကြားရုံမျှဖြင့် အားကြီးစွာသော ရာဂတရားသည် ဖြစ်ပေါ်၍လာသဖြင့် သိရိမာကို ကြည့်ရှုလိုသော စိတ်ဖြင့် မြန်စွာ လာခဲ့၍ ရာဇဂြိုဟ်ပြည်သို့ရောက်လျှင် အဆင်သင့် အလှည့်ကျသော ရဟန်းတို့နှင့် အတူတကွ သိရိမာအိမ်သို့ဆွမ်းစားကြွ၍ ခင်းထားသော နေရာ၌ ထိုင်နေ၏။ သိရိမာသည်ကား မကျန်းမာသဖြင့် ကိုယ်မှာဝတ် ဆင်၍ တားသော တန်ဆာတို့ကိုချွတ်၍ အဝတ်နွမ်းကလေးကို ဝတ်

လျက် အိပ်ရာထဲ၌ အိပ်စက်ရာမှ မထနိုင်သဖြင့် ကျွန်မတွေကို ထူမစေလျက် ပင်ပန်းနွမ်းရိ မချိသောကိုယ်ဖြင့် ကသိုကရို ဆံပင်ကိုမှ ကောင်းစွာမဖြီးနိုင် ခွေယိုင်နွမ်းလျ ဖွါးရယားကျသော ဆံပင်တို့ဖြင့် ဦးညွှတ်ခါ သံဃာတော်မြတ်တို့ကို ရှိခိုး၏။

ထိုအခါ သိရိမာကို ကြည့်ရှုလို၍ သုံးယူဇနာမှ အမြန်လာသော ရဟန်းကြီးသည်လည်း သိရိမာကို တစိမ့်စိမ့်ကြည့်ရှုလျက် မကျန်းမမာ တန်းဆာမဆင် ပြုပြင်မရှိ ပကတိသော ကိုယ်ဖြင့်ပင် ဤမျှလောက်ချောသေးလှသေး၏။ ကျန်းကျန်းမာမာ တန်းဆာဆင်ယင် ပြုပြင်၍နေပါမူကား အဘယ်ဆိုဘွယ်ရှိအံ့နည်းဟု စိတ်ထဲကကြံလျက် ပြန်လာ၍ ကျောင်းသို့ရောက်လျှင် ဆွမ်းကိုပင်မစားနိုင်ဘဲ သိရိမာကိုစိတ်စွဲ၍ တလူးလဲလဲနေရှာလေ၏။ သိရိမာလည်း ထိုနေ့ညနေချမ်း အခါရောက်လျှင် ထိုရောဂါဖြင့်ပင် ကံကုန်လေ၏။ ထိုသိရိမာ ကံကုန်ကြောင်းကို ဗိမ္ဗိသာရမင်းကြီးအား လျှောက်ကြားကြကုန်၏။ ဗိမ္ဗိသာရမင်းကြီးသည် အရှင်ဘုရား ဇီဝက၏နှစ်မ သိရိမာသည် ကံကုန်ပါကြောင်းနှင့် ဘုရားသခင်အား လျှောက်ကြား၏။ ဘုရားသခင်သည် ပြည့်ရှင်မင်းမြတ် သိရိမာ၏အလောင်းကို သင်္ဂြိုဟ်ခြင်းမပြုသေးဘဲ သုသာန်အပြင်သို့ ထုတ်ယူ၍ ကျီး လင်းတ ခွေး မြေခွေးတို့ မစားနိုင်အောင် ထားရမူကား များစွာသောအကျိုး ဖြစ်ပွါးလတ္တံ့ဟု မိန့်တော်မူလျှင် ဗိမ္ဗိသာရမင်းကြီးသည် မြတ်စွာဘုရား၏ မိန့်တော်မူသော စကားအတိုင်းထားစေ၏၊ လေးရက်ငါးရက်မျှ ရှိသောအခါ သိရိမာ၏အလောင်းမှ ညှီဟောင်ပုပ်ပွ ဥဒ္ဓုမာတ ဝိနီလက ဖြစ်လာ၍ ညှီပုပ်နံစော်သော အပုပ်ရည်တို့သည် ယိုကျလျက် ထိုထိုအပေါက်တို့မှ ပိုးလောက်တို့ တဖွါးဖွါးကျ၍ ထွက်ကုန်၏။

ထိုအခါ၌ ဗိမ္ဗိသာရမင်းကြီးသည် သိရိမာ၏ ဈာပန၌ မြတ်စွာဘုရားသည် တရားဟောတော်မူလတ္တံ့ဟု ရာဇဂြိုဟ်ပြည်သူပြည်သား အလုံးစုံတို့သည် အိမ်စောင့်တယောက်ကို ချန်ထား၍ သိရိမာ၏ဈာပနသို့ အကုန်လုံးသွားကြရမည်၊ မသွားဘဲနေလျှင် ဒင်္ဂါးငွေ ရှစ်ကျပ်ဟူ၍ စည်လည်စေ၏။ သံဃာတော်နှင့်တကွ မြတ်စွာဘုရား အထံသို့လည်း အသုဘရှုကြွတော်မူရန် ပင့်လျှောက်စေ၏။ ထိုအခါ သိရိမာကိုမြင်၍ ဆွမ်းကိုမျှမစားနိုင်ဘဲ တလူးလဲလဲနေသော ရဟန်းကြီးကို မိတ်ဆွေ

ရဟန်းတို့ကသိရိမာကိုယခုသွား၍ ရှုရန်ပင့်လာကြောင်းကိုပြောကြလျှင် တလုံးလဲလဲနေရာမှ လျင်စွာထ၍ အဘယ်ကိုပြောကြသနည်း ငါ့ရှင်တို့ ဟူ၍ မေးလေ၏။ အားလုံးသော သံဃာတို့သည် သိရိမာကို ကြည့်ရှုရန် သွားရလိမ့်မည်ဟု ပြောကြသောအခါ လျင်မြန်စွာ သင်းပိုင်ကို ဝတ်လျက် ယခုပင် သွားရအောင် ငါ့ရှင်တို့ဟုဆို၍ လျင်စွာလိုက်၍ လာပြီးလျှင် သံဃာတော်အများဖြင့် ခြံရံ၍ ကြွတော်မူသော မြတ်စွာဘုရား၏ အနီးမှလိုက်၍ သုသာန်သို့ရောက်လျှင် ရဟန်းယောကျ်ား ပရိသတ် ရဟန်းမိန်းမ ပရိသတ် လူယောကျ်ား ပရိသတ် လူမိန်းမပရိသတ်တို့ အထပ်ထပ်ဝန်းရံလျက် နေတော်မူသော မြတ်စွာဘုရားသည် ဗိမ္ဗိသာရမင်းကြီးကို ခေါ်တော်မူ၍ ဒကာတော်မင်းကြီး ဇီဝက၏ နှမ သိရိမာသည် ရှေးအခါက အဘယ်မျှ အဘိုးတန်သနည်းဟု မေးတော်မူ၏။ တနေ့လျှင် တထောင်ပေးမှ ရပါသည် အရှင်ဘုရား။ ယခုအခါ၌ အဘယ်မျှအဘိုးတန်မည်နည်းဟု မေးတော်မူလျှင် ယခုအခါ၌ အလကားပေးသော်လည်း လိုချင်သူမရှိပါဘုရားဟု လျှောက်ကြား၏။ ထိုအခါ၌ မြတ်စွာဘုရားသည် ဤသို့ ဟောတော်မူ၏။

ချစ်သားရဟန်းတို့ လူအပေါင်းတို့ ချစ်ခင်မြတ်နိုးဘွယ် ရှိသော မာတုဂါမကို ကြည့်ရှုကြ ကုန်လော့။ ရှေးအခါက တထောင်ပေးမှ တနေ့ရသည်၊ ယခုအခါ၌ အလကားပေး၍မှ ယူချင်သူမရှိသော မာတုဂါမကိုကြည့်ရှုကြကုန်လော့၊ဤရူပကာယ အတ္တဘောသည် ဘယ်မျှပင် လှသော်လည်း တခဏသာတည်၏။ ထိုကိုယ်၏ အမြဲတည်ခြင်းသည် မရှိ။ပုပ်ပွ ပျက်စီးတတ်သော သဘောရှိသည်ကိုရှုကြကုန်ဟု မိန့်တော်မူပြီး၍ ဤဂါထာကို ဟောတော်မူသတည်း။

ပဿ စိတ္တကတံ ဗိမ္ဗံ၊ အရုံ ကာယံ သမုဿိတံ။
အာတုရံ ဗဟုသင်္ကပ္ပံ၊ ယဿ နတ္ထိ ဓုဝံ ဌိတိ။

စိတ္တကတံ၊ အဝတ်တန်းဆာ ပန်းနံ့သာဖြင့် ဆန်းကာ ပြင်ကာ ခန်းကြယ်စွာ ပြုလုပ်၍ ထားအပ်သော။ ဗိမ္ဗံ၊ အရုပ်နှင့် တူစွာသော။ သမုဿိတံ၊အကြောအရိုး အရေအသားတွေပြားပေါင်းစပ် ဖိုက်ထောင်အပ်သော။ အာတုရံ၊ နာနာထိလျှင် နာကျင်ခြင်းသဘောရှိသော။ ဗဟု

သက်ပွံ၊ များစွာ ကြံစည်ဘွယ်ရှိသော။ အဒုံကာယံ ဤကိုယ်ကို။ ပဿ၊ ရှုလော့။ ယဿ၊ အကြင်ကိုယ်၏။ ဝုဋ္ဌိတိ၊ အမြဲအရှည် တည်ခြင်း သည်။ နတ္ထိ၊ မရှိချေ။

ဤဒေသနာတော်ကို ဟောတော်မူသောအဆုံး၌ သတ္တဝါရှစ်သောင်း လေးထောင်မျှ မဂ်ဖိုလ်ရကြကုန်၏။

သိရိမာအပဒါန်ဝတ္ထုပြီး၏။ ။[တေသဋ္ဌိဝတ္ထု]။

ဥတ္တရာသည် နန္ဒမာတာဟူသော အမည်ကို ရသော အကြောင်း

ထိုအခါ၌ ဥတ္တရာ သောတာပန်မ၏ လင်ယောကျ်ား မိစ္ဆာဒိဋ္ဌိ ဖြစ်သော နန္ဒသည်လည်း သိရိမာ၏ ပေါက်ပြန်ချွတ်ယွင်း ပျက်စီးသော သဘောကို မြင်ရာတွင် မြတ်စွာဘုရား၏ တရားတော်ကို နာရသဖြင့် မိစ္ဆာဒိဋ္ဌိ ကင်းပျောက် သမ္မာဒိဋ္ဌိ အဖြစ်သို့ရောက်၍ သတိသံဝေဂ တရား ဖြစ်ပွါးလျက် ဤဥတ္တရာကို ရခြင်းကြောင့်သာလျှင် လမ်းမှား၍ နေသော ငါသည် လမ်းမှန်ကို သိရပေသည်။ ဥတ္တရာသည် အလွန် ကျေးဇူးများလှပေသည်ဟု အောက်မေ့၍ ယနေ့မှစ၍ ဥတ္တရာကို အမေ ဟူ၍ ခေါ်တော့အံ့။ မောင်နန္ဒ သင်သည် အဘယ်သူ၏ သားနည်းဟူ၍ မေးမူ ဥတ္တရာ၏ သားပါဟု ပြောတော့အံ့ဟု ဥတ္တရာအပေါ်၌ အလွန် ရှိသေလေးမြတ် ညွတ်ကိုင်းသော စိတ်ရှိလှ၍ မိခင်ဥတ္တရာ အကျွန်ုပ် နန္ဒသည် မိခင်ဥတ္တရာ ဆုံးမတိုင်း လိုက်နာ၍ နေပါအံ့ဟု တောင်းပန် ဝန်ချလျက် လေးမြတ်စွာ နေသဖြင့် လူအပေါင်းတို့သည် သူဌေးပုဏ္ဏ၏ သမီး သုမနသူဌေးကြီး၏ ချွေးမ ဥတ္တရာ သောတာပန်မကို နန္ဒမာတာ ဟူ၍ ခေါ်ကြလေသောကြောင့် ဥတ္တရာ နန္ဒမာတာဟူ၍ ကျော်စော ထင်ရှားပြန်သတည်း။ (နန္ဒမာတာဟု အမည်တခုဘည်းဖြင့် ခေါ်လျှင် ဝေဠုကဏ္ဍကီ နန္ဒမာတာနှင့် ထွေးယှက်လေသောကြောင့် ဥတ္တရာ နန္ဒမာတာဟု ကွဲပြားအောင် ခေါ်သည်။ ဧတဒဂ္ဂံ ဘိက္ခုဝေ မမ သာ ဝိကာနံ ဥပါသိကာနံ ဈာယီနံ ယဒိဒံ ဥတ္တရာနန္ဒမာတာ ဟူ၍ ဧတဒဂ် ထားခြင်းကို ပြုတော်မူ၏။ ထိုကြောင့် အင်္ဂုတ္တိုရ် ဧကနိပါတ်အဋ္ဌကထာ ဓမ္မပဒအဋ္ဌကထာတို့၌ နန္ဒမာတာနာမ ဥတ္တရာ ဈာယီနံ အဂ္ဂဋ္ဌာနေ

ဥပေသိဟု မိန့်၏။ နန္ဒမာတာနာမ၊ နန္ဒ၏ အမေဆိုသည်ကား။ ဥတ္တရာ၊ ပုဏ္ဏသူဌေး၏သမီး ဥတ္တရာဖြစ်၏။ ဈာယိနီ၊ ဈာန်ရှုလေ့ရှိသော တပည့်မတို့တွင်။ အဂ္ဂဋ္ဌာနေ၊ မြတ်သော ဧတဒဂ် အရာ၌။ ဌပေသိ၊ မြတ်စွာဘုရား ထားတော်မူ၏။

ဥတ္တရာ နန္ဒမာတာအပဒါန်ဝတ္ထု ပြီး၏။ ။[စတုသဋ္ဌိဝတ္ထု]။

ဝေဠုကဏ္ဍကီ နန္ဒမာတာနှင့် ဥတ္တရာနန္ဒမာတာ နှစ်ယောက်တို့ ခြားနားပုံအကြောင်း

နန္ဒမာတာစ ဥတ္တရာ၊ အဂ္ဂုပဋ္ဌာ ကုပါသိကာ။
[ဗုဒ္ဓဝံသ ပါဠိတော်-၄၂၁-၄၆၅။ ထေရအပဒါန်ပါဠိတော်-၂၈၉]။
ဝေဠုကဏ္ဍကိယာစနန္ဒမာတာ ခုဇ္ဇုတ္တရာစ ဥပါသိကာ။
[နိဒါနဝဂ္ဂ သံယုတ်- ၁၆၇။ ဒွိကင်္ဂုတ္တရ—၇၀။ စတုက္ကင်္ဂုတ္တရ ပါဠိတော်-၄၀၂။ ဆက္ကင်္ဂုတ္တရ-၂၅၄။ သတ္တင်္ဂုတ္တရ-၃၇၀]။

နန္ဒမာတာစ၊ ဝေဠုကဏ္ဍကီ နန္ဒမာတာသည်၎င်း။ ဥတ္တရာစ၊ ခုဇ္ဇုတ္တရာသည်၎င်း။ အဂ္ဂုပဋ္ဌာကုပါသိကာ၊ ဥပါသိကာအဂ္ဂုပဋ္ဌာက ဖြစ်ကြကုန်၏။ ဝါ၊ မြတ်သော အလုပ်အကျွေး ဥပါသိကာ မိန်းမတို့ ဖြစ်ကုန်၏။

ထို အဂ္ဂုပဋ္ဌာက ဥပါသိကာ မိန်းမနှစ်ယောက်တို့တွင် ခုဇ္ဇုတ္တရာသည် ဗဟုဿုတ ဧတဒဂ်ကိုလည်း ရ၏။ အဂ္ဂုပဋ္ဌာကလည်း ဖြစ်၏။ ဝေဠုကဏ္ဍကီ နန္ဒမာတာသည်ကား အဂ္ဂုပဋ္ဌာကသာ ဖြစ်သည်။ ဧတဒဂ်ရမဟုတ်။ ပုဏ္ဏသူဌေး၏သမီး နန္ဒမာတာကား ဈာယိနီ ဧတဒဂ်ကိုသာ ရသည်။ အဂ္ဂုပဋ္ဌာက ဥပါသိကာမဟုတ်။

ဗဟုဿုတာနံ ယဒိဒံ ခုဇ္ဇုတ္တရာ၊ ဈာယိနီနံ ယဒိဒံ ဥတ္တရာ နန္ဒမာတာ။
[ဧကင်္ဂုတ္တရ ပါဠိတော်-၂၁]။

ဗဟုဿုတ အကြားအမြင်များလှသော ဥပါသိကာ မိန်းမတို့တွင် ခုဇ္ဇုတ္တရာသည် အလွန်ကဲဆုံးဖြစ်၏။ ဈာန်ဝင်စားလေ့ ရှိသော ဥပါသိကာမိန်းမတို့တွင် ပုဏ္ဏသူဌေး၏သမီး ဥတ္တရာနန္ဒမာတာသည် အလွန်ကဲဆုံးဖြစ်၏။

"ဇိနတ္ထပကာသနီ စာအုပ် ပထမတွဲ မျက်နှာနံပါတ်-၃၆၂ တွင် ပုဏ္ဏသုဋ္ဌေး၏သမီး ဥတ္တရာမှတပါးနန္ဒမာတာမည်သောဥပါသိကာမကား ကျမ်းများစွာ၌ မလာမတွေ့ပြီ ဟူ၍ ဆိုတော်မူ၏။

ဒွိကင်္ဂုတ္တရ ပါဠိတော်-၇၀၊ စတုက္ကင်္ဂုတ္တရ ပါဠိတော်-၄၀၂၊ သတ္တင်္ဂုတ္တရပါဠိတော်-၂၅၄၊သတ္တင်္ဂုတ္တရပါဠိတော်-၃၀၀၊၍ပါဠိတော် ကျမ်းများစွာ၌ ဝေဠုကဏ္ဍကီ နန္ဒမာတာ ဥပါသိကာမသည် ပုဏ္ဏသုဋ္ဌေး၏သမီး ဥတ္တရာမှတပါး နန္ဒမာတာမည်သော ဥပါသိကာမဖြစ်ပေ၏၊ပေရေးကျမ်းစာများသည် ပုံနှိပ်စာအုပ်တို့ကဲ့သို့ကြည့်ရှုရှာဖွေ၍ မလွယ်ကူသောကြောင့် ကျမ်းများစွာကိုမှန်နှောက်ကြည့်ရှုတော်မူလေ့ ရှိသော လုံ့လ ဝီရိယဖြင့် ဇိနတ္ထပကာသနီ ကျမ်းကြီးကို စာချရင်း ရေးသားတော်မူသော ကျေးဇူးရှင် ဆရာတော်ဘုရားကြီးသည် ဝေဠု ကဏ္ဍကီနန္ဒမာတာ၏ အတ္ထုပ္ပတ္တိကို တွေ့တော်မမူဘဲ နေဟန်တူ၏။ ထိုကြောင့် သာသနာတော်ဝယ် ပရိယတ္တိကို အားထုတ် ကြည့်ရှုလိုကုန် သော ပရိယတ္တိမာမကပုဂ္ဂိုလ်တို့အား ကျေးဇူးများသော ပုံနှိပ်စာအုပ် တို့ကိုလည်း လှူဒါန်းကိုးကွယ် ပူဇော်ကြကုန်ရာ၏"။

ဝေဠုကဏ္ဍကီနန္ဒမာတာနှင့် ဥတ္တရာနန္ဒမာတာ
နှစ်ယောက်တို့ ခြားနားပုံပြီး၏။

ဘုရားလောင်း၏ မိဖုယားဖြစ်၍ နိဗ္ဗာန်ကို ဆုတောင်းကြသော မိန်းမများအကြောင်း

ဘုရားလောင်း၏ မိဖုယားဖြစ်၍ နိဗ္ဗာန်ချမ်းသာကို စံစားကြရန် ပါရမီကိုဖြည့်ကြသော မိန်းမတို့သည်ကား ယသော်ဓရာ မိဖုယား တပါးတည်းမက များလှစွာကုန်၏။ ထိုမိန်းမတို့သည်လည်း မိမိတို့ ဆုတောင်း ပါရမီအားလျော်စွာ ဘုရားလောင်း၏ မိဖုယားတွေဖြစ် ကြ၍ နိဗ္ဗာန်ချမ်းသာကို ရကြကုန်၏။ အပဒါန်ပါဠိတော် ၃၉၂-၄၀၃ နံပါတ်တွင်လာသော ယသော်ဓရာ အစရှိကုန်သော မိန်းမတို့သည် သကျကုလကညာ သာကီဝင်မျိုး မင်းသမီး တသောင်း ရှစ်ထောင်၊ နာနာကုလကညာ မိဖုယားပေါင်း တသောင်း၊ ဗြာဟ္မဏ ကုလ ကညာပုဏ္ဏားမျိုး မိဖုယားပေါင်း ရှစ်သောင်းလေးထောင်၊ အခြွေအရံ

တထောင်ရှိသော ဥပ္ပလဒါယိကာ မိဖုယားကြီး၊ ဤမိန်းမတို့သည် သိဒ္ဓတ်မင်းသား၏ နန်းတော်၌ မိဖုယားတွေဖြစ်ကြကုန်၏၊ ထိုမိဖုယား အပေါင်းတို့တွင် သကျကုလကညာ သာကီဝင်မင်းသွီး တသောင်း ရှစ်ထောင်တို့သည် ယသော်ဓရာနှင့် အလားတူစွာ ဖြဟ္မဒေဝမြတ်စွာ ဘုရား အစရှိကုန်သော ငါးသိန်း တသောင်း နှစ်ထောင် ကုန်သော မြတ်စွာဘုရားတို့၏ အထံ၌ ပါရမီကို ဖြည့်ကျင့် ဆည်းပူးလျက် ယသော်ဓရာကဲ့သို့ပင် အသက်ကို ပမာဏမထား ဖြည့်ကျင့်ကြကုန်၏။ အဆုံးဘဝ၌လည်း ယသော်ဓရာနှင့်ညီအစ်မတော် တဆွေတည်း တမျိုး တည်း သာကီဝင်မင်းသွီးတွေ ဖြစ်ကြကုန်၍ အရွယ်ရောက်သောအခါ ယသော်ဓရာနှင့် အတူတူပင် သိဒ္ဓတ်မင်းသား ဘုရားလောင်း စံတော် မူသော ရွှေနန်းတော်သုံးဆောင်သို့ ပို့ဆောင်ဆက်သ ရောက်လာကြ၍ ယသော်ဓရာနှင့် အတူတူပင် အလုံးစုံသော နန်းတွင်းသူ မိန်းမတို့ကို အုပ်ချုပ်စိုးပိုင်သော မိဖုယားကြီးတွေ ဖြစ်ကြ၍ ဋ္ဌာယရိယဂုဏ်နှင့် ပြည့်စုံကြကုန်၏။ ယသော်ဓရာသည်ကား သင်္ချေနှစ်ဆယ်၏ အထက် ဖြစ်သော ရှေးရှေးကမ္ဘာတို့က ပွင့်တော်မူသော မြတ်စွာဘုရားတို့၏ အထံ၌လည်း ပါရမီကိုဖြည့်၍ သမ္ဘာရကုသိုလ် ပိုလွန်သောကြောင့် အဂ္ဂမဟေသီမိဖုယားထိပ်ခေါင်တင်ကြီးဖြစ်ရ၏။ တသောင်းရှစ်ထောင် ကုန်သော သာကီဝင်မင်းသွီးမိဖုယားတို့သည်ကား အစ်မကြီးယသော် ဓရာ၏ လက်အောက် ကိုယ်စားဖြစ်၍ နန်းတွင်းသူ မိန်းမတို့ကို အုပ်ချုပ် ရကုန်၏။ ထိုအကြောင်းကို ပြလို၍ ဤဂါထာကို ဟောသတည်း။

ထိနံ သတသဟဿာနံ၊ နဝုတိစ ဆဒုတ္တရိ။
အဂါရေ တေ အဟံဝီရ၊ ပါမောက္ခာ သဗ္ဗမိဿရာ။

ယသော်ဓရာထေရီ လျှောက်ကြားသော ဂါထာ၊ ထေရီအပဒါန်-၃၉၂။

ဝီရ၊ ကြီးသောလုံ့လ ရှိတော်မူသော မြတ်စွာဘုရား။ သတ သဟဿာနံ၊ တသိန်းကုန်သော။ ထိနံစ၊ မိန်းမတို့၏ ငှင်း။ နဝုတိ သဟဿာနံ၊ ကိုးသောင်း ကုန်သော။ ထိနံစ၊ မိန်းမတို့၏ ငှင်း။ ဆသဟဿာနံ၊ ခြောက်ထောင်ကုန်သော။ ထိနံစ၊ မိန်းမတို့၏ငှင်း။ ဥတ္တရိ၊ အပေါ်၌။ အဟံ၊ ယသော်ဓရာခေါ် တပည့်တော်မသည်။ ပါမောက္ခာ၊ ကြီးမှူး အုပ်ချုပ်ရသည် ဖြစ်၍။ တေ၊ အရှင်ဘုရား၏။

အဂါရေ၊ ရွှေနန်းတော် သုံးဆောင်ထက်၌။ ရူသရာ၊ အစိုးရပါ၏ မြတ်စွာဘုရား။

ထိန် သတသဟဿာနံ၊ နဝုတိစ ဆဒုတ္တရိ။
အဂါရေ တေ မယံ ဝီရ၊ ပါမောက္ခာ သဗ္ဗရူသရာ၊
သာကီဝင်မင်းသွီး တသောင်းရှစ်ထောင်တို့ လျှောက်ကြားသောဂါထာ- ၃၉၇။

ဝီရ၊ ကြီးသော လုံ့လရှိတော်မူသော မြတ်စွာဘုရား။ တေ၊ အရှင်ဘုရား၏။ အဂါရေ၊ ရွှေနန်းတော် သုံးဆောင်ထက်၌။ မယံ၊ သာကီဝင်မင်းသွီးဖြစ်ကုန်သော တပည့်တော်မတို့သည်။ ထိန် သတသဟဿနံ နဝုတိစ ဆဒုတ္တရိ၊ တသိန်း ကိုးသောင်း ခြောက်ထောင် ကုန်သော နန်းတွင်းသူ မိန်းမတို့၏ အပေါ်၌။ ပါမောက္ခာ၊ ကြီးမှူးအုပ်ချုပ်ရကုန်သည်ဖြစ်၍။သဗ္ဗရူသရာ၊အလုံးစုံကို အစိုးရကြကုန်၏ မြတ်စွာဘုရား။

[ဤဂါထာ၌ တိကဲသတသဟဿာနိ ဟူ၍ ပါဠိအချို့ရှိ၏။ ဥတ္တရိ— ဟူသော နောက်ပုဒ်နှင့် မလျော်ချေ။နဝုတိနံ-ဟူ၍လည်း အချို့ပါဠိရှိ၏။ သဟဿပုဒ်နှင့် ဂုဏ်တဖြစ်သော သတပုဒ်နှင့်ရင်း စ-နိပါတ်ပုဒ်နှင့်ရင်း မလျော်ချေ။ ဂါထာပါဒလည်း တလုံးလွန်၍နေ၏။ ဂုဏ်တမယူလျှင် နန်းတွင်းသူ မိန်းမပေါင်း တသိန်း ကိုးဆယ် ခြောက်ယောက် ရှိသည်ဟူ၍ ဆိုရလိမ့်မည်။နန်းတွင်းသူ မိန်းမတို့သည်ကား ဤအပဒါန်ပါဠိတော်လာ မိန်းမပေါင်း တသိန်းတသောင်း သုံးထောင် ရေတွက်၍ရ၏။ ထိုပြင် ဗုဒ္ဓဝင်ပါဠိတော်လာ နာဋကိတ္ထိ ကချေသည်မိန်းမပေါင်း လေးသောင်းလည်း ရှိသေး၏]။

စတ္တာလီသ သဟဿာနိ၊ နာဋိယော သမလင်္ကတာ။
ဗုဒ္ဓဝင်-၄၆၅။

သမလင်္ကတာ၊ညီညာပြုပြင် တန်းဆာဆင်ကြကုန်သော။နာဋိယော၊ နှစ်သက် ဖွယ်ရာ ကညာ အစင် အပျိုခင်တို့သည်။ စတ္တာလီသ သဟဿာနိ၊လေးသောင်းရှိကုန်၏။ ထိုလေးသောင်းသော မိန်းမတို့ သည် မိဖုယားမဟုတ်၊ နာဋကိတ္ထိ၊ ကချေသည် အပျော်တော်ဆက်ကြ သော မိန်းမတို့ ဖြစ်ကြောင်း-

နာဋကိတ္ထိယောတိ ပရိဝုတော။ စတ္တာလီသသဟဿာစနာဋကိတ္ထိ။
အပဒါန်အဋ္ဌကထာနှင့် ရင်းအဋ္ဌကထာ၊ ဂါ-ချပ်။

ဤကချေသည် မိန်းမ လေးသောင်းတို့သည် ယောကျ်ားမရောယှက် သက်သက်သော မိန်းမ တူရိယာတို့ဖြင့် တီးမှုတ် ကခုန် မြူးတူးလျက် အပျော်ဆက်ကြရကုန်၏။ ထိုအကြောင်းကို ပြတော်မူလိုသော မြတ်စွာဘုရားသည် ဤသို့ ဟောတော်မူ၏။

တသ္မိ မယှံ မာဂဏ္ဍိယ တယော ပါသာဒါ အဟေသုံ၊ ဧကော ဝဿိကော ဧကော ဟေမန္တိကော ဧကော ဂိမှိကော။ သော ခေါ အဟံ မာဂဏ္ဍိယ ဝဿိကေ ပါသာဒေ ဝဿိကေ စတ္တာရော မာသေ နိပ္ပုရိသေဟိ တူရိယေဟိ ပရိစာရိယ မာနော။ န ဟေဋ္ဌာ ပါသာဒံ ဩရောဟာမိ၊ သော အပရေန သမယေန ကာမာနံယေဝ သမုဒယဉ္စ အတ္ထင်္ဂမဉ္စ အဿာဒဉ္စ အာဒီနဝဉ္စ နိဿရဏဉ္စ ယထာဘူတံ ဝိဒိတွာ ကာမတဏှံ ပဟာယ ကာမပရိဠာဟံ ပဋိဝိနောဒေတွာ ဝိဂတပိပါသော အဇ္ဈတ္တံ ဝူပသန္တစိတ္တော ဝိဟရာမိ။

မဇ္ဈိမပဏ္ဏာသ ပါဠိတော် မာဂဏ္ဍိယသုတ်-၁၆၇။

မာဂဏ္ဍိယ၊ မာဂဏ္ဍိယပရိဗိုဇ်။ တသ္မိမယှံ၊ ထိုငါဘုရား၏။ တယော ပါသာဒါ၊ ပြာသာဒ်သုံးဆောင်တို့သည်။ အဟေသုံ၊ ရှိသည်ဖြစ်ကုန်၏။ ဧကော၊ တဆောင်သော ပြာသာဒ်ကား။ ဝဿိကော၊ မိုးတွင်းလေးလ နေတော်မူ၏။ ဧကော၊ တဆောင်သော ပြာသာဒ်သည်ကား။ ဟေမန္တိကော၊ ဆောင်းတွင်း၌ နေတော်မူ၏။ ဧကော၊ တဆောင်သောပြာသာဒ်သည်ကား။ ဂိမှိကော၊ နွေလ၌နေတော်မူ၏။ မာဂဏ္ဍိယ၊ ပရိဗိုဇ်ရဟန်း ပြု၍နေသော မာဂဏ္ဍိယ။ သောခေါအဟံ၊ ထိုငါဘုရားသည်။ ဝဿိကေ ပါသာဒေ၊ မိုးတွင်းနေသော ပြာသာဒ်၌။ ဝဿိကေ စတ္တာရောမာသေ၊ မိုးတွင်းလေးလပတ်လုံး။ နိပ္ပုရိသေဟိ၊ ယောကျ်ား မရောယှက် သက်သက် မိန်းမတို့သာ တီးမှုတ်ကြကုန်သော။ တူရိယေဟိ၊ တူရိယာ ငါးပါးတို့ဖြင့်။ ပရိစာရိယမာနော၊ မွေ့လျော်ပျော်ပါး စံစားတော်မူလျက်။ ဟေဋ္ဌာပါသာဒံ၊ ပြာသာဒ်အောက်သို့။ န ဩရောဟာမိ၊ သက်ဆင်းတော် မမူ။ သောအဟံ၊ ကချေသည်မိန်းမတီးမှုတ်ကြသော တူရိယာငါးပါးဖြင့် စံစားကာနေသော ထိုငါဘုရားသည်။ အပရေနသမယေန၊ သူဒိုး,သူနာ, သူသေ,ရဟန်း,လေးခဏ်းနိမိတ် သံဝေစိတ်ဖြင့် ကြောက်ထိတ်လန့်ပြာ နောက်အခါ၌။ ကာမာနံယေဝ၊ ကာမဂုဏ်တို့၏သာလျှင်။ သမုဒယဉ္စ၊

ဖြစ်ကြောင်းကိုရင်း။ အညာဏ်မဋ္ဌ၊ မဖြစ်ကြောင်းကိုရင်း။ အသာဒဋ္ဌ၊ သာယာခြင်းကိုရင်း။ အာဒီနဝဋ္ဌ၊ ဖြစ်ချည်ပျက်ချည် အတည်မနေ အပြစ်တွေကိုရင်း။ နိဿရဏဋ္ဌ၊ ဖြစ်ပျက်လွတ်ရှင်း အပြစ်ကင်းခြင်းကိုရင်း။ ယထာဘူတံ၊ ဟုတ်တိုင်းမှန်စွာ။ ဝိဒိတွာ၊ ဖြစ်ပျက်ရှုကြည့် ကောင်းစွာသိ၍။ ကာမတဏှံ၊ ကာမပျော်ပါး စံစားလိုခြင်းကို။ ပဟာယ၊ ပယ်စွန့်၍။ ကာမပရိဠာဟံ၊ ကာမတဏှာ အာသာထန်ပြင်း ပူပန်ခြင်းကို။ ပဋိဝိနောဒေတွာ၊ ပယ်ဖျောက်၍။ ဝိဂတပိပါသော၊ ကာမတဏှာ ပူဆာလွတ်ရှင်း မွတ်သိပ်ကင်းလျက်။ အဇ္ဈတ္တံ၊ ကိုယ်တွင်းသန္တာန်၌။ ဝူပသန္တစိတ္တော၊ ငြိမ်းအေးသောစိတ်ရှိသျက်။ ဝိဟရာမိ၊ ယခုထက်ဘိုင် ငါနေနိုင်၏။

ချစ်သားမာဂဏ္ဍိယ ငါဘုရားသည် ယောကျ်ားမရောယှက် သက်သက်သော မိန်းမကချေသည်ဘို့သာလျှင် တီးမှုတ်ကြကုန်သော တူရိယာငါးပါးတို့ဖြင့် စံစား၍နေရာမှ ကာမဂုဏ်၏အပြစ်ကိုမြင်၍ တောထွက်လာပြီးနောက် ကာမဂုဏ်စိတ် ကင်းပျောက်၍ ယခုအခါ၌ ငါဘုရားသည် ငြိမ်းချမ်းသာစွာ နေရ၏ဟူ၍ မာဂဏ္ဍိယ ပရိဗိုဇ်အား ဟောကြားတော်မူ၏။ တူရိယာတီးမှုတ်ကြသော ကချေသည် မိန်းမ နာဋကိတ္ထိ လေးသောင်းကိုမှတပါး တံခါးစောင့်ရာ၌မိန်းမ ရေခပ်ခြင်း ရေချိုးခြင်း အစရှိသော အလုံးစုံသော အရာဌာန ဘို့၌လည်း မိန်းမတို့ကိုသာလျှင် ထားကုန်၏။

မဇ္ဈိမပဏ္ဏာသအဋ္ဌကထာ-၁၃၄။

ရာဇာ ကိရ ဇထာရူပံ ဣဿရိယ သုခသမ္ပတ္တိံ အနုဘဝမာနဿ ပုရိသံ ဒိသွာ ပရိသက်ာ ဥပ္ပဇ္ဇတိ၊ သာ မေ ပုတ္တဿ မာ အဟောသိတိ သဗ္ဗကိစ္စေသု ဣတ္ထိယောဝ ဌပေသိ။

ရာဇာ၊ သုဒ္ဓေါဒနမင်းကြီးသည်။ ဇထာရူပံ၊ ထိုသို့သဘောရှိသော။ ဣဿရိယသုခသမ္ပတ္တိံ၊ အစိုးရခြင်း ပြည့်ပိုင်မင်းတို့၏ ချမ်းသာစည်းစိမ်ကို။ အနုဘဝမာနဿ၊ စံစားသောသူအား။ ပုရိသံ၊ ယောကျ်ားကို။ ဒိသွာ၊ မြင်သည်ရှိသော်။ ပရိသက်ာ၊ တွေးမိတွေးရာ မသင်္ကာခြင်းသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်တတ်၏။ သာ၊ ထိုစိတ်ထားနှောင့်နှေး တွေးမိတွေးရာ မသင်္ကာဘွယ်သည်။ မေ၊ ငါ၏။ ပုတ္တဿ၊ သားတော်ဖြစ်သော သိဒ္ဓတ်မင်းသားအား။ မာအဟောသိ၊ မဖြစ်စေလင့်။ ဣတိ၊ ဤသို့

နှလုံးပြု၍။ သဗ္ဗကိစ္စေသု၊ အလုံးစုံသော အမှုကိစ္စ ဟူသမျှတို့၌။ ဇုတ္တိယောဝ၊ မိန်းတို့ကိုသာလျှင်။ ဌပေသိကိရ၊ ထားတော်မူသတတ်။

ဤသို့လျှင် ရမ္မ သုရမ္မ သုဘ ဟူသော ပြာသာဒ်သုံးဆောင်အတွင်း၌ တံခါးစောင့်မှစ၍ အလုံးစုံသောကိစ္စ၌ မိန်းမတို့ကိုသာလျှင် ထားသော ကြောင့် နန်းတွင်းသူ မိန်းမပေါင်း တသိန်းကိုးသောင်း ခြောက်ထောင် ရှိကြောင်းကို ယသော်ထေရီလျှောက်ကြားသော ဂါထာဖြင့်သိအပ်၏။ ထို မိန်းမတို့သည် မိဖုယားမဟုတ်ကြကုန်။ မိဖုယားဖြစ်သော မိန်းမ တို့သည်ကား (အပဒါန်ပါဠိတော် ၂၆၂-၄၀၃-နံပါတ်၌ လာသော) ယသော်ဓရာ အစရှိသော သကျကုလကညာ မိဖုယား တသောင်း ရှစ်ထောင် နာနာကုလကညာ မိဖုယား တသောင်း ပြာပဗ္ဗတကုလ ကညာ မိဖုယားရှစ်သောင်း လေးထောင် ဥပ္ပလဒါယိကာပမုခ မိဖုယား တထောင် အလုံးစုံပေါင်းသည်ရှိသော် မိဖုယားဖြစ်သော မိန်းမပေါင်း ကား တသိန်း တသောင်း သုံးထောင်ရှိ၏။ ထိုတသိန်း တသောင်း သုံးထောင်သော မိဖုယားတို့တွင် ယသော်ဓရာနှင့်တကွ သကျကုလ ကညာ သာကီဝင် မိဖုယားတို့သည် ဇာသရီယဂုဏ်နှင့် ပြည့်စုံ၍ နန်းတွင်းသူ မိန်းမဟူသမျှတို့ကို အုပ်ချုပ်ရကုန်၏။

နာနာကုလကညာ မိဖုယား တသောင်းတို့သည် လေးသင်္ချေနှင့် ကမ္ဘာတသိန်းထက်၌ သုမေဓာနှင့် သုမိတ္တာကို ဗျာဒိတ်ပေးသောအခါ သဒ္ဒါကြည်ညိုခြင်း ဖြစ်ကြကုန်၍ ငါတို့သည်လည်း သုမိတ္တာကဲ့သို့ ပင်လျှင် သုမေဓာ အရှင်ရသေ့၏ ခင်ပွန်းမဖြစ်၍ နိဗ္ဗာန် ရအောင် ဆုတောင်းအံ့ဟု နှလုံးပြုကြကုန်လျက် သုမိတ္တာကိုအားကျသောသဘော ရှိကြရကားအရှင်သုမေဓာ၏ ခင်ပွန်းမဖြစ်စေရန် ဆုတောင်းကြကုန်၏။ ထိုအကြောင်းကိုပြခြင်းငှါ ဤဂါထာကို ဟောတော်မူသတည်း။

အမှံ သဗ္ဗပတိ ဟောဟိ၊ အနာဂတသမာဂမေ။

သဗ္ဗာဝ တုယှံ ဘရိယာ၊ မနာပါ ပိယဝါဒိကာ။

သဗ္ဗအမှံ၊ အလုံးစုံတသောင်းကုန်သောကျွန်တော်မတို့၏။ ပတိ၊ လင် ယောကျ်ားသည်။ ဟောဟိ၊ ဖြစ်တော်မူပါလော့။ အနာဂတသမာဂမေ၊ နောင်ခါကာလနိဗ္ဗာန်ကျအောင် ပေါင်းဘော်ရခြင်းငှါ။ သဗ္ဗာဝ၊ မိန်းမ တသောင်းရပေါင်းဥဿုံ အလုံးစုံသော ကျွန်တော်မတို့သည်။ တုယှံ၊ အရှင်သုမေဓာ၏။ ဘရိယာ၊ အလုပ်အကျွေးတို့သည်။ မနာပါ၊ နှစ်သက်

ဘွယ်သောအဆင်းအရောင် ရှိကုန်လျက်။ ပိယဝါဒီကာ၊ ချစ်ခင်ဘွယ်သောစကားကိုပြောဆိုတတ်ကုန်သော မိဖုယား တို့သည်။ ဘဝါမ၊ ဖြစ်ရပါလိုကုန်၏။

ဤသို့ သုမေဓာ အရှင်ရသေ့ ဘုရားဖြစ်သည် တိုင်အောင် ခြေရင်းအလုပ်အကျွေးဖြစ်၍ နိဗ္ဗာန်ကို ရပါလို၏ဟုဆုတောင်းလျက် ဒါနသီလစသော ပါရမီတို့ကို ဖြည့်ကျင့် ကြကုန်၏။ ထိုနာနာကုလကညာမိဖုယားတို့သည် ယသော်ဓရာကဲ့သို့ သုမေဓာ၏ အလုပ်အကျွေးဖြစ်ရန် ဆုတောင်းကြသော်လည်း ယသော်ဓရာကဲ့သို့ အသက်ကို ပမာဏမထား စွန့်စားပြုကျင့်ကြောင်းကို မဆို။ ထိုပါရမီ ကံအားလျော်စွာ အဆုံးဘဝ၌ မထင်ရှားသော နာနာကုလကညာ အမျိုးသမီးများ ဖြစ်ကြကုန်၍ အရွယ်ရောက်သောအခါသိဒ္ဓတ်မင်းသား၏နန်းတော်သုံးဆောင်သို့ပို့ဆောင်ဆက်သရောက်လာကြ၍ခြေချမ်းသာနေကြရကုန်၏၊သကျကုလကညာ မိဖုယားတသောင်း ခြောက်ထောင်တို့ကဲ့သို့ ဈာနရိယဂုဏ် မရှိကြကုန်။

ပြဆွဲလာ ကုလ ကညာမိဖုယား ခြောက်သောင်း လေးထောင်တို့သည်ကား လွန်ခဲ့ပြီးသော ကမ္ဘာတသိန်းမှ အထက်ရှေးကမ္ဘာတို့၌ ပွင့်တော်မူသောမြတ်စွာဘုရားတို့၏ အထံ၌လည်း ငါတို့ဘုရားလောင်းနှင့် ပေါင်းဆုံရန်ဆုတောင်းခြင်းရှိကြကုန်၍ထိုဆုတောင်းအားလျော်စွာ ကမ္ဘာတသိန်း ထက်၌ ပွင့်တော်မူသော ပဒုမုတ္တရ မြတ်စွာဘုရားလက်ထက်၌ ငါတို့ဘုရားလောင်း ဇဋိလသူဌေးမင်း၏ တံတားခင်းခြင်း ကျောင်းတိုက်တည်ခြင်း ကုသိုလ်ဘို့၌ ဝေယျာဝစ္စပြုလုပ်ကြ၍ ဗျာဒိတ်ရကြကုန်၏။ ယသော်ဓရာကဲ့သို့ရင်း သကျကုလကညာ သာကီဝင်မင်းသွီး မိဖုယား တသောင်းခြောက်ထောင် တို့ကဲ့သို့ရင်း အသက်ကို ပမာဏမထား စွန့်စား ပြုကျင့်ကြောင်းကို မဆို ထိုကုသိုလ်ပါရမီအားလျော်စွာ အဆုံးဘဝ၌ ပုဏ္ဏားသွီးတွေ ဖြစ်ကြ၍ အရွယ်ရောက်သောအခါ သိဒ္ဓတ် မင်းသား စံတော်မူသော နန်းတော်ပြာသာဒ်သုံးဆောင်သို့ ပို့ဆောင်ဆက်သ ရောက်လာကြ၍ ခြေချမ်းသာ နေကြရကုန်၏။ သို့သော်လည်း ပရိစာရိကာ မိဖုယားငယ်မျှသာလျှင်ဖြစ်ကြ၍ ဈာနရိယဂုဏ် မရှိကြကုန်၊ သာကီဝင်မင်းသွီး တသောင်းခြောက်ထောင်တို့၏ လက်အောက်ခံ မိဖုယားငယ် ဖြစ်ကြကုန်၏။

သာကီဝင် မင်းသမီး ဖြစ်သော ဥပ္ပလဒါယိကာ မိဖုယားကြီးသည်ကား သုံးဆဲ့တကမ္ဘာထက်၌ သိဒ္ဓိမြတ်စွာဘုရား၏ ခမည်းတော် အရဏမင်းကြီး၏ မိဖုယားငယ်ဖြစ်သော အခါ၌ အလွန် ရွှင်လန်း ဝမ်းမြောက်စွာ စေတနာ ထက်သန်သဖြင့် ကုသိုလ်ကို ပြုသောကြောင့် အလုံးစုံသောဇာတ်တို့အင်္ဂါနှင့်ပြည့်စုံခြင်း ကိုယ်မှ အရောင်ထွက်၍ ဇုတိန္ဓရဂုဏ်နှင့်ပြည့်စုံခြင်းတို့ဖြင့် မိဖုယားငယ် တထောင်ကို အုပ်ချုပ်ရသော ဇာသဝိယဂုဏ်နှင့် ပြည့်စုံ၏။ သကျကုလကညာ သာကီဝင် မင်းသမီး တသောင်းရှစ်ထောင်တို့ကဲ့သို့ နန်းတွင်းသူ အလုံးစုံကိုကား အပိုးတရ ပြုလုပ်နိုင်ကြောင်းကို မပြဆို။

မိဖုယားဖြစ်သော မိန်းမတို့သည် မိမိတို့ အခြွေအရံ အစေခံ အပျိုတော် မိန်းမတို့ခြံရံလျက် မိဖုယားဇာနေ့ဖြင့် တင့်တယ်စွာနေကြရကုန်၏။ နာဋကိတ္ထိ ကချေသည် မိန်းမ လေးသောင်း တို့သည်ကား မိဖုယားဇာနေ့နှင့် မနေကြရကုန်။

ဤနန်းတွင်းသူ မိန်းမအပေါင်းတို့သည်လည်းအဂ္ဂမဟေသီ မိဖုယားကြီးဖြစ်သော ယသော်ဓရာမိဖုယားသည် သက်န်းဝတ်၍ ရဟန်းမိန်းမ ပြုလုပ်သောအခါ အလုံးစုံလိုက်၍ ရဟန်းမိန်းမ ပြုလုပ်ကြကုန်၏။ ရွှေနန်းတော်သုံးဆောင်သည် ဈေးအခါ၌ ကချေသည်မိန်းမ တူရိယာ ငါးပါးတန်ဖြင့်ရင်း မိန်းမတို့ ဝတ်ဆင်ကြသော ပုတီး နားဒောင်း လက်ကောက် ခြေကျင်း ပဝါ ထဘီ အင်္ကျီတို့ဖြင့်ရင်းအထူးထူးအထွေထွေ ထိန်တောက် ဆူညံ၍နေသော်လည်း ယသော်ဓရာ သက်န်းဝတ်၍ ရဟန်းပြုသော နောက်ကာလ၌မူကား အလုံးစုံသော ရွှေနန်းတော် သုံးဆောင်လုံး၌ နန်းတွင်းသူ မိန်းမအပေါင်းတို့သည် သက်န်း ဝတ်၍ ရဟန်းပြုကြ ကုန်သောကြောင့် သက်န်း ရောင်ဖြင့် ပြောင်ပြောင် တောက်ပ၍ နေကြလေသတည်း။

ဘုရားလောင်း၏ မိဖုယားများ ထေရီ အပဒါန် ဝတ္ထုပြီး၏။

[ပဥ္စသဋ္ဌိ ဝတ္ထု]

သက်နီးဝတ်၍ ရဟန်းပြုသောမိန်းမတို့တွင် မိထွေးတော် ဂေါတမီ အစဆုံး ဖြစ်ကြောင်း

မြတ်စွာဘုရား သာသနာတော်၌ သက်နီးဝတ်သော မိန်းမအလုံးစုံတို့တွင် မိထွေးတော် ဂေါတမီသည် ပထမဆုံးဖြစ်သတည်း။ ထို့နောက် မိထွေးတော်ဂေါတမီနှင့်အတူလိုက်ကြကုန်သော သာကီယဝံသ-သကျကုလ မင်းသမီး ငါးရာတို့လည်း သက်နီး ဝတ်၍ ရဟန်း ပြုကြကုန်၏။ ထိုမင်းသမီး ငါးရာတို့သည်ကား ကပိလဝတ်ပြည်သူနှင့် ကောလိယပြည်သူ ဒေဝဒဟပြည်သူတို့ ဖြစ်ကြကုန်၏။ ကပိလဝတ်နှင့် ကောလိယ နှစ်ပြည်ထောင် မင်းတို့သည် ရောဟိနီမြစ်၌ ဆည်မြောင်းဖြင့် လယ်လုပ်ကြကုန်သော် လုပ်သားတို့ ရေလုကြရာတွင် ဒိုက်ရန်ဖြစ်၍ စစ်ဖြစ်တော့မည့်အခါတွင် မြတ်စွာဘုရားသည် ဘုန်းတော်ဖြင့် ကောင်းကင်မှ ကြွ၍ ဆုံးမသောအခါ မြတ်စွာဘုရား နောက်သို့ လိုက်ပါ၍ ဟိမဝန္တာ မဟာဝုန်တော၌ ရဟန္တာ ဖြစ်ကြကုန်သော မင်းသားတို့၏ မယားယောင်းများ ဖြစ်ကြကုန်၏။ ထိုမိထွေးတော် ဂေါတမီနှင့်တကွ ခင်ပွန်းယောကျ်ား မင်းသားတို့ စွန့်သွား၍ ရဟန်းပြုကြသဖြင့် ထိုမင်းသမီးငါးရာတို့ ရဟန်းမိန်းမ ပြုလုပ်ပြီးနောက်မှ ယသော်ဓရာ အစရှိသော နန်းတွင်းသူ မိန်းမအပေါင်းတို့သည်လည်း ရဟန်းမိန်းမ ပြုကြကုန်၏။

ထိုစကားကို ချဲ့၍ဆိုဦးအံ့။ မိထွေးတော် ဂေါတမီသည် ကပိလဝတ်ပြည် နိဂြောဓမည်သော သာကီဝင်မင်းတဦးက ဆောက်လုပ် လှူဒါန်းသောကြောင့် နိဂြောဓာရာမ အမည်ရှိသော နိဂြောဓာရုံ ကျောင်းခွေဘုံ၌ အာရုံဖြေ့တင်း သီတင်းသုံးနေတော်မူသော မြတ်စွာဘုရားအထံသို့ ဆည်းကပ်၍ ရှိသေစွာ ရှိခိုးပြီးလျှင် သင့်တင့်ရာ၌ ရပ်လျက် ဤသို့ လျှောက်ကြား၏။ ဘုန်းတော်နေဝန်း တောက်ထွန်းသဏ္ဍာယ် တင့်တယ်တော်မူသော မြတ်စွာဘုရား တပည့်တော်မ တောင်းပန်ပါ၏။ မာတုဂါမများသည် မြတ်စွာဘုရား သာသနာတော်၌ ရဟန်းအဖြစ်ကို ရလိုပါ၏ မြတ်စွာဘုရားဟု တောင်းပန်သောအခါ မိထွေးတော်ဂေါတမီ ငါဘုရား၏ သာသနာတော်၌ မာတုဂါမများ ရဟန်းအဖြစ်ကိုရခြင်းငှါ သင်အလိုမရှိလင့်ဟု ပယ်ရှားတော်မူ၏။ ဒုတိယ တကြိမ် တောင်းပန်ပြန်၏။ ပယ်ရှားတော်မူပြန်၏။ တတိယတကြိမ် တောင်းပန်ပြန်၏။

ပယ်ရှားတော်မူပြန်၏။ ဤသို့ သုံးကြိမ်တိုင် တောင်းပန်၍ မရသဖြင့် မိထွေးတော်ဂေါတမီသည် နှလုံးမသာမကြဲည် မျက်ရည် ယိုကျလျက် မြတ်စွာဘုရားကိုရှိခိုး၍ ပြန်သွားရရှာ၏။ ထိုနောက် မြတ်စွာဘုရားသည် ကပိလဝတ်ပြည်တော်မှ ဒေသစာရီ ကြွချီတော်မူလျက် ဝေသာလီပြည်သို့ ရောက်၍ မဟာဝုန်တော ကုဋာဂါရ သာလကျောင်းတိုက်တော်၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ၌ မိထွေးတော်ဂေါတမီသည် ဆံပင်တို့ကို ရိတ်ဖြတ်၍ ဖန်ရည်ဆိုးသော အဝတ်တို့ကို ဝတ်ရုံလျက် များစွာကုန်သော သာကီဝင်မင်းသမီး အပေါင်းတို့နှင့်တကွ ဝေသာလီပြည်သို့ ခရီးအရှည်သွားသဖြင့် သွေးချည် ဥသော ခြေတို့ဖြင့်၎င်း မြူဖုံ အလိမ်းအလိမ်းကပ်သော ကိုယ်ဖြင့်၎င်း ဆင်းရဲပင်ပန်း နွမ်းနယ်လှစွာ မျက်နှာ၌ ယိုစီးသော မျက်ရည်ရှိလျက် ကျောင်းတိုက် တံခါးမုတ်၌ ရပ်နေသည်ကိုအရှင်အာနန္ဒာမြင်တော်မူ၍အဘယ့်ကြောင့် မိထွေးတော်ဂေါတမီသည်ဆင်းရဲပင်ပန်း ညှိုးနွမ်းပူလိုက် ငိုကြွေး၍လာပါသနည်းဟု မေးလျှင် မြတ်စွာဘုရားထံ၌ ရဟန်းအဖြစ်ကို မာတုဂါမတို့အား အခွင့်တောင်း၍ မရသောကြောင့်ပါ ဘုရားဟု လျှောက်ကြားလျှင် အရှင်အာနန္ဒာသည် လျင်စွာသွား၍ မြတ်စွာဘုရားကို ရှိခိုးလျက် ဤသို့ နားတော် လျှောက်လေသတည်း။ မြတ်စွာဘုရား မဟာပဇာပတိ မိထွေးတော်ဂေါတမီသည် ရဟန်းအဖြစ်ကို မာတုဂါမတို့အား အခွင့် မပေးသောကြောင့် ငိုကြွေးလျက် တံခါးမုတ်၌ နေပါသည် ခွင့်ပေးတော်မူပါ မြတ်စွာဘုရားဟု တောင်းပန်သောအခါ ညီချစ်အာနန္ဒာ ငါဘုရားသာသနာတော်၌ မာတုဂါမတို့အား ရဟန်းအဖြစ်ကို သင် မနှစ်သက်လင့်ဟု ပယ်ရှားတော်မူ၏။ ဤသို့ သုံးကြိမ်တိုင် တောင်းပန်၍ ပယ်ရှားတော်မူသောအခါ အရှင်အာနန္ဒာသည် ဤသို့ အကြောင်း တမျိုးဖြင့် ရှိခိုး၍ လျှောက်ကြားပြန်၏။ မြတ်စွာဘုရား မာတုဂါမ များသည် သာသနာတော်၌ ရဟန်းပြု၍ မဂ်ဖိုလ်နိဗ္ဗာန်ကို မရထိုက် ပါသလောဟု မေးလျှောက်သောအခါ မာတုဂါမများသည် သာသနာ တော်၌ ရဟန်းပြု၍ မဂ်ဖိုလ်နိဗ္ဗာန်ကို ရထိုက်၏ဟု မြတ်စွာဘုရား မိန့်တော်မူ၏။ ဘုန်းတော် ကြီးလှသော သဗ္ဗညု မြတ်စွာဘုရား အကယ်၍ မာတုဂါမများသည် ရဟန်းပြု၍ မဂ်ဖိုလ်နိဗ္ဗာန်ကို ရထိုက် ပါငြားအံ့၊ မိထွေးတော်ဂေါတမီသည် အလွန်ကျေးဇူးများလှပါသည်

မြတ်စွာဘုရား။ မယ်တော်မာယာ နတ်ရွာစံပြီးနောက် အရှင်ဘုရားအား နို့ချိုတိုက်ကျွေး၍ မွေးမြူရပါသည်။ တပည့်တော် တောင်းပန်ပါ၏။ မိထွေးတော်ဂေါတမီ ခွင့်တောင်းသော ရဟန်းအဖြစ်ကို မာတုဂါမတို့အား သာသနာတော်၌ ရဟန်းပြုရန် ခွင့်ပေးတော်မူပါ မြတ်စွာဘုရားဟု လျှောက်ကြားသောအခါ ညီချစ်အာနန္ဒာ မိထွေးတော် ဂေါတမီသည် ရှစ်ပါးသော ဂရုဓံတရားတို့ကို အကယ်၍ ကျင့်သုံးဆောက်တည်နိုင်ငြားအံ့၊ ထိုကျင့်သုံး ဆောက်တည်သော ဂရုဓံတရားဖြင့်ပင်လျှင် ဥပသမ္ပဒါရဟန်းပဥ္စင်းဖြစ်စေလော့ဟု မိန့်တော်မူပြီးလျှင် ဤဂရုဓံတရား ရှစ်ပါးတို့ကို ဟောတော်မူ၏။

ဓိန်းမများသည် သက်နှံးဝတ်၍ ရဟန်းပြုလျက် အသက်လုံးကျင့်သုံးရသော ဂရုဓံတရားရှစ်ပါးကို ဟောတော်မူကြောင်း

ဝါတရာရပြီးသော ရဟန်းမိန်းမသည် ယနေ့ပဥ္စင်းဖြစ်သော ရဟန်းယောကျ်ားကို အရိုအသေရှိခိုးဦးချ ဝတ်ပြုရခြင်း။ ရဟန်းယောကျ်ားမရှိသော ကျောင်းတိုက်၌ ဝါဆို၍မနေရခြင်း။ တဆဲ့ငါးရက်လျှင် တကြိမ် ရဟန်းယောကျ်ား သံဃာတော်အထံသို့ ဥပုသ်နေ့မေးလျှောက်၍ ဆုံးမဩဝါဒ ခံယူရခြင်း။ ဝါကျွတ်ပြီးသော ရဟန်းမိန်းမသည် ဥဘတောသံဃာ၌ ပဝါရဏာပြုရခြင်း။ သံဃာဒိသိသ် အာပတ်သင့်သော ရဟန်းမိန်းမသည် ဥဘတောသံဃာ၌ ပက္ခမာနတ်ကျင့်ရခြင်း။ သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်ရခြင်း အစရှိသော သိက္ခာပုဒ်ခြောက်ပါးကို နှစ်နှစ်ပတ်လုံး ကျင့်သုံး၍ မပေါက်ကြားသော သိက္ခမာန် မိန်းမအား ဥဘတောသံဃာ၌ ပဥ္စင်းခံရခြင်း။ ရဟန်းမိန်းမက ရဟန်းယောကျ်ားကို တရုံတခုသော ပရိယာယ်စကားဖြင့်လည်း ဆဲရေးခြင်း မြည်တွန်မောင်းမဲ နှိပ်နင်းသောစကားကို မပြောဆိုရခြင်း။ ရဟန်းယောကျ်ားတို့အပေါ်၌ တစုံတခုသော စကားဖြင့် ဆုံးမသွန်သင် ပြောဟောစီမံခြင်း ဩဝါဒပေးခြင်းကို ပိတ်ပင်၍ ရဟန်းယောကျ်ားတို့က ဆုံးမသင်ပြ ပြောဟောစီမံ ဩဝါဒပေးသည့်ကို မတားမြစ် မပိတ်ပင်ရခြင်း။ ဤရှစ်ပါးသော ဂရုဓံတရားတို့ကို ရဟန်းမိန်းမတို့သည် အသက်ထက်ဆုံး မလွန်ကျူးရ။ အလေးအမြတ်ပြု၍ကျင့်အပ်၏။ ဂရုဓံတရားရှစ်ပါးပြီး၏။

အင်္ဂုတ္တရပါဠိတော်-၉၀။ စူဠဝါပါဠိတော်-၃၇၉။

[ယခုလက်ထက် မိန်းမများသည် ရဟန်းများကို တစုံတခုသော ပရိယာယ်စကားဖြင့် မဆဲမဆို မခြိမ်းမခြောက်ရခြင်း။ ရဟန်းတို့အပေါ်၌ ဆုံးမသင်ပြ ဩဝါဒ မပေးရခြင်း။ ဤ ဂရုဓမ်တရားနှစ်ပါးကို အမြဲ ကျင့်သုံးကြကုန်ရာ၏။ မကျင့်သုံးနိုင်သျှင် ထုလ္လနန္ဒာနှင့် ထုလ္လတိဿာ ဘိက္ခုနီမ နှစ်ယောက်တို့ကဲ့သို့ မိန်းမယုတ် ဖြစ်ကြလိမ့်မည် ဟူ၍ မှတ်ကြကုန်ရာသည်]။

မြတ်စွာဘုရားသည် ၈စ်ပါးသော ဂရုဓမ်တရားကို ဟောကြားသော အခါ အရှင်အာနန္ဒာသည် မိထွေးတော်ဂေါတမီအထံသို့သွား၍ ဤဂရုဓမ် တရား၈စ်ပါးကို မိထွေးတော်ဂေါတမီသည် ဆောက်တည် ကျင့်သုံး နိုင်ငြားအံ့၊ ဥပသမ္ပဒါ ရဟန်းပဉ္စင်း ဖြစ်လတ္တံ့ဟု မိန့်တော်မူလျှင် မိထွေးတော် ဂေါတမီသည် ဤသို့ဆို၍ ဝန်ခံလေ၏။

ဘန္တေ၊ အာနန္ဒ၊ အရှင်ဘုရားအာနန္ဒာ။ သေယျထာပိ၊ ဥပမာဆိုသည်ရှိသော်။ ဒဟရော၊ ငယ်သေးသော၊ ယုဝါ၊ ပျိုနုသော။ မဏ္ဍနဇာတိကော၊ တန်းဆာဆင်လေ့သဘောရှိသော။ ဣတ္ထိဝါ၊ မိန်းမသည်၎င်း။ ပုရိသော ဝါ၊ ယောကျ်ားသည်၎င်း။ သီသံ၊ ဦးခေါင်းကို။ နဟာတော၊ ဆေးလျှော်လျက်။ ဥပ္ပလမာလံဝါ၊ ကြာပန်းကိုသော်၎င်း။ ဝဿိကမာလံဝါ၊ မိုးစွေပန်းကို၎င်း။အတိမုတ္တကမာလံဝါ၊ စံကြီးပန်းကို၎င်း။ ဝါ၊ လမ်းသွယ်ပန်းကို၎င်း။လဘိတွာ၊ ရ၍။ဥဘောဟိ ဟတ္ထေဟိ၊လက်နှစ်ဖက်တို့ဖြင့်။ ပဋိဂ္ဂဟေတွာ၊ ခံယူ၍။ ဥတ္တမင်္ဂေ၊ မြတ်သောအင်္ဂါဖြစ်သော။သိရသ္မိံ၊ဦးခေါင်းထက်၌။ပတိဋ္ဌာပေယျ၊တင်ထားရာ၏။ပတိဋ္ဌာပေယျ သေယျထာပိ၊တင်ထားသကဲ့သို့။ဧဝမေဝခေါ၊ ဤအတူသာလျှင်။ ဘန္တေ အာနန္ဒ၊ အရှင်ဘုရားအာနန္ဒာ။ အဟံ၊ တပည့်တော်မ ဂေါတမီသည်။ အဋ္ဌဂရုဓမ္မေ ၈စ်ပါးသော ဂရုဓမ်တရားတို့ကို။ ပဋိဂ္ဂဏှာမိ၊ ခံယူပါ၏။ ယာဝဇီဝံ၊ အသက်ထက်ဆုံး။ အနတိက္ကမနီယော၊ မလွန်ကျူးပါ အရှင်ဘုရား။

ဤဂရုဓမ်တရား၈စ်ပါးကို ခံယူ၍ ရဟန္တာမဖြစ်ပြီးသော မိထွေးတော်ဂေါတမီသည် မြတ်စွာဘုရားအထံသို့ ဆည်းကပ်၍ ရှိသေစွာရှိခိုးလျက် ရပ်ပြီးလျှင် ဤသို့လျှောက်ကြား၏။ ဘုန်းတော်သခင် အရှင်ဘုရား— ဤသာသနာဝင် မင်းသမီးငါးရာတို့၌ အဘယ်ကဲ့သို့ ပြုရ ပါမည်နည်း မြတ်စွာဘုရားဟု လျှောက်ကြားသောအခါ မိထွေးတော် ဂေါတမီကို

တရားဟော၍ သွတ်လိုက်ပြီးလျှင် ရဟန်းတို့ကိုခေါ်၍ ဤသို့ မိန့်တော်မူ၏။ ချစ်သား ရဟန်းတို့.......ရဟန်းယောကျ်ားတို့က ရဟန်းမိန်းမတို့ကို ပဥ္စင်းခံစေခြင်းငှါ ငါဘုရားခွင့်ပြုတော်မူ၏ဟု မိန့်တော်မူလျှင် အရှင်အာနန္ဒာ ကမ္မဝါစာဖတ်၍ ငါးရာသော သာကီဝင် မင်းသမီး တို့အား ပဥ္စင်းခံစေ၏။ [ဤသာကီဝင်မင်းသမီး ငါးရာတို့ကား ရဟန်းယောကျ်ားတို့က ကမ္မဝါစာ ဖတ်၍ ပဥ္စင်းခံသော ရဟန်းမိန်းမတို့ ဖြစ်ကုန်၏။] ရဟန်းယောကျ်ား တို့က ကမ္မဝါစာဖတ်၍ ပဥ္စင်းခံကြသော ရဟန်း မိန်းမငါးရာတို့က မိထွေးတော်ဂေါတမီကို ဤသို့ဆိုကြကုန်၏။ အယျာ၊ အရှင်မဂေါတမီသည်။ အနုပသမ္ပန္နာ၊ ပဥ္စင်းမဖြစ်။ မယံ့၊ တပည့် တော်မတို့သည်သာလျှင်။ ဥပသမ္ပန္နာ၊ ပဥ္စင်းဖြစ်ကြကုန်သည်။ အမှာ၊ ဖြစ်ကြကုန်၏။

မိထွေးတော်ဂေါတမီသည် ရဟန်းမိန်းမငါးရာတို့က ပြောဆိုသော အကြောင်းကို အရှင်အာနန္ဒာအား လျှောက်ကြားလျှင် အရှင်အာနန္ဒာ သည် မြတ်စွာဘုရားကို လျှောက်ကြားလျှင် ဤသို့ ဟောတော်မူ၏။ ချစ်သား အာနန္ဒာ မိထွေးတော် ဂေါတမီသည် ရှစ်ပါးသော ဂရုဓံ တရားကို ဝန်ခံသည်မှစ၍ ပဥ္စင်းဖြစ်၏ဟု မိန့်တော်မူ၏။ [ကမ္မဝါစာ ဖတ်ဖွယ်မရှိ ဟူလို]။

ရဟန်းယောကျ်ားတို့ကမ္မဝါစာဖတ်၍ ပဥ္စင်းဖြစ်သောရဟန်းမိန်းမ သာကီဝင်မင်းသမီးငါးရာတို့ကကမ္မဝါစာမဖတ်ဘဲဂရုဓံတရား ရှစ်ပါးကို ယူသဖြင့် ပဥ္စင်းဖြစ်သော မိထွေးတော်ဂေါတမီကို ကမ္မဝါစာ မဖတ် ခြင်းကြောင့် ပဥ္စင်းမဖြစ်ဟူ၍ ဆိုကြလေသတည်း။

မိထွေးတော်ဂေါတမီသည်ကား ကမ္မဝါစာဖတ်၍ ပဥ္စင်းဖြစ်သော ရဟန်းမိန်းမမဟုတ်၊ ဂရုဓံတရားရှစ်ပါးကို ဝန်ခံသဖြင့် ပဥ္စင်းဖြစ်သော ရဟန်းမိန်းမတည်း။ မိထွေးတော်နှင့်အတူပါကြသောသာကီဝင်မင်းသမီး ငါးရာတို့ကား ရဟန်းယောကျ်ား သက်သက်ဖြင့် ကမ္မဝါစာဖတ်၍ ပဥ္စင်းဖြစ်ကြသော ဘိက္ခုတော ဥပသမ္ပန္န ပဥ္စင်းမ တို့တည်း။ ရဟန်းမိန်းမများသက်သက် ကမ္မဝါစာဖတ်၍ ပဥ္စင်းဖြစ်လျှင် ဘိက္ခုနီတော ဥပသမ္ပန္န ပဥ္စင်းဖြစ်သော ရဟန်းမိန်းမ မည်၏၊ ရှေးဦးစွာ ရဟန်းမိန်းမတို့ ကမ္မဝါစာဖတ်၍ ထိုနောက် ရဟန်း ယောကျ်ားတို့ ကမ္မဝါစာဖတ်မှပဥ္စင်းဖြစ်သော ရဟန်းမိန်းမ သည် ဥဘတော ဥပသမ္ပန္န

ပဋ္ဌင်းဖြစ်သော ရဟန်းမိန်းမ မည်၏။ ရဟန်းယောကျ်ားသက်သက် ကမ္မဝါစာဖတ်၍ ပဋ္ဌင်းဖြစ်သော ရဟန်းမိန်းမတို့ကား ဤသာကီဝင် မင်းသမီးငါးရာတို့မှ တပါးမရှိချေ။ ဤသာကီဝင် မင်းသမီးငါးရာတို့သည် ရှေးဦးစွာ ရဟန်းမိန်းမများ မပေါ်ပေါက်သေးသည် ဖြစ်၍ ရဟန်း ယောကျ်ားသက်သက်ဖြင့် ကမ္မဝါစာဖတ်၍ ပဋ္ဌင်းဖြစ်စေရန် မြတ်စွာ ဘုရား ခွင့်ပြုတော်မူသော ဝိသေသရဟန်း မိန်းမတို့တည်း။

အနုဇာနာမိ ဘိက္ခဝေ ဘိက္ခူဟိ ဘိက္ခုနိယော ဥပသမ္ပာဒေတုံ။

ရှင်ဥပါလိဋ္ဌီကာတော်ဘိက္ခုနီခန္ဓက-၄၀၁။

ဟူ၍ ခွင့်ပြုတော်မူသော ဘုရားစကားတော်ဖြင့် သာကီဝင်မင်းသမီး ငါးရာကိုရဟန်းပြု၍ ပေးသကဲ့သို့ ယခုအခါ၌လည်း ရဟန်းမိန်းမများ မရှိသဖြင့် ရဟန်းပြုလိုသော မိန်းမများကို သက်နုံးဝတ်စေ၍ ရဟန်း တို့က ကမ္မဝါစာဖတ်၍ပေးလျှင် ရဟန်းမိန်းမ ပဋ္ဌင်းမဖြစ်ဟူ၍ ဆိုနိုင် မည်လော။ မိထွေးတော်ဂေါတမီနှင့်တကွ သာကီဝင်မင်းသမီးငါးရာတို့ ရှေးဦးစွာ ရဟန်းမိန်းမပြုလုပ်ကြသောအကြောင်းကို ပြဆိုရာ အခဏ်း ပြီး၏။

မိထွေးတော်ဂေါတမီ အစ ရဟန်းဖြစ်ကြောင်းခဏ်း ပြီး၏။

[ဆယ်ခဏ်း]

သာသနာတော်၌ သင်္ကန်းဝတ်၍ ဘိက္ခုနီလုပ်ကြသော မိန်းမတွေ ပေါ်များ၍ သင်္ကန်းရောင်တို့ဖြင့် ပြောင်ပြောင် တောက်၍ နေကြောင်း

ဤသို့လျှင် သာကီဝင်မင်းသမီး ငါးရာနှင့်တကွ မိထွေးတော်ဂေါတမီ ဘိက္ခုနီပြုလုပ်သောအခါ ယသော်ဓရာသည်လည်း တသိန်းအကျော်မျှ သော အခြွေအရံ နန်းတွင်းသူ မိန်းမအပေါင်းတို့နှင့် တကွ ဘိက္ခုနီမ ပြုလုပ်ကြကုန်၏။ သကျကုလကညာ မိဖုယားပေါင်း တသောင်း ရှစ်ထောင်တို့သည်၎င်း ခတ္တိယကုလကညာ မိဖုယား တသောင်း ရှစ်ထောင်တို့သည်၎င်း၊ နာနာကုလကညာ မိဖုယားပေါင်း တသောင်း ကိုသည်၎င်း ဗြာဟ္မဏကုလကညာ မိဖုယားပေါင်း ရှစ်သောင်းလေး ထောင် တို့သည်၎င်း များစွာကုန်သော နန်းတွင်းသူ စည်းစိမ်ရှင်

မိဖုယား အပေါင်းတို့သည် ဘိက္ခုနီ ပြုလုပ်ကြကုန်၏။ ထိုကြောင့် ကပိလဝတ်ပြည် ရွှေနန်းတော်သုံးဆောင်၍ သက်နန်းရောင်တို့ဖြင့် ပြောင်ပြောင်ဝင်းအောင် ထွန်းလင်းတောက်ပ၍ နေလေသတည်း။

ထိုမှတပါး ရဲရဲတောက် ပါရမီရှင် ဖြစ်ကြကုန်သော ခေမာထေရီ ဥပ္ပလဝဏ္ဏာထေရီ ဘဒ္ဒါကာပိလာနီ ဓမ္မဒိန္နာထေရီ ဘဒ္ဒါကုဏ္ဍလကေသာ ပဋာစာရီ ကိသာဂေါတမီ သောဏာထေရီ သကုလာထေရီ စာလာ ဥပစာလာ အစရှိကုန်သော မိန်းမတို့သည် ဘိက္ခုနီ ရဟန်းမိန်းမပြုလုပ်ကြသဖြင့် မြတ်စွာဘုရား သာသနာတော်၌ များစွာကုန်သော မိန်းမတို့သည် အရပ်ထက်ဝန်းကျင် ပြန့်နှံ့အောင် စည်ကားပေါများ၍ သက်နန်းရောင်တို့ဖြင့် နေလေသတည်း။

ဤသို့လျှင် မိထွေးတော်ဂေါတမီကိုအစပြု၍ များစွာကုန်သော အမျိုးသမီးတို့သည် သာသနာတော်၌ ဘိက္ခုနီပြုလုပ်၍ ဖြစ်ခြင်း ပျက်ခြင်း ကမ္မဋ္ဌာန်းကို စီးဖြန်းအားထုတ်ကြ၍ ရဟန္တာမိန်းမ ဖြစ်ကြကုန်လျက် အိုခြင်း သေခြင်း မရှိသောနိဗ္ဗာန်ချမ်းသာကိုရကြလေကုန်သတည်း။ ထိုအကြောင်းကိုထင်ရှားထုတ်ဘော်ပြတော်မူခြင်းငှါသင်္ဂါယနာတင်အရှင်မြတ်တို့သည် ဤဂါထာတို့ကို ဟောကြားတော် မူအပ်လေသတည်း။

မဟာဂေါတမီ အာယာစိ၊ အာနန္ဒော စာပိ ယောနိသော။
ပရိသာ စတဿော ဟောန္တိ၊ ပဗ္ဗဇ္ဇာ ဇိနသာသနေ။
သံဝေဂဇနနတ္ထာယ၊ သဒ္ဓမ္မဿစ ဗုဒ္ဓိယာ။
အာတုရဿာ ဘေသဇ္ဇံ၊ ဧဝံ ဗုဒ္ဓေန ဒေသိတံ။
ဧဝံ ဝိဒိတွာ သဒ္ဓမ္မေ၊ မာတုဂါမာပိ ဣတရာ။
တံ ယန္တိ အစ္စုတံ ဌာနံ၊ ယတ္ထ ဂန္တွာ နသောစရေ။

ဗုဒ္ဓဝါပါဠိတော်-ဘိက္ခုနီခန္ဓကဥဒါန်ဂါထာ-၄၂၉။

မဟာဂေါတမီ၊ မိထွေးတော် မဟာပဇာပတိ ဂေါတမီသည်။ ပဗ္ဗဇ္ဇာ၊ ရဟန်းမိန်းမအဖြစ်ကို။ အာယာစိ၊ မြတ်စွာဘုရား အထံ၌ တောင်းပန်လျှောက်ကြား၏။ အာနန္ဒော စာပိ။ အရှင်အာနန္ဒာသည်လည်း။ ပဗ္ဗဇ္ဇာ၊ မာတုဂါမတို့၏ ရဟန်းအဖြစ်ကို။ ယောနိသော၊ အသင့်အလျော်ဖြစ်သော အကြောင်းအားဖြင့်။ အာယာစိ၊ တောင်းပန်၏။ ဇိနသာသနေ မြတ်စွာဘုရား သာသနာတော်၌။ ပရိသာ၊ ပရိသတ်တို့သည်။ စတဿော၊ လေးပါးတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

ရဟန်းယောကျ်ား ဘိက္ခု ပရိသတ် ရဟန်းမိန်းမ ဘိက္ခုနီ ပရိသတ် လူယောကျ်ား ဥပါသကာပရိသတ် လူမိန်းမ ဥပါသိကာ ပရိသတ် ဟူ၍ မြတ်စွာဘုရား သာသနာတော်၌ ပရိသတ်လေးပါး ဖြစ်သတည်း။

သံဝေဇနန္တြာယ၊ ပီတိသောမနဿ သံဝေဂဖြစ်စေခြင်း အကျိုးငှါရင်း။ ဝါ၊ လူအများနှစ်သက် ရွှင်လန်း ဝမ်းမြောက်ဝမ်းသာ ဖြစ်စေခြင်းငှါရင်း။ သဒ္ဓမ္မဿ၊ သာသနာတော်၏။ ဝုဍ္ဎိယာစ၊ တိုးတက်ပွါးများခြင်းငှါရင်း။ အာတုရဿ၊ အနာရောဂါဖြင့် ကျင်နာနှိပ်စက် အခံခက်၍ နေသော သူအား။ ဘေသဇ္ဇံ၊ ဆေးကို။ ဒေသိတံဣဝ၊ ပြောကြားဘိသကဲ့သို့။ ဝေ၊ ဤအတူ။ ဗုဒ္ဓေန၊ မြတ်စွာဘုရားသည်။ ဒေသိတံ၊ ဟောကြားတော် မူအပ်၏။ ဝေ၊ ဤသို့ ဟောကြားတော် မူသော ဒေသနာတော်ဖြင့်။ နုတရာ၊ ယောကျ်ားမှ တပါးကုန်သော။ မာတုဂါမာပိ၊ မိန်းမတို့သည်လည်း။ သဒ္ဓမ္မေ၊ သူတော်ကောင်း တရားတို့ကို။ ဝိဒိတွာ၊ ကတ်သိနားလည်ကြ ကုန်သည်ဖြစ်၍။ ယတ္ထ၊ အကြင်နိဗ္ဗာန်သို့။ ဂန္တွာ၊ ရောက်ကြကုန်၍။ နသောစရေ၊ မစိုးရိမ်ကြရလေကုန်။ အစ္စုတံ၊ သေခြင်းမရှိသော။ တံဌာနံ၊ ထိုနိဗ္ဗာန်အရပ်သို့။ ယန္တိ၊ ရောက်ကြလေကုန်၏။ [ပီတိသောမနဿ သံဝေဂ ဖြစ်ပုံသည် မဇ္ဈိမ ပဏ္ဏာသ မာဂဏ္ဍိယသုတ်အဋ္ဌကထာ ၁၃၂-တွင်ရှိ၏]။

ဤသို့သက်နံးရောင်တို့ဖြင့် ပြောင်ပြောင်တောက်ပလျက် ထွန်းလင်း ပြန့်ပွါး စည်ကားရှိနေသော သာသနာတော်၌ လူအပေါင်း တို့သည် ဝမ်းမြောက်ဝမ်းသာ သဒ္ဒါရွှင်လန်း လှူဒါန်းကြကုန်လျက် ပါရမီ ကုသိုလ်တရား တိုးပွါးကြကုန်၏။ ယခုအခါ၌ သင်္ကန်းရောင်ဖြင့် ပြောင်ပြောင်တောက်ပလျက် နေမည့်ကား ဝေးလေစွ ဘိက္ခုနီရဟန်း မိန်းမတို့၏ အသွင်ကိုမျှ မမြင်ကြရလေတော့ကုန်။အလုံးစုံကွယ်ပျောက် ၍ သွားကြကုန်၏။ ဘိက္ခုနီပြုလုပ်လိုသော မိန်းမများလည်း တစုံ တယောက်မျှ မပေါ်ပေါက်ကြလေကုန်။ ရဟန်းယောကျ်ားတို့၏ အသွင် အပြင်ကိုကား မြင်ကြရကုန်သေး၏။ ချာန်အဘိညာဏ် တန်ခိုး မြေလျှိုး မိုးပျံ တန်ခိုးချာန်နှင့် ပြည့်စုံကြကုန်သော တေဝိဇ္ဇာ ပုဂ္ဂိုလ်တို့ကို ကား ကရံဘာဆစ်မျှ မမြင်ဘူးကြရလေကုန်။ နောက်ကာလကြာလျှင် ရဟန်းအသွင်လည်း ကွယ်ပျောက်၍သွားသဖြင့် ယခုအခါ ဘိက္ခုနီတို့၏ အကြောင်းကို ကြားဘူးရုံမျှ ရှိသကဲ့သို့ ရဟန်း ယောကျ်ားတို့၏

အကြောင်းကိုလည်း ကြားဘူးရုံမျှ ရှိကြရကုန်လတ္တံ့။ ထိုကြောင့် ဤဂါထာတို့ကို ဆိုအပ်သတည်း။

ဣဒါနိ လိင်္ဂမတ္တာနိ၊ ဘိက္ခုနီနံ နဒိဿရေ။
ဘိက္ခူနံ ပန လိင်္ဂံ၊ ပဿန္တိ နဟု တောဝိဇ္ဇေ။
ဧဝံ အန္တရဓာနေတု၊ သာသနေ ဇိနဒေသိတေ။
သုတမတ္တာဝ ဟေဿန္တိ၊ နစိရေန အနာဂတေ။
ဣမမှိ ပစ္ဆိမေ ကာလေ၊ အန္တရဓာန အာသန္နေ။
ထေရာနဉ္စာပိ ထေရီနံ၊ နယံ သိက္ခန္တု သာဓဝေါ။

ဣဒါနိ၊ ယခုအခါ၌။ ဘိက္ခုနီနံ၊ ရဟန်းမိန်းမတို့၏။ လိင်္ဂမတ္တာနိ၊ အသွင်မျှကိုသော်လည်း၊ နဒိဿရေ၊ မမြင်ကြရလေကုန်။ ဘိက္ခူနံ၊ ရဟန်း ယောကျ်ားတို့၏။ လိင်္ဂံ၊ အသွင်ကိုသာလျှင်။ ပဿန္တိပန၊ မြင်ကြရကုန်သေး၏။ တောဝိဇ္ဇေတု၊ ဝိဇ္ဇာသုံးပါးရှိသော ရဟန်းတို့ကို ကား။ နပဿန္တိ၊ မမြင်ဘူးကြရလေကုန်။ ပဿန္တိပနဟု ကြိယာ ပုဒ်နှင့်စပ်၍ အနက်ဆို။ ဇိနဒေသိတေ၊ မြတ်စွာဘုရား ဟောကြားတော် မူသော။ သာသနေ၊ သာသနာတော်သည်။ ဧဝံ၊ ဤသို့။ အန္တရဓာ နေတု၊ ကွယ်သည်ရှိသော်ကား။ နစိရေန၊ မကြာမြင့်မီ။ အနာဂတေ၊ နောင်အခါ၌။ သုတမတ္တာဝ၊ ဘိက္ခုနီတို့ကို မမြင်ရဘဲ ကြားရရုံမျှ ရှိသကဲ့သို့သာလျှင်။ ဟေဿန္တိ၊ ဖြစ်ကုန်လတ္တံ့။ အန္တရဓာနအာသန္နေ၊ သာသနာတော် ကွယ်လုခါနီးဖြစ်သော။ ဣမမှိပစ္ဆိမေကာလေ၊ ဤသို့ ယခု နောက်ပိုင်းကျသော ကာလ၌။ ထေရာနဉ္စ။ အရှင်သာရိပုတ္တရာ အရှင်မဟာကဿပ အစရှိသော မထေရ်မြတ်တို့၏လည်း။ ထေရီနဉ္စာပိ၊ ခေမာထေရီ ဥပ္ပလဝဏ္ဏာထေရီ ဘဒ္ဒါကာပိလာနီ အစရှိကုန်သော ထေရီမတို့၏လည်း။ နယံ၊ အပဒါန်ဝတ္ထုလာ နည်းများစွာကို။ သာဓဝေါ၊ သူတော်ကောင်းဖြစ်လိုကြကုန်သော လူတတ်လူသိအထင်ရှိသူတို့သည်။ သိက္ခန္တု။ ကျင့်နိုင်သမျှ ကျင့်ကြပါစေကုန်သတည်း။

၁၂၈၉-ခု တပို့တွဲလဆုတ် ဆဲ့တရက်နေ့ ညနေချမ်း အခါတွင် ဤ ထေရီ အပဒါန် ဝတ္ထုကျမ်း ဆုံးခန်းတိုင်မြောက် အပြီးရောက်၏။

ဦးဇေယျသေန မြို့မကျောင်း မြို့မိရွာ မကွေးမြို့ ရေအောင့်တိုက်။

ထေရီ အပဒါန်ဝတ္ထု ပြီး၏။

ကျမ်းပြီးနိဂုံးဂါထာများ

နဂါသိတိ ဝဿာဓိကေ၊ ဒွိသတသ္မိံ သဟဿကေ။
မာဃမာသေ ကာဠပက္ခေ၊ ဧကာဒသာဟ သာယနှေ။
ဇေယျသေနေန ထေရေန၊ ကတော ဂန္ထော သုနိဋ္ဌိတော။
ထေရိပဒါနဝဏ္ဏုတိ၊ သညိတော လောကပူဇိတော။

နဂါသိတိဝဿာဓိကေ၊ ရှစ်ဆဲ့ကိုးခုနှစ် အလွန်ရှိသော။ ဒွိသတသ္မိံ သဟဿကေ၊ တထောင့်နှစ်ရာ နှစ်ကောဇာ၌။ ဝါ၊ တထောင့်နှစ်ရာ ရှစ်ဆဲ့ကိုးခုနှစ်၌။ မာဃမာသေ၊ တပို့တွဲလ၌။ ကာဠပက္ခေ၊ လဆုတ်ပက္ခ၌။ ဧကာဒသာဟသာယနှေ၊ တဆဲ့တရက်နေ့ ညနေချမ်း အခါ၌။ ဇေယျသေနေနထေရေန၊ အရှင်ဇေယျသေနထေရ်သည်။ ကတော၊ ရေးသားပြုစုအပ်သော။ ဂန္ထော၊ ကျမ်းသည်။ သုနိဋ္ဌိတော၊ ကောင်းစွာပြီးပြီ။ ထေရိပဒါန ဝဏ္ဏုတိ သညိတော၊ ထေရီအပဒါန် ဝဏ္ဏုတော်ကြီး ဟူသော အမည်သညာရှိ၏။ လောကပူဇိတော၊ မြန်မာအမျိုးသား လူအများတို့ ပူဇော်အပ်၏။

သာသနာတော်သက္ကရာဇ် ဂါထာများ

သကျပုတ္တဿ ဗုဒ္ဓဿ၊ ပရိနိဗ္ဗာနကာလတော။
ဒွိသဟဿေ စတုသတေ၊ ဧကသတ္တတိဝဿိကေ။
သမ္ပတ္တေ မာဃမာသမှိ၊ ကာဠပက္ခမှိ သာယနှေ။
ဧကာဒသာဟတိက္ကန္တေ၊ ထေရိပဒါနဝဏ္ဏကံ။
မြမ္မဘာသာယ ဘာသိတံ မြမ္မဇာတိဟိ ပူဇိတံ။
ပါရမိပုည သမ္ဘူတံ၊ နိဗ္ဗာနသုခ မာဝဟံ။

[သဗ္ဗညု မြတ်စွာဘုရား ပရိနိဗ္ဗာန် စံဝင်တော်မူသော နေ့မှ စ၍ ရေသော် သာသနာတော် နှစ်ကား (၂၄၇၁)နှစ်ရှိပြီ။(၂၅၂၉)နှစ်သာ ကြွင်းတော့သည်]။

သကျပုတ္တဿ၊ သာကီဝင် သကျနွယ်ဘွား မင်းသားအစစ် ဖြစ်တော်မူသော။ ဗုဒ္ဓဿ၊ မြတ်စွာဘုရား၏။ ပရိနိဗ္ဗာနကာလတော၊ ပရိနိဗ္ဗာန်စံလွန်တော်မူသောနေ့မှ။ ဒွိသဟဿေ စတုသတေ၊ နှစ်ထောင့်

လေးရာရှိသော။ ကောသဗ္ဗတိဝသိကော၊ ခုနစ်ဆဲ့တခုနှစ်သို့။ သမ္ပတ္တော၊ ရောက်သည် ရှိသော်။ မာဃမာသမှိ၊ တပို့တွဲလ၌။ ကာဠပက္ခမှိ၊ လဆုတ်ပက္ခ၌။သာယဏှေ၊နေဝင်လုနီး ခါးချာရောင်သန်း ညနေချမ်း၌။ ဧကာဒသာဟတိက္ကန္တေ၊ တဆဲ့တရက် လွန်သည်ရှိသော်။ ဝါ၊ သာသနာတော် နှစ်ထောင့်လေးရာ ခုနစ်ဆဲ့တနှစ် လွန်သည်ရှိသော်၊ ထေရီပဒါနဝတ္ထုကျမ်း၊ ထေရီမြတ်လျှ အရှင်မတို့ ပုညမြင့်ဆောင်း ရှေးအကြောင်းဟု ဆုတောင်းရုံည် ပါရမီဖြည့်ခဏ်း ဝတ္ထုကျမ်းကို။ မြမ္မဘာသာယ၊ လူတို့ဝေါဟာ မြန်မာလက်သုံး စကားလုံးဖြင့်။ ဘာသိတံ၊ ဝိစည်စကား ဝတ္ထုသွားဖြင့် ရေးသားမိန့်ဆိုအပ်ပြီ။ မြမ္မဇာတိဟိ၊ မြန်မာတိုင်းသွား ယောကျ်ားမိန်းမ ဟူသမျှတို့သည်။ ပူဇိတံ၊ မြန်မာတိုင်းခွင် ဝန်းကျင်အနှံ့ လုံးစုံပြန့်အောင် ဝေဖြန့်ဆက်ကမ်း လှူဒါန်းပူဇော်အပ်၏။ ပါရမီပုည သမ္ဘတံ၊ ပါရမီဝမ္မ မြတ်ပုညဟု နိစ္စစွဲမှတ် သမုတ်အပ်၏။နိဗ္ဗာနသုခမာဝဟံ ရွှေပြည်နိဗ္ဗာန် ပျော်စံငြိမ်း ဖြစ်ဖွာတတ်သိမ်း၍ ခပ်သိမ်းဒုက္ခ ကင်းလွတ်ကြလျက် မြေသာယာ ချမ်းသာလေအောင် အကျိုးဆောင်သည်။ ဟောတု၊ ဖြစ်ပါစေသတည်း။

ကျမ်းရေးပုဂ္ဂိုလ်၏ ဇာတိဘူမိ ဂါထာများ

ယံရဋ္ဌံ တမ္ဗဝဏ္ဏောန၊ မဟိတလေန ဒီပိတံ။
တမ္ဗဒီပေါတိ တံရဋ္ဌံ၊ ဝေါဟာရေ ပုဗ္ဗကပ္ပိကာ။
နဒီယာ နိဝတ္တနမှိ၊ ယံတံ တိဋ္ဌတိ နဂရံ။
နဒီနိဝတ္တနံဣတိ၊ ဝေါဟာရေ ရဋ္ဌဝါသိကာ။
တမ္ဗဒီပဝှယေ ရဋ္ဌေ၊ နဒီနိဝတ္တနေ ပုရေ။
ဂါမေ နဂရမာတိကေ၊ ဇာတောမှိ ဂန္ထကာရကော။

အထက်ပါ ဂါထာများ၏အနက်တို့ကို အပဒါနဝတ္ထု ပထမတွဲ၌ရှင်း မူလပဏ္ဏာသဝတ္ထု၌ရှင်း ဝိထိလက်ဆန်း စာအုပ်၌ရှင်း ကြည့်ရှုကြရာ၏။ ထို့ပြင်အပဒါန်ဒုတိယတွဲ,မေဏ္ဍာဖလ ပကာသနီ, သုတ်သီလက္ခန်ဝတ္ထု,ဝိပဿနာဖြတ်လမ်း,ဇောဂီဝိဇ္ဇာလမ်းမှန်ကျမ်းဟောင်း၏ကျမ်းတို့လည်း ထိုပုဂ္ဂိုလ်ရေးသားသော ကျမ်းတို့ဖြစ်ကုန်၏။